
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



**သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။**

**ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ အဟံ။**

**အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။**

**တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။**

BURMESE CLASSIC

**နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။**

**အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။**

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွှယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရုံ-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

**ဒွိဒီး(နိကွန်)စိစစ်တည်းဖြတ်သည့်**

မဂ္ဂဇင်း




အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်


အမှတ်(၂၅၆)၊ ၂၀၁၆ နိုဝင်ဘာလ



၆။ **ဝိုလ်တာထောင် ကိုဦး**
ဗုဒ္ဓကိုယ်တော်တိုင် ခွင့်ပြုတော်မူသည့်
နိမ္မိတရုပ်ပွားတော် လေးဆူမှ
မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား

၁၆။ **သစ္စာမင်းခေါင်**
ညောင်တုန်းမြို့ဦးက
ရှေးဟောင်းသမိုင်းဝင် မိုးဟုတ်စေတီတော်

၂၆။ **အောင်သာကျော်**
မင်္ဂလာကန်ပေါ် အေးစေတီ တွံတေး မြွေဘုရား



၃၂။ **နန္ဒာမင်းလွင်**
အရိယာတို့ လျှောက်ခဲ့ကြသည့်
ရှိမ္မကားတောရလမ်းကလေး

၄၄။ **တွန်းအားရှင်**
ဂရုစံတရားရှစ်ပါးကိုလိုက်နာ
ဘိက္ခုနီသာသနာ

၅၂။ **နန္ဒာမိုးကြယ်**
အမြိုက်နန်းသို့ လှမ်းအဝင်

၅၆။ **နန္ဒာစိုး(ဆင်ဖြူကျွန်း)**
သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ဓရာ(၄)

၇၂။ **မင်းလူ မြတ်ထွေး**
အတ္တအစွဲကြီးသူ သစ္စကဆိုတဲ့လူ

၈၂။ **နေသျှင်စိုး**
တစ်ညတာ လွန်မြောက်၍

၈၆။ **ကိုရွှေမြသန်း(သမိုင်း)**
ကုသိုလ်ထူးမည့် ရှင်အရဟံ၏
စံတော်ဝင် မဟာဗောဓိရွှေညောင်တော်

၉၀။ **သန်းဝင်း(ဘဏ်)**
မြတ်သော တထာဂတ

၉၄။ **ထက်ဘုန်းလူ**
သဒ္ဓမ္မတည်းဟူသော သူတော်ကောင်းတရားနှင့်
အဆုံးအမသာသနာတွင် လူဖြစ်ခြင်းတန်ဖိုး

၉၈။ **မုံရွာ နေဇာ**
မီးအမြဲလောင်ခံနေရတဲ့ မြွေကြီးတစ်ကောင်




www.burmeseclassic.com

www.burmeseclassic.com




၁၀၁။ ချစ်မင်းသူ
ကျေးဇူးတရား သိတတ်ခြင်းအကျိုးနှင့်
ကျေးဇူးတရား မသိတတ်ခြင်း၏ အပြစ်များ
၁၀၄။ ဥတ္တလာ မြင့်သန်းအောင်
အမေပန်ဆင်စေချင်သည့်ရတနာ
၁၁၀။ မဟာထွန်း
ပရမတ်မေတ္တာ
၁၁၇။ မောင်ဉာဏ်စိန်
ရတနသုတ်လာ နိဗ္ဗာနဂုဏ်ရည်
၁၂၀။ ယောနကဘိုးတော်
ဒေါ်အောင်ဆန်းစုကြည်တို့ ရွာကလေး
၁၂၆။ ပုရောဟိတ် ဆရာဦးမြတ်စံ
တဲရှေ့အပေါ်ဟနှင့် အဖြေထုတ်ခဲ့ရသော
စိတ်နယ်လွန် ပါရမီရှင်တစ်ဦး
၁၃၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
ဗေဒင်ဟောရာတွင် မှန်စေသော
သူတော်စင်ကြီးများ
၁၃၃။ သုခစုစံ(ကျိုက်လတ်)
အောင်ကြောင်းဝေဆာ ကောင်းကျိုးဖြာဖို့
၁၃၆။ မင်းနေထွန်း(ကန့်ဘလူ)
ပညာရှင်အပေါင်းကို မညောင်းသော ဂါရဝ
၁၄၀။ ဂမ္ဘီရဆရာလှမျိုး(B.Sc)
ကျက်သရေမင်္ဂလာရှိသော အိမ်မှာ
လာဘ်လာဘတွေလာ
၁၄၄။ ကြည်ဝင်း(ဟသ်ာတ)
စနေဂြိုဟ်ခံထက်မှ အစပျိုးထားသော
နှလုံးလမ်းကြောင်း
၁၄၈။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၅၀။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၅၈။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၆၄။ ဆရာကံထူး(ဝေဒသုတေသီ)
လိုအင်ဆန္ဒ ပြည့်စေသော်
၁၇၀။ ဆရာရန်အောင်ဟိန်း(B.Sc)
ကမ္ဘာကျော် လက်ဝှေ့ချန်ပီယံဟောင်း
မိုဟာမက်အလီ၏ ဇာတာအား
ကေ-ပီ စနစ်ဖြင့် လေ့လာသုံးသပ်ပြခြင်း




www.burmeseclassic.com

၁၇၃။ မင်းမယော်ညွှန့်
　　နက္ခတ်ကောစာ ရက်မြတ်ကောင်း အချိန်အခါ
၁၇၈။ ပါိန်း(ဘူမိ)
　　ဖန်းသီး၏ ရောဂါကုသပေးနိုင်သောစွမ်းအား
၁၈၁။ ထွန်းအောင်ရင်
　　ကိုယ့်ကိုယ်ကိုယ် သတ်သေသည်အထိ
　　မဖြစ်ရလေအောင်
၁၈၄။ သာသက်ဇော်(စရွေး)
　　ရွှေအကြောင်း လူတိုင်းသိစေ
၁၈၈။ စောယုမွန်(ရေနံချောင်း)
　　ကိုဝင်းနိုင်မိသားစုကောင်းမှု မော်လမြိုင်
၁၉၄။ ကောင်းသော်
　　တမလွန်ခရီးတစ်ဝက်
၂၀၀။ ဂါဦးနွန်းကို
　　ဆရာအတတ်သင် ဂေါလိပ်ပုံပြင်
၂၁၀။ လှိုင်စောဦး(မြို့ရွှေပြည်)
　　ကံကြမ္မာရယ်ညှင်း ဂုတ်တွင်းက တေးသံသာ
၂၁၈။ မင်းသန့်ကျော်(စီးကုန်း)
　　ကျွတ်နားပင်းတို့ရွာ
၂၂၄။ ချစ်ဆိုင်
　　ရွာအပြန်ည ဂမ္ဘီရ
၂၃၄။ ရှင်သွေးအောင်
　　နှစ်လုံးထီသမား တစ္ဆေမြအေး
၂၃၈။ သျှင်ရဲထွဋ်(တောင်စွန်း)
　　နဂါးဒေဝီ၏ ကျိန်စာ
၂၄၅။ ကျော်မိုးလွင်(ဝါးခယ်မ)
　　ဓာတ်ပွဲ ကကြမယ်

၂၅၀။ မောင်လှ
　　အရပ်ရှည်ရှည်သရဲ
၂၅၆။ အောင်ကျော်စွာ
　　ဆရာကြီးမြစကြာနှင့် သိုက်ဝင်ပစ္စည်း
၂၆၆။ ဒါရိုက်တာမျိုးဇော်အောင်
　　မရှိုးနိုး မလှစုန်းမှိုး
၂၇၂။ မိုးယဉ်ထွန်း
　　အဖြစ်ထူးခဲ့သည့် ကျွန်းအိမ်ကြီး
၂၇၈။ ဆန်းဝင်း(အောင်မြေ)
　　အဘစင်၏ ဘဝဒုက္ခာရီ
၂၈၄။ တင့်ထူး(စလေဝတီ)
　　အစိမ်းသရဲ မှီကပ်နေသော လက်ပံပင်ကြီး
၂၉၁။ ထွန်းကျော်လှ
　　စကားလက်ဆုံ ပြောမကုန်
၂၉၆။ ခင်မောင်အေး(မန္တလေး)
　　အစွဲအလမ်းနှင့် သံယောဇဉ်
၃၀၀။ ကျော်ဇော(တားကုန်)
　　မီးတောင်ရှင်ထဲက ဖန်းကန်ပြားပုံကြီး



ထုတ်ဝေသူ – ဦးသန်းဦး(မြ–၀၀၅၃၆) ၊ ဂျွိုရ Logo – မောင်မောင်အောင် ၊ မျက်နှာဖုံး Graphic – ဇေမြိုး
အတွင်းသရုပ်ဖော် – မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ မိုးကျော်၊ ညွန့်နိုင်လှ။
အတွင်းသားဖလင်–STARS။ စာအုပ်ချုပ်–အဂျေ။ စောင်ရေ–၅၀၀၊ တန်ဖိုး–၂၀၀၀ ကျပ်
မျက်နှာဖုံးပုံနှိပ်–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အယ်ဒီတာအဖွဲ့ရုံး ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ ၀၉ ၂၆၀၀ ၈၅ ၈၆၀

www.burmeseclassic.com

မိုလ်တာထောင် ကိုဦး

# ဗုဒ္ဓကိုယ်တော်တိုင် ခွင့်ပြုတော်မူသည့် နိဗ္ဗိတရုပ်ပွားတော်လေးဆူမှ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား

ဒီနှစ်သင်္ကြန်မှာ မိုလ်တာထောင်မီးရထားဝင်း လူငယ်များက ဦးဆောင်၍ ပထမအကြိမ် စတုဒိသာထမင်းကျွေးလှူပွဲကို သင်္ကြန်ဒုတိယအကြတ်နေ့နဲ့ နှစ်ဆန်း(၁)ရက်နေ့တို့မှာ နှစ်ကြိမ်ပြုလုပ်ခဲ့၏။


မာရ်အောင်မြင် ဆုတောင်းပြည့်မြတ်စွာဘုရား မူလပုံတော်

ယခင့်ယခင် ကာလများက တစ်ဦးချင်းသာ သင်္ကြန်ကာလအတွင်း စတုဒိသာကျွေးမွေးခဲ့ကြသော်လည်း ယခုနှစ်တွင် လူငယ်များမှ ဦးဆောင်၍ စုပေါင်းလှူဒါန်းမှုပြုခဲ့ကြ၏။ ရပ်ကွက်နေ ပြည်သူများ ကျေနပ်အားရမှု ဖြစ်ကြသည်။ နောင်နှစ်များတွင်လည်း ထိုကဲ့သို့ လှူဒါန်းနိုင်ကြစေရန် ဝိုင်းဝန်းပါဝင်ကူညီကြမည်ဟု မုဒိတာဆိုကြသည်။

စတုဒိသာကျွေးမွေးရန်အတွက် အိုးသူကြီးက စာရေးသူရဲ့ အိမ်သူပေါ့။ အသက်ရလာသော်လည်း မမောနိုင် မပန်းနိုင် ကိုယ်တိုင်ချက်ပြုတ်လေ၏။ ဟင်းချက်လက်ရာ ကောင်းသဖြင့် အားလုံး၏ ထောပနာပြုခြင်း ခံရသည်။ အောင်မြင်စွာ ပြီးဆုံးခဲ့သော စတုဒိသာကျွေးပွဲကို အကြောင်းပြု၍ မောင်မျိုးဆိုသော လူငယ်က အလှူဒါနတွင် ဦးဆောင်ပါဝင် ကူညီကြသူများကို ကျေးဇူးဆပ်လိုသဖြင့် ဘုရားဖူး ပို့ပေးရန် စီစဉ်၏။

ဇလွန်ပြည်တော်ပြန်ဘုရားဖူးသွားကြရန် အားလုံး သဘောတူကြသဖြင့် လိုက်အေ့(စ်)တစ်စီးငှားကာ နှစ်ဆန်း(၂)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့ ပြည်တော်ပြန်ဘုရားသို့ ဘုရားဖူး ထွက်

www.burmeseclassic.com

ကြလေ၏။ သက်ရွယ်ကြီးသူ အနည်းငယ်သာပါပြီး သက်လတ်၊ သက်ငယ်များ ကားတစ်စီးအပြည့် လိုက်ပါသာကြ၏။

မနက်(၆)နာရီတွင် ဗိုလ်တထောင်မှ စတင်ထွက်ခွာခဲ့ရာ ဇလွန်သို့ မနက်(၁၁း၀၀)နာရီ ရောက်လေ၏။ နားနေနေ မောင်းလာကြသဖြင့် ဤမျှ ခရီးကြာခဲ့၏။

လွန်ခဲ့သောငါးနှစ်က စာရေးသူမိသားစု ဇလွန်ဘုရားဖူး ထွက်ခဲ့ဖူး၏။ ညောင်တုန်းနှင့် ဇလွန်အကြား ခရီးလမ်းကြမ်းတမ်းပြီး ဖုန်အဖွေးသားဖြင့် မျောက်ရုပ်ပေါက်ခဲ့၏။ ယခုမှ ညီညာပြေပြစ်သော ကတ္တရာလမ်းခင်းနှင့် ကျယ်ပြန့်သော လမ်းနယ်ကြောင့် ကားကို စိတ်ကြိုက်မောင်းနှင်နိုင်၏။ သို့သော်လည်း စာရေးသူက ကားဆရာအား ဖြည်းဖြည်းမှန်မှန်သာမောင်းရန် တိုက်တွန်းမှုကြောင့် ဤမျှ ခရီးကြာခဲ့ခြင်း ဖြစ်သည်။

ရောက်ရောက်ချင်း စောင်းတန်းအတွင်း၌ ပါလာသည့် ထမင်းချိုင့်များဖွင့်ကာ လက်ရည်တပြင်တည်း ဝိုင်းဖွဲ့စားသောက်ကြလေ၏။ မိမိတို့ကဲ့သို့ပင် အခြားဘုရားဖူးများစွာမှာလည်း စောင်းတန်းအတွင်း ဝိုင်းဖွဲ့စားသောက်နေကြပုံမှာ လှပသော ပန်းချီကားချပ်သဖွယ် ဖြစ်၏။


ဇလွန် ပြည်တော်ပြန်ဘုရားအား ရွှေသင်္ကန်းကပ်လှူနေသော သံဃာတော်များ


မာန်အောင်မြင် ဆုတောင်းပြည့်ဘုရား (ရွှေမကိုဋ်ဓတော်၊ ရွှေစလွယ်တော် ဆင်မြန်းထားသည့်ပုံတော်)

ကားရပ်နားရာ ကားဝင်းမှာလည်း ဘုရားဖူးကားအပြည့်။ စေတီတော်ပရိဝုဏ်အတွင်း၌လည်း ဘုရားဖူးများတိုးမပေါက်။ စာရေးသူမှာ ဘုရားအား ဦးစွာဖူးမြော်ပြီးနောက် စာရေးသားရန် ကုန်ကြမ်းရှာ ထွက်ခဲ့လေ၏။

## ဂေါတမမြတ်စွာ ရခိုင်ပြည်သို့ ကြွရောက်တော်မူခြင်း

ရခိုင်ပြည် တကောင်းမင်းဆက် ရာဇမာသူမင်းနောက် လေးဆက်မြောက်ဖြစ်သော သီရိရာဇာမင်းနှင့် မိဖုရားကြီး ကုမာရီဒေဝီတို့သည် မဟာသက္ကရာဇ်(၆၇)ခုနှစ်တွင် နန်းတက်လေ၏။ မဟာသက္ကရာဇ်(၇၂)ခုနှစ်၊ ပြာသိုလပြည့်နေ့၊ နေလည်း ဝင်လုဆဲဆဲ၊ လလည်း ထွက်ချိန်နှင့် တိုက်ဆိုင်၍ သားတော်တစ်ပါး ဖွားမြင်တော်မူလေ၏။ ထိုသားတော်အား စန္ဒသူရိယဟု အမည်ပေး၏။ သက်တော်(၂၅)နှစ် ရောက်သောအခါ ဖခမည်းတော် သီရိရာဇာမင်း နတ်ပြည်စံသောကြောင့် စန္ဒသူရိယမင်းသားသည် ကာလသနမည်သော ဘုမ္မစိုးနတ်မင်း၏သမီး စန္ဒီမာလာအား မိဖုရားမြှောက်ကာ နန်းတက်လေ၏။

မဟာသက္ကရာဇ်(၁၂၃)ခုနှစ်တွင် သက်တော်(၅၁)နှစ်ရှိလာပြီဖြစ်သော စန္ဒသူရိယမင်းသည် မဇ္ဈိမဒေသိုင်းသား

www.burmeseclassic.com

ပုဏ္ဏားရှစ်ယောက်တို့၏ လျှောက်တင်မှုကြောင့် အနောက် မဇ္ဈိမဒေသ၌ ဘုရားစင်စစ် ပွင့်တော်မူကြောင်း ကြားသိလေ၏။ မြတ်စွာဘုရားအား ပင့်ဆောင်နိုင်ရန် မှူးမတ်တို့နှင့်တိုင်ပင်ရာ မင်းတုန်းမြို့စား ပညာရှိဝိမိလက ယခုအခါ မဇ္ဈိမဒေသ၌ တစ်ပါးမက ဘုရားများစွာ ရှိကြကုန်၏။ ဘုရားအစစ်အမှန်ကို သိရန် ခက်ခဲလှ၏။ ဘုရားအစစ်အမှန်သည် သူတစ်ပါး၏ စိတ်အကြံကို သိသည်ဟု ကြားဖူး၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ပန်း၊ နံ့သာ၊ ဆီမီးတို့ဖြင့် ပူဇော်ကာ မိဋ္ဌာန်ပြုလျက် ပင့်ဆောင်တော်မူပါဟု အကြံပြု လျှောက်ထားလေ၏။

စန္ဒသူရိယမင်းလည်း လျှောက်ကြားသည့်အတိုင်း ပြုလုပ်၍ ဘုရားရှင်အား ပင့်လျှောက်တော်မူလေ၏။ ဂေါတမမြတ်စွာသည် ဝေဠုဝန်ကျောင်းတော်မှ သိတော်မူ၍ သက်တော်(၅၅)နှစ်၊ ဝါတော်(၂၀)ရသော မဟာသက္ကရာဇ်(၁၂၃)ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်၊ ကြာသပတေးနေ့တွင် ညီတော်အာနန္ဒာအပါအဝင် ရဟန္တာငါးရာနှင့်တကွ ဓညဝတီမင်းနေပြည်တော်၏အနောက် မိုင်နှစ်ဆယ်ခန့်အကွာ သေလာဂီရိအမည်ရ ကျောက်တောင်ထိပ်သို့ ကြွတော်မူလေ၏။ မြတ်ဗုဒ္ဓ ကြွရောက်ရန် ရပ်နားရာ ကျောက်တောင်ဖြစ်သောကြောင့် ဤအရပ်ကို ကျောက်တော်တောင်ဟု ခေါ်ကြကုန်၏။ မြို့ကိုလည်း ကျောက်တော်မြို့ဟု ခေါ်လေ၏။

မင်းကြီးသည် မြတ်စွာဘုရား ကြွလာတော်မူကြောင်း သိရလေလျှင် မှူးမတ်၊ ပရိသတ်ခြံရံလျက် သွားရောက်ဖူးမြော် တရားနာကြားရာ သရဏဂုံပဥ္စသီလ၌ တည်လေ၏။ မြတ်စွာဗုဒ္ဓအား နန်းတော်သို့ ပင့်ဆောင်၍ ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးတော်မူလေ၏။

**<u>ဘုရားရှင်ကိုယ်တိုင် ခွင့်ပြုတော်မူသည့် နိမ္မိတရုပ်ပွားလေးဆူ</u>**

စန္ဒသူရိယမင်းသည် မြတ်စွာဘုရားအား လွန်ကဲစွာ ကြည်ညိုသဖြင့် ရွှေကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတော်ထက်၌ နေ့ ,ညဉ့်မပြတ် တရားနာကြားရသောကြောင့် မင်းနှင့်တကွ ပြည်သူများမှာ သူတော်ကောင်းတရားနှင့် ပြည့်စုံ၍ သရဏဂုံတည်ကြလေ၏။

တစ်နေ့သောအခါ ဘုရားရှင်က အခြားဝေနေယျတို့အား တရားရေအေး တိုက်ကျွေးလို၍ ဓညဝတီမှ ပြန်ကြွမည်ပြုကြောင်း မိန့်တော်မူသောအခါ ဘုရင်မင်းမြတ်မှာ ပူပန်ဆင်းရဲခြင်း ဖြစ်ရလေ၏။ မြတ်စွာဘုရားသည် လောကဓံတရားရှစ်ပါးကို ဟောကြားတော်မူသောကြောင့် မင်းကြီးမှာ ပူပန်ဆင်းရဲမှု ,သက်သာရာရခဲ့လေသည်။

စန္ဒသူရိယမင်းကြီးသည် ဗုဒ္ဓရှင်အား မင်းနှင့်တကွ ပြည်သူအပေါင်း အရှင်ဘုရားအား အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ပူဇော်နိုင်ရန်အလို့ငှာ နိမ္မိတရုပ်ပွားတော် သွန်းလုပ်ပူဇော်လိုကြောင်း လျှောက်ထားလေ၏။

ဘုရားရှင်သည် အတိတ်ဘဝသို့ ဆင်ခြင်တော်မူသောအခါ ဤမင်းသည် ငါဘုရား၏မိတ်ဆွေရင်း ဖြစ်၏။ ဘဝပေါင်းလေးဆယ်တိတိ ချစ်ခင်ရင်းနှီးသူ ဖြစ်ခဲ့၏။ တစ်ဦးနှင့် တစ်ဦး ခွဲခွာနေကြရသည့် အချိန်များတွင် ငါ့မျက်နှာတော်ကို မမြင်မတွေ့က မရှင်မပျော် ဖြစ်ခဲ့ရသည်။ ဘဝလေးဆယ်လုံးလုံး ဤသို့ဖြစ်ခဲ့ဖူးသောကြောင့် ယခုအခါ ငါ၏ကိုယ်စား ကိုယ်ပွားနိမ္မိတရုပ်ပွားတော်ကို ထားရှိခဲ့မှသာလျှင် ဤမင်း၏ အာသာဆန္ဒ ပြည့်ဝတော်မူမည်ကို သိမြင်သောကြောင့် ဘုရားရှင်၏ ကိုယ်ပွားရုပ်တုတော်ကို ထုလုပ်ခွင့် ပြုတော်မူလေသည်။


ကားများဝင်ရောက်ရာ လေွှန်ပြည်တော်ဘုရား အဝင်မုခ်ဦး




www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ထံမှ ခွင့်ပြုတော်ရလျှင်ရခြင်း ရုပ်ပွားတော် ထုလုပ်ရန် အလျင်အမြန်စီမံလေ၏။ ဓညဝတီမြို့၏အရှေ့ ဘက် သီရိဂုတ္တတောင်တွင် ဗုဒ္ဓပူဇနိယသဘင် ဆင်ယင် ကျင်းပရာ စကြဝဠာအရပ်ရပ်မှ သိကြား၊ ဗြဟ္မာ၊ လူ၊ နတ်အပေါင်း ပရိသတ်များစွာ ထည့်ဝင်လှူဒါန်းသော ရတနာမျိုးစုံမှာ (၆၅)တင်း၊ အရေအတွက်အားဖြင့် ကိုး ကုဋေမျှရရှိ၍ စုပုံကျိုချက်ကာ (၁၂၃)ခုနှစ်၊ ကဆုန်လ ပြည့် ဗုဒ္ဓဟူးနေ့ ညနေချမ်းမှ စတင်သွန်းလောင်းကြရာ လပြည့်ကျော်(၁)ရက်နေ့တွင် ပြီးစီးအောင်မြင်လေ၏။


မြတ်စွာဘုရားရှင်သည် သိကြားမင်းနှင့် ဝိသကြုံနတ် သားတို့ကို ခေါ်တော်မူကာ ငါ၏ကိုယ်နှင့် အရှည်ပမာဏ ညီမျှမှန်ကန်သော ရုပ်ရှင်တော်မြတ်ကို သွန်းလုပ်ရန် မိန့် တော်မူပြီး ရတနာမျိုးစုံကို အပ်နှင်းတော်မူ၏။ မဟာမုနိ ရုပ်ရှင်တော်မြတ်သည် ဓမ္မခဏ်မပါ (၆)တောင် (၁)မိုက် ရှိပြီး ဘူမိဖဿမုဒြာ ထိုင်တော်မူပုံ ဖြစ်လေ၏။ သွန်းလုပ် ပြီးစီးတော်မူသောအခါ ဦးခေါင်းတော်မှာ ကိုယ်နှင့်မဆက် စပ်ဘဲ ကွာဟနေသဖြင့် သုံးကြိမ်တိုင်တိုင် သွန်းလုပ်ခဲ့ရ ၏။ သို့သော်လည်း ကွာဟမြဲ ကွာဟနေသဖြင့် ရှင်တော် ဗုဒ္ဓကိုယ်တော်တိုင် ရင်ငွေ့တော်လှုံ၍ လက်ဝါးတော်နှင့် ခုနစ်ကြိမ်မျှ သုံးသပ်တော်မူမှ ဦးခေါင်းတော် ဆက်စပ် တော်မူလေ၏။ ဆက်လက်၍ ဗုဒ္ဓရှင်တော်ကိုယ်တိုင် နိမ္မိတရုပ်ပွားတော်အား ညီတော်မုနိ ငါ၏ကိုယ်စား လူ၊ နတ်အများ၏ စီးပွားချမ်းသာ ဆောင်ရစ်ပါလော့ဟု မိန့် တော်မူခဲ့လေသည်။



ဂန္ဓကုဋိတိုက်အပေါ်၌ရှိသော စေတီတော်အား ရွှေသင်္ကန်းကပ်လှူရန် ငြမ်းဆင်ထားစဉ်

ရုပ်ရှင်တော်မြတ်ကြီး သွန်း လောင်းပူဇော်ပြီးသောအခါ ရတနာ မျိုးစုံမှာ များစွာပိုလျှံနေသဖြင့် ဘုရားရှင်အား နောက်ထပ်ရုပ်ပွား ဆင်းတု ထုလုပ်ခွင့်တောင်းခဲ့ရာ ခွင့်ပြုတော်မူ၍ ရုပ်ပွားဆင်းတု သုံးဆူ ဆက်လက်သွန်းလုပ်ခဲ့ကြ ၏။

ပထမသွန်းလုပ်ပြီးသော မုနိ မှာ မဟာမုနိ၊ ဒုတိယ သွန်းလုပ် ပြီးသော မုနိမှာ ရှင်ကျော်မုနိ၊ တတိယသွန်းလုပ်ပြီးသော မုနိမှာ ရွှေဘုံသာမုနိနှင့် နောက်ဆုံးသွန်းလုပ်ပြီးသော မုနိမှာ မာရ်အောင်မြင်မုနိဘုရားတို့ ဖြစ်ကြသည်။ ထိုမုနိဘုရား လေးဆူမှာ အစဉ်အတိုင်း ဉာဏ်တော်ငယ်သွားကြသည်။ မာရ်အောင်မြင်မုနိဘုရားမှာ ဉာဏ်တော် (၂)တောင် (၁၀)လက်မရှိ၍ အလေးချိန်အားဖြင့် (၆၆၆) ပိဿာနှင့်



သာသနာ့ဗိမာန်အနီးရှိ ဘုရားဖူးလာ ကားအချို့အား မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋီတိုက်အတွင်းရှိ မြတ်ဗုဒ္ဓတစ်ဆူ

(၆)ကျပ်သားရှိ၏။ သက်တော်ထင်ရှား မြတ်ဘုရား၏ မာရ်ငါးပါးကို အောင်တော်မူဟန် အတိတ်ဆောင်လျက် မာရ်အောင်မြင်ဘုရားဟု ဘွဲ့တော်ပေးခဲ့ခြင်း ဖြစ်သည်။

စန္ဒသူရိယမင်းမှ အစပြု၍ ဓညဝတီမင်းအဆက်ဆက်တို့ ကိုးကွယ်ပူဇော်ခဲ့သော မုနိဘုရားဖြစ်လေသည်။

**<u>ဓညဝတီမှ အမရပူရရွှေပြည်ဆီသို့ မုနိဘုရားများ ရောက်ရှိခြင်း</u>**

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက်တွင် နေပြည်တော်ကို အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့ခဲ့၏။ သားတော်အိမ်ရှေ့စံ သီဟသူရသည် သက္ကရာဇ်(၁၁၄၆) ခုနှစ်၊ ပြာသိုလတွင် ဓညဝတီသို့ စစ်ချီတက် တိုက်ခိုက်ခဲ့သည်။ ဓညဝတီကို အောင်မြင်တော်မူပြီး အမရပူရ နေပြည်တော်သို့ အပြန်ခရီးတွင် စစ်သုံ့ပန်း၊ လက်နက်များနှင့်အတူ တိုင်းသူပြည်သားများ ကိုးကွယ်ရန်အလို့ငှာ မုနိဘုရားလေးဆူအား ပင့်ဆောင်တော်မူလေ၏။ ရခိုင်သားတို့ တောင်းပန်လျှောက်ထားမှုကြောင့် ရှင်ကျော်မုနိဘုရားတစ်ဆူအား ဓညဝတီတွင် ထားခဲ့လေ၏။

တောင်ကုတ်သို့ ရောက်သောအခါ အမြောက်လက်နက်တို့ကို မော်တင်စွန်းမှလှည့်၍ ပင်လယ်ခရီးဖြင့် သယ်ယူလေ၏။ မုနိဘုရားများအား စက်ယန္တရားရထားဖြင့်ဆွဲကာ ရခိုင်ရိုးမကိုကျော်၍ ပန်းတောင်းမြို့သို့ ဆိုက်ရောက်လာ၏။ ထိုမှတစ်ဆင့် ဖောင်တော်နှစ်စင်းတွဲကာ ဧရာဝတီမြစ်ကို ဆန်တက်ပြီး (၁၁၄၇)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂)ရက် အင်္ဂါနေ့တွင် စစ်ကိုင်းဆိပ်သို့ ဖောင်တော်ဆိုက်ကပ်ခဲ့လေ၏။

တောင်ကုတ်တောင်ကြားလမ်းမှတစ်ဆင့် ပြည်တစ်ဖက်ကမ်း ဆင်တဲအရပ်သို့ရောက်ရှိစဉ် ရဟန်းပြည်သူတို့ တောင်းပန်လျှောက်ထားမှုကြောင့် ကိုးကွယ်ပူဇော်ရန် ရွှေဘုံသာမုနိဘုရား တစ်ဆူအား ထားရစ်ခဲ့၏။ ထို့ကြောင့် အမရပူရရွှေမြို့တော်သို့ မဟာမုနိနှင့် မာရ်အောင်မြင်မုနိဘုရားနှစ်ဆူသာ ရောက်ရှိလာလေ၏။

မြို့တော်မြောက်ပြင်အရပ်တွင် အုတ်ဂန္ဓကုဋိတိုက်တော်ကြီး တည်ဆောက်လျက် မဟာမုနိရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ထားခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်လေသည်။ မာရ်အောင်မြင်မုနိဘုရားကိုမူ နန်းဦးတွင် ထားကာ ရွှေပြာသာဒ်တော်ဖြင့် ထားရှိပူဇော်လေ၏။

ဘိုးတော်ဘုရားမှသည် ပုဂံမင်းလက်ထက်အထိ ဘုရင်အဆက်ဆက် နန်းဦးတွင်ထားကာ ကိုးကွယ်ရင်း ဆုတောင်းလွှန်စွာပြည့်ဝတော်မူ၍ ဆုတောင်းပြည့် မာရ်



ဇလွန်ပြည်တော်ပြန်ဘုရား မုခ်ဦးအဝင်ဝ

www.burmeseclassic.com

အောင်မြင်ဘုရားဟု ဘွဲ့မည်တွင်လေ၏။ ဆုတောင်းပြည့်ဝ သွန်းသဖြင့် မင်းညီမင်းသားများ ပုန်ကန်မည်ကို စိုးရိမ်၍ မင်းအဆက်ဆက်တို့က မင်းညီမင်းသားများအား မဖူးရအောင် တားမြစ်အမိန့်ထုတ်ခဲ့ရသည်ဟု ဆို၏။

**ဘုမိနက်သန်မှန်ရာ ဇလွန်မြေ**


ပုဂံမင်းလက်ထက်တွင် သတိုးမင်းကြီး မဟာမင်းလှနော်ရထာအား ဇလွန်မြို့ကို အပိုင်စားစေ၏။ မြို့စားမင်းက မြို့သူကြီးအဖြစ် ဦးရွှေပွင့်အား ခန့်ထားကာ အုပ်ချုပ်စေ၏။

ဦးရွှေပွင့်သည် ပုဂံမင်း မိဖုရားခေါင်ကြီးနှင့် ဆွေမျိုးတော်စပ်သူ ဖြစ်သည်။ မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့၏ မယ်တော်နှင့်လည်း ရင်းနှီးကျွမ်းဝင်လေ၏။

ရာထူးတာဝန်အရ အခွန်ကောက်ခံရရှိသော ဘဏ္ဍာတော်များကို နေပြည်တော်သို့ သွားရောက်ဆက်သရင်း နန်းဦးတွင် ကိုးကွယ်ထားသော မာရ်အောင်မြင်မုနိဘုရားကို ဖူးမြော်ခွင့်ရရှိခဲ့သည်။ ဦးရွှေပွင့်သည် မာရ်အောင်မြင်မုနိဘုရားကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ကာ ဇလွန်မြို့တွင် ထားရှိပူဇော်လိုသောဆန္ဒ ရှိတော်မူသောကြောင့် မြို့သူမြို့သားတို့နှင့် တိုင်ပင်ရာ အားလုံးက သဘောတူညီခဲ့ကြသည်။

ရွှေနန်းတော်ရောက်ခိုက် ပုဂံမင်းအား အကြောင်းစုံလင်စွာဖြင့် လျှောက်ထားခဲ့ရာ အခွင့်ရတော်မူသဖြင့် ဇလွန်မြို့သို့ အမြန်ပြန်ကာ ရွှေ၊ ငွေ၊ ကြေး ရတနာအစုစုကို ကုသိုလ်တော်ယူ၍ အမြန်အလှူတော်ခံလေ၏။ သဒ္ဓါထက်သန်စွာဖြင့် အားလုံးက လှူဒါန်းမှု ပြုကြသည်။ စုစုပေါင်း ရတနာအလေးချိန် ပိဿာ(၁၅၀၀)မျှ ရရှိလေ၏။

ဦးရွှေပွင့်သည် လက်အောက်တပည့်ငယ်သားများဖြင့် မြို့တော်အမရပူရသို့ သွားရောက်ရန် ရန်လွှင့်ခေါ် မင်္ဂလာလှေတော်ဖြင့် ဆန်တက်ခဲ့ရာ သက္ကရာဇ်(၁၂၁၄)ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်နေ့တွင် မင်းနေပြည်တော်သို့ ရောက်လေ၏။ မိဖုရားခေါင်ကြီးထံ ဝင်ရောက်၍ အကျိုးအကြောင်း လျှောက်ထားရာ၌ မယ်တော်ကြီးက ယခုအခါ စစ်မက်ရေးရာ မငြိမ်မသက်ဖြစ်နေ၍ ကြေးဆင်းတုတော် တစ်ဆူထုလုပ်ရန် အခွင့်မသာသေးကြောင်း၊ သို့သော်လည်း ဦးရွှေပွင့်က မရမက အထပ်ထပ်ပူဆာ၍ မိမိအတွက်မဟုတ်၊ ဇလွန်မြို့သားများဆန္ဒအရ မဖြစ်မနေ သွန်းလုပ်လိုကြောင်း လျှောက်ထား၏။ နောက်



ဘုရားဝင်းပရိဝုဏ်ရှိ တံခွန်တိုင်



စေတီတော်သို့ ဝင်ရောက်ရာ လှပဆန်းသစ်သော တန်ဆောင်းတစ်ကျောက်

www.burmeseclassic.com



မြည်တော်မြန် မြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ
သစ္စာကာရီ အာရုံခံတန်ဆောင်း

ဆုံး သွန်းလုပ်ပူဇော်ခွင့် ရခဲ့လေ၏။ နန်းဦးတွင် ကိုးကွယ်ထားသည့် မာရ်အောင်မြင်မုနိပုံတော်အတိုင်း ဉာဏ်တော်ကို တစ်မိုက်ခန့်ကြီး၍ သွန်းလောင်းတော်မူလေ၏။

ကြေးဆင်းတုတော် သွန်းလုပ်နေစဉ်ကာလ မင်းနေပြည်၌ စစ်မက်ရေးရာ အရှိန်ရလာသောကြောင့် မြို့တော်တွင် မငြိမ်မသက်ဖြစ်ကာ ပုဂံမင်းမှာလည်း အရေးနိမ့်လာခဲ့သည်။ နောက်ဆုံးတွင် နန်းတော်ဦး၌ ကိုးကွယ်ထားသော နန်းဦးဘုရားအား ဇလွန်မြို့သို့ ပင့်ဆောင်ပြီး တိုင်းပြည် ငြိမ်သက်လာသည့်အခါ သွန်းလုပ်ပူဇော်နေသော ကြေးဆင်းတုတော်အား လာယူသည့်အခါမှပင် နန်းဦးဘုရားအား ပြန်လည်ပို့ဆောင်ပေးပါမည်ဟူသော ကတိစကားဖြင့် ပင့်ဆောင်ခဲ့လေ၏။

**နယ်ချဲ့လက်အောက် ပါတော်မူသော မာရ်အောင်မြင်ဘုရား**

(၁၂၃၄)ခုနှစ်တွင် အောက်မြန်မာနိုင်ငံတစ်ဝန်းလုံး အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်ခဲ့သည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံအတွင်းရှိ ကြေးဆင်းတုတော်အပါအဝင် ကြေးနှင့်စပ်ဆိုင်သမျှအားလုံး သိမ်းကျုံးယူငင်၍ အမြောက်ဆန်များ ပြုလုပ်ရန် အိန္ဒိယပြည် ဘုံဘေမြို့သို့ ပို့လေ၏။ ဇလွန်မာရ်အောင်မြင်ဘုရားမှာလည်း နယ်ချဲ့လက်အောက် ပါတော်မူရှာ၏။

ပုဂံမင်း ထီးနန်းကျ၍ မင်းတုန်းမင်း နန်းတက်သည့်ကာလ ဇလွန်မြို့၌ရှိသော နန်းဦးဘုရားမှာ အိန္ဒိယပြည်သို့ ပါတော်မူကြောင်း ကြားသိသော မင်းတုန်းမင်းသည် မျှော်လင့်ဖွယ်မရှိသောအသိဖြင့် ဦးရွှေပွင့် သွန်းလုပ်ခဲ့သော ကြေးဆင်းတုတော်ကိုသာ နန်းဦးဘုရား ပလ္လင်၌တင်၍ ကိုးကွယ်ပူဇော်လေ၏။

ဘုံဘေမြို့သို့ ရောက်ရှိလာသော ကြေးများကိုစုပုံ၍ အရည်ကျို သွန်းလောင်းကြ၏။ မာရ်အောင်မြင်မြတ်စွာ ဘုရားမှာမူ ဖိုလေးလုံးဆိုင်၍ အရည်ကျိုသော်လည်း အရည်မပျော်၊ တူနှင့်ထုသော်လည်း ပိန်ချိုင့်ခြင်း လုံးဝမရှိ။ ယင်းအချိန် မိုးမှောင်ကြီး ကျရောက်လာပြီးနောက် မုနိဘုရားအတွင်းရှိ ဌာပနာထားသော ဓာတ်တော်များ ရောင်ခြည်တော် ကွန့်မြူးလေ၏။ ဖျက်ဆီးကြသော မိစ္ဆာဒိဋ္ဌိတို့မှာ အချို့သေဆုံး၍ အချို့မှာ သွေးအန်ခြင်း၊ ဝမ်းရောဂါဖြစ်ခြင်း ဘေးအပေါင်းနှင့် ကြုံရလေ၏။

အိန္ဒိယပြည်သို့ ခေတ္တရောက်ရှိနေသော အင်္ဂလန်ပြည့်ရှင် ဝိတိုရိယဘုရင်မကြီးမှာ ဦးခေါင်းကိုက်ခဲခြင်း ဝေဒနာကို အပြင်းအထန် ခံစားရလေ၏။ သမားတော်များနှင့် ကြိုးစားကုသသော်လည်း မပျောက်ကင်းနိုင်ပေ။ ခေါင်းကိုက်ဝေဒနာ ပြင်းထန်စွာခံစားရင်း တစ်ညတွင် ဘုရင်မကြီးမှာ ထူးဆန်းစွာ အိပ်မက်မြင်မက်၏။

ခေါင်းကိုက်ဝေဒနာ သက်သာပျောက်ကင်းလိုက မြန်မာပြည်မှ သယ်ယူလာသော မာရ်အောင်မြင်ရုပ်ပွားဆင်းတုတော်အား မူရင်းအရပ်သို့ ပြန်လည်ပို့ဆောင်ပေးရမည်ဟု မြင်မက်လေ၏။ ပြန်မပို့ပါက ကပ်ဆိုက်၍ သေကျေပျက်စီးဆုံးရှုံးမှုကို ခံရမည်ဟု ဆို၏။

ဘုရင်မသည် စိုးရိမ်ကြောက်လန့်လျက် မှူးမတ်တို့အား ချက်ချင်းခေါ်ကာ မာရ်အောင်မြင်ဆင်းတုတော်အား ရှာဖွေစေရာ ရောင်ခြည်တော် ကွန့်မြူးနေသော ရုပ်ပွားတော်အား တွေ့ရှိရလေ၏။ ထိုရုပ်ပွားဆင်းတုတော်အား နေရင်းဒေသသို့ အမြန်ဆုံးပို့ဆောင်စေဟု အမိန့်ချမှတ်သောအခါ ဘုရင်မခံစားနေရသော ခေါင်းကိုက်ဝေဒနာမှာ သက်သာပျောက်ကင်းသွားလေ၏။

**ပြည်တော်ပြန်ဘုရား**

ဘုရင်မကြီး အမိန့်အတိုင်း (၁၂၁၉)ခုနှစ်တွင် မာရ်

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မှုနိဘုရားဆင်းတုတော်အား နေရင်းဒေသသို့ ပြန်လည်ပို့ဆောင်လေ၏။ သို့ရာတွင် ဇလွန်မြို့ကို ကျော်လွန်၍ နေရာမှားပြီး ဟသ်ာတမြို့အနီး သဲသောင်စပ်၌ ရောက်ရှိလာလေ၏။

ဟသ်ာတမြို့ နယ်သူနယ်သားများမှာ အုတ်အော်သောင်းတင်းဖြစ်ကာ တွေ့ရှိရသော ဆင်းတုတော်အား ဟသ်ာတမြို့သို့ ပင့်ဆောင်ပူဇော်ကြ၏။


မြန်မာမှုအနုပညာလက်ရာမြောက် တန်ဆောင်းမှန်ဦး အလှအပ

ထိုအချိန်၌ ဇလွန်မြို့ပိုင်မင်းသည် ဟသ်ာတမြို့အရေးပိုင်နှင့် တွေ့ဆုံရန် ဟသ်ာတမြို့သို့ ရောက်နေခိုက်ဖြစ်သည်။ ပေါ်တော်မူဘုရားအကြောင်းကို ကြား၍ သွားရောက်ဖူးမြော်ရာ ၎င်းဆင်းတုတော်မှာ မိမိတို့ ဇလွန်မြို့မှ နယ်ချဲ့တို့ သိမ်းယူသွားသော ဘုရားဆင်းတုတော်မှန်း သိရှိသွားပြီး မည်သူ့ကိုမျှ မပြောပြဘဲ ဇလွန်မြို့သို့ ပြန်ခဲ့လေ၏။

(နေရပ်သို့ ရောက်သောအခါ ဆရာတော်ဦးဖြူ(ဦး အရိန္ဒမ)မထေရ်အား ဂုံချိုးကြောင်းလျှောက်ထားလေ၏။ ဆရာတော်မှာ မနေသာတော့ဘဲ ဒကာ ဒကာမအချို့အား အသိပေး စုရုံးခေါ်ဆောင်ပြီး မာရ်အောင်မြင်ဘုရားအား ဖူးမြော်ရန် လှေ(၁၂)စင်းဖြင့် ဟသ်ာတမြို့သို့ ကြွရောက်လေ၏။ မိမိတို့ ဘုရားမှန်း သေချာစွာ သိရှိသောအခါ ဟသ်ာတအရေးပိုင်မင်းထံ သွား၍ အကျိုးအကြောင်း ပြောပြ၏။ ဟသ်ာတမြို့ ရှေ့ကြီးလူကောင်းများ ဖိတ်ကြားကာ ဤကိစ္စမှာ သာသနာရေးကိစ္စဖြစ်သောကြောင့် သံဃာတော်များနှင့်သာ သက်ဆိုင်ကြောင်း၊ နှစ်ဖက် နှစ်သက်ရာ ဆရာတော်များ၏ ဆုံးဖြတ်ချက်ယူ၍ စကားပြောကြရန် စီစဉ်စေရာ ဟသ်ာတဘက်မှ ကြေးကန်ဆရာတော်နှင့် ဇလွန်မှ ဆရာတော် ဦးဖြူတို့အား ရွေးချယ်

လေ၏။

ကြေးကန်ဆရာတော်မှာ ဆရာတော်ဦးဖြူထက် အသက်၊ သိက္ခာ၊ ဝါတော် ကြီးတော်မူ၏။ ကြေးကန်ဆရာတော်က ဆရာတော်ဦးဖြူအား သင့်တို့ဘုရား ဟုတ်မှန်ကြောင်း အထောက်အထားပြနိုင်မည်လား မေးမြန်းရာ ဆရာတော်ဦးဖြူက မာရ်အောင်မြင်ဘုရား၏ စမ္မခဏ်တော်မှာ စာပါသောကြောင့် သက်သေပြနိုင်ပါ၏ဟု လျှောက်ထား၏။

စမ္မခဏ်၌ပါသောစာကို ဦးဖြူ ရွတ်ပြနိုင်သလားဟု မေးမြန်းတော်မူသောအခါ ရွတ်ပြနိုင်ကြောင်း လျှောက်ထားသဖြင့် အနီးအပါးရှိ သံဃာတစ်ပါးအား စမ္မခဏ်၌ ရှိသောစာကို ရေးကူးစေ၏။ ဆရာတော်ဦးဖြူအား အလွတ်


ရွှေသင်္ကန်းကပ်လှူရန် တန်းစီစောင့်ဆိုင်းနေကြသော အလှူရှင်များ

www.burmeseclassic.com



စောင်းတန်းတစ်လျှောက် ဘုရားဖူးလာပြည်သူများ ဝိုင်းဝန်းစားသောက်နေကြစဉ်

ရွတ်ဆိုစေ၏။ စမ္မခဏ်၌ပါသော ဂါထာတော်ကို ချောချောမွေ့မွေ့ ရွတ်ဆိုပြနိုင်သဖြင့် ဤဘုရားမှာ ဇလွန်မြို့မှ ဘုရားသာဖြစ်ကြောင်း ထင်ရှားစွာ သိရှိကြလေ၏။ သို့သော်လည်း ဟင်္သာတမြို့သားတို့က ဘုရားအား မပေးလိုကြောင်း ငြင်းကြသဖြင့် နောက်ဆုံးတွင် ဘုရားအား ဖောင်တော်၌တင်ကာ ရေဝတီမြစ်လယ်၌ထား၍ ဟိုဘက် သည်ဘက် လှေဖြင့် ဆွဲစေရာ ဆရာတော်ဦးဖြူ၏ သစ္စာဓိဋ္ဌာန်နှင့် စမ္မခဏ်၏ တန်ခိုးတော်ကြောင့် ဇလွန်မြို့ဘက်သို့ ပါရှိသွားခဲ့လေ၏။ ထိုအချိန်မှစ၍ မာရ်အောင်မြင်ဘုရားမှာ ပြည်တော်ပြန်မြတ်စွာဘုရားဟု ယနေ့တိုင် ထင်ရှားလေ၏။

**စမ္မခဏ်ဂါထာတော်**

မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားတွင် ဂါထာတော်လေးဆူရှိ၏။ ညေဝတီသူရိယမင်း လက်ထက်၌ ဂါထာတော်များမရှိဘဲ အမရပူရနေပြည်တော် ရောက်သည့်အခါမှ မာရ်အောင်မြင်မုနိဘုရားမှာ ဆုတောင်းပြည့်ဝသည်နှင့် အမျှ ဘေးဆိုးအန္တရာယ်အသွယ်သွယ်အား လွတ်မြောက်နိုင်စေရန် ဆရာတော်ခင်ကြီးဖျော်၏ ဆရာရင်းဖြစ်သော ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ခင်ကြီးပြောင်ဆရာတော်မှ ဗုဒ္ဓတရားတော်၏ အဆီအနှစ်များကိုထုတ်ကာ ပါဠိဘာသာဖြင့် ရေးသားခဲ့၏။

ဇလွန်မြို့သို့ ရောက်သောအခါ ဇလွန်မြို့သား ဆရာဦးမောင်ရှင်း ဆိုသူက ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့၏။ ဘုရားအရှေ့ဘက်မျက်နှာစာ ထိုင်ခုံတွင် စမ္မခဏ်ဂါထာတော်ကို ရေးထိုးထားကြောင်း သိရ၏။ စမ္မခဏ်ဂါထာတော်မှာ တန်ခိုးထက်မြက်၍ ထူးခြားစွာ ဘေးဆိုးရန်ဆိုးအပေါင်းမှ လွတ်ကင်းစေသောကြောင့် မြန်မာပြည်သူ ဗုဒ္ဓဘာသာဝင်အချို့မှာ ယုံယုံကြည်ကြည် ရွတ်ဆိုပွားများကြသဖြင့် အောင်မြင်ခဲ့ကြသည်ကို သိရှိကြားနေရပေ၏။

ထက်မြက်သော တန်ခိုးတော်ကြောင့် စမ္မခဏ်ဂါထာတော်ကို ယုံယုံကြည်ကြည် ရွတ်ဆိုပွားများခြင်းဖြင့် ဘေးဥပဒ်မှန်သမျှ ကင်းစေကြောင်း၊ မင်းဘေး၊ မီးဘေး၊ ရေဘေး၊ ခိုးသူဘေး၊ ဓား၊လက်နက်ဘေး စသည်တို့မှ ကင်းဝေးကာ အောင်မြင်နိုင်ကြောင်း ထင်ရှားသဖြင့် မြန်မာပြည်သူအပေါင်း လူတိုင်း ရွတ်ဆိုပွားများနိုင်ရန် ရည်ရွယ်လျက် ဂါထာတော် မသိကြသေးသူများအတွက် စမ္မခဏ်ဂါထာတော်ကို ရေးလိုက်ရပါသတည်း။

**ဇလွန်ပြည်တော်ပြန် စမ္မခဏ်ဂါထာတော် (ပါဠိ)**

*ကာတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ*
*သတ္တဗောဇ္ဈင်္ဂေါ အဋ္ဌင်္ဂိကော မဂ္ဂေါ*
*စတုပဋ္ဌာနံ သဗ္ဗသက္ကန္ဓော သဟသ္သရံသိယော*
*ဩဘာင်းနမော မေတ္တာနံ ရာဇဘယံ စောရဘယံ*
*ဥဒကဘယံ အဂ္ဂိဘယံ သတ္တဘယံ သဗ္ဗဘယံ*
*ဇေယျော ဇယျတု မင်္ဂလံ*
*အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ*
*ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ခမတိ။*

**ခုနစ်နေ့သားသမီးများ**
**ဘေးဘယာကင်းဝေးကြပါစေ။**

**ဗိုလ်တထောင် ကိုဦး**


**မှီငြမ်း**

(၁) မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး သမိုင်း၊

(၂) ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ ပြုစုသည့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် သမိုင်း။

www.burmeseclassic.com

www.burmeseclassic.com




လွန်ခဲ့သည့်လက ကျွန်ုပ်သည် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့သား ရှေ့နေ မင်္ဂလာပါ ဦးကျော်မင်းနှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်းရှိ လေတင်ကုန်း လက်ဖက်ရည်ဆိုင်၌ တွေ့ဆုံခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြရင်း မင်္ဂလာပါ ဦးကျော်မင်းက သူတို့ ညောင်တုန်းမြို့က ရှေးဟောင်းစေတီတော်တစ်ဆူ အကြောင်းကို ပြောပြ၏။ စေတီတော်၏ ဘွဲ့တော်မှာ မိုးဟုတ်စေတီတော် ဖြစ်၏။ ညောင်တုန်းမြို့အဝင် ညောင်တုန်းမြို့ဦး မြို့ထိပ်မှာ ရှိသည်ဆို၏။

မင်္ဂလာပါ ဦးကျော်မင်းက ကျွန်ုပ် ကြုံတွေ့ခံစားနေရသော မိသားစုအရေးကိစ္စ အချို့ကို သိသဖြင့်-

"ကိုသစ္စာ ကြုံတွေ့ခံစားနေရတဲ့ မိသားစုကိစ္စတွေ ပြေလည် ငြိမ်းအေးသွားစေချင်တယ်ဆိုရင် ကျွန်တော်တို့ ညောင်တုန်းမြို့က မိုးဟုတ်စေတီတော်မှာ အနည်းဆုံး (၉)ရက် အဓိဋ္ဌာန်ဝင်လိုက်ပါ။ အားလုံးအဆင်ပြေ ငြိမ်းချမ်းသွားပါလိမ့်မယ်။ အဲဒီလို ကိုယ်တွေ့ ကြုံမှပဲ ကိုသစ္စာ အနေနဲ့ ဒီစေတီတော်ရဲ့ တန်ခိုးသိဒ္ဓိကို ပိုပြီးလေးစား ကြည်ညိုလာပါလိမ့်မယ်"ဟု ဆို၏။


သို့ဖြင့် ကျွန်ုပ်သည် လှိုင်သာယာမြို့နယ်၊ ဒဂုံ-ဧရာ အဝေးပြေးဝင်းမှ နံနက်(၆)နာရီခွဲအချိန်တွင် ထွက်ခွာသော ရန်ကုန်-ညောင်တုန်း တိုက်ရိုက်ပြေးဆွဲသည့် ဗဟိုမှန်လုံယာဉ်ကိုစီးပြီး ညောင်တုန်းမြို့သို့ လိုက်ပါလာခဲ့၏။ ဗဟိုမှန်လုံယာဉ်သည် ဖြောင့်ဖြူးသော ရန်ကုန်-ပုသိမ် ကတ္တရာလမ်းမပေါ်တွင် (၁)နာရီကျော်ကြာ မောင်းနှင်ပြီးနောက် နံနက် (၇)နာရီအချိန်ခန့်တွင် ညောင်တုန်းမြို့ အဝင်က ကြို့ဆိုပါ၏ ဆိုင်းဘုတ် အနီးတွင် ရပ်တန့်ခဲ့၏။ ကျွန်ုပ်သည် ယာဉ်ပေါ်မှ ဆင်းခဲ့ပြီးနောက် ဘေးဝဲယာ၌ စိမ်းစိုသော လယ်ကွင်းများ ဝန်းရံလျက်ရှိသည့် ညောင်တုန်းမြို့ဦးက သမိုင်းဝင် မိုးဟုတ်စေတီတော်ကြီးကို ဖူးမြင်လိုက်ရသောအခါတွင်ကား ရင်တွင်းမှ ဘဝအမောများ တဒင်္ဂပျောက်ကွယ်သွားခဲ့ပြီး ကိုယ်စိတ်နှလုံး လွှင့်ပြောပေါ့ပါး လန်းဆန်းသွားခဲ့လေ၏။



သမိုင်းဝင် မိုးဟုတ်စေတီတော်အား အဝေးမှ ဖူးမြင်ရစဉ်

ယင်းနောက် ကျွန်ုပ်သည် ညောင်တုန်းမြို့စွန် ရွှေဟသာ်ာတောရကျောင်းက အသိဦးပဉ္ဇင်းကျောင်းတွင် တည်းခိုပြီး သမိုင်းဝင် မိုးဟုတ်စေတီတော်၌ (၉)ရက်အဓိဋ္ဌာန်စခန်း ဝင်ရောက်ခဲ့ပါ၏။ အဓိဋ္ဌာန်အောင်မြင် ပြီးဆုံးပြီးနောက် ကျွန်ုပ်သည် ရန်ကုန်ရှိ မိသားစုနေအိမ်သို့ ပြန်ခဲ့၏။

နေအိမ်သို့ ပြန်လည်ရောက်ရှိပြီးနောက် (၂၁)ရက်ခန့် အကြာတွင် ကျွန်ုပ် သောကရောက်ခဲ့ရသော အိမ်တွင်းရေး ကိစ္စများသည် တစ်ခုပြီးတစ်ခု ပြေလည်ငြိမ်းအေးသွားခဲ့



သမိုင်းဝင် မိုးဟုတ်စေတီတော်၏ မြောက်ဘက်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com



မိုးဟုတ်စေတီတော်၏ တံခွန်တိုင်

လေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် ညောင်တုန်းမြို့မှ ရှေးဟောင်းသမိုင်းဝင် မိုးဟုတ်စေတီတော်ကြီး၏ တန်ခိုးသိဒ္ဓိတော်ကို လွန်စွာပင် ယုံကြည်ကြည်ညိုမိခဲ့ပါလေ၏။


<u>သမိုင်းဝင် မိုးဟုတ်စေတီတော်ကြီး ဖြစ်တည်လာမှု သမိုင်းအစ</u>

မြန်မာသက္ကရာဇ်(၇၁၃)ခုနှစ်ဝန်းကျင် အင်းဝနှင့် ဟံသာဝတီ စစ်ပွဲကာလကဖြစ်၏။ ဘုမ္မိစံဝတီတိုင်းပြည်နှင့် မနီးမဝေး ကျားကိုက်ချောင်းဖျားရှိ ကရင်ရွာလေးတစ်ရွာတွင် နေထိုင်ကြသော ဖိုးမြတ်ရေးနှင့် မယ်ဖွားတူတို့ ဇနီးမောင်နှံသည် ရာသီပေါ် သီးနှံများကို ဘုမ္မိစံဝတီမြို့တော်သို့ သွားရောက်ရောင်းချပြီး အသက်မွေးသူများဖြစ်ကြ၏။

တစ်နေ့တွင် ရာသီပေါ်သီးနှံများကို လှေပေါ်တင်ပြီး ကျားကိုက်ချောင်းဖျား၌ မိုးလေဝသအခြေအနေကို စောင့်ကြည့်လျက်ရှိကြစဉ် ရုတ်တရက် မိုးသက်လေပြင်းများ ကျရောက်လာ၏။ ထိုအချိန်တွင် မြစ်ညာဆီမှ လွန်စွာလှပသော ဥသျှစ်သီးကြီးတစ်လုံးသည် မိမိတို့ရှိနေသည့် ချောင်းကမ်းစပ်ဆီသို့ ရေစီးအဟုန်နှင့် မျောလာသည်ကို ဖိုးမြတ်ရေးတို့ ဇနီးမောင်နှံက တွေ့မြင်လိုက်ရ၏။ ထိုသို့မျောလာသော ဥသျှစ်သီးကြီးကို ဖိုးမြတ်ရေးတို့ ဇနီးမောင်နှံက ဆယ်ယူပြီး အိမ်သို့ ယူဆောင်ခဲ့ကြ၏။

တစ်နေ့တွင် အဆိုပါ ဥသျှစ်သီးကြီးကို ဖိုးမြတ်ရေးတို့ ဇနီးမောင်နှံ ရိုက်ခွဲလိုက်ကြရာ ဥသျှစ်သီးအတွင်းမှ လွန်စွာချောမောလှပသော ယောကျာ်းလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ထွက်ပေါ်လာခဲ့ကြ၏။ သားထောက် သမီးခံ မရှိသော ဖိုးမြတ်ရေးတို့ ဇနီးမောင်နှံသည် ထိုယောကျာ်းလေးနှင့် မိန်းကလေးတို့ကို သားသမီးအဖြစ် မွေးစားခဲ့ကြပြီး ယောကျာ်းလေးကို ဥသျှစ်မောင်၊ မိန်းကလေးကို ဥသျှစ်မယ်ဟူ၍ အမည်မှည့်ခေါ်ခဲ့လေ၏။

တစ်နေ့တွင် ဥသျှစ်မောင်နှင့် ဥသျှစ်မယ် မောင်နှမထံသို့ နတ်ပြည်မှ နတ်သားတစ်ပါး ရောက်ရှိလာပြီး အသင်တို့သည် နတ်ပြည်မှ စုတေခဲ့ပြီး ဥသျှစ်သီးအတွင်း၌ သန္ဓေတည်ကာ လူ့ပြည်သို့ သာသနာပြုရန် ရောက်ရှိလာကြသူများဖြစ်ကြောင်း ပြောကြားပြီး နတ်ပြည်မှာ ရှိစဉ်က မောင်နှမနှစ်ယောက် ကိုးကွယ်ခဲ့သော ဓာတ်တော်(၈)ဆူကို တစ်ဦးလျှင် (၄)ဆူစီ ဆံထုံး၌ထား၍ ကိုးကွယ်ပူဇော်ကြရန် မှာကြားပေးအပ်သွားခဲ့လေ၏။




သမိုင်းဝင် မိုးဟုတ်စေတီတော်သို့ အဝင်စောင်းတန်းရှိ ဘီလူးနှစ်ကောင်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



မိုးဟုတ်စေတီတော် ပရိဝုဏ်ရှိ ပါဒခြေတော်ရာစေတီတော်တွင် ဖူးမြော်ရသော ပါဒခြေတော်ရာအား ဖူးတွေ့ရစဉ်


အချိန်တန် အရွယ်ရောက်သော် ဥသျှစ်မယ်လေးမှာ ဘုမ္မိစံ ပတ်တီ နေပြည်တော်မှ အိမ်ရှေ့ဥပရာဇာ မင်းသား ဓမ္မရာဇာ၏ ဖော်ကျွေးကြိုက်ခြင်းကို ခံရပြီး ရွှေနန်းတော်သို့ ရောက်ရှိသွားခဲ့၏။ ဥသျှစ်မယ်လေးသည် ညအချိန်တွင် ရွှေနန်းတော်၏ ဘုရားဆောင်၌ တရားထိုင်ရှိခိုး ဆံတွံ့၌ ထည့်သွင်းသိမ်းဆည်းထားသော ဓာတ်တော်တို့သည် ရောင်စုံဖြာလျက် ထွန်းမြူးတောက်ပနေခဲ့၏။ ထိုအဖြစ်ကို မိဖုရားခေါင်ကြီးက တွေ့မြင်သွားပြီး စုန်းတောက်သည်ဟု စွပ်စွဲကာ အိမ်ရှေ့ဥပရာဇာ၏မိဖုရား ဥသျှစ်မယ်မှာ စုန်းမဖြစ်ကြောင်း ဘုရင်ကို ရွှေနားတော်သွင်း၏။ ဘုရင်၏အမိန့်အရ အပြစ်မဲ့သော ဥသျှစ်မယ်ကို မြို့ပြင်ရပ်နှင်ထုတ်သဖြင့် ဥသျှစ်မယ်လေးမှာ မိဘနေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့လေ၏။

ဥသျှစ်မယ်၏ ဆိုးရွားလှသော ဇာတကံကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိခဲ့ရသည့် ဥသျှစ်မယ်၏ အစ်ကိုဖြစ်သူ ဥသျှစ်မောင်သည် ကြီးစွာသော သံဝေဂတရားရပြီး နက်ရှိုင်းသော တောတွင်းသို့ စွင့်ခွာ၍ ရသေ့ဘဝသို့ ကူးပြောင်းခဲ့လေ၏။ ရှိုးမဲတောတွင် ဂူအတွင်း၌ တရားထူး တရားမြတ်များကို မြင့်မြင့်မြတ်မြတ် ကြိုးပမ်းအားထုတ်ခဲ့၏။ ဤသို့ဖြင့် ရသေ့ ဥသျှစ်မောင်သည် ရွှေဂူစံမောင်မောင် ဘုရားသေ့ဟုလည်း အမည်တွင်ရှားခဲ့၏။

တစ်နေ့တွင် ကရင်ရွာကြီး တစ်ရွာမှ ကရင်ရွာသူရွာသားတို့သည် တောတွင်းသို့ဝင်၍ ထင်းများ ခုတ်ကြလေရာ တောအုပ် တစ်နေရာ၌ တရားဝင် စီးဖြန်းနေသော ကြည်ညိုဖွယ် ရသေ့တစ်ပါးကို တွေ့ရှိခဲ့ကြ၏။ ထိုရသေ့သည်ကား ဥသျှစ်မောင် (ခေါ်) ရွှေဂူစံမောင်မောင် ဘုရသေ့ပင် ဖြစ်၏။ ကရင်ရွာသူရွာသားတို့သည် ဘုရသေ့ ရွှေဂူစံမောင်မောင်ကို မိမိတို့ရွာသို့ ပင့်ဆောင်ပြီး ကျောင်းသင်္ခမ်းဆောက်ကာ ကိုးကွယ်ခဲ့ကြလေ၏။

တစ်ခုသော ဥပုသ်နေ့ ညတွင် ဘုရသေ့၏ ဆံကျစ်အတွင်းမှ ပြိုးပြက်လင်းလက်သော ရောင်စဉ်တန်းများ ထွက်ပေါ်လျက်ရှိသည်ကို ကျောင်းပေါ်၌ ရှိနေကြသော ဥပုသ်သည်များက တွေ့မြင်ကြရ၏။ ထူးဆန်းသော ထိုအဖြစ်ကို ဥပုသ်သည်များက ဘုရသေ့အား မေးမြန်းကြ၏။

ထိုအခါ ဘုရသေ့က "ငါ၏ ဦးခေါင်းထက်မှာ ဓာတ်တော်လေးဆူ ကိန်းဝပ်နေတယ်။ ဒီဓာတ်တော်များ ထာ




မိုးဟုတ်စေတီတော်အား ဦးခိုက်ဖူးနေသော ပေါ်တော်မူ ဆင်ဖြူတော်ပုံ

www.burmeseclassic.com



မိုးဟုတ်စေတီတော်ပရိဝုဏ်ရှိ ဓနောင်တော်ကြီးစေတီတော်



မိုးဟုတ်စေတီတော် ပရိဝုဏ်ရှိ နဂါးရုံဘုရား



မိုးဟုတ်စေတီတော်ပရိဝုဏ် ပတ်လည်ရှိ
ထိုင်တော်မူ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ

ဝရကိန်းဝပ်စံပယ်နေစေဖို့ စေတီ *တစ်ဆူ တည်ထားလိုက်တယ်*'ဟု ပြန်လည်မိန့်ကြားခဲ့၏။

**မိုးဟုတ်စေတီတော်**
**တည်ထားခြင်း**

ယင်းနောက် ဘုရားသေ့ ဦးဆောင်သော အခါပါ ကရင်ရွာသူရွာသားတို့သည် ယခု ညောင်တုန်းမြို့ဦးက လယ်ကွင်းပြင်များ ဝန်းရံနေသော တောအုပ်ကို ခုတ်ထွင်ရှင်းလင်းပြီး ဥဏှာတော် အမြင့်(၈)တောင်ရှိ စေတီတစ်ဆူကို တည်ထားခဲ့ကြ၏။ ထိုစေတီတွင် ဌာပနာအဖြစ် ဘုရားသေ့၏ ဆံကျစ်အတွင်း၌ ကိန်းဝပ်စံပယ်နေသော ဓာတ်တော် လေးဆူကို ဌာပနာထည့်သွင်းခဲ့ကြ၏။ ယင်းနောက် စေတီတော်၏ ဘွဲ့တော်ကို မိုးဟွတ်စေတီတော်ဟူ၍ ဘွဲ့တော် ဆက်ကပ်ခဲ့ကြ၏။ ကာလရွေ့လျားလာသောအခါ မိုးဟွတ်မှသည် မိုးဟုတ်စေတီတော်ဟူ၍ ပြောင်းလဲလာခဲ့လေ၏။

**မိုးဟုတ်စေတီတော်အား**
**ပထမအကြိမ် မွမ်းမံပြုပြင်ဆင်ခြင်း**

ဥသျှစ်မောင် (ခေါ်) ရွှေဂူစံမောင်မောင် (ခေါ်) ဘုရားသေ့ ဦးဆောင်တည်ထားခဲ့သော အဆိုပါ ကိုးတောင်ပြည့် မိုးဟုတ်စေတီတော်ကို မြန်မာသက္ကရာဇ်(၁၂၆၉) ခုနှစ်တွင် ညောင်တုန်းမြို့ အုတ်တိုက်ကျောင်းတိုက် ဆရာတော် ဦးစီးပြီး အပေါ်မှ၍ ဥဏှာတော် အမြင့် (၁၀၁)တောင်ရှိ စေတီတော်ကြီးအဖြစ် မွမ်းမံပြင်ဆင် တည်ထားခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

**<u>ထီးတော်အသစ် တင်လှူခြင်း</u>**


ဖော်ပြပါ မိုးဟုတ်စေတီတော်၏ ထီးတော်အသစ်ကို ခရစ်နှစ်(၁၉၆၁)ခုနှစ်တွင် ခမ်းနားသိုက်မြိုက်စွာ တင်လှူပူဇော်ခဲ့ကြ၏။

**<u>မိုးဟုတ်စေတီတော်အား ဦးခိုက်နေသော ဆင်ဖြူတော်ရုပ်တုကို တွေ့ရှိခြင်း</u>**


ခရစ်နှစ်(၁၉၆၁)ခုနှစ်က မိုးဟုတ်စေတီတော်အား ထီးတော်အသစ် တင်လှူပူဇော်ပွဲတွင် ကြွရောက်လာကြသော ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးရန်အတွက် ရေနွေးအိုး၊ ထမင်းအိုး စသည့်တို့တည်ရန် မီးဖိုပြုလုပ်ဖို့ မြေကျင်းတူးရာမှ ဆင်ဖြူတော်ရုပ်တု၏ ဦးခေါင်းကို စတင်တွေ့ရှိခဲ့ကြ၏။ ယင်းနောက် ဆင်ဖြူတော်ရုပ်တု တစ်ခုလုံးသည် သူ့အလိုအလျောက် အပေါ်သို့ တဖြည်းဖြည်း ကြွတက်လာခဲ့၏။ ဆင်ဖြူတော်ရုပ်တုမှာ မိုးဟုတ်စေတီတော်ဆီသို့ ဦးခိုက်နေသည့် ပုံသဏ္ဌာန်ဖြစ်၏။ မည်မျှပင် မိုးသည်းထန်စွာရွာသည်ဖြစ်စေ ဆင်ဖြူတော်ရုပ်တုရှိရာ ကျုံးရေကန်ငယ်မှာ လုံးဝရေပြည့်လျှံခြင်း မရှိသည်ကိုလည်း ထူးခြားစွာ တွေ့မြင်ကြရ၏။ ထူးခြားသော အဆိုပါ ဆင်းတုရုပ်တုကို မိုးဟုတ်စေတီတော်ရင်ပြင် မြောက်ဘက်၌ တွေ့မြင်နိုင်၏။

**<u>အစ်မတော် ဗိုလ်တထောင်မြနှမ်းနွယ်၏ တိုက်တွန်းမှုဖြင့် မိုးဟုတ်စေတီတော်သို့ ရောက်ရှိလာသည့် အမေရိကန်နိုင်ငံတွင် နေထိုင်သူ ဒေါ်ကြည်ကြည်ချို</u>**

အမေရိကန်နိုင်ငံ လော့အိန်ဂျလိ(စ်)မြို့တွင် နေထိုင်သူ ဒေါ်ကြည်ကြည်ချိုသည် တစ်နေ့တွင် ထူးခြားသော အိပ်မက် တစ်ခုကို မြင်မက်၏။ ယင်းအိပ်မက်မှာ ဒေါ်ကြည်ကြည်ချိုသည် ရန်ကုန်မြို့မှ ကားဖြင့် ထွက်လာပြီး (၁)နာရီခန့်အကြာတွင် ကားသင်းသွား၍ ရေဖွေးဖွေးနှင့် လယ်ကွင်းပြင်ကြီးများ ဝန်းရံနေသော ရွှေရောင်များ လင်းလက်နေသည့် စေတီတော်တစ်ဆူကို ကြည်ညိုရွယ် ဖူးတွေ့လိုက်ရ၏။ ဒေါ်ကြည်ကြည်ချိုသည် ကားကို ရပ်တန့်ကာ ရေများကို ကူးဖြတ်ပြီး သပ္ပာယ်တင့်တယ်သော ထိုစေတီတော်ကို ကြည်ညိုစွာ ဦးခိုက်ကန်တော့၏။ စေတီတော် အနောက်ဘက်စောင်းတန်းရှိ မိကျောင်း(၂)ကောင် ရုပ်တုပေါ်မှာ အေးဆေးစွာ တက်ထိုင်ပြီး အပန်းဖြေ၏။



မိုးဟုတ်စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓတစ်ထောင်စေတီတော်



မိုးဟုတ်စေတီတော်ပရိဝုဏ်ရှိ ပါဒခြေတော်ရာ ရွှေဇာတီးစေတီတော်
(ရွှေတိဂုံစေတီနှင့် ဗိုလ်တထောင်စေတီတို့တွင် ရင်ဖွင့်လှုံခဲ့သည်)



www.burmeseclassic.com

www.burmeseclassic.com



မိုးဟုတ်စေတီတော်ပရိဝုဏ်ရှိ တင့်တယ်သည့် တန်ဆောင်းကြီးတစ်ခုအား တွေ့မြင်ရစဉ်

ထိုစဉ် အစ်မတော် ဗိုလ်တထောင်မြနန်းနွယ်ရုပ်ပုံ ပေါ်လာပြီး "ညီမတော်··ဒီစေတီဆီကို လာဖြစ်အောင် လာပါ။ အဲဒီစေတီဟာ ညောင်တုန်းမြို့မှာ ရှိပါတယ်"ဟု (၃)ကြိမ်တိတိ ပြောၵ၏။

သို့ဖြင့် ဒေါ်ကြည်ကြည်ချို သည် ရန်ကုန်မြို့ရှိ အစ်ကိုဖြစ်သူထံ ဖုန်းဖြင့် ဆက်သွယ်၍ သူမ၏ အိပ်မက်အကြောင်းကို ပြောပြပြီး အိပ်မက်ထဲမှာ ဖူးရသည့် စေတီကို ရှာခိုင်း၏။ ဒေါ်ကြည်ကြည်ချို၏ အစ်ကိုဖြစ်သူသည် မိမိ၏ကားကို မောင်းနှင်၍ ရန်ကုန်မြို့မှ ညောင်တုန်းမြို့သို့ ထွက်လာခဲ့ရာ ညောင်တုန်းမြို့ဦးတွင် လယ်ကွင်းပြင်များ ဝိုင်းနေသော ရွှေရောင်လက်လက်နှင့် စေတီတော်တစ်ဆူကို ဖူးတွေ့လိုက်ရ၏။

သို့ဖြင့် ကားပေါ်မှ ဆင်းကာ စေတီတော်ပရိဝုဏ်သို့ အနောက်ဘက်မုခ်မှ ဝင်ရောက်ခဲ့၏။ အနောက်ဘက်မုခ်ဦးရှိ စောင်းတန်းတွင် ဒေါ်ကြည်ကြည်ချို ပြောသည့် မိကျောင်း(၂)ကောင် ရုပ်တုကိုလည်း တွေ့ရ၏။ ထိုမိကျောင်း(၂)ကောင်စလုံးသည် မျောက်တစ်ကောင်စီကို မေးထောက်ကာ ဘီလူး(၂)ကောင်အား အမြီးဖြင့် ထောက်ထားပြီး မိုးဟုတ်စေတီတော်အား ဦးခိုက်နေသည်ကိုလည်း ထူးခြားစွာ တွေ့မြင်ရ၏။

အစ်ကိုဖြစ်သူ၏ အကြောင်းကြားချက်အရ ဒေါ်ကြည်ကြည်ချိုသည် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး ညောင်တုန်းမြို့သို့ သွားရောက်ကာ အဆိုပါ မိုးဟုတ်စေတီတော်ကို ဖူးမြော်၏။ စေတီတော်အတွက် လိုအပ်သည်များကို လှူဒါန်းကာ မိမိနှင့် အကြောင်းဆက်ရှိသော အစ်မတော် ဗိုလ်တထောင် မြနန်းနွယ်အတွက်လည်း မိုးဟုတ်စေတီတော်ပရိဝုဏ်၊ တနင်္ဂနွေထောင့်တွင် အစ်မတော် မြနန်းနွယ်ရုပ်တုနှင့် နန်းဆောင်ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့လေ၏။ အဆိုပါ မြနန်းနွယ်ရုပ်တုကို ဗိုလ်တထောင်ဘုရား၌ (၃)ရက်တာ ရင်ငွေ့လှုံပြီးမှ မိုးဟုတ်စေတီတော်ပရိဝုဏ်၌ ထားရှိခဲ့ခြင်း ဖြစ်၏။

<u>မိုးဟုတ်စေတီတော်ပရိဝုဏ်မှ ထူးခြားထင်ရှား ဘုရားစေတီများ</u>

မိုးဟုတ်စေတီတော် ပရိဝုဏ်အတွင်းတွင် ထူးထူးခြားခြား တည်ထားပူဇော်ခဲ့ကြသော နောင်တော်ကြီးစေတီ၊ ပါဒခြေတော်ရာစေတီ၊ ဗုဒ္ဓတစ်ထောင်စေတီ၊ အနုတ္တရမာရဇိန် ဗုဒ္ဓရုပ်ပွားတော်၊ နဂါးရုံဘုရားတို့ကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြပါ၏။


ထို့ပြင် (၄·၅၀)ကေကျယ်ဝန်းသော မိုးဟုတ်စေတီတော်ပရိဝုဏ် ပတ်လည်၌ သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူနေကြကုန်သော နန်းကျိုပ်ရှစ်ဆူ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ကြည်ညိုသဒ္ဓါ



မိုးဟုတ်စေတီတော်ပရိဝုဏ်ရှိ ထွက်ရပ်ပေါက် သူတော်စင်ဗိမ္မာန်ရှိများ စတော်နန်း

www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်မြို့ အနန္တသုခဆေးတိုက်က လှူဒါန်းသော
အနုတ္တရမာရဇိန် ဗုဒ္ဓရုပ်ပွားတော်အား
မိုးဟုတ်စေတီတော်ပရိဝုဏ် ဦးရှမ်းဖြူတန်ဆောင်းအတွင်း၌ ဖူးတွေ့ရစဉ်

ပွားဖွယ် ဖူးမြင်နိုင်ကြပါ၏။

## မိုးဟုတ်စေတီတော်အား ကြည်ညိုဦးခိုက်နေကြသော မိကျောင်း(၂)ကောင်

မိုးဟုတ်စေတီတော်သို့အဝင် အနောက်ဘက်စောင်းတန်းတွင် စေတီတော်အား ကြည်ညိုဦးခိုက်နေကြသော မိကျောင်း(၂)ကောင် ရုပ်တုကိုလည်း ထူးခြားစွာတွေ့မြင်နိုင်ကြပါ၏။ ထူးဆန်းသည်မှာ မိကျောင်း(၂)ကောင်စလုံးသည် မျောက်တစ်ကောင်စီကို မေးတင်၍ ဘီလူးတစ်ကောင်စီကို အမြီးဖြင့် ထောက်ထားကာ စေတီတော်အား ဦးခိုက်နေကြခြင်းပင် ဖြစ်ပါ၏။

## မိုးဟုတ်စေတီတော်ရင်ပြင်ပေါ်က ကြီးမားသည့် သပိတ်ကြီး

သမိုင်းဝင် မိုးဟုတ်စေတီတော်ရင်ပြင်ပေါ်တွင် လွန်စွာကြီးမားသော သပိတ်ကြီးတစ်လုံးကိုလည်း တွေ့မြင်ရ၏။ ယင်းသပိတ်ကြီးမှာ နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း သပိတ်ထဲတွင် ဆွမ်းအပြည့်ထည့်၍ မိုးဟုတ်စေတီတော်အား ဆွမ်းဆက်ကပ်လှူဒါန်းသည့် သပိတ်ကြီးဖြစ်သည်ဆို၏။

## မိုးဟုတ်စေတီတော်ပရိဝုဏ်မှ တန်ဆောင်းကြီးများ

ရှေးဘိုးဘေးတို့က မူလပထမ တည်ဆောက်လှူဒါန်းခဲ့ကြပြီး အစဉ်အဆက်သော သားသမီး၊ မြေး၊ မြစ်များက ပြုပြင်မွမ်းမံတည်ဆောက်ထားခဲ့ကြသော တန်ဆောင်းကြီး (၇)ဆောင်ကိုလည်း မိုးဟုတ်စေတီတော်ပရိဝုဏ်၌ ခံ့ထည်စွာ တွေ့မြင်နိုင်ကြမည် ဖြစ်ပါ၏။

## မိုးဟုတ်စေတီတော်၏ ဂေါပကအဖွဲ့

ရှေးဟောင်းသမိုင်းဝင် မိုးဟုတ်စေတီတော်ကြီးအား ဂေါပကအဖွဲ့အဆက်ဆက်က အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြရာ လက်ရှိဂေါပကအဖွဲ့ တာဝန်ယူသော ကာလ၌ မိုးဟုတ်စေတီတော် ပရိဝုဏ်တွင် သာသနိက အဆောက်အအုံများ၊ ဘုရားစေတီ၊ ရုပ်ပွားဆင်းတုများဖြင့် ပိုမိုဝေဆာစည်ပင်လာခဲ့၏။ စေတီတော်သို့ အဝင်မုခ်ဦးအသစ်များ တည်ဆောက်ခြင်း၊ ရင်ပြင်၌ ကြွေပြားခင်းခြင်း၊ နတ်လမ်း၊ စောင်းတန်း တည်ဆောက်ခြင်း စသည်တို့ကို လက်ရှိဂေါပကအဖွဲ့က ဆောင်ရွက်နိုင်ခဲ့၏။ ထို့ပြင် စေတီတော်ပရိဝုဏ်အတွင်း၌ အဝီစိတွင်း(၂)တွင်း၊ လက်ယက်တွင်း (၁)တွင်းတို့ကိုလည်း တူးဖော်တည်ထားပြီး အနီးပတ်ဝန်းကျင်မှ အိမ်ထောင်စုများအား သယ်ယူ


မိုးဟုတ်စေတီတော်ကို မူလပထမ တည်ထားခဲ့သူ
ဥသျှစ်မောင် (ခေါ်) ရွှေဝစံမောင်မောင် (ခေါ်) [illegible]
ရုပ်တုအား မိုးဟုတ်စေတီတော်ပရိဝုဏ်၌ တွေ့မြင်ရစဉ်

www.burmeseclassic.com


မိုးဟုတ်စေတီတော်ရင်ပြင်ရှိ သပိတ်ကြီးအား
ဂေါပက ဒုဥက္ကဋ္ဌ(၁) ဦးကျင်အောင်က ပြသစဉ်

သုံးစွဲခွင့်ပြုထား၏။ ဂေါပကအဖွဲ့၏ ရေဒါနကုသိုလ်ပင်ဖြစ်၏။

လက်ရှိဂေါပကအဖွဲ့တွင် ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဒု-ဥက္ကဋ္ဌ(၁) ဦးကျင်အောင်၊ ဒု-ဥက္ကဋ္ဌ(၂) ဦးအောင်ဝင်းဦး၊ အတွင်းရေးမှူး ဦးအောင်ထူး၊ ဘဏ္ဍာရေးမှူး ဦးတင်လှနှင့် ဂေါပကအဖွဲ့ဝင်(၁၂)ဦး ပါဝင်၏။ လက်ရှိ မိုးဟုတ်စေတီတော်၏ ဂေါပကအဖွဲ့ တာဝန်ယူခဲ့သည့် သက်တမ်းမှာ (၇)နှစ်ရှိပြီဖြစ်၏။ ထိုသို့သော ဂေါပကအဖွဲ့ဝင်များအနက် ထူးခြားသူတစ်ဦးမှာ ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ(၁) တာဝန်ထမ်းဆောင်နေသူ ဦးကျင်အောင် ဖြစ်၏။

ဦးကျင်အောင်သည် အာစိဏ္ဏကံ နေ့စဉ် ဝတ်မပျက် မိုးဟုတ်စေတီတော်သို့ လာရောက် ပြီး စေတီတော်၏ ဝေယျာဝစ္စကို ဆောင်ရွက်၏။ ဂေါပကအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို လုပ်ကိုင်၏။

'သမိုင်းဝင် မိုးဟုတ်စေတီတော်ကြီးမှာ အာစိဏ္ဏကံအနေနဲ့ နေ့စဉ်မပျက် လာရောက်ပြီး ဝေယျာဝစ္စကို ဆောင်ရွက်လာတာဟာ အခုလက်ရှိ ဂေါပကအဖွဲ့ရဲ့ သက်တမ်းနဲ့ အတူတူပါပဲ။ ဘုရားရိပ်မှာ ခိုလှုံပြီး ဘုရားရဲ့ ဝေယျာဝစ္စကို ဆောင်ရွက်ရတာဟာ နှလုံးစိတ်ဝမ်း အင်မတန်မှ အေးချမ်းရပါတယ်' ဟု ဦးကျင်အောင်က ဆို၏။

သမိုင်းဝင် မိုးဟုတ်စေတီတော်၏ ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ(၁) ဦးကျင်အောင်အား ဤနေရာမှနေ၍ သာဓုခေါ်မှတ်တမ်းပြုလိုက်ပါ၏။

**မိုးဟုတ်စေတီတော်၏ ထူးခြားသည့် ဘုရားပွဲ**

သမိုင်းဝင် မိုးဟုတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပ၏။ ထူးခြားသည်မှာ ထိုဘုရားပွဲတွင် ဇာတ်၊ အငြိမ့်၊ ပွဲဈေးတန်း စသည့် ပျော်ပွဲရွှင်ပွဲများ မပါဝင်ဘဲ ဗုဒ္ဓပူဇနီယဘုရားပွဲတော် အထိမ်းအမှတ်အဖြစ် သံဃာအပါး(၃၀၀)ကျော်နှင့် သီလရှင်အပါး(၁၀၀)တို့ကို လှူဖွယ်ပစ္စည်း အစုံအလင်နှင့် ဆွမ်းတော်ကြီးလောင်းပွဲ ကျင်းပခြင်းပင် ဖြစ်၏။

ထိုသို့ တပေါင်းဘုရားပွဲ မကျင်းပမီ ဘုရားပွဲကိုကြိုဆိုသောအားဖြင့် အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ (၅)ရက်နှင့် ဓမ္မသဘင် (၇)ရက်တို့ကိုလည်း ကြိုတင် ကျင်းပ၏။ မည်သို့ဆိုစေ ပျော်ပွဲရွှင်ပွဲ မပါဝင်သော ဘုရားပွဲတော်ဖြစ်၍ ထူးခြားသည်ဟု ဆိုရမည်ပင် ဖြစ်ပါ၏။


မိုးဟုတ်စေတီတော် ပရိဝုဏ်ရှိ အစ်မတော်မြနန်းနွယ်ရုပ်တု

**အေးငြိမ်းတိတ်ဆိတ်သည့် သမိုင်းဝင် မိုးဟုတ်စေတီတော် သာသနာ့နယ်မြေ**

ရောဝတီတိုင်းဒေသကြီး



www.burmeseclassic.com

www.burmeseclassic.com




မိုးဟုတ်စေတီတော် ပရိဝုဏ်ရှိ တန်ဆောင်းတော်ဆောင့် ဘိုးဘိုးကြီးရုပ်တု

ညောင်တုန်းမြို့၏ မြို့ဦး မြို့ထိပ်တွင် တည်ရှိသော ရှေးဟောင်း သမိုင်းဝင် မိုးဟုတ်စေတီတော်ကြီး၏ သာသနာ့နယ်မြေသည် အကျယ်အဝန်းအားဖြင့် (၄.၅၀) ဧကရှိပြီး စေတီတော်ပရိဝုဏ်ပတ်လည်တွင် ကြီးမားသော ခရေပင်ကြီးများ အစီအရီ ရှိနေသဖြင့် အရိပ်ရအေးမြခြင်း၊ စေတီတော်ကြီး၏ မနီးမဝေး တစ်မျှော်တစ်ခေါ်မှာ စိမ်းမြသော လယ်ကွင်းပြင်ကြီးများ မျက်စိပသာဒဖြစ်ဖွယ် ရှိနေခြင်း၊ စေတီတော်၏ ရင်ပြင်တော် တစ်ခုလုံးသည်လည်း ရှင်းသန့်တိတ်ဆိတ်နေခြင်းတို့ကြောင့် မိုးဟုတ်စေတီတော်ပရိဝုဏ်သို့ ရောက်ရှိလာလျှင် ဦးစွာပထမ ကိုယ်စိတ်နှစ်ပါး ရွှင်ကြည်လန်းဆန်းခြင်းကို ပြက်ပြက်ထင်ထင် ရရှိခံစားကြရမည်မှာ မလွဲမသွေပင် ဖြစ်ပါ၏။

တန်ခိုးသိဒ္ဓိ ကြီးမားသော သမိုင်းဝင် မိုးဟုတ်စေတီတော်၌ ရက်အကန့်အသတ်ဖြင့် အဓိဋ္ဌာန်စခန်း ဝင်ရောက်နိုင်ခဲ့လျှင်ကား မိမိလိုလားတောင့်တသော တောင်းဆုနှင့် ပြည့်စုံမည်မှာ မလွဲဧကန် ကိုယ်တွေ့ပင် ဖြစ်ပါသတည်း။

(၇)နေ့သားသမီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

မေတ္တာရည်၍
သစ္စာမင်းခေါင်




မှတ်ပုံတင်ပြီး

# 'အမေ့ဆေး'

အမှတ်တံဆိပ်

## ဆီးချို သွေးချို သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

| | | |
|---|---|---|
| နံနက် | အစာမစားမီ (၃) ပြား |
| နေ့လယ် | အစာမစားမီ (၃) ပြား |
| ည | အစာမစားမီ (၃) ပြား |

ဆိုင်ခွဲ ဆိုင်ချက်များ

ပင်ရင်း အမှတ် (၃၁)၊ (ဝ၂၂)လမ်း။
ရေကျော်ကျော်တိုက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ဝ၁ - ၃၇၆၇၀၁၊ ဝ၁ - ၃၇၆၇၀၂၊ ဝ၉ - ၇၃၂၀၀၉၇၀

အမြို့မြို့ အနယ်နယ်ရှိသော
ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၂/၂၁၁၃ တအဆထလ (၂၁၉၈)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၁၁၁၀၇၆(၁၁၁၄)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (စာနယ်ဇင်း) ၀၁၃/၁၃၁၁

www.burmeseclassic.com

အောင်သာကျော်

# မင်းလှကန်ပေါ် အေးစေတီ

# တွံတေး မြေဘုရား

လွန်ခဲ့သည့်လအတွင်းက တွံတေးမြို့နယ်သို့ ရောက်သွားဖြစ်ခဲ့သည်။ တွံတေးမြို့ရှောင်လမ်းတွင် နေထိုင်သည့် ညီဖြစ်သူ ကျော်လှိုင်၏ခြံသို့ အလည်အပတ်သဘောမျိုး သွားရန် ရည်ရွယ်ထားမိခဲ့သော်လည်း ရေးဖော်ရေးဖက်များဖြစ်ကြသည့် ဆရာနိုင်ခင်ရွှေ၊ ဆရာထွန်းအောင်လင်း (ရွှေပြည်သာ)တို့ကပါ ရေးကွက်ရှာခရီးအဖြစ် လိုက်ပါလိုကြသည်ဟု ဆိုလာကြသဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ခရီးအဖြစ် သွားကြရန် အစီအစဉ် ပြောင်းလိုက်ရတော့သည်။

မှတ်မှတ်ရရ မိုးဖွဲလေးများ တဖွဲဖွဲကျနေသည့် နံနက်ဝေလီဝေလင်း အချိန်လေးမှာ မြစ်ကူးတံတားကို ဖြတ်သန်းရင်း လှိုင်သာယာမြို့နယ်အတွင်း ရောက်သွားခဲ့သည်။ လှိုင်သာယာမှ တွံတေးသို့ ကားဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခွင့် ရှိနေခဲ့သည်မှာ ကြာပြီပင်ဖြစ်သည်။ လှိုင်သာယာမြို့နယ်အတွင်း ဖြတ်သန်းသွားရသည်မှာ စိတ်ပင်ပန်းလွန်းလှသည်။ ကားလမ်းများတွင် ကားများ ကျပ်ပိတ်သိပ်နေသဖြင့် ဆန့်ငင်,ဆန့်ငင်ဖြင့် မောင်းနေကြရသည်။ မြို့နယ်၏ လှိုင်သာယာမြို့ပြကွက် လွန်သွားတော့မှ တွံတေးဆီ ဦးတည်ဆက်သွယ်နေသည့် လမ်းမပေါ်ဝယ် လေးမှ ပစ်လွှတ်လိုက်သည့် မြားတစ်စင်းနှယ် ကားလေးသည် လေအဟုန်ခွင်းကာ လွတ်လပ်စွာ ပြေးလွှားခွင့်ရခဲ့တော့သည်။

မြစ်ကူးတံတားကြီး တစ်စင်းကို ထပ်မံဖြတ်ကျော်ခဲ့မိကြသည်တွင် တွံတေးမြို့နယ်နှင့် နီးစပ်လျက်သား ရှိနေပြီကို နားလည်သဘောပေါက်နေမိကြသည်။ တွံတေးသည် ရှေးရှေးကာလများက တောတန်းတောအုပ်ငယ်လေးတစ်ခုသဖွယ် တည်ရှိနေခဲ့သည့် နေရာပင်ဖြစ်သည်။ လူကြီးသူမများ ပြောဆိုစမှတ်ပြုခဲ့ကြသည့် စကားများထဲတွင် တွံတေးတောကြီးတန်းဟူသော ဝေါဟာရသည်လည်း အထင်အရှား ပေါ်ထွန်းခဲ့ဖူးပါသည်။ ထိုစဉ်က တောကြီးတန်းသည် တောင်ကုန်းငယ်လေးများ အုံ့အုံ့ဆိုင်းဆိုင်းရှိနေသည့် တောအုပ်ထူထူလေးများဖြင့် ဖွဲ့စည်းထားခဲ့သည်ဟု သိရသည်။ လွမ်းမောဖွယ်ကောင်းလှသည့် တွံတေးတောကြီးတန်း၏ အလှအပကို စာပန်းချီခြယ်သ သီကုံးခဲ့ကြသော ရှေးစာဆိုများလည်း ရှိခဲ့သည်။

ကားလေး၏ အရှိန်က မြန်လွန်းလှသည်။ လမ်းဘေး တစ်




တွံတေး မြေဘုရားသို့ အဝင်မုခ်ဦး

www.burmeseclassic.com

တ်တစ်ချက်ရှိ မြင်ကွင်းပုံရိပ်များ ကားလေး၏နောက်မှ အပြေး လွှား လိုက်နေကြလေသလား ထင်မှတ် ၏မှားရသည်။

'ဆရာကျော်ရေ… ဟိုရှေ့မှာ ခ်ဦးနဲ့ မြို့ရိုးသဏ္ဍာန်ဗျ' ဟု ရေး ဆော်ရေးဖက် ဆရာနိုင်ခင်ရွှေ ပြော လိုက်သဖြင့် ကြည့်မိဖြစ်ရာ အုတ် မြို့ရိုးသဏ္ဍာန် ခတ်ထားပြီး ခံ့ ထားထည်ဝါလှသည့် မုခ်ဦးတွင် ပေါက္ခရဝတီမြို့ဟောင်းနေရာဟု ကမ္ပည်းရေးထိုးထားသည်ကို တွေ့ ရသည်။ အုတ်မြို့ရိုးနှင့် ခပ်လှမ်း လှမ်းတွင် ရွှေရောင်တဝင်းဝင်းဖြင့်




ရေလယ်တွင်တည်ရှိသည့် စေတီတော်

င်းလက်တောက်ပနေသည့် စေတီတော်မြတ်နှစ်ဆူ တည် ထားလျက်ရှိနေသည်ကို ဖူးတွေ့ကြရသည်။ ပေါက္ခရဝတီ မြို့ဟောင်းသည် မြတ်ဗုဒ္ဓပွင့်တော်မူချိန်က အထင်အရှား တည်ရှိခဲ့သည့်မြို့ပင် ဖြစ်သည်။

ပေါက္ခရဝတီမြို့သား ကုန်သည်ညီနောင်တို့ မြတ်ဗုဒ္ဓ ထံတော်မှ ဆံတော်များ ပင့်ဆောင်ခဲ့ကာ စေတီတော်မြတ် များ တည်ထားခဲ့သည့် သမိုင်းကလည်း အထင်အရှား ရှိနေခဲ့သည်။ တွံတေးတောကြီးတန်းနယ်မြေသည် မြတ် ဗုဒ္ဓ၏ သာသနာတော် ထွန်းကားရာ နယ်မြေဒေသအမှန် ဖြစ်ခဲ့သည်။ အောင်မြေ အောင်ဒေသ မှန်ရာဖြစ်နေသဖြင့် လမ်း လျှောက်လှမ်းနေကြသည့် သူတော်စင်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ လာရောက်အဓိဋ္ဌာန်ဝင်ကြရာ ကျင့်ကြံအား ထုတ်ကြရာ နယ်မြေတစ်ခုပင် ဖြစ်သည်။

ထိုစဉ်မှာပင် ကားလေး ထိုးရပ်သွားသဖြင့် တွေး တစ်စ အတွေးစတို့ ပြတ်တောက်သွားရကာ 'ကားလမ်း ၏ ဝဲယာဘက်ခြမ်းဆီသို့ လှမ်းမျှော်မိဖြစ်သည်။ ကုန်း မြင့်လေးဆီသို့ တက်လှမ်းသွားရသည့် အုတ်လှေကားထစ် များကို မြင်တွေ့ရသည်။ လှေကားထစ်အဆုံးတွင် တ်မုခ်ဦးတစ်ခု မားမားမတ်မတ် ရပ်လျက်သား ရှိနေ ည်ကို တွေ့ရသည်။ မုခ်ဦးထက်တွင်ကား မင်္ဂလာကန် ပါအေးစေတီတော်ဟူသည့် ကမ္ပည်းစာတန်းက အထင်း ပေါ်လွင်လျက် ရှိနေသည်ကို မြင်ရသည်။ မုခ်အောက် မှ ဖြတ်သန်း ဝင်ရောက်ခဲ့ရာ မုခ်အဝင်၏ ဝဲဘက်တွင် ရွှေရောင်တဝင်းဝင်းဖြင့် တည်ရှိနေသည့် စေတီတော်တစ် ဆူ တည်ရှိနေသည်ကို ဖူးတွေ့လိုက်ရသည်။

စေတီတော်ကို အာရုံပြုနေမိစဉ်မှာပင် ငါးအရှင် လေးများကို ရေသန့်ဘူးဖြင့်ထည့်ကာ တစ်ပုလင်း ကျပ် ငါးရာဖြင့် လာရောက်ရောင်းချကြသည်။ ငါးအရှင်လေး



အခုံစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းတုတော်များအကြားက မြွေများ

များကို ကန်တော်မင်္ဂလာအတွင်း လွှတ်ပေးနိုင်ရန် ရောင်းချနေကြခြင်းပင် ဖြစ်သည်။ ကန်တော်မင်္ဂလာက အတော်လေး ကျယ်ဝန်းသည်။ ကန်တော်မင်္ဂလာ၏ အလယ်ဗဟိုတွင် မုခ်လိုဏ်ဆောက်ကာ မုခ်လိုဏ်အထက်တွင် စေတီတော်တည်ထားခြင်းပင် ဖြစ်သည်။ ကမ်းစပ်မှ စေတီအရောက် ပေ(၄၀၀)ခန့်ရှိမည်ဟု ခန့်မှန်း၍ရပါသည်။ စေတီတော်ထံ အရောက်သွားနိုင်ရန် (၃)ပေခန့်သာ အကျယ်ရှိသည့် တံတားမှ သွားရမည်သာ ဖြစ်သည်။

စေတီတော်ထံပါး လျှောက်သွားမိကြစဉ်မှာပင် ဈေးသည်လေးများထံမှ အရှုံးတစ်ထောင်ဖြင့် တည်ထားခဲ့သည့် စေတီတော်ဟု ပြောပြသံကြားမိရသဖြင့် အလွန်အမင်း အံ့အားသင့်သွားမိဖြစ်ရသည်။ တွံ့တေးသမိုင်းကြောင်း နှံ့နှံ့စပ်စပ်သိနေသည့် ထွန်းအောင်လင်း(ရွှေပြည်သာ)ရှင်းပြတော့မှ စိတ်ဝင်စားစရာကောင်းလှသည့် အချက်အလက်များကို သိခွင့်ရတော့သည်။ ယခုဖူးတွေ့နေရသည့် စေတီတော်မြတ် တည်ထားသည့်နေရာသည် ဗောင်းတော်ချုပ် သက်သတ်လွတ် သာသနာ့နယ်မြေဖြစ်ကြောင်းနှင့် ဝိဇ္ဇာလမ်းလျှောက်လှမ်းရင်း သာသနာပြု သတ္တဝါကယ်လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်တော်မူသည့် ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီး တည်ထားခဲ့ကြောင်းများပင် ဖြစ်သည်။ တွံ့တေးဗောင်းတော်ချုပ် ဆရာတော်ဘုရားကြီးသည် ဗောင်းတော်ချုပ် သက်သတ်လွတ် သာသနာ့နယ်မြေတွင် ဝိဇ္ဇာလမ်းလျှောက်လှမ်းနိုင်ရေးအတွက် ကျင့်စဉ်များ ပွားများအားထုတ်တော်မူရင်း သာသနာပြု သတ္တဝါကယ်လုပ်ငန်းများ ကြိုးပမ်းဆောင် ရွက်နေတော်မူရင်း မြန်မာသက္ကရာဇ်(၁၃၀၀)ပြည့်နှစ်တွင် ဗောင်းတော်ချုပ် စေတီကို ထီးတင်တော်မူခဲ့သည်။




ဆင်းတုတော်များအကြားက မြွေများ

ထိုသို့ ဗောင်းတော်ချုပ် စေတီတော်ကို ထီးတော်တင်ပြီး တွံ့တေးတောကြီးတန်းအတွင်းရှိ ဗောင်းတော်ချုပ်သာသနာ့နယ်မြေတွင် နေထိုင်တော်မူစဉ်အတွင်း ကျိုက်ဖူး ကျိုက်ပါ စေတီတော်မြတ်တို့ကိုလည်း ပြုပြင်မွမ်းမံတော်မူခဲ့သည်။ တွံ့တေးမြို့နယ် ရွှေလက်ခုတ်ကျောင်းဝင်း အတွင်းရှိ စေတီတော်ဟောင်း ကော့မှူးမြို့နယ်၊ ငှက်အော်စမ်းကျေးရွာရှိ စေတီတော်ဟောင်းများကိုလည်း ပြုပြင်မွမ်းမံကာ ပြန်လည်တည်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


စေတီတော်အတွင်းရှိ မြွေများ

ဆရာတော်သည် ကျင့်စရဏ စွမ်းအား ကောင်းမွန်းလှသဖြင့် မဟိဒ္ဓိသိဒ္ဓိစွမ်းပကားနှင့် မေတ္တာ စွမ်းပကား ကြီးမြင့်မှုတို့ကို ပိုင်ဆိုင်မှု ရရှိလာကာ မည်သည့် ဆေးဝါးအကူအညီမှ ကိုင်တွယ်အသုံးပြုခြင်းမရှိဘဲ မြန်မာပြည် တစ်နံတစ်လျားတွင်ရှိသည့် စိတ်ရောဂါဝေဒနာရှင်များကို ပျောက်ကင်းချမ်းသာမှု ရရှိကြရလေအောင် ကုသပေးကာ စိတ်ရောဂါဝေဒနာ ဘေးဆိုးမှ ကင်းလွတ်စေခဲ့သည်။ ပျောက်ကင်းချမ်းသာမှု ရရှိသွားသည့် စိတ်ဝေဒနာရှင်များ၏ လုပ်အားဒါနကုသိုလ်တို့ကိုမူ သာသနာတော် ထွန်းကားဝေဆာစေရေးအတွက် စေတီတော်မြတ်များ၊ ကျောင်း၊ တန်၊ တန်ဆောင်းများ ဆောက်လုပ်ရာတွင် အသုံးပြုခဲ့သည်။

စိတ်ဝေဒနာရှင်ဘဝမှ ပျောက်ကင်းချမ်းသာခွင့်ရသွားခဲ့ကြသည့် ပုဂ္ဂိုလ်များ လုပ်အားဖြင့် စေတီတော်မြတ်များ တည်ထားခဲ့ရာတွင် ယခု ရေကန်အလယ်တွင် တင့်တယ်စွာစံပယ်တော်မူနေသည့် စေတီတော်မြတ်သည်လည်း တစ်ဆူ အပါအဝင်ပင်ဖြစ်သည်။ ရေကန်ပေါ်အေးစေတီ ဘွဲ့တော်ခံ အဆိုပါ စေတီတော်မှာ အေးအတိတ်နိမိတ် ဆောင်ကာ ကောင်းသောကံများ ပေါ်ထွန်းလာကြစေရန် ရည်သန်ကာ တည်ထားတော်မူခဲ့ခြင်း ဖြစ်သည်။ ရေကန်တော်မှာလည်း ဒါနရှင်ပုဂ္ဂိုလ်များ၏ လုပ်အားဒါနဖြင့် တူးဖော်ထားခဲ့ခြင်း ဖြစ်သည်။

စေတီတော်မြတ် တည်ထားပြီးသည့် နှစ်အနည်းငယ်အတွင်းမှာပင် စေတီတော်မြတ်ထံတော်ပါးသို့ မြွေ တစ်ကောင်စ၊ နှစ်ကောင်စ ရောက်ရောက်လာကာ စေတီတော်မြတ်ထံပါးမှ ဝေးဝေးလံလံ ထွက်ခွာသွားလေ့မရှိတော့ဘဲ စေတီတော်မြတ်၏ ဝန်းကျင်တွင်သာ သွားလာနေထိုင်ကျက်စားလျက် ရှိနေခဲ့သည်။

ဖောင်းတော်ချုပ်ဆရာတော်ဘုရားကြီးသည် သိဒ္ဓိ မဟိဒ္ဓိစွမ်းပကားများ ပိုင်ဆိုင်ရရှိထားသလို မေတ္တာစွမ်းပကားမှာလည်း အံ့မခန်းလောက်အောင် ကြီးမားခဲ့သည်။ ထိုစွမ်းပကားများဖြင့်ပင် သာသနာပြုသတ္တဝါကယ် လုပ်


စေတီတော်အတွင်းရှိမြွေများ

www.burmeseclassic.com



စေတီတော်အတွင်းရှိ မြွေများ

နေ့များ ဆောင်ရွက်တော်မူနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ယခုလည်း ဆောင်းတော်ချုပ်သာသနာ့နယ်မြေသည် သက်သတ်လွတ်နယ်မြေဖြစ်နေလေရာ မြွေများရောက်လာခြင်းအတွက် တပည့်ဒကာမတို့ စိုးရိမ်စိတ်ပွားခဲ့ကြရသည်။ ဆရာတော်ကြီး၏ မေတ္တာစွမ်းပကားကြောင့်ပင် မြွေတို့သည် ယဉ်ပါးလျက်ရှိကာ စေတီတော်အောက်ခံ မုခ်လိုဏ်အတွင်း သီတင်းသုံးတော်မူနေကြသည့် ဆင်းတုတော်များအကြား တိုးဝှေ့နေရာယူကြကာ ချမ်းမြေ့လှသည့် ဘုရားရိပ် တရားရိပ်ဝယ် ခိုလှုံလျက်သား ရှိနေခဲ့ကြတော့သည်။

မုခ်လိုဏ်အတွင်း နံရံများပေါ်တွင်လည်းကောင်း၊ သစ်ပင်တု၊ ပန်းပုလက်ရာများ အကြားတွင်လည်းကောင်း ရှိနေသည်မှာ ဘုရားဖူး လာရောက်ကြသူများအတွက် အသည်းယားစရာ ကောင်းနေရသည်။ ဆင်းတုတော်များ လက်ဝဲဘက် ခပ်လှမ်းလှမ်းဝယ် ဘုရားဝေယျာဝစ္စအတွက် အလှူခံပုံးထားရှိလေရာ အလှူခံပုံးအနီးဝယ် သီလရှင်နှစ်ပါး ဆုတောင်းမေတ္တာပေးပို့လျက် ရှိနေကြသည်ကို တွေ့ရသည်။

မြွေကြီးများမှာ ပေါင်လုံးလောက်နီးနီး အကောင်ကြီးများ ပါရှိသကဲ့သို့ အငယ်ဆို၍ လက်မောင်းလုံးခန့်နီးနီး အကောင်များက များသည်။ အကောင်များလွန်းလှသဖြင့် ရေတွက်ကြည့်မနေတော့ဘဲ အနီးပတ်ဝန်းကျင်ရှိ စေတီ တော်မြတ်အကြောင်း စုံစုံစေ့စေ့သိနေသူထံ မေး မြန်းကြည့်မိရာ မြွေအကောင်လေးဆယ်ကျော်ခန့် ရှိနေပြီ ဟု သိရသည်။ စေတီမုခ်လိုဏ်အတွင်း မြွေဥများ ရှိနေ သည်ကိုလည်း တွေ့ရသည်။ ကျယ်ဝန်းလှသည့် ရေကန် ကျယ်ကြီးအလယ် ပေလေးဆယ်ပတ်လည်ခန့်သာ ကျယ် ဝန်းလှသည့် စေတီတော်မြတ်၏ အောက်ခံမုခ်လိုဏ် အတွင်း ရောက်နေကြသည့် မြွေများမှာ ဘာသာရေး ပဋ္ဌာန်းဆက် မကင်းသည့် မြွေများပင် ဖြစ်နိုင်ပါသည်။ အန္တရာယ်ပေးခြင်းမရှိဘဲ ငြိမ်ဝပ်စွာ နေကြသည်မှာ ထူး ခြားလှသည်။

မည်သို့ပင်ဆိုစေ (၃)ပေသာသာလမ်းဘေးမှ မုခ် လိုဏ်အထိ လာရသည့် အကွာအဝေးအတွင်းမှာပင် လူ



စေတီတော်အတွင်းရှိ မြွေများ

ကောင်းစွာဒုက္ခပေး၍ ရနိုင်သော် လည်း ငြိမ်သက်လျက်သာ နေကြ သည်။ စေတီအောက်ခြေ၌ တ ရောက်ရစ်ပတ်သည့် အကော များလည်း ရှိနေသည်။ ထူးခြား အံ့ဖွယ်ကောင်းနေသည့် တွံတေး မြွေဘုရားဟု ဆိုရပေတော့မည် သာ ဖြစ်ပေသည်။

ပဋ္ဌာန်းဆက်များ တစ်ခါ ခေါက် ရောက်ခွင့်ကြုံကြပါစေ

အောင်သာကျော်

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်

ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<u>Diseases to be applied</u>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Towrship,
Yangon, Myanmar,
Ph: 095140389/09420007085

**ဝင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း**

**(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း ၀၉ ၅၁ ၄၀၃၈၉ । ၀၉ ၄၂၀ ၀၀၇ ၀၈၅**

www.burmeseclassic.com

## အရိယာတို့ လျှောက်ခဲ့ကြသည့်

# ရှိမ္မကားတောရလမ်းကလေး

●နန္ဒာမင်းလွင်●

စစ်ကိုင်းမြို့မှ ရှိမ္မကားရွာသို့ သွားရောက်ရသည့် ခရိုင်ချင်းဆက် လမ်းမမှာ လမ်းပေါက်သည်မှာ မကြာသေး။ (၂၀၁၀)ပြည့်နှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့ရာ ယခင်က ရေလမ်းကိုသာ ညအိပ်ညဉ့်နေ အားပြုသွားလာခဲ့ကြရသည့် ရှိမ္မကား၊ တပ်သာရွာ၊ စဥ့်ကိုင်၊ တလိုင်း၊ ကျောင်းဖြူ စသည့် ကျေးရွာများမှာ ယခုအခါ ကားလမ်းခရီးဖြင့် နေ့ချင်းပြန် ခရီးပေါက်နိုင်ကြပြီ ဖြစ်သည်။ စစ်ကိုင်း-ရွှေဘို ခရိုင်ချင်းဆက် အမှတ်(၃)လမ်းမကြီးသည် မင်းဝံတောင်ရိုးအတိုင်း အလျားလိုက် သွယ်တန်းဖောက်လုပ်ထားသည့် လမ်းမဖြစ်သည်။

ရှိမ္မကားရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသဖြင့် အင်္ဂလိပ်အစိုးရ လက်ထက်တွင် နယ်ပိုင်ဝန်ထောက် ရုံးစိုက်ခဲ့သည့်မြို့ ဖြစ်ခဲ့သည်။ (၁၈၉၈)ခုနှစ်တွင် ရွှေဘိုမီးရထားလမ်း ဖောက်လုပ်ပြီးစီးသည့်အခါ ဝက်လက်ရွာသည် စည်ကားလာ၏။ (၁၉၀၆)ခုနှစ် ရွှေဘိုတူးမြောင်း ဖောက်လုပ်ပြီးသည့်အခါ ရှိမ္မကားမှ လူများပါ ပြောင်းရွှေ့လာရောက် နေထိုင်လာကြသဖြင့် စည်ကားလာခဲ့ပြီး မြို့အဖြစ် သတ်မှတ်ခြင်း ခံရသည်။ မည်သို့ပင်ရှိစေ ရွှေကျင်သာသနာနှင့်ဆက်စပ်၍ စိတ်ဝင်စားဖွယ်ရာများ အပြည့်ရှိနေသည့် ရှိမ္မကားဟူသည့် မြို့ဟောင်းလေးဆီသို့ ခရီးနှင်ဖြစ်ခဲ့ကြသည်။

### ရှိမ္မကားလော၊ သိမ်းပကားလော

ရှိမ္မကားဟူသည့် အမည်မှာ သမိုင်းကြောင်းအရ ထင်ရှားခဲ့သည်။ ရှိမ္မကားဟု အမည်တွင်ခဲ့ပုံကလည်း ပုဂံခေတ်ထီးလှိုင်ရှင် ကျန်စစ်သားမင်းနှင့် ဆက်စပ်နေပြန်သည်။ ကျန်စစ်သားသည် အနိရုဒ္ဓ အနော်ရထာမင်း၏ မင်းပြစ်မင်းဒဏ်သင့်စဥ်က ရာဇဝတ်သားဘဝဖြင့် စစ်ကိုင်းနှင့်ဝက်လက် နယ်စပ်ဖြစ်သည့် တလိုင်း၊ ကျောင်းဖြူ၊ စဥ့်ကိုင် စသည့် အရပ်များတွင် တိမ်းရှောင်ပုန်းခိုခဲ့ရသည်။ စောလူးမင်း လက်ထက်တွင်လည်း ငရမန်ကန်းနှင့် စစ်ရေးပြိုင်ဆိုင်ခဲ့ရာတွင် အရေးမသာသဖြင့် ထီးလှိုင်အရပ်သို့ တိမ်းရှောင်ပြီး လူသူ၊ လက်နက်အင်အား စုဆောင်းခဲ့သည်။

လက်ရုံးရည်ပြည့်ဝသည့် လူစွမ်းကောင်း ရှာဖွေ၍ ရန်သူတော် ငရမန်ကန်းကို ပျောက်ကြားစနစ်ဖြင့် သုတ်သင်ပစ်ရန်ဟု စီစဥ်ခဲ့သည်။ ထို့ကြောင့် လေးမြားအတတ်တွင် တစ်ဖက်ကမ်းခပ်မျှ ကျွမ်းကျင်လှသည့် မုဆိုးငစဥ့်ကို စုံစမ်းရှာဖွေခဲ့သည်။ မုဆိုးငစဥ့်သည် ကျန်စစ်မင်းကသူ့ကို ရှာဖွေနေသည်ဟူသော သတင်းကို ရရှိသောအခါ အကြောင်းရင်းမှန်ကို မသိလေသဖြင့် ကြောက်လန့်၍ တိမ်းရှောင်နေခဲ့သည်။

မုဆိုးငစဥ့်သည် ကြောက်လန့်၍ မြစ်တစ်ဖက်ကမ်းသို့ ကူးသန်းထွက်ပြေးခဲ့သည်။ မုဆိုးငစဥ့် ကူးရာအရပ်ကို နောင် စဥ့်ကူးဟု ခေါ်တွင်သည်။ ကျန်စစ်သားသည် မုဆိုးငစဥ့်ကို အလိုရှိသဖြင့် နောက်လိုက်ဗိုလ်ပါတို့ကို လိုက်လံရှာဖွေ ခေါ်ဆောင်စေသည်။

'ထိုအရပ်၌ ရှိလိုမူကား ငါ့ထံ အမြန်ခေါ်ဆောင်ခဲ့စေ'ဟု အမိန့်တော်ချလေသည်။ 'ရှိလိုမူကား'ဟု မိန့်ဆိုသည့် အရပ်သည် နောင်တွင် ရှိမ်းမကားဟု တွင်လာခဲ့သည်။ နောင် ရှင်ပင်ဆိပ်ပေါက်ဘုရား တည်ထားမည့် အရပ်တွင် မုဆိုးငစဥ့်အား ဖမ်းဆီးရမိလေသည်။ ထိုအရပ်သည် စဥ့်ကိုင်ဟု တွင်ခဲ့သည်။ ကျန်စစ်သားမင်းသည် မြောက်ဘက်အရပ်တွင် ရှောင်ရှား၍ နေတော်မူသောအခါ လှံကစားတော်မူ၍ လှံချက်ကျရာ(ခိုလှုံနေထိုင်ဖူးရာ) အရပ်များတွင် ဂူတစ်လုံးစီ တည်ထားခဲ့သည်။ စဥ့်ကိုင်အရပ်တွင်လည်း တောင်ထက်တွင် တစ်ဆူ၊ တောင်အောက်တွင် တစ်ဆူ တည်ထားခဲ့သည်။ လှံချက်သည် မြစ်ဆိပ်အထိ ပေါက်ရောက်သည်ကို အစွဲပြု၍ တောင်အောက်မြစ်ဆိပ်ကမ်းဦးမှ ဘုရား၏ ဘွဲ့တော်သည် ဆိပ်ပေါက်ဟူ၍ တွင်ခဲ့သည်။

ကျန်စစ်သားသည် ထီးလှိုင်သူကြီးနှင့် မုဆိုးငစဥ့်တို့ကို ရရှိလျှင် တောင်ဘက် တစ်ဆယ့်တစ်ရွာ(ခယ်တွင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆယ့်တစ်ခရိုင်)တွင် ဗိုလ်ဝင်ခံပြီးနောက် ငရမန်ကန်းကို တိုက်ခိုက်ခဲ့သည်။ ကျန်စစ်သား၏ တပ်များက ငရမန်ကန်း၏ တပ်များကို တိုက်ခိုက်အောင်မြင်သည်။ အရေးသောသဖြင့် မခံဝံ့တော့ဘဲ ငရမန်ကန်းသည် နရဝတ်ရွှေဆောင်ဖြင့် စုန်ပြေးခဲ့သည်။ ကျန်စစ်သားမင်း၏ လက်ရုံးတစ်ဆူ ဖြစ်လာခဲ့သည့် မုဆိုးငစဥ့်သည် ရန်သူတော် ငရမန်ကို လေးမြားဖြင့် လိုက်လံ၍ လုပ်ကြံပေးခဲ့သည်။

ရှိမ္ဗကားဟူသည့် အမည်တွင်ခဲ့ပုံနှင့် ပတ်သက်၍ ရှိမ္ဗကားရွာရှိ ဗဒ္ဒံမင်း၏ ကောင်းမှုဖြစ်သည့် ဆင်ဖြူတက်ဘုရား(သက္ကရာဇ် ၁၁၅၇-ခုနှစ်ထိုး) ကျောက်စာတွင် 'ထီးလှိုင်ရှင်မင်းကြီး မုဆိုးငစဥ့်ရှိမူ သိမ်းပကားတော်မူသည် ဟူသောစကားကို အစွဲမူရှုယ့် ရှိမ်းမကား မည်သောရွာဆိပ်ကမ်း' ဟု ရေးထိုးခဲ့သည်။ သိမ်းပကားမှ ရှိမ်းမကားဟု ခေါ်ဝေါ်လာခြင်းဖြစ်ကြောင်း ဆိုပါသည်။

ထိုကျောက်စာသည် ပညာရှိ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို ရေးသားစီကုံးတော်မူခဲ့သည့် ကျောက်စာဖြစ်သည်။

ကျေးဇူးရှင် ရွှေကျင်ဆရာတော်ကြီးကိုယ်တိုင် ရေးသားစီကုံးတော်မူခဲ့သည့် ရှိမ္ဗကားရွာ အဘယဂီရိတောင်၊ ဒီနောရသ သာဓုပါမောဇ္ဇသိမ် ကျောက်စာတွင် 'ရှိမူကား ဓုယဂါမသဿ-ရှိမူကားအမည်ရှိသော ရွာ၏၊ ပါယပွေ-အနောက်မြောက်အရပ်၌' ဟူ၍ ရေးထိုးခဲ့သည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရှိမ္ဗကားဟူသော အမည်နာမသည် ရှိမူကာမှ လာသည်ကို လက်ခံတော်မူဟန် ရှိသည်။


ကျောက်စာတွင် 'ရှိမူကား' ဟု ရေးသားခဲ့ရာမှ နှစ်ချောင်းငင်က မ,ဆွဲနှင့် ရောထွေးသွားပြီး ရှိမ္ဗကားဟု ပြောင်းလဲရေးသားလာခဲ့ကြဟန်ရှိသည်ဟု ကြံဆမိသည်။

**<u>သာသနာပွင့်လန်းခဲ့သည့် ရှိမ္ဗကား</u>**

ခရိုင်ချင်းဆက် လမ်းမကြီးအတိုင်း လာခဲ့ရာ (၂၅)မိုင်ခန့်သို့ ရောက်ရှိလျှင် ရှိမ္ဗကားရွာလမ်းခွဲသို့ ရောက်ရှိသည်။ ရှိမ္ဗကားမြို့ကား မင်းဝံတောင်ရိုးကြီး၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိနေပါသည်။ လမ်းခွဲ၏ အနောက်ဘက်တွင် စေတီပုထိုးနှင့် တောင်ကုန်းမြင့်မြင့်လေးကို တွေ့ရသည်။ ထိုတောင်တော်ကား တောင်ခေါင်းတောင်ဟု ထင်ရှားပြီး ကြည်ညိုဖွယ် တောင်ခေါင်းဘုရားနှင့် တောင်ခေါင်းတောရကျောင်းတို့ တည်ရှိသည်။

လမ်းခွဲအတိုင်း မင်းဝံတောင်ရိုးကိုဖြတ်၍ ရှိမ္ဗကားဆိပ်ကမ်းမြို့လေးထဲသို့ ဝင်လာခဲ့ကြသည်။ မြို့လယ်လမ်းမရောက်သည်နှင့် ညာဘက်သို့ချိုးကာ ရွှေကျင်ဆရာတော်ဘုရားကြီးဟု အထူးထင်ရှားခြင်း မရှိမီက သီတင်းသုံးတော်မူခဲ့သည့် တောင်တောရကြီးတိုက်ဆီသို့ ခရီးဆက်ခဲ့ကြသည်။

ရှိမ္ဗကားမြို့လေး အကြောင်းကို စဉ်းစားလေ့လာကြည့်လျှင် ပုဂံခေတ်တွင်သာမက အင်းဝခေတ်မှ ကုန်းဘောင်ခေတ်တိုင် ထင်ရှားခဲ့သည်။ ပုဂံနန်းစံ အလောင်းစည်သူမင်းသည် ရှိမ္ဗကားတွင် ရွှေတောင်ဦးစေတီတော်ကို တည်ထားခဲ့သည်။ သီရိဓမ္မာသောကမင်းက ရှိမ္ဗကား၏ တောင်ဘက် ငါးရယ်ရွာအနီး မင်းဝံတောင်ထိပ်ပေါ်တွင် မုဋ္ဌောစေတီတော်ကြီးတို့ကို တည်ခဲ့သည်။ ထိုငါးရယ်မုဋ္ဌောဘုရားအား သက္ကရာဇ်(၇၂၆)ခုနှစ်တွင် အင်းဝမြို့တည်မင်း သတိုးမင်းဖျားထံ ခွင့်ပန်ပြီး နောင်ဦးသင်က မြေနှင့် ထန်းတို့ကို လှူဒါန်းခဲ့သည်။ သတိုးမင်းဖျားကိုယ်


တောင်တောရကြီးဘုရား

www.burmeseclassic.com

www.burmeseclassic.com



မြစ်ပြင်ဘက်မှ လှမ်းမျှော်မြင်တွေ့ရသည့် တောင်တော…ကြီး

တိုင် ရေစင်တော်ချ၍ လှူဒါန်းကြောင်း ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သည်။

ထို့တူ အင်းဝဘုရင် မိုးညှင်းမင်းတရားကလည်း ရှိမ္မကားတွင် ရွှေစည်းခုံစေတီတော်တစ်ဆူကို တည်ထားပူဇော်ခဲ့သည်။ ရွှေစည်းခုံစေတီကြီးကို သက္ကရာဇ်(၁၂၁၀) ပြည့်နှစ် အမရပူရနန်းစံ ပုဂံမင်းလက်ထက်တွင် ဖိနပ်တော်(၂၈)တောင်၊ အဝန်း(၁၁၂)တောင်၊ အစောက်(၂၉)တောင်ရှိသည့် စေတီတော်အဖြစ် ထပ်မံတည်ထားခဲ့ကြသည်။

သက္ကရာဇ်(၁၁၅၇)ခုနှစ်တွင် အမရပူရနန်းစံ ဘိုးတော်ဘုရား ဗဒုံမင်းကြီးသည် ရှိမ္မကားရွာ တောင်ဘက်တွင် ဆင်ဖြူတက်ဘုရားကို တည်ထားတော်မူခဲ့သည်။ မော်ကွန်းကျောက်စာ ရေးထိုးစိုက်ထူခဲ့သည်။သာယာဝတီမင်းလက်ထက် သက္ကရာဇ်(၁၂၀၃)ခုနှစ်တွင်လည်း ရှိမ္မကား မြသိန်းတန်ဆရာတော်ကြီးသည် မြသိန်းတန် မဟာဝိသောဒနီ သိမ်တော်ကြီးနှင့် ရွှေသာလျောင်းဘုရားကြီးကို တည်ထားတော်မူခဲ့သည်။ ဘကြီးတော်မင်းလက်ထက် သက္ကရာဇ်(၁၁၈၃)ခုနှစ်တွင် ရှိမ္မကားရွာစား နေမျိုးမင်းထင် သမန္တမင်းခေါင်က ဦးဆောင်၍ မြသိန်းတန်တိုက်အတွင်းရှိ ရွှေရပ်တော်ဘုရားကို ပြုပြင်ခဲ့ကြသည်။

ထိုသို့ သမိုင်းခေတ်အဆက်ဆက်၌ သာသနာတော်ပွင့်လင်းခဲ့သည့် ရှိမ္မကားတွင် ရွှေကျင်ဆရာတော်ဟု နေလိုလလို ထွန်းလင်းတောက်ပလာမည့် ရှင်ဇာဂရမထေရ်သည် တောရဆောက်တည် တောရပ်မှီ၍ သီတင်းသုံးတော်မူခဲ့ပါသည်။

ရွှေကျင်ဆရာတော်အား မင်းတုန်းမင်းကြီးက ရတနာပုံ နေပြည်တော်သို့ ပင့်ခေါင်တော်မူခြင်း မပြုမီ တောရဆောက်တည် သီတင်းသုံးတော်မူခဲ့သည့် နေရာဌာနကား ရှိမ္မကားရွာ၏ အနောက်မြောက်ဘက် အဘယဂီရိတောင်တောရတိုက်နှင့် ရွာတောင်ဘက်တွင် တည်ရှိသည့် သရက်ချောင်နှင့် တောင်တောရကြီးတိုက် ဖြစ်သည်။

ရှိမ္မကားရွာ၏ တောင်ဘက်သို့ ထွက်လိုက်သည့်အခါ လက်ယာဘက် တောင်ကုန်းလေးပေါ်တွင် ဘိုးတော်ဘုရားကောင်းမှု ဆင်ဖြူတက်ဘုရားကို ဖူးတွေ့ရပြီး မလှမ်းမကမ်းတွင် သီပေါမင်း၏ ကောင်းမှုဖြစ်သည့် ဇူဋာမုနိစေတီကို ဖူးတွေ့ရသည်။ ထိုမှ လက်ဝဲဘက်ယွန်းယွန်းတွင် မိုးညှင်းမင်းတရားကောင်းမှု ရွှေစည်းခုံစေတီတော် တည်ရှိသည်။

ဘေးမဲ့အုပ် ဦးရိုး ဖောက်လုပ်လှူဒါန်းခဲ့သည့် ကျောက်စီလမ်းလေးအတိုင်း ခရီးဆက်ခဲ့ကြသည်။ ထိုမှ တောရကျောင်းတိုက်ဆီသို့ ဝင်ရောက်ရာ အုတ်စောင်းတန်း စကြံလမ်းလေးသို့ ဆိုက်ရောက်သည်။ အဝင်မုခ်ဦးတွင် ခြင်္သေ့နှစ်ကောင်ကို တွေ့ရပြီး လမ်းလေး၏ တစ်ဖက်တစ်ချက်စီတွင် အုတ်ရိုးမီးတားတံတိုင်း စီထားသည်။ အတွင်းလမ်းလေးကို ကျောက်ပြားစီ၍ ခင်းထားသည်။ စကြံလမ်းအုတ်ရိုး၏ တစ်ဖက်တစ်ချက်စီတွင် သန်း၊ ဒဟတ်၊ သစ်ပလွေ စသည့် သဘာဝသစ်ပင်များသည် အစီအရီ အပြိုင်းအရိုင်း ပေါက်ရောက်နေသဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိလှသည်။ လမ်းကလေးကား သာယာလှပါဘိ။ သည်လမ်းလေးပေါ်မှ ကျေးဇူးရှင် ရွှေကျင်ဆရာတော်ကြီး အပါအဝင် အရိယာနွယ်ဝင် သူတော်စင် သူတော်မြတ်အပေါင်းတို့ စင်္ကြံကြွမြန်း လျှောက်လှမ်းခဲ့ကြဖူးပေသည့် တောင်တောရတိုက်ကြီးတွင် သီလဆောက်တည် ပါရမီကြမည့် ပုဂ္ဂိုလ်ကြီးငယ်၊ ဥပုသ်သည်တို့ ကြွရောက်မှန်းဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထင်မြှုတက်ဘုရား

သန်းခဲ့ကြဖူးပေမည်။ သူတော်ကောင်းတို့ ချမ်းသာစွာ လျှောက်လှမ်းနိုင်ကြရန် စောင်းတန်းစင်္ကြံ အုတ်ရိုးလမ်းကို တည်ဆောက်လှူဒါန်းသူမှာ ရှိမ္ဘကားရွာသား ဘေးမဲ့အုပ် ဦးရိုးပင် ဖြစ်ပေသည်။ ဦးရိုးကား သဒ္ဓါတရား ကြီးမားပေစွ။ ဦးရိုးသည် ရှိမ္ဘကားရွာမှ ငါးရယ်မုဋ္ဌောဘုရားအထိ ဆိုက်ရောက်အောင် နှစ်မိုင်မျှ ရှည်လျားသည့် ကျောက်စီလမ်းလေးကို ဘေးမဲ့တောတန်းကို ဖြတ်သန်း၍ ခင်းကျင်းကုသိုလ်ပြုခဲ့သည်။ ယခုတိုင် ဦးရိုးကျောက်စီလမ်းဟု ထင်ရှားနေဆဲ။ လူကား ကွယ်လွန်ခဲ့လေပြီ။ နာမည်ကား ရှင်သန်နေဆဲ။ ကုသိုလ်တရားတို့ ပွားများနေဆဲ။ သာယာလှပသည့် ဦးရိုး၏ အုတ်ရိုးစောင်းတန်းလမ်းပေါ်မှ ရွှေကျင်ဆရာတော်ဘုရားကြီး အပါအဝင် အရိယာနွယ်ဝင် သူတော်စင်ကြီးများ စင်္ကြံကြွလှမ်းတော်မူခဲ့ကြမည်ကို စိတ်ကူးနှင့် မှန်းဆကာ ကြည်ညိုမဆုံး ဖြစ်မိသည်။

ဦးရိုး၏ အုတ်စောင်းတန်း စင်္ကြံလမ်းသည် တောရကြီးတိုက် အုတ်ရေကန်ကြီးအနီးအထိ ဆိုက်ရောက်ပါသည်။ ရွှေကျင်ဆရာတော်ကြီးသည့် သပဒါနစရိတင်ကို ဆောက်တည်တော်မူသဖြင့် နေ့စဉ် ရှိမ္ဘကားရွာသို့ ဦးရိုး၏ အုတ်စောင်းတန်းလမ်းအတိုင်း ဆွမ်းခံကြွတော်မူလေ့ ရှိပေလိမ့်မည်။ ထိုစောင်းတန်းလမ်းအတိုင်း စင်္ကြံကမ္မဋ္ဌာန်းကိုလည်း ကြွမြန်းအားထုတ်တော်မူပေလိမ့်မည်။

ဦးရိုး၏ ကျောက်စီလမ်းတလျှောက် လမ်း၏ တစ်ဘက်တစ်ချက်တွင် အင်းကြင်းကျောက်တိုင်ကြီးများကို စိုက်ထူထားခဲ့သည်။ တစ်နေ့ရာတွင် ရွှေကျင်ဆရာတော်ကြီး ဆွမ်းခံကြွတော်မူပြီး အပြန်တွင် ဆွမ်းသပိတ်ကို တင်၍ ခေတ္တအနားယူ အပန်းဖြေသည်ဟု ဆိုကြသော ကျောက်တိုင်ကြီးလည်း ရှိပေသည်။ ဘေးမဲ့အုပ် ဦးရိုး၏ အုတ်ရိုးစောင်းတန်းနှင့် ကျောက်စီလမ်းတို့မှာ ယနေ့ထက်တိုင်ပင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်များ လွှမ်းခြုံနေဆဲဟု ခံစားနေမိသည်။ ထိုအုတ်ရိုးကျောက်စီလမ်းကလေးကား သူတော်စင် သူတော်မြတ်ကြီးများ နိစ္စဓူဝ ကြွချီလျှောက်လှမ်းတော်မူခဲ့ကြသဖြင့် မေတ္တာဘာဝနာဓာတ်များ လွှမ်းခြုံသည့် တောလမ်းကလေးပင် ဖြစ်သည်။

တောကြီးမြိုင်ကြီး မဟုတ်သော်လည်း ဆိတ်ငြိမ်အေးချမ်းမှုအတိဖြင့် သာယာလှပနေသည်။ ကျေးငှက်သာရကာတွန်ကျူးသံမှအပ လူသံသူသံ ဆူညံသံများကို စိုးစဉ်းမျှ မကြားရ။ သူတော်ကောင်းတို့ မွေ့လျော်ကြသည့် ဤနယ်မြေသည် တောနှင့် တောင်နှင့် စိမ်းလန်းသာယာနေဘိသကဲ့သို့ မှီတင်းခိုလှုံ နေထိုင်ကျက်စားကြသည့် ဝေနေယျသတ္တဝါအပေါင်းတို့အတွက်လည်း ဘေးမဲ့ချမ်းသာကို ရရှိခဲ့ကြသည်။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်တည်းဟူသော ရတနာသုံးပါးတို့၏ အရိပ်အာဝါသသည်ကား အေးမြချမ်းသာလှပေစွ။ အရိယာနွယ်ဝင် သူတော်စင်ကြီးများ လျှောက်ခဲ့ကြသည့် လမ်းကလေးကား အေးချမ်းသာယာလှပေစွတကား။

## ရှိမ္ဘကားတောင်တောရကြီးနှင့် ဘေးမဲ့တော

သာသနာတော်တွင် နေလို လလို ထင်ရှားလာမည့် ရွှေကျင်ဆရာတော်အလောင်းအလျာ မောင်သန့်ကို သက္ကရာဇ်(၁၁၈၄)ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၂)ရက်၊ အင်္ဂါနေ့တွင် အဖဦးမော်၊ အမိဒေါ်မိတို့က ရွှေဘိုမြို့တောင်ဘက် (ယခု ဝက်လက်မြို့နယ်၊ လှတောကြီးငါးရွာအပါအဝင်) ရွှေကျင်ရွာတွင် ဖွားမြင်ခဲ့သည်။ (၇)နှစ်သားအရွယ်တွင်

www.burmeseclassic.com

www.burmeseclassic.com

ရွှေကျင်ရွာ မဟာဗောဓိကျောင်းဆရာတော် ဦးဝရဗုဒ္ဓိထံ အမိ၊ အဖတို့က အပ်နှံ၍ စာပေသင်ကြားစေခဲ့သည်။ အသက်(၁၄)နှစ်အရွယ်တွင် သာမဏေပြုပြီးနောက် (၁၅) နှစ်အရွယ်တွင် ရွှေဘိုမြို့ ဝက်ပါကျောင်း ဆရာတော်ထံ ပညာသင်ကြားခဲ့သည်။ ထိုမှတစ်ဖန် အသက်(၁၈)နှစ် အရွယ်တွင် အကျင့်သိက္ခာအရာတွင် လွန်စွာကျော်ကြား တော်မူသည့် သီးလုံးဆရာတော် အရှင်စန္ဒိမာလင်္ကာရထံသို့ ရောက်ရှိကာ စာပေပရိယတ္တိနှင့်တကွ ပဋိပတ္တိနည်းနာများ ကို သင်ယူတော်မူခဲ့သည်။

အသက်(၂၀)အရွယ် ရောက်သည့်အခါ ဇာတိရပ်ရွာ ငယ်ဆရာ မဟာဗောဓိကျောင်း ဆရာတော်ဦးဝရဗုဒ္ဓိထံ၌ ရဟန်းပြုခဲ့သည်။ ရဟန်းဘွဲ့မည်မှာ ရှင်ဇာဂရ ဖြစ်သည်။ ရဟန်းဖြစ်တော်မူပြီးသောအခါ ရာဇဒွေနီ အမရပူရ မင်း နေပြည်မှစ၍ အမြို့မြို့အရွာရွာမှ ဆရာပေါင်း(၂၀)ကျော် ထံတွင် နည်းနာခံ သင်ကြားခဲ့ရာ ပိဋကတ်ကျမ်းဂန်တို့ ကို ကျွမ်းကျင်နိုင်နင်းတော်မူခဲ့လေသည်။ ရဟန်း(၈)ဝါ ရသည့်အခါ မန်ကျည်းစင်ရွာ၊ ခေါ်တောရွာ၊ ရှိမ္ဗကားရွာ တို့တွင် သီတင်းသုံးကာ စာချပုဂ္ဂိုလ်အဖြစ် စာပေပရိယတ္တိ များကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။

သက္ကရာဇ်(၁၂၁၄)ခုနှစ်တွင် မင်းတုန်းမင်းသည် ညီ တော် ကနောင်မင်းသားနှင့်အတူ နောင်တော်ပုဂံမင်းကို ပုန်စားရန် ရတနာသိင်္ဃရွှေဘိုမြို့သို့ ချီတက်တော်မူခဲ့ကြ သည်။ အရေးတော်ပုံကာလတွင် မင်းတုန်းမင်းနှင့် ကနောင် မင်းသားတို့သည် ရွှေကျင်ဆရာတော်ကို အခိုက်အတန့်မျှ ဖူးမြော်ခဲ့ရသည်။ ဆရာတော်၏ အနေအထိုင်၊ အကျင့် သိက္ခာ၊ သီလ၊သမာဓိကို များစွာကြည်ညိုခြင်း ဖြစ်မိကြ ကာ ရွှေဘိုမြောက်ဘက် မြင်းနယ်တပြင်တွင် သာသနာ တော် သန့်ရှင်းစည်ပင်အောင် ဆောင်ရွက်ပေးတော်မူပါရန် လျှောက်ထားတောင်းပန်ခဲ့ကြသည်။

အရှင်ဇာဂရသည် ရဟန်းဖြစ်ချိန်မှ စတင်၍ တိစီ ဝရိက်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်တို့ကို အမြဲဆောင်တော်မူခဲ့ သည်။ ထိုမှ ရဟန်း(၅)ဝါရချိန်မှ စတင်၍ အရညကင် ဓုတင်နှင့် ခလုပစ္ဆာဘတ္တိကဓုတင်တို့ကို အမြဲဆောင်တော် မူခဲ့သည်။ အခြားသော နဝဓုတင်္ဂါနိ (၉)ပါးသော ဓုတင် တို့ကိုလည်း အခွင့်သင့်သလို ကျင့်ဆောင်တော်မူခဲ့သည်။

အရှင်ဇာဂရသည် သက္ကရာဇ်(၁၂၁၅)ခုနှစ်တွင် မြောက်တောရကြီးဟု ခေါ်ဝေါ်ကြသည့် ရှိမ္ဗကားရွာ၏ အနောက်မြောက် ခေမာသီဝအဘယဂီရိ တောရကျောင်း တွင် တောရဆောက်တည် သီတင်းသုံးတော်မူခဲ့သည်။ ရှိမ္ဗကား အဘယဂီရိတောင်တောရတွင် သီတင်းသုံးနေ တော်မူစဉ် ဟန်လင်းကြီးမြို့စား၊ ရဲဘက်မြင်းတပ်ဗိုလ်၊ မင်းတင်တန်ဆောင်က ကိုးကွယ်ဆည်းကပ်တော်မူခဲ့သည်။ (ရဲဘက်မြင်းတပ်ဗိုလ်သည် မင်းတုန်းမင်းတို့နှင့်အတူ ရွှေ ဘိုသို့ ထွက်တော်မူစဉ် ရေတန်းမှ ရဲဝံ့စွာ ပါဝင်ထမ်း ရွက်ခဲ့သူ၊ နောင်တွင် မင်းကြီးမဟာဇေယသူရ အမည်နှင့် ရတနာသိင်္ဃမြို့ဝန်အရာကို ပေးသနားခံရသည့် ဦးခဲ ဖြစ် ဟန်ရှိသည်။)


ဘေးမဲ့အုပ်ဦးရှိ၏ အုတ်စေတီတန်း

ဟန်လင်းကြီးမြို့စား၊ ရဲဘက် မြင်းတပ်ဗိုလ် မင်းတင်တန်ဆောင် သည် အဘယဂီရိတောရတိုက် အနီး အဘယဂီရိတောင်ထိပ်တွင် ကုလလေးတာ(၇)တာ (၂၈- တောင်)ရှိသော မြေတွင် သိမ် သမုတ်ခွင့်ပြုရန် မင်းတုန်းမင်းထံ ခွင့်ပန်တောင်းခံခဲ့သည်။ မင်းတုန်း မင်းသည် သိမ်၏ ပတ်ဝန်းကျင် ပတ်လည် ကုလလေးတာ(၅၀၀) (အတောင်-၂၀၀၀)အတွင်း၌ကျက် စားနေထိုင်ကြသည့် သားငှက်

www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်တို့ကို ကျောက်စာတိုင် စိုက်ထူသတ်မှတ်၍ ဘေးမဲ့ပေးတော်မူခဲ့သည်။ သက္ကရာဇ်(၁၂၁၇)ခုနှစ်တွင် အဘယဂီရိတောင် တောရကျောင်း၊ အဘယဂီရိတောင် ထိပ်တွင် ဇိနောရသ သာဓုပါမောဇ္ဇသိမ်တော်ကို သမုတ်ခဲ့သည်။

သက္ကရာဇ်(၁၂၁၈)ခုနှစ်တွင် အရှင်ဇာဂရသည် မြောက်တောရကျောင်းမှ ရေမိုးလွယ်ကူသည့် ရှိမ္ဗကားရွာ၏တောင်ဘက် ဧရာဝတီမြစ်ကမ်းအနီး သရက်ချောင်တောရသို့ ပြောင်းရွှေ့ကာ သီတင်းသုံးတော်မူခဲ့သည်။ သက္ကရာဇ်(၁၂၂၁)ခုနှစ်တွင် မန္တလေးမြို့တော်ကြီးကို တည်တော်မူသည်။ မင်းတုန်းမင်းကြီးသည် ရွှေမြို့တော်ကြီး ပြီးပြေသည့်နောက် သက္ကရာဇ်(၁၂၂၂)ခုနှစ်တွင် ရှိမ္ဗကားတောရတွင် သီတင်းသုံးနေတော်မူသည့် အရှင်ဇာဂရအား ရွှေမြို့တော်သို့ ပင့်ဆောင်ကိုးကွယ်တော်မူခဲ့သည်။ ဆရာတော်၏ ဘွဲ့မည် ရှင်ဇာဂရသည် မထင်ရှားဘဲ မွေးရပ်ဇာတိရွာကို စွဲ၍သာ ရွှေကျင်ဆရာတော်ဟု ကျော်ကြားတော်မူသည်။ မန္တလေးရတနာပုံမြို့တော်၏ မြောက်မျက်နှာ မန္တလေးတောင်ခြေတွင် မဟာဓမ္မိကာရာမ အစရှိသည့် ကျောင်းတိုက်ကြီး ငါးတိုက်တို့ကို ဆောက်လုပ်နေစဉ် အခါလတွင် ရွှေကျင်ဆရာတော်သည် ရှိမ္ဗကားတောရသို့ ပြန်လည်ကြွရောက် သီတင်းသုံးနေတော်မူခဲ့သည်။

ထိုအခါ မင်းတုန်းမင်းသည် ရွှေကျင်ဆရာတော်ဘုရား သီတင်းသုံးတော်မူရန် ကျောင်းကြပ် ဦးပွင့်အား ငွေတော်ထုတ်ပေးပြီး ဘုံသုံးဆင့်စကြောကျောင်း၊ ဆွမ်းစားကျောင်းနှင့် အရံလေးကျောင်းတို့ကို ကြီးကြပ်စီမံဆောက်လုပ်စေခဲ့သည်။ ကျောင်းတော်ကြီးကို သက္ကရာဇ် (၁၂၂၄)ခုနှစ်၊ နတ်တော်လတွင် စတင်ဆောက်လုပ်ခဲ့ပြီး (၁၂၂၅)ခုနှစ်၊ တပေါင်းလတွင် ပြီးပြေခဲ့ရာ အောင်မြေလွှတ်စံဟု သမုတ်၍ ရွှေကျင်ဆရာတော်အား တင်လှူခဲ့သည်။

တောင်တောရကြီးရှိ အောင်မြေလွှတ်စံကျောက်စာတွင် 'အောင်မြေလွှတ်စံ၊ သက္ကရာဇ်(၁၂၂၄)ခုနှစ်၊ နတ်တော်လကစ၍ ရှိမ္ဗကားရွာတောင် တောရကျောင်း ရွှေကျင်ဆရာတော် ဦးဇာဂရ သီတင်းသုံးတော်မူရံ ဘုံသုံးဆင့်ကျောင်း စကြောကျောင်း ဆွမ်းစားကျောင်း ကျောင်းယံအပေါင်း လေးကျောင်းများကို ငွေတော်ထုတ်၍ ဆောက်လုပ်သည်။ (၁၂၂၅)ခုနှစ်၊ တပေါင်းလ ပြီးသည်။ ဤဒါ ပုညာ အာသဝက္ခယံ ဝဟံ ဟောတု။ ကျောင်းကျပ် ဦးပွင့်' ဟု ရေးထိုးစိုက်ထူထားသည်။

မင်းတုန်းမင်းသည် အောင်မြေလွှတ်စံ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီးနောက်တွင် ရှိမ္ဗကား တောင်တောရကြီး၏ ဝန်းကျင်တွင် နယ်လေးရပ် သတ်မှတ်တော်မူကာ ဘေးမဲ့သတ်မှတ်ပေးတော်မူခဲ့သည်။ ဘေးမဲ့တောအား ကြီးကြပ်စောင့်ရှောက် စီမံနိုင်စေရန် စောင်းတန်းဒကာ ဦးရိုးကို ဘေးမဲ့အုပ်ရာထူး ခန့်ထားခဲ့သည်။ မင်းတုန်းမင်း ထုတ်ပြန်တော်မူခဲ့သည့် ဘေးမဲ့စာချွန်လွှာပေစာကို တောင်တောရကြီးတွင် ထိန်းသိမ်းထားပါသည်။

ဘေးမဲ့စာချွန်လွှာတွင် 'ဘုန်းတော် အလွန်ကြီးတော်မူလှသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူရှင် လက်နက်စကြာသခင် ဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည်။ ရှိမ်းမကားရွာ တောင်တောရကြီးတိုက်မှ မြောက်ကိုလားသော် ရှိမ်းမကားရွာအထိ၊ တောင်ကိုလားသော် ငါးရံယ်ရွာအထိ၊ အနောက်ကိုလားသော် သဲဖြူချောင်းအထိ၊ အရှေ့ကိုလားသော် ဧရာဝတီမြစ်ရိုးအထိ ၄င်းနယ်လေးရပ် သတ်မှတ်သည့်အတွင်း ကုန်းကျင်းရှိ ရေပိုးရေမွှားသားငါးတိရစ္ဆာန် အာရာမ်သစ်ပင်တို့ကို ဘေးမဲ့လှူတော်မူသည့်အတိုင်း အဖမ်းအဆီး အသတ်အညှစ် အခုတ်အထစ် မရှိစေရ။ သက္ကရာဇ်(၁၂၂၅)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၇)ရက်နေ့ စောင်းတန်းဒကာ ငရိုးကို ထိန်းသိမ်းစောင့်ရှောက်စိမ့်သောငှာ ဘေးမဲ့အုပ်ရာထူး ခန့်ထားတော်မူသည်။ တားဆီးနှောင့်ယှက် မရှိစေရ။ ဘေးမဲ့အုပ် ငရိုးကတစ်ဝတည်း ထိန်းသိမ်းစောင့်ရှောက် ဆင့်ဆိုနာခံကြစေ' ဟု ပါရှိသည်။

ထိုသို့ တောင်တောရကြီးဝန်းကျင်တွင် ဘေးမဲ့တောသတ်မှတ်ပေးခဲ့ခြင်းကြောင့်လည်း သဘာဝသစ်ပင်သစ်တောတို့နှင့် အုပ်ဆိုင်းသာယာနေခြင်း ဖြစ်ပေသည်။ တောကြက်၊ တောင်ဆိတ်၊ ယုန်၊ သမင်၊ ဒရယ်၊ ချေငယ်တို့လည်း ခိုလှုံကျက်စားခွင့်ရနေခြင်း ဖြစ်ပေသည်။

ဆိုရလျှင် ရှိမ္ဗကားရွာမှ ဒကာ၊ ဒကာမ အပေါင်းတို့သည် အကျင့်သိက္ခာနှင့် ပြည့်စုံလှသည့် ရွှေကျင်ဆရာတော်တည်းဟူသော သံဃာရတနာကို ဆည်းကပ်ကြည်ညို ကိုးကွယ်ခွင့် ရရှိခဲ့ကြသည်။ ထို့နည်းတူ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်၏ ဓမ္မာအရိပ်အာဝါသကြောင့် ကျောင်းတိုက်ဝန်းကျင်တခိုမှ ကျေးငှက်သားငါးတိရစ္ဆာန်တို့သည်လည်း ချမ်းသာရာရရှိခဲ့ကြသည်။ သာသနာတော်အရိပ်၊ ရတနာသုံးပါး၏အရိပ်၊ ရွှေကျင်ဆရာတော်ကြီး၏ အရိပ်အာဝါသသည်ကား ကြီးမားအေးမြလှပေစွပါတကား။

တောင်တောရကြီးအတွင်းတွင် ရွှေကျင်ဆရာတော်ကြီး ဖူးမြော်ပူဇော်ခဲ့သည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များကိုလည်း ဖူးမြော်ပူဇော် ကြည်ညိုခွင့်ရပါသည်။ သပ္ပာယ်လှသည့် စေတီအဆူဆူတို့မှာလည်း ဧရာဝတီမြစ်ကမ်းဦးတွင် ပန်းတင့်စွာ ကိန်းဝပ်လျက် ရှိနေပေသည်။ ကြီးမားသော သရက်ကင်းအုတ်လှေကားကြီးများဖြင့် ခမ်းနားစွာ တည်ဆောက် သည့် ရှေးဟောင်းအုတ်ကျောင်းတိုက်ကြီးများ၊ နဂါးရုပ်ပကြီးများနှင့် အဆန်းတကြယ် သွယ်တန်းတည်ဆောက်ထားသည့် တံတိုင်းအုတ်ရိုးများကိုလည်း တွေ့ရှိနိုင်ပါသေးသည်။

ရွှေကျင်ဆရာတော်ကြီးအား မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းတော်မူခဲ့သည့် မူလအောင်မြေလွှတ်စံကျောင်းတော်ကြီးမှာ ကျောင်းဦးပြာသာဒ်ဆောင်မျှသာကြွင်းကျန်တော့ပြီး ဆွမ်းစားကျောင်းမှာ တည်ရှိနေဆဲဖြစ်သည်။ ကျောင်းဦးပြာသာဒ်ဆောင်ကြီး၏ တောင်ဘက်ရှိသမုန်းပင်ကြီးအနီးတွင် ရွှေကျင်ဆရာတော်ကြီး အသုံးပြုတော်မူခဲ့သည့် တုံးမောင်းကြီးအား ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရပါသေးသည်။

ကျောင်းတိုက်အတွင်းတွင် ကိုရင်၊ ကျောင်းသားလေးများနှင့် အနီးဝန်းကျင်မှ ကလေးသူငယ်များကို စာပေသင်ကြားပေးလျက် ရှိနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့မြင်ခဲ့ရသည်။

ရှိမ္ဗကားတောင် တောရကြီးကျောင်းတွင် နှစ်စဉ်ဝါဆိုလတွင် ဝိနည်းစာတော်ပြန်ပွဲကို ကျင်းပပြုလုပ်လျက်ရှိသည်။ (၁၃၃၉)ခုနှစ်မှ စတင်ကျင်းပခဲ့သည့် ရှိမ္ဗကားတောင်တောရကြီးကျောင်း ဝိနည်းစာတော်ပြန်ပွဲမှာ အကြိမ်(၄၀)ပြည့်မြောက်တော့မည် ဖြစ်သည်။ သက္ကရာဇ်(၁၂၈၀)ပြည့်နှစ်မှ စတင်ကျင်းပလာခဲ့သည့် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲထက်နှစ်(၆၀)ခန့် နောက်ကျကျင်းပခဲ့သော်လည်း ရွှေကျင်သာသနာ အစပျိုးခဲ့ရာ ကျေးလက်တောနယ်လေးတွင် နှစ်စဉ်မပျက်မကွက် ကျင်းပနိုင်သည်မှာ ဝမ်းမြောက်ဖွယ် ဖြစ်ပေသည်။

**ဝက်လက်နယ်တစ်ခွင်မှ ရွှေကျင်သာသနာ့နွယ်ဝင်များ**

ဝက်လက်မြို့နယ်အတွင်း ပထမရွှေကျင်ဆရာတော်ကြီးမှ အစပြု၍ ထင်ရှားတော်မူကြသည့် ရွှေကျင်သာသနာ့နွယ်ဝင် ဆရာတော်ကြီးများစွာ ပေါ်ထွန်းခဲ့လေသည်။ ရှိမ္ဗကားတောင် တောရကြီးတိုက်မှ ဦးရိုး၏ စောင်းတန်းလမ်းလေးပေါ်တွင် လမ်းလျှောက်ရင်း ဝက်လက်နယ်ဖွားရွှေကျင်သာသနာ့နွယ်ဝင် ဆရာတော်ကြီးများ၏အကြောင်းကို တွေးတောကြည်ညိုမိပြန်သည်။ (စာမျက်နှာကို ငဲ့ကွက်၍ အထူးထင်ရှားတော်မူသည့် ဆရာတော်ကြီးများကိုသာ ရွေးနုတ်မှတ်တမ်းပြုလိုက်ပါသည်။)

**(က) ပထမရွှေကျင်ဆရာတော်ဘုရားကြီး**

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေဘိုတောင်ဘက်၊ ဝက်လက်မြို့နယ်ဖြစ်သည့် ရွှေကျင်ရွာတွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ ရဟန်းဖြစ်တော်မူပြီးနောက်တွင် ဝက်လက်နယ်ဖြစ်သည့် ရှိမ္ဗကားရွာအနီးရှိမင်းဝံတောင်ရိုးတောင်ညွန့်ဖြစ်သည့် တောတောင်များတွင် တောမှီသီတင်းသုံးတော်မူခဲ့သည်။ ဆရာတော်၏ အကျင့်သီလ သိက္ခာတို့ကို စတင်တွေ့ရှိ မှတ်ကျောက်တင်နိုင်ခဲ့ခြင်းမှာ ရှိမ္ဗကားရွာမှ အစပြုခဲ့လေသဖြင့် ရှိမ္ဗကားရွာသည် ရွှေကျင်ဆရာတော်ကြီး၏ သာသနာ့အောင်မြေဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီးသည် ရှိမ္ဗကားရွာတွင် တောရဆောက်တည် အခြေပြုကာ ရွှေဘိုမြောက်လက်မြင်းမြေများတွင် သာသနာသန့်ရှင်း စည်ပင်စေခဲ့သည်။ မင်းတုန်းမင်းသည် ရှိမ္ဗကားတွင် တောရဆောက်တည်လျက်ရှိသည့်ဆရာတော် ဦးဇာဂရအား မန္တလေးနေပြည်တော်သို့ ပင့်ဆောင်ကိုးကွယ်တော်မူခဲ့ခြင်း ဖြစ်သည်။ ဆရာတော်ကြီးသည် ရတနာပုံမန္တလေးနေပြည်တော်ကြီးနှင့်တကွ နိုင်ငံတော်ဒေသအနှံ့တွင် သာသနာတော် ပြန့်ပွားစည်ပင် သန့်ရှင်းစေရန် ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။ ထို့ကြောင့် ရွှေကျင်ဂိုဏ်းသာသနာအစ ရှိမ္ဗကားကဟုလည်း ဖော်ပြခဲ့ကြသည်။ မင်းတုန်းမင်းတရားကြီးက ဇာဂရာဘိဓံသဒ္ဓမ္မဝံသ အတုလမိပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သော်လည်း ရွှေကျင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် ခံယူတော်မမူခဲ့ချေ။

သီပေါမင်းကလည်း ဓာဂရာဘိဓဇ သာသနပါလ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးကား သာသနာတော်ကို ကြီးပမ်းအားထုတ် ပြုစုတော်မူရင်း (၁၂၅၅)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇)ရက်နေ့၊ သက်တော်(၇၂)နှစ်တွင် မင်းကွန်းဌေးတောင်တောရ၌ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့သည်။

**(ခ) ရှိမ္ဗကား ချမ်းသာကြီးဆရာတော်ဘုရားကြီး**

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သည့် ရှိမ္ဗကား ချမ်းသာကြီးဆရာတော် အရှင်ဇနိန္ဒမထေရ်သည်လည်း ဝက်လက်မြို့နယ်၊ သာလိုင်းရွာဇာတိ ဖြစ်ပါသည်။ ရှိမ္ဗကား ချမ်းသာကြီး ဆရာတော်ကြီးအား သက္ကရာဇ်(၁၂၉၁)ခုနှစ်၊ ကဆုန်လတွင် ကျင်းပသည့် သာသနာတော်လုံးဆိုင်ရာ (၃)ကြိမ်မြောက် ရွှေကျင်ဂိုဏ်းလုံးကျွတ် သံဃာအစည်းအဝေးကြီးက ပဉ္စမရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယကအဖြစ် ရွေးချယ်တင်မြှောက်တော်မူခဲ့ကြသည်။ ချမ်းသာကြီးဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးရန် ပင့်လျှောက်သော်လည်း ရှိမ္ဗကား ချမ်းသာကြီးကျောင်းတိုက်မှာပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ချမ်းသာကြီးဆရာတော်သည် ပထမရွှေကျင်ဆရာတော်ကြီးနှင့် ရွှေကျင်နိကာယ ဒုတိယမြောက် သာသနာပိုင် ဆရာတော်ကြီး ဝိသုဒ္ဓါရုံဆရာတော် အရှင်ဝိသုဒ္ဓာစာရတို့၏ တပည့်ကြီး ဖြစ်ပေသည်။

**(ဂ) အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး**

ရွှေကျင်သာသနာတွင် နေလိုလလို ထင်ရှားတော်မူခဲ့သည့် ဝက်လက်နယ်သား သာသနဓဇအာဇာနည် ဆရာတော်ကြီး တစ်ပါးမှာ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် ရှင်ဇနကာဘိဝံသ မထေရ်မြတ်ကြီး ဖြစ်ပေသည်။ မဟာဂန္ဓာရုံဆရာတော်ကြီးကို ဝက်လက်မြို့နယ်၊ သရိုင်ရွာတွင် ဖွားမြင်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် (၁၂၈၈)ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝကို ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်သည်။ ဆရာတော်သည် မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံ ဆီးပင်ကျောင်းတိုက်တွင် အရှင်ဉာဏာဘိဝံသထံမှလည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်တွင်လည်းကောင်း စာပေပရိယတ္တိများ သင်ယူတော်မူခဲ့သည်။ အနောက်ပြင် အဘယာရာမ ရွှေဂူတိုက်ဆစ်တွင် စာဝါများ ပို့ချပေးတော်မူခဲ့ရင်း စာပေကျမ်းဂန်များကို ပြုစုတော်မူခဲ့သည်။ (၁၃ဝ၃)ခုနှစ်တွင် တောင်မြို့ မဟာဂန္ဓာရုံ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့သည်။

ဆရာတော်သည် မဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို စနစ်တကျ တည်ထောင်တော်မူကာ တပည့်သံဃာများအား စာဝါပို့ချ သင်ကြားပေးတော်မူခဲ့သည်။ တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးသည် ဝိနည်းတော်ကို လေးစားလိုက်နာသော စံပြကျောင်းတိုက်ကြီးအဖြစ် ထင်ရှားခဲ့လေသည်။

လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်အစိုးရက


ဓအောင်မြေလွှတ်စံကျောင်းဓတော်

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို (၁၃၁၂)ခုနှစ်တွင် ခံယူတော်မူသည်။ (၁၃၃၃)ခုနှစ်၌ ပဲခူးမြို့တွင် ကျင်းပသည့် ရွှေကျင်နိကာယ (၁၁)ကြိမ်မြောက် ဂိုဏ်းလုံးကျွတ်အစည်းအဝေးမှ ဒုတိယသာသနာပိုင် (ရွှေကျင်နိကာယဥပဥက္ကဋ္ဌ)အဖြစ် တင်မြှောက်တော်မူခြင်း ခံရသည်။ ဆရာတော်ကြီးသည် သာသနာရေးဆိုင်ရာ ကျမ်းဂန်စာပေများစွာကို ရေးသားပြုစုတော်မူခဲ့သည်။ (၁၃၃၉)ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂)ရက်နေ့၊ သက်တော်(၇၈)နှစ်တွင် တစ်ဘဝခန္ဓာချုပ်ငြိမ်းတော်မူခဲ့သည်။

**(ဃ) ပထမမဟာဂန္ဓာရုံဆရာတော်ကြီး**


စစ်ကိုင်းတောင်ရိုး ပထမမဟာဂန္ဓာရုံ ဆရာတော်အရှင်သုပညိန္ဒာဘိဝံသသည် ဝက်လက်နယ်၊ သခွတ်တောကျေးရွာဇာတိ ဖြစ်တော်မူသည်။ သက္ကရာဇ်(၁၂၇၅)ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်၊ သောကြာနေ့တွင် ခမည်းတော်ဦးပု၊ မယ်တော် ဒေါ်မှိုတို့က ဖွားမြင်တော်မူခဲ့ခြင်း ဖြစ်သည်။

ဆရာတော်သည် စာပေပရိယတ္တိကို ပို့ချတော်မူရင်း ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို အဆင့်ဆင့် အောင်မြင်တော်မူခဲ့သည်။ အစိုးရဓမ္မာစရိယ စာချတန်း၊ ပရိယတ္တိသာသနဟိတ(သကျသီဟ) စာချတန်းများ အောင်မြင်တော်မူခဲ့ပြီး (၁၃၅၈)ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် (၁၃၆၄)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းကို ခံယူတော်မူရသည်။

ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုး ပထမ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ပဓာနနာယကအဖြစ် ဆောင်ရွက်တော်မူပြီး စာပေကျမ်းဂန်များကို နေ့ညမပြတ် ပို့ချပေးတော်မူခဲ့သည်။ (၁၃၅၇)ခုနှစ်တွင် စုဒ္ဒသမအကြိမ်သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက တင်မြှောက်ခဲ့သည့် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်အဖြစ်သာသနာ့တာဝန်ကို ထမ်းရွက်တော်မူရသည်။ (၁၃၆၅)ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၁)ရက်နေ့၊ သက်တော်(၉၀)အရွယ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

**(င) တိပိဋကဓရ ဘဏ္ဍာဂါရိက**
**ဒေါက်တာသုမင်္ဂလာလင်္ကာရ ဆရာတော်**

တိပိဋကဓရ ဘဏ္ဍာဂါရိက ဒေါက်တာသုမင်္ဂလာလင်္ကာရဆရာတော်သည် ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာ ဇာတိဖြစ်ပြီး ခမည်းတော် ဦးအောင်၊ မယ်တော် ဒေါ်ခင်ကြည်တို့က (၁၃၀၈)ခုနှစ်တွင် ဖွားမြင်တော်မူခဲ့သည်။ သာမဏေဘဝ၊ ရဟန်းဘဝတွင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် စာပေပရိယတ္တိ သင်ယူတော်မူခဲ့သည်။ (၁၃၂၈)ခုနှစ်တွင် ဘာသာဋီကာကျမ်းပြု အကျော် မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရှိ တော်မူခဲ့သည်။ (၁၃၃၅)ခုနှစ်တွင် သက်တော်(၂၇)နှစ်တွင် တိပိဋက ဓရ စာမေးပွဲ အောင်မြင်တော်မူ ပြီး လေးပါးမြောက် တိပိဋကဓ ဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိတော်မူခဲ့သည်။ အသက်အငယ် ဆုံးသော တိပိဋကဓရ ဘွဲ့တော် ရရှိခဲ့သည့် ဆရာတော် ဖြစ်သည် ထိုင်းနိုင်ငံ၊ မဟာချူလာလင်္ ကွန်း ရာဇဝိဒ္ဒါလယတက္ကသိုလ် က ဆက်ကပ်သည့် ဂုဏ်ထူးစာပေဆို


ဦးရှိုး၏ စောင်းတန်းစင်္ကြံလမ်း

www.burmeseclassic.com

www.burmeseclassic.com


ရာ ဝုဏ်ထူးဆောင်ပါရဂူ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံယူရသည်။

(၁၃၅၁)ခုနှစ်တွင် နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကပ်လှူခြင်း ခံယူရသည်။ ကမ္ဘာအေး စေတီလမ်းတွင် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး အား တည်ထောင်တော်မူခဲ့ပြီး ပရိယတ္တိစာပေများ ပို့ချ သင်ကြားတော်မူခဲ့သည်။ (၂၄-၉-၂၀၀၆)ရက်နေ့တွင် အဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

**(၈) ဒွါဒသမတိပိဋကဓရ ဆရာတော်**
**အရှင်အဘိဇာတာဘိဝံသ**

ဝက်လက်နယ်မှ သာသနာ့အာဇာနည် တစ်ပါးမှာ ဒွါဒသမတိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်အဘိဇာတာဘိဝံသ ဖြစ်ပေသည်။ ဆရာတော်သည် ဝက်လက်မြို့နယ်၊ ဆင်နင်းကျေးရွာတွင် (၁၃၃၀)ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်နေ့တွင် ဖွားမြင်တော်မူခဲ့ ခြင်း ဖြစ်သည်။ ဆရာတော်သည် သက်တော်(၄၁)နှစ် အတွင်း တိပိဋကဓရ ဘွဲ့တံဆိပ်တော်အပြင် သာသနာရေး ဆိုင်ရာ ဘွဲ့တံဆိပ်တော်ပေါင်း (၄၄)ဘွဲ့ကို ဆွတ်ခူးရရှိ တော်မူခဲ့သည်။

တိပိဋကဓရ ဆရာတော်သည် ဆင်နင်းရွာ၊ ဇမ္ဗူ မင်္ဂလာ ရွှေရပ်သာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာသနာ့ဘောင်သို့ ရောက်ရှိတော်မူခဲ့သည်။ ထိုမှ စစ် ကိုင်းတောင်ရိုး မဟာသုဗောဓာရုံကျောင်းတိုက်တွင် ပရိ ယတ္တိစာပေများကို သင်ယူတော်မူခဲ့သည်။ တိပိဋကဓရ ဆရာ တော်သည် စစ်ကိုင်းမြို့ သုဗောဓာရုံဆရာတော်၊ ရွှေကျင် နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တနာရဒ၊ အဂ္ဂ မဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ၊ မတ္တရာမြို့ သာသနဇောတာရုံဆရာတော် ဘဒ္ဒန္တသုမာရာဘိဝံသ၊ ဂဏ ဝါစက အရှင်အဓိဝါသ၊ အရှင်ဇိနောရသ၊ အရှင်ပါဠေဘာ လာဘိဝံသ၊ မန္တလေး ဓမ္မမာနိတာရုံဆရာတော် ပါဠိပါရဂူ ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဗန်းမော်ဆရာတော် ကြီးတို့ထံတွင် ပညာဆည်းပူး သင်ယူတော်မူခဲ့သည်။ ယခု အခါ မုံရွာမြို့ သဒ္ဓမ္မဇောတက သုဗောဓာရုံကျောင်းတိုက် ကြီး၏ ပဓာနနာယက ဆရာတော်အဖြစ် သာသနာ့တာဝန် များကို ထမ်းဆောင်လျက်ရှိသည့် ရွှေကျင်သာသနာဝင်


ဦးရိုးအား ဘေးမဲ့အုပ် ခန့်အပ်သည့် စာချွန်လွှာ ဖတ်နေသည့် ကိုရင်လေး

ဆရာတော် ဖြစ်ပေသည်။

ဝက်လက်နယ်ဖွား သာသနာ့အာဇာနည်များ ဖြစ် တော်မူကြသည့် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး အရှင် ဝိသုဒ္ဓါစာရ၊ လှတောဆရာတော်ဘုရားကြီး အရှင်ရာဇိန္ဒ၊ ဝိဇ္ဇာဒပ္ပဏဆရာတော် အရှင်ဝိသုဒ္ဓိ၊ မဟာဝိသုဒ္ဓါရုံတိုက် သစ် ဇမ္ဗူမြေ်ဆရာတော် အရှင်ကုဏ္ဍလ၊ ဇမ္ဗူမြေ်အုတ် ဆရာတော် အရှင်ဝိစိတ္တာဝံသ၊ ပါဠိကာရီ သုံးခွကျောင်း တိုက်ဆရာတော် အရှင်နယနသာမိ၊ တောင်မြို့ မဟာ ဂန္ဓာရုံကျောင်းတိုက် ဆရာတော် အရှင်အဂ္ဂဝံသာဘိဝံသ၊ တောင်မြို့ ဣန္ဒာရာမ ဆရာတော် အရှင်ဥတ္တရ၊ ကျောက် ဆည် မဟာဂန္ဓာရုံ ဆရာတော် အရှင်ကုသလာဘိဝံသ စသည်ဖြင့် မြောက်မြားလှစွာသော သာသနာ့အာဇာနည် များ ပေါ်ထွန်းခဲ့ပေသည်။

**<u>အရိယာတို့ လျှောက်သည့်လမ်း</u>**

အရိယာနယ်ဝင် သူတော်စင် သူတော်ကောင်းကြီး များ လျှောက်လှမ်းတော်မူခဲ့ကြသည့် ဘဝလမ်းသည် ခက် ခဲကြမ်းတမ်းကြမည် ဖြစ်သော်လည်း သံသရာခရီးလမ်း အတွက်မူ ဖြောင့်တန်းကြမည်သာ ဖြစ်သည်။

ရှိမ္မကားတောင် တောရကြီးတိုက်တွင် ဘေးမဲ့အုပ် စောင်းတန်းဒကာ ဦးရိုး ဖောက်လုပ်ခဲ့သည့် အုတ်လှေကား

www.burmeseclassic.com

တန်းလမ်းလေးမှာ ပေ(၃၀၀)ကျော် ရှည်လျားသော်လည်း ဖြောင့်တန်းလှသည်။ လမ်းရိုးဖြောင့်တန်းလှသော်လည်း ကျောက်ပြားကျောက်သားတို့ကို အောက်ခံထား၍ သဘာဝ အတိုင်း ခင်းကျင်းထားသဖြင့် ညီညီညာညာကြီးတော့ မရှိလှ။ သို့သော် စင်္ကြံလျှောက်လှမ်းသည့်အခါ ကြီးမား သော အနှောင့်အယှက် မဖြစ်စေပါ။ အုတ်ရိုးတန်းပေါ် တွင်မူ မြကမ္ဗလာ ခင်းထားသကဲ့သို့ ရေညှိစိမ်းစိမ်းများက လှပစွာ ဖုံးလွှမ်းနေသည်။ အုတ်ရိုးတန်း၏ အပြင်ဘက် ဝဲယာတွင် အစီအရီ အပြိုင်းအရိုင်း ပေါက်ရောက်ရှင်သန် နေကြသည့် ကြည်နူးဖွယ် တောအုပ်လေးကို တွေ့ရသည်။

ဤလမ်းလေးပေါ်တွင် ရွှေကျင်ဆရာတော်ဘုရားကြီး အပါအဝင် တောရဆောက်တည် တောရပ်မှီတော်မူကြ သည့် သူတော်စင် သူတော်ကောင်းကြီးများသည် စင်္ကြံ လျှောက်လှမ်းကာ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတို့ကို စီး ဖြန်းတော်မူခဲ့ကြပေလိမ့်မည်။ ဗြဟ္မာစိုရ်တရားပွားများကာ ဖြူစင်မြင့်မြတ်သော နှလုံးသားဖြင့် ဝေနေယျသတ္တဝါ အပေါင်းတို့ကို ကျန်းမာချမ်းသာစေကြောင်း မေတ္တာရေစင် သွန်းလောင်းကြပေလိမ့်မည်။

သူတော်ကောင်းကြီးများ လျှောက်လှမ်းခဲ့ကြသည့် စောင်းတန်းစင်္ကြံလမ်းလေးပေါ်တွင် လျှောက်လှမ်းမိရုံမျှ နှင့်ပင် နှလုံးစိတ်ဝမ်းကို ငြိမ်းချမ်းသွားစေပါသည်။ သြော်.. သူတော်စင်ကြီးတို့ လျှောက်လှမ်းခဲ့ကြသည့် မဂ္ဂင်လမ်းတွင် လိုက်ပါလျှောက်လှမ်းနိုင်မည်ဆိုပါလျှင် မည်မျှပင် ငြိမ်း ချမ်းလိုက်လေပါမည်နည်း။

ရှိမ္ဗကားတောင်တောရကြီးမှ ဘေးမဲ့အုပ် ဦးရိုး၏ အုတ်စောင်းတန်း စင်္ကြံလမ်းကလေးကား နိဗ္ဗာန်အောင်မြို့ ဆီသို့ ဆိုက်ရောက်အောင် ဆောင်ပို့နိုင်သည့် မဂ္ဂင်လမ်း လေးဟု ဆိုရပါလျှင် လွန်အံ့မထင်ပါချေတကား။

**နန္ဒာမင်းလွင်**

<u>ကိုးကား</u>

* ရှိမ္ဗကား ဦးအေးမောင်၏ ရှိမ္ဗကားမှတ်စု။
* မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁၁)။
* စစ်ကိုင်းတောင်တော်မှာ ပွင့်သောရွှေကြာ။
* မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။


# တောင်တွင်းကြီးမဟာတံခွန်


## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

☎ ၇၀၈၆၂၁၊ ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၀၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည် သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရ သူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com



နီပေါနိုင်ငံ ကပိလဝတ်ရှိ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့ရာ နိဂြောဓာရုံကျောင်းတော်ဟောင်းနေရာ

တွန်းအားရှင်

# ဂရုဓံတရားရှစ်ပါးကိုလိုက်နာ ဘိက္ခုနီသာသနာ

ဘုရားဖူးမမွှမ်းမိတ်ဆွေ (၃၂)ဦးပါဝင်သော စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ မဇ္ဈိမဒေသသို့ (၈-၃-၁၅)ရက်တွင် ဘုရားဖူးထွက်လာခဲ့ရာ (၁၆-၃-၁၅)ရက် ညနေ (၇)နာရီခွဲတွင် မြတ်စွာဘုရား ဖွားမြင်တော်မူခဲ့ရာ နီပေါနိုင်ငံ လုမ္ဗိနီသို့ ရောက်ရှိခဲ့ကြသည်။ လုမ္ဗိနီရှိ မြန်မာရွှေကျောင်းတော် ဘုန်းကြီးကျောင်းတွင် တည်းခိုကာ ညနေစာစား တစ်ညနားကြသည်။ (၁၇-၃-၁၅)ရက် နံနက်(၅)နာရီခွဲတွင် ဘုန်းကြီးကျောင်းရှိ စားသောက်ခန်းမတွင် နံနက်စာ စားသောက်ကြပြီး (၆)နာရီခန့်တွင် ဘုရားလောင်း ထီးနန်းစည်းစိမ် ခံစားခဲ့ရာ ကပိလဝတ်မြို့ဟောင်းသို့ မိမိတို့ဘုရားဖူးကားဖြင့် ခရီးဆက်ခဲ့ကြသည်။

နွေဦးအစ တပေါင်းလဖြစ်သော်လည်း နံနက်စောစောတွင် ဆောင်းအငွေ့အသက်များ မကုန်သေး။ လမ်း ဘေးဝဲယာ ပတ်ဝန်းကျင်တစ်ခွင်တွင် ဆောင်းဥတု၏ နောက်ဆုံး သရုပ်သကန်ကို ဖွင့်ဟလှစ်ပြနေသော ငွေ ရောင်ဖွေးဖွေး နှင်းပွင့်ကလေးများက မိမိတို့ကားကို ဆီး ကြိုနှုတ်ဆက်နေကြသည်။ လုမ္ဗိနီနှင့် ကပိလဝတ်မှာ (၁၀) မိုင်ခန့်သာ ကွာဝေးသဖြင့် ကားမှာ သိပ်မမောင်းလိုက်ရ ခဏလေးနှင့်ပင် ကပိလဝတ်မြို့ဟောင်းသို့ ရောက်ရှိသွား သည်။

ကပိလဝတ်မြို့သည် မြတ်စွာဘုရားအလောင်းတော် ၏ ဇာတိချက်ကြွေ မွေးရပ်မြေ မိထွေးတော် ဂေါတမီနှ အမျိုးသမီးငါးရာတို့ ခေါင်းကဆံပင်ကို ဖြတ်၍ သ ဝတ်ခဲ့သောနေရာ၊ နန္ဒမင်းသားနှင့် သားတော်ရာဟုလာ သာသနာ့ဘောင်သို့ ရောက်ရှိခဲ့သောနေရာ၊ မိမည်းတော်

www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဓေါဒနမင်းကြီး ရဟန္တာဖြစ်ပြီး ထီးဖြူအောက်တွင် ပရိနိဗ္ဗာန်ပြုခဲ့သောနေရာ ဖြစ်သည်။ ကပိလဝတ်မြို့၏ အရှေ့တောင်ဘက်တွင် နိဂြောဓာရုံကျောင်းတော်ရှိသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့နှင့်အတူ လိုက်ပါလာသော မိမိတို့တည်းခိုရာ မြန်မာရွှေကျောင်းတော်မှ ဆရာတော်က ကပိလဝတ်နန်းတော်ရာ၊ မြတ်စွာဘုရားလောင်းတော် နိမိတ်ကြီးလေးပါးကို ရှုမြင်၍ ရဟန်းပြုရန် တောထွက်တော်မူသော ကပိလဝတ်နန်းတော် အရှေ့ဘက် တံခါးပေါက်၊ မြတ်စွာဘုရား သီတင်းသုံးစံမြန်းတော်မူခဲ့ရာ နိဂြောဓာရုံကျောင်းတော်ဟောင်းနေရာတို့ကို သွားရောက်ကာ ဘုရားရှင်လက်ထက်က ဖြစ်ပျက်ပုံအဖုံဖုံကို ဘုရားဖူးများ သိရှိနိုင်ရန် ရှင်းလင်းမိန့်ကြားခဲ့သည်။

ထို့နောက် လုမ္ဗိနီသို့ ပြန်လာကာ မြတ်စွာဘုရား အလောင်းတော် ဖွားတော်မူရာတို့ကို ဖူးမြော်ကြည်ညိုကာ ၎င်းအနီးအနားရှိ သစ်ပင်ရိပ်အောက်တွင် ဘုရားဖူးများ ထိုင်ကြပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်ပြီး (၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကာ မေတ္တာပို့ အမျှအတန်း ပေးဝေခဲ့ကြသည်။ ထိုအချိန်တွင် နံနက်(၁၁)နာရီခန့် ရှိနေပြီ။ တည်းခိုရာ ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့ပြီး နေ့လယ်စာ စားကြသည်။

ထို့နောက် မြန်မာရွှေကျောင်းတော်မှ ဆရာတော်အား ဘုရားဖူးများက လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ပူဇော်ကန်တော့ကာ မွန်းလွဲ(၁၂)နာရီခွဲအချိန်တွင် ဘုရားဖူးခရီး အစီအစဉ်အတိုင်း ဆက်လက်ခရီးဆက်ခဲ့ကြသည်။ ညနေ(၇)နာရီတွင် ကုသိနာရုံသို့ ရောက်ရှိပြီး ကုသိနာရုံ မြန်မာကျောင်းတွင် တစ်ညနားကာ နောက်တစ်နေ့နံနက်တွင် ကုသိနာရုံရှိ မဟာပရိနိဗ္ဗာနစေတီတော်ကြီးနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူဟန် လျောင်းတော်ချပ်ပွားတော်မြတ်ကို သွားရောက်ဖူးမြော်ခဲ့ကြသည်။ ထို့နောက် နေ့လယ်စာစား ခဏနားကြသည်။ မွန်းတည့်(၁၂)နာရီတွင် ဝေသာလီသို့ ခရီးဆက်ကြသည်။

ဝေသာလီသည် ကုသိနာရုံနှင့် ပတ္တနားမြို့ အကြားတွင် တည်ရှိသည်။ ကုသိနာရုံနှင့် မိုင်(၁၂၈)အကွာ ပတ္တနားမြို့သို့မရောက်မီ (၂၆)မိုင်အလိုတွင် ဝေသာလီမြို့ဟောင်း တည်ရှိသည်။ စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဝေသာလီသို့ ညနေ(၄)နာရီခန့်တွင် ရောက်ရှိကြသည်။ ဝေသာလီသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက် နှစ်ပေါင်း(၁၀၀)တွင် ကာလာသောကမင်းလက်ထက် ဒုတိယသင်္ဂါယနာတင်သောနေရာ၊ မြတ်စွာဘုရားနှင့် ညီတော် အာနန္ဒာသည် ဝေသာလီမြို့အား ဘီလူးအန္တရာယ်မှ ကင်းဝေးစေရန် ရတနသုတ်ပရိတ်တော်ကို ဟောကြား၍ ဘေးအန္တရာယ်ခပ်သိမ်း ကင်းဝေးခဲ့သောနေရာ၊ လိစ္ဆဝီမင်းသားတို့ မဟာဝုန်တော၌ ကူဋာဂါရကျောင်းတော် ဆောက်လုပ်လှူဒါန်းခဲ့သောနေရာ၊ မိထွေးတော် ဂေါတမီနှင့် အမျိုးသမီးငါးရာတို့ ဘိက္ခုနီပြုရန်ခွင့်ပြုသောနေရာ စသည့် ကောင်းကျိုးအဖြာဖြာ မင်္ဂလာအပေါင်း ခညောင်းခဲ့သည့် ဘူမိနက်သန်မြေဖြစ်သည်။

စာရေးသူတို့သည် ဝေသာလီတွင် အမ္ဗပါလီမင်းသမီးရေတွင်း၊ မျောက်မင်းရေကန်၊ ပုတ္တလုပ်ရေကန်၊ အသောကကျောက်စာတိုင်တို့ကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် အာနန္ဒာစေတီနှင့် လိစ္ဆဝီမင်းသားများ ဝေစုရ ဗုဒ္ဓဓာတ်တော်များ ဌာပနာထားသည့် စေတီတော်နေရာများကိုပါ သွားရောက်ဖူးမြော်ကြသည်။ ဓာတ်တော်တိုက်နေရာတွင် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့



ဘုရားအလောင်းတော် တောထွက်တော်မူခဲ့ရာ
ကပိလဝတ်နန်းတော် အရှေ့ဘက်တံခါးပေါက်နေရာ



www.burmeseclassic.com

www.burmeseclassic.com

သုတောင်း အမျှဝေခဲ့ကြသည်။

မိထွေးတော် ဂေါတမီနှင့် အမျိုးသမီးငါးရာတို့ ဘိက္ခုနီပြုရန် ခွင့်ပြုတော်မူခဲ့သော မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ကူဋာဂါရကျောင်းတော်နေရာ၌ တစ်ဝက်ပြိုကျ၍ ပျက်စီးနေသော စေတီကြီးနှင့် မကျိုးမပဲ့ မပျက်မစီး ပကတိအတိုင်း ရှိနေသေးသော ခြင်္သေ့ရုပ်ပါ အသောကကျောက်စာတိုင်၌ ခြင်္သေ့ဦးခေါင်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခဲ့ရာ ကုသိနာရုံဆီသို့ မျက်နှာမူထားသည်ကို တွေ့ရှိရပေသည်။

ထိုစဉ် စာရေးသူ၏ စိတ်အစဉ်ဝယ် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော် နှ်က မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ..းသမီး(၅၀၀)တို့နှင့်အတူ ကပိလဝတ်မှ ယူဇနာ(၅၀)ကွာဝေးသော ဝေသာလီသို့ ခြေကျင်ခရီးဖြင့် လာရောက်ကာ ဤကူဋာဂါရကျောင်းတော်မှာ မြတ်စွာဘုရားရှင်အား ဘိက္ခုနီပြုရန် လျှောက်ထားပုံနှင့် မြတ်စွာဘုရားက ဂရုဓမ္မတရား(၈)ပါးကို လိုက်နာစေပြီး ဘိက္ခုနီသာသနာ စတင်ပေါ်ပေါက်လာပုံကို မြင်ယောင်လာမိသည်မှာ ဤသို့ဖြစ်သည်။

ကပိလဝတ်နှင့် ကောလိယမြို့များတွင် နေထိုင်ကြသူတို့မှာ သကျသာကီဝင် မင်းမျိုးများဖြစ်ကြသည်။ ထိုမြို့နှစ်မြို့ကြားတွင် ရောဟိဏီမြစ် စီးဆင်းလျက်ရှိသည်။ မြို့နှစ်မြို့လုံးရှိ လယ်သမားများသည် ထိုရောဟိဏီမြစ်ရေကို အားကိုး၍ လယ်ယာစိုက်ပျိုးကြသည်။ မိုးတွင်းကာလ နယုန်လဖြစ်သော်လည်း မိုးခေါင်သဖြင့် မြစ်ငယ်မှာ ရေများများမလာပေ။ ဤရေကို တမံတုတ်၍ သွင်းယူရလျှင် ကမ်းနှစ်ဖက်လုံးအတွက် မလုံလောက်ပေ။ တစ်ဖက်ဖက်မှ သွင်းယူပါမှ တန်ကာကျမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ကမ်းနှစ်ဖက်ရှိ လယ်သမားများသည် ဤမြစ်ရေကို မိမိတို့ဘက်မှာ သွင်းယူနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြရာ နှစ်ဖက်စလုံးက မလိုက်လျောနိုင်ကြ၍ စကားများကြသည်။ မိမိတို့အချင်းချင်း စကားစမိကြရာမှ မြို့တော်နှစ်ခုမှာ ရှိနေကြသော မင်းညီမင်းသားများ၏ ရှေးဟောင်းနှောင်းဖြစ်များကိုပါ ထိခိုက်ပြောဆိုလာကြသည်။ ဤတွင် မြို့တော်နှစ်ခုမှ ဆွေတော်မျိုးတော်များသည် စိတ်မထိန်းနိုင်ကြတော့ဘဲ စစ်တပ်ကြီးများချီ၍ ထွက်လာကြသည်။ ရင်ဆိုင်တွေ့သည်နှင့်တစ်ပြိုင်နက် ရက်ရက်စက်စက် တိုက်ဖျက်ချေမှုန်းရန် မာန်တင်းလာခဲ့ကြသော နှစ်ဖက်စစ်သည်တော်များသည် ရောဟိဏီကမ်းပါး တစ်ဖက်ဆီသို့ တစ်ပြိုင်နက် ဆိုက်ရောက်လာကြသည်။

ဤသို့သော စစ်အင်အား၊ ဤသို့သော အမျက်ဒေါသဖြင့် ရင်ဆိုင်တိုက်ခိုက်ကြပါလျှင် မည်သူ့ဘက်မှာမျှ အောင်ပွဲရနိုင်မည်မဟုတ်ပါ။ တစ်ဖက်နှင့်တစ်ဖက် သဲကြီးမဲကြီး တိုက်ခိုက်ကြရင်း အားလုံး သေပွဲဝင်ကြရမည်သာ ဖြစ်သည်။ ဘာမဟုတ်သော မြစ်ရေကလေးကို အကြောင်းပြုကာ ဆွေတော်မျိုးတော်အပေါင်းတို့ သွေးချောင်းစီးကုန်ကြရတော့မည်ဖြစ်သည်။ ထိုအချိန်မှာပင် မြတ်စွာဘုရားရှင်သည် နှစ်ဖက်စစ်သည်များ၏ အလယ်ဗဟိုသို့ ကြွရောက်တော်မူလာသည်။ ကမ်းနှစ်ဖက်က မျက်မာန်တင်းနေသူများအား ငြိမ်းချမ်းရေးတရား ဟောတော်မူသည်။



နီပေါနိုင်ငံ (ယခင် ကပိလဝတ်)ရှိ ဘုရားအလောင်းတော် စံမြန်းကြီးပြင်းလာခဲ့သော သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်ရာ

အသက်ဘေးမှ လက်မတင်ကလေး လွတ်လာခဲ့ကြသော ဆွေတော်မျိုးတော်များသည် ဘုရားရှင်၏ ကျေးဇူးတော်ကို အလေးအမြတ်ပြုကြရ၏။ ကျေးဇူးတော်ကို ဆပ်သောအားဖြင့် တစ်ဖက်လျှင် (၂၅၀)စီသော သကျမင်းသားများကို ရဟန်းပြုရန် အပ်နှံကြ၏။ ထိုသကျမင်းသား (၅၀၀)တို့သည် သာသနာတော်မှာ ရဟန်းပြုသောအားဖြင့် ရဟန်းဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သို့ရာတွင် သူတို့၏ အိမ်သူသက်ထား(၅၀၀)တို့ကား အားကိုးရာမဲ့ ဖြစ်ကြရသည်။ ဆွေတော်မျိုးတော်များထဲတွင် သူတို့အတွက် အရိပ်အာဝါသ ပေးနိုင်မည့်သူမှာ ကပိလဝတ်နန်းတော်ကြီးထဲမှာသာ ရှိတော့သည်။



ဝေသာလီရှိ ဘိက္ခုနီသာသနာ စတင်ခဲ့ရာ ကူဋာဂါရကျောင်းတော်နေရာရှိ အသောကကျောက်စာတိုင်

မဟာပဇာပတိ ဂေါတမီမှာ ထိုအချိန်တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကလည်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး ပရိနိဗ္ဗာန်စံဝင်သွားပြီဖြစ်ရာ အုပ်စိုးသူ မရှိသော နန်းတော်ကြီးတွင် လင်ရော သားပါ စွန့်လွှတ်လိုက်ရသော ယသော်ဓရာ၊ လက်ထပ်မည့်ဆဲဆဲတွင် မောင်တော်နှင့် ခွဲခွာခဲ့ရသော ဇနပဒကလျာဏီတို့ကို စောင့်ရှောက်ထိန်းသိမ်းကာ နေထိုင်ရသော အခြေအနေမျိုးဖြစ်သည်။ အုပ်စိုးသူ မဟာရာဇာ မရှိတော့သော နန်းတော်ကြီးသည် ပျားကောင်မရှိသော ပျားအုံကြီးပမာဖြစ်လျက် ရှိနေသည်။

ဤသို့သော အခြေအနေမျိုးတွင် သကျမင်းသမီး (၅၀၀)တို့သည် မဟာပဇာပတိဂေါတမီထံသို့ ခိုဝင်ရောက်ရှိလာကြသည်။ မိန်းမသားအချင်းချင်း အားတင်း၍ စောင့်ရှောက်ရာမှ မဟာပဇာပတိ ဂေါတမီသည် မိမိတို့အားလုံး၏ နောင်ရေးကို တွေးတော၍ကြည့်မိသည်။ ကျေးဇူးရှင်ကြီး မျက်နှာလွှဲထားသောအချိန်မှစ၍ မိမိသည် ဤနန်းတော်ကြီး၌ မပျော်ပိုက်တော့ပေ။ သမီးတော်များနှင့် တူမတော်များ တာဝန်အရ ထိန်းသိမ်းစောင့်ရှောက်ရင်း သူ့စိတ်ကတော့ သားတော်ဘုရားထံ ရောက်ရှိနေသည်။ ထီးရိပ်နန်းရိပ်ကို ကျောခိုင်းကာ သားတော်ဘုရား၏ သာသနာရိပ်မှာ ခိုလှုံနေချင်သည်။ အရှင်သခင် ကင်းမဲ့နေကြသော မင်းသမီးငါးရာတို့အတွက်လည်း သာသနာတော်၏ အရိပ်ကသာ စိတ်ချရသည်။

ဤအကြောင်းကို မင်းသမီးငါးရာတို့ထံ မယ်တော်ကြီးက တင်ပြရာ အားလုံးက အားတက်သရော ထောက်ခံကြလေသည်။ သို့ရာတွင် ဤအချိန်အထိ သာသနာတော်၌ ဘိက္ခုနီများ မပေါ်လာသေးပေ။ အမျိုးသမီးများ သာသနာအတွင်းသို့ ဝင်ရောက်ခွင့် မရှိသေးချေ။ ထို့ကြောင့် မရှိသေးသော ထိုအခွင့်အရေးကြီးကို ဦးဦးဖျားဖျား ခံစားခွင့်ရနိုင်စေရန် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီနှင့်အတူ မင်းသမီးငါးရာတို့သည် နိဂြောဓာရုံကျောင်းတော်သို့ လာခဲ့ကြသည်။

ဘုရားရှင်ရှေ့တော်မှောက် ဝင်ရောက်ကာ ရိုသေစွာ ဦးခိုက်ရှိခိုးကြသည်။

ထို့နောက် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီက–

'အရှင်ဘုရား..သိရေးမြင်ရေး ကျင့်သုံးရေးနှင့်တကွ အရှင်ဘုရား ဟောကြားပြသသော သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် ခွင့်ပြုတော်မူပါဘုရား'

ဤသို့ ရှင်လန်းတက်ကြွစွာ လျှောက်ထားသော စကားကို ကြားနာတော်မူပြီးလျှင် ဘုရားရှင်က–

'ဂေါတမီ..သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ခွင့်ကို မတောင့်တပါလင့်'


ဤသို့ မိန့်ကြားတော်မူလိုက်သည်။

သို့ရာတွင် ဂေါတမီက ဆက်လက်ပြီး သုံးကြိမ်တိုင်တိုင် လျှောက်ထားလေသည်။ မြတ်စွာဘုရားက သုံးကြိမ်စလုံး ပယ်ချတော်မူခဲ့လေသည်။ လာစဉ်တုန်းက မျှော်လင့်ချက် တသီကြီးဖြင့် ရှင်လန်းတက်ကြွနေခဲ့ကြသော မင်းသမီးများသည် အပြန်တွင်ကား မျက်ရည်စက်လက်နှင့် ဖြစ်ကြရလေသည်။

မယ်တော်ကြီး၏ တောင်းပန်စကားကို ပယ်[illegible]တော်မူပြီးနောက် ဘုရားရှင်သည် ဝေသာလီမြို့[illegible]သို့ ကြွ

www.burmeseclassic.com

www.burmeseclassic.com



ကုသိနာရုံ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုနေဟန် ကျောင်းတော်မှ ရုပ်ပွားတော်ကို ဘုရားဖူးများ ဖူးမြော်နေစဉ်

ရောက်တော်မူလေသည်။ ဝေသာလီမြို့တော်အနီး မဟာဝုန်တောကြီးအတွင်းရှိ ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးတော်မူသည်။

သာသနာတော်က လက်သင့်မခံ၊ ပယ်လှန်လိုက်သဖြင့် ပြန်လာခဲ့ကြသော အမျိုးသမီးများသည် လူ့ဘောင်လောကမှာလည်း ပျော်ပိုက်၍ မရကြတော့ချေ။ သာသနာတော်၏ အပြင်ဘက်မှာနေထိုင် ရလိုရငြား ကြိုးစား၍ ကြည့်ကြသော်လည်း အချည်းနှီးသာ ဖြစ်ကြရသည်။

သို့ဖြစ်၍ မယ်တော်ကြီးနှင့်တကွ မင်းသမီးငါးရာတို့သည် မိမိတို့ စိတ်သဘောသက်သက်ဖြင့် ဆတ္တာသည်ကို ခေါ်ယူကြသည်။ တစ်သက်တာလုံး အမြတ်တနိုး ထားခဲ့ရသော ဆံပင်များကို ရိတ်ပယ်ကာ ဖန်ရည်ဆိုးသော အဝတ်များကို ဝတ်ဆင်ကြသည်။ ဘုရားရှင်၏ ခွင့်ပြုချက်မရဘဲ ရဟန်းအသွင်ကို ရယူကြပြီးလျှင် နန်းတော်ထက်မှ ဆင်းသက်၍ လာခဲ့ကြလေသည်။

ကပိလဝတ်နှင့် ဝေသာလီမှာ ယူဇနာငါးဆယ်မျှ ကွာဝေးသည်။ နန်းတော်ထက်၌ သက်သောင့်သက်သာ နေခဲ့ကြသော သကျမင်းသမီးတို့သည် ထိုမျှလောက် ဝေးကွာသောခရီးကို ခြေကျင်သွားကြရသဖြင့် အလွန်တရာ ပင်ပန်းကြရသည်။ တစ်ကိုယ်လုံး ဖော့ချွေးများပြန်ကာ ဖုန်မှုန့်များနှင့် လုံးထွေးနေကြရသည်။ ခရီးကြမ်းကို လမ်းဖူးလမ်းစ မရှိခဲ့သဖြင့် သူတို့၏ ခြေထောက်များ ရောင်ကိုင်း၍နေကြသည်။ သွေးသံရဲရဲဖြင့် မရှုရဲစရာပင် ဖြစ်နေကြရလေသည်။

သူတို့အားလုံးသည် ထင်ရှားကျော်ကြားသော သကျမင်းသမီးများ ဖြစ်ကြ၍ သူတို့၏ အပြုအမူများမှာ ဟိုးလေးတကျော် ဖြစ်သွားရသည်။ သူတို့ဘက်က တစ်ဖက်သတ် ပြုလာကြသည်ကို ဘုရားရှင်က သက်ညှာတော်မူပါလျှင် တော်ပါသေး၏။ အကယ်၍များ ခွင့်ပြုချက်မရခဲ့လျှင် အလွန်ပင် အခက်အခဲများ ကြုံတွေ့ကြရပေမည်။

ကံသေကံမ မတွက်ဆနိုင်သော အခြေအနေကြောင့် မယ်တော်ကြီးနှင့် အမျိုးသမီးငါးရာတို့မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကူဋာဂါရကျောင်းတော်ဝသို့ ရောက်ရှိနေကြပြီဖြစ်သော်လည်း အထဲထိ မဝင်ရဲကြပေ။ တံခါးမုခ်ဝ အပြင်ဘက်မှ အုတ်တံတိုင်းကိုမှီကာ မျက်ရည်စက်လက်နှင့် ငိုကြွေး၍နေကြရလေသည်။ အတန်ကြာမျှ ငိုကြွေးမိသောအခါ သူတို့အပေါ် စာနာထောက်ထားခဲ့သော အရှင်အာနန္ဒာသည် ကျောင်းတော်အဝသို့ ထွက်လာခဲ့သည်။ ဤတွင် ရှိုက်ကြီးတငင် ငိုကြွေးနေကြသူများသည် အားတက်စရာ ရလာကြသည်။

အရှင်အာနန္ဒာ၏ ခြေအစုံကို ဦးခိုက်ရှိခိုးကြပြီးလျှင်-

"အရှင်ဘုရားအာနန္ဒာ··တပည့်တော်မတို့ကို သနားသောအားဖြင့် ကယ်တော်မူပါဦး။ တပည့်တော်မတို့မှာ ရှေ့ကိုလည်း မတိုးရဲပါ။ နောက်သို့လည်း မဆုတ်ရဲပါ။ မရှုသာ မရှိုက်သာ အကျဉ်းအကျပ်ထဲ ရောက်နေကြပါပြီ ဘုရား"

ဤသို့ အားကိုးတကြီး လျှောက်ထားကြသည်။

အရှင်အာနန္ဒာသည် ဘုရားရှင်၏ ခွင့်ပြုချက်မရ သေးဘဲ မိမိတို့ဘာသာ ရဟန်းအသွင် ဝတ်ဆင်လာခဲ့ခြင်းကို မထောက်ခံရဲသော်လည်း သူတို့ကိုကား အပြစ်မတင်ရက်ပေ။ သူတို့၏ ဘဝအခြေအနေကို စာနာထောက်ထားကာ သူတို့၏ ထက်သန်လွန်းသော သဒ္ဓါတရားကို တန်ဖိုးထားမိ၏။

ထို့ကြောင့် ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com

ရောက်ကာ-

"အရှင်ဘုရား..မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် သကျကောလိယ နှစ်ပြည်ထောင်တို့မှ အမျိုးသမီး ငါးရာတို့နှင့်တကွ ကျောင်းတော်တံခါးဝသို့ ရောက်နေကြပါပြီ။ ယူဇနာငါးဆယ် ခရီးကြမ်းကို လှမ်းလာကြရသဖြင့် သူတို့ခြေထောက်များ ရောင်ကိုင်း၍နေကြပါသည်။ သွေးသံရဲရဲ မရှုရဲစရာ ဖြစ်နေကြပါပြီ။ တစ်ကိုယ်လုံးမှာ မြူအလိမ်းလိမ်းကပ်လျက် ရှိနေကြပါပြီ။ မိန်းမသားများအား ရဟန်းပြုခွင့် မပေးသဖြင့် ကိုယ်ရောစိတ်ပါ ဆင်းရဲကြီးစွာ ခံစား၍နေကြရပါသည်။ မျက်ရည်အသွယ်သွယ် ကျဆင်း၍ နေကြရပါသည်။ အရှင်ဘုရား..တပည့်တော် တောင်းပန်ပါ၏။ မိန်းမသားများအား ရဟန်းပြုခွင့် ပေးတော်မူပါဘုရား"

မယ်တော်ကြီးတို့အား သနားကရုဏာစိတ်ဖြင့် သုံးကြိမ်တိုင်တိုင် ပယ်လှန်ထားပြီးသော အကြောင်းကိစ္စကို လေးကြိမ်မြောက် လျှောက်ထားရပြန်သည်။

"အာနန္ဒာ..သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် မတော်င့်တပါလင့်"

လေးကြိမ်မြောက် လျှောက်ထားချက်ကို လေးကြိမ်မြောက် ပယ်လှန်တော်မူလိုက်လေသည်။ ဆက်လက်ပြီး ငါးကြိမ်မြောက်၊ ခြောက်ကြိမ်မြောက် လျှောက်ထားခြင်းတို့မှာလည်း ထို့အတူပင် အပယ်ခံကြရသည်။ ဤသို့ မယ်တော်ကြီးတို့၏ ပုဂ္ဂလမိဋ္ဌာန်ဖြင့် လျှောက်ထား၍ မရနိုင်သဖြင့် အရှင်အာနန္ဒာသည် ဓမ္မမိဋ္ဌာန်ဖြင့် တစ်မျိုးလှည့်၍ လျှောက်ထားရပေတော့သည်။

"အရှင်ဘုရား.. မိန်းမသားတစ်ယောက်သည် ဘုရားရှင်၏ သာသနာတော်ဝယ် ရဟန်းပြုသောအားဖြင့် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုရန် ထိုက်တန်ပါ၏လော"

"အာနန္ဒာ..ထိုက်တန်ပေ၏"

ဓမ္မမိဋ္ဌာန်စကားဖြစ်နေသဖြင့် ဘုရားရှင်က ဝန်ခံတော်မူလိုက်ရာ-

"အရှင်ဘုရား..မိန်းမသားတစ်ယောက်သည် သာသနာတော်တွင်းမှာ ရဟန်းပြုသောအားဖြင့် ဖိုလ်လေးတန်ကို မျက်မှောက်ပြုရန် ထိုက်တန်ပါလျှင် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီကို ငဲ့ညှာတော်မူပါ။ မဟာပဇာပတိ ဂေါတမီသည် မယ်တော်မဟာမာယာဒေဝီ ကွယ်လွန်ချိန်မှစ၍ အရှင်ဘုရားကို နို့ချိုတိုက်ကျွေး မွေးမြူခဲ့ပါသည်။ မြောက်မြားလှစွာသော ထိုဂုဏ်ကျေးဇူးတို့ကို ထောက်ထားသောအားဖြင့် တပည့်တော် တောင်းပန်ပါသည်။ ဘုရားရှင် သာသနာတော်၌ မိန်းမသားများကို ရဟန်းဝတ်ခွင့် ပြုတော်မူပါဘုရား"

"အာနန္ဒာ..မဟာပဇာပတိ ဂေါတမီသည် ဂရုဓမ် တရားရှစ်ပါးကို ခံယူငြားအံ့။ ထိုသို့ ခံယူခြင်းပင်လျှင် သူ၏ ရဟန်းခံခြင်းကိစ္စ ဖြစ်စေသတည်း"

ဤသို့သော အမိန့်တော်ဖြင့် ဤသာသနာတော်ဝယ် အမျိုးသမီးများ ပါဝင်ထမ်းဆောင်နိုင်ခွင့် ပေါ်ပေါက်လာပေသည်။ ဘိက္ခုနီသာသနာတော် ပေါ်ထွန်းလာပေသည်။ အရှင်အာနန္ဒာသည် ဤအမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်ကာ မဟာပဇာပတိ ဂေါတမီတို့ထံသို့ ဝမ်းမြောက်ဝမ်းသာ ပြောကြားလာသည်။

ဟာပဇာပတိ ဂေါတမီသည် လက်အုပ်ချီမိုး ရှိခိုးလျက်-

"အရှင်ဘုရားအာနန္ဒာ၊ ဦးခေါင်းလျှော်ပြီး၍ လုချင်ပချင် တန်ဆာဆင်ထားသော လုလင်ပျိုသည်လည်း


လိစ္ဆဝီမင်းသားများ ဓာတ်တော်များကို ဌာပနာထားသည့် ဓာတ်တော်တိုက်စေတီတော်နေရာကို ဘုရားဖူးများ ဖူးမြော်ကြည်ညိုစဉ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ မိန်းမပျိုသည်လည်းကောင်း ကြာပန်းကိုဖြစ်စေ၊ စံပယ်ပန်းကိုဖြစ်စေ၊ သစ္စာပန်းကိုဖြစ်စေ ပန်းတစ်မျိုးမျိုးတို့ကို ရရှိသောအခါ လက်နှစ်ဖက်ဖြင့် တရိုတသေခံယူ၍ ဦးခေါင်းတည်းဟူသော မြတ်အင်္ဂါထက်ဝယ် နှစ်သက်မြတ်နိုးစွာ ပန်ဆင်ဘိသကဲ့သို့ တစ်သက်ပတ်လုံး မကျူးလွန် မဖောက်ဖျက်ထိုက်ကုန်သော ဤဂရုဓမ်တရားရှစ်ပါးတို့ကို တပည့်တော်မ ခံယူပါ၏ဘုရား

ဤသို့လျှောက်ထားသော ဂရုဓမ်တရားရှစ်ပါးတို့ကို ခံယူလိုက်သဖြင့် ထိုနေရာ ထိုခဏမှာပင် ပထမဦးစွာ သာသနာ့တာဝန် ထမ်းဆောင်ခွင့်ရသော ရဟန်းမတစ်ပါး ပေါ်ပေါက်လာသည်။ ဤသာသနာတော်၌ ဂရုဓမ်တရားရှစ်ပါးကို ခံယူသဖြင့် ရဟန်းဖြစ်ခွင့် ရရှိသူမှာ မဟာပဇာပတိ ဂေါတမီ တစ်ပါးတည်းသာ ရှိပေသည်။ ဘုရားရှင်၏ အမိန့်တော်ဖြင့် ရဟန်းဘဝ ရရှိခဲ့သဖြင့် ဘုရားရှင်ကိုယ်တော်တိုင်သည်ပင် ဤအရှင်မကြီး၏ ဥပဇ္ဈာယ်ဆရာ၏ အရာ၌ တည်နေတော်မူပေသည်။

ဂရုဓမ်တရားဟူသည်မှာ ဂရုဓမ္မဟူသော ပါဠိဘာသာစကားမှ ဆင်းသက်လာသည်ဖြစ်၍ အလေးအမြတ်ခံယူကျင့်သုံးအပ်သောတရားဟူ၍ အနက်အဓိပ္ပာယ်ရ၏။

မဟာပဇာပတိ ဂေါတမီ ဝမ်းမြောက်ဝမ်းသာ ခံယူဆောက်တည်ရသော ဂရုဓမ်တရား(၈)ပါးတို့မှာ-

(၁) ရဟန်းမသည် ဝါတစ်ရာပင်ရသည်ဖြစ်စေ ယနေ့မှ ဖြစ်လာသော ရဟန်းသစ်ကို ရှိခိုးရမည်။ ခရီးဦးကြိုဆိုရမည်။ လက်အုပ်ချီရမည်။ အရိုအသေပေးရမည်။

(၂) ယူနောတစ်ဝက်အတွင်း၌ ရဟန်းတစ်ပါးမျှမရှိသော ကျောင်းတွင် ဝါမဆိုရ။

(၃) ရဟန်းသံဃာထံသို့ လပြည့်,လကွယ်နေ့တိုင်း ဥပု... အမေး သွားရမည်။

(၄) ဝါကျွတ်ပြီးသော ရဟန်းမသည် ရဟန်းနှင့် ရဟန်း... သံဃာနှစ်ရပ်လုံး၌ ကိုယ်တိုင်မြင်သော၊ တစ်ဆင့်ကြား... သော၊ ယုံမှားသင်္ကာရှိသော အပြစ်အာပတ်များကို ထုတ်... ဖော်ပြောဆိုရန် ပန်ကြားရမည်။

(၅) ဂရုကအာပတ်ကြီးများသင့်သော ရဟန်းမသည် သံ... ဃာနှစ်ရပ်လုံး၌ ပက္ခမာနတ်ကျင့်ရမည်။

(၆) ဝိကာလဘောဇနေတိုင်အောင် သိက္ခာပုဒ်ခြောက်ခု... နှစ်နှစ်တိုင်တိုင် ကျင့်ခဲ့ပြီးသော သိက္ခာမာန်ကို သံဃာ... နှစ်ရပ်၌ ရဟန်းခံနိုင်ရန် ကြိုးစားအားထုတ်ရမည်။

(၇) မည်သို့သောအကြောင်း ရှိသည်ဖြစ်စေ ရဟန်း... သည် ရဟန်းကို မဆဲရေးရ။ ရေရွတ်တိုင်းထွာခြင်းမပြု...

(၈) ဤယနေ့မှ အစပြု၍ ရဟန်းမတို့က ရဟန်းတို့... အပေါ်၌ ပြောဆိုခွင့်မရှိပေ။ သို့သော် ရှေးရှေးအရှင်မြတ်... ကြီးများသည် ဤသို့သော သက်နှိုင်းဆိုင်ရာ ကျင့်ဝတ်များ... ကို ကျင့်သုံးကြပေသည်ဟူ၍ကား ရည်ညွှန်းပြောဆိုနိုင်... ပေသည်။ ရဟန်းမများပေါ်တွင်ကား ရဟန်းတို့က ပြောဆို... ခွင့်ရှိပေသည် စသည်တို့ဖြစ်သည်။

ဝိနည်းတော်၌ သိက္ခာပုဒ်များ ပညတ်တော်မူရာတွင် ဘုရားရှင်သည် တစ်စုံတစ်ရာသော ကျူးလွန်မှုဖြစ်ပေါ်လာပြီးမှ ထိုအမှုကို နောက်ထပ်တစ်ဖန် မကျူးလွန်ကြစေရန် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့၏။ ဤနေရာတွင်ကား ဖြစ်... ကျူးလွန်သည်အထိ စောင့်တော်မမူဘဲ ကြိုတင်၍ ပညတ်တော်မူ... ရ၏။



သာဝတ္ထိရှိ ဇေတဝန်ကျောင်းဝင်း၌ ဘုရားဖူးလာကြသူ နိုင်ငံပေါင်းစုံမှ ဘုရားဖူးအချို့

ကန်ရေများ မကျိုးပေါက်သော... မီက ကန်ပေါင်ရိုးကို ကြိုတင်၍... ခိုင်ခံ့အောင် ဆည်ဖို့ထားသကဲ့သို့... ဖြစ်ပေသည်။

ဤဂရုဓမ်တရားရှစ်ပါးကို မဟာ... ပဇာပတိ ဂေါတမီနှင့်အတူ... လာကြသော မင်းသမီး ငါးရာတို့...

www.burmeseclassic.com



နီပေါနိုင်ငံ လုမ္ဗိနီရှိ ဘုရားအလောင်းတော် ဖွားမြင်ခဲ့ရာ
အထိမ်းအမှတ်နေရာအနီးတွင် ဘုရားဖူးများ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်နေစဉ်

ည်း ရှိသေမြဲတ်နိုးစွာ ခံယူ ကြ၏။ သို့ရာတွင် သူတို့အတွက်မှာ ဘုရားရှင်၏ အမိန့်တော် မပါရှိသဖြင့် ရဟန်းများထံ တကျွန်းသားများ ရဟန်းခံသည့် ထိုင်း ရဟန်းအဖြစ်ကို ခံယူကြ၏။

ထိုသို့ ဘိက္ခုသံဃာ တစ်ပါးတည်းမှာသာ ရဟန်းခံကြရ ခြင်း ထိုရဟန်းမများမှာ ကေ ာ ဥပသမ္ပန္နဟု ခေါ်ဝေါ်ကြရ သူတို့နောက်မှ ဝင်ရောက်လာ သော ရဟန်းမများကား ဘိက္ခု၊ ဘိက္ခုနီ သံဃာ တက်လုံး၌ ရဟန်းခံကြရသဖြင့် ဥပတော့ဥပသမ္ပန္နဟူ၍ ခေါ်ဝေါ်ကြရပေသည်။

ရဟန်းအဖြစ်ကို ရရှိပြီးလျှင် မဟာပဇာပတိ ဂေါ မီသည် ဘုရားရှင်ရှေ့မှောက်သို့ ဝင်ရောက်၍ ရှိသေစွာ ခိုက်ရှိခိုး၏။

ဤတွင် ဘုရားရှင်က မိမိအား (၂၉)နှစ်တိုင်တိုင် လုပ်ကျွေးလာခဲ့သော ကျေးဇူးတရားတို့ကို ပေးဆပ် တော်မူလို၍-

ဂေါတမီ..ဤတရားတို့သည် ရာဂနှင့်တကွဖြစ်ခြင်း ၊ ဝဋ်တရားနှင့် ယှဉ်စပ်ခြင်း၄ာ၊ ဝဋ်တရားကို တိုးပွား ခြင်း၄ာ၊ အလိုတဏှာ ကြီးထွားခြင်း၄ာ၊ မရောင့်မရဲ ထက်ကဲခြင်း၄ာ၊ အပေါင်းအဖော်များကြား၌ ပျော်ပါး ခြင်း၄ာ၊ လုံ့လမရှိ ပျင်းရိနေခြင်း၄ာ၊ လုပ်ကျွေးမွေးမြူရ ခဲခြင်း၄ာ ဖြစ်ကုန်၏ဟု မိမိကိုယ်တိုင်ကိုယ်ကျ သိ မြင်ငြားအံ့။ ထိုတရားသည် ဘုရားရှင် ဟောကြားသော ရားတော်မဟုတ်၊ ဘုရားရှင် ပညတ်တော်မူသော ဝိနည်း တော်မဟုတ်၊ ဘုရားရှင် ပေးသနားသော အဆုံးအမ ဟုတ်၊ ဧကန်မုချ မှတ်ယူရာ၏။

ဂေါတမီ..ဤတရားတို့သည် ရာဂကင်းခြင်း၄ာ၊ ဝဋ် ရားကို ဖျက်ဆီးခြင်း၄ာ၊ အလိုတဏှာ ကင်းခြင်း၄ာ၊ ထက်မကဲ ရောင့်ရဲလွယ်ခြင်း၄ာ၊ အဖော်မမှီး တစ်ကိုယ် ည်းနေခြင်း၄ာ၊ မဆုတ်မနစ် အားသစ်ခြင်း၄ာ၊ လုပ် ကျွေးမွေးမြူ လွယ်ကူစေခြင်း၄ာ ဖြစ်ကုန်၏ဟု ကိုယ်တိုင် ကိုယ်ကျ သိမြင်ငြားအံ့။ ထိုတရားသည် ဘုရားရှင် ဟော ကြားသော တရားတော်တည်း၊ ဘုရားရှင် ပညတ်သော ဝိနည်းတော်တည်း၊ ဘုရားရှင် ပေးသနားသော အဆုံးအမ တော်တည်းဟူ၍ ဧကန်မုချ မှတ်ယူရာ၏'

အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ သံခိတ္တသုတ်ဟူ ၍ သံဂါယနာတင် ဘိက္ခု အရှင်မြတ်များ မှတ်သား၍ထားခဲ့ သော ဒေသနာတော်ကို ကြားနာရသဖြင့် မဟာပဇာပတိ ဂေါတမီသည် ထိုနေရာမှာပင် အရဟတ္တဖိုလ်သို့ ဆိုက် ရောက်သွားလေသည်။ အရှင်မကြီးနှင့်အတူ လိုက်ပါလာ ကြသော ဘိက္ခုနီအရှင်မ ငါးရာတို့သည်လည်း ရဟန္တာ ပုဂ္ဂိုလ် အရှင်နန္ဒက၏အထံမှ နန္ဒကောဝါဒသုတ္တန် တရား တော်ကို ကြားနာရသဖြင့် ရဟန္တာထေရီများ ဖြစ်လာကြ လေသည်။

စာရေးသူတို့သည် ဝေသာလီတွင် ဖူးမြော်ကြည်ညို စရာ၊ လေ့လာစရာများကို လေ့လာပြီးစီးချိန်မှာ ညနေ(၆) နာရီထိုးခါနီးနေပြီ။ အသင့်စောင့်ကြိုနေသော ဘုရားဖူး ကားပေါ်သို့တက်ကာ ပတ္တနားသို့ ခရီးဆက်ခဲ့ကြသည်။ ဘိက္ခုနီသာသနာ စတင်ခဲ့ရာ ဝေသာလီမှာကား ဝေး၍၊ ဝေး၍ ကျန်ရစ်ခဲ့လေပြီ။ နေရစ်ခဲ့ပြီ ဝေသာလီ။

**တွန်းအားရှင်**

<u>ကျမ်းကိုး</u>

* ထေရီထေရာ ရဟန္တာများ (ဝဏ္ဏသီရိ)
* စာရေးသူကိုယ်တိုင် သွားရောက်ဖူးမြော်ခြင်း။

www.burmeseclassic.com

သီတင်းသုံးဖော်သုံးဖက်တို့၏ကောင်းမှုဖြင့် ကွသိဂိလိတောင်နံပါးရှိ ကာဠသိလာ ကျောက်ဖျာထက်သို့ ရှင်ဝက္ကလိ ရောက်ရှိခဲ့ပါပြီ။ ချူချာလှသော သူ့ချည်းသာဆိုလျှင် သည်ရပ်ဝန်း၊ သည်နေရာသို့ ရောက်နိုင်ဖို့မလွယ်။

သူ ရောက်ရှိသောကာလသည် ဝါဆိုရတော့မည့်ကာလဖြစ်၏။ သည်တော့ သည်နေရာ သည်ဒေသမှာပင် ဝါဆိုရန် ဆုံးဖြတ်လိုက်ပြီး ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်နေတော့သည်။

ရှင်ဝက္ကလိဆို၍ သူနှင့်နာမည်တူ အရှင်တစ်ပါး ရှိနေသည်ကို သတိပြုမိသည်။ ထိုတစ်ပါးကား ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်ခြင်းထက် ဘုရားရှင်အား တစိမ့်စိမ့်ဖူးမြော်ရင်း ကြည်ညိုမဝဖြစ်နေသော မထေရ်ပင် ဖြစ်ချေ၏။

ရှင်ဝက္ကလိအဖို့ ပီတိသုခနှင့် ကိလေသာကို ခွာထားသည့်အတွက် မဂ်ဖိုလ်ဆိုက်နေပြီဟု ယူဆထားချေ၏။

## ဗုဒ္ဓဝင်ရသကြေးမုံ

# အပြိုက်နန်းသို့ လှမ်းအဝင်

# နန္ဒာမိုးကြယ်





www.burmeseclassic.com

www.burmeseclassic.com

ခါကို အဓိမာန မှုန်း သူ မဝေခွဲနိုင်ခဲ့။ သညာ၏ လွဲချော်ချက်၊ မှတ်သားမှု၏ စံလွဲမှုကိုလည်း သူ သဘောမပေါက်။

'ငါ့မှာ ကိလေသာဆိုလို့ ဘာမျှမရှိတော့ဘူး။ ငါရရှိတဲ့ သမာဓိဆိုတာဟာလည်း တကယ့်ကိုအထက်တန်းပဲ။ ပီတိသုခ ခံစားရတာဟာ နိဗ္ဗာန်ပါပဲလား။ ဒါဆိုရင် ငါဟာ ရဟန်းကိစ္စ ပြီးနေပြီပဲ'

သူ့စိတ်ထဲမှာတော့ သည်သို့ပင် မှတ်ယူထားခဲ့သည်။ သမထတန်ခိုး၊ ဝိပဿနာတန်ခိုးနှင့် ကိလေသာတို့ကင်းငြိမ်းနေသည့်အတွက် အရဟတ္တဖိုလ် ဆိုက်နေပြီဟူ၍လည်း ထင်ထားခဲ့ချေသည်။

သို့ဖြင့် ကမ္မဋ္ဌာန်းတရားကို ပြင်းထန်စွာအားထုတ်ရင်း ဝါတွင်းရက်များ ကုန်ဆုံးခဲ့လေသည်တကား။

◆◆◆

ဝါလသီတင်းတို့ ကျွတ်ခဲ့ပါချေပြီ။

ဤတွင် သူ့မနောစာတ်ခံ၌ ဘုရားရှင်အား ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်လိုစိတ်နှင့် သူလျှောက်ထားလိုသော အကြောင်းခြင်းရာတို့က ပွဲတင်ရိုက်ခတ်လာကြတော့သည်။

'ငါ့ရှင်တို့..ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတဲ့ ဘုရားရှင်ကို သွားရောက်ဖူးမြော်ကြရအောင်'

'တင်ပါ့ဘုရား'

သို့နှင့်ပင် သူ ဦးဆောင်လျက် သီတင်းသုံးဖော်တစ်စုတို့ ဒေသစာရီ ကြွချီခဲ့ကြသည်။

သည်မှာတင် အခက်အခဲတစ်ခုက သူ့ခရီးစဉ်ကို ဟန့်တားသည့်သဖွယ် ဖြစ်လာခဲ့ရသည်။

အခြားတော့မဟုတ်။

တစ်ဝါတွင်းလုံး ပြင်းပြင်းထန်ထန် အားထုတ်ခဲ့သည့်အတွက် လမ်းခုလတ်တစ်နေရာ အရောက်မှာတော့ ဝေဒနာဟောင်းက ပြင်းထန်စွာ ပြန်ထလာတော့သည်။

'ငါ့ရှင်တို့..ငါတော့ ငါ့ခြေထောက်ကိုတောင် မသယ်နိုင်တော့အောင် အခြေအနေဆိုးနေပြီ။ ဟိုရှေ့နားက အိုးလုပ်တဲ့တဲမှာ ဝင်နားမှ ဖြစ်တော့မယ်'

သီတင်းသုံးဖော်တွေကလည်း သူ့အား စာနာညှာတာလျက် စောင့်ရှောက်ကူဖေးကြရှာသည်။ ညင်သာစွာတွဲမလျက် အိုးလုပ်သည့် တဲအတွင်းသို့ ဆောင်ကြဉ်းကာ ဝိုင်းဝန်းပြုစုကြပါ၏။ သို့သော် ဝေဒနာကား လျော့ပါးသွားသည်မရှိ။ သည်တော့ မထေရ်နှစ်ပါးကို အနားသို့ခေါ်ကာ ဘုရားရှင်ထံ လွှတ်ဖို့အတွက် မှာကြားလိုသည်တို့ကို ပြောရလေတော့သည်။

'ငါ့ရှင်တို့..ဘုရားရှင်ရှိရာ အရောက်သွားပြီး ငါ့ရဲ့စကားတွေကို လျှောက်ထားပေးကြပါ။ ဘာတွေ လျှောက်ထားရမလဲဆိုတော့ အရှင်ဘုရား..ရှင်ဝက္ကလိဟာ အိုးထိန်းသည်တွေရဲ့တဲမှာ ရောဂါဝေဒနာ နှိပ်စက်ခြင်းကို ခံနေရပါတယ်။ ရှင်ဝက္ကလိဟာ အရှင်ဘုရားရဲ့ ခြေတော်အစုံကို ဦးခိုက်လို့ လျှောက်ထားလိုက်ပါတယ်ဘုရား။ အဲဒါကတော့ သူ့အပေါ် သနားစောင့်ရှောက် ချီးမြှောက်တော်မူတဲ့အနေနဲ့ အိုးလုပ်တဲ့တဲရှိရာ ကြွလာတော်မူဖို့ပါပဲဘုရားလို့ လျှောက်ထားတောင်းပန်ပေးကြပါ'

'တင်ပါ့ဘုရား'

မထေရ်ငယ် နှစ်ပါးကလည်း ရှင်ဝက္ကလိဆန္ဒရှိသည်နှင့်အညီ ဘုရားရှင်ထံမှောက် အရောက်သွားလျက် ရိုသေစွာ ရှိခိုးဖူးမြော် လျှောက်ထားတော်မူပေးခဲ့ကြသည်။ စင်စစ် ရှင်ဝက္ကလိအဖို့ အဓိမာန အထင်ရောက်နေသည့် ပုဂ္ဂိုလ်ဖြစ်လေရကား အရဟတ္တမဂ်ဖိုလ်ပေါက်အောင် တရားဟောစေလို၍ မဟုတ်၊ ဘုရားရှင်အပေါ် ကြည်ညိုလွန်းသည့်အတွက် ပင့်လျှောက်ခြင်းဖြစ်ကြောင်း တန်ခိုးတော်ဖြင့် ဘုရားရှင် သိနေခဲ့သည်။

သည့်အတွက် ထိုမထေရ်ငယ်ကလေး နှစ်ပါးကို အဖော်နောက်လိုက်ပြုစေလျက် ဝက္ကလိရှိရာ အိုးလုပ်တဲသို့ ကြွလှမ်းတော်မူခဲ့ချေသည်။

'အို..ဘုရားရှင်။ ငါရှိရာကို ကြွလာတယ်'

ဘုရားရှင်ကို တွေ့မြင်လိုက်လျှင်ပင် ဝက္ကလိအဖို့ ရင်အစုံ လှိုက်ခုန်ရတော့၏။ ကြည်နူးခြင်း၊ ပီတိရိုက်ခတ်ခြင်းတို့မှာလည်း အတောမသတ်နိုင်ပြီ။

'အရှင်ဘုရား..တပည့်တော် ညောင်စောင်းမှာ နေရာခင်းပေးထားပါတယ်။ သီတင်းသုံးတော်မူပါဘုရား'

'ချစ်သားဝက္ကလိ..သင် မကျန်းမမာ ဖြစ်နေတယ်မဟုတ်လား။ သင့်နေရာမှာပင် သက်သာသလို နေပါ။ ဒါထက် ချစ်သားရဲ့ ရောဂါဝေဒနာဟာ အခြေအနေဘယ်လိုရှိပါသလဲ'

'အရှင်ဘုရား..တပည့်တော်အဖို့ ရောဂါဝေဒနာရဲ့ နှိပ်စက်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်မယ် မထင်တော့ပါဘူးဘုရား'

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်အဖို့ ဝက္ကလိ၏ အခြေအနေ အလုံးစုံကို မြင့်ဆင်ခြင်ကြည့်လိုက်ပြီးသကာလ ဝိပဿနာလုပ်ငန်းနှင့် သက်ဆိုင်သည့် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို ဟောကြားရန် လိုအပ်နေပြီဟု ယူဆလိုက်တော့သည်။

'ချစ်သားဝက္ကလိ . . ရုပ်တရားကြီးဆိုတာဟာ နိစ္စလား၊ ဒါမှမဟုတ် အနိစ္စလား'

'အနိစ္စပါဘုရား'

'ဒါဖြင့် ခန္ဓာငါးပါး အစုအဝေးကရော'

'ဒါလည်း အနိစ္စပါပဲ အရှင်ဘုရား'

'မှန်ပေတယ် ချစ်သား၊ ရုပ်တရားဟာ ဖောက်ပြန်တဲ့ ရုပ်ပါပဲ။ အဲသည်ဖောက်ပြန်တဲ့ ရုပ်ဆိုတာရော ဒုက္ခလား၊ သုခလား'

'ဒုက္ခပါပဲ အရှင်ဘုရား'

'ဒါဆိုရင် ရုပ်တရားဟာ မမြဲတဲ့ရုပ်၊ ဆင်းရဲတဲ့ရုပ်၊ ဖောက်ပြန်ပျက်စီးနေတဲ့ ရုပ်တွေပဲပေါ့။ သည်လိုမျိုး နှိပ်စက်ဆင်းရဲတဲ့ ရုပ်တရားကြီးကို ငါပိုင်တဲ့ရုပ်ဆိုပြီး အဲသည်ရုပ်ဟာ ငါပဲ။ ငါဟာ ရုပ်တရားပဲဆိုတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ သုံးသပ်မယ်ဆိုရင် သင့်ပါ့မလား'

'မသင့်ပါဘူး အရှင်ဘုရား'

ဘုရားရှင် တည့်မတ်ပေးတော်မူသော တရားလမ်းကြောင်း အမှန်ပေါ်သို့ ဝက္ကလိ လျှောက်လှမ်းနိုင်ပါပြီ။ ဝိပဿနာဉာဏ်ကိုလည်း ကောင်းစွာရလာသည်နှင့်အမျှ ရှုမှတ်နိုင်ပါတော့မည်။ သည်သို့ ဝက္ကလိအား ဝိပဿနာဉာဏ်အလင်းအား ထွန်းညှိပေးနိုင်ခဲ့ပြီမို့ ဘုရားရှင်လည်း သီတင်းသုံးတော်မူရာ ကျောင်းသခ်မ်းသို့ ပြန်ကြွသွားခဲ့လေသည်တကား။

◆ ◆ ◆

ဝက္ကလိအဖို့ ယခုမှပင် အရာရာသည် ရှင်းလင်းပြတ်သားခဲ့တော့သည်။ သည့်အတွက် သီတင်းသုံးဖော်တို့အား ရင်ထဲရှိသည့် စကားတို့ကို ထုတ်ဖော်ပြောကြားတော့သည်။

'ငါ့ရှင်တို့ . . ငါ့ကို ဣသိဂိလိတောင်ရဲ့ ကျောက်ဖျာပေါ်က ကျောင်းသခ်မ်းကလေးရှိရာကို ပို့ပေးကြပါတော့။ သည်နေရာမှာ ငါ့ဘဝ ဇာတ်သိမ်းလို့ မဖြစ်ဘူး'

သီတင်းသုံးဖော်တွေကလည်း ဝက္ကလိအပေါ် ကြည်ညိုတွယ်တာကြသူများ ဖြစ်ကြသည့်အားလျော်စွာ ညောင်စောင်းဖြင့်ထမ်း၍ ကာဠသိလာကျောက်ဖျာထက်ရှိ ကမ္မဋ္ဌာန်းကျောင်းကလေးသို့ ပို့ဆောင်ပေးခဲ့ကြသည်။ ကျောင်းသခ်မ်းသို့ရောက်လျှင်ပင် ရောဂါဝေဒနာတို့ကို အမှုမထားတော့ဘဲ အရဟတ္တဖိုလ်ဆိုက်ဖို့ရာအတွက် ပြင်းထန်စွာ အားထုတ်တော့သည်။

သည်အနေအထားကို နတ်၊ ဗြဟ္မာတို့ လာရောက်သတင်းဖေး လျှောက်ထားကြ၍မဟုတ်၊ ဘုရားရှင်အဖို့ ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် သိစွမ်းနေခဲ့သည်။ သည့်အတွက်ကြောင့်လည်း တန်ခိုးတော်ဖြင့် ဝက္ကလိအား တရားလမ်းညွှန် ဩဝါဒများကို ပို့လွှတ်တော်မူခဲ့သည်။

'ချစ်သားဝက္ကလိ၊ သေခြင်းတရားကို မကြောက်ပါနဲ့။ ချစ်သားအဖို့ သေရမယ်ဆိုရင်တောင်မှ ယုတ်မာညံ့ဖျင်းမှုကင်းပတဲ့ သေရခြင်းမျိုးသာ ဖြစ်ပါလိမ့်မယ်။ မွန်မြတ်တဲ့သေခြင်း၊ အောက်တန်းမကျ အထက်တန်းကျတဲ့ သေခြင်းမျိုးသာဖြစ်ပြီး ယုတ်ညံ့တဲ့ သေခြင်းမျိုးက ကင်းလွတ်သွားပါလိမ့်မယ်'

ထိုအခါ ဝက္ကလိ၏ အသိသညာ၌လည်း တရားလမ်းစဉ်အမှန်ကို ပြက်ပြက်ထင်ထင် သိသွားပြီ ဖြစ်လေရကား-

'အရှင်ဘုရား . . ရုပ်တရားဆိုတာဟာ အနိစ္စဖြစ်တဲ့ရုပ် အဲသည်ရုပ်တရားရဲ့ အနိစ္စသဘောကို တပည့်တော်၏ ယုံမှားသံသယမရှိ သိပါပြီဘုရား' ဟူ၍ လျှောက်တင်နေမိလေတော့သည်တကား။

◆ ◆ ◆

ကျောင်းသခ်မ်း၏ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မည်သည့်သီတင်းသုံးဖော်မျှ မရှိ။ အားလုံးသည် ရှင်းရှင်းလင်းလင်း။

ဝက္ကလိအဖို့ ဆင်းရဲဒုက္ခသဘောကိုဆောင်သည့် သည်ရုပ်၊ သည်ခန္ဓာကြီးအပေါ် ဘာမျှမတွယ်တာတော့၊ အလိုလည်း မရှိတော့။ ရုပ်ခန္ဓာကြီး၏ တစ်ရံမလပ် ဖောက်ပြန်ပျက်စီးခြင်း၊ ရောဂါဝေဒနာအပေါင်း၏ စခန်းချရာအဖြစ် မြင်သိလာရသည်။ ဤတွင် အနီးရှိ အသွားထက်လှစွာသော ဓါးရိတ်သင်တုန်းဓါးကို ဆွဲယူလိုက်သည်။

'ငါဟာ ရဟန္တာပဲ။ ဆင်းရဲဒုက္ခတွေနဲ့ အသက်ရှင်နေလို့ ဘာများအကျိုးထူးမှာလဲ။ သည်တော့'



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆိုနှင့်ပင် လည်ပ်တိုင်ထက်သို့ သင်တုန်းအသွားကို တင်လိုက်သည်။ ပြီးတော့ လှီးချလိုက်သည်။

သည်သို့လုပ်ဆောင်ခြင်း၌ သူ့ကိုယ်သူ ကိလေသာအာသဝေါတို့ ကွာလျှော့ပြီးသားဟူသည့် ထင်မြင်ယူဆချက်ဖြင့် ပရိနိဗ္ဗာန်ပြုရန် အားထုတ်လိုက်သည်ဆိုလျှင်မှားပေ။

သို့ငြား သူခံစားနေရသော ရောဂါဝေဒနာက ပြင်းထန်လွန်းလှသည်။ ပြီးတော့ အင်အားတွေက ယိုင်ယိုင်နဲ့။ စိတ်ဆန္ဒရှိသည့်အတိုင်း ခရီးက မပေါက်။ သည်တော့ လည်တိုင်ကို ပြတ်အောင် မလှီးနိုင်ခဲ့။

ထိုအချိန်မှာပင် ပြင်းထန်လှစွာသော ဒုက္ခဝေဒနာနှိပ်စက်မှုအပေါင်းနှင့် သေရမည့်အရေးကို လန့်ထိတ်ကာကြောက်စိတ်ဝင်သွားခဲ့လေ၏။

'ဘုရား··ဘုရား··ငါဟာ သေရမယ့်အရေးကို တွေးပြီး ကြောက်နေခဲ့ပါကလား။ ဒါဆို ဘယ်လိုလုပ် ရဟန္တာဖြစ်ဦးမှာတဲ့လဲ'

ကိုယ့်အနေအထားအမှန်ကို ဝက္ကလိ သိလိုက်ပါချေပြီ။

ပရိယတ်၊ ပဋိပတ် နှစ်ပါးနှင့် ပြည့်စုံသည့်အတွက်ပညာဉာဏ်ဖြင့် ဆင်ခြင်လိုက်နိုင်ခဲ့သည်။

ဤတွင် ချိန်ခါမလပ် အားထုတ်ထားခဲ့သည့် ကမ္မဋ္ဌာန်းတရားကို အခြေခံကာ ဝိပဿနာတရားကို ရှုမှတ်ပွားများလိုက်တော့သည်။ လည်တိုင်မှာတော့ သွေးတွေကတစက်စက် တလက်လက်။ ဘေးသို့ ကျသွားခဲ့သောသင်တုန်းဓားမှာလည်း သွေးစသွေးနများ။

ဒါတွေကို ဝက္ကလိ အာရုံမရောက်တော့။

စိတ်ကိုစုစည်းလျက် ကြိုးစားအားထုတ်နေစဉ်မှာပင်အရာရာသည် ရုတ်ခြည်းပင် လင်းပွင့်သွားခဲ့သည်။

ထိုတဒင်္ဂမှာပင် အာသဝေါကင်းကွာလျက် အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာဖြစ်ခဲ့ပါလေပြီ။

ထို့အတူ ကာဋသိလာကျောက်ဖျာထက်၌ မွန်မြတ်သော သေခြင်းတရားဖြင့် လှပစွာ ပရိနိဗ္ဗာန်စံဝင်သွားခဲ့ပါပကော။

**နန္ဒာမိုးကြွယ်**


**ချက်ချင်းသောက်–လက်ငင်းပျောက်**



ဓါ
အမှတ်တံဆိပ်

**အစာအိမ်လေနိုင်သောက်ဆေး**

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လျှာဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်းကက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါလေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအီမလည်ဖြစ်ခြင်း၊အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗိုက်ပူခြင်း၊ လေနှင့်ဝမ်း မကျွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း – ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြံန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂


www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

စင်စစ်၌ ဤသားတော်တစ်ယောက် ဖွားမြောက်ရှင်သန်ခဲ့မှုအတွက် သူ လက်ပမ်းပေါက်ခတ်ခဲ့မိတာ သေချာ၏။ ဂုဏ်ယူဝင့်ကြွား မဆန့်တက်ခဲ့တာလည်း ဧကန်ပင်ဖြစ်၏။ ထိုသားသည် သုံးလောကထွတ်ထား ဘုရားစင်စစ်ဖြစ်တော်မူလိမ့်မည်ဟူသည်ကတစ်ဖက်၊ လောက၏ ရေမြေ့သနင်း ပိုင်စိုးခြင်းတို့၏ပဂေး စကြဝတေးမင်း ဖြစ်လိမ့်မည်ဆိုသည့်သူများကတစ်သွယ် အားတက်ဖွယ်သော နိမိတ်ဖတ်မှုများ၊ ကြိုတင်ဟောကြားမှုများဖြင့် သူပိုင်ဆိုင်ရာ ကပိလဝတ်ပြည်အလုံးကို သိမ်းကျုံးလှုပ်ကိုင်ခဲ့သော သားထူးသားမြတ် ဖြစ်၏။

သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဟု လောကအဆိုရှိသည် မဟုတ်လား။ မိမိ၏ သားတော်သည် သာမန်ကျောက်ကောင်းတစ်စေ့မျှသာ မဟုတ်၊ ပတ္တမြားဆိုလျှင် အဖိုးပြည်တန်မည့် အခေါင်အထွတ် ပတ္တမြားတစ်ပွင့်၊ စိန်တစ်ပွင့် ဆိုလျှင်လည်း ဗိဇနာရတီချိန်စက် အဖိုးတွက်ခြင်းငှာ မစွမ်းသာသော မကိုဠ်မဟာစိန်တစ်ပွင့်သာ ဖြစ်ရမည်။ ဤသို့လျှင် မင်းကြီးသုဒ္ဓေါဒနသည် မိတဆိုးသားကလေး သိဒ္ဓတ္ထအပေါ် တွက်ဆမျှော်လင့်ခဲ့၏။ ရည်မှန်းချက်ကြီးစွာ ထားခဲ့၏။

မင်းကြီး၏ ရည်မှန်းချက်က ရှင်းရှင်းကလေးပဲဖြစ်သည်။ သားတော်သည် အချိန်တန်သောအခါ မင်းတကာတို့၏ အခေါင်အချုပ် စကြဝတေးမင်း ဖြစ်ရမည်ဟူ၍သာ။ မိမိကိုယ်တိုင်က အာဏာရှင်မင်းဧကရာဇ် တစ်ပါးဖြစ်၍ မိမိ၏ သားတော်ကိုလည်း မိမိကဲ့သို့ပင် မင်းဧကရာဇ်သာ ဖြစ်စေလို၏။ မိမိထက် ဘုန်းတန်ခိုးသာလွန်ကြီးမြင့်သော စကြဝတေးမင်းတစ်ပါး ဖြစ်လိမ့်မည်ဟု ဗေဒင်ဟူးရားသမား ပုရောဟိတ်အများက နိမိတ်ဖတ်လာ




www.burmeseclassic.com

www.burmeseclassic.com

လေသောအခါတွင်မူ ဆိုဖွယ်ရာမရှိတော့။ ဝမ်းမြောက် လက်ပမ်းပေါက်ခတ် ဂုဏ်ယူခဲ့မိတော့သည်သာ။ ဤ ည်မှာ ပုထုဇဉ်တို့၏ ဓမ္မတာသဘာဝအရ အပြစ်မတင် သော အလိုဆန္ဒသာ ဖြစ်ခဲ့ပါသည်။

သို့သော် ယခုမူ မိမိလက်ပမ်းပေါက်ခတ်ခဲ့မိသမျှတို့ ည် အဟောသိကံ ဖြစ်ရချေတော့မည်လော။ အလ သဖြစ်ရချေတော့မည်လော။ သဲထဲရေသွန်ဖြစ်ရချေ တော့ မည်လော။ မင်းကြီးသည် ဤသို့လျှင် စိုးရိမ်ပူပန်စ သွားခဲ့မိချေ၏။ ဆိုရလျှင် ယနေ့မှာပင် ဒုတိယအကြိမ် မြောက် တုန်လှုပ်ဖွယ် ပြဿနာတစ်ရပ် ပေါ်ပေါက်လာ ခဲ့လေသောကြောင့် ဖြစ်ပါသည်။ လွန်ခဲ့သော လေးလ ကာလတုန်းကလည်း တစ်ကြိမ်ကြုံခဲ့ရပြီးပြီ။

သည်တုန်းက သားတော်သည် မင်းဥယျာဉ်သို့ တော စားထွက်မည်ဟု ဆို၏။ ထို့ကြောင့် လိုက်ပါစောင့် ရှောက်ကြမည့် စစ်သည်ရဲမက်များနှင့်တကွ သား တော်၏ ဆန္ဒကို ဖြည့်စွမ်းခဲ့၏။ မင်းဥယျာဉ် သို့ သွားရာ လမ်းခရီး တစ်လျှောက်၌ တင်း ကျပ်သော အစောင့်အရှောက်များ သားတော် မမြင်အောင် ချထား စောင့်ရှောက်စေခဲ့၏။ သားတော်သည် ပျော်ပျော် ပါးပါးသာ အလိုရှိသည့်အတိုင်း ဥယျာဉ်တော်၌ တော ကစား ပျော်မွေ့စေရမည်ဟု ရည်ရွယ်ခဲ့၏။

သို့သော် မည်သို့ဖြစ်သည် မသိ၊ သားတော်သည် လမ်းခရီးတစ်ဝက်၌ပင် သူ၏ မင်္ဂလာရထားထိန်းကို နန်း တော်သို့ ပြန်လှည့်မောင်းနှင်စေခဲ့ကာ ပြန်လာခဲ့သည်ဟု သိရ၏။ မျက်နှာတော်ကလည်း ရွှင်လန်းချမ်းမြေ့ သာယာ ခြင်းမရှိ။ တစ်စုံတစ်ခုသော အမည်မဖော်တတ်စွမ်းနိုင် သည့် စိတ်နှလုံးညှိုးချုံးဖွယ်ရာကို တွေ့မြင်ကြုံကြိုက်မြင် တွေ့ခဲ့ရသည်ဟုသာ မှန်းဆယူရ၏။ မည်သည့်အကြောင်း ကြောင့် ဤသို့ အမူအရာပြောင်းလဲလာခဲ့သနည်း ဆို သည်ကို တိတိပပ မသိရ။ သားတော်နှင့် အနီးစပ်ဆုံး အနီးကပ်စံနေတော်မူသည့် ချစ်သမီး (သို့မဟုတ်) ချွေးမ တော် ယသော်ဓရာသည် ပင် ဤအကြောင်းကိစ္စ၏ မူလ ရင်းမြစ်ကို မသိ နိုင်ဘဲ ရှိ၏။ မေးမြန်း စူးစမ်းသည့်တိုင် အရာ မထင်။ တိကျသော





www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရင်းဇာစ်မြစ်ကို မသိရ။

သို့သော် မင်းကြီးဘက်ကတော့ ရှင်းသည်။ မည်သည့် အကြောင်းခြင်းရာဟု တိတိကျကျ မသိရသည့်တိုင် ဤပြောင်းလဲမှုသည် တစ်စုံတစ်ရာသော အန္တရာယ်၏ရနံ့ကို သယ်ဆောင်လာခြင်းသာ ဖြစ်သည်ဟုတော့ ရိပ်စားမိ၏။ သည်တော့ အကာအကွယ်အလို့ငှာ ပြင်းထန်သော အမိန့်တော်တစ်ရပ်ကို ချက်ချင်းထုတ်ပြန်လိုက်၏။ ထိုအမိန့်သည် သားတော် မသိစေရသော လျှို့ဝှက်အမိန့်သာ ဖြစ်ပါလေ၏။

'သားတော်စံနေရာ ရွှေနန်းဆောင်၏ အရပ်လေးမျက်နှာ၌ နှစ်ဂါဝုတ်တိုး၍ ထူထပ်သော အစောင့်အကြပ်ရဲမက်စစ်သည်တို့ ချထားစေ။ မင်းအမိန့်တော်မှတစ်ပါး မည်သူမျှ အဝင်အထွက် မရှိစေရ။ ဘုရင်သုဒ္ဓေါဓနေ၏ အမိန့်တော်'

ဤအမိန့်တော်အတိုင်းပင် စစ်သည်ရဲမက်၊ မိုလ်မှူးမိုလ်ပါတို့သည် လိုက်နာဆောင်ရွက်ခဲ့ကြပါ၏။ သားတော် သိဒ္ဓတ္ထသည်လည်း မယ်ယသော် အပါအဝင် များစွာသော မောင်းမမိဿံတို့နှင့်တကွ လောက၏ အထွတ်အထိပ်သော မင်းစည်းစိမ်ကို ဆက်လက်ခံစား မွေ့လျော်ခဲ့ပြန်ပါ၏။ ထို့ကြောင့် သားတော်အတွက် သောကအပူကင်းဝေးကာ ရင်အေးရမလားဟု စိတ်နှလုံးတုံးတုံးချမည် ကြံရုံရှိသေး၊ ယခု နောက်ထပ်လေးလ ကြာမြင့်သောအချိန်တွင် သားတော်၏မျက်နှာ မသာမယာ မရွှင်မလန်း ရှိလာပြန်ချေသည်ဟု ကြားသိလာရပြန်၏။ ဤကိစ္စသည် မည်သို့သော အကြောင်းခြင်းရာကြောင့် ဖြစ်ပေါ်လာရပြန်သနည်း။

နတ်မင်းတို့ ဖန်ဆင်းပြသလိုက်သော ဒုတိယနိမိတ်ကြီးဖြစ်သည့် သူနာနိမိတ်ကို ရှုမြင်ခဲ့ရသောကြောင့် မင်းသားတွင် ဗျာဒိတရားနှင့်ပတ်သက်သည့် ထိတ်လန့်တုန်လှုပ်ခြင်းသံဝေဂ စွဲထင်လာခဲ့ခြင်းဖြစ်ကြောင်းကို မင်းကြီးမသိ။ သူ စုံစမ်းသိရှိရသည်မှာ သားတော်သည် မင်းဥယျာဉ်သို့ ဒုတိယအကြိမ် တောကစားထွက်ရန် မင်္ဂလာရထားနှင့် ထွက်တော်မူခဲ့ပြန်သည်ဟူသော အပေါ်ယံအကြောင်းတရားမျှသာဖြစ်၏။ သားတော်၏ ထိုခရီးစဉ်၌ အနှောင့်အယှက် တစ်စုံတစ်ရာ တွေ့ခဲ့ပြန်လေသလော။ သားတော် စိတ်အနှောင့်အယှက် ဖြစ်ရလောက်အောင် ရဲမက်တို့၏ လုံခြုံရေးစောင့်ရှောက်မှုအင်အားများ နည်းပါးနေပေသောကြောင့်လော။ မင်းကြီးသည် ထိုအတွေးဖြင့်ပင် နောက်ထပ် အမိန့်တော်တစ်ရပ် ထပ်မံထုတ်ပြန်လိုက်ပြန်လေသည်။

'သုဒ္ဓေါဓနေဘုရင်၏အမိန့်တော်။ သားတော်သိဒ္ဓတ္ထမင်းသား၏ ဝန်းကျင်အရပ်လေးမျက်နှာ၌ ယခင်က နှစ်ဂါဝုတ်ပတ်ချာလည် အစောင့်အရှောက်များ ချထားခဲ့ရာမှ တစ်ဆင့် ယခုအခါမှစ၍ ထပ်တိုးကာ သုံးဂါဝုတ်အထိ တိုးမြှင့်ချထား စောင့်ကြပ်စေကြမည်။ သားတော်နှင့်ပတ်သက်၍ ထူးခြားမှု တစ်စုံတစ်ရာ တွေ့ရှိလာရသည်နှင့် မည်သူမဆို ထီးဘုရားအား သတင်းပို့ လျှောက်ကြားကြရမည်။ လျှောက်ကြားလာသူအား ထိုက်တန်သည့် ဆုတော်လာဘ်တော်များ ချီးမြှင့်မည်'

မင်းကြီးသည် ထိုအမိန့်တော်ကို ထုတ်ပြန်လိုက်ပြီးမှပင် အနည်းငယ်စိတ်လက်ပေါ့ပါးသွားကာ နေသာထိုင်သာရှိရတော့၏။ မှန်သည်၊ မိမိ၏ မဟာရည်မှန်းချက်နှင့် မျှော်လင့်ချက်ကြီးဖြစ်သော မိမိ၏သားတော် စကြဝတေးမင်းတစ်ပါး ဖြစ်လာရေးတွင် မည်သည့်အဟန့်အတားအနှောင့်အယှက်မျှ မတွေ့လို။ ထိုကိစ္စအတွက် အကူအညီပေးလာသူ မည်သူ့ကိုမဆို ဆုတော်လာဘ်တော်တို့ ထိုက်တန်စွာ ချီးမြှင့်ပေးရန်လည်း တွန့်တိုခြင်းမရှိ။ အရန်သင့်ပင်။ မိမိကိုယ်တိုင်က ဘုန်းရှင်ကံရှင် သမ္ဘာရှင် တစ်ပါး မဟုတ်ခဲ့၍ သာမန်မင်းတစ်ပါးမျှသာ ဖြစ်လာခဲ့ရသည့်တိုင် မင်းအပေါင်းတို့က ဝန်းရံခစားကြရသည့် စကြဝတေးမင်းတစ်ပါး၏ အလွန်အဆင့်အတန်းမြင့်မားပုံနှင့် ဘုန်းတန်ခိုးကြီးပုံတို့ကိုတော့ သုဒ္ဓေါဓနမင်းကြီးက သိရှိထားပါ၏။ ထို့ကြောင့်လည်း သားတော်ကို စကြဝတေးမင်းတစ်ပါး ဖြစ်လာစေလိုခြင်းပင်။

ကျမ်းအဆူဆူ ပညာရှိပုရောဟိတ် အဆက်ဆက်တို့၏ အဆိုအရ စကြဝတေးမင်းတို့မည်သည် ဇမ္ဗူဒိပါ လက်ယာတောင်ကျွန်းတွင် မဇ္ဈိမဒေသအရပ်၌သာ ဖြစ်ကြကုန်၏။ အခြားသော ပစ္စန္တဒေသအရပ်တို့၌ ဖြစ်ပေါ်ရိုးထုံးစံမရှိ။ မဇ္ဈိမအရပ်ဒေသဆိုသည်ကား အလျားအားဖြင့် ယူဇနာသုံးရာ၊ အနံအားဖြင့် ယူဇနာနှစ်ရာ့ငါးဆယ်၊ အဝန်းအားဖြင့် ယူဇနာကိုးရာရှိ၏။ ထိုအရပ်၌သာ ဘုရားပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ အသီတိမဟာသာဝက၊ စကြ

www.burmeseclassic.com

www.burmeseclassic.com

ဝတေးမင်း၊ တန်ခိုးကြီးကုန်သော ခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ၊ ဂဟပတိမဟာသာလတို့သည် ဖြစ်ကြကုန်၏ဟု ဆို၏။ မိမိတို့နေထိုင်ရာသည် မဇ္ဈိမဒေသသာ မဟုတ်လော။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးသည် မိမိသားတော်အတွက် အားတက်မိ၏။

ထို့အပြင် မိမိသားတော်သည် စကြဝတေးမင်းတို့၏ ကျင့်ဝတ်များနှင့်အညီ ကျင့်ကြံရွက်ဆောင်နိုင်မည့်သူဟု အထင်ကြီး၏။ စကြဝတေးမင်းတို့၏ စက္ကဝတ္တိကျင့်ဝတ်များအနက် ရှေ့ဆုံးက လာသည်မှာ ဒါန၊ ဓမ္မ၊ သံယမဟူသော ကျင့်ဝတ်သုံးပါးဖြစ်၏။ ဒါနသည် အလှူပေးခြင်း၊ ဓမ္မသည် ကုဋ္ဌေကို ဆုံးမခြင်း၊ သံယမသည် ငါးပါးသော၊ ရှစ်ပါးသော သီလတို့ကို ဆောက်တည်ခြင်း၊ တစ်နည်းအားဖြင့် ကိုယ်၊ နှုတ်၊ နှလုံးတို့ကို စောင့်စည်းခြင်းတို့ပင် ဖြစ်လေသည်။ ဤစက္ကဝတ္တ သုံးပါးမျှဖြင့် စကြဝတေးမင်း ဖြစ်ပြီလော။ မဖြစ်နိုင်သေးပါ၊ ဤမျှ မလွယ်ကူပါ။ နောက်ထပ် ဖြည့်ဆည်းကျင့်ဆောင်စရာ ဆယ်ပါး၊ ဆယ့်နှစ်ပါး ကျန်ပါသေးသည်။ ယင်းတို့မှာကား-

(၁) **အန္တောဇနသ္မိံ ဗလကာယေတိ ဇကံ**-အန္တောဇနဟူသည်ကား သားမယားတို့ကို သီလ၌ တည်စေခြင်း၊ အဝတ်ပုဆိုး၊ နံ့သာပန်း စသည်တို့ကိုပေးခြင်း၊ ဘေးဥပဒ်မရှိအောင် စောင့်ရှောက်ခြင်းတို့ဖြစ်၍ ဗလကာယဟူသည်ကား မိုလ်ပါ စသည်တို့၌ ကာလကို မလွန်စေကာမူ၍ ရိက္ခာပေးခြင်း တစ်နည်းအားဖြင့် လစာရိက္ခာကို သတ်မှတ်သော နေ့ရက်၊ အချိန်အခါနှင့်အညီ ပေးအပ်ခြင်း။

(၂) **ခတ္တိယေသုဇကံ**-ခတ္တိယေသုဟူသည်ကား အဘိသိက်ခံလေပြီးသော မင်းတို့အား မြည်း၊ မြင်း၊ အသသာဇာနေယျ စသောရတနာတို့ကို ပေးခြင်းဖြင့် ချီးမြှောက်ခြင်း။

(၃) **အနုယုတ္တေသုဇကံ**-အနုယုတ္တေသုဟူသည်ကား မိမိ၌ နေကုန်သော တစ်နည်း မိမိအား ပူဇော်ခစားလာသောမင်းတို့အား ထိုက်သည်နှင့်လျော်စွာ ယာဉ်၊ သန်လျင်း ပေးခြင်းဖြင့် နှစ်သက်စေခြင်း။

(၄) **ဗြာဟ္မဏဂဟပတိကေသုဇကံ**-ဗြာဟ္မဏဂဟပတိကေသု ဟူသည်ကား ပုဏ္ဏားတို့အား ထမင်း၊ အဖျော်၊ ပုဆိုးသောလျှူဖွယ်ဝတ္ထုတို့ကို ပြည့်၏ ပညာရှိပုရောဟိတ်များအဖြစ် ပေးအပ်ချီးမြှင့်ခြင်း၊ သူကြွယ်တို့အား ပြည့်ဘဏ္ဍာ ဖြည့်စွမ်းသူများအဖြစ်နှင့် ထမင်း၊ မျိုးစေ့၊ ထွန်တုံး၊ ထွန်သွား၊ နွားလား စသည်တို့ကို ပေးအပ်ခြင်း။

(၅) **နေဂမဇာနပဒေသုဇကံ**-နေဂမဇာနပဒေသု ဟူသည်ကား သူကြွယ်တို့အား ပေးအပ်သည့်နည်းတူ ကျေးရွာနိဂုံးဇနပုဒ်၌ နေထိုင်ကြသောသူ အများစုကြီးကိုလည်း ပြည့်လုပ်အားရှင်များအဖြစ်နှင့် ထမင်း၊ မျိုးစေ့၊ ရိက္ခာ၊ ထွန်တုံး၊ ထွန်သွား၊ နွားလားနှင့် ကျွဲ စသည်တို့ကို ပေးအပ်ခြင်း။

(၆) **သမဏဗြာဟ္မဏေသုဇကံ**-သမဏဗြာဟ္မဏေသု ဟူသည်ကား ရဟန်းသံဃာနှင့် ပုဏ္ဏားတို့အား ၎င်းတို့ဖြင့်လျော်ညီသော သကံန်းပရိက္ခရာတို့ဖြင့် လှူဒါန်းပူဇော်၍ အရိုအသေပြုခြင်း။

(၇) **မိဂပက္ခီသုဇကံ**-မိဂပက္ခီသု ဟူသည်ကား သားရဲတိရစ္ဆာန်တို့ကိုလည်းကောင်း၊ ကျေးငှက်တို့ကိုလည်းကောင်း ဘေးမဲ့ပေးခြင်းဖြင့် သက်သာရာရစေခြင်း။

(၈) **အဓမ္မကာရပ္ပဋိက္ခေပေါဇကံ**-အဓမ္မကာရပ္ပဋိက္ခေပေါ ဟူသည်ကား မိမိကိုယ်တိုင်မှအစ အခြားမည်သူကိုမျှ မတရားသော အမှုအရာ အမူအကျင့်တို့ကို မပြုစေခြင်း။

(၉) **အဓနာနံ ဓနာနုပ္ပဒါနံဇကံ**-အဓနာနံ ဓနာနုပ္ပဒါနံ ဟူသည်ကား ဥစ္စာမရှိသော မိလက္ခူ သူဆင်းရဲတို့အား စာနာမှုဖြင့် ဥစ္စာပေးကမ်းခြင်း။

(၁၀)**သမဏဗြာဟ္မဏေ ဥပသင်္ကမိတ္ဂာ ပဉှာပုစ္ဆနံဇကံ**-သမဏဗြာဟ္မဏေ ဥပသင်္ကမိတ္ဂာ ပဉှာပုစ္ဆနံ ဟူသည်ကား ရဟန်းသံဃာ ပုဏ္ဏားတို့သို့ ချဉ်းကပ်၍ ကုသိုလ်၊ အကုသိုလ်၊ သာဝဇ္ဇ၊ အနဝဇ္ဇ၊ သေဝိတဗ္ဗ၊ အသေဝိတဗ္ဗ စသောတရားတို့ကိုမေး၍ အကုသိုလ်ကိုပယ်ကာ ကုသိုလ်ကိုသာ ဆောက်တည်ခြင်း စသည်တို့ ဖြစ်ကြ၏။

ဤသို့လျှင် စက္ကဝတ္တိကျင့်ဝတ် ဆယ်ပါးရှိသည့်အနက် လေးခုမြောက်သော ကျင့်ဝတ်တစ်ပါး၌ ဗြာဟ္မဏနှင့် ဂဟပတိကို နှစ်မျိုးခွဲခြား၍လည်းကောင်း၊ ခုနစ်ခုမြောက်သော ကျင့်ဝတ်တစ်ပါး၌ မိဂနှင့် ပက္ခီကို နှစ်မျိုးခွဲခြား၍လည်းကောင်း ယူလိုက်သော် တစ်ဆယ့်နှစ်ပါးသောကျင့်ဝတ် ဖြစ်လာလေသည်။

နောက်တစ်နည်းအားဖြင့်မှာ ယခင်ဆယ်ပါးတွင် အဓမ္မရာဂပဟာနကျင့်ဝတ်၊ ဝိသမလောဘ ပဟာနကျင့်ဝတ်နှစ်ပါးကို ထပ်ပေါင်းခြင်းဖြင့်လည်း စက္ကဝတ္တိ ဆယ့်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပါးပင် ဖြစ်လာသည်။ အဓမ္မရာဂပဟာန၊ ဝိသမလောဘပဟာန ဟူသည်ကား အမိ၊ မိထွေး၊ အဘ၊ ဘထွေး၊ အရီး စသောမသင့်သောအရာ၌ တပ်မက်သောရာဂသည် အဓမ္မရာဂမည်၏။ သုံးဆောင်ခြင်းငှာ ထိုက်သောအရာ၌လည်း အလွန်အကဲတပ်မက်သော လောဘသည် ဝိသမလောဘမည်၏။ ယောက်ျားသည် ယောက်ျားချင်း၊ မိန်းမသည် မိန်းမချင်း လိင်တူချင်း တပ်မက်ခြင်းသည် မိစ္ဆာဓမ္မမည်၏။ ဤသုံးပါးအနက်မှ အဓမ္မရာဂနှင့် ဝိသမလောဘနှစ်ပါးကို ထပ်လောင်းဖြည့်စွက်ခြင်းဖြင့် စက္ကဝတ္တိတစ်ဆယ့်နှစ်ပါး ဖြစ်လာခြင်းပင်တည်း။

သုဒ္ဓေါဓနမင်းကြီးသည် ထိုစကြဝတေးမင်းတို့ ကျင့်အပ်သော စက္ကဝတ္တိကျင့်ဝတ် (၁၂)ပါးကိုလည်း မိမိ၏သားတော် သိဒ္ဓတ္ထသည် ကျင့်ဆောင်ဆောက်တည်နိုင်စွမ်းရှိလိမ့်မည်ဟု အခိုင်အမာယုံကြည်၏။ သားတော်သည် ထို(၁၂)ပါးသော တရားတို့ကို လိုက်နာကျင့်ဆောင်နေဆဲကာလတစ်ခုမှာပင် ဆိုက်ရောက်လာမည့် စကြာရတနာကို ပိုင်ဆိုင်လက်ခံရရှိလိမ့်မည်ဟူသော အတွေးစိတ်ကူးနှင့်ပင် ကြည်နူး၍မဆုံးနိုင် ရှိရပါဘိတော့သည်။ စကြာရတနာ ဆိုက်ရောက်လာခဲ့ပြီ ဆိုလျှင်တော့ ပွဲပြီးသွားပြီဟုဆိုရန်သာ ရှိတော့သည်လေ။

စကြဝတေးမင်းတို့မှန်လျှင် ရတနာခုနစ်ပါးကို သူ၏ရှေးဘုန်းရှေးကံ အစွမ်းဖြင့် အစဉ်အတိုင်း လက်ခံရရှိပိုင်ဆိုင်ကြစမြဲဖြစ်သည်။ ယင်းတို့အနက် ပထမဆုံးဆိုက်ရောက်လာသော ရတနာမှာ စကြာရတနာဖြစ်၏။ စကြာရတနာနှင့် ပတ်သက်ရရှိပြီးနောက်မှ အခြားသောရတနာခြောက်ပါးသည် အစဉ်အတိုင်း ရောက်ရှိလာကြ၏။ ထိုရတနာခုနစ် ပါးကို အကျဉ်းအားဖြင့် (၁) စက်၊ (၂)



ဆင်၊ (၃) မြင်း၊ (၄) မြ၊ (၅) မိ၊ (၆) ကြွယ်၊ (၇) သားဟူ၍ မှတ်တမ်းပြုအပ်၏။ ၄င်းရတနာ ခုနစ်ပါးကို အကျယ်ဖွင့်ဆိုရလျှင် ဤသို့တည်း။

(၁) စကြာရတနာ

မဟာသုဒဿနသုတ် ပါဠိတော်၌ ဒိဗ္ဗံစက္ကရတနံ ပါတုဘဝတိ သဟဿာရံသနေမိကံ သနာဘိကံ သဗ္ဗာကာရပရိပူရံဟူ၍ စကြာရတနာကို ဖွင့်ဆို၏။ အဓိပ္ပာယ်ကား နတ်တို့၏ အာနုဘော်နှင့် ယှဉ်သောကြောင့် ဒိဗ္ဗမည်၏။ အကန့်တစ်ထောင်ရှိသောကြောင့် သဟဿာရမည်၏။ အကွပ်ရှိသောကြောင့် သနေမိက မည်၏။ ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံသောကြောင့် သဗ္ဗာကာရပရိပူရ မည်၏။ တစ်စုံတစ်ယောက်သောသူကမျှ မတားနိုင် မဆီးနိုင်အောင် သွားတတ်သောကြောင့် စကြာမည်၏။ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာမည်၏။ တစ်နည်းအားဖြင့် အရိုအသေပြုအပ်သောကြောင့်လည်းကောင်း၊ တန်ဖိုးကြီးမြတ်သောကြောင့်လည်းကောင်း၊ အတုမရှိသောကြောင့်လည်းကောင်း၊ မယုတ်မာသောသူတို့၏ သုံးစွဲရာ ဖြစ်သောကြောင့်လည်းကောင်း ရတနာမည်၏။

ထိုစကြာရတနာသည် အကန့်များစွာတပ်၍ စီရင်အပ်သော လှည်းဘီးပုံသဏ္ဍာန်ရှိ၏။ ပုံတောင်းသည်ကား ဣန္ဒနီလာအတိပြီး၏။ ပုံတောင်း၏အလယ်၌ ငွေဖြင့်ပြီးသောကျည်ရှိ၏။ အလယ်၌ အပေါက်ရှိသော အဝန်းကဲ့သို့ တင့်တယ်၏။ နှစ်ဖက်သော ပုံတောင်း၏ အပြင်အရပ်၌ ငွေပြားအရံပတ်ရှိ၏။ ငွေပြားအပတ်၌ အပိုင်းအခြားဖြစ်သော အရေးအသားတို့ရှိကြ၏။ တစ်ထောင်သော အကန့်တို့သည် ခုနစ်ပါးသော ရတနာမျိုးတို့ဖြင့်ပြီး၏။ နေရောင်ကဲ့သို့ အရောင်အဝါနှင့် ပြည့်စုံ၏။ အကန့်တို့၌ ကြာသွတ်အိုး ကက္ကုသီးရွဲလုံးရွဲသေး အရေးအသားတို့ ရှိကြကုန်၏။ အကွပ်သည် တက်သစ်စနေရောင်ခြည်အပေါင်းတို့၏ အသရေကို ပြက်ရယ်မှုပြုဘိသကဲ့သို့ ကောင်းစွာတည်လျက် ရှိကုန်၏။

အကွပ်နား၌ ဆယ်ချောင်းဆယ်ချောင်းသော အကန့်တို့၏ အကြားတွင် မှုတ်အပ်သော နှဲ၊ ပြွေဝါး(ပလွေ)ကဲ့သို့ အတွင်း၌ အခေါင်းရှိသော အပေါက်ငယ်အပေါင်းတို့ဖြင့်စီအပ်သည့် လေကိုယူတတ်သော ပိန္နဲရိုး သဏ္ဍာ

www.burmeseclassic.com

www.burmeseclassic.com

...တို့ ရှိကြ၏။ လေခတ်သောအခါတွင် ထိုသန္တာရိုး ...၏ အသံသည် စောင်းစည်းကြိုး၏ အသံကဲ့သို့ သာ ...မြည်၏။ သန္တာရိုး သန္တာတိုင်တို့၏အထက်၌ ထီး ...၏။ ထိုထီးဖြူ၏ နံပါးနှစ်ဖက်၌ နှစ်သွယ်,နှစ်သွယ် ... ပန်းကုံးတို့ ဆွဲလျက်ရှိ၏။ ပုံတောင်းငွေကျည်ဝ၏ ...ွင်း လှည်းဘီး၌ နားပန်းစွန်းထွက်သကဲ့သို့ နှစ်ခုသော ...သေ့ခံတွင်းတို့ ရှိကြကုန်၏။ ထိုခြသေ့ခံတွင်းဝယ် ထန်း ...လောက်ရှိသော နှစ်သွယ်သော ပုလဲဆိုင်းတို့ ဆွဲ ...၏။

ထိုပုလဲဆိုင်းတို့သည် စကြာလည်သော ကာလ၌ ...ကြာနှင့်တကွ လည်ကုန်၏။ ပုံတောင်းလည်း လည်၏။ ...ကြာလည်း လည်၏။ ပုလဲဆိုင်းလည်း လည်၏။ သုံးခု ...သည် တစ်ပြိုင်နက်တည်း လည်ကြကုန်၏။ ထိုလည် ...မှုကို မည်သည့်ပုဂ္ဂိုလ်မှ တားဆီးခုခံခြင်းငှာ မစွမ်း ...။

## (၂) ဆင်ရတနာ

စကြဝတေးမင်းထံသို့ စကြာရတနာလက်နက် ဆိုက် ...ောက်လာပြီးနောက် ဒုတိယမြောက် ရောက်ရှိလာမည့် ...နာမှာ ဆင်ရတနာဖြစ်သည်။ အလုံးစုံ စင်ကြယ်စွာ ...သော၊ ခုနစ်ပါးသောမြေသို့ ထိခြင်းရှိသော ကောင်းကင်သို့ ...ည်း သွားတတ်သော ဥပေါသထဆင်မင်း ရောက်ရှိလာ ...ည် ဖြစ်သည်။

စကြာရတနာ ရောက်ရှိလာပြီးသည်နှင့် အမတ်တို့ ...သည် မူလကရှိပြီးသော မင်္ဂလာဆင်တော်နေရာ ပကတိ ...ရပ်ကို ရတနာအတိဖြင့် ဆန်းကြယ်သော နတ်ဗိမာန် ...ကဲ့သို့ ပြုပြင်စီရင်ကြ၍ မင်းကြီးအား "အရှင်မင်းကြီး... ဆင်ရတနာ လာရောက်ခြင်းကို အောက်မေ့တော်မူပါ" ဟု ...တိပေး လျှောက်ထားကြ၏။

ဤတွင် မင်းကြီးလည်း အလှူပေး၍၊ သီလဆောက် ...ည်၍၊ ကောင်းမှုကို အောက်မေ့လျက် နေ၏။ ထိုအခါ ...ဆန္ဒန်အမျိုးမှလည်းကောင်း၊ ဥပေါသထအမျိုးမှလည်း ...ကောင်း၊ တက်သစ်စ နေဝန်းကဲ့သို့ အလွန်နီသော ခြေ ...လေးဖက်၊ လည်တိုင်၊ မျက်နှာတို့ဖြင့် တန်ဆာဆင်အပ် ...သော အထူးသဖြင့် စင်ကြယ်ဖြူထွားသော၊ ခြေလေးဖက်၊ ...ခြီးတံစပ်၊ နှာမောင်းဟူသည့် မြေသို့ထိသော အင်္ဂါလက္ခ ...ာနှင့် ပြည့်စုံသော၊ ပဒုမ္မာကြာနီနှင့်တူသည့် နှစ်လို ဖွယ်သော မျက်နှာရှိသော၊ ကောင်းကင်သို့ သွားခြင်းငှာ စွမ်းနိုင်သော၊ မြင်းသီလာမှုန်ဖြင့် စွန်းသကဲ့သို့သော အစုံ သော အစွယ်ရှိသော၊ ငွေတောင်ထွတ်ကဲ့သို့ မြတ်သော ဆင်ရတနာသည် ကောင်းစွာတည်ဆောက် စီရင်ထားအပ် ပြီးသော တန်ဆောင်း၌ တည်လာ၏။ ဆန္ဒန်ဆင်မျိုးမှ လာသည်ရှိသော် အလုံးစုံအောက်ငယ်သောဆင်သည် လာ ၏။ ဥပေါသထဆင်မျိုးမှ လာသည်ရှိသော် အလုံးစုံထက် ကြီးသောဆင်သည်လာ၏။ ပါဠိတော်နှင့် ကလိင်္ဂဗောဓိ ဇာတ်တို့တွင် ဥပေါသထဆင်မင်း လာကြောင်း ဆို၏။ အဋ္ဌကထာ၏ အလိုအရမူ ဆန္ဒန်ဆင်မင်းသည် တစ်စုံတစ် ယောက်သောသူတို့၏ သုံးရာမဖြစ်ကောင်းသောကြောင့် အငယ်သာ လာသည်ဟု ဆို၏။

## (၃) မြင်းရတနာ

ကိုယ်လုံး ဖြူသော၊ ကျီးကဲ့သို့ မည်းနက်သော ဦး ခေါင်းရှိသော၊ ဖြူဆံမြက်ကဲ့သို့သော လည်ဆံရှိသော၊ ကောင်းကင်သို့ ပျံသွားတတ်သော ဝဠာဟကမြင်းရတနာ သည် တတိယမြောက်ရတနာ ဖြစ်သည်။ ဆင်ရတနာရရှိ ပြီးသော မင်းကြီးအား အမတ်တို့သည် မင်္ဂလာမြင်း၏ နေရာကို ပြုပြင်၍ မြင်းရတနာ၏ လာခြင်းကို အောက်မေ့ တော်မူပါဟု လျှောက်ထားကြ၏။ မင်းကြီးလည်း အလှူ ပေး သီလဆောက်တည်၍ ကောင်းမှုကို အောက်မေ့ လျက်နေ၏။ ထိုအခါ သိန္ဓောအမျိုးမှ လျှပ်စစ်နွယ်ဖြင့် မွှေးယှက်သော၊ တန်ဆောင်မုန်းလအခါ၌ဖြစ်သော တိမ် ဖြူနှင့်တူသော အသရေရှိသော၊ နီသော ခြေနီသော နှုတ် သီးရှိသော၊ လရောင်အဆင်းနှင့်တူသော စင်ကြယ်သိမ်မွေ့ သော တစ်ခဲနက်သောကိုယ်ရှိသော၊ ကျီးတို့၏ လည်ကဲ့သို့ လည်းကောင်း၊ ဣန္ဒနီလာကျောက်ကဲ့သို့လည်းကောင်း၊ မည်းသောဦးခေါင်းရှိသော၊ ဖြူဆံမြက်နှင့်တူသော လည် ဆံရှိသော၊ ဝဠာဟကမည်သော မြင်းမင်းသည် ကောင်းစွာ တည်ဆောက် စီရင်အပ်သော ရတနာတန်ဆောင်း၌ တည် လာ၏။

## (၄) မြမြတ်ရတနာ

တစ်နှစ်မြောက်သော ဒါးညှိအဆင်းနှင့်တူသော ဝေ ဠုရိယဟု ဆိုအပ်သော မြဇာတိဖြစ်ပြီး ရှစ်မြှောင့်ရှိ၏။ တင့်တယ်၏။ အမျိုးမြတ်၏။ အလွန်စင်ကြယ်၍ ကောင်း စွာ၏။ ခပ်သိမ်းသောအခြင်းအရာနှင့် ပြည့်စုံ၏။ အရောင်

www.burmeseclassic.com

လည်း ထက်ဝန်းကျင်သို့ တစ်ယူဇနာတိုင်အောင် ထွန်းလင်း၏။ အလျား လေးတောင်၊ လုံးပတ် လှည်းပုံတောင်းခန့် ရှိ၏။ နှစ်ဖက်သောအစွန်းတို့၌ အလယ်ချက်မမှထွက်သော စင်ကြယ်စွာသော ပုလဲဆိုင်း၊ နှစ်ပွင့်သော ပဒုမ္မာကြာတို့ဖြင့် တန်ဆာဆင်သော မြမြတ်ရတနာသည် ရှစ်သောင်းလေးထောင်သော အခြားမြမြတ်တို့ဖြင့် ခြံရံလျက် ကြယ် အပေါင်းတို့ဖြင့် ခြံရံသောလပြည့်ဝန်း၏ အသရေကို လွှမ်းဘိသကဲ့သို့ ဝေပုလ္လတောင်မှ လာလတ်၏။ ထိုမြမြတ်ရတနာကို ပုလဲကွန်ရက်၌ထား၍ ဝါးအဆက်ဆက်ဖြင့် အတောင်ခြောက်ဆယ်မျှလောက်သော အရပ်သို့ တင်သည့်ရှိသော် ညဉ့်အဖို့၌ ထက်ဝန်းကျင် တစ်ယူဇနာသော အမြင့်အရပ်သို့တိုင်အောင် အလင်းရောင်လက်ဖြာ၏။ လူအပေါင်းတို့သည် အရုဏ်တက်သောအခါဟု ထင်မှတ်မှားကြကုန်၏။ ဤသို့သော မြတ်ရတနာကို စကြဝတေးမင်းမှလွဲ၍ အခြားမည်သူမျှ ရရှိပိုင်ဆိုင်နိုင်စွမ်းမရှိချေ။

## (၅) မိဖုရားရတနာ

အလွန်အဆင်းလှ၍ ရှုချင်စဖွယ်ရှိ၏။ ကြည်ညိုဖွယ်ရှိ၏။ လွန်မြတ်သောအဆင်း၏ ကောင်းခြင်းဖြင့် ပြည့်စုံ၏။ မြင့်ခြင်း၊ နိမ့်ခြင်း၊ ကြုံခြင်း၊ ဆူခြင်း၊ မည်းလွန်းခြင်း၊ ဖြူလွန်းခြင်းဟူသော အပြစ်ခြောက်ပါးတို့မှ ကင်း၏။ လူတို့၏အဆင်းမှ ကျော်လွန်၍ နတ်တို့၏ အဆင်းသို့ ရောက်လုမတတ် ရှိ၏။ ချမ်းသောကာလ၌ ပူနွေးသော ကိုယ်ငွေ့ ရှိ၏။ ပူပြင်းလွန်းသော ကာလ၌ အေးမြသော ကိုယ်ငွေ့ ရှိပြန်၏။ ကိုယ်အနံ့ကား စန္ဒကူးနံ့၊ ခံတွင်း၏ အနံ့ကား ကြာညိုပွင့်အနံ့လှိုင်၏။ ကိုယ်ရောင်လည်း တစ်ဆယ့်နှစ်တောင်ရှိသော အရပ်ကို ထွန်းလင်းနိုင်၏။ ထိုမိဖုရားရတနာသည် မဒ္ဒတိုင်းမင်းမျိုးမှလည်း ရ၏။ ဥတ္တရကုရုကျွန်း(မြောက်ကျွန်း)မှသော်လည်း ဆိုက်ရောက်လာ၏။

## (၆) ကြွယ် (သို့မဟုတ်) သူဌေးရတနာ

ကြွယ်ဟူသည်မှာ သူကြွယ်သူဌေးရတနာကို ဆိုလိုခြင်း ဖြစ်သည်။ ထိုသူဌေးရတနာသည် မြေကြီးမြေသားအတွင်းသို့ တစ်ယူဇနာအနက်ထိတိုင်အောင် မိမိမျက်စိဖြင့် အရှင်ရှိ မြှုပ်နှံထားသောဥစ္စာ၊ အရှင်မဲ့ မြှုပ်နှံထားသော (သို့မဟုတ်) သူ့သဘာဝအတိုင်း တူးဖော်သူ မရှိသေးဘဲ နစ်မြုပ်နေဆဲဖြစ်သော ဥစ္စာရတနာတို့ကို မြင်နိုင်၏။ စကြ[ဝတေး]မင်းသည် စုံစမ်းလိုသောကြောင့် လှေယာဉ်၊ ဖောင်တော်ယာဉ်ဖြင့် ဂင်္ဂါမြစ်၏အလယ်သို့ စီးသွား၍ ငါသည် ရွှေ ငွေရတနာတို့ကို လိုအပ်၏ဟုဆိုလျှင် နှစ်ဖက်သော လက်တို့ဖြင့် ရေကိုသုံးသပ်၍ အဆပြာရွှေငွေတို့ဖြင့်ပြည့်သော အိုးတို့ကိုထုတ်၍ ပေးစွမ်းနိုင်၏။ သူဌေးရတနာသည် ဤမျှ စည်းစိမ်ဥစ္စာများပြားသော ပြည့်ဘဏ္ဍာတိုက်ကြီး ပင် ဖြစ်၏။

## (၇) သားကြီးရတနာ

သားကြီးရတနာသည် တိုင်းပြည်၏ စစ်သူကြီးဖြစ်၏။ တစ်နည်းအားဖြင့် စစ်သူကြီးအဖြစ် တာဝန်ပေးအပ် ထမ်းဆောင်စေမြဲ ဖြစ်သည်။ ထိုသားကြီးရတနာသည် ပညာရှိ၏။ လိမ္မာ၏။ အဆင်အခြင်နှင့် ပြည့်စုံ၏။ တစ်ပါးသောသူတို့၏ အကြံအစည်ကို သိစွမ်းနိုင်၏။ ၎င်းသည် တစ်ဆယ့်ပယူဇနာရှိသော မင်း၏ပရိသတ်၌ စိတ်အကြံအစည်ကိုသိ၍ ချီးမြှောက်အပ်သူကို ချီးမြှောက်၏။ ရှုတ်ချသင့်သူကို ရှုတ်ချအရေးယူ ကာကွယ်နိုင်စွမ်းရှိသူ ဖြစ်သည်။

စကြဝတေးမင်းတို့မည်သည် ဤရတနာခုနစ်ပါးကို ရရှိပိုင်ဆိုင်ကြစမြဲဖြစ်၏။ ထို့ကြောင့်လည်း အခြားတိုင်း ပြည်များမှ မင်းအပေါင်းတို့က ပဏ္ဏာဆက်ကာ ခစား၍ သူ့လက်အောက်သို့ ဝင်ရောက်ခိုလှုံကြရသဖြင့် မင်းအပေါင်းတို့တွင် အကြီးကျယ်ဆုံးသော မင်းအဖြစ်ကို ရခြင်း ဖြစ်သည်။

သုဒ္ဓေါဒနမင်းကြီးသည် သူသိရှိထားသော စကြဝတေးမင်းတို့၏ ဂုဏ်ရည်အင်္ဂါရပ်များကို ပြန်လှန်တွေး တော စစ်ကြောမိလေတိုင်း သားတော် မင်းသိဒ္ဓတ်ကို[...] တိုင် စကြဝတေးမင်း ဖြစ်လာမည့်အရေး မျှော်လင့်ချက်[...] နီးကြားရှင်သန်လာမြဲပင်။ ထိုသို့သောအချိန်တိုင်း သား[...] တော်မွေးဖွားလာစက ခြေလှမ်းခုနစ်ဖဝါးလှမ်းကြွ၍ ကြေ[...] ကြော်ခဲ့သော အဂ္ဂေါဟမသ္မိလောကဿ၊ ဇေဋ္ဌောဟမ[...] လောကဿ၊ သေဋ္ဌောဟမသ္မိလောကဿ၊ ငါသည် [...] သုံးပါးတို့တွင် အမြတ်ဆုံး၊ ငါသည် လူသုံးပါးတို့တွင် အကြီးမားဆုံး၊ ငါသည် လူသုံးပါးတို့တွင် ချီးမွမ်းအပ်[...] ဟူသော စကားလုံးများကို သတိရလာ၏။ စကြဝတေး မင်းတို့မည်သည် ဤကြွေးကြော်ချက်သုံးပါးနှင့် ကိုက်[...]



www.burmeseclassic.com

www.burmeseclassic.com

ရှိသော ပုဂ္ဂိုလ်ဖြစ်သည် မဟုတ်လော။

တကယ်တော့ မင်းကြီးမှာ ဆန္ဒဇောကြီးနေသဖြင့် ကိုယ့်ဆန္ဒအလျောက် ဖြစ်မြောက်လိုရာကိုသာ ဦးစားပေး တွေးခေါ်လေ့ရှိသော လူသားသဘာဝအတိုင်း စကြဝဠာ မင်းနှင့် ကိုက်ညီစံချိန်မီသော ထိုကြွေးကြော်ချက်သုံးရပ်ကို သာ သတိရရနေခြင်းဖြစ်၏။ ထိုကြွေးကြော်ချက်နောက် တွင် ဆက်တိုက်ကပ်လျက်ပါလာသော မည်သည့်စကြ ဝဠာမင်းမှ မကြွေးကြော်နိုင်သည့် အယမန္တိမာဇာတိ၊ နတ္ထိဒါနိပုနဗ္ဘဝေါ-ယခုဘဝသည် နောက်ဆုံးပဋိသန္ဓေနေ ခြင်းဖြစ်သည်။ တစ်ဖန် ဘဝသစ်ဟူ၍ ဖြစ်ရခြင်းမရှိတော့ ဟူသော သားတော်၏နောက်ဆက်တွဲ ကြိုးဝါးချက်စကား လုံးများကို မေ့လျော့နေ၏။

စကြဝဠာမင်းသည် အသက်ရှိနေစဉ်၌ ဘုန်းတန်ခိုး အာနုဘော်ကြီးမားသည်ကား မှန်ပါ၏။ သို့ရာတွင် အနိစ္စ ဒုက္ခ အနတ္တ ယီတိ အန္တရဟိတံ နိဗ္ဗုတဒီပသိခါဝိယ အဘာဝံ ဥပဂတံဟူသော ဒီဃနိကာယ်၊ ပါထေယျဝဂ်၊ စက္ကဝတ္တိ သုတ်အဖွင့်မှ မိန့်ဆိုချက်အရ စကြဝဠာမင်း အာနုဘော် သည် သေလွန်သောမင်းအား လွန်၍ ခုနစ်ရက်မြောက် သောနေ့၌ ကွယ်လေ၏။ ရဟန်းပြုသောမင်းအား ခုနစ် ရက်မြောက်သောနေ့၌ ကွယ်လေ၏။ ကွယ်ပုံမှာ ဆီမီး တောက်သည် ပျောက်သကဲ့သို့ အစအနမျှမကျန် ပျောက် ခြင်း၊ မရှိခြင်းသို့ ရောက်လေ၏ဟု ဆို၏။

စကြဝဠာမင်းဖြစ်ခဲ့သော မလ္လတိုင်း၊ ကုသဝတီ ပြည်၊ မဟာသုဒဿနမင်းကြီး၏ ဖြစ်စဉ်တွင် မင်းကြီး ကွယ်လွန်တော်မူသည်၏ ခုနစ်ရက်မြောက်သောနေ့၌ ခုနစ် ဆယ်သော တံတိုင်း၊ ရှစ်သောင်းလေးထောင်သော ရေကန်၊ ပြာသာဒ်၊ မဏ္ဍပ်ရေကန်နှင့် စကြာရတနာတို့သည်လည်း ကောင်း၊ အခြားအလုံးစုံတို့သည် ကွယ်ခဲ့လေကုန်၏။ ဆင်အစရှိသည်တို့တွင် ကုန်ပြီးသော အသက်ရှိသော သတ္တဝါတို့နှင့် အတူပင် စုတေကြ၏။ အသက်ကြွင်းသော ဆင်ရတနာ၊ မြင်းရတနာတို့သည် မိမိတို့အမျိုးသို့ အသီး အသီး ကပ်ကြလေကုန်၏။ မြမြတ်ရတနာသည် သူလာခဲ့ ရာ ဝေပုလ္လတောင်သို့ ပြန်သွားသလို မိဖုရားရတနာသည် လည်း တန်ခိုးအာနုဘော်ဖြင့် ကွယ်၏။ သူဌေးရတနာ၏ မျက်စိသည်လည်း သာမန်လူသားတို့ မျက်စိနှယ်သာ အမြင်ရှိတော့၏။ သားကြီးစစ်သူကြီး၏ ဉာဏ်ပညာသည် လည်း ပကတိမျှသာ ရှိတော့သည်ဟု ဆို၏။

စကြဝဠာမင်းသည် တစ်ဖန်သော ဘဝသစ်ဟူ၍ ဖြစ်ရခြင်းမရှိတော့။ သံသရာဝဲဩဃမှ ထုတ်ခြောက်လွတ် မြောက်ပြီဟု မဆိုနိုင်၊ စိတ်မချနိုင်၊ အာမဘန္တေ မခံနိုင် သော အနေအထားမျှသာဖြစ်သည်ကို မင်းကြီးသုဒ္ဓေါဒန ထည့်မတွက်မိ။ ယခုဘဝသည် နောက်ဆုံးပဋိသန္ဓေနေ ခြင်း ဖြစ်သည်။ တစ်ဖန်ဘဝသစ်ဟူ၍ ဖြစ်ရခြင်းမရှိတော့ ဟူသော သားတော် မင်းသားငယ်၏ ကြွေးကြော်မှုသည် စကြဝဠာမင်းတို့ထက် ပိုမိုလွန်မြောက်မြင့်မြတ်သော ဘုရားအလောင်းတော်တို့၏ ကြွေးကြော်မှုမျိုးသာပါ တကားဟုလည်း သွေးအေးအေးဖြင့် မဆင်ခြင်မိ။ သို့ဖြစ် သောကြောင့်လည်း သားတော်မင်းသိဒ္ဓတ်နှင့်ပတ်သက်၍ အစောင့်အကြပ်များ နောက်ထပ် တစ်ဂါဝုတ် တိုးမြှင့်ချ ထားရန် အမိန့်ထုတ်တော်မူမိခြင်း ဖြစ်သည်။ သို့ရာတွင် သူ၏အမိန့်တို့သည် ဂင်္ဂါမြစ်ရေအလျဉ်ကို ကျူတစ်ပင်နှင့် တားဆီးသကဲ့သို့သာ ရှိလိမ့်မည်ဟူ၍ကား မင်းကြီး သုဒ္ဓေါဒနကိုယ်တိုင် သူ့ကိုယ်သူ မတွေးတော မသိမြင် နိုင်ခဲ့ပါတကား။

"အရှင်မင်းသား အဆောင်တော်ကို ကြွချီတော်မူလာ ပါတယ် သခင်မဘုရား"

နံနက်ခင်း၏ နေခြည်ဦးတို့ ဖူးသစ်စပင်ရှိသေးသည်။ ရံရွေတော်တစ်ဦးက လျှောက်ကြားလာသော သတင်း စကား ဖြစ်သည်။ ထိုသတင်းစကားအတွက်ကြောင့် ယသော်ဓရာအဖို့ အထူးတလည် လှုပ်လှုပ်ရှားရှား ပြင် ဆင်နေဖို့ အကြောင်းမရှိပါ။ နံနက်စာကိုသုံးဆောင်ပြီးပြီ။ မိမိ၏ခန္ဓာကိုယ်ကိုလည်း ရေမိုးသန့်စင်ပြီးပြီ။ ပန်းနံ့သာ တို့ကိုလည်း လိမ်းကျံဆင်ယင် ခြယ်သပြီးပြီ။ ဤသည်မှာ မောင်တော်ဘုရား ကြွချီလာတော့မည်ဆိုကာမှ ပြုလေ့ရှိ သော တကူးတကကိစ္စများ မဟုတ်။ ယသော်ဓရာအဖို့ နေ့စဉ်ပြုနေကျ ထုံးဓလေ့များသာ ဖြစ်၏။

မိမိ၏နန်းဆောင်သို့ မောင်တော်သည် အချိန်အခါ မရွေး ရောက်ရှိလာနိုင်သည်။ မည်သည့်အချိန်ဘဲ ကြွ ရောက်လာလာ မိမိကို မြင်လိုက်တွေ့လိုက်လျှင် အမြဲ သပ်ရပ်သန့်ရှင်းနေစေရမည်။ မောင်တော်၏ နှလုံးစိတ်ဝမ်း သည် ချမ်းမြေ့ရွှင်လန်းသွားစေရမည်မှာ ချစ်လှစွာသော ဇနီးမယားတို့၏ သတိပြုဆောင်ကြဉ်း ဖြည့်ဆည်းထားအပ်


www.burmeseclassic.com

www.burmeseclassic.com



သော ဝတ်တစ်ရပ်ဖြစ်သည်ဟု ယသော်ဓရာခံယူသည်။ မောင်တော်၏ စက္ခုအမြင်အာရုံတွင် မိမိသည် ကပိုကရို ဖိုသီဖတ်သီဖြင့် စိတ်ညစ်ညူးနောက်ကျိဖွယ် ဖြစ်မနေစေရဟု အမြဲသတိပြု ဖြည့်ကျင့်နေထိုင်လေ့ရှိသော ယသော်ဓရာပါ။

'ကောင်းပြီ ညီမငယ်၊ ကြွချီတော်မူလာတယ်ဆိုရင်လည်း အစ်မတော် ဆီးကြိုရမှာပေါ့။ ညီမတော်တို့က နံနက်စာ သုံးဆောင်ဖွယ်ရာတွေကို အသင့်ပြင်ဆင်ပေးကြပါ။ သစ်သီးဝလံများကအစ လိုလေသေးမရှိကြစေနဲ့။ မလိုလဲလိုလဲပေါ့ကွယ်။ ကိုယ့်ဘက်က စားပွဲတော် အဆင်သင့် - ခင်းကျင်းထားပြီး ဖြစ်နေရမယ်။ ဒါဟာ အစ်မတော်တို့ မဖြစ်မနေလုပ်ရမယ့် ပြုဖွယ်ဝတ် တစ်ခုပဲ'

ရုံရွှေတော်တစ်ဦးသို့ သခင်အရှင်မ ဘစ်ပါး၏ အမိန့်ပေးစေခိုင်းချက်သက်သက်မျှ မဟုတ်ပါ။ ညီမငယ်များသို့ အစ်မတော်ကြီးတစ်ဦး၏ သွန်သင်ချက်ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါလိမ့်မည်။ ကျောသားရင်သား မခွဲခြားသော ယသော်ဓရာ၏ တစ်ပြေးညီသော မေတ္တာရေ့ထား ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် ရုံရွှေတော်အားလုံး၊ မိဖုရားငယ်အားလုံး ချမ်းမြေ့ကြည်သာစွာ ပျော်ဝင်နာယူကြသည်ချည်း ဖြစ်၏။

'စိတ်ချတော်မူပါသခင်မဘုရား၊ ညီမတော်တို့ စားဖို ဆောင်မှာ အကောင်းဆုံး ဝိုင်းဝန်းပြင်ဆင်လိုက်ကြပါ့မယ်'

ရုံရွှေတော်အမျိုးသမီးငယ် ပြန်ထွက်သွားသည်နှင့် ယသော်ဓရာသည် စက်ရာသလွန်ညောင်စောင်းမှ ထလိုက်သည်။ ကိုယ်လုံးပေါ် ကြေးမုံမှန်ပြင်ကြီးရှေ့သို့ လျှောက်သွားလိုက်ကာ မိမိ၏ပုံရိပ်ကို ပြန်လည်ကြည့်ရှု စစ်ဆေးလိုက်သည်။ ထုံးနှောင်ထားသော ဆံဖျားမှသည် ခြေဖျားသို့တိုင် အဆင်မပြေသည့် ဘယ်သို့သော ချို့ယွင်းချက်များ ရှိနေလေမလဲ။ မည်သည့်အပြစ်တစ်စုံတစ်ရာကို မျှမတွေ့။ ဇမ္ဗူရာဇ်ရွှေစင်ရုပ်တုတစ်ခုနှယ် ချစ်မြတ်နိုးဖွယ်ရာ ပြေပြစ်တင့်တယ်နေသော ကြေးမုံမှန်ထဲမှ ယသော်ဓရာကလည်း သူမကို ပြန်ကြည့်နေ၏။ သူမ ရွှန်းလဲ့စွာ ပြုံးလိုက်မိ၏။

ယနေ့အဖို့ နံနက်ခင်းကြီးမှာပင် အဘယ်ကြောင့် မောင်တော် ကြွရောက်လာရသနည်းဟု တွေးတောအဖြေ ရှာနေဖို့မလို။ အကြောင်းရင်း ရည်ရွယ်ချက်ကို မှန်းဆထားပြီး ဖြစ်သည်။ အင်း‥သည်နေ့အဖို့တော့ မောင်တော်က ဥယျာဉ်တော်ကို စိတ်အညည်းပြေ ထွက်တော်မူဦးမယ် ထင်ပါရဲ့။ သည်အကြောင်းကို လာအသိပေး မိန့်ကြားဖို့မှလွဲ၍ အခြားကိစ္စကြီးငယ် တစ်စုံတစ်ရာ မဖြစ်နိုင်ဟု စိတ်ထဲမှာ အလိုလို ကြိုတင်သိနေသည်။

မကြာမီမှာပင် နန်းဆောင်သို့ မင်းသိဒ္ဓတ် ရောက်ရှိလာသည်။ ထိုအချိန်တွင် ယသော်ဓရာ၏ နန်းဆောင်ထဲဝယ် မင်းသားအတွက် နံနက်စာစားတော်ပွဲက အသင့်ပြင်ဆင်ထားနှင့် ပြီးလေပြီ။ အသင့်အခွံနွှာ၊ ခွဲစိတ်လှီးဖြတ်ထားပြီးသော သစ်သီးမျိုးစုံနှင့် အာဟာရပြည့်ဝမည့် ပူနွေးသော စားဖွယ်မုန့်မျိုးစုံ၊ အငွေ့ထောင်းထောင်းထနေဆဲ၊ မလိုင်တက်နေဆဲ နွားနို့တို့သည် ရွှေလင်ပန်းနှင့် ရွှေပန်းကန်၊ ရွှေခွက်တို့ဖြင့် ဖွယ်ဖွယ်ရာရာ လှလှပ သခင်မနှင့်ထပ်တူ အရှင်မင်းသားကို ဆီးကြိုလျက်ရှိပေပြီ

- 'ရွှင်လန်းပါရဲ့လား နှမတော်'

မင်းသိဒ္ဓတ်က ညှံ့သက်သော ကတ္တီပါဖုံထူထူ ခင်းကျင်းထားသော ကနုတ်ပန်းကွက်အလှဆင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း နှုတ်ဆက်လိုက်၏။

'ငြိမ်းအေးတဲ့ မောင်တော့်ရဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံနေသူပဲ မောင်တော်ရယ်၊ နှမတော်မှာ ပူပင်ကြောင့်ကြ မရှိ ရွှင်လန်းနေပါတယ်။ မောင်တော် ကြွချီလာတော် တယ် ဆိုတဲ့အတွက် နံနက်စာ စားသောက်ဖွယ်တွေကို အရန်သင့် ပြင်ဆင်ထားပါတယ်။ မောင်တော်သုံးဆော



www.burmeseclassic.com

www.burmeseclassic.com

ဆော်ခဲ့ပါဦး'

ယသော်ဓရာက စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသည့် ရွှေလင်ပန်းနှင့် သုံးဆောင်းထောက် ခြသေ့ခံ ဗန်းလင်ပ်ကို မင်းသိဒ္ဓတ်၏ ရှေ့တော်တွင် နေရာချ ဆက်ကပ်လိုက်၏။ ကြည့်စမ်း၊ ဘယ်လောက်အလိုက်တသိ ရှိလိုက်တဲ့ ချစ်နှမတဲ့လဲဟု မင်းသိဒ္ဓ အောက်မေ့ကြည်နူးသွားရ၏။

'မောင်တော် သုံးဆောင်ခဲ့ပြီးပါပြီ နှမတော်။ သို့ပေမယ့် နှမတော်ကျေနပ်နိုင်အောင်တော့ အနည်းအပါး စားသောက်ရဦးမှာပေါ့။ ဒီလိုမှ နှမတော် ဘဝင်ကျနိုင်မယ် မဟုတ်လား'

ယသော်ဓရာက ပြုံး၍ ခေါင်းညိတ်၏။ မင်းသိဒ္ဓတ်က နွားနို့ထည့်ထားသော ရွှေခွက်ကို လက်လှမ်းယူလိုက်ပြီး တစ်ငုံသောက်လိုက်၏။ ပူနွေး၍ ဆိမ့်မြသော နွားနို့၏ အရသာသည် လျှာဖျားတွင် စိမ့်သွား၏။ ထို့နောက် ထောပတ် ပျားရည်၊ ကြက်ဥတို့ဖြင့်ဖုတ်ထားသော မုန့်ချိုကို တစ်ဖွန်းမြို့၏။ သစ်သီးပန်းကန်ထဲမှ သစ်သီးတစ်စိတ်ကို လှမ်းယူကာ စား၏။ သည်မျှဆိုလျှင် ချစ်နှမ ကျေနပ်ရောပေါ့ဟူသော အပြုံးမျိုးနှင့် ယသော်ဓရာကို တစ်ချက်လှမ်းကြည့်လိုက်သည်နှင့် ယသော်ဓရာက အလိုက်တသိ ထားလမ်းကြောင်း ခင်းပေးလေသည်။

'မိန့်ပါဦး မောင်တော်၊ အထူးပြောစရာ စကားတွေများ ရှိနေလေသလား'

နှစ်ကိုယ့်တစ်စိတ်ဆိုတာ ဒါမျိုးပဲ ဖြစ်လေမလားဟု မင်းသိဒ္ဓတ် တွေးလိုက်မိသည်။ ယသော်ဓရာ၏ မေးခွန်းအတိုင်းပင် ဤနန်းဆောင်သို့ သူ လာရောက်ခဲ့ခြင်းမှာ အကြောင်းမဲ့မဟုတ်။ ယနေ့အဖို့ မင်းဥယျာဉ်တွင် ကစားတော်ပါးရန် ထွက်ခွာဖို့ အစီအစဉ်ရှိသည်။ လိုက်လံမောင်းနှင်ပို့ဆောင်မည့် မင်္ဂလာရထားထိန်းကိုပင် ဆင့်ဆိုထားခဲ့ပြီးဖြစ်သည်။ လိုက်ပါကြမည့် ခြွေရံသင်းပင်း အမှုလုပ်များနှင့် လုံခြုံရေးတာဝန်ယူမည့် ရဲမက်စစ်သည်များလည်း ယခုအချိန်လောက်ဆိုလျှင် စုဝေးပြင်ဆင်နေကြလောက်ပြီ။ ဤအကြောင်းကိုပြောလို၍ ဤနန်းဆောင်သို့ တမင်လှမ်းလာခဲ့ခြင်းမဟုတ်လား။ အထူးပြောစရာမရှိဘဲနှင့် သူလာရောက်လိမ့်မည် မဟုတ်ကြောင်း ယသော်ဓရာက ကြိုတင်မှန်းဆထားနှင့်ပြီး ဖြစ်နေသည့်အတွက်တော့ မင်းသိဒ္ဓတ် အနေနှင့် အထူးတလည် အံ့သြခြင်းမရှိ။ ဤလောကဌ် သူ့စိတ်ကို အနီးကပ်ဆုံး သိသူများကို စာရင်းကောက်လျှင် ယသော်ဓရာကိုပင် နံပါတ်တစ်နေရာ၌ ထားရမည်ကို သူ ကောင်းစွာသိထားပြီး ဖြစ်သည်ပဲ။

'ထူးခြားတဲ့ အကြောင်းကိစ္စရယ်လို့တော့ မဟုတ်ပါဘူး နှမတော်။ ဒီကနေ့ မောင်တော် ဥယျာဉ်ကစားထွက်တော်မူမယ်ဆိုတဲ့အကြောင်း ချစ်နှမကို အသိပေးခဲ့ရုံသက်သက်ပါပဲ။ ထုံးစံအတိုင်းပဲပေါ့။ မောင်တော်ဟာ သည်နန်းတော်ဆောင်ကနေ အပြင်တစ်နေရာရာကို ထွက်ခွာပြီဆိုတိုင်း နှမတော်ကို အသိပေးခဲ့စမြဲပဲ မဟုတ်လား။ မောင်တော့်အတွက် စိုးရိမ်ကြောင့်ကြခြင်း မရှိစေချင်လို့လေ'

မင်းသိဒ္ဓတ်က လာရင်းအကြောင်းကိစ္စကို မြွက်ကြားလိုက်၏။ ယသော်ဓရာက နှစ်ခြိုက်စွာ ပြုံးလိုက်၏။

'မောင်တော် မဖွင့်ဟခင်ကတည်းက နှမတော်စိတ်ထဲမှာ သိနှင့်နေသလိုပါပဲ။ မောင်တော် ဆန္ဒရှိတော်မူရင်လည်း သွားပေါ့ မောင်တော်ရယ်။ ဟုတ်တာပဲ၊ မောင်တော် စံနန်းတော်မှာပဲ စွဲမြဲနေခဲ့ရတာ လေးလတောင် ရှိခဲ့ပြီပဲ။ ငြီးငွေ့တော်မူရောပေါ့'

မင်းသိဒ္ဓတ်သည် ယသော်ဓရာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိလျက်သား ဖြစ်သွား၏။ မိမိကိုယ်တိုင်ပင် အမှတ်တမဲ့ ပြုထားခဲ့မိ၍ တိတိကျကျ မသိမှတ်နိုင်တော့သည့် အချိန်အတိုင်းအတာတစ်ရပ်ကို ယသော်ဓရာက အတိအကျပြောလိုက်သောကြောင့် အံ့အားသင့်သွားရ၏။

'ဘာပြောတယ် နှမတော်။ လေးလတောင် ရှိခဲ့ပြီ။ ဟုတ်လား'

'ဟုတ်တယ်လေ၊ မောင်တော် ဒုတိယအကြိမ် ဥယျာဉ်တော်ကစားဖို့ သွားခဲ့တာဟာ လွန်ခဲ့တဲ့ လေးလကပဲ။ အခု မောင်တော် လာအသိပေးတာက တတိယအကြိမ်မြောက်ပေါ့။ နှမတော်ကတော့ မောင်တော် ဥယျာဉ်ကစားဖို့ ထွက်တော်မူတိုင်း ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ ပျော်ရွှင်ချမ်းမြေ့ ကြည်သာနိုင်ခဲ့ပါစေလို့ အမြဲဆုမွန်ကောင်း တောင်းပေးပါတယ် မောင်တော်။ နှမတော်ရဲ့ ဆုတောင်းရော ပြည့်ရဲ့လား'

မင်းသိဒ္ဓတ်သည် ထိုမေးခွန်းကို ချက်ချင်းပြန်မဖြေနိုင်။ ရုတ်ခြည်းပင် လွန်ခဲ့သောလေးလတာကာလ ဒုတိယအကြိမ် ဥယျာဉ်ကစားထွက်တော်မူစဉ်က မြင်တွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

သော ဂိလာနပုဂ္ဂိုလ်တစ်ဦး၏ တုန်လှုပ်ဖွယ် ပုံရိပ်တို့ကို ပြန်မြင်ယောင်လာမိသောကြောင့်ဖြစ်သည်။

သည်တုန်းက မြင်တွေ့ခဲ့ရသောပုဂ္ဂိုလ်သည် လမ်းဘေးသစ်ပင်ရိပ်တစ်ခုအောက်တွင် ရုပ်ပျက်ဆင်းပျက် လဲလျောင်းလျက်ရှိ၏။ ထိုသူ၏ တစ်ကိုယ်လုံးမှာ သွေးမရှိ။ အကြော၊ အရိုး အထောက်အပံ့တို့ မရှိတော့သည့်နှယ် တဆတ်ဆတ်တုန်ယင်လျက် ရှိ၏။ နှုတ်ဖျားမှ မနားတရစပ် ထွက်ပေါ်လာနေသော ညည်းညူသံတို့ကလည်း သွေးပျက်ချောက်ချားဖွယ် ကောင်းလှ၏။ နံဘေးမှ ဖေးမထောက်ကူမည့်သူ တစ်စုံတစ်ဦးသာ မရှိခဲ့လျှင် ထိုသူသည် ထိုနေရာမှ ရွေ့နိုင်ဖို့ပင် မလွယ်တော့သလို ဖြစ်နေသည်မှာ အထင်အရှား။ သူ့နံဘေးတွင် ဝိုင်းဝန်းပြုစုဖေးကူပေးမည့်သူအချို့ကို တွေ့မြင်ရသဖြင့်သာ တော်သေးရဲ့ဟု သက်ပြင်းချရသည့် အဖြစ်။ ထိုစဉ်ကလည်း မင်းသိဒ္ဓတ်က ရထားထိန်းကို မေးခဲ့မိ၏။

‘အချင်းရထားထိန်း‥ဟောဟို လူတစ်စုရဲ့ အလယ်က လဲကျညည်းညူနေတဲ့သူဟာ ဘယ်လိုလူ ဖြစ်မလဲ’

‘သူနာလို့ ခေါ်ပါတယ် အရှင်။ ရောဂါဝေဒနာရဲ့ ဖိစီးနှိပ်စက်မှုဒဏ်ကြောင့် ခုလို အော်ဟစ်လူးလိမ့် ညည်းတွားနေရတာပါ။ ဇရာဆိုတဲ့ အိုမင်းခြင်းနောက်မှာ ဗျာဓိဆိုတဲ့ နာကျင်ခြင်း၊ နာဖျားခြင်း သဘောဟာ မလွဲမသွေ ကပ်ငြိရောက်ရှိလာစမြဲပါ အရှင်’

‘ဒီလိုဖြင့် အဲဒီ နာကျင်ခြင်း၊ နာဖျားခြင်း သဘောဟာ အိုမင်းပြီးမှ ဖြစ်လာရတယ်လို့ ဆိုချင်တာလား ရထားထိန်း’

မင်းသိဒ္ဓတ်က ရှင်းလင်းအောင် ထပ်မေးသည်။

‘အိုမင်းပြီးမှ ဖြစ်လာရ၊ ကြုံလာရမယ် ဆိုတာက ဧကန်သေချာတဲ့ ယေဘုယျသဘောကို သိမ်းကျုံးပြီး လျှောက်ထားလိုက်တာပါ အရှင်မင်းသား။ အသက်အရွယ် ငယ်ရွယ်နုပျိုစဉ်မှာလည်း ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခံရခြင်းဆိုတဲ့ နာခြင်းတရားဟာ ရောက်လာနိုင်တာပါပဲ။ သို့သော် ပျိုမျစ်ခြင်းတွေ၊ ဆေးဝါးတွေရဲ့ အကူအညီနဲ့ မေတ္တာသာ ကြုံရတာမို့ အလေးမမူ သတိမထားဘူးပေါ့။ အခု အရှင့်သား မြင်တွေ့ရသလို အရွယ်အိုမင်းသူတွေမှာ ဗျာဓိတရား ကျရောက်ပြီဆိုမှ အလွန်ထင်ရှား ပေါ်လွင်လာပါတယ်ဘုရား’

‘ဟုတ်နိုင်ပါ့မလား ရထားထိန်း၊ အကျွန်ုပ်ရဲ့ဝန်းကျင်မှာ သည်လို သူနာဆိုတာ တစ်စုံတစ်ဦးမျှ ရှိမလာခဲ့ဖူးဘူး။ တွေ့လည်း မတွေ့ခဲ့ဖူးဘူး။ တစ်ခုပဲ ထပ်မေးမယ်၊ သူနာဆိုတာကို ယခုလက်တွေ့ မြင်တွေ့နေရပြီမို့ လောကမှာ သူနာဆိုတာ ရှိတယ်ဆိုတာကတော့ ကျွန်ုပ် ငြင်းလို့မရဘူး၊ ထားလိုက်တော့။ ကျွန်ုပ်မေးချင်တာက အဲဒီနာခြင်း သဘောဆိုတာ ကျွန်ုပ်ထံ ရောက်လာနိုင်သလား’

‘မှန်လှပါ။ အရှင်မင်းသားအပါအဝင် လူသားအားလုံး၊ သက်ရှိသတ္တဝါ အားလုံးထံ မလွဲမသွေ တစ်နေ့မှာ ဆိုက်ရောက်လာမယ့် သဘောတစ်ခု ဖြစ်ပါတယ် အရှင်’

‘တော်ပြီ ရထားမှူး၊ အခုပဲ နန်းဆောင်ကို ရထားပြန်လှည့်တော့’

သည်တုန်းကလည်း ချောက်ချားတုန်လှုပ်ခြင်းများနှင့်အတူ နန်းတော်သို့ ပြန်လှည့်လာခဲ့သည်မှာ အမှတ်ထင်ထင်။ မင်္ဂလာဥယျာဉ်တော်သို့ ထွက်ခွာခဲ့သော ခရီးနှစ်ခုတွင် ကြုံတွေ့ခဲ့ရသည့် သူအိုနှင့် သူနာဆိုသော အနိဋ္ဌာရုံမြင်ကွင်းများက မင်းသိဒ္ဓတ်၏မျက်ဝန်းတွင် ပြန်လည်အရိပ်ထင်ဟပ်လာနေကြ၏။ တစ်ဆက်တည်းပင် မိမိထံသို့ တစ်ချိန်ချိန်တွင် မလွဲမသွေရောက်ရှိလာမည့် အိုခြင်းနှင့် နာခြင်း တရားနှစ်ပါးကို ကြောက်လန့်တုန်လှုပ်ခြင်းက လွှမ်းမိုးသွားသဖြင့် ယသော်ဓရာ၏မေးခွန်းကို ဖြေဖို့အသင့်မဖြစ်ဘဲ ရှိနေရ၏။

ယသော်ဓရာသည် သူ၏မေးခွန်းကို မဖြေကြားဘဲ ရုတ်ခြည်းနှုတ်ဆိတ်ဆွံ့အသွားသော မင်းသိဒ္ဓတ်ကို အကဲခတ်သလို တစ်ချက်မော့ကြည့်လိုက်၏။ အေးစက်တည်ငြိမ်နေသော မောင်တော်၏ မျက်နှာထားသည် တစ်စုံတစ်ရာ အင်အားကြီးသော အတွေးအကြံတစ်ရပ်၏ ဖမ်းစားမှုအောက်သို့ ရောက်ရှိသွားပုံရသည်ဟုတော့ အကြမ်းဖျင်း နားလည်လိုက်မိ၏။ သို့သော် မောင်တော်ကို မည်သည့်အတွေးအကြံ တစ်ရပ်ရပ်က ညှို့ငင်လွှမ်းမိုးလိုက်သလဲ ဆိုတာကိုတော့ အဖြေမရှာနိုင်။

‘နှမတော်မေးတာကို ဖြေပါဦး မောင်တော်ရဲ့။ မောင်တော် ဥယျာဉ်ကစားထွက်တော်မူတိုင်း ချမ်းမြေ့ကြည်သာနိုင်ခဲ့ပါစေလို့ ဆုတောင်းပေးနေခဲ့တဲ့ နှမတော်ရဲ့ဆုတောင်းကလေး ပြည့်ရဲ့လား ဆိုတာ’

‘ဟင်’



www.burmeseclassic.com

www.burmeseclassic.com

ယသော်ဓရာထံမှ ထပ်မံထွက်ရှိလာသော စကားသံကို ကြားလာရတော့မှ မင်းသိဒ္ဓတ် ဖျတ်ခနဲ သတိပြန်ဝင်သော်၏။ ဟုတ်သားပဲ၊ သည်မေးခွန်းကို ငါဖြေပေးရမှာပဲဟု အသိဝင်၏။ ဒါဖြင့် ဘယ်လိုဖြေရမလဲ။ မဟုတ်မမှန်သော မုသားစကားကိုတော့ မဆိုချင်။ သို့သော် အမှန်အကယ် တွေ့ကြုံခံစားခဲ့ရသည့်အတိုင်း ရှင်းရှင်းဘွင်းဘွင်းကြီး ဖြေကြားလိုက်လျှင်လည်း နှမတော် ယသော်ဓရာမှာ စိတ်နှလုံးညှိုးချုံးဖွယ် ဖြစ်တော့မည်။ သည်တော့ ကြားကျကျ မယုတ်မလွန် အဖြေမျိုးပေးတာပဲ သင့်လျော်ထိုက်မည်ဟု မင်းသိဒ္ဓတ် ဆုံးဖြတ်လိုက်သည်။

"နှမတော်ရယ်··နှမတော်ရဲ့ ဆုတောင်းက တစ်နည်းမဟုတ်ပေမယ့် နောက်တစ်နည်းနဲ့ ပြည့်တယ်လို့ပဲ ပြောရမယ် ထင်ပါရဲ့ကွယ်"

"မောင်တော် ဆိုလိုတာကို နှမတော် နားမလည်နိုင်ပါလား မောင်တော်"

"ဒီလိုပါ··မောင်တော် ဥယျာဉ်ကစားထွက်တော်မူခဲ့တဲ့ နှစ်ကြိမ်စလုံးမှာ နှမတော်ဆုတောင်းပေးသလို စိတ်နှလုံးရွှင်လန်းကြည်သာခြင်းကိုတော့ အပြည့်အဝမခံစားခဲ့ရသေးဘူး။ ဒါပေမဲ့ နန်းတော်ဆောင်ထဲမှာပဲ စံနေတော်မူသာနေခဲ့စာရင်တော့ အဲဒီထွက်တော်မူ နှစ်ကြိမ်စလုံးမှ မောင်တော့်အတွက် အကျိုးကျေးဇူးရှိခဲ့တာ အမှန်ပါ။ တွေးဆမြော်မြင် ဆင်ခြင်စရာ အတွေးအကြံတွေ မောင်တော့်မှာ ရလာခဲ့တယ်။ ချုံ့ပြီးပြောရရင် အချည်းနှီး အကျိုးမဲ့တော့ မဖြစ်ခဲ့ဘူးပေါ့ကွယ်။ အဲလိုအချည်းနှီး မဖြစ်ခဲ့တာကိုက ကျေနပ်စရာပေါ့။ အဲဒီကျေနပ်မှုကို ရတဲ့အတွက် နှမတော်ရဲ့ ဆုတောင်းက တစ်နည်းမဟုတ်ပေမယ့် တစ်နည်းနဲ့ ပြည့်တယ်လို့ ပြောရတာပါ။ သည်မျှဖြေရင် နှမတော် ဘဝင်ကျရောပေါ့"

တကယ်တမ်း ဝန်ခံရလျှင်တော့ ထိုချိန်ချိန်ဆဆ ဖြေကြားချက်ကို ယသော်ဓရာ ဘဝင်မကျချင်ပါ။

ဘယ်လိုတွေးဆမြော်မြင် ဆင်ခြင်စရာ အတွေးအကြံတွေများ ရခဲ့တယ်ဆိုတာ မသိရဘူးလား မောင်တော်ဟု မေးလိုက်ချင်၏။ သို့တစေ ယသော်ဓရာက ထိုဆန္ဒကို သတိဖြင့် ထိန်းချုပ်လိုက်၏။ မေးလိုက်မိကာမှ မောင်တော် စိတ်အနှောင့်အယှက် ဖြစ်သွားမှာကို မလိုလား။ ဥယျာဉ်တော်သို့ တတိယအကြိမ်မြောက် ထွက်ခွာမည့် မောင်တော်အား စိတ်ကြည်လင်ရွှင်လန်းစွာဖြင့်သာ ထွက်ခွာစေလိုသည်။ မည်သို့ဆိုစေ မောင်တော့်တွင် မိမိအား တိုက်ရိုက်ဖွင့်ဟပြောပြရန် အခက်အခဲရှိနေသည့် အတွေ့အကြုံသစ် တစ်ခုခုကို တွေ့ကြုံလာခဲ့ရပုံရသည်ဟုတော့ မှန်းဆမိနေ၏။ အဲဒီအတွေ့အကြုံသစ်ဟာ ဘာဖြစ်နိုင်သလဲ။ သူမ မသိ။ မောင်တော်ကလည်း မပြော။ မပြောမှတော့ မသိစေလို၍သာ ဖြစ်ပေမည်။ သည်တော့လည်း မသိသလို နေပေးလိုက်ခြင်းကသာ မောင်တော့်အတွက် မိမိ၏ အကောင်းဆုံး ဖြည့်ဆည်းမှုသာ ဖြစ်ချိမ့်မည်။

ယသော်ဓရာသည် အတွေးမျှင်တို့ကို ဖြတ်တောက်လိုက်ပြီးနောက် ကြည်စင်စွာ ပြုံးလိုက်သည်။

"ဘဝင်ကျပါတယ် မောင်တော်။ နန်းဆောင်ကနေ ထွက်ခွာပြီး မောင်တော်သွားခဲ့တဲ့ ဥယျာဉ်ကစား ခရီးတွေဟာ အချည်းနှီး အကျိုးမဲ့ မဖြစ်ခဲ့ဘူးဆိုတာနဲ့တင် နှမတော် ကျေနပ်လှပါပြီ။ ဒီနေ့ ထွက်ခွာမယ့် ခရီးစဉ်မှာလည်း မောင်တော် နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြည်သာခဲ့ပါစေလို့ နှမတော် ဆုတောင်းပေးလိုက်ပါတယ်။ အစစအရာရာမှာတော့ သတိရှိပါစေ မောင်တော်"

ယသော်ဓရာ၏ အဖြေသည် မင်းသိဒ္ဓတ်အဖို့ နှစ်လိုဖွယ်ပင် ဖြစ်သည်။

"အင်း··နှမတော်ရဲ့ ဆုတောင်းကလေး ပြည့်ပါစေလို့ မောင်တော်ကလည်း ထပ်ဆင့်ဆုတောင်းပါတယ် နှမတော်။ ကဲ··စိတ်လက်ကြည်သာစွာနဲ့သာ စံနေရစ်ခဲ့ပေဦးတော့။ ဥယျာဉ်ကစားထွက်ဖို့ အချိန်လင့်နေဦးမယ်။ ရထားမှူးနဲ့တကွ နောက်တော်ပါးတွေလည်း ပြင်ဆင်စောင့်စားနေကြရော့မယ်။ မောင်တော် ကြွချီဦးမယ် နှမတော်"

မင်းသိဒ္ဓတ်သည် စံနေရာကတ္တီပါဖုံမှ ထရပ်လိုက်သည်။ ပြီးနောက် ချစ်နှမယသော်ဓရာ၏ ရွှေရောင်ပြန့်ပြူးရွှေနဖူးပြင်ထက်သို့ သိမ်မွေ့ညှံ့သက်သော အနမ်းတစ်ပွင့်ကို ခြွေချလိုက်၏။ မယ်ယသော်သည် မင်းသိဒ္ဓတ်အား နန်းစုက်ရာဆောင် တံခါးဝအထိ လိုက်လံပို့ဆောင်၏။ လွယ်ပိုးထားရပြီဖြစ်သော ပတ္တမြားနှုတ်ငုံတော်ကြောင့် ခြေလှမ်းတော့ မသွက်။

ဤတတိယအကြိမ်မြောက် ဥယျာဉ်ကစား ခရီးစဉ်သည် သာယာပျော်ရွှင်ချမ်းမြေ့ခဲ့ရသော ခရီးဖြစ်ပါစေဟု ယသော်ဓရာက ဆုတောင်း၏။ ထိုဆုတောင်းပြည့်ပါစေ



www.burmeseclassic.com

www.burmeseclassic.com

ဟု မင်းသိဒ္ဓတ်ကလည်း ထပ်မံဆုတောင်း၏။ သို့ရာတွင် သံသရာစက်၌ ကျင်လည်ကြရကုန်သော သက်ရှိသတ္တဝါ အလုံးစုံတို့၏ တစ်ဘဝတာ နိဂုံးပုံရိပ်များကို တတိယ နိမိတ်အဖြစ် ပြသရန် နတ်မင်းတို့ ကြိုတင်ပြင်ဆင်နေနှင့်ကြပြီ။ စောင့်စားနေနှင့်ကြပြီဆိုသည်ကိုမူ မင်းသိဒ္ဓတ်ကိုယ်တော်တိုင်လည်းမသိ၊ နန်းဆောင်၌ ကျန်ရစ်ခဲ့သော ယံသော်ဓရာဒေဝီလည်း မသိ။ သူတို့နှစ်ဦးသာမဟုတ်၊ ဘဒ္ဒကမ္ဘာအတွက် သစ္စာပန်းတစ်ပွင့် လန်းစွင့်လာဖို့ အတွက် အဖူးမှသည် အငုံအဆင့်အထိ တက်လှမ်းရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်းကိုလည်း မည်သူမျှ မသိ။

◆◆◆

(၁၄)

ဆွတ်ဆွတ်ဖြူ ဖွေးဖွေးလျှ ပဒုမ္မာကြာအဆင်းရှိသော မြင်းလေးကောင်သည် အာဇာနည်မြင်းတို့ ဖြစ်သည်နှင့် အညီ ရှမ်းခနဲသော လေပေါ်ဝဲသည့် ကြာပွတ်သံတစ်ချက် အကြား ဖျတ်ခနဲသော တင်ပါးများပေါ်သို့ ထိလာသည့် ဇက်ကြိုးရိုက်ခတ်ချက် တစ်ချက်မှာပင် မင်္ဂလာရထားကို ဆောင်ကြဉ်းလျက် ညီညာဖြဖြ ခွာစုံချလျက် နန်းတော်ဆောင်မှ ထွက်ခွာလေပြီ။ မင်္ဂလာရထား စတင်ဘီးလိမ့်သည်နှင့်ပင် အခြားသော နောက်တော်ပါ ရထားတို့မှ ရထားမှူးများ၊ နံဘေးမှ စောင့်ရှောက်လိုက်ပါမည့် မြင်းသည်တော် ရဲမက်များလည်း လှုပ်လှုပ်ရှားရှား အသက်ဝင်လာကြတော့၏။

သိဒ္ဓတ္ထမင်းသားအား တင်ဆောင်မောင်းနှင်လာခဲ့ရသော ရထားမှူး၏ ရင်ထဲတွင်တော့ တဒိတ်ဒိတ်ခုန်အောင် တုန်လှုပ်လျက်ရှိ၏။ တုန်လှုပ်ရခြင်းတွင် အကြောင်းရှိပါသည်။ မင်းသား၏ ဆန္ဒအရ မင်္ဂလာဥယျာဉ်တော်သို့ ကစားပျော်ပါးရန်အတွက် သူ တာဝန်ယူရသော မင်္ဂလာရထားဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ရဖူးသည်မှာ နှစ်ကြိမ်ရှိခဲ့ပြီ။ သို့ရာတွင် တစ်ကြိမ်မျှ မအောင်မြင်ခဲ့ဟုဆိုရမည်။ မင်္ဂလာဥယျာဉ်တော်သို့တိုင် ရောက်အောင် မသွားလိုက်ရဘဲ လမ်းတစ်ဝက်မှာပင် လှည့်လှည့်ပြန်ခဲ့ရသည်ချည်းဖြစ်ခဲ့၏။ တစ်ကြိမ်က လမ်းခုလတ်တွင် သူအိုကိုတွေ့၍၊ နောက်တစ်ကြိမ်က သူနာကိုတွေ့၍ မင်းသား၏ အမိန့်တော်အတိုင်း နန်းဆောင်သို့ ပြန်လှည့်မောင်းခဲ့သည်ချည်းပင်။ ထိုအကြောင်းကို မင်းသားနှင့် ရထားမှူးဖြစ်သော သူတို့နှစ်ယောက်တည်းသာ သိကြ၏။ ရထားမှူးမှာလည်း ထိုကိစ္စကို အိမ်မှဇနီးမယားကိုပင် ဖွင့်ဟမပြောဝံ့ဘဲ လျှို့ဝှက်ရေငုံထားရ၏။ ဥယျာဉ်တော်အထိ မရောက်ကြဘဲ လမ်းတစ်ဝက်မှာပင် လှည့်လှည့်ပြန်ခဲ့ကြရသည့်ကိစ္စသည် ရထားမှူး၏ စိတ်နှလုံးကို အချိန်ပြည့် ခြိမ်းခြောက်လျက်ရှိ၏။

အဘယ်ကြောင့်ဆိုသော် မင်းသား၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မင်းသားဥယျာဉ်ကစားရာမှ တစ်ခေါက်ပြန်လာလေတိုင်း မင်းသား၏ နန်းဆောင်ဝန်းကျင်ကို လုံခြုံရေးရဲမက်များ တိုးမြှင့်ချထားရန် အမိန့်ထုတ်ထုတ်နေသည်ကိုထောက်၍ ဤဥယျာဉ်တော်ခရီးစဉ်အပေါ် တစ်စုံတစ်ရာသော သံသယဝင်နေပုံရသည်ဟု တွေးစရာ ဖြစ်နေသည်လေ။ အကယ်၍ မင်းကြီးကသာ ရထားမှူးကို ခေါ်ခဲ့စမ်းဟု ခေါ်ယူစစ်ဆေးပါက သူသည် လမ်းတစ်ဝက်ကချည်း လှည့်လှည့်ပြန်ခဲ့ကြရသော ခရီးစဉ်တို့ကို ဇကန်ပြောပြရမည် ဖြစ်၏။ ထိုသို့ပြောပြလိုက်သည်နှင့် သူ့စကားတစ်ခွန်းကို အခြေတည်ကာ ပြဿနာက မီးခိုးကြွက်လျှောက် လိုက်လာတော့မည်။

မင်းကြီးသည် သူ့သားတော် စံမြန်းရာ နန်းဆောင်သုံးဆောင်၏ သုံးဂါဝုတ်ပတ်လည်၌ဖြစ်စေ၊ မင်းသားဥယျာဉ်ကစားထွက်တော်မူရာ လမ်းခရီးစဉ်၌ဖြစ်စေ မည်သို့သော မတင့်တယ် မဖွယ်ရာသည့် အနိဋ္ဌာရုံမြင်ကွင်းများ၊ အသံဗလံများ မမြင်,မကြားစေရအောင် အထူးကြပ်မတ် ရှင်းလင်းဖယ်ရှား တားကြရမည်ဟု အမိန့်တော်ထုတ်ပြန်ထားခဲ့သည် မဟုတ်လော။

ထိုအမိန့်တော်ကြီး ရှိနေပါလျက်နှင့် မင်းသား၏ ဥယျာဉ်ကစားခရီးစဉ်တွင်မှ စိတ်ညစ်ညူးဖွယ်ကောင်းသော ဘယ်ဆီက သူအို၊ သူနာ အနိဋ္ဌာရုံတွေ ပေါ်လာသနည်းဟု ဆိုလာလျှင် အားလုံး အခက်တွေ့ကြရတော့မည်။ အဲဒါမှ တကယ်မီးခိုးကြွက်လျှောက် ပြဿနာကြီးဖြစ်တော့၏။ လုံခြုံရေးတာဝန် ချထားခံရသော ရဲမက်အများလည်း တစ်ဆင့်ပြီးတစ်ဆင့် ပြစ်ဒဏ်ကျကုန်မည်။ တစ်ပြိုင်နက်တည်းတွင်လည်း ဤစကား၊ ဤထွက်ချက်သည် ရထားမှူးထံမှ စလာခဲ့ခြင်းဖြစ်သည်ဟု ဒဏ်ကျ ရဲမက်အများစုကြီး၏ ဝိုင်းဝန်းပြစ်တင်မှုနှင့်အတူ မြားဦးက သူ့ဘက်သို့ ပြန်လှည့်လာနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com

ပေါ့တော်လော။

ထို့ကြောင့် ရထားမှူးသည် ထိုအကြောင်းကိစ္စကြီးကို တွေးမိတိုင်း ပူပူပင်ပင်ဖြင့် သက်ပြင်းတချချ ဖြစ်နေခြင်းတည်း။ သူနှင့် မင်းသားတို့ အတူတကွ မြင်တွေ့ခဲ့ကြရသော သူအို၊ သူနာတို့သည်လည်း ဤမျှတင်းကျပ်စွာ စောင့်ကြပ်လျက်ရှိသော လုံခြုံရေးအစောင့်အရှောက်ရဲမက်များအကြားမှ မည်သို့မည်ပုံ ရောက်ရှိပေါ်ပေါက်လာခဲ့ရသနည်း။ ရထားမှူးသည် ထိုပြဿနာကို အဖြေရှာဖို့ ဉာဏ်မမီနိုင်အောင် ဖြစ်နေရတော့၏။

ဟော..ယနေ့လည်း တတိယအကြိမ်မြောက် ဥယျာဉ်အစားခရီးစဉ်ကို စတင်ထွက်ခွာလာခဲ့ကြရပြန်ပြီ။ ရထားမှူးကား ခရီးစဉ်စတင်ကတည်းက တထိတ်ထိတ် တုန်လှုပ်နေမိ၏။ သည်နေ့ရော အဆင်မှချောပါ့မလား။ ခရီးမှဆုံးပါ့မလား။ မည်သည့်နေရာ၌ မည်သို့သော အနှောင့်အယှက် ပေါ်လာလေဦးမလဲဟု စိတ်တထင့်ထင့်ရှိ၏။

မင်းသားကို လှည့်ကြည့်လိုက်သောအခါ အရှင်မင်းသားကတော့ စိတ်ကြည်လင်ရွှင်လန်းနေပုံရ၏။ လမ်းဘေးဝဲယာမှ စိမ်းလန်းသော တောတောင်ရေမြေ ရှုမျှော်ခင်းတွေကို ငေးမောကြည့်ရှုရင်း လိုက်ပါလာ၏။ အစစအရာရာ လိုလေသေးမရှိအောင် အဖျော်တော်၊ အဖြေတော်များနှင့် စံနေတော်မူရသည်ဆိုသော်လည်း တစ်နေ့လာလည်း သည်နန်းဆောင်၊ တစ်နေ့လာလည်း သည်အထိန်းအယတို့ဖြင့်သာ တစ်နေ့တာ ကုန်ဆုံးရခြင်းမှ လွတ်မြောက်လာ၍ တကယ့်ပြင်ပသဘာဝလောက ရှုမျှော်ခင်းများကို မြင်တွေ့ရခြင်းသည် မင်းသားအဖို့တော့ အသစ်ရရှိသော အလာဘ်တစ်ပါးပင် ဖြစ်လိမ့်မည်ဟု ရထားမှူးက စာနာမိပါသည်။

ရထားပြေးလမ်းနှင့် ဝဲယာဝန်းကျင်အနှံ့သို့ ဖြန့်ကြက်လျက်ရှိသော နေမင်း၏အလင်းက ရင့်လာသည်။ အာဇာနည် မြင်းဖြူလေးကောင် က,သော မင်္ဂလာရထားသည် ပြေးလမ်းတစ်လျှောက်၌ ပုံမှန်အရှိန်နှုန်းဖြင့် ပြေးလွှားလျက်ရှိသည်။ ရထားမှူးသည် ရှေ့တူရူသို့ လှမ်းမျှော်ကြည့်ရှုနေရင်း မျက်ခုံးအစုံ တွန့်ကွေးသွားသည်။ ရင်အစုံမှာလည်း ဒိန်းခနဲခုန်လှုပ်သွား၏။ ဟိုးရှေ့ခပ်ဝေးဝေးက လမ်းကွေးတစ်နေရာတွင် လှုပ်လှုပ်ရှားရှားရှိနေသော လူအစုအပ်ကို မြင်လာရသောကြောင့်ဖြစ်သည်။ ခက်ပုံက သူတို့မင်္ဂလာရထား၏ ရှေ့ဘက်မှ ရှေ့တော်ပြေး မြင်းသည်တော် ရဲမက်များသည် ထိုလူအုပ်ကို ကြိုတင်ဖယ်ရှား ရှင်းလင်းခြင်းမပြုကြဘဲ မမြင်မတွေ့ကြသည့်အလားလူအုပ်စုကို ဖြတ်ကျော်ကာ သူတို့မြင်းများကို အပြင်းစိုင်းသွားကြခြင်းဖြစ်၏။ စင်စစ်၌ ထိုလူအုပ်သည် အလောင်းတော် မင်းသားအား တတိယနိမိတ်ကိုပြသရန် ကြိုတင်ပြင်ဆင် စောင့်ဆိုင်းနေနှင့်ခဲ့ကြသော နတ်များဖြစ်ကြ၍ ရှေ့တော်ပြေး မြင်းသည်တော်များ မမြင်နိုင်သောကြောင့် ဖြတ်ကျော်တက်ကာ စီးတော်မြင်းများကို စိုင်းနှင်သွားကြခြင်းဖြစ်ကြောင်း ရထားမှူး မသိ။

ရထားမှူးသည် နောက်ဘက်သို့လှည့်၍ အရှင်မင်းသားကို မသိမသာ အကဲခတ်လိုက်၏။ ခက်ချေပြီ၊ မင်းသားသည်လည်း ထိုလူအုပ်ကို လှမ်းမျှော်တွေ့မြင်နေပုံရသည်။ အကြောင်းမူ မင်းသား၏ အကြည့်တို့သည် ထိုလူအုပ်ထံသို့သာ စူးစိုက်နေလျက်ရှိသောကြောင့်တည်း။ ဤသို့အားဖြင့်ပင် သူတို့၏ မင်္ဂလာရထားသည် ထိုလူအုပ်အနီးသို့ တရွေ့ရွေ့ချဉ်းကပ်ဆိုက်ရောက်လာခဲ့တော့သည်။

'ရထားမှူး..အဲဒီလူအုပ်အနီးမှာ ရထားကိုရပ်စမ်း'

ထုံးစံအတိုင်းပါပဲကလား။ အနှောင့်အယှက်ကြုံလာရပြန်ပေပြီဟု ကြိတ်၍သက်ပြင်းရှိုက်ချလိုက်ရင်း ရထားမှူးက မြင်းဇက်ကြိုးတို့ကို တင်းဆွဲရပ်တန့်စေလိုက်ရပြန်၏။ လှမ်းကြည့်လိုက်သောအခါ ယခင်နှစ်ကြိမ်ကထက်ပင် ပိုမိုဆိုးရွားသောမြင်ကွင်းကို မြင်လိုက်ရသဖြင့် ရထားမှူးပင် အတော်စိတ်ညစ်သွားသည်။ သူ့နောက်ပါးတွင်ရှိနေသော အရှင်မင်းသားအဖို့ဆိုလျှင် ဆိုဖွယ်ရှိတော့မည်ပင်မဟုတ်။

သည်တစ်ခါမြင်ကွင်းက လူစုလူဝေးနှင့် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းအုံနေသော လူများ၏အလယ်ရှိ စင်ကလေးပေါ်တွင် ဆန့်ဆန့်မတ်မတ် လဲလျောင်းနေသော သူသေတစ်ဦးက ပက်လက်အနေအထားဖြင့် ရှိနေ၏။ ထိုသူသေအလောင်းကောင်၏နံဘေးတွင် ပူပင်သောကကြီးစွာ အော်ဟစ်ငိုယိုနေကြသော အမျိုးသမီးကြီးငယ်တို့လည်း ရှိနေကြ၏။ သူတို့၏ တမ်းတပူဆွေးခေါ်ငင်သံများ၊ ငိုကြွေးမြည်တမ်းသံများကလည်း မကြားချင်အဆုံး။ နံဘေးတွင်ရှိနေသော အထက်ပိုင်း ကိုယ်တုံးလုံး၊ အောက်ပိုင်းတွင် နံငယ်ပိုင်းသာသာ ဒူးဆစ်ထိရုံမျှ အဝတ်ပုဆိုးတိုတို ဝတ်ဆင်ထားကြသော ယောကျ်ားသားကြီးအချို့က အလောင်းကောင်ရှိရာ စင်ကပ်ကလေး အောက်ဘက်သို့ လက်မောင်းမျှ၊ ပေါင်ရင်းမျှ ထင်းခြောက်တုံးကြီးများ ထိုးထည့်နေကြကုန်၏။

'ဒီလူအုပ်ဟာ ဘာတွေအလုပ်ရှုပ်နေကြတာလဲ ရထားမှူး'

အရှင်မင်းသားထံမှ တုန်လှုပ်လှိုင်းခတ်လျက်ရှိသော အမေးစကားသံ ထွက်ပေါ်လာခဲ့၏။

'သူတို့အလယ် ဝါးစင်ကပ်ကလေးပေါ်က သူသေကို မီးတိုက်သင်္ဂြိုဟ်ဖို့ ပြင်ဆင်နေကြပုံပါ အရှင်'

'ဒါဆိုရင် အဲဒီနံဘေးက ဝိုင်းဝန်းခေါ်ငင် ငိုကြွေးနေကြသူ မိန်းမတွေကကော'

'သေဆုံးသွားတဲ့သူသေရဲ့ ကျန်ရစ်ခဲ့တဲ့ ဆွေမျိုးသားချင်း၊ ဇနီးမယားနဲ့ သမီး၊ တူမ အစစတို့ ဖြစ်ပါလိမ့်မယ် အရှင်။ သူတို့ဟာ သူသေကို တမ်းတပြီး ပူဆွေးငိုကြွေးခေါ်ငင်နေကြတာ ဖြစ်ပါတယ်'

'သို့ပေမယ့် သူသေဆိုသူကတော့ ဘာမှတုံ့ပြန်ခြင်း မပြုပါလား ရထားမှူး'

'မှန်ပါ၊ ခေါ်သော်လည်း မကြားတော့ပါ။ ကျွေးသော်လည်း မစားတော့ပါ။ မေးသော်လည်း မပြောတော့ပါ။ သူသေဟာ သေဆုံးခြင်းမရဏတရားရဲ့ လောင်းရိပ်အောက်ကို ရောက်ရှိသွားပြီဖြစ်၍ ကျန်ရစ်သူများနှင့် ဤဘဝတစ်ဘဝအဖို့ ပြတ်စဲပြီးဆုံးသွားခဲ့ပါပြီဘုရား။ ဒါကြောင့် ကျန်ကြွင်းတဲ့သူ့ရဲ့ရုပ်ခန္ဓာကို အသက်ရှင်ကျန်ရစ်ခဲ့သူများက မီးသင်္ဂြိုဟ်ခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ် မြေကျင်း၌ မြှုပ်နှံ၍သော်လည်းကောင်း ဖျောက်ဖျက်လိုက်ကြဖို့ ပြင်ဆင်နေကြတာ ဖြစ်ပါတယ်။ သူသေဟာ ဒီဘဝအဖို့ ဘယ်တော့မှ ပြန်မလာတော့မယ့် မရဏာလမ်းကို အပြီးတိုင် ထွက်ခွာသွားပါပြီ။ ဒါကိုပဲ သေခြင်းလို့ ဆိုပါတယ် အရှင်'

မင်းသား၏ မျက်လုံးအစုံတို့သည် ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် ဝိုင်းစက်ပြူးကျယ်လာကြကုန်၏။ ပြီးနောက် တုန်ခိုက်ချောက်ချားနေသော အမေးစကားသံ။

'ဘာပြောတယ် ရထားမှူး၊ ဒါဟာ သေခြင်းတဲ့လား။ ငါ့မှာရော အဲဒီသေခြင်းသဘောဆိုတာ ရှိသလား'

'အရှင်မင်းသားသာလျှင် မကပါဘူး၊ ခပ်သိမ်းသော သူတို့မှာ သေခြင်းသဘော ရှိကြပါတယ် အရှင်'

'အိုး..ကျွတ် ကျွတ် ကျွတ်..ဒါဟာ ခပ်သိမ်းသော သူတို့မှာ အလိုအလျောက် သင့်နေပြီးဖြစ်တဲ့ ကြောက်မက်ဖွယ် ကျိန်စာတစ်ခုပါလား ရထားမှူး'

ရထားမှူး၏ ဖြေကြားချက်အဆုံးတွင် အရှင်မင်းသားထံမှ မဆိုင်းမတွ ထွက်ပေါ်လာခဲ့သော စိတ်သ[illegible] ညည်းညူသံနှင့် မှတ်ချက်စကားဖြစ်သည်။ ရထားမှူးသည် စိုးရိမ်ကြီးစွာဖြင့် မင်းသားကို လှည့်ကြည့်အကဲခတ်လိုက်မိ၏။ လမ်းတစ်လျှောက်တွင် ရွှင်လန်းကြည်စင်ခဲ့သော မင်းသား၏ မျက်နှာသည် ယခုမူ နေထိပန်းနွမ်း[illegible] နွမ်းရော်နေချေပါပြီကော။ သို့ရာတွင် မည်သည့်နှစ်သိမ့်စကားလုံးတို့ကိုမျှ ရထားမှူး ရှာ၍မရ။ မင်းသား၏ ပျက်ယွင်းညှိုးနွမ်းသွားသော မျက်နှာထားကိုကြည့်ရင်း ဆွံ့အနွတ်ဆိတ်နေမိ၏။

ထိုခဏမှာပင် ရှိုက်ထုတ်လိုက်သော ပင့်သက်ချ[illegible] နှင့်အတူ မိမိလိုက်နာခဲ့ရမြဲဖြစ်ခဲ့သော မင်းသား၏ အ[illegible] စကားသံကို ရထားမှူး ကြားလိုက်ရတော့၏။

'အချင်းရထားမှူး..မင်္ဂလာရထားကို ယခုပဲ [illegible] တော်ဘက် ပြန်လှည့်လိုက်တော့။ မင်္ဂလာဥယျာဉ်[illegible] ထွက်လာခဲ့မိသမျှမှာ ယခုတတိယအကြိမ် မြင်လိုက်ရ[illegible] ကျိန်စာဟာ အပြင်းထန်ဆုံးပဲ။ သည်ကျိန်စာတွေ[illegible] အကြောင်းရင်းကို ငါ တွေးမှ ဖြစ်တော့မယ်။ အ[illegible] ရထားကို ပြန်လှည့်မောင်းနှင်ပေတော့ ရထားမှူး'

'အမိန့်တော်အတိုင်းပါ အရှင်မင်းသား'

(ဆက်လက်ဖော်ပြပါ

နန္ဒာစိုး([illegible]ငြိမ်း[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာခေတ်အခါက အိန္ဒိယနိုင်ငံကို ဇမ္ဗူဒိပ်ကျွန်းဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြသည်။ ဇမ္ဗူဒိပ်ကျွန်းတွင် များစွာသော တိုင်းနိုင်ငံများစွာ ရှိသည်။ ဘုရင်များအုပ်ချုပ်သကဲ့သို့ ဒေသများစွာတို့တွင် ဒီမိုကရေစီနိုင်ငံများ ရှိကြသည်။ ထိုဒီမိုကရေစီနိုင်ငံများအနက် လိစ္ဆဝီတို့၏ ဂဏအုပ်ချုပ်ရေး ဝဇ္ဇီနိုင်ငံသည် ထင်ရှားပြဌာန်းထားသော နိုင်ငံဖြစ်သည်။

လိစ္ဆဝီတို့၏ နေပြည်တော်မှာ ဝေသာလီဖြစ်သည်။ ဝေသာလီ၏ သန္တာဂါရ၌ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သော ရာဇာ၊ ဥပရာဇာခေါင်းဆောင်တို့ စုပေါင်းဖွဲ့စည်းထားသည့် ဂဏသန္တာ အမည်ရှိ လွှတ်တော် စည်းဝေးသဘင် ကျင်းပပြုလုပ် အုပ်ချုပ်သည်။

(၇၇၀၇)ဦးသော လိစ္ဆဝီကိုယ်စားလှယ်များ သန္တာဂါရလွှတ်တော်၌ စည်းဝေးကြသည်။ သူတို့တွင် ဘုရင်ကဲ့သို့ အမှူးအချုပ်ဟူ၍ မရှိ။ သန္တာဂါရ၌ အားလုံး အတူတူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘွတ်တော်၌ ကိုယ်စားလှယ်များက နိုင်ငံရေး၊ လူမှုရေး သည့်အဆိုများ တင်ကြသည်။ အဆိုများကို မဲဆန္ဒများ ရာလိုက်၍ ဆုံးဖြတ်ချက်ချကြ သည်။

◆◆◆



# အတ္တအစွဲကြီးသူ

# သစ္စကာဆိုတဲ့လူ

တစ်ရက်ကျတော့ အယူဝါဒပေါင်း(၅၀၀) ကိုယ်စီ ကျွမ်းကျင်သည့် ပရိဗိုဇ်တစ်ယောက်နှင့် ပရိဗိုဇ်မတစ်ယောက် ဝေသာလီမြို့သို့ ရောက်လာသည်။ အဘယ် အရပ်မှ ရောက်လာကြသည်ကိုမသိ။ ထိုပရိဗိုဇ်ယောက်ျား နှင့် ပရိဗိုဇ်မတို့သည်လည်း ဝေသာလီ ရောက်မှ အချင်းချင်း သိကြသည်။

သူတို့ ကိုယ်စီမှာ မတူသည့် အယူဝါဒ (၅၀၀)စီ ရှိကြသည်။ လိစ္ဆဝီမင်း(၇၇၀၇)ယောက်ကလည်း ဝါဒရေးရာ လေ့လာဖို့ အလွန်ဝါသနာ ပါကြသည်။ သို့ဖြစ်၍ ထိုပရိဗိုဇ်(၂) ယောက်ကို ဝါဒအချေအတင် ပြောဆိုပွဲ ပြုလုပ်စေသည်။ ပရိဗိုဇ်(၂)ယောက်၏ ပညာစွမ်းရည် ချင်း တူညီကြ၍ လိစ္ဆဝီမင်းတို့က သရေပွဲအဖြစ် သတ်မှတ်ပေးလိုက်သည်။

တစ်ဖန် လိစ္ဆဝီမင်းတို့မှာ အကြံတစ်ခု ရပြန်သည်။ ထိုပရိဗိုဇ်(၂)ယောက်ကို ထိမ်းမြားလက်ထပ်ပေး၍ ရလာသော သားသည် ဝါဒရေးရာတွင် လိမ္မာကျွမ်းကျင်သူ ဖြစ်လာမည် အမှန်ဖြစ်သည်။ ထိုအကြံအတိုင်း ပရိဗိုဇ် ယောက်ျားနှင့် ပရိဗိုဇ်မိန်းမကို လက်ထပ်ပေးလိုက်သည်။

www.burmeseclassic.com

သူတို့ကို ဝေသာလီမြို့မှာဖဲ နေစေသည်။

ထိုပရိုဗိုဇ်တို့မှ သမီး(၄)ယောက်နှင့် သား(၁)ယောက် ဖြစ်ထွန်းသည်။ ပရိုဗိုဇ်သမီး(၄)ယောက်၏ အမည်မှာ သစ္စာ၊ လောလာ၊ အဝဝရိကာ၊ ပဋိစ္ဆာဒါတို့ ဖြစ်သည်။ အငယ်ဆုံးသား၏အမည်မှာ ကုဋ္ဌဒန္တအမည်ရှိသော သစ္စက ဖြစ်သည်။

ထိုပရိုဗိုဇ် ဇနီးမောင်နှံတို့၏ သားသမီး(၅)ယောက် အရွယ်ရောက်၍ အမိဘက်မှ ဝါဒ(၅၀၀)၊ အဖဘက်မှ ဝါဒ(၅၀၀)၊ ပေါင်း ဝါဒ(၁၀၀၀) သင်ယူတတ်မြောက်ကြသည်။

မိဘနှစ်ပါးက သမီး(၄)ယောက်ကို ဤသို့မှာခဲ့သည်။

'အကယ်၍ လူတစ်ယောက်ယောက်က သမီးတို့၏ အယူဝါဒကို ချေဖျက်နိုင်ရင် ထိုသူ၏မယားပဲ ဖြစ်နေကြပေတော့။

အကယ်၍ ရဟန်းတစ်ပါးပါးက သမီးတို့ အယူဝါဒကို ချေဖျက်နိုင်ရင် ရဟန်း၏အထံ၌ ရဟန်းပြုကြပေတော့'

မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် နှစ်အတော်ကြာသည့်အခါ မောင်ငယ် သစ္စကပရိုဗိုဇ်သည် အစ်မကြီးလေးယောက်တို့ထက် ပညာသာလွန်တတ်လာသည်။ ဝါဒ(၁၀၀၀)ထက် ကျော်လွန်ပြီး အယူဝါဒများစွာ လေ့လာသင်ယူ တတ်မြောက်လာသည်။

သစ္စကပရိုဗိုဇ်သည် ဘယ်ကိုမျှမသွားဘဲ ဝေသာလီမြို့၌သာ နေထိုင်လျက် လိစ္ဆဝီမင်းသားငယ်များကို အယူဝါဒရေးရာ အတတ်ပညာ သင်ကြားပေးလျက်ရှိသည်။ လိစ္ဆဝီမင်းသားများ၏ ဆရာကြီး ဖြစ်လာသည်။

သစ္စကပရိုဗိုဇ်သည် ငါ၏ ဝမ်းဗိုက်သည်ကား ပညာဖြင့် မဆံ့နိုင်လောက်အောင် ပြည့်နေ၍ ကွဲပေါက်မသွားအောင်ဟု တွေးတောကြံစည်ကာ မိမိ၏ဝမ်းဗိုက်ကို သံပြားဖြင့် ပတ်၍နေလေသည်။

လိစ္ဆဝီမင်းတွေက ပိုအထင်ကြီးအောင်ပဲလား၊ ကိုယ့်ကိုယ်ကိုယ် အတ္တအထင်ကြီးလွန်းနေသည်လား၊ နှစ်ခုစလုံးပဲ သစ္စက ဖြစ်နေပုံရသည်။

သစ္စကပရိုဗိုဇ်၏ အစ်မကြီးလေးယောက်သည် ပညာတေဒဂ်ရ တရားစစ်သူကြီး အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် တွေ့သည်။ ပရိုဗိုဇ်မလေးယောက်သည် သူတို့ တတ်မြောက်သော ဝါဒ(၁၀၀၀)ဖြင့် တရားစစ်သူကြီးကိုမေး မေးတိုင်း၊မေးတိုင်း တရားစစ်သူကြီးက ပြဿနာအ အထွေး၊ အဖုအထစ်မရှိအောင် ဖြေကြားခဲ့သည်။ နောက် ထပ်မေးစရာ မရှိတော့ဘဲ မာန်စွယ်ကျိုးကာ ဘိက္ခုနီ ခွင့်လျှောက်တင်ကြသည်။

တရားစစ်သူကြီးသည် ဘိက္ခုနီသံဃာထံ စေလွှတ် ၍ ရဟန်းမများအဖြစ်သို့ ရောက်စေသည်။ ရဟန်းမလေး ယောက်သည် သိသင့်သိထိုက်သော တရားများကို တတ် သိနားလည်ကျွမ်းကျင်သော ထေရီမကြီးတို့ထံ သင်ကြား နာယူကြသည်။ ထို့နောက် ရဟန်းတရားကို မမေ့မလျော့ ကြိုးစားအားထုတ်ရာ မကြာမီပင် မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်၌စည်ကာ အာသဝေါကုန်ခန်း ရဟန္တာ များအဖြစ်သို့ ရောက်ရှိကြလေကုန်သည်။

◆◆◆

**သစ္စက၏ အတ္တဝါဒကြွေးကြုံး**

ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့ မဟာဝုန်တော ပြ သာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ နေတော်မူစဉ် ထိုပရိုဗိုဇ်မ လေးယောက်သည် ရဟန္တာအဖြစ်သို့ ရောက် ကြခြင်း ဖြစ်သည်။

မောင်အငယ်ဆုံး သစ္စကပရိုဗိုဇ်သည် လိစ္ဆဝီမင်းသ လေးများကို အတတ်ပညာ သင်ကြားပေးရင်း စကား အပြိုင်အဆိုင် ပြောဆိုတတ်သူ ဖြစ်သည်။ သစ္စကသ သူ့ကိုယ်သူလည်း ငါကပညာရှိဟု ပြောဆိုလေ့ရှိသည် လူအများကလည်း သစ္စကပရိုဗိုဇ်ကို သူတော်ကောင်း သမုတ်ကြသည်။

တစ်ရက်မှာဖြင့် သစ္စကပရိုဗိုဇ်က-

'ဘယ်ဝါဒလမ်းစဉ်ကဖြစ်ဖြစ် ငါ့ကို အပြစ်တင်ပြော ဆိုရင် ငါက မယိမ်းမယိုင် မတုန်မလှုပ်ဘူး။ လက် ကြား(လက်ကြားမှ) ချွေးမထွက်မည့် ရဟန်းပရိသတ်ရှိ ဂိုဏ်းရှိသူ၊ ဂိုဏ်းဆရာဖြစ်သူ၊ သမဏဗြဟ္မဏဟု ဝန် သူ၊ ကိလေသာကို ပယ်နိုင်တဲ့အတွက် တရားအားလုံး ကိုယ်တိုင်မှန်စွာ သိသောကြောင့် ဘုရားဟု ဝန်ခံသူ ကိုပဲဖြစ်ဖြစ် ငါ မတွေ့ မမြင်ဖူးဘူး။

စိတ်မရှိသော တုံးတိုင်ကိုသော်လည်း စကား ငါ အပြစ်တင်ပြောဆိုရင် တုံးကြီးပဲဖြစ်ဖြစ်၊ တိုင်ကြီး ဖြစ် တုန်လှုပ်ယိမ်းယိုင်သွားမှာပဲ။ လူဖြစ်ရင်တော့ အ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားမယ်ဆိုတာ မပြောချင်တော့ဘူး' ဟု အတ္တတံခွန် ကြွားထူနေလေသည်။

သစ္စကပရိဗိုဇ်၏ ကြုံးဝါးသည့်စကားထဲတွင် လက်ကတီးကြား ချေးမထွက်မည့် ရဟန်းပရိသတ်ရှိသူဟူသော စကား၏အဓိပ္ပာယ်မှာ ယခုခေတ်စကားဖြင့် ပြောရလျှင် ငါမေးတဲ့စကား မဖြေနိုင်လို့ ဇောချွေးပြန်သွားမယ်ဆိုသည့် သဘောဖြစ်သည်။

သစ္စကပရိဗိုဇ်က လူမဆိုထားနဲ့ သက်မဲ့သစ်တုံးပဲဖြစ်ဖြစ်၊ သစ်သားတိုင်ပဲဖြစ်ဖြစ် ငါက အပြစ်တင်ပြောဆိုရင် တုန်လှုပ်ယိမ်းယိုင်သွားမှာ သေချာတယ်ဟု သူ့အတ္တဝါဒစကားသံကို သက်မဲ့ပစ္စည်းတောင် မခံနိုင်ကြောင်း ပြောလိုက်ခြင်းဖြစ်သည်။

◆◆◆

**ပထမဦးစွာ သစ္စကပရိဗိုဇ်**
**အရှင်အဿဇိထေရ်နှင့် တွေ့ခြင်း**

သစ္စကသည် ဗုဒ္ဓအယူဝါဒကို အပြစ်ဆိုဖို့ကြံစည်ကာ လှည့်လည်သွားလာနေသူ ဖြစ်သည်။ သစ္စကသည် အရှင်အဿဇိထေရ် ဝေသာလီမြို့တွင်း ဆွမ်းခံကြွလာသည်ကို အဝေးက မြင်လိုက်သည်။

'ငါက ရဟန်းဂေါတမရဲ့ အယူဝါဒကို အပြစ်ဆိုဖို့ ကြံစည်ရာမှာ သူ့အယူဝါဒအကြောင်း ကောင်းကောင်း သိမှ ဖြစ်မယ်။ ငါမြင်လိုက်တဲ့ ရဟန်းဟာ ဂေါတမရဲ့ အသည့်ထဲမှာ ထင်ရှားသူဖြစ်တယ်။ အဿဇိကို ဂေါတမရဲ့ အယူဝါဒ အရင်မေးဦးမှပဲ' ဟု သစ္စကကြံစည်ကာ အရှင်အဿဇိထံသွား၍ မိတ်ဆက်သည်။

သစ္စကပရိဗိုဇ်က စကားစ၍-

'အို··အဿဇိတပည့်တွေကို ရဟန်းဂေါတမက ဘယ်လိုဆုံးမလဲ။ ဘာတွေညွှန်ကြားလဲ' ဟု မေးသည်။

'ရဟန်းတို့··ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် အမြဲမရှိ။ အတ္တမဟုတ်။ အနိစ္စ၊ အနတ္တသာ ဖြစ်ကုန်၏' ဟု ဆုံးမကြောင်း အရှင်အဿဇိထေရ်က ဖြေသည်။

ဒုက္ခအချက်ကိုပါ ထည့်သွင်းဖြေကြားခဲ့သော် မဂ်ဖိုလ်တို့သည်လည်း သင်္ခါရဒုက္ခအနေဖြင့် လာသောအရာချည်း ရှိသည်ဖြစ်၍ သစ္စကသည် စွပ်စွဲပြစ်တင်ဖို့ အခွင့်ရသွားနိုင်သည်။

သို့ဖြစ်၍ အဿဇိထေရ်သည် ဒုက္ခကို ထည့်မပြောခြင်း ဖြစ်သည်။

ဒုက္ခကို ထည့်ပြောခဲ့သော်-

'အို··အဿဇိ၊ ထိုမဂ်ဖိုလ်အကျိုးငှာ ရဟန်းပြုကြတဲ့ သင်တို့ဟာ ထိုမဂ်ဖိုလ်သည် သင်္ခါရဒုက္ခတွင် ပါဝင်သည်ဖြစ်၍ သင်တို့ရဲ့ အားထုတ်မှုသည် ဒုက္ခကိုခံစားဖို့ အတွက်သာ ဖြစ်တယ်' ဟု သစ္စကအတွက် ပြောခွင့်ရသွားနိုင်သည်။

ထို့ကြောင့် အရှင်အဿဇိသည် ပရိယာယ်စကားဖြစ်သော ဒုက္ခကိုချန်လှပ်၍ နိပ္ပရိယာယ-မုချစကားဖြစ်သော အနိစ္စ၊ အနတ္တ နှစ်ချက်ကိုသာ ပြောကြားတော်မူခြင်းဖြစ်သည်။

'တစ်ချိန်ချိန်မှာတော့ အရှင်ဂေါတမနှင့် တွေ့ဦးမှာပဲ။ စကားအပြန်အလှန်ပြောဆိုမှု ဖြစ်ကောင်းဖြစ်လိမ့်မယ်' ဟု သစ္စကပရိဗိုဇ်က အရှင်အဿဇိထေရ်ကို ပြောသည်။

◆◆◆

**သစ္စပရိဗိုဇ်နှင့် လိစ္ဆဝီမင်းတို့ ဗုဒ္ဓထံသို့ သွားကြခြင်း**

သစ္စကပရိဗိုဇ်သည် အရှင်အဿဇိထေရ်နှင့် တွေ့ချိန်တွင် လိဝစ္ဆဝီမင်း(၅၀၀)တို့သည် မင်းကွန်းဗိုလ်တဲ၌ ကိစ္စတစ်ခုအတွက် စည်းဝေးနေကြသည်။

'အရင်က ရဟန်းဂေါတမရဲ့ အယူဝါဒကို မသိသေးလို့ ဂေါတမရဲ့ အယူဝါဒကို အပြစ်တင်စကား မပြောခဲ့ရဘူး။ ယခု သိပြီ။ လိစ္ဆဝီမင်း(၅၀၀)ပါ ခေါ်သွားမယ်' ဟု သစ္စက အကြံရသည်။

'အို··လိစ္ဆဝီမင်းတို့၊ လာကြ··လာကြ။ ဒီနေ့ ရဟန်းဂေါတမနှင့် ငါ အယူဝါဒစကား အချေအတင်ပြောဆိုဖြစ်လိမ့်မယ်။ ယခုပဲ ရဟန်းဂေါတမရဲ့တပည့် အဿဇိရဟန်းနှင့် တွေ့တယ်။

အဿဇိက ငါ့ကို အနိစ္စ၊ အနတ္တဟု ဝန်ခံသည့်အတိုင်း ရဟန်းဂေါတမက ဝန်ခံခဲ့ရင် အားကောင်းတဲ့ယောကျ်ားဟာ အမွေးရှည်ရှိတဲ့သိုးကို အမွေးရှည်ကို ဆုပ်ကိုင်ကာ ဆွဲလည်းဆွဲ၊ တွန်းလည်းတွန်းသလို ငါက ရဟန်းဂေါတမရဲ့ ဝါဒလမ်းစဉ်ကို ငါ့ဝါဒလမ်းစဉ်နဲ့ ဆွဲလည်းဆွဲ၊ တွန်းလည်းတွန်း လုပ်ပြလိုက်မယ်' ဟု ပြောကာ လိစ္ဆဝီမင်းတို့ကို ဗုဒ္ဓထံ ခေါ်သွားသည်။

သစ္စက၏ စကားကို အသိပညာနည်းသည့် လိစ္ဆဝီ

www.burmeseclassic.com

www.burmeseclassic.com

မင်းတို့က 'ရဟန်းဂေါတမက သစ္စကပရိဗိုဇ်အပေါ် အယူဝါဒနှင့်ပတ်သက်လို့ ဘယ်လိုမှ အပြစ်တင်နိုင်မှာမဟုတ်ဘူး။ သစ္စကပရိဗိုဇ်ကသာ ဂေါတမအပေါ် အပြစ်ဆိုနိုင်လိမ့်မယ်'ဟု ပြောကြသည်။

အချို့သော အသိဉာဏ်ပညာရှိကြသော လိစ္ဆဝီမင်းတို့က သစ္စကဟာ ဘယ်လိုလူစားဖြစ်လို့ ဗုဒ္ဓအပေါ် ဝါဒနှင့်စပ်လို့ အပြစ်တင်ဆိုနိုင်မှာလဲ။ ဗုဒ္ဓကသာ သစ္စကပရိဗိုဇ်အပေါ် အပြစ်တင်နိုင်လိမ့်မယ်ဟု ပြောကြသည်။

သစ္စကပရိဗိုဇ်နှင့် လိစ္ဆဝီမင်း(၅၀၀)တို့သည် နေမွန်းတည့်ချိန်၌ မဟာဝုန်တောအတွင်း ကူဋာဂါရကျောင်းတိုက်ရှိရာအရပ်သို့ ရောက်သွားကြသည်။ စင်္ကြံကြွနေသော ရဟန်းတို့ထံ အရင်စုံစမ်းသည်။

'အရှင်ဂေါတမ ဘယ်မှာနေလဲ။ ငါတို့ အရှင်ဂေါတမကို တွေ့မြင်လိုတယ်'ဟု သစ္စကပရိဗိုဇ်က မေးသည်။

မနက်ဖြန် သစ္စကပရိဗိုဇ်သည် လိစ္ဆဝီမင်းတို့ကိုခေါ်ကာ ဗုဒ္ဓအပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်ပြောဖို့ လာလိမ့်မယ်ဟု မြတ်ဗုဒ္ဓသည် ကြိုတင်သိမြင်တော်မူ၏။

သို့ဖြစ်၍ 'ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် စောစောကပင် ကိုယ်လက်သုတ်သင်တော်မူ၍ ရဟန်းအပေါင်း ခြံရံကာ ဝေသာလီမြို့၌ ဆွမ်းခံလှည့်လည်တော်မူသည်။ ဆွမ်းကိစ္စပြီးသော် ပရိသတ်များ ချမ်းသာစွာနေနိုင်ခြင်းငှာ ဂန္ဓကုဋိတိုက်တော်သို့မဝင်ဘဲ မဟာဝုန်တောအတွင်း အရိပ်ကောင်းသော သစ်တစ်ပင်၌ နေ့သန့်နေထိုင်တော်မူလျက်ရှိသည်'ဟု ရဟန်းတို့က ဖြေသည်။

◆ ◆ ◆

<u>သစ္စကသည် အနိုင်းမဲ့ဗုဒ္ဓနှင့် ဝါဒချင်းပြိုင်ပြီ</u>

သစ္စကသည် ဗုဒ္ဓနှင့် ဝါဒပြိုင်ဆိုင်မည်ကို ကြားကြ၍ ဝေသာလီမြို့သားတို့သည် လိစ္ဆဝီမင်းသား(၅၀၀)နှင့်အတူ လိုက်ပါလာကြသည်။

သစ္စကသည် ဗုဒ္ဓထံ မေးခွန်းမေးခွင့် တောင်း၍ရသဖြင့် ဤသို့ အမေးအဖြေပြုကြသည်။

'အရှင်ဂေါတမသည် တပည့်သာဝကတို့ကို မည်သို့ဆုံးမသနည်း'

'သစ္စက··ငါသည် ရဟန်းတို့ကို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် အမြဲမရှိ။ အတ္တမဟုတ်။ အလုံးစုံကုန်သော သင်္ခါရတို့သည် အနိစ္စ၊ အနတ္တသာ ဖြစ်ကုန်၏ဟု ဆုံးမ၏'

'အို··အရှင်ဂေါတမ၊ ဥပမာတစ်ခု ပြောပြမယ်။ သစ်ပင်တို့၊ မျိုးစေ့တို့သည် မြေကြီး၌ တည်ကြ၏။ လူတို့သည်လည်း မြေကြီးတည်ပြီး အလုပ်လုပ်ကြရသည်။ ထို့အတူ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌ တည်၍ ကုသိုလ်၊ အကုသိုလ် ပြုလုပ်ကြရသည် မဟုတ်လား'

သစ္စကပရိဗိုဇ်၏ စကားအဓိပ္ပာယ်မှာ ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်၊ သတ္တဝါတို့အတွက် မြေကြီးကဲ့သို့ တည်ရာဖြစ်၏။ ထိုသတ္တဝါတို့သည် ဤခန္ဓာငါးပါးတို့၌ တည်ကြ၍ ကုသိုလ်၊ အကုသိုလ်တို့ကို အားထုတ်ကြရသည်။

ဤသို့လောကမျက်မြင် အလွန်ထင်ရှားရှိနေသော အတ္တကိုပယ်ပြီး အရှင်ဂေါတမသည် အနတ္တဟူ၍ ပြဆို၏ဟု ဆိုလိုခြင်း ဖြစ်သည်။

သစ္စကပရဗိုဇ်ကို မြတ်ဗုဒ္ဓ ဆုံးမမှုရမည့် ပုဂ္ဂိုလ်မျိုးမှန်း သိသဖြင့် ဗုဒ္ဓသည် သစ္စကဝါဒ၌ အပြစ်တင်ရန် ဤသို့ မေးသည်။"

'သစ္စက··သင်သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ငါ၏ကိုယ်အတ္တတည်းဟု ဆိုသလော'ဟူ၍ သစ္စက၏ ဆိုလိုရင်းစကားကို ဆုပ်ကိုင်၍ ပြန်မေးလိုက်ခြင်း ဖြစ်သည်။

သစ္စကပရိဗိုဇ် ဤသို့ ကြံစည်သည်။

'ရဟန်းဂေါတမသည် ငါ့ရဲ့ အတ္တဝါဒကို ပရိသတ်အလယ်မှာ ဒါ ဝန်ခံစေတာပဲ။ တကယ်လို့များ ငါ့ရဲ့အတ္တဝါဒမှာ အပြစ်တစ်စုံတစ်ရာ ဖြစ်လာရင် ငါတစ်ယောက်တည်း မခံရအောင် ဝေသာလီပြည်သူများရဲ့ ခေါင်းပေါ်သို့ ပစ်ချမယ်'

'အရှင်ဂေါတမ··ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည်,ငါ၏ ကိုယ်အတ္တဟု ငါတင် ပြောတာမဟုတ်ဘူး။ ဝေသာလီပြည်သားများကလည်း ပြောကြတယ်'

ဗုဒ္ဓမြတ်စွာသည် သစ္စက အကြံအစည်ကို သိမြင်၍ သစ္စက၏ ကိုယ်လွတ်ရုန်းခြင်းကို အခွင့်မပေးဘဲ လူပရိသတ်များစွာထဲမှ သစ္စကကို သီးခြားခွဲ၍ သစ္စကတစ်ယောက်တည်းကိုသာ အပြစ်ပြ နှိမ်နင်းပေးအံ့ဟု ကြံတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

'သစ္စက..လူအပေါင်းကို မပြောနှင့်။ မိမိဝါဒကိုသာ ...ဖြေရှင်းလော့'ဟု ဗုဒ္ဓက မိန့်ဆိုသည်။

သည်တော့မှ သစ္စကသည်-

'အရှင်ဂေါတမ..ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ...ဏတို့သည် ငါ၏ ကိုယ်အတ္တတည်းဟု အကျွန်ုပ် ...ပါ၏'ဟု ဝန်ခံသည်။

'သစ္စက..သင် ဝန်ခံသဖြင့် သင့်ကိုပဲ ဆက်မေးဦး ...။ အဘိသိက်သွန်းပြီးသည့် ပသေနဒီကောသလမင်း၊ ...တသတ်မင်းတို့သည် မိမိတို့နိုင်ငံ၌ သတ်ဖြတ်ညှဉ်း ...ထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲနိုင်သည့် အာဏာသည် ...နိုင်သလော'

'အရှင်ဂေါတမ..ဖြစ်နိုင်ပါ၏။ အဘိသိက်သွန်းပြီး ...သော ရေမြေ့ရှင်တို့ကို မဆိုထားနှင့်၊ ဤအစည်းအရုံး ...ကြီးဖြစ်သည့် ဝဇ္ဇီတိုင်းအစိုးရ၊ မလ္လတိုင်းအစိုးရတို့ ...သည်ပင် ထိုအာဏာမျိုးသည် ဖြစ်နိုင်ပါသည်'

ဗုဒ္ဓက သစ္စကပရိဗိုဇ်၏ အတ္တဝါဒအယူကို ဥပမာ ...ပြခြင်းကို မလိမ္မာသူ သစ္စကသည်-

'ကိုယ့်ကို သတ်မဲ့ဓားကို ဓားမှန်းမသိဘဲ ထိုဓားကိုပဲ ...အောင် သွေးပေးသကဲ့သို့ အဘိသိက်သွန်းပြီး မင်း ...မဆိုထားနှင့် ဝဇ္ဇီတိုင်းအစိုးရ၊ မလ္လတိုင်းအစိုးရတို့ပင် ...အာဏာမျိုးရှိသည်'ဟု ဝန်ခံပြီး ဖြစ်သည်။

'သစ္စက..ငါ မေးမယ်။ အကြင်ရုပ်ကို သင်၏အတ္တ ...တည်းဟု သင်ပြောတယ်။ သည်လိုဆိုရင် ငါ့ရုပ်ကို ဤ ...ဖြစ်စေ၊ ထိုလိုမဖြစ်စေနှင့်ဟု သင်က အမိန့်အာဏာ ... ခိုင်းနိုင်သလော'

သစ္စက စဉ်းစားပြီ။

ခေတ်စကားနှင့် ပြောရရင် ခေါင်းစားပြီပေါ့။

'ရဟန်းဂေါတမသည် ငါ့ရဲ့အတ္တဝါဒကို ချိုးဖျက်ဖို့ ...ထုတ်ဆောင်ပြခဲ့ပြီ။ ငါ မလိမ္မာလို့သာ ဂေါတမရဲ့ ...ကို ထောက်ခံမိရုံမက အထူးပြုပြီး ဖြေဆိုခဲ့မိတယ်။ ... ပျက်စီးခြင်းမလှ ပျက်စီးခဲ့ပြီ။

ရုပ်ပေါ်မှာ ငါက အာဏာထားနိုင်ပါတယ်လို့ ပြော ...လိစ္ဆဝီမင်းတွေက ဒီမယ် သစ္စက..သင်က ရုပ်အပေါ် ...အာဏာရှိတယ်ဆိုရင် ငါတို့ကို တာဝတိံသာနတ်သားတွေ ... အဆင်းလှပတင့်တယ်အောင် သင် လုပ်နိုင်မှာပဲ။ ...ကိုယ်သင်လည်း လှအောင် လုပ်မှာပဲ။ ယခု သင် ဘာကြောင့်မလှပ မတင့်တယ်သူ ဖြစ်နေလဲ။ သည်လိုမေး လိမ့်မယ်။

ငါသည် ရုပ်အပေါ်မှာ အာဏာမတည်ပါလို့ ဖြေ ကြားပြန်ရင်လည်း ရဟန်းဂေါတမက ငါ့ရဲ့ ရှေ့စကားနှင့် နောက်စကား မညီတာကို အပြစ်တင်ပေလိမ့်မယ်'

သို့ဖြစ်၍ သစ္စကပရိဗိုဇ်သည် ဗုဒ္ဓ၏အမေးကို မဖြေ ဆိုဘဲ ဆိတ်ဆိတ်နေလေသည်။

ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် နှစ်ကြိမ်ထပ် မေးရာ သစ္စကသည် မဖြေဆိုဘဲ ဆိတ်ဆိတ်သာ နေလေ သည်။

◆◆◆

## ဘီလူးယောင်ဖန်ဆင်း သိကြားမင်းကို ကြောက်၍ သစ္စက (၃)ကြိမ်မြောက်မှာ ဖြေရပြီ

ဤတွင် မှတ်သားဖွယ်ရာကား ဘုန်းတော်ကြီးတော် မူသော ဗုဒ္ဓက သုံးကြိမ်တိုင်အောင် အကြောင်းနှင့် မေး တော်မူပါလျက် မဖြေကြားဘဲနေလျှင် ဗုဒ္ဓအား ညှဉ်းပန်း မှုကို ပြုရာရောက်သောကြောင့် ဓမ္မနိယာမအားဖြင့် မဖြေ ကြားသူ၏ ဦးခေါင်းသည် (၇)မြွာ (၇)စိတ် ကွဲနိုင်၏။

ဗုဒ္ဓတို့မည်သည် သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားတော်မူ၏။ ပျက်စီးရန် မလိုလားပေ။

ထို့ကြောင့် ဗုဒ္ဓသည် (၃)ကြိမ်မြောက် မမေးဘဲ ဤသို့ သစ္စကပရိဗိုဇ်အား မိန့်ကြားတော်မူသည်။

'သစ္စက..ယခုပင် ဖြေကြားလော့။ ဗုဒ္ဓက (၃)ကြိမ် တိုင်အောင် အကြောင်းအားလျော်ကန်သော အမေးပုစ္ဆာ ပြဿနာကိုမေးလျက် တစ်စုံတစ်ယောက်သောသူသည် မဖြေကြားဘဲ နေငြားအံ့၊ ထိုသူ၏ဦးခေါင်းသည် (၇)စိတ် ကွဲနိုင်ရာ၏'ဟု မိန့်တော်မူသည်။

ထိုအချိန်တွင် သိကြားမင်းသည် ဘီလူးအသွင်ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်လျက် မီးအလျှံရှိသော သံဝရိန်လက်နက်ကို စွဲကိုင်၍ သစ္စကသည် သုံးကြိမ် တိုင် မေးသော အမေးပုစ္ဆာကို မဖြေကြားဘဲ နေခဲ့လျှင် ဤနေရာ၌ပင် သစ္စက၏ ဦးခေါင်းကို (၇)စိတ်ခွဲအံ့ဟု သစ္စက၏ အထက်ကောင်းကင်၌ ရပ်နေလေသည်။

ဘီလူးအသွင်ရှိ သိကြားမင်းကို မြတ်ဗုဒ္ဓနှင့် သစ္စက ဤနှစ်ဦးသာ မြင်ကြကုန်၏။

သိကြားမင်းက ယခုကဲ့သို့ လုပ်ရသည်မှာလည်း မြတ်



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓကဲ့သို့ပင် သိကြားမင်းသည် သစ္စကအပေါ် သနားခြင်း ကရုဏာရှိ၍ပင်။ ကြောက်မက်ဖွယ်ရုပ်အဆင်း ဖန်ဆင်း ပြခြင်းသည် သစ္စက၏ မိစ္ဆာအယူကို စွန့်စေလို၍ ဖြစ်သည်။ အမှန်အားဖြင့် ဗုဒ္ဓ၏ရှေ့တော်မှောက်၌ တစ်စုံတစ်ယောက်သောသူမျှ အကျိုးမဲ့ပျက်စီးရီးမည်သည် မရှိပေ။

သစ္စကသည် ဘီလူးအသွင် ဖန်ဆင်းသော သိကြားမင်းကိုမြင်၍ သူ့ဓာတ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ထွက်လာသည်။ သူ့ဝမ်းဗိုက်တစ်ခုလုံး အသံကြီး မြည်လျက်ရှိသည်။ အခြားသူများကို ကြည့်တော့လည်း သူတို့တွေ ဘာမျှမဖြစ်။

'အကယ်၍ ငါက ဘီလူးကြီး မြင်တယ်ပြောချေက ငင်းတို့သည် ငါတို့တော့ ဘီလူးကို မမြင်။ သစ္စက··သင် ရဟန်းဂေါတမနှင့် ဝါဒပြိုင်ပွဲဆင်ခဲ့မှ သင်တစ်ယောက်တည်း ဘီလူးမြင်တာပဲ။ ဤလိုပြောကြလိမ့်မည်' ဟု သစ္စက စဉ်းစားမိသည်။

သစ္စကသည် ဤတွင် ရဟန်းဂေါတမမှတစ်ပါး ငါ့အတွက် အခြားကိုးကွယ်ရာ မရှိတော့ပြီဟု သိမြင်လာကာ 'အရှင်ဂေါတမ··အကျွန်ုပ်ကို မေးပါလော့။ အကျွန်ုပ် ဖြေကြားပါတော့မည်'ဟု ဗုဒ္ဓအား လျှောက်သည်။

'သစ္စက··ရုပ်သည် ငါ၏အတ္တဟု သင်ပြောဆိုသည်။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ထိုသို့ဖြစ်စေဟု သင် အာဏာတည်နိုင်သလော'

'အရှင်ဂေါတမ··အာဏာမတည်နိုင်ပါ'

'သစ္စက··ဆင်ခြင်စဉ်းစားလော့။ သင်၏ ရှေ့စကားနှင့် နောက်စကားသည်လည်းကောင်း၊ နောက်စကားနှင့် ရှေ့စကားသည်လည်းကောင်း အချင်းချင်း မဆက်စပ်ပါတကား'ဟု ဗုဒ္ဓမိန့်တော်မူ၏။

ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း ထိုသဘောအတိုင်း အမေး၊ အဖြေ မိန့်တော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် ခန္ဓာငါးပါးတို့၏ အနတ္တဖြစ်ပုံသဘောကို ထင်ရှားစေခြင်းငှာ သစ္စကပရိဗိုဇ်အား သုံးပြန်ကျော့၍ မေးဖြေခြင်းဖြစ်သော တေ့ပရိဝဋ် ဓမ္မဒေသနာတော်ကို ဟောတော်မူသည်။

◆◆◆

**အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ မှန်ကြောင်း သစ္စက ဝန်ခံရပြီ**

သစ္စကသည် ရုပ်သည် မမြဲ၊ မမြဲသော အရာသည် ဆင်းရဲပါသည်ဟု သစ္စက ဝန်ခံလျှောက်ထားသည်။

'မမြဲ၊ ဆင်းရဲ၊ ဖောက်ပြန်သည့် သဘောရှိသော ထိုရုပ်ကို ငါ၏ဥစ္စာဟု တဏှာဖြင့်လည်းကောင်း၊ ဤရုပ်သည် ငါဖြစ်၏ဟု မာနဖြင့်လည်းကောင်း၊ ဤရုပ်သည် ငါ၏ အတ္တဖြစ်၏ဟု ဒိဋ္ဌိဖြင့်လည်းကောင်း ရှုခြင်းငှာ မသင့်လျော်ပါဘုရား'ဟု ဗုဒ္ဓထံမှောက်၌ သစ္စက ဝန်ခံလေသည်။

'သစ္စက၊ သင်သည် ကိလေသာကို ပယ်သတ်နိုင်သော တရားအားလုံးကို ကိုယ်တိုင် မှန်စွာသိသော ဘုရားဟု ဝန်ခံသူကိုလည်းကောင်း ငါ မတွေ့မမြင်။ စိတ်မရှိသော တုံးတိုင်ကိုသော်လည်း ငါ့ဝါဒလမ်းစဉ်ဖြင့် ငါ အပြစ်တင်ဆိုငြားအံ့၊ ထိုတုံးတိုင်တို့သော်မှလည်း တုန်လှုပ်ယိမ်းယိုင်လေရာ၏။ လူဖြစ်သော သူမှာကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း'ဟု သင် ပြောဆိုကြွေးဝါးခဲ့၏။

ယခုမူ သစ္စက သင့်မှာသာ နဖူးမှ ကျကုန်သော ချွေးသီးချွေးပေါက်တို့သည် အပေါ်ရုံကိုဖောက်၍ မြေကြီး၌ တည်ကုန်၏။

သစ္စက··ငါ့မှာမူကား ယခုကိုယ်၌ ချွေးမရှိ'ဟု ဗုဒ္ဓ မိန့်ဆိုတော်မူသည်။

ဗုဒ္ဓသည် သင်္ကန်းတော်ကို ကိုင်တော်မူ၍ လက်လေးသစ်ခန့် အောက်သို့ချ၍ ရွှေအဆင်းရှိသော ကိုယ်တော်ကို ဖွင့်လှစ်ပြတော်မူသည်။

လူအများတို့သည် သစ္စက ကိုယ်မှ ချွေးသီးချွေးပေါက် ကျနေသည်ကို မြင်ကြသည်။ ထူထဲသော သင်္ကန်းကြီးကို ဝတ်ရုံလျက်ရှိသော ရဟန်းဂေါတမ၏ သင်္ကန်းအတွင်း၌ ချွေးရှိသည်၊ မရှိသည်ကို မသိရသဖြင့် ယုံမှားနိုင်သည်။

ထိုသို့ ယုံမှားနိုင်မှုကို ပယ်ဖျက်ခြင်းငှာ ဗုဒ္ဓသည် ဤသို့ လက်လေးသစ်မျှ ကိုယ်ခန္ဓာကို ဖွင့်လှစ်ပြခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓသည် သင်္ကန်းတော်ကို အောက်သို့ချလျှော့ပင် ရွှေရောင်အဆင်းရှိသော ပီတရောင်ခြည်တော်တို့သည် အစုလိုက်အစုလိုက် ဖြစ်ကြကုန်၍ ရွှေအိုးမှထွက်သော ရွှေနီဖလံရည်ကဲ့သို့လည်းကောင်း၊ နီမြန်းသော တိမ်တိုက်မှ ထွက်ကုန်သော လျှပ်စစ်နွယ်ကဲ့သို့လည်းကောင်း ကြွကွန့်မြူးတော်မူကြ၍ ရွှေမှုရီးစည်နှင့်တူသော ကိုယ်တော်မြတ်ကို လက်ယာရစ်လှည့်ကာ ဖောင်းကား



www.burmeseclassic.com

ကိသွားကြလေကုန်၏။

♦♦♦

**များတဲ့ သစ္စက**

သစ္စကပရိဗိုဇ်၏ ပါးစပ်မှ စကားတစ်ခွန်းမျှ ထွက်တော့ဘဲ မျက်နှာမသာမယာနှင့် ခေါင်းငိုက်စိုက်ကျ ကြံရာမရ မှိုင်တွေ၍နေလေသည်။

ဤမြင်ကွင်းကို မြင်လျက်ရှိသော လိစ္ဆဝီမင်းများထဲ ဒုမ္မုခလိစ္ဆဝီမင်းသားသည် ဗုဒ္ဓအား စကားတစ်ခွန်း လျှောက်ခွင့်ပြုရန် ပန်ကြားသည်။

ခွင့်ပြုချက်ရ၍ ဥပမာတစ်ခုကိုဆောင်၍ ဤသို့ လျှောက်သည်။

'လူငယ်တို့သည် ရွာအနီးက ရေကန်ထဲရှိ ပုစွန်လုံး ဖမ်း၍ ကုန်းပေါ်သို့ တင်ကြသည်။ ပြီးတော့ ပုစွန် ၏ ခြေချောင်း၊ လက်ချောင်းတို့ကို ဖြတ်ပစ်ကြသည်။

ထိုပုစွန်လုံးသည် ရေကန်ထဲသို့ ပြန်ဆင်း၍ မရသကဲ့ သို့ သစ္စကပရိဗိုဇ်၏ ထောင်ထလှုပ်ရှားနေသော အယူဝါဒ ခြေချောင်း၊ လက်ချောင်း အားလုံးတို့ကို ဘုန်းတော်ကြီး တော်မူသော ဗုဒ္ဓသည် ဖြတ်ထားပြီးပါပြီဘုရား။

သစ္စကသည် နောက်ထပ်တစ်ဖန် ဗုဒ္ဓထံသို့ အယူ ဝါဒ ယှဉ်ပြိုင်ရန် မလာဝံ့တော့ပါဘုရား' ဟု လျှောက်၏။

ဒုမ္မုခလို လိစ္ဆဝီမင်းသားက သူ့လို ဝါဒရေးရာဆရာ ကြီးကို ပရိသတ်အလယ်မှာ ကဲ့ရဲ့ရှုတ်ချခံလိုက်ရသည် ကြောင့် မာယာအကြံဖြင့် 'ဟဲ့…ဒုမ္မုခ၊ သင့်စကား ရပ် လိုက်စမ်း။ ငါ သင်နှင့် မပြောချင်ဘူး။ အရှင်ဂေါတမ နှင့်သာ ပြောဆိုခြင်းဖြစ်တယ်' ဟု တားမြစ်စကား ဆို သည်။

တစ်ချိန်တည်းမှာပဲ လိစ္ဆဝီမင်းသား တစ်ပါးစီသည် ဥပမာတစ်ခုစီနှင့် ပြောဖို့ အဆင်သင့်စောင့်နေကြသည်။ ဒုမ္မုခ၏စကား ပြီးဆုံးချိန်ကိုသာ စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ဤသည်ကိုလည်း သစ္စကသည် ကောင်းကောင်းရိပ် မိသည်။

ဒုမ္မုခလိုပဲ လိစ္ဆဝီမင်းသားတစ်ပါးစီက ဥပမာတစ်ခု စီနှင့် ငါ့ကိုနှိပ်ကွပ်ရင် ပရိသတ်အလယ်မှာ ခေါင်းထောင် နိုင်တော့မှာ မဟုတ်ဘူး။

ဒီတော့ သူတို့ပြောတဲ့ စကားဆက် ပြတ်အောင် ရဟန်းဂေါတမကို ပြဿနာဆက်လျှောက်မှ ဖြစ်မယ်ဟု သော မာယာအကြံဖြင့် ဗုဒ္ဓအား အရှင်ဂေါတမ၏ အဆုံး အမကို လိုက်နာသူ အဘယ်မျှလောက် ရှိပါသလဲ။ အဘယ်မျှလောက် အသိဉာဏ်ဖြင့် အာသဝေါကုန်ပြီးသူ ရဟန္တာဖြစ်ပါသလဲဟု ဗုဒ္ဓအား မေးလျှောက်သည်။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်အတ္တမဟုတ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်၏ဟု ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် ရှုမြင်သော သူသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော သေက္ခအရိယာပုဂ္ဂိုလ်လည်း ဖြစ်နိုင်၏။ အာသဝေါကုန် ခန်း ရဟန္တာလည်း ဖြစ်နိုင်၏ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော် မူသည်။

♦♦♦

**သစ္စက မိမိအပြစ်ကို ဝန်ခံ၍ ဆွမ်းစားပင့်ခြင်း**

သစ္စကပရိဗိုဇ်သည် မိမိ၏ အတ္တဝါဒနှင့် ဗုဒ္ဓအား ယှဉ်ပြိုင်ငြင်းခုံဖို့ အကြံကုန်သွားတော့ပြီဖြစ်သောကြောင့် ဥပမာ(၃)ရပ်ကိုဆောင်၍ မိမိအပြစ်ကို ဝန်ခံလေသည်။

'အရှင်ဂေါတမ…အကျွန်ုပ်တို့သည် အရှင်ဂေါတမ ကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆိုထိုက်၏ဟု ထင်မှားမိ ခဲ့ပါသည်။ သို့ဖြစ်၍ အကျွန်ုပ်တို့သည်သာလျှင် ဂုဏ်ကို ချေဖျက်သူများ ဖြစ်ကြပါကုန်၏။ အကျွန်ုပ်တို့သည် နှုတ် ထွက်ကြမ်းကာ စကားမောက်မာသူ ဖြစ်ကြပါကုန်၏။

ဥပမာအားဖြင့် အမုန်ယစ်သောဆင်ကို ပုတ်ခတ်ရိုက် နှက်သူသာ ချမ်းသာကောင်း ချမ်းသာပါမယ်။ အရှင် ဂေါတမကို ပုတ်ခတ်စကားဆိုရင် ချမ်းသာခြင်း လုံးဝ မဖြစ်နိုင်ပါ။

အလျှံတပြောင်ပြောင် တောက်လောင်နေသော မီးပုံ ကြီးကို ထိပါးရင် ထိုလူ ချမ်းသာကောင်း ချမ်းသာပါ မယ်။ အရှင်ဂေါတမကို ဝါဒပြိုင်စကားနှင့် ပုတ်ခတ်ရင် ထိုလူများမှာ ချမ်းသာခြင်း လုံးဝမရနိုင်ပါ။

အဆိပ်ပြင်းသောမြွေကို ရိုက်ပုတ်ရင် ထိုလူမှာ ချမ်း သာမှု ရနိုင်ပါသေးတယ်။ အရှင်ဂေါတမ၏ ဩဝါဒဆုံးမ စကားကို ပုတ်ခတ်စော်ကားရင် ထိုလူများ လုံးဝမချမ်း သာနိုင်ပါ'

ထိုသို့ မိမိအပြစ်ကို ဝန်ခံပြီးနောက် သစ္စကပရိဗိုဇ် သည် 'အရှင်ဂေါတမသည် မနက်ဖြန် ကောင်းကျသိုလ်

www.burmeseclassic.com

www.burmeseclassic.com

အလိုငှာ အကျွန်ုပ်၏ဆွမ်းကို ရဟန်းသံဃာနှင့်အတူ ခံယူတော်မူပါ' ဟု လျှောက်ရာ ဗုဒ္ဓသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူသည်။

သို့ပေမယ့် သစ္စကပရိဗိုဇ်ဆိုတဲ့လူကတော့ ဆရာကြီး လုပ်ရသမျှ ဤသို့ လုပ်လိုက်သေးသည်။

'လိစ္ဆဝီမင်းတို့ ငါ့စကား နားထောင်ကြ။ ရဟန်းဂေါတမကို ရဟန်းသံဃာနှင့်အတူ မနက်ဖြန် ငါ့အိမ်၌ ကုသိုလ်ကောင်းမှု လုပ်မယ်။ ရဟန်းဂေါတမနှင့် လျှောက်ပတ်သည့် ဝတ္ထုတို့ကို ငါ့ထံ ယူဆောင်ခဲ့ကြ' တဲ့။

လိစ္ဆဝီမင်းတို့သည် သစ္စကပရိဗိုဇ်၏အထံသို့ ပို့ဆွမ်းအုပ်(၅၀၀)မျှ ပို့ကြသည်။

◆◆◆

**ဗုဒ္ဓဟောကြား ဒါနတရား**

သစ္စကပရိဗိုဇ်သည် ဗုဒ္ဓနှင့် ရဟန်းသံဃာတော်များအား မွန်မြတ်သော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ပြုစုလုပ်ကျွေးလေသည်။

'အရှင်ဂေါတမ ဤအလှူဒါနကောင်းမှု၏ အကျိုးရင်း အကျိုးဆက် အကျိုးဖျားများသည် အလှူဒါယကာ လိစ္ဆဝီမင်းတို့၏ ချမ်းသာခြင်းငှာ ဖြစ်ပါစေ' ဟူ၍ သစ္စကသည် မြတ်ဗုဒ္ဓအား လျှောက်ထားသည်။

သစ္စကပရိဗိုဇ်က ထိုကောင်းမှုသည် လိစ္ဆဝီမင်းတို့၏ ကောင်းမှုဖြစ်ပေလိမ့်မည်ဟု စဉ်းစားကြံစည်မိ၍ လျှောက်ဆိုခြင်း ဖြစ်သည်။

အမှန်စင်စစ် ထိုဆွမ်းအလှူသည် သစ္စကပရိဗိုဇ် ဆွမ်းအလှူသာဖြစ်၏။ အကြောင်းကား လိစ္ဆဝီမင်းတို့၏ ပို့ဆွမ်း(၅၀၀)သည် သစ္စကထံသို့ ပို့ခြင်းဖြစ်၍ သစ္စကအားသာ လှူရာရောက်၏။ ဗုဒ္ဓအမှူးပြုသော သံဃာတော်တို့ကိုကား သစ္စကကိုယ်တိုင် ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သောကြောင့် သစ္စကပရိဗိုဇ်၏ ဆွမ်းအလှူသာ ဖြစ်ပေ၏။

သို့ဖြစ်၍ ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် အမှန်သို့ရောက်အောင် ဤသို့ မိန့်ဆိုတော်မူလေ၏။

'သစ္စက သင့်ကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးသော အလှူခံပုဂ္ဂိုလ်ကိုစွဲ၍ ပေးလှူသော ဒါနကောင်းမှုသည် လိစ္ဆဝီမင်းတို့အတွက် ဖြစ်ပေလိမ့်မည်။

ငါကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟ ကင်းပြီးသူ အလှူခံပုဂ္ဂိုလ်ကိုစွဲ၍ ပေးလှူသော ဒါနကောင်းမှုသည်ကား သင့်အတွက်ဖြစ်ပေလိမ့်မည်။

◆◆◆

**သစ္စကပရိဗိုဇ် နောင်နှစ်ပေါင်း(၂၀၀)ကြာမှ ရဟန္တာဖြစ်ခြင်း**

ဗုဒ္ဓမြတ်ဘုရားသည် သစ္စကပရိဗိုဇ်အား နိဗ္ဗာန်ရောက်ကြောင်း တရားများစွာ ဟောတော်မူသည်။ စူဠသစ္စက သုတ္တန်ဒေသနာတော်အား ဟောတော်မူသည်။ နောင်တစ်ချိန်၌လည်း နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်သော မဟာသစ္စက သုတ္တန်တရားများ ဟောတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားက နိဗ္ဗာန်ရောက်ကြောင်းတရား မည်မျှပင်ဟောဟော သစ္စကပရိဗိုဇ်သည် ဤဘဝ၌ သရဏဂုံမျှပင် မတည်ပေ။

သို့ဖြစ်လျှင် မြတ်ဗုဒ္ဓသည် အဘယ်ကြောင့် ဟောတော်မူသနည်း မေးစရာဖြစ်သည်။ ဤတရားတို့ကို ကြားနာရသည့်အတွက် သစ္စကသည် အထုံရသွားကာ နောင်နှစ်ပေါင်း(၂၀၀)ကြာမှ ပါရမီဉာဏ်ရင့်သန်၍ ရဟန္တာအဖြစ်သို့ ရောက်မည်ကို မြင်တော်မူသောကြောင့် ဟောတော်မူခြင်း ဖြစ်သည်။

ထို့ကြောင့် အပြင်အောင်ခြင်း(၈)ပါးအနက် ဆဋ္ဌမအောင်ခြင်းအဖြစ် ဂန္ထဝင်အဆိုတော်ကြီး ဒေါ်မေရှင် သီဆိုသော သီချင်းသံကို ဤသို့ ကြားရဖူးပါသည်။

သုံးလူထွတ်ထား မြတ်ဘုရားဒေသနာ မှတ်သားဖွယ် ဝေနေယျာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို မှားတယ်ဆိုတဲ့ မကြည်ညိုပြန်တာ အယူလွဲတဲ့ ငရဲမိစ္ဆာ၊ သစ္စကပရိဗိုဇ် မလိမ္မာ၊ ဒေသနာတော်အနန္တကို နောက်မမှားအောင် သစ္စကကို မြတ်ဘုရားက တရားပြရှာ။

◆◆◆

**သီဟိုဠ်သာသနာတော်၌ သစ္စကသည် အရှင်ကာဠ ဗုဒ္ဓရက္ခိတထေရ် ဖြစ်ခြင်း**

ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူပြီး၍ နှစ်ပေါင်း(၂၀၀)မျှ ကြာသောအခါ သစ္စကသည် နတ်ပြည်မှ စုတေ၍ ဒက္ခိဏာဘိ ကျောင်းတိုက်ကြီး၏ ဂေါဏရဂါမ်ရွာရှိ အမတ်မျိုး၌ လူဖြစ်လာသည်။

လိမ္မာသောအရွယ်ရောက်၍ ရဟန်းပြုသည်။

www.burmeseclassic.com

အမည်မှာ ကာဠုဗုဒ္ဓရက္ခိတဟု အမည်တွင်သည်။ ဉာဏ် အလွန်ထက်မြက်သောကြောင့် ပိဋကတ်သုံးပုံကို ကျွမ်းကျင်နိုင်နင်းစွာ တတ်မြောက်သည်။ တပည့်ပေါင်းများစွာတို့ကို စာပေသင်ကြားပို့ချပေးသဖြင့် ဂိုဏ်းဦးစီးပုဂ္ဂိုလ်ကြီး ဖြစ်လာသည်။

တစ်ရက်မှာဖြင့် အရှင်ကာဠုဗုဒ္ဓရက္ခိတထေရ်သည် သူ့တပည့်များ ခြံရံလျက် သူ၏ ဥပဇ္ဈာယ်ဆရာတော်ထံ ဖူးကန်တော့ရန် သွားသည်။ ကာဠုဗုဒ္ဓရက္ခိတထေရ်သည် ဥပဇ္ဈာယ်ဆရာတော်၏ ခြေတော်အစုံကို ရှိခိုးဦးချကန်တော့သည်။

ဥပဇ္ဈာယ်ဆရာတော်သည်လည်း တပည့် ကာဠုဗုဒ္ဓရက္ခိတထေရ်နှင့် မျက်နှာချင်းဆိုင်တွေ့လျက် စကားမပြောဘဲ နေလေသည်။

နောက်တစ်ရက်နံနက်၌ ကာဠုဗုဒ္ဓရက္ခိတထေရ်သည် ဥပဇ္ဈာယ်ဆရာတော်အား ရှိခိုးလျက်-

'အရှင်မြတ်ဘုရား..တပည့်တော်၏ ဥပဇ္ဈာယ်ဆရာထေရ် အရှင်ဘုရားတို့ထံမှောက်တွင် သင်ယူ၍ ပိဋကတ်စာပေ သင်ကြားမှုပြီးမြောက်သော တပည့်ဖြစ်သောကြောင့် လာရောက်ကန်တော့သော တပည့်တော်ကို မျက်နှာချင်းဆိုင် စကားမပြောဘဲ အဘယ်ကြောင့် နေပါသနည်း ဘုရား။ တပည့်တော်မှာ ဘာအပြစ်များ ရှိပါသနည်း ဘုရား'ဟု လျှောက်သည်။

'ဗုဒ္ဓရက္ခိတ..သင်သည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံဖြစ်သည့် ဗုဒ္ဓစကားတော်ကို သင်ကြားတတ်မြောက်ရုံမျှဖြင့် ရဟန်းကိစ္စ အထွတ်အထိပ်သို့ ရောက်ပြီဟု ထင်မှတ်နေသလား'ဟု ဥပဇ္ဈာယ်ဆရာတော် မိန့်ဆိုသည်။

'သို့ဖြစ်လျှင် တပည့်တော် အဘယ်သို့ ပြုလုပ်ရပါမည်နည်းဘုရား'

'သင်သည် ဂဏပလိဗောဓကို ဖြတ်တောက်၍ စေတိယတောင်ကျောင်းသို့ သွားရောက်ကာ ရဟန်းတရား အားထုတ်လော့'ဟု ဥပဇ္ဈာယ်ဆရာထေရ်က မိန့်တော်မူသည်။

အရှင်ကာဠုဗုဒ္ဓရက္ခိတထေရ်သည် ဥပဇ္ဈာယ်ဆရာတော်၏ ဩဝါဒအတိုင်း ရဟန်းတရားကို မနေမနား ကြိုးစားအားထုတ်သည်။

အရှင်ကာဠုဗုဒ္ဓရက္ခိတထေရ်သည် လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ခန့်က သစ္စကပရိဗိုဇ်ဘဝဖြင့် ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓ၏ အနတ္တတရားတော်ကို နာကြားခဲ့သော အထုံပါရမီအရ ဤသို့ တရားကို ဆင်ခြင်နှလုံးသွင်း ကြိုးစားအားထုတ်ခြင်း ဖြစ်သည်။

ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ခေါင်း၊ ကိုယ်၊ လက်၊ ခြေ စသည်အတုံးအခဲမဟုတ်။ ငါ၊ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်။

နိစ္စ၊ သုခ၊ သုဘ မဟုတ်။ နိစ္စ၊ သုခအားဖြင့် အနှစ်သာရရှိ၏။ ငါပိုင်၊ ငါဆိုင်အားဖြင့် အနှစ်သာရရှိ၏။ ဤသို့စွဲယူသော အတ္တမဟုတ်။

ပုဂ္ဂလပညတ်၊ သတ္တပညတ်၊ ဃာနပညတ်၊ သဏ္ဌာန ပညတ်အားဖြင့် ထင်ရှားရှိသည် မဟုတ်ပေ။

အမှန်စင်စစ် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါးတို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်သဘော၊ နာမ်သဘောမျှသာ ဖြစ်သည်။ ဤရုပ်နာမ်တို့သည် သင်္ခတတရား၊ သင်္ခါရတရားတို့သာ ဖြစ်သည်။

ခဏတိုင်း ဖြစ်ပျက်နေသော အနိစ္စတရားသာ ဖြစ်သည်။ ဤမမြဲသော အနိစ္စတရားသည် အဘယ်သို့ ချမ်းသာသုခ ဖြစ်မည်နည်း။ ဆင်းရဲဒုက္ခစစ်စစ်သာ ဖြစ်သည်။

ဤသို့ ခဏတိုင်း ဖြစ်ပျက်မှုအားဖြင့် ဖောက်ပြန်ပြောင်းလွဲ မမြဲသော ဆင်းရဲဒုက္ခဖြစ်သော ဤရုပ်နာမ်တရားတို့ကို ငါပိုင် ငါဆိုင် ပြုလုပ်၍မရ။ အနှစ်သာရ အနည်းငယ်မျှ ရှာမရသော အနတ္တတရားသာ ဖြစ်သည်။

ဤသို့ ဆင်ခြင်နှလုံးသွင်း၍ ကြိုးစားအားထုတ်ပွားများသောကြောင့် မကြာမီပင် အရှင်ကာဠုဗုဒ္ဓရက္ခိတထေရ်သည် ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်လေသတည်း။

**ဓမ္မစာစီတွေး**
**မင်းလှ မြတ်ထွေး**

**ရည်ညွှန်းကျမ်းများ**

(၁) မူလပဏ္ဏာသပါဠိတော် မြန်မာပြန်။
(၂) မဟာဗုဒ္ဓဝင် တတိယတွဲ။
(၃) ဟိတောသီနေလအရှင်နိပုဏ ကျမ်းပြုစုသော သန္တိနိဗ္ဗာန်ကျမ်း။
(၄) ဆရာကြီးပါရဂူ၏ အဇ္ဈပါလီ စာအုပ်။

www.burmeseclassic.com

www.burmeseclassic.com

လဆန်းရက် လဝန်းသည် တိမ်တိုက်ကြားသို့ ပြေးဝင်သယောင် ထွက်ပြူသယောင် ရှိနေသည်။ ရံဖန်ရံခါဆိုသလို အမှောင်ထုက ကြီးစိုးသွားလိုက်၊ အလင်းရောင်မှိန်ပျပျရှိလိုက်နှင့် အလင်းအမှောင်သည် မပီမပြင် ရှိနေသည်။ အချိန်က သက်ကြီးခေါင်းချချိန်ကိုပင် ရောက်နေချေပြီ။

တောရိပ်တောင်ရိပ်ကြားတွင် တည်ရှိနေသော မဟာဝိဟာရကျောင်းတိုက်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေသည်။ သို့တစေ တစ်ကျောင်းလုံး အိပ်မောကျနေသော်လည်း အိပ်မပျော်နိုင် ဖြစ်နေသူက တိဿသာမဏေပင် ဖြစ်၏။ တစ်ရက်တည်းမဟုတ်၊ ကိုရင်တိဿ အိပ်မရဖြစ်နေသည်က ရက်ဆက်ဖြစ်နေချေပြီ။ အခုတလော ကိုရင်တိဿအဖို့ သွေးသား၏ တောင်းဆိုမှုကြောင့် စိတ်အာရုံများ ကယောင်ချောက်ချားဖြစ်ကာ နေမထိ ထိုင်မသာ ဖြစ်နေခဲ့၏။ ဆွမ်းခံထွက်သည့် အချိန်တွင်လည်း အာရုံမငြိ၊ စာအံသည့်အချိန်၌လည်း စိတ်များထွေပြားကာ တစ်စုံတစ်ခုအတွက် ဘဝင်မကျသကဲ့သို့ ခံစားနေရလေ၏။ ယခင်က သို့နှယ်စိတ်အလို မကျမှုမျိုးကို ကိုရင်လေးတိဿ မကြုံဖူးခဲ့။ အဘယ်ကြောင့် စိတ်ဘဝင်များ ထိန်းမရအောင် ညစ်ညူးနေရပါသည်။ ကိုရင်တိဿလေး ထိုအဖြေကို ရှာရင်းဖြင့် အိပ်မရနိုင်နေခြင်းဖြစ်သည်။

ဆန်းစစ်ကြည့်တော့ မိမိ၏အသက်က (၁၆)နှစ်ပြည့်နေချေပြီ။ (၇)နှစ်သား ဘဝကတည်းက မိဘရင်ခွင်မှခွာကာ သာမဏေဘဝသို့ ကူးပြောင်းခဲ့သော မိမိအဖို့သာသနာ့ဘောင်တွင် နေစဉ်ကာလအတွင်း စိတ်ကြည်လင်စွာဖြင့် ပျော်ရွှင်မှုအတိ ရှိခဲ့သည်။ ယခုတော့ သည်လိုမဟုတ်တော့။ ကိုရင်လေး၏ ဘဝင်နှလုံးတွင် စိတ်ဆိုးစိတ်ညစ်တို့က လှိုင်းတံပိုးနှယ် နေ့စဉ် ထကြွနေလျက်ကြာရင်ဖြင့် ခက်ချေတော့မည်။ ခန္ဓာကိုယ်က တောင်းဆိုလာသည့် မွတ်



# တစ်ညတာ လွန်မြောက်၍

ဓနုသျှင်စိုး



www.burmeseclassic.com

www.burmeseclassic.com

သိမ်းမှုကို မတွန်းလှန်နိုင်သောကြောင့် ကိုရင်တိဿတစ်ယောက် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချလိုက်လေ၏။

ညဉ့်ကလည်း နက်သည်ထက် နက်လာချေပြီ။ သန်းခေါင်ကြက်များ၏ တွန်သံများက ပတ်ဝန်းကျင်တွင် သောသောညံနေလျက်။

◆◆◆

ကိုရင်တိဿ လျှောက်တင်လိုက်သော စကားကြောင့် မထေရ်အိုကြီး မျက်နှာအိုသွားသည်။ မတတ်သာ၍သာ လျှောက်တင်ရသည်။ ကိုရင်တိဿအဖို့ မထေရ်အိုကြီးကို ရဲရဲကြည့်ဝံ့။ ထို့ကြောင့် တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ ခေါင်းငိုက်စိုက်ကာ မထေရ်ကြီးထံမှ ပြန်လည်မြွက်ဟလာမည့် စကားကို ငံ့လင့်နေလေ၏။ ကိုရင်လေးထံမှ သို့နှယ်စကား ထွက်လာလိမ့်မည်ဟု မထေရ်ကြီး မျှော်လင့်မထားခဲ့။ အတော့ မထေရ်ကြီး သက်ပြင်းနွမ်းကို ဆူဝေစွာ ချလိုက်သည်။ ဆိုရေးရှိက ဆိုကြရပေတော့မည်။

'ငါ့ရှင်တိဿ··သင် လူထွက်လိုက ထွက်တာပေါ့ကွယ်။ ဒါပေမဲ့ လူဝတ်မလဲခင် တို့များ မထေရ်အိုကြီး အတွက် ကိစ္စတစ်ခု ဆောင်ရွက်ပေးခဲ့ပါဦးကွယ်'

မထေရ်အိုကြီး၏ စကားကြောင့် ကိုရင်တိဿ ဝမ်းသာအားရ ဖြစ်သွားသည်။ မိမိ၏ လျှောက်တင်မှုအပေါ် မထေရ်အိုကြီးက ကန့်ကွက်လိမ့်မည်ဟု ကိုရင်တိဿ ကြိုတွေးထားခဲ့သည်။ မှန်သည်၊ မထေရ်အိုကြီးက ကိုရင်တိဿ၏ ဥပဇ္ဈာယ်ဆရာဖြစ်၏။ ကိုရင်တိဿကလည်း မဟာဝိဟာရကျောင်းတိုက်ကြီးတွင် ဥပဇ္ဈာယ်ဆရာအပေါ် ချစ်ကြောက်ရိုသေ၍ တပည့်ဝတ္တရားအရာ၌ အလွန်တာဝန်ကျေပွန်သူအဖြစ် အမည်ကောင်းနှင့် ထင်ရှားသူ ဖြစ်သည်။ ထို့ကြောင့် တပည့်ဖြစ်သူက လူဝတ်လဲရန် အရောက်လျှောက်ထားမှုကို ဥပဇ္ဈာယ်မထေရ်အိုကြီးက နှမြောတသ ဖြစ်နေခြင်းဖြစ်၏။ သို့သော်လည်း ဥပဇ္ဈာယ် မထေရ်အိုကြီးသည် အရိယာပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သောကြောင့် ကိုရင်တိဿ၏ အနာဂတ်အရေးကို ကြိုတင်မြင်ရှုတော်မူပါသည်။ ထို့ကြောင့်လည်း သို့နှယ် ပရိယာယ် စကားကို ဆိုလိုလိုက်ခြင်း ဖြစ်လေသည်။

'အမိန့်ရှိပါ ဆရာရှင်ဘုရား··တပည့်တော် ဆောင်ရွက်ပေးပါ့မယ်ဘုရား'

'အေးကွယ်၊ တို့များ ဒီမှာနေရတာ ချိုးရေ အခက်အခဲရှိတယ်ကွယ့်။ ဒါကြောင့် တို့များကို စိတ္တလတောင်ကို ပို့ပြီး နေရာချထားပေးခဲ့ပါဦးကွယ်'

'တင့်ပါဘုရား၊ မနက်ဖြန် စိတ္တလတောင်ကို ခရီးထွက်ဖို့ တပည့်တော် ပြင်ဆင်လိုက်ပါ့မယ်ဘုရား'

ကိုရင်တိဿစကားကြောင့် မထေရ်အိုကြီး နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ တပည့်ဖြစ်သူ၏ အနာဂတ်အရေး လှပဖို့အတွက် ဆရာဖြစ်သူ အပင်ပန်းခံရပေတော့မည်။

◆◆◆

ဆရာ,တပည့်နှစ်ပါး စိတ္တလတောင်သို့ ရောက်သောအခါ ကိုရင်တိဿသည် ဥပဇ္ဈာယ်မထေရ်ကြီး သီတင်းသုံးရန်အတွက် ကျောင်းသင်္ခမ်း ဆောက်လုပ်ရလေတော့သည်။ ထိုကာလအတွင်း၌ မထေရ်ကြီးသည် ကိုရင်တိဿ သင်ယူနေသည့် သံယုတ္တနိကာယ်ကြီးကို သင်မြဲသင်စေပြီး စာအံမြဲ အံစေသည်။

စိတ္တလတောင်သည် မဟာဝိဟာရကျောင်းတိုက်ထက် အေးချမ်းသာယာပြီး တရားအားထုတ်ရန် ဝိဝေကဖြစ်သော နေရာတစ်ခု ဖြစ်လေသည်။ ထို့ကြောင့် မထေရ်ကြီးက ကိုရင်တိဿအား ဖျောင်းဖျနားချကာ တရားဘာဝနာကိုလည်း ရှုပွားစေရန် လမ်းညွှန်ထားလေ၏။

ကိုရင်တိဿသည် ဆရာမထေရ်ကြီး သီတင်းသုံးမည့် ကျောင်းသင်္ခမ်းကို ကောင်းသည်ထက်ကောင်းအောင် ပြုပြင်မွမ်းမံရင်း တစ်ဖက်တွင်လည်း တရားဘာဝနာကို စိတ်အားထက်သန်စွာ ရှုမှတ်ပွားများလေရာ သမာဓိခိုင်မာလာလေ၏။ ကိုရင်တိဿ၏ သမာဓိခိုင်မာလာမှုကို သိရှိနေသော မထေရ်ကြီးက တစ်ဆင့်တိုး၍ ဝိပဿနာရှုပွားနည်းကိုပါ ထပ်မံလမ်းဖွင့်ပေးထားလိုက်လေ၏။ သို့သော်လည်း ကိုရင်တိဿ၏ အဇ္ဈတ္တအတွင်း ကိန်းနေသော ကိလေသာအထုအပါးကို မထေရ်ကြီးက ရိပ်စားမိထားသောကြောင့် ထပ်မံ၍ ပရိယာယ်စကား ဆိုပြန်လေသည်။

'ငါ့ရှင်တိဿ··ဒီစိတ္တလတောင်မှာရှိတဲ့ ကျောင်းသင်္ခမ်းတွေဟာ သံဃိကတွေပဲ ဖြစ်နေလေတော့ ဒီကျောင်းတွေကို ပြုပြင်စီမံတဲ့နေရာမှာ ဝိနည်းတော်နဲ့ညီအောင် ပြုလုပ်သီတင်းသုံးရတာမို့ အလွန်တာဝန်ကြီးတယ်ကွယ်။ ဒါကြောင့် တို့များအတွက် ပုဂ္ဂလိက သီးသန့်သီတင်းသုံးနိုင်တဲ့ နေရာလေးတစ်ခု စီမံပေးပါဦးကွယ်။ ဒါပြီးရင်ဖြင့် ငါ့ရှင် ဆန္ဒအတိုင်း လူဝတ်လဲတာပေါ့'

www.burmeseclassic.com

ကိုရင်တိဿသည် မထေရ်ကြီး၏စကားကို ဦးထိပ်ပန်ဆင်ကာ စိတ္တလတောင်ခြေ၌ တရားအားထုတ်ရာတွင် သင့်လျော်မည့် လိုဏ်ဂူငယ်တစ်ခုကို တူးဖြိုဖောက်လုပ်ပေးရပြန်သည်။ လိုဏ်ဂူဖောက်လုပ်ရင်း သံယုတ္တနိကာယ်ကြီး သင်ယူမှုကိုလည်း မပြတ်စေရုံသာမက တေဇောကသိုဏ်းကိုလည်း ဆက်လက်ရှုမှတ်ပွားများလေသည်။

◆◆◆

ကိုရင်တိဿ၏ လိုဏ်ဂူဖောက်လုပ်ခြင်း ပြီးစီးခဲ့ချေပြီ။ တိုက်ဆိုင်စွာပင် တစ်ဖက်မှ သင်ယူလေ့ကျက်နေသော သံယုတ္တနိကာယ်ကြီး စာဝါသင်ကြားမှုသည်လည်း ပြီးဆုံးခဲ့လေသည်။ [illegible]တူ တေဇောကသိုဏ်း ရှုမှတ်ပွားမှုအရာတွင်လည်း အပ္ပနာဈာန်ရရှိအောင် သမာဓိတရားက ခိုင်မာလာလေ၏။

'ဆရာရှင်ဘုရား ··လိုဏ်ဂူပြုလုပ်မှု ပြီးစီးသွားပါပြီဘုရား။ လိုအပ်တာများကို ထပ်မံပြုပြင်ဖို့အတွက် ကြည့်ရှုစစ်ဆေးတော်မူပါဘုရား'

ကိုရင်တိဿ၏ 'လျှောက်ထားမှုကြောင့် မထေရ်ကြီးက လိုဏ်ဂူထံသို့ ကြွရောက်၍ ကြည့်ရှုလေသည်။

'ငါ့ရှင်တိဿရဲ့ လက်ရာက ပြုပြင်စရာမရှိအောင် သေသပ်ကောင်းမွန်လှပါတယ်ကွယ်။ ငါ့ရှင်ရဲ့ အပင်ပန်းခံနိုင်မှုကို တို့များ ချီးကျူးသာဓုခေါ်ပါတယ်။ ကဲပါကွယ်·· ဆရာသမားရဲ့ဆန္ဒကို ပြည့်စုံအောင် ဖွမ်းဆောင်ပေးတဲ့သဘောနဲ့ ဒီနေ့တစ်ရက်ပဲ သာသနာ့ဘောင်မှာနေပြီး သင်ယူလေ့ကျက်ခဲ့တဲ့ တရားဘာဝနာများကို နှလုံးသွင်း ဆင်ခြင်ပွားများပေတော့ကွယ့်'

မထေရ်ကြီး၏ နောက်ဆုံးတောင်းဆိုချက်ကို သဘောတူညီပြီးနောက် ကိုရင်တိဿသည် သူ၏ သာမဏေဘဝကို တစ်ညတာကို ကျော်လွန်ပြီးမှ လူဝတ်လဲရန် ဆုံးဖြတ်ချက်ချလိုက်သည်။

◆◆◆

ထွန်းလင်းနေသော လမင်းကြီး၏ အလင်းရောင်က စိတ္တလတောင်အလုံးကို လွှမ်းခြုံထားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး လေတဖြူးဖြူး တိုက်ခတ်သံမှအပ ပကတိအနေအထားဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။ တောင်စွယ်တောင်ထွတ်များ၏ အရိပ်သဏ္ဌာန်များက တောင်ခိုးမြူမှုန်များကြောင့် လရောင်ရိပ်အောက်တွင် ပေါ်ချည်တစ်ခါ ပျောက်ချည်တစ်လှည့် ဖြစ်နေသည်။ သည်တစ်ည လွန်မြောက်ရင်ဖြင့် ကိုရင်တိဿတစ်ယောက် သာသနာ့ဘောင်မှ စွန့်ခွာရပေတော့မည်။ စိတ်တိုင်းကျ ဖောက်လုပ်ထားသော လိုဏ်ဂူလေးကိုကြည့်ပြီး ကိုရင်တိဿ ပီတိအလွန်ဖြစ်သည်။ ထိုလိုဏ်ဂူလေးတွင် ဆရာရှင်သည် နေ့စဉ် တရားဘာဝနာတို့လို စိတ်ချမ်းသာစွာဖြင့် ပွားများနိုင်ပေတော့မည်။

ညဉ့်ကလည်း နက်သည်ထက် နက်လာချေပြီ။ ကိုရင်တိဿတစ်ယောက် ဆရာအရှင်၏ ဆုံးမစကားအတိုင်း လိုဏ်ဂူအတွင်းသို့ဝင်ကာ ပွားများဆဲဖြစ်သည့် တေဇောကသိုဏ်းကို စိတ်ညစ်ညူးမှု ကင်းမဲ့စွာဖြင့် စတင်ပွားများလိုက်သည်။ ကြည်လင်နေသော စိတ်ဘဝင်၊ မှုတနေသော ဥတုသပ္ပာယကြောင့် ကသိုဏ်းသမာဓိအရှိန်သည် မြင့်သည်ထက် မြင့်တက်လာသည်၊ ခိုင်မြဲလာသည်၊ တည်ငြိမ်လာသည်။

ထိုအခြေအနေကို ဗဟိုပြု၍ ဆရာအရှင် ညွှန်ကြားထားသော ဝိပဿနာဘာဝနာဘက်သို့ ဉာဏ်ကို လှည့်ပေးလိုက်သည်။ တည်ငြိမ်နေသော သမာဓိကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောကို ကိုရင်တိဿ ထင်ရှားစွာ မြင်လာသည်။ ဉာဏ်အစဉ်တွင် ပီပြင်စွာ ပေါ်လာသော သင်္ခါရသဘောကြောင့် သံဝေဂဖြစ်လာသည်။ သံသရာဝဲဂယက်တွင် ဘဝအသင်္ချေ မျောပါရခြင်း၏ လက်သည်ကို မြင်လာသည်။

မှန်သည်။ ကိုရင်တိဿတစ်ယောက် ရုပ်,နာမ်တို့အပေါ် တပ်မက်မှု ကင်းမဲ့လာကာ ထိုညမှာပင် အရဟတ္တဖိုလ်ဉာဏ်ကို ရရှိတော်မူလေသည်။

◆◆◆

ဥပဇ္ဈာယ်ဆရာရှင်၏ ဆုံးမပဲ့ပြင်ပေးမှုကြောင့် လူဝတ်လဲရန် အခြေအနေမှ ကာမဝိတက်ကို အောင်မြင်ခဲ့သော ကိုရင်တိဿသည် သာမဏေမှသည် တိဿမထေရ်ကြီးအဖြစ်သို့ ရောက်ရှိကာ သူ၏ ကိလေသာကိုအောင်နိုင်ခဲ့သော ထိုလိုဏ်ဂူလေး၌ပင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ သီတင်းသုံးတော်မူလေတော့သည်။

မနုသျှင်

**စာမှီး**

* ဓမ္မာစရိယဦးဌေးလှိုင်၏ ကိုရင်တိဿ။

www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေမြသန်း(သမိုင်း)

# ကုသိုလ်ထူးမည့် ရှင်အရဟံ၏ စံတော်ဝင် မဟာဗောဓိရွှေညောင်တော်

ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်သည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ပင်းမြို့ဟောင်း၊ ပင်းမြို့ ပုဗ္ဗာရုံကျောင်းတိုက်အတွင်း၌ တည်ရှိသည်။ ဤမဟာဗောဓိပင်ကို သာသနာသက္ကရာဇ်(၁၆၀၇)ခုနှစ်၊ မြန်မာသက္ကရာဇ်(၄၂၅)ခုနှစ်၊ အေဒီ(၁၀၆၃)ခုနှစ်တွင် ဓမ္မဒဿီဘွဲ့ခံ ရှင်အရဟံရဟန္တာမထေရ်မြတ်ကြီးနှင့် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးတို့က မဇ္ဈိမဒေသ ဗုဒ္ဓဂယာဗောဓိမဏ္ဍိုင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းတော်ကို ဈာန်သမာပတ် အဘိညာဉ်ဝင်စား၍ ကြွချီတော်မူပြီး တိုင်းငါးတိုင်းသား (တမ္ပဒီပတိုင်း၊ သုနာပရန္တတိုင်း၊ ရာမညတိုင်း၊ ကမ္ဘောဇတိုင်း၊ ယောနကတိုင်း) ယနေ့ မြန်မာနိုင်ငံသားတို့အတွက် သစ္စာအဓိဋ္ဌာန်ပြု ပင့်ဆောင်စိုက်ပျိုးတော်မူခဲ့ခြင်းဖြစ်ကြောင်း မန္တလေးမြို့၊ ကျောက်ရုံးကြီးတောင်ဘက် ဆီမီးထွန်းတိုက်အုပ်ဆရာတော် ဦးတေဇဝန္တ ရှာဖွေစုဆောင်းရေးသားအပ်သော ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်သမိုင်းနှင့် ပင်းမြို့သမိုင်းစာအုပ်တွင် ရှေးဦးစွာ တွေ့ရှိခဲ့ရပါသည်။

ထို့ပြင် ဦးမြင့်သိန်းငွေ ရေးသားသော တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန မြန်မာ့သမိုင်းသုတေသနစာစောင်၊ အမှတ်(၁၁)၊ ဇွန်လ၊ (၂၀၀၃)တွင် ထပ်မံ၍ ဖတ်ရှုမှတ်သားရပြန်သည်မှာ-

'ကမ္ဘာပေါ်၌ စံတော်ဝင်ဗောဓိပင် (၄)ပင်ရှိရာတွင် ထို(၄)ပင်၌ ယခုပင်းမြို့ဟောင်းရှိ ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်သည်လည်း တစ်ပင်အပါအဝင်ဖြစ်ကြောင်း ထူးခြားစွာ သိမှတ်ရပါသည်။ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင် မဟာဗောဓိပင်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ အာနန္ဒာဗောဓိပင်၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ရှိ သင်္ဃမိတ္တာဗောဓိပင်၊ မြန်မာနိုင်ငံ ပင်းမြို့ဟောင်းရှိ ရှင်အရဟံမဟာဗောဓိပင်ဟူ၍ ဗောဓိပင်(၄)ပင် သမိုင်းစဉ်အရ ခေတ်ကာလတို့ကို ဖော်ပြနေလျက် ယနေ့ထက်တိုင် ဖူးတွေ့နိုင်ကြသည်မှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ အားလုံးအတွက် ဗောဓိပင်ဖူးကုသိုလ်ထူးနိုင်ကြစေဖို့ရာ ဖြစ်ပါသည်။

စံတော်ဝင်ဗောဓိပင် (၄)ပင်ရှိသည့်အနက် ဤရှင်အရဟံဗောဓိပင်သည် မြန်မာနိုင်ငံသား (တိုင်းငါးတိုင်းသား) တိုင်းရင်းသားများ အားလုံးအတွက် ဖူးမြင်ဖို့ရာ ပို၍အခွင့်သာသော အလွယ်တကူ သွားရောက်နိုင်သော နေရာထူး နေရာမြတ်ပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မဟာဗောဓိပင်နှင့် စပ်လျဉ်း၍-

၁။ မဟာဗောဓိပင်သည် သမ္မာသမ္ဗုဒ္ဓသဗ္ဗညုတမြတ်စွာဘုရားရှင်၏ ဖွားဖက်တော်အစစ်အမှန် ဖြစ်ပါသည်။

၂။ လောင်းရိပ်မခို နွယ်ဇလိုမပတ် ချုံပုတ်ကင်းစင် တစ်ပင်တည်းသာ ဖော်မပါဘဲ စွင့်စွင့်ငွားငွား ကြီးထွားဖြစ်ထွန်းတော်မူပါသည်။

၃။ ဘုရားတစ်ဆူ ပွင့်တော်မူဖို့အတွက် တစ်ပင်တည်းသော ဗောဓိပင်အဖြစ် ပွင့်တော်မူချိန်အထိ ခက်မငါးဖြာဝေစည်စွာဖြင့် စောင့်ကြိုတည်ရှိနေပါ၏။

၄။ ဘုရားရှင်တိုင်းသည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်မှာ မာရ်ငါးပါးကို အောင်မြင်တော်မူလေ့ရှိပါသည်။

၅။ အတွင်းရန်၊ အပြင်ရန် ကိလေသာရန်ခါတ်တို့ကို အကြွင်းမဲ့ ပယ်သတ်ရာဌာနလည်း ဖြစ်ပါသည်။

၆။ ပဋိစ္စသမုပ္ပာဒ်စက်ရဟတ်ကို ဖြတ်တောက်ခုတ်လှီးရာ ဌာနလည်း ဖြစ်ပါသည်။

၇။ သစ္စာလေးပါး အမှန်တရားကို ဆရာမကူ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် မိမိကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူရာ ဌာနလည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၈။ ပုဗ္ဗေနိဝါသဉာဏ်တော်မြတ်ကို ရတော်မူရာ ဌာနလည်း ဖြစ်ပါသည်။

၉။ ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်ကို ရတော်မူရာဌာနလည်း ဖြစ်ပါသည်။

၁၀။ အာသဝက္ခယဉာဏ်တော်မြတ်ကို ရတော်မူရာဌာနလည်း ဖြစ်ပါသည်။

၁၁။ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရတော်မူရာ ဌာနလည်း ဖြစ်ပါသည်။

၁၂။ အနေကဇာတိသံသာရ် အစရှိသဖြင့် မနုဿာဥဒါန်းတို့ကို ကျူးရင့်တော်မူရာဌာနလည်း ဖြစ်ပါသည်။

၁၃။ ပလ္လင်္ကသတ္တာဟ ပထမမဟာဗောဓိအောင်မြေဌာနလည်း ဖြစ်ပါ၏။

၁၄။ ပထမသတ္တာဟအပြီး ရေ၊ မီးအစုံစုံသော တန်ခိုးပြာဋိဟာတို့ကို စတင်ပြတော်မူရာဌာနလည်း ဖြစ်သည်။

၁၅။ အနိမိသဒုတိယသတ္တာဟဖြင့် ဘုရားရှင်မြတ် ကျေးဇူးဆပ်ရန် ကြည့်အပ်တော်မူရာဌာနလည်း ဖြစ်ပါသည်။

၁၆။ အဝိဇဟိတဘုရားရှင်တိုင်း မစွန့်ပယ်ရာဌာနလည်း ဖြစ်၏။

၁၇။ ဖွားပွင့်ဟောစံပျူသော သံဝေဇနိယ(၄)ဌာနတွင်(၁၁)ဌာနအပါအဝင် ဖြစ်၏။


၁၈။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကတည်းက ကိုယ်တော်နှင့်မခြား တစ်မူထပ်တူအလားရည်မှတ်သား၍ ပူဇော်ရန် ခွင့်ပြုတော်မူခဲ့ရာဌာနလည်း ဖြစ်၏။

၁၉။ သက်တော်ထင်ရှား မြတ်စွာဘုရား အမြဲသီတင်းသုံးစံတော်မူနေသကဲ့သို့ ရှိခိုးပူဇော် ဖူးမြော်ထိုက်ရာ ဌာနလည်း ဖြစ်ပါ၏။

၂၀။ မဟာဗောဓိပင်သည် မြတ်စွာဘုရားရှင်တိုင်း၏ အသုံးအဆောင်ပရိဘောဂစေတီ ထိုက်တော်မူပါသည်။

၂၁။ ဗောဓိပင်ဖူး ကုသိုလ်ထူးခဲ့ကြသည့် ရဟန္တာမထေရ်မြတ်ကြီးများ ရဟန္တာထေရီမကြီးများကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ ကုသိုလ်ထူးများ ရရှိသွားအောင် ထေရာထေရီအပါဒါန်များမှာ ကြည့်ရှုလေ့လာ အတုယူကာ ကုသိုလ်ရှာသင့်သည့် ဌာနဗလအားကောင်းသော နေရာထူး နေရာမြတ်လည်း ဖြစ်ပါသည်။

ထို့ကြောင့် ဖူးထိုက်လှစွာ ဖူးခွင့်သာသော မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

ပြည်၏ ဗုဒ္ဓဂယာဟု တင်စားခေါ်ဆိုထိုက်လှသော ရှင်အရဟံ မဟာဗောဓိကို သွားရောက်ပူဇော် ဖူးမြော်သည့် ကုသိုလ်ကောင်းမှုတို့သည်လည်း သံဝေဇနီယ(၄)ဌာန ဗုဒ္ဓဂယာ မဟာဗောဓိသို့ သွားရောက်ဖူးမြော်သည့် ကုသိုလ်ကောင်းမှုနှင့် စိတ်ထားတူက ထပ်တူရကြမည်မှာ မလွဲဧကန်ပင် ဖြစ်ပါ၏။

◆◆◆

မလွဲဧကန် ရရှိခံစားရမည့် ဗောဓိပင်ဖူး ကုသိုလ်ထူးပုံသည်ကား ဗောဓိဆာယာ ပဒေသာရဲ့အောက်မှာ ဗောဓိပင်ဖူးနေစဉ် အချိန်အတွင်း သစ်ရိပ်ဝါးရိပ် ဆွေရိပ်မျိုးရိပ် ဆရာသမားရိပ် မိရိပ်ဖရိပ် မင်းစိုးရာဇာရိပ် စသည့်အရိပ်အမျိုးမျိုး၏ အေးချမ်းမှုထက် မြတ်ဗုဒ္ဓ၏ တရားရိပ်က ပို၍အေးချမ်းလှပါကြောင်း အစဉ်အတိုင်းမပြတ် ရင်လှိုင်းခတ်မျှ ပီတိခအောင် သတိပြုမိ ခံစားမိပါလိမ့်မည်။

ဗောဓိရိပ်ကို ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓါနုဿတိ အမှုုရှိသော သမထဝိပဿနာ စရဏပိုင်းဆိုင်ရာတို့ဖြင့် တဒင်္ဂမျှ ကိလေသာသံယောဇဉ်ဟူသမျှကို ခွာချထားပြီး သန္တိသုခ အေးငြိမ်းမှုဓာတ်ကို ရရှိကြည်နူးနေမည် ဆိုပါက အာရုံပြုအားထုတ်တတ်သမျှ မိမိရဲ့အကျင့်စရဏ စိတ်ဆန္ဒများအရ သက်သေပြနေပါလိမ့်မည်။

ဗောဓိရိပ်အောက် ရောက်ရှိနေစဉ်မှာ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူခဲ့ပြီးကြကုန်သော သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဘုရားရှင်တိုင်းသည်လည်း ဆိုင်ရာ,ဆိုင်ရာ ဗောဓိရိပ်များတွင် အဝိဇ္ဇာတဏှာ ကိလေသာဓာတ်များကို အကြွင်းမဲ့ပယ်သတ်ပြီး ဘုရားစင်စစ် ဧကန်ဖြစ်ခဲ့ကြခြင်းကို အာရုံပြုမှု အားကျမှုဖြင့် အတုယူသင့် ကျင့်သုံးသင့်ပါသည်။

ဗောဓိရိပ်အောက်တွင် ဗောဓိပက္ခိယတရား(၃၇)ပါးတို့ဖြင့် နိဗ္ဗာန်စခန်းအရောက် လှမ်းတော်မူကြကုန်သော ဘုရားရှင်အဆူဆူတို့ကဲ့သို့ မိမိရဲ့ အဇ္ဈတ္တသန္တာန်မှာလည်း ဗောဓိပက္ခိယတရား(၃၇)ပါးတို့ကို ရရှိပိုင်ဆိုင်နိုင်စေရန်မှာ မိမိ၏ နှလုံးသွင်းမှု အကြောင်းပြု၍ စရဏမျိုးစေ့အား ဖြည့်ပေးနိုင်မှသာလျှင် မြတ်ဗုဒ္ဓအလိုကျ ဗောဓိပင်ဖူးကုသိုလ်ထူးကို ရကြပါမည်။

သို့ဖြစ်ပါ၍ ရှင်အရဟံမထေရ်မြတ်ကြီးသည် ပုဂံပြည့်ရှင် သီဟသူရာဒါယကာမင်းမြတ် အနော်ရထာနှင့်တိုင်းသူပြည်သားတို့၏ လောကီ,လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးအနန္တများ တိုးပွားအောင်မြင် နိဗ္ဗာန်ဝင်နိုင်ပါစေခြင်းအကျိုးငှာ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ် ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒသာသနာသည်းခြေ ဖြစ်တော်မူသော အောက်ဖော်ပြပါ ရှင်အရဟံပုတီးစိပ်နည်းကို ခီး(?) မြင့်တော်မူခဲ့ပါ၏။

အနုဿတိများစွာတို့၏ဘုရင် ဘာဝနာများစွာတို့၏ ကေရာဇ်၊ ပုတီးစိပ်နည်းများစွာတို့၏ အချုပ်အခြာ၊ သထေ ဝိပဿနာ နှစ်ဖြာနှစ်ဝ စွယ်စုံရလမ်းစဉ် သိဒ္ဓိစုံပေါက် မြောက်အောင်မြင်စေနိုင်မည့် ရှင်အရဟံပုတီးစိပ်နည်းကို မိမိ၏သက်စေ့ ခေါက်ရေပြည့်အောင် ပုတီးစိပ်နိုင်ထေ ပိုကောင်းလေဖြစ်၏။

သတိရဖွယ်မှာ နောက်ထပ်တိုးလာသော ရှင်အရဟံ ပုတီးစိပ်နည်း အခြားမူကွဲ ရှိသေးသော်လည်း ဤနည်းကိုသာလျှင် ထေရဝါဒဗုဒ္ဓဘာသာဝင် ပညာရှိ ရဟန်း လူတိုင်းက ပိုမိုနှစ်သက် သဘောကျကြပါသည်။

**ရှင်အရဟံပုတီးစိပ်နည်း**

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၃) သံဃံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၄) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၅) အနန္တံ ဗလဝံ ဗုဒ္ဓံ
အနန္တံ ဂေါစရံ ဓမ္မံ
အနန္တံ အရိယံ သံဃံ။

အနန္တံ ဗောဓိ မုတ္တမံဟူ၍ဖြစ်ပြီး ရှင်အရဟံမထေ ဗောဓိရွှေညောင်တော်တည်ရာ၏ ရွေပင်းမြို့ဟောင်းသမိုင်း ကြောင်းသည်ကား-

ဤနေရာတို့သည် ဒေဝီလရသေ့၏ ဒါယကာ အမွ မင်းနှင့် ထီးပြိုင်နန်းပြိုင် တကောင်းပြည်ကို အစိုးရသေ သတိုးဓမ္မရာဇမင်းသည် ဆရာဂေါမံရသေ့နှင့် တိုင်ပ သက္ကရာဇ်(၂)ခု၊ တပေါင်းလဆန်း (၁၂)ရက် ကြ

www.burmeseclassic.com

www.burmeseclassic.com

…အေနေ့ နံနက်တစ်ချက်တီးအချိန်တွင် နယ်လေးရပ် သတ်…တ်၍ ရွှေပင်းမြို့ဟူ သမုတ်ပညတ် အမှတ်ပြုအပ်သော …မိနက်သန် အောင်မြေမှန်သည့် နေရာထူးနေရာမြတ်ဖြစ်ကြောင်း ဗုဒ္ဓေါဝါဒဒီပနီကျမ်းအရ သိမှတ်ရပါသည်။

သာသနာတော်သက္ကရာဇ်(၂၅)ခုနှစ်တွင် အောင်သပြေ…ညီနောင်ကို မြို့ဦးမြို့စွန်တွင် ဦးထိပ်တင်၍ အောင်သပြေမြို့ကို တည်ထားကာ သတိုးသစ္စာမင်း ထီးနန်းစိုက်ခဲ့ပါသည်။ ဆရာဂေါမံရှင်ရသေ့သည် ဝိဇ္ဇာမိုရ်ရိုတို့၏ အတတ်…ကို အပြီးတိုင်တတ်မြောက်တော်မူသဖြင့် သတိုးသစ္စာမင်း…တရား၊ စောထိပ်တင်မင်းတရား၊ သူဌေးစိတ္တတို့အား ခေါ်…ဆောင်၍ ဝိဇ္ဇာအဖြစ်သို့ ကူးပြောင်းသွားခဲ့ခြင်း၊ သာသနာ…တော်သက္ကရာဇ်(၆၅)ခုနှစ်တွင် သစ္စာဝရမင်း ထီးနန်းစိုးစံ…ခြင်း၊ သာသနာတော်သက္ကရာဇ်(၇၈)ခုနှစ်၌ ညီတော်…သစ္စာဓေယျမင်း ဆက်လက်ထီးနန်းစိုးစံခဲ့ခြင်း၊ သာသနာ…သက္ကရာဇ်(၁၀၀)ပြည့်နှစ်တွင် ကဒူးညီနောင်မှ နောင်…တော်ကြီး ထီးနန်းဆက်ခံခြင်း၊ သာသနာတော် သက္က…ရာဇ်(၁၂၃)ခုနှစ်တွင် ကဒူးညီတော်မင်းတရား ထီးနန်းဆက်ခံခဲ့ရာ သာသနာတော်သက္ကရာဇ်(၁၃၈)ခုနှစ်တွင် ဗိဿနိုးမင်းသမီး လက်အောက်သို့ ကျရောက်သွားခဲ့ခြင်းကြောင့် မင်းဆက်(၅)ဆက်၊ မြို့သက်(၁၀၀)ကျော်ခန့်ဖြင့် တကောင်းမင်းဆက်တို့ အောင်ခြင်းမင်္ဂလာအဖြာဖြာနှင့် မြို့နန်းတည်ရာ အောင်မြေမဟာဖြစ်ခြင်း၊ ဆရာဂေါမံရှင်ရသေ့သည် ဝိဇ္ဇာမိုရ်ရိုတို့၏ အတတ်ပညာဖြင့် စိန်ဆင်းတုရုပ်ပွား စိန်ဘုရားကို အဓိဋ္ဌာန်ပြု ထုလုပ်ပူဇော် ကိုးကွယ်တော်မူခဲ့ရာ အောင်မြေမဟာဖြစ်ခြင်းတို့ကို မြို့ရိုးဟောင်းနှင့် နန်းတော်ဟောင်းနေရာ၊ အောင်သပြေညီနောင်နှင့် စိန်ဘုရား စသည့်ရွှေပင်းမြို့၏ ရှေးဟောင်းပ… ျူးမှုအမွေ သမိုင်းဝင်အထောက်အထား နေရာဟောင်းများအရ လေ့လာသိရှိမှတ်သားရပါကြောင်းတို့ကို ဗုဒ္ဓေါဝါဒဒီပနီကျမ်းနှင့် ဆရာတော်ဦးတေဇဝန္တရေးသော ရှင်အရဟံမဟာဗောဓိသမိုင်းနှင့် ပင်းမြို့သမိုင်းတို့မှ ကောက်နုတ်ရေးသားတင်ပြလိုက်ပါ၏။

ကိုရွှေမြသန်း(သမိုင်း)

နလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

# နန်းထိပ်တင်





နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၃
ရန်ကုန် ပြည့်မြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51)ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၀၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအေးမြင့် မြန်မာ့ဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့။ ☎ (၀၂)၃၁၀၈၈

www.burmeseclassic.com



# မြတ်သော တထာဂတ သန်းစင်း(ဘက်)

လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့သည် အဟုန်ပြ
လာသည်နှင့်အမျှ ဆူပွက်လာချိမ့်မည်သာ ဖြစ်၏။ အ
စွန်သို့ ရောက်လေသော်ကား ပေါက်ကွဲလောင်မြိုက်
တော့မည်။ အနှီ လောဘ၊ ဒေါသမီးသည် ကမ္ဘာ့စစ်မီး
အဖြစ်လည်း လောင်ကျွမ်းခဲ့ဖူးပါ၏။

ကမ္ဘာ့စစ်မီးလျှံကြောင့် ပူလောင်လှသော ဒုက္ခအ
မှ ကင်းလွတ်ရာကို တမ်းတရှုမျှော်ကြကုန်လျက်
ငြိမ်းစေရေးကို ဝါယမစိုက်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်ငြားလည်း လောကီပညာ၊ လောကဓာတ်ကဝိ ားရှိကြကုန်သော ကမ္ဘာ့နိုင်ငံကြီးတို့သည် မိမိတို့ ရှိ မီးကို ငြိမ်းအောင် မငြိမ်းနိုင်ကြသေး။ အငွေ့အလျှံများ ရှိနေကြသေး၏။ ဒေါသ၊ လောဘ၊ မောဟရိပ်များ င်းကြသေးချေ။

မီးဖြစ်ပေါ်လာအောင် ရှာကြံတတ်ကြသော လောက ဆရာတို့သည် မိမိတို့ရှာဖွေထားသောမီးကို တစ်ဖန် အေးအောင် မစွမ်းဆောင်နိုင်သေးကြောင်း ထင်ရှားလှ တောင်း။ လောကီပညာရှင်များ၏ ဆန်းပြားထွေထူး ကြောင့် လူတို့၏ ဇီဝိတိန္ဒြေရုပ်တို့မှာ အလွယ်ဆုံးနည်းများ ဆုံး ခွင်းဖျက်ခြင်းကို ခံကြရလေ၏။

လက်နက်ဆန်းများ၊ ယာဉ်ယန္တရားဆန်းများသည် လူ တုန်းကံကြောင့် ပေါ်ပေါက်လာသည်ဟုဆိုရန် ခဲယဉ်း ၏။ လူတို့၏ အကုသိုလ်အဟုန်ကြောင့် ပေါ်ပေါက် ခြင်းဖြစ်၏ဆိုသော် ရနိုင်ပေ၏။

လူအပေါင်းတို့သည် အနိဋ္ဌာ အကုသိုလ်ဘေးအမျိုးမျိုး၊ အမျိုးမျိုးကို ကြုံတွေ့ခဲ့ကြရဝယ် ဓမ္မတာအလျောက် ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာ အရိပ်ဆာယာ ရှာဖွေကြကုန်၏။

ကိုးကွယ်မှုဟူရာဝယ် ယုံကြည်မှုသည်သာ အဓိကဖြစ် သတ္တဝါတို့သည် မိမိတို့ ယုံကြည်မြတ်နိုးရာ ပုဂ္ဂိုလ် အရာဝတ္ထုတို့နှင့်တကွ ဘာသာတရားတို့ကို ဆည်း ကြကုန်၏။

ဆင်းရဲလေလေ သံဝေဂရလေလေဟူသော စကား နှမြင်ညပျောက် သဘာဝအလျောက် ဖြစ်တည်နေ လူ့လောကကြီးတွင် ဘာသာရေးကို အလေးထား ကြည်ဆည်းကပ်ကြကုန်၏။

ခုအခါ နည်းပညာအဆင့် မြင့်မားလာသည့်အား ဆိုင်ရာ,ဆိုင်ရာ ဘာသာရေးကိုလည်း လေးနက် ခြင်းကြံဆလျက် ရှိကြကုန်၏။ ရှေးအထက်ကျော် တဲ့သို့ မဟုတ်ချေတော့။ အစဉ်အလာ ယုံကြည်ခဲ့ မိမိတို့လက်ထက်မှာလည်း မိဘရိုးရာအလျောက် ဆည်းကပ်ခြင်းမျိုး မဟုတ်ချေလေတော့။ အများ ကို ကျွဲဖတ်သည်မျိုး နည်းပါးခဲ့လေပြီ။ ဂုဏ်ရှိသူ၊ ရှိသူတို့ ယုံကြည်သော ဘာသာဖြစ်၍ ယုံကြည်ရ ၍လည်း မရှိတော့ပြီ။

ခုအခါ ကိုယ်ပိုင်ဉာဏ်ဖြင့် အသုံးပြုပြီး ဘာသာရေး အပေါ် လေ့လာလိုက်စား ဆည်းကပ်သူတွေ များပြားခဲ့ သည့်အတိုင်း ကယ်တင်သော ဘုရားများကို ကိုးစားသော အလေ့ နည်းပါးခဲ့လေပြီ။

အဘယ်ကြောင့်ဟူမူ လူသတ္တဝါအပေါင်းတို့သည် ကယ်တင်သောဘုရားကို ယုံကြည်ခဲ့သလောက် အနှီဘုရား များသည် အမှန်စင်စစ် ကယ်တင်ခြင်းအမှု မရှိခဲ့ခြင်းကို သိလာကြ၍ ဖြစ်သည်။

သို့ဖြစ်ရကား ယခုအခါ အားထားဖွယ်ရာ အစစ်ကြီး ကိုသာ ရှာဖွေဆည်းပူးလျက် ရှိကြကုန်လေပြီ။ အားထား ဖွယ်ရာ အစစ်အမှန်ကြီးဟူရာ၌ မှန်သောတရားပင် ဖြစ်လေ ၏။ မှန်သောတရားသည်သာလျှင် အားထားမှီခိုရာ အစစ် ကြီးဖြစ်၏။ ထိုတရားသည်ကား အဘယ်မှာနည်း။

ထိုတရားသည်ကား နက်နဲစွာတွေးတော ကြံဆတတ် သူတို့၌ ရှိအပ်သော အလင်းရောင်တွင်သာ ဖြစ်နိုင်ပေ၏။ မှန်ကန်သော တရားအစကိုမြင်လျှင် ထိုတရားကို ဆက် လက်ရှာဖွေ စုံစမ်းသင့်ပေ၏။ ကမ္ဘာအရပ်ရပ် တွေးဆတတ် သူအပေါင်းသည် မှန်ကန်သောတရားကို စုံစမ်းရှာဖွေလျက် ရှိကြလေပြီ။ ထိုတရားကိုသာမက ထိုတရား၏ အစကနဦး ရှာဖွေတွေ့ရှိခဲ့သူကိုလည်း စုံစမ်းကြလေပြီ။

ဤကမ္ဘာကြီး၌ တရားစစ် တရားမှန်ကို ရှေးဦးစွာတွေ့ ရှိခဲ့သူသည်ကား တထာဂတဟု ကျော်ကြားသူပင် ဖြစ် လေ၏။ ထိုတထာဂတ၏ တရားများသည်ကား ဘယ်သော အခါမှ နှစ်ခွတွေးဖွယ်၊ နှစ်မျိုးဆင်ခြင်ဖွယ်ဟူ၍မရှိ။ အခြား သော ဘာသာတရားတို့ထက် မြင့်မြတ်၍ လုံးဝအားထား ယုံကြည်ဖွယ်၊ ကိုးကွယ်ဖွယ်ရာ အစစ်ကြီးဖြစ်ကြောင်း သိမြင်ကြလေပြီတည်း။

ကမ္ဘာကြီး၏ လောကီပညာရှင်များ ဖြစ်ကြကုန်သော ဒုက္ခခလုတ်ကြိုးကိုင်သူများဟုဆိုထိုက်သော လောကဓာတ် ဆရာကြီးတို့သည်လည်း တထာဂတ၏ တရားစစ် တရားမှန် တို့ကို လုံးဝယုံကြည်ကိုးစားလာခဲ့ကြလေပြီ။ ကမ္ဘာ့စစ်မီး လျှံများကို ငြိမ်းအေးစေနိုင်သောသတ္တိကား တထာဂတ၏ တရားမှန်ပင်ဖြစ်ကြောင်း ကောင်းစွာဝန်ခံကြလေပြီ။

သို့တပြီးကား ကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်သင့် သော တထာဂတသည်ကား အဘယ်သူ ဖြစ်ပါသနည်း။ ဘုရားဟူသည် နှစ်ဆူမရှိ၊ တစ်ဆူသာ ရှိရမည်။ ထို့ကြောင့် အကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်သော ဘုရားသည်ကား ရှင်တော်ဂေါတမဗုဒ္ဓ ဖြစ်သည်ဟု ဝန်ခံရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

တရားစစ် တရားမှန်ကို အလိုရှိကြကုန်သောသူတို့သည် ဂေါတမဘုရားရှင်တော်မြတ်ကိုသာ ကိုးကွယ်ဆည်းကပ်၍ ထိုဘုရားရှင်တော်မြတ်၏ မြင့်မြတ်သော တရားစစ် တရားမှန်ကိုသာ လိုက်နာရပေမည်။

အခြား,အခြားသော ဘုရားရှင်များကို ကိုးကွယ်ရမည် မဟုတ်ဟု ယုံကြည်၏။ သို့သော်ငြားလည်း ကိုးကွယ်ဆည်းကပ်သင့်သော တထာဂတဘုရားအပေါင်းသည်လည်း ရှိပါသေး၏။ အခြားသော တထာဂတတို့သည် ဂေါတမဘုရား၏ တရားနှင့်တူညီသည်ဟု ယုံကြည်ပါမူ ထိုဘုရားရှင်များသည်လည်း အကျွန်ုပ်တို့ ဆည်းကပ်သော တထာဂတများ ဖြစ်ချေလေ၏။

အဘယ်ကြောင့်ဟူမူ နန္ဒ၊ သုနန္ဒ၊ ပထဝီ၊ မဏ္ဍ၊ ဓရဏီ၊ သာဂရ၊ ပုဏ္ဍရိကဟူ၍ စိတ်ဖြင့်သာလျှင် ဘုရားဆုပန်လျက် (၇)သင်္ချေအတွင်း၌ ပွင့်တော်မူကုန်သော တစ်သိန်း နှစ်သောင်းသော ဗြဟ္မဒေဝဘုရားအပေါင်းကိုလည်း အကျွန်ုပ်တို့ ယုံကြည်ဆည်းကပ်သင့်ပေ၏။ ထိုမှတစ်ပါး သဗ္ဗဘဒ္ဒ၊ သဗ္ဗပုလ္လ၊ သဗ္ဗရတန၊ ဥသဘက္ခန္ဓ၊ ဟနိဘဒ္ဒ၊ ပဒုမ၊ ဥသဘ၊ ခန္ဓုတ္တမ၊ သဗ္ဗဘလ္လပ်ဟူ၍ နှုတ်မြွက်ကာ ဘုရားဆုကိုပန်ခဲ့ကြသော (၉)သင်္ချေအတွင်း၌ ပွင့်တော်မူခဲ့ကြသည့် သကျမုနိဘုရားပေါင်း(၃၈၇၀၀၀)ကိုလည်း ကိုးကွယ်ဆည်းကပ်သင့်ပေ၏။

ထိုဘုရားရှင်များကား ဗောဓိသစ်ပင်၌ ပွင့်တော်မူသည်ဟုမဆို၊ ဘုရားလောင်းဟူသော နိယတဗျာဒိတ်လည်း မရခဲ့ကြဘဲ ဘုရားဖြစ်တော်မူကြလေ၏။

ထို့ပြင် သေလ၊ ဘာသ၊ ဇယ၊ ရုစိယဟူ၍ ကိုယ်,နှုတ်နှစ်ပါးဖြင့် ဘုရားဆုကို ပန်ခဲ့ကြသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင်း၌ ပွင့်တော်မူကြကုန်သော တဏှင်္ကရာစသော (၂၇)ဆူသော ဘုရားတို့ကိုလည်းကောင်း၊ ထိုဘုရားရှင်အားလုံးတို့သည် ယခု အကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်လျက်ရှိသော ဂေါတမဗုဒ္ဓဘုရားရှင်နှင့် ဝါဒချင်းတူမျှကြသည်ဖြစ်သောကြောင့် အကျွန်ုပ်တို့သည် အဆိုပါဘုရားရှင်အပေါင်းကိုလည်း ဆည်းကပ်ထိုက်ပေ၏။

ကိုးကွယ်ဆည်းကပ်သူအပေါင်းတို့သည် ဒုက္ခခပ်သိမ်းတို့မှ ကင်းလွတ်ပပျောက်စေရန် ရည်ရွယ်ရင်းစိတ်ဖြင့်သာလျှင် ရှိကြကုန်၏။ သို့သော်ငြားလည်း ဆည်းကပ်ကိုးကွယ်သည်ဟူရာ၌ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း မိမိကိုယ်တိုင်က စုံစမ်းဆင်ခြင်ခြင်းမရှိဘဲ အစဉ်အလာအရ ကိုး



ကွယ်ခဲ့သဖြင့်သာ ကိုးကွယ်ရသည်ဆိုပါမူ အကျိုးခံစား... ရသင့်သလောက် မရနိုင်ပါချေ။ မခိုင်မြဲသော ကိုးကွ... ခြင်းသာ ဖြစ်တုံရာ၏။ တရားစစ်၏ အနှစ်သာရကို ... နိုင်ချေ။

ထိုမှတစ်ပါး အများကိုးကွယ်၍သာ လိုက်ပါ... ယောင်ကိုးကွယ်ခြင်းသည်လည်း ကျေးဇူးများမည်မဟု... အာဏာပိုင်များကို ကြောက်၍ ကိုးကွယ်ခြင်း၊ ချစ်၍ ... ကွယ်ခြင်းတို့မှာလည်း တစ်စုံတစ်ရာ ထူးခြားမှုမရှိနိုင်။ ... ကိုယ်တိုင်က တရားစစ် တရားမှန်ကို သိပြီးလျှင် တထာဂ... ၏ ဂုဏ်တော်ကို အလိုလိုကြည်ညိုစိတ် ဖြစ်ပေါ်လာမှ... မိမိသဘောအလျောက် ကိုးကွယ်ဆည်းကပ်သင့်လှ... သည်။

ကိုယ်တိုင်ကျူန သေချာစွာ မသိရှိခဲ့ပါမူ အပူငြိမ်း... တတ်သောတရားသည် အပူငြိမ်းအေးအောင် စွမ်းဆော... ဖွယ်ရာ မရှိပါကြောင်း ကုသိုလ်စိတ်ညွတ် ရေးသားခဲ့ပါ...

ဤသို့ဆိုပါလျှင်···။

သန်းဝင်း(ဘ...

**ကိုးကား**

* ဒဂုန်နတ်ရှင်၊ သင်ဘာကို ကိုးကွယ်သလဲ၊ သာသနာ့လင်း (၁၂၉၉)၊ ပထမတွဲ၊ စာစောင်(၁)...

www.burmeseclassic.com


# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ထံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီကော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂဏ္ဍိရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


☎ ၀၉ ၅၁ ၈၄၉၀၅


www.burmeseclassic.com

www.burmeseclassic.com

# ထက်ဘုန်းရှု

## သဒ္ဓမ္မတည်းဟူသော သူတော်ကောင်းတရားနှင့် အဆုံးအမသာသာနာတွင် ရှုမြင်ခြင်းတန်ဖိုး



မြတ်ဗုဒ္ဓရဲ့ တရားဓမ္မတွေဟာ သင့်လျော်တဲ့အလေ့ အကျင့်အားဖြင့် အရာအားလုံးရဲ့ သဘာဝမှန်ကို နားလည်မှု ရရာရကြောင်းဖြစ်ပြီး တည်ငြိမ်ခြင်း အခြေအနေကို ဖော်ဆောင်တဲ့ကျင့်စဉ် ဖြစ်ပါတယ်။ သာသနာဆိုတဲ့ အဆုံးအမ လမ်းစဉ်တစ်ရပ်မှာ လူတိုင်းထားရှိရမယ့် ရည်ရွယ်ချက် လျှောက်ရမယ့်လမ်းကြောင်း စည်းကမ်းမူဘောင်တွေကို မခြွင်းမချန် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပေးပါတယ်။

အသက်တမျှ တန်ဖိုးထား ယူဆောင်အပ်တဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆိုတာ အဆုံးအမ သာသနာကို ပါရမီဖြည့်ကျင့် ဖွင့်ဆောင်ဖော်ထုတ်ပေးတဲ့ ဗုဒ္ဓကိုယ်တော်တိုင်ကို ပြ တယ်။

ဓမ္မံ သရဏံ ဂစ္ဆာမိက ဓမ္မရဲ့ တောက်ပြောင်တဲ့ အရည်အသွေးပါ။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့နောက် ဗုဒ္ဓနဲ့ သံဃာတော်တွေ မပျောက် မပျက် တည်ရှိစေရန် အသက်ဂုဏ်သွင်းပေးခြင်းကို ဆိုပါတယ်။

သံဃံ သရဏံ ဂစ္ဆာမိကတော့ မုချအားဖြင့် အရိယာသံဃာ၊ ဥပစာအားဖြင့် ကလျာဏပုထုဇဉ် သမ္မုတိသံဃာတော်များရဲ့ လုံ့လဥဿဟာနဲ့ ထိန်းသိမ်းစောင့်ရှောက်ခြင်းပါပဲ။

တကယ်တော့ ဓမ္မဟာ ရှေ့က ဗုဒ္ဓ၊ နောက်က သံဃာကို ချိန်ခွင်လျှာပမာ ချိန်ညှိပေးပြီး စောင့်ရှောက်သူ မရှိဘဲ သူ့အလိုအလျောက် မတည်တံ့နိုင်တဲ့ သာသနာတော်အတွက် ရတနာသုံးပါးသာလျှင် ပထမမဏ္ဍိုင်၊ ရတနာသုံးပါးသာလျှင် ဒုတိယမဏ္ဍိုင်၊ ရတနာသုံးပါးသာလျှင် တတိယမဏ္ဍိုင် ဖြစ်ပါတယ်။

အကုသိုလ်အားလုံးရဲ့ ပင်ရင်းဇာစ်မြစ်ဟာ အဝိဇ္ဇာဖြစ်ကြောင်း ဟောမိန့်ခဲ့တဲ့ မြတ်ဗုဒ္ဓကပညာကို ပညတ်၊ ပရမတ် ခွဲခြားသတ်မှတ်ပြီး ပညာကို ဘယ်ရှေ့ဘယ်မျှ အလေးထားကြောင်း ပေါ်လွင်စေရုံမက ဒုက္ခမှ လွတ်မြောက်ရာ နည်းကောင်းလမ်းမှန်အတွက် လုပ်ပိုင်ခွင့်ကိုပါ ပေးအပ်ခဲ့တယ်။ လုပ်သင့်တာလုပ်ရင် ဖြစ်သင့်တာ ဖြစ်မယ်။ ဖြစ်သင့်တာ ဖြစ်ချင်ရင် လုပ်သင့်တာ ဇာကန်လုပ် ရမယ်ဆိုတဲ့ အကြောင်းနဲ့ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

င်းတာပြသကာ လူ့စွမ်းရည် ပြည့်ဝစေမယ့် မဂ္ဂလမ်းကြောင်းပေါ် တင်ပေးခဲ့တာပါ။

လူဖြစ်ခြင်းရဲ့ ရလဒ်ကို မှတ်ကျောက်တင်ကြည့်ရင် အားရှိအောင် အသုံးချဖို့ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ဖော်ဆောင်ရမယ့် တာဝန်တစ်ရပ်လို ရှင်သန်နေမြဲပါ။ တွေလို ကံဟောင်း(ကံအကျိုးကြီးမားမှု) ထိုင်စားနေမျိုးမဟုတ်လို့ မပြောပလောက်တဲ့ လူ့စည်းစိမ်လေးကို စည်းစိမ်ပမာ ထင်မှတ်မှားပြီး နတ်တွက်၊တွက်ကာ နပ်မယ်ဆိုရင် လူ့ဘဝတန်ဖိုး လျော့ကျဆုံးရှုံးဖို့ လုံကသွားတဲ့ အခြေအနေကို ဖန်တီးလိုက်သလို ဖြစ်ပါယ်။ ဒါမှမဟုတ် လူမှုဒုက္ခအဖုံဖုံကို ငရဲတွက်၊တွက်ပြီး ည်းတွားနေမယ်ဆိုရင်လည်း တစ်သက်တာ လူနံ့ချာအဖြစ် အညွန့်တုံးဖို့ သေချာပါတယ်။

စည်းစိမ်ကြီးလှတဲ့ နတ်ပြည်မှာ အို၊ နာ၊ သေဘေးတွေ ထင်ထင်ရှားရှား ပြသထားနိုင်မှု မရှိခြင်းကြောင့် ဝေဂတရားရဖွယ်ရာ ဖြစ်ပျက်သဘာဝကို မြင်တွေ့ခွင့်နိုင်ပါ။ ဒါကြောင့် နတ်စည်းစိမ်နဲ့ ဖုံးကွယ်ထားလေ့ရှိတဲ့ နတ်ပြည်မှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မကွာဘဲ သာမန်အဖြစ်သာ ရရှိခံစားခဲ့ရင် နတ်နဲ့လူ၊ သုဂတိဘုံသားအတူ နတ်ပြည်ဟာ တွက်ကိန်းကိုက်တဲ့ နေရာတစ်ခုတ်ကြောင်း သိထားသင့်ပါတယ်။ လူ့ပြည်ကတော့ ဝေဂပွားများ၊ တရားရစရာ များပြားလှတဲ့ ဘူမိနက်သန်ရာမှန် ဖြစ်တာနဲ့အညီ တရားလိုသလောက် စုဆောင်းပြီး လွတ်မြောက်မှုရှာဖွေရာ ဝိပဿနာတရား ထွန်းရာ မဟာအောင်မြေ ဖြစ်ပါတယ်။

သာသနာတော်ကြီး စတင်ပေါ်ပေါက်လာစေတဲ့ ခဆုံးဒေသနာ ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မစကြာ)မှာ လွတ်ငြိမ်း ချုပ်ပျောက်ရာကို ဦးတည်ရည်မှန်းပြီး ကြံအားထုတ်ကြမယ့် ဗုဒ္ဓကို လက်ခံယုံကြည်သူတိုင်း ယာသူတော်စင်တို့ရဲ့ လက်သုံးလည်းမဟုတ်။ ရည်ချက် အကျိုးတစ်စုံတစ်ရာလည်း မပြီးစေတဲ့ အစွန်း နှစ်ပါးကို စွန့်ပယ်ရမယ်ဆိုတဲ့ နိဒါန်းစကားဟာ ဦးဒေသနာတော်ရဲ့ အနှစ်သာရ အပြည့်ဝဆုံး အခင်း င်းတစ်ရပ် ဖြစ်ပါတယ်။ လောကီအာရုံ ကာမဂုဏ်ကို အတောမသတ် ကြိုးစားရှာဖွေရရှိမှုကို တကယ့် သာမှုကြီးသဖွယ် ခံယူကျင့်သုံးနေတတ်ကြတဲ့ အစွန်းတရားတစ်ခု။ အာရုံခံစားမှုအားလုံးကို ချိုးနှိမ်ဖြတ်တောက်ကာ ခန္ဓာကိုယ်ကြီးကို ဘက်ပေါင်းစုံ ညှဉ်းဆဲနှိပ်စက်ကျင့်ကြံအားထုတ် အပင်ပန်းခံမှသာ ချမ်းသာစစ် ချမ်းသာမှန် (နိဗ္ဗာန်)ကို ရမယ်အထင်နဲ့ အမှားလမ်း ဆက်လျှောက်နေတဲ့ အစွန်းတရားတစ်ခု။

အဲဒီအစွန်းတရားနှစ်ခုကို ခေါင်းဆောင်ကောင်းဂုဏ်ရည် ပြည့်ဝစွာနဲ့ မြတ်ဗုဒ္ဓက အစအဦး ထုတ်ဖော်ပြသခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ လူတိုင်းလူတိုင်းမှာ သဘာဝက ပေးအပ်ထားတဲ့ ကျေးဇူးရှင်(၃)မျိုး ရှိတယ်လို့လည်း ပဋ္ဌာန်းဥပနိဿယပစ္စည်းမှာ ဟောဖော်ညွှန်ပြထားပါသေးတယ်။

(၁) ဥတုဘောဇနမ္ဘိ-ရာသီဥတုနဲ့ အစားအစာ

(၂) ပုဂ္ဂလောပိ-မိဘ၊ ဆရာ၊ မိတ်ကောင်းဆွေမှန် စတဲ့ ပုဂ္ဂိုလ်၊

(၃) သေနာသနမ္ဘိ-မွေးဖွားရာဒေသ၊ မိမိမှီတင်းနေထိုင်ရာ အဆောက်အအုံ လူ့ဘောင်၊ သာသနာ့ဘောင် စသဖြင့် မှီခိုအားထုတ်ရာ နေရာတွေ ဖြစ်ပါတယ်။

အရိပ်နေနေ အခက်ချိုးချိုးဆိုတဲ့ မြန်မာစကားပုံ တစ်ခုလို သက်ရှိ၊ သက်မဲ့တို့ရဲ့ ကျေးဇူးတရားကို သိတတ်၊ ကျေးဇူးဆပ်တတ်ပြီး သက်မဲ့အပေါ်မှာလည်း ကျေးဇူးစောင့်သိတတ်ရမယ်လို့ ဆိုလိုတာပါ။ သစ်ပင်၊ တောတောင်တွေ မပြုန်းတီးအောင် စောင့်ထိန်းကြဖို့၊ စားသောက်တဲ့ အစာအာဟာရနဲ့ ပတ်သက်ရင်လည်း ကျေးဇူးတရားနှလုံးသွင်းဖို့၊ မိဘကျေးဇူး၊ မိတ်ဆွေကျေးဇူး၊ ဆရာကျေးဇူးတို့အပြင် မိမိတို့ မှီတင်းနေထိုင်ရာဒေသ၊ ဖွားမြင်တဲ့ ဇာတိ အရပ်ဒေသတွေရဲ့ ကျေးဇူးတရားကိုလည်း ဆပ်နိုင်ခွင့်နဲ့ တာဝန်ကျေစေဖို့ ဖြစ်ပါတယ်။ အစဉ်အလာကောင်းကို ထိန်းသိမ်းရေးအတွက် ဘာသာရေးအသိ၊ ကိုယ်ခံစွမ်းအား ယဉ်ကျေးမှု ဓလေ့ထုံးစံတွေဟာ ရှေ့တန်းမှာ မားမားမတ်မတ် ပါဝင်နေခြင်းကြောင့် မိမိကိုယ်မိမိ အလေးထားမှုဆိုတဲ့ စောင့်လေမျိုးနွယ် ဝတ္တရားမပျက်ဆောင်ရွက်ကြရမှာပါ။ ပတ်ဝန်းကျင်ကို အလေးထားသင့်တဲ့ အရာအားလုံးထဲမှာ ဗုဒ္ဓဘာသာ ထွန်းကားထင်ဟပ်မှုတွေ မှေးမှိန်ပျောက်ကွယ် မသွားဖို့ဆိုတဲ့ အထွတ်တင်ရမယ့်ကိစ္စကို အလွန်အလေးအနက်ထားရမှာပါ။ လောကီချမ်းသာပါမက လောကုတ္တရာချမ်းသာ နိဗ္ဗာန်အထိ ပေး



www.burmeseclassic.com

www.burmeseclassic.com

စွမ်းနိုင်တဲ့ သဒ္ဓမ္မလို့ ခေါ်ဆိုအပ်တဲ့ သူတော်ကောင်းတရား (၇)ပါးနဲ့ ရတနာသုံးပါးအား အသက်ကို အပ်နှင်းပြီး ယုံကြည်ဆည်းကပ်ပါ၏ဆိုသလို အပြောနဲ့ အလုပ်ကိုက်ညီဖို့ လိုပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာပြုကိစ္စရပ်တွေမှာ ခန္တီစွမ်းအား၊ မေတ္တာစွမ်းအားကို ဓမ္မစွမ်းအားရဲ့ ရှေ့ပြေးအဖြစ် ရှေ့တန်းတင် အသုံးပြုသွားခြင်းသည်ပင်လျှင် အထင်အရှား ရှိခဲ့ပါတယ်။

နီတိကျမ်း တစ်စောင်မှာဆိုရင်–

"အများစုသည် အသိဉာဏ်ဆင်ခြင်တုံတရား နည်းပါးမြဲဖြစ်ရကား ၄င်းတို့၏ နှုတ်လွန်၊ အာလွန်၊ လျှာလွန် ပြောကြသည့် စွပ်စွဲကဲ့ရဲ့စကားကို သည်းခံအံ့လို့ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။ ဒါဟာ စွပ်စွဲကဲ့ရဲ့မှုတွေနဲ့ ပတ်သက်ပြီး သူတော်ကောင်းတို့ရဲ့ သဘောထား အမှန်ကို ထင်ဟပ်စေခြင်းလည်း ဖြစ်ပါတယ်။

ကမ္ဘာကြီးမှာ အဟောင်းက အသစ်ကို ပြောင်းလဲတဲ့ အပြောင်းအလဲတိုင်းမှာ အခုအခံ အတားအဆီးဆိုတာ ကြုံရစမြဲဖြစ်တယ်။ ဗုဒ္ဓဝါဒ စတင်ပေါ်ထွန်းလာစဉ်ကလည်း ဒီအတိုင်းပဲ ကြုံတွေ့ရတာတွေ ပိဋကတ်တော်များမှာ မြောက်မြားစွာ တွေ့ရှိရပါတယ်။ ဝါဒချင်း အတိုက်အခံပြုရုံတင်မကဘူး၊ ဗုဒ္ဓရဲ့ဖြစ်စဉ်တွေကိုကြည့်ရင် စိဉ္စမာန စွပ်စွဲမှုတို့၊ သုန္ဒရီပရိဗိုဇ်မကို သတ်ဖြတ်ပြီး စွပ်စွဲမှုစတဲ့ ဖြစ်ရပ်မျိုးတွေ ပါဝင်နေပါတယ်။ ဝါဒချင်း မပြိုင်နိုင်တဲ့အခါ တစ်ဖက်က အောက်လမ်းဆန်ဆန် အပုပ်ချတာတွေအထိ ပြုလုပ်လာကြတာကို တွေ့ရတယ်။

(၁၉၇၃)ခုနှစ်က ဒေးဒရဲမြို့ ကွင်းကျောင်းတိုက်ရဲ့ နိကာယ်သင်တန်းဖွင့်ပွဲမှာ သဘာပတိအဖြစ် ဩဝါဒချီးမြှင့်ခဲ့တဲ့ ကမ္ဘာ့ဗုဒ္ဓသာသနာပြုအကျော်ဆရာတော် အရှင်သေဋ္ဌိလမိန့်ကြားခဲ့တာ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာပြု လမ်းညွှန်ချက်တွေကို လေ့လာကြည့်မယ်ဆိုရင်လည်း နှုတ်မိန့်ဆိုတာထက် ဣန္ဒြေနဲ့ အသွင်သဏ္ဌာန်ဆောင်ပြတဲ့ ကိုယ်မိန့်အနေနဲ့သာ လုပ်ငန်းစဉ်ကို အကျိုးရှိစွာ စွမ်းဆောင်ပေးနိုင်တာ တွေ့ရပါတယ်။

မြတ်ဗုဒ္ဓဟာ ပထမဝါဆိုတော်မူပြီး တပည့်ရဟန္တာခြောက်ကျိပ်တို့ကို သာသနာပြုစေလွှတ်တဲ့အခါ–

'ချစ်သားတို့ ..လောကမှာ ကိလေသာထုပြောသူများ ရှိသလို ကိလေသာမြူ နည်းပါးသူတွေလည်း အများကြီး ရှိတယ်။ တရားတော်ကို နာကြားခွင့်မရရင် ကိလေသာနည်းပါးသူတွေရဲ့ ပါရမီအချည်းနှီး ဆုတ်ယုတ်ပျက်စီး သွားကြလိမ့်မယ်။ တရားတော်ကို နာယူခွင့်ရမယ်ဆိုရင် သူတို့ဟာ မဂ်ဖိုလ်နိဗ္ဗာန်အထိ ထိုးထွင်းသွားနိုင်ကြလိမ့် မယ်။ ဒါကြောင့် လူအများရဲ့ ကြီးပွားချမ်းသာမှုနဲ့ နတ် လူ အပေါင်းတို့ရဲ့ အကျိုးစီးပွား ချမ်းသာသုခကို ဆောင် ရွက်ရင်း လောကကို သနားစောင့်ရှောက်ရန်အတွက် ဒေသ စာရီ လှည့်လည်ကြ၊ ခရီးတစ်ကြောင်းကို တစ်ပါးတည်း သာ သွားကြ၊ ရောက်လေရာ အရပ်ဒေသမှာ အ အလယ်၊ အဆုံး ကောင်းခြင်းသုံးဖြာ သီလ၊ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ တရားတော်ကို ဟောကြ၊ ငါဘုရား ရှင်လည်း သေနနိဂုံးက ဥရုဝေလတောကို တရားဟော ကြွသွားမယ်'

မြတ်ဗုဒ္ဓရဲ့ မိန့်ဆိုချက်မှာ နှုတ်မိန့်ကို ကိုယ်မိန့်(ဣန္ဒြေ ရိပ်)နဲ့ အလေးအနက်ပြုပေးတဲ့ သဘောထားကို မြင်နိုင် လိမ့်မယ်။ သင်ချစ်သားတို့ချည်း သွားရမှာ မဟုတ်ဘူး ငါကိုယ်တော်တိုင်လည်း ဒီလိုပဲသွားမှာပါဆိုတဲ့ လေးမြတ် ဖွယ်စိတ်ထားမွန်ကို ကြည်ညိုစွာ ဦးခိုက်ရမှာပါ။ ဒါ ကြောင့်လည်း သာသနာတော်ဟာ နှစ်(၅၀၀၀)မကသော ကာလအရှည်အလျားသို့တိုင် တည်တံ့ပြန့်ပွားနေဦးမှာ ဖြ ပါတယ်။

◆◆◆

တဏှာလောဘကို အဓိကပယ်သတ်ရမည့် တ အဖြစ် ပစ်မှတ်ထားတဲ့ ဂေါတမမြတ်ဘုရားက တဏှာ လောဘအကြီးစားတွေဖြစ်တဲ့ ဗိမ္ဗိသာရမင်းတို့၊ ကော သလမင်းတို့လို ပဒေသရာဇ်ကြီးတွေ၊ အနာထပိဏ် ဝိသာခါတို့ကို မိမိရဲ့ခြေဖဝါးအောက် ရောက်လာအော ဘယ်နည်းဘယ်ပုံ သိမ်းသွင်းစည်းရုံးခဲ့တယ်ဆိုတဲ့ နည်း ဟာကို တွေ့အောင် မရှာနိုင်ဘဲ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓသာ သနာ ပြန်လည်ထွန်းကားအောင် သာသနာပြုဖို့ ထ မကြိုးစားပါနှင့်လို့ အိန္ဒိယရဲ့သမိုင်းနဲ့ အဘိဓမ္မာပညာ ဂုရုကြီး ရာဟုလာသံကစ္စည်းက မှတ်ချက်စကား ဆို ပါတယ်။

ဒါပေမဲ့ ကိုယ်ကျိုးလုံးဝမဖက် စွန့်လွှတ်သူ၊ ပေးစရာရှိသူ၊ ပေးနိုင်သူ၊ ပေးနေသူ ဖြစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

အချက်တွေဟာ လောကအမြင်မှာ စောဒကတက်စရာမရှိတဲ့ အကောင်းဆုံး စည်းရုံးရေးအရည်အချင်း ဖြစ်တယ်လို့ ဆိုပါက မှားမယ် မထင်ပါ။ မြတ်ဗုဒ္ဓရဲ့ အလိုတော်အရဆိုရင်တော့ အဆောင်အယောင်ဆိုတာ အယောင်ဆောင်မှုသာ ဖြစ်တယ်။ မိမိရဲ့တပည့်သားတွေကို အဆောင်အယောင်နဲ့ တန်ဆာဆင်မပေးဘဲ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အတွင်းတန်ဆာနဲ့သာ ဆင်ယင်ပေးပြီး တည်ဆောက်မှုပုံစံဟာ အမြင့်ဆုံးကိုရည်မှန်းလို့ အရိုးသားဆုံးနေ အနိမ့်ချဆုံးပုံစံနဲ့ အသက်မွေးမှုပြုရပါတယ်။ ဒီလို အနိမ့်ဆုံး အနေအထားနဲ့ တပည့်သံဃာ အစည်းအရုံးကို တည်ဆောက်ခဲ့တာဟာလည်း အအောင်မြင်ဆုံး စည်းရုံးရေးသဘော သက်ရောက်ပါတယ်။

ရာဟုလာသံကစ္စည်း ဆိုလိုတဲ့ မြတ်ဗုဒ္ဓရဲ့ စည်းရုံးရေး နည်းဗျူဟာရဲ့ လျှို့ဝှက်ချက်ဆိုတာ သာသနာပြုလုပ်ငန်းမှာ ထည့်သွင်းစဉ်းစားစရာ တစ်ရပ်အနေနဲ့ အထောက်အကူပြုနိုင်ပါလိမ့်မယ်။ ယနေ့ကာလမှာတော့ မဇ္ဈိမဒေသရဲ့ ပဓာနနေရာတစ်ခုဖြစ်တဲ့ မဟာဗောဓိပင်ရှိရာ ဂယာဒေသနဲ့အတူ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဗာရာဏသီ အပါအဝင် နေရာဒေသအတော်များများမှာ မြတ်ဗုဒ္ဓရဲ့ သာသနာတော်အရောင်အဝါတွေ ပြန်လည်လင်းလက် တောက်ပနေမှုကို ကမ္ဘာတစ်ဝန်းက သိသာမြင်သာတဲ့ အခြေအနေမျိုး ဖြစ်တည်နေပါပြီ။


စိရံတိဋ္ဌတု သဒ္ဓမ္မော..တဲ့။

မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ သူတော်ကောင်းတရားများ ရေရှည်တည်တံ့ပါစေလို့ ဆိုတာပါ။

အဏုမြူဗုံးအတွက် ရည်ရွယ်ခြင်း မဟုတ်ပေမယ့် $E=mc^2$ ဆိုတဲ့ ဖော်မြူလာကို ဖော်ထုတ်နိုင်ခဲ့တဲ့ (၂၀) ရာစုရဲ့ အကြီးမြတ်ဆုံး သိပ္ပံပညာရှင်ကြီး ဒေါက်တာ အဲ(လ်)ဘတ်အိုင်းစတိုင်းဟာ (၁၉၃၉)ခုနှစ်၊ မေလ (၁၉) ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်၊ ပရင်စတန်တက္ကသိုလ်မှာ ပြုလုပ်တဲ့ ဟောပြောပွဲ တစ်ခုမှာ ဘာသာရေးနဲ့ ပတ်သက်ပြီး-

နောင်တစ်ချိန်ချိန်မှာ စကြဝဠာတစ်ခုလုံး ကိုးကွယ်ကြတဲ့ ဘာသာတရားတစ်ခု ဖြစ်ပေါ်လာလိမ့်မယ်။

အဲဒီဘာသာတရားဟာ ထာဝရဘုရား အယူဝါဒကို လွှမ်းမိုးသွားလိမ့်မယ်။



တစ်ယူသန် တရားသေဝါဒကိုလည်း ရှောင်လွှဲနိုင်လိမ့်မယ်။

သဘာဝတရားနဲ့ ဘာသာတရား နှစ်ခုလုံးကို လွှမ်းခြုံမိတဲ့ အဲဒီဘာသာတရားဟာ ရုပ်နာမ်နှစ်ပါးကို ကိုယ်တွေ့ ခံစားသိမြင်မှုနဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မယ်။

အဲဒီအချက်တွေကို ဗုဒ္ဓဘာသာက အဖြေပေးလိမ့်မယ်။

တကယ်လို့သာ ခေတ်သစ်သိပ္ပံနည်းကျ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ ဘာသာတရားတစ်ခု ရှိတယ်ဆိုရင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်လိမ့်မယ်လို့ အလေးအနက်ပြောကြားသွားပါတယ်။

**ထက်ဘုန်းလူ**

**အကိုးအကား**

* ကမ္ဘာတစ်ခြမ်းကို ပြောင်းလဲစေခဲ့သော သာမဏေများနှင့် သံဃာ့ကျေးဇူး
မမ္မဘောရီအရှင်ဝီရိယ (တောင်စွန်း)။

* မိမိ၏ အထွေထွေမှတ်စုများစာအုပ်။

* နှလုံးသားမှာ ဘုရားတည်ပါ (ယောဆရာတော်)။



www.burmeseclassic.com

www.burmeseclassic.com

(က)

တောမီးကြောင့်လည်းမဟုတ်။ လူတို့ပယောဂ တို့မီး ,ရှို့မီးကြောင့်လည်းမဟုတ်။ မြေကြီးတစ်ကောင်မှာ အမြဲမီးလောင်ခံနေရရှာသည်။ သေလည်း မသေနိုင်၊ တစ်ကိုယ်လုံး မီးကျွမ်း၍လည်း မသွား။ မသေမရှင် အသက်ဝင်လျက် နေ့စဉ် မီးလောင်ခံနေရရှာသည်။

ဒီကိစ္စ သွေးရိုးသားရိုးတော့ မဖြစ်နိုင်။ လျှို့ဝှက်နေတဲ့ ထူးခြားသော အကြောင်းတရားတော့ ရှိပေလိမ့်မည်။ တချို့ကိစ္စ၊ တချို့အကြောင်းအရာ၊ တချို့ ဖြစ်ရပ်တို့မှာ အလွန်တရာဆန်းကြယ်ပါသည်။ နက်နဲ[illegible]သည်။ ဂမ္ဘီရဆန်လွန်းပါသည်။ ဤသို့ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းသော ကိစ္စ ဖြစ်ရပ်တွေ မြောက်မြားစွာရှိပေသည်။ သာမန်အတွေးအခေါ် သာမန်ဉာဏ်တို့ဖြင့် လိုက်၍ မမီနိုင်ချေ။

* နေရာကား ရာဇဂြိုဟ် ဂိဇ္ဈကုဋ်တောင်ခြေ၊
* ဖြစ်ရပ်ကား မြတ်ဗုဒ္ဓ လက်ထက်က ဖြစ်ရပ်၊
* နှစ်ပရိစ္ဆေဒတွေ မည်မျှ ကြာညောင်းသွားသော်လည်း ဆန်းကြယ်သော အံ့သြဖွယ်ကောင်းသော မှတ်သားဖွယ်ကောင်း



# မီးအမြဲလောင်ခံနေရတဲ့မြေကြီးတစ်ကော

www.burmeseclassic.com

www.burmeseclassic.com

သော ဖြစ်ရပ်မှန်တို့သည် ဟောင်း၍မသွားပေ။ ပျောက်ပျက်သွားချေ။

ဤမီးလောင်ခံနေရသော ကြီးမားသည့် မြွေကြီးကို ရှေးဦးစွာ တွေ့မြင်သောပုဂ္ဂိုလ်မှာ မြတ်ဗုဒ္ဓဖြစ်သည်။ သို့သော် မြတ်ဗုဒ္ဓက ဤမြွေကြီးအကြောင်းကို နှုတ်ဟမိန့်ဆိုတော်မူ၍ မည်သူ့ကိုမျှ မမိန့်မဟခဲ့ပါချေ။ မပြောခဲ့ပါချေ။ အဘယ်ကြောင့်ဆိုသော် ယုံသော်ရှိ မယုံသော်ရှိ အပြစ်ကြီးလေးသည်ကို သိမြင်တော်မူသောကြောင့် မယုံကြည်လျှင် အပြစ်ဖြစ်မည်ကို ကြိုတင်သိမြင်တော်မူသောကြောင့် မည်သူ့ကိုမျှ မမိန့်မဟခဲ့ခြင်း ဖြစ်၏။

(ခ)

မီးလောင်ခံနေရရှာသော ကြီးမားသော မြွေကြီးကို ဒုတိယတွေ့မြင်မိသူမှာ အရှင်မောဂ္ဂလာန်ရဟန္တာဖြစ်သည်။ အရှင်မောဂ္ဂလာန်သည် တန်ခိုးကြီးမားသည့်အရာတွင် ဧတဒဂ်ဘွဲ့ထူးရ ထူးချွန်သောပုဂ္ဂိုလ်ထူး ဖြစ်သည်။

တစ်နေ့သ၌ ဂိဇ္ဈကုဋ်တောင်မှအဆင်း ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြွေကြီးကိုတွေ့မြင်ရာ ပြုံးတော်မူလိုက်၏။ အရှင်မြတ်ကြီးနှင့် အတူပါလာသော အရှင်လက္ခဏာက အရှင်မြတ်..ဘာကြောင့်ပြုံးတာလဲဟု မေး၏။ အရှင်မောဂ္ဂလာန်က ပြန်မဖြေ။ ဒီကိစ္စကို မြတ်ဗုဒ္ဓရှေ့တော်ရောက်မှ ငါ့ကို မေးလော့ဟူ၍သာ ပြန်ပြောလိုက်သည်။

အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏာမထေရ်တို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဆက်ကြွသွားကြ၏။ ဆွမ်းခံပြီးနောက် မြတ်ဗုဒ္ဓထံမှောက်သို့ ရောက်ကြပါပြီ။ အရှင်မြတ် အမိန့်ရှိထားသည့်အတိုင်း အရှင်လက္ခဏာက ပြုံးခြင်းအကြောင်းကို မေးလိုက်သည်။

'အရှင်မြတ်မောဂ္ဂလာန်..အရှင်မြတ် ပြောထားသည့်အတိုင်း ဘုရားရှင်ထံမှောက် ရောက်ပါပြီ။ ဂိဇ္ဈကုဋ်တောင်မှအဆင်း အရှင်မြတ် ပြုံးတော်မူခြင်း၏ အကြောင်းကို ပြောပါလော့'

**အရှင်မောဂ္ဂလာန်၏အဖြေ**

'ငါ့ရှင်လက္ခဏာ..ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် အမြဲမီးလောင်ခံနေရသော အလွန်တရာကြီးမားလှသည့် မြွေကြီးတစ်ကောင်ကိုမြင်၍ ပြုံးမိခြင်းဖြစ်သည်။ မြွေကြီးမှာ အရှည်(၂၅)ယူဇနာ (ယနေ့ခေတ် ၁ ယူဇနာ ၁၂ မိုင်နှုန်းဖြင့် တွက်ကြည့်လျှင် မိုင် ၃၀၀ ခန့်) ရှိ၏။ ခန္ဓာကိုယ်ကလည်း အလွန်တရာ တစ်ယူဇနာခန့် ကြီးမားဘိ၏။ မီးတောက်မီးလျှံတို့သည် မြွေကြီးဦးခေါင်းမှ စတင်လောင်ကျွမ်းပြီး အမြီးဖျားပိုင်းအထိ လောင်လျက်ရှိသည်။ တစ်ဖန် အမြီးပိုင်းမှ ဦးခေါင်းထိ အစဉ်အဆက် မပြတ်လောင်ကျွမ်းလျက်ရှိသည်။ မြွေကြီးမှာ မီးတောက်မီးလျှံများကြားမှ မခံမရပ်နိုင်ဘဲ သူ၏ကြီးမားသော ကိုယ်လုံးကြီးမှာ တွန့်လိမ်ကောက်ကွေးလျက်ရှိသည်။ အသက်ကား မသေနိုင်။ အမြဲတစေ မီးလောင်ခံ၍သာ နေရလေသည်။

ယင်းသို့ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရခြင်းကို ကရုဏာသက်ဝင် သနားကြင်နာစိတ်မရှိဘဲ ပြုံးခြင်းကားမဟုတ်ပေ။ မြွေကြီး၏ အတိတ်ဘဝ အကုသိုလ်လုပ်ခဲ့တဲ့ကံကိုပါ တွေ့မြင်ပြီး ပြုံးမိခြင်းသာ ဖြစ်ပါသည်'

(ဂ)

အရှင်မောဂ္ဂလာန်၏ အဖြေစကားကို မြတ်ဗုဒ္ဓက ထောက်ခံမိန့်တော်မူ၏။

'ရဟန်းတို့..ငါဘုရားသည်ကား ထိုအမြဲမီးလောင်ခံနေရရှာသော မြွေကြီးကို ပြိတ္တာကြီးကို ဗောဓိမဏ္ဍိုင်၌ နေတော်မူစဉ်ကပင် တွေ့မြင်ခဲ့ပြီး ဖြစ်၏။

သို့ရာတွင် ငါဘုရားပြော၍ မယုံကြည်လျှင် မယုံကြည်သူတို့မှာ အပြစ်ရှိပြီး အကျိုးစီးပွား ပျက်စီးနိုင်သောကြောင့် မဟောကြားခဲ့ခြင်းသာဖြစ်သည်။ ယခုအခါကျမှသာ အရှင်မောဂ္ဂလာန် သက်သေသာဓကထား၍ ဟောကြားခြင်းဖြစ်၏'

◆◆◆

ဆိုခဲ့သည့်အတိုင်း မဖြစ်စဖူး ထူးကဲဆန်းကြယ်သော ဤကိစ္စမှာ သာမန်ဖြစ်ရပ်မဟုတ်။ အလိုလိုဖြစ်ပေါ်လာခြင်း မဟုတ်နိုင်။ ပြုသူအသစ် ဖြစ်သူအဟောင်း ဆိုသည့်အတိုင်း သူပြုခဲ့သော အကုသိုလ်ကံ၏ မကောင်းကျိုးဆိုးပြစ်ကို တန်ပြန်ခံစားရခြင်းသာ ဖြစ်သည်။ ကံနှင့် ကံ၏အကျိုးတရားဟူသည် မည်သူ့ကိုမျှ မငဲ့ညှာပေ။ မျက်နှာမလိုက်ချေ။ အမြင့်မြတ်ဆုံး လောကထိပ်ထား မြတ်ဗုဒ္ဓဘုရားသည်ပင် နစဉ်က ပြုလုပ်ခဲ့ဖူးသော အကုသိုလ်ကံဝဋ်ကြွေးများကို ဝိပါက်တော်များအဖြစ် ကံကြွေးဆပ်တော်မူခဲ့ရသေးသည် မဟုတ်လော။

ယခု မြွေကြီးကို ဒုတိယအနေဖြင့် တွေ့မြင်သော အရှင်မောဂ္ဂလာန်ရဟန္တာမထေရ်မြတ်ကြီးသည်ပင် အရိုးများ စိစိညက်ညက်ကြေအောင် ခိုးသားဓားပြတို့၏ အရိုက်အနှက်ကိုခံကာ ပရိနိဗ္ဗာန်စံခဲ့ရသည် မဟုတ်ပါလော။ ဝဋ်

www.burmeseclassic.com

www.burmeseclassic.com

ကြွေးရှိလျှင် ပေးဆပ်ရပေမည်။

**မြွေကြီး၏ အတိတ်ဇာတ်ကြောင်း**

မြတ်ဗုဒ္ဓဟောပြတော်မူသော အမြဲမီးလောင်ခံနေရရှာသည့် မြွေကြီး၏ အတိတ်ဇာတ်ကြောင်းမှာ-

ထိုမြွေ(ပြိတ္တာ)ကြီးသည် ကဿပဘုရား လက်ထက်တုန်းက သူခိုးကြီးဖြစ်ခဲ့သည်။ သူခိုးကြီးသည် သုမင်္ဂ ခေါ် သူဌေးကြီးကို ရန်ငြိုးဖွဲ့ကာ သူဌေးကြီး၏အိမ်ကို (၇)ကြိမ် မီးရှို့ဖျက်ဆီးခဲ့သည်။ သူဌေးကြီး၏ နွားခြံထဲမှ နွားများ၏ ခြေ,လက်များကို ဖြတ်တောက်ခဲ့သည်။ ကံတူအကျိုးပေးအားဖြင့် ခြေထောက်မရှိသော မြွေကြီးဘဝသို့ ရောက်သွားခြင်း ဖြစ်သည်။



သူခိုးကြီး၏ ဒုစရိုက်လုပ်ငန်းကား ထိုမျှဖြင့် ရပ်တန်းက မရပ်ခဲ့သေးပေ။ သူဌေးကြီး ဆောက်လုပ်လှူဒါန်းထားသော ဘုရားရှင်အတွက် ဂန္ဓကုဋီတိုက်ကိုပင် မြတ်စွာဘုရား ဆွမ်းခံကြွတော်မူခိုက် မီးတိုက်ဖျက်ဆီးခဲ့၏။

ဤသို့ သူပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံများကြောင့် သူခိုးကြီး သေသောအခါ အဝီစိငရဲကြီးသို့ ကာလကြာရှည်စွာ ကျရောက်သွားခဲ့၏။

ယခု မီးလောင်ခံနေရသော မြွေကြီးဖြစ်ရသည်မှာ ထိုကံဆိုး၏ အကျိုးအကြွင်း ဖြစ်လေတည်း။

မုံရွာ-နေဇာ

*(ဓမ္မပဒ၊ အဋ္ဌကထာ ဒုတ္ထာဝဂ်၊ မြွေပြိတ္တာ ဝတ္ထုကို ရေးဖွဲ့သည်။)*


ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

**ပြည့်တော်ခံ**

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

**လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ**

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ,လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)

အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)

၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄

www.burmeseclassic.com

လောက၌ သူတစ်ပါး၏ ကျေးဇူးတရားကို အထူး သိတတ်ဖို့ လိုအပ်ပါ၏။ သူတစ်ပါး၏ ကျေးဇူးတရားကို သိတတ်သူသည် အသက်ရှည်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဥစ္စာဓနပေါများခြင်း၊ အခြွေအရံ ပေါများခြင်း စသည်တို့ကို ပြည့်ဝစွာ ခံစားရရှိစေပါ၏။ သူတစ်ပါး၏ ကျေးဇူးတရားကို မသိတတ်သူများကား အသက်တိုခြင်း၊ ဘေးဥပဒ်အန္တရာယ်များခြင်း၊ ဉာဏ်ပညာမှေးမှိန်ခြင်း၊ ဥစ္စာဓနဆင်းရဲခြင်း၊ အခြွေအရံနည်းခြင်းနှင့် ဘုန်းတန်ခိုးမှေးမှိန်ခြင်း စသည့်အကျိုးတရားများကို ရရှိခံစားကြရသည်ဟူ၍ ရှေးလူကြီးသူမတို့ ပြောဆိုခဲ့ကြပါ၏။

မည်သူမဆို လူတော်မဖြစ်သည့်တိုင် လူကောင်းဖြစ်အောင် ကြိုးစားဖို့ လိုပါသည်။ ဖြစ်နိုင်ပါက လူတော်လူကောင်းဖြစ်အောင် ကြိုးစားစေချင်ပါ၏။ ဤသို့ လူတော်လူကောင်း ဖြစ်ရန်အတွက် သူတစ်ပါး၏ကျေးဇူးကို သိတတ်သူ ဖြစ်ရပါမည်။ မေတ္တာဗြဟ္မစိုရ်တရားထားသူများ ဖြစ်ရပါမည်။ လူတိုင်းအပေါ် ရိုသေလေးစားသူ ဖြစ်ရပါမည်။ မိမိကိုယ်ကို ချိုးနှိမ်၍ တစ်ပါးသူတို့အား ချီးကျူးတတ်စားသူဖြစ်ဖို့ လိုပါသည်။ ဤသို့သော ကိုယ်ကျင့်တရားများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါက လူတော်လူကောင်း မဖြစ်သည့်တိုင် လူကောင်းတစ်ယောက် ဖြစ်မည်ကား ဧကန်မလွဲပင် ဖြစ်ပါ၏။

သို့ဖြစ်ရာ ကျေးဇူးတရား သိတတ်သူနှင့် ကျေးဇူးတရား မသိတတ်သူတို့ ခံစားရသော အကျိုးအပြစ်များကို အတုယူဆင်ခြင်နိုင်ကြစေရန် ဧကနိပါတ် သစ္စံကိရဇာတ်မှ ကောက်နုတ်တင်ပြလိုက်ရပါ၏။

ဟိုးရှေးအခါက "ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြု၏။ ထိုမင်းတွင် ဒုဋ္ဌကုမာရ အမည်ရှိသော သားတော်တစ်ပါးရှိ၏။ ထိုဒုဋ္ဌကုမာရမင်းသားမှာ ရုန့်ရင်းကြမ်းတမ်း၍ ဆဲရေးတိုင်းထွာခြင်း ရှိလေ၏။ ထို့ကြောင့် မင်းသားတို့မှာ ဒုဋ္ဌကုမာရမင်းသားကို မနှစ်သက်ကြကုန်။ ကြောက်ရွံ့ကြကုန်၏။

တစ်နေ့တွင် ဒုဋ္ဌကုမာရမင်းသားသည် မြစ်ကမ်းစပ်၌ ရေကစားလိုသောကြောင့် အခြွေအရံအစေအပါးများကို မြစ်ဆိပ်သို့ ပို့ဆောင်စေ၏။ မြစ်ကမ်းစပ်၌ ရေချိုးနေစဉ်အတွင်း ကောင်းကင်၌ မိုးရိပ်များမှိုင်းညို့လာ၏။ ထိုအခါ အစေအပါးများကိုခေါ်၍ သူ့အား မြစ်လယ်သို့ ပို့ဆောင်ပေးရန် ဒုဋ္ဌကုမာရက စေခိုင်း၏။ အစေအပါးတို့မှာ မင်းသားကို နဂိုကပင် မကြည်မဖြူရှိကြလေရာ သူခိုင်းစေသည့်အတိုင်း မြစ်လယ်သို့ ပို့ဆောင်ပေးပြီး မင်းသားတစ်ပါးတည်း ထားရစ်ကာ မြစ်ကမ်းပေါ်သို့ ပြန်တက်သွားကြလေ

# ချစ်မင်းသူ

## ကျေးဇူးတရား သိတတ်ခြင်း အကျိုးနှင့် ကျေးဇူးတရား မသိတတ်ခြင်း၏ အပြစ်များ



www.burmeseclassic.com

၏။ ထိုအခါတွင် ရှစ်ခွင်တစ်ပြင်လုံး လေကြီးမိုးကြီး ကျရောက်လာလေရာ ဒုဋ္ဌကုမာရမင်းသားမှာ မြစ်လယ်မှ ရေစီးဖြင့် မျောပါသွား၏။ မင်းသားသည် ကြောက်ရွံ့မှုဖြစ်ကာ ငိုယိုမြည်တမ်း အော်ဟစ်နေရှာ၏။

ထိုစဉ် မြစ်လယ်၌ မျောပါလာသော သစ်တုံးတစ်တုံးကို မြင်သဖြင့် အမိအရလှမ်းဆွဲကာ ထိုသစ်တုံးကို တွယ်ဖက်စီးနင်းလိုက်ပါသွားရ၏။ ဒုဋ္ဌကုမာရမင်းသား မျောပါသွားနေသော မြစ်ရိုးတစ်လျှောက်တွင်လည်း ရေကြီးရေလျှံဖြစ်ကာ မုန်တိုင်းမှာ ထန်နေသဖြင့် မြစ်နားရှိ မြွေတစ်ကောင်နှင့် ကြွက်တစ်ကောင်တို့မှာ ဒုဋ္ဌကုမာရ တွယ်ဖက်စီးနင်းလာသော သစ်တုံးဆီသို့ ရေကို ကူးခပ်၍ သွားကြ၏။ ပြီးသော် သစ်တုံးပေါ်၌ နေရာအသီးသီးယူလျက် လိုက်ပါသွားကြ၏။ ထိုအချိန်တွင် မြစ်ရိုးရှိ လက်ပံပင်ကြီးမှာ လေမုန်တိုင်းဒဏ်ကြောင့် ကျိုးကျမျက်စီးသွားလေရာ လက်ပံပင်ပေါ်၌ နားခိုနေသောကျေးမှာ နေစရာမရှိ ဖြစ်ရ၏။ ထိုအခါ မြစ်ရိုးအတိုင်း မျောပါလာသော ဒုဋ္ဌကုမာရနှင့် မြွေ၊ ကြွက်တို့ စီးနင်းလာသော သစ်တုံးကို မြင်တွေ့လေရာ ထိုသစ်တုံးပေါ်သို့ သွားရောက်ခိုနားပြန်လေ၏။

ဒုဋ္ဌကုမာရမင်းသားသည် လှိုင်းထန်လေထန် ရေလျှံသောဒဏ်တို့ကို ခံစားရသောအခါ ငိုယိုမြည်တမ်းလျက်မှ အော်ဟစ်အကူအညီတောင်းလေ၏။ မင်းသား၏ ကျယ်လောင်သော ငိုကြွေးအကူအညီတောင်းခံသံမှာ ညသန်းခေါင်ယံဖြစ်၍ အထင်အရှားပေါ်၏။ ထိုငိုကြွေးသံကို မြစ်ကျွန်း၌နေသော ရသေ့တစ်ပါးကြား၏။ ထိုအခါ ရသေ့က ငါလို မေတ္တာမွေးမြူသူ ရှိပါလျက်နှင့် ဤယောကျ်ား အသက်မသေသင့်ပေ။ ငါ၏ အသက်ဆုံးပါက ဆုံးစေ။ ဤယောကျ်ားကို ရအောင်ကယ်မည် ဆုံးဖြတ်ကာ မြစ်လယ်သို့ မရောက်,ရောက်အောင် ကူးခပ်၍ သစ်တုံးကို မြစ်ကမ်းသို့ မရ,ရအောင် ဆယ်ယူလေ၏။

ထို့နောက် ရသေ့သည် မြစ်ကမ်းစပ်မှ မင်းသားကို ပွေ့ချီလျက် ကျောင်းသခ်မ်းသို့ သယ်ယူရပြန်၏။ သစ်တုံး၌ မင်းသားနှင့်အတူပါလာသော မြွေ၊ ကြွက်၊ ကျေးတို့ကိုလည်း ကျောင်းသခ်မ်းသို့ပင် သယ်ယူလာကာ မီးဖို၍ အပူပေး၏။ အစာရေစာကျွေး၏။ မီးလှုံစေ၏။ ဤသို့ အစာရေစာကျွေးမွေးရာတွင် မြွေ၊ ကြွက်၊ ကျေးတို့ကို ဦးစွာကျွေး၍ မင်းသားကို နောက်မှကျွေး၏။ ထိုအခ မင်းသားဒုဋ္ဌကုမာရသည် ငါသို့သောမင်းသားကို ဦးစွာ မပြုစု မကျွေး။ တိရစ္ဆာန်တို့ကိုသာ ဦးစားပေး ကျွေးမွေး သည်ဟု စိတ်မှာတွေးကာ ရသေ့အပေါ်၌ အငြိုးဖွဲ့၏။ ဤသို့ဖြင့် မင်းသားအပါအဝင် မြွေ၊ ကြွက်၊ ကျေးတို့သည် ကျောင်းသခ်မ်း၌ ရသေ့၏ပြုစုစောင့်ရှောက်မှုများကြောင့် ရက်အတန်ကြာသောအခါ အားအင်များ ပြန်လည်ဖြည့်ဖ လာကြ၏။ ဝန်းကျင်ရှစ်ခွင်၌လည်း ရာသီဥတု ပြန်လည် ကောင်းမွန်နေပြီဖြစ်ရာ မိမိတို့အလိုရှိရာအရပ်သို့ ပြန်ကြ ရန် ပြင်ဆင်ကြ၏။

ထိုအခါတွင် မြွေက 'အရှင်ရသေ့သည် ကျွန်ုပ်တို့ အား ကျေးဇူးပြုသူ ဖြစ်ပါသည်။ ကျွန်ုပ်သည် ကုဋေ လေးဆယ်ထိုက်သော ရွှေအိုးများမြှုပ်နှံရာကို သိပါသည်။ အရှင် အလိုရှိသောအခါ ကျွန်ုပ်ထံသို့လာ၍ အို···မြွေဟု ခေါ်ပါ'ဟု စကားဆို၏။

ကြွက်သည်လည်း ကုဋေသုံးဆယ်ထိုက်သော ရွှေအိုး ရှိရာကို သိသူဖြစ်ရာ မြွေကဲ့သို့ပင် စကားဆို၏။

တစ်ဖန် ကျေးကလည်း 'ကျွန်ုပ်ကား သလေးစပါး များကို ပေးနိုင်စွမ်းပါသည်။ အသင် အလိုရှိသောအခါ ကျွန်ုပ်ထံသို့လာ၍ အို··ကျေးသားဟုခေါ်ပါ။ ကျွန်ုပ်နှင့် အဆွေအမျိုးများက အရှင်ရသေ့ကို သလေးစပါးများ ဆက်ကပ်ပါမည်'ဟု အသီးသီးဆိုကာ လိုရာခရီးသို့ ထွက် သွားကြလေ၏။

ထိုအခါ ဒုဋ္ဌကုမာရမင်းသားမှာ တစ်စုံတစ်ခုသော စကားကို မဆိုဘဲနှင့် ငါမသွားသင့်ဟု တွေးဆပြီးနောက် 'အရှင်··အကျွန်ုပ် မင်းဖြစ်သောအခါ ကျွန်ုပ်ထံ လာတော် မူပါ။ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပါအံ့'ဟု လျှောက် တင်ပြီး ကျောင်းသခ်မ်းမှ ထွက်သွား၏။

အချိန်အတော်ကြာသောအခါတွင် ရသေ့သည် မိ ကယ်ဆယ်ခဲ့သူတို့၏စကား မှန်,မမှန်ကို စူးစမ်းလို ထိုသူများထံသို့ သွား၏။ ပထမဦးစွာ မြွေထံသို့သွား၍ အို··မြွေဟု ခေါ်၏။ မြွေသည် ဆိုခဲ့သည့်စကားအတိုင်း ရွှေအိုးတို့ကိုဆက်၏။ ရသေ့က အလိုရှိသောအခါမှ ယူ ကြားအံ့ဟုဆိုကာ ကြွက်ရှိရာအရပ်သို့ သွား၏။ ကြွက်နှင့် တွေ့သောအခါ ကြွက်က ဆိုခဲ့သည့်အတိုင်း ရွှေအိုးတို့ ဆက်၏။ ရသေ့လည်း အလိုရှိသောအခါမှ ပြောကြား



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ ကျေးထံသို့ ခရီးဆက်၏။ ကျေးထံရောက်သော အခါ ကျေးကလည်း ဆိုခဲ့သည့်စကားအတိုင်း သလေး ပေါ်တို့ကိုပေး၏။ ရသေ့က အလိုရှိမှ ပြောဆိုအံ့ဟုဆို ကာ မင်းသားထံသို့ ခရီးဆက်လေ၏။

ဒုဋ္ဌကုမာရမင်းသားသည် ရသေ့ကို မြင်တွေ့သော် ဤရသေ့သည် သူ၏ကျေးဇူးကို ဗိုလ်ပုံအလယ်၌ပြ၍ ငါ့ ထံမှ တစ်စုံတစ်ရာကို တောင်းလိမ့်မည်ဟုတွေးကာ မင်း ချင်းတို့အား ရသေ့ကို ဖမ်းဆီးစေ၏။ ပြီးလျှင် ဖမ်းဆီးချုပ် နှောင် ခေါ်ဆောင်၍ လမ်းလေးခွရောက်တိုင်း ရိုက်ပုတ်ရန် နှင့် မြို့ပြင်သုသာန်၌ ရက်စက်စွာသတ်ဖြတ်ရန် မင်းချင်း တို့အား အမိန့်ပေး၏။ မင်းချင်းတို့မှာ ဘုရင်အမိန့်အတိုင်း လမ်းလေးခွရောက်တိုင်း ရိုက်နှက်ကြလေ၏။

ထိုအခါ ရသေ့သည် အမိ၊အဖတို့ကို မတမ်းတဘဲ နှင့် 'မြစ်၌မျောသော ထင်းတုံးကို ဆယ်ရခြင်းက မြတ် ၏။ ကျေးဇူးကန်းသော သူယုတ်ကို ကယ်ရခြင်းကား မမြတ်။ ပညာရှိတို့ စကားသည် မှန်၏' ဟူ၍သာ မြည် တမ်း၏။

ရသေ့၏ မြည်တမ်းသောစကားကိုကြားသော မင်း ချင်းပညာရှိတို့မှာ 'အို··ရသေ့၊ သင်သည် ငါတို့မင်းကြီး အား ကျေးဇူးပြုခဲ့ဖူးသလော' ဟု မေးရာ 'ငါသည် သင် တို့ မင်းကြီးကို အသက်စွန့်၍ ရေမှ ကယ်ခဲ့ဖူး၏။ ဤ သို့ကယ်မိခြင်းကြောင့် ငါ့မှာ ဆင်းရဲရောက်ရ၏' ဟုဆို၏။

ထိုစကားကို ကြားသောသူတို့သည် ငါတို့၏ မင်း ကြီးသည် အသက်စွန့်၍ ကယ်တင်ခဲ့သည့် ကျေးဇူးရှင် ကိုပင် ကျေးဇူးကန်းသူပါတကား။ ထိုမင်းကိုမှီ၍ ငါတို့ စီးပွားဥစ္စာ ဖြစ်နိုင်ပါမည်နည်းဟု မြည်တမ်းကာ ထိုဒုဋ္ဌ ကုမာရမင်းကို ဖမ်းဆီးကာ ဝိုင်းဝန်းသတ်ဖြတ်ကြသဖြင့် ဒုဋ္ဌကုမာရမင်းသား အနိစ္စရောက်ရ၏။ ထိုအခါမှ ရသေ့ ကို မင်းပြုစေကာ တိုင်းပြည်ကို အုပ်ချုပ်စေလေ၏။

ဤဥပမာကား ကျေးဇူးသိတတ်သူများနှင့် ကျေးဇူး မသိတတ်သူတို့၏ အကျိုးအပြစ်များပင် ဖြစ်ပါ၏။ လေ့ လာမှတ်သားလိုက်နာ၍ ပယ်သင့်တာပယ်၍ ကွယ်သင့် တာ ကွယ်နိုင်ကြစေရန် ရေးသားတင်ပြအပ်ပါသည်။

**ချစ်မင်းသူ**






www.burmeseclassic.com

www.burmeseclassic.com

ဥက္ကလာ **မြင့်သန်းအောင်**

# အမေပန်ဆင်စေချင်သည့် ရတနာ




ထူးမောင်သည် အဝေးဆီမှ မှိုင်းညို့နေသော တောင်တန်းကြီးကိုကြည့်ရင်း ရွာတွင်ကျန်ခဲ့သော မိခင်နှင့် ညီမငယ်နှစ်ယောက်ကို သတိရလွမ်းဆွတ်စိတ်ဖြင့် မျက်ရည်ဝဲနေမိသည်။

ထူးမောင် ယခုရောက်နေသည့် အရပ်ဒေသမှာ မိခင်ဖြစ်သူ မည်သို့မျှ မျှော်လင့်ထားမည် မဟုတ်သည့် ကချင်ပြည်နယ် တစ်နေရာရှိ ကျောက်မျက်ရတနာ ထွက်ရှိရာ ရတနာမြေဖြစ်သည်။ ထူးမောင်တို့မိသားစု မွေးဖွားကြီးပြင်းရာ အရပ်ဖြစ်သော မြေလတ်ပိုင်းတစ်နေရာမှ ရွာကလေးနှင့်ဆိုလျှင် အလွန်အလှမ်းဝေးကွာသည့် ဒေ... ဒေသ ဖြစ်၏။

မိခင်ဖြစ်သူထံ ခွင့်မတောင်းဘဲ ထူးမော... ယောက် ရတနာမြေရှိရာသို့ တိတ်တဆိတ် ထွ...



www.burmeseclassic.com

www.burmeseclassic.com

ညွှ အကြောင်းရင်းမှာ မိခင်ကို စိတ်ချမ်းသာစေချင်သောကြောင့် ဖြစ်၏။ မိခင်စိတ်ချမ်းသာစေချင်သည့် ရည်ရွယ်ချက်ကလည်း မိခင်ဖြစ်သူကို ကျောက်မျက်ရတနာများ သီကုံးဆင်မြန်းပေးမည့် ရည်ရွယ်ချက်နှင့် မိခင်စိတ်ချမ်းသာမှုကို ဖန်တီးရန် ထွက်လာခဲ့ခြင်း မဟုတ်ပါချေ။

ဤသို့ဆိုလျှင် မိခင်ကို မည်သို့သော ရတနာတွေ ဆင်မြန်းပေးချင်သည့်အတွက် ကချင်ပြည်နယ် ရတနာမြေသို့ ထူးမောင် ထွက်လာခဲ့ရပါသလဲဟု မေးလာခဲ့သည်ရှိသော်…။

◆◆◆

ထူးမောင်တို့ မောင်နှမသုံးယောက်တွင် ထူးမောင်သည် သားအကြီးဆုံး ဖြစ်၏။ ကျန်နှစ်ယောက်မှာ ညီမငယ်များ ဖြစ်၏။ သူတို့ မောင်နှမသုံးယောက် ကံဆိုးမိုးမှောင်ကျခဲ့ရသည်။ ထူးမောင် (၁၉)နှစ်ပြည့်သော နယုန်လမှာပင် ဖခင်ဖြစ်သူ ရုတ်တရက် ဆုံးပါးသွားခဲ့သည်။

ဖခင်ဖြစ်သူ ဆုံးပါးခဲ့ပြီးနောက် လပေါင်းများစွာ ကြာခဲ့သည့်တိုင် ထူးမောင်တို့ မောင်နှမသုံးယောက်သည် ဖခင်ဖြစ်သူကို လွမ်းဆွတ်သတိရသည့်စိတ်တို့ မပြေပျောက်နိုင်ဘဲ မျက်ရည်ကျခဲ့ရသည့် ရက်တို့သည်လည်း လပေါင်းများစွာ တိုင်ခဲ့ရသည်။

ထိုသို့ ပူဆွေးသောကရက်တို့ ကြာလာသည့်အခါ ထူးမောင် စဉ်းစားမိလာသည်။

ငါ နေ့စဉ်နေ့တိုင်း အဖေ့ကို သတိရလွမ်းဆွတ်ပြီး ငိုနေလို့လည်း အဖေကတော့ သေရာက ပြန်ရှင်လာမှာ မဟုတ်ဘူး။ ဒီတော့ ငိုနေလို့ ဘာအကျိုးမှ ထူးလာမှာ မဟုတ်ဘူး။အဖေတစ်ယောက်တည်း မဟုတ်ဘူး၊ လောကကြီးထဲက သတ္တဝါမှန်သမျှ တစ်နေ့မဟုတ်တစ်နေ့ သေကြရမှာပဲ။ သေခြင်းတရားဆိုတာ သတ္တဝါတိုင်းကိုသာ မဟုတ်ဘဲ ဂင်္ဂါဝါဠူ သဲစုမက ပွင့်ထွန်းတော်မူပြီးတဲ့ ဘုရားရှင်အပေါင်းလည်း သေခြင်းတရားရဲ့ ခေါ်ဆောင်ရာ နောက်ကို ကောက်ကောက်ပါအောင် လိုက်နေကြရတာပဲ လေ။

ထူးမောင် သံဝေဂရသည့်စိတ်ကြောင့် ပူဆွေးသောကတို့ ဖြေဖျောက်နိုင်ခဲ့သည်။ သို့သော် ဖခင်အတွက်ကျသည့် မျက်ရည်တို့ ခြောက်သည်ဆိုရုံရှိသေး မိခင်ဖြစ်သူ ပြောလာသည့် စကားကြောင့် ထူးမောင်ရင်ထဲမှာ ပေါက်ကွဲစမီးတောင်နှယ် ပူလောင်ပြင်းပြခဲ့ရသည်။

'သားနဲ့ သမီးတို့··အငိုရပ်ကြပါတော့။ ငါ့သား၊ ငါ့သမီးတွေ လောကအလယ်မှာ မျက်နှာမငယ်ရအောင် အမေက အဖေ အစားရှာထားတယ်။ ဟောဒီ လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်မှာ အဖေမရှိရင် လူမခွပေမယ့် စကားခွတယ်။ လူမကျော်ပေမယ့် စကားကျော်ခံရတယ်။ လူမစီးပေမယ့် စကားစီးခံရတယ်။ အဲဒါကြောင့် သားနဲ့ သမီးတို့ အတွက် အဖေအစား မရှာရင် မဖြစ်တော့လို့ အမေ စဉ်းစားထားတဲ့လူ ရှိတယ်'

မိခင်ဖြစ်သူ စကားကြောင့် ထူးမောင်တစ်ကိုယ်လုံး ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို ဖြစ်သွားသည်။ မိခင်၏ စီစဉ်ချက်ကို ညီမငယ်နှစ်ယောက်အဖို့ ဘာမျှနားမလည်သေးသည့် အရွယ်တွေမို့ မိခင်ပြောသည်ကို လက်ခံပြီး ဆိတ်ဆိတ်နေကြသည်။ ထူးမောင်အတွက်ကမူ ညီမလေးနှစ်ယောက်နှင့်စာလျှင် အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်တတ်နေသူ ဖြစ်သည့်အတွက် မိခင်အားတောင်းပန်စကား ဆိုမိသည်။

'အမေ··အတွေးသဝေချော်လို့ သားတို့ ပထွေးကို အဖေ မခေါ်ပါရစေနဲ့ အမေရယ်။ အမေ မျက်နှာမငယ်ရအောင်၊ အောက်တန်းမကျရအောင် သားကိုယ်တိုင် လုပ်ကျွေးပါ့မယ်။ ဘယ်သူတွေ ဘာပြောပြော ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါနဲ့။ သား တစ်သက်လုံး အိမ်ထောင်မပြုဘဲ လုပ်ကျွေးသွားပါ့မယ်။ ဘာမှ မျက်နှာမငယ်စေရပါဘူး အမေရယ်။ အဖေသေတာ ကြာခဲ့ပြီဆိုပေမယ့် အဖေ့အလောင်းဟာ အပုပ်နံ့တောင် ပျောက်မှာမဟုတ်သေးပါဘူး။ အမေ စဉ်းစားပါဦး'

ထူးမောင် စကားကြောင့် မိခင်သည် မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်ပြီး ဒေါသသံဖြင့် ကြိမ်းမောင်းလိုက်သည်။

'ဟဲ့··ထူးမောင်၊ နင်က မိဘစကားကို ဘာဖြစ်လို့ တော်လှန်ချင်ရတာလဲ။ နင်က လောကကြီးအကြောင်း ဘယ်လောက်များ သိထားလို့လဲ။ နင့်အသိက နုနုကလေး ရှိသေးတယ်။ နင့်ပါးစပ်မှာ ငါ့နို့နံ့တောင် မပျောက်သေးဘူး။ နင် နောက်ထပ် ဘာမှစောဒကမတက်နဲ့။ တိတ်စမ်း'

မိခင်၏ ဒေါသပေါက်ကွဲပြီး ကြိမ်းမောင်းခံလိုက်ရသဖြင့် ထူးမောင်စိတ်ထဲတွင် မိခင်အပေါ် ဒေါသဖြစ်မိ

www.burmeseclassic.com

သလို ကွယ်လွန်သွားလေပြီဖြစ်သော ဖခင်မျက်နှာကို ပြန်လည်မြင်ယောင်လာမိသဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်။

◆◆◆

ထိုနေ့ ထိုအချိန်မှစ၍ ထူးမောင်နှင့် သူ၏မိခင်တို့မှာ မျက်နှာချင်းဆိုင်၍ မရလှောက်အောင် တစ်ယောက်နှင့်တစ်ယောက် အမုန်းပွားလာခဲ့ကြတော့သည်။ မိခင်စိတ်ထဲမှာလည်း သားဆိုသည့်အသိ ကွယ်ပျောက်သွားခဲ့သလို ထူးမောင်စိတ်ထဲမှာလည်း မိခင်ဆိုသည့်အသိ ဆိတ်သုဉ်းလာခဲ့တော့သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်မိတော့လည်း ထူးမောင် ဒေါသတွေ မထိန်းနိုင်အောင် ဖြစ်ခဲ့ရသည်။

'ပထွေးကို ဘယ်တော့မှ အဖေလို့ မခေါ်ဘူး။ အဲဒီ ပထွေးဆိုတဲ့လူ ဒီအိမ်ကို ရောက်လာကြည့် ကျုပ်လက်နဲ့ မသေမချင်း သတ်ပစ်မယ်။ မှတ်ထား'

ထူးမောင်စိတ်တွေ အမျိုးမျိုးဖောက်ပြန်လာပြီ။ ပြစ်မှားချင်သည့် အကုသိုလ်နတ်ဆိုးက သူ့ကို ပူးကပ်မွှေနှောက်ခဲ့လေပြီ။ မိခင်ကို သတ်ပစ်ရလျှင် ကောင်းမည်လား။ ပထွေးကို သတ်ပစ်ရလျှင် ကောင်းမည်လား ဆိုသည့် မပြစ်မှားထိုက်သော စိတ်မိုက်ရိုင်းတို့ ကိန်းအောင်းခိုဝင်လာခဲ့ပြီး လွယ်အိတ်ထဲတွင် ဓားမြှောင်တစ်ချောင်းကို လျှို့ဝှက်ဆောင်ထားသည်အထိ ဖြစ်ခဲ့ရသည်။

သို့သော် ထူးမောင်တွင် အကျင့်ကောင်းတစ်ခုရှိသည်ဟု ဆိုရပေမည်။ ထိုအကျင့်ကောင်းမှာ စာဖတ်ခြင်းဖြစ်၏။ အထူးသဖြင့် ထူးမောင် ဖတ်သည်က ဘာသာရေးစာပေများဖြစ်သည်။ မည်မျှပင် ပင်ပန်းနွမ်းနယ် ဆင်းရဲနေစေကာမူ ဘာသာရေးစာပေများကို သုံးနာရီခန့် အချိန်ပေး၍ ဖတ်သည့် အလုပ်ကို နေ့စဉ် ပြုလုပ်သည်။

ယခုလည်း ထူးမောင်သည် စိတ်ကို ငြိမ်သက်စေရန် စာအုပ်တစ်အုပ်ကို ဖတ်နေမိသည်။ သူဖတ်နေသည့် စာအုပ်က မန်လည်ဆရာတော်ဘုရားကြီး ရေးဖွဲ့ပြုစုတော်မူသည့် မဃဒေဝလင်္ကာကျမ်း စာအုပ်ကြီး ဖြစ်၏။

*လင်ကွာလင်သေ၊ ကိုယ်နေပျက်ပြီး၊*
*မိန်းမကြီးတို့၊ နပ်ပြီးကုန်ကြ၊*
*လူ့ဘဝ၌၊ ကိစ္စသတိ၊*
*လက်စည်းသိ၍၊ ဟီရိသြတ္တပ်၊*
*မကပ်ကြောက်ရှက်၊ တလင်းတက်၏။*

(မဃဒေဝ၊ ပိုဒ် ၂၉၇)

ထိုလင်္ကာလေးကို ထူးမောင် ဖတ်လိုက်မိသည့်အခါ အရှက်တလင်းတက်နေသည့် သူ့မိခင်အတွက် ရည်ညွှန်းလျက် လင်္ကာဖွဲ့ထားလေသလားဟု စိတ်ထဲတွင် အတွေးပေါက်ပြီး ရှက်မိသည့်စိတ်၊ ဝမ်းနည်းမိသည့်စိတ်တို့ ရောယှက်လာခဲ့ပြီး မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရလေသည်။

*တစ်ထွေယုတ်မာ၊ မိမာတာလည်း၊*
*တစ်ရာကျော်ပြီး၊ သေခါနီးလျက်၊*
*သားကြီးကိုသတ်၊ ဤသို့မှတ်သား၊*
*နိပါတ်ဝတ္ထု၊ အစုစုကို၊*
*မျှော်ရှုမပေါ့၊ မမေ့လျော့မှု၊*
*သားကြော့ပုလဲ၊ ဘလည်ရွှဲလည်း၊*
*သက်မြဲမြဲလိမ့်မည်သာကို..။*

(မဃဒေဝ၊ ပိုဒ် ၃၀၇)

ထူးမောင် မျက်ရည်အကြည့်များဖြင့် တွေ့လိုက်ရသည့် လင်္ကာတစ်ပုဒ် ဖြစ်၏။ ထိုလင်္ကာ၏ အဓိပ္ပာယ်ကိုလည်း ထူးမောင် သိပါသည်။ အာသာတမန္တနိဇာတ်တွင် ဘုရားလောင်း၏အမိ အသက်တစ်ရာကျော် မိန်းမအိုကြီးသည် လင်လိုချင်သည့် ဆန္ဒရမ္မက်ကြောင့် သားအိပ်ပျော်နေသည့်အခိုက် ပုဆိန်ဖြင့် ခုတ်သတ်လိုက်သည့်အကြောင်း ဖြစ်သည်။

ထူးမောင်သည် ထိုလင်္ကာပိုဒ်ကိုဖတ်ပြီး ကာယသာအိုလျက် ရာဂတွေ မအိုသေးသည့် မိခင်အကြောင်းကို တွေးမိသဖြင့် ကျောချမ်းသွားမိသည်။ ရာဂမီးဆိုသည်က အခိုးမထွက်သော်လည်း အလွန်ငြိမ်းသတ်ရခက်သည့်မီးဆိုသည်ကို တွေးမိပြီး ကြောက်ရွံ့တုန်လှုပ်သွားမိသည်။

*ရာဂအဟုန်၊ ကျဆင်မုန်သို့၊*
*သုန်သုန်တိုက်လှည်း၊ လူမိုက်သည်း၏၊*
*ငတ်လည်းမရှက်၊ ငိုက်မရှက်နှင့်၊*
*ကြိုက်မရှက်ဟူ၊ သုံးယောက်လူတွင်၊*
*မုန်ဆူလှိုက်ပွက်၊ ကြိုက်မရှက်ကား၊*
*ရှမ္မက်ရူးထ၊ ဥမ္မတ္တကတည်း။*

(မဃဒေဝ၊ ပိုဒ် ၂၃၃)

ထိုလင်္ကာပိုဒ်တွင် ငတ်မရှက်၊ ငိုက်မရှက်၊ ကြိုက်မရှက်ဆိုသည့် မရှက်တတ်သူ သုံးဦး၌ မိခင်ကိုကြိုက်

www.burmeseclassic.com

www.burmeseclassic.com

ဘာကိုကြိုက်၍ မရှက်တတ်သူက ပိုဆိုးသည်။ ရာဂ ပိုလာလျှင် သခင်မှန်း၊ ဦးစီးမှန်းမသိ ဓား၊ လှံ စသည့် လက်နက်များကိုပါ မကြောက်တော့ဘဲ မှန်ယိုသည့် ဆင် ဘွာဝါကြီးနှင့် နှိုင်းယှဉ်ထားခြင်းဖြစ်သည်။ ဥမ္မတ္တက သည်မှာ အရူးဟု ဆိုထားခြင်း ဖြစ်၏။

ယောက်ျားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက် တော့ မျှော်လိုက်တာ ဆိုသည့် ရှေးလူကြီးသူမများ၏ ဆိုရိုးစကားကို ထူးမောင် ကြားဖူးပါသည်။ ယခုတော့ သူမိခင်အဖြစ်က ထိုဆိုရိုးစကားနှင့် ဆန့်ကျင်ဘက်ဖြစ်နေ သည်။ မျှော်သည့်သူ ရောက်မလာတော့ မိခင်ကိုယ်တိုင် သွားရသည့်အဖြစ်။ လင်္ကာပိုဒ် အလိုအားဖြင့်ဆိုရသော် သူ့မိခင်သည် ဥမ္မတ္တက(အရူး)ဖြစ်နေပြီလားဟု စိတ် ထဲ ထင်မှတ်လာသည့်အခါတွင်တော့ ထူးမောင် တစ် ယောက် ရင်ကျိုးမတတ် ခံစားရလေတော့သည်။ မိဘ မေတ္တာဆိုသည် အလွန်အေးမြသည့် သီတာရေစင်ဟူသော စကားသည် မှားနေပြီဟု ထင်လိုက်မိသည်အထိ ဖြစ်ခဲ့ရ လေတော့သည်။

◆◆◆

ထူးမောင်သည် မိခင်ဖြစ်သူ၏ အမူအရာများ ပြောင်း လဲလာသည့်အဖြစ်ကို သတိထားခဲ့မိသည့်အချိန်မှာ ဖခင် ဖြစ်သူ သေဆုံးသွားပြီးနောက် တစ်လကျော်ခန့်အချိန်က ဖြစ်သည်။ ဟိုတချို့ သည်တချို့ ဖြူနေသည့် ဆံပင်တွေ ကို ဆံပင်နက်ဆေးဆိုးပြီး မှန်ရှေ့တွင် အလှပြင်နေသည် ကိုသာ တွေ့ရခြင်းဖြစ်သည်။

မိခင်ဖြစ်သူ၏ အသက်မှာ ငါးဆယ်ကျော်အရွယ်သို့ ရောက်နေပြီ ဖြစ်သောကြောင့် ဗုဒ္ဓဘုရားရှင်၏ တရား ဒေသနာတော်ကို မှတ်သားနာယူပြီး အမှန်တကယ် ပြင် ဆင်ရမည်က ဒါနအလှ၊ သီလအလှ၊ ဘာဝနာအလှ စသည်တို့ ဖြစ်သည်။ ယခုတော့ အသက်အရွယ်နှင့် ပြင် သင့်သည့်အလှကို မပြင်ဘဲ မပြင်သင့်သည့်အလှကို ပြင် နေဆဲပင် ဖြစ်သည်။

'အမေရယ်..အမေ ဘယ်လိုပဲ ဆံပင်နက်ဆေးတွေ ဆိုး မိတ်ကပ်တွေလိမ်းပြီး အလှပြင် ပေါင်းတင်နေပေ မယ့် အမေ့ခန္ဓာကိုယ်ကြီးကတော့ အမေထင်သလို မနုပျို တော့ဘဲ ဆန်းတဲ့အပြင် အလှပြင်ရင်းနဲ့ပဲ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ နေရာတွေဆီကို နာရီစက္ကန့်မခြား ရွေ့ လျားနေတယ်ဆိုတာ အမေ မသိလေရော့သလား။ ဘယ် လို အစားအစာတွေကျွေးကျွေး၊ ဘယ်လို အမွှေးနံ့သာ တွေဖို့ဖို့ ဒီခန္ဓာကိုယ်ကြီးကတော့ ကျေးဇူးမတင်တဲ့အပြင် ကျွေးရင်း ပြင်ဆင်ရင်းနဲ့ သေမင်းခံတွင်းဆီ ခြေဦးကြည် နေတဲ့ ရုပ်ဆောင်ထားတဲ့ အပုပ်ကောင်ကြီးပါ အမေရယ်'

ထူးမောင်သည် အသုဘကို သုဘထင်ပြီး အတွေး မှားနေသည့် မိခင်အဖြစ်ကို အပြစ်တင်လျက် ပူဆွေး သောကနှင့်အတူ ဒေါသမီးတွေ လောင်မြိုက်နေမိသည်။

သည်တော့လည်း ပူဆွေးသောက ဒေါသတွေ ပြေ ပျောက်ခြင်းအလို့ငှာ စာအုပ်တစ်အုပ်ကို ဖတ်ကြည့်နေမိ သည်။

စာမျက်နှာတစ်နေရာတွင် တွေ့လိုက်မိသည်က-

(၁) ယူဇနာပေါင်း တစ်သိန်းလေးသောင်း အထုရှိသည့် ဤမဟာပထဝီမြေကြီးသည် မိဘမေတ္တာအထုနှင့် နှိုင်းယှဉ်ပါက ဝါးရှက် ပမာဏမျှသာ ရှိ၏။

(၂) အလွန်ကျယ်ပြောသည်ဆိုသော ကောင်းကင်စကြ ဝဠာကြီးသည် မိဘမေတ္တာနှင့် နှိုင်းယှဉ်ပါက အပ် နဖား ပမာဏမျှသာ ရှိ၏။

(၃) အလွန်ကျယ်ဝန်းနက်ရှိုင်းသော သမုဒ္ဒရာကြီးသည် မိဘမေတ္တာနှင့် နှိုင်းယှဉ်ပါက မိုးရေတစ်ပေါက်၏ ပမာဏမျှသာ ရှိ၏။

(၄) ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အမြင့်ဆောင် သော မြင်းမိုရ်တောင်သည် မိဘမေတ္တာနှင့် နှိုင်းယှဉ် ပါက နှမ်းချို ပမာဏမျှသာ ရှိ၏။

ထူးမောင် တွေ့လိုက်ရသည်က မိဘမေတ္တာ ဂုဏ် ကျေးဇူးနှင့် နှိုင်းယှဉ်ဖော်ပြထားသည့် စာပိုဒ်များဖြစ်သည်။ ထိုစာပိုဒ်များကို ဖတ်ကြည့်လိုက်သည့်အခါ အလွန်နောက် ကျုနေသည့်ရေထဲသို့ မနောမယပတ္တမြားရတနာကို ထည့် လိုက်သောအခါ နောက်ကျုနေသောရေသည် ချက်ချင်း ကြည်လင်သွားသကဲ့သို့ ထူးမောင်၏ ဒေါသအနည်တွေ ရောယှက်ညစ်ထေးနေသည့် စိတ်အစဉ်သည်လည်း ရှင်း လင်းကြည်လင်သွားလေတော့သည်။

ထိုသို့ ရှင်းလင်းကြည်လင်သွားသည့်စိတ်ကြောင့် လွယ်အိတ်ထဲတွင် လျှို့ဝှက်ဆောင်ထားသည့် ဓားမြှောင် ကိုလည်း စွန့်ပစ်လိုက်လေတော့သည်။

*ပါပတရ၊ ယုတ်မာလှသား၊*



www.burmeseclassic.com

www.burmeseclassic.com

၁အတိ၊ မိုက်ခေါင်ထိတို့၊
ကူသည်၊ လူတို့ပြည်ဝယ်၊
ိတိုက်ကျေး၊ ငယ်ကမွေးလျက်၊
ိုးတင်ရုံ၊ မဆပ်တုံတည့်၊
ဒွာန၊ ဤလောကၶိ၊
ပက်ယာ၊ မိမှာလက်ဝဲ၊
ဘင်ရွက်၊ ပခုံးထက်တွင်၊
က်လုပ်ကျွေး၊ မပြတ်မွေးလည်း၊
ဂုဏ်စိုင်၊ မကုန်နိုင်ဘူး။

(မဃဒေဝ၊ ပိုဒ် ၂၄၄)

ထိုလင်္ကာပိုဒ်ကိုဖတ်ပြီး မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့မိသော မျက်ရည်တို့သည် ဝမ်းသာ ည်လား၊ ဝမ်းနည်း၍ကျသည့် မျက်ရည် သူကိုယ်တိုင်ပင် မဝေခွဲတတ်တော့ချေ။

ပေးသေးတယ်။ ငါ စာတွေကို မပျင်း ။ မိဘရဲ့ ကျေးဇူးဂုဏ်သိန် ကြီးမား က်ရတယ်။ ဒီစာတွေကိုသာ ငါ မဖတ် ဂိုဏ်းဝင် ကျေးဇူးရှင်အမေကို ကာ းမိလိမ့်မယ်။ ပြစ်မှားလိုက်မိရင်တော့ ရက်စရာဘဲ။

ထူးမောင်အတွေးထဲတွင် အသိတရားများ ခိုဝင်လာသည်။ မိခင်သည် ကာမရာဂဘီလူးကို မတွန်းလှန်နိုင်၊



မတော်လှန်နိုင်သဖြင့် ၊မည်သူ့လက်တွင်းရောက်ရောက် အဆုံးစွန် လူမျိုးခြား၊ ဘာသာခြားလက်တွင်းသို့ သက် ဆင်းရသည်ဖြစ်စေ မိခင်သည် မိခင်သာဖြစ်၏။ အနန္တ ကျေးဇူးရှင်သည် ကျေးဇူးရှင်သာဖြစ်၏ဟူသော အသိ တရားများပင်တည်း။

ထိုအသိတရားများ ထူးမောင် နှလုံးသားထဲသို့ စိမ့် ဝင်လာအောင် ဘာသာရေးစာပေများက ဆုံးမလိုက်ခြင်း ပင် ဖြစ်တော့သည်။

သို့သော် ပထွေးကို အဖေမခေါ်ချင်သည့် ထူးမောင် ၏ ခံယူချက်ကိုမူ မည်သည့်စာပေ၊ မည်သည့်ပုဂ္ဂိုလ်မှ စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။

◆◆◆

ထူးမောင်သည် ကချင်ပြည်နယ်၊ ရတနာမြေတွင် အလုပ်လုပ်ရင်း ဆန်စား ရေစား ရလာသည့် ကျောက် မျက်ကလေးများကို မိခင်ထံသို့ ပေးပို့ခြင်းဖြင့် ထိုကျောက် မျက်ကလေးများဖြင့် မိခင်ဖြစ်သူကို ကန်တော့ခြင်းဖြစ် ကြောင်း၊ မိခင်ပန်ဆင်လိုသည့် ခင်ပွန်းရတနာဖြင့် မကန် တော့နိုင်သည်ကို ခွင့်လွှတ်ပါရန် တောင်းပန်ကြောင်း၊ ယခုကဲ့သို့ တိမ်းရှောင်ထွက်လာသည်မှာလည်း မိခင်ကို မုန်းတီးနာကြည်းသည့်စိတ်ကြောင့် မဟုတ်ကြောင်း၊ သူ ၏ ကြည်လင်နေသည့်စိတ်ကလေး ပြန်လည်နောက်ကျ သွားမည်ကို စိုးရိမ်မိ၍ဖြစ်ကြောင်း စသည်ဖြင့် စာရှည် ကြီး တစ်စောင် ရေးသားပေးပို့လိုက်လေသည်။

ထိုစာထဲတွင် မိခင်နှင့်ပတ်သက်နိုင်မည့် မဃဒေဝ လင်္ကာပိုဒ်များကိုလည်း ရေးထည့်ပေးလိုက်ပြီး ထိုသို့ရေး ထည့်ပေးလိုက်ခြင်းမှာ မိခင်၏သိက္ခာကို နှိမ့်ချချင်၍ မဟုတ်ကြောင်း၊ သိက္ခာတွေမြင့်စေချင်လွန်းသဖြင့် ပညာရှိ များ၏စကားများကို မိခင်သိစေရန် တင်ပြခြင်းသာဖြစ် ကြောင်းလည်း ရေးထည့်ပေးလိုက်လေသည်။

နောက်ဆုံးအနေနှင့် ထူးမောင် ရေးလိုက်သည်က မိခင် ပန်ဆင်လိုသည့် ခင်ပွန်းရတနာဟူသည် အမှန် တကယ် အားကိုးလောက်သည့်ရတနာ မဟုတ်ကြောင်း၊ အမှန်တကယ် အားကိုးလောက်သည့် ရတနာသည် ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုသည့် ရတနာ မြတ် သုံးပါးသာဖြစ်ကြောင်း၊ သို့ပေမယ့် ထိုမြတ်သော ရတနာ သုံးပါးကို မိခင်ဖြစ်သူ မြင်တတ်ရှင်မှ မြင်မည်



www.burmeseclassic.com

www.burmeseclassic.com

…ကြောင်း၊ မိခင်မှာ ကာမရောဂါ ကိုယ်တွင်းနာက …သန့်နေကြောင်း၊ ကာမရောဂါဆိုသည်မှာ အလွန် …ရှားသည့် ရောဂါဖြစ်ကြောင်း၊

*ကာမရောဂါ၊ ဝမ်းတွင်းနာကား၊*
*ကုရာနတ္ထိ၊ ဆေးမရှိ၊*
*မိမိပညာ၊ သတိသာလျှင်၊*
*မဟာသြသဓ၊ ဆေးမည်စွရှင့်။*

*(မဃဒေဝ၊ ပိုဒ် ၂၃၃)*

လင်္ကာ၏ အဓိပ္ပာယ်မှာ မြွေဆိပ်တက်သူတို့၊ နတ်၊ …မိစ္ဆာ ဝင်ရောက်ပူးကပ်သူတို့ကို ဆေးပညာဆရာတို့ …သ၍ရနိုင်သော်လည်း ကာမရောဂါ အဆိပ်မွှန်နေသူကို …သနိုင်သည့်ဆေး မရှိပါချေ။ သတိတမန် ဉာဏ်မြေ …တုတ် ပညာစွမ်း ချွန်းဖြင့်အုပ် ဆိုသကဲ့သို့ မိမိကိုယ်ကို … အသိဉာဏ်ဖြင့်သာ ဆုံးမပေတော့မည်ဟု ဆိုလိုခြင်း …ကြောင်းဖြင့် ရှည်လျားသည့် စာတစ်စောင် ရေးသား …ပို့လိုက်လေသည်။

◆◆◆

ထူးမောင် အဝေးဆီမှ တောင်တန်းကြီးကိုငေးလျက် တွေးနေမိသည်။

သူ ရေးပေးလိုက်သည့် မန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာပိုဒ်ကလေးတွေကိုဖတ်ပြီး မိခင်ဖြစ်သူ အမြင်မှန်ရလျက် မိမိ၏ရောဂါကို မိမိအသိဉာဏ်ပညာဖြင့် အချိန်မီ ကုစားနိုင်ပြီး လောကတွင် အားကိုးမှီခိုရာ အစစ်ဖြစ်သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ စသည့် ရတနာမြတ်သုံးပါးကို မိခင်ဖြစ်သူ ယုံကြည်မှုသဒ္ဓါတရားအပြည့်နှင့် ပန်ဆင်နိုင်ပါစေ။ ဤအမြတ်ဆုံးရတနာ သုံးပါးသည်သာလျှင် မိခင်အတွက် ပန်ဆင်ပေးလိုသည့် ရတနာအစစ်အမှန်ဖြစ်ပါကြောင်း ဆုတောင်းရင်း မျက်ရည်ဝဲနေမိပါတော့သည်။

**ဥက္ကလာ မြင့်သန်းအောင်**

<u>**ဝန်ခံချက်**</u>

*မန်လည်ဆရာတော်ဘုရားကြီး ရေးဖွဲ့တော်မူသည့် မဃဒေဝလင်္ကာကျမ်းကြီးမှ ထုတ်နုတ်၍ ဇာတ်အိမ်ဖွဲ့ ရေးသားခြင်း ဖြစ်ပါသည်။*


**မန္တလေး-နေပြည်တော် ဆရာလုရ်၏ မြေးတပည့်**

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

**B.A (History)**

**ဗေဒင် လက္ခဏာ ဝေဒပညာရှင်**

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇


www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဟူရာ၌ သွေးစပ်မှ ချစ်ရသည် မဟုတ်ပေ။ တချို့မှာ သွေးစပ်မှချစ် သွေးမစပ်လျှင် ခင့်ရုံမျှသာဟု ယူဆနေကြသည်ကိုလည်း တွေ့ဖူးသည်။

မေတ္တာပို့သည့်အခါ သုံးဆယ့်တစ်ဘုံ ဝေနေယျသတ္တဝါအားလုံးကို သဗ္ဗေသတ္တာနှင့် သိမ်းလေ့ရှိသော်လည်း ထိုကဲ့သို့ မသိမ်းသင့်သော သွေးမစပ်ပါဘဲလျက် ချစ်ရမည့်သူ၊ ကိုယ့်နည်းတူ သို့တည်းမဟုတ် သွေးစပ်သည့်သူများနည်းတူ မေတ္တာပို့ရမည့်သူများလည်း ရှိတတ်ပြန်သည်။

ထိုသူများမှာ ဝါသနာတူ၊ လုပ်ငန်းတူ၊ လုပ်ဖော်ကိုင်ဖက်များပင် ဖြစ်လေသည်။ ဝါသနာတူ၊ လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များကို လစာပေး၍ ခိုင်းထားရုံမျှဖြင့် မလုံလောက်ပေ။ သူ့အဆင့်နှင့်သူ ဝေစုစားအလုပ်သမားများအဖြစ်ထားနိုင်လျှင် သာ၍ပင် အဆင်ပြေလေသည်။

ထိုကဲ့သို့ ပေါင်းသင်းဆက်ဆံထားခြင်းဖြင့် လစာပေး၍ ခိုင်းထားသည်ထက် များစွာအကျိုးသက်ရောက်မှု ရှိသည်ကို တွေ့ရဖူးသည်။ လစာပေး၍ ခိုင်းစေထားခြင်းဖြင့် လကုန်လျှင် လစာရမည်ဟူသော အသိမျှသာ ရှိလေသည်။

သူ့အဆင့်နှင့်သူ ဝေစုစားသဘောမျိုး စေခိုင်းလျှင် လုပ်ငန်းပေါက်မြောက်အောင်မြင်၍ အကျိုးသက်ရောက်မှု ရှိပါမှ အစုဝင်ငွေသည်လည်း အဆမြင့်လာမည်ဟူသော အသိကြောင့် အလုပ်သမားအားလုံးတို့သည်ပင် မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းကဲ့သို့ ကြိုးစားပမ်းစား လုပ်ကိုင်လာကြသည့်အကြောင်းကိုလည်း မှတ်သားဖူးသည်။

မန်နေဂျာမှစ၍ အောက်ခြေသန့်ရှင်းရေးသမားများတိုင်အောင် ထိုကဲ့သို့ ခိုင်းစေထားခြင်းဖြင့် ကိုယ်စီတစ်ဦးချင်း ကြိုးစားပါမှ တစ်ဦးချင်း၏ဝင်ငွေများ တိုးပွားလာမည်ဟူသော အသိသည် လုပ်ငန်းထဲတွင် ရှိနေကြသည့် အလုပ်သမားအားလုံးတို့၏ ခေါင်းထဲသို့ ခိုဝင်သွားလေသည်။

လုပ်ငန်းတူ အဆင့် အလျောက် ဝေစုစား လုပ်ခြင်းဖြင့် အဓေ






www.burmeseclassic.com

www.burmeseclassic.com

ခံကာန် ခေါင်းပြောင်မလေးတစ်ယောက် ကမ္ဘာသိ သူဌေးလေး ဖြစ်သွားသည်ကို ရောင်ပြန်မဂ္ဂဇင်းတွင် ဖတ်မှတ်ဖူးသည်။ ကြာခဲ့ပြီဖြစ်၍ မဂ္ဂဇင်းအမှတ်စဉ်နှင့် ခေါင်းပြောင်သူဌေးမလေးတို့၏ အမည်နာမကို မမှတ်မိတော့ပေ။ သို့သော်လည်း ထူးဆန်းသော အကြောင်းအရာဖြစ်သောကြောင့် ရောင်ပြန်ပရိသတ်များ မှတ်မိနေကြလိမ့်မည်ဟု ထင်သည်။

ခေါင်းပြောင်မလေးမှာ မွေးရာပါ ခေါင်းပြောင်ခြင်း မဟုတ်ပေ။ နောက်မှ ပြောင်လာခြင်းဖြစ်သည်။ အဘယ်ကြောင့် ခေါင်းပြောင်ဖြစ်သွားရသည်ကိုလည်း မဂ္ဂဇင်းမှာ ပါသလား၊ မပါသလား အတိအကျ မမှတ်မိတော့ပေ။ ခေါင်းပြောင်ခြင်းနှင့်ပတ်သက်ပြီး သူဌေးဖြစ်လာသည်ကိုသာ မှတ်မိနေသည်။ ဤမှ် လိုရင်းလည်း သူဌေးဖြစ်လာရသည့် အကြောင်းသည်သာ အဓိကကျသည်။

ခေါင်းပြောင်သူမှာ မိန်းကလေးဖြစ်နေ၍ အာဝေနိကဒုက္ခကြောင့်ဟု ထင်သည်။ အာဝေနိကဒုက္ခ ဟူသည်မှာ ကလေးမွေးဖွားခြင်းပင်ဖြစ်သည်။ မိခင်တို့၏ ဒုက္ခသည် လည်း မသေးလှပေ။ ကိုယ်ဝန်တစ်ကြိမ် ဆောင်ရဲတိုင်း သူသေ ခြောက်ယောက်တွင် စာရင်းပါသောကြောင့် ချိုင်းကုန်းကို ခြေတစ်ဖက်လှမ်းသည်ဟု တင်စားကြသည်။ ထို့ကြောင့်ပင် မိခင်တို့အား မြင်းမိုရ်တောင်နှင့် နှိုင်းပြီး ပဟာတော်မူခြင်း ဖြစ်ပေလိမ့်မည်။

အာဝေနိကဒုက္ခကြောင့် ခေါင်းပြောင်သွားရသည့် မိန်းကလေး တစ်ယောက်ကိုလည်း မြင်ဖူးသည်။ ဤစာရေးသူတို့နှင့် သွေးမကင်းသော ဒေါ်အောင်သာနုပင် ဖြစ်သည်။ ကလေးမွေးဖွားရာတွင် အဘယ်ကဲ့သို့ အဆင်မပြေဖြစ်သွားသည် မသိ။

မကြာမီ ခေါင်းပြောင်သွားသည်ကိုသာ တွေ့လိုက်ရသည်။ စာရေးသူနှင့် မတွေ့ဖူးသည်မှာ ကြာပြီဖြစ်သော်လည်း ယခုတိုင် သက်ရှိထင်ရှားရှိပေဦးမည်။ ဒေါ်အောင်သာနုမှာ စာရေးသူထက် သိပ်ပြီးမကြီးပေ။

ဒေါ်အောင်သာနု အာဝေနိကဒုက္ခကြောင့် ခေါင်းပြောင်သွားသည်ကို တွေ့လိုက်ရ၍ အမေရိကန်သူလေး ခေါင်းပြောင်ဖြစ်သွားသည်မှာလည်း အာဝေနိကဒုက္ခဟု ယူဆမိသည်။

အမေရိကန်သူလေးမှာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ခေါင်းပြောင်သွား၍ အရှက်ရကာ အပြင်သို့ပင် မထွက်ရဲဖြစ်နေခဲ့ရသည်။ သို့သော် လူ့သဘာဝသည် မည်သို့ပင် ပြောင်းလဲသွားသော်လည်း အပြင်လောကနှင့် ကင်းပြတ်၍မရပေ။ ထို့ကြောင့် အပြင်ကို ထွက်ရတိုင်း ခေါင်းပြောင်ကို လူမမြင်မည်စိုး၍၊ ရှက်၍၊ ခေါင်းပေါင်းခြုံ၍သာ သွားရလေသည်။

ခေါင်းပေါင်းခြုံခြင်းမှာလည်း အချိန်အခါနှင့်သာ အဆင်ပြေသည်။ မနက်ပိုင်းတွင် နှင်းကာကွယ်ရန်၊ နေ့လယ်ပိုင်းတွင် အပူဒဏ်ကိုကာကွယ်ရန် ခေါင်းပေါင်းပေါင်း၍ အဆင်ပြေသော်လည်း အချိန်တိုင်း ခေါင်းပေါင်းပေါင်း၍ အဆင်ပြေသည်ကား မဟုတ်ပေ။

သူ့ ခေါင်းပြောင်သည်ကလည်း တစ်ခေါင်းလုံး စင်းလုံးချော ပြောင်ဟန်မရှိဘဲ ချိုစောင်းအောက် နောက်စေ့နားတစ်ကွက်သာ ပြောင်ပုံရသည်။

အမျိုးမျိုးသော ဆံပင်ပေါက်ဆေးများကို လူးလိမ်းသော်လည်း ထိုခေတ်က အစွမ်းထက်သော ဆံပင်ပေါက်ဆေးများ မပေါ်သေး၍လောမသိ၊ ဆံပင်ပြန်ပေါက်ခြင်း မရှိဘဲ ခေါင်းပြောင်ကွက်က အနက်ရောင်ထဲက လက်လက်ခတ်၍သာ လာပြန်သည်။

ထို့ကြောင့် ရှက်၍ အကြိမ်ကြိမ်လည်း ငိုခဲ့ရသည်။ အပြင်သို့ မထွက်ရဲဘဲ အိမ်တွင်းပုန်း၍လည်း နေခဲ့ရသည်။ သို့သော် ငိုနေ၊ အိမ်တွင်းပုန်း၍ မပြီးတော့ပေ။ တစ်နည်းနည်းဖြင့် ဤခေါင်းပြောင်သော ပြဿနာကို ဖြေရှင်းရပေတော့မည်။

ထိုကဲ့သို့ ဆုံးဖြတ်ကာ ကြံမိကြံရာကြံရင်း သူတတ်သလို စိတ်ကူးတည့်ရာ အထည်စများကို ကတ်ကြေးဖြင့် ညှပ်ကာ ခေါင်းပြောင်ကွက်ဖုံးလောက်သည်အထိ ပန်းပွင့်တစ်ခု ပြုလုပ်လိုက်သည်။ ထိုအထည်စပန်းပွင့်ကို ဖုံးအုပ်ပြီး ပန်းထားလိုက်ရာ အတန်အသင့် အဆင်ပြေသွားလေသည်။ အထည်စပန်းပွင့်ဖြင့် ဖုံးအုပ်ထားလိုက်ခြင်းကြောင့် သူ့ ခေါင်းပြောင်သည်ကို လူသိ လူရင်းများမှလွဲ၍ အခြားသူများ မသိ မမြင်နိုင်ကြတော့ပေ။

ထို့နောက် ဆက်ကာကြံစည်ရင်း အထည်စပန်းပွင့်များကို ပြုလုပ်ရာတွင်လည်း တစ်ရောင်တည်း၊ တစ်မျိုးတည်း၊ တစ်ပုံစံတည်း မဟုတ်ဘဲ ဝတ်ဆင်မည့် အဝတ်နှင့် လိုက်ဖက်အောင် တစ်မျိုးပြီးတစ်မျိုး မရိုးအောင် အသစ်

www.burmeseclassic.com

အဆန်း ထွင်လုပ်လေသည်။

ပန်းပွင့်ဒီဇိုင်းများကိုလည်း ဉာဏ်မီသမျှ ကြံဆကာ အတတ်နိုင်ဆုံး သပ်ရပ်လှပအောင် တီထွင်လေသည်။ အတွင်းအပြင် အလင်းအမှောင် အရောင်အမျိုးမျိုးကိုလည်း ကျပ်ညှပ်၍ ကွပ်ပေးလိုက်သည်။

ထို့ကြောင့် အထည်စအထည်သား ပန်းပွင့်မျှသာဖြစ်သော်လည်း တစ်မျိုးတစ်ဖုံလှပကာ ဆန်းသစ်၍လာလေသည်။ သူကိုယ်တိုင် ကြံဆတီထွင်ပြီး ပြုလုပ်ထားသော အထည်စပန်းပွင့်များကို တစိမ့်စိမ့်ကြည့်ရင်းဖြင့် သူ့ကိုယ်သူ အားရကျေနပ်မှုလည်း ရှိလာခဲ့သည်။

သူ၏ အထည်စပန်းပွင့်ကို ပန်ထားခြင်းဖြင့် သူ၏ ခေါင်းပြောင်ကို ဘေးလူများက မမြင်နိုင်သလို သာ၍ပင် ကျက်သရေရှိသလို ခံစားရပြီး ကြည်နူးပျော်ရွှင်ကာ ကျေနပ်၍လည်းနေမိသည်။

ထို့ကြောင့် သူ့မှာ ခေါင်းပြောင်ကိစ္စနှင့်ပတ်သက်၍ သိပ်ပြီးကြီးကြီးမားမား မခံစားရတော့ပေ။ အထည်စ ပန်းပွင့်လေးကို ပန်ထားလိုက်ခြင်းဖြင့် ကျက်သရေတိုးကာ အလှကြွယ်ဘိသို့ပင် ကျေနပ်နှစ်သက်ပြီး သဘောပင်ကျနေမိသည်။

ထို့နောက် သူလို သူ့ကဲ့သို့ အခြားခေါင်းပြောင်မလေးများသည်လည်း ရှိကြမှာပဲဟု စဉ်းစားမိသည်။ ဤခေါင်းပြောင်ကိစ္စသည် ရောဂါဆန်းမဟုတ်။ ဤစာရေးသူ ယူဆထားသည့်အတိုင်း မိန်းကလေးများ အာဝေနိကဒုက္ခကြောင့် ဖြစ်တတ်၍ သူခံစားခဲ့ရသကဲ့သို့ပင် အရှက်ရကာ စိတ်ညစ် စိတ်ပျက်၍ ရှိနေကြမှာပဲဟု လိုက်လံစုံစမ်းကာ အထည်စ ပန်းပွင့်များကို သူလို ခေါင်းပြောင်မလေးများအား ပေးဝေလေသည်။

ထို့ကြောင့် သူ့မှာ မေတ္တာစိတ်ကြီးမားသည်ဟု ဆိုနိုင်သည်။ ခေါင်းပြောင်ကိစ္စကြောင့် သူခံစားခဲ့ရသလို အခြားခေါင်းပြောင်မလေးများသည်လည်း သူ့နည်းတူ ရှက်ကြောက်ခံစားနေကြရမှာပဲဟု ကိုယ်ချင်းစာနာစိတ်လည်း ရှိကြောင်း ထင်ရှားသည်။

မေတ္တာစိတ်၊ ကိုယ်ချင်းစာနာစိတ် ကြီးမားထင်ရှားသောကြောင့်ပင် သူ့ကဲ့သို့ ခေါင်းပြောင်မလေးများအား လိုက်လံစုံစမ်းပြီး သူပြုလုပ်ထားသော အထည်စပန်းပွင့်များကို ပေးကမ်းဝေငှခြင်းလည်း ဖြစ်သည်။

မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်များသည် သူယုတ်မာတို့၏ကိုယ်၌ ကိန်းအောင်းခိုဝင်ခြင်းမရှိပေ။ ပင်ကိုအယူ ဖြူဖြောင့်သည့် သူတော်ကောင်း သူမြတ်လောင်းတို့၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဟု ဆိုအပ်သော သန္တာန်၌သာ တည်လေသည်။

ထို့ကြောင့် ရုပ်နာမ်သန္တာန် အပြင်အတွင်း လင်းရှင်းဖြူစင်၍ပင် ထင်သည်။ မကြာမီ သူ့စေတနာက သူ့အား ပြန်လည်၍ အကျိုးပေးလေသည်။ သူ၏ အထည်စပန်းပွင့်များကို ခေါင်းပြောင်မလေးများအပြင် ခေါင်းမပြောင်သော အခြားမိန်းကလေးများကပါ အထည်စ အလှပန်းကလေးများအဖြစ် တစ်ယောက်ပြီးတစ်ယောက် ကြိုက်နှစ်သက်လာကြပြီး ဝယ်ယူပန်ဆင်ကြလေသည်။

ထို့နောက် တစ်ယောက်စကား တစ်ဆင့်နားဖြင့် အထည်စပန်းပွင့်များကို မှာယူသူ၊ လာရောက်ဝယ်ယူသူဟု တစ်စပြီးတစ်စ ဦးရေများပြားလာလေရာ သူ့အနေဖြင့် ဖြန့်ဝေပေးကမ်းခြင်းတည်းဟူသော မေတ္တာစိတ်သည် မလိုက်နိုင်တော့ပေ။ မေတ္တာစိတ် မလိုက်နိုင်တော့၍ ထိုက်သင့်သော အဖိုးအခကို ယူကာ ဖြန့်ဝေရောင်းချရသည့် အဆင့်သို့ ရောက်လေသည်။

ထိုက်သင့်သောဟူသည်မှာ သိပ်ပြီးအမြတ်ကြီးမတင် ဟု ဆိုလိုသည်။ မေတ္တာစိတ်အရင်းခံရှိသောကြောင့် ကိုယ်ကျိုးကိုထက် သူတစ်ပါး၏ အကျိုးကိုသာ ရှေးရှုသည်။ ထို့ကြောင့်လည်း အမြတ်ကြီးမတင်ခြင်း ဖြစ်သည်။

ငွေဟူသည်မှာ လူတိုင်း၏ သည်းခြေကြိုက်ဖြစ်သော်လည်း ထိုငွေကြေးကို ရသင့်သည်ထက် ပို၍ယူမိပါက အကြွေးတင်တတ်သည်။ ထိုအကြွေးသည် အလွန်အမင်းလေးခြင်းသဘောရှိသည်။ သံသရာအကြွေးဟု ဆိုရသည်။

လောက၌ ချေးငှားသုံးစွဲသောအကြွေးကို ပမာဏအတိုင်း ပြန်ဆပ်၍ရသော်လည်း သံသရာအကြွေးများမှ ငွေကြေးဥစ္စာဖြင့် ပြန်ဆပ်၍ ကျေရိုးမရှိပေ။ ဘဝခန္ဓာဖြင့်သာ ပြန်ဆပ်ရသည်။ ကျွဲအဖြစ်ဖြင့်လည်းကောင်း၊ နွားအဖြစ်ဖြင့်လည်းကောင်း ပြန်ဆပ်ကြရသည်ဟု ဆိုသည်။ သူတော်ကောင်း ဖြစ်ချင်ကြသူများ အထူးသတိထားသင့်သော အကြွေးမျိုးပင် ဖြစ်လေသည်။

ယခု သူ့မှာလည်း အမြတ်များများ မလိုချင်ဘဲ ရောင်းကုန်ဖြစ်သော အထည်စပန်းပွင့်လေးများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

အစ်မျိုးပြီးတစ်မျိုး တိုး၍ကောင်းအောင်၊ မွန်အောင်၊ ဝယ်ယူသုံးစွဲသူတို့ သဘောကျနှစ်သက်ပြီး သုံးစွဲနိုင်ကြလေအောင်သာ ကြိုးစားပြီး လုပ်ပေးနေသောကြောင့် ထင်မှတ်၍မထားလောက်အောင်ထိပင် တိုးတက်ပြီး အောင်မြင်လာပေသည်။

ထို့ကြောင့် မိသားစုလုပ်ငန်းအဖြစ်မှ လူငှားပြီး လုပ်ကိုင်ရသည်အထိ တိုးတက်လာလေသည်။ လူငှားဖြင့် လုပ်ကိုင်လာရသောအခါ သာမန်ပေါ့ပေါ့တန်တန်ဖြင့် မဖြစ်တော့ပေ။ အချိန်ကန့်သတ်ခြင်း၊ လုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေသများ ချမှတ်ခြင်း။

မိမိ၏ လုပ်ငန်းများ တိုးတက်ခိုင်ခံ့လာသည်အထိ ကြိုးစားရသလို လုပ်ငန်းထဲသို့ ခေါ်ခိုင်းထားသောလူများ၊ မိသားစုဝင်များ၏ ထိုက်သင့်သော အဖိုးအခ၊ ထိုမှပိုလွန်သော အကျိုးရလဒ်များ ဖြစ်ထွန်းလာစေရန်ကိုလည်း ထည့်တွက်လာရပြန်သည်။

ထိုအခါ အလုပ်သမားများကို လစာပေး၍ ခိုင်းစေသည်ထက် အလုပ်သမားများ၏ အဆင့်အတန်း အနိမ့်အမြင့်အလျောက် ဝေစုစားခိုင်းစေသည်က သာ၍ပင် အဆင်ပြေနိုင်ကြောင်းကို ထည့်တွက်စဉ်းစားမိလေသည်။

ထိုကဲ့သို့ခိုင်းစေခြင်းဖြင့် အောက်ခြေက သန့်ရှင်းရေးအလုပ်သမားများမှစ၍ အဆင့်ဆင့်မြင့်တက်ပြီး မန်နေဂျာတိုင်အောင် လကုန်လျှင် လစာရမည်ဟု ပေါ့ပေါ့တန်တန် တွေးတတ်သော အတွေးများ ပပျောက်သွားပြီး လုပ်ငန်းတွင်ကျယ်မှ ရောင်းအားတက်မှ ငွေပိုရမည်။ ရောင်းအားကျလေ ဝင်ငွေနည်းလေ ဖြစ်ပေမည်ဟူသော မှန်ကန်သည့် အတွေးများသည်သာ အလုပ်သမားအားလုံးတို့၏ စွဲမှတ်ခြင်း၌ တည်လာပေလိမ့်မည်။

ထိုအတွေးကို အလုပ်သမားအားလုံးတို့အား ပြောဆိုတင်ပြသည်။ အကျိုးအမြတ်ကိုလည်း ထည့်တွက်ပြသည်။ ထို့နောက် အချိန်ယူပြီး စဉ်းစားခိုင်းသည်။ အချင်းချင်းလည်း ဆွေးနွေးတိုင်ပင်ခိုင်းသည်။

ထို့နောက်မှ အလုပ်သမားများအား သူတင်ပြသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး မှတ်ချက်ပြုခိုင်းသည်။ ထိုအခါ အလုပ်သမားအားလုံးတို့သည်ပင် သူတင်ပြသော အကြံအစည်ကို သဘောတူပြီး တစ်ပြိုင်တည်းပင် လိုလိုလားလားကြီး လက်ခံကြလေသည်။

အလုပ်ရှင်နှင့် အလုပ်သမားများဟူသည်မှာ ကျေးဇူးတင် ကျေးဇူးဆပ်သဘောရှိသည်။ အလုပ်သမားများက အလုပ်ရှင်ပေးသော လစာကိုသာ မှီခိုစားသောက်နေရသဖြင့် အလုပ်ရှင်အား ကျေးဇူးရှင်ဟု ရှုမြင်သင့်သည်။

အလုပ်ရှင်ကလည်း သည်လူအားလုံးကို ငါ လစာပေးပြီး ခိုင်းစေထားသောလူတွေ၊ ငါ့ကျေးကျွန်တွေပါ။ ငါ၏ ကျွေးမွေးစာများကို မှီခိုစားသောက်နေရသည့်လူတွေပါဟူ၍ ပေါ့ပေါ့တန်တန် ရှုမြင်ခြင်းငှာ မတတ်ကောင်းပေ။

အလုပ်ရှင်က အလုပ်သမားများအား ငါ၏ ဒေါက်တိုင်၊ ငါ၏ အရံအတား၊ ငါ့လုပ်ငန်းအား ထောက်ပင့်ကာရံ ပံ့ပိုးထားကြသည့်လူတွေ။ ငါနှင့် ငါ့မိသားစု၊ ငါ့ပတ်ဝန်းကျင် အားလုံးတို့၏ ကျေးဇူးရှင်တွေဟူ၍သာ ရှုမြင်သင့်ပေသည်။

အလုပ်သမားများကလည်း ငါ လုပ်၍ ငါ ရသည်။ ငါ၏ ကာယ၊ ဉာဏ၊ ခွန်အားဖြင့် လုပ်ကိုင်ပေးနေ၍သာ ငါ ရသည်။ ဘယ်သူ့ကိုမှ ကျေးဇူးတင်ရန်မလို။ ဂရုစိုက်စရာလည်း မရှိ။ ငါ့ခွန်အားနှင့် ငါ့ဘာသာ ရပ်တည်ပြီး ငါ့လုပ်အားနှင့် စားသောက်နေသည်ဟု မရှုမြင်သင့်ပေ။

ထိုကဲ့သို့ ရှုမြင်မှတ်ယူခြင်းသည် အလုပ်ရှင်ရော အလုပ်သမားများပါ ကျေးဇူးတင် ကျေးဇူးဆပ်ရာလည်း မရောက်ပေ။ သွေးစည်းညီညွတ်မည်ကိုဝေးစွ၊ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေအဆင့်မှာပင် မရှိတော့ပေ။ လုပ်ငန်းခိုင်မြဲခြင်း၌လည်း သက်ရောက်မှုမရှိတော့။ ရန်သူသာသာ အဆင့်တွင် ရပ်တည်နေကြသည်ဟူ၍ပင် ဆိုရပေတော့မည်။

စင်စစ်တွင် အလုပ်ရှင်နှင့် အလုပ်သမားများဟူသည်မှာ ဗြဟ္မဝိဟာရတရားလေးပါး (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ)နှင့် အကျွမ်းဝင်ပြီး ယှဉ်စပ်လျက် ရှိနေသင့်သည်ကိုပင် တွေ့ရှိရပေသည်။ (မေတ္တာ-ချစ်ခင်ခြင်း၊ ကရုဏာ-သနားခြင်း၊ မုဒိတာ-ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ဥပေက္ခာ-လျစ်လျူရှုခြင်း)

ထိုဗြဟ္မဝိဟာရတရား လေးပါးတွင် ဉာဏ်မနိုင်သောကြောင့် ဥပေက္ခာကိုထား၍ ကျန်လေးပါးသော တရားတို့သည် အလုပ်ရှင်နှင့် အလုပ်သမားတို့၌ ရှိသင့်ရှိထိုက်လှပေသည်။ အလုပ်ရှင်က မိမိ၏ အလုပ်သမားများအပေါ်၌

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စသော တရားသုံးပါးတို့ကို ထားသင့်သလို အလုပ်သမားများကလည်း မိမိတို့၏ ကျေးဇူးရှင်အဖြစ်ဖြင့် စွဲမှတ်ကာ အလုပ်ရှင်၏အပေါ်၌ ထိုဗြဟ္မဝိဟာရတရား သုံးပါးတို့ကို ထားသင့်လေသည်။

သို့မှသာလျှင် အလုပ်ရှင်နှင့် အလုပ်သမားတို့ အချင်းချင်း ချစ်ခင်ရိုင်းပင်းနိုင်ကြမည်ဖြစ်သလို လုပ်ငန်းကိုလည်း ပိုမို၍ အာရုံစိုက်လာကြမည်ဖြစ်သောကြောင့် တိုးတက်အောင်မြင်လာမည်သာ ဖြစ်လေသည်။

ဤ၌ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ဟု ဆိုချင်လျှင်လည်း ဆိုကြစေတော့။ ဤစာရေးသူ ဖြတ်သန်းလာခဲ့ဖူးသော အကြောင်းအရာတစ်ခုကို တင်ပြလိုပေသည်။ ဤစာရေးသူမှာ ရဟန်းပုဂ္ဂိုလ် ဖြစ်သော်လည်း နောက်ကျောတွင် မွေးချင်းများ ရှိနေသောကြောင့် သံယောဇဉ်အချို့ကို အလုံးစုံ ကင်းပြတ်နိုင်ခြင်း မရှိပေ။

ထို့ကြောင့် မွေးချင်းများနှင့်ပတ်သက်၍ တစ်ထောင့်တစ်နေရာက ဝင်ပါရသောအခါမျိုးလည်း ရှိတတ်ပေသည်။ မပါဝင်၍လည်း ဖြစ်နိုင်ဖွယ်မရှိပေ။ ဤစာရေးသူတို့၏ မိဘမွေးချင်းများသည်ကား ဇာတိရွာ၏ သာမန်ဆင်းရဲသားမိသားစုဝင်များသာ ဖြစ်ကြသည်။

နွေရာသီမှာ ဆေးရွက်ကြီးခင်းနှင့် ဓနိခင်းကို ပူးတွဲလုပ်ကိုင်ရင်း တောင်ယာကိုလည်း ခုတ်ထွင်ရှင်းလင်းထားရသည်။ မိုးရာသီမှာ လယ်နှင့်ပူးတွဲ၍ ထိုတောင်ယာကိုပါ လုပ်ကိုင်ရပြန်သည်။ ထိုထိုလုပ်ငန်းများမှာလည်း ပြေလောက်အောင်ကျယ်ဝန်းခြင်း မရှိသောကြောင့် သုံးရာသီပတ်လုံး နားခွင့်မရလောက်အောင်ပင် လုပ်ကိုင်နိုင်မှ မိသားစုစားဝတ်နေရေးကိစ္စကို အနိုင်နိုင် ဖြေရှင်းနိုင်ကြသည်။

ဤစာရေးသူမှာ မြန်မာနိုင်ငံ၌ ချင်း၊ ကချင်၊ ကယားထိုသုံးပြည်နယ်မျှသာ မရောက်ဖူးဘဲ အခြားသောတိုင်းနှင့်ပြည်နယ် နေရာဒေသ အတော်များများကို ရောက်ဖူးထားသည်။ ရောက်ဖူးသည့်အရပ်ဒေသတိုင်းကိုလည်း သာသနာရေး၊ လူမှုရေး စသည်များကို မျက်ခြည်မပြတ်ပေ။ နိုင်သမျှ လေ့လာမှတ်သားလျက်ရှိသည်။ မှတ်သားထားသည်များကိုလည်း တစ်ခုတစ်နေရာတွင် ဆီလျော်အောင် အသုံးချနိုင်ရန် စိတ်ကူးလျက်ရှိသည်။

ထို့ကြောင့် မိမိတို့ဒေသဘက်ကို ကားလမ်းပေါက်လာသောအခါ မိသားစု၏စီးပွားရေးကို နှိုင်းယှဉ်လေ့လာ၍ အကျိုးရှိမည့်အလုပ်ကိုရှာဖွေရန် လေ့ကြီးထိုးသွားနေ၍ အဆင်မပြေတော့ဘဲ အပြောင်းအလဲ တစ်ခုကို လုပ်ကိုင်သင့်ပြီဟု နားလည်လာခဲ့သည်။

ထို့နောက် မူလလုပ်ကိုင်စားသောက်နေကြသော လယ်နှင့် ဆေးရွက်ကြီးကို ရောင်းထုတ်လိုက်ပြီး ရရှိသောငွေကြေးလေးဖြင့် တောခုတ်ကာ ထိုတောကိုပင် သီဟိုဠ်ခင်း စိုက်ပျိုးရန် စီမံလိုက်သည်။

ဤစီမံကိန်းကိုလည်း ချက်ချင်းအကောင်အထည်ဖော်ရသည်။ လယ်နှင့် ဆေးရွက်ကြီးထွက်သွားသောကြောင့် ထိုလယ်နှင့် ဆေးရွက်ကြီးခင်းမှ ရလေ့ရှိသောငွေကြေးပမာဏကိုလည်း မိသားစုစားဝတ်နေရေးကို ဖြေရှင်းနိုင်ရန်အတွက် နှစ်ချက်ပေါက်ပြန်ရအောင် ကြိုးစားရပြန်သည်။ ထို့ကြောင့် ထိုတောကိုပင် သီဟိုဠ်မျိုးနှင့် သီးထပ်သီးညှပ် စိုက်ပျိုးရန်ကို ကြိုးစားရလေသည်။

သို့သော်လည်း မည်သည့်လုပ်ငန်းကိုဖြစ်စေ မေတ္တာပါရမည်ဟူသော ဆုံးဖြတ်ချက်အတိုင်း လုပ်ငန်းနှင့် တောခုတ်သည့်အချိန်ကပင် ထိုထိုလုပ်သားများအား တောခုတ်သည့်အခကြေးငွေကို အပြည့်အဝပေးချေသည့်အပြင် မနက်စာ တစ်နပ်ကိုလည်း ပေးကျွေးလေသည်။

တောကိုခုတ်ထွင် မီးရှို့၍ ရှင်းလင်းပြီးနောက် သီဟိုဠ်မျိုးနှင့်ထပ်တူ မြေအကြိုက်ကိုလိုက်ကာ စပါး၊ နှမ်း၊ ပြောင်းနှင့် အခြားအဆင်ပြေမည့် စားပင် သောက်ပင်များကိုလည်း စိုက်ပျိုးသည်။ ထိုထို အပင်၊ အသီးများကို ရောင်းချရာတွင်လည်း လာဝယ်ကြသူများ တွက်ခြေကိုက်လောက်အောင်သာ ရောင်းချပေးသည်။ ဦးစွာ အလုပ်သမားတို့၏ အကျိုးစီးပွားကို ငဲ့ထောက်ခြင်းသဘောဖြစ်သည်။

ထိုကဲ့သို့ ငဲ့ထောက်တတ်သော သဘောကြောင့် အလုပ်သမားများ အားရကျေနပ်မှု ရှိကြသလို သီးနှံများကို ရောင်းချရာတွင် ဝယ်လက်များ ပေါများလာသည်။ ဤနည်းဖြင့်ပင် မေတ္တာရှေ့သွားရှိသောနည်းဖြင့် ဥယျာဉ်ကို တိုးချဲ့လာခဲ့ရာ သာမန်မျှ မစိုမပို့ငွေကြေးကို အရင်းတည်ရာမှ ယခုအခါ ဓကပေါင်းရာချီ တိုးတက်ကျယ်ဝန်းလာလေသည်။

ထို့ကြောင့် သီဟိုဠ်ခင်းမှ အကျိုးမပြုသော



www.burmeseclassic.com

www.burmeseclassic.com

သီးထပ်သီးညှပ်တို့၏ အထောက်အမကြောင့် ယခု ယခင်ထက် တိုး၍ ပို၍ အစစအရာရာ အဆင်ပြေ ပြီး မျက်နှာဖွင့်(၂၆)ပေ၊ အလျား(၃၉)ပေ အတွင်း၊ ခြင် ခေါင်မိုး၊ ကြွေပြားကပ် နှစ်ထပ်တိုက်အိမ်ကြီးကို နိုင်ခဲ့ပြီ။ ရေကို ခလုတ်ဖွင့်သုံး၊ ဂက်(စ်)အိုးနှင့် ပြုတ်စားနိုင်သော မြို့ဆန်ဆန်အနေမျိုးကိုလည်း ရရှိ ပြီ။

နှစ်တိုအတွင်း၌ ထိုကဲ့သို့ တိုးတက်အောင်မြင်လာ ကြောင့် ညီမနှင့် ယောက်ဖဖြစ်သူတို့အား မေတ္တာ ကို ပိုမိုထားကြရန် ပြောပြရသည်။ ဤစာရေးသူတို့မှာ ချင်းလည်း မောင်နှမနှစ်ယောက်တည်းသာ ရှိသည်။

မေတ္တာစိတ်ကို တိုးမြှင့်သည်မှာ ဥယျာဉ်ခြံထဲ၌ထား သော မိသားစုဝင်များ ခြံအလုပ် ကင်းပြတ်ချိန်တွင် အခြား ရမည့် တောလုပ်ငန်း စသည်တစ်ခုခုကို ရှာဖွေပေး ယောက်ဖနှင့် ညီမတို့အား ပြောပြထားသည်။ ထိုမျှ ငှင်းတို့ အဆင်မပြေသေးလျှင်လည်း ငွေကြိုပေး ရန်ကို ထပ်မံပြောရပြန်သည်။

ထို့အပြင် ၄င်းတို့၏ ကျန်းမာရေးကို တာဝန်ယူရ ည်။ စားရေးသောက်ရေးနှင့် ကုန်ကျစရိတ်ကို ကျခံပေးရ ည်။ ၄င်းတို့၏ သားသမီးများကို အိမ်မှာ ခေါ်ထားပြီး သင်ပေးရမည်။

အိမ်သို့လာလည်လျှင် မည်သူ့ကိုမဆို မုန့်၊ ကော်ဖီ ခုခုဖြင့် ဧည့်ခံကျွေးမွေးရမည်။ ထမင်းစားသောက်ချိန် လျှင် အတင်းခေါ်ကျွေးရမည်။ အခြားရွာမှာ အိမ်ထောင် နေသောသူများ ရောက်လာလျှင် သူတို့ ပြန်သည်အထိ မှာ နေစားခိုင်းရမည်။

ချို့ငဲ့သော ရွာသူရွာသားများအား တတ်နိုင်သလောက် တက်ပံ့ပေးပြီး စောင့်ရှောက်ရမည်။ ကျန်းမာရေးနှင့်ပတ် ပြီး မြို့ဆေးရုံတိုင်အောင် သွားကုကြရမည့် ရွာသူ သားများအား တစ်သိန်းအောက် ငွေကြေးကို ထောက်ပံ့ ရမည်။

မိဘချို့တဲ့၍ သားသမီးများအား စာသင်မပေးနိုင် င် အလယ်တန်းတိုင်အောင် ထောက်ပံ့ပေးရမည်။ (စာ တတ်သူ မရှိစေလိုသောသဘော) စသည်ဖြင့် ညီမနှင့် ယောက်ဖတို့အား အပြတ်ပြောထားသည်။

ထိုအခါ ညီမဖြစ်သူက မိန်းကလေးတို့ သဘောအရ မကျေမနပ်ဖြစ်ကာ အရေးဆိုလာသည်။

ဒါဆိုရင် ကိုယ့်လုပ်စာကို ကိုယ်မစားရဘဲ သူများ ချည်း ပေးနေရတော့မှာလား ဟူ၏။

ထို့ကြောင့် ဤစာရေးသူက ညီမ လက်ခံနိုင်သည် အထိ တိုတိုနှင့် မိအောင် ပြောပြလိုက်သည်။

"နင် တောင်းတဲ့သူ ဖြစ်ချင်သလား။ ပေးတဲ့သူ ဖြစ်ချင်သလား"

ထိုအခါ ညီမဖြစ်သူ ငေးသွားလေသည်။ ဘာပြော ရမှန်းမသိ ဖြစ်သွားလေသည်။ ထို့ကြောင့် စာရေးသူက ဆက်ပြီး ရှင်းပြလိုက်သည်။

"ပေးတယ်ဆိုတာ ရှိလို့၊ တောင်းတယ်ဆိုတာ မရှိလို့။ တို့မိသားစုတွေ တစ်သက်လုံး ဆင်းရဲလာတာ ပြန်စဉ်းစား ကြည့်။ ဆင်းရဲတဲ့အဖြစ်ဟာ ဘယ်လောက်အထိ ဆိုး သလဲ။ စားချင်လို့ မစားရ၊ ဝတ်ချင်လို့ မဝတ်ရ၊ နေထိုင် မကောင်းဖြစ်လို့မှ ဆေးမကုနိုင်။ ဒီတော့ ကိုယ့်မှာ လုပ် ရင်းကိုင်ရင်း ရှိလာတုန်းကိုသာ တကယ်လိုအပ်နေတဲ့လူ တွေကို မပေးကမ်းရင် မရှိတော့ ဘာကိုပေးမှာလဲ။ ပစ္စည်း ဥစ္စာဆိုတာ ရှာတိုင်းလည်း မရဘူး။ ကံရော ဉာဏ်ပါ နှစ်မျိုးလုံးညီမှ ရတာ။ ဒီအခြေအနေအတိုင်းသာဆိုရင် ငွေကြေးကို စုဆောင်းထားစရာလည်း မလိုပါဘူး။ ဥယျာဉ် ကို ချဲ့ထွင်လုပ်ကိုင်ရင်း သီးထပ်သီးညှပ်တွေက တသွက် သွက် ရနေမှာပဲ။ သားသမီးတွေကိုလည်း ပုံစေးတိုင်း စား ရတာ မဟုတ်ဘူး၊ မပေးတိုင်းလည်း ဆင်းရဲတာ မဟုတ် ဘူး။ ထိုက်သင့်တဲ့ ပညာ၊ ဘဏ္ဍာကို ပေးပြီးရင် လုံ လောက်ပါပြီ။ သူတို့ ကံ၊ ဉာဏ်နဲ့ ဖန်တီးကြလိမ့်မယ်။ နင်တို့မှာလည်း ဥယျာဉ်ကြီး မိုးကုပ်လုနီးပါး ကျယ်ပြန့် လာနေပြီပဲ။ ဆင်းရဲဖို့ကို စိုးရိမ်စရာ မလိုတော့ပါဘူး။ ဒီတော့ မေတ္တာစိတ် အရင်းခံပြီး ရလာသမျှ ငွေကြေး ဥစ္စာကို ရွာသူရွာသားတွေအတွက်လို့ပဲ သဘောထားလိုက် ပါ။ ငွေဆိုတာ တစ်ယောက်စာရှာရင် တစ်ယောက်စာပဲ ရတယ်။ တစ်အိမ်စာရှာရင် တစ်အိမ်စာပဲ ရတယ်။ တစ် ရွာစာရှာရင် တစ်ရွာစာ ရမှာပဲ။ အခု ငါစီမံထားတာက တစ်ရွာစာအတွက်။ ဒီတော့ ဘာမှငဲ့ကွက်မနေနဲ့။ တကယ် လိုအပ်နေတဲ့လူတွေကို ပေးလှူဖို့လည်း မတွန့်တိုနဲ့။ ကိုယ့် ကိုယ်ကိုယ် ရွာသူရွာသားတွေရဲ့ အားကိုးမှီခိုရာ မိခင် တစ်ယောက်လို့ပဲ သဘောထားလိုက်ပါ။ စိတ်ချမ်းသာမှု

www.burmeseclassic.com

www.burmeseclassic.com

ကို အပြည့်အဝရရှိပြီး စီးပွားရေးလည်း တရစ်ရစ် တိုးတက်လာလိမ့်မယ်’

ညီမဖြစ်သူ ဘာမျှမပြောတော့ပေ။ စာရေးသူ ရှင်းပြသည်ကို နားလည်သွားဟန်ရှိသည်။ သူ့မျက်နှာသည်လည်း ဝင်းပကြည်လင်သွားလေသည်။ ဆိုခဲ့သည့် စာရေးသူတို့၏ သူဆင်းရဲဘဝမှ အထိုက်အလျောက်ပြည့်စုံလာနေခြင်းမှာ မေတ္တာစာတ်အရင်းကျ၍ဟု အပြည့်အဝ ယုံကြည်သည်။

(သို့သော်လည်း ဆိုခဲ့သည့် မေတ္တာဒါန ရှာသူရှာသားတို့အား ထောက်ပံ့လှူဒါန်းရေးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးဘဲ တချို့တစ်ဝက်မျှသာ စွမ်းနိုင်သေးသည်။ သီဟိုဠ်ခြင်းကလည်း သိန်းဂဏန်းမျှသာ ပေးနိုင်သေး၍ နောင်တိုးတက်လာမည့် ရလဒ်ကြောင့် ဆယ်စုနှစ်အတွင်း ရှာသူရှာသားတို့အတွက် အထောက်အပံ့ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံနေမိသည်။)

ခြင်းချက်အချို့ကို ဆိုချင်သည်မှာ အအေးဓာတ်အရင်းခံဖြင့် မေတ္တာဦးစီးပြီး လုပ်လာခဲ့သော်လည်း အလုံးစုံ အေးမြသည်တော့ မဟုတ်ပေ။ မသမာစိတ်ရှိကြသည့် တောခုတ်သမား၊ ပေါင်းခုတ်သမားများ၏ လိမ်လည်လှည့်ဖြား ပြောဆိုစော်ကားခြင်းကိုပင် အကြိမ်ကြိမ်ခံခဲ့ရဖူးသည်။ နှစ်စဉ် တစ်သိန်းမကလည်း အလိမ်အပတ်ခံနေရသည်။

သီတဂူဆရာတော်ဘုရားကြီးက အသေးအမွှားကို လိုက်ပြောနေလျှင် ကြီးကြီးမားမားကိစ္စများမှာ လာထိခိုက်တတ်သည်ဟု ဆုံးမဖူးသည်။ လုပ်ငန်းရှင် အားလုံးတို့ မှတ်သားသင့်သည့် ဩဝါဒပင် ဖြစ်လေသည်။

ဆိုခဲ့သည့် ခေါင်းပြောင်မလေးသည်လည်း သူ၏ မေတ္တာဦးစီးသော အထည်စပန်းပွင့်လုပ်ငန်းဖြင့် အမေရိကန်နိုင်ငံ၏ သူဌေးဖြစ်သွားကြောင်း သိရသည်။ သူသည်လည်း ထိုထိုသို့သော အခက်အခဲပေါင်း မြောက်မြားစွာတို့ကို ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ဖြစ်ကြောင်း နားလည်မိသည်။

**မဟာထွန်း**


တူရေးသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ



အထူးအမိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

**ဆရာမကြီး အေးမိုးမိုး**

**စိတ်မနောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း

မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၁၁ ၉၁၂ ၅၂၀ ၊ ၀၉၄၂၀ ၀၂၀ ၁၆၈

www.burmeseclassic.com

အလိမ္မာ စာမှာရှိသည်။ ငယ်ရွယ်စဉ်ခါ ပညာရှာဟူ
သော ဆိုရိုးစကားများ ရှိပေသည်။ ယင်းဆိုရိုးစကားများ
နှင့်အညီ ကျွန်တော်သည် (၅)နှစ်သားအရွယ်တွင် စတင်
၍ ကျောင်းတက်ခဲ့ရပေသည်။ ကျွန်တော်
တက်ခဲ့ရသော ကျောင်းမှာ
ကျေးရွာမူလတန်းကျောင်း
မဟုတ်။ မိဘများ

ကိုးကွယ်သည့် ဘုန်းတော်ကြီးကျောင်း ဖြစ်ပေသည်။ ကျွန်တော်၏ ပညာရေးဘဝကို ဘုန်းတော်ကြီးကျောင်းပညာရေး(Monastic Education) ဖြင့် စတင်ခဲ့ရခြင်း ဖြစ်ပေသည်။

ဘုန်းတော်ကြီးကျောင်း ပညာရေး
ကြောင့် ကျွန်တော်သည် ခုနစ်နှစ်
သားခန့်တွင်ပင် ပရိတ်ကြီး(၁၁)



# မောင်ဉာဏ်စိန်
# ရတနာသုတ်လာ
# နိဗ္ဗာနဂုဏ်ရည်

၂၀၀၆ နိုဝင်ဘာ ◆

www.burmeseclassic.com

www.burmeseclassic.com

သုတ်ကို အလွတ်ရွတ်ဆိုနိုင်ခဲ့သည်။ ညဘက် ဘုရားရှိခိုးကြလျှင် ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဆိုကြရသည်။ သို့ရာတွင် (၁၁)သုတ်လုံးကို တစ်ညဉ့်တည်း ရွတ်ဆိုရန်မဟုတ်။ နေ့ခုနစ်နေ့တွင် သူ့နေ့အလိုက် သတ်မှတ်ထားသော သုတ်များကို ရွတ်ဆိုကြရသည်။

ကျွန်တော် မှတ်မိသရွေ့ တနင်္ဂနွေနေ့တွင် မင်္ဂလသုတ်၊ တနင်္လာနေ့တွင် ရတနသုတ်၊ အင်္ဂါနေ့တွင် မေတ္တသုတ်၊ ဗုဒ္ဓဟူးနေ့တွင် ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ကြာသပတေးနေ့တွင် ဓဇဂ္ဂသုတ်၊ သောကြာနေ့တွင် အာဋာနာဋိယသုတ်၊ စနေနေ့တွင် အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်သုတ်၊ ပုဗ္ဗဏှသုတ်တို့ကို ရွတ်ဆိုကြရသည်။

ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် ဆိုရိုးစကားတစ်ခုရှိသည်။ ရှင်ကိုဖျက် ဓဇဂ်၊ လူကိုဖျက် အရက်၊ ဝါးကိုဖျက် ဝါးမျက် ဟူ၍ ဖြစ်သည်။ ဓဇဂ္ဂသုတ်သည် ရွတ်ဖတ်ရတာ ခက်ကြသောကြောင့် ရှင်များ(သာမဏေများ)အနေဖြင့် လူထွက်သွား(လူဝတ်လဲသွား)တတ်သောကြောင့် ဖြစ်သည်။ ကျွန်တော်သည် အသက်(၇)နှစ်မျှဖြင့် ပရိတ်ကြီး(၁၁)သုတ်ကို အလွတ်ရနေသောကြောင့် မိဘဆွေမျိုးများ၏ ချီးမွမ်းခြင်းကို ခံခဲ့ရသည်။

ကြီးပြင်းလာသောအခါ ကျွန်တော်တို့သည် ကြီးမိုက်များ ဖြစ်လာကြသည်။ အထက်တန်းပညာများ ခေတ်မီလောကဓာတ်ပညာများကို လေ့လာလိုက်စားရင်း ပရိတ်ကြီး(၁၁)သုတ်ကို အလွတ်မရတော့ချေ။ မင်္ဂလသုတ်၊ မေတ္တသုတ်မျှကိုသာ အလွတ်ရကြတော့သည်။ ဝမ်းနည်းဖွယ် ကောင်းလေစွ။

အခြားမှတ်မိနေသော ပရိတ်ကြီးတစ်သုတ်မှာ ရတနသုတ်ဖြစ်သည်။ တစ်သုတ်လုံးကိုကား အလွတ်မရတော့။ ဝနပ္ပဂုမ္ဗေ ယထ၊ ဖုဿိတဂ္ဂေ၊ ဂိမှာနမာသေ၊ ပဌမသ္မိံ ဂိမှေ၊ တထူပမံ၊ ဓမ္မဝရံ အဒေသယိ၊ နိဗ္ဗာနဂါမိံ၊ ပရမံ ဟိတာယ။ ဤ ဒမ္ပိဗုဒ္ဓေ ရတနံ ပဏီတံ၊ ဧတေန၊ သစ္စေန သုဝတ္ထိဟောတုဟူသော အပိုဒ်ဖြစ်သည်။ ယင်းအပိုဒ်ကိုကား အလွတ်ရနေသည်။

မြတ်စွာဘုရား၏ ဖွားဖက်တော်ဖြစ်သော အမတ်ကြီးကာဠုဒါယီက ဖခမည်းတော်ရှိရာ ကပိလဝတ္ထုပြည်သို့ ကြွရောက်ရန်အတွက် ဘုရားရှင်အား ဂါထာပေါင်း(၆၄)ဂါထာဖြင့် လျှောက်ထားခဲ့သည်။ ယင်းဂါထာများကို ဂါထာခြောက်ဆယ်မျိုးအဖြစ် တောင်တွင်း ရှင်အုန်းညိုဆရာတော်က ဖွဲ့ဆိုခဲ့သည်။ တောင်တွင်းကြီးမြို့သမိုင်းပါ ပေလေးပင် ရှင်လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သောဆရာတော်ဖြစ်သည်။ ယင်းသို့လျှောက်ထားသော ဂါထာများတွင် တပေါင်းလအခါ၌ တောတောင်ရေမြေတို့၏သာယာပုံ၊ သစ်ပင်ပန်းမန်တို့၏ လှပပုံ၊ ကျေးငှက်သာရကာမှအစ တောပျော်သတ္တဝါကလေးများ ရွှင်မြူးနေကြပုံတို့ကို နာချင့်စဖွယ် ထည့်သွင်းဖွဲ့ဆိုထားသည်။ ယင်းဂါထာ(၆၄)ဂါထာ၊ တစ်နည်း ဂါထာခြောက်ဆယ်ပျို့နှင့်ဆက်စပ်ပြီး ရတနသုတ်၌ ဘုရားရှင်ထံ ဝနပ္ပဂုမ္ဗေ အစချီသော ဂါထာကို ထည့်သွင်းဟောကြားထားခြင်း ဖြစ်ပေသည်။ အထက်တန်းကျောင်းသားဘဝ၌ နွေဦးရာသီအကြောင်း စာစီစာကုံးများကို ရေးရသောအခါ ဝနပ္ပဂုမ္ဗေအစချီ ဤဂါထာကလေးကို ထည့်သွင်းကိုးကားလေ့ ရှိကြသည်။ ထို့ကြောင့် ရတနသုတ် တစ်သုတ်လုံးကို မရတော့သော်လည်း ဤဂါထာတစ်ပုဒ်ကိုကား အလွတ်ရလျက်ရှိသည်။ ကံကောင်းလေစွ။

သို့ရာတွင် ရတနာသုတ်၌ အလွန်တရာမှ သိသင့်သိထိုက်သော ဂါထာတစ်ပုဒ်ရှိသည်။ ယင်းဂါထာကို တန်ဖိုးထားရမှန်း ကြီးပြင်းလာသည်အထိ မသိခဲ့ရချေ။ သို့ရာတွင် အသက်(၆၀)ကျော်ပြီးနောက် သပြေကန်ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ၏ နိဗ္ဗာန်ချမ်းသာတရားတော် စာအုပ်ကို ဖတ်မိသောအခါတွင်မှ ယင်းဂါထာတော် ပါဠိတော်၏ အရေးကြီးပုံကို သိလာရသည်။ ယင်းပါဠိတော်၏ တန်ဖိုးကို တရေးရေးဖြင့် သိနားလည်လာရသည်။

ယင်းပါဠိတော်မှာ အောက်တွင် ဖော်ပြထားသော ပါဠိတော် ဖြစ်ပေသည်။

ခယံ၊ ဝိရာဂံ၊ အမတံ၊ ပဏီတံ၊
ယဒဇ္ဈဂါ၊ သကျမုနီ၊ သမာဟိတော။
နတေန၊ ဓမ္မေန၊ သမတ္ထိ၊ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ၊ ရတနံ ပဏီတံ
ဧတေန၊ သစ္စေန သုဝတ္ထိ ဟောတု။

သပြေကန်ဆရာတော်ဘုရားကြီး ပြန်ဆိုသော အနက်အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

ခယံ-ကိလေသာအစုံ ဒုက္ခအဖုံဖုံတို့ ကုန်ရာ ဖြစ်ပေထသော၊ ဝိရာဂံ-ရာဂအတွယ် ကွယ်ပျောက်ကင်း

www.burmeseclassic.com

www.burmeseclassic.com

ရှင်းရာ ဖြစ်ပေထသော၊ အမတံ-သေခြင်းကင်းလှ အမတဓာတ်လည်း ဖြစ်ပေထသော၊ ပဏီတံ-မရောင့်ရဲစေတတ်အံ့မြတ်လှစွာသော၊ ယံ-အကြင်နိဗ္ဗာနဓာတ် တရားတော်မြတ်ကို၊ သကျမုနိ-သာကီနွယ်ဖွား ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ယဒဇ္ဈဂါ-ဗောဓိပင်ခြေ ပလ္လင်ဖွေက ကောင်းစွာမသွေ ရတော်မူခဲ့လေပြီ။

တေန ဓမ္မေန-ထိုနိဗ္ဗာန်ဆိုတဲ့ တရားမြတ်နှင့်၊ သမံ-တန်းတူထား၍၊ ရှုစားဖွယ်ရာ တူညီသော၊ ကိဉ္စိ-တစ်စုံတစ်ခုသော တရားမျိုးသည်၊ နအတ္ထိ-အဘယ်သို့ပင် ရှာရှာရှိရိုး ကေန်အမှန်စင်စစ် ဖြစ်ပါပေတော့သတည်း။

ဓမ္မေန-နိဗ္ဗာန်တရားတော်မြတ်၌၊ ဣဒမ္ပိရတနံ-ဤရတနာဖြစ်ကြောင်း၊ ကောင်းမြတ်သောဂုဏ်ရည် အပေါင်းသည်လည်း၊ ပဏီတံ-ထူးမြတ်လှပါပေ၏။

ဧတေန သစ္စေန-ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်၊ တုမှာကံ-ရတနာသုံးပါး အားထားကိုးကွယ်ကြသော၊ ဓမ္မမာမက-သီတင်းသည်အပေါင်း သူတော်ကောင်းတို့အား၊ သုဝတ္ထိ-ဘေးဒဏ်ရန်စွယ် အန္တရာယ်ကင်းဝေး အေးချမ်းသာယာချမ်းသာခြင်း၊ ဟောတု-မုချမသွေ ဖြစ်ပါစေသတည်း။

အထက်ဖော်ပြပါ အနက်အဓိပ္ပာယ်အရ နိဗ္ဗာန်တွင် ခယဂုဏ်၊ ဝိရာဂဂုဏ်၊ အမတဂုဏ်နှင့် ပဏီတဂုဏ်ဟူသော ဂုဏ်တော်လေးပါးနှင့် ပြည့်စုံလျက် ရှိသည်။

ခယဂုဏ်ဟူသည်မှာ နိဗ္ဗာန်တွင် ကိလေသာတွေလည်းမရှိ ဒုက္ခခပ်သိမ်းလည်းမရှိ၊ အားလုံးငြိမ်းနေသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဝိရာဂဂုဏ်ဟူသည်မှာ ရာဂအတွယ် ပယ်ပျောက်ကင်းရှင်းရာ ဖြစ်ပေသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ရာဂ ကင်းရှင်းရာ အခြေအနေကို ဆိုလိုခြင်း ဖြစ်ပေသည်။ နိဗ္ဗာန်တွင် နှစ်သက်ဖွယ်အာရုံမရှိသကဲ့သို့ နှစ်သက်တတ်သော ရာဂလည်း မရှိချေ။ ငြိမ်းအေးမှုသက်သက် ဖြစ်ပေသည်။ အငြိမ်းဓာတ်ကြီး ဖြစ်ပေသည်။

အမတဂုဏ်ဟူသည်မှာ နိဗ္ဗာန်တွင် ဖြစ်မှုဆိုသည့် ဥပါဒ်မရှိချေ။ တည်မှုဆိုသည့် ဌီမရှိချေ။ ပျက်မှုဆိုသည့် ဘင်မရှိချေ။ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) မရှိသဖြင့် သေခြင်းတရားလည်း မရှိတော့ချေ။ ထို့ကြောင့် သေခြင်းကင်းသည့် အမတဂုဏ်ဟု ဆိုလိုခြင်း ဖြစ်ပေ



သည်။ တကယ် ဇာတိကိုကြောက်မှ နိဗ္ဗာန်ရတာ၊ ဇာတိမကြောက်သေးရင် နိဗ္ဗာန်မရဘူးဟူ၍ သပြေကန်ဆရာတော်ကြီးက ဟောကြားခဲ့ပေသည်။

နိဗ္ဗာန်၏ အခြားဂုဏ်တစ်ခုမှာ ပဏီတဟူသောဂုဏ်ဖြစ်သည်။ မွန်မြတ်လှတဲ့ နိဗ္ဗာန်ကို မည်မျှ ဖြည့်နေရ၊ ကြည့်နေရ၊ မည်မျှ အာရုံပြုနေရ,ပြုနေရ ရောင့်ရဲသည်၊ တင်းတိမ်သည်ဟူ၍ မရှိဟု ဆိုလိုခြင်း ဖြစ်ပေသည်။ မည်မျှပင် အာရုံယူနေရ,ယူနေရ အာရုံယူနေရတဲ့ အရိယာသခင် အရှင်မြတ်တွေသည် ချမ်းသာနေကြသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

စင်စစ် နိဗ္ဗာန်ဟူသည်မှာ ရွှေပြည်ကြီးလည်းမဟုတ်၊ ရွှေနန်းကြီးလည်းမဟုတ်၊ ဆိပ်ကမ်းသာလည်းမဟုတ်။ အမှန်စင်စစ် ရုပ်နာမ်တို့၏ ချုပ်ငြိမ်းရာ အငြိမ်းဓာတ်ကြီးပင် ဖြစ်တော့သည်။

ဤသည်တို့မှာ ရတနသုတ်လာ နိဗ္ဗာနဂုဏ်ရည်များ၊ တစ်နည်းအားဖြင့် နိဗ္ဗာန်ဂုဏ်ရည်များပင်ဖြစ်ကြကြောင်း အကျဉ်းချုပ်အားဖြင့် ရေးသားတင်ပြအပ်ပေသည်။

**မောင်ဉာဏ်စိန်**


<u>ရည်ညွှန်းစာအုပ်များ</u>

(၁) နိဗ္ဗာန်ချမ်းသာတရားတော် သပြေကန်ဆရာတော်။

(၂) ရတနသုတ်၊ သုခ။

www.burmeseclassic.com



# ဒေါ်အောင်ဆန်းစုကြည်တို့ ရွာကလေး

ယောနကဘိုးထောင်

(၁၉၄၅)ခုနှစ်၊ မတ်လ (၁၇)ရက်နေ့မှာ ရွှေတိဂုံခြေတော်ရင်း (ယခု တော်လှန်ရေးပန်းခြံ)မှာ တပ်ထွက်ချီတက်ပွဲ လုပ်ပါတယ်။ ဂျပန်ခေတ် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အနီးကပ်ဆုံးရန်သူကိုရှာပြီး တိုက်ကြဟု မိန့်ကြားခဲ့ပါတယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့တပ်နဲ့အတူ ဖျာပုံမြို့ကို ရောက်ရှိခဲ့ပါတယ်။ ဗိုလ်ချုပ်စစ်ထွက်ချိန်မှာ ဒေါ်ခင်ကြည်ဟာ သား(၂)ယောက်နဲ့ ဒေါ်အောင်ဆန်းစုကြည် ကိုယ်ဝန်ကို လွယ်ထားရပါတယ်။

ဗိုလ်ချုပ်ကို ဂျပန်တပ်တွေက အသေရရ၊ အရှင်ရရ အပူတပြင်း လိုက်လံရှာဖွေနေချိန် ဖြစ်ပါတယ်။ ဒေါ်ခင်ကြည်ဟာ ဗိုလ်ချုပ်ရဲ့ အသက်ဘေးစိုးရိမ်သောက ရောက်နေရပါတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့တပ်နဲ့အတူ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းရွာကလေးမှာ တပ်စခန်းချ နားနေပါတယ်။ ဒီသတင်းကို ကြားရတဲ့ ဒေါ်ခင်ကြည်ဟာ အစ်မဖြစ်သူ ဒေါ်ခင်ကြီးကို တိတ်တဆိတ်ခေါ်ယူပြီး ဖျာပုံမြို့ကို ခရီးဆက်ခဲ့ကြပါတယ်။

ဒေါ်ခင်ကြီးက သားကြီးအောင်ဆန်းဦးကို ချီပိုးပြီးတော့ ညီမဖြစ်သူ ဒေါ်ခင်ကြည်ကတော့ ကိုယ်ဝန်ကြီးနဲ့ အောင်ဆန်းလင်းကို ချီပိုးကာ ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းရွာကလေးကို အေးချမ်းသာယာစွာ ရောက်ရှိသွားခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ဒေါ်ခင်ကြည်ကို စိုးရိမ်ပူပန်နေပြီး ဒေါ်ခင်ကြည်ကလည်း ဗိုလ်ချ အောင်ဆန်းကို စိုးရိမ်စိတ်လွန်ကဲနေပါတော့တယ်။ မမျှော် လင့်ဘဲ ဖြုန်းခနဲတွေ့လိုက်ရတော့ ဝမ်းသာမှုတွေ အတိုင်း အဆမရှိအောင် ဖြစ်ခဲ့ရပါတယ်။

ဖျာပုံမြို့၊ ကြက်ဖမွေးဇောင်းရွာ ဘုန်းကြီးကျောင်း အနီးက အိမ်ကလေးမှာ ဒေါ်ခင်ကြည်တို့ မိသားစု နေရာချထားပေးခဲ့ပါတယ်။ ဗိုလ်ချုပ်ကတော့ သူ့တပ် အချိန်ပြည့်နေရာယူ ကွပ်ကဲဦးစီးနေရပါတယ်။ ဒေါ်အောင် ဆန်းစုကြည်ကို (၁၉၄၅)ခုနှစ်၊ ဇွန်လ (၁၉)ရက်နေ့ ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းရွာကလေးမှာ မွေးဖွားခဲ့ တယ်။ သူမကို မွေးဖွားစဉ်တုန်းက မြစိမ်းရောင်မင်းသ ပေါ်မယ်လို့ အတိတ်တဘောင် ထခဲ့ပါတယ်။ သိုက် စကားကလည်း ဖျာပုံနယ်တစ်ရိုးမှာ ဟိုးလေးတ ကျော်ဖြစ်ခဲ့ပါတယ်။

သိုက်စာစကားမှာ-

*သာသနာ့တစ်ဝက်ခရီးမှာဖြင့်၊*
*ကနက်ထီးတွေနဲ့ ပျက်စီးဖို့ အရေးကြုံ၊*
*ရွှေပေးမယ် မယ့်မယုံ၊ ငွေပေးမယ် မယ်မယ*
*နယ်အကုန် ပျက်မည့်အရေး၊ ပြန်စလို့တွေး။*
*တံတားတွေ အလျှင်ဆောက်လို့၊*
*ဘုရားတွေ ရွှေရင်မောက်ရင်ဖြင့်၊*
*ပြည်တော်ပြန် မယ်တွေး၊ နန်းတင်မှအေး။*
*တပင်တိုင် ခဝါပြီမို့၊*
*နာကြတဲ့ အသီးတွေ၊ တွန့်ခေါက်လို့ကြွေ၊*
*အသီးတွေ ရာသီပြောင်း၊*
*သာသနာမောင်း ရွှေ့ကဆော်၊ ဒေါင်းတွေ*
*ဒေါင်းအော်ရင် သူလာလိမ့်လေး၊*
*ခြသေ့်မင်း တန်ခိုးကြွယ်၊ တိုး၍ ဦးမယ်*



www.burmeseclassic.com

www.burmeseclassic.com

ငှက်အောင်းတဲ့ ခင်ကြီးပျော်တို့ရယ်၊
သမီးတော်ကို လွှတ်လိုက်ကြဦး၊
ဇာမဏီ သူ့တွန်လျှင်၊
ခမ္ဘူတစ်ခွင် လင်းလို့မဆုံး။

အဲဒီလို သိုက်စာကျခဲ့ပါတယ်။

မွန်တွေရဲ့ ဝေဒကျမ်းကလည်း ဆိုခဲ့ကြပါတယ်။ ဒီအချိန်ကာလမှာတော့ ဖျာပုံမြို့မှာ ခရေပင်ခေါက်ထိုး ပေါ်ပေါက်ရှင်သန်လာခဲ့ပါတယ်။ ထူးထူးခြားခြား ခရေပင် ခေါက်ထိုးတည်ရှိခဲ့ရာ အရပ်က မင်းကျောင်းမှာပါ။ သဘာဝရဲ့ ထူးခြားမှု အတိတ်နိမိတ်ဆောင်မှုတွေပါပဲ။

ဗိုလ်တေဇနဲ့ ကရင်မကြီး ဒေါ်ခင်ကြည်တို့ သမီးလေး မွေးဖွားချိန် ဖျာပုံ၊ ကြက်ဖမွေးခေါင်းရွာကလေးမှာ မိုးလျှင်လှုပ်ပါတယ်။ ဥက္ကာပျံပါတယ်။ စောင်လဲပါတယ်။ ဓားတွေက အရောင်တလက်လက် တောက်ပနေကြတယ်။ ရှေးယခင် သိမီသူ ကြက်ဖမွေးခေါင်း ရွာသူရွာသားတွေ ပြောစမှတ်ပြုခဲ့ကြပါတယ်။ ဘူးသီးမှ အရိုးဆော် ဖွင့်ဆိုရှင်းပြနေတာ မဟုတ်ပါဘူးခင်ဗျာ။

ဝေဒပညာ၊ နက္ခတ္တပညာ၊ ဗေဒင်ပညာ၊ လက္ခဏာပညာ စတဲ့ မြန်မာမှုနယ်ပယ် ပညာရပ်တွေကို ကျွန်တော် အရေးထားလေးစားပါတယ်။ အဲဒီပညာရပ်တွေကို မြန်မာ့လူသားတွေသာမက ကမ္ဘာ့လူသား အပေါင်းတို့ပင်လျှင် အသိအမှတ်ပြုခဲ့ကြပါတယ်။ အမြင်နိမိတ်၊ အတိတ်၊ တဘောင်များဟာ အလွန်ဆန်းကြယ်သော အံ့သြဖွယ်ရာများကို အခြေတည်ခဲ့ဖူးပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်း သိထားသော အကြောင်းအရာကလေးကို ပြောပါရစေ။

သိဒ္ဓတ္ထမင်းသားဟာ ဥယျာဉ်တော်အတွင်း လှည့်လည်သောအခါတွင် (၁) သူအို၊ (၂) သူနာ၊ (၃) သူသေ၊ (၄) ရဟန်း စသော အမြင်နိမိတ်ကြီး လေးပါးကြောင့် တောထွက်ပြီး မဇ္ဈိမအကျင့်မြတ်ကိုကျင့်ပြီးသော် သဗ္ဗညုတဉာဏ်ကို ရရှိပိုင်ဆိုင်သွားခဲ့ပါတယ်။ အဓိကပါရမီရှင်အချက်မှာ အမြင်နိမိတ် လေးပါးကြောင့်ဆိုလျှင် မမှားနိုင်ပါ။

ကျွန်တော်တို့ရဲ့ မြန်မာအစ တကောင်းက ဆိုစကားအတိုင်းပင် အမြင်၊ အကြား သိတဲ့ မောင်ပေါက်ကျိုင်းကို သာဓကတင်ရမှာပါပဲ။ မောင်ပေါက်ကျိုင်းဟာ အာစရိယ



ဆရာမြတ် အမှာစကားသုံးခွန်းကို အသိ၊ သတိနဲ့ ရွတ်ဆို လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီစကားကြီးသုံးခွန်း အမြင်၊ အကြားကတော့ (၁) သွားဖန်များ ခရီးရောက်၊ (၂) မေးဖန်များ စကားရ၊ (၃) မအိပ်မနေ အသက်ရှည် ဆိုတဲ့ စကားတွေပါပဲ။ မောင်ပေါက်ကျိုင်းဟာ ပညာရှိ ဆရာသခင် အမှာအတိုင်း လုပ်ကိုင်ကျင့်ကြံ အမြင်မှန်ရပြီးတော့ မြန်မာအစ တကောင်းမြို့တော်ကြီးမှာ နဂါးနိုင်မင်းကြီး မင်းမြတ် တစ်ပါးအဖြစ် ထင်ရှားကျော်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံသား မွန်အမျိုးနွယ် မဂဒူးဟာ ရိုးရိုးသာမန်မျိုးရိုးက ပေါက်ဖွားလာသူပါ။ ယိုးဒယား သောက္ကတဲမြို့ကို ကုန်ရောင်းကုန်ဝယ် လုပ်နေသူတစ်ဦး ဖြစ်ပါတယ်။ တစ်နေ့မှာ မကျန်းမာတဲ့ လုပ်သားတစ်ဦးရဲ့ဝန်ကို ထမ်းပိုးပြီး အတက်မှာ ထမ်းပိုးကို မိုးကြိုးပစ်ပါတယ်။ မဂဒူး



www.burmeseclassic.com

www.burmeseclassic.com



ဟာ မကြောက်ရွံ့ဘဲ ကောင်းကင်ကို ကြည့်လိုက်တဲ့အခါ ရွှေပြာသာဒ်ကို မြင်ရပါတယ်။ အမြင်နိမိတ်ကို အသိရပြီး နိဂုံးရွာမှ အမြင်နိမိတ်ဟော ပညာရှိကြီးထံ မသိလျှင်မေး ဆိုစကားအတိုင်း မေးမြန်းခဲ့ပါတယ်။

နိမိတ်ဟောပညာရှင်ကြီးက မဂဒူးအမြင်နိမိတ်ဟာ ကြီးမားမြင့်မြတ်လွန်းတဲ့အတွက် ငွေတောင်ကြီးလောက် ပေးမှ ဟောနိုင်မယ်လို့ ဆိုပါတယ်။ မဂဒူးဟာ လက်ရုံးရည် နှလုံးရည် အားကောင်းသော ပါရမီရှင်ဖြစ်ပါတယ်။ မိမိအရပ်လောက်ရှိတဲ့ တောင်ပို့ပေါ်မှာ မဂဒူး ပါသမျှ ငွေကိုတင်ပြီး အမြင်အကြားဟော သုခမိန်ကြီးကို ပူဇော်ကန်တော့လိုက်ပါတယ်။ ဒီတော့မှ ပညာရှိသုခမိန်က မဂဒူးဉာဏ်ရည်ကို ချီးကျူးပြီး ဟောပြောပါတယ်။

အသင်လူငယ်မဂဒူး··ယနေ့မှစ၍ ကုန်ထမ်း ကုန်သည်အလုပ်ကို မလုပ်နဲ့။ မင်းနေပြည်တော်ကိုသွား၍ အလုပ်လုပ်ရန် လမ်းညွှန်ခဲ့ပါတယ်။ မဂဒူးဟာလည်း နေပြည်တော်မှာ အောက်ခြေအလုပ်ဖြစ်တဲ့ ဆင်ထိန်း၊ မြင်းထိန်း အလုပ်ကနေ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ တစ်ဆင့်၊တစ်ဆင့် အလုပ်ဂုဏ်ရည်ပြည့်ဝ လုပမှုကြောင့် ရွှေပြာသာဒ်ပမာမြင့်မားသော မင်းဧကရာဇ်အဖြစ်ကို ရရှိခဲ့ဖူးပါတယ်။

အမြင်နိမိတ် အတိတ်တဘောင်တွေဟာ ရှေ့မှာဖြစ်မယ့် ဖြစ်ကြောင်းကုန်စင်တွေကို ပကတိအမှန် သိနိုင်ပါတယ်။ (၂၀၁၅)ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့ဟာ မြန်မာတို့ရဲ့ သန်း(၅၀)လူထုကို လက်သန်းအမှတ်တံဆိပ် အဆုံးအဖြတ်ပေးပွဲကြီး ဖြစ်ပါတယ်။ ပါတီစုံအထွေထွေရွေး

ကောက်ပွဲကြီး ဖြစ်ပါတယ်။ ပါတီတွေက (၉၀)ကျော် အထိ များပြားခဲ့ပါတယ်။ ဒါပေမဲ့ အဓိကမှာတော့ အ… နဲ့ အနီတို့ရဲ့ အားပြိုင်ပွဲကြီးဖြစ်ပါတယ်။ အဝိုင်းနဲ့ … ထောင့်တို့ စီးချင်းထိုးပွဲကြီး ဖြစ်ပါတယ်။

အဲဒီပွဲကြီးမှာ လူထုပြည်သူချစ်သော NLD အ… သားဒီမိုကရေစီအဖွဲ့ချုပ်က သောင်ပြိုကမ်းပြို အနိုင်… ခဲ့ပါတယ်။ ဘဲအုပ်တစ်ရာ၊နှစ်ရာ အကြားက မ… ကလေးဟာ ဗေဒါပျံ့ အံကိုခဲ ပန်းပန်နိုင်ခဲ့ပြန်ပါတ… နိုင်ငံတော်သမ္မတမဖြစ်ရေး အချုပ်အချယ် အကန့်အသ… တွေကြားကနေ ဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂို… အဖြစ် ဝင့်သထက်ဝင့်၊ တင့်သထက် တင့်ခဲ့ရပါပြီ။ … ကရေစီကနုနု မုန်တိုင်းကထန်ထန် ဖြစ်ရပ်ထဲက … မြန်မာပြည်ကို ကူညီကယ်တင်နိုင်ခဲ့ပါပြီ။ ကမ္ဘာ့အ… မှာ ခွပ်ဒေါင်းနဲ့ ကြယ်ဖြူအလံကို လွှင့်ထူနိုင်ခဲ့ပါပြီ…

ယခုဆိုလျှင် လူထုခေါင်းဆောင် ဒေါ်အောင်… စုကြည်ဟာ အသက်(၇၁)နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ … ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ အစိုးရ… တစ်ရပ်ကို ပီပီပြင်ပြင် ပြုပြင်ဖွဲ့စည်းနိုင်ခဲ့ပါတ… ပြည်ထောင်စုသမ္မတနိုင်ငံတော်ကို သစ္စာ၊ မေတ္တာ… ရေးစနစ်နဲ့ စီမံအုပ်ချုပ်နေပါပြီ။ နိုင်ငံတော်ဦးဆော… နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အဖြစ်နဲ့ မြန်မာပြည်… ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့… တည့်မောင်းနှင်နေပါတယ်။ ပြည်သူလူထု တစ်ရပ်… ညီညာဖြဖြ လိုက်ပါဝိုင်းရံ လုပ်ဆောင်နိုင်ဖို့ အ… ပါတယ်။ (၇၁)နှစ်မြောက် မွေးနေ့မှသည် နှစ်တစ်ရာ…



www.burmeseclassic.com

www.burmeseclassic.com

လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း၊ ပျော်ရွှင်ခြင်းများနဲ့ တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ဒေါ်အောင်ဆန်းစုကြည်တို့ ဇာတိရွာကလေး ဖျာပုံ၊ ဖမွေးဇောင်းရွာကလေးကို မမျှော်လင့်ဘဲ ကျွန်တော်ရှိသွားခဲ့ပါတယ်။ သက်ကြီးစကား သက်ငယ်ကြားလို သက်ကြီးအဘိုးတစ်ဦးက အဘိုးသိရသလောက် ကြက်ဖမွေးဇောင်းရွာဆိုတာ ခရစ်နှစ်(၁၅၃၈-)ကာလ တပင်ရွှေထီးမင်းနဲ့ မွန်ဘုရင် သူ့ရှင်တကာတို့ စစ်အင်အားပြိုင်ကြရင်း မိဖုရားကြီး တလပရော် မှူးကြီးမတ်ရာ၊ သေနာပတိများ၊ မင်းဆွေမင်းမျိုး စစ်ဘေးလွတ်ရာ ခိုလှုံရင်း ရိက္ခာစပါး စိုက်ပျိုးစားခဲ့တဲ့ ဒေသတစ်ခုပါ။ သမိန်ထောကုန်းတန်း၊ သမိန်ကုန်း၊ ကမာပို၊ ကြက်ဖမွေးဇောင်း၊ ဒေါ်ညိမ်း၊ မြို့ ကုလားထိပ် ဆိုတဲ့ ကျေးရွာတွေမှာ စစ်ရေးနဲ့ ပျိုးရေးဟာ ဟိုတုန်းက အတူယှဉ်တွဲ ပေါ်ပေါက်ခဲ့ ။ ရှေးစာအလိုကတော့ ဇေမဏ္ဍာပြည်မြန်မာနှင့် ခေါ်လိုင်း၊ မွန်တိုင်းသုံးထွေ၊ ဒီရေငန်စွ၊ ရာမညနှင့် မြောင်းမြ၊ ဒလမကျန် တစ်ဖန် ပဲခူးမြို့ ရိုးမြို့တာ၊ သာနာဂရ ဇရာဝတီနဒီဖြတ်သန်း ရေကမ်းအထိ စတဲ့ မျိုးများရဲ့ ရာမညတိုင်း (၃၂)မြို့ရဲ့ အစိတ်အပိုင်း ဝင် မြို့ဖျာပုံရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ အထင် ရွာကြီးတစ်ရွာပါ။ ခုဆို ရွာသက်တမ်း (၄၄၀)ကျော် ပြီ။

အဘိုးတို့ရွာရဲ့ မူလအမည်ကတော့ မွန်ဘာသာနဲ့ ပါမွေ့ဇော်လို့ သိရပါတယ်။ ကျိုက်ဆိုတာက ဘုရား၊ တာက (၂)ဂဏန်း၊ မွေ့ဆိုတာ(၁)ဂဏန်း၊ ဇော်ဆို ပလဒင်၊ တချို့ကလည်း စောင်းတန်းလို့ ဆိုကြ ယ်။ ဆက်စပ်ပြီး အဓိပ္ပာယ်ကောက်ယူလိုက်တဲ့အခါ နှစ်ဆူ ပလဒင်တစ်ခု (သို့မဟုတ်) ဘုရားနှစ်ဆူ တန်းတစ်ခုရှိတဲ့ ကျေးရွာလို့ အဓိပ္ပာယ်ရပါတယ်။ တ်ပိုပြီးခိုင်မာတဲ့ ရွာသမိုင်းအထောက်အထားတွေ ရှိကောင်းရှိနိုင်ပါသေးတယ်။ ဟိုတုန်းက အတိတ် လူမျိုး၊ သမိုင်းကြီးတဲ့ လူမျိုးအဖြစ် ဘာသာ၊ သာ နဲ့ တည်ရှိလာခဲ့တဲ့ စိုက်ပျိုးရေးအခြေခံ ရွာကြီး ရွာပါ။ နောက်မှ ခေတ်ကာလရွေ့လျော့ပြီး ကြက်ဖမွေးဇောင်းရယ်လို့ ဖြစ်လာရတာပါ။

ခုလို သမိုင်းကြီး၊ ယဉ်ကျေးမှုကြီးပြီး စိုက်ပျိုးရေး ရေခံမြေခံကောင်းတဲ့ အဘိုးတို့ရပ်ရွာ၊ အဘိုးတို့ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့နဲ့ ဆန်ရေစပါးစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက လာပြီး ကျွန်းပတ်တာ ထိန်းသိမ်းပြုပြင်မှုတွေ၊ ရေတံခါးပြင်ဆင်မှုတွေ၊ ချောင်းမြောင်းတူးဖော်မှုတွေနဲ့ လိုအပ်တဲ့နေရာတွေမှာ ရေတံခါးအသစ်တွေ လာရောက်တည်ဆောက်ပေးခဲ့တဲ့အတွက် ကျေးရွာမိသားစုအားလုံးရဲ့ကိုယ်စား အလွန်ကျေးဇူးတင်ပါတယ်ဟု ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းရွာသမိုင်းကို ရှင်းပြပေးပါတယ်။

**<u>လယ်စောင့်တဲလေး</u>**

*မိုးရေတက်ရေ တဖွေးဖွေး၊*
*ကွင်းကျယ်အဝေးဝေး၊*
*လယ်စောင့်တဲလေး ခြေတံရှည်၊*
*မိုးကုပ်အောက်မှာတည်။*




www.burmeseclassic.com

www.burmeseclassic.com



*ကြာနီတစ်ပွင့် ဖြူတစ်ပွင့်၊*
*တဲနှင့်ပန်းတင့်။*

*မင်းသုဝဏ်(၁၉၃၇)*

မိုးအောက်မြေပြင် တစ်ခွင်လုံးက အုံ့ဆိုင်းညို့မှိုင်းနေပါတယ်။ ရေဖွေးဖွေး လယ်ကွင်းတွေက ရှုမျှော်မဆုံးအောင် ရှိနေပါတယ်။ ကြက်ဖမွေးဖောင်း ကျွန်းတာပတ်ဟာ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်အတွင်းမှာ တည်ရှိပါတယ်။ အရှေ့ဘက်တွင် မယ်လေးရိုးချောင်း၊ အနောက်ဘက်တွင် ကျုံအင်းချောင်း၊ တောင်ဘက်တွင် ကျုံကော်ချောင်း၊ မြောက်ဘက်မှာ ကျုံကန်ချောင်းများနှင့် ထိစပ်နေပါတယ်။ ကျွန်းပတ်တာ အလျား(၄၆)မိုင် စီမံကိန်းမှ တည်ဆောက်ခဲ့သော ရေထုတ်အဆောက်အအုံ (၇)လုံး၊ ရေနုတ်မြောင်းမကြီး (၇)ခုနှင့် လက်တံမြောင်းများအပါအဝင် ရေနုတ်မြောင်း စုစုပေါင်း အလျား(၇၂)မိုင်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ကျေးရွာအုပ်စု (၅)အုပ်စုရှိ လူဦးရေ(၄၀၀၀၀)ကျော်တို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍများကို အထောက်အကူပြုလျက်ရှိပါတယ်။

ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ဘန့်ဘွေးစုကျွန်းပတ်တာ အလျား(၂၆)မိုင်၊ ဇင်းဘောင်ကျွန်းပတ်တာ အလျား(၁၅)မိုင်၊ ဒေါ်ညိမ်းကျွန်းပတ်တာ အလျား(၁၄)မိုင်၊ မြို့ကုန်းကျွန်းပတ်တာ အလျား(၁၇)မိုင်၊ ဒေးဒလူကျွန်းပတ်တာ အလျား(၁၃)မိုင်၊ လက်ပန်ပင်ကျွန်းပတ်တာ အလျားမိုင်



(၂၀)ဟူ၍ ကျွန်းပတ်တာ(၇)ခု ရှိပါတယ်။ ကြက်ဖမွေးဖောင်းကျွန်းပတ်တာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျွ... ပတ်တာ အလျား(၄၆)မိုင်ရှိပြီး ပျမ်းမျှတာထိပ်ဝအကျ... (၁၂)ပေ၊ သတ်မှတ်အမြင့်ပေ(A.C.L) (၈)ဒသမ (၅)... နှင့် အကျိုးပြုဧရိယာ(၃၄၃၉၁)ဧက ရှိပါတယ်။ (၁၉၇... ၁၉၈၅)ခုနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ... တွင်းအခါ ကျွန်းတွင်းရှိ ပိုလျှံနေသော ရေထုတ်ပေးနိုင်... ဘာလား၊ ဖလက်၊ ဝါးချောင်း၊ ရပ်ဖရုံ၊ ကဖောင်... ဗလီရိုး၊ အောက္ကဘာ ရေတံခါးများကို တည်ဆောက်ခဲ့... တယ်။

ကြက်ဖမွေးဖောင်းရွာ ပတ်ဝန်းကျင်မှာ နွေ... မိုးစပါး၊ စပါးပြီးစပါး စိုက်ပျိုးလုပ်ကိုင် ထုတ်လုပ်... ရှိပါတယ်။ မြစိမ်းရောင် ရွှေဝါရောင် စပါးခင်းကြီး... ဟာ ရွာအသက်၊ မြို့အသက်၊ နိုင်ငံတော်အသက် ဖြ... တယ်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့... ကြက်ဖမွေးဖောင်းရွာကလေးဟာ လှသထက် လှနေ... မှာ ဖြစ်ပါတယ်။

နှလုံးစိတ်ဝမ်း အေးချမ်းကြ...

ယောနက ဘိုးထေ...

<u>စာကိုး</u>

(၁) ကျိုက်ကမ္ဘာ့မဟာအတုလစေတီဘုရားသမိုင်...
(၂) မွန်ပညာရှိ ဦးဘိုးအိမ် မှတ်တမ်းများ။
(၃) အမျိုးသားစာပေဆု၊ စာပေဗိမာန်လေးဆုရ... ဖျာပုံ လှမိုးနွယ် ပြောပြချက်များ။

www.burmeseclassic.com

www.burmeseclassic.com

# (TAROT) တဲရော့အဟောနှင့် အဖြေထုတ်ခဲ့ရသော ဗိတ်နပ်ပြလျှန် ပါရမီရှင်တစ်ဦး

ပုရောဟိတ်ဆရာဦးမြတ်စံ

တစ်နေ့သောနံနက်ခင်းတွင် စာရေးသူ၏ လိုင်းဖုန်း (ကြိုးဖုန်း)ခေါ် အော်တိုတယ်လီဖုန်းသို့ စာရေးသူ၏ နာမည်ဖြင့် Chatrium Hotel Reception Counter မှ ဖုန်းခေါ်ပါသည်။ နိုင်ငံခြားသူ တစ်ယောက်က ဗေဒင် ဆွေးနွေးလို၍ ဟိုတယ်သို့ ကြွရောက်နိုင်ရန် ဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။ Counsltant Fees အပြင် ခြေကြွခပါ ပေးမည်ဖြစ်ကြောင်း ပြောပါသည်။ စာရေးသူက စာရေးသူ၏ ရုံးခန်းမှလွဲ၍ မည်သည့်နေရာကိုမှ လိုက်၍မဟောကြောင်း အကြောင်းပြန်လိုက်ပါသည်။

ထိုအခါကျမှ Ms. Mary Smith ဆိုသူက သူ့ကိုယ်သူ မိတ်ဆက်ကာ ဆရာ့ထံ ဗေဒင်မေးလို၍ တကူးတက ပြည်ပမှ ရောက်လာခြင်းဖြစ်ပြီး ဆရာ့အိမ်နှင့်နီးသော Chatrium Hotel (ယခင် Nikko Hotel) တွင် တည်းခိုခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။ ၄င်း၏ မေတ္တာရပ်ခံချက် မှန်ပင်မှန်ငြားသော်လည်း စာရေးသူ၏ သန္နိဋ္ဌာန်အတိုင်း ဟောခန်းသို့သာ ဖိတ်ခေါ်ပြီး လာရမည့်လမ်းကို လမ်းညွှန် ပေးလိုက်ပါသည်။

ခရီးရောက်မဆိုက်ပင် ၄င်း၏ ကိုယ်ရေးအချက်အလက်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းပေးရန်နှင့် အသက်၊ နာမည်တို့ကို ဖော်ပြခြင်းမပြုရန် မေတ္တာရပ်ခံလာပါသည်။ ယခုဖုန်းဆက်သော နာမည်မှာလည်း Nick Name (နာမည်အငှား)သာဖြစ်ကြောင်း ပြောပြပါသည်။

သို့ဖြစ်ရာ လက္ခဏာပညာကြည့်ခြင်း၊ ဗေဒင်တွက်ခြင်း မပြုဘဲ TAROT ဖြင့် ဆွေးနွေးရန် သဘောတူခဲ့ကြပါသည်။ TAROT (တဲရော့)ဟောသောအခါ နာမည်၊ မွေးသက္ကရာဇ် ပေးရန်မလိုဘဲ နိမိတ်ပုံကိုကြည့်၍ ဟောခြင်း ဖြစ်ပါသည်။


သို့သော် စာရေးသူ၏ အကျင့်အတိုင်း Ms. Mary ရောက်ချိန်ကို အင်္ဂလိပ်စာအရ တိုင်ထူထားပြီး ဖြစ်ပါသည်။ တနင်္ဂနွေအချိန်ခါ(သူရဇ္ဇတိုင်)ကို စာအုပ်တွင် ထူထားလိုက်ပါသည်။ စာရေးသူ TAROT မဟောမီ ပြုဖွယ်သော ပရိကံတို့ကို ဆောင်ရွက်လိုက်ပါသည်။ TAROT DECK (တားရော့ကတ်ထုပ်)ကို အမွှေးနံ့သာ ပက်ဖျန်းခြင်း၊ စာရေးသူ၏ လက်နှင့် ဗေဒင်မေးသူ၏လက်တို့ကို သန့်ရှင်းစေပြီး အမွှေးနံ့သာ ပက်ဖျန်းပေးလိုက်ပါသည်။ TAROT အထုပ်ကို ယူ၍ TAROT ကို စောင့်ရှောက်သော မာစတာသခင်များနှင့် ပုဂ္ဂိုလ်တို့အား မေတ္တာပို့၍ ပညာရပ်၏ မှန်ကန်ခြင်းကို အာရုံပြု တောင်းခံလိုက်ပါသည်။


Ms. Mary Smith နှင့် စာရေးသူတို့ အမှတ်တရ

Ms. Mary ကိုလည်း မိမိသိလိုသော အကြောင်းအရာများကို မာစတာဆရာသခင်များက ပြတ်ပြတ်သားသားစွာ လမ်းညွှန်ပေးပါမည့်အကြောင်း အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com




၁
(အတိတ်)




၂
(ပစ္စုပ္ပန်)




၃
(အနာဂတ်)




၄
(ပစ္စုပ္ပန်)

နောက်ထပ်ဆွဲထုတ်သော(ကတ်)



www.burmeseclassic.com

www.burmeseclassic.com

၅ မေရီ
၂
၆
-၁-
၄
၀
၃ ကိုစော

**စာရေးသူ ကြိုတင်ချထားသော အင်္ဂဝိဇ္ဇာအရ (သူရဇ္ဇတိုင်)**

ဆုတောင်း (Wish) နိုင်းပါသည်။ ထို့နောက် စာရေးသူအား ထိုင်းနိုင်ငံ Bangkok တွင် TAROT ပညာစတင် မိတ်ဆက်ပေးခဲ့သော Ms. Haromi လက်ဆောင်ပေးထားသော မိုးပြာရောင် အခင်းလေးပေါ်တွင် ကတ်ထုပ်ကို တင်လိုက်ပါသည်။ Ms. Mary အား ၄င်း၏ လက်ဝဲလက်ဖြင့် ကတ်ထုပ်ကို ချိုးနိုင်းပြီး ကတ်(၃)ခုကို တစ်ဖက်ပါအတိုင်း ဖြန့်၍ မှောက်ချလိုက်ပါသည်။

စာရေးသူက အဿာအယာပင် အတိတ်ကာလကို ဖော်ပြသောကတ်ကို ကောက်ကိုင်လျက် စိတ်ထဲမှ အာရုံပြုကာ ဖြည်းညင်းစွာလှန်၍ တဲ့ရှေ့အခင်းပေါ်သို့ ချလိုက်ပါသည်။ Ms. Mary သို့ ပြုံး၍ကြည့်ကာ အောက်ပါအတိုင်း ပြောချလိုက်ပါသည်။

'လူကြီးမင်းဟာ THE MOON ကတ်အရ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းပြောရရင် မမြင်ရသော အန္တရာယ် ရန်သူတွေက မိမိရဲ့လူမှုရေးဂုဏ်သိက္ခာကို ပျက်စီးအောင် ကြံဆောင်နေကြပါတယ်။ ခင်ဗျားကို တိတ်တခိုးစိတ်ဝင်စားနေတဲ့ လူနှစ်ယောက်က (ခွေးနှစ်ကောင်ကို အဓိပ္ပာယ်ကောက်လိုက်ခြင်း ဖြစ်သည်) မရအရ အမျှနည်းနဲ့ အချစ်ကိုရယူဖို့ ကြိုးစားနေကြပါတယ်။ ခင်ဗျားရဲ့ ဘဝအနာဂတ် အလင်းတန်းကို တွေ့နေရသော်ငြားလည်း ဘဝတစ်ခု တည်ဆောက်ဖို့က အဲဒီလူနှစ်ယောက်ရဲ့ရန်က လွတ်ဖို့ရာ အခွင့်အရေးကို စောင့်နေရလိမ့်မယ်'ဟု ပြောလိုက်ပါသည်။

'ဒါပေမဲ့ သူတို့ရဲ့ဘဝကို သူတို့ကံကြမ္မာက ဖန်တီးဖြေရှင်းသွားပါလိမ့်မယ်'ဟုပြောရာ Ms. Mary က 'ဟုတ်ပါတယ် ဆရာရယ်။ အခု သူတို့အချင်းချင်း Gun Fight သေနတ်နဲ့ ဖြေရှင်းကြတာ အပြန်အလှန်ပစ်ခတ်ရင်း ကွယ်လွန်သွားကြပါပြီ'ဟု ပြောပြပါသည်။

ထိုအခါ စာရေးသူက 'Ms. Mary က တစ်ရန်အေးသွားတာပေါ့။ မိမိရဲ့ ဘဝအိမ်ထောင်ရေးအတွက် အခက်အခဲတစ်ခုကို ကျော်လွှားနိုင်ခဲ့ပြီပေါ့'ဟု ပြောပြလိုက်ပါသည်။

အင်္ဂဝိဇ္ဇာတိုင်အရ သူရဇ္ဇအခါတွင် မေရီကို ကြာသပတေးပရိယာယ်ယူ၍ တိုင်ထိပ်တွင်ရှိသောကြောင့် အခက်အခဲကို ကျော်လွှားနိုင်မည်ဟု ကျွန်ုပ်က အဖြေထုတ်လိုက်ခြင်း ဖြစ်ပါသည်။

တစ်ဖန်ဆက်၍ ပစ္စုပ္ပန်မျက်မှောက်ကာလကို ဟော ရန်အတွက် မှောက်ထားသော ဒုတိယကတ်ကိုယူ၍ ... ရှေ့ဆိုင်ရာ မာစတာသခင်တို့ကို အာရုံပြု၍ အခင်းပေါ် လှန်၍ ချလိုက်ပါသည်။ ကတ်ပြားမှာ THE HIGH PRIESTESS သီလရှင်ဂိုဏ်းချုပ်ကြီးကတ် ဖြစ်ပါသည်။

'Ms. Mary ရဲ့ မျက်မှောက်ကာလ At Present ကို ဟောပြောရမယ်ဆိုရင် လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တဲ့ Supernatural လို့ခေါ်တဲ့ စွမ်းအားပိုင်ရှင်လို့ ပြောချင်ပါတယ်။ အာရုံထူးကို ခံစားနိုင်သူလို့ ပြောချင်ပါတယ်။ Astral Body လို့ခေါ်တဲ့ နာမ်ခန္ဓာတို့ လာရောက်ပူးခွာခြင်း(Posses) စွမ်းရည်ကို ပိုင်ဆိုင်ထားသူ တစ်ယောက် ဖြစ်ပါတယ်။ Etheric Body လို့ ခေါ်တဲ့ တမလွန်က ရုပ်နုတွေကို မြင်နိုင်စွမ်း၊ ဆက်သွယ်နိုင်စွမ်း ရှိတဲ့ Medium တစ်ဦးဆိုရင် မမှားပါဘူး။ ဒါကြောင့် အသေးစိတ် အဖြေထုတ်ဖို့ Ms. Mary အတွက် အဟောကားချပ် တစ်ခုကို ဆွဲထုတ်ခွင့်ပြုပါ'ဟု ပြော၍ နောက်ကားချပ် တစ်ခုကို ဆွဲထုတ်လိုက်ပါတော့သည်။

ကျွန်ုပ် နောက်ထပ်ဆွဲထုတ်လိုက်သော ကတ်ပြားမှာ THE STAR (ရှုဝံကြယ်ကတ်) ဖြစ်ပါသည်။ ကတ်နံပါတ်မှာ XVII ဖြစ်ပါသည်။

ပုံတွင် ဖော်ပြပါရှိသကဲ့သို့ ကမ်းစပ်တစ်နေရာ၌ အဝတ်ဗလာကျင်းနေသော အမျိုးသမီးတစ်ဦးသည် ရေ တစ်လုံးစီကို လက်တစ်ဖက်စီတွင် ကိုင်ဆွဲလျက် ရေ ပိုင်း ကုန်းတစ်ပိုင်းသို့ လောင်းချနေဟန်ဖြစ်ရာ 'အခု ပြောမယ့် အကြောင်းအရာကတော့ Ms. Mary ရဲ့ ရေပတ်လည်ဝိုင်းနေသော ကျွန်းနိုင်ငံက ဖြစ်ပါတယ်။ ပရဟိတအလုပ်၊ အများပေါ် ကြင်နာစာနာစိတ်ရှိ ပြောရပါမယ်။ နောက်ပြီး ချစ်ခြင်းမေတ္တာ သယော ကြီးမားသူဆိုရင် မမှားပါဘူး'ဟု ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါကျမှ Ms. Mary က-

'ဆရာပြောတာ ဟုတ်ပါတယ်။ ကျွန်မက New-zealand နိုင်ငံက ဖြစ်ပါတယ်။ BRITISH လက်အောက်ခံ Common Wealth နိုင်ငံ (နေသဟာယအဖွဲ့ဝင်)က ဖြစ်ပါတယ်'

ကျွန်ုပ်က စကားဖြတ်၍ 'ဒါဆို Wellington က လား'ဟု မေးရာ 'မဟုတ်ပါ။ ကျွန်မက Auckland က ဖြစ်ပါတယ်'ဟု ပြောပြပါသည်။

Wellington မြို့သည် Newzeland နိုင်ငံ၏ မြို့တော် ဖြစ်ပါသည်။

'အခု Jump Ship (Ship Away) လို့ ခေါ်တဲ့ သင်္ဘောပေါ်က ခုန်ဆင်းလာတဲ့ မြန်မာသင်္ဘောသား Mr. Early ကို အိမ်မှာ ခေါ်ထားပါတယ်။ မြန်မာလိုဆိုရင် ကိုစောပါ။ အခု ခက်တာက သူ့ရဲ့ဖခင်၊ မိခင်၊ ညီအစ်ကို မောင်နှမတွေက မြန်မာနိုင်ငံမှာ ရှေ့ဆင့်နောက်ဆင့် အနိစ္စ ရောက်သွားပြီး အခု ကျွန်မတို့အိမ်မှာ Astral Body က လာရောက်နေထိုင်လျက် ရှိပါတယ်။ ကိုစောကတော့ သိပါ။ မမြင်ရပါ။ ကျွန်မကတော့ သူတို့ရဲ့ Feature (ပုံသဏ္ဍာန်)ကို မြင်ရပါတယ်။ ကိုစောကို ပြန်ပြောတော့ သူ့ရဲ့ ဖုန်းထဲမှာရှိတဲ့ Family Album ကို ထုတ်ပြတော့ ကျွန်မအာရုံထဲမှာ မြင်တာနဲ့ ထပ်တူဖြစ်နေပါတယ်။ တစ်ယောက်က ဘောလုံးပွဲ ဝါသနာပါပြီး တစ်ယောက်က အရက်သောက်တာ ဝါသနာပါတယ်။ နောက်တစ်ယောက်ကတော့ Monk လို့ခေါ်တဲ့ ဘုန်းတော်ကြီး တစ်ပါးပါ။ ကျွန်မရဲ့အိမ်က ဗြိတိသျှကိုလိုနီလက်ထက် Commander ရုံးတစ်ခုပါ။ ရဲတိုက်ပုံစံပါ။ အဲဒီတုန်းက သေဆုံးသွားတဲ့ ဝိညာဉ်တွေလည်း ရှိပါတယ်။ သူတို့ကို ဓာတ်ပုံရိုက်မယ်လုပ်တော့ Rugg Body က အမြင်မကောင်း သန့်ကုန်မှာ စိုးလို့ သူတို့က ရိုက်ခွင့်မပြုကြပါဘူး'

ကျွန်ုပ်က Ms. Mary ၏ ပြောစကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း 'OK ဒါဆို ခင်ဗျားရဲ့ အနာဂတ်ကာလကို ဆက်သွားကြရအောင်'ဟုဆိုကာ ရှေးက ပုံစံအတိုင်း မှောက်ထားသော နောက်ကားချပ်တစ်ခုကို အသာယာဆွဲယူ၍ နမ်းကာ အခင်းပေါ်သို့ လှန်ချလိုက်ပါသည်။

ကတ်ပြား၏ နိမိတ်ပုံမှာ THE WORLD ကတ်နံပါတ် XXI ဖြစ်ပါသည်။ ကျွန်ုပ်ကပင် စ၍-

'Ms. Mary ဟာ ခရစ်ယာန်ဘာသာဝင် တစ်ယောက်ဆိုရင် မက်သူး၊ မာ့(ခ်)၊ လု(ခ်)၊ ဂျွန် စတဲ့ သူတော်စင်တွေကို လက်ခံပါတယ်နော်'

ထိုအခါ -

'Ms Mary က ကျွန်မအစ်ကိုက ခရစ်ယာန်ဘုန်းကြီး တစ်ပါးဖြစ်လို့ ဆရာပြောတာ လက်ခံပါတယ်'

'ဒါဆိုရင် အခု Ms. Mary နဲ့ သမီးရည်းစားမက လင်မယားမကျဖြစ်နေတဲ့ Mr. Early ခေါ် ကိုစောရဲ့ အချစ်ဇာတ်လမ်းဟာ ဘဝတစ်ခု တည်ဆောက်နိုင်မှာပါ။ အခု မိမိရဲ့အလုပ်အကိုင် အသက်မွေးဝမ်းကျောင်းပညာကို ပြောင်းလဲလုပ်ကိုင်ဖို့ စီစဉ်နေပါတယ်'

'ဟုတ်ပါတယ် ဆရာ။ အခု စာရင်းကိုင် လုပ်နေရာက ခရီးသွားလုပ်ငန်းတစ်ခုမှာ ရှယ်ယာဝင်ဖို့ စီစဉ်နေပါတယ်။ မြန်မာပြည်သူတွေရဲ့ ဓလေ့စရိုက်ကို လေ့လာရင်း အပြန်ကျရင် Mr. Early ကို တိကျတဲ့ အဖြေတစ်ခုပေးပြီး ဘုရားကျောင်း(Church) မှာ လက်ထပ်ဖို့ စီစဉ်ပါ့မယ်'ဟု ပြောပါသည်။

'နောက်ဆုံးပြောချင်တာက မြန်မာနိုင်ငံအကြောင်း ရယ် မြန်မာနိုင်ငံသားတွေရဲ့ ဖော်ရွေမှု(Hospitality) ကို သိရှိခဲ့ရလို့ ကျွန်မရဲ့ အနာဂတ်အိမ်ထောင်ရေးမှာ အဆင်ပြေလိမ့်မယ်လို့ ယုံကြည်ပါတယ်'ဟု ပြောဆိုကာ ကျွန်ုပ်အား ဉာဏ်ပူဇော်ခ ချီးမြှင့်ပြီး ရုံးခန်းမှ တည်းခိုရာ Chatrium Hotel သို့ ပြန်လည်ထွက်ခွာသွားပါတော့သည်။

ကျွန်ုပ်လည်း TAROT DECK နှင့် အခင်းလက်ဆောင်ပေးခဲ့သော Bangkok တွင် တွေ့ဆုံခဲ့သည့် အီဂျစ်နိုင်ငံသူ Ms. Haromi နှင့် Golden Rays အား ဦးညွှတ်ဂါရဝပြုလိုက်ရပါတော့သည်။ Mary Smith ၏ E.mail အရ မြန်မာပြည်တွင် ရိုက်ယူသွားသော ဓာတ်ပုံနှင့်တကွ ကိုစောနှင့် လက်ထပ်ပြီးဖြစ်ကြောင်း သိရပါသည်။

ပညာရပ်ဆိုင်ရာ ဗဟုသုတအလို့ငှာ ဆောင်းပါး ရေးသားခွင့်ကိုလည်း ပြုလိုက်ပါသည်။

မေတ္တာရှင့်

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ [illegible] ၇၆၆၆၃၆



www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ်ဆရာဦးမြတ်စံ

# ဗေဒင်ဟောရာတွင် မှန်စေသော သူတော်စင်ကြီးများ

တစ်နေ့သောညနေခင်း မလွှကုန်းဘူတာအနီးတွင်ရှိသော အောင်တော်မူဘုရားသို့ စာရေးသူ သွားရောက်ဖူးမြော်ရင်း အဓိဋ္ဌာန်ပုတီး စိပ်ခဲ့ပါသည်။ တစ်နာရီခန့်ကြာသောအခါ ပုတီးစိပ်ခြင်း၊ ဂါထာမန္တာန်ရွတ်ခြင်း ပြီးပါသည်။ ဘုရားပရိဝုဏ်အတွင်းရှိ ညောင်ပင်တွင် အရပ်ရှစ်မျက်နှာ၌ရှိသော ရက္ခစိုးနတ်မင်းကြီးများကို ဂါထာဖြင့် ပူဇော်ပါသည်။ အဘယ်ကြောင့် အရပ်ရှစ်မျက်နှာကို ပူဇော်ရသနည်းဆိုသော် စာရေးသူနှင့် ရင်းနှီးမိတ်ဖွဲ့ခဲ့သော ရက္ခစိုးနတ်မင်းမှာ အရပ်ရှစ်မျက်နှာ ထောင့်ရှစ်ထောင့်အနက်မှ တစ်ပါးပါးတွင် ရှိမည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။


ရက္ခစိုးမော်ပညာ တက်ခဲ့စဉ်ကလည်း ဆရာကြီး ဦးကျော်ရင်က 'ငါတို့က အဘိညာဉ်မရှိတော့ ဘယ်ဂြိုဟ်ထောင့်က ရက္ခစိုးက ဆရာမြတ်စံနှင့် မိတ်ဆွေဖြစ်မလဲ မသိနိုင်ဘူးလေ' ဟုဆိုကာ ဂြိုဟ်ရှစ်ခွင်လုံးတွင် အလင်းတိုင်၊ နံ့သာတိုင်၊ လက်ဖက်၊ ကွမ်းယာ၊ သောက်တော်ရေ၊ နွားနို့ စသည်တို့ကို ကပ်လှူပူဇော်ပြီး ဂြိုဟ်ခွင်အလိုက် ဂါထာမန္တန်များ ရွတ်ခိုင်းလေ့ရှိပါသည်။

စာရေးသူ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ရောက်သွားသောအခါ နံနက်စောစောတွင် မြတ်စွာဘုရားအား အရုဏ်ဆွမ်းကပ်ပြီး ဗောဓိညောင်ပင်ရှိ ရက္ခစိုးနတ်မင်းကြီးအားလည်း ဆရာကြီး ရန်ကုန်ကျော်ရင်၏ အာစရိယဝါဒအတိုင်း သစ်သီး၊ ကွမ်း၊ နံ့သာတိုင်၊ လက်ဖက် စသည်တို့ကို ဆက်ကပ်ခဲ့ပါသည်။ စာရေးသူ မွေးနံထောင့် ပူဇော်နေစဉ် ရာဟု(နို့ဆန်ပြုတ်) လာကပ်သော တိဗက်လားမား ဘုန်းကြီးတစ်ပါးနှင့် ဆုံဖြစ်ကြပါသည်။ စာရေးသူက တစ်ရက်သာလာသူဖြစ်ပြီး နေ့စဉ် နံနက်အရုဏ်တိုင်း လာကပ်သူ ၄င်းဘုန်းကြီးအား နေရာဦးစားပေးလိုက်ပါသည်။

သူ့တွင် ပါလာသော လွယ်အိတ်အတွင်းမှ ကြေးဖလားနှင့် Prayer Wheel လေးကိုထုတ်၍ လက်ဖြင့်ရစ်ကာ ကြေးဖလား(Singing Bowl) ကို တုတ်တံ(ချေတံ)လေးဖြင့် ပတ်၍ ထွက်ပေါ်လာသော အသံကို စိတ်နှစ်ထားပုံရပါသည်။ လက်တစ်ဖက်မှလည်း Prayer Wheel အား လှည့်၍ မန္တန်များ ရွတ်ဆိုနေပါသည်။

စာရေးသူလည်း ပုတီးစိပ်ခြင်း၊ မန္တန်ရွတ်ခြင်းကို တိုးညင်းစွာ ရွတ်ဖတ်နေပါသည်။ အကြောင်းမှာ ထိုတိဗက်ဘုန်းကြီးကို အာရုံမနှောက်စေလို၍ ဖြစ်ပါသည်။

သိပ်မကြာလိုက်ပါ။ ထိုတိဗက်ဘုန်းကြီးနှင့် မိတ်ဆွေဖြစ်သွားကြပါသည်။ စာရေးသူအား ပထမဦးစွာ ဗုဒ္ဓဂယာသို့ လာရောက်ဖူးမြော်ရခြင်းနှင့် အလုပ်အကိုင် ပါ



(Singing Bowl)

မန္တန်ရွတ်ဆိုစဉ် လက်စပ်ဖြင့် တီးရသော ဖလား



(Prayer Wheel)

မန္တန်ရွတ်ဆိုစဉ် လက်ယာရစ် လှည့်ရသော ဘီး



www.burmeseclassic.com

www.burmeseclassic.com

သနာပါမှုတို့ကို မေးမြန်းမိတ်ဆက်ပါသည်။ စာရေးသူက လည်း ဂမ္ဘီရပညာများ ဝါသနာပါကြောင်း၊ ဝါသနာပါ ရုံမျှဖြင့် မဟုတ်ဘဲ ဆရာသမား မာစတာသခင်တို့၏ လမ်းညွှန်ချက်အရ ဂန္ဓာရီကျင့်စဉ်များ ရံဖန်ရံခါကျင့် ကြောင်း ပြောပြပါသည်။

စာရေးသူ၏အလုပ်အကိုင်မှာ ဌာနကြီးတစ်ခုတွင် Staff Officer အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်ပ နိုင်ငံများတွင် ရေကြည်ရာမြက်နုရာဆိုသလို လှည့်လည် သွားလာလုပ်ကိုင်ခဲ့ကြောင်း ရှင်းပြပါသည်။ မိမိဝါသနာ ပါရာ ဗေဒင်လက္ခဏာ၊ Tarot (တဲရော့)ဟောပြောခြင်း ကို မိမိရောက်ရှိသည့် တိုင်းပြည်၌ ဟောပြောလေ့ရှိသလို တစ်ဖက်မှလည်း မိမိဝမ်းစာပြည့်ရန် လေ့လာမှုများပြု ကြောင်း ပြောပြပါသည်။

အဓိကပြောချင်သည်မှာ လားမားဘုန်းတော်ကြီးတို့ ၏ အယူအဆမှာ နောက်ပွင့်မည့် အရိမေတ္တေယျဘုရား အား ပူဇော်ခြင်းပင် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် ခိုလှုံ နေသော ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမားသည် ပြည်ပရောက်နေသော်ငြားလည်း တိဘက်ပြည် လွတ်လပ် ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းနေကြောင်း သိရပါသည်။ လားမားဘုန်းတော်ကြီး၏ ပြောပြချက်အရ တိဘက်ပြည်၊ လာဆာမြို့တော်၏အနောက် (၄၅)မိုင်ခန့် အကွာတွင် မြတ်စွာဘုရား၏ နိမ္မိတရုပ်ပွားတော်သည် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လေ့ရှိသော ကဆုန်လပြည့် (အချိန်ကာလ ကွာခြားချက်ရှိနိုင်သည်)နေ့တွင် မင်္ဂလာ တရား ဟောကြားလေ့ရှိကြောင်း ရှင်းပြပါသည်။ ထို နေရာသို့ ဟိမဝန္တာတောင်တန်းတွင်ရှိသော လူမျိုး၊ ဘာ သာမရွေး သူတော်စင်ကြီးများက လာရောက်စုရုံး၍ မြတ် စွာဘုရား၏ မဟာမင်္ဂလာသုတ်တရားတော်ကို နာလေ့ရှိ ကြောင်း ရှင်းပြပါသည်။

စာရေးသူမှလည်း မိမိတို့မြန်မာနိုင်ငံတွင် ဝိသာခါ နေ့ဟု သတ်မှတ်၍ အခမ်းအနားများ ကျင်းပလေ့ရှိပြီး ပဋ္ဌာန်းသုတ်ရွတ်ခြင်း၊ မင်္ဂလာသုတ်ရွတ်ခြင်းကို စုပေါင်း ရွတ်ဆိုလေ့ရှိကြောင်း မဟာဗောဓိညောင်ပင်ကို ညောင် ရေသွန်းခြင်း ပြုလေ့ရှိကြောင်း ပြန်လည်ရှင်းပြပါသည်။ စာရေးသူက ဗေဒင်ဟောရာတွင် မှန်ကန်အောင် ဟော ပြောနိုင်ရန် ကဝိလမိုင်းဆရာကြီးအကြောင်း သိရှိက



ကဝိလမိုင်းဆရာကြီးအား ပထမအကြိမ်တွင် တွေ့ရှိစဉ်

ပြောပြရန် မေးမြန်းလိုက်ပါသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ မိမိ၏ မနောသဏ္ဌာန် (Thoughtform) ကို အာရုံပြုပုံဖော်နိုင်ကြောင်း ရှင်းပြ ပါသည်။ ကဝိလမိုင်းဆရာကြီးသည် ဗေဒင်ဟောရာတွင် လူတစ်ယောက်၏ ရှေးဘဝ၊ နောက်ဘဝကို အတိအကျ ပြောပြနိုင်ခြင်းဖြစ်ကြောင်း၊ ကဝိလမိုင်းဆရာကြီး၏ သိဒ္ဓိ၊ မဟိဒ္ဓိတို့ကို ရှင်းပြပါသည်။ စာရေးသူအားလည်း တွေ့ဆုံ ဆွေးနွေးချိန် အလွန်နည်းပါးသဖြင့် ၎င်း၏လွယ်အိတ်ထဲ မှ အပိုဆောင်ထားသော PRAYER WHEEL နှင့် SINGING BOWL တို့ကို လက်ဆောင်အဖြစ် ပေးလိုက် ပါသည်။ စာရေးသူမှလည်း ရန်ကုန်မှ သယ်ဆောင်လာ သော ရွှေတိဂုံပုံတူ ကျောက်စိမ်းစေတီငယ်ကို လက် ဆောင်အဖြစ် ပြန်၍ပေးလိုက်ပါသည်။

မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဆရာကြီး ဦး ကျော်ရင် သင်ကြားပေးခဲ့သော ကဝိလမိုင်းဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



**TAROT ကို စောင့်ရှောက်သော**
**အီဂျစ်နတ်ဘုရားပုံ**

အား ပူဇော်ပ,သနည်းမှတ်စုကို ပြန်၍ရှာရပြန်ပါသည်။ ကဝါလမိုင်းဆရာကြီး၏ ရုပ်ပုံလွှာကိုတော့ ဆရာကြီး၏ ပြောပြချက်အရ အိန္ဒိယနွယ်ဖွားဖြစ်သဖြင့် ဖက်ဂီဘုန်းကြီး ဆာဒူးဘာဘာပုံစံဖြစ်ကြောင်း သိရပါသည်။

ပထမဦးစွာ ပန်းအဖြူ(၅)ပွင့်၊ နွားနို့(၅)ခွက်၊ သစ်သီး(၅)လုံး၊ နံ့သာ(၅)တိုင်၊ အလင်းတိုင်(၅)တိုင်ဖြင့် ရည်မှန်းပူဇော်ကာ ဥုံ..ကဝါလမန္တန် မံရကွန္တု သဗ္ဗဒါပဟု (၃၇)ခေါက် ရွတ်ဆိုပူဇော်ပါသည်။ (၃)ရက်မြောက်နေ့တွင် ယခုဖော်ပြပါပုံသည် စာရေးသူ၏ အာရုံနိမိတ်၌ ပေါ်လာပါသည်။ ထိုကဲ့သို့ ပေါ်လာသော အာရုံနိမိတ်ကို ပန်းချီဆရာအား ပုံဖော်စေ၍ ဗီနိုင်းထုတ်ကာ စာရေးသူ၏ ဓာတ်ခန်းတွင် ပူဇော်ထားလိုက်ပါသည်။ သံပရာသီး၊ နွားနို့၊ ပန်းအဖြူ၊ ဟိန္ဒူ(အိန္ဒိယမုန့်) အချိုမုန့်တို့ကို အလျဉ်းသင့်သလို ကပ်လှူပူဇော်၍ ဗေဒင်ဟောသောအခါ ဗေဒင်ပညာသာမက မှန်ကန်သော ပညာရပ်ကို တောင်းခံခဲ့ပါသည်။

ထိုသို့ နေ့စဉ် နံနက်စောစောထ၍ ကဝါလမိုင်းဆရာကြီးအား အာရုံပြု၍ ဂါထာ(၃၇)ခေါက်ရွတ်ခြင်း၊ အလင်းတိုင်၊ နံ့သာတိုင်များ ပူဇော်ပြီးသောအခါ စာရေးသူ၏ မနောသန္တာန်တွင် ဥုံ..စတုဒီသံ သီလဝန္တံ မံရကွန္တု သဗ္ဗဒါပဟူသော ဂါထာတစ်ပုဒ်ကို နားဖြင့် ကြားခဲ့ရပြန်ပါသည်။

ဘုရားရှိခိုးအပြီး အနီးအနား ဘေးပတ်ဝန်းကျင်တွင် တစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ ဂါထာကို မူလဂါထာနှင့် တွဲ၍ရွတ်ရန် ညွှန်ကြားချက်တစ်စုံတစ်ရာကို သိလိုက်ရပါသည်။ စာရေးသူလည်း ထိုသို့ညွှန်ကြားချက်အတိုင်း ပထမဂါထာနှင့် ဒုတိယဂါထာကို တစိုက်မတ်မတ် ရွတ်ဆိုလာခဲ့ရာ ဒုတိယအာရုံတွင် အောက်ဖော်ပြပါ သူတော်စင်ကြီး တစ်ပါးကို ထပ်မံတွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်ရာ ပထမပုံနှင့် ဆိုက်တူတစ်ပုံကို ပန်းချီဆရာအား ညွှန်ကြားရေးဆွဲခိုင်းခဲ့ပါသည်။

သို့သော် စာရေးသူ ဒုတိယအာရုံ ရရှိသောပုံမှာ အိန္ဒိယမှမဟုတ်ဘဲ အီဂျစ်နိုင်ငံတွင်ရှိသော နတ်ဘုရားပုံဖြစ်နေကြောင်း၊ ၎င်းနတ်ဘုရားသည် TAROT ပညာကို စောင့်ရှောက်သောပုံဖြစ်ပြီး TAROT ပညာ လေ့လာသောအခါ နိမိတ်အာရုံ တောင်းခံသောအခါ ၎င်းပုံသည် မှန်ကန်သော TAROT အဟောများကို ဖော်ပြလမ်းညွှန်ပေးကြောင်း သိရပါသည်။ GOLDEN RAYS ဟု ရွှေရောင်စဉ်များက ဟောပြောသူ၏ နိမိတ်ပုံကို လမ်းညွှန်ပေးသောကြောင့် ဖြစ်ပါသည်။ နောင်ဆောင်းပါးတွင် နိုင်ငံခြားတိုင်းပြည်မှ MEDIUM အာရုံနိမိတ် ဖော်ထုတ်သောသူ နတ်ဝင်သည်နှင့် တွေ့ဆုံ၍ TAROT ဟောပြောရခြင်းကို ဆက်လက်ရေးသား ဖော်ပြပါမည်။

ယခုဆောင်းပါးတွင် ရရှိခဲ့သော ကဝါလမိုင်း(ပထမပုံ)နှင့် အီဂျစ်နတ်ဘုရား(ဒုတိယပုံ)တို့သည် ဗေဒင်ဟောရာတွင် အထောက်ကူပြုသောပုံများ ဖြစ်သကဲ့သို့ ဂါထာနှစ်ပုဒ်မှာလည်း ဗေဒင်သင်တန်းတက်ပြီး မိမိရရှိထားသော ပညာရပ်အပေါ်တွင် မှန်ကန်စွာ အဟောထုတ်နိုင်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

မေတ္တာရည်
ပုရောဟိတ် ဆရာဦးမြ...
ဖုန်း - ၀၉ ၅၁ ...

www.burmeseclassic.com

www.burmeseclassic.com

သုခစုစံ(ကျိုက်လတ်)

# အောင်ကြောင်းဝေဆာကောင်းကျိုးဖြာဖို့

တစ်ခုသော ဥပုသ်နေ့တစ်နေ့တွင် ကျွန်ုပ်ထံသို့ ဈေး ...၍ အနားရနေသော ကျွန်ုပ်နှင့် ဗေဒင်သင်ဖော် ...တစ်ဦးဖြစ်သော ညီငယ် ခင်အောင်မိုးတစ်ယောက် ...ချလာပါသည်။

သူသည် စီးလာသော ဆိုင်ကယ်ကို အိမ်ရှေ့ရှိ နေရိပ် ...သော စိန်ပန်းပင်အောက်၌ နေရာချထားလိုက်ပြီး အိမ် ...ထဲ ဝင်လာရာ ကျွန်ုပ်က အိမ်ဝမှ ခရီးဦးကြိုဆိုကာ ...ခန်းရှိ ဆက်တီခုံတစ်ခုံပေါ်တွင် ဝင်ထိုင်ရန် နေရာထိုင် ... ပေးလိုက်ပါသည်။

သူက ခြေရင်းဘက်ရှိ ဆက်တီခုံပေါ်တွင် ဝင်ထိုင် ...ရင်း "ကိုဇော်သန့်ကို မေးစရာလေးတစ်ခုရှိလို့ လာ ...ာ"ဟု အစချီပြီး နှစ်အလိုက် ပြုလုပ်ရမည့်၊ လွယ်လည်း ...ကူမည့်၊ အကျိုးလည်းထူးမည့် ယတြာကောင်းကောင်း ...တစ်ခုကို ပြောပြပေးပါဟု ဆိုလာပါသည်။

ထိုအခါ ကျွန်ုပ်က ကိုယ်ကိုယ်တိုင်လည်း အလွန် ...နှစ်သက်ပြီး လက်တွေ့လည်း လုပ်ခဲ့ဖူးသော၊ လွန်စွာ ...လည်း ကောင်းကျိုးဖြစ်ထွန်းစေသော အင်္ဂဝိဇ္ဇာပညာရပ် ...ာ ယတြာပညာခန်းတစ်ခုကို ညွှန်ပြပြောပြပေးလိုက်ပါ ...သည်။

သူလည်း ပညာခန်းကို ဝမ်းပန်းတသာဖြင့် လိုလိုချင် ...နှင့်ဝင် ယူသွားကာ ကျေနပ်အားရသော အသွင်အပြင် ...ဖြင့် ကျွန်ုပ်အား နှုတ်ဆက်ပြီး တက်ကြွပေါ့ပါးနေသော ...လှမ်းများဖြင့် အိမ်ပေါ်မှ ဆင်းသွားကာ ပြန်သွားပါ ...တော့သည်။

ကျွန်ုပ် ယခုဖော်ပြပေးမည့် ယတြာမှာ လွယ်လည်း ...ကူပါသည်။ ကောင်းကျိုးကိုလည်း ထူးထူးခြားခြား ...စေပါသည်။ စာမေးပွဲဖြေဆိုခြင်း၊ အင်တာဗျူးဖြေဆို ...ခြင်း လေလံဆွဲခြင်း၊ အကူအညီသွားရောက်တောင်းခံခြင်း၊ ...ကြီးလူကြီးများနှင့် သွားရောက်တွေ့ဆုံခြင်း၊ ရာထူးတိုး ...ခြင်း အစရှိသော အဆင်ပြေအောင်မြင်စေချင်သည့် မည် ...သည့်ကိစ္စရပ်တို့တွင်မဆို ယုံယုံကြည်ကြည်ဖြင့် ယတြာကို ...တင်ပြုလုပ်ထားကာ အဆောင်အရွက်ပြုရပါမည်။

ထိုသို့ ယတြာပြုလုပ်ရာတွင် (၁)ကြိမ်ပြုလုပ်ခြင်းထက် ...ကြိမ်၊ (၂)ကြိမ်ထက် (၃)ကြိမ်ပြုလုပ်ခြင်းက ပို၍ဓာတ် ထိကာ အကျိုးထူးစေကြောင်းကို သိနားလည်ထားရပါမည်။

ထိုယတြာကို အကြောင်းကြီးငယ်ရှိမှ ဆောင်ရွက်ရမည်သာမဟုတ်၊ မည်သည့်အကြောင်းကိစ္စမှ မရှိလည်း တစ်လ (၁)ကြိမ် ပုံမှန်ဆောင်ရွက်သွားခြင်းဖြင့် အထွေထွေသော အောင်မြင်မှုတို့ကို ရရှိစေမည် ဖြစ်ပါသည်။

ကျွန်တော်တို့မြို့မှ ဆေးလိပ်ခုံကြီးတစ်ခုံ၊ ဆေးဆိုင်ကြီးတစ်ဆိုင်နှင့် လက်ဖက်နှင့် အကြော်စုံဆိုင်ကြီးတစ်ဆိုင်မှ လုပ်ငန်းရှင်ကြီးတို့သည် ထိုယတြာကို နှစ်စဉ် တစ်ပတ်လျှင် (၁)ကြိမ် ပုံမှန်မပျက်မကွက် ပြုလုပ်လာခဲ့ရာ မြို့ပေါ်တွင် လျှမ်းလျှမ်းတောက် အောင်မြင်နေလျက် ဥစ္စာနေ ပေါကြွယ်ဝကာ သူဌေးကြီးစာရင်းဝင်များ ဖြစ်နေကြပြီး (၂)ဦးမှာ မြို့မိမြို့ဖ စာရင်းဝင်များပင် ဖြစ်နေပါတော့သည်။

တွက်ချက်ပုံမှာ မိမိ၏ ရောက်ဆဲအသက်ကို တည်ပါ။ (၇)ဖြင့်စားပါ။

(၁)ကြွင်းလျှင်

ကြာသပတေးနေ့ နံနက်(၆)နာရီမှ (၇)နာရီခွဲအတွင်းတွင် မိမိတို့အိမ်ရှိ ဘုရားရှင်ကို မေမြို့ (သို့မဟုတ်) ပျဉ်းမ (၅)ညွှန့်၊ မက်မန်းသီး (သို့မဟုတ်) ပန်းသီး(၅)လုံး၊ ဘာလီရည် (သို့မဟုတ်) မိုင်လို(၅)ခွက်၊ ဖယောင်းတိုင်(၅)တိုင်၊ အမွှေးတိုင်(၅)တိုင်တို့ကို ကပ်လှူပူဇော်ကာ ပဋ္ဌာန်းအကျဉ်းကို ခေါက်ရေသက်စေ့ ရွတ်ဖတ်ပူဇော်ရပါမည်။

ပြီးလျှင် "ဘုရားတပည့်တော်သည် သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အား ရည်စူး၍ မေမြို့(၅)ပင်၊ ပန်းသီး(၅)လုံး၊ မိုင်လို(၅)ခွက်၊ ဖယောင်းတိုင်(၅)တိုင်၊ အမွှေးတိုင်(၅)တိုင်တို့ကို ကပ်လှူပူဇော်ခဲ့ပါသည်။ ပဋ္ဌာန်း(အကျဉ်း)ကိုလည်း သက်စေ့(...)ခေါက် ရေရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် (အလိုရှိရာ ကိစ္စကို ဆို၍) အဆင်ပြေပါစေ၊ ချောမွေ့ပါစေ၊ အောင်မြင်ပါစေ" ဟု ဆုကို (၃)ကြိမ်တောင်းပါ။

ပြီးလျှင် နောက်တစ်ကြိမ်အဖြစ် "ဘုရားတပည့်တော်သည် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်အား ရည်စူး၍ မေမြို့(၅)ပင်၊ ပန်းသီး(၅)လုံး၊ မိုင်လို(၅)ခွက်၊ ဖယောင်း(၅)တိုင်၊ အမွှေးတိုင်(၅)တိုင်တို့ကို ကပ်လှူပူဇော်ခဲ့ပါသည်။ ပဋ္ဌာန်း(အကျဉ်း)ကိုလည်း သက်စေ့(...)ခေါက် ရွတ်ဖတ်

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ခဲ့ပါသည်။ ဤကုသိုလ်ကံစေတနာတို့ကြောင့် (အလိုရှိရာ ကိစ္စကိုဆို၍) အဆင်ပြေပါစေ၊ ချောမွေ့ပါစေ၊ အောင်မြင်ပါစေ ဟု ဆုကို (၃)ကြိမ် ထပ်မံတောင်းပါ။

**(၂)ကြွင်းလျှင်**

သောကြာနေ့နံနက်(၆)နာရီမှ (၇)နာရီခွဲအတွင်းတွင် အိမ်ရှိ ဘုရားရှင်ကို သစ်ခွ (သို့မဟုတ်) သပြေ(၆)ညွန့်၊ သဘော်သီး(၆)စိတ်၊ သံဘူး (သို့မဟုတ်) သံပရာရည်(၆) ခွက်၊ ဖယောင်းတိုင်(၆)တိုင်၊ အမွှေးတိုင်(၆)တိုင်တို့ကို ကပ်လှူပူဇော်ကာ သမ္ဗုဒ္ဓေဂါထာကို ခေါက်ရေသက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

ပြီးလျှင် (၁)ကြွင်းတွင် ဖော်ပြထားသည့်ပုံစံအတိုင်း လှူဖွယ်ဝတ္ထုများကို ပြောင်းလဲဆိုကာ ဆုကို (၂)ကြိ (၂)ခေါက် တောင်းပါ။

**(၃)ကြွင်းလျှင်**

စနေနေ့ နံနက်(၆)နာရီမှ (၇)နာရီခွဲအတွင်းတွင် မိမိတို့အိမ်ရှိ ဘုရားရှင်ကို နှင်းဆီ(၇)ပွင့်၊ နာနတ်သီး(၇)စိတ်၊ နို့(၇)ခွက်၊ ဖယောင်းတိုင်(၇)တိုင်၊ အမွှေးတိုင်(၇)တိုင်တို့ကို ကပ်လှူပူဇော်ကာ ဒိဝါတပတိ အစချီဂါထာကို ခေါက်ရေသက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

ပြီးလျှင် (၁)ကြွင်းတွင် ဖော်ပြထားသည့် ပုံစံအတိုင်း လှူဖွယ်ဝတ္ထုများကို ပြောင်းလဲဆိုကာ ဆုကို (၂)ကြိမ် (၂)ခါ တောင်းပါ။

**(၄)ကြွင်းလျှင်**

တနင်္ဂနွေနေ့ နံနက်(၆)နာရီမှ (၇)နာရီခွဲအတွင်းတွင် မိမိတို့အိမ်ရှိ ဘုရားရှင်ကို အုန်းညွန့် (သို့မဟုတ်) အက်စတာ (၁၀)ပွင့်၊ အာလူးကြော်(၁)ပန်းကန်၊ အုန်းရည် (သို့မဟုတ်) အိုဗာတင်း(၁)ခွက်၊ ဖယောင်းတိုင်(၁၀)တိုင်၊ အမွှေးတိုင် (၁၀)တိုင်တို့ကို ကပ်လှူပူဇော်ကာ အောင်စကြာမန္တန်ကို ခေါက်ရေသက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

ပြီးလျှင် (၁)ကြွင်းတွင် ဖော်ပြထားသည့် ပုံစံအတိုင်း လှူဖွယ်ဝတ္ထုများကို ပြောင်းလဲဆိုကာ ဆုကို (၂)ကြိမ် (၂)ခါ တောင်းပါ။

**(၅)ကြွင်းလျှင်**

တနင်္လာနေ့ နံနက်(၆)နာရီမှ (၇)နာရီခွဲအတွင်းတွင် မိမိတို့အိမ်ရှိ ဘုရားရှင်ကို ကံ့ကော် (သို့မဟုတ်) ဂန္ဓမာ(၂) ပွင့်၊ ကိတ်မုန့်(၂)ခု၊ ကြံရည် (သို့မဟုတ်) ကော်ဖီ(၂)ခွက်၊ ဖယောင်းတိုင်(၂)တိုင်၊ အမွှေးတိုင်(၂)တိုင်တို့ကို ကပ်လှူပူဇော်ကာ ဘုရားဂုဏ်တော်ကိုးပါးကို ခေါက်ရေသက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

ပြီးလျှင် (၁)ကြွင်းတွင် ဖော်ပြထားသည့် ပုံစံအတိုင်း လှူဖွယ်ဝတ္ထုများကို ပြောင်းလဲဆိုကာ ဆုကို (၂)ကြိ (၂)ခေါက် တောင်းပါ။

**(၆)ကြွင်းလျှင်**

အင်္ဂါနေ့ နံနက်(၆)နာရီမှ (၇)နာရီခွဲအတွင်းတွင် မိမိ အိမ်ရှိ ဘုရားရှင်ကို စံပယ်(၃)ကုံး၊ ဆီးသီး (သို့မဟုတ်) စမူဆာ(၃)ခု၊ စပရိုက် (သို့မဟုတ်) ဆီးဖျော်ရည်(၃)ခွက် ဖယောင်းတိုင်(၃)တိုင်၊ အမွှေးတိုင်(၃)တိုင်တို့ကို ကပ်လှူ ပူဇော်ကာ စိန္တာမဏိမန္တန်ကို ခေါက်ရေသက်စေ့ ရွတ်ဖတ် ဇော်ပါ။

ပြီးလျှင် (၁)ကြွင်းတွင် ဖော်ပြထားသည့် ပုံစံအတိ လှူဖွယ်ဝတ္ထုများကို ပြောင်းလဲဆိုကာ ဆုကို (၂)ကြ (၂)ခါ တောင်းပါ။

**(၀)ကြွင်းလျှင်**

ဗုဒ္ဓဟူးနေ့ နံနက်(၆)နာရီမှ (၇)နာရီခွဲအတွင်း မိမိတို့အိမ်ရှိ ဘုရားရှင်ကို ရွက်လှ(၄)ညွန့်၊ လိမ္မော်သီး လုံး၊ လက်ဖက်ရည်(၄)ခွက်၊ ဖယောင်းတိုင်(၄)တိုင်၊ အ တိုင်(၄)တိုင်တို့ကို ကပ်လှူပူဇော်ကာ ဝစကြာဂါထာ ခေါက်ရေသက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

ပြီးလျှင် (၁)ကြွင်းတွင် ဖော်ပြထားသည့် ပုံစံအ လှူဖွယ်ဝတ္ထုများကို ပြောင်းလဲဆိုကာ ဆုကို (၂)ကြိမ် တောင်းပါ။

ယတြာအစီအရင်များကို ပြုလုပ်ရာတွင် (၁) သမားများသည် အရောင်နုနုလေးများ (သို့မဟုတ်) ရင့်ရောင်၊ (၂)ကြွင်းသမားများသည် အောက်ခံအဖြူ အစက်အပြောက်၊ အကွက်အကျားပါသောအဆင်၊ ကြွင်းသမားများသည် အနက် (သို့မဟုတ်) အရောင် (၄)ကြွင်းသမားများသည် အနီရောင်၊ (၅)ကြွင်းသမ သည် အဖြူပြောင်၊ (၆)ကြွင်းသမားများသည် နီညို (သို့မဟုတ်) အဖြူနှင့် အနီရောပက်ထားသောအဆင်၊ ကြွင်းသမားများသည် အစိမ်းရောင်အင်္ကျီတို့ကို ဝတ် ကာ ဆောင်ရွက်ကြရပါမည်။

ဤယတြာအစီအရင်သည် အင်္ဂဝိဇ္ဇာပညာ ဗေဒင်ပညာခန်းကို ခေတ်ကြီး(၄)ပါး သဘာ သွင်းစီရင်ထားသောကြောင့် လွန်စွာအ

www.burmeseclassic.com

www.burmeseclassic.com

ကြာဖြစ်ကာ အောင်မြင်မှုသရဖူကို ဆောင်းနိုင်မည်ဖြစ် အဖြာဖြာသော အောင်မြင်မှုတို့ကို ရရှိစေမည်မှာ ကေန် ဖြစ်ပါသည်။

**မှတ်ချက်**-နှစ်အလိုက်၊ အကြွင်းအလိုက် ရွတ်ဖတ်ရမည့် ဂါထာ၊ မန္တန်များကို နေ့စဉ်နေ့တိုင်း ခေါက်သက်စေ့ ရွတ်ဖတ်ပူဇော်သွားရပါမည်။ အောင်စကြာမန္တန်သည် လူသိနည်းသော မန္တန်ဖြစ်သဖြင့် ရေးသားဖော်ပြလိုက်ပါသည်။

<u>**ဂါထာအနက်**</u> ။ ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။

<u>**အောင်စကြာ မန္တန်တော်ကြီး**</u>

*ဥုံ··မဟာဒယံ မဟာပညံ*
*မဟာတေဇံ မဟာဝီရံ*
*ဂုဏာလယံ ကတပုညံ*
*ဓမ္မရာဇံ နမေ ဇိနံ။*

ဥုံ-ဘုရား၊ တရား၊ သံဃာ ရတနာမြတ်၊·အို··သုံးပါးတို့။

မဟာဒယံ-ကြီးမြတ်သော သနားကြင်နာခြင်းနှင့်လည်း ပြည့်စုံထသော၊

မဟာပညံ-ကြီးမြတ်သော ပညာနှင့်လည်း ပြည့်စုံထသော၊

မဟာတေဇံ-ကြီးမြတ်သော ဘုန်းတန်ခိုးနှင့်လည်း ပြည့်စုံထသော၊

မဟာဝီရံ-ကြီးမြတ်သော လုံ့လလည်း ရှိထသော၊

ဂုဏာလယံ-ဂုဏ်ကျေးဇူးအပေါင်းတို့၏ စုဝေးတည်ရာလည်း ဖြစ်ထသော၊

ကတပုညံ-ပြုအပ်ပြီးသော ဘုန်းကံပါရမီလည်း ရှိထသော၊

ဓမ္မရာဇံ-တရားမင်းလည်း ဖြစ်ထသော၊

ဇိနံ-မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို၊

နမေ-နမာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

<u>**အကျိုးသွား**</u>

ဘေးရန်ကင်းကွာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကာ အောင်မြင်မှုအဖြာဖြာ ရရှိစေပါသည်။

**သုခစုစံ(ကျိုက်လတ်)**

---


# ဆရာကြီးဦးအေားထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ်အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

**အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅ ၇၅၆**

www.burmeseclassic.com

မင်းနေထွန်း(ကန့်ဘလူ)

# ပညာရှင်အပေါင်းကို မငြောင်းသောဂါရဝ

မန္တလေးကို (၄၊ ၅၊ ၆)ညအိပ်ခရီးဆိုပြီး ထွက်သွားလိုက်တာ မမျှော်လင့်ဘဲ (၃)လကျော်ကျော်လောက် မန္တလေးမှာ သောင်တင်နေလိုက်ပါတယ်။ အကြောင်းရင်းကတော့ ကျွန်တော့်တူ မောင်သိန်းတိုး(မမလေး ဒေါ်ခင်နုနုရဲ့သား) ကျန်းမာရေးအတွက် ဘန်ကောက်ကို ဆေးကုသွားလို့ ကျွန်တော်က ဘဏ္ဍာစိုးအဖြစ် အိမ်မှာ စောင့်ရှောက်နေရလို့ပါပဲ။

မန္တလေးက ပြန်ရောက်တော့ (၃)လကျော်ကျော် ပိတ်နားထားခဲ့ရတဲ့ ကျွန်တော့်ရဲ့ ရင်အေးငြိမ်းစေသား ဗေဒင်အလုပ်စခန်းလေးကို ရှင်းလင်းရတယ်ပေါ့။ ကျွန်တော် မန္တလေးရောက်နေခိုက် ကျွန်တော့်ထံ ဗေဒင်အကူအညီ လာရောက်တောင်းဆိုဖို့ လာသူတွေ ကျွန်တော်နဲ့ မတွေ့ဘဲ ပြန်သွားကြပြီး ကျွန်တော်ပြန်အလာကိုပဲ စောင့်နေသူတွေက စောင့်နေကြတယ်ဆိုတော့ ဗေဒင်အလုပ်ခန်း စားပွဲလေးကို မရှင်းလို့ မရဘူးလေ။

ဟော..ပြောတုန်းဆိုတုန်းမှာပဲ လူနှစ်ယောက် ဝင်လာပါတယ်။ တစ်ယောက်ကိုတော့ ကျွန်တော် မျက်မှန်းတန်းမိပါတယ်။ သူက ဒီပဲယင်းမြို့နယ်ထဲက ရွာတစ်ရွာကပါပဲ။ သူက ကျွန်တော့်ဆီ မကြာခဏဆိုသလို ဗေဒင်အကူအညီ လာလာတောင်းဖူးတာကိုး။ ကျန်တစ်ယောက်ကိုတော့ ကျွန်တော် မသိဘူး။ သူက မျက်နှာစိမ်း။

'ဆရာကြီး..မန္တလေးသွားနေသေးတယ်ဆို။ အရင်တစ်ခေါက် ရောက်သေးတယ်။ ဆရာကြီးပြန်လာမယ့်ရက်ကို ဆရာကြီးသားက ပြောလိုက်လို့ မှန်းပြီးလာလိုက်ကြတာလေ' လို့ မိတ်ဆွေကပြောရင်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်ကြတယ်။

စားပွဲပေါ်မှာက စာအုပ်စာတမ်းတွေက ရှုပ်နေတုန်းပါပဲ။ ရှုပ်နေတဲ့ စာအုပ်စာတမ်းတွေကို သေသေသပ်သပ် လုပ်မနေတော့ဘဲ ဖြစ်သလိုပဲ ရှင်းလိုက်ရတယ်။ ဝတ်ထားတဲ့ အဝတ်အစားကလည်း နွမ်းနွမ်းဟောင်းနွမ်းနေတော့ မိတ်ဆွေနဲ့အတူပါလာတဲ့ လူစိမ်းက အထင်သေးတဲ့ မျက်လုံး၊ အထင်သေးတဲ့ အပြုံးတွေနဲ့ကြည့်ပြီး ပြုံးနေပါ တယ်။

'ဒီ ကျွန်တော့်လူက ဆရာကြီးနဲ့ ဗေဒင်မေးချင်တယ် ဆိုလို့ ခေါ်လာတာလေ' လို့ မိတ်ဆွေက ပြောလိုက်တဲ့ အချိန်မှာ နာရီကို ဖျတ်ခနဲ ကျွန်တော်ကြည့်လိုက်မိတယ်။

နံနက်(၉း၅၀)နာရီ၊ တိတိပပပြောရရင်တော့ ဗုဒ္ဓဟူး နေ့ နံနက်(၉း၅၀)နာရီပေါ့။ ဗေဒင်ပညာရပ်အခေါ် သောင်း ချိန်။ အရပ်ခေါ် ခေါ်ရင်တော့ စနေချိန်ပေါ့။

'နာမည်လေး တစ်ဆိတ်လောက် ပြောပါ'

'မောင်ဝင်းပါ'

'ဪ..ဦးမောင်ဝင်း'

ကျွန်တော် အင်္ဂဝိဇ္ဇာအခါတိုင်ကို စိတ်နဲ့ထူထားပြီး ဆန်းစစ်ကြည့်လိုက်တော့ ဦးမောင်ဝင်း ကျွန်တော့်ဆီကို အနိဋ္ဌခံစားချက်တွေနဲ့ ရောက်လာမှန်း သိလိုက်ပါပြီ။

'ဦးမောင်ဝင်းဇနီး အိမ်က ထွက်သွားတာလား။ ဒါမှ မဟုတ် ဆုံးပါးသွားတာလား။ အဲဒီကိစ္စ မေးချင်တာလား' လို့ ကျွန်တော်က ပထမဗေဒင်ဟောချက်မြားကို ပစ်လွှတ် လိုက်တော့ ဦးမောင်ဝင်းနှုတ်က ဗျာလို့ အာမေဋိတ်စကား တစ်ခွန်း ထွက်လာသလို ကျွန်တော့်မိတ်ဆွေကတော့ မျက် နှာဝင်းခနဲ တစ်ချက်ဖြစ်သွားပြီး အပြုံးနဲ့ ခေါင်းညိတ်နေ ပါတယ်။

ဦးမောင်ဝင်းရဲ့ ဗျာဟာ ကျွန်တော့်ကို အထင်သေး ရှုတ်ချတဲ့အသွင် မဟုတ်ဘဲ၊ ကျွန်တော့်ဟောချက် လွဲချော် သွားလို့ မဟုတ်ဘဲ သူထင်မှတ်မထားတဲ့ ကျွန်တော့်အဟော စကားအပေါ် အံ့ဩသွားလို့ ထွက်လာတဲ့ ဗျာဆိုတာ ကျွန်တော် သိလိုက်ပါတယ်။

'ဦးမောင်ဝင်းတို့ မိသားစုလည်း အဲဒီကိစ္စအတွက် ပူဆွေးဗျာပါဒရောက်နေကြရတယ်မဟုတ်လား' လို့ ကျွန် တော်က ဒုတိယမြားကို ဆက်ပစ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအခါမှာတော့ ဗျာလို့ ထွက်မလာတော့ဘဲ ခေါင်းချက်လောက် ညိတ်လိုက်ပြီး ပင့်သက်ရှည်ကြီးကို ဆွဲချလိုက်ရပါတယ်။

'အင်း..အပေါင်းအသင်းတွေဆီကလည်း ဘာအကူအညီ၊ ဘာအကြံဉာဏ်မှ ယူလို့မရဘဲ ဖြစ်နေတော့ ဦးမောင်ဝင်း အတော်စိတ်ဓာတ်ကျနေတဲ့ ကာလပဲနော်'

'ဟုတ်ပါတယ် ဆရာ'

ဦးမောင်ဝင်းက ဝန်ခံလာသလို ကျွန်တော့်မိတ်ဆွေကလည်း ဝင်ရောက်ထောက်ခံလာပါတယ်။

'အဲဒါတော့ မပြောနဲ့တော့ ဆရာကြီးရေ၊ အပေါင်းအသင်းတွေက မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ကို ဖြစ်နေတာဗျ။ ကောင်းမလိုလို၊ ဟုတ်မလိုလိုနဲ့ အဖျားရှူးရှူး သွားကြတာ'တဲ့။

'ကျွန်တော်ဆိုလိုတာက အပေါင်းအသင်းတွေအပေါ်မှာ ဩဇာအာဏာ အရှိန်အဝါတွေ ကျဆင်းနေတာကိုပါ။ ပြောရရင်တော့ သားသမီးတွေကအစ တပည့်သားမြေးတွေအထိ ကိုယ့်စကားက အရာမရောက်ဘူး ဖြစ်နေတာမျိုးပါ'

'အဲဒါလည်း ဟုတ်ပါတယ် ဆရာ။ ကျွန်တော်က ဆရာ အခုဟောပြောပြနေတဲ့ အင်္ဂဝိဇ္ဇာဗေဒင်ပညာကို နှစ်ပေါင်းများစွာ လေ့လာလိုက်စားခဲ့ဖူးပါတယ်။ ဆရာ့အားနဲ့တော့ သင်ယူတာမျိုး မဟုတ်ဘူးပေါ့ ဆရာ။ စာအုပ်စာတမ်းတွေ အများကြီးဖတ်မှတ်လေ့လာခဲ့တာပါ။ ဆရာက နာရီကြည့်ကြည့်ဟောတာလို့ ကြားဖူးထဲက ဒါ အင်္ဂဝိဇ္ဇာ ဗေဒင်ပညာပဲဆိုပြီး ဆရာနဲ့ တွေ့ချင်နေတာပါ။ အခု လက်တွေ့ ဆရာနဲ့တွေ့တဲ့ အချိန်ကျတော့လည်း ဆရာ့ဟောချက်တွေကို ကျွန်တော် နားမလည်ဘူး ဖြစ်သွားတယ်။ ကျွန်တော် ဆပွတ်ခိုပြီး လာတာ။ ဣဋ္ဌ အကြောင်းအရာတွေ ဟောရမယ့်အစား အနိဋ္ဌ ကျွန်တော့် မိန်း အိမ်ကထွက်သွားတာ စဟောလိုက်တော့ ကျွန်တော် နားမလည် ဖြစ်သွားတာပါ။ ပြီးတော့ ဆရာပြောတဲ့ အပေါင်းအသင်းတွေအပေါ်၊ သားသမီးတွေအပေါ်၊ အနိုင်းအစေတွေအပေါ် ဩဇာမညောင်းတော့ဘူး ဆိုတာတွေပါ မှန်နေလို့ပါ ဆရာ'

ဦးမောင်ဝင်းရဲ့ ဗျာဒိကာကို ကျွန်တော် ကောင်းစွာ နားလည်သွားပါပြီ။ သူလေ့လာနားလည်ထားတဲ့ အင်္ဂဝိဇ္ဇာ ဗေဒင်နည်းပညာနဲ့ ကျွန်တော့်ဟောချက် ပက်ပက်စက်စက် ကွဲလွဲနေမှုကို သူ အံ့ဩသွားခြင်းပဲ ဖြစ်ပါတယ်။ ဗေဒင်ပညာဆိုတာ ပုံသေနည်းမှ မဟုတ်တာဘဲ။ လှေနံဓားထစ် မှတ်ထားရတဲ့ ပညာရပ်မှ မဟုတ်တာဘဲ။ ဒါကို ဦးမောင်ဝင်း မသိခြင်းပဲ ဖြစ်ပါတယ်။

ဦးမောင်ဝင်းက ဆပွတ်ခိုလာတာဆိုတော့ ဣဋ္ဌ အကောင်းတွေ ဟောမှာပဲလို့ ထင်ထားတာ။ ထင်ထိုက်ပါတယ်။ ဗေဒင်ဆရာလို့ အမည်ခံထားတဲ့ တချို့လူတွေတောင်မှ အဲဒီလို ဆပွတ်ခိုရင် အကောင်း၊ ဣဋ္ဌလို့ ထင်မှတ်ယူဆသူတွေ ရှိတာပဲဗျာ။ အဲ..ဦးမောင်ဝင်းက ဒီ ပညာရပ်ကို လေးစားတန်ဖိုးထားချင်သူဆိုတော့ နည်းနည်းရှင်းပြပေးလိုက်ပါ့မယ်။

ကျွန်တော့်စကားကြောင့် ကျွန်တော့်မိတ်ဆွေရော ဦးမောင်ဝင်းပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါတယ်။ မျက်နှာတွေကလည်း ပြုံးယောင်သန်းလာကြပါတယ်။


'ဆပွတ်ခိုလာတယ်လို့ ဦးမောင်ဝင်းပြောခဲ့ပြီးဆိုတော့ ဒီချိန်ဟာ သောရီချိန်ဆိုတာ ဦးမောင်ဝင်း သိပြီးသားဖြစ်မှာပါ'

'ဟုတ်ကဲ့၊ သိပါတယ် ဆရာ'

'ဦးမောင်ဝင်းသိတဲ့ သောရီချိန်နဲ့ ကျွန်တော်သိတဲ့ သောရီချိန်က မတူဘူးဗျ'

'ဟောဗျာ၊ ဘယ်လိုကွဲလွဲတာလဲ ဆရာ'

ဦးမောင်ဝင်း သိတာက သောရီချိန်တစ်ခုတည်း။ ကျွန်တော်သိတာက ဗုဒ္ဓဟူးနေ့ရဲ့ သောရီချိန်။ ဒီမှာကြည့်ဗျာဆိုပြီး ကျွန်တော်က အောက်ပါအတိုင်း နေ့တိုင်နှင့် အခါတိုင် နှစ်တိုင်ယှဉ်တွဲ ရေးဆွဲပြလိုက်ပါတယ်။




'ဦးမောင်ဝင်းသိတဲ့ သောရီအခါတိုင်မှာ (မောင်)ကြာသပတေး ဆပွတ်ကနေပြီး (ဝင်း)ဗုဒ္ဓဟူး ပ[illegible]—နေဝင်း

www.burmeseclassic.com

ဆီကို တက်သွားတဲ့ ဆပ္ပတ်ခို ဣဋ္ဌဖြစ်ပေမယ့် ကျွန်တော် သိတဲ့ သောရီအခါတိုင်မှာကျတော့ ဗုဒ္ဓဟူးနေ့ရဲ့ စတုရန်း ချိန် သောရီဖြစ်နေသလို စနေ သောရီအခါနဲ့ (မောင်) ကြာသပတေးတို့က အိမ်ထောင်အနိဋ္ဌဖြစ်တဲ့ ဓမ္မာကျနေ တယ်လေ။

တစ်ခါ နာမည်အဖျားလုံးဖြစ်တဲ့ (ဝင်း)ဗုဒ္ဓဟူးနဲ့ အခါ သောရီ၊ စနေ ဒန်းလှတော်ပေမယ့် စနေက အလယ် ချာ ကတ္တားအကျဉ်းအကျပ် ဖြစ်နေတယ်လေ။ မြင်လား မသိဘူး'

'ဟုတ်··မြင်ပါတယ် ဆရာ'

အဆိုးဆုံးအနိဋ္ဌကတော့ နေ့ဗုဒ္ဓဟူးနံ ဦးမောင်ဝင်းရဲ့ မောင်+ဗုဒ္ဓဟူးက ရေဘူး ဓာတ်ရန်။ ဝင်း+ဗုဒ္ဓဟူးက ဝေရီ အပြင်ရန် ဖြစ်နေခြင်းပဲ။ ဦးမောင်ဝင်းရဲ့ ဓနီးဂြိုဟ် သောကြာဟာ နေ့တိုင်မှာ တြိုရန်း ခိုအထွက်ပြနေသလို အခါတိုင်မှာ အမြစ်ခို အခက်အခဲပြဿနာ ပြနေတယ်။

| | | | |
|---|---|---|---|
| ၁ | | ၄ | |
| ၅ | ဒန်းလှ | ၁ | |
| ၂ | တော်ရင်း | ၅ | |
| (၄) | | (၀) | ဓမ္မာ |
| ၀ | | ၃ | |
| ၃ | | *၆ (အမြစ်)(ဓနီးဂြိုဟ်) | |
| *၆ (တြိုရန်း) | | ၂ | |
| **(နေ့တိုင်)** | | **(အခါတိုင်)** | |

'ဦးမောင်ဝင်းလည်း စာတွေထဲမှာ တွေ့ဖူးမှာပါ။ ဂြိုဟ်တြိုရန်း၊ ပျော်စံမြန်းနေ၊ သေကျောပျက်စီး၊ မီးလည်း တစ်ကြောင်း၊ ခြေနှစ်ချောင်းနှင့်၊ (၄)ချောင်းပြင်ထွက်၊ နှိပ်စက်ဝေဒနာ ဆိုတာလေ။ ပြီးတော့ အမြစ်ဂြိုဟ်မှာ အလယ်ခြာ ပမာမှတ်ဖွယ်မီး၊ လုပ်လိုသမျှ လုပ်မရ ကြံရ ခက်အောင်ဆီး ဆိုတာတွေပေါ့'

'ဟုတ်··ကြားဖူးရုံမကပါဘူးဆရာ။ နွတ်တက်အာဂုံ ကို ရနေတာတွေပါ'

'ဟုတ်ပြီ။ ဒီတော့ ဦးမောင်ဝင်းပဲ စဉ်းစားကြည့် လေ။တြိုရန်းခိုတဲ့ သောကြာ၊ အမြစ်ခိုတဲ့ သောကြာ ဘယ် မှာ ဣဋ္ဌဖြစ်လာတော့မလဲ ဦးမောင်ဝင်းရယ်နော်။ အိမ်က ထွက်ရင်ထွက်၊ မထွက်ရင် သေပြီပေါ့ဗျ'

'ဟုတ်ပြီ ဆရာ။ ကျွန်တော် ရှင်းသွားပြီ'

'ဒါပေါ့ဗျ။ ရှင်းရမှာပေါ့။ အနိဋ္ဌကို အနိဋ္ဌအတိုင်းပဲ မြင်ရမှာပေါ့။ ဦးမောင်ဝင်း သိပ်အစွဲသန်နေတဲ့ ဆပ္ပတ်ခို ဟာ သာမန်တော့ အကောင်းဣဋ္ဌပါပဲ။ ဒါပေမဲ့ ဆပ္ပတ်ခို နေတဲ့ ကြာသပတေးရဲ့ အပေါ်မှာ စီးနေတဲ့ဂြိုဟ်တွေက တနင်္ဂနွေနဲ့ ဗုဒ္ဓဟူး အင်းဝရန်လေ။ အိမ်ထောင်ရေးအနိဋ္ဌ ရန်ဂြိုဟ်လေ'

'အား··ဟား··ဟုတ်ပြီ ဆရာရေ။ ကျွန်တော် မမြင် ခဲ့၊ မတွေ့ခဲ့မိဘူး။ ဆပ္ပတ်ခိုလာရင် အကောင်းချည်းပဲလို့ ထင်ထားခဲ့တာ'

'ဦးမောင်ဝင်း အမှားတော့ မဟုတ်ပါဘူး။ မမြင်တာ ပါ။ မြင်အောင်ကြည့်၊ သိအောင်လုပ်ရင် အင်္ဂဝိဇ္ဇာဗေဒင် ပညာက ပေါ်လောပေါ်ပါတယ်ဗျာ။ မိတ်ဆွေတွေ၊ သား သမီးတွေ၊ အခြွေအရံတွေက မီးစတစ်ဖက် ရေမှုတ်တစ် ဖက်ဆိုတာရော ဦးမောင်ဝင်း မြင်ပြီလား'

'မြင်ပြီဆရာ၊ ကြာသပတေးနဲ့ တနင်္ဂနွေက (အောင် +ပ) မိတ်တွေတော်စပ်ပေမယ့် ကြာသပတေးနဲ့ ဗုဒ္ဓဟူး ကျတော့ (ရေ+ဘူး) ရန်တော်စပ်နေလို့ မဟုတ်လား'

'အဲဒါလည်း တစ်ချက်ပေါ့ဗျာ။ ကြာသပတေးရဲ့မိတ် လည်းဟုတ်၊ ရန်လည်းဟုတ်တဲ့ တနင်္လာ ဂဗ္ဘေ၊ ခေမာက အခါတိုင်ရဲ့ တြိုရန်းမှာ ခိုနေတယ်လေဗျာ။ အဲဒါလည်း လှမ်းကြည့်ရမှာပေါ့နော်'

'ဆရာပြောမှ မြင်တယ်ဆရာ။ ထောင့်ကို စေ့နေတာ ပဲနော်'

'ဘက်စုံထောင့်စုံကကြည့်မှ အမှန်ကို မြင်တော့မပေါ့ ဦးမောင်ဝင်းရယ်။ ခင်ဗျားရဲ့ (မောင်) ကြာသပတေးရဲ့ တန်ခိုး၊ ဩဇာ၊ ဘုန်းကံဖြစ်တဲ့ တေဇဂြိုဟ် အင်္ဂါ စတု ရန်းခိုနေတာလည်း ကြည့်လိုက်ပါ ဦးမောင်ဝင်း။ ခင်ဗျား ဘုန်းကံကွယ်နေတာ ပေါ်နေပြီပဲ'

'ဟုတ်တယ်နော်'

'ဟုတ်ရမယ်လေ ဦးမောင်ဝင်းရဲ့။ အခါတိုင်တစ်တိုင် မှာ ပစ္စုပ္ပန်အခြေအနေကို အကဲဖြတ်လို့ရသလို အတိတ် တိုင်ကိုလည်း ကျွန်တော်တို့ စဉ်းစားရာမှာ ထည့်သွင်း ရမယ်လေ။ အတိတ်တိုင် ဘာဖြစ်မလဲ'

ဦးမောင်ဝင်းက လက်ချိုးရေတွက်ပြီး ခဏစဉ်းစား ပါတယ်။ နှစ်ကြိမ်၊ သုံးကြိမ်ခန့် လက်ချိုးရေတွက်ပြီးတဲ့ နောက်–



www.burmeseclassic.com

www.burmeseclassic.com

'အတိတ်တိုင်က စနေ့ော တနင်္လာတိုင်ပဲ ဆရာ'တဲ့။ ကျွန်တော် ပြုံးလိုက်မိပါတယ်။ ဦးမောင်ဝင်းရဲ့ အင်္ဂါဇာ ဗေဒင်ပညာအပေါ်မှာ ခရေစီဖြစ်မှုကို ချီးကျူးဂုဏ်ပြုတဲ့ အနေနဲ့ပါ။

'ဟုတ်ပါတယ် ဦးမောင်ဝင်း၊ စနေ့ောချိန် တနင်္လာချိန်ပါ။ အဲဒီတနင်္လာဟာ ဦးမောင်ဝင်းနဲ့ ဂဗ္ဘောတော်စပ်သလို ခေမာလည်း တော်စပ်တယ်လေ။

* ၆
၃
၀
* ၂
* ၅ မောင် ← ခေမာ
၁
* ၄ ဝင်း

(အတိတ်တိုင်)

စနေ့ောအချိန်မှာ ဦးမောင်ဝင်းရဲ့ နာမည်က စောလှလှ ဆန်ကိန်းမို့ တနင်္လာဟာ ခေမာဖြစ်နေတယ်။ ခင်ဗျား အတွေးအခေါ် အယူအဆလွဲမှားမှုကြောင့် အချစ်ရေး တနင်္လာပျက်ယွင်းခဲ့ရတာပဲပေါ့။ အိမ်က ဇနီး ခရီး သောကြာထွက်သွားရတာပေါ့ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ။ ကျွန်တော် ဆရာ့ဆီလာရတာ အကျိုးရှိသွားပြီဆရာ။ ကျေးဇူးလည်းတင်ပါတယ်'

'ဟောဗျာ၊ ဦးမောင်ဝင်း ဘယ်လိုဖြစ်သွားရတာလဲ။ ဗေဒင်ဟောတာ မှန်ရုံနဲ့ အကျိုးရှိသွားပြီလို့။ အကျိုးရှိဖို့ ဖြစ်လာပြီလို့ပြောမှ မှန်မှာပေါ့ဗျ'

'ဗျာ..ဆရာပြောတာ ကျွန်တော် မရှင်းဘူး'

'ဗေဒင်မေးတယ်ဆိုတာ ပြဿနာ အခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်မယ့် နည်းလမ်းတစ်ခုကို ရယူချင်လို့ မဟုတ်လားဗျ။ အဲဒီနည်းလမ်းက မှန်မှန်ကန်ကန်ရမှ ပြဿနာ အခက်အခဲကို ဖြေရှင်းနိုင် ကျော်လွှားနိုင်မှာပေါ့။ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ'

'ဦးမောင်ဝင်းပြောခဲ့သလိုဆပွတ်ခိုလာရင် အကောင်းဆုံးလို့ယူရင် ပေးတဲ့နည်းလမ်း မှန်ပါ့မလား'

'မမှန်နိုင်ဘူး ဆရာ'

'ဟုတ်တယ်၊ မမှန်နိုင်ဘူး။ အနာတခြား ဆေးတခြား ဖြစ်မှာပဲ။ ဟော..အခု ကျွန်တော်ရော ဦးမောင်ဝင်းရော လေ့လာဆန်းစစ်လိုက်တော့ ဆပွတ်ခိုလာပေမယ့် အနိဋ္ဌအဆိုးဆိုတာ သိလိုက်ရပြီ။ အနိဋ္ဌအဆိုးကို ဣဋ္ဌဖြစ်ဖို့ ပေးရမယ့် နည်းလမ်းမှန်ကို ရွေးရတော့မှာပေါ့။ ပေးရတော့မှာပေါ့။ ဒါမှ အနာနဲ့ဆေး တည့်တော့မပေါ့'

'ဟုတ်ပါတယ် ဆရာ။ အတော်သတိထားရမယ့်ကိစ္စပါပဲ'

'ကျွန်တော်ပြောချင်တာ အဲဒါပဲ ဦးမောင်ဝင်း။ ပေးရမယ့် နည်းလမ်းမှန်ကို ရှာနိုင်ဖို့ ဗေဒင်တွက်တာ၊ ဗေဒင်ဟောတာ မှန်ဆိုတာနဲ့ ဂိတ်မဆုံးသင့်ပေဘူးလေ။ ဗေဒင်ကို မှန်အောင်ဟောတာ ဗေဒင်ဆရာတိုင်းရဲ့ အလုပ်ပါ။ မမှန်တဲ့ ဗေဒင်ဆရာတွေလည်း ရှိတာပေါ့ဗျာ။ အဓိက မှန်အောင် တွက်နိုင်ဖို့နဲ့ နည်းလမ်းမှန်မှန် ထွက်ပေါက် ပေးနိုင်ဖို့ပါဗျာ'

'ဟုတ်ပြီ ဆရာ။ ဗေဒင်မှန်အောင် တွက်နိုင်ခြင်းက အကျိုးရှိဖို့ ဖြစ်ထွန်းလာခြင်းပဲ။ ဗေဒင်မှန်အောင် တွက်တတ်မှ ပြဿနာ အခက်အခဲကို ကျော်လွှားရမယ့်နည်းလမ်းမှန်ကို သိရမှာပေါ့။ အကျိုးရှိလာမှာပေါ့။ ဒီလို မဟုတ်လား ဆရာ'

'ဟုတ်တယ် ဦးမောင်ဝင်း၊ အဲဒါပါပဲ'

'ဗေဒင်မေးတယ် ဆိုမှတော့ ဟောတာမှန်ရုံနဲ့ မပြီးသေးဘူးလေ။ ကိုယ့်အခက်အခဲကို ကျော်လွှားပြီးမြောက်မှ ကိုး။ အဲဒါကို ဗေဒင်ဟောပေးနေသူတွေရော ဗေဒင်မေးနေကြသူတွေရော သိစေချင်တာပါ'

'ကောင်းပါတယ် ဆရာ။ ကျွန်တော့်လို လှေနံဓားထစ် ထင်မြင်ယူဆတတ်သူတွေ ပညာရတာပေါ့ ဆရာရယ်'

'အဲ..ကျွန်တော် လူတတ်လူလိမ္မာ ပညာရှိသဘော ပြောတာ မဟုတ်ဘူးနော် ဦးမောင်ဝင်း။ ဗေဒင်နဲ့ပတ်သက်တဲ့ ဝါသနာရှင်တွေ သိစေချင်တဲ့သဘောပါ။ တကယ့် ဗေဒင်ပညာရှင်ကြီးတွေကို ကျွန်တော် လေးစားထားပြီးသားပါ။ ကျွန်တော့်ဆောင်ပုဒ်ကိုက ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်ပါဗျာ'

ပညာရှင်အပေါင်းကို
မညောင်းသောဂါရဝဖြင့်
မင်းနေထွန်း(ကန့်ဘလူ)

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

# ကျက်သရေမင်္ဂလာရှိသော**အိမ်မှာ** လာဘ်လာဘတွေလာ

လွန်ခဲ့သော တစ်လခန့်က လမ်း(၅၀)ဘက်ရှိ မိတ်ဆွေ တစ်ဦးအိမ် ရောက်ရှိသွားသည်။ ထိုမိတ်ဆွေသည် အလုပ်ကို ကြိုးစားဆောင်ရွက်သည်။ သို့သော် ငွေဝင်ပြီး ငွေမမြဲခြင်း၊ တစ်ခါတစ်ရံ လာဘ်ငွေများ ပိတ်ဆို့နေသည်ဟု ပြောဆိုပါသည်။ ကျွန်ုပ်လည်း သူတို့ဇာတာကို တွက်ကြည့်သောအခါ ကံဇာတာ ဂြိုဟ်စီးဂြိုဟ်နင်း မညံ့ပေ။ ထို့ကြောင့် နေအိမ်အခြေအနေကို ကြည့်လိုက်သည်။

နေအိမ်တွင် အိမ်ထောင်ဦးစီးက ခြေရင်းဘက်အခန်းမှာ သီးသန့်အိပ်သည်။ မိန်းမနှင့် သားသမီးက ခေါင်းရင်းခန်းမှာ အိပ်သည်။ တစ်ဖန် လာဘ်ဝင်စေသော လိုမ့်ဝင်အိုးကို အပြင်လှည့်ထားသည်။ သူတို့အိမ်တွင် မွေးထားသော ခွေးလိမ္မာကလေးကို လူနှင့် တန်းတူထား... သည်။ ထိုအချက်များကို ပြင်ခိုင်းလိုက်ပါသည်။ ထို... ပြုပြင်ပြီး တစ်လခန့်အကြာတွင် လုပ်ငန်းတွေ ပြန်ကောင်း... ပြီး လာဘ်လာဘတွေ ဆက်တိုက်ဝင်လာသည်ဟု သိ... ရပါသည်။

လွန်ခဲ့သော လေး၊ငါးနှစ်ခန့်က ဂျာနယ်တစ်စော... တွင် လာဘ်မပိတ်အောင် ဒါတွေရှောင် ဟူသော ဆော... ပါးတစ်ပုဒ် ရေးသားခဲ့ဖူးပါသည်။ ဆရာကြီးမင်းသိ... သင်တန်းမှူ စာအုပ်တွင်လည်း ကောင်းကျိုးချမ်း... မင်္ဂလာ သိမှတ်ဖွယ်ရာများနှင့် ယတြာများကို ... ထားပါသည်။ အိမ်နှင့်ပတ်သက်၍ မင်္ဂလာရှိအောင်ထား...

www.burmeseclassic.com

www.burmeseclassic.com

ရှိအောင် နေထိုင်မှ လာဘ်လာဘဝင်လာမည် ဖြစ်သည်။ ဆရာကြီး၏ သင်တန်းမှုမှ မင်္ဂလာရှိသောအိမ် ...င်းကျိုးချမ်းသာ ရရှိစေသော အချက်များကို ပြန် ...ည့်ကောက်နုတ် ရေးသားဖော်ပြပေးလိုက်ပါသည်။

...တ်သရေမင်္ဂလာရှိသောအိမ်မှာ ကောင်းကျိုးချမ်းသာ ...တ်လာဘတွေလာ

* အိမ်တစ်အိမ်ရဲ့ အလှပဆုံး၊ အသန့်ရှင်းဆုံး နေရာ ... ဘုရားခန်းဖြစ်ရမယ်။ ဘုရားခန်းကို အမြဲတမ်းသန့် ...အောင် ပြုလုပ်ပါ။ ဒါမှ နတ်ကောင်းနတ်မြတ်တွေ ...စောင့်ရှောက်ခေါ်မယ်။

* သောက်ရေအိုး(ရေသန့်ဘူး)ကို ဖိနပ်ချွတ်၊ ခြေရင်း ... မထားပါနှင့်။ လာဘ်ပိတ်မယ်။ ထားခဲ့ရင် အိမ်ခေါင်း ...ထောင့် တစ်နေရာကို ရွှေ့ပြောင်းလိုက်ပါ။ ခြေရင်းနဲ့ ...တဲ့နေရာမှာ ထားပါ။

* ထီးနှင့်ဖိနပ်၊ ထီးနှင့် တံမြက်စည်း အတူတူရောပြီး ...ထားပါနှင့်။ ထီးကို အမြင့်မှာ ချိတ်ပါ။

* အဝတ်လှန်းတဲ့ ကြိုးတန်းတွေ အိမ်ရှေ့တည့်တည့်မှာ ...တန်းပါနဲ့။ မလှန်းပါနဲ့။ မသန့်ရှင်းသော အဝတ်များ ...အိမ်ရှေ့မျက်နှာစာတွင် မလှန်းပါနဲ့။ လာဘ်ပိတ်တတ် ...ယ်။

* လူကြီးမိဘတွေရဲ့ ဦးထုပ်တွေ၊ ခေါင်းအုံးတွေ၊ မျက် ...သုတ်ပဝါတွေကို ကလေးငယ်များ ခြေထောက်ဖြင့် ...င်း၍ ဆော့ကစားခြင်း မပြုကောင်းပါ။ အပြစ်ရတတ် ...ယ်။

* သားသမီး၊ မြေး၊ မြစ်တွေရဲ့ ဓာတ်ပုံတွေကို ခေါင်း ...င်း အမြင့်မှာ မချိတ်နဲ့။

* တံမြက်စည်းလှည်းရင် အိမ်ခြေရင်းဘက်ကိုသာ လှည်းထုတ်ပါ။

* တံမြက်စည်းများကို ပြောင်းပြန်ထောင်မထားပါနဲ့။ ပြောင်းပြန်ဆိုသည်မှာ လှည်းသည့်ဘက်ကို အပေါ်ထောင်ထားခြင်း ဖြစ်သည်။

* အိမ်ရှေ့ခန်းထွက်ပြီး ရန်ဖြစ်၊ ဆဲဆို၊ ဆူပူခြင်းများ မပြုရ။ နံနက်စောစော အိမ်ရှေ့ထွက်ပြီး ခြေသည်း၊ လက်သည်း မလှီးရ။ လာဘ်ပိတ်တတ်သည်။

* အိမ်ရှေ့လှေကား အတက်အဆင်းတွင် ထင်းမခွဲရ။ အိမ်ရှေ့မျက်နှာစာတည့်တည့်တွင် ငါးခြောက်မလှန်းရ။

* အိမ်ဦးဘုရားခန်းရှေ့တွင် လင်စုံမယားဖက်အိပ်ခြင်း၊ အရက်သေစာ သောက်စားခြင်း၊ ဆဲရေးတိုင်းထွာခြင်း မပြုကောင်းပါ။


* အိမ်ရှေ့ဧည့်ခန်းတွင် ဓားလက်နက်ပစ္စည်းများ မထားကောင်းပါ။


* အိမ်ရှေ့ဧည့်ခန်းမှာ ကြမ်းပေါက်များ ဖောက်မထားကောင်းပါ။

* အိမ်ခေါင်းရင်းဘက် မြေလည်း မနိမ့်ကောင်းဘူး။ ကြမ်းလည်း မနိမ့်ကောင်းဘူး။ ရေမြောင်းလည်း မဖောက်ကောင်းဘူး။

* အိမ်ရှေ့မျက်နှာစာတည့်တည့်တွင် သပြေပင်၊ ရေတပ်ပင်၊ သင်္ဘောပင်၊ ငှက်ပျောပင်၊ ညောင်ပင်၊ ဗာဒံပင်၊ ကုက္ကိုပင်များနှင့် ဆူးပေါ်သောအပင်များ မစိုက်ကောင်းပါ။ အိမ်ခိုက်တတ်သည်။ စိုက်ထားမိပါက ထိုသစ်ပင်များတွင် မှန်ငယ်ကလေးများ အိမ်ရှေ့ဘက်သို့ လှည့်၍ ချိတ်ဆွဲပေးထားပါ။ အခိုက်အပြစ်မှ လွတ်စေပါသည်။

* သုံးပြီးသား ဓာတ်ခဲအဟောင်းများကို အိမ်တွင် မထားကောင်းပါ။ ဓာတ်ခိုက် ဓာတ်ပျက်တတ်သည်။





www.burmeseclassic.com

www.burmeseclassic.com

* ဘုရားပန်း၊ သောက်တော်ရေ၊ ဆွမ်းတွေ စွန့်လျှင် အိမ်ခြေရင်းဘက် မစွန့်ကောင်းပါ။ ခေါင်းရင်းဘက်သို့ စွန့်ပါ။

* ကွမ်းညှပ်၊ ကတ်ကြေးတွေကို ညှပ်စရာမရှိဘဲ မညှပ်ကောင်းပါဘူး။ ရန်ပေါ်တတ်သည်။

* ဘုရားပန်းပူဇော်ဖို့ ရေဆေးလျှင် ပန်းကို ဇောက်ထိုးထား၍ ရေမလောင်းကောင်းပါ။ အနိုက်အပြစ်များ ကြုံတွေ့ရတတ်သည်။

* အိမ်တစ်အိမ်တည်းတွင် အိမ်ထောင်ခွဲမိသားစု သုံးစု ပေါင်း၍ မနေသင့်ပါ။ (ဖိုခံလောက်ဆိုင်)ဟု ခေါ်သည်။ နေထိုင်မိကြလျှင်လည်း သုံးအိုးခွဲပြီး ချက်ပြုတ်မစားကောင်းပါ။ စုပေါင်းချက်ပြုတ် စားသင့်သည်။

* လူအများ သောက်သုံးသော သောက်ရေအိုးများမှ ရေဖြင့် ဘုရားသောက်တော်ရေကပ်ခြင်း မပြုပါနှင့်။ သောက်တော်ရေအိုး သီးသန့်ထားပါ။

* မိဘ၊ ညီအစ်ကိုမောင်နှမ နီးနီးကပ်ကပ် အိမ်ခွဲနေလျှင် အကြီးကခြေရင်း အငယ်ကခေါင်းရင်း မနေသင့်ပါ။ လုပ်ငန်းစီးပွား ပျက်တတ်သည်။ (စာရေးသူလမ်းထဲတွင် အမွေခွဲပြီး မောင်အငယ်ဇနီးမောင်နှံက ခေါင်းရင်း၊ အစ်မအကြီးဆုံးမိသားစုက ခြေရင်း) နေထိုင်ကြသည်။ တစ်နှစ်ခန့်အကြာတွင် ခေါင်းရင်းမှာနေသော မောင်အငယ် အလုပ် စီးပွားမကောင်း၍ အိမ်ရောင်းပြီး အခြားလမ်းမှာ သွားဝယ်နေသည်။ စီးပွားလုပ်ငန်း ပြန်လည်အဆင်ပြေသွားပါသည်။

* မိသားစုထဲတွင် ကိုယ်က အငယ်ဆုံးဖြစ်ပါက ဘုရား သိမ်၊ ကျောင်း၊ ဇရပ်တွေကို ဦးစွာဆောက်လုပ် လှူဒါန်းခြင်း မပြုလုပ်ကောင်းပါ။

* ဘုရား၊ စေတီ၊ ရဟန်းသံဃာ၊ အင်း၊ အိုင်၊ လက်ဖွဲ့ ပုဂ္ဂိုလ်ထူးများ၊ အဆောင်လက်ဖွဲ့ပုံတော်များ ပါဝင်သော စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို နိမ့်ကျ၍ မသန့်ရှင်းသော နေရာတွင် မထားကောင်းပါ။

* သစ်ပင်ပေါ်မှ ပြုတ်မကျဘဲ တွဲလောင်းကျနေသော သစ်ကိုင်း၊ သစ်ခက်များကို ဆွဲယူ၍ အိမ်သို့ ယူမလာကောင်းပါ။ (သစ်တွဲလောင်း)ဟု ခေါ်သည်။

* သစ်ပင်၊ သစ်ကိုင်းတွေပေါ်တွင် ကျိုးပြီးတင်နေသော သစ်ကိုင်းများကိုလည်း အိမ်သို့ မယူကောင်းပါ။ (သစ်ဆွဲကျ)ဟု ခေါ်သည်။

* လမ်းကူး၊ ချောင်းကူးတံတားတွေမှ သစ်ဟောင်းများကို အိမ်တွင် မထားကောင်းပါ။

* ဘုရား၊ ကျောင်းပစ္စည်းများကိုလည်း အိမ်မှာ မထား



www.burmeseclassic.com

www.burmeseclassic.com

သင့်ပါ။ (ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်ဖျက်သော သစ်၊ ...၊ အုတ်၊ အိမ် ဆောက်ရာတွင် မသုံးသင့်ပါ။)

• ခေါင်းရင်းကနိမ့်၊ ခြေရင်းက မြင့်နေပြီး မိမိနေအိမ် ...ကြားဖြစ်နေပါက အိမ်လှေကားထစ် မနေသင့်ပါ။

• လမ်းဦးတိုက်၊ ကားဦးတိုက်၊ လှည်းဦးတိုက်၊ လှေဦးတိုက် စသည့် ဦးတိုက်အိမ်တွေမှာ နေမိခဲ့လျှင် သံချွန်များကို ခြံစည်းရိုးပြုလုပ်၍ လမ်းဘက်သို့ အချွန်များ လှည့်ထားပေးပါ။ အိမ်ရှေ့မျက်နှာစာတွင် ခြောက်ဘက်မပတ်လည် မှန်တစ်ချပ် ချိတ်ထားပါ။ သောက်ရေအိုးစင်တစ်ခု ပြုလုပ်ထားပါ။ ကျားရုပ်ပုံတစ်ခု ချိတ်ထားပါ။ အိမ်အပေါက်ဝ တံခါးမကြီးပေါ်တွင် မနုဿီဟရုပ်ပုံ ကပ်ထားပေးလိုက်ပါ။ အခိုက်အပြစ်များ လွတ်ပါသည်။

• ကလေးငယ်များဖြစ်စေ၊ မိမိအိမ်မျက်နှာစာတွင် ...ပေါ့သွားခြင်း၊ အလေးစွန့်ခြင်း လုံးဝမပြုလုပ်ရ။ အမျိုးသမီးများ အိမ်ပေါက်ဝတည့်တည့် ရေချိုး၊ ထဘီလျှော် မပြုလုပ်ရ။ လာဘ်ပိတ်တတ်သည်။

• အိမ်ထောင်ဦးစီးအနေဖြင့် ဘုမ္မိကျသောနေအိမ် မျက်နှာမူထားခြင်း၊ အလုပ်စားပွဲ မျက်နှာမူထိုင်ခြင်း၊ ဘုရားကျောင်းဆောင်ထားခြင်း မပြုလုပ်ရ။ (မွေးနံမှ လေးခွင်မြောက်အရပ်သည် ဘုမ္မိအရပ်ဖြစ်သည်။ ဥပမာ တနင်္ဂနွေ ...သားသမီး ဘုမ္မိအရပ် ၁၊၂၊ ၃၊ ၄ တောင်အရပ်)

• တိုင်ကပ်နာရီကို အိမ်ခြေရင်းဘက်တွင် ချိတ်မထားကောင်းပါ။ (၂၄)ပစ္စည်း ပဋ္ဌာန်းဒေသနာတော်နှင့် ကိုက်ညီသည်ဟု ယူဆပြီး ခေါင်းရင်းသို့ ပြောင်း၍ချိတ်လိုက်ပါ။ (ရပ်နေသောနာရီ၊ အချိန်မမှန်သော နာရီရှိက ပြုပြင်လိုက်ပါ။)

• မိမိ၏အိမ်၊ အလုပ်နေရာတို့တွင် မြင့်သောနေရာများ ...အိမ်မြှောင်စုတ်ထိုးသံများ မကြာခဏ ကြားရပါက ...အပေါင်းကို မေတ္တာပို့ပေးပါ။ အထူးနိမိတ်ကောင်းရရှိတတ်ပါသည်။ အကြံအစည်များ အောင်တတ်ပါသည်။ ...အိမ်မြှောင်စုတ်ထိုးသံများ အလွန်နှေးကွေးစွာဖြင့် လေးလံသွဲ့သွဲ့ စုတ်ထိုးသံများ ကြားပါက ကုသိုလ်ကောင်းမှုများ အမြန်ပြုလုပ်ပါ။ အဓိဋ္ဌာန်ဝင်ပါ။ သက်သတ်လွတ်စားပါ။ မေတ္တာသုတ်များ ရွတ်ဖတ်ပူဇော်ပါ။ ကိုယ်စောင့်နတ် သတိပေးခြင်း ဖြစ်ပါသည်။



နေအိမ်နှင့်ပတ်သက်၍ ဖုန်းရွှေပညာ၊ အနောက်တိုင်းလောကီပညာများလည်း ရှိပါသည်။ မြန်မာ့ရိုးရာနေအိမ် မင်္ဂလာအထူးပြုလုပ်ပါ။

အဓိကမှာ ဣဋ္ဌနှင့် အနိဋ္ဌ ခွဲခြားသိဖို့ အရေးကြီးပါသည်။ ဣဋ္ဌ(ကောင်းကျိုး)၊ အနိဋ္ဌ(မကောင်းကျိုး) ဖြစ်ပါသည်။ ဥပမာ-အိမ်တစ်အိမ်တွင် ဗီဒီယိုကားကြည့်သည် ဆိုပါစို့။ သရဲတစ္ဆေကား၊ သတ်ဖြတ်ပုတ်ခတ်သောကား၊ ငိုလိုက်၊ ရန်ဖြစ်လိုက် အပူသည်ကားများ အမြဲကြည့်နေပါက ထိုအိမ် မင်္ဂလာမရှိနိုင်ပါ။ နံနက်စောစောစီးစီး မင်္ဂလာရှိသော သီချင်း၊ ပရိတ်တော်၊ တရားခွေ၊ ပဋ္ဌာန်း ဖွင့်ပေးသင့်ပါသည်။

* ဗုဒ္ဓဟူးနေ့၊ လပြည့်လကွယ် ဦးခေါင်းလျှော်ပါက လည်း လာဘ်ပိတ်တတ်ပါသည်။

စေတနာကောင်းလျှင် ကံကောင်းပါမည်။ စေတနာညံ့လျှင် ကံညံ့ပါသည်။ မင်္ဂလာမရှိသော နေအိမ်သည် ရှာ၍ဖွေ၍ အဆင်မပြေပါ။ ရှာဖွေရရှိသမျှလည်း အဖတ်မတင်တတ်ပါ။ မင်္ဂလာရှိသောနေအိမ်သည် အောင်မြင်ကြီးပွားချမ်းသာတတ်ပါသည်။ မင်္ဂလာဆိုသည်မှာ အပြစ်ကင်းအောင် နေခြင်းသည် မင်္ဂလာဖြစ်ပါသည်။

နေအိမ်သည် နေချင်စဖွယ် ဖြစ်နေရပါမည်။ လာဘ်မပိတ်အောင် ဘုရားသောက်ရေအိုး လဲပေးခြင်း၊ ပန်းမညှိုးအောင်ထားခြင်း၊ ဘုရားကျောင်းဆောင် တင့်တယ်နေပါက အလိုလိုမင်္ဂလာရှိ ကံပွင့်လာဘ်ပွင့်လာပါသည်။

နံနက် အိပ်ရာထချိန် အရေးကြီးဆုံး ဖြစ်ပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးမှစပြီး အိမ်တစ်အိမ်လုံး သန့်ရှင်းရေး အရေးကြီးသည်။

ဂမ္ဘီရ ဆရာလှမျိုး(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

လူသားတို့၏ဥပမိရုပ်(၁)

# စနေဂြိုဟ်ခုံထက်မှ အာစပျိုးထားသော နှလုံးလမ်းကြောင်း

ကြည်ဝင်း(ဟာသီာတာ)

လူသားတို့၏ အထူးမြတ်နိုးတွယ်တာရသည့် လူသားတို့၏ ဥပမိရုပ်ခေါ် အင်္ဂါရုပ်ပင် ဖြစ်ပေသည်။ ထိုမြတ်နိုးတွယ်တာစုံမက်ရာ အချက်များနှင့်ပတ်သက်၍ လက္ခဏာပညာရပ်တွင် နှလုံးလမ်းကြောင်းဟုခေါ်ဝေါ်သည့် အမှတ်အသားကို စစ်ဆေးတွေ့ရှိချက် ယူရပေသည်။

နှလုံးဟူသော ပညတ်ချက်ဝေါဟာရကို အချို့က သံယောဇဉ်နှောင်ကြိုး၏ အုတ်မြစ်ဟု ယူဆခဲ့မိကြလေသည်။ သို့သော် ယခုမူ ထိုယူဆချက်ထက် သာလွန်သော သဘောတရားများကို ရှာဖွေတွေ့ရှိရခဲ့ကြ၏။

မေတ္တာစစ်၊ မေတ္တာမှန်ရှိခြင်း၊ မြတ်နိုးတွယ်တာခြင်း၊ သစ္စာရှိခြင်း၊ တည်ကြည်ဖြောင့်မတ်သည့် သဘောထားရှိခြင်း၊ အခြားသောလူသားတို့ တပ်မက်မောဖွယ်ရာ အရည်အချင်း လက္ခဏာရပ်များအပြင် ၎င်းတို့ဆန့်ကျင်ဖက်ဖြစ်သော ဖောက်ပြန်ခြင်း၊ အေးဆေးခြင်း၊ သွေးအေးအေးဖြင့် လိင်မတူသူ တစ်ဖက်သားကို ညှဉ်းဆဲတတ်ခြင်းများကို လက်ဝါးပြင်ပေါ်ရှိ ယင်းလမ်းကြောင်းက ထုတ်ဖော်ပြသနေပေသည်။

လောကကြီးက မျိုးမတူသော ယောက်ျား၊ မိန်းမတို့၏ ပေါင်းသင်းဆက်ဆံရေးသည် အရေးကြီးသည့်အချက်တစ်ရပ်ပင်ဖြစ်ပေသည်။ ယောက်ျားတို့၏သဘာဝ၌ ကာမဂုဏ်ဇော ကြွလာသည့်အပေါ်တွင် တားမနိုင် ဆီးမရသော ရမ္မက်မီးတို့က ဝင်ရောက်လာတတ်သလို အာသာရမ္မက် ပြင်းပြသော မိန်းမတစ်ဦး၏ အပြုံးနောက်ကွယ်မှ ပေါ်ပေါက်လာသည့် မရေမတွက်နိုင်သော ပြဿနာများ သို့မဟုတ်ပါကလည်း ထိုအမျိုးသမီး၏ရမ္မက်တွင် မိမိ၏ဘဝကို မြှုပ်နှံရန် စတေးမည့် ဖောက်ပြန်ခြင်းများ၊ ထိုထိုသော ပြဿနာပေါင်း မြောက်မြားစွာတို့ကို နှလုံးလမ်းကြောင်းပေါ်၌ ရှာဖွေတွေ့ရှိနိုင်ပေသည်။

အီဂျစ်ပြည့်ရှင်ဘုရင်မကြီး ကလီယိုပက်ထရာသည် စစ်သူကြီး အန်တိုနီယိုအပေါ် မေတ္တာသက်ဝင်မိသည်နှ[illegible] ကမ္ဘာကြီး၏ ကံကြမ္မာကို ပြောင်းလဲပစ်လိုက်လေတော[illegible] သည်။

'သခင်မတော့ တိုနီရဲ့အပြုံးအောက်မှာ လက်မြှော[illegible] အရှုံးပေးလိုက်ရပါပြီ' ဟု ဘုရင်မကြီးက ကြွေးကြေ[illegible] ဖူး၏။

ထိုနည်းတူစွာ ရှေးဒေလီမြို့တော်၏ ဘုရင်ဧကရာ[illegible] မင်းမြတ်ကြီး ရာဂျာဖာတာသည် အချစ်ကြောင့် နှလုံးသာ[illegible] ၏ဘုရင်မ ဘဲ(လ်)တာအား ဦးညွှတ်ခဲ့ရရှာလေသည်။

ကျွန်ုပ်တို့အနေဖြင့် လူ့ဘဝတွင် ဖြစ်တတ်သော[illegible] အောက်ကျို့ဦးညွှတ်ရခြင်း၏ အကြောင်းခြင်းရာများ[illegible] လေ့လာလိုက်သည့်အခါတွင် ထိုကဲ့သို့ပင် အလားတူ[illegible] ရပ်များနှင့် ဥပမိရုပ်၏ ခြယ်လှယ်မှုများကို တွေ့ရှိရ[illegible] သည်။

အကြင်သူသည် မျိုးမတူသော ဆန့်ကျင်ဘက်လိ[illegible] အပေါ်တွင် ထူးဆန်းစွာဩဇာအာဏာလွှမ်းမိုးသည့် မိန်း[illegible] (သို့မဟုတ်) ယောက်ျားမျိုးကို တွေ့မြင်ဖူးပါသလော[illegible]

ဤကဲ့သို့ ဩဇာအာဏာလွှမ်းမိုးမှုသည် ရုပ်ရည်သ[illegible] နားမှုနှင့် မသက်ဆိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မိန်း[illegible] နှင့်ပတ်သက်၍ စန်းရှိသည့် အချို့သောယောက်ျားတို့သ[illegible] ရုပ်ရည်သာမန်လောက်ပင် မရှိသူများအဖြစ် တွေ့မြင[illegible] ရခြင်းကြောင့်ပင် ဖြစ်ပေသည်။ သို့မဟုတ် အသံ[illegible] ကြောင့်ပင်လော။ သို့မဟုတ် အမူအရာကြောင့်ပင်လော[illegible] ထိုသို့မဟုတ်ပါက ဆန့်ကျင်ဘက်လိင်၏ သဘောထား[illegible] တိုက်ဆိုင်အောင် ပရိယာယ်မာယာနှော၍ လိုက်လျော[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပင်လော။

ဤလောကကြီးအတွင်း၌ မိန်းမတို့သည် ယောက်ျား တို့အား ၎င်းတို့၏ ဩဇာအာဏာ လွှမ်းမိုးမှုအောက်တွင် ချုပ်ချယ်မှုနည်းမျိုးစုံဖြင့် ထားရှိတတ်သည်ကို လက်တွေ့ ကြောခဏ ကျွန်ုပ်တို့ တွေ့ရှိနေရ၏။ ဤကဲ့သို့ ပြုလုပ် ခြင်းအတွက် ထိုမိန်းမတို့သည် မည်သည့်လျှို့ဝှက်ချက် ကြောင့်ဟု ရှင်းလင်း၍ ပြနိုင်မည်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ ယောက်ျားသားများအတွင်းမှ စိတ် ဓာတ်ပြင်းပြသည်ဟု အဆိုရှိကြသူတို့ပင်လျှင် မိန်းမသား များအတွက် ယင်းတို့ပိုင်ဆိုင်သည့် ဓနဥစ္စာများနှင့် လုပ် ငန်းဆောင်တာများကို ဖျက်ဆီး၍ ဘဝတစ်ခုလုံး အနစ် နာခံလိုက်ကြရသည်ကို မြင်ဖူး၊ တွေ့ဖူး၊ ကြားဖူးကြပေ လိမ့်မည်။

ယခုခေတ်သစ် ကာလီယိုပက်ထရာနှင့် ကက်သရင်း တို့သည် ရှေးခေတ်ဟောင်းကာထက်ပင် ယောက်ျားတို့အဖို့ အဖော်မွန်ဖြစ်ထိုက်သည့် ဆွဲဆောင်မှုအင်အား အဆပေါင်း များစွာ ပိုမို၍ ပိုင်ဆိုင်နေကြပေသည်။

ရုပ်ရည်ရူပါကင်းမဲ့သည့် ယောက်ျားတို့နှင့် ယောက်ျား အား ခြယ်လှယ်၍မရသည့် မိန်းမတို့သည် ကံတရားက စီမံရာခံကြရသည်ဟု သဘောထားတတ်ကြ၏။ ဤသို့ကား မယူဆအပ်ပေ။


ကျွန်ုပ်၏ လက္ခဏာဆွေးနွေးသည့် အခန်း အတွင်းဝယ် ရာပေါင်းများစွာသော လက်ဝါးပြင် များအား ကြည့်ရှုစစ်ဆေးခဲ့ရာ၌ တစ်ခါတစ်ရံ တွင် မေတ္တာနှောင်ကြိုးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြနေသော နှလုံး လမ်းကြောင်းကို ယောက်ျားနှင့် မိန်းမတို့၏ လက်ဝါးပြင်ပေါ်တွင် ထူးထူးခြားခြား တွေ့ရှိခဲ့ ရပေသည်။

တစ်ချိန်က ကျွန်ုပ်ထံသို့ လာရောက်တွေ့ ဆုံသည့် ရုပ်ရည်ချောမောလှပသော အမျိုးသမီး ငယ် တစ်ဦး၏ လက်ဝါးပြင်တွင် မှတ်သားဖွယ် ရာများကို တွေ့ရှိခဲ့ရဖူး၏။

ထိုအမျိုးသမီးငယ်သည် ကျွန်ုပ်ရှေ့၌ လက္ခ ဏာကြည့်သည့်အခါ ကျွန်ုပ်အသုံးပြုလေ့ရှိသော ထူရှင်ပေါ်သို့ လက်ဝါးဖြန့်တင်လိုက်ပြီးသည်နှင့် ပြတ်သားလှသော မေးခွန်းကို တုံးတိတိ မေးမြန်းခဲ့၏။

"ဆရာကြီးကိုင်ရို··ကျွန်မ ရှင်းရှင်းပဲ မေးပါရစေ။ ဆရာဟာ ဖုံးကွယ်ထားသမျှတွေ၊ နောက်ပြီး ကျွန်မတို့ ကြိုတင်မသိသေးတဲ့ ပြဿနာရပ်တွေကို ထုတ်ဖော်နိုင်စွမ်း ရှိတယ်လို့ ကျော်ကြားနေပါတယ်။ ဒီတော့ ဆရာရယ်·· ကျွန်မဘဝဟာ ဘာပြုလို့ ကြောက်စရာတွေ၊ ထိတ်လန့် စရာတွေအကြားမှာ ရောက်နေရသလဲဆိုတာကို အမိန့်ရှိ စမ်းပါရှင်"

ထိုမေးခွန်းကြောင့် ကျွန်ုပ်သည် အမျိုးသမီး၏လက် ဝါးပြင်ကို စစ်ဆေးလိုက်ရာ တစ်မဟုတ်ချင်းပင် လက်ဝါး ပြင်ပေါ်၌ ထူးဆန်းသည့် နှလုံးလမ်းကြောင်းကို တွေ့ရှိ လိုက်ရတော့၏။




နှလုံးလမ်းကြောင်းသည် စောက်နက်ပြီး ဦးခေါင်းလမ်းကြောင်းထက် အင်အားပိုမို ကြီးမားနေပါမူ အချစ်ကို တပ်မက်မောမိသည့် ရမ္မက်က အခြားသော ပြဿနာများနှင့် စဉ်းစားဖွယ်ရာများကို ဖုံးလွှမ်းကျော်လွှားသွားမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ယခု သင်သည် သင်၏ လက်ဝါးပြင်အား ကြည့်လိုက်ပါ။ လက်ဝါးပြင်၏အပေါ်ပိုင်း၊ လက်ချောင်းများ၏အောက်ခြေတွင် ဖြတ်သန်း၍သွားနေသော လမ်းကြောင်းကြီးတစ်ကြောင်းကို တွေ့ရှိရပေလိမ့်မည်။

အကယ်၍ နှလုံးလမ်းကြောင်းသည် ဖောက်နက်ပြီး ဦးခေါင်းလမ်းကြောင်းထက် အင်အားပိုမိုကြီးမားနေပါမူ ပုံစံ(၁) အချစ်ကို တပ်မက်မောသည့်ရမ္မက်က အခြားသော ပြဿနာများနှင့် စဉ်းစားဖွယ်ရာများကို ဖုံးလွှမ်းကျော်လွှားသွားမည် ဖြစ်သည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းက နှလုံးလမ်းကြောင်းထက် အင်အားပိုမိုကြီးမားနေပါမူ ပုံစံ(၂) ထိုအမှတ်အသားပါသည့် ပုဂ္ဂိုလ်သည် မေတ္တာနှင့်ပတ်သက်လာလျှင် မနာလိုဝန်တိုစိတ် အထူးရှိလိမ့်မည် ဖြစ်ပေသည်။

နှလုံးလမ်းကြောင်းသည် အောက်ပါနေရာဌာနများမှ အစပြုတတ်၏။

(က) ကြာသပတေးဂြိုဟ်ခုံ၏ အလယ်ဗဟိုမှ အစပျိုးခြင်း၊
(ခ) လက်ညှိုးနှင့် လက်ခလယ်ကြားမှ အစပျိုးခြင်း၊
(ဂ) လက်ခလယ်အောက်တည့်တည့် စနေဂြိုဟ်ခုံပေါ်မှ အစပျိုးခြင်း။

နှလုံးလမ်းကြောင်း၏ အစပျိုးသည့် နေရာဌာနများအပေါ်မူတည်ပြီး မေတ္တာ၏ အတိမ်အနက်နှင့် သစ္စာ၏ သဘောတရားများကို အခြေခံအားဖြင့် ဖော်ပြနေပေသည်။

ယခု ကျွန်ုပ်စစ်ဆေးနေသော လက်ဝါးပြင်ပေါ်တွင် နှလုံးလမ်းကြောင်းသည် လက်ခလယ်အောက်တည့်တည့် စနေဂြိုဟ်ခုံပေါ်မှ အစပျိုးနေသည်ကို တွေ့ရှိလိုက်ရ၏။

ကျွန်ုပ်၏ လက္ခဏာဟောပြောလာခဲ့သော သက်တမ်းတစ်လျှောက်တွင် ဤမျှထင်ရှားလှသော လမ်းကြောင်းမျိုးကို မတွေ့ကြုံခဲ့ရဘူးသေးပေ။ ထို့ကြောင့်လည်း ဤလမ်းကြောင်း၏ အဓိပ္ပာယ်သည် ကျွန်ုပ်၏ ဦးနှောက်အတွင်းသို့ ချက်ချင်းဝင်ရောက်လာလေတော့၏။

ယင်းအဓိပ္ပာယ်မှာ စင်းအားကြီးနေ၏။ သဘာဝအလျောက် ဤမျှထင်ရှားလှသော နှလုံးလမ်းကြောင်းသည် ကာမဂုဏ်ရမ္မက်၏ အတိုင်းအတာကို ဖော်ပြနေသည် မဟုတ်ပါလော။

သို့နှင့် ကျွန်ုပ်သည် အခြားလမ်းကြောင်းများကို စစ်ဆေးကြည့်ရှုပြန်ရာ ဘဝ၏ ကြီးပွားရာကြီးပွားကြောင်းသည် တိုတောင်းလှသည်ကိုလည်း တွေ့ရ၏။ အိမ်တွင်းရေးပြဿနာများတွင် အထင်အမြင် လွဲမှားတတ်သည့်အချက်များလည်း တွေ့ရ၏။ ထိုအချက်များကိုစုပေါင်းပြီး ကျွန်ုပ်၏ရှေ့တွင် လက်ဝါးဖြန့်၍ပြထားသည့် လက္ခဏာရှင်အား အလွယ်တကူပင် ကောက်နုတ်ချက်ချပေးလိုက်တော့၏။

'မိန်းကလေး··မင်းဟာ ဒုက္ခနဲ့ ရင်ဆိုင်နေရပြီ မဟုတ်လား'

'အို··မှန်ပါတယ် ဆရာ'

'မင်း ယောကျ်ားနဲ့ပတ်သက်တဲ့ ဒုက္ခတွေဖြစ်ရမယ်'

အမျိုးသမီးသည် ခေါင်းကို တစ်ချက်ညိတ်လိုက်၏။

'တစ်ယောက်နဲ့ တစ်ယောက်ဟာ မျက်နှာချင်းဆိုင်လိုက်တာနဲ့ စကားများကြရမယ်။ ရန်ဖြစ်ရမယ်။ အဲဒီအဆင့်ကကျော်ပြီး အရိုက်အနက်လည်း ခံရလိမ့်မယ်'

သူမသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

'အခု အိမ်ထောင်ကြီးဟာ ပြိုကွဲဖို့ နီးကပ်နေပါပြီ'

ထိုစကားကို ကြားလိုက်ရသည်နှင့် အမျိုးသမီးသည် စိတ်သက်သာရာရသွားသကဲ့သို့ ဝမ်းသာအားရနှင့်-

'အို··ဆရာကြီးကိုင်ရီ၊ ကွဲမယ်ဆိုတာ တကယ်ပဲ ဟုတ်ရဲ့လားရှင်။ ကျွန်မဟာ အခု စိတ်သောကရောက်နေရတဲ့သူပါ ဆရာရယ်'

သို့နှင့် ကျွန်ုပ်သည် လင်ခန်းမယားခန်း တစ်နှစ်အတွင်း ပြတ်စဲရလိမ့်မည်ဟု ပြောပြလိုက်၏။

'မင်းယောကျ်ားဟာ မင်းကို ကွာရှင်းပေးလိမ့်မယ်။ နောက်ပြီးတော့ မင်းဟာ တစ်ချိန်မှာ ပျော်ပျော်ရွှင်ရွှင်နေရလိမ့်မယ်။ ဒါပေမဲ့ မင်းကို သတိပေးချင်တာတစ်ခုကတော့ မင်းဟာ ပျော်ရွှင်မှုကို ထာဝရရင်ဝယ်ပိုက်မထားနိုင်ဘူး။ အေး··မင်းဟာ··'

ကျွန်ုပ်သည် ခေတ္တမျှ စကားပြော ရပ်ထားလိုက်ပြီး လိုရင်းအဓိပ္ပာယ်ကို ထိထိမိမိဖြစ်စေလိုသည့် သဘောမျိုးဖြင့် သင့်လျော်သော စကားလုံးများကို ရွေးချယ်လိုက်ကာ-

'မိန်းကလေး··မင်းဟာ ကိုယ့်ကိုယ်ကိုယ် သတိထားပြီး စိတ်နိုင်အောင် ထိန်းသိမ်းဖို့ အများကြီး လိုအပ်တယ်။ မင်းဘဝမှာ မင်းကို သဘောကျပြီး ကြိုက်နှ



www.burmeseclassic.com

www.burmeseclassic.com

သက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာ မင်း သတိထားမိဘူးလား။ မင်းယောက်ျားနဲ့ပတ်သက်ပြီး ဆရာဆုံးဖြတ်ရမယ်ဆိုရင် မင်းယောက်ျားဟာ လူအေးတစ်ယောက်ဖြစ်ပြီး အတွင်းကြိတ် ခံစားတတ်တဲ့ လူစားမျိုးဖြစ်ရမယ်။ မင်းဆိုရင်လည်း ယောက်ျားတွေကို လက်ခုပ်ထဲမှာ ထည့်ထားတဲ့ရေလို သွန်လိုသွန် မှောက်လိုမှောက်လုပ်ချင်တဲ့ သဘောထားရှိတယ်။ အဲဒီလို လုပ်နိုင်အောင်လည်း မင်းမှာ မွေးရာပါ ဆွဲငင်တတ်တဲ့သတ္တိထူး ရှိနေတယ်'

'ဆရာကြီးကိုင်ရို'

မိန်းကလေးသည် ဖြည်းညင်းစွာခေါ်လိုက်ပြီး မျက်နှာကို ပြန်ချလိုက်ကာ-

'ဆရာဟာ အမှန်တွေချည်း ပြောပြနိုင်တော့ ကျွန်မ ခံ့အားသင့်သွားပါတယ်ရှင်။ မှန်ပါတယ်။ ကျွန်မဟာ အပျိုဘဝ ရောက်ခဲ့တဲ့အချိန်ကစပြီး ရည်းစားတွေနဲ့ ဝိုင်းဝိုင်းလည်နေခဲ့ပါတယ်။ ကျွန်မကို ပိုးပန်းကြသူတွေထဲမှာ ကျွန်မထက် အသက်အများကြီးကွာခြားတဲ့ သက်ကြီးရွယ်အိုတွေလည်း ပါပါတယ်။ နောက်ဆုံးကျတော့ ကျွန်မဟာ အခုလို အများက ပိုးပန်းနေကြတဲ့ဘဝက လွတ်မြောက်အောင်ဆိုပြီး ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတဲ့ ကုန်သည်တစ်ဦးကို လက်ထပ်ယူလိုက်ပါတယ်။ မကြာပါဘူး။ ကျွန်မရည်မှန်းချက်တွေဟာ လွဲချော်သွားမှန်း သိရပါတော့တယ်။ ကျွန်မယောက်ျားဟာ ကျွန်မကို ချစ်ပါတယ်။ ဒါပေမဲ့ သူက ဝမ်းထဲမှာသာ ချစ်တတ်တာပါ။ နောက်တစ်ခုက သူ့လုပ်ငန်းတွေကို ကျွန်မထက်ပိုပြီး ဦးစားပေးတာကိုလည်း တွေ့ရပါတယ်။ သူနေပုံထိုင်ပုံတွေက ဖနီးဖထား မရှိသလိုပါဘဲရှင်။ အေးတိအေးစက်နဲ့။ ကြာတော့ ကျွန်မဟာ စိတ်ဓာတ်တွေကျပြီး နေ့ရှိသရွေ့ စိတ်ဆင်းရဲနေပါတယ်။ အိမ်ကို အပေါင်းအသင်းတွေ လာလည်တဲ့အချိန်ဆို ကျွန်မဟာ ဖြေသာပါသေးတယ်။ ဒါနဲ့ပဲ သူဟာ ကျွန်မကို ပစ်ထားသလို ဖြစ်နေလေတော့ ကျွန်မဟာ အင်ရှိမယ်ားဆိုတာ သိကြပေမယ့် ကြိုက်တဲ့လူတွေ ဝိုင်းဝိုင်းလည်လာပြန်တာပေါ့။ ဒါဟာ ကျွန်မရဲ့ အပြစ်လို့ဆိုရမလား ဆရာ'

ကျွန်ုပ်အနေဖြင့် မည်သို့မျှမဖြေနိုင်။ ထိုမိန်းကလေး၏ အိမ်ထောင်မှာ ရေခဲနှင့် မီးတောက် လက်ထပ်ခဲ့သည်နှင့် တူနေပေတော့၏။

သဘာဝအလျောက် ယင်းအတွဲသည် မည်သည့်နည်းနှင့်မျှ တစ်သားတည်း၊ တစ်စိတ်တည်း စပ်ဟပ်၍ ရနိုင်လိမ့်မည် မဟုတ်ပေ။

ဤမိန်းကလေးတွင် ကလီယိုပက်ထရာ၏ စိတ်ထားမျိုးရှိနေ၏။ ထို့ကြောင့်လည်း ကျွန်ုပ်သည် မိန်းကလေးအစား ပူပန်မိပြန်၏။ သူမ၏ လက်ဝါးပြင်ထက်ရှိနေသော နှလုံးလမ်းကြောင်းသည် သူမ၏ အနာဂတ်ကာလတွင် တွေ့ကြုံရမည့် ဘဝမှတ်တမ်းကို ဖော်ပြနေသည် မဟုတ်ပါလော။

မိမိကိုယ်ကိုမိမိ သတိကြီးစွာထားပြီး ထိန်းသိမ်းရန်အတွက် မိန်းကလေးအား ကျွန်ုပ်အနေဖြင့် ကြိုတင်သတိပေးခဲ့ပြီးပေပြီ။ သို့မဟုတ်ပါက ထိုမိန်းကလေးသည် နောက်ဆုံး၌ ဝမ်းနည်းကြေကွဲဖွယ်ရာ အလွမ်းဇာတ်နှင့် ဇာတ်သိမ်းရမည်မှာ မလွဲတော့ပေ။

များမကြာမီ မိန်းကလေး၏ခင်ပွန်းက တရားဝင်ကွဲကွာခွင့်လိုင်စင် ရရှိသွားသည်ကို သတင်းစာများတွင် တွေ့လိုက်ရလေ၏။

ထိုသတင်းနှင့် တစ်ဆက်တည်းမှာပင် မိန်းကလေးသည် နောက်အိမ်ထောင်ပြုလိုက်ကြောင်းကိုလည်း တွေ့လိုက်ရပြန်၏။ သို့သော် ထိုအိမ်ထောင်ရေးသည် ကာလတာမရှည်ဘဲ တစ်နှစ်အကြာ၌ လင်ယောက်ျားလုပ်သူက မယားအား အခြားယောက်ျားနှင့် ဖျောက်မထားသည်ဟု စွပ်စွဲကာ အရှက်နှင့်အသက်လဲ၍ မိမိကိုယ်မိမိ အဆုံးစီရင်သွားလေတော့၏။

နောက်ဆုံးတွင် မိန်းကလေးသည် အရူးထောင်အတွင်း၌ ဘဝဆုံးသွားသည်ဟု သိလိုက်ရ၏။ ကျွန်ုပ်အနေဖြင့် ကြိုတင်သတိပေးခဲ့သော်လည်း မိန်းကလေးသည် ကြိုတင်သတိပေးချက်ကို အလေးမမူခဲ့သောကြောင့် ဤကဲ့သို့ ဘဝဇာတ်သိမ်းသွားရခြင်း ဖြစ်ပေတော့၏။

**ကြည်ဝင်း(ဟသာတ)**


ကျမ်းကိုး -

(၁) Cheiro's Life, Love and Marriage

(၂) ဗိုလ်ညွှန့်မောင် သိပ္ပံလက္ခဏာစွယ်စုံကျမ်း။

www.burmeseclassic.com

www.burmeseclassic.com




(၂၀၁၆)ခုနှစ်၊ နိုဝင်ဘာလအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။

ယင်းအချိန်ပိုင်းများတွင် လာဘ,နေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

အထူးမှာ (၈-၁၁-၂၀၁၆) နံနက်(၅း၀၁း၃၄)နာရီမှ (၉-၁၁-၂၀၁၆) နံနက်(၅း၂၀း၂၇)နာရီ အတွင်းတွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၈-၁၁-၂၀၁၆) မွန်းလွဲ(၁၂း၃၂း၁၅)နာရီမှ (၁း၁၈း၁၆) နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၈-၁၁-၂၀၁၆) ည(၆း၁၁း၅၆)နာရီမှ (၇း၀၃း၃၄) နာရီအတွင်းတို့တွင် လာဘ,နေဆိုင်ရာ ကိစ္စများ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

www.burmeseclassic.com

## (၂၀၁၆)ခုနှစ်၊ နိုဝင်ဘာလအတွင်း

[illegible]

| ရက် | ဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၂း၅၉း၄၆ | ၁၃း၄၅း၄၇ |
| ၂ | ၁၂း၅၅း၅၀ | ၁၃း၄၁း၅၁ |
| ၃ | ၁၂း၅၁း၅၄ | ၁၃း၃၇း၅၅ |
| ၄ | ၁၂း၄၇း၅၈ | ၁၃း၃၄း၀၀ |
| ၅ | ၁၂း၄၄း၀၂ | ၁၃း၃၀း၀၄ |
| ၆ | ၁၂း၄၀း၀၇ | ၁၃း၂၆း၀၈ |
| ၇ | ၁၂း၃၆း၁၁ | ၁၃း၂၂း၁၂ |
| ၈ | ၁၂း၃၂း၁၅ | ၁၃း၁၈း၁၆ |
| ၉ | ၁၂း၂၈း၁၉ | ၁၃း၁၄း၂၀ |
| ၁၀ | ၁၂း၂၄း၂၃ | ၁၃း၁၀း၂၄ |
| ၁၁ | ၁၂း၂၀း၂၇ | ၁၃း၀၆း၂၈ |
| ၁၂ | ၁၂း၁၆း၃၁ | ၁၃း၀၂း၃၂ |
| ၁၃ | ၁၂း၁၂း၃၅ | ၁၂း၅၈း၃၆ |
| ၁၄ | ၁၂း၀၈း၃၉ | ၁၂း၅၄း၄၁ |
| ၁၅ | ၁၂း၀၄း၄၃ | ၁၂း၅၀း၄၅ |
| ၁၆ | ၁၂း၀၀း၄၈ | ၁၂း၄၆း၄၉ |
| ၁၇ | ၁၁း၅၆း၅၂ | ၁၂း၄၂း၅၃ |
| ၁၈ | ၁၁း၅၂း၅၆ | ၁၂း၃၈း၅၇ |
| ၁၉ | ၁၁း၄၉း၀၀ | ၁၂း၃၅း၀၁ |
| ၂၀ | ၁၁း၄၅း၀၄ | ၁၂း၃၁း၀၅ |
| ၂၁ | ၁၁း၄၁း၀၈ | ၁၂း၂၇း၀၉ |
| ၂၂ | ၁၁း၃၇း၁၂ | ၁၂း၂၃း၁၃ |
| ၂၃ | ၁၁း၃၃း၁၆ | ၁၂း၁၉း၁၇ |
| ၂၄ | ၁၁း၂၉း၂၀ | ၁၂း၁၅း၂၂ |
| ၂၅ | ၁၁း၂၅း၂၄ | ၁၂း၁၁း၂၆ |
| ၂၆ | ၁၁း၂၁း၂၉ | ၁၂း၀၇း၃၀ |
| ၂၇ | ၁၁း၁၇း၃၃ | ၁၂း၀၃း၃၄ |
| ၂၈ | ၁၁း၁၃း၃၇ | ၁၁း၅၉း၃၈ |
| ၂၉ | ၁၁း၀၉း၄၁ | ၁၁း၅၅း၄၂ |
| ၃၀ | ၁၁း၀၅း၄၅ | ၁၁း၅၁း၄၆ |

## (၂၀၁၆)ခုနှစ်၊ နိုဝင်ဘာလအတွင်း

[illegible]

| ရက် | ဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၈း၃၉း၂၇ | ၁၉း၃၁း၀၅ |
| ၂ | ၁၈း၃၅း၃၁ | ၁၉း၂၇း၀၉ |
| ၃ | ၁၈း၃၁း၃၅ | ၁၉း၂၃း၁၄ |
| ၄ | ၁၈း၂၇း၃၉ | ၁၉း၁၉း၁၈ |
| ၅ | ၁၈း၂၃း၄၃ | ၁၉း၁၅း၂၂ |
| ၆ | ၁၈း၁၉း၄၈ | ၁၉း၁၁း၂၆ |
| ၇ | ၁၈း၁၅း၅၂ | ၁၉း၀၇း၃၀ |
| ၈ | ၁၈း၁၁း၅၆ | ၁၉း၀၃း၃၄ |
| ၉ | ၁၈း၀၈း၀၀ | ၁၈း၅၉း၃၈ |
| ၁၀ | ၁၈း၀၄း၀၄ | ၁၈း၅၅း၄၂ |
| ၁၁ | ၁၈း၀၀း၀၈ | ၁၈း၅၁း၄၆ |
| ၁၂ | ၁၇း၅၆း၁၂ | ၁၈း၄၇း၅၀ |
| ၁၃ | ၁၇း၅၂း၁၆ | ၁၈း၄၃း၅၅ |
| ၁၄ | ၁၇း၄၈း၂၀ | ၁၈း၃၉း၅၉ |
| ၁၅ | ၁၇း၄၄း၂၄ | ၁၈း၃၆း၀၃ |
| ၁၆ | ၁၇း၄၀း၂၈ | ၁၈း၃၂း၀၇ |
| ၁၇ | ၁၇း၃၆း၃၃ | ၁၈း၂၈း၁၁ |
| ၁၈ | ၁၇း၃၂း၃၇ | ၁၈း၂၄း၁၅ |
| ၁၉ | ၁၇း၂၈း၄၁ | ၁၈း၂၀း၁၉ |
| ၂၀ | ၁၇း၂၄း၄၅ | ၁၈း၁၆း၂၃ |
| ၂၁ | ၁၇း၂၀း၄၉ | ၁၈း၁၂း၂၇ |
| ၂၂ | ၁၇း၁၆း၅၃ | ၁၈း၀၈း၃၁ |
| ၂၃ | ၁၇း၁၂း၅၇ | ၁၈း၀၄း၃၆ |
| ၂၄ | ၁၇း၀၉း၀၁ | ၁၈း၀၀း၄၀ |
| ၂၅ | ၁၇း၀၅း၀၅ | ၁၇း၅၆း၄၄ |
| ၂၆ | ၁၇း၀၁း၀၉ | ၁၇း၅၂း၄၈ |
| ၂၇ | ၁၆း၅၇း၁၄ | ၁၇း၄၈း၅၂ |
| ၂၈ | ၁၆း၅၃း၁၈ | ၁၇း၄၄း၅၆ |
| ၂၉ | ၁၆း၄၉း၂၂ | ၁၇း၄၁း၀၀ |
| ၃၀ | ၁၆း၄၅း၂၆ | ၁၇း၃၇း[illegible] |



www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၁]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက်ရှိုင်းတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလင်္ဂကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလင်္ဂကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလင်္ဂ သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လင်္ဂအတိုင်းပင် ယောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လင်္ဂ |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လင်္ဂ |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လင်္ဂ |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လင်္ဂ |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | [illegible] |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
နွှန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible] - ၇:၂၅ | ပြိဿ |
| [illegible] - ၉:၂၅ | မေထုန် |
| [illegible] - ၁၁:၂၅ | ကရကဋ် |
| [illegible] - ၁၃:၂၅ | သိဟ် |
| [illegible] - ၁၅:၂၅ | ကန် |
| [illegible] - ၁၇:၂၅ | တူ |
| [illegible] - ၁၉:၂၅ | ဗြိစ္ဆာ |
| [illegible] - ၂၁:၂၅ | ဓနု |
| [illegible] - ၂၃:၂၅ | မကာရ |
| [illegible] - ၁:၂၅ | ကုမ် |
| [illegible] - ၃:၂၅ | မိန် |
| [illegible] - ၅:၂၅ | မိဿ |

နွှန်လ (၁၅)ရက်မှ
နှုလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible] - ၇:၅၀ | ကန် |
| [illegible] - ၉:၅၀ | တူ |
| [illegible] - ၁၁:၅၀ | ဗြိစ္ဆာ |
| [illegible] - ၁၃:၅၀ | ဓနု |
| [illegible] - ၁၅:၅၀ | မကာရ |
| [illegible] - ၁၇:၅၀ | ကုမ် |
| [illegible] - ၁၉:၅၀ | မိန် |
| [illegible] - ၂၁:၅၀ | မိဿ |
| [illegible] - ၂၃:၅၀ | ပြိဿ |
| [illegible] - ၁:၅၀ | မေထုန် |
| [illegible] - ၃:၅၀ | ကရကဋ် |
| [illegible] - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၆)ခုနှစ်၊ နိုဝင်ဘာလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### [illegible]လဂ် (Aries)



ကျန်းမာရေး ကောင်းနေမည်။ အလုပ်အကိုင် မကောင်းချင်သော်လည်း လုပ်ငန်း၌ ပျော်ရွှင်မှုရှိနေ၍ အတော်အသင့် ကောင်းမွန်နေမည်။ လုပ်ငန်းခွင်တွင် [illegible]အမှုး ဖြစ်လာတတ်၏။ မည်သည့်အနေအထား [illegible]ဖြစ်စေ ယခုလတွင် သင့်ကံကြမ္မာအနေအထား [illegible]ကဲနေမည်။ အစိုးရဖြစ်ဖြစ်၊ ပုဂ္ဂလိကဖြစ်ဖြစ် ပညာရေးနှင့်ပတ်သက်တဲ့ ကဏ္ဍတွင် ဖက်စပ်လုပ်ငန်းဟူသမျှ အကျိုးပေးမကောင်း၊ အဆင်မပြေနိုင်ချေ။ ရန်သူဆန့်တဲ့ အတိုက်အခံကြောင့် ဂုဏ်သိက္ခာကျဆင်းရတတ်၏။ လက်ထပ်ရန် ကြိုးစည်နေသူများ ပထမပတ်လွန်မှ အဆင်ပြေသွားမည်။ တရားဟော၊ စာဟော၊ စည်းရုံးရေး စတဲ့ ဟောပြောရေးလုပ်ငန်းများ ရပ်တန့်သွားမည်။ အချစ်ကို လက်တည့်စမ်းချင်နေသည့် လူငယ်များ မှားပြီးရင်း မှားတတ်တဲ့ ကာလမို့ ရှောင်ပါလေ။ ငွေကြေးနှင့်ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com

လာလျှင် စာရင်းအင်း လက်မှတ်ထိုးခြင်းများ အထူးသတိထား ဆောင်ရွက်ပါ။ တစ်ချက်တည်းနှင့် ဘဝပျက်သွားနိုင်ပါသည်။ အတတ်ပညာ၊ အသိပညာ၊ နည်းပညာဆိုင်ရာ သင်တန်းတက်ရောက်ရန် ကြံစည်သူများ ယခုလမတက်ဖြစ်သေးပါ။ စာပေအနုပညာနှင့် အလှပြင် အလှဆင်၊ အလှကုန်ဆိုင်ရာ ထုတ်လုပ်ဖြန့်ချိ၊ရောင်းဝယ်ဖောက်ကား၊ သရုပ်ဆောင်၊ ဟန်ပြ အားလုံး ဒုတိယပတ်လောက်မှ အသက်ရှူချောင်သွားမည်။ (၁၃၊ ၁၄)ရက်များသည် သင့်အတွက် ကံကောင်းရက်များ ဖြစ်သည်။

ယတြာ

ကြာသပတေးနေ့ဖွား ဘုရားလေးဆူအား ရည်မှန်းကာ ပေါင်မုန့်ဆွမ်း ကပ်လှူလိုက်ပါ။ အရာရာ အဆင်တပြေလေး ဖြစ်သွားလိမ့်မည်။

## ပြိဿလဂ် (Taurus)



ငါ့ဘဝက မလွယ်ပါလားလို့ ညည်းညူနေရတတ်ပါသည်။ အိမ်ထောင်ဖက်က တစ်မျိုး၊ သားသမီးက တစ်ဖုံ၊ အဝေးက တစ်မျိုး၊ အနီးက တစ်ဖုံအာရုံနောက်နေတတ်၏။ ဘဝကို ပြဇာတ်တစ်ပုဒ်လိုပဲ သဘောထားပါ။ တစ်ခန်းမရပ်ဘဲ တစ်စပ်တည်း ထင်နေရင် ဒုက္ခပိုပြင်းလာလိမ့်မည်။ ဝါသနာပဲပြောပြော၊ အာပလာပဲပြောပြော၊ ဗေဒင်ဆရာကိုပဲ အပြစ်မြင်မြင်၊ သင် နှစ်သက်ရာ သီချင်းတစ်ပုဒ် ဆိုညည်းလိုက်ပါ။ ကိုယ်ရော စိတ်ပါ ပေါ့ပါးသွားပြီး လောကကြီးက အဆင်ပြေနေလိုက်တာလို့ သင်ထင်လာရပေမည်။ အချစ်စစ်အချစ်မှန်ရှာနေသူများ တွေ့လိမ့်မည်။ ယခင်က မအောင်မြင်တဲ့ပညာရေး အောင်မြင်လာမည်။ ဆုံးရှုံးခံထားရတဲ့ ငွေကြေးများ ပြန်ရတတ်ပါသည်။ အိုးအိမ်နေရာဒေသနှင့် ပတ်သက်တဲ့ ကိစ္စများကို (၁၆)ရက်လွန်မှ လုပ်ပါ။ မိမိအား အပြုတ်တိုက်ချင်သူအား သင် ယုံကြည်နေမိတတ်သည်။ (၁၁၊ ၁၂)ရက်များတွင် လက်ဆောင်ကောင်းတစ်ခုရတတ်ပြီး (၁၅၊ ၁၆)ရက်များတွင် ကိုယ်ရောစိတ်ပါ သေချာပေါက် ပျော်ရွှင်ရလိမ့်မည်။ လဆန်းစနှင့် လကုန်ခါနီးတွင် မျှော်လင့်ချက်များ ရုပ်သိမ်းပြီး တည်ငြိမ်အေးဆေးစွာ နေလိုက်ပါ။

ယတြာ

တနင်္လာနေ့ တစ်နေ့တွင် ကြောင်ဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ် အစာဝအောင် ကျွေးလိုက်ပါ။ ပြီးလျှင် ခြေလက်သန့်စင်အောင် ဆေးလိုက်ပါ။

## မေထုန်လဂ် (Gemini)



ချစ်ကြိုက်၊ ကွဲပြဲ၊ ဝေးဝေး၊ ဆွေး... တဲ့ အချစ်သံသရာ လည်နေမည်။ ... သော် မိန်းမမှာ မာယာ၊ ယောကျ်ား... ပညာ သုံးတတ်ပါမူကား လကုန်ခါ... တစ်ရက်၊ နှစ်ရက်အလိုမှာ အဆင်တပြေ ပြန်ဖြစ်သွား... မည်။ ကျန်းမာရေးလည်းကောင်း၊ အလုပ်အကိုင်လည်း... ကောင်းနေသော်လည်း ဆန့်ကျင်ဘက်များကြောင့် သင်... စိတ်ဓာတ်ကျနေတတ်သည်။ သိက္ခာကျမည်စိုး၍ တိုက်... ခိုက်လေလေ သိက္ခာကျလေ ဖြစ်တတ်၍ မတိုက်ခိုက်... ကိုယ့်အလုပ်ကိုယ် လုပ်ပါလေ။ ပူလောင်မှုမကင်းတဲ့ ... ငွေအချို့ ဝင်နေတတ်သည်။ ကိုယ်ပိုင်စည်းကမ်း ကောင်း... မွန်ပါက ပြဿနာတစ်စုံတစ်ရာ မဖြစ်နိုင်၍ လက်ခံလို... ခံနိုင်ပါသည်။ နေအိမ်နေရာဒေသ ခက်ခဲနေသူများ အဆင်... တပြေ ဖြစ်သွားမည်။ မပူပါနှင့်။ သားသမီးအရေး နှ... မအေးနိုင် ဖြစ်နေရတတ်၏။ အစာအိမ်၊ အူရောင်ငန်းနာ... ဖြစ်ဖူးသူများ အနာဟောင်း ပြန်ပေါ်တတ်ပါသည်။ ... အနုပညာ၊ စိန်ရွှေငွေရတနာ တွင်းထွက်ပစ္စည်း လုပ်... ရှင်များ အထူးအောင်မြင်နေမည်။ ဥပဒေနှင့် မကင်း... လုပ်ငန်းများ မလုပ်သင့်တဲ့ ကာလပါ။ ဘာပဲလုပ်... (၁၇၊ ၁၈)နှင့် (၂၆၊ ၂၇)ရက်များကို ဆောင်ပါ။

ယတြာ

ဗုဒ္ဓဟူးထောင့် ဂြိုဟ်တိုင်ဘုရားတွင် မုန့်လုံး ရေ... (၇)လုံး ကပ်လှူပါ။ အညှို့အဆိုးများ ကင်းစင်သွား... လိုအင်ဆန္ဒ ပြည့်ဝပေလိမ့်မည်။

## ကရကဋ်လဂ် (Cancer)



ဂုဏ်သိက္ခာရှိရှိနှင့် ဝင်ငွေကောင်း... မည်။ အချစ်ရေးကြောင့် အနည်း... ပူလောင်ရတတ်၏။ လုပ်ငန်းခွင်... အောင်မြင်သူတစ်ယောက် ဖြစ်နေ...



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုလိုသူများ အိမ်ထောင်ကျတတ်ပါသည်။ ဘာကယ့်စစ်မှန်သောအချစ်၊ မြတ်နိုးဖွယ်ရာ အိမ်ထောင်ဖက်များနှင့် တွေ့ရတတ်ပါသည်။ အကြံပေးချင်တာက မိမိတွေးတောပူပန်မှုကို တစ်ဖက်သား မသိစေပါနှင့်။ ငွေကောင်းသော်လည်း သင့် ဗျာများနေ၍ စုငွေများ ချွက်နေတတ်သည်။ ဣန္ဒြေရရ နေခြင်းသည် သင့်အတွက် ပီယဆေးသဖွယ် ဖြစ်လိမ့်မည်။ (၂၊ ၃)နှင့် (၉၊ ၁၀)ရက်များတွင် အချစ်ရေး၊ ပညာရေး၊ ငွေကြေးကိစ္စများ မဆောင်ရွက်ပါနှင့်။ ဆောင်ရွက်လျှင် မိမိဘက်က အနစ်နာခံရလိမ့်မည်။ ထိုရက်များအတွင်း ကလေးမွေးပါက ခက်ခဲစွာမွေးရမည်။ အိမ်ခန်းရောင်းဝယ်လိုသူများ (၁၆)ရက်ကျော်မှ ရောင်းဝယ်ပါ။ ရေသန့်၊ ရေသန့်စက်ပစ္စည်း ရောင်းဝယ်သူများ အထူးအကျိုးအမြတ်ရှိမည်။ မှန့်မျိုးစုံ ထုတ်လုပ်ဖြန့်ချိရောင်းချသူများ အလုပ်အကိုင်ရော ဝင်ငွေပါ ကောင်းနေမည်။ ဖုန်းနှင့် ဖုန်းအပိုပစ္စည်း အရောင်းဆိုင်များ ရောင်းအားကောင်းမည်။ ဖခင် ကျန်းမာရေး မေ့မထားပါနှင့်။ ဆေးကုမ္ပဏီများ သိသိသာသာ မြတ်စွန်းမည်။ ရေနံ၊ ဓာတုနှင့် ပတ်သက်တဲ့ လုပ်ငန်းရှင်များ တစ်ခုမဟုတ်တစ်ခု ပြဿနာတက်လာတတ်ပါသည်။

**ယတြာ**

ကိုယ်တိုက်ဆပ်ပြာ (၃)ခဲကို အင်္ဂါသား ရှင်ရဟန်းတစ်ပါးပါးအား လှူဒါန်းလိုက်ပါ။ အညံ့အဆိုးများ ကင်းစင်သွားပါလိမ့်မည်။

## သိဟ်လဂ် (Leo)



ရည်ရွယ်တိုင်း ဖြစ်မလာ၍ စိတ်ဆင်းရဲနေရတတ်၏။ ကျန်းမာရေးလည်း စိတ်တိုင်းမကျ ဖြစ်နေမည်။ အထူးအားဖြင့် ဝမ်းဗိုက်နှင့် ပတ်သက်တဲ့ ဝေဒနာ၊ ဦးခေါင်းနှင့်ပတ်သက်တဲ့ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ပါသည်။ မိမိတာဝန်ဝတ္တရားကို မထမ်းဆောင်ချင်စိတ် ပေါက်နေတတ်သည်။ ဘုန်းကြီးရဟန်းဆိုပါက မာတုဂါမ ဖျက်တတ်သည်။ လူဝတ်ကြောင်များသူများအိမ်ရာကို ကျူးကျော်မိတတ်သည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ အလုပ်အဆင်ပြေမည်။ ဝန်ထမ်းဖြစ်က နေရာဒေသ၊ အလုပ်အကိုင် ပြောင်းလဲရကိန်းရှိပါသည်။ အသရေပျက်လောက်အောင် ပြဿနာတက်တတ်၏။ တတိယပတ်ကစပြီး လုပ်ငန်းမှ ဝင်ငွေ ဖြည်းဖြည်းချင်း ဝင်လာမည်။ အချစ်အတွက် ငွေစုနေသူများ (၈)ရက်နောက်ပိုင်းမှ စုမိမည်။ ပညာသင် ကျောင်းသားလူငယ်များ မှတ်ဉာဏ်ထက်သန်ပြီး စာရလွယ်မည်။ သူတစ်ပါး စွပ်စွဲခံရကိန်း ရှိနေ၍ ကိုယ်ကျင့်တရားကို ဆောက်တည်ပါ။ တစ်လုံးလိုလို အကြင်နာသံယောဇဉ် ကင်းမဲ့ပြီး သင့်စိတ် ခက်ထန်ကြမ်းတမ်းနေတတ်၏။ ငါ့စိတ်တွေ ကြမ်းတမ်းနေတယ်လို့ပဲ မှတ်လိုက်ပါ။ အစဉ်အာန်ကျင့်စဉ်ဖြင့် ဘဝခရီးသွားသူများ နည်းလမ်းမကျဘဲ မှားယွင်းနေတတ်ပါသည်။ (၂၁၊ ၂၂၊ ၂၃)ရက်များကို ဆောင်ပြီး (၆၊ ၇၊ ၈)ရက်များကို ရှောင်ပါ။

**ယတြာ**

အမှောင်ထဲတွင် ထိုင်စဉ်းစားပြီး မိမိစိတ်တွင် လှူချင်လာတဲ့ အရာကို လှူဖြစ်အောင် လှူလိုက်ပါ။

## ကန်လဂ် (Virgo)



ကုသိုလ်ဖန် ရေကန်အသင့် ကြာအသင့်ဆိုသကဲ့သို့ ရွှေကုန်သည်များ၊ ရွှေပန်းထိမ်များကတော့ မှတ်ဆိတ်ကို ပျားစွဲတဲ့ ဘဝပါပဲ။ ပညာရေးဝန်ထမ်းများ၊ ကျောင်းဆရာ/ဆရာမများ၊ စစ်သည်တော်များ ကျားကုတ်ကျားခဲ ကြိုးစားသည့်ကြားက မလိုလားအပ်တဲ့ သတင်းဆိုးများ ထွက်လာတတ်၍ တာဝန်မှအပ စေတနာမကြွမိအောင် သတိထားပါလေ။ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်းရုံးရေးမှူးများ အထူးအောင်မြင်ကျော်ကြားမည်။ နိုင်ငံခြားပညာသင် သွားလိုသူများ လွယ်ကူချောမွေ့စွာ အောင်မြင်သွားမည်။ အလုပ်သွားလုပ်လိုသူများကတော့ အသွားခရီး လွယ်ကူချောမွေ့ပေမယ့် ရောက်ပြီးမှ မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်ပါသည်။ သားရေး၊သမီးရေး အတွက် စိုးရိမ်ပူပန်မှု ယခင်ထက် မြင့်တက်နေမည်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိရော အောက်လက်ငယ်သားများ အာဏာပါဝါ ကျဆင်းတတ်ပါသည်။ အားကစားနှင့် ကာယပညာဆိုင်ရာ ဝန်ထမ်းများ၊ ပန်းဆိုင်အရောင်းဆိုင်များ ဝင်ငွေကောင်းမည်။ ပဲမျိုးစုံ ရောင်းဝယ်သူများ၊ ပဲတောင်သူများ ပြုံးပျော်နိုင်ပြီ။ (သာ



www.burmeseclassic.com


www.burmeseclassic.com

၁၂)နှင့် (၂၄၊ ၂၅)ရက်များကို ဆောင်ပြီး (၁၃၊ ၁၄)ရက်များကို ရှောင်ပါ။

**ယတြာ**

ရေတွင်း၊ ရေကန်ဟောင်းများ ပြုပြင်ရာတွင် မိမိနိုင်သလောက် အလှူငွေထည့်ဝင် လှူဒါန်းလိုက်ပါ။ အညံ့အဆိုးများ ကင်းစင်သွားလိမ့်မည်။

## တူလာ (Libra)



အောင်မြင်မလိုလိုနှင့် ကျဆုံးခြင်းနှင့် ရင်ဆိုင်ရတတ်ပါသည်။ သတင်းကောင်း ကြားရတော့မလိုလို ဖြစ်နေပြီးမှ လွဲသွားရတတ်ပါသည်။ ပညာသင်အရွယ်များဆိုပါက အကြင်နာ၊ သံယောဇဉ်၊ အချစ်ဆိုတဲ့ စကားလုံးများနှင့် ဝေးလေ ကောင်းလေပင်။ မဝေးနိုင်သူများ မူးယစ်ဆေးဝါးဘက် စိတ်လည်သွားပြီး မှားပြီးရင်းမှားနေလိမ့်မည်။ အားကစားသမားများ ပြိုင်ဘက်ကို အနိုင်ရလိမ့်မည်။ မည်သူမဆို တူလာသမားများ ဒူးခေါင်းမှာ ထိခိုက်ဒဏ်ရာ ရတတ်သဖြင့် အတက်အဆင်း၊ အသွားအလာ ဆင်ခြင်ပါလေ။ ပထမပတ်မှာ အစစအရာရာ သိပ်အဆင်မပြေဖြစ်နေ၍ စိတ်ဓာတ်ကျနေတတ်၏။ (၈)ရက်နောက်ပိုင်း မိမိကိုယ်ကိုမိမိ စိတ်တိုင်းကျဖြစ်အောင် ကြိုးစားလာလိမ့်မည်။ သရုပ်ဆောင် အနုပညာရှင်များဆိုပါက အလုပ်တွင် ဈာန်ဝင်စားပြီး ပျော်ရွှင်နေတတ်၏။ သနပ်ခါးကုန်သည်များ မယုံနိုင်လောက်အောင် ဝင်ငွေကောင်းနေမည်။ စာပေသမားများတော့ သိပ်အဆင်မပြေနိုင်ပါ။ လက်ထပ်မင်္ဂလာ ပြုလိုသူများ လွယ်လွယ်နှင့် အဆင်မပြေနိုင်။ စကားခိုက်ရန် အနည်းငယ်ဖြစ်ရပြီးမှ အဆင်ပြေသွားမည်။ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၊ ဆေးဆိုင်များ ပြဿနာကြုံရတတ်ပါသည်။ ဘာပဲလုပ်လုပ် သင့်စိတ်တွေ အရမ်းမြန်နေလိမ့်မည်။ လူသိမခံချင်တဲ့ လုပ်ငန်းတွေက ဝင်ငွေပိုကောင်းနေမည်။ (၉၊ ၁၀)နှင့် (၁၇၊ ၁၈)ရက်များကိုဆောင်၊ (၂၄၊ ၂၅)ရက်များကို ရှောင်ပါ။

**ယတြာ**

ဘဲဥ(၃)လုံးကြော်ပြီး ဆွမ်းလောင်းလိုက်ပါ။ စိတ်မချမ်းမြေ့ဖွယ်ရာများ သင်နှင့် သင့်မိသားစုမှ ဝေးရာသို့ ထွက်ခွာသွားလိမ့်မည်။

## ဗြိစ္ဆာ (Scorpio)



အလုပ်တွင် အကြီးအကဲကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်၏။ အခန့်မသင့်ပါက အလုပ်ပြုတ်သွားတတ်ပါသည်။ ဖခင်ကျန်းမာရေး မကောင်းတဲ့သတင်း ကြားရတတ်၏။ ကြားခဲ့လျှင် ဆေး (သို့မဟုတ်) ဓာတ်စာ တစ်ခုခု ဝယ်ထည့်ပေးလိုက်ပါ။ လိုက်မသွားပါနှင့်။ လိုက်သွားလျှင် ပိုဆိုးတတ်ပါသည်။ ကိုယ်တိုင်လည်း ကျန်းမာရေးညံ့နေတတ်ပါသည်။ တစ်ခါတစ်ရံ လူတိုင်းကို ဆန့်ကျင်ဘက် မြင်နေတတ်၏။ တစ်ခါတစ်ရံမှာတော့ ကိုယ်ပိုင်စည်းကမ်း ကိုယ်ကျင့်တရားလေးနှင့် အေးအေးလူလူ နေလိုစိတ်ရှိနေမည်။ ဘာပဲပြောပြော ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲတွေ့တွေ့ သင့်အနားတွင် သင့်ချစ်သူ ရှိနေတတ်ပါသည်။ ငွေကြေးလည်း ပြေလောက်အောင် မခက်ခဲပါ။ အိမ်ထောင်ရှင်များဆိုပါက စိတ်ချမ်းသာမှု အပြည့်အဝ မရနိုင်တာ သေချာပါသည်။ အဖေ (သို့မဟုတ်) အိုးအိမ်ကိစ္စကို အခြေခံပြီး ပြဿနာဖြစ်တတ်ပါသည်။ ဗေဒင်ဆရာ၊ စာရေးဆရာ၊ တရားဟောဘုန်းကြီး စတဲ့ ပါးစပ်ဖြင့် ရင်းနှီးလုပ်ကိုင်ရသူများ စကားကြောင့် ပြဿနာတတ်၊ စကားကြောင့်ပဲ လာဘ်လာဘ နည်းပါးနေတတ်ပါသည်။ လဆန်း(၃)ရက်၊ လဆုတ်(၃)ရက်ကို ကံကောင်းရက်များအဖြစ် ဆောင်ထားလိုက်ပါ။

**ယတြာ**

ရေသန့်(၈)ဘူး၊ သစ်သီးစုံဓာတ်ဆား(၈)ထုပ် ဝယ်ပြီး ရဟန်းအိုတစ်ပါးအား လှူလိုက်ပါ။ ပေးတဲ့ဆုနှင့် မပြည့်လည်း တောင်းတဲ့ဆုနှင့် ပြည့်လိမ့်မည်။

## ဓနု (Sagittarius)



အလုပ်အကိုင်ရော ကျန်းမာရေးပါ ကောင်းမွန်နေမည်။ မိခင်နှင့်ပတ်သက်ပြီး စိတ်ချမ်းသာမှု ရလိမ့်မည်။ စာပေ အနုပညာ လုပ်ငန်းလုပ်ကိုင်သူများ အခြားလုပ်ငန်းရှင်များထက် အဆင်ပြေနေမည်။ ပညာရပ်ဆိုင်ရာ သင်တန်းပို့ချနေသူများ ထူးထူးခြားခြား ဝင်ငွေ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းနေမည်။ နာရီရောင်းဝယ်သူများ၊ အထည်အလိပ် ရောင်းသည်များ အမြတ်အစွန်း နည်းပါးနေမည်။ ကျောင်းသားလူငယ် ပညာသင်အရွယ်များ သူများထက် နစ်ဆကြိုးစားမှ တော်ကာကျမည်။ ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ယခင်လထက် ပိုပြီးစုမိဆောင်းမိရှိမည်။ ရင်သတ်၊ ရင်အုပ်တွင် မထင်မှတ်ဘဲ အသေးစားခွဲစိတ်ကုသ ခံယူရတတ်ပါသည်။ သို့မဟုတ် အမှုအခင်းပြဿနာဖြစ်ပြီး သိက္ခာကျရတတ်ပါသည်။ သားရေး၊သမီးရေးကြောင့် စုငွေများ ထုတ်သုံးနေရမည်။ ယခင်နှင့်မတူသော ပုံစံမှုဖြင့် သားသမီးပညာရေးမှာ ဝင်ရောက်ပူပန်နေရမည်။ ပြိုင်ဘက်တွေ့လျှင် ကျော်လွှားအောင်မြင်နိုင်ပြီး လုပ်ငန်းခွင်တွင် နာမည်ဂုဏ်သတင်း ကျော်စောနေတတ်သည်။ (၄၊ ၅၊ ၆)နှင့် (၂၁၊ ၂၂၊ ၂၃)ရက်များကို ကံကောင်းရက်များအဖြစ် ဆောင်ပါလေ။

ယတြာ

ပေါက်စီ(၅)လုံးဝယ်ပြီး ဆွမ်းခံကိုယ်တော် တစ်ပါးပါးကို လောင်းလှူလိုက်ပါ။ အကြောင်းကို မသိရပေမယ့် အကျိုးထင်ရှားလာလိမ့်မည်။

## မကာရလဂ် (Capricon)



ဖွဲ့၊လုံ့လ၊ဝီရိယလည်းကောင်း၊ ဝင်ငွေလည်း အထူးကောင်းနေမည်။ ကျန်းမာရေး ကောင်းနေမည်။ ရည်မှန်းချက်များ အောင်မြင်မည်။ အလုပ်က ဝင်ငွေ ကောင်းနေမည်။ ဂုဏ်သိက္ခာ တိုးတက်မြင့်မားမည်။ ဂုဏ်သိက္ခာရအနေဖြင့်ရသော လာဘ်လာဘ အားနည်းမည်။ ပညာသင်လူငယ်များ ပညာရေးတွက် အခက်အခဲရှိ အဆင်တပြေ အောင်မြင်သွားမည်။ အချစ်ရေး စတင်ကြိုက်ချင်နေသူများ (၁၄၊ ၁၅၊ ၁၆)ရက် (၃)ရက်အတွင်း ကြိုးစားပါ၊ အဆင်ပြေသွားလိမ့်မည်။ မြားတစ်စင်းတည်းနှင့် ငှက်နှစ်ကောင်ကို တစ်ပြိုင်တည်း ပစ်သကဲ့သို့ ပညာရေးရော အချစ်ရေးပါ ပူးတွဲရှာသူများကတော့ ကဏန်းလည်းမရ၊ ခွန်းလည်းမရ ဖြစ်သွားတတ်ပါသည်။ ယခုလတွင် အထက်လူကြီးဆိုပြီး သိပ်မယုံနှင့်။ ဝန်မင်းမ၊စမှ မောင်ကျရကိန်း ဆိုက်သွားလိမ့်မည်။ တရားမျှတစေလိုသည့် စေတနာကြောင့် ဦးခေါင်း (သို့မဟုတ်) ဒူးခေါင်း သွေးထွက်ရတတ်၏။ ထို့ကြောင့် မဆိုင်လျှင် စေတနာမပိုမိပါစေနှင့်။ စိတ်တိုင်းမကျတဲ့ အိမ်အိုအိမ်ဟောင်း တစ်ခုသို့ ပြောင်းရွှေ့ရတတ်၏။ ခဏပါ၊ နောက်ပိုင်း စိတ်တိုင်းကျသွားလိမ့်မည်။ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းရှင်များ၊ သစ်လုပ်ငန်းရှင်များ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများ အလုပ်အကိုင် ဝင်ငွေ လာဘ်လာဘ ကောင်းနေမည်။ (၆၊ ၇၊ ၈)နှင့် (၁၅၊ ၁၆)ရက်များကိုဆောင်၊ (၄၊ ၅၊ ၆)ရက်များကို ရှောင်ပါလေ။

ယတြာ

ထမင်းအိုး၊ ဟင်းအိုး၊ မီးပူအဟောင်းများ ရှိနေပါက တစ်ခုမဟုတ်တစ်ခု စွန့်ပစ်လိုက်ပါ။ ကံမြင့်ပြီး ဘဝတင့်တယ်သွားလိမ့်မည်။

## ကုမ်လဂ် (Aquarius)



လက်လုပ်လက်စားများ ယခင်ထက် အခက်အခဲ ကြုံရတတ်ပါသည်။ အိမ်ထောင်ရှင်များ မသိနားမလည်မှုကို အခြေခံပြီး အမှိုက်ကစ ပြဿနာဒ်မီးလောင်တတ်ပါသည်။ ယခုလတွင် မိမိအပြုအမူကြောင့် အိမ်ထောင်ဖက် လမ်းမှားသို့ ရောက်သွားနိုင်၍ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်များကို အထူးဂရုပြုပါ။ သူများနှင့် ပေါင်းပြီး ဖက်စပ်လုပ်ကိုင်ရန် မစဉ်းစားပါနှင့်။ ဖက်စပ်ကနောက် ပြဿနာကရှေ့ ဖြစ်နေတတ်ပါသည်။ မှတ်ဉာဏ်များ အားကောင်းပြီး စုငွေများလည်း အသင့်အတင့် စုဆောင်းမိပေမည်။ ဘာကြောင့်ညာကြောင့် မတွေးပါနှင့်။ လဆန်း(၃)ရက် လကုန်(၃)ရက်အတွင်း လူကြီးသူမ လာရောက်မ၊စလိမ့်မည်။ မိခင်ထံမှ အကူအညီရတတ်၏။ နေအိမ်နှင့် ပတ်သက်ပြီး စိတ်ချမ်းသာမှု ရလိမ့်မည်။ အကြင်နာလိုချင်သူများ အကြင်နာတောမှာ ပျော်ရတတ်ပါသည်။ ယခင် ဆုံးရှုံးနစ်နာထားသည်များ ပြန်လည်ရရှိမည်။ ရပ်တန့်ထားတဲ့ လုပ်ငန်းများ ပြန်လည်လုပ်ဖြစ်မည်။ (၉၊ ၁၀)နှင့် (၁၇၊ ၁၈)ရက်များကို ဆောင်၊ (၆၊ ၇၊ ၈)ရက်များကို ရှောင်ပါ။

ယတြာ

ဆီးသီး(၃)ဘူးဝယ်ပြီး မိမိထက်ငယ်သူများကို ကျွေး

www.burmeseclassic.com

www.burmeseclassic.com

မွေးလိုက်ပါ။ အညံ့အဆိုးများ ကင်းစင်ပြီး အောင်မြင်မှု တွေ ရလာလိမ့်မည်။

## မိန်လဂ် (Pisces)



အကြောင်းရှာတော့ ခေါင်းမှာချာချာ လည် ဆိုတဲ့ သီချင်းလိုပဲ ငွေကြောင့် ခေါင်းနောက်နေရမည်။ ဂုဏ်သိက္ခာ ကို အဖတ်ဆယ်ရင်း ဘဝကို ရုန်းကန် နေရလိမ့်မည်။ ဝန်ထမ်းဆိုပါက ဌာနဆိုင်ရာ အကြီးအကဲ နှင့် သိပ်အဆင်မပြေချင်ပါ။ လခွဲလောက်ထိ ဒုက္ခပေးပြီး မှ ပျားရည်နှင့် ဝမ်းချလာတတ်၏။ သတိထားနိုင်မှ တော် ကာကျမည်။ ဘာဝဲလုပ်လုပ် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုး သားချင်းများနှင့် တိုင်ပင်ပြီး လုပ်ပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာမည်။ ချစ်သူစုံတွဲများကတော့ ခဏတာခွဲခွာ ဝေးကွာနေတတ်ပါသည်။ သိပ်အဆင်မပြေ ချင်ဘူးပေါ့။ အနာရောဂါဟောင်း ပြန်ပေါ်တတ်၏။ အထူးအားဖြင့် အစာအိမ်လေနာများ ဖြစ်တတ်ပါသည်။ ခဏခဏ ဝမ်းပြည့်ဝမ်းကယ်၊ ဝမ်းဖောဝမ်းရောင် ဖြစ် နေတတ်ပါသည်။ လေစာ၊ အအေးစာများ ရှောင်ပါ။ သို့သော် ကျန်းမာရေးမှာ စိုးရိမ်စရာ မရှိနိုင်ပါ။ မိန်းမ ယောကျ်ား၊ လူကြီး၊ လူငယ် မည်သူမဆို အိမ်ထောင်ပြုဖို့ ရည်ရွယ်ထားပါက ရည်ရွယ်ချက် အောင်မြင်မည်။ ဘာသာရေးစာပေ အပါအဝင် လေးနက်သော စာပေများကို ဖတ်စပ်ထုတ်ဝေ ဖြန့်ချိသူများ အကျိုးအမြတ် သိသိသာသာ ခံစားရလိမ့်မည်။ ဝါသနာပါရင် ထီထိုးထားပါ။ (၁၁၊ ၁၂)နှင့် (၁၉၊ ၂၀)ရက်များကို ကံကောင်းရက်ဟု မှတ်ပါ။

**ယတြာ**

ခေါင်းအုံး၊ ခေါင်းအုံးစွပ် အဟောင်းများကို မိမိ မွေးနေ့ တစ်နေ့တွင် ဝေးရာသို့ စွန့်ပစ်လိုက်ပါ။ အညံ့အဆိုးများ ကင်းစင်သွားလိမ့်မည်။

**ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ**

**ဆရာကံထူး(ဝေဒသုတေသီ)**
☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဒွန်းပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် နံနက်(၅)နာရီမှ မွန်းတည့်(၁၂)နာရီ ဟောပေးနေပါသည်

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။


ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆:၀၀)နာရီနောက်ပိုင်း

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁...

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည်

## ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ----------------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ----------------------------------------
- မွေးဖွားရာ မြို့/ရွာ ----------------------------------------
- အချိန်နာရီ (နေ့/ည) ----------------------------------------

**မေးခွန်းများ**

(၁) ----------------------------------------

(၂) ----------------------------------------

(၃) ----------------------------------------




www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုရှုပရိသတ် မေး၍
# အကျော်နိုင်သောင်းတိုး
# ဖြေသည်

**အောင်မြင့်မြတ်**

(၇-၁-၁၉၈၅၊ ၀၀း၀၀ နာရီ၊ တောင်ကြီးအင်းမြို့)




၁။ *အသက်မွေးဝမ်းကျောင်းအလုပ်။*

(၁၀)တန့်သခင် ၂လ်ာဂြိုဟ် မိန်(ရေရာသီ) (၆)တန့်ဘာဝတွင် ဖကြာ၊ အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ အအေးဆိုင်၊ ရေ,အရည်နှင့် ပတ်သက်သောလုပ်ငန်း၊ ဆက်ပစ္စည်း၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း လုပ်ငန်းသမှ အကျိုးပေးသည်။ (၂)တန့်သခင်ဂြိုဟ် အင်္ဂါ (၆)တန့်တွင် ရပ်၍ (၂)တန့်တွင် ကိတ်၊ စနေ တွဲ၍ ရပ်တည်သောကြောင့် ငွေကြေးကံ သင့်ရုံမျှသာ ရှိပါသည်။

၂။ *မိဘအပေါ် သားသမီးဝတ္တရား ကျေနိုင်မည်လား။*


(၄)တန့်သခင် စနေ (၂)တန့်တွင် ရပ်ပြီး (၉)တန့်သခင် ၄ဟူး (၃)တန့်တွင် ရပ်၍ မိဘအပေါ် သားသမီးဝတ္တရား ကျေခွင့်ရပါမည်။

၃။ *ဘဝလက်တွဲဖော်၏ ပုံသဏ္ဌာန်နှင့် စိတ်နေစိတ်ထား။*

(၇)တန့်သခင် အင်္ဂါဂြိုဟ် (၆)တန့်တွင် ရပ်တည်ပြီး (၂)တန့်သခင်လည်းဖြစ်၍ ဘဝတွင် အိမ်ထောင်ကျရန် ရှိသော်လည်း အိမ်ထောင်ကျ နောက်ကျတတ်သည်။ အိမ်ထောင်ဖက်သည် အရပ်,ကိုယ်ခန္ဓာ အလတ်စား၊ အသားညို၍ မျက်နှာသွယ်ပါမည်။

**မနုနုထွေး**

(၁၈-၁၂-၁၉၈၈၊ ၁၃း၀၅ နာရီ၊ ရန်ကုန်မြို့)




၁။ *လက်ရှိ ဝန်ထမ်းဘဝ ရာထူးတက်ကိန်း ရှိ,မရှိ။ ကာလ။*

(၂၂-၆-၂၀၂၂) နောက်ပိုင်း စားဝင်မည့် ၂လ်ာထူလဒသာ ရောက်မှသာ ရာထူးတက်ကိန်း ရှိပါမည်။ ၂လ်ာသည် (၉)တန့်ဘာဝ (၁၀-တန့်ရာသီ)ရပ်၊ (၁၁-၁၂)တန့်သခင် စနေပိုင် ဘုတ္တိနက္ခတ်ကို စီး၍ ဖြစ်ပါသည်။ ရာထူးတက်ပါက နယ်ပြောင်းပါ ပါဝင်မည်။

www.burmeseclassic.com


၂။ *အိမ်ထောင်ကံ၊ ကာလ။*

(၇)တန့်သခင်ဂြိုဟ် ၄ဟူး (၉)တန့်ဘာဝ (၁၀-တန့်ရာသီ)တွင် ရပ်တည်ပြီး (၁၁၊ ၁၂)တန့်သခင် စနေ၊ (၆)တန့်သခင် ၁နွေတို့နှင့် ပူးယှဉ်သည်။ အိမ်ထောင်ကျ နောက်ကျတတ်သည်။ အသက်(၃၄)နှစ်ကျော်မှသာ အိမ်ထောင်ကျနိုင်သည်။ ယင်းကာလရောက်မှသာ အိမ်ထောင်ပြုသင့်သည်။

၃။ *ကျန်းမာရေး သတိထားရမည့်ကာလ။*

(၁၀-၇-၂၀၁၈)မှ (၂၈-၄-၂၀၁၉)အတွင်း ၁နွေ (၆-တန့်သခင်) ထူလဒသာ၊ ၅တေး ဘုတ္တိဒသာ (၅၊ ၁၀ သခင် ၂-တန့်ဘာဝရပ်)တွင် ကျန်းမာရေး သတိထားပါ။ ရောဂါဖြစ်ပေါ်တတ်သော်လည်း ပြန်လည်သက်သာရမည်။ ဆီး၊ ဆီးလမ်းကြောင်း၊ အစာလမ်းကြောင်း၊ သားအိမ်ရောဂါထဲမှ သတိပြုပါ။

## ဦးမောင်မောင်သိန်း
## (၄-၃-၁၉၄၉၊ ၂း၄၀ နာရီ၊ လယ်ဝေးမြို့)




၁။ *ကျန်းမာရေး သတိပြုရမည့်ကာလ။*

လက်ရှိတွင် (၂၉-၁၀-၂၀၁၇)ထိ ၅တေး ထူလ၊ ၅တေး ဘုတ္တိဒသာ စားဝင်မည်။ (၆)တန့် (ကျန်းမာရေး) ဘာဝနှင့် မပတ်သက်၍ ကျန်းမာရေးအတွက် ပူပင်စရာ မရှိနိုင်ပါ။


၂။ *သားသမီးကံ။*

(၅)တန့်သခင် အင်္ဂါ (၃)တန့်ဘာဝတွင် ရပ်တည်သည်။ သားသမီး အကျိုးပေးမည့်ကံ ရှိပါသည်။

၃။ *ထီပေါက်ကံ၊ ကာလ။*

(၅)တန့်သခင် အင်္ဂါ (၃)တန့်တွင် (၉)တန့်သခင် ၁နွေ၊ (၆၊ ၁၁)သခင် ၆ကြာတို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ ဘာဝတွင် ထီပေါက်ကံ ရှိပါသည်။ (၂၉-၁၀-၂၀၁၇)မှ (၁၁-၅-၂၀၂၀)အတွင်း ထီကံစမ်းကြည့်ပါ

## T.R.E
## (၂၀-၉-၁၉၉၁၊ ၁၃း၁၀ နာရီ၊ မော်လမြိုင်မြို့)




၁။ *မိဘနှင့် အတူနေရပြီး ကောင်းစွာထောက်ပံ့နိုင်မည်လား။*

(၁၊ ၄)တန့်သခင် ၅တေးဂြိုဟ် (၁၀)တန့်တွင် တည်၍ (၇၊ ၁၁)တန့်သခင် ၄ဟူးနှင့် ပူးကာ (၄)တ အား ပြန်မြင်ထား၍ မိဘနှင့် အတူနေခွင့်ကြုံပြီး ထော ပံ့ပေးနိုင်ပါမည်။

၂။ *အစိုးရဝန်ထမ်းဘဝ တည်မြဲနိုင်မည်လား။*

(၆)တန့်သခင်ဂြိုဟ် ၃ဂံ (၁၀)တန့်တွင် ရပ်တည် (၁၀)တန့်သခင်ဂြိုဟ် ၄ဟူးသည် (၉)တန့်တွင် ရပ်တ ၏။ ဝန်ထမ်းဘဝတွင် နေရာပြောင်းရွှေ့ရမှု အခါ လျော့စွာ ကြုံရတတ်ခြင်းမှလွဲ၍ ဝန်ထမ်းဘဝ တည် နိုင်ပါသည်။

၃။ *အိမ်ထောင်ကျမည့်ကာလ။ နေနှံ၊ အသက်၊ သဏ္ဌာန်၊ အလုပ်အကိုင်။*

(၇)တန့်သခင် ၄ဟူး (၉)တန့်တွင် (၁၊ ၄)သခ ၅တေးနှင့် ပူးယှဉ်ရပ်တည်သည်။ အိမ်ထောင်ကျ နော ကျတတ်သည်။ (၁၀-၉-၂၀၁၈)နောက်ပိုင်း ရဟု ဒသာ စားဝင်ပေမည်။ အသက်(၂၈၊ ၂၉)နှစ်တစ်ဝိုက် အိမ်ထောင်ကျဖို့ ရှိသည်။ စနေ၊ ဗုဒ္ဓဟူး၊ သော သားသမီးထဲမှ ဖြစ်တတ်သည်။ အသက်မကွာလွန်း ပါ။ အသားလတ်၊ အရပ်,ကိုယ်ခန္ဓာ အလတ်စား နှာထောင့်ကျကျ ရှိတတ်သည်။ စီးပွားရေးလော မည်။




www.burmeseclassic.com

www.burmeseclassic.com

**ဦးလင်းအောင်**

**(၁၆-၂-၁၉၆၂၊ ၂း၄၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *လက်ရှိလုပ်နေသောလုပ်ငန်း ကြီးပွားရန် အခွင့်အလမ်း၊ ကာလ။*

(၃-၁၂-၂၀၁၇)နောက်ပိုင်း ဖြကြာ ထူလဒသာ စားဝင်ပေမည်။ (၃)တန့်ရပ် (၆၊ ၁၁)တန့်သခင်ဖြစ်ပြီး (၈)တန့်ရပ် ရာဟုပိုင်နက္ခတ်၊ ဘုတ္တိနက္ခတ်ကို စီးထားသည်။ ရာဟုစီးထားသော နက္ခတ်သခင် ၄ဟူးသည် (၇၊ ၁၀) တန့်သခင်ဖြစ်၍ ယင်းကာလတွင် အစုစပ် (ဝါ) စပ်တူလုပ်ငန်းမျိုးဖြင့် ကြီးပွားပါမည်။

၂။ *ဘဝအဆင့်အတန်း။*

လဂ်သခင် ၅တေး (၂)တန့်ဘာဝတွင် ရပ်တည်၍ (၁၀)တန့်သခင် ၁နွေဂြိုဟ် (၃)တန့်ဘာဝတွင် ရပ်တည်၍ ဘဝအဆင့် မြင့်မားသောအထဲတွင် ပါဝင်ပါသည်။

၃။ *ထီဆုကြီးပေါက်ကံ ရှိ,မရှိ၊ ကာလ။*


(၅)တန့်သခင် အင်္ဂါဂြိုဟ်နှင့် (၃)တန့်သခင် စနေတို့ (၂)တန့်ဘာဝတွင် ၄ဟူး၊ ၅တေး၊ ကိတ်ဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၍ ဆုကြီးပေါက်ကံ ရှိပါသည်။ အသက် (၆၀)နှစ်တစ်ပိုက်တွင် ထီဆုကြီး ပေါက်ပါမည်။

**ခင်စပယ်**

**(၇-၁၀-၁၉၈၇၊ ၁၀း၁၅ နာရီ၊ သာယာဝတီမြို့)**

၁။ *ယခု ဆရာဝန်အလုပ်ဖြင့် အသက်မွေးနေပါသည်။ နောက်ထပ် ဘွဲ့တစ်ခု တက်ရောက်ခွင့် ရ,မရ။*

(၉)တန့်သခင် ၂လ်ာဂြိုဟ် (၆)တန့်ဘာဝတွင် ရပ်တည်၍ (၁၀)တန့်သခင် ၁နွေဂြိုဟ် (၁၊ ၆)သခင် အင်္ဂါတို့နှင့် အပြန်အလှန် အမြင်ကြုံ၍ ဒွေးဒဟာရာသီများနှင့် ဆက်သက်နေသောကြောင့် အသက်မွေးဝမ်းကျောင်းကို




အထောက်အကူပြုသော နောက်ဘွဲ့တစ်ခု ထပ်မံရရှိဖို့ ရှိပါသည်။

၂။ *အိမ်ထောင်ရေးကံ ကောင်း,မကောင်း။ အိမ်ထောင်ကျမည့်ကာလ။*

(၇)တန့်သခင် ဖြကြာဂြိုဟ်သည် (၁၂)တန့်ရာသီ (၁၁-တန့်ဘာဝ) တူရာသီတွင် ရပ်တည်၍ (၈၊ ၁၁)တန့်သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်၍ ဘဝတွင် အိမ်ထောင်ကျပါမည်။ အိမ်ထောင်ကံ ကောင်းပါသည်။ (၇၊ ၁၂) တန့်သခင် (၁၁)တန့်ရပ် ဖြကြာ ထူလဒသာသည် (၁၈-၂-၂၀၂၈)ထိ စားဝင်ပါမည်။ (၁၈-၄-၂၀၁၈)မှ (၁၈-၁၂-၂၀၂၀)အတွင်း (၂၊ ၅)သခင် (၅)တန့်ဘာဝ (၆-တန့်ရာသီ)ရပ် ၅တေး ဘုတ္တိဒသာတွင် အိမ်ထောင်ကျဖို့ ရှိပါသည်။

၃။ *မည်သည့်အရပ်တွင် အခြေချသင့်သလဲ။*

(၄)တန့်သခင် စနေ လဂ်တွင်ပူး၍ (၃)တန့်ဘာဝကို (၃)တန့် အထူးမြင် ကြုံနေသောကြောင့် မွေးဇာတိ၏ အနီးအနား မဝေးလွန်းသော အရပ်ဒေသ တစ်ခုခုတွင် အခြေချသင့်ပါသည်။ မွေးဇာတိတွင် အခြေချ၍ ရပါသည်။

**အမရာ**


**(၁၇-၉-၁၉၇၁၊ ၇း၁၀ နာရီ၊ ပြင်ဦးလွင်မြို့)**

၁။ *အိမ်ထောင်သစ်ထူရန် သင့်,မသင့်။*

(၇)တန့်သခင် ၅တေး (၃)တန့် ဗြိစ္ဆာရာသီတွင် ရပ်တည်ပြီး ဗြိစ္ဆာရာသီသခင် အင်္ဂါဂြိုဟ် (၆)တန့် မကာရရာသီတွင် ရာဟုနှင့် ပူး၍ရပ်တည်နေသည်။ အိမ်ထောင်ရေးကံ ညံ့လှသည်။ သို့ဖြစ်၍ အိမ်ထောင်သစ်ထူရန် မသင့်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com




၂။ *အိုဇာတာ ကောင်း,မကောင်း။*


အသက်(၅၀)နှစ်နောက်ပိုင်း (၆၇)နှစ်ထိ ရာဟုထူလဒသာ၊ (၆၇)နှစ်မှ (၈၃)နှစ်ထိ ၅တေး ထူလဒသာ စားဝင်ပေမည်။ ရာဟုသည် (၅)တန့်ဘာဝတွင် (၁၁)တန့်သခင်အဖြစ် (၁၀)တန့်ဘာဝ (၁၂-တန့်ရာသီ)၌ ရပ်တည်သော ၂လ်ပိုင် နက္ခတ်ကို စီးထားပါသည်။ ၅တေးသည် (၂)တန့်ဘာဝတွင် ရပ်တည်၍ (၉)တန့်ရပ် (၅၊ ၆)သခင် စနေပိုင် နက္ခတ်ကို စီးထားပါသည်။ အိုဇာတာကောင်းပါသည်။

၃။ *ကျန်းမာရေး သတိပြုသင့်သည်ကို အကြံပြုပေးပါ။*

(၆)တန့်သခင် စနေ (၉)တန့်(ပြိဿ)တွင် ရပ်တည်၍ (၁၁)တန့်သခင် ၂လ်ပိုင် နက္ခတ်ကို စီးထားသည်။ ရောဂါဖြစ်ပေါ်ခံစားရပါက ပျောက်ကင်းသက်သာလွယ်ပါသည်။ မျက်စိအားနည်းခြင်း၊ နလုံး၊ အစာအိမ်ဆိုင်ရာတွင် သတိပြုပါ။

**ဒေါ်ခင်လှဝင်း**

**(၁၃-၁-၁၉၅၄၊ ၄း၀၀ နာရီ၊ ကလေးဝမြို့)**




၁။ *အိုးပိုင်အိမ်ပိုင် နေရကိန်း၊ ကာလ။*

(၄)တန့်သခင် စနေ (၁၂)တန့်တွင် (၁၊ ၆)သခင် အင်္ဂါနှင့် ပူးရပ်ကာ (၉)တန့်သခင် ၂လ်နှင့် အပြန်အလှန် အမြင်ကြဲနေပါ၍ အိုးပိုင်အိမ်ပိုင်ဖြင့် နေရကိန်း အားနည်းပါသည်။

၂။ *အလုပ်အကိုင်အပြောင်း ရှိ,မရှိ။ အပြောင်း ကောင်း မကောင်း။*


(၁၀)တန့်သခင် ၁နွေဂြိုဟ် (၂)တန့်တွင် (၈၊ ၁၁) တန့်သခင် ၄ဟူး၊ (၁၊ ၆)သခင် အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေပါသည်။ လက်ရှိတွင် (၁၇-၆-၂၀၁၆) မှ စကာ ၅တေး ထူလဒသာ၊ ၅တေး ဘုတ္တိဒသာ စားဝင်နေသည်။ ၅တေးသည် (၂၊ ၅)တန့်သခင်အဖြစ် (၇)တန့်တွင် ရပ်တည်နေသည်။ အလုပ်ပြောင်းရန် ရှိနေပါသည်။ အပြောင်းကောင်းပါသည်။ (၃၊ ၄)သခင်အဖြစ် (၁၁)တန့်ဘာဝ (၁၂-တန့်ရာသီ)၌ ရပ်တည်သော စနေ အန္တရဖြစ်သော (၂၉-၉-၂၀၁၆)မှ (၁-၂-၂၀၁၇)အတွင်း အလုပ်ပြောင်းရန် ရှိပါသည်။

၃။ *အခြေချနေသင့်သောမြို့။*

စနေနံ၊ အင်္ဂါနံ၊ ကြာသပတေးနံများဖြင့် အစပြုသော မြို့မျိုးတွင် အခြေချသင့်ပါသည်။

**ကျူ(ကြာဖြူတော)**

**(၁၁-၈-၁၉၅၆၊ ၁၄း၁၀ နာရီ၊ ထောက်ကြန့်)**




၁။ *အိုဇာတာ ကောင်း,မကောင်း။*

လက်သခင် အင်္ဂါဂြိုဟ် (၄)တန့်တွင် ရပ်တည်ပြီး (၂)တန့်သခင် ၅တေးဂြိုဟ် (၁၀)တန့်ရပ်၍ ဇာတာအခြေခံ ကောင်းပါသည်။ လက်ရှိ စားဝင်နေသော ၄ဟူး ထူလဒသာသည် (၂၀၂၉)ခုနှစ်၊ ဩဂုတ်လထိ စားဝင်ပေမည်။ ၄ဟူးသည် (၈၊ ၁၁)တန့်သခင်အဖြစ် (၁၀)တန့်ဘာဝတွင် (၂၊ ၅)တန့်သခင် ၅တေးဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အိုဇာတာ ကောင်းပါသည်။

၂။ *ကျန်းမာရေးအခြေအနေ။*

(၆-၁-၂၀၁၆)မှ (၆-၁၁-၂၀၁၈)ထိ ၄ဟူး ထုလ၊ ဖြော ဘုတ္တိဒသာ စားဝင်နေသည်။ ၄ဟူးသည် (၈၊ ၁၁)တန့်သခင်အဖြစ် (၁၀)တန့်တွင် (၂၊ ၅)သခင် ၅တေး နှင့် ပူးယှဉ်ရပ်တည်သည်။ ဘုတ္တိဒသာသခင် ဖြောသည် (၇၊ ၁၂)တန့်သခင်အဖြစ် (၈)တန့်တွင် ရပ်တည်သည်။ ယင်း ဖြောကို (၅)တန့်ရပ် (၁၊ ၆)သခင် အင်္ဂါက (၄)တန့် အထူးမြင်ထားသည်။ ဆီးလမ်းကြောင်း၊ အစာလမ်းကြောင်း၊ သားအိမ်ရောဂါထဲမှ သတိပြုပါ။

၃။ *အိမ်ထောင်သစ် ထူရမည့် နှစ်ကာလ။ အိမ်ထောင်ရေးအခြေအနေ။*

(၇)တန့်တွင် ကိတ်ဂြိုဟ်ရပ်၍ (၇)တန့်သခင် ဖြောဂြိုဟ် (၈)တန့်(ဒွေးဒဟ)တွင် ရပ်တည်၍ အိမ်ထောင်ကံ ညံ့တတ်သည်။ (၂)နှစ်အတွင်း အိမ်ထောင်သစ် ထူရတတ်သည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၀ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄

**ခမေး၍ဖြေသည် ပရိသတ်များသို့ ပန်ကြားချက်**

ဂမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လဂ်မှမဟုတ်ဘဲ စန်း(၂လဂ်)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

အဘဆရာကြီး **မင်းသိခ်** ၏ တပည့်ရင်း

ဆရာ **မိုးသစ်ခိုင်**

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)



မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

**တာရော** **ဗေဒ** **လက္ခဏာ**

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁ ၂၁၉



www.burmeseclassic.com

www.burmeseclassic.com

ဂန္ထဝင်ရာဇဝင်တွင် ဗေဒင်ဆောင်းပါးများ စတင်ရေးသားကတည်းက စာဖတ်ပရိသတ်ပေါ် မေတ္တာ စေတနာထားပြီး ရေးသားခဲ့ပါသည်။ အထူးအားဖြင့် မကောင်းကျိုး၊ ဆိုးပြစ်များ မဖြစ်သင့်ဘဲ မဖြစ်ရအောင် အဓိကထားပါသည်။ ရှောင်နိုင်သမျှ ရှောင်လို့ရအောင် သတိပေးခြင်းဖြစ်ပါသည်။

စာဖတ်သူအပေါ်ထားတဲ့ စာရေးသူမေတ္တာကို စာသံပေသံဖြင့်ပြောလျှင် အဟိတာပနုယနမေတ္တာဟု ခေါ်ပါသည်။ ထိုပါဠိတွင် အဟိတ+အပနုယနဟု နှစ်ပုဒ် ပါဝင်၏။ အဟိတက အကျိုးစီးပွားမဲ့ဟု မြန်မာအဓိပ္ပာယ်ရပြီး အပနုယနကတော့ ဖယ်ရှားခြင်းဟု အဓိပ္ပာယ်ရပါသည်။

မေတ္တာဆိုတဲ့ပုဒ်နှင့် စပ်လိုက်ရင် အကျိုးစီးပွားမဲ့ကို ဖယ်ရှားပေးလိုတဲ့မေတ္တာလို့ အဓိပ္ပာယ်ရသွားပါသည်။ ဖြစ်လာနိုင်ခြေရှိတဲ့ ဆိုးကျိုးများကို ဗေဒင်ပညာအရ တွက်ထုတ်သိမြင်၏။ မိမိသိသည်ကို ဗေဒင်ဝါသနာရှင် စာဖတ်ပရိသတ်များလည်း သိစေလိုသည်ကား စေတနာပင် ဖြစ်၏။

သိပြီး စာဖတ်ပရိသတ်များကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်စီ,ကိုယ်စီ ဆင်ခြင်စဉ်းစားလျက် မိမိတို့



# ဆရာဇံရှူး
(ဝေဒသုတေသီ)

## လိုအင်ဆန္ဒ ပြည့်စေသော

www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်သင့်သည်များကို ကြိုတင်ပြင်ဆင်ခြင်းဖြင့် ဆိုးကျိုးများ ကိုယ်နှင့် ကိုယ့်မိသားစုတွင် မကျရောက်ရလေအောင် ရှောင်ရှားနိုင်စေလိုခြင်းကား အဟိတာပနယနမေတ္တာပင် ဖြစ်ပါသည်။

မကောင်းကျိုး ဆိုးပြစ်တို့သည် မလိုလားအပ် မတောင့်တအပ်သော ဘေးဥပဒ်အန္တရာယ်များ ဖြစ်ပါသည်။ ယင်းဘေးဥပဒ်အန္တရာယ်များကို ဗေဒင်အလို ပါပဂြိုဟ်များက ပေးအပ်၏။ ပါပဂြိုဟ်များကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုလိုပါသည်။

မိမိဇာတာ မိမိရဲ့ ဘဝကံကြမ္မာ၌ အခါအားလျော်စွာ ပါပဂြိုဟ်များနှင့် ဆက်နွှယ်ပတ်သက်လာရခြင်းသည်ကား ရှေးအတိတ်ကံနှင့် သက်ဆိုင်နေပေသည်။ အတိတ်ကံက ယခုဘဝကို ပေးအပ်ကတည်းက ဘဝ၏ အနိမ့်အမြင့်၊ အထုတ်အလတ် အမြတ်အားဖြင့် ပိုင်းခြားသတ်မှတ်ကာ အတည်ပြုထားပြီး ဖြစ်ပါသည်။ ယင်းကို ဗေဒင်ပညာအရ မူလဇာတာဟု သတ်မှတ်ခေါ်ဝေါ်ပါသည်။ ကောင်းဆိုးနှစ်တန် လောကဓံကို ဝေဖန်ပိုင်းခြားထားပြီးသား ဖြစ်ပါသည်။

သို့သော် ကောင်းကံက မည်သည့်အချိန်အခါ၌ မိမိထံသို့ ရောက်လာပြီး ချမ်းသာသုခပေးမည်ကိုလည်းကောင်း၊ ဆိုးကံက မည်သည့်အချိန်အခါ၌ မိမိထံသို့ ရောက်လာပြီး ဘေးဥပဒ်အန္တရာယ်ဆိုတဲ့ ဆင်းရဲဒုက္ခ ပေးအပ်လာမည်ကိုလည်းကောင်း မသိနိုင်ချေ။ မသိနိုင်တဲ့ အချိန်အခါကာလကို ဗေဒင်ပညာအရ ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် ထူလ၊ အန္တရ၊ ပြတန္တရ ဒသာစားများကို ကြည့်ခြင်းဖြင့် သိနိုင်ပေသည်။

ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် ဒသာများသည် အတိတ်ကံတို့ ဘဝထဲသို့ ရောက်လာပြီး ကောင်းကျိုးဆိုးပြစ်ပေးလာရန် အခါသင့် အခွင့်သာပြီဖြစ်ကြောင်း ပြသသည့် အဒင်သင်္ကေတများပင် ဖြစ်ပါသည်။ ဗေဒင်ပညာက အတိတ်ကံတို့ရဲ့ မူလအခြေအနေကိုရော လက်ရှိအခြေအနေကိုပါ ငါးဆယ်ရာခိုင်နှုန်းလောက် သိမြင်နိုင်သည်ဟု ဆိုလျှင် မှားအံ့မထင်ပါ။

လူတစ်ယောက်ရဲ့ မူလဇာတာခွင်ကို ကြည့်လိုက်သည်နှင့် သူ့ဘဝအဆင့်အတန်းကို ငါးဆယ်ရာခိုင်နှုန်း ခန့်မှန်းနိုင်ပေသည်။ ယင်းမူလဇာတာအရ လက်ရှိကောဇာဂြိုဟ်တို့ ပြောင်းရွှေ့သွားလာခြင်း၊ အတည့်သွားခြင်း၊ ပြောင်းပြန်သွားခြင်း၊ စီးနင်းခြင်းကို ကြည့်ပြီး ဘာဝအလိုက် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုလည်း ငါးဆယ်ရာခိုင်နှုန်း သိနိုင်ပေသည်။

သိသည့်အလျောက် ဟောပြောရေးသားကြ၏။ ကောဇာစနေ လင်္ဂကိုစီးလျှင်၊ မူလစနေကို စီးနင်းလျှင်၊ မူလဇနမစန်းကို စီးနင်းလျှင် ဇာတာရှင်သည် မည်သို့မည်ပုံ ဆိုးကျိုးဒုက္ခများ ခံစားရတော့မည်ဟု သိ၏။ မည်သို့မည်ပုံ ကုစားဖြေရှင်းရမည်၊ မည်သို့မည် ပုံ ဆင်ခြင်နေထိုင်ရမည်၊ မည်သည့်ကုသိုလ်မျိုး ပြုလုပ်ရမည်ကို သိ၏။

အကယ်၍ မသိထားလျှင်၊ သိလျက် မဆင်ခြင်လျှင်၊ ပြင်ဆင်သင့်သည်ကို ကြိုတင်ပြင်ဆင်ခြင်း မရှိလျှင် ဒုက္ခရောက်တော့မည်ကိုလည်း သိ၏။ ဒုက္ခမရောက်စေလိုခြင်းသည်ကား ဆိုးကျိုးကို ဖယ်ရှားပေးလိုတဲ့ မေတ္တာပင် ဖြစ်ပါသည်။ ထိုမေတ္တာဖြင့် ဗေဒင်ဆောင်းပါးများ တတ်သလောက် မှတ်သလောက် ရေးသားတင်ပြပါသည်။

ထိုသို့ ရေးသားတင်ပြခြင်းအပေါ် အားမလို အားမရ ဖြစ်ဟန်တူတဲ့ နိုင်ငံရပ်ခြားမှ ဗေဒင်ပရိသတ် တစ်ဦးက စာရေးသူအား အင်တာနက်အွန်လိုင်းကနေ စကားပြောလာပါသည်။

'ဆရာ··ဆရာ့ရဲ့ ဗေဒင်ဆောင်းပါးတွေ ဖတ်ရတာ ကောင်းပါတယ်။ ဗဟုသုတလည်း အရမ်းရပါတယ်။ ဘဝအတွက် လက်တွေ့အသုံးချလို့လည်း ရပါတယ်။ စာဖတ်ပရိသတ်အတွက် အကျိုးရှိတာတော့ အမှန်ပါ။ ဒါပေမဲ့ ဆရာရယ်··ဆရာ့ဆောင်းပါးတွေ ဖတ်လိုက်ရင် ဖတ်တိုင်း,ဖတ်တိုင်း မကောင်းကျိုးဆိုးပြစ် ဖြစ်တော့မယ် ဆိုတာချည်းပဲ။ ကောင်းကျိုးလေးတွေလည်း ရေးပါဦး ဆရာရယ်။ ကြိုးစားနေတဲ့ လူငယ်တွေ အက်တစ် (Active) ဖြစ်အောင် ကောင်းကျိုးတွေလည်း ရေးပါဦး ဆရာရယ်' တဲ့။

အင်း··ဟုတ်တော့ ဟုတ်သားလို့ စိတ်ထဲက မှတ်ချက်ချရင်း အကြံပေးလာတာကို ကျေးဇူးတင်နေမိပါသည်။ သူပြောသလို ကောင်းကျိုးချမ်းသာ ခံစားရတော့မည့်အကြောင်း ရေးဦးမှလို့လည်း စိတ်ထဲ တေးမှတ်ထား လိုက်ပါသည်။ သို့သော် အနည်းငယ်ဟန်လုပ်ပြီး ဆရာကြီးလေသံ ဖမ်းလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'သမီးပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ အကြံပေးတာကိုလည်း လက်ခံပါတယ်။ ကျေးဇူးလည်းတင်ပါတယ် သမီးရယ်။ နောက်နောင် အခါသင့်တဲ့ခါ ဆရာရေးပါ့မယ်။ ဒါပေမဲ့ သမီးရယ်‥ခုခေတ် လူငယ်တွေက မကောင်းမှုနှင့် အကျွမ်းတဝင်နေကြတာ များပါတယ်။ ကောင်းမှုနှင့် အကျွမ်းတဝင်နေသူ ရှားပါတယ်။ ရှိတော့ ရှိတယ်၊ မရှိဘူး မပြောပါဘူး။ ရာခိုင်နှုန်းနှင့်ပြောရင် နှစ်ဆယ်ရာခိုင်နှုန်းတောင် ရှိပါ့မလားလို့'

'ဆရာ ပြောချင်တာက‥'

'ဆရာပြောချင်တာက မကောင်းမှုနှင့် ရင်းနှီးကျွမ်းဝင်ပြီး မကောင်းကျိုး ဆိုးပြစ်တွေ ဘဝထဲ စိမ့်ဝင်နေသူတွေကို ကောင်းကျိုးခံစားရတော့မယ်လို့ ဟောရင် မှန်ဖို့ခဲယဉ်းတယ်။ ဆရာ ဟောကြည့်တာ မှန်တာ နည်းတယ်။ အေး‥မကောင်းကျိုး ဟောလိုက်ရင်တော့ လွဲတယ်ကို သိပ်မရှိဘူး သိလား။ ဘုရား၊တရားနှင့်နေပြီး ကောင်းမှုကုသိုလ်နှင့် ရင်းနှီးကျွမ်းဝင်နေသူတွေကျပြန်တော့လည်း ကောင်းကျိုးတွေ ဟောရင် အရမ်းမှန်တာပဲ။ မကောင်းကျိုး ဆိုးပြစ်တွေ ဟောလိုက်ရင် သိပ်မမှန်ချင်ဘူး။ အဲဒါကြောင့် ဆရာက ကောင်းကျိုးချမ်းသာတွေ ခံစားရတော့မယ်လို့ ရေးရမှာ လက်တွန့်နေတာ'

'ဟုတ်၊ ဆရာပြောတာလည်း သမီးလက်ခံပါတယ်၊ သဘောလည်း ပေါက်ပါတယ် ဆရာ။ ခုခေတ် လူငယ်တွေ မကောင်းမှုနဲ့ ရင်းနှီးကျွမ်းဝင်သူ များပါတယ်။ ကောင်းမှုနဲ့ နီးစပ်သူ နည်းပါတယ်။ ကောင်းကျိုးထက် ဆိုးကျိုးဖြစ်တာ များတာပေါ့နော်'

'သေချာတာပေါ့။ ယတြာဖြစ်အောင် ကုသိုလ်လေး လုပ်ပါလို့ ပြောတာတောင် တချို့က ရှက်သလိုလို ကြောက်သလိုလို။ အောင်မယ်‥ဗေဒင်ဆရာ လုပ်ခိုင်းလို့ လုပ်တာပါကွာ၊ ငါ ဘာလဲ မသိဘူးလို့ ဆိုတဲ့သူက ရှိသေးတယ်။ သမီး စဉ်းစားကြည့်လေ။ ဘယ်လိုလုပ် ယတြာကျေမှာလဲ။ ယတြာမကျေတော့ ဘေးဥပဒ်အန္တရာယ်က မလွတ်မြောက်ဘူးပေါ့။ ကောင်းကျိုးရောက်ဖို့က ဝေးစွပေါ့ သမီးရယ်'

'ဟုတ်တော့ ဟုတ်တာပေါ့ ဆရာရယ်၊ ဒါပေမဲ့ ကောင်းကျိုးလေးတွေလည်း အခါအားလျော်စွာ ရေးသင့်ပါတယ်။ သမီးကတော့ ရေးစေချင်တယ်'

'ဟုတ်ပါပြီ၊ သမီးဆန္ဒကို ဆရာ နားလည်ပါတယ် သမီးဆန္ဒ ပြည့်မှာပါ။ ဒါနဲ့ နေပါဦး၊ ဆရာ သမီး တစ်ခုမေးမယ်နော်'

'ဟုတ်ဆရာ မေးပါ၊ သမီး နားလည်သလို ဖြေမ နော် ''

'အေးပါ‥နားလည်သလိုပဲ ဖြေပါ။ ဆင်းရဲဒုက္ခ ဘေးဥပဒ်အန္တရာယ်တွေက လွတ်မြောက်တာနဲ့ ချမ်းသာ သုခ ခံစားရတာ၊ နှစ်ခု တစ်ခုရွေးဆိုရင် သမီး ဘာ ရွေးမှာလဲ ပြောပါဦး။ ဘေးဥပဒ်အန္တရာယ် ကျရော ခံပြီး ချမ်းသာသုခကို ခံစားမှာလား၊ ဒါမှမဟုတ် ချမ်းသာ သုခ မခံစားဘဲ ဘေးဥပဒ်အန္တရာယ်က လွတ်မြောက်ချ သလား။ အသေအချာ စဉ်းစားနော်'

'အယ်‥ဆရာကလဲ၊ ဒုက္ခမကင်းတဲ့ သုခကြီး တော့ ဘယ်အရသာရှိပါ့မလဲ မလိုချင်ပါဘူး'

'အေး‥အဲဒါကြောင့် ဆရာ ပြောတာပေါ့။ အဲဒါ ကြောင့် ဆရာက မကောင်းကျိုး ဆိုးပြစ်တွေကို အ အမြဲ ဖယ်ရှားပေးချင်တာ။ မကောင်းကျိုး ဆိုးပြစ်တွေ ကင်းနေရင် ဘဝက သူ့ဟာနှင့်သူ ချိုမြိန်နေတာပါ သမီးရယ်။ အဲဒီလို ဆိုးကျိုးကင်းကွာ ချိုမြိန်နေပြီး ချမ်းသာသုခလေး ဝင်လာရင်တော့ မြိုးမြိုးမြက်မြက် တာပေါ့လေ'

'ဟုတ်ပါ့ ဆရာရယ်၊ ဟုတ်ပါ့‥ဟုတ်ပါ့။ ဒါနဲ့ ‌င်ဆရာ ကောင်းကျိုးဟောလည်း မှန်စေချင်ရင် လူ ငယ်တွေ ဘာလုပ်သင့်ပါသလဲ ဆရာ ''

'မကောင်းမှုရှောင် ကောင်းမှုဆောင်ရမှာပေါ့ သမီး ရဲ့။ မကောင်းမှုရှောင်တော့ အရင်ဘဝက လိုက်လာတဲ့ အကုသိုလ်တွေ အကျိုးပေးခွင့် မသာဘူး။ ကောင်းမှု ဆောင်တော့ အရင်အဝက လိုက်လာတဲ့ ကုသိုလ်တွေ အကျိုးပေးခွင့် သာတာပေါ့။ ဒါဆို ကောင်းကျိုးပေးချိန် တန်ရင် ကောင်းကျိုးပေးမှာပေါ့။ အချိန်တန်တော့ ကောင်း ကျိုးပေးနေရင် ဗေဒင်ဆရာဟောလည်း မှန်တာပေါ့ ကောင်းကျိုးပေးဖို့ အချိန်တန်နေချိန်မှာ ကိုယ်က မကောင်း မှု လုပ်နေရင် ဘဝနဲ့ ကောင်းကျိုးက ကိုးရိုးယား ထဲက မင်းသားနဲ့ မင်းသမီး တွေ့လွဲ၊လွဲနေသလိုမျိုး လွဲနေတာပေါ့ သမီးရဲ့။ ဗေဒင်ဆရာ ဟောလည်း အဲ ဖြစ်နေတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်၊ ဆရာနဲ့ စကားပြောရတာ ဗဟုသုတအတော်ရတယ်။ ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာ့ဖုန်းနံပါတ် ပြောင်းပါနဲ့၊ သမီးပြန်ရောက်တဲ့ခါ ဆက်သွယ်မလို့ပါ'

'ဟုတ်ပါပြီ၊ မပြောင်းပါဘူး။ ပြောင်းသွားတယ်ဆို လည်း သမီးဖတ်တဲ့ ဂမ္ဘီရမဂ္ဂဇင်း စာအုပ်သာ ဖွင့်ကြည့် လိုက်၊ သိလား'

'ဟုတ်ကဲ့ပါ ဆရာ'

'ဒါနဲ့ သမီးက ဘာလဂ်လဲ ပြောပါဦး'

'ဆရာ ဟောတုန်းက ကန်လဂ်၊ ကန်စန်းလို့ ပြောတာပဲလေ'

'ကန်လဂ်၊ ကန်စန်း ဆိုရင် သမီးရေးစေချင်တဲ့ ကောင်းကျိုးပေးမယ့် ဆောင်းပါးလေး ရေးလို့ရပြီပေါ့ သမီးရဲ့။ အခုက (၃၀-၆-၂၀၁၆)ဆိုတော့ တစ်လနဲ့ ဆယ့်နှစ်ရက်ပဲ စောင့်ရတော့မှာလေ။ ကောင်းကျိုးလာ တော့မှာ။ ဩဂုတ်လ ဆယ့်နှစ်ရက်ကစပြီး လာပြီ'

'ဟုတ်လား ဆရာ။ သမီးနားလည်အောင် နည်းနည်း ရှင်းပြပေးပါလား။ ဒီနေ့ မင်္ဂလာရှိတယ်။ ကံလည်းထူး မှာပေါ့ ဆရာရယ်'

'ဆရာကံထူးပါဆို ကံထူးရမှာပေါ့။ စတာပါ သမီး ရယ်။ ကဲ..ဆရာ ပြောပြမယ်နော်'

'ဟုတ်ကဲ့ပါ ဆရာ'

'သမီးက ကန်လဂ်၊ ကန်စန်းဆိုတော့ သူများထက် ကောင် ကံထူးဦးမှာ။ ဒီလို သမီးရဲ့ (၁၂-၆-၂၀၁၆)ကနေ (၁၁-၉-၂၀၁၇)အထိ တစ်နှစ်တာ ကာလအတွင်းမှာ ကာစကြာသပတေးဂြိုဟ်ဟာ သမီးလဂ်ရှိရာ ကန်ရာသီ မှာ နေမှာ။ လဂ်ကို ကြာသပတေးစီးတယ် ဆိုပါတော့။ သမီးအတွက်ဆို စန်းကိုပါ ကြာသပတေး စီးထားတာ ပေါ့'

'ဟုတ်ကဲ့ပါ ဆရာ'

'လဂ်ကို ကြာသပတေးစီးရင် အဲဒီ တစ်နှစ်တာ ကာလမှာ သမီး ကျန်းမာရေး ကောင်းနေမယ်။ ပြီးတော့ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ၊ ဘဝရည်မှန်းချက်ဆိုပါတော့ အဲဒါတွေ အောင်မြင်မယ်။ အိမ်ထောင်မရှိတဲ့ လူပျို၊အပျိုတွေ၊ လူလွတ်တွေ အိမ် ထောင်ကျတတ်တယ်။ အိမ်ထောင်မပြုချင်သူကတော့ မကျဘူးပေါ့။ အိမ်ထောင်ရှင်တွေဆိုရင် အရင်ထက် အိမ် ထောင်ရေး သာယာမယ်''

'ဟုတ် ပြောပါဦး ဆရာ'

'ကုမ္ပဏီလုပ်ငန်း၊ ဖက်စပ်လုပ်ငန်း၊ နိုင်ငံရေး၊ ဘာ သာရေး၊ လူမျိုးရေး စတဲ့ အရေးအရာတွေမှာ စည်းရုံးရေး တာဝန် ထမ်းဆောင်သူတွေ အကြီးအကျယ် အောင်မြင် မယ်။ သတင်းနှင့်ပြန်ကြားရေး၊ သံတမန်ဆက်ဆံရေး ဝန်ထမ်းတွေဆိုရင် ရာထူးတိုးမယ်။ အလုပ်အကိုင် အဆင် ပြေမယ်။ ပြီးတော့..'

'နေပါဦး ဆရာရယ်၊ သမီးတစ်ခု မေးချင်သေး တယ်။ အိမ်ထောင်ပြုချင်တဲ့သူတွေ အိမ်ထောင်ပြုဖြစ်မယ် ဆိုတော့ တကယ်လို့ ငွေကြေးမပြည့်စုံသူတွေဆိုရင်ကော'

'အောင်မယ်လေး..မပူပါနဲ့။ ကြာသပတေးလဂ်ပေါ် စီးနေပါပြီဆိုမှတော့ ငွေကြေးနဲ့ဆိုင်တဲ့ ပုဗ္ဗရာဘာဝကို (၅)တန့်အထူးမြင်ပြီပေါ့။ ငွေကြေးကိစ္စက မပူမပင်ရဘဲ အဆင်ပြေသွားမှာပါ။ ငွေမရှိလည်းဘဲ တစ်နည်းနည်းနဲ့ အဆင်ပြေကို ပြေသွားရမယ်။ ဂုဏ်သိက္ခာ၊ စည်းစိမ်ဥစ္စာ တိုးတက်မြင့်မားလာရမယ်။ ဘာလိုသေးလဲ။ သမီးလို စန်းကိုပါ စီးထားတဲ့သူတွေဆိုရင် ကိုယ်စိတ်နှစ်ဖြာ ကျန်း မာ ချမ်းသာပြီး လိုအင်ဆန္ဒ ပြည့်ဝသွားမှာပေါ့။ အထူး အားဖြင့် ငွေကြေး၊ မိခင်၊ အချစ်ရေးနှင့် ပတ်သက်ပြီး အထူးစိတ်ချမ်းသာရမယ်။ သွေးနဲ့ပတ်သက်တဲ့ ရောဂါ ဝေဒနာများ ခံစားနေရသူဆိုရင် သက်သာပျောက်ကင်း သွားမယ်'

'ဟုတ်ကဲ့ပါ ဆရာ'

'အဲဒီ ကန်လဂ်မှာ မူလကြာသပတေးလည်း အတူ တူ ပူးလို့ရှိနေမယ်ဆိုရင်တော့ သမီးရယ် ဗေဒင်တေးထပ် အဆုံးကိုပဲ ရွတ်ပြလိုက်တော့မယ်။ ဂြိုဟ်ဂုရု အိုစုရှာတယ်၊ လိုမှုရာ ပြီးပါလိမ့်လေး..လေးတဲ့။ လိုအင်ဆန္ဒဟူသမျှ ပြည့်ဝနိုင်တယ်တဲ့။ ကဲ..ဘာလိုသေးလဲ သမီးရယ်'

'ပြီးပြီလား ဆရာ'

'မပြီးသေးဘူး၊ သားသမီးရှိတဲ့ လူတွေဆိုရင် သား ရေး သမီးရေး စိတ်အေးရမယ်။ ပညာသင် လူငယ်များ ဆိုရင် အတန်းပညာပဲဖြစ်ဖြစ်၊ အတတ်ပညာပဲဖြစ်ဖြစ်၊ အသိပညာပဲဖြစ်ဖြစ် သင်ယူတတ်မြောက်ပြီး အောင်မြင် သွားမယ်။ အရာရှိအရာခံတွေဆိုရင် အောက်လက်ငယ် သားကြောင့် စိတ်ချမ်းသာရမယ်။ ဆရာ၊ ဆရာမတွေဆို

www.burmeseclassic.com

www.burmeseclassic.com

တသည့်ကောင်းကျိုး ခံစားရမယ်။ ကဲ..ကျေနပ်ပြီလား'

'သမီးအစ်မနှစ်ယောက်မှာ တစ်ယောက်က မကာရလက်၊ တစ်ယောက်က ပြိဿလက်တဲ့။ သူတို့ကျတော့ကော ဆရာ'

'အောင်မယ်..ကိုယ့်အတွက်တင်မက သူများအတွက်ပါ အဆစ်ပါလာသေးတယ်။ သူများအတွက်ဆို ဉာဏ်ပူဇော်ခ ပေးရမယ်နော်။ စင်ကာပူ ဆယ်ဒေါ်လာဆို ရပြီး ခိခိ'

'ပေးမှာပေါ့ ဆရာကလည်း'

'အလကား စတာပါ။ မကာရလက်တို့၊ ပြိဿလက်တို့ မိန်လက်တို့လည်း ကြာသပတေးက (၅)တန့်၊ (၉)တန့်၊ (၇)တန့် အမြင့်ရှိနေတော့ ကောင်းကျိုးချမ်းသာတွေ ခံစားရမှာပေါ့။ မကာရလက်နှင့် ပြိဿလက်သမားတွေက ငွေကြေးတို့၊ အချစ်ရေးတို့၊ သားရေးသမီးရေးတို့၊ ပညာရေးတို့ ကောင်းမှာပေါ့။ မိန်လက်သမားကတော့ အိမ်ထောင်ရေး၊ ဖက်စပ်လုပ်ငန်း၊ ခွဲ,လုံ့လ,ဝီရိယ၊ လာဘ်လာဘ၊ ကိုယ်ပိုင်စည်းကမ်း ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရည်မှန်းချက် အောင်မြင်နိုင်တာပေါ့ သမီးရယ်'

'ကျေးဇူးပါ ဆရာ'

'ပြောလက်စနဲ့ ပြောလိုက်ဦးမယ်'

'ဟုတ်ကဲ့၊ ပြောပါ ဆရာ'

'ခုနကပြောတဲ့ ကန်လက်၊ ကန်စန်းတို့၊ မကာရလက်၊ ပြိဿလက်၊ မိန်လက်တို့ မဟုတ်ပေမယ့် အဲဒီကန်ရာသီမှာ ကြာသပတေးဂြိုဟ် ရပ်တည်ပြီး မွေးဖွားလာသူတွေ အားလုံး ကောင်းကျိုးခံစားရမှာပါ။ ခုနှစ်သက္ကရာဇ်၊ လ၊ ရက်တွေနဲ့ အတိအကျပြောရင်

၁။ (၂၉-၁၀-၁၉၅၆)-(၁၉-၄-၁၉၅၇)အတွင်း မွေးသူများ။

၂။ (၁၉-၆-၁၉၅၇)-(၂၇-၁၁-၁၉၅၇)အတွင်း မွေးသူများ။

၃။ (၂၀-၅-၁၉၅၈)-(၂၀-၇-၁၉၅၈)အတွင်း မွေးသူများ။

၄။ (၁၂-၁၀-၁၉၆၈)-(၁၁-၁၁-၁၉၆၉)အတွင်း မွေးသူများ။

၅။ (၂၆-၉-၁၉၈၀)-(၂၇-၁၀-၁၉၈၁)အတွင်း မွေးသူများ။

၆။ (၁၁-၉-၁၉၉၂)-(၁၁-၉-၁၉၉၃)အတွင်း မွေးသူများ။

၇။ (၂၈-၈-၂၀၀၄)-(၂၇-၉-၂၀၀၅)အတွင်း မွေးသူများ။

အဲဒီ ခုနှစ်၊ လ၊ ရက်တွေမှာ မွေးသူတွေအားလုံး ကန်ရာသီမှာ ကြာသပတေးဂြိုဟ် ရပ်တည်စဉ် မွေး လာခဲ့ကြသူများ ဖြစ်ပါတယ်။ အခု (၁၂-၈-၂၀၁၆) စပြီး (၂၀၁၇)ခုနှစ်၊ စက်တင်ဘာ (၁၁)ရက်နေ့ထိ နှစ်တာ ကာလအတွင်းမှာ ကောဇာကြာသပတေးဂြို ဟာ ကန်ရာသီကို ပြောင်းရွှေ့ရပ်တည်မှာ ဖြစ်ပါတ ဒါ့ကြောင့် အဲဒီ ခုနှစ်၊ လ၊ ရက်များမှာ မွေးဖွားလာ တွေ အားလုံးရဲ့ ဇာတာမှာ မူလကြာသပတေးကို ကော ကြာသပတေးက စီးနင်းနေတာပေါ့။ ကြာသပတေးချ စီးနင်းရင် အတန့်၊ ဘာဝတို့အရ တစ်ယောက်နှင့် ယောက် အကျိုးပေးပုံချင်း မတူပေမယ့် ကောင်း ပေးတာကတော့ အတူတူပါပဲ'

'ဒါဆို သူတို့လည်း လိုအင်ဆန္ဒပြည့်ကြမှာပေါ့ ဆရာ'

'ခုနက သမီးကို ဆရာ ရှုတ်ပြသလိုပဲလေ။ ဂုရု အိုစုရှာတယ်၊ လိုမှုရာ ပြီးပါလိမ့်လေးတဲ့။ အသံချနဲ့ တေးထပ်စည်းကမ်းအတိုင်းသာ ဆိုပြရရင် လေး..လေးပေါ့ သမီးရယ်။ လိုအင်ဆန္ဒဟူသမျှ တစ် တစ်ဝတည်း ပြည့်ဝနိုင်တယ်ပေါ့။ ကဲ..ဘာလိုသေး'

'မလိုတော့ပါဘူး ဆရာရယ်'

'ဒါဆို အဆုံးသတ်လိုက်တော့မယ်နော်'

'ဟုတ်ကဲ့ပါ ဆရာ'

'သမီးနဲ့တကွ ကန်လက်၊ ကန်စန်း ဇာတာရှင် အားလုံး၊ မကာရလက်၊ ပြိဿလက်၊ မိန်လက် ဇာတာရှင် အားလုံး၊ ကြာသပတေးချင်း စီးနင်းနေသူများအ (၁၂-၈-၂၀၁၆)-(၁၁-၉-၂၀၁၇)အတွင်းမှာ လိုအင် ပြည့်စေသော်'

စာဖတ်သူများအား

ရွှင်လန်းချမ်းမြေ့ကြပါ

ဆရာကံထူး(ဝေဒသု

☎ ၀၉ ၄၀ ၅၃ ၄



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။


အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒက်ကြောလိမ်းဆေး







အကြောသုခ(ဒက်ကြောလိမ်းဆေးအဆီ)
0203 Y 4340

0203 Y 4340

အကြောသုခ(ဒက်ကြောလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)


# ကမ္ဘာကျော်လက်ဝှေ့ချန်ပီယံဟောင်း မိုဟာမက်အလီ၏ ဇာတာအား ကေ.ပီ စနစ်ဖြင့် လေ့လာသုံးသပ်ပြခြင်း

(၃-၆-၂၀၁၆)နေ့တွင် ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း မိုဟာမက်အလီသည် အသက်ရှူလမ်းကြောင်း ပြဿနာဖြင့် ကွယ်လွန်သွားခဲ့ရချေပြီ။ သူ့ကိုယ်သူ 'အကြီးမြတ်ဆုံး' (Greatest) ဟု ကြွေးကြော်ခဲ့သူ ကမ္ဘာ့လူသိအများဆုံး လက်ဝှေ့ချန်ပီယံကြီး၏ ဘဝကား ကမ္ဘာမြေတွင် တစ်ခန်းရပ်ခဲ့ချေပြီ။

သူ၏ ဇာတာကို လေ့လာသုံးသပ်ပြရာတွင် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဖြစ်ရခြင်း၊ လက်ဝှေ့အားကစားဖြင့် ကျော်ကြားရခြင်း၊ ပါကင်ဆန်ရောဂါ ခံစားရခြင်း၊ သေဆုံးရခြင်း အကြောင်းများကို အဓိကထား၍ သုံးသပ်ဖော်ပြပေးသွားပါမည်။ ကျန်ကဏ္ဍများကိုလည်း အညွှန်းပြု ကိုးကားပြရုံသာ သုံးသပ်ပြသွားပါမည်။

မိုဟာမက်အလီကို (၁၇-၁-၁၉၄၂) ညနေ(၆း၃၅)နာရီတွင် အမေရိကန်ပြည်ထောင်စု၊ ကန်တက်ကီပြည်နယ် (၃၈ံ ၁၅' မြောက်၊ ၈၅ံ ၄၆' အနောက်)၌ မွေးဖွားခဲ့သည်။

သူ၏ ဇာတာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

**လက်ဝှေ့အားကစားနှင့် နက္ခတ်ဗေဒင် ဥပဒေသများ**

(၅)တန့်ဘာဝ(အားကစား) သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၅၊ ၆၊ ၁၁)တန့်ဘာဝများအတွက် အကျိုးဆောင်ပြီး အင်္ဂါ၊ စနေဂြိုဟ်တို့နှင့် ဆက်သွယ်ပတ်သက်မှုရှိသော ဇာတာရှင်သည် လက်ဝှေ့အားကစားဖြင့် အောင်မြင်ရမည်။

ဖော်ပြထားသော ဇာတာတွင် (၅)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ရာဟုဖြစ်သည်။ ရာဟုဂြိုဟ်သည် ၁နွေပိုင် သိဟ်ရာသီ (၂-တန့်ဘာဝ)တွင် ရပ်တည်ပြီး မိဿရာသီရှိ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့အား (၉)တန့်အထူးမြင် ကြုံနေပါသည်။ (၅၊ ၉)တန့်သခင်အဖြစ် (၉)တန့်ဘာဝတွင် ရပ်တည်နေပြီး စနေဂြိုဟ်သည် (၇၊ ၈)တန့်သခင်အဖြစ် (၁၀)တန့်ဘာဝတွင် ရပ်တည်နေပါသည်။

ရာဟုဂြိုဟ်သည် (၄၊ ၁၁)တန့်သခင်အဖြစ် (၇)တန့်တွင် ရပ်တည်နေသော ၆ကြာပိုင် နက္ခတ်ကို စီးထားသည်။ ရာဟုက ကိုယ်စားပြုထားသော ၁နွေဂြိုဟ်သည် (၂)တန့်သခင်အဖြစ် (၆)တန့်ဘာဝတွင် ရပ်တည်ထားသည်။

သို့ဖြစ်၍ (၅)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ် ရာဟုသည် (၅၊ ၆၊ ၁၀)တန့်ဘာဝ (၃)ခုလုံးအတွက် အကျိုးဆောင်ကာ အင်္ဂါ၊ စနေဂြိုဟ် နှစ်ခုလုံးနှင့် ဆက်သွယ်နေသောကြောင့် လက်ဝှေ့အားကစားဖြင့် အောင်မြင်ရပေသည်။

(၁၀)တန့်ဘာဝ ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည်လည်း ရာဟုပင်ဖြစ်ကာ (၂၊ ၇၊ ၁၀)တန့် ဘာဝများအတွက်ရော (၅၊ ၆၊ ၁၁)တန့် ဘာဝများအတွက်ပါ ဆက်စပ်အကျိုးဆောင်နေ၍ လက်ဝှေ့အားကစားဖြင့် အသက်မွေးရကာ နာမည်ကျော်ကြားရခြင်း ဖြစ်ပါသည်။

**အိမ်ထောင်ရေးဘာဝ**

(၇)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်ဂြိုဟ် ၅တေးသည် (ထိရ)ရာသီတွင် နောက်ပြန်သွားနေပြီး ဝရရာသီဖြစ်သော မကာရရာသီ၌ ၁နွေ၊ ၄ဟူး(ဒွေးဒယဂြိုဟ်)၊ ၆ကြာဂြိုဟ်တို့နှင့် ပူးယှဉ်နေသော ၂လာဂြိုဟ်ပိုင်သည့် နက္ခတ်ကို စီးထားသည်။ ၂လာနှင့် ၄ဟူးတို့ (၁)အံသာအတွင်း နီးကပ်လွန်းစွာ ပူးယှဉ်နေခြင်း ဖြစ်သည်။

သို့အတွက် အိမ်ထောင်တစ်ဆက်ထက် ပိုတတ်ပါသည်။ တိုက်ဆိုင်မှုဟု ဆိုမည်လား။ ရာဟုက စီးထားသော နက္ခတ်သခင် ၂လာဂြိုဟ်သည် ၁နွေ၊ ၄ဟူး၊ ၆ကြာနှင့် ပူးပြီး သူ့တွင် အိမ်ထောင်လေးဆက် ကျခဲ့သည်။

ဆွန်ဂျီရွိုင်း(Sonji Roi)၊ ဘယ်လင်ဒါဘွိုက်(Belinda Boyd)၊ ဗာရော်နီကာပေါ့ချ်(Veronica Proche)၊ ယိုလန်ဒါဝီလီယမ်(Yolanda Williams) တို့မှာ သူ၏ ဇနီးများ ဖြစ်ခဲ့ပါသည်။


(၇)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၅တေးသည် (၁၀)တန့်ဘာဝတွင် ရပ်တည်ပြီး (၆၊ ၁၀၊ ၁၊ ၉)တန့် ဘာဝများအတွက် အကျိုးဆောင်ခြင်းက အိမ်ထောင်ရေးတည်ငြိမ်မှု မရှိခြင်း (၆၊ ၁၀၊ ၁)ကို ဖော်ပြနေပေသည်။

**သားသမီးများ**


(၅)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ရာဟုဖြစ်ပြီး (၂)တန့်၌ ရပ်တည်ကာ (၇)တန့်၌ ရပ်တည်သော (၄၊ ၁၁)တန့်သခင် ၆ကြာပိုင် နက္ခတ်ကို စီးထားသည်။ (၅၊ ၁၀)တန့်သခင် အင်္ဂါကို ရာဟုက (၉)တန့်အထူးမြင်ဖြင့် ဆက်သွယ်ထားသည်။ သို့ဖြစ်၍ သားသမီးရရှိရသည်။ သူ့တွင် သားသမီး စုစုပေါင်း(၉)ဦး ရှိခဲ့ပါသည်။

**ပါကင်ဆန်ရောဂါ (Parkinson's Disease)**

၅တေး ထူလ၊ ရာဟု ဘုတ္တိဒသာ ကာလအတွင်း (၁၉၈၄)ခုနှစ်တွင် ပါကင်ဆန်ရောဂါ ခံစားနေရကြောင်း စမ်းသပ်တွေ့ရှိခဲ့ရသည်။ ဆရာဝန်က (၆၁)ကြိမ် လက်ဝှေ့



www.burmeseclassic.com





ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြင့် ခေါင်းတွင် ထိခိုက်အနာတရ ဖြစ်ခဲ့ခြင်းများ၏ အကျိုးဆက်အဖြစ် ယူဆခဲ့သည်။

(၆)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၂လာ် (ဦးနှောက်)သည် (၁)တန့်(ဦးခေါင်း)သခင်အဖြစ် (၆)တန့် (ရောဂါ) ဘာဝတွင် ရပ်တည်နေသည်။ ၂လာ်သည် မိမိပိုင် နက္ခတ်ကိုပင် စီးနင်းထားပြီး ၄ဟူးပိုင် (အာရုံကြောစနစ်၊ ဆက်သွယ်ရေး) ဘုတ္တိနက္ခတ်ကို စီးထားပါသည်။ ၄ဟူး သည်လည်း ၂လာ်ဂြိုဟ်နှင့် နီးကပ်လွန်းစွာ ပူးယှဉ်၍ (၆) တန့်ဘာဝတွင်ပင် ရပ်တည်နေပါသည်။ ၄ဟူးသည် (၃) တန့် (အာရုံကြောနှင့် အာရုံကြောစနစ်)၊ (၁၂)တန့် (ဆေးရုံ၌ နေရခြင်း)သခင် ဖြစ်နေပေသည်။

အထက်ပါ အချက်များကြောင့် ဦးခေါင်း၊ ဦးနှောက် တို့ကို ထိခိုက်ရ၍ အာရုံကြောစနစ် ချို့ယွင်းကာ ပါကင် ဆန်ရောဂါကို ခံစားရခြင်း ဖြစ်ပါသည်။

**သေဆုံးသောကာလ**

(၃-၆-၂၀၁၆) နံနက်(၉း၀၀)နာရီ ၄ဟူး ထုလ၊ ရာဟု ဘုတ္တိ၊ ဗြဲ ဗြဲ အန္တရ၊ ၄ဟူး သုခုမ ဒသာကာလတွင် မိုဟာမက်အလီ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရသည်။ အသက်ရှုလမ်းကြောင်း ပြဿနာဖြင့် ကွယ်လွန်ရကြောင်း ဆရာဝန်များက မှတ်ချက်ချခဲ့ကြသည်။

ထုလနှင့် သုခုမ ဒသာသခင်ဂြိုဟ် ၄ဟူးသည် (၆) တန့် (ရောဂါ)၊ (၃၊ ၁၂) [မောက္ခ၊ သေဆုံးခြင်း၊ အသက် ရှုလမ်းကြောင်း (၃-တန့်)၊ ဆေးရုံ (၁၂-တန့်)]တို့အတွက် အကျိုးဆောင်ပြီး (၁၊ ၆)သခင် ၂လာ်ပိုင်နက္ခတ်၊ ဗြဲကြာပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။ စီးဘုတ္တိသခင် ဗြဲကြာသည် (၇)တန့် (မာရက)၊ (၄)တန့် (အရာရာ အဆုံးသတ်ခြင်း)၊ (၁၁)တန့် (ဘာဓက) ဘာဝများအတွက် အကျိုးဆောင်နေ ကြောင်း တွေ့ရပါမည်။

ဘုတ္တိဒသာသခင်ဂြိုဟ် ရာဟုသည် (၂)တန့်(မာရက)၊ (၆)တန့် (ရောဂါ)၊ (၁၁)တန့် (ဘာဓက)အတွက် အကျိုး ဆောင်ပြီး မာရက၊ ဘာဓက အကျိုးဆောင် ဗြဲကြာပိုင် ဘုတ္တိနက္ခတ်ကို စီးထားပါသည်။

အန္တရဒသာသခင်ဂြိုဟ် ဗြဲကြာကား (၂)တန့်(မာရက)၊ (၁၁)တန့် (ဘာဓက)ဘာဝ နှစ်ခုလုံးအတွက် အကျိုးဆောင် နေပါသည်။

**အထူးမှတ်ရန်**

လက်နှင့် (၁၀)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ် များ၊ (၁၊ ၁၀၊ ၁၁)တန့် ဘာဝများအတွက် အကျိုးဆောင် ပါက ကမ္ဘာကျော်ပုဂ္ဂိုလ်များ၊ လူသေ၍ နာမည်မသေသော ပုဂ္ဂိုလ်များအဖြစ် တွေ့ရတတ်ပါသည်။

မိုဟာမက်အလီ၏ ဇာတာတွင် လက်သန္တိဘုတ္တိနက္ခတ် သခင်ဂြိုဟ် ၅တေးသည် (၆၊ ၉)သခင်ဖြစ်ကာ (၁၀)တန့် ဘာဝတွင် လက်သခင် ၂လာ်ဂြိုဟ်အား စီးနင်းကာ ရပ်တည် နေပါသည်။

(၁၀)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ် ရာဟုသည် (၂) တန့်တွင် ရပ်တည်ကာ (၁၀)တန့်ဘာဝရှိ စနေနှင့် အင် (၉-တန့်ရပ်)ဂြိုဟ်တို့အား (၉)တန့်အထူးမြင် ကြည့်ထား သည်။

သို့ဖြစ်၍ လူသေသော်လည်း နာမည်မသေသော ပုဂ္ဂိုလ်အဖြစ် လောကတွင် တည်ရှိနေမည်ဟု ထင်မြင်ယူဆ မိပါသတည်း။

**ဆရာရန်အောင်ဟိန်း(ယော)**

**ကျမ်းကိုး**

* K.P Ezine.

www.burmeseclassic.com

www.burmeseclassic.com

မင်းမပေါ်ညွန့်

# နက္ခတ်ဗေဒ
# ရက်မြတ်ကောင်းအချိန်အခါ

## (၂၀၁၆)ခုနှစ်၊ နိုဝင်ဘာလအတွက် ဈေးကွက်ခန့်မှန်းချက်

သိဟ်ရာသီ၌ ရာဟုဂြိုဟ် တည်ရှိနေသဖြင့် ချင်းစိမ်း ရှားတတ်၏။ (၆)လမြောက်၌ လေးဆတိုး၍ အဖိုး ဈေးနှုန်း တက်တတ်၏။ ကန်ရာသီ၌ ၅တေးဂြိုဟ် တည်ရှိသဖြင့် မိုးကောင်းတတ်၏။ ဆန်ရေစပါး၊ အစားအစာ ပေါ်များ၍ ဝပြောစည်ပင်တတ်၏။ တူရာသီ၌ ၁နွေဂြိုဟ် တည်မှု ရွှေထည်၊ စပါး၊ ဆန် ရှားအံ့။ ဆင်သတ္တဝါတို့ ပျက်စီးကြုံကုန်အံ့။ ၄င်းတူရာသီ၌ ၄ဟူးဂြိုဟ် တည်မှု မိုးကောင်းအံ့။ ဗြိစ္ဆာရာသီတွင် စနေဂြိုဟ် တည်ရှိချိန်တွင် သတ္တဝါတို့ ပင်ပန်းဆင်းရဲအံ့။ ၄င်းဗြိစ္ဆာရာသီတွင် ၆ကြာဂြိုဟ် တည်ရှိနေသဖြင့် ဆန်စပါး မပေါ်မရှားရှိအံ့။ ဓနု ရာသီ၌ ၆ကြာဂြိုဟ် တည်ခိုက် ဆန်စပါး ရှားအံ့။

**၂-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်**




ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်၊ အနေကဇာတင်ရန်၊ ပညာ စသင်ယူရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံရှင်ပြု၊နားသမင်္ဂလာ ကျင်းပရန်၊ [illegible]ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသရန်၊ လက်ဝတ် [illegible] ဝတ်ဆင်ရန်၊ အလှုပြင်ရန်၊ အဆောက်အအုံ ပန္နက် [illegible]ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီး [illegible]ရန်၊ မိတ်ဆုံညှိခံပွဲ ကျင်းပရန်၊ မေတ္တာရေးရာကိစ္စ [illegible]င်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ [illegible]ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော [illegible]လေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်း [illegible](၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင် [illegible]လျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို [illegible] မောင်လူအောင်မော်၊မလှယမင်း..ဟု ပေးနိုင်သည်။ [illegible] အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာ [illegible]ရောင်မှာ အနီရောင်ဖြစ်သည်။

**[illegible]-၁၁-၂၀၁၆ (သောကြာနေ့)**


**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)ရက်**

အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယနေ့ [illegible]ရားတည်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ စေ့ စပ်ကြောင်းလမ်းရန်၊ လက်ထပ်ပွဲကျင်းပ ရန်၊ ကျောက်မျက်ရတနာ စူးစမ်းရှာဖွေရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ ငွေကြေး ချေး ငှားရန်၊ ရေနံ၊ဓာတ်ငွေ့ စူးစမ်းရှာဖွေရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူးရန်၊ စပါးရိတ် သိမ်းရန်၊ ကျီသွင်းရန်၊ ဆေးခန်းဖွင့်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်တို့အတွက် ကောင်း သည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟန်သူမြင့်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အစိမ်းရောင်ဖြစ်သည်။



**၅-၁၁-၂၀၁၆ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆)ရက်**



မိတ်သင်္ဂဟ ပေါ်များသောယုဂ် ရရှိသဖြင့် ယနေ့ စေ့စပ်၊လက်ထပ်ရန်၊ ကလေးနာ မည်ပေးရန်၊ ပညာစသင်ရန်၊ စက်မှုလက် မှုပညာ တီထွင်ရန်၊ သရုပ်ဆောင်အနု ပညာလုပ်ငန်း ဆောင်ရွက်ရန်၊ လက်မှတ်ရေးထိုးရန်၊ အလုပ်လျှောက်ရန်၊ ညှိခံမိတ်ဆုံပွဲ ကျင်းပရန်၊ ဘုရား စခန်းဝင်ရန်၊ လေကြောင်းခရီးသွားရန်၊ ဘဏ်စာရင်းဖွင့်ရန်



www.burmeseclassic.com

www.burmeseclassic.com

တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမြင့်၊ မနန်းမြင့်မော်..ဟု ပေးနိုင်သည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ဖက်ဖူးရောင်ဖြစ်သည်။

### ၆-၁၁-၂၀၁၆ (တနင်္ဂနွေနေ့)

### (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက်



ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ တိုင်ထူရန်၊ လှေကားထောင်ရန်၊ အိမ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ လေကြောင်းခရီး သွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်လှုမော်၊ မအေးချမ်းမေ..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ပန်းနုရောင်ဖြစ်သည်။

### ၇-၁၁-၂၀၁၆ (တနင်္လာနေ့)


### (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်



အလုံးစုံ ထမြောက်အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား၊စေတီ ထီးတော်တင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ စေ့စပ်၊လက်ထပ်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ပညာစသင်ရန်၊ ဆံရိတ်၊ဆံသရန်၊ ရေစက်ချလှူဒါန်းရန်၊ ဆင်းတုတော် ထုလုပ်ရန်၊ အဝတ်အထည်ရက်လုပ်ရန်၊ မော်တော်ကား ရှောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ထုတ်လုပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဝင်းမောင်၊ မကြည်လင်မြ..ဟု ပေးနိုင်သည်။ ယနေ့ အနောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

### ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

### (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်




ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမဏ္ဍာပ် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အဆောက်အအုံထူရန်၊ အုတ်မြစ်ချ၊အုတ်စီ၊ကျောက်သွေးလောင်းရန်၊ အိမ်သစ်တက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်၊ ရာထူး ရပ်ရုပ်? ရာဟု—

ရဟန်းခံရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ငွေချေးငှားအပ်နှံရန်၊ ကျန်းမာရေးစစ်ဆေးရန်၊ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤ ကလေးကို နာမည်ပေးလိုပါက မောင်လှိုင်ဦးမောင်၊ မရွှေယမင်းခိုင်..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အ[illegible]ရောင်ဖြစ်သည်။

### ၁၁-၁၁-၂၀၁၆ (သောကြာနေ့)

### (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက်



ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ မီဒီယာများတွင် [illegible]ငန်းကြော်ငြာထည့်ရန်၊ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်လှေကားထောင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ လက်ထပ်ထိမ်းမြားရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီ၊ပန်းပုစသော ပန်း(၁၀)မျိုးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သန်းစံညွန့်၊ မသန်းသန်းဆင့်··ဟု ပေးနိုင်သည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၁၂-၁၁-၂၀၁၆ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက်**



အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုလုပ်ရန်၊ ရှင်ပြု၊နားသရန်၊ စေ့စပ်၊လက်ထပ်ရန်၊ အလှုပြင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားလာရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ ဆိုင်သစ်နှင့် ကုမ္ပဏီရုံးခန်းသစ်ဖွင့်ရန်၊ မေတ္တာရေးရာစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနိုင်အောင်၊ မနွယ်ဝင်းမေ··ဟု ပေးနိုင်သည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

**၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်**



အမှုကိစ္စ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ဂါထာမန္တန် သိဒ္ဓိတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အောင်ဘာလေထီထိုးရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ အလှုပြင်ရန်၊ ဆေးဝါးသစ် ဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ စက်မှုပစ္စည်း ရောင်းဝယ်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်လှမော်၊ မအေးချမ်းမေ··ဟု ပေးနိုင်သည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၁၄-၁၁-၂၀၁၆ (တနင်္လာနေ့)**


**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်**



ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ပန်းချီ၊ပန်းပု၊လက်မှုပစ္စည်း တီထွင်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ အိမ်သစ်တက်ရန်၊ စပါးရိတ်သိမ်းရန်၊ အစုရှယ်ယာဝင်ရန်၊ အကျိုးဆောင်လုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မင်းမောင်၊ မကေခိုင်မင်း··ဟု ပေးနိုင်သည်။ ယနေ့ အနောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ဆင်စွယ်ရောင်ဖြစ်သည်။

**၁၅-၁၁-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁)ရက်**



အလိုဆန္ဒ ပြည့်ဝစေသောယုဂ် ရရှိသဖြင့် ယနေ့ စပါးရိတ်သိမ်းရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ကုန်ရောင်းဝယ်ရန်၊ စာပေကျမ်းဂန် ရေးသားထုတ်ဝေရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ပြောင်း၊ အိမ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ စေ့စပ်၊လက်ထပ်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ် လျှောက်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဆွေဝင်းမော်··ဟု ပေးနိုင်


www.burmeseclassic.com

www.burmeseclassic.com

သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ အပြာရောင်ဖြစ်သည်။

**၁၈-၁၁-၂၀၁၆ (သောကြာနေ့)**


**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၄)ရက်**



ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အဆောက်အအုံအုတ်မြစ်ချ၊အုတ်စီရန်၊ တိုင်ထူ၍ ကျောက်သွေးလောင်းရန်၊ အိမ်သစ်တက်၊လှေကားထောင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်၊ အလုပ်သစ် လျှောက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သန်းစံညွန့်၊ မသန်းသန်းဆင့်··ဟု ပေးနိုင်သည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၁၉-၁၁-၂၀၁၆ (စနေနေ့)**


**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၅)ရက်**



မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ မျိုးစေ့ကြဲရန်၊ ဥယျာဉ်ခြံလုပ်ငန်းစတင်ရန်၊ ဆေးဝါး၊အလှကုန်ပစ္စည်း ထုတ်လုပ်ရန်၊ ဆံသ၊အလှပြင်ရန်၊ ဆင်းတုတော်ထုလုပ်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမြင့်၊ မနေနန်းမော်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

**၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့)**


**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၆)ရက်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ တိုင်ထူ၊လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာတင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ပြည်တွင်း၊ပြည်ပ ေ ကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင် မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေး ပါက မောင်အေးဝင်းမော်၊ မအေးချမ်းမေ··ဟု ပေးနိုင် သည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ ပန်းရောင်ဖြစ်သည်။

**၂၁-၁၁-၂၀၁၆ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၇)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ တွင်း၊ရေကန်၊အဝီစိတွင်း တူးဖော် ပညာစသင်ရန်၊ စာပေကျမ်းဂန် ရေး ပြုစုရန်၊ စာအုပ်ဖြန့်ချိရန်၊ အားကစားပြိုင်ပွဲများ ကျင်း အောင်ဘာလေထီ ကံစမ်းရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ် စပါးရိတ်သိမ်းရန်၊ ကုန်ရောင်း၊ကုန်ဝယ်ရန်၊ စေ့စပ်၊ ထပ်ပွဲ ကျင်းပရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ကျောက် ရတနာ ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ လုပ် ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော က မှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁ နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေး ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက ကျော်မင်းမောင်၊ မကေခိုင်မင်း··ဟု ပေးနိုင်သည်။ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ရောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၃-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့)


## (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၉)ရက်



အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပညာစသင်ရန်၊ ကုန်ရောင်းဝယ်ရန်၊ ထီးတော်တင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အုတ်မြစ်ချရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ လက်ထပ်မင်္ဂလာပွဲကျင်းပရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ပဋ္ဌာန်းခံရန်၊ စပါးရိတ်သိမ်းရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ရတနာ ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လွင်ဦးမောင်၊ မလှိုင်ဦးမေ..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

## ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့)

## (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၀)ရက်



မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ နတ်ကွန်းတည်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ၊ပန်းပု ပန်း(၁၀)မျိုးလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်တိုင်ထူရန်၊ လှေကားထောင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ လေကြောင်းခရီးသွားရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်တို့အတွက် ကောင်းသည်။ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်း၊ မေပမြိုင်ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

## ၂၅-၁၁-၂၀၁၆ (သောကြာနေ့)


## (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၁)ရက်



ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ပွဲကျင်းပရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာစကား ပြောဆိုရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟန်သူမြင့်..ဟု ပေးနိုင်သည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

## ၂၈-၁၁-၂၀၁၆ (တနင်္လာနေ့)


## (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၄)ရက်



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရွှေနှံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတအနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ပညာစသင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဝင်းမောင်၊ မကြည်ဖြူမြင့်..ဟု ပေးနိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။


သဗ္ဗေသတ္တာ ဗေဒင်တိုက်
မင်းမဟော်ညွန့်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

www.burmeseclassic.com



ဟိန်း(ဘူမိ)

# ပန်းသီး၏ ရောဂါကုသပေးနိုင်သောစွမ်းအား



ပန်းသီးသည် အရေပြားအတွက် အလွန်အကျိုးရှိစေပါသည်။

**ကုသပေးနိုင်သော စွမ်းအား**

နှလုံးရောဂါ၏ ဘေးအန္တရာယ်ကို လျော့ကျသွားအောင် အထောက်အကူ ပေးနိုင်သည်။

ဝမ်းချုပ်ခြင်းကို ကာကွယ်တားဆီးပေးနိုင်သည်။

ဆီးချိုရောဂါကို ထိန်းချုပ်ပေးနိုင်သည်။

ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်သည်။

ပန်းသီးသည် ရှေးကာလရှည်ကြာကတည်းက ကျန်းမာရေးကို ကောင်းစေ[illegible] အသက်ဓာတ်အားကို ဖြည့်စွမ်းပေးသည့် စားစရာအဖြစ် အသိအမှတ်ပြုခံခဲ့ရခြင်း[illegible] အံ့အားသင့်စရာ မဟုတ်ပါချေ။ မည်သည့်နေရာသို့သွားသွား အချိန်မရွေး စားသုံးနိုင်စေ[illegible] သင်နှင့်အတူ ပန်းသီးများကို ယူဆောင်သွားသင့်ပေသည်။ ပန်းသီးကို ကောင်းစွာ ထု[illegible] သယ်ဆောင်သွားခြင်းဖြင့် အချိန်မရွေး အရသာရှိစွာ စားသုံးနိုင်ပေသည်။


ပန်းသီးတွင် အဆာပြေစားစရာတစ်ခုထက် သာလွန်သော စွမ်းရည်မျိုး ရှိပါသည်[illegible] လေ့လာမှုများအရ ပန်းသီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် နှလုံးရောဂါ ခံစားရမည့်[illegible] လျော့ကျစေနိုင်ကြောင်း သိရှိရပါသည်။ ဓာတ်ခွဲခန်းတွင် စမ်းသပ်ချက်များအရ ပန်း[illegible] တွင် ကင်ဆာဆဲလ်များကို ရပ်တန့်စေနိုင်စွမ်းရှိကြောင်း သိခဲ့ကြရပါသည်။ ရှေး[illegible] တစ်ခုရှိသည်မှာ 'ပန်းသီးကိုစားပေး ဆရာဝန်နှင့်ဝေး' ဟူ၍ ဖြစ်သည်။

ပန်းသီးကို တစ်နေ့ တစ်လုံးမှ နှစ်လုံးထိ စားသုံးပေးခြင်းဖြင့် ကျန်းမာ[illegible] အထောက်အပံ့ပေးနိုင်သော လက်တွေ့အထောက်အထားများ ရှိထားပြီး ဖြစ်ပါသ[illegible]

**အရေပြားအတွက် အကျိုးရှိစေခြင်း**

ပန်းသီးတွင် ကွာစီတင်(quercitin) ဟု ခေါ်သော ဓာတ်ပေါင်း (၄)မီလီဂရမ်[illegible] များပြားစွာ ပါဝင်ပေရာ အရေပြားရောဂါများကို ကုသပေးရန် များစွာအထောက်[illegible]

www.burmeseclassic.com



ပြုပေးပါသည်။ ယင်းကွာစီတင် ဓာတ်ပေါင်းသည် ဗီတာမင်(စီ)နှင့် ဘီတာကယ်ရိုတင်း ကဲ့သို့သော အန်တီအောက်စီးဒန့်ဓာတ်များကဲ့သို့ အလားတူပြီး ဘေးဒုက္ခပေးမည့် အောက်ဆီဂျင်မော်လီကျူးများကြောင့် ဆဲလ်များ ပျက်စီးခြင်းဘေးမှ ကာကွယ်တားဆီးပေးနိုင်စွမ်း ရှိပါသည်။ ယင်းသို့ ဆဲလ်များ ဘေးသင့်စေသည့် အောက်စီဂျင်ကြောင့် ပျက်စီးပါက ကင်ဆာဖြစ်စေသည်ထိ ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။ သို့အတွက် ပန်းသီးသည် ကင်ဆာရောဂါကို ကာကွယ်တားဆီးပေးနိုင်စွမ်း ရှိပါသည်။

အန်တီအောက်စီးဒန့်များ၏ ကုသပေးနိုင်စွမ်းတွင်ပင် ကွာစီတင်သည် ခြွင်းချက်တစ်ရပ် ဖြစ်နေပေသည်။ ဖင်လန်တွင် လေ့လာသုတေသနပြုချက် တစ်ရပ်၌ သုတေသီများသည် လူအများ စားသုံးကြသော နေ့စဉ် စားသုံးမှုတွင် အမျိုးမျိုးသော အန်တီအောက်စီးဒန့်များ၏ ကွဲပြားသော ပမာဏများအလိုက် နှလုံးရောဂါပေါ် အကျိုးသက်ရောက်မှုကို နှစ်ပေါင်း(၂၀)ခန့် စူးစမ်းလေ့လာခဲ့ကြသည်။ အမျိုးသားများတွင် အခြားသော အန်တီအောက်စီးဒန့်များနှင့် ကွာစီတင်ပမာဏကို နေ့စဉ် အမြင့်မားဆုံး စားသုံးပေးခြင်း (နေ့စဉ် ပန်းသီးစားသုံးမှုပါ ထည့်သွင်းစဉ်းစား)ဖြင့် နှလုံးရောဂါ ဖြစ်ပွားမည့်ဘေးကို (၂၀)ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ သုတေသီများက ကွာစီတင်သည် လေ့လာစူးစမ်းများအရ နှလုံးရောဂါဘေးကို တားဆီးပေးရာ၌ ပို၍အရေးပါကြောင်း တွေ့ရှိခဲ့ကြရသည်။

နယ်သာလန်တွင် လေ့လာစူးစမ်းမှုများ၌ သုတေသီများက အမျိုးသားများအနေဖြင့် တစ်နေ့လျှင် ပန်းသီးတစ်လုံးကို ကြက်သွန်နီ စားပွဲတင်ဇွန်း(၂)ဇွန်းစာ၊ လက်ဖက်ရည် ခွက်နှင့်အတူ နေ့စဉ် စားသုံးပေးခြင်းဖြင့် ပန်းသီးအနည်းငယ်မျှသာ စားသုံးသောသူများထက် နှလုံးရောဂါ၏ တိုက်ခိုက်ခံရမည့်ဘေးမှ (၃၂)ရာခိုင်နှုန်းထိ လျော့ကျစေကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့အတွက် 'တစ်နေ့လျှင် ပန်းသီးတစ်လုံးစားရန် အကြံဉာဏ်ကား မဆိုးလှပါ' ဟု၍ မင်နီဆိုတာတက္ကသိုလ် လူထုကျန်းမာရေး အာဟာရဗေဒနှင့် ကူးစက်ရောဂါဌာန ပါမောက္ခ လောရင့်စ်အိတ်ချ် ကူရှီ(Sc.D).က ဆိုခဲ့ပါသည်။

ကွာစီတင်သည် နှလုံးရောဂါကိုသာမက ကင်ဆာရောဂါကိုပါ တိုက်ဖျက်တားဆီးပေးသည်။ ဓာတ်ခွဲခန်းတွင် လေ့လာချက်များအရ ယင်းဓာတ်ပေါင်းသည် ကင်ဆာဆဲလ်များ ဖွံ့ဖြိုးကြီးထွားခြင်းကို တားဆီးပေးပြီး ကင်ဆာဆဲလ်များ ပြန့်ပွားခြင်းကို တားဆီးပေးကြောင်းလည်း တွေ့ရှိခဲ့ရသည်ဟု သိရပါသည်။

'ကာစီနိုဂျင်ဟူသော ကင်ဆာဖြစ်ရန် အလားအလာရှိသော ဆဲလ်များအတွက် ကွာစီတင်ဓာတ်က ယင်းဆဲလ်များ ပွားများခြင်းကို ကာကွယ်ပေးပြီး ကာစီနိုဂျင်၏ ဆောင်ရွက်မှုကိုပါ တားဆီးပေးပါသည်'ဟု ဒေါက်တာကူရှီက ဆိုခဲ့ပါသည်။ ကွာစီတင်သည် ပန်းသီးတွင် မြင့်မားစွာပါရှိသော အရာတစ်ခု ဖြစ်ပါသည်။



**အမျှင်ဓာတ် ကြွယ်ဝခြင်း**

လတ်တလောတွင် ရှာဖွေတွေ့ရှိချက်များအရ ပန်းသီးတွင် အမျှင်ဓာတ် အားကောင်းစွာ ပါဝင်ကြောင်း တွေ့ရှိထားပါသည်။ ပန်းသီးတွင် ပက်တင်(pectin) အပါအဝင် ရေတွင် ပျော်ဝင်သော အမျှင်ဓာတ်နှင့် ရေတွင် မပျော်ဝင်သော အမျှင်ဓာတ်ပါ နှစ်မျိုးလုံး



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ပါသည်။ အရေခွံအပါအဝင် ပန်းသီး(၅)အောင်စတွင် အမျှင်ဓာတ် (၃)ဂရမ်မျှ ပါဝင်ပါသည်။ ကော်နဲလ်တက္ကသိုလ်မှ အစားအစာနှင့် နည်းပညာဌာန ပါမောက္ခ ချန်လီး(Ph.D) က 'ပန်းသီးတွင် အမျှင်ဓာတ် ကြွယ်ဝလှကြောင်း' ပြောပြခဲ့ပါသည်။

ရေတွင် မပျော်ဝင်သော အမျှင်ဓာတ်များကို များသောအားဖြင့် ပန်းသီး၏ အခွံတွင် တွေ့ရှိရပြီး အကြမ်းစားဖြစ်သောကြောင့် ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်ပါသည်။ ဝမ်းကို ညင်သာစွာ သက်စေနိုင်သည်။ သို့အတွက် အူလမ်းကြောင်းအတွင်း ချောမွေ့စွာ ဝမ်းသက်လျှောစေခြင်းဖြင့် အူမကြီးအတွင်း အသားစိုင်လေးများစွာ ဖြစ်ပေါ်စေခြင်းနှင့် အူမကြီးကင်ဆာတို့ကို ကာကွယ်တားဆီးပေးရာ ရောက်ပါသည်။ ရေတွင် မပျော်ဝင်သော အမျှင်ဓာတ် ပေါင်းဖြည့်ပေးခြင်းက ပန်းသီးသည် လူများအတွက် ကိုယ်အလေးချိန် အံ့ဖွယ်ထိန်းပေးသော စားစရာ ဖြစ်လာစေပေသည်။ ဆာတိုင်း စားပေးခြင်းဖြင့် ကိုယ်အလေးချိန်ကို လျှော့ကျစေနိုင်ပါသည်။

ပန်းသီးတွင် အုတ်စပါး၌ တွေ့ရသော ရေတွင် ပျော်ဝင်သော အမျှင်အမျိုးအစားနှင့် တူညီသည့် ပျော်ဝင်အမျှင်ဓာတ် ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ယင်းအမျှင်ဓာတ်က ရေတွင် မပျော်ဝင်သော အမျှင်ဓာတ်နှင့် ကွဲပြားစွာ လုပ်ဆောင်ပေးပါသည်။ အစာလမ်းကြောင်းအတွင်း အစာဟောင်းများကို မပြောင်းမလဲ ဖြတ်ကျော်သွားစေသည်။ ယင်းအမျှင်ဓာတ်သည် ဂျယ်လီနှင့် အလားတူသော သဘောရှိပြီး ကော်လက်စထရောကို လျှော့ကျစေရန် အထောက်အကူပြုပေးပါသည်။ သို့အတွက် နှလုံးရောဂါနှင့် လေဖြတ်ခြင်းဘေးကို လျှော့ကျသွားစေနိုင်ပါသည်။

ပျော်ဝင်အမျှင်တိုင်း ထိုသို့ အထောက်အကူပြုပေးနိုင်သည်ကား မဟုတ်ပါချေ။ သို့သော် ပက်တင်(pectin) ကဲ့သို့ အမျှင်ဓာတ်မျိုးသည်ကား ယင်းသို့ အထောက်အကူပြုပေးနိုင်စွမ်း ရှိပါသည်။ ပက်တင်သည် ထူထဲသော ဂျယ်လီနှင့် ယို(jams) ကဲ့သို့ သဏ္ဌာန်ရှိပြီး အသည်းမှ ထုတ်လုပ်သော ကော်လက်စထရောကို လျှော့ကျစေနိုင်သည့် ပြင် နှစ်ဆအားဖြင့် ကာကွယ်တားဆီးပေးနိုင်ပေသည်။

သို့အတွက် ကယ်လီဖိုးနီးယားပြည်နယ် စတော့တန်ရှိ စန်ဂျိုကွင်းဒယ်လ်တာ ကောလိပ်၊ အစားအစာနှင့် အာဟာရဗေဒဌာန ညွှန်ကြားရေးမှူး ဂျိုးယန်ဝါလ်ရှ်(R.D., Ph.D) က 'ပက်တင်၏ ဂျယ်လီအသွင် စွမ်းအားက အစာချေဖျက်မှုကို နှေးစေသည် သာမက သွေးတွင်း သကြားဓာတ် မြင့်တက်မှုကို နှေးကွေးစေ၍ ဆီးချိုရောဂါ ခံစားရသူများနှင့် သင့်လျော်ပါသည်' ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ပုံမှန်အရွယ်အစားတွင်ရှိသော ပန်းသီးတစ်လုံးတွင် ပက်တင်(၀.၇)ဂရမ် ပါဝင်၍ စတော်ဘယ်ရီနှင့် ငှက်ပျောသီးတို့တွင်ထက် ပိုမိုပါဝင်ပါသည်။

<u>သတိထားစရာ အချက်များ</u>

ပန်းသီးကိုသာ စားသုံးပေးရမည်။ ပန်းသီးဖျော်ရည်(apple juice) ကို ပန်းသီးကဲ့သို့ အစားထိုး အသုံးမပြုသင့်ပါချေ။

ပန်းသီးကို အခွံခွာ၍ မစားသင့်ဘဲ အခွံနှင့်တကွ စားသုံးပေးရပါမည်။

**ဟိန်း(ဘူမိ)**

<u>ကျမ်းကိုး</u> * Eat and Heal.

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ၍ သတ်သေခြင်း၊ အဆိပ်သေးသောက်၍ သတ်သေခြင်း၊ အမြင့်မှ ခုန်ချ၍ သတ်သေခြင်း စသည့် သတ်သေခြင်း အမျိုးမျိုးဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်ကြသည့် သတင်းများ နေ့စဉ်လိုလို ဖတ်နေရသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရဆိုလျှင် နှစ်စဉ် လူဦးရေ တစ်သိန်းတွင် (၃)ဦးသည် ကိုယ့်ကိုယ်ကိုယ် သတ်သေနေ၏။

စိတ်ပညာဌာနပါမောက္ခ ဒေါက်တာတင်ဦး၏ အဆိုအရ လူမှုရေးအခက်အခဲ၊ စီးပွားရေးအခက်အခဲ၊ အိမ်ထောင်ရေးအခက်အခဲ၊ အချစ်ရေးအခက်အခဲ ဖြစ်လာသောအခါ ဖြေရှင်းစရာနည်းလမ်း ရှာမတွေ့တော့၍ ထွက်ပေါက်အဖြစ် သတ်သေကြခြင်းဖြစ်ကြောင်း၊ ဤသို့ အဖြစ်များလာသော ကိစ္စရပ်အတွက် နိုင်ငံတော်မှ မူဝါဒတစ်ရပ် ချမှတ်ပြီး ဆောင်ရွက်မပေးနိုင်လျှင် နောင်တွင် ဤအမှုမျိုး ပို၍အဖြစ်များလာမည်ဟု မှတ်ချက်ပြုထားသည်။

စိတ်ကျရောဂါ (သို့မဟုတ်) စိတ်ဓာတ်ကျခြင်းရောဂါ ခံစားနေရသူများ ကမ္ဘာပေါ်တွင် လူသန်းပေါင်း(၃၅၀)ခန့်ရှိကြောင်း စစ်တမ်းတစ်ခုက ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် လူဦးရေတစ်ထောင်၌ (၅၇)ဦးမှာ စိတ်ကျရောဂါရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သုတေသနပြုထားသည်။ ရုပ်ဝတ္ထုများ တစ်နေ့တခြား တိုးတက်ပြောင်းလဲလာသည့်အတွက် စိတ်ဝတ္ထုများက အားနည်းလာသည်။ ဘာသာရေးပိုင်း အားနည်းလာသည်။ ဗြဟ္မစိုရ်တရား အားနည်းလာသည်။ မေတ္တာတရား ခေါင်းပါးလာကြသူ များလာသည်။ ထိုအကြောင်းများကြောင့် မေတ္တာမဲ့သော ဖိအားပေးခြင်းများကို ခံကြရပေသည်။ မဖြေရှင်းနိုင်သောအခါ ကိုယ့်ကိုယ်ကိုယ် သတ်သေ၍ ထွက်ပေါက်ရှာကြတော့၏။

ထိုသို့ ရုပ်ဝတ္ထုများ တိုးတက်လာခြင်းကြောင့် နောင်တွင် လူလေးဦးလျှင် တစ်ဦးနှုန်းဖြင့် စိတ်ကျန်းမာရေး ချို့တဲ့လာတော့မည်ဟု Global Burden Diseae ခေါ် GBD အဖွဲ့၏ စစ်တမ်းတွင် ဖော်ပြထားသည်။

စိတ်ရောဂါသည် လူမျိုး,ဘာသာမရွေး၊ ဆင်းရဲ,ချမ်းသာမရွေး၊ ရာထူးဂုဏ်ရှိန်မရွေး ဖြစ်ပွားနိုင်သော ရောဂါတစ်ခု ဖြစ်သည်။ စီးပွားရေးအရ၊ ငွေကြေးအရ၊ အိမ်ထောင်ရေးအရ၊ အချစ်ရေးအရ မိမိနှင့် ပတ်သက်ဆက်နွှယ်နေသော အကြောင်းရင်းခံတစ်ခုခုကြောင့်- စိတ်ရောဂါ ဖြစ်လာသည်။ စိတ်ရောဂါဝင်နေသူ တစ်ယောက်အတွက် ပို၍ဆိုးဝါးလာလျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းမျိုးအထိ ဖြစ်လာတော့သည်။



www.burmeseclassic.com

ဒီရောဂါဟာ ကူးစက်ရောဂါတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်နေ့တခြား အဖြစ်ဆိုးတွေ ပြုလုပ်နေကြတာကို ကြားနေရတဲ့အတွက် အများပြည်သူများ၏ ကျန်းမာရေးအရ သတိထားရတော့မယ့် ရောဂါတစ်ခုတော့ ဖြစ်လာပါပြီဟု ရန်ကုန်မြို့မှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး တစ်ဦးက ပြောပြသည်။

(၂၀၁၄)ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံတွင် စိတ်ရောဂါနှင့်ပတ်သက်ပြီး စစ်တမ်းတစ်ခု ကောက်ယူခဲ့ဖူးသည်။ ထိုစစ်တမ်းအရ ကျေးလက်ဒေသတွင် စိတ်ဖောက်ပြန် ရူးသွပ်နေသူပေါင်း လူတစ်ထောင်လျှင် (၄၀)ဦး၊ စိတ်ကျရောဂါ ခံစားနေရသူပေါင်း လူတစ်ထောင်လျှင် (၆)ဦးနှုန်းခန့် ရှိနေသည်ဟု သိရသည်။ လူနေမှုဘဝ နိမ့်ကျသူများတွင် အဖြစ်များတတ်သည်။ ယခုအခါ ထိုစစ်တမ်းထက် ပို၍များနေမည် ဖြစ်၏။

စိတ်သာရှင်စော ဘုရားဟောဟု ဆိုရိုးစကား ရှိပါသည်။ လူသားတစ်ဦးအတွက် စိတ်သည် အရေးကြီးဆုံး အရာဖြစ်၏။ စိတ်ထောင်းတော့ ကိုယ်ကျေ စိတ်ပျိုတော့ ကိုယ်နု ဆိုသည့် စကားပမာများကို ကြည့်ခြင်းအားဖြင့် စိတ်၏ အရေးပါပုံကို သိနိုင်ပါသည်။ စိတ်ဒဏ်ရာရသွားသူ၏ စဖြစ်လာသော စိတ်ရောဂါမှသည် စိတ်ဓာတ်ကျလာသော စိတ်ကျရောဂါဖြစ်လာပြီး တိုင်ပင်အားကိုးစရာ မမြင်တော့သောအခါ အဆုံးစီရင်သည်အထိ စိတ်အမှောင်က တွန်းပို့လိုက်မည်သာ ဖြစ်၏။

စိတ်ရောဂါ၊ စိတ်ကျရောဂါဟူသည် လူတစ်ဦးနှင့်တစ်ဦး ရောဂါဖြစ်ပွားလာပုံချင်း မတူကြပေ။ ဥပမာ-စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်တစ်ဦးအနေနှင့် အခွန်ကိစ္စ၊ ဥပဒေကိစ္စ၊ မီးကိစ္စ၊ အလုပ်သမားပြဿနာတို့ကြောင့် စိတ်ကျရောဂါ ဖြစ်နိုင်သလို ဆိုက်ကားနင်းသူ တစ်ယောက်အနေဖြင့် သားသမီးစားဝတ်နေရေး၊ ကျန်းမာရေး ကိစ္စများက ထိုသူကို စိတ်ရောဂါ ရစေနိုင်သည်။ အိမ်ထောင်ရေးဖောက်ပြန်နေသူ တစ်ဦး၏ ဇနီးသည်က နေ့ညခံစားနေရသော စိတ်ဖိစီးမှုများကြောင့် စိတ်ကျရောဂါ ဖြစ်လာသည် စသဖြင့် အချစ်ရေးကြောင့်၊ မိမိ၏ အားနည်းချက်များကြောင့် စိတ်ကျရောဂါဖြစ်တတ်သည်။ ရန်ကုန်မြို့တွင် ကားဖြင့် သွားလာနေသူများသည် ယာဉ်ကြောကျပ်တည်းမှုကြောင့် ကားပေါ်တွင် အချိန်များ ဖြုန်းတီးနေရသည်။ အနုစားစိတ်ကျရောဂါရနေကြသူများ ဖြစ်လာသည်။

H.I.V ဝေဒနာရှင်တိုင်း စိတ်ရောဂါရှိမည် ဖြစ်၏။ ထိုသူတို့ကို ဆွေးနွေးရန်၊ အားပေးနှစ်သိမ့်ရန်၊ အကြံဉာဏ်ပေးရန် စိတ်ရောဂါကုဆရာများ ထားရှိခြင်းဖြင့် လူနာ၏ စိတ်ဓာတ်ခွန်အားကို ရစေသည်။ ထို့နည်းတူစွာ စားဝတ်နေရေးနှင့် အကျုံးဝင်နေသော အရေးပေါင်းစုံကို တိုင်ပင်ဆွေးနွေး ပညာပေးလမ်းညွှန်ရာ ဌာနလေးများ မြန်မာနိုင်ငံတွင် မြို့တိုင်း၌ ထားရှိရန် လိုပါသည်။ ထိုနေရာများသို့ လာရောက်ဆွေးနွေးတတ်ရန်၊ ပြည်သူများကို လေ့ကျင့်ပေးရန်၊ ပညာပေးဟောပြောပွဲများ လုပ်ပေးရန် လိုအပ်ပါမည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် စိတ်ကျရောဂါ ခံစားနေရသူတို့၏ ပူပင်သောကတို့ကို အထိုက်အလျောက် ဟန့်တားလျော့ကျစေနိုင်ပါသည်။ မိမိ (သို့မဟုတ်) မိမိနှင့်နီးစပ်နေသူတွင် စိတ်ကျရောဂါရှိ၊ မရှိ စမ်းသပ်၍ရသည်။

အောက်ပါ လက္ခဏာများသည် စိတ်ကျရောဂါ ဖြစ်လာတော့မည့် အခြေခံအကြောင်းတရားများ ဖြစ်၏။

AIDS၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာ စသည့် ရောဂါကြီးတစ်ခုခု ရှိနေသူတိုင်းတွင် စိတ်ဖိစီးမှုရောဂါ ရှိနေတတ်သည်။ စိတ်ကျရောဂါ မဖြစ်လာခင် ကြိုတင်ပြင်ဆင်ထားသင့်သည်။ အောက်ဖော်ပြပါ အချက်အလက်များသည် စိတ်ဖိစီးမှုမှတစ်ဆင့် စိတ်ကျရောဂါ ဖြစ်စေနိုင်သော အခြေခံအကြောင်းတရားများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အရာရာတွင် အမြဲတမ်း ပူပန်စိတ် လွန်ကဲနေခြင်း၊ မျက်ရည်ထွက်လွယ်ခြင်း၊ ဘာမဟုတ်တာလေးနှင့် စိတ်တိုလွယ်ခြင်း၊ အသေးအမွှားကိစ္စလေးများကို ပုံကြီးချဲ့၍ ကြံဖန်အပြစ်ရှာပြောတတ်ခြင်း၊ တစ်ခုခုဆုံးဖြတ်ရန် ဇဝေဇဝါ ဖြစ်နေတတ်ပြီး ဆုံးဖြတ်ချက်များ လွဲမှားနေတတ်ခြင်း၊ အိပ်မပျော်ခြင်း၊ အစားအသောက် မစားချင်ခြင်း၊ လန်းဆန်းမှုမရှိဘဲ တွေတွေဝေဝေ အမြဲဖြစ်နေတတ်ပြီး လူတကာနှင့် ဆက်နွယ်ပြောဆိုသည့်အခါ အဆင်ပြေမှု မရှိခြင်းတို့ ဖြစ်သည်။

အမေရိကန် ဝါရှင်တန်မြို့ အခြေစိုက်စိတ်ဖိစီးမှုဒဏ် ကုသရေးကျွမ်းကျင်သူ MARK GORKIN စာအုပ်ထဲတွင် စိတ်ဖိစီးမှု ဖြစ်စေနိုင်သော ကိစ္စများနှင့်ပတ်သက်၍ ရင်ဆိုင်ဖြေရှင်းရာတွင် Speed ဆိုသော စကားလုံးအတိုကောက်ဖြင့် ဆောက်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

အဓိပ္ပာယ်မှာ-

S နှင့်ပတ်သက်၍ Sleep ကိုရည်ညွှန်းသည်။ စိတ်ဖိစီးမှုဒဏ်ကို ခံနိုင်ရန်အတွက် အိပ်ရေးဝအောင် အိပ်စက်ရမည်။

P နှင့်ပတ်သက်၍ Priorities ကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ မိမိတွေ့ကြုံနေရသော စိတ်ဖိစီးမှုနှင့်ပတ်သက်၍ အဓိကနှင့် သာမည ခွဲခြားတတ်ရန် လိုသည်။ ဖြစ်ပျက်မှုအပေါ် စိတ်ကိုလျှော့ချ၍ ခေါင်းအေးအေးထားပြီး အဖြေရှာရန် ဖြစ်သည်။

E နှင့်ပတ်သက်၍ Empathy ကို ရည်ညွှန်းသည်။ လူတိုင်းအပေါ် ဖြစ်ပျက်ခဲ့သော အခြေအနေကို စာနာစိတ် နားလည်ခွင့်လွှတ်နိုင်ခြင်း ဖြစ်သည်။

E- Exercise ဆိုသည့် ကိုယ်စိတ်ကျန်းမာစေသော လေ့ကျင့်ခန်းတစ်ခုခု ပြုလုပ်ပေးခြင်း ဖြစ်သည်။

D ဆိုသည်မှာ Diet ဟူသော ကျန်းမာရေးနှင့် ညီညွတ်သည့် အစာအာဟာရကို စားသောက်ရန် ဖြစ်သည်။ ၄င်းနည်းလမ်းများကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိနှင့် ဆက်နွယ်နေသော စိတ်ဖိစီးခံနေရသူကို ဖြစ်စေ အားပေးတိုက်တွန်းပြုလုပ်စေခြင်းဖြင့် စိတ်ကျရောဂါကို လျှော့ချနိုင်ပါသည်။

ကျွန်တော်တို့ နိုင်ငံသည် ဖွံ့ဖြိုးစနိုင်ငံ ဖြစ်နေသည့်အတွက် စိတ်ရောဂါကု ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်များ နည်းပါးခြင်းကြောင့် စိတ်ကျန်းမာရေးအတွက် ထိထိရောက်ရောက် မစွမ်းဆောင်နိုင်သေးပါ။ ထို့ပြင် အခြား ဖွံ့ဖြိုးပြီး နိုင်ငံတွင် စိတ်ရောဂါနှင့်ပတ်သက်၍ သီးသန့်ဆေးခန်းများရှိသည်။ ဆရာဝန်နှင့် ရင်းရင်းနှီးနှီး တိုင်ပင်ဆွေးနွေးနိုင်သည်။ ရောဂါအမျိုးအစားအလိုက် ဆရာဝန်က အထူးညွှန်ကြားသော ကုထုံးများကို စနစ်တကျ အသုံးပြုခြင်းဖြင့် စိတ်ကျရောဂါကို အချိန်မီ ကုစားနိုင်ပါသည်။

ထိုနည်းတူစွာ ကျွန်တော်တို့ နိုင်ငံတွင် စိတ်ကျန်းမာရေးအတွက် နိုင်ငံတော်မှ ထိထိရောက်ရောက် ပံ့ပိုးကူညီ ဖြည့်စွက်ပေးခြင်းဖြင့် စိတ်ကျရောဂါကို ကျယ်ကျယ်ပြန့်ပြန့် ကုသပေးနိုင်လျှင် စိတ်ကျရောဂါ၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ကိုယ့်ကိုယ်ကိုယ် သတ်သေမှုများ လွန်စွာ နည်းပါးသွားမည်ဟု ယုံကြည်ပါသည်။ စိတ်ပညာရှင်များ သီးသန့်ခန့်ထား၍ မြို့နယ်တိုင်းတွင် ဆွေးနွေးခန်းများ ထားရှိပေးခြင်းဖြင့် စိတ်ကျရောဂါ ခံစားနေရသော ဝေဒနာရှင်များကို ကယ်တင်ရာ၌ များစွာ အထောက်အကူ ပြုပေးနိုင်မည် ဖြစ်သည်။

သက်ဆိုင်သူ နှစ်ဦးနှစ်ဖက်အနေဖြင့် လူသားချင်း စာနာထောက်ထားသော မေတ္တာစိတ်နှင့် လူ့အသက်တစ်ချောင်းကို ကယ်တင်နိုင်ပါစေကြောင်း တင်ပြရပါသည်။

ထွန်းအောင်ရှင်

www.burmeseclassic.com

www.burmeseclassic.com




သာထက်ဖော်(မကွေး)

# ရွှေအကြောင်း လူတိုင်းသိစေ

တစ်နေ့သောအခါသမယတွင် ကျွန်တော်သည် မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ အိမ်ခြေ(၇၀)ကျော်သာရှိသော သာယာကုန်းရွာဟူသည့် ဇာတိချက်ကြွေ မွေးရပ်မြေကလေးသို့ အလည်တစ်ခေါက် ရောက်ခဲ့ပြန်လေသည်။

ကျွန်တော် ရောက်သွားချိန်တွင် ရွာရှိ အမျိုးသမီးတစ်စုသည် ကျွန်တော်တို့အိမ်ကို ရောက်လာကြ၏။ ထို့နောက် ကျွန်တော့်အမျိုးသမီးလက်က လက်ကောက်နှင့် လည်ပင်းက ဆွဲကြိုးတို့ကို အနီးကပ်နိုင်ဆုံး ဆွဲယူကြည့်ရှုကြရင်း တစ်ယောက်တစ်ပေါက် ဝိုင်းပြောဆိုကြပြန်သည်။ ကျွန်တော့်အမျိုးသမီးကလည်း အရောင်တဖိတ်ဖိတ် တောက်ပနေသည့် မျက်ဝန်းအစုံဖြင့် ထိုအမျိုးသမီးများ သိလိုသည်များကို ရှန်းရှန်းဝေအောင် ပြောပြနေ၏။

'ဒီလိုရှိတယ် မမနှင်းရဲ့၊ ရွှေဆိုတာ ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး သတ္တုတစ်မျိုး မဟုတ်လား။ ကျန်းမာရေးရှုထောင့်ကနေ သုတေသနပညာရှင်တွေကတောင် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားသေးတယ်ရှင့်'

'ပြောပြပါလား သန်းသန်းဋ္ဌေးရယ်။ ညည်းက စာပေဗဟုသုတလည်းရှိတော့ ငါတို့ မသိတာ သိရတာပေါ့အေ။ ဟုတ်ဖူးလား'.

'ဟုတ်ပါတယ် မမဋ္ဌေးရယ်။ တိုးတိုးတို့၊ မျိုးမျိုးတို့ ညီအစ်မလည်း သိချင်လှပါရဲ့'

'ပြောပြပါ့မယ်ရှင်။ ဟောဒီက ကော်ဖီပူပူလေးတွေနဲ့ ကိတ်မုန့်လေးတွေလည်း သုံးဆောင်လိုက်ကြပါဦး။ အဟမ်း..ရွှေဆွဲကြိုးကို လည်ပင်းမှာ အခုလိုမျိုး ဝတ်ဆင်ပေးကြမယ်ဆိုရင် အဆုတ်နဲ့ နှလုံးကို လုပ်ဆောင်မှု ပိုပြီးသန့်စွမ်းစေတယ်။ ဒါ့ပြင် အဲဒီကလီစာတွေနဲ့ ပတ်သက်တဲ့ ရောဂါတွေ မဖြစ်အောင်လည်း ကာကွယ်ပေးနိုင်တယ်။ ရွှေလက်ကောက်ကို ဘယ်ဘက်မှာ ဝတ်ဆင်ပေးတာရယ်၊ လက်စွပ်ကိုလည်း ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ဆင်ပေးတာရယ်က နှလုံးရောဂါကို ကာကွယ်ပေးနိုင်တယ်၊ ရွှေနားကပ်ကို နားမှာ ဝတ်ဆင်ထားမယ်ဆိုရင်တော့ ဦး နှောက်နဲ့ အာရုံကြောရောဂါ၊ ခေါင်းမူးဝေခြင်းရောဂါတွေ ကာကွယ်ပေးတယ်။ ဒါကြောင့်မို့လည်း မြန်မာ့တိုင်းရင်းဆေး ဖော်စပ်ရာနဲ့ အလှအပပြင်ဆင်ရာတွေမှာ ရွှေကို ထည့် သုံးစွဲကြတာပေါ့။ အခုခေတ်မှာ ကြည့်ပါလား။ ဆံပင်သန် အောင် ရွှေသွင်းတာတွေ ရှိတယ်လေ။ ရွှေမှာ အခေါက်ရွှေ (သို့မဟုတ်) မီးလင်းရွှေဆိုပြီး ရှိတယ်။

ချိန်တွယ်မှု နည်းစနစ်တွေကတော့-

တစ်ကျပ်သား = ၁၆ ပဲ = ရွှေး ၁၂၀

ငါးမူးသား = ၈ ပဲ = ရွှေး ၆၀

တစ်မတ်သား = ၄ ပဲ = ရွှေး ၃၀

တစ်မူးသား = ၂ ပဲ = ၁၅ ရွှေး

တစ်ပဲသား = ၇.၅ ရွှေး ဆိုပြီး ရှိကြတယ်။

အခေါက်နဲ့ မီးလင်းအခေါ်အဝေါ်သာ ခြားနားတာပါ ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့ မမနှင်းရယ်။ ရွှေဈေးနှုန်း အတက်အကျကိုတော့ အခေါက်ရွှေနဲ့ပဲ ပြောဆိုသုံးနှုန်းကြ တယ်လေ။ အခေါက်ရွှေဆိုတာက (၉၉.၉၉)ရာခိုင်နှုန်း ဒြပ်စင်ဖြစ်တယ်'

'(၁၅)ပဲရည်ဆိုတာက ဘယ်လိုရွှေမျိုးကို ခေါ်တာလဲ သူငယ်ချင်း'

အနားမှာ ထိုင်နေကြသူများထဲကနေ မရီဋ္ဌေးက ထ မေးလိုက်သည်။

'(၁၅)ပဲရည် ဆိုတာက အခေါက်ရွှေ (၁၅)ပဲသား ကြေးနီ+ဘော် အချိုးကျ (၁)ပဲသားရောစပ်လို့ တစ်ကျပ် သားဖြစ်အောင် လုပ်ထားတာကို ခေါ်တာလေ။ ဒင်္ဂါးရွှေ ဆိုတာ ရှိသေးတယ်။ အဲဒီဒင်္ဂါးရည်ကိုမဲ (၁၂)ရွှေးစပ် ခေါ်ကြသေးတယ်။ အဲဒါကျပြန်တော့ အခေါက်ရွှေ ( ရွှေးကို ဘော်+ကြေးနီ (၁၂)ရွှေး အချိုးကျ ရောစပ်ထား



www.burmeseclassic.com

www.burmeseclassic.com

...ကို ခေါ်တာ။ (၁၄)ပဲရည် ဆိုတာကတော့ အခေါက်ရွှေ (၁၄)ပဲသားနဲ့ ဘော် အချိုးကျ (၂)ပဲသား ရောစပ်ထားတာကို ခေါ်တာပေါ့။ နောက်ပြီး ရွှေသုံးဆယ်စပ် ဆိုတာက အခေါက်ရွှေ (၃)မတ်သား (သို့မဟုတ်) (၁၂)ပဲသားကို ဘော်+ကြေးနီ အချိုးကျ (၁)မတ်သား ရောစပ်ပြီး တစ်ကျပ်သားဖြစ်အောင် လုပ်ထားတာ။ အဲ..မိုးကြိုး ဆိုတာကတော့ အခေါက်ရွှေ တစ်မတ်သား (၄)ပဲကို ဘော်+ကြေးနီ အချိုးကျ သုံးမတ်သား (၁၂)ပဲ ရောစပ်ထားပြီး တစ်ကျပ်သားဖြစ်အောင် လုပ်ထားတာပေါ့'

'ဒါနဲ့ မမငွေးငွေး၊ ရွှေဈေးကို တွက်ချက်တဲ့ဖော်မြူလာ(Formula) ပုံသေနည်း ရှိလားဟင်'

ကိတ်မုန့်တစ်ချပ်ကို ဝါးရင်း မကေသွယ်စိုး (ခေါ်) ...တိုးက ဝင်မေးလိုက်သည်။

'ရှိတာပေါ့ တိုးတိုးရဲ့။ အခေါက်ရွှေ တစ်ကျပ်သား ...ဘယ်လောက်ပေါက်သလဲသိရင် ကျန်တဲ့ ရွှေအမျိုးအစားတွေရဲ့ဈေးလည်း တွက်လို့ရပြီပေါ့။

ပုံသေနည်းက-

အခေါက်ရွှေဈေး × ၁၁၂.၅/၁၂၀ = (၁၅)ပဲရည်ဈေး

အခေါက်ရွှေဈေး × ၁၀၈/၁၂၀ = ဒင်္ဂါးရည်ဈေး

အခေါက်ရွှေဈေး × ၁၀၅/၁၂၀ = (၁၄)ပဲရည်ဈေး

အခေါက်ရွှေဈေး × ၉၀/၁၂၀ = ရွှေသုံးဆယ်စပ်ဈေး

အခေါက်ရွှေဈေး × ၃၀/၁၂၀ = မိုးကြိုးဈေး။

'မမငွေးငွေးကို မေးဦးမယ်။ ကျွန်မတို့တစ်တွေ ရွှေထည်ပစ္စည်းဝယ်ပြီး ပြန်ရောင်းရင်(ဝတ်ပြီးသား ပြန်ရောင်း...) ကိုယ်ဝယ်ခဲ့တဲ့ ရွှေဆိုင်မဟုတ်ဘဲ တခြားဆိုင် ပြန်ရောင်းရင်၊ ဘောက်ချာမပါဘဲ ပြန်ရောင်းရင် ဘာဖြစ်လို့ ...နှိမ်အဝယ်ခံရတာလဲ ပြောပြစမ်းပါ'

တိုးတိုးအစ်မ မျိုးမျိုး (ခေါ်) မျိုးမျိုးသိမ့်က မေးပြန်သည်။

'အဲဒါက ဒီလိုရှိတယ် မျိုးမျိုးရဲ့။ ရွှေထည်ပစ္စည်း ...ခု လုပ်တော့မယ်ဆိုရင် ပထမ ဂဟေဆော်ရတယ်။ ...ဂဟေဆော်ဖို့က ရွှေအမျိုးအစားနှစ်ဆကို ဘော်နဲ့ ကြေးနီ ဆတူရောစပ်ထားတဲ့ စပ်ခဲတစ်ဆနဲ့ ရောရတယ်။ ...တစ်ကျပ်သားဆို စပ်ခဲ(၁)ရွေးကနေ ငါးရွေး၊ ခြောက်...အထိ ပါဝင်တာ တွေ့ရတယ်။ တစ်ခါတလေ တစ်ပဲ...ကျင်သာ အတင်ရှိတဲ့ နားကပ်၊ လက်စွပ် တစ်ခုခုလုပ်...စပ်ခဲ တစ်ရွေး၊ နှစ်ရွေးအထိ ပါဝင်တယ်။ နားကပ်



တစ်ရန်ထားပါတော့၊ ရွှေချိန်က တစ်ပဲသားပဲရှိတယ်။ စပ်ခဲက နှစ်ရွေးလောက်ပါနေပြီး ရွှေက ငါးရွေးခွဲပဲကျန်တယ်။ ဆိုင်ကနေ ကိုယ်ဝယ်ဝတ်တော့ (၁)ပဲဖိုး ပေးခဲ့ရတယ်။ တကယ်ဆို ရွှေပါတာက (၁)ပဲမပြည့်ဘူး။ အလျော့တွက်နဲ့ လက်ခက သုံးရွေးလောက် ပေးရတယ်လေ။ ကိုယ်ဝယ်ဝတ်မယ်ဆိုရင် အတင်ချိန်+အလျော့တွက်၊ လက်ခ (၁၀.၅) ရွေးဖိုး ပေးခဲ့ရတယ်။ တကယ်ဆို အဲဒီရွှေထည်မှာပါတဲ့ ရွှေက ငါးရွေးခွဲလောက်ပဲ ပါတယ်။ ဒီပစ္စည်းကို ကိုယ်ဝယ်တဲ့ဆိုင်မှာ ပြန်ရောင်းမယ်ဆိုရင် ရွှေချိန်(၁)ပဲကိုလည်း (၁)ပဲဖိုး ပြန်ပေးတယ်။ ရွေးယူထားတာကိုလည်း ရွှေထည်မပျက်စီးသေးဘူးဆိုရင် တစ်ဝက်ဖိုး ပြန်ပေးတယ်။ ဒါကြောင့်မို့ ကိုယ်ဝယ်ခဲ့တဲ့ ရွှေဆိုင်မှာ ပြန်ရောင်းမယ်ဆိုရင် အလျော့တွက် တစ်ဝက်လောက်ပဲ ရှုံးတယ်။ တခြားဆိုင်မှာ သွားရောင်းမယ်ဆိုရင်တော့ သူတို့လုပ်ထားတဲ့ ရွှေထည် မဟုတ်တဲ့အတွက် လက်ရှိအထည်မှာပါတဲ့ ရွှေတန်ဖိုးသာပဲ တွက်ဝယ်မှာပေါ့။ ဆိုပါစို့။ ရွှေပါဝင်နှုန်းက (၂)ရွေးခွဲ

www.burmeseclassic.com

လောက်ပဲ ရှိမယ်ဆိုရင် သူတို့အတွက် အမြတ်က တစ်ခြမ်းလောက် ချန်လိုက်မယ်။ တစ်ရွေးရဲ့ တစ်ဝက်ပေါ့။ ရောင်းတဲ့လူအနေနဲ့ (၅)ရွေးဖိုးပဲ ပြန်ရတော့မယ်။ ဝယ်တုန်းက (၁၀)ရွေးနဲ့တစ်ခြမ်းရှိရင် (၅)ရွေးခွဲလောက် ရှုံးသွားမယ်။ ရွှေဆိုင်တွေအနေနဲ့ကတော့ သူတို့ ရောင်းလိုက်တဲ့ ရွှေထည်ပစ္စည်း သူတို့ဆီ ပြန်မလာလေ ကောင်းလေပဲ။ တချို့ရွှေဆိုင်တွေကျတော့လည်း ရွှေရည်မပြည့်မီဘူး။ (၁၅)ပဲရည်ဆိုရင် (၁၄)ပဲရည်လောက်ပဲရှိတယ်။ တစ်ကျပ်သားကို တစ်ပဲပိုစပ်ထားတဲ့အတွက် တစ်ပဲကို လေးသောင်း၊ ငါးသောင်းဝန်းကျင်မှာ ရှိတယ်။ တစ်ရက်ကို နှစ်ကျပ်သားပဲ ရောင်းပါစေ တစ်သိန်းလောက်က အလျော့တွက်၊ လက်ခမပါသေးဘူး။ ပိုစပ်ထားတဲ့အတွက်နဲ့တင် မြတ်နေပြီ။ ပြန်လာရောင်းတော့ ပြန်ပေးလိုက်တယ်။ ဘာဖြစ်လဲ၊ သူတို့လုပ်ထားတဲ့ဟာ သူတို့ ပြန်ပေးရတာကိုး။ ကြားထဲမှာ ငွေသုံးရတာပေါ့။ ပြန်မလာတော့ဘူးဆိုရင် အမြတ်ကျန်နေလိုက်တာပေါ့။ တကယ်တော့ ဒါဟာ ဝယ်ယူတဲ့လူဆီကနေ ပိုစပ်ထားတဲ့အတွက် ခိုးလိုက်တာပဲ။ ဥပမာ-ဝယ်တုန်းက တစ်သိန်းပေးရတဲ့ ရွှေထည်ပစ္စည်းကို ပြန်ရောင်းတဲ့အခါ ဈေးက တော်တော်လေးကွာနေတယ်။ တက်နေတယ်ပေါ့။ တစ်သိန်းခွဲလောက်ရမှာကို တစ်သိန်း သုံးသောင်းပဲ ပေးကြတယ်။ ဆိုင်တိုင်းတော့ မဟုတ်ဘူးပေါ့။ ရောင်းတဲ့လူကလည်း ရွှေအကြောင်း ထဲထဲဝင်ဝင်နားမလည်တော့ သုံးသောင်းလောက် မြတ်တာကို ကျေနပ်နေတတ်တယ်။ နောက်ပြီး ရွှေဆိုင်ကြီးတွေမှာ ရောင်းလိုက်ရတဲ့ ရွှေထည်တစ်ဝက်လောက်က ဆိုင်ကို ပြန်ရောက်လာတယ်လို့လည်း သိရတယ်'

'အမယ်လေး..သန်းသန်းငွေးရယ်၊ ညည်း အခုလို ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်တော့မှပဲ မမနှင်း ရွှေထည်လုပ်ရမှာတောင် ခပ်လန့်လန့်ဖြစ်လာပြီ'

'မမနှင်းတို့လို အလှူအတန်းနဲ့ ခရီးသွားလာမှုနည်းတဲ့သူတွေအတွက်ကတော့ ကျွန်မသဘောပြောရရင် ဖြစ်နိုင်ရင် အခဲအတုံး ဝယ်စုပေါ့ရှင်။ အခဲက တစ်ကျပ်သားကို ဝယ်ဈေးနဲ့ ရောင်းဈေး (၁၅၀၀)ကျပ်ပဲကွာတယ်။ ဒါကအခေါက်ရွှေသီးသန့်ရောင်းတဲ့ဆိုင်နဲ့ ဈေးမှန်တဲ့ဆိုင်တွေမှာနော်။ တချို့ရွှေဆိုင်တွေဆိုရင် သူတို့ဝယ်တဲ့အခါမှာ လက်ရှိပေါက်ဈေးထက် တစ်သောင်းလောက် ပိုရောင်းတတ်ကြလေ့ရှိတယ်။ သူတို့ ပြန်ပြီးဝယ်တဲ့ အချိန်ကျတော့ တစ်



သောင်းလောက် လျှော့ပေးပြန်တယ်။ ဒီတော့ ရွှေထည်ဝ[...] သူတွေအနေနဲ့ ဝယ်တဲ့အချိန် တစ်သောင်းနာ၊ ရောင်း[...] အချိန် တစ်သောင်းနာ ဖြစ်တော့တာပေါ့။ မိအေး နှစ်ခ[...] ဖြစ်ရတယ်။ ကဲ..မမနှင်းတို့ ဘာများသိချင်သေးကြ[...]

'အတော်လေးလည်း ပြည့်စုံသွားပါပြီကွယ်။ အခု[...] ညည်းအနေနဲ့ ငါတို့အားလုံးကို ပြောပြပေးတော့ ရွှေနဲ့[...] သက်ပြီး ဗဟုသုတရတာပေါ့အေ။ လူတိုင်းလည်း သိသ[...] သိထိုက်ပါတယ်။ ဟိုစကားပုံလိုပေါ့၊ ကိုယ်စီးတဲ့မြင်း အ[...] လား အမလားဆိုတာတော့ သိထားသင့်တာပေါ့။ မသိတော့ ဘာဖြစ်မှာလဲလို့ တချို့က ပြောကောင်းပြောကြလိမ့်မယ်[...] မသိတော့ သူများ လှည့်တာ၊ ညာတာ ခံရတာပေါ့။ [...] ရာတန်ကြေး ရသင့်လျက်နဲ့ မရတာမျိုးတွေ ကြုံရမယ်[...] မဟုတ်ဘူးလား။ ဟော..အခုဆိုရင် ညည်း ပြောပြ၊ ရှင်း[...] လိုက်တော့ အလိမ်အညာ အလှည့်အပတ်ရန်က အေးသ[...] သလောက် အေးသွားပြီလေ။ ကိုယ့်စိတ်ကြိုက်ဆိုင်ရွေး[...] ဝယ်နိုင်၊ ရောင်းနိုင်ပြီလေ။ မကောင်းဘူးလား'

'ဟုတ်ကဲ့ပါ မမနှင်းရယ်။ ကျွန်မအနေနဲ့ကလည်း[...] ငွေလေးကြေးလေး စုဆောင်းမိတိုင်း ရွှေထည်ပစ္စည်း [...] တာကို ဝါသနာကြီးလေတော့ ရွှေနဲ့ ပတ်သက်ရာပတ်သ[...] ကြောင်းလေးတွေ ရှာဖွေဖတ်ရှုလေ့လာမိတာပေါ့။ [...] မမနှင်းတို့ကို ပြောပြခဲ့တဲ့ ရွှေအကြောင်းကလည်း ရတ[...] သတင်းစာနဲ့ ဂိုးဒင်းဝင်းမော် စာစဉ်တွေကပါ။ [...] အယွင်းလည်း ရှိနိုင်သလို ပြည့်စုံမှုအားနည်းတာလည်း [...] ကောင်းရှိနိုင်ပါတယ်။ ရှိခဲ့ရင် ခွင့်လွှတ်ပေးစေလိုပါတ[...] မှတ်မိသရွေ့ မျှဝေလိုက်တာပါ'

'ကျေးဇူးတင်ပါတယ်ကွယ်'

ရွှေ ဟာဝေ ရက္ခတိ [...]


သာထက်ဇော်မ[...]

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာအထောင်းပါ

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004667
လိုင်စင် ၇/၂၀၀၈ တာဝေလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တသတ (စာနယ်ဇင်း) ၁၃၀/၀၀၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွှတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပဲ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား။ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းသေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၁၅၆၊ မဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၉၁ လိုင်း၁ (၁၄၇)၊ ၆၉၀၄၅၆ လိုင်း၂ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com

ပွင့်လင်းရာသီ ရောက်သည်နှင့် ဘုရားဖူးခရီးစဉ် ကြော်ငြာများ သတင်းစာမျက်နှာများတွင် နေရာယူလာကြသည်။ ပြည်တွင်းခရီးစဉ်များအပြင် ပြည်ပခရီးစဉ်များလည်း ပါဝင်သည်။ ဘုရားဖူးအဖွဲ့၏ နာမည်မျိုးစုံနှင့် ကြော်ငြာမျိုးစုံကို စိတ်ဝင်စားဖွယ် ဖတ်ရှုရပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူပြည်သားတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ ဘုရားဖူးခရီးစဉ်များကို အလွန်စိတ်ဝင်စားကြသည်။ ဘုရားဖူးသွားနိုင်ရန် ကြိုးစားကြသည်။ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အလုပ်ဌာနများမှလည်း ဝန်ထမ်းများအား တစ်နှစ်တစ်ကြိမ် ဘုရားဖူးပို့ပေးကြသည်ကိုလည်း တွေ့ရသည်။ မိသားစုများ၊ သူငယ်ချင်းများစု၍ ခရီးထွက်ကြသည်မျိုးလည်း ရှိကြသည်။ တစ်နှစ်လုံး အလုပ်ခွင်မှာ ပင်ပန်းခဲ့သမျှ အတိုးချ၍ ခရီးထွက်ကြသည်။

စာရေးသူသည် ခရီးသွားရခြင်းကို လွန်စွာသဘော ကျ နှစ်သက်သည်။ အစိုးရဝန်ထမ်းဖြစ်၍ နွေရာသီ သစ်ကူး သင်္ကြန်ရုံးပိတ်ရက်တွင် နှစ်စဉ်နှစ်တိုင်း ခ ထွက်လေ့ရှိသည်။ မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားများ လည်း အတော်များများ သွားရောက်ဖူးမြော်ခဲ့ပြီးလေပြီ ထိုသို့သွားရောက်ခဲ့သော ဘုရားဖူးခရီးစဉ်များထဲမှ ခဲ့သော သုံးနှစ်က သွားရောက်ခဲ့သော ဘုရားဖူးခရီး တစ်ခုကို အထူးသတိရနေမိသည်။ ထိုခရီးစဉ်မှ ထူးခြ မှုများကိုလည်း ယနေ့တိုင် မမေ့နိုင်သေးပါ။

မိသားစုဖြင့် နှစ်စဉ် ခရီးထွက်လေ့ရှိသော စာရေး သည် ထိုနှစ်က အလောင်းတော်ကဿပကိုယ်တော်



ဝေယုနန္ဒာ (မေရှင်ခွင်)

ကိုဝင်းနိုင်မိသားစုကောင်းမှု

ဖော်လမြိုင်

www.burmeseclassic.com

www.burmeseclassic.com

အား သွားရောက်ဖူးမြော်နိုင်ရန် အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်ဟု ခရီးစဉ် ရေးဆွဲထားသော ဘုရားဖူးအဖွဲ့တစ်ဖွဲ့ဖြင့် လိုက်ပါရန် စီစဉ်ခဲ့ပါသည်။ ထိုခရီးစဉ်သည် တောလမ်းခရီးကို ဖြတ်သန်းသွားရသဖြင့် အလွန်ပင်ပန်းသော ခရီးစဉ်ဖြစ်သည်ဟု ရောက်ဖူးသူများက ပြောကြသည်။

စာရေးသူ၏ မိသားစုတွင် မိသားစုလေးဦး ရှိပါသည်။ အမေ၊ စာရေးသူနှင့် ခင်ပွန်း၊ ရှစ်နှစ်အရွယ် သမီးလေးတို့ ဖြစ်ပါသည်။ လူကြီးတစ်ဦးနှင့် ကလေးတစ်ဦး ပါဝင်သည်ဖြစ်၍ ခရီးကြမ်းသော ဘုရားဖူးခရီးစဉ်အတွက် လိုအပ်သော ဆေးဝါးမှအစ ပြင်ဆင်မှုများ ပြုလုပ်ရလေသည်။

ခရီးစထွက်သည့်နေ့တွင် ည(၉)နာရီခန့် ရန်ကုန်မှ စတင်ထွက်ခွာပါသည်။ တစ်ညလုံး ကားပေါ်တွင် စီးနင်းလိုက်ပါ၍ နောက်တစ်နေ့ ညနေသုံးနာရီခန့်တွင် မုံရွာမြို့သို့ ရောက်ရှိလေသည်။ မုံရွာမြို့တွင် ညစာစားသောက်ချိန်တွင် နံနက်(၂း၀၀)နာရီခန့်၌ အလောင်းတော်ကဿပ ဖူးမြော်ရန် စတင်ခရီးထွက်ခွာမည်ဖြစ်ကြောင်းနှင့် စာရေးသူတို့ ရန်ကုန်မှ စီးလာသော လေအိတ်ကားများနှင့် တောတွင်းခရီးသွားရန် အဆင်မပြေသဖြင့် ဒေသခံ BM ကားငယ်များနှင့် သွားရမည်ဖြစ်ကြောင်းကို ဘုရားဖူးအဖွဲ့မှ တာဝန်ခံက လာရောက်ပြောကြားပါသည်။

စာရေးသူတို့ မိသားစုသည် နံနက်(၂း၀၀)နာရီ ခရီးထွက်ရမည်ဖြစ်၍ ညဘက် Hotel တွင် စောစောအိပ်ကြပါသည်။ ည(၁၂)နာရီခန့်တွင် ခရီးပင်ပန်း၍ သမီးလေး ကိုယ်ပူ၍ ဖျားပါသည်။ အဖျား(၁၀၂)ဒီဂရီစင်တီဂရိတ်ခန့်ရှိ၍ ရေပတ်တိုက်၊ ဆေးတိုက်ခြင်းများ ပြုရပါသည်။ နံနက်ခရီးအတွက် စာရေးသူသည် အလောင်းတော်ကဿပကိုယ်တော်ကြီးရှိသော တောလမ်းခရီးစဉ်ကို လိုက်သွားလျှင်ကောင်းမည်လား၊ အခုတည်းခိုနေသည့် မုံရွာ Hotel တွင်ပင် သမီးနှင့်နေခဲ့လျှင် ကောင်းမည်လားဟူ၍ ဆုံးဖြတ်ခဲ့မရသော စိတ်တို့ဖြင့် ပူပန်မိသည်။

နံနက်(၂း၀၀)နာရီထိုးတွင် မိခင်ကြီးနှင့် ခင်ပွန်းသည်တို့က ဆရာဝန်မှာလိုက်သည့်အတိုင်း သမီးငယ်အား ကိုယ်ပူကျစေသည့် ဖျော့ကက်ဆေးတောင့်သွင်းပြီး လိုက်ပါရန် ဆုံးဖြတ်ခဲ့ကြပါသည်။ လမ်းခရီးအတွက် လိုအပ်သော ဆေးဝါးများကို စစ်ဆေးပြီး အလောင်းတော်ကဿပကိုယ်တော်ကြီးအား တိုင်တည်၍ လိုက်ပါခဲ့ကြသည်။ ဒေသခံ BM ကားများမှာ သေးငယ်၍ လိုက်ပါလာသော မိသားစုများ တစုတစည်းတည်းမဖြစ်ဘဲ အုပ်စုကွဲကြပါသည်။ စာရေးသူတို့ မိသားစုမှာ ကားတစ်စီးတည်းဖြစ်သော်လည်း နေရာတကွဲတပြား ဖြစ်နေပါသည်။ နေမကောင်းသော သမီးငယ်နှင့် မိခင်ကြီး အတူထိုင်စေပြီး စာရေးသူတို့ ဇနီးမောင်နှံမှာ တစ်နေရာစီထိုင်၍ တောလမ်းခရီးကို ဖြတ်သန်းခဲ့ကြပါသည်။

စကားကြမ်းကြမ်း ပြောဆိုခြင်း၊ ဆဲခြင်း၊ တံတွေးထွေးခြင်း မပြုလုပ်ရန်၊ မိန်းကလေးများ ထဘီဖြန့်မဝတ်ရန် မှာကြားသည်များကို ဂရုတစိုက် လိုက်နာမိသည်။ ဖျားသောအရှိန်နှင့် ကြမ်းတမ်းသောဒဏ်ကို မခံနိုင်၍ သမီးသည် လမ်းခရီးတစ်လျှောက်လုံး အန်၍ လိုက်ပါလာလေသည်။ တံတွေးတောင် မထွေးရန် တားမြစ်ထားသည့်အတွက် သမီး အန်ထားသော အထုပ်ကိုလည်း သေချာစွာ ကိုင်တွယ်ခဲ့သည်။ အမှိုက်လွှင့်ပစ်ရန် သတ်မှတ်ထားသော နေရာကိုရောက်မှ သေချာစွာ လွှင့်ပစ်လိုက်မိသည်။

ထိုသို့ဖြင့် ခရီးဆက်ခဲ့ရာမှ ကားဖြင့် သွားနိုင်သော နေရာ ဂိတ်ဆုံးသို့ ရောက်ခဲ့ကြ၏။ အလောင်းတော်ကဿပကိုယ်တော်ကြီး၏ ကျောက်လိုဏ်ဂူတော်သို့ တောလမ်းမှသွားကြရန် ကားများ ဂိတ်တွင် ထိုးရပ်နားကြပါသည်။ ကားရပ်နားစခန်းနှင့် ဆင်စီးရန် နေရာသည် မဝေးကွာလှပေ။ သမီးလေး၏ အခြေအနေကို ကြည့်သောအခါ ကိုယ်ပူကျပြီး ရွှင်လန်းလျက်ရှိသည်ကို ဝမ်းသာဖွယ် တွေ့မြင်ရလေသည်။ ထို့ကြောင့် မိခင်ကြီးနှင့် သမီးလေးအား ကားပေါ်မှ မိတ်ဆွေများနှင့်အတူ ဆင်စီး၍ တောလမ်းခရီးအား ဖြတ်သန်းစေပါသည်။ စာရေးသူတို့ ဇနီးမောင်နှံမှာ တောလမ်းအတိုင်း လမ်းလျှောက်၍ သွားကြပါသည်။ အိပ်ရေးပျက်ခြင်း၊ ခရီးပန်းခြင်း၊ စိတ်ပူပန်ခြင်းတို့ကြောင့် စာရေးသူ၏စိတ်တွင် မရွှင်မလန်းဖြစ်မိသည်။ သို့သော် တောတောင်ရေမြေသဘာဝတို့၏ အလှအပများကို မြင်တွေ့ရမှုကြောင့် ပင်ပန်းမှု သက်သာရလေသည်။ တဖြည်းဖြည်းနှင့် အလောင်းတော်ကဿပကိုယ်တော်ကြီး၏ စံကျောင်းနားသို့ ရောက်လာလေသည်။

သကြန်တွင် ပိတ်ရက်ဖြစ်၍ ဘုရားဖူးအဖွဲ့အမည်

www.burmeseclassic.com

www.burmeseclassic.com

များ ချိတ်ဆွဲထားသော ကားများမှာ ကားရပ်ကွင်းတွင် အပြည့်ဖြစ်လေသည်။ နယ်ပေါင်းစုံမှ အမည်မျိုးစုံသော ကားများ ဖြစ်သည်။ ဘုရားဖူးခရီးစဉ်များမှာလည်း အလွန့်အလွန်ကို များပြားလှသည်။ စံကျောင်းသို့ ဝင်ရောက်ဖူးမြော်၍ အမျိုးသားများသာ ရွှေချရသော ကိုယ်တော်ကြီး၏ ခေါင်းရင်းပိုင်း၌ ခင်ပွန်းသည်က ရွှေချ၏။ မိန်းကလေးများသာ ရွှေချရသော ခြေတော်အစုံ၌ စာရေးသူက ရွှေချခဲ့ကြသည်။ စံကျောင်းကို ဖူးမြော်ပြီးသော် တောင်အောက်ရှိ လိုဏ်ဂူတော်သို့ သွားရောက်ဖူးမြော်ရန် တန်းစီရပြန်သည်။ လိုဏ်ဂူထဲသို့ ဆင်းရသဖြင့် အန္တရာယ်ကင်းစေရန် စတီးတန်းများ တပ်ဆင်လျှဒါန်းထားသည်မှာလည်း သာဓုခေါ်စရာပင် ဖြစ်ပါသည်။

စံကျောင်းရှေ့မှ များပြားလှသော လူအုပ်တန်းရှည်ကြီးကိုကြည့်၍ စာရေးသူ စိတ်ညစ်ညူးမိသည်။ သစ္စာရေအိုင်သို့ ညွှန်ပြထားသော လမ်းညွှန်လေးကိုမြင်သော် စာရေးသူသည် ထိုနေရာသို့ သွားလိုစိတ် ပြင်းပြမိသည်။ အေးဆေး၍ လူရှင်းသော ထိုနေရာကိုကြည့်၍ အေးချမ်းသောစိတ် ဖြစ်မိသည်။ ခင်ပွန်းသည်အား ထိုနေရာသို့ သွားမည်ဟုပြော၍ နှစ်ဦးသား ထွက်ခဲ့သည်။

သစ္စာရေအိုင်သို့ရောက်၍ ပါလာသော သောက်ရေဘူးတွင် ရေဖြည့်ပြီး ပြန်လှည့်လိုက်သော် စာရေးသူအား အစ်မ‥အစ်မဟုခေါ်ကာ လက်ဖြင့် ကျောဘက်သို့ လှမ်းပုတ်၍ ခေါ်လိုက်သံကြောင့် ခြေစုံရပ်ပြီး လှည့်ကြည့်မိလိုက်သည်။ သူမ၏ အထိအတွေ့သည် အံ့သြပျော်ရွှင်မှု၊ ကြက်သီးမွေးညင်းလေးထသွားသလို ခံစားရမှုကို တစ်ပြိုင်နက် ခံစားမိသည်။ အမည်မဖော်တတ်သောအကြည့်ဖြင့် ကြည့်နေသော မိန်းမငယ်တစ်ဦးကို တွေ့ရလေသည်။

ထိုမိန်းကလေးကို တွေ့သော ခဏတွင် စာရေးသူသည် ပျော်ရွှင်၍ စိတ်ညစ်ညူးမှုများ ပျောက်ကွယ်သွားကာ ဝမ်းသာအားရဖြစ်မိ၏။ ထိုမိန်းကလေးသည် လသားအရွယ်ကလေးငယ်ကိုချီ၍ မိန်းမကိုင် ပိုက်ဆံအိတ်ကြီးကြီးတစ်လုံးကို လွယ်ထားလေသည်။ ထိုမိန်းကလေးက အစ်မကို အကူအညီတောင်းပါရစေဟု ဆိုလာသည်။

'ဘာအကူအညီပေးရမလဲ ညီမ၊ ပြောလေ'ဟု ပြန်မေးရာတွင် ထိုညီမငယ်သည် ရှေ့မှာမြင်နေရတဲ့ 'ဘုန်းကြီးကျောင်းမှာ နေ့ဆွမ်း လှူချင်လို့ပါ အစ်မ'ဟု သူမက ပြန်ပြောလေသည်။

'လာလေ၊ အစ်မ လိုက်ပေးမယ်'ဟု စာရေးသူက ချက်ချင်းပြောရာတွင် 'မဟုတ်ဘူး အစ်မ၊ အစ်မသွားလှူပေးပါ။ ကျွန်မ မသွားနိုင်လို့ပါ'ဟု ဆိုလာသည်။

စာရေးသူက 'ဘာဖြစ်လို့လဲ၊ ကလေး အစ်မကိုပေး အစ်မ ချီပေးမယ်။ (၂)ယောက်တည်းလား။ အဖော်မပါဘူးလား'ဟု မေးမြန်းမိသည်။

ထိုညီမငယ်က 'အစ်မပဲ လှူပေးပါ။ ကျွန်မ မလိုက်တော့ဘူးဟု အတန့်တန့် ငြင်းလေသည်။

'အစ်မအမျိုးသားလည်း ဝိုင်းချီပေးလို့ရတယ်။ အတူတူသွားရအောင်'ဟု ထပ်ပြောမိသော စကားကို ခေါင်းကိုခါလျက် 'ဆွမ်းတစ်နပ်ကို နှစ်သောင်းခွဲလို့ပြောတယ် အစ်မ လှူပေးပါ'ဟုသာ ဆိုလေသည်။

ထိုစဉ် နံဘေးတွင်ရှိသော ဈေးသည်တစ်ဦးက 'ဆွမ်းတစ်နပ်ကို သုံးသောင်းဖြစ်သွားပြီ'ဟု ပြောလေသည်။

သစ္စာရေအိုင်၏ရှေ့တွင် ခုံဖြင့် အလှူထိုင်ခံနေသော ဘုန်းကြီးတစ်ပါးရှိသည်။ စာရေးသူ၏ စိတ်ထဲတွင် ထိုဘုန်းကြီးအား လှူလိုက်လျှင် ပိုပြီးအဆင်ပြေသွား... ဟူသောအတွေး ချက်ချင်းဝင်သွား၍ ဘုန်းကြီးအား လှည့်ကြည့်မိသည်။

ထိုဘုန်းကြီးသည် စာရေးသူ လှည့်ကြည့်လိုက်သော အချိန်မှာပင် 'ဒကာမ‥သွားလှူပေးလိုက်ပါ။ သိပ်... ပါဘူး'ဟု ပြောလေသည်။

ချက်ချင်းပင် အချိန်နှောင့်နှေးမည်ဟု တွေး... သွားလှူပေးပါ့မယ်ဟု ဆိုလိုက်ရာ မိန်းမငယ်က ပိုက်... အိတ်ကိုဖွင့်၍ သုံးသောင်းဆိုလည်း သုံးသောင်းပေါ့... ကာ စာရေးသူအား ငွေသုံးသောင်း ထုတ်ပေးသည်... အိတ်ထဲတွင် ပိုက်ဆံများ အများကြီးပါသည်ကို တွေ့... မိန်းမငယ်နှင့် ကလေးအတွက် စိုးရိမ်မိလေသည်။

'ညီမ‥အဖော်မပါဘူးလား။ ဘယ်အဖွဲ့ကလဲ'... မေးရာ သေသေချာချာ ရေရေရာရာ မဖြေပေ။

'ကျွန်မပြောလဲ အစ်မ မသိပါဘူး'ဟုသာ ပြော... သည်။

'အစ်မတို့ သွားလှူပေးမယ်။ ဒီမှာပဲ စောင့်နေ... အလှူရှင်အမည် ဘယ်လိုထည့်ရမလဲ'ဟု မေး... ကိုဝင်းနိုင်မိသားစုကောင်းမှု(မော်လမြိုင်)ဟုပြီး လှူ...

www.burmeseclassic.com

ပါ'ဟု ပြောလေသည်။

စာရေးသူလည်း မိမိအား မယုံကြည်မည်ကို စိုးရိမ်၍ 'အစ်မ..လော်စပီကာနဲ့ အော်ခိုင်းပေးမယ်။ နားထောင်ဆေးနော်'ဟု ပြောမိရာ 'ရပါတယ် အစ်မ။ အစ်ကို ယုံပါတယ်'ဟု ပြောဆိုသည့် စကားသံကို နားထောင်အပြီး စာရေးသူတို့ ဇနီးမောင်နှံသည် မိန်းမငယ်ညွှန်ပြသည့် ဘုန်းကြီးကျောင်းသို့ သွားရာလမ်းတွင် ဘုရားဆင်းတု များစွာကို တွေ့ခဲ့ရသည်။

ဘုန်းကြီးကျောင်းသို့ ရောက်သော် ဆွမ်းစရိတ်မှာ နှစ်သောင်းခွဲ ဖြစ်လေသည်။ မိန်းမငယ် ပြောသည်မှာ မှန်လေသည်။ ပိုသောငွေငါးထောင်ကို ကျောင်းတွင် လိုအပ်သော မီးချောင်းအစုံကို အလှူအဖြစ် ထည့်လှူပေးလိုက်ပါသည်။

အလှူရှင်၏အမည်ကို လော်ဖြင့် အော်ပေးပါရန် ဘုန်းကြီးအား လျှောက်ထားပါသည်။ ဘုန်းကြီးက အလှူရှင် မှတ်တမ်းကို ပြန်လည်ပေးအပ်ပြီး စာရေးသူတို့အား သစ်သီးအနည်းငယ် စွန့်လိုက်ပါသည်။ လော်ဖြင့်လည်း အလှူရှင်အမည်အား နှစ်ခါ၊ သုံးခါ ကြော်ငြာပေးပါသည်။

စာရေးသူတို့ ပြန်လာသောအခါ မိန်းမငယ်ကို မတွေ့ရတော့ပေ။ အနီးအပါးကို မေးကြည့်သော်လည်း သိသူမရှိ။ ထိုအချိန်မှာ စာရေးသူတို့သည် အလောင်းတော် ကဿပကိုယ်တော်ကြီးအား ဖူးမြော်ရန် သတိဝင်လာ၍ လိုဏ်ဂူရှိရာသို့ အမြန်သွားကြပါသည်။ လိုဏ်ဂူဆီသို့ ဖူးမြော်ရန်သွားသည့်အခါ တန်းစီနေသော လူတန်းရှည်ကြီးအားကြည့်၍ ကားဂိတ်သို့ အချိန်မီ ပြန်မရောက်နိုင်တော့ကြောင်း ရိပ်မိလေသည်။ လိုဏ်ဂူတော်ရှိရာနားသို့ သွားကြည့်သောအခါ တန်းစီရန် အချိန်မမီတော့မှန်း သေချာသွားပါသည်။

စာရေးသူတို့ လက်လျှော့၍ ပြန်ရန် ဆုံးဖြတ်လိုက်သောအခါတွင် အရှေ့ဘက် တန်းစီနေသော လူတန်းမှ အိန္ဒိယနွယ်ဖွား အမျိုးသမီးကြီးတစ်ဦးက 'ဘယ်သွားနေကြတာလဲ။ လာ..မြန်မြန်ဝင်'ဟု ဆိုလေရာ စာရေးသူတို့လည်း အံ့အားသင့်လျက် အမြန်ဝင်လိုက်ပါသည်။

ထိုအမျိုးသမီးကြီးကို စာရေးသူတို့ မသိပါ။ သူမကလည်း စာရေးသူတို့ကို မသိပါ။ ထိုအမျိုးသမီးကြီးက 'ဘုရားဖူးလာကြတာချင်း အတူတူပဲ။ ဘယ်လောက်အကြာကြီး ဖူးမှာမို့လဲ။ မြန်မြန်အားလုံး ဖူးကြတာပေါ့'ဟု ဆိုလေသည်။

စာရေးသူလည်း ကျေးဇူးတင်ပါကြောင်း အထပ်ထပ်ပြောကြား၍ လိုဏ်ဂူတော်အား ဖူးမြော်ပြီး ကားရပ်နားစခန်းသို့ အမြန်ပြန်ကြသည်။ စိတ်ထင်သည်လား မဆိုနိုင်သော်လည်း အပြန်ခရီးသည် လျှင်မြန်စွာ ပြန်ရောက်လာသည်ဟု ထင်မိပါသည်။

ကားရပ်နားစခန်းသို့ရောက်သော် စာရေးသူတို့ကား လူစုံနေပြီကိုတွေ့ရ၍ စာရေးသူတို့ ဇနီးမောင်နှံသာ ကျန်တော့သည်။ ဘုရားဖူးကားမှ ပါလာသော ခရီးသွားအားလုံး နေ့လယ်စာစားသောက်ပြီးကြ၍ တာဝန်ခံက စာရေးသူတို့ နှစ်ဦးအတွက် ဝေစုထမင်း နှစ်ဘူးကိုပေး၍ အေးအေးဆေးဆေးစားကြရန် ပြောပါသည်။

စာရေးသူတို့ နေ့လယ်စာ စားသောက်ပြီး ခဏနေမှ ကားပြန်ထွက်လေသည်။ အပြန်ခရီးတွင် စိတ်ပျော်ရွှင်မှုတို့ဖြင့် ပြည့်နေသည်။ စိတ်ထဲတွင် အမျိုးသမီးငယ် သားအမိနှစ်ယောက်သည် ဤမျှအဝေးကြီးမှ လာရောက်ဖူးမြော်ပြီး အဘယ်ကြောင့် ကိုယ်တိုင်သွားရောက်မလှူရသလဲဟု တွေးမိလာသည်။

မုံရွာသို့ ပြန်စဉ် လမ်းတစ်လျှောက်တွင် ရွာလေ့ဖြစ်သော လက်ဖက်သုပ်၊ ကုက္ကိုရွက်သုပ်၊ မုန့်လုံးရေပေါ်၊ မက်မန်းသီးနှင့် စာကလေးခွေကြော်တို့ကို ခရီးသွားကားများအား တား၍ အလုအယက်ရောင်းကြသည့် မြင်ကွင်းများကို တွေ့ရသည်။ အညာဒေသဖြစ်၍ ရေရှားသောကြောင့် သကြန်ရက်ဖြစ်သော်လည်း ရေပက်သော့ကစား



www.burmeseclassic.com

မှုမျိုးကို မတွေ့ရပေ။

မုံရွာမြို့သို့ ပြန်ရောက်သော် တည်းခိုသော Hotel အခန်း၌ မောမော၌ အိပ်ပျော်သွားလေသည်။ အိပ်မက်ထဲတွင် ကလေးအမေ မိန်းမငယ်က ကျေးဇူးတင်ပါတယ် အစ်မရယ်လို့ ပြုံးရယ်နှုတ်ဆက်သွားလေသည်။

အိပ်မက်မှနိုးသော် ဇဝေဇဝါဖြစ်နေသည်။ မပေးလိုက်ရသော အလှူရှင်ဖြတ်ပိုင်းလေးကို ထုတ်ကြည့်မိလေသည်။ သေချာစွာ ပြန်လည်သိမ်းဆည်းမိလေသည်။

ဘုရားဖူးခရီးစဉ်အတိုင်း တစ်မြို့ပြီးတစ်မြို့ လှည့်လည်ဖူးမြော်ပြီး ရန်ကုန်သို့ ပြန်ရောက်လာခဲ့ကြလေသည်။ အိမ်နီးပါးချင်းများအား မြန်မာတို့၏ ချစ်စရာဓလေ့နှင့်အညီ ခရီးပြန်လက်ဆောင်များ ပေးဝေသည်။ ထို့ပြင် စာရေးသူ၏ ဆရာအဘထံသို့လည်း လက်ဆောင်ပစ္စည်းလေးဖြင့် ကန်တော့ပြီး ခရီးစဉ်တွင် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များကို ပြောပြမိသည်။ အဘက ပြုံးလေသည်။

ထို့နောက် စာရေးသူအား 'ဒီလိုရှိတယ် သမီးရဲ့၊ လူတွေ အများကြီးရှိပေမယ့် ကိုယ်နဲ့ ပဋ္ဌာန်းဆက်ပါသူနဲ့သာ ဆက်သွယ်ခွင့်ရှိတယ်။ သူလှူချင်ပေမယ့် လှူလို့မရလို့ ပဋ္ဌာန်းဆက်ရှိခဲ့တဲ့ သမီးကို အကူအညီတောင်းတာပါ။ မိသားစုသဘောမျိုးပေါ့။ အလှူရှင်အမည်ကို ကြည့်လေ။ ကိုဝင်းနိုင်မိသားစု(မော်လမြိုင်)တဲ့ ဝင်းဆိုတဲ့ သမီးနာမည် အစနဲ့ နိုင်ဆိုတဲ့ သမီးခင်ပွန်း နာမည်အစကို ယူပြီး ကိုဝင်းနိုင်မိသားစုလို့ ပေးခဲ့တာလေ။ မော်လမြိုင်ဆိုတာကို ဖော်ရရင် သမီးတို့လည်း ဒီကောင်းမှုကြောင့် မော်နိုင်ကြွားနိုင် မြိုင်မြိုင်ဆိုင်ဆိုင်ပေါ့ကွယ်။ ဒါဟာ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ အကျိုးအကြောင်း ရှိပါတယ်' ဟုပြောမှ အလှူရှင်အမည်ကို ပြန်လည်ဖတ်မိသည်။

ကိုဝင်းနိုင်မိသားစုကောင်းမှု(မော်လမြိုင်)..တဲ့။

စာရေးသူ၏ စိတ်ထဲတွင်လည်း အလှူရှင်အား ရည်မှန်း၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနေမိပါတော့သည်။

(၇)နေ့သားသမီးများ ကျက်သရေတိုး၍ ရောဂါကင်းရှင်းကြပါစေ။

မေတ္တာဖြင့်


စောယုနန္ဒာ(မေ့ရင်ခွင်)




# သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉ ၇၃၁ ၉၄၅၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄




www.burmeseclassic.com

www.burmeseclassic.com

# ကောင်းသော်
# တမ့်လွန်ခရီးတစ်ဝက်

မင်္ဂလာညွှန့်ခံပွဲ နီးကပ်လာသည်နှင့် နှစ်ဖက်မိဘများ စိတ်ပူစပြုလာသည်။ မင်္ဂလာရက် နီးလာသော်လည်း ခရီးထွက်သွားသူ သတို့သားလောင်း မောင်မင်းမော် ပြန်ရောက်မလာသေးပါ။ မောင်မင်းမော်သည် သတို့သမီး မသီတာနှင့် သုံးနှစ်သုံးမိုး ချစ်ကြိုက်ပြီးမှ မင်္ဂလာကိစ္စကို စီစဉ်ကြခြင်းဖြစ်၍ မောင်မင်းမော်က မသီတာကို စွန့်ခွာလို၍



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်ခြင်း မဖြစ်နိုင်ဟု ယူဆရသည်။ ဟိုတယ်ကြီးတစ်ခုတွင် ညှော့ခံပွဲကျင်းပရန် ဖိတ်စာများ ဝေပြီးသည်အထိ သတို့သားလောင်း ပြန်ရောက်မလာသေးခြင်းအတွက် အားလုံးက စိတ်ပူမည်ဆိုက ပူသင့်လှပါသည်။ ဟိုတယ်ဝန်းကျင်က စိတ်ပူ စိတ်လှုပ်ရှားနေကြသော်လည်း ကာယကံရှင် မသီတာက လုံးဝစိတ်ပူခြင်း မရှိသည်ကို အံ့သြစွာ တွေ့ရသည်။

မောင်မင်းမော်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့သို့ အလုပ်ကိစ္စနှင့် ခရီးထွက်သွားရာ ညှော့ခံပွဲမတိုင်မီ တစ်ပတ်အလိုတွင် ပြန်လည်ရောက်ရှိမည်ဟု ပြောသွားသော်လည်း သုံးရက်သာ လိုတော့သည်အထိ ပြန်မရောက်သဖြင့် စိတ်ပူစရာဖြစ်နေသည်။ မသီတာက စိတ်မပူသည်မှာ မင်းမော်ကို ယုံကြည်ခြင်းအပြင် မင်းမော်ကို ကိုယ်တိုင် မတွေ့မြင်ရသော်လည်း အိပ်မက်တွင် ညစဉ် တွေ့နေရသည်။

'သီတာရေ..မောင့်အတွက် စိတ်မပူနဲ့နော်။ ဒီမှာ အလုပ်ကိစ္စတွေ အဆင်မပြေလို့ ရက်ပိုကြာသွားတာပါ။ အချိန်မီ ရောက်မှာပါ'

မသီတာက မင်းမော်ကို အိပ်မက်တွင်တွေ့လိုက်ရ၍ စိတ်မပူခြင်းဖြစ်သည်။ မင်းမော်သည် စကားတည်သူဖြစ်၍ သူ့စကားအတိုင်း နောက်နေ့တွင် ကျိန်းသေရောက်ရမည်ဟု ယုံကြည်လိုက်သည်။ သို့သော် နောက်နေ့တွင်လည်း မင်းမော် ရောက်မလာပါ။ မသီတာ စိတ်ပူချင်သော်လည်း ထိုညတွင် မင်းမော်ကို အိပ်မက်တွင် တွေ့လိုက်ရ၍ ကျေနပ်သွားပြန်သည်။

'ဒီမှာ အခက်အခဲတစ်ခု ဖြေရှင်းနေရလို့ပါ မသီတာ။ ကိုယ်ဖြေရှင်းနိုင်မယ်လို့ ယုံကြည်တယ်။ အချိန်မီ ကို ပြန်ရောက်လာမှာပါ'

မင်းမော်၏ စကားကို မသီတာက ယုံကြည်ပေးနိုင်သော်လည်း နှစ်ဖက်မိဘများက မင်္ဂလာပွဲကို ရက်ရွှေ့ရန် စီစဉ်နေကြသည်။ မသီတာက စိတ်မလျှော့သေးပါ။ မင်းမော်ပြန်လာမည်ဟု ယုံကြည်နေဆဲဖြစ်သည်။ ထိုညတွင် အိပ်မက်၌ မင်းမော်နှင့် တွေ့ရပြန်သည်။

'မသီတာ..ကိုယ့်ကို တစ်ခုကူညီပါကွယ်။ မသီတာနဲ့ မောင် လပြည့်နေ့က ရွှေတိဂုံဘုရားကိုသွားတာ မှတ်မိပါတယ်နော်။ အဲဒီနေ့က မောင်တို့ ဘုရားမှာ ဆုတောင်းရင်း နောက်လပြည့်မှာ ကြာသကန်းလှူပါ့မယ်လို့ ကတိပေးခဲ့တယ်လေ။ အဲဒါ လပြည့်နေ့မှာ ကြာပန်းမလှူဖြစ်ခဲ့ဘူး။ ဘုရားမှာ ထားခဲ့တဲ့ ကတိစကား မပျက်ရလေအောင် မသီတာ ဆက်ဆက် ကြာသကန်း သွားလှူလိုက်ပါကွယ်'

မင်းမော်က ထိုမျှသာပြောပြီး ပျောက်သွားသည်။ နောက်ထပ် မင်းမော်ကို မေးမြန်းခွင့်ပင် မရလိုက်ပါ။ မင်းမော် အခက်အခဲတစ်ခုခု တွေ့ကြုံနေရပြီဟု မသီတာ နားလည်လိုက်ပါသည်။ မင်းမော် အခက်အခဲကို ကျော်လွှားနိုင်ရန် နောက်နေ့ ရွှေတိဂုံဘုရားသို့သွားပြီး ကြာသကန်း လှူလိုက်ပါသည်။ မင်းမော် ပြောသည့်အတိုင်း အတိအကျ ဆောင်ရွက်လိုက်ရသဖြင့် မသီတာ ကျေနပ်မိပါသည်။ ဘုရားတွင် ကြာသကန်း လှူလိုက်ရသော အကျိုးကြောင့် မင်းမော် အခက်အခဲမှ ကျော်လွှားနိုင်တော့မည်ဖြစ်၍ မင်းမော် ပြန်ရောက်တော့မည်ဟု မျှော်လင့်နိုင်ခဲ့သည်။

ထိုနေ့က မသီတာအတွက် ဖုန်းမြည်လာသည်။ မင်းမော်ထံကဖုန်း ဖြစ်ရမည်ဟု ဝမ်းသာအားရကိုင်လိုက်ရာ မင်းမော်၏ဖုန်း မဟုတ်သော်လည်း မင်းမော်နှင့်သက်ဆိုင်သောဖုန်း ဖြစ်ပါသည်။ မင်းမော် အလုပ်လုပ်သောဌာနက ဆက်သောဖုန်း ဖြစ်ပါသည်။ မင်းမော်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်သည်။

'ဒေါ်သီတာလား ခင်ဗျ၊ ကိုမင်းမော်အတွက် စိတ်ပူနေတာသိရလို့ ကျွန်တော်တို့လည်း နေ့ရောညပါ ကိုမင်းမော်ရဲ့သတင်းကို လိုက်နေကြတာပါ။ ကိုမင်းမော် တမူးက ပြန်ထွက်လာပါတယ်။ မိုးရွာကို ခဏဝင်ပြီး မန္တလေးကို ရောက်တဲ့အထိ ခရီးစဉ်အတိုင်း စုံစမ်းလို့ရပါတယ်။ မန္တလေးက မနက်စောစော ကားနဲ့ ထွက်သွားတာအထိ သတင်းရပါတယ်။ မန္တလေးက ထွက်သွားတာ နှစ်ရက်ကျော်သွားပြီဆိုတော့ ပြန်ရောက်သင့်နေပါပြီ။ သူ ရောက်မလာတဲ့အတွက် ကျွန်တော်တို့ ဆက်ပြီးစုံစမ်းနေပါတယ်။ သတင်းရတိုင်း ဆက်သွယ်ပါ့မယ်'

ကိုမင်းမော်၏ရုံးက ဖုန်းသတင်းကို လူကြီးများအား ပြောပြလိုက်သောအခါ အားလုံးက စိတ်ပူနေကြသော်လည်း မသီတာကမူ မင်းမော် ပြန်ရောက်ရမည်ဟု ယုံကြည်နေဆဲ ဖြစ်ပါသည်။ မန္တလေးက ထွက်သည့်အချိန်

www.burmeseclassic.com

နှင့် နေ့ရက်အရဆိုသော် ရောက်သင့်နေပြီဖြစ်သည်။ လမ်းတွင် ကားပျက်၍သော်လည်းကောင်း ဖြစ်ရမည်ဟု တွေးနေမိပါသည်။ ထိုညက မင်းမော်ကို အိပ်မက်‚မက်မည်ဟု ထင်သော်လည်း အိပ်မက်မမက်ပါ။ မနက်စောစောပြန်ရောက်လာလိမ့်မည်ဟု ထင်ခဲ့သော်လည်း ပြန်ရောက်မလာပါ။ မသီတာမျှော်နေချိန် ကိုမင်းမော်၏ရုံးက ဖုန်းမြည်လာပါသည်။

'ဒေါ်သီတာလား။ စိတ်မကောင်းစရာ့ သတင်းကို ပြောရမှာ အားနာပါတယ်ဗျာ။ ကိုမင်းမော်တို့ကား မန္တလေးက ထွက်လာပြီး မိတ္ထီလာအနီးမှာ ရန်ကုန်ကလာတဲ့ ကားနှင့် ခေါင်းချင်းဆိုင် တိုက်မိကြတယ်။ ဒရိုင်ဘာနဲ့ စာရေးလေးတစ်ယောက်တတော့ ဒဏ်ရာပြင်းတယ်လို့ သိရပါတယ်။ ကိုမင်းမော်ကိုတော့ မိတ္ထီလာဆေးရုံမှာ တင်ထားရတယ်လို့ သိရပါတယ်။ နောက်ထပ်သတင်းရရင် ဆက်လက်ပို့ပါ့မယ်'

မသီတာက မိဘများကို ပြောပြလိုက်သောအခါ အားလုံးစိတ်ပူပြီး မိတ္ထီလာသို့ ချက်ချင်းလိုက်ရန် စီစဉ်ကြသည်။ မသီတာမှာ မိဘများလောက် စိတ်မပူဘဲ ကိုမင်းမော် ပြန်လာနိုင်မည်ဟု ယုံကြည်ဆဲဖြစ်သည်။ နောက်နေ့တွင် မိတ္ထီလာသို့ ခရီးထွက်ရန် ပြင်ဆင်နေကြချိန် မသီတာက အိမ်ကပင်စောင့်ရန် စဉ်းစားနေခဲ့သည်။ ထိုညက အိပ်မက်တွင် ကိုမင်းမော်ကို တွေ့လိုက်ရသည်။

'မသီတာရေ မောင် လျှောက်လှမ်းနေရတဲ့ခရီးက ကြမ်းတမ်းပါတယ်။ မသီတာရဲ့ ကူညီမှုကြောင့် အတော်အသင့် ပြေလည်ခဲ့ပါပြီ။ နောက်ထပ် မသီတာ့ဆီက အကူအညီတစ်ခု တောင်းချင်ပါတယ်။ မောင်နဲ့မသီတာ မန္တလေးသွားကြတုန်းက မဟာမုနိဘုရားကြီး ရွှေချဖို့ စီစဉ်ခဲ့ကြပေမယ့် အရေးပေါ်ကိစ္စတစ်ခုပေါ်လာလို့ ရွှေမချဖြစ်ခဲ့ကြဘူးလေ။ နောက်နေ့မှလာပြီး ရွှေချပါ့မယ်လို့ ကတိပြုခဲ့ပေမယ့် မမျှော်လင့်ဘဲ အဲဒီည ရန်ကုန်ကို ပြန်လာခဲ့ကြရလို့ ကတိပျက်ခဲ့ရတယ်လေ။ မသီတာ မှတ်မိနေမှာပါ။ ဒီတော့ မသီတာ မန္တလေးကိုသွားပြီး ဘုရားကြီးမှာ ရွှေချလိုက်ပါ။ အဲဒီကိစ္စ ဆောင်ရွက်နိုင်ရင် မောင်နဲ့ မသီတာ တွေ့ရပြီလို့ သဘောထားလိုက်ပါ။ အမြန်ဆုံး ဆောင်ရွက်ပေးပါနော်'

မသီတာ အိပ်မက်က လန့်နိုးသည်။ ယခုမှ မင်းမော်အတွက် စိတ်ပူလာမိသည်။ မိတ္ထီလာကိုမလိုက်ဟု ပြော[...] သည့်စကားကိုပြင်၍ မိတ္ထီလာသို့ လိုက်မှဖြစ်တော့မည်[...] ချက်ချင်း လူကြီးများကိုနှိုး၍ မိတ္ထီလာကိုလိုက်ရန် ပြော[...] ရသည်။ နံနက်စောစော မိတ္ထီလာသို့သွားရန် ကားထွက်[...] လုဆဲဆဲတွင် ရုံးက ဖုန်းဝင်လာသည်။

'မသီတာလားခင်ဗျ။ အဆိုးထဲက အကောင်းကိုပြော[...] ရမယ်။ ကိုမင်းမော်တို့ အတူသွားကြတဲ့ လူသုံးဦးအနက်[...] နှစ်ယောက်က ဆုံးသွားပါတယ်။ ကိုမင်းမော်တစ်ယောက်[...] က အခုအချိန်အထိ မျှော်လင့်ချက်ရှိနေပါသေးတယ်။ ဒီနေ့[...] ကျွန်တော်တို့ရုံးက အဖွဲ့တွေ သွားကြပါမယ်။ ကိုမင်း[...] မော်အတွက် ကံကောင်းပါစေလို့ ဆုတောင်းပါတယ်'

မသီတာသည် မိတ္ထီလာသို့လိုက်ရန် အသင့်ရှိနေ[...] သည်။ ကိုမင်းမော်၏ညီ ကိုမင်းကျော်က ကားမောင်း[...] သည်။ ကိုမင်းကျော်၏ အဖေ၊ မသီတာ၏ အဖေနှင့်[...] မသီတာတို့ လိုက်ခဲ့ကြပါသည်။ မသီတာမှာ ကား[...] တွင် လိုက်ပါလာခဲ့သော်လည်း မည်သူနှင့်မှ စကားမပြော[...] နိုင်ဘဲ တစ်လမ်းလုံး ဘုရားစာရွတ်ရင်း လိုက်ပါခဲ့သည်[...]

ကိုမင်းကျော်က ကားကို အမြန်နှုန်းဖြင့် မောင်း[...] သဖြင့် နေ့လယ် မိတ္ထီလာဆေးရုံသို့ ရောက်ပါသည်[...] လူငယ်ဆို၍ ကိုမင်းကျော်သာပါသဖြင့် သူက အရင်[...] ဆေးရုံထဲသို့ ပြေးဝင်သွားပါသည်။ မင်းမော်ထားသည်[...] ဆိုသော ခုတင်တွင် ကိုမင်းမော်ကို မတွေ့ရသဖြင့် အား[...] လုံး ရင်ထိတ်သွားပါသည်။ ထိုအချိန် ဆရာဝန်မလေး[...] တစ်ဦး ရောက်လာသဖြင့် မသီတာက မေးလိုက်ရသည်[...]

'ကိုမင်းမော်ဆိုတာ ကားတိုက်လို့ ဒဏ်ရာရတဲ့[...] ထင်တယ်။ ဟုတ်ကဲ့၊ ကျွန်မ မှတ်မိပြီ။ ခေါင်းကို [...] ထားတဲ့ လူပဲ။ ဒဏ်ရာက မပြင်းပါဘူး။ ဆေးရုံ[...] တာ သုံးရက် ရှိပါပြီ။ သူ သတိပြန်မရလို့ မန္တလေး[...] ရုံကို ဒီမနက်ပဲ ပို့လိုက်ရတယ်။ အသေးစိတ်သိချင်[...] ဆရာဝန်ကြီးနဲ့ တွေ့လိုက်ပါ'

ဆရာဝန်မလေး၏ လမ်းညွှန်ချက်ဖြင့် ဆေးရုံ[...] ကြီးထံသို့ ရောက်ခဲ့ကြသည်။ မသီတာသည် ဆရာ[...] ကို မေးမြန်းပါသည်။ ဆရာကြီးက ပြန်ပြောပါသည်[...]

'ဟုတ်ကဲ့၊ သုံးရက်ကြာသည့်တိုင် သတိပြန်[...] မန္တလေးကို ပို့လိုက်ပါတယ်။ မန္တလေးပို့လိုက်တ[...] သိပ်တော့မစိုးရိမ်စေချင်ဘူး။ ဒဏ်ရာက ခေါင်း[...]

www.burmeseclassic.com

www.burmeseclassic.com

အားတော့ သတိမရတာ ဖြစ်တတ်ပါတယ်။ သူ သတိပြန်ရလို့ မှတ်ဉာဏ်ကောင်းရင် အားလုံးကောင်းမှာပါ။ အကယ်၍ မှတ်ဉာဏ်ပြန်မကောင်းခဲ့ရင်တော့ အချိန်ယူပြီး ကုသခံဖို့ လိုပါလိမ့်မယ်'

မသီတာမှာ ရင်ထိတ်လျက် ဆရာကြီးကို ထပ်မံမေးလိုက်ပြန်သည်။

'ပြန်ကောင်းဖို့ မျှော်လင့်ချက်ရှိပါ့မလား ဆရာ'

'ဟုတ်ကဲ့၊ သူ သတိပြန်ရမယ့် အခြေအနေပေါ်မှာ မူတည်နေပါတယ်။ သတိရလို့ အတိတ်ကို မှတ်မိရင် ကောင်းသွားမှာပါ။ ဦးနှောက်ကိုထိရင်တော့ စိတ်ရှည်ရှည်နဲ့ ကုသရမှာပါ။ သိပ်တော့ မစိုးရိမ်ကြပါနဲ့။ ကျွန်တော် အမြင်အရပြောရရင် ပြန်ကောင်းဖို့ ရာနှုန်းများပါတယ်။ သူ့အတွက် ကံကောင်းမှာပါ'

ကိုမင်းမော်၏ အခြေအနေမှာ ပြန်ကောင်းလာနိုင်သည်ဟု ဆရာဝန်ကြီးက အားပေးသော်လည်း မည်သူမှ အားမတက်နိုင်ပါ။ မန္တလေးဆေးရုံတွင် မည်သို့ကြုံတွေ့ရည်ကိုတွေးရင်း အားလုံးစိတ်ပူနေကြပါသည်။

ဆရာဝန်ကြီးကို နှုတ်ဆက်၍ ဆေးရုံမှ ပြန်လည်ထွက်ခဲ့ကြသည်။ မိတ္ထီလာတွင် နေ့လယ်စာစားရင်း ခေတ္တအနားယူပြီး မန္တလေးသို့ ဆက်၍ထွက်ခဲ့ကြသည်။ ညနေပိုင်းတွင် မန္တလေးသို့ ရောက်ပါသည်။ မသီတာသည် ကိုမင်းမော်ကို အလွန်တွေ့ချင်လှသော်လည်း ကိုမင်းမော်၏ ဆန္ဒကို ဖြည့်ဆည်းရန် မဟာမုနိဘုရားကြီးကို အရင်သွားခဲ့သည်။

ဘုရားကြီးသို့ ရောက်သည်နှင့် ကိုမင်းမော် အိပ်မက်ပေးသည့်အတိုင်း ဘုရားတွင် ရွှေချပြီး ကိုမင်းမော် ပြန်လည်ကောင်းမွန်ပါစေရန် ဆုတောင်းရပါသည်။ ကိုမင်းမော်အတွက် ကုသိုလ်ရေးကိစ္စများ အားလုံးဆောင်ရွက်ပြီးမှ ဆေးရုံသို့ သွားကြသည်။

ဆေးရုံသို့ ရောက်သည်နှင့် ကိုမင်းမော်တို့ရုံးမှ အရာရှိတစ်ဦးဖြစ်သော ကိုတင့်လွင်ကို တွေ့ရသည်။ ကိုတင့်လွင်က မသီတာကို နှုတ်ဆက်ပါသည်။

'မိတ္ထီလာက ဖုန်းဆက်လို့ မသီတာတို့ ဒီကိုလာနေပြီဆိုတာ သိရပြီး ကျွန်တော် စောင့်နေတာပါ'

'ကိုမင်းမော်ရဲ့ အခြေအနေရော ဘယ်လိုနေပါသေးလဲ'

မသီတာက သူသိလိုသည်ကို မေးလိုက်သည်။

'သတိတော့ရနေပါပြီ'

'ဘာ..သတိရနေပြီ၊ ဟုတ်လား။ လူတွေကိုရော မှတ်မိရဲ့လား'

'ကျွန်တော့်ကိုတော့ မှတ်မိတဲ့ပုံရှိတယ်။ ပြုံးပြီးနှုတ်ဆက်တယ်။ မသီတာကိုသာ မှတ်မိရင် အောင်မြင်ပါပြီ။ ဆရာဝန်ကြီးကလည်း မိသားစုတွေကို မျှော်နေပါတယ်။ လာလေ မသီတာ။ ကိုမင်းမော်ရဲ့ အခန်းကို သွားကြရအောင်'

ကိုတင့်လွင်က ဦးဆောင်ပြီး သွားသဖြင့် မသီတာတို့အဖွဲ့ သူ့နောက်က လိုက်သွားကြသည်။ ကိုမင်းမော်၏ အခန်းတွင် ဆရာဝန်ကြီးနှင့် အသင့်တွေ့ရသဖြင့် ကိုတင့်လွင်က ဆရာဝန်ကြီးနှင့် မိတ်ဆက်ပေးပါသည်။

'ဆရာကြီး..ဒါ ကိုမင်းမော်ရဲ့ချစ်သူ မသီတာပါ'

'တွေ့ရတာ ဝမ်းသာပါတယ်။ ကျေးဇူးပြုပြီး ချက်ချင်း စကားမပြောကြစေချင်ဘူး။ ကျွန်တော် ကိုမင်းမော်ကို အရင်မေးပါရစေ'

ဆရာဝန်ကြီးက ကိုမင်းမော်နှင့် ကပ်လျက်ထိုင်ခုံတွင် မသီတာကို ထိုင်စေပြီး ကိုမင်းမော်ဘက်သို့လှည့်၍ မေးလိုက်သည်။

'ကိုမင်းမော်..သူ့ကို သိသလား'

ကိုမင်းမော်က ခေါင်းညိတ်ပြပါသည်။

'သိရင် သူက ဘယ်သူလဲ'

'ကျွန်တော့်ချစ်သူ မသီတာပါ'

'မသီတာရဲ့နောက်က လူကရော ဘယ်သူလဲ'

'ကျွန်တော့်ညီ မင်းကျော်ပါ'

ကိုမင်းမော်က တွေဝေခြင်းမရှိဘဲ ချက်ချင်းပြောနိုင်သဖြင့် ကျေနပ်ပြီး မသီတာကို မေးလိုက်သည်။

'ကိုမင်းမော် ပြောတာတွေ မှန်ရဲ့လား'

'အားလုံး မှန်ပါတယ် ဆရာ'

'ဝမ်းသာလိုက်တာဗျာ။ ဒါဆို အားလုံးကောင်းသွားပါပြီ။ ကျွန်တော်တို့ စိတ်ပူနေတာ ဝမ်းသာစရာနဲ့ အဆုံးသတ်ခဲ့ရပြီ။ ဒီနေ့တစ်ရက်နေပြီး နောက်နေ့ ဆေးရုံက ဆင်းနိုင်ပါပြီ။ ဒီတစ်ရက်တော့ သေချာအောင် သူ့အခြေအနေကို စောင့်ကြည့်ချင်သေးလို့ပါ'

'ကျေးဇူးတင်ပါတယ် ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com

မသီတာက ဆရာကို ပြောလိုက်သည်နှင့် ဆရာဝန်ကြီးက အားလုံးကိုနှုတ်ဆက်၍ အခန်းထဲက ထွက်သွားပါသည်။ မသီတာက ဆရာဝန်ကြီးနှင့်တကွ ပြုစုသူဆရာဝန်များနှင့် ဆရာမများအတွက် လက်ဆောင်ပစ္စည်းပေးရန် ကိုမင်းကျော်နှင့် တိုင်ပင်ရာ ကိုမင်းကျော်က လူကြီးများကို တည်းခိုခန်းသို့ပို့ရင်း ပစ္စည်းဝယ်ရန် ပြောပါသည်။ လူကြီးများက ကိုမင်းမော်ကို ဝမ်းသာအားရနှုတ်ဆက်ပြီး ကိုမင်းကျော်နောက်သို့ လိုက်သွားပါသည်။ ကိုတင့်လွင်ကလည်း ပြန်ရန် နှုတ်ဆက်ပါသည်။

'ကိုမင်းမော်ရဲ့ အခြေအနေက စိတ်ချရပါပြီ။ ကျွန်တော်လည်း လုပ်စရာတွေရှိလို့ ကိုမင်းမော်ကို နှုတ်ဆက်ပြီး ပြန်ပါဦးမယ်။ ရန်ကုန်ရောက်မှ လာတွေ့တော့မယ်'

ကိုတင့်လွင်က နှုတ်ဆက်ပြီး ပြန်သွားသောအခါ ကိုမင်းမော်၏အနီးတွင် မသီတာတစ်ယောက်သာ ကျန်ခဲ့ပါတော့သည်။ ယခုမှ မသီတာက အေးအေးဆေးဆေး စကားပြောခွင့်ရပါသည်။

'မောင့်အတွက် အရင်က စိတ်မပူခဲ့ပါဘူး။ ကားမှောက်တဲ့ သတင်းကို ကြားလိုက်ရမှ စိတ်ပူသွားတာပါ'

'ကျေးဇူးတင်ပါတယ်။ မောင့်အသက်ကို သီတာကယ်လိုက်တာပါ'

'သီတာက ဘယ်လိုကယ်တာလဲ။ သီတာ ဘာမှ



လည်း လုပ်မပေးရပါလား'

'မောင့်ရဲ့ တင်နေတဲ့အကြွေးကို သီတာက ဆပ်ပေး လိုက်တာလေ။ သီတာသာ အကြွေးမဆပ်ရင် မောင်ပြန် လာနိုင်မှာ မဟုတ်တော့ဘူး'

'ဘယ်လိုအကြွေးလဲ မောင်ရဲ့၊ သီတာ ဘာမှနား မလည်ပါလား'

'သီတာ နားရှင်းအောင် မောင်ပြောပြပါ့မယ်'

'မောင် သိပ်အားမရှိရင် မပြောပါနဲ့လား။ နောက်မှ အေးအေးဆေးဆေး ပြောရင်လည်း ရတာပါပဲ'

'မောင် ပြောနိုင်ပါတယ်။ အဲဒီအကြောင်းကို မောင် သိပ်ပြောချင်နေတာ။ မောင့်ဘဝတစ်သက်တာမှာ အထူး ဆန်းဆုံး အဖြစ်အပျက်ပဲ။ နည်းနည်းရှည်ပေမယ့် မောင် ပြောပြပါ့မယ်။ တကယ်တော့ မောင်ဟာ တမလွန် တံ ခါးဝအထိ ရောက်ခဲ့တာပါ။ တံခါးပေါက်ထဲဝင်လိုက်ရင် ပြန်လာနိုင်မှာ မဟုတ်တော့ဘူး။ တံခါးဝဆိုတော့ လှည့် ပြန်လို့ရသေးတာပေါ့'

'ဘယ်လိုတံခါးဝလဲ မောင်ရဲ့'

'မောင်နဲ့အတူ ဒရိုင်ဘာကြီးရယ်၊ မောင့်တပည့်တစ် ယောက်ရယ် ကားမှောက်ပြီး ဒဏ်ရာတွေအပြည့် သွေး အလိမ်းလိမ်းနဲ့ တမလွန်တံခါးဝကို ရောက်သွားကြတာ'

'တမလွန်တံခါးဝဆိုတာ ဘယ်နေရာမှာလဲမောင်'

'တမလွန်ဆိုတာ ကွယ်လွန်ဆဲလူတွေ ရောက်ရ နေရာပေါ့။ အဲဒီတံခါးဝရောက်ရင် သူတို့က စစ်ဆေး တယ်။ စစ်ဆေးလို့ အပြစ်ရှိတဲ့လူ သေနေ့ရောက်တဲ့လူ ရင် တံခါးဖွင့်ပေးလိုက်တယ်။ တံခါးထဲဝင်မိရင် ပြန် လို့ မရတော့ဘူး။ အဲဒီလူအတွက် လူ့ဘဝရဲ့ နောက်ဆုံး အချိန် ဖြစ်သွားတာပေါ့။ မောင်နဲ့အတူ ရောက်သွား ဒရိုင်ဘာကြီးကို စစ်ဆေးပြီး တံခါးဖွင့်ပေးတာ မြင် ရပြီး တံခါးဝက အထဲကို ဝင်သွားလိုက်ရတယ်။ အတွက် ပြန်လမ်းမရှိတော့ဘူး။ မောင့်တပည့်လေး လည်း အဲဒီအတိုင်းပဲ စစ်ဆေးပြီး အထဲဝင်လိုက်ရ သုံးယောက် ရောက်သွားတာ နှစ်ယောက်က ပြန် တော့ မောင်လည်း ထိတ်လန့်သွားတာပေါ့'

'ဆက်ပြောပါဦး မောင်ရဲ့။ သီတာ ရင်တု'

'မောင့်အလှည့်ရောက်တော့ စစ်ဆေးတဲ့ က မောင့်ကို သေသေချာချာကြည့်ပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com

တွေကိုပြောတာ မောင်ကြားလိုက်ရတယ်'

'ဒီလူက ရောက်ခွင့်မပြည့်သေးဘူးထင်တယ်။ သူ့ကို ချာအောင် ပြန်စစ်ဆေးသင့်တယ်'

လက်အောက်ဝန်ထမ်းတွေကလည်း စာအုပ်အထူကြီး ချပြီး ဟိုလှန်ဒီလှန် ရှာနေကြတယ်။ နောက်ပြီးမှ ဆေးရေးမှူးကြီးကို ပြန်ပြီးတင်ပြတာ ကြားလိုက်ရတယ်'

'သူ့မှာ ပေးဆပ်စရာ အကြွေးနှစ်ခု ရှိနေပါတယ်။ ဒီအကြွေးကိုသာ အချိန်မီ ပြန်ဆပ်နိုင်ရင် ဒီမှာ သူ့ကို က်ခံလို့ မရပါဘူး။ အဲဒီတော့ လူကြီးက မောင့်ကို ကြည့်ပြီး ပြောတယ်။

မောင်ရင့်မှာ ပေးဆပ်စရာ အကြွေးနှစ်ရပ် ရှိနေတာ ကို ဆပ်ပြီးသည်အထိတော့ ဒီတံခါးဝမှာ နေရဦးမယ်။ အကြွေးဆပ်နိုင်ရင်တော့ မောင်ရင် လွတ်လပ်ခွင့်ရနိုင်ပါ။

မောင်လည်း မျှော်လင့်ချက်ရှိလာပြီဆိုတော့ အားရမ်းသာနဲ့ ချက်ချင်းပြန်ပြောလိုက်တယ်။

ကျွန်တော့်မှာ အကြွေးရှိရင် ကျွန်တော်ဆပ်ပါ့မယ်။

အပြစ်လွတ်အောင်သာ ပြောလိုက်ရတယ်၊ ဘာအကြွေး ရှိတယ်ဆိုတာ စဉ်းစားမရဘူး။ ဘာအကြွေးများ ရှိသလဲလို့ အထပ်ထပ်စဉ်းစားရတာပေါ့။ အဲဒီလို စဉ်းစားနေလို့ အချိန်တွေ ဒါလောက်ကြာသွားတာပေါ့။ လူအချင်းချင်း ပေးဆပ်စရာ အကြွေးက လုံးဝမရှိတာကိုသိတော့ ခြားအကြွေးတွေ လျှောက်စဉ်းစားရတယ်။ ဒီအကြွေး ဆပ်မှ ခက်ခဲတဲ့ဘဝက လွတ်မြောက်မှာဆိုတော့ ကုသိုလ်ပြုတဲ့အလုပ် ဖြစ်ရမယ်လို့ သိလိုက်ရတယ်။ ကုသိုလ်အကြွေးကို စဉ်းစားတော့ အကြွေးက နှစ်ခုဆိုတာကို မှတ်မိပြီး စဉ်းစားမှ သဘောပေါက်တယ်။ ရွှေတိဂုံဘုရားမှာ ကြာသင်္ကန်းကပ်ပါ့မယ်လို့ ကတိပြုခဲ့တာရယ်၊ မဟာမုနိဘုရားကြီးမှာ ရွှေသင်္ကန်း ကပ်လှူပါ့မယ်လို့ ကတိပြုခဲ့ပြီး မလုပ်နိုင်သေးတာ ချက်ချင်း သတိရလိုက်တယ်။ မောင့်ဘဝမှာ ကံနိမ့်နေချိန်မှာ ကံမြင့်လာအောင် ပေးရာမှာ အကောင်းဆုံး အထောက်အပံ့ဟာ ကုသိုလ်ပြုခြင်း မဟုတ်လား။ ချက်ချင်း မောင် သဘောပေါက်လိုက်တယ်။ သေမင်းတံခါးဝမှာရှိတဲ့ လူတွေက မောင့်ရဲ့ လွတ်မြောက်ရာလွတ်မြောက်ကြောင်း ရှာကြည့်တဲ့အခါ အဲဒီကောင်းမှုနှစ်ခုသာ လုပ်ခဲ့မိရင် မောင် ဒီလိုအဖြစ်မျိုးနဲ့ ကြုံစရာမရှိနိုင်ဘူးလို့ သိကြတာပေါ့။ ဒါကြောင့် မောင့်ကို လွတ်ရာလွတ်ကြောင်း အကြံပေးကြတာပေါ့။ ပထမအကြိမ် မသီတာက ရွှေတိဂုံဘုရားမှာ ကြာသင်္ကန်း လှူလိုက်တော့ သူတို့က မောင့်အတွက် မျှော်လင့်ချက် ရှိလာပြီဖြစ်လို့ ပြုံးပြုံးရွှင်ရွှင်ဖြစ်လာတယ်။ ဒီနေ့ မသီတာ မဟာမုနိမှာ ရွှေသင်္ကန်းကပ်လိုက်တော့ သူတို့က အားရဝမ်းသာနဲ့ မောင့်ကို ပြန်ခွင့်ပြုလိုက်ကြတယ်'

ကိုမင်းမော်၏စကား ဆုံးသည်နှင့် မသီတာက မေးလိုက်သည်။

'ဒီအကြွေးနှစ်ရပ်သာ မဆပ်နိုင်ရင် မောင် ပြန်မလာနိုင်တော့ဘူးပေါ့နော်'

'ဒါလောက်မြန်မြန်ပြန် မလာနိုင်ဘူးပေါ့ သီတာရယ်။ မောင် သတိပြန်ရတဲ့အချိန်ဟာ မသီတာ မဟာမုနိမှာ ရွှေသင်္ကန်းကပ်ပြီးချိန်ပဲ။ ကဲ..ဘယ်လောက်ဆန်းကြယ်လိုက်သလဲ'

'ကုသိုလ်ကောင်းမှု လုပ်ခဲ့တာက တကယ့်အရေးမှာ အထောက်အကူရတယ်နော်'

'ဒါ လက်တွေ့ပေါ့ မသီတာရယ်။ ဒါန၊ သီလ၊ ဘာဝနာဆိုတာ မိမိဘဝရှင်သန်ရေးအတွက် အားကိုးစရာတွေပဲပေါ့။ မောင်ဆိုရင် တမလွန်တံခါးဝကို ရောက်နေပြီ။ မသီတာ ပြုလုပ်ပေးတဲ့ ကုသိုလ်ဆက်ကြောင့် ချက်ချင်း ပြန်လာနိုင်ခဲ့တယ်။ ဒါကြောင့် မသီတာကို ကျေးဇူးတင်တယ် ပြောတာပေါ့'


'မောင်နဲ့ မသီတာတို့ ပေါင်းရဖို့ ကုသိုလ်ရှိလို့ ဖြစ်ရတာပေါ့ မောင်ရယ်'

'ဒါတော့ဒါပေါ့ မသီတာရယ်၊ မောင်ရဲ့ကံက မကုန်သေးလို့ ကုသိုလ်ကြွေး ဆပ်ခွင့်ရတာပေါ့။ ကုသိုလ်ဆက်ကြောင့် အကြွေးဆပ်ဖို့ သတိပေးတဲ့လူကလည်း ပေးနိုင်တာလည်းပါပါတယ်။ ဘာပဲပြောပြော မောင်တို့ အသက်ရှင်နေသရွေ့ ရတနာသုံးပါးမမေ့အောင် နေထိုင်သွားကြမယ်နော်'

မသီတာကိုပြောရင်း မသီတာ၏ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လိုက်ပါတော့သည်။

**ကောင်းသော်**

www.burmeseclassic.com



# ဂါမဏီ့ကွမ်းအော့ ဆရာအတတ်သင်ကောလိပ်ပုံပြင်

ခရီးဆောင်အိတ်တစ်လုံး စာတစ်စောင်နှင့်အတူ ကျွန်တော် ဆရာအတတ်သင်ကောလိပ်သို့ ရောက်ရှိခဲ့ချိန်က ဖြစ်သည်။ အသက်က (၁၈)နှစ်မပြည့်တပြည့်အရွယ်။ လူငယ်လူဖျတ်ဖြစ်၍ အလွန်ဖင်ပေါ့ သွက်လက်သည့်ကာလ။ အချိန်အားဖြင့် (၁၉၇၀)ပြည့်နှစ်တစ်ဝိုက်။ ထိုစဉ်က ကျွန်တော် ဆယ်တန်းစာမေးပွဲကို ဖြေဆိုပြီးခိုက် အားလပ်နေသဖြင့် ဆရာအတတ်သင်ကောလိပ်(TTC) သို့ တက်ရောက်ဖြစ်ခဲ့လေ၏။

ညိုရင့်ခဲ့ညားလှသော နှစ်ထပ်ကျောင်းဆောင်ကြီးက ညဦ့အမှောင်ထုထဲမှာ မှုန်ကုပ်ကုပ်ညှတ်ကိုင်းကိုင်း တည်ရှိနေဟန်ကို ပတ်ဝန်းကျင်သို့ ငေးကြည့်နေမိသော ကျွန်တော်က သတိထားမိပေမယ့် ကြောက်လန့်စိတ် တစ်စုံတစ်ရာ မခံစားမိပါ။ ဒါ ဒီဒေသရဲ့ အပြင်အဆင်နေမှာပေါ့။ ပတ်ဝန်းကျင်ကလည်း သစ်ပင် သစ်တောတွေနဲ့ အုံ့အုံ့ဆိုင်းဆိုင်းပဲကိုး။ ရှေးဟောင်းကျောင်းဆောင်ကြီးဆိုတော့ ခမ်းနားတဲ့အရှိန်နဲ့ ဖိန့်စေတာပေါ့လေ။ ဤသို့သာ သာမန်ကာလျှံကာမျှ အတွေးပေါက်ခဲ့သည်။

မှောင်မှောင်မည်းမည်း ရီးခနဲ ရိပ်ခနဲ မြင်ရုံတွေ့ရုံဖြင့် ကြောက်လန့်အားငယ်တတ်သည့်အထဲမှာ ကျွန်တော် မပါဝင်တာကို တစ်ခါတစ်ရံ သိပ်ကျေးဇူးတင်မိပါသည်။ သို့ကြောင့်လည်း ဘာပဲကြုံကြုံ၊ ဘာပဲတွေ့တွေ့ ပရလောကသားပေလောဟူသော အတွေးမျိုးမရှိသဖြင့် သရဲခြောက်လည်း ခြောက်မှန်းမသိတာကြောင့် ကြောက်စိတ်ကင်းခဲ့ရသော ဖြစ်ရပ်ပေါင်းကလည်း တစ်ခါ ၊နှစ်ခါမကတော့။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခု ဤကျောင်းတော်ကြီးမှာရော သရဲရှိလေမလား။ ဘော်ဒါ(ကျောင်းသား) တော်တော်များများက ထိုသို့တွေးကာ သွေးလန့်နေစေကာမူ ကျွန်တော်ကမူ ခပ်အေးအေးပါပဲ။ မကြောက်တတ်၍ မဟုတ်၊ ကြောက်စရာတွေ လျှောက်မတွေးတတ်၍သာ။

ဆယ်တန်းဖြေပြီး အားလပ်နေချိန်တွင် အစ်မဖြစ်သူက 'နင် ဆရာအတတ်စာမေးပွဲ ဝင်ဖြေပါလား' ဟု တိုက်တွန်း၍လည်းကောင်း၊ ကျွန်တော်ကိုယ်တိုင်လည်း အလုပ်မရှိလျှင် မနေတတ်သဖြင့်လည်းကောင်း၊ ပေါင်မြို့နယ်၌ ဆရာအတတ်သင်ကောလိပ် တက်ဖို့ခေါ်ချိန်တွင် စာမေးပွဲ ဝင်ဖြေလိုက်ရာ အောင်မြင်ခဲ့၍ ကောလိပ်တက်ခွင့် ရခဲ့ပါသည်။ ဤသို့ဖြင့် ဆရာအတတ်သင်ကောလိပ် တည်ရာ နှစ်ထပ်အဆောက်အအုံကြီးဆီသို့ ရောက်ရှိလာခဲ့၏။

အဆောင်ကြီးက ရှည်လျားခံ့ညားလိုက်ပါဘိ။ အပေါ်ထပ်သည် သင်တန်းကျောင်းသားဆရာများ စုပေါင်းနေထိုင်ရာ ဘုံဗိမာန်ဖြစ်လာကာ အောက်ထပ်ကမူ စာသင်ခန်းများအဖြစ် တည်ရှိနေသည်။

အပေါ်ထပ်အခန်းတွင် တစ်ခန်းလျှင် ကျောင်းသား(၁၀)ယောက်ခန့် စုပေါင်းနေထိုင်ရသည်။ ခုတင်(၁၀)လုံးမှာ ကျောင်းသား(၁၀)ယောက်က သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် သက်သောင့်သက်သာဖြစ်၍ ကျွန်တော့်မှာ ပျော်ပွဲစားထွက်လာရသည့်ပမာ ပျော်ရွှင်သာယာနေတော့သည်။ အဲသည်မှာပဲ ကျွန်တော်နှင့် ပလဲပနံသင့်ကာ လေဖောင်ဖွဲ့ဖြစ်သူတွေက ကိုစိုးနိုင်၊ မင်းဉာဏ်သိန်း၊ ကျော်ကျော်နှင့် ဦးကျင်ရှိန်တို့ (၄)ယောက်။ ကိုစိုးနိုင်နှင့် ဦးကျင်ရှိန်တို့က အလယ်တန်းပြအတွက် လာတက်သော ကျောင်းသားများဖြစ်ပြီး ကျွန်တော်အပါအဝင် ကျန်နှစ်ယောက်ကမူ မူလတန်းပြများဖြစ်၍ ဤကျောင်းဆောင်ကြီး၌ ပထမဆုံးအကြိမ် လာတက်သော ကျောင်းသားသစ်တွေဆိုလျှင်လည်း မမှား။ အလယ်တန်းပြများက မူလတန်းတုန်းကလည်း တစ်ခါလာတက်ခဲ့ဖူးသောကြောင့် ကျောင်းသားဟောင်းဟု ဆိုနိုင်ပေမည်။

'ဒီကျောင်းကြီးက ကုပ်ကိုင်းကိုင်းနဲ့ ကြောက်စရာကြီးနော်။ နောက်ပြီး ဝရန်တာက လှမ်းကြည့်လိုက်ရင် သံလွင်မြစ်ကို မြင်နေရတာကလည်း တစ်မျိုးပဲဗျ'

(၅)ယောက်သား ခင်မင်ပြီးလို့မှ မကြာသေး၊ ကျော်ကျော်က ဇာတိပြလာပြီ။ သူ့အပြောစကားကို နားထောင်ရုံဖြင့် ဘယ်ဘူတာကို ဦးတည်နေသလဲ ကျွန်တော် သိသည်။ အားလုံးထဲတွင် အသည်းအငယ်ဆုံးက ကျော်ကျော် ဖြစ်သလို ပုလင်းအထောင်ဆုံးကလည်း ကျော်ကျော်ပဲ ဖြစ်လေသည်။ သူ့ကျေးဇူးဖြင့် ကျွန်တော်တို့ တစ်သိုက်လည်း အရက်ခိုးသောက်တတ်ခဲ့၏။

ဆယ်တန်းအောင်မြင်ပါက မော်လမြိုင်တက္ကသိုလ် တက်ရန် စိတ်အကြံရှိသူ ကျွန်တော့်အဖို့ ဆရာအတတ်သင်ကောလိပ်တက်ခြင်းဟာ တက္ကသိုလ်အစမ်းတက်ကြည့်ရသလို ခံစားမိစေပါသည်။ နေ့ဘက်တွင် စည်းစနစ်တကျ စာသင်ကြားရပုံက အထက်တန်းကျောင်းသား ဘဝကို အမှတ်ရမိစေသော်ငြား ညဘက်ရောက်တိုင်း အခန်းထဲမှာ စကားဖောင်ဖွဲ့ကာ အရက်ခိုးသောက်ရပုံမှာ တက္ကသိုလ်ကျောင်းသားဘဝပမာ ပျော်စရာကောင်းလှပါသည်။ အားလုံးထဲ၌ ကျွန်တော်က အသက်အငယ်ဆုံးလည်းဖြစ်၍ လူကြီးတွေက ကျွန်တော့်ကိုဆို ဂရုတစိုက်ရှိကြသည်။ အမြင်မတော်လျှင်လည်း ရွှတ်နောက်နောက် ဆူဆဲတတ်ကြသည်။

မှန်တေတေ ကျောင်းအိုကြီးနှင့် ဖြူးတူးဖြိတဲ့ ကျွန်တော်တို့အဖွဲ့မှာ အတော်လေးလိုက်ဖက်ညီတာပဲဟု ခံစားမိနေခိုက်မှာပင် ကျော်ကျော်၏ မေးခွန်းတစ်ခုက ကျွန်တော့်အတွေးကို နင်းချေသွားခဲ့ပြီ။ ထိုကိစ္စက ကျွန်တော့်ရင်ကို ဖြန်းခနဲ တုန်ယင်သွားခဲ့စေသည်။ ကျော်ကျော်-- ကျော်ကျော်ဟု ခေါ်ဝေါ်နေသော်ငြား သူက ကျွန်တော့်ထက် နှစ်နှစ်ခန့် ကြီးပါသည်။ ကျော်ကျော်က ကြောက်တတ်သလောက် အလွန်စပ်စုတတ်သူဖြစ်ရာ သူ့ကြောင့်ပဲ ကျွန်တော်တို့အားလုံးလည်း အသည်းငယ်စရာ ကိစ္စတစ်ခုကို ကြားသိခွင့် ရခဲ့ပါပေ့။

'ကိုစိုးနိုင် ခင်ဗျားတို့က အရင်ကလည်း ဒီကျောင်းမှာပဲ တက်ခဲ့တာဆိုတော့ ဒီကျောင်းကြီးအကြောင်း သိကြမှာပေါ့ဗျ။ ဟုတ်လား'

ကျော်ကျော်က ထိုသို့မေးတော့ ကိုစိုးနိုင်က ခေါင်း ညိတ်သည်။ မေးရိုးရှည်ရှည်၊ နှာခေါင်းချွန်ချွန်နှင့် သူ့ ကျွန်တော်တို့က ကွယ်ရာမှာ ကိုငှက်ကြီးဟု နောက် ခေါ်လေ့ရှိသည်။ ကိုစိုးနိုင် (ခေါ်) ကိုငှက်ကြီး ခဏမှာတော့ ငှက်နာကြီး ဖြစ်နေရှာပြီ။ ညဘက် အမှော



www.burmeseclassic.com

www.burmeseclassic.com

ပျံ့နှံ့သွား၍ အိပ်ရာနိုးနိုးချင်း ခေါင်းမကြည်မလင်ဖြစ်ကာ ထောင်ပေါ်မှာ ငိုင်တိုင်တိုင်ကြီး ထိုင်နေပါသည်။ ကျွန်တော်တို့က ပိတ်ရက်များတွင်သာ သောက်လေ့ရှိသဖြင့် အသင်ကြားမှုကို အနှောင့်အယှက်ဖြစ်သည်ဟူ၍တော့ မရှိခဲ့ပါ။

'ဒါဖြင့်ရင် ဒီကျောင်းကြီးမှာ တစ္ဆေရှိလားဗျာ'

မနက်ခင်း မင်္ဂလာသတင်းစကားများကိုသာ ကြားချင်ကြသည်မှာ လူတို့သဘာဝ။ သို့သော် ကျော်ကျော်က မူ ထိုသို့ဟုတ်ပုံမရ။ မနက်စောစောစီးစီးကြီး မေးချလိုက်ပုံက ဒီကျောင်းကြီးမှာ တစ္ဆေရှိသလားတဲ့။ မသိရင် ကိုစိုးနိုင်တို့ကပဲ သရဲကို ကုပ်က ဆွဲခေါ်ပြရတော့မလို။

ဆိုခဲ့သည့်အတိုင်း ကျွန်တော်က မကြောက်တတ်သူ မဟုတ်။ ကြောက်စရာများကို မတွေးတတ်သူ ဖြစ်သော ကြောင့် ကြောက်စရာ ဇာတ်လမ်းကြားလျှင်တော့ လူသား ပီပီ ထိတ်လန့်တတ်ပါသည်။

သို့ကြောင့် ကြောက်စရာများ မကြားရအောင် တခြားထွက်သွားမည်ဟန်ပြင်ရုံရှိသေး-

'ဟိတ်ကောင် ခင်မောင်၊ ဘယ်သွားမလို့လဲ။ ဒီမှာ ကောင်းခန်းပြောတော့မှာကွ။ ကိစ္စရှိ နောက်မှသွားပေါ့'

ဦးကျော်ရှိန်က လှမ်းအော်လိုက်သည်။ ဦးကျော်ရှိန်က အသားဖြူဖြူ၊ အသက်(၃၀)ကျော် အရွယ်လောက်ရှိပြီး အင်မတန်ရိုးအသူဖြစ်ရာ အမှုအရာများကိုကြည့်ပြီး ဘာ အဓိပ္ပာယ်ရှိသလဲဆိုတာကို ခန့်မှန်းတတ်ပုံမရပါ။ ယခု လည်း သရဲအကြောင်းပြောလျှင် မကြားချင်သဖြင့် ထွက် သွားရန်ဟန်ပြင်သည်ကို ဖွတ်အတင်းလှမ်းခေါ်နေ၍ ကျွန် တော်လည်း အရှက်မကွဲအောင် အသာလေး ပြန်ထိုင်နေ လိုက်ရတော့သည်။ သည်မှာပဲ ထင်သည့်အတိုင်း ပုံပြင် ဆန်ဆန် ဇာတ်လမ်းတစ်ပုဒ်ကို ရင်ထိတ်ဖွယ် နားကြား လိုက်ရပါသည်။

'အေးကွာ၊ ပြောရရင်တော့ စိတ်မကောင်းစရာ အဖြစ် အပျက်ကြီးပေါ့ကွာ။ လွန်ခဲ့တဲ့(၅)နှစ်က ငါတို့တွေ မူလ တန်းပြ လာတက်ကြတုန်းက ဆိုပါတော့။ ဒီကျောင်းမှာ လူသေမှုတစ်ခုဖြစ်ခဲ့တယ်။ အဲ..ကိုယ့်ကိုယ်ကိုယ် သတ် သေမှုလို့ ပြောရမှာပေါ့'

'ဘယ်လို..ကိုယ့်ကိုယ်ကိုယ် သတ်သေမှု၊ ဟုတ် လား'

စကားနည်းသူ မင်းဉာဏ်သိန်းက ကိုစိုးနိုင် ပြော စကားကို စိတ်ဝင်စားလာ၍တူသည်။ ပါးစပ်ကပင် သံ ယောင်လိုက်ကာ ရေရွတ်လိုက်သေး၏။ ကိုစိုးနိုင်လည်း သူ့စကားအပေါ် လူအများ စိတ်ဝင်စားနေမှန်း သတိပြုမိ သည့်အခါ လည်ချောင်းကို တစ်ချက်မျှရှင်းလိုက်ပြီး မတိုး မကျယ် လေသံဖြင့် ဇာတ်လမ်းကို ဆက်လေသည်။

'ဟုတ်တယ်ကွ။ အိမ်သာထဲမှာ ကြိုးဆွဲချပြီး ကိုယ့် ကိုယ်ကိုယ် သတ်သေသွားတာ။ အဲဒီတုန်းကဆို ကျောင်း အုပ်ကြီးရော ကျောင်းသားတွေပါ အလုပ်ရှုပ်ကုန်ကြတာ ပေါ့။ ဆရာဝန်တွေ၊ ရဲတွေလည်း ခြေချင်းကိုလိမ်ရော။ သူတို့က အသတ်ခံရပြီးမှ ကိုယ့်ကိုယ်ကိုယ် သတ်သေ သလိုမျိုး ပြင်ဆင်ထားတာ ဖြစ်မှာစိုးလို့ လာစစ်ဆေးကြ တာတဲ့လေ။ ဒါပေမဲ့ ငါတို့တွေကတော့ သိတာပေါ့ကွာ။ ငါတို့ကျောင်းသားချင်း ဘာပြဿနာမှ ရှိကြတာ မဟုတ် ဘူးလေ။ အဲဒီကျောင်းသားက စာလည်း ရေးထားခဲ့ တယ်။ သိကြတဲ့အတိုင်းပေါ့။ အချစ်ကြောင့်တဲ့ပေါ့။ သူ ချစ်သူနဲ့ အဆင်မပြေလို့ စိတ်ညစ်ပြီး သတ်သေသွား တာတဲ့ကွာ။ နောက်ပြီး ငွေရေးကြေးရေး ပြဿနာတွေ လည်း ပါတာပေါ့လေ။ အင်း..လူ့ဘဝဆိုတာ ရခဲလှပါ တယ်။ အမှန်ဆိုရင် ဒေါသအလျောက် မဆုံးဖြတ်သင့်ဘူး။ အထူးသဖြင့် တစ်စုံတစ်ယောက်ကိုသတ်ဖို့ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကိစ္စမျိုးကို ဒေါသထွက် နေချိန်မှာ ဆုံးဖြတ်လိုက်တာဟာ ဘယ်တော့မှ ပြန်ပြင် မရတဲ့ မဟာအမှားကြီးကို ကျူးလွန်မိတာမှန်း သေပြီးမှပဲ အဲဒီလူ သိမှာပေါ့။ ဒါကြောင့် ထင်ပါရဲ့ကွာ။ ဟင်း'

ကိုစိုးနိုင်က စကားကို လေးဖင့်ဖင့်ဆိုရင်း ဟင်းခန် သက်ပြင်းရှိုက်ကာ ရုတ်ခြည်းရပ်ပစ်လိုက်သည်။ လူတစ် ယောက် ခလုတ်တိုက် ပစ်လဲသွားသကဲ့သို့ စကားကို ဖြုန်းစားကြီး ရပ်ပစ်လိုက်ခြင်းဖြစ်သည်။ ကျွန်တော်တို့က သူ တစ်စုံတစ်ရာ ထပ်ပြောဦးမလားဟူ၍ ဆန့်တငင်ငင် စောင့်မျှော်နေပေသိ သူကတော့ အပြင်ဘက်သို့ ငေးနေ ၏။ သူ့အကြည့်ထဲမှာ သံလွင်မြစ်က ကညာပျိုတစ်ပါး လို ခံ့ညားလှပနေလေသလား မပြောတတ်ပါ။

'ဒါပဲလား ကိုစိုးနိုင်ရဲ့။ ကျော်ကျော်က သရဲရှိလား လို့ မေးလိုက်တာ အဖြေက မရှိဘူး၊ရှိတယ် ဖြစ်ရမှာပေါ့။ အခုက ဘယ်လိုကြီးတုံး'

www.burmeseclassic.com



မင်းဉာဏ်သိန်းက အားမလိုအားမရ ဝင်ပြောသည်။ ကျွန်တော်ကတော့ စကားရပ်သွားတာကိုပဲ ဝမ်းသာသလိုလို။

ဟုတ်တာပဲလေ။ လူတစ်ယောက် သတ်သေသွားသည်ဆိုသောနေရာမှာ ရပ်ထားလျှင် ကြောက်စရာတွေလျှောက်မတွေးတတ်သူ ကျွန်တော့်အဖို့မှာ ချောက်ချားစရာ မည်မည်ရရ မရှိပါ။ သို့ပေမယ့် ကျော်ကျော်ကမူ သူ့ရှူးသူပတ်ကာ ကျောမလုံသလို ဖြစ်နေရှာသည်။ မေးမိပြီးကာမှ သွေးလန့်နေဟန်တူသည်။ သတ်သေသွားတဲ့ အဲဒီလူက မသေခင် ဒီအခန်းမှာ နေခဲ့ဖူးမှာပဲဟု တွေးကာ ကြောက်လန့်နေသလား မပြောတတ်ပါ။ မင်းဉာဏ်သိန်းကမူ မကြောက်တတ်သူဖြစ်၍ထင်သည်။ ဇာတ်လမ်းအဆုံးသတ်ကိုသာ မေးမြန်းနေ၏။

'ငါ့ကို မေးမနေနဲ့။ ငါနဲ့ အဲဒီကောင်က သူငယ်ချင်းတွေ။ ဒီတော့ ပြန်ပြောတဲ့အခါတိုင်း ငါ စိတ်မကောင်းဘူး။ နောက်ပြီး အဲဒီအကြောင်းကို ဆက်ပြောရမယ်ဆိုရင် ငါ ပိုပြီးစိတ်မကောင်းဖြစ်ရတယ်။ တို့တွေက ဗုဒ္ဓဘာသာဝင်တွေ မဟုတ်လား။ တစ္ဆေ၊ သရဲ၊ ပြိတ္တာဘဝမှာ ရောက်နေတဲ့ မိတ်ဆွေတစ်ယောက်အတွက် ငါ ဝမ်းနည်းမိတာက ဖြစ်သင့်တယ် မဟုတ်ဘူးလား'

ကိုစိုးနိုင်က ဆူဆောင့်ဆောင့် ဆိုသည်။ သူ့စကားကြောင့် ကျွန်တော် မျက်လုံးကလယ်,ကလယ် ဖြစ်သွားသလို ကျော်ကျော်လည်း ပါးစပ်အဝိုင်းသား ဖြစ်သွား၏။ ကိုစိုးနိုင် ဘာကိုဆိုလိုပါလိမ့်။ ဒါဆို သေသူက တစ္ဆေဖြစ်နေတယ်ဆိုတဲ့ သဘောလား။ ပဟေဠိဆန်ဆန် ထိုစကားအပေါ် ကျွန်တော် ဇဝေဇဝါဖြစ်နေခိုက် ဦးကျင်ရှိန်က စကားဆက်၏။

'သူ မပြောလည်း ငါပြောမယ်။ ငါကတော့ ဒီအကြောင်းပြောရတာ တက်ကြွတယ်။ သေသူလည်း သေပြီဆိုတော့ ဝမ်းနည်းနေလည်း ဘာထူးမှာတုံး။ လူဆိုတာ သူ့ကံနဲ့သူ သူပြုတဲ့ကံ သူ့ထံပြန်တဲ့ ကိစ္စလေ။ ဒါပေမဲ့ မြင်ရသူအဖို့မှာတော့ ဝဋ်ဒုက္ခဆိုး တစ်ခုလိုပဲကွ။ မင်းတို့ ကြိုးဆွဲချသေတဲ့ မသာကို အနီးကပ်မြင်ဖူးကြလား'

အရေးထဲ ဦးကျင်ရှိန်က ပဟေဠိဆင့်ဝှက်နေ၍ ကျွန်တော်တို့အားလုံး မမြင်ဖူးကြောင်း ခေါင်းခါပြင်းလိုက်တော့မှ သူက တဟဲဟဲ ရယ်မောရင်း ဇာတ်ကြောင်းကို ဆက်ပြောသည်။

'အေး..ငါကတော့ မြင်ဖူးသွားပြီ။ သိပ်ကြောက်စရာကောင်းတာကွ။ အဲဒီကောင်ရဲ့ အလောင်းကိုတွေ့တုန်းက ငါလည်း ပါတယ်လေ။ အမယ်လေးလေး..သွေးပျက်လိုက်တာကွာ။ လည်ပင်းကြီးက နဂိုကမှ ရှည်ရတဲ့အထဲ ကြိုးနဲ့ ဆွဲချမှတော့ သစ်ကုလားအုပ်ကြီးလို ဖြစ်နေတာပေါ့။ နောက်ပြီး လျှာကလည်း အပြင်ကို တွဲလဲကြီးကျလို့ မကြည့်ရဲစရာကြီးပါကွာ။ ဒါတင်ဘယ်ကဦးမလဲ။ မျက်လုံးကြီးကလည်း ပြူးအစ်စူထွက်နေရော။ ငါတွေးမိတာတော့ သတ်သေရင်တောင် အိပ်ဆေးသောက် သေတာ[illegible]တော်ဦးမယ်ဟော့။ ခု ကြိုးဆွဲချ သေတာကြီးက သေခါ[illegible]လည်း ခံရခက်မှာပဲ။ အလောင်းကို တွေ့တဲ့သူအတွက်လည်း မြင်ရခက်တာပဲကွ'

'ကဲ..ဟုတ်ပါပြီ ဦးကျင်ရယ်။ သရဲရှိ,မရှိဘဲ [illegible]လိုက်ပါတော့။ ခင်ဗျား ဇာချဲ့နေတာနဲ့ မျက်လုံးထဲ [illegible]ယောင်ကုန်ပြီ'

ကျော်ကျော်က လျှာရှည်မိသည့်အတွက် စိတ်[illegible]ဟန်ဖြင့် ဦးကျင်ရှိန်ကို ဝင်တောင်းပန်လိုက်သည်။ [illegible]အခါမှ ဦးကျင်ရှိန်က သူ့ဝသီအတိုင်း ဘာကိုမျှ နား[illegible]ခြင်းမရှိ။

အရိပ်အကဲလည်းမသိဘဲ တဟဲဟဲရယ်မော[illegible]

'အေးပါကွာ၊ ငါက မင်းတို့ မြင်သာထင်သာ[illegible]ကိုယ်တွေ့ကြုံဖူးတဲ့အကြောင်းလေး ပြန်ပြောင်းပြော[illegible]ပါ။ အတိုချုံးရရင်တော့ ဒီကျောင်းရဲ့ အိမ်သာထဲမှာ [illegible]သရဲရှိတယ်။ ဒါပဲ၊ ကဲ'

အဆုံးသတ်မည့် သတ်တော့လည်း ဦးကျ[illegible]စကားက တိုတိုပြတ်ပြတ်။ အိမ်သာထဲမှာ သ[illegible]ဒါပဲတဲ့။ ဆယ်ခွန်းမျှသော ထိုစကားက ကျွန်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကြက်သီးတဖြန်းဖြန်း ထသွားစေပြီ။ တစ္ဆေသရဲအခြောက် ခံရလို့သာဖြင့် သချိုင်းမြေပင်မသွားသည့် ကျွန်တော် ယခု တော့ ကျောင်းဝင်းထဲမှာ လာဆုံရတော့မည်လား။ အို‥ အိမ်သာ ငါ သွားမတက်ရင် ပြီးတာပဲဥစ္စာဟု စိတ် ပြတ်ပြတ်တွေးကာ ထိုကိစ္စကို မေ့ပစ်လိုက်သည်။ ကိုစိုး နိုင်ကတော့ သေလွန်သူ အတန်းဖော်အတွက် စိတ် မကောင်း ဖြစ်နေဟန်တူ၏။ တခါးအပြင်ဘက်သို့ငေးရင်း အတွေးနယ်လွန်နေဆဲ။

အပေါ်ထပ်သည် ကျောင်းသားများ နေထိုင်ရာ အဆောင်ဖြစ်ပြီး အောက်ထပ်ကမူ စာသင်ဆောင်ဖြစ် ကြောင်း ကျွန်တော် ပြောခဲ့ပြီးပြီ။ အိမ်သာထဲ၌ ကျောင်း သားတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေဖူးကြောင်း၊ ထိုကျောင်းသား၏ ဝိညာဉ်သည် မကျွတ်လွတ်သေး ကြောင်း၊ တစ်ခါတစ်ရံ လူပြတ်သည့်အချိန်၌ သွေးပျက် အောင် ခြောက်လှန့်တတ်ကြောင်း ကြားသိထားပြီးက တည်းက ကျွန်တော်လည်း ထိုအိမ်သာသို့ တစ်ယောက် တည်း မသွားတော့သလို အကယ်၍ တစ်ယောက်တည်း သွားဖို့လိုလျှင်လည်း အပေါ်ထပ်အစွန်ဆုံးက လူသေဖူး သော အိမ်သာသို့ မသွားဘဲ အခြားအိမ်သာများသို့သာ သွားဖြစ်ခဲ့သည်။ ထိုသို့ အထူးတလည် သတိထား၍ ရှောင်နေပါသော်လည်း သတိလစ်သွားသည့် အခိုက် အတန့်တစ်ခုမှာတော့ ‥။

ထိုနေ့ကို ကျွန်တော် ကောင်းကောင်းမှတ်မိနေဆဲ။ ထိုနေ့က ကျောင်းတက်၍ သုံးလပြည့်မြောက်ခါနီးနေ့ တစ်နေ့ဖြစ်၏။ ကိုစိုးနိုင်၊ ကျော်ကျော်၊ မင်းဉာဏ်သိန်း နှင့် ဦးကျင်ရှိန်တို့အား အစ်ကိုတွေတမျှ ခင်မင်ရင်းနှီးနေ ပြီဖြစ်သည့်အချိန်။ နေ့အတူ ညအတူ တွေ့မြင်နေရသူတွေ ဆိုတော့ ကြာလာသည့်အခါ ညီအစ်ကိုလို ဖြစ်သွားကြ သည်မှာ မဆန်းပါ။ သူတို့ကလည်း အသက်ငယ်ငယ် ကောင်လေးအရွယ် ကျွန်တော့်ကို လိုအပ်တာရှိလျှင်လည်း ညီငယ်လေးကို လမ်းပြပေးတတ်သလို ကျွေးစရာမွေးစရာ ရှိလျှင်လည်း ဘယ်တော့မှ မချန်ရစ်ခဲ့။ အကူအညီပေးရန် လည်း မတုံ့နှေးတတ်။ အကယ်၍ ထိုနေ့က သူတို့သာ ရှိနေရလျှင် မသွားရန် တားမြစ်မည်သာ။

'ဟိတ်ကောင် ခင်မောင်၊ ဘယ်သွားတာတုံး'ဟု အော်မေးမြန်းပြီး မသွားရန် တားမည်သာ။ သို့သော် သူတို့အတွက် အခွင့်မသာခဲ့။ ကျွန်တော်ကလည်း လျှင် လိုက်တာမှ လှစ်ခနဲပဲကိုး။

ထိုနေ့က မဖြစ်စဖူး ကျွန်တော် ဗိုက်အကြီးအကျယ် ရစ်လာသည်။ ညက အစားများသွား၍လား၊ အစားမှား သွား၍လား မပြောတတ်ပေ။ ဗိုက်ထဲက ထူးထူးကဲကဲ နာလာသဖြင့် စာသင်ချိန်ကြီးမှာပဲ ဆရာနှင့် ကျောင်းသား များအား အားမနာနိုင်တော့။ အိမ်သာသို့ အတင်းထပြေး သွားရတော့သည်။ ကျွန်တော်သွားနေသည်က စာသင်ခန်း နှင့် အနီးဆုံးနေရာ။ အပေါ်ထပ်အစွန်ဆုံးက ခြောက်ခန်း တွဲ အိမ်သာဆီသို့။

ကော်ရစ်တာ တစ်လျှောက်လုံး လူသူကင်းရှင်းနေ သည်။ အတန်းချိန်ဖြစ်၍ မည်သူမျှ လမ်းမှာမရှိပါ။ ဆရာ အတတ်သင်ကျောင်းသား စုစုပေါင်း(၃၀၀)ခန့်ရှိသော် လည်း ယခုချိန်မှာတော့ လမ်းပေါ်မှာ ပြေးလွှားလေပန်း နေသူဟူ၍ မတွေ့ရ။ အားလုံးက စည်းစနစ်တကျဖြင့် စာသင်နေကြရသည်။ ကျွန်တော်သာ ဗိုက်နာလွန်းသဖြင့် ဘာကိုမျှ စဉ်းစားမနေနိုင်တော့ဘဲ အိမ်သာသို့ ထပြေး ထွက်လာရခြင်းပဲ မဟုတ်လား။

အိမ်သာသို့ရောက်တော့ ဘာဘာညာညာ ကျွန်တော် မတွေးအားပါ။ ဗိုက်က အလွန်အမင်းနာနေပါပြီ။ ရုတ် တရက် တစ်စုံတစ်ခုကို သတိရသွားသည်။ သေစမ်းဟု နှုတ်က ခပ်ကျယ်ကျယ် ရေရွတ်လိုက်မိသည်အထိ။ ကျွန် တော် သတိရမိသည်မှာ မနေ့ညတုန်းက အပျင်းပြေသွား စားမိသည့် သရက်သီးမဆလာ။ သရက်သီးစိမ်းကို ပါး ပါးလှီးပြီး ဆား၊ ငရုတ်သီးမှုန့်၊ ငံပြာရည်တို့နှင့် တို့စား သော အိပ်ချင်ပြေစာကို ကျွန်တော် အားရပါးရ ယူစားမိ ခဲ့သည်။ သို့ကြောင့်ပင် ယခု ဗိုက်နာနေခြင်းဖြစ်မည်။ အခန့်မသင့်ပါက အထက်လန် အောက်လျှော ဖြစ်နိုင် သည့် အနေအထားပါ။ ထိုအစာနှင့် ကျွန်တော်က တည့် တာမဟုတ်။

'ဟာ‥ဒုက္ခပါပဲ၊ ဘယ်လိုဖြစ်ရတာလဲကွာ။ ကံဆိုး လှချည်လား'

သရက်သီးစားမိ၍ ဝမ်းပျက်ပြီဟုတွေးကာ စိတ်ညစ် ရသည့်အထဲ အိမ်သာထဲရောက်တော့ တံခါးအားလုံး ပိတ် နေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော် တော်တော် စိတ်ညစ်သွားသည်။ ခြောက်ခန်းတွဲ အိမ်သာအားလုံး တံ

www.burmeseclassic.com

www.burmeseclassic.com

ခါးအသီးသီး ပိတ်လို့။ ကျွန်တော်လည်း ဣန္ဒြေမဆည် နိုင်တော့ဘဲ လွတ်လိုလွတ်ငြား တံခါးတွေကို လိုက်ဖွင့် ကြည့်သည်။ သို့သော် တံခါးတွေအားလုံး အထဲက ပိတ် ထား၏။ အိမ်သာတိုင်း လူရှိနေသည့်သဘော။

ဗိုက်က လက်ကုန်ရစ်နာနေပြီ။ ဆက်ထိန်းရန်မလွယ် ကူတော့။ အိမ်သာက တွန်းဖွင့်ကြည့်ရန် နှစ်လုံးသာ ကျန်တော့သည်။ တကယ်လို့ အဲဒီနှစ်လုံးမှာသာ လူရှိနေ ရင်။

အတွေးမှုဖြင့် ဇောချွေးပြန်ကာ ငါးလုံးမြောက် အိမ် သာကို တွန်းဖွင့်လိုက်စဉ်-

'ကျွိ'

ထိုမြည်သံနှင့်အတူ ခြောက်လုံးမြောက် အိမ်သာတံ ခါး ပွင့်သွားသံကို ကြားလိုက်ရပြီး တစ်ဆက်တည်းမှာပဲ 'ဟော့လူ၊ ဒီအိမ်သာ လွတ်တယ်'ဟူသော စကားသံကို ပါ ကြားလိုက်ရသဖြင့် ငါးလုံးမြောက်ကို ဖွင့်မရ၍ စိတ် ညစ်နေရာမှ ခြောက်လုံးမြောက်ဆီသို့ ပြေးသွားမိတော့ ၏။ အကယ်၍ ဤအိမ်သာသာ မလွတ်ပါလျှင် ကျွန်တော် ပုဆိုးမနိုင် ဘာမနိုင် ဖြစ်မည့်ကိန်းပါ။ ခြောက်လုံးမြောက် အိမ်သာ လွတ်သွား၍သာ တော်တော့သည်။ ထွက်လာသူ ကို ကျေးဇူးတင်ရပေမည်။ သို့သော် မည်သူမည်ဝါမှန်း ကျွန်တော် မသိလိုက်ပေ။ ကိုယ့်ဇောနှင့်ကိုယ် ဖြစ်နေချိန် ပဲလေ။

ထိုနေ့က ကံဆိုးမှုလွန်ပြီးနောက် ကံကောင်းခဲ့ပါ သည်။ ဗိုက်က သဘာဝကျကျ နာခြင်းမျှသာဖြစ်၍ ဆေး ခန်းသို့ မပြေးခဲ့ရပါ။ စာသင်ချိန် ထပြေးသွားရသဖြင့် သင်ခန်းစာအနည်းငယ် လွတ်သည်မှလွဲ၍ ဒုက္ခကြီးကြီး ကျယ်ကျယ် တွေ့ခဲ့ရခြင်းလည်းမရှိ။ နေ့လယ်ခင်း ထမင်း စားချိန်ရောက်တော့ သူငယ်ချင်းဆီက စာကူးယူနေစဉ် ကိုစိုးနိုင်နှင့် ဦးကျင်ရှိန်တို့လည်း ရောက်လာကြသည်။ သူတို့နှင့် တွဲနေသော အခြားအခန်းမှ သူငယ်ချင်းတစ်စု လည်း ပါလာကြ၏။ (သူတို့က အလယ်တန်းပြစာများ သင်ကြားနေရခြင်းဖြစ်၍ ကျွန်တော်တို့ သုံးယောက်နှင့် အခန်းချင်း မတူပါ။)

'ခင်မောင်ရေ..မနက်က ကော်ရစ်တာမှာ ပြေးပြေး လွှားလွှားနဲ့ ဘာလုပ်နေတာလဲ။ စာသင်ချိန်ကြီးမှာ'

ကိုစိုးနိုင်က ကျောင်းဆရာပါးဝစ္စာဖြင့် မျက်စိက လည်း လျှင်ပါဘိ။ သူတို့အခန်းဆောင်က ရိပ်ခနဲ ဖြတ် ပြေးသွားသော ကျွန်တော့်ကို မြင်ဖြစ်အောင် မြင်လိုက် သေးသည်။

ကျွန်တော်က အဖြစ်မှန် ပြောပြရမည်ကို ရှက်၍ မိသော်လည်း မပြောလျှင် ပိုအဆူခံရမည်စိုးသဖြင့်-

'ဗိုက်နာလို့ အိမ်သာပြေးတာပါဗျာ'

ရှက်စနိုး ဖြေလိုက်သည်။

အဆူမခံရအောင် အရှက်ကွဲခံလိုက်ကာမှ ဦးကျင် ရှိန်က-

'ဟ..ဒီကောင်၊ မနက်စောစောကတော့ မသွားဘူး၊ ဆရာတွေကို အားနာစရာကြီး'ဟု ဆူသည်။

ကျွန်တော်လည်း ပြုံးဖြီးဖြီးမျက်နှာဖြင့် စာဆက်ကူး နေလိုက်သည်။ ကိုစိုးနိုင်တို့အုပ်စုလည်း နေ့လယ်စာ စား ရင်း ရောက်တတ်ရာရာ ပြောနေကြသည်။ တစ်ချက် တစ်ချက်လည်း ကျွန်တော့်ကို 'ခင်မောင်နော်၊ တခြားလူ တွေကို အကျင့်မဖျက်နဲ့။ စာသင်ချိန်မှာ အတတ်နိုင်ဆုံး အပြင်မထွက်နဲ့။ ဟုတ်ပြီလား'ဟု ကရုဏာဒေါသော ပြောနေပါသည်။

ထိုခဏမှာ ကျွန်တော့်စိတ်ထဲ ရင်ဖွင့်လိုသည့်ကိစ္စ ကို ပြောပြရန် စိတ်ကူးပေါ်လာသည်။ ဟုတ်သည်ပဲလေ ခြောက်ခန်းတွဲ အိမ်သာအားလုံး လူပြည့်နေသည့်ကိစ္စကို ကျွန်တော် ပြောပြလိုက်ချင်သည်။ စာသင်ချိန်မှာ ကျွန် တော်တစ်ယောက်တည်း အပြင်သွားတာ မဟုတ်ဘူး သောအချက်ကို ဆူပူတတ်သော ကိုစိုးနိုင်တို့၊ ဦးကျင်ရှိန် တို့သိအောင် ပြောပြချင်မိ၍-

'ဒါနဲ့လေ အစ်ကိုတို့ရေ၊ အိမ်သာကို စာသင်ချိန်ကြီး ပြေးတာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး။ အပေါ်ထပ်အစွန်က ခြောက်ခန်းတွဲ အိမ်သာအားလုံး လူ ပြည့်နေရောပဲ။ ကျွန်တော့်မှာ ကံကောင်းလို့ ထွက်ရ တယ်။ ခြောက်လုံးမြောက် အိမ်သာကလူ ထွက်လာပေး သာပေါ့'ဟု အပြစ်လွတ်အောင် ပြောမိသည်။

စာကူးရင်း ရုတ်တရက် ခေါင်းမော့ပြီး ရယ်ကျဲကျဲ ပြောလိုက်သော ကျွန်တော့်စကားအဆုံးသတ်၌ ကိုစိုးနိုင် အပါအဝင် အတန်းကြီးကျောင်းသားတစ်သိုက် မျက်နှာ အပိုင်းသား ဖြစ်သွားကြသည်။ ကျောင်းသားနှင့်ယောင် ဆိုလျှင် ကျွန်တော့်မျက်နှာကိုကြည့်လိုက်၊ သူတို့အချင်း



www.burmeseclassic.com

www.burmeseclassic.com

ချင်း လှည့်ကြည့်လိုက်ဖြစ်ကာ ထိတ်လန့်အံ့သြသော အမူအရာကို အထင်အရှား ပြသလျက်ရှိသည်။ ငါ ဘာများ မှားမှားသွားလို့ပါလိမ့်။ သေချာပါတယ်။ အိမ်သာတံခါးတွေကို တွန်းဖွင့်ကြည့်ခဲ့တာပဲ။ တံခါးတွေအားလုံး အတွင်းက ပိတ်ထားတာပါ။

ထိုသို့ ကိုယ့်ကိုယ်ကိုယ် ထောက်ခံနေမိစဉ် ဦးကျင်ရှိန်က 'ခင်မောင်..မင်း တစ်ခုခုလွဲနေပြီနော်' ဟု ပြောသည်။

ကျွန်တော့်စိတ်ထဲ တင်းခနဲပဲ။ ဟုတ်တာပဲကိုး။ မသိလျှင် ကျွန်တော်ကပဲ လိမ်နေညာနေသလိုမျိုး။

'ဒီမှာ ဦးကျင်ရှိန်၊ ကျွန်တော့်တို့သိတာ သုံးလပြည့်တော့မယ်။ ခင်ဗျားတို့ မြင်မှာပါ။ ကျွန်တော်က လူဖြောင့်စိတ်တို့ဆိုတာ ကျွန်တော် မလိမ်တတ်ဘူးဗျ'

ထိုသို့ ဂျစ်တစ်တစ် အော်လိုက်တော့မှ ဦးကျင်ရှိန်ငြိမ်သွားသည်။ ကျွန်တော့်ကိုသာ မျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်နေသည်။

ကိုစိုးနိုင်ကတော့ ခေါင်းတညိတ်ညိတ်အမူအရာဖြင့် တစ်စုံတစ်ခုကို တွေးဆနေရာမှ-

'မင်းသွားခဲ့တာ အပေါ်ထပ်အစွန်ဆုံး ခြောက်ခန်းတွဲ အိမ်သာနော်။ ဟုတ်လား'

'အင်းလေ၊ ဟုတ်ပါတယ်ဆို။ ကိုစိုးနိုင်ကလည်း'

'ခြောက်ခန်းလုံး လူတွေ ပြည့်နေတယ်ပေါ့၊ ဟုတ်လား'

'အင်း..ဟုတ်တယ်'

'တံခါးတွေက ပိတ်နေတာလား။ စေ့ထားရုံလား'

'ပိတ်ထားတာဗျ။ သေချာတယ်။ ကျွန်တော်လည်း ဗိုက်နာလွန်းလို့ အားမနာနိုင်ဘဲ လိုက်တွန်းဖွင့်ကြည့်ခဲ့တာ။ တစ်လုံးမှ ဖွင့်မရဖြစ်နေတုန်း ခြောက်ခန်းမြောက်အိမ်သာက ပွင့်လာပြီး ဟော့လူ၊ ဒီအိမ်သာ လွတ်တယ်လို့ ပြောသွားတာ'

'ဘာရယ်..ခြောက်ခန်းမြောက် အိမ်သာက လူတစ်ယောက် ထွက်လာတယ်ပေါ့။ ဒီသဘောလား ခင်မောင်'

ကိုစိုးနိုင်က အမှုစစ်စစ်သလို တစ်လုံးချင်း လိုက်ထောက်မေးနေ၍ ကျွန်တော်ပင် မနေတတ် မထိုင်တတ်သလို ဖြစ်လာသည်။ စိတ်ထဲမှာ ယားကျိကျိဖြစ်လာကာ ခေါင်းနပန်းကြီးသလိုလို၊ ကြက်သီးတဖြန်းဖြန်း ထချင်သလိုလို။ ခြောက်ခန်းမြောက်အိမ်သာက လူတစ်ယောက် ထွက်လာတာ ဆန်းတာကျလို့။ ဘာဖြစ်လို့များ ဒီလောက် ဝိုင်းမေးနေရတာပါလိမ့်။

'ဟုတ်တယ်ဗျို့။ လူတစ်ယောက် ထွက်လာရုံတင်မကဘူး၊ စကားပါ ပြောသွားသေးတာ။ ကျွန်တော်လည်း အရေးကြီးနေချိန်ဆိုတော့ ဘာမှတောင် ပြန်မပြောလိုက်နိုင်ဘူး။ တစ်ခါတည်း ခြောက်ခန်းမြောက် အိမ်သာထဲ ပြေးဝင်သွားတော့တာပဲ'

'ဘာရယ်၊ ခြောက်ခန်းမြောက်အိမ်သာထဲ ပြေးဝင်သွားတယ်။ ဟုတ်လား'

ဦးကျင်ရှိန်၏ နံဘေးမှ တစ်ယောက်က ထအော်သည်။


ကျွန်တော်က ဟုတ်ကြောင်း ဖြေမည်ကြံရုံရှိသေး ကိုစိုးနိုင်က-

'နေဦး..နေဦး၊ မင်းတွေ့လိုက်တဲ့ လူရဲ့ပုံစံက ဘယ်လိုလဲ' ဟု ကတုန်ကယင် မေးသည်။

သူက အသံသာမက ခန္ဓာကိုယ်ပါ အနည်းငယ် တုန်ယင်နေသည်။ ကိုစိုးနိုင်၏ အမူအရာကြောင့် ကျွန်တော်ပင် ရင်တုန်သည်ထက် ရင်တုန်လာမိပြီ။ ကျွန်တော် တွေ့ကြုံခဲ့တာ ဘာတွေများ ဖြစ်နေလို့ပါလိမ့်။

'ကျွန်တော် သေချာတော့ မော့မကြည့်လိုက်မိဘူး။ ဒါပေမဲ့ ဖျတ်ခနဲ တွေ့လိုက်ရတာတော့ အင်္ကျီအညိုကွက်နဲ့ အသားလတ်လတ်ပဲ။ မျက်နှာကို မော့မကြည့်မိတော့ ဘယ်လိုပုံစံမျိုးရှိသလဲ မသိလိုက်ရဘူး။ လက်ပျဉ်ခပ်ကုန်းကုန်းလို့ ပြောရမယ်ထင်တယ်'

ကျွန်တော်က ပြန်တွေးရင်း ဆိုလိုက်တော့ သူတို့အားလုံးထံမှ ဟင်ခနဲ၊ ဟာခနဲ အာမေဍိတ်သံများကို တစ်ပြိုင်နက်ဆိုသလို ကြားလိုက်ရသည်။ နံဘေးမှ ကျော်ကျော်နှင့်



www.burmeseclassic.com

မင်းဉာဏ်သိန်းတို့ပါ ရောယောင်ကာ လန့်ဖျပ်ကုန်ကြသည်။ ဘာတွေဖြစ်နေကြသလဲဆိုတာကို ကျွန်တော် နားမလည်နိုင်တော့ပြီ။

'အစ်ကိုတို့ ဘာတွေဖြစ်နေကြတာလဲဗျာ။ ကျွန်တော်နားလည်အောင် ရှင်းပြကြပါဦး'

'တကယ်တော့ မနက်တုန်းက အပြင်ထွက်တဲ့ကျောင်းသားတစ်ယောက်မှ မရှိခဲ့ဘူး ခင်မောင်'

ဦးကျင်ရှိန်က မဝံ့တဝံ့ပြောသည်။ ကျွန်တော် လက်ခံမည် မဟုတ်ကြောင်း ကြိုသိနေပုံရသည်။

'ဟာဗျာ၊ လုပ်ပြန်ပြီ။ အပြင်ထွက်တဲ့လူမရှိဘဲ အိမ်သာတံခါးတွေက သူ့အလိုလို ပိတ်နေပါ့မလားဗျ။ ဦးကျင်ရှိန်တို့အခန်းက မထွက်ရင်တောင် ကျန်တဲ့အခန်း(၃)ခန်းက ထွက်တဲ့လူ ရှိချင်ရှိမှာပေါ့'

'မဟုတ်ဘူး ခင်မောင်ရ။ ကိုယ်သိသလောက်တော့ စာသင်ချိန် အပြင်ထွက်တဲ့ကျောင်းသား အင်မတန်ရှားလို့လည်း အခု ကိုယ်တို့ မင်းကို ဆူနေတာပဲပေါ့။ နောက်ပြီး တကယ်လို့ အိမ်သာသွားကြဦးတော့။ စာသင်ချိန်မှာ အဖွဲ့လိုက် သွားခွင့်မရှိတဲ့အတွက် အဲဒီအိမ်သာကို သွားကြမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအိမ်သာက ဟိုကျောင်းသား သတ်သေသွားတဲ့အိမ်သာ ဖြစ်နေလို့ပဲ'

ထိုသို့ ကိုစိုးနိုင် ပြောလိုက်တော့မှ ကျွန်တော့်စိတ်ထဲ ဖြန်းခနဲ သတိရသွားသည်။ ဟုတ်သားပဲ။ သရဲခြောက်တဲ့ အိမ်သာ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ဖို့ ကျွန်တော် တေးထားတဲ့ အိမ်သာလေ။ ထိုအခါမှပဲ ကိုစိုးနိုင်နှင့် ဦးကျင်ရှိန်တို့ ပြောဖူးသော ဟရခီရိ(သတ်သေတဲ့)ဓာတ်လမ်းကို သတိရသွားကာ ကျွန်တော် ကြက်သီးဖုကြီးများ တဖြန်းဖြန်းထသွားရပြီ။

ထိုအခိုက် နံဘေးက နှစ်ယောက်ကလည်း ကျွန်တော့်ကို ဝိုင်းထုထောင်းကြသည်။ သဘောကတော့ သရဲခြောက်သည်ဟူသော အိမ်သာကိုမှ တစ်ယောက်တည်း သွားရသလားဟူသောအဓိပ္ပာယ်။

'ဟာဗျာ၊ ဒီကိစ္စကို ကျွန်တော် လုံးလုံးမေ့သွားတယ်။ တော်ပါသေးရဲ့။ အိမ်သာထဲရောက်မှ သတိရမိရင် တော်တော်ချောက်ချားသွားမှာပဲ။ ဟီး..မေ့နေလို့ တော်သေးရဲ့'

'တော်သေးရဲ့ လုပ်မနေနဲ့လေ ခင်မောင်။ ဟိုက မင်းကို အကောင်အထည်လိုက်- ခြောက်မလွှတ်လိုက်

ဘဲ ကံကောင်း'

'အေးနော်၊ မင်းပြောတာ ဟုတ်တယ် ကျော်ကျော်

ဘာမှမတွေ့ခဲ့တာ တော်သေးတာပေါ့ကွာ'

ကြောက်တတ်သူ ကျော်ကျော်က ကျွန်တော့်နေရာ

ဝင်ခံစားပေးရင်း သွေးပျက်နေရှာသည်။ ကျွန်တော်လည်း

သူ့စကားကြားမှ သွေးပျက်သွားမိသည်။ ဟုတ်တာပဲ

အိမ်သာထဲမှာ ဖြူးဖြူးဖြဲဖြဲ ခြောက်လှန့်လိုက်လျှင် ခေ

လား။

ကျွန်တော်နှင့် ကျော်ကျော် အတိုင်အဖောက်ညီ

ပြောဆိုနေစဉ်အထိ ကိုစိုးနိုင်တို့လူစု၏မျက်နှာက မှုန်

တေ တည်ရှိနေဆဲ။ သူတို့ ဘာဖြစ်နေပါလိမ့်။ မျက်

တွေက ပြောရခက် မပြောရခက် အမူအရာတွေနှင့်။

တော်လည်း မအောင့်အည်းနိုင်တော့သဖြင့် ထုတ်မေးလို

တော့သည်။

'ကိုစိုးနိုင်တို့ ဘာဖြစ်နေကြတာလဲ။ မျက်နှာ

လည်း မကောင်းကြဘူး'

'ဘာဖြစ်ရမှာတုံး။ မင်းကို အံ့ဩလို့။ မင်းက

ခြောက်မရတဲ့ကောင်ပဲ ဖြစ်ရမယ်'

ဦးကျင်ရှိန်က တုတ်ထိုးအိုးပေါက် ဝင်ပြောသ

သို့စကားက မသိလျှင် ကျွန်တော် သရဲခြောက်မခံရသ

အတွက်ပဲ စိတ်တိုနေသည့် လေသံမျိုး။ သို့သော်

အကြောင်းကို သိနေသော ကျွန်တော်က သူ့စကား၏

ရင်းသည် ထိုအဓိပ္ပာယ်မဟုတ်မှန်း ခန့်မှန်းမိသဖြင့်-

'ဦးကျင်ရှိန်ရယ်..ဘာကိုပြောချင်တာလဲဗျာ။

ရှင်းပြောပြပါဗျ'ဟု တောင်းပန်ယူတော့မှ ဦးကျင်ရှိ

မျက်နှာ မချိပြုံး,ပြုံးသွားသည်။

'ကဲ..ပြောမယ် ငါ့ကောင်ရေ၊ မင်းနေရာမှာ တ

လူသာဆိုရင် သေချာပေါက် သွေးပျက်သွားမှာပဲ။ အင်

မင်းကတော့ တကယ့်အံ့ဖွယ်လူသားပဲဟေ့။ အဲဒီအိမ်

မှာ တစ္ဆေခြောက်တယ်ဆိုတာကို သိထားလျက်သာ

မေ့နေသတဲ့။ နောက်ပြီး သရဲက အကောင်အထည်

ခြောက်လွှတ်လိုက်လျက်သားနဲ့ လုံးလုံးမသိဘူးဆို

အင်း..သေချာတယ်။ မင်းက တစ္ဆေခြောက်မရ

'ဗျာ'

ဦးကျင်ရှိန်၏စကားကြောင့် ကျွန်တော် မျက်စိ



www.burmeseclassic.com

www.burmeseclassic.com

သွားရပြီ။ တစ်ဆက်တည်းမှာပဲ အိမ်သာထဲ၌ ရိပ်ခနဲမြင်လိုက်ရသော အင်္ကျီအကွက်နှင့်လူကို ပြန်မြင်ယောင်လိုက်မိသည်။

'ဒါ..ဒါဆို ဟို..အင်္ကျီအကွက်နဲ့ လူက'

'အေး..ဟုတ်တယ်ဟေ့။ ဒါတင်မကသေးဘူး၊ အဲဒီခြောက်လုံးမြောက် အိမ်သာက ဟိုကျောင်းသား ကြိုးဆွဲချ သေခဲ့တဲ့ အိမ်သာပေါ့။ ခြောက်လွန်းလို့ ဝင်မရအောင် သော့ခတ်ထားရတဲ့ အိမ်သာလည်း ဟုတ်တယ်လေ'

'ခင်ဗျာ'

ကိုစိုးနိုင်၏ စကားအဆုံးမှာတော့ ကျွန်တော့်မှာ ပြောစရာစကား တစ်လုံးတလေမျှပင် ရှာမရတော့ပါ။

ထိုအဖြစ်အပျက်နှင့် တွေ့ကြုံခဲ့ရပြီးနောက် ခြောက်ခန်းတွဲ အိမ်သာသည် ပို၍သတင်းကြီးသွားသလို ကျွန်တော်သည်လည်း အလိုလိုနေရင်း ဟီးရိုးကြီးဖြစ်ခဲ့ရပြန်ပြီ။ တစ္ဆေခြောက်သော်လည်း မကြောက်ဘဲ သွားလည်ရဲခဲ့သူတဲ့။ ဘယ်စာရေးဆရာများ ဘွဲ့ထူးခေါင်းစီး မှည့်ခေါ်ပေးခဲ့သလဲမသိ။ ကျွန်တော်ကမူ သူတို့ ထင်သကဲ့သို့ သတ္တိကောင်းလွန်းသဖြင့် မိုက်သွေးကြွယ်ကာ သွားလည်ခဲ့ခြင်း မဟုတ်ပါ။ တစ္ဆေခြောက်ကြောင်း လုံးလုံးမေ့နေသဖြင့် ကိုယ့်ဖာသာကိုယ် ရောက်သွားခြင်းသာ။ နောက်ပြီး တစ္ဆေသရဲက အကောင်အထည်ပြ ခြောက်လှန့်ခဲ့သော်ငြား လုံးဝမရိပ်မိဘဲ ဖွင့်ပေးသည့် အိမ်သာထဲဝင်၍ ကိုယ့်အလုပ် ကိုယ်လုပ်ခဲ့ရုံမျှ။

ဤသို့ဖြင့် ကျိုးစယ်မိသူ တစ္ဆေပင် စိတ်အပျက်ကြီးပျက်လောက်သည်အထိ တစ္ဆေခြောက်ခြင်းကို မသိခဲ့သည့် ကျွန်တော်တစ်ယောက် ပေါင်မြို့နယ် TTC မှာ သုံးလကျော်ကျော် ပညာသင်ယူနေစဉ် သက်တမ်းတစ်လျှောက်လုံး ထိုအိမ်သာသို့ နောက်တစ်ခေါက် သွားရောက်ရန်စိတ်ကူးမရှိခဲ့ပေ။

မည်သို့ဖြစ်စေ ထိုအဖြစ်အပျက်သည် ကျွန်တော့်မှတ်တမ်းထဲ၌ အံ့သြဖွယ်ဖြစ်ရပ်တစ်ခု အဖြစ်နှင့် ရှင်သန်တည်ရှိနေဆဲပင် ဖြစ်ပါတော့သည်။

**စေတနာရှေ့ထားလျက်**

**ဂါဦးနွန်းကို**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရွေးမှုမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းဖြင့် ဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဘဝတွင် မေ့ပျောက်မရနိုင်သော အရုပ်ဒေသများထဲတွင် ဂုတ်ထိပ်တံတားကြီးလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ပေပေါင်း(၂၂၆၀)ရှည်လျားပြီး ပေ(၃၀၀)ကျော် မြင့်မားနေသော တံတားကြီးပေါ်တွင် လမ်းလျှောက်ရသော အရသာမှာ တစ်မူထူးပါ၏။ တံတားတိုင်ပေါင်း (၁၆)တိုင်တိတိရှိပြီး (၁၂)တိုင်သည် အမြင့်ဆုံးတိုင်ဖြစ်ကာ ကမ်းပါးနှစ်ဖက်ကြားမှ တိုက်ခတ်လာသောလေအဟုန်သည် တံတားအခြေမှပင့်၍ တဝှီးဝှီးတိုက်ခတ်နေလေရာ ပစ်ချလိုက်သော လက်ကိုင်ပဝါကလေးသည်လေနှင့်အတူ မြောက်တက်ပါသွားပြီးနောက် တံတားကိုကျော်ကာ အရှေ့ဘက်ဆီသို့ လွင့်ပါသွားသည်ကို လိုက်ပါကြည့်ရင်း မိမိစိတ်အစဉ်ကိုလည်း လက်ကိုင်ပဝါနှင့်အတူ စီးမျောခံစားခဲ့ရဖူး၏။

စိမ်းစိုလန်းဆတ်နေသော

တောကြီး၊ နက်ရှိုင်းလှသော



## ကံ့ကြမ္မာရယ်ညှင်း
## ဂုတ်တွင်းက တေးသံသာ



www.burmeseclassic.com

www.burmeseclassic.com

ချောက်ကမ်းပါး၊ မြောက်ဘက်တံတားထိပ်ရှိ မြင့်မားမတ်စောက်သော ကျောက်နံရံကမ်းပါးကြီး၊ တံတား၏ မြောက်ဘက်အခြမ်း၊ လိုဏ်ဂူနှစ်ခု၏ အပေါ်ကျောက်သားနံရံ၌ တွယ်ကပ်နေသော ပျားအုံကြီးများ၊ ရထားလာချိန်တွင်သာ လူသံသူသံ၊ ကိရိယာသံ ကြားရ၊ မြင်ရသော်လည်း အခြားအချိန်များ၌မူ တိတ်ဆိတ်ငြိမ်သက်ခြင်းကသာဝစဥ်မင်းမူနေလေ့ရှိသော ဂုတ်ထိပ်တံတားကြီးနှင့် ဂုတ်ထိပ်ရွာကလေး၊ ဂုတ်တွင်း လျှိုဝန်းကျင်သည် ပုစဥ်းရင်ကွဲသံ ကျေးသံငှက်သံများနှင့်သာ တိုးတိတ်စွာ ဆူညံနေလေ့ရှိ၏။

အဲ့ကာလညအခါ ရောက်ပြီဆိုလျှင် မှောင်မည်းတိတ်ဆိတ်နေသော တောနက်ကမ်းပါးကြီးအလယ်မှ သီးခြား မီးဆလိုက်ကြီးများ ထိုးထားသော တံတားကြီးကို ခွေးဖွေးမားမားကြီး မြင်တွေ့နိုင်ပါသည်။ ထိုတံတားကြီးအပေါ်၌ မှိန်ပျပျအလင်းနှင့် တစ်ခါတစ်ရံသော ညများတွင် နှင်းမှုန်ဖွေးဖွေး လခြမ်းကွေးကွေးအောက်ဝယ် ထိုတံတားကြီးပေါ်မှ ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော ခေါ်ရခါးတေးသွားသံစဥ်ကို စူးစူးညှင်းညှင်း ကြားရတတ်ပါသည်။ အသံမှာ မိန်းကလေးသံဖြစ်ကာ အသံရှင်ကို မြင်တွေ့လို၍ သွားကာကြည့်ပါသော်လည်း တံတားအစမှ အဆုံးတိုင် ရှာ၍မတွေ့ရပါချေ။ ရံခါ လိုဏ်ဂူအတွင်းမှလည်းကောင်း၊ ရံခါ လိုဏ်ဂူအပြင်ဘက်ရှိ ကျောက်တုံးကြီးအပေါ်၌ တည်ထားသည့် လွမ်းစေတီအနီး၌လည်းကောင်း ကြားရတတ်ပါသည်။ တေးသွားမှာ ပြောင်း၍သွားပါ၏။ ကြားရသူတိုင်း ထိုတေးသွားကို ကြားစဥ်တစ်ခဏ လိုက်ပါဆိုညည်း၍ရသော်လည်း နောက်တစ်နေ့ နံနက်ရောက်သော် ထိုတေးသွားကို မည်သူမျှ စဥ်းစား၍ မရခြင်းက ထူးဆန်းလှပါပေသည်။

တေးသံကြားရသည့် နေ့တိုင်းသည် လကွယ်ပြီးစ သဆန်းသုံးရက်နေ့ဖြစ်၍ နေသည်ကို ထူးဆန်းတိုက်ဆိုင်စွာ မှတ်သားမိခဲ့ရပါသည်။ ထိုတေးသံ၏ အတိတ်အကြောင်းကို လေ့လာစုံစမ်းမိသောအခါမှ လောကကြီး၏ အတ္တာဆန်းကြယ်မှု၊ အချစ်၏ ဖမ်းစားမှု၊ စွဲလမ်းမှုလွန်ဆေးနာ၏ အကုသိုလ်ကြမ္မာဆိုး နောက်ဆက်တွဲ ဖြစ်ရပ်များကို အောက်ပါအတိုင်း ဂမ္ဘီရဆန်စွာ ကြားသိမှတ်သားခဲ့ရပါပေသည်။

နန္ဒီဒေဝီ၊ နာမည်ကလေးက လှသလို ဆံပင်ကောင်းခြင်းကြောင့် ကေသီဒေဝီဟု ချစ်စနိုးခေါ်ကြပြန်သည်။ အရပ်အမောင်းက (၅)ပေ (၅)လက်မအောက် မလျော့ဘဲ သွယ်လျသော ကိုယ်လုံးကိုယ်ထည်က ခြေမျက်စိတိုင်အောင် သွယ်ဖြာဆင်းနေသော ရှည်လျားနက်မှောင်နေသည့် ဆံပင်နှင့်အတူ ဝင်းဝါနုညက်နေသော အသားအရေကို အားဖြည့်လျက် ပုရိသတို့၏ မျက်လုံးများကို တစုတဝေးတည်း ကျရောက်စေအောင် ဖွဲ့ပိုးဆွဲဆောင်ထား၏။

ဆံပင်ကို ထုံးနှောင်ရစ်ပတ်ထားလေလျှင် မျက်နှာဝင်းပသွယ်လျသော ဘဲဥပုံမေးစေ့ချွန်ကလေး ညာဘက်တွင် မှဲ့နက်ကလေးတစ်လုံးက ချွန်မြသောနှာတံ၊ သမင်မျက်ဝန်းကဲ့သို့ ရွှန်းလဲ့ဝိုင်းစက်နက်မှောင်နေသော မျက်ဝန်းအစုံတို့ကို ထောက်ပံ့၍ မြင်ရသူတိုင်း ရင်တလှပ်လှပ်ဖြစ်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်မှာ ဆန်းသည်ဟု ဆိုရမည်လား။

ထို့ထက် ဆွဲဆောင်နိုင်သော အရာလည်း ရှိပါသေးသည်လေ။ ထိုအရာကား ရိုးရာပွဲများ ကျင်းပတိုင်း ရိုးရာဂီတ တူရိယာသံများဖြစ်သော ခြူသံ၊ ကြေးပလွေသံ၊ နှဲသံ၊ ဗုံတိုသံများနှင့်အတူ မြူးကြွစွာ ထွက်ပေါ်လာလေ့ရှိသော သူမ၏ ချိုလွင်နုတ်စ ဂီတသံလွင် တေးဆိုဖန်တီးမငြီးနိုင်သော နှုတ်ဖျားဂီတပါပေတည်း။ အဲဆိုကလည်းကောင်း၊ အက,ကလည်း ကောင်းလေသော ဂီတကချေသည်ကလေး၏ သတင်းကား ပြင်ဦးလွင်၊ နောင်ချိုဆမ္မဆယ်၊ အုမ္မခါး ကျော်ကြားချင်တိုင်း ကျော်ကြားနေသည်မှာ အဆန်းတော့ မဆိုပါချေ။ ကျော်ကြားခြင်းနှင့်အတူ ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်လျက် အထူးသဖြင့် ပိုးကြပန်းကြသူ လူငယ်အများမှာ သွဲ့အတွက်နှင့် ဓားပွဲတုတ်ပွဲတွေသည်လည်း ပွဲတခြိမ့်ခြိမ့်နှင့် ဒွဲ့တသိမ့်သိမ့်ဖြစ်၍မဆုံး တရှန်းရှန်းဖြစ်နေသည်လည်း အံ့မခန်း။

သူကလည်း ချဥ်းကပ်လာသူ အမျိုးသားတိုင်းကို ဟင့်အင်းဟု မငြင်း၊ ချစ်ပါသည်ဟုလည်း မဆို၊ မူပိုပို ချိုစကားနှင့် အပျိုများသဘော မျှောချင်တိုင်း မျှောခဲ့သည်ချည်းသာ။ ဒေဝီ၏ အလှသတင်း ပျံ့သင်းသောဂုဏ်သည် လူငယ်လူကောင်း လူငယ်လူဆိုး၊ လူကြီးလူကောင်း လူကြီးလူဆိုးများ၏ နားသို့လည်း ပဲ့တင်ရိုက်ခတ်ခြင်းနှင့်အတူ ဒေဝီဆိုသော အလှဖုရားလေးကလည်း တစ်နေ့

www.burmeseclassic.com

ထက်တစ်နေ့ ပို၍လှပကြရှုပြီး လှချင်တိုင်း လှနေလေရကား သင်းကိုဖြင့် မရလျှင် သေရပါတော့မည်ဟု ညည်းသူတွေပင် ရှိလာ၏။

အလှ၏ နောက်ဆက်တွဲ ဖြစ်ရပ်များသည်ကား အံ့ဘနန်းဖြစ်လာလေသည်မှာ မိုးကြိုးစက်ကွင်းကြားမှ အာသာဝတီ နွယ်နီနတ်ပန်းပမာအလား ရင်တုန်လှိုက်မောဖွယ်များချည်းသာလေ။

နန္ဒီဒေဝီဆိုသော အလှထိပ်ခေါင်တင်ကလေး၏ မိဘနှစ်ပါးမှာ ဂေါ်ရခါးရွာကလေးဖြစ်သော လုံးခင်းဟု အမည်ရသည့် အိမ်ခြေနှစ်ဆယ်ကျော်ခန့်ရှိသော ရွာကလေးရှိ ခါရိကာဗဟာဒူးနှင့် ဒေါ်ကံချိုးတို့ ဖြစ်သတတ်။ မွေးချင်းသုံးယောက်အနက် အငယ်ဆုံးဖြစ်သော နန္ဒီဒေဝီကလေးမှာ လှပချောမွေ့ပြီး လိမ္မာယဉ်ကျေးသူကလေး ဖြစ်ရကား ချွေးမတော်ချင်သူများ ပေါလှ၏။ ကမ်းလှမ်းလာကြသူလည်း တစ်ပုံတစ်ပင်။ သို့သော် ခုံများက လှုပ်နေကြသော်လည်း မြင်းကမူ တုံဏှိဘာဝေ။ သို့ရာတွင် သူမ၏ ရင်တွင်းဝယ် နေရာယူထားသူကလည်း မရှိမဟုတ်၊ ရှိပါ၏။ ငယ်စဉ်ကပင် ကစားဖော်ကစားဖက် ရေခပ်၊ ထင်းခွေ အတူထွက်၊ ဟင်းရွက်ခူး၊ ဆိတ်ကျောင်း အဖော်ကောင်း ဖြစ်လေထသော ဆွတ်ဗဟာဒူးခေါ် သူကောင်းသားကို တိတ်တဆိတ်နေရာပေးထားပြီး ဖြစ်ပါချေသည်။

သူနှင့်ပတ်သက်၍မူ မြင်းက လှုပ်ချင်သော်လည်း ခုံက ငြိမ်နေပြန်၏။ ဆွတ်ဗဟာဒူးသည်ကား အိမ်ဝိုင်းအတွင်းရှိ ဂန်ဂျာခင်းနှင့် ပြောင်းဆန်တဆေးစိမ်ကာ အရက်ချက်သည့် အရက်ဖိုမှလွဲ၍ ဘာကိုမှ စိတ်ဝင်စားပုံမပြ။ ဂန်ဂျာဟူသည်ကား စင်စစ် ဆေးခြောက်ပင် ဖြစ်ပါ၏။ ဂန်ဂျာခေါ် ဆေးခြောက်ပင်သည် ချဉ်ပေါင်လက်ကြားနှင့် ဆင်တူကာ ထိုဆေးခြောက်ရွက်အား အသုံးပြုရန် မြုပြင်စီမံမှုကို ဆွတ်ဗဟာဒူးက ပိုင်နိုင်ကျွမ်းကျင်၏။ ခူးပြီးသားဆေးခြောက်ရွက်များကို နံနက်ပိုင်း နှင်းစိုစိုတွင် ဆွတ်ခူး၍ နေတစ်နေ့မျှပြကာ နေကုန်သည်အထိ လှန်းထားရ၏။ ညနေပိုင်းရောက်လျှင် ရုပ်သိမ်းလာပြီး သူတို့ ရွာများ၌ ပေါများလွန်းလှသော နွားနို့များကို ထောပတ်အဖြစ် ချက်လုပ်ရာ ကျန်ကြွင်းသော မခမ်းခေါ် ထောပတ်ယောင်အနှစ်များနှင့် ရောသမနယ်၍ အသင့်ခုတ်ယူထားသော ဝါးဆစ်ဘူးထဲသို့ ထောင်းထည့်ကာ အဝကို ကျစ်ကျစ်လိပ်ထားသော ငှက်ပျောရွက်ဘူးဆို့ ဖြင့်ပိတ်လျက် ကြိုးဖြင့်ဆိုင်းချည်၍ မီးဖိုရှိ ကျပ်ခိုးစင်တွင် စီရရီချိတ်ဆွဲထား လိုက်လျှင် လုပ်ငန်းစဉ် ပြီးလေသည်။ ဆွတ်ဗဟာဒူး၏ လုပ်ငန်းစဉ်သည် ထိုဆေးခြောက်များကို ရုံခါလားရှိုးသို့ လည်းကောင်း၊ ရုံခါ အရဲစွန့်၍ မန္တလေးအထိလည်း ကောင်း သွားရောက်ရောင်းချခြင်းဖြင့် အလုပ်ဖြစ်လှ၏။

နန္ဒီဒေဝီတို့ လူမျိုးများသည် သူတို့ရှိရာ အိမ်များကို သက်ငယ်မိုး၊ ဝါးထရံကာ မြေစိုက်ပုံစံ ဆောက်လုပ်ထား ကြပြီး ထရံကိုမူ နွားချေးနှင့် ရွှံ့စေး၊ ထမင်းရည်၊ ကော ရိုးများဖြင့် ရောသမနယ်ကာ ဝါးထရံပတ်လည် လိမ်းကျံ ထားပြီး မြေပြင်ကြမ်းခင်းကိုလည်း ထိုအတိုင်း ချောမွေ့ နေအောင် လိမ်းကျံထားလေ့ရှိရာ ဆောင်းဥတုအခါ အအေး ဒဏ်ကို ကာကွယ်နွေးထွေးစေပြီး နွေရာသီအခါ၌ အပူ ဒဏ်ကို သက်သာစေသော အဆောက်အအုံကလေးများ ဖြစ်၍နေပါလေသည်။

နန္ဒီဒေဝီသည် အိမ်ရှေ့ကွင်းပြောင်၏ အလယ်၌ သုံး ပေပတ်လည်ခန့် အုတ်စီထားသော ရိုးရာကိုးကွယ်မှု အထိမ်းအမှတ် ဘာသာရေးဝတ်ပြုဆုတောင်းရာကလေး တွင် ရောင်စုံဖော်မွှားပွင့်ကြီးများ၊ နီရဲရဲပန်းပွင့်ကြီးများ သီကုံးထားသော ပန်းကုံးများကို ချိတ်ဆွဲ၍ လျှုဒါန်းပြီး ထုံးစံအတိုင်း ဆုတောင်းနေ၏။ နေရောင်လည်းတောက်၍ ကျဆင်းနေသော နှင်းများပင် ကွဲစပြုလေပြီ။ အတန်ကြာ လျှင် ဆွတ်တို့အိမ်ဘက်ဆီမှ ဆူညံသော အသံများနှင့်အတူ ဆွတ်၏ မိခင်ဖြစ်သူသည် နန္ဒီတို့အိမ်သို့ ရောက်လာ နန္ဒီ၏မိခင်အား ထိတ်လန့်စွာပြောလိုက်သည်ကို ကြား လိုက်ရလေသည်။ ဆွတ်ဗဟာဒူး မန္တလေးမှာ ရဲဖမ်းသွား ပြီတဲ့။ အလို..ဘုရားသခင်၊ ကယ်တော်မူပါ။

◆◆◆

မန္တလေးမှ ထွက်ခွာလာသော လားရှိုးအဆန်ရထား သည် ပြင်ဦးလွင်ကိုပင် ကျော်လာခဲ့ပြီဖြစ်သည်။ တ ဥပဒေ၏ အရေးယူခြင်း ခံသွားရသော ဆွတ်ဗဟာဒူး မိဘနှစ်ပါးသည် သားတော်မောင်ကို သွားရောက်တွေ့ ပြီး ဤရထားကိုစီးကာ ပြန်လာခဲ့ကြသော်လည်း စိတ် မူ သားထံမှ မခွာနိုင်ကြ။ ကံမကောင်းချက်က ရထားလက်မှတ်ခုံမဲ့ ဖြစ်နေသဖြင့် အတက်အဆင်း ပေါက်အနီးတွင် သတင်းစာစက္ကူအဟောင်းကလေး

www.burmeseclassic.com

၍ ဖြစ်သလိုထိုင်ကာ လိုက်ပါခဲ့ရ၏။ ဒေါက်ချီး၏ ထဲတွင် အစိမ်းနုရောင် လက်ကိုင်ပဝါထုပ်ကလေး။ ဖြစ်သူက ပေးခိုင်းလိုက်သဖြင့် ယူသာလာခဲ့ရသော် ည်း အထဲတွင် ဘာပါသည်ကို မစူးစမ်းတော့။ ပြန် က်သည်နှင့် ကာယကံရှင်လက်ထဲသို့ ပေးလိုက်ပြီး သို့ ပြန်လာခဲ့ကြသည်။

နန္ဒီဒေဝီသည် ဒေါက်ချီး ပေးသွားသော လက်ကိုင် ထုပ်ကလေးကို တုန်ယင်သောလက်အစုံဖြင့် ဖွင့်ကြည့် က်လေသော် အထဲတွင် ဖန်ရောင်စုံပုတီးစေ့များ သီထား သော ဆွဲကြိုးကလေးတစ်ကုံး၊ ဒန်ရောင်၊ ရွှေဝါရောင်များ နေသည့် ဘော်လက်ကောက် ငါးကွင်းနှင့် စာရွက် က်ကလေး တစ်ခုကို တွေ့လိုက်ရ၏။

စာရွက်ကို ဖြန့်ကာ ဖတ်ကြည့်လိုက်လေရာ-

ဝီ

*ငါ နင့်အတွက် အမှတ်တရလက်ဆောင် ထည့်ပေး က်တာပါ။ နင် ဝတ်ရမယ်နော်။ ငါ့အတွက် နင် ဘာမှ နဲ့။ ငါ အိုးဘိုထောင်မှာ။ အချိန်စေ့ရင် လုံးခင်းကို လာရမှာပါပဲ။ ငါ နင့်ကို ဆွဲကြိုးကလေး ဝတ်ထားတာ ရမ်းကြည့်ချင်တာပဲ သိလား။ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ချစ်နေလို့ပေါ့ဟာ။ နင်က ချစ်သူဝိုင်းဝိုင်းလည် ဖြစ်နေတော့ ငါက မပြောရဲဘူးပေါ့။ ဒါပေမဲ့ ငါ့အတွက် င် မျက်ရည်ကျ ဝမ်းနည်းနေတယ်ဆိုတာ အမေပြောပြလို့ သိရတယ်။ နင် စိတ်မကောင်းဖြစ်ရတာ ငါ့ကို သနား ို့ ငါ့ကို ခင်လို့၊ ပြီးတော့ ငါ့ကို ချစ်လို့ ဟုတ်သလား။ အေးလေ..ငါကတော့ နင့်ကိုချစ်တာမှ အရမ်းပဲ။ ငါ လာတဲ့အချိန်ကို ကြိုနေနော်။ နင် ပွဲတွေလည်း ငါ ရှိရင် မသွားပါနဲ့လား။ ပြီးတော့ ကြံခင်းက ရာဂျူးတို့၊ င်မောင်လတ်တို့နဲ့ ကင်းကင်းနေနော်။ ဒီကောင်တွေ င့်ကို ကြည့်ကြတဲ့ မျက်လုံးတွေကို ငါ အရမ်းမုန်းတယ်။ ပါပဲ ဒေဝီ။ နင့်ကို ငါ သိပ်ချစ်တယ်။*

ဆွတ်

စာဆုံးသော် ဒေဝီသည် ဝမ်းသာဝမ်းနည်းကြီးဖြစ် က် မျက်ရည်တွေတွေကြီးကျကာ-

'ဆွတ်ရယ်..နင်က ငါ့ကို ချစ်တယ်ဆိုတာ သိရ တော့ ငါ ဝမ်းသာလိုက်တာဟယ်။ နင် မိန်းမတစ်ယောက် ခံစားချက်ကို နားလည်မှာ မဟုတ်ပါဘူး။ ငါတို့မိန်းမ တွေက ကိုယ်အထင်ကြီး မြတ်နိုးရတဲ့ ယောကျ်ားတစ် ယောက်ကို ချစ်ပါတယ်လို့ ပြောခွင့်၊ ရင်ဖွင့်ခွင့် ရှိလို့လား။ သူ့ရဲ့ အချစ်ကိုသာ မျှော်လင့်ခွင့်ရှိတာပါ ဆွတ်ရယ်။ တကယ်လို့ ဖြစ်ချင်ရာဖြစ် မိန်းမတန်မဲ့ ရှင့်ကို ကျွန်မ ချစ်ပါတယ်လို့တို့၊ ကျွန်မကို ပြန်ချစ်ပါလားတို့ ပြောမိရင် ငါ ဘာဖြစ်သွားမလဲ။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားတဲ့၊ တန်ဖိုးမဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်သွားမှာပေါ့။ ဟုတ်ဘူးလား။ ငါလည်း နင့်ကို ချစ်ပါတယ်။ စိတ်ချပါ။ ရာဂျူးဆိုတဲ့ကောင်ကို ငါလည်း ကြည့်မရပါဘူး။ ငါလေ နင့်ကို အနားမှာသာရှိရင် နင့်ရင်ဘတ်ကြီးကို အုန်းခနဲ့၊ အုန်းခနဲနေအောင် ထုမိမှာ သိလား။ ဘာလို့လဲဆိုတော့ ထောင်ထဲရောက်မှ ငါ့ကို ရည်းစားစကား လှမ်းပြောလို့လေ။ အဟက်'

နန္ဒီဒေဝီသည် သူ့စဉ်းစားခန်း၏ နောက်ဆုံး၌ အဟက် ဟူသော အာမေဍိတ်ကို လွှတ်ခနဲ ထွက်မိသွားပြီး ရှက်ကိုးရှက်ကန်းဖြင့် အိမ်အတွင်း ပြေးဝင်သွားကာ လက်ကိုင်ပဝါထုပ်ကလေးကို အလှပြင်ပစ္စည်းများထည့်သော ထန်းခေါက်ဖာဘူးကလေးထဲတွင် တရိုတသေထည့်ကာ သိမ်းဆည်းလိုက်ပါတော့သည်။

ဆောင်းနှစ်ခါဝင်၍ နွေနှစ်ခါကျအပြီး (၁၉၇၉) ခုနှစ် နွေဦးရာသီအစ တစ်နေ့တွင် ဆွတ်ဗဟာဒူး တစ်ယောက် လွှတ်ရက်စေ့၍ သည်နေ့ ပြန်ရောက်မည်ဖြစ်သဖြင့် သူ့မိဘတွေပင် မနေ့ကတည်းက မန္တလေးသို့ဆင်း၍ သွားကြိုနှင့်ကြလေပြီ။ ရထားက ဆမ္မဆယ်ဘူတာသို့ နံနက်(၉)နာရီခန့်တွင် ဆိုက်လေ့ရှိသည်။ နန္ဒီသည် နံနက် (၄)နာရီခန့်ကပင် အစောကြီးထကာ ဖြီးလိမ်းပြင်ဆင်၏။ စောစောမထ၍လည်း မဖြစ်။ ရွာနှင့်ဘူတာက ယောကျ်ားကြီး ခြေလှမ်းနှင့်ပင် တစ်နာရီခွဲခန့် သွားရ၏။ ဝီရိယထားနိုင်မှ အဆင်ပြေ၏။ ဒေဝီ အလှပြင်ခြင်း လက်စသတ်ပြီးလျှင် နောက်ဆုံး၌ ဖာတောင်းကလေးထဲမှ ဖန်ပုတီးကုံး ဆွဲကြိုးကလေးကို လည်ပင်းတွင် အမြတ်တနိုး ဆွဲလိုက်၏။ ဘော်လက်ကောက်လေးများကိုလည်း လက်တွင်စွပ်၍ အလှပြင်ခြင်းလုပ်ငန်းအားလုံးကို လက်စသတ်လိုက်လေတော့၏။

ရောင်နီဦးက မလာသေး။ လောကကြီးတစ်ခွင်လုံးက ကြယ်ရောင်အောက်ဝယ် ဝိုးတဝါး။ ချိသော် သည်

www.burmeseclassic.com

www.burmeseclassic.com

လမ်း သည်ခရီးက ဒေဝီသွားနေကျ။ ခုချိန်လောက်သွားမှ ဘူတာသို့ စောစောရောက်နိုင်သည်။ ဘူတာအနီး ဈေးဆိုင်ကလေးတွင် ဝယ်စရာခြမ်းစရာကလေးတွေလည်း ရှိသေးသည်မို့ စိတ်က စောနေသည်။ အိမ်က စထွက်ကတည်းက စိတ်စောနေသဖြင့် လက်နှိပ်ဓာတ်မီးယူခဲ့ဖို့ကို သတိမရ။ ကြယ်ရောင်အလင်းဖြင့် သွား၍ ရနေသည်မို့လည်း တစ်မျှော်တစ်ခေါ်ရှိနေသော ကြံခင်းများနှင့် ကြံသကာချက်ဖိုများကို ဖြတ်သန်း၍ သုတ်သုတ်လှမ်းလာခဲ့သည်။

ရောင်နီ၏ ရွေ့ပြေးအလင်းဦးကို အရှေ့ကောင်းကင်တွင် မလင်းတလင်း မြင်ခဲ့ရပြီ။ ရှေ့တွင် လုံဝယ်လုံကြိမ်လမ်းခွဲကို ရောက်တော့မည်။ လမ်းကျဉ်းကလေးက လူနှစ်ရပ်ခန့် အမြင့်ရှိ ကြံခင်းကြားဝယ် ပိုးတဝါး။ ထိုစဉ် ပှိတ်ဟူသော အသံကို ကြားလိုက်ရပြီး အားကောင်းသန်မာသော ယောကျ်ားကြီးတစ်ယောက်၏ သိုင်းချုပ်ခြင်းကို ခံလိုက်ရပြီး ကြံခင်းကြားမှ ရုတ်တရက်ထွက်လာကြသော ယောကျ်ားသုံး,လေးယောက်ကပါ ဝိုင်းဝန်းချုပ်နှောင်၍ ကြိုးများဖြင့် တုပ်လိုက်ကြ၏။ ဒေဝီကလေးမှာ ရုန်းချိန်လည်းမရ၊ အော်ချိန်လည်းမရှိ၊ အကြောက်လန့်ကြီး ကြောက်လန့်ကာ သတိပင်လစ်၍သွားခဲ့လေသည်။

သတိရသော အချိန်တွင် ရထားလမ်းနှင့် မနီးမဝေးတောတွင်း တောင်စောင်းတစ်ခုတွင် ရောက်ရှိနေသည်ကို သတိထားမိပြီး မလင်းတလင်း အလင်းရောင်အောက်ဝယ်



မိမိအား ဖမ်း၍ ခေါ်လာသူကို သတိထား အားစိုက်ကြည့်လေမှ-

'ဟင်..တင်မောင်လတ်။ နင်..နင်..ငါ့ကို'

'ဟုတ်တယ်၊ ငါ တင်မောင်လတ်ပဲ။ နင် ဒီရှ... ဟိုကောင် ဆွတ်ဗဟာဒူးကို သွားကြိုမယ်ဆိုတာ သတင်း... ရပြီးသား။ နင် အဲဒီကောင်ကို ချစ်လို့မရဘူး။ ချစ်ခွင့်... လည်း မပေးနိုင်ဘူး။ ဒါကြောင့်'

'ဘာပြောတယ်။ ငါ့ဟာငါ ဆွတ်ကိုကြိုက်တာ ... နဲ့ ဘာဆိုင်လဲ'

'ဆိုင်တာပေါ့ဟ။ ငါက နင့်ကိုချစ်တာ။ ငါတင်... ဘူး။ ဒီကောင်တွေလည်း နင့်ကို အသည်းအသန်ကြိုက်... တာ နင်လည်း သိသားနဲ့။ နင်ဟာ ဆွတ်တစ်ယော... တည်းတင်မက ငါတို့အားလုံးနဲ့လည်း ဆိုင်တယ်။ ... လား'

'နင်တို့ ငါ့ကို ဘာလုပ်မလို့လဲ'

'ဘာလုပ်မယ်ဆိုတာ မကြာခင် သိရမှာပေါ့... ကဲ..ဟေ့ကောင်တွေ၊ ပြောထားတဲ့အတိုင်းနော်'

စကားဆုံးသည်မှစ၍ တင်မောင်လတ်သည် ... မာမှုလုပ်ငန်းစဉ်ကို စတင်ပြီး အလှသခင်ဒေဝီ ... ကလေးကို စိစိညက်ညက် ခြေမွပစ်လိုက်လေတော့သ... သူကိုယ်တိုင် ကျေနပ်သွားသည်နှင့် ကျန်လေးယော... စလုံးပါ ဝေခြမ်းမှုပြုလိုက်သဖြင့် ပန်းဒေဝီကလေး ... ကြွေကာ မမွေးနိုင်တော့ပါချေတကား။

◆◆◆

'ကဲ..ကလေးမ၊ ပြောစမ်း။ ဒီကို ဘယ်လိုရော... လာပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောပြပါ။ ဦး... ဂုတ်ထိပ်မှာ နေတာ။ ဒီနားတောင်ကြောမှာ မီးသွေး... ကြတာ။ ဟေ့..မိန်းမ၊ သူ့ကို ရေလေးတိုက်လိုက်ပါ...

နန္ဒီဒေဝီသည် 'ဒီလိုပါဦးရယ်' မှ အစချီလျက် ... ကြောင်းရယ်ကုန်စင်ကို ငို၍တစ်ခါ ရှိုက်၍တစ်လှည့်... မခြွင်းမချန် ပြောပြလိုက်ပါတော့သည်။

'တောက်..မိုက်ရိုင်းလိုက်တဲ့ ခွေးသားတွေ၊ ... မဆန်လိုက်ကြတာကွာ။ ဒီကောင်တွေဟာ လူတွေ... ဘူး။ တိရစ္ဆာန်တွေကွ။ ခွေးတွေ၊ ခွေးမျိုးတွေ'

'ကဲပါတော်၊ လောလောဆယ် သူ့ကို ... ကြရအောင်။ မိုးလည်း ချုပ်ခါနီးပြီ။ ကလေးမလေး...

www.burmeseclassic.com

www.burmeseclassic.com

တစ်နေကုန် ဘာမှစားရမှာ မဟုတ်သေးဘူး။ မနက်ဖြန်နက်မှ စီမံစရာရှိတာ စီမံကြတာပေါ့'

'အေး··ကံကြီးပေလို့ပေါ့။ ကလေးမ ဖြည်းဖြည်းထ၊ နကမှ ကြိုးဖြေရတော့ လမ်းလျှောက်လို့တော့ အဆင်ပြေသေးမှာ မဟုတ်ဘူး။ သူ့ကို ဖြည်းဖြည်းတွဲခေါ်ခဲ့ပေါ့ မိန်းမရာ။ ငါ ရှေ့က သွားနှင့်မယ်'

◆◆◆

'အဲဒီတော့ ဆက်စမ်းပါဦး ကိုမြသောင်းရ။ သူက ဘာကြောင့် သေသွားရတာလဲ'

'ဒီလို စာရေးဆရာရဲ့။ အဲဒီနေ့က ကျွန်တော်တို့လင်မယား အိမ်ကိုခေါ်လာပြီး ရေမိုးချိုး အဝတ်အစားတွေလည်းပေး၊ ထမင်းကျွေး။ အဲ··ထမင်းကျွေးတာ မစားဘူးဗျာ၊ ငိုချည်းနေတော့တာ'

'အေးပေါ့ဗျာ··ရေတိမ်နစ်ရရှာတာကိုး'

'ဟုတ်တယ်ဆရာ၊ ဒီမှာက ရဲစခန်းမရှိဘူး။ စစ်တပ်စခန်းတော့ရှိပေမယ့် ဒါက ရဲအရေးပိုင်တဲ့ ပြဿနာမို့ စစ်တပ်ကိုလည်း အကြောင်းမကြားတော့ဘူး။ ရွာလူကြီးကိုတော့ သတင်းပို့ထားရသပေါ့လေ'

'ဖုန်းဆက်လို့ မရဘူးလား'

'ဖုန်းဆိုလို့ ဘူတာနဲ့ စစ်တပ်ပေါ်မှပဲ နှစ်ခုရှိတာ။ ဘူတာထဲက ဖုန်းကနေဆက်တော့ လာပို့လိုက်လို့ပြောသား။ ဒါပေမဲ့ ဘယ့်နှယ်လုပ်ပို့ရမလဲ၊ ဂုတ်ထိပ်ကနေနောင်ချိုအထိ။ မြို့မှာလို ကားတွေဘာတွေ ငှားလို့လွယ်ဆို အဟုတ်သား'

'ဟုတ်ပါ့၊ တောကြီးမျက်မည်းထဲ။ လုပ်ပါ၊ ဆက်ပြောပါဦး'

'အဲဒါနဲ့ ညရောက်တော့ အိပ်ရာပြင်ပေးထားတာ တော်တော်နဲ့မအိပ်ဘူးဗျ။ သူ့ချစ်သူပေးတဲ့ ဆွဲကြိုးလေးကိုရော လက်ကောက်လေးကိုရော ပွတ်လိုက် ပြောလိုက် ငိုလိုက်နဲ့ပါပဲ။ နောက်ပြီး ကျွန်တော့်မိန်းမကို သီချင်းဆိုပြသေးတယ်ဗျ။ ကျွန်တော်လည်း အိပ်ရာထဲကနေ နားသာ ထောင်နေပေမယ့် နားမှမလည်တာ'

'အသံတော်တော်ကောင်းလား'

'ကောင်းတယ်ဗျ။ ကျုပ်လည်း ညနေက ပြောင်းအရက်ကလေးနဲ့ ရှဉ့်ချေးခါးဟင်း တော်တော်လေးတွယ်ထားတော့ မျက်တောင်စင်းပြီး အိပ်ပျော်သွားတာ။ မနက် လင်းခါနီး လူသံတွေ ဆူဆူညံညံကြားမှ လန့်နိုးတော့တာ။ နိုးနိုးချင်း ကြားလိုက်ရတာ တံတားတိုင်အလယ်လောက်ပေါင်ပေါ်မှာ မိန်းကလေးအလောင်းတစ်လောင်း တွေ့ရလို့ ရဲဘော်တွေ ဆွဲတင်ဖို့ လုပ်နေကြသတဲ့။ ကျုပ်တို့လည်း အပြေးအလွှား သွားကြည့်တော့ ဟုတ်ပါ့ဗျာ။ သူမှသူ။ သနားစရာလေးပါဗျာ။ ပျော့လို့ ခွေလို့'

'အလှအပတွေတော့ ပျက်ကုန်မှာပေါ့'

'ဟာ··မပျက်ဘူး ဆရာ။ သေမှပဲ ကျွန်တော် သေချာကြည့်မိတော့တာ။ အတော်လေးကိုချောတဲ့ မိန်းကလေးဗျ။ ပစ်ရက်စရာ ရှိဘူးရယ်'

'သူ့အမျိုးတွေ မလာကြဘူးလား'

'အဲဒီနေ့ပဲ သွားအကြောင်းကြားတာ။ ညနေစောင်းကလေးမှာ ရောက်လာလိုက်ကြတာဗျာ။ ရွာလုံးကျွတ်လာပြီး ပြောလိုက်ကြ ငိုလိုက်ကြ အုံးအုံးကျွထလို့။ သူတို့ဘာသာစကားနဲ့ ပြောပြောပြီး ငိုကြတာဆိုတော့ ဟိုဗျာ··ဘာတဲ့။ ကုလားသိုက် ကျားကိုက်ဆိုတာမျိုး'

'အင်း··ဆက်ပါဦး'

'သူသေတဲ့နေ့က လဆန်းသုံးရက်နေ့ဗျ။ ကျုပ် သေချာမှတ်မိတယ်။ အဲ··ထူးခြားတာက သေပြီး တစ်လလောက်အကြာ လဆန်းသုံးရက်နေ့မှာ တံတားပေါ်က သီချင်းသံ ကြားရတော့တာပါပဲဗျာ'

'သူ့ဝိညာဉ်နေမှာပေါ့'

'ဟုတ်ပါ့ ဆရာ၊ သူ မသေခင် ကျုပ်မိန်းမကို ဆိုပြတဲ့ သီချင်းပါပဲ။ အသံပေါ့ ဆရာ၊ အသံသွားပေါ့။ ဆရာတို့ စာစကားနဲ့ဆို တေးသွားခေါ်မှာပေါ့'

'စာသားကရော'

'သူတို့ ဘာသာသီချင်းလေ ဆရာ။ ဘယ်လိုလုပ်မှတ်တတ်ပါ့မလဲ။ မှတ်ထားတာကတော့ မကောင်းမှုဆိုတာ ကာယကံရှင်နဲ့တကွ နီးစပ်သူအားလုံး ပူဆွေးသောက ရောက်ရတာဆိုတာပါပဲခင်ဗျာ'

ကျွန်တော်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင်ဖြင့် ဤအကြောင်းအရာ၊ ဤအဖြစ်အပျက်တို့ကို စာဖတ်သူရှေ့မှောက် အရောက်ပို့မည်ဟု တေးမှတ်ထားခဲ့ရာ ယခုမှပင် ဆန္ဒတစ်ခု ပြီးမြောက်သွားပြီဖြစ်ကြောင်း တင်ပြလိုက်ရပေတော့သည်။

**လှိုင်စောဦး(မြို့ရှင်ညို)**

www.burmeseclassic.com

www.burmeseclassic.com

# ကျွတ်နားပင်းတို့ရွာ

## မင်းသန့်ကျော် (ဒီးကုန်း)

(၁)

ကျွန်ုပ် အငြိမ်းစားယူသည်မှာ (၁-၁-၂၀၀၀)ပြည့်နှစ်ဖြစ်ရာ (၁၉၉၉)ခုနှစ်သည် ကျွန်ုပ် တာဝန်ထမ်းဆောင်သည့် နောက်ဆုံးနှစ် ဖြစ်လေသည်။ လက်ထောက် တိုင်းမန်နေဂျာ၏ တာဝန်ပေးအပ်မှုအရ စပါးအဝယ်ဒိုင်များကို စစ်ဆေးခဲ့ရာတွင် ကျွန်ုပ်သည် နောက်နှစ်တွင် အငြိမ်းစားယူတော့မည်ဖြစ်၍ စာရင်းများ စစ်ဆေးရုံမျှသာမကဘဲ လုပ်ငန်းများ လုပ်ကိုင်ရာတွင် မလုပ်သင့်သော အလုပ်ကို ရှောင်ပြီး လုပ်သင့်လုပ်ထိုက်သည်တို့ကို လုပ်ဆောင်ကြရန် ဝန်ထမ်းများကို တိုက်တွန်းရပါသည်။

ထိုနှစ်တွင် ကျွန်ုပ်တို့ ဟင်္သာတလက်ထောက်တိုင်းရှိ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်း၊ လေးမျက်နှာ မြို့နယ်တို့မှ ဝယ်ယူပြီး စပါးများကို ပဲခူးတိုင်းဒေသကြီးရှိ ပြည်လက်ထောက်တိုင်းသို့ ပေးပို့ရသောနှစ် ဖြစ်လေသည်။

ဟင်္သာတလက်ထောက်တိုင်းသည် စပါးများကို ရည်မှန်းချက်ပြည့်အောင် ဝယ်ယူရရှိသော်လည်း ကြိတ်ခွဲရန်





www.burmeseclassic.com

www.burmeseclassic.com

ခေတ်မီဆန်စက်ကြီးများ အလုံအလောက်မရှိပါ။ သို့ဖြစ်ရာ ခေတ်မီ တန်(၁၀၀)ကျ ဆန်စက်၊ တန်(၅၀)ကျ ဆန်စက်များရှိရာ ပြည်လက်ထောက်တိုင်းရှိ ပြည်၊ အင်းမ၊ ရွှေတောင် စသော မြို့နယ်များသို့ စပါးများ ပေးပို့ရခြင်း ဖြစ်လေသည်။

စပါးများကို (၁၀)ဘီးကားကြီးများဖြင့် တစ်နေ့လျှင် အခေါက်ပေါင်းများစွာ တင်ပို့ရပါသည်။

လက်ထောက်တိုင်းမန်နေဂျာက ကျွန်ုပ်အား စပါးများ ပေးပို့ခြင်း၊ လက်ခံခြင်းကို လိုက်လံကြီးကြပ်ရန်နှင့် ပြန်လာပါက လေးမျက်နှာမြို့နယ် သဲနုကုန်းစပါးဒိုင်ရှိ စာရင်းများ၊ လုပ်ငန်းများကို စစ်ဆေးရန် တာဝန်ပေးလာပါသဖြင့် စပါးပို့သော ကားများဖြင့် ပြည်မြို့သို့ လိုက်သွားရပါသည်။

ပြည်တွင် စပါးအပ်နှံခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့ပါသဖြင့် ည(၉)နာရီခန့်တွင် စပါးပို့သောကားများဖြင့် သဲနုကုန်းစပါးဒိုင်သို့ လိုက်ပါလာခဲ့ပါသည်။

ကားသည် ပြည်ဘက်ကမ်းမှ နဝဒေးတံတားကို ဖြတ်ကျော်ပြီး ပုသိမ်-မုံရွာ ကားလမ်းအတိုင်း မောင်းလာခဲ့ရာ လမ်းတွင် ယုန်ကလေးများသည် ကားလမ်းတစ်ဖက်နှင့် တစ်ဖက် ကူးပြေးနေကြသည်ကို ကားမီးရောင်တွင် မြင်ရပါသည်။ အချို့နေရာများတွင် သမင်ကလေးများ ဖြတ်ပြေးသည်ကိုလည်းကောင်း၊ မြွေများ ဖြတ်သွားသည်ကိုလည်းကောင်း မြင်ရပါသည်။

လမ်းတွင် ကားမောင်းသူက ဗိုက်ဆာသည်ဟု ပြောကာ ထုံးဘိုမြို့သို့ ဝင်ကြပါသည်။ ထုံးဘိုတွင် ဘုရားပွဲတော် ကျင်းပနေပါသည်။ ကြည့်ချင်ပွဲအဖြစ် ပန်တျာတင်မိုးဝင်း ဇာတ်သဘင်အဖွဲ့ ကပြနေသည်ကို တွေ့ရပါသည်။ ည(၁၁)နာရီခွဲခန့် ရှိနေပြီဖြစ်၍ ကျွန်ုပ်ကိုယ်တိုင်လည်း ဗိုက်ဆာလာကာ ပွဲဈေးတန်းတွင် လက်ဖက်ရည်သောက်ကြပါသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာခဲ့ရာ သဲနုကုန်းစပါးဒိုင်သို့ နံနက်(၃)နာရီခန့်တွင် ဆိုက်ရောက်ပါသည်။

အလွန်အေးချမ်းလှသော ပြာသိုလကြီးဖြစ်သဖြင့် စပါးဒိုင်ပတ်ပတ်လည်တွင် နှင်းများ ထူထပ်စွာကျရောက်လျက်ရှိပြီး အစောင့်တာဝန်ကျသည့် ဝန်ထမ်းများသည် မီးဖိုတစ်ခုဖို၍ မီးလှုံနေကြသည်ကို တွေ့ရှိရပါသည်။

ကျွန်ုပ်သည် ကားပေါ်မှဆင်းကာ မကြာမီ မိုးလင်းတော့မည်ဖြစ်၍ မအိပ်တော့ဘဲ သူတို့နှင့်အတူ မီးလှုံနေလိုက်ပါသည်။

(၂)

နံနက်လင်းသည်နှင့် ကျွန်ုပ်လည်း တာဝန်ပေးထားသည့်အတိုင်း သဲနုကုန်းစပါးဒိုင်၏ စာရင်းများကို စစ်ဆေးပါသည်။

ညနေပိုင်းသို့ ရောက်သောအခါ လက်ထောက်တိုင်းမန်နေဂျာမှ ကျွန်ုပ်ထံသို့ အမြန်ဆက်သားတစ်ယောက် စေလွှတ်လိုက်ပါသည်။ ဆက်သားဖြင့် ပေးပို့လိုက်သောစာမှာ ကျွန်ုပ် အမြန်ပြန်လာစေလိုကြောင်း၊ အင်္ဂပူမြို့နယ်တွင် အရေးကြီးကိစ္စတစ်ခု ပေါ်လာကြောင်း၊ သွားရောက်စစ်ဆေးရန် လိုအပ်ကြောင်း၊ သဲနုကုန်းဒိုင်မှ ဖြစ်သည့်လမ်းကြောင်းဖြင့် အမြန်ပြန်လာရန်နှင့် လေးမျက်နှာရုံးတွင် လာရောက်၍ ကြိုဆိုနေမည်ဖြစ်ကြောင်း ပါရှိလေသည်။

ကျွန်ုပ်လည်း အမြန်ရေမိုးချိုးကာ လေးမျက်နှာသို့ ပြန်ရန် စီစဉ်ရပါတော့သည်။ ဒိုင်မှူးက နွားလှည်းတစ်စီး စီစဉ်ပေးလေသည်။

'ဒါက ဒီနားကရွာက စပါးရောင်းလာတဲ့လှည်းပါ။ လေးမျက်နှာကို ပြန်လိမ့်မယ်။ ဆရာ ဒီလှည်းနဲ့ပဲ ပြန်လိုက်ပါ။ ဆက်သားမောင်လှမြင့်လည်း ပါသားပဲ။ လမ်းခရီးမှာ ဘာမှကြောက်စရာ မရှိပါဘူး။ အခုသွားမယ့်လမ်းက အမြန်ဆုံး ရောက်နိုင်တဲ့ ဖြတ်လမ်းပဲ'

နွားလှည်းသမားက-

'ကျွန်တော် လေးမျက်နှာရုံးအထိ လိုက်ပို့ပါ့မယ်ဗျာ။ ကျွန်တော်လည်း မြို့ကို သွားစရာရှိတာနဲ့ အတော်ပါပဲ။ ဘာမှမစိုးရိမ်ပါနဲ့။ လိုက်ခဲ့ပါ။ မောင်လှမြင့်လည်း ပါသားပဲ'

ထို့ကြောင့် ကျွန်ုပ်သည် ထိုလှည်းဖြင့်ပင် ညနေ(၅)နာရီခန့်တွင် ဒိုင်မှ ထွက်ခွာလာခဲ့ပါသည်။ နေကလေးချိုချိုတွင် နွားလှည်းကလေး စီးရသည်မှာ စိတ်ချမ်းမြေ့စရာ ကောင်းပါသည်။

လမ်းတွင် တွေ့ရသော တောလမ်းကလေးဘေးတွင် ပေါက်ရောက်နေကြသော သစ်ပင်ကလေးများသည်လည်းကောင်း၊ လမ်းဘေးတွင် စီးဆင်းနေသော ချောင်းက

www.burmeseclassic.com

www.burmeseclassic.com

လေးသည်လည်းကောင်း ကြည့်ရသည်မှာ ကြည်နူးစရာ ဖြစ်နေပါသည်။

နေသည် တဖြည်းဖြည်း ဝင်လာပြီဖြစ်ရာ အလင်းရောင်သည် မှုန်ပျပျကလေးသာ ရှိပါတော့သည်။

မောင်လှမြင့်သည် သီချင်းဆို အလွန်ဝါသနာပါပုံရပါသည်။ သူသည် သီချင်းကို တစ်ပုဒ်ပြီးတစ်ပုဒ် သံနေသံထားနှင့် အော်ဟစ်သီဆိုရင်း လိုက်ပါလာပါသည်။

မကြာမီ ကိုင်းတောကြီးတစ်ခုကို တွေ့ရပါသည်။ ကိုင်းတောကြီးမှာ မည်မျှကျယ်သည် မသိပါ။ မျက်စိတစ်ဆုံး ကိုင်းပင်ချည်းသာ မြင်နေရပါသည်။ ကိုင်းပင်ကြီးများမှာ လူလက်ခုပ်တစ်ဖောင်စာလောက် မြင့်ပါသည်။

လှည်းသည် ကိုင်းတောထဲသို့ ဖြတ်မောင်းရပါသည်။ ကိုင်းပင်ကြီးများမှာ လှည်းလမ်းဘေး တစ်လျှောက်တွင် ထူထပ်စွာ ပေါက်ရောက်နေကြပါသည်။ ရှေ့ကိုကြည့်လည်း ကိုင်းပင်၊ နောက်ကိုကြည့်လည်း ကိုင်းပင်၊ ဘေးဘီကို ကြည့်ပါသော်လည်း ကိုင်းပင်များကိုသာ တွေ့မြင်နေရပါသည်။ ကိုင်းတောကြီးမှာ မဆုံးနိုင်တော့ပါ။

နေဝင်သွားပြီ ဖြစ်သည့်အတွက် မှောင်လာသည်တွင် ကိုင်းပင်ကြီးများမှာလည်း ကျွန်ုပ်တို့ အပေါ်မှလည်းကောင်း၊ ဘေးမှလည်းကောင်း စီးမိုးထားသဖြင့် ရှေ့ကို ဘာမှ မမြင်ရပါ။

လှည်းသမားက-

'ဘာမှမကြောက်ပါနဲ့ ဆရာ။ ကျွန်တော့်မှာ ဓာတ်မီးပါလာပါတယ်။ ပြီးတော့ ဒီနေရာက ဘယ်လူဆိုးသူခိုးမှ မရှိပါဘူး။ အေးချမ်းပါတယ်'

လှည်းသမား ထိုသို့ပြော၍မှ မဆုံးသေးမီတွင် ကိုင်းပင်များကိုဖြို၍ မိန်းမတစ်ယောက် ပေါ်လာပါသည်။ သူ့ကို ကြည့်ရသည်မှာ သနပ်ခါးပါးကွက်ကျားနှင့် ချည်လုံချည်အစင်းကလေးနှင့် အင်္ကျီလက်စကကလေးကို ဝတ်ထားပြီး လက်ထဲတွင် ယပ်တောင်ကလေး တစ်ချောင်းကို ကိုင်ထားပါသည်။

သူမက လှည်းကို တွေ့လျှင်တွေ့ချင်း-

'ခဏ ရပ်ပါဦးရှင်၊ ကျွန်မလိုက်ပါရစေ။ ကျွန်မက ရှေ့က ရွာကလေးမှာ နေပါတယ်။ အဲဒီရွာအထိ လိုက်ပါရစေ။ အဲဒီမှာ ကျွန်မ ဒီည ပွဲကရမှာပါ'

လှည်းသမားက-

'ခင်ဗျားကို ကျွန်တော် ဒီနားမှာ မတွေ့ဖူးပါလား။ ခင်ဗျား ဘယ်ကလဲ။ နေကလည်း ဝင်နေပြီ။ ဒီက ဆရာတွေက လေးမျက်နှာကို အရေးတကြီးသွားရမှာ'

'တောင်းပန်ပါတယ်ရှင်။ ကျွန်မ မလိုက်ရင် မဖြစ်လို့ပါ။ ကျွန်မက ဇာတ်မင်းသမီးပါ'

'ရှေ့ကရွာမှာ ဆင်းမှာနော်'

'ဟုတ်ပါတယ်ရှင်။ လှည်းပေါ်ရောက်မှ ကျွန်မ အကြောင်းစုံ ရှင်းပြပါ့မယ်'

ပြောပြောဆိုဆိုနှင့် အမျိုးသမီးသည် လှည်းကို နောက်မြီးမှ ခိုတက်လိုက်ပါသည်။ လှည်းသမားလည်း လှည်းကို ဆက်မောင်းလာခဲ့ပါသည်။

အမျိုးသမီး လှည်းပေါ် တက်လာချိန်မှစ၍ မောင်လှမြင့်သည် သီချင်းမဆိုတော့ပါ။ သည်တစ်ခါ သီချင်းဆိုသူမှာ အမျိုးသမီးဖြစ်လေသည်။

အမျိုးသမီးသည် သီချင်းတစ်ပုဒ်ကို တိုးတိုးကလေး ညည်းလာပါသည်။ မည်သည့်သီချင်း ဖြစ်သည်ကို ကျွန်ုပ် မသိပါ။

လှည်းသည် ကိုင်းတောကြီးကို ဖြတ်လာခဲ့ရာ မကြာမီ ကွင်းပြင်သို့ ရောက်တော့မည် ဖြစ်လေသည်။

အမျိုးသမီးက-

'ကျွန်မက မကြာခင်က ဟိုဘက်ရွာမှာ လာကသွားတဲ့ ဇာတ်အဖွဲ့ကပါ။ ကျွန်မ နေမကောင်းလို့ ဇာတ်အဖွဲ့ ပြန်တော့ ပါမသွားခဲ့ဘူး။ ဒီမှာပဲ ဆေးကုကျန်ခဲ့တာပါ။ ပွဲကတုန်းက မိတ်ဆွေဖြစ်သွားတဲ့သူက အလည်ခေါ်ထားလို့ သူတို့ရွာကို သွားနေတာပါ။ ဘုရားပွဲမှာ ကမယ့်ဇာတ်က ကျွန်မတို့ဇာတ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ကူညီတဲ့ အနေနဲ့ ကပေးပါလို့ ဇာတ်ဆရာက ပြောထားလို့ ကျွန်မ ကပေးရမှာပါ'

မိုးသည် တဖြည်းဖြည်း ချုပ်စပြုလာပြီး ပတ်ဝန်းကျင်သည် တဖြည်းဖြည်း မှောင်လာပါသည်။

ထိုစဉ် ကိုင်းတောကြီးကို လွန်မြောက်၍ ကွင်းပြင်ထဲသို့ ရောက်လာပြီ ဖြစ်လေသည်။

ကောင်းကင်တွင် လ,မထွက်သေးပါ။ ကြယ်ကလေးများ၏ အလင်းရောင်မှာ လင်းလက်နေပါသည်။

မကြာမီ ရှေ့တွင် မီးရောင်တန်းကြီးကို မြင်ရပါသည်။ မီးရောင်တို့သည် မီးတုတ်များမှ ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

သော မီးရောင်များဖြစ်ပြီး လူများသည် မီးတုတ်ကြီးများ ကိုင်လျက် တန်းစီပြီး လျှောက်လာကြခြင်း ဖြစ်ပါသည်။ သူတို့ထံမှ မည်သည့်အသံမျှ မကြားရပါ။ တိတ်ဆိတ်စွာ လျှောက်လာနေကြခြင်း ဖြစ်ပါသည်။

လျှောက်လာနေသော လူတန်းကြီးသည် တစ်မျှော်တစ်ခေါ်ကြီး ဖြစ်ပါသည်။ ထို့အတူ မီးတုတ်များမှာလည်း လူ(၂)ဦးကိုတစ်ခု၊ (၃)ဦးကိုတစ်ခု ကိုင်လာကြခြင်းဖြစ်၍ သူတို့သွားနေသောလမ်းရော ဘေးပတ်ဝန်းကျင်တစ်ခုလုံးကိုပါ လင်းနေပါသည်။

သူတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်လာနေကြပါသည်။ ရှေ့မလှမ်းမကမ်းတွင် ဆိုင်းသံ ဗုံသံများကို ကြားနေရပါသည်။

သိပ်မကြာလှပါ။ လူတန်းကြီးသည် တဖြည်းဖြည်း တောစပ်ကလေးအတွင်း ဝင်သွားကြပါသည်။ ကျွန်ုပ်တို့သည်း အံ့ဩမှင်တက်မိကာ လူတန်းကြီးနောက်မှ လိုက်သွားမိကြပါသည်။ လှည်းတွင် တပ်ထားသော နွားများမှာလည်း လှည်းသမားက မောင်းနှင်ခြင်း မပြုရဘဲ လူတန်းကြီးနောက်မှ အလိုအလျောက် လိုက်သွားခြင်း ဖြစ်ပါသည်။

အမျိုးသမီးက-

'ရှာဘုရားပွဲ ကျင်းပတဲ့ဆီကို သွားကြတာပါ။ ပွဲလည်း ပါတယ်လေ။ ကြုံကြိုက်တုန်း ကျွန်မ ကမယ့်ဇာတ်ပွဲကိုလည်း ကြည့်သွားပါဦး။ ကျွန်မရော ဇာတ်ဆရာရော ဒီည ကူညီပါဦး ပြောထားလို့ ကူညီရမှာပါ။ ပွဲပြီးတာနဲ့ ကျွန်မ သူတို့နဲ့ ပြန်လိုက်သွားမှာပါ'

ထိုအခါ ကျွန်ုပ်က မနေနိုင်တော့ဘဲ ပြန်ပြောလိုက်သည်။

'ပွဲကရမယ့်သူက ဘာပြုလို့ စောစောမပြန်တာလဲ။ မိုးတောင်ချုပ်နေပြီ'

'ဒီလိုပါရှင်။ ဟိုဘက်ရွာက ကျွန်မမိတ်ဆွေက ညစာ အတင်းကျွေးလို့ စားနေရလို့ပါ'

'နို့..ခင်ဗျားတစ်ယောက်တည်းလား။ ဒီလို ညကြီးမှာ ခင်ဗျားမိတ်ဆွေက လိုက်ပို့ဖို့တော့ ကောင်းတာပေါ့'

'လိုက်ပို့ပါတယ်ရှင်။ ဒါပေမဲ့ လမ်းမှာ ကျွန်မမိတ်ဆွေက သူ့အမျိုးသားနဲ့တွေ့ပြီး ပြန်လိုက်သွားပါတယ်။ နောက်ခါလည်း နီးနေတာနဲ့ ကျွန်မတစ်ယောက်တည်း ပြန်ရဲတဲ့အကြောင်း ပြောလို့ လိုက်မပို့တာပါ'

တောအုပ်ကလေးအတိုင်း ဝင်လာကြပြီး တောအုပ်မှ အထွက်တွင် တောင်ကမူလေးတစ်ခုပေါ်၌ တည်ထား သော စေတီတစ်ဆူကို မီးရောင်များဖြင့် သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။

စေတီ၏ ပတ်ဝန်းကျင်တွင် လူအများ တိုးဝှေ့သွားလာနေကြပြီး ရှေ့တွင် ဇာတ်ခင်တစ်ခုကို မြင်ရပါသည်။ ဆိုင်းသံ ဗုံသံများသည် ထိုနေရာမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ ပွဲဈေးတန်းလည်း ရှိပါသည်။

ပွဲဈေးတန်းသည် မုန့်ဟင်းခါးဆိုင်၊ အုန်းသီးကြော်ဆိုင်၊ ကွမ်းယာဆိုင်မှစ၍ စားချင်စဖွယ်မုန့်များ ရောင်းချသော ဆိုင်များဖြင့် စည်ကားလျက်ရှိပါသည်။

လှည်းပေါ်မှ ပါလာသော အမျိုးသမီးသည် ကျွန်ုပ်တို့အား မုန့်ဟင်းခါးဆိုင်တစ်ခုသို့ ခေါ်သွားပါသည်။ ဆိုင်ရှင်နှင့် အမျိုးသမီးသည် အတော်ကလေး ရင်းနှီးပုံရပါသည်။ သူမသည် ဆိုင်ရှင်ထံသွား၍ လက်ဟန်ခြေဟန်ဖြင့် စကားပြောနေပါသည်။ ထို့နောက် ဆိုင်ရှင်သည် ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်သည်ကို တွေ့ရပါသည်။

အမျိုးသမီးက ကျွန်ုပ်တို့ထံ ပြန်လာရင်း-

'ကျွန်မ ဆေးကုရင် တည်းတဲ့ အိမ်ကပါ။ သိပ်သဘောကောင်းပါတယ်။ မုန့်ဟင်းခါးချက်လည်း ကောင်းတယ်။ ကြွကြပါရှင်။ မုန့်ဟင်းခါးသုံးဆောင်ကြရအောင်'

ကျွန်ုပ်တို့သည် ဗိုက်ဆာနေပြီဖြစ်၍ နှစ်ခါမခေါ်ရဘဲ လှည်းပေါ်မှဆင်းကာ မုန့်ဟင်းခါးဆိုင်သို့ သွားကြပြီး မုန့်ဟင်းခါး စားကြပါသည်။

ကျွန်ုပ်က မုန့်ဟင်းခါးစားရင်း မေးလိုက်ပါသည်။

'မုန့်ဟင်းခါးရောင်းတဲ့သူက နားလေးသလား'

'မုန့်ဟင်းခါးရောင်းတဲ့သူက နားလေးရုံတင်မကဘူး။ လုံးဝကို နားမကြားတာပါ။ သူတင်မကဘူး၊ တစ်ရွာလုံး နားပင်းကြပါတယ်။ ဒါကြောင့် စောစောက လက်ဟန်ခြေဟန်နဲ့ စကားပြောတာပေါ့'

မုန့်ဟင်းခါးဆိုင်ရှင်က အမျိုးသမီးကို လက်ဟန်ခြေဟန်ဖြင့် စကားပြောပြန်ပါသည်။

အမျိုးသမီးက ကျွန်ုပ်တို့ဘက်သို့ လှည့်၍-

'ကျွန်မကို ဇာတ်ဆရာက လာခေါ်မယ်လို့ ပြောတာပါ'

www.burmeseclassic.com

www.burmeseclassic.com

'နို့..သူတို့က တစ်ရွာလုံး နားမကြားဘူးဆိုတော့ ပွဲကြည့်တော့ရော ဆိုင်းသံတွေ၊ သီချင်းဆိုသံတွေ ဘယ်ကြားရတော့မလဲ'

'အဲဒါကတော့ သူတို့က မျက်လုံးက မြင်ရတယ်လေ။ မျက်စိနဲ့ကြည့်ပြီး ကျန်တာတွေကို ခံစားယူကြတာပေါ့'

ပုံပြင်ထဲတွင် ကြားဖူးသော နားထိုင်းတို့ ရွာသို့ ရောက်နေသလားဟု ထင်မြင်မိပါတော့သည်။

ထိုစဉ် လူတစ်ဦးသည် လူအုပ်ထဲမှ ထွက်လာပြီး မုန့်ဟင်းခါးဆိုင်သို့ ရောက်လာကာ လှည်းပေါ်လိုက်လာသော အမျိုးသမီးကို စကားပြောပါသည်။

အမျိုးသမီးက ကျွန်ုပ်တို့အား-

'ကဲ..ဇာတ်ဆရာ လာခေါ်နေပြီ။ ကျွန်မ လိုက်သွားတော့မယ်နော်။ လှည်းကြုံစီးရလို့ ကျေးဇူးတင်ပါတယ်'

ဇာတ်ဆရာနှင့် အမျိုးသမီးသည် ကျွန်ုပ်တို့ရှေ့မှ ပျောက်ကွယ်သွားပါသည်။ မကြာမီ ဇာတ်စင်ဆီမှ အပျိုတော် ကနေသော ဆိုင်းသံများကို ကြားရပါသည်။

ကျွန်ုပ်သည် နောက်သို့ လှည့်ကြည့်လိုက်သောအခါတွင် လှည်းသမားနှင့် မောင်လှမြင့်တို့သည် ဟောက်လျက် အိပ်ပျော်နေသည်ကို တွေ့ရပါတော့သည်။

ဤတွင်မှ ကျွန်ုပ်လည်း ညက တစ်မှေးမျှ မအိပ်ခဲ့ရသည်ကို သတိရကာ အိပ်ချင်စိတ် ပြင်းပြလာခဲ့ပြီး ပြင်းပြင်းထန်ထန် သမ်းဝေကာ မကြာမီ လှည်းပေါ်တွင် အိပ်ပျော်သွားပါတော့သည်။

(၃)

ကျွန်ုပ် အိပ်ရာမှ နိုးလာသောအခါ သန်းခေါင်ကျော်နေပြီ ဖြစ်ပါသည်။ နွားများသည် မည်သူကမျှ မမောင်းနှင်ရဘဲ လှည်းလမ်းကြောင်းအတိုင်း မြို့ဘက်သို့ သွားနေသည်ကို တွေ့ရပါသည်။ လှည်းသမားနှင့် မောင်လှမြင့်တို့သည် အိပ်ပျော်နေဆဲ ဖြစ်ပါသည်။

ကျွန်ုပ်နောက်သို့ လှည့်ကြည့်လိုက်သောအခါ စောစောက တွေ့ခဲ့ရသော စေတီကလေးကိုလည်းကောင်း၊ ဇာတ်ပွဲကိုလည်းကောင်း၊ ပွဲဈေးတန်းကိုလည်းကောင်း၊ လူအုပ်ကြီးကိုလည်းကောင်း လုံးဝမတွေ့ရတော့ပါ။ တစ်လောကလုံး နှင်းများ ထူထပ်စွာ ကျဆင်းနေသည်ကိုသာ တွေ့ရပါသည်။

ကျွန်ုပ်က လှည်းသမားနှင့် မောင်လှမြင့်ကို နှိုး...
ပါသည်။

မောင်လှမြင့်သည် အိပ်ပျော်နေရာမှ လန့်ဖျပ်နိုး...
ပြီး-

'ကျွန်တော်တို့ ဘယ်ကိုရောက်နေတာလဲ'

'စိတ်အေးအေးထား၊ မြို့ကို ရောက်တော့မယ်'

ပတ်ဝန်းကျင်တွင် မှောင်ကြီးကျနေ၏။ ကြယ်ရော...
အလင်းရောင်ဖြင့် လှည်းလမ်းကို ဖျပ်ဖျပ်ကလေးမြင်ရ...
မကြာမီ လထွက်တော့မည် ဖြစ်လေသည်။

လှည်းသမားက-

'အံ့သြဖို့ ကောင်းလိုက်တာ။ ကျွန်တော်လည်း ...
အရပ်သားပါပဲ။ အရင်က ဒီနေရာမှာ ရွာလည်း မရှိ...
ဘူး။ ဘုရားလည်း မရှိပါဘူး။ ဘာဖြစ်တာပါလိမ့်'

'တို့တော့ ကျတ်တွေ ဖန်ဆင်းပြလိုက်တဲ့ နေရာ...
ရောက်ခဲ့ပြီ ထင်တယ်'

'ဒီလိုဆို ကျွန်တော်တို့စားခဲ့တဲ့ မုန့်ဟင်းခါးတွေ...'

ထိုအခါမှ ကျွန်ုပ်တို့သည် လှည်းကို အမြန်ရပ်...
လှည်းပေါ်မှ ဆင်းပြေးကြကာ လှည်းလမ်းဘေးတွင်ထိုင်...
ပြီး အန်ကြပါတော့သည်။

သုံးယောက်သား အန်လို့ပြီးသောအခါ ရင်ထဲတွင်...
ပေါ့သွားသလို ခံစားရပြီး ကျွန်ုပ်က-

'အင်း..ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်...
ကဲ..ခရီးဆက်ကြစို့ကွာ'

ကျွန်ုပ်တို့သည် လှည်းကို ဆက်လက်မောင်းနှင်လာ...
ကြရာ မကြာမီအချိန်အတွင်း လေးမျက်နှာမြို့နယ်ရုံး...
ရောက်ရှိကြပါတော့သည်။

ရောက်လျှင်ရောက်ချင်း လှည်းသမားသည် ကျွန်...
တို့အား ချထားခဲ့ကာ နှုတ်ဆက်ပြီး ပြန်သွားပါသည်။

ရုံးသို့ ရောက်သောအခါ နံနက်(၄)နာရီထိုးနေပြီ...
လေသည်။ ရုံးအတွင်းမှ ရုံးစောင့်ကြီးဦးတင်အောင် ဘု...
ရှိခိုးနေသံကို ကြားရပါသည်။

ကျွန်ုပ်တို့ရောက်လာသည်ကို သိသောအခါ တံ...
ဖွင့်ပေးပြီး-

'ဆရာတို့..ကြာလိုက်တာ။ ဘယ်လိုဖြစ်နေ...
လဲ'

'မပြောချင်တော့ပါဘူးဗျာ။ ကိုင်းလာကြီးထဲ...

www.burmeseclassic.com

လှည်းဖြတ်မောင်းနေတုန်း အမျိုးသမီးတစ်ယောက် ပေါ်လာပြီး လှည်းကြုံလိုက်လာတယ်။ လမ်းမှာ ဘုရားပွဲတစ်ခု တွေ့တယ်။ ဇာတ်ပွဲလည်း ပါတယ်။ အဲဒီဇာတ်ပွဲမှာ က,ရမယ်လို့ အဲဒီအမျိုးသမီးက ပြောတာပဲ။ ကျွန်တော်တို့ သူကျွေးတဲ့ မုန့်ဟင်းခါးတွေတောင် စားလာသေးတယ်'

ဦးတင်အောင်က-

'ကျွတ်··ကျွတ်···ဖြစ်မှ ဖြစ်ရလေ။ ဆရာတို့ ကျုတ်နားပင်းတွေ နေတဲ့နေရာ ရောက်ခဲ့ကြတာပဲ။ အဲဒီကျုတ်တွေက နားပင်းနေတာ ဆရာရဲ့။ တစ်ရွာလုံးပဲ။ ဆရာတို့တွေ့ခဲ့တဲ့ အမျိုးသမီးက ဧကန္တတော့ မနှစ်က ပွဲကလာရင်း ကားမှောက်လို့ သေသွားတဲ့ အမျိုးသမီးဖြစ်ရမယ်။ ဇာတ်ပွဲက တခြားရွာကို ပွဲကူးတာ လမ်းမှာ ကားမှောက်လို့ ရှေ့ခန်းမှာ စီးလာတဲ့ ဇာတ်ဆရာနဲ့ ခေါင်းဆောင်မင်းသမီးက အဲဒီရွာနားမှာ ပွဲချင်းပြီး သေသွားကြတယ်'

'အဲဒီမှာ ကားလမ်းမရှိဘဲနဲ့ ဘယ်လိုလုပ် ကားမှောက်တာလဲ'

'ဆရာတို့ အခုလာခဲ့တဲ့ ဖြတ်လမ်းကပဲ ကားသွားတာလေ။ သွားနေကျမဟုတ်တော့ ကားက ချိုင့်တစ်ခုကို နင်းမိပြီး မှောက်သွားတာ'

'ဩော်··ဩော်'

'အဲဒီမင်းသမီးနဲ့ သူ့ဇာတ်ဆရာနဲ့ နှစ်ယောက်သေတယ်လို့ ကြားတာပဲ။ သူတို့လည်း မကျွတ်ဘူးနဲ့ တူပါတယ်ဗျာ။ ကျုတ်ဖြစ်ပြီး မူလကရှိတဲ့ ကျုတ်နားပင်းတွေနဲ့ ပေါင်းမိသွားတယ်နဲ့ တူပါရဲ့'

'အင်း·· ကျုပ်ကတော့ ကျုတ်နားပင်းတို့ ရွာကို ရောက်ခဲ့တဲ့ အတွေ့အကြုံတစ်ခု ရသွားတာပေါ့။ နောင်တစ်ချိန် အငြိမ်းစားယူလို့ စာရေးတဲ့အခါကျတော့ ထည့်ရေးရတာပေါ့'

မကြာမီ ဟသ်ာတမှ လွှတ်လိုက်သော ရုံးကားရောက်လာပြီး ကျွန်ုပ်အား ခေါ်ယူကာ ကျွန်ုပ်သွားရောက်ရမည့် အင်္ဂပူမြို့နယ်သို့ ဦးတည်၍ ထွက်ခွာလာခဲ့ကြပါတော့သည်။

**မင်းသန့်ကျော်(ဖိုးကုန်း)**


**ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်**

Ph.D (Hon - Doctor of Astrology)

**[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]**

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

**အခန်း၊(၄)၊ အနောက်ဘက်မုခ်၊ မြသော့နစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့၊ ၀၉ ၅၁၀ ၇၅၁ ၂၇**



**ဒေါက်တာယတြာစေဒီ**

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်···

**ကြိုတင်**

**ရက်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အမှတ်(၆၆)၊ အခန်း၊(၄)၊ ဒုတိယထပ်၊ တုန်ရေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**


www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျွန်ုပ်၏ ရည်းစားဦးလည်းဟုတ်၊ အချစ်ရဆုံးသူလည်းဖြစ်သော ဗမာမလေးနှင့် သေကွဲကွဲခဲ့ရလေပြီးသည့်နောက် ရွာတွင် လုံးဝမနေလိုတော့ပါ။

သို့ဖြစ်၍ ကျွန်ုပ်၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ဟင်္သာလင်းမြို့နယ်၊ ရေလဲ (မြင်သာ)ရွာမှ အပြီးအပိုင် စွန့်ခွာခဲ့ကာ ဝန်ထမ်းလောကထဲသို့ ဝင်ရောက်ခဲ့ရပါလေတော့သည်။

ဝန်ထမ်းဘဝသို့ ရောက်ရှိသွားရသည့်အခါ ထား... နေ စေရာသွား ဘဝဖြင့် ကျင်လည်ခဲ့ရပါတော့သည်။

ဦးစွာပထမ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့တွင် (၁၀)နှ... လောက် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုမှတစ်ဖန် ... ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့တွင် (၅)နှစ်၊ ၄င်းမှ ရ... ပြည်နယ်၊ ရသေ့တောင်မြို့တွင် (၅)နှစ် တာဝန်ထ... ဆောင်ရပြန်သည်။ စုစုပေါင်းနှစ်(၂၀)လောက် ကြာ... သောအခါမှ ယခု ဖောင်းပြင်မြို့တွင် တာဝန်ထမ်းဆော... ရန် ဖြစ်လာရတော့သည်။ ဖောင်းပြင်မြို့သည် ကျွန်ုပ်... ရွာနှင့် နေ့ဝက်ခရီး မရှိတရှိလောက် စက်လှေစီးပြီး သွား... ရုံလောက်နှင့် ရောက်နိုင်ပါတော့သည်။

ဆိုလိုချင်သည်မှာ ဇာတိချက်ကြွေ မွေးရပ်မြေနဲ့ ... ပေါင်း(၂၀)လောက် ကင်းကွာခဲ့ရပြီးကာမှ ယခုမှ ... လည်ရောက်ရှိခဲ့ရခြင်း ဖြစ်ပါသည်။ ဖောင်းပြင်မြို့... ပြောင်းရွှေ့မိန့်ထွက်ပြီး သင်္ဘောတစ်တန်၊ လေယာဉ်တ... တန် ရထား,ကား အစရှိသည်ဖြင့် ပြန်လာခဲ့ရစဉ် ခ... တစ်လျှောက် တစ်ရက်ပြီးတစ်ရက် ရွာနဲ့ ပြန်လည်နီးကပ်... လာရသည်ဖြစ်၍ စိတ်ထဲမှာ ကြည်နူးမိခဲ့... သည်မှာ အခါခါပါ။ ဆွေရိပ်မျိုး... ရှိရာ အရပ်ဆီသို့ အပြန်ခရီး... ပေပဲ မည်သူကရော ဝ... မသာဘဲ ရှိနိုင်ပါ့မလဲ...



# ရွာအပြန်ည ဂမ္ဘီရ

## ချစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖောင်းပြင်မြို့ကို ရောက်ရောက်ချင်း ခွင့်တစ်ပတ်လောက်ယူပြီး ကြံ့ရာလိုင်းစက်လှေနှင့် ရွာရှိရာ အရပ်ဆီကို ပြန်ခဲ့ပါတော့တယ်။ လိုင်းစက်လှေပေါ်မှာ ပါလာတဲ့ ခရီးသည်အချို့က ကျွန်ုပ်ကို ကွက်ကြည့်၊ကွက်ကြည့်နဲ့ လုပ်သူတွေကလည်း ပါကြသေးတယ်။ မြင်ဖူးသလိုလို ရှိတယ်အထင်နဲ့ ကြည့်ကြတော့တာပဲ ဖြစ်မှာပါ။ နှစ်ပေါင်း(၂၀)ဆိုတဲ့ ကာလတစ်ခုဟာ နည်းတာမှမဟုတ်ဘဲ။ တော်ရုံတန်ရုံ ဘယ်မှတ်မိနိုင်ပါ့မလဲ။ ထားပါတော့။

လိုင်းစက်လှေကတော့ဖြင့် တစ်ရွာပြီးတစ်ရွာနဲ့ ချင်းတွင်းမြစ်ကြောင်းအတိုင်း ဆန်တက်လို့ လာနေပါတယ်။ မင်းယား၊ တုံဟဲ၊ နောင်ဆန်းကျင်ရွာ အဲလိုမျိုးပေါ့။ ရောက်တဲ့ရွာတိုင်းမှာ ခရီးသည်တွေက တက်သူတက် ဆင်းသူတွေဆင်း အဲလိုမျိုးပေါ့။

နောင်ဆန်းကျင်ရွာက ထွက်လာတော့ ဆီးပင်သာရွာကို ရောက်တယ်။ ဆီးပင်သာရွာကို ကျော်လာပြီး မယ်ဇလီရွာကိုလည်းရောက်ရော စက်ပျက်ပြီး ခရီးဆက်လို့ မရတော့ဘူး။ စက်ပြင်ဆရာကလည်း အစွမ်းကုန် ကြိုးစားပြီး ပြင်ပေးနေတာပါပဲ။ ရွာပေါ်တက်ပြီး လိုအပ်တဲ့ စက်ပစ္စည်းတွေ ဝယ်တယ်၊ တပ်တယ်၊ ပြင်တယ်။ မရတဲ့ အဆုံး နောင်ဆန်းရွာအထိ ချော်တယ်တစ်စင်း ငှားပြီး လိုအပ်တဲ့ စက်ပစ္စည်းတွေ သွားဝယ်လာပြန်တယ်။ ဒါပေမဲ့ ပြင်လို့ကို မကောင်းနိုင်ပါဘူး။ အချို့ခရီးသည်တွေ စက်လှေလိုင်းပြောင်းပြီး စီးသူတွေက စီးနေကြပြီ။

ကျွန်ုပ်ကတော့ မစီးတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီမယ်ဇလီရွာနှင့် ကျွန်ုပ်ရဲ့ရွာဆိုတာက ဘယ်လောက်မှ ဝေးတော့တာမှ မဟုတ်ဘဲ။ ကျွန်ုပ်ငယ်စဉ်အခါက ဒီလမ်းနှင့် ဒီခရီးကို ချောင်းပေါက်မတတ် သွားခဲ့ဖူးတဲ့ နေရာတွေပဲ။ ဒါကြောင့် စက်လှေပေါ် ပြင်ဆင်းသွားပြီး ပါလာတဲ့ လက်ဆွဲအိတ်ကို ယူလိုက်တယ်။ ပြီးရင် ကျောပိုးအိတ်လို ပိုးနိုင်အောင် ကြိုးတွေကို ပြင်ဆင်ပြီး ကျောမှာ ပိုးလိုက်တယ်။ ပြီးတော့ မြစ်ကမ်းဘေးက လူသွားလမ်းအတိုင်း တစ်ကိုယ်တော် ခရီးထွက်ခဲ့တော့တာပေါ့။

ဒီလမ်းခရီးမှာ ကြောက်စရာ သားရဲတိရစ္ဆာန်တွေလည်း မရှိဘူး။ မှားစရာ လမ်းကြောင်းကလည်း မရှိဘူး။ ကုန်ကုန်ပြောရရင် ညကြီးသန်းခေါင်မှာတောင် မျက်စိမှိတ်ပြီး သွားလို့တဲ့ခရီးပါ။ နည်းနည်းတော့ ပိုပြီးရေးမိတော့ ပေါ့ဗျာ။ ခွင့်လွှတ်နားလည်ပေးပါ။ ရွာအပြန်ခရီးဆိုတော့ အပျော်လွန်ပြီး ရေးမိတာပါ။ ဘာပဲပြောပြော ဒီလမ်း ဒီခရီးဆိုတာတော့ ပြောခဲ့သလိုပါပဲ။ ကျွန်ုပ်အတွက်တော့ ထမင်းစားရေသောက်ပါ။ ခရီးအကွာအဝေး လည်း (၂)နာရီတောင် မရှိချင်ပါဘူး။

ထွက်လာပြီး မကြာပါဘူး၊ မယ်ဇလီရွာနှင့် ရေလဲ ရွာ အကြားမှာရှိနေတဲ့ နောင်ဂရောင်းချောင်းကိုရောက်ပြီ။ တံတားက ဝါးတံတားလေး ထိုးထားတယ်။ ခုတော့ သစ်သားတံတားလေး ခင်းထားလေရဲ့။ ကျွန်ုပ် ငယ်စဉ်အခါကဆိုရင် ဒီချောင်းထဲမှာ ကျွန်ုပ်ရဲ့ကျွဲတွေကို မောင်းလာ ပြီး ရေလာစိမ်ခိုင်းနေကျချောင်းပေါ့။ ကျုပ်ကတော့ ရေလဲ ရွာဘယ်ခြမ်းက ကုန်းပေါ်မှာရှိနေတဲ့ ဆီးသီးပင်အောက် တွေမှာ ထိုင်ပြီး ဆီးသီးတွေကောက်ပြီး စားတာပေါ့။ အိမ်က ထွက်လာကတည်းက ဆားနှင့် ငရုတ်သီးမှုန့်တွေ က အသင့်ယူလာတာလေ။

တစ်ခါတစ်ရံ အခြားကျွဲရှာလာတဲ့ သူငယ်ချင်းလေး ငါးယောက်အထိ ဆုံပြီး ဆီးသီးတွေ ကောက်စားပေါ့။ နေအတော်လေးစောင်းမှ ကျွဲတွေကိုမောင်းပြီး ရွာကို ပြန် နေကျ ဆိုပါတော့။

ချောင်းတစ်ဖက်ကမ်း ကူးလာပြီး ကုန်းပေါ်ကို တက် လာတော့ ကျွန်ုပ် ငယ်စဉ်အခါကတည်းက ရှိနေခဲ့တဲ့ ကုက္ကိုပင်ကြီးလည်း ရှိနေသေးတယ်။ ဆီးပင်တွေလည်း ရှိနေဆဲပါပဲလား။

အချိန်ကတော့ တဖြည်းဖြည်းနဲ့ မှောင်စပြုလာပါပြီ။ ဒါပေမဲ့ ကျွန်ုပ် ခဏတစ်ဖြုတ်လောက်တော့ နားချင်သေး တယ်။ ဒီနေရာတစ်လျှောက်မှာ ကျွန်ုပ် ငယ်စဉ်အခါက ကျင်လည်ကျက်စားခဲ့ရတဲ့ နေရာဆိုတော့ လွမ်းသလိုလို ဆွေးသလိုလိုနဲ့ ဖြစ်လာတာလည်း ပါတာပေါ့လေ။ ဒါ ကြောင့် ကျွန်ုပ်ငယ်စဉ်အခါက ထိုင်ပြီး ဆီးသီးတွေ စား ခဲ့ဖူးတဲ့ နေရာလေးမှာ ခဏထိုင်လိုက်တယ်။ ရွာကိုတော့ ဘယ်အချိန်ပြန်ပြန် ရောက်ပါတယ်။

ပြီးတော့ ချောင်းထဲကိုကြည့်လိုက်တော့ ပုရစ်ချောင်း မဟုတ်တော့ဘူး။ ချင်းတွင်းမြစ်ကြီး ဖြစ်နေတာကို တွေ့ လိုက်ရတယ်။ ကျွန်ုပ် ကြိုတင်ပြီး သတင်းရထားပြီးသား ပါ။ တကယ်တော့ ကျွန်ုပ်ရှိခဲ့စဉ်က ရေလဲ(ပြင်သာ)ရွာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာက ပုရစ်ချောင်းကမ်းဘေးက ရွာကလေး တစ်ရွာ ရှိသာပါ။ အဲဒီပုရစ်ချောင်းကလေးထဲက ရေကိုပဲ သောက်သုံးပြီး ကြီးပြင်းခဲ့ရတာပါ။ နွေအခါမှာ ရေအနက်ခုံးဆိုလို့ ခါးလယ်သာသာလောက်ပဲ ရှိခဲ့တာပါ။

ချင်းတွင်းမြစ်ဆိုတာက ကျွန်ုပ်တို့ရွာရဲ့မြောက်ဘက် (၅)မိုင်လောက်အကွာကနေပြီး စီးဆင်းနေခဲ့တာပါ။ နောင်သောအခါမှ ချင်းတွင်းမြစ်ကြီးက ရေစီးကြောင်းတွေ ပြောင်းလာပြီး ကျွန်ုပ်တို့ရွာက သောက်သုံးနေခဲ့တဲ့ ပုရစ်ချောင်းကို ဝါးမျိုလို့ ခုတော့ ပုရစ်ချောင်းပျောက်ပြီး ချင်းတွင်းမြစ်ကြီး ဖြစ်သွားရတာပါ။ ဒီအကြောင်းအရာတွေကို ဖောင်းပြင်ရောက်ပြီး မကြာပါဘူး၊ အခြားသူတွေပြောလို့ သိခဲ့ရပြီးပါပြီ။

ဘာပဲဖြစ်ဖြစ် အဲဒီပုရစ်ချောင်းကလေး ရှိခဲ့စဉ်အခါက ကျွန်ုပ်ရဲ့ ငယ်ချစ်ဟောင်းကလေးရဲ့ အကြောင်းများကို ပြန်ပြောင်းလို့ မြင်ယောင်လာခဲ့စေရပါတော့တယ်။

♦ ♦ ♦

ကျွန်ုပ် ငယ်စဉ်အခါက ကျွန်ုပ်တို့ အရပ်ဒေသဆိုတာက လုပ်စားကိုင်စားစရာ မြေကွက်တွေက တစ်အားကို ပေါခဲ့တာပါ။ လယ်မြေတွေဆိုလည်း လယ်မြေတွေ အလျှောက်၊ ကုန်းခင်းတွေကလည်း ရှိတယ်။ သစ်တောတွေကိုသာ ခုတ်ထွင်နိုင်မယ် ဆိုလို့ကတော့ လူတိုင်း အိမ်တိုင်းမှာ မြေပိုင်အခင်းပိုင် မရှိစရာ အကြောင်းမရှိပါ။

ဒါ့အပြင် ကျွန်ုပ်တို့ရွာရဲ့ မြောက်ဘက်အခြမ်းဆိုရင် မြေနိမ့်လွင်ပြင်ကြီးပါ။ ပုရစ်ချောင်းကတော့ ကျွန်ုပ်တို့ရွာနဲ့ ကပ်ပြီး စီးဆင်းနေတာပါ။ အရှေ့ကနေ အနောက်အရပ်ကို တည့်မတ်စွာနဲ့ စီးနေတာပါ။ ပြီးမှ သူက အခုကျွန်ုပ်ထိုင်နေတဲ့ နောင်ဂရောင်းချောင်းနဲ့ပေါင်းပြီး ချင်းတွင်းမြစ်ထဲ စီးဝင်သွားရခြင်းပါပဲ။

အဲဒီရွာနဲ့ ကပ်ပြီးစီးဆင်းနေတဲ့ ပုရစ်ချောင်းကို ကျော်လိုက်တာနဲ့ ခုနကပြောခဲ့တဲ့ မြေနိမ့်လွင်ပြင်ကြီးက တစ်မျှော်တစ်ခေါ်ကြီးကို ရှိခဲ့တာပါ။ မိုးအခါ ရောက်ပြီဆိုတာနဲ့ ချင်းတွင်းမြစ်ကြီးက ရေလျှံလာပြီ။ မိုးရာသီကုန်ဆုံးလို့ ရေပြန်အကျမှာတော့ ချင်းတွင်းမြစ်ရေစီးကြောင်းနဲ့အတူ ပါလာတဲ့ နုန်းမြေတွေဟာ အဲဒီမြေနိမ့်လွင်ပြင်မှာတင်ပြီး ကျန်နေခဲ့တော့တာပေါ့။ အဲဒီနေရာတစ်လျှောက်ကို ကျေးရွာလူကြီးတွေနဲ့ ညှိနှိုင်းအကွက်ချပြီး ရွာသူရွာသားတွေက စိုက်ပျိုးကြတယ်။

အထူးသဖြင့် မြေပဲတွေကို စိုက်ပျိုးကြတယ်။ ကာလတွေ ကြာလာတာနဲ့အမျှ အောက်ပြည်အောက်ရွာလို့ခေါ်တဲ့ မုံရွာတစ်လျှောက် ဗမာလူမျိုးတွေလည်း လာပြီး မြေပဲတွေ ခွတ်ကြတယ်။ တချို့ကျတော့ မြေပိုင် အခင်းပိုင် ဖြစ်ပြီး မပြန်တဲ့သူတွေ ရှိလာတယ်။ ကျွန်းတွေပေါ်မှာ ခြေတံရှည် တဲအိမ်အကြီးကြီးတွေဆောက်ပြီး နေထိုင်ကြတယ်။ တဖြည်းဖြည်းနဲ့ အိမ်တွေ များလာတဲ့အခါ ရွာတစ်ရွာလို ဖြစ်လာတယ်။

တစ်ခါမှာတော့ မိသားစုတစ်စုက မြေပဲနုတ်ဖို့ ကျွန်ုပ်တို့ရွာကို ရောက်လာတယ်။ မုံရွာမြို့နယ်ထဲကလို့ သိရပြီး သူတို့မှာ သမီးပျိုတစ်ယောက်လည်း ပါလာတယ်။ ကျွန်ုပ်နှင့်က အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းပါပဲ။ ကျွန်ုပ်က လူပျိုပေါက်ဆိုတော့ သူလည်း အပျိုပေါက်ပေါ့။ အသားက နည်းနည်းတော့ ညိုချောလိုပဲ မြင်ခဲ့မိပါတယ်။

သူတို့မိသားစုတွေနဲ့အတူ အခြားသော လက်ခစားလိုက်မယ့်သူတွေလည်း ရွာထဲမှာ ဒင်းကြမ်းပြည့်နေတာပါပဲ။ ဒါပေမဲ့ ကျွန်ုပ်တို့ရွာမှာ ရှိနေကြတဲ့ လူပျိုပေါက်လူပျိုသိုးတွေကတော့ဖြင့် သူတို့မိသားစု တည်းခိုရာ အိမ်ကိုပဲ အဓိကထားပြီး သွားရောက်လည်ပတ်ကြတယ်။ အမှန်က သွားပြီး နောက်ပိုးပိုးကြခြင်းပါပဲ။ လုပ်ငန်းခွင်ထဲ မဝင်ခင်ကတည်းကသွားပြီး နောက်ပိုးပိုးနေကြတာမှာ လုပ်ငန်းခွင်ထဲ ရောက်သွားတော့မှ နည်းနည်းလေး မျက်စိအရှုပ်သက်သာသွားရတာပါ။ လုပ်ငန်းခွင်ထဲ ဆင်းပြီဆိုတာနဲ့ မြေပဲခင်းထဲမှာ တဲအကြီးကြီးတွေထိုးပြီး သွားနေကြရတာက များတယ်လေ။

အဲဒီလို ရွာထဲမှာရှိနေစဉ် လူတကာက ညစဉ်ညတိုင်းလိုလိုသွားပြီး နောက်ပိုးပိုးခဲ့ကြစဉ်အခါက ကျွန်ုပ်က လူတောမတိုးဝံ့တာနဲ့ သိပ်ပြီးမရောက်ဖြစ်ခဲ့ပါဘူး။ ချစ်မိနေတာကတော့ဖြင့် တစ်ပိုင်းကို သေလို့ပါ။ ဒါပေမဲ့ အတွေ့အကြုံမရှိတာကတစ်မျိုး၊ လက်ရဲဇက်ရဲ မနိုင်တာကလည်း ပါနေဆိုတော့ လူတကာကို မနာလိုဖြစ်ခဲ့ရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်ခဲ့ပါဘူး။ တတ်နိုင်တာကအဲဒီညိုချောမလေး ဘယ်သူ့ကိုမှ မချစ်မိပါစေနဲ့။ ကျွန်ုပ်က လွဲရင်ပေါ့ဆိုပြီး ဆုတောင်းတာပဲ တတ်နိုင်တယ်။

အဲ..လုပ်ငန်းခွင်က တဲတွေမှာတော့ သူတို့နဲ့ ကျွန်ုပ်

www.burmeseclassic.com

တို့တဲ့က သိပ်မဝေးလှပါဘူး။ မြေပဲခင်းဘေးနားမှာ အင်းတစ်အင်းရှိတယ်။ နေညိုချိန် ရေချိုးရေခပ် ဆင်းကြတိုင်းတော့ သူနဲ့ကျွန်ုပ်က မလှမ်းမကမ်းကနေပြီး အမြဲတမ်းမြင်တွေ့နေရတယ်။ မြင်တွေ့နေရလည်း ဘာမှမလုပ်တတ်ပါဘူး။ ခုလိုမြင်တွေ့နေရင်ပဲ ကြည်နူးကျေနပ်နေရတာပါ။ သွားပြောမိပြီး တစ်ခုခုဖြစ်လာရင်ဆိုတဲ့အတွေးက ရင်ထဲမှာလာပြီး ခြောက်လှန့်နေတယ်။

◆◆◆

တစ်နေ့တော့ စန်းရွှေဆိုတဲ့လူတစ်ယောက်က ကျွန်ုပ်ဆီ ရောက်လာတယ်။ သူနဲ့ကျွန်ုပ်က အိမ်ချင်းကလည်းကပ်နေပြီး ကျွန်ုပ်ထက်တော့ အသက်ငယ်တာပေါ့။

အဲ..သူက ကျွန်ုပ်ကိုလာပြီး 'ကိုချစ်ဖေ..ခင်ဗျားဟိုဗမာမလေးကို မချစ်ဘူးလား'တဲ့။

ကျွန်ုပ်ကလည်း–

'ချစ်တာပေါ့၊ ဘယ်လိုပြောလိုက်ပါလိမ့်'

ပြောလိုက်တော့ သူက–

'ချစ်ရင် စာသာ ရေးလိုက်တော့။ သေချာပေါက်ခင်ဗျား ရကို ရစေရမယ်'တဲ့။

ကျွန်ုပ်က

'သေချာလှချည်လား'

ပြန်မေးတော့–

'သေချာဆို သူကိုယ်တိုင်က ခင်ဗျားကို ချစ်နေပြီးသားဗျ။ သူ့နာမည်က မိသင်းတဲ့။ ခင်ဗျားရဲ့ ချစ်ရေးဆိုလာမှုကို သူ စောင့်ရင်း၊စောင့်ရင်းနဲ့ ဘယ်သူ့ကိုမှ သူပြန်မချစ်ခဲ့ပါဘူး။ ခုချိန်ထိ ခင်ဗျားက သူ့ကို ချစ်ရေးဆိုမလာတော့ သူက မနေနိုင်တော့ဘူး။ အဲဒါနဲ့ပဲ သူကကျွန်တော့်ကိုခေါ်ပြီး ကြားထဲကနေ ကူလီကူမာလုပ်ပေးဖို့သင်ပေးတော့တာပေါ့။ သူကတော့ မသိဟန်ဆောင်နေမယ့် ဇာတ်ပါပဲ။ သူ့အနေနဲ့ ခင်ဗျားကို သေမလောက်ချစ်နေရပေမယ့် သူက မိန်းမသားလေ။ စပြီးတော့ ဘယ်ပြောရဲမှာလဲ။ ကဲပါလေ၊ ခင်ဗျားသဘောပေါက်ပါတယ်။ ရေးသာ ရေးလိုက်တော့'

အဲ့ပုန်းချစ် ဖြစ်နေရတဲ့ ကျွန်ုပ်ရဲ့ရင်ထဲမှာ ဘယ်လောက်အထိ ပျော်နေမလဲဆိုတာ ဖော်ပြ၊ ရေးပြ၊ စာဖွဲ့ပြလို့ မရနိုင်အောင်ပါဘဲ။

အဲ..ဇာတ်လမ်းကို ခပ်သွက်သွက်ကလေး ဆက်ရရင်ဖြင့် အဲလိုနည်းနဲ့ ကျွန်ုပ် ရှမ်းလူမျိုး မောင်ချစ်ဖေနဲ့ ဗမာမလေး မိသင်းတို့နှစ်ယောက် ချစ်သူရည်းစားဘဝကို ရောက်ခဲ့ကြရတော့တယ် ဆိုပါတော့။

လူတွေ လစ်ရင်လစ်သလို အချိန်ပေးရင် ပေးသလို ချိန်းကြ၊ တွေ့ကြ ဒီလိုပေါ့။ သူက ရှေ့နှစ်ခါ ပြန်လာရင် ဒီမှာပဲ အပြီးနေတော့မယ်တဲ့။ သူတို့မိသားစုအားလုံး ဒီမှာပဲ မြေပဲခင်းလုပ်စားပြီး နေကြတော့မယ်တဲ့။ ဒီအခါကျမှ ကျွန်ုပ်နဲ့ လက်ထပ်ဖို့ပြောတယ်။ ကျွန်ုပ်ကလည်း ဘာများ သဘောမတူစရာ ရှိမှာလဲ။ ဖြစ်နိုင်ရင် ခုတောင် မပြန်နိုင်းစေချင်တော့ပါဘူး။ တစ်ခါတည်း လက်ထပ်ပြီး ဒီမှာပဲ အတူနေချင်တော့တာပါ။ ဒါက ဖြစ်ချင်တဲ့ဆန္ဒပါ။ ဖြစ်နေရတဲ့ဘဝက ရှိသေးတယ်မဟုတ်လား။

◆◆◆

မြေပဲခင်းက ပြီးသွားပြီ။ ဒါကြောင့် ရွာပေါ်ကို ပြန်တက်ခဲ့ကြရပြီပေါ့။ တချို့လည်း တော်တော်နဲ့ ရွာပေါ် ပြန်မတက်သေးဘဲ မြေပဲခင်းထဲမှာ ကောက်သင်းကောက် နေကြသေးတယ်။ ကောက်သင်းကောက်တယ်လို့တော့ သွားပြီး အထင်မသေးလိုက်ပါနဲ့။ တစ်ရက်ကို အနည်းဆုံး (၈)ပြည်လောက်တော့ ရတယ်ဗျ။

အဲ..ချစ်သောမိသင်းတို့ မိသားစုလည်း ရွာပေါ်ကို တော်တော်နဲ့ ပြန်တက်မလာသေးပါဘူး။ မိုးဦးကတော့ ကျလာပြီ။ ဒါကြောင့် ရွာနဲ့ မြေပဲခင်း သွားလာနိုင်ဖို့ ဝါးတံတားလေးတောင်ထိုးထားရပြီ။ ရေချောင်းထဲမှာ ရေက လူတစ်ရပ်လောက် နက်နေပြီလေ။ ပြီးတော့ ရေစီးကသန်လွန်းလှပါတယ်။ မိုးရွာရင် ရွာသလိုပေါ့။ တစ်ခါတစ်ရံ တောင်ကျချောင်းရေလို ရေစီးက သန်လှပါတယ်။

ကျွန်ုပ်တို့ မိသားစုကတော့ ရွာပေါ်ကို ပြန်ရောက်နေပြီဆိုတော့ သူနဲ့တွေ့ဖို့ မလွယ်တော့ဘူး။ ဒါပေမဲ့ ဈေးလာဝယ်တဲ့အခါတော့ ခဏတစ်ဖြုတ် တွေ့ခွင့်က ရနေတာပေါ့။

ဒီလိုနဲ့ မိုးသည်းထန်စွာ ရွာသွန်းနေတဲ့ တစ်နေ့သောညနေမှာ သူ့မိဘနှစ်ပါးက ရွာပေါ်ကို ပြေးတက်လာကြတယ်။

သူတို့သမီး ဝါးတံတားပေါ်ကပြုတ်ကျပြီး ရေမျောပါသွားလို့တဲ့။

မိဘနှစ်ပါးစလုံးက ပဏ္ဍာမြေလူး ဖြစ်နေကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ရွာသားတွေလည်း အပြေးအလွှားသွားကြပါ တယ်။ ဒါပေမဲ့ ဘာများတတ်နိုင်မှာလဲ။ ဒီလောက်ရေစီး သန်နေတဲ့ချောင်းထဲ။ ဒါပေမဲ့ ဆင်းပြီးမှတော့ ရေငုပ်လို့ ရှာဖွေကြပါသေးတယ်။ ဒါပေမဲ့ အလောင်းကိုတောင် မရှာမတွေ့ခဲ့ပါဘူး။ ဒီတုန်းက ကျွန်ုပ်ရဲ့ရင်ထဲမှာ ဘယ် လိုတွေ ခံစားနေရမယ်ဆိုတာ အချစ်ရှိသူတိုင်း ခံစားပြီး နားလည်ပေးနိုင်ကြမှာပါ။

ကျွန်ုပ်လည်း အဲဒီကတည်းက ရွာမှာ နေလို့မရတော့ ပါဘူး။ ဆက်ပြီးနေရင် ရူးသွားနိုင်တယ်။ သူနဲ့ အတူသွား အတူလာခဲ့တဲ့ နေရာတွေကို မမြင်ချင်တော့ဘူးလေ။ မြင် နေရသမျှ ခံစားနေရဦးမှာမို့ပါ။ အဲဒါကြောင့် ဒီနယ်မြေ ကို စွန့်ခွာပြီး ဝန်ထမ်းလောကထဲ ရောက်သွားခဲ့ရခြင်းပါ။

အခု ကျွန်ုပ်ပြန်ရောက်ခဲ့တော့ တစ်ချိန်က ကျွန်ုပ်ရဲ့ ချစ်ဆုံးလေးကို ရက်စက်ခဲ့ဖူးတဲ့ ပုရစ်ချောင်းဆိုတာ မရှိတော့ဘူး။ ပုရစ်ချောင်း မရှိတော့ပေမယ့် ကျွန်ုပ်ရဲ့ အချစ်အကြောင်းတွေကတော့ဖြင့် ရှိနေဆဲပါ။

◆◆◆

ဟော..ဘာလိုလိုနဲ့ ည(၈)နာရီတောင် ထိုးနေပြီပဲ၊ ရွာကို ပြန်ဦးမှဆိုပြီး အထမှာတော့-

'ဟေး..သူငယ်ချင်း ချစ်ဖေ၊ မင်း ဒီကိုလာမယ်ဆို တာ ငါတို့ ကြိုသိပြီးသားကွ။ ဒါကြောင့် ငါတို့ ဒီမှာ လာပြီးစောင့်နေတာ။ ကဲ..အချိန်မရှိဘူး၊ ချောင်းထဲသွား ပြီး ပျော်ကြရအောင်' လို့ ခေါ်တယ်။

ကြည့်လိုက်တော့ သူငယ်ချင်း ကံလင်း၊ မောင်ဦး၊ မြင့်နှင့် ဖော်ကဲတို့ လေးယောက် ဖြစ်နေပါပေါ့လား။

ဒါနဲ့ ကျွန်ုပ်က ဝမ်းသာအားရနဲ့-

'မင်းတို့ကို ခုလို ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ။ ဒါပေမဲ့ ငါ ရွာပြန်လိုက်ဦးမယ်။ နောက်မှ တွေ့ကြတာ ပေါ့။ ဒါနဲ့ ဒီချောင်းထဲမှာ ဟိုတုန်းက ဘာမှမရှိခဲ့ဘဲနဲ့ ဘာကိုသွားပြီး ပျော်ရမှာလဲ'

မေးတော့-

'မင်း အဲဒါခက်တာပေါ့။ မင်း ရွာကထွက်သွားတာ နှစ်ပေါင်း(၂၀)လေကွာ။ အစစအရာရာက ပြောင်းလဲနေ ပြီ။ တခြားမကြည့်နဲ့၊ မင်းရှိခဲ့စဉ်အခါက ရှိခဲ့တဲ့ ပုရစ် ချောင်း အခုဘယ်မှာလဲ။ ဒီလိုပဲပေါ့ကွာ။ အရင်က ရှိခဲ့တဲ့ နေရာတွေဟာ ခုချိန်မှာ ရှိချင်မှ ရှိတော့မှာပေါ့။ အဲ.. အရင်က မရှိခဲ့တဲ့ ဟောဒီ နောင်ဂရောင်းချောင်းထဲမှာ လည်း အခုချိန်မှာ တစ်ခုခုရှိချင်ရှိနေမှာပေါ့။ ဘာပဲဖြစ် ဖြစ် ရွာကို ဘယ်အချိန်သွားသွား ရောက်ပါတယ်ကွာ။ လောလောဆယ် ငါတို့နဲ့ အတူပျော်ပါးဖို့ ချောင်းထဲကို သွားကြမယ်။ မင်း ဟိုအထဲရောက်ရင် ပိုပြီးပျော်သွားဦး မှာပါ။ ဘာကြောင့်လဲဆိုတော့ မင်းကို မျှော်နေသူ တစ် ယောက်က ရှိနေလို့ပဲ' လို့ ရှည်လျားစွာနဲ့ ပြောလာတယ်။

ဒီအခါ ကျွန်ုပ်ကလည်း သိပ်ပြီး တွေတွေထူးထူး မစဉ်းစားလိုတော့ဘဲ သူတို့ ခေါ်ရာနောက်ကို လိုက်ပါလာ ခဲ့ဖြစ်တော့သည်။ ချောင်းအတွင်းသို့ နားစွင့်လိုက်ရာ ဆိုင်း သံ ဗုံသံများကို စတင်ကြားလာရတော့သည်။ အံ့ဖွယ် ကောင်းလေစွ။ ယခင်အခါက ထိုအထဲတွင် ဘာဆိုဘာမှ မရှိခဲ့ပါ။ ပြောရလျှင် ကျဲ၊ နွားများပင် တိုး၍မပေါက် နိုင်လောက်အောင် ချုံနွယ်များဖြင့် ပိန်းပိတ်နေ၏။ ဆူး ချုံပင်၊ ကြိမ်တောပင်တွေနဲ့ ပြည့်ညပ်နေခဲ့သော နေရာ ဖြစ်သည်။

မည်သို့ဆိုစေ နှစ်ပေါင်း(၂၀)ကျော်ဆိုသော ကာလ မှာ သူတို့ပြောသလို ဖြစ်နိုင်၏။ ရှေ့ဆက်ပြီး ဝင်လာမိ သည်နှင့် လျှပ်စစ်မီးရောင်တွေကိုလည်း တွေ့မြင်လာရ၏။ ပွဲကနေကြခြင်းဖြစ်ကြောင်း ကျွန်ုပ် သိလိုက်ရပါတော့ သည်။ မကြာခင် ထိုနေရာသို့ ရောက်သောအခါ သစ်ခက် သစ်ရွက်များဖြင့် တင်ပြီးထိုးထားသော မဏ္ဍပ်ကို တွေ့ရ တော့သည်။ လူတွေကလည်း ကြက်ပျံမကျ စည်ကားလှ ပါဘိ။ ကျွန်ုပ် မြင်ခဲ့ဖူးသူဟူ၍ တစ်ယောက်မှ မပါပါ။

သူငယ်ချင်းများက ပွဲဈေးတန်း တစ်ပတ်၊ပတ်ရန် ပြောပြီး ခေါ်သဖြင့် ကျွန်ုပ်လည်း သူတို့နှင့်အတူ လိုက်ပါ ၍ ပတ်မိရတော့သည်။ သည်နေရာ သည်တစ်ဝိုက်တွင် ထိုကဲ့သို့ ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ် ဘယ်သောအခါမှ မတွေးခဲ့မိပါ။ ကျွန်ုပ် ငယ်စဉ်အခါကဆိုလျှင် ကျွန်ုပ်တို့ အရပ်ဒေသဆိုသည်မှာ လွန်စွာမှ ပွဲငတ်လှပါသည်။ ယခု တော့ ခြိမ့်ခြိမ့်သဲ စည်ကားနေ၍ များစွာမှ ဝမ်းသာပီတိ ဖြစ်မိရတော့သည်။

ပွဲဈေးတန်းတစ်လျှောက်တွင် စားသောက်ဆိုင်တွေက လည်း အမျိုးစုံလှသည်။ တစ်နေရာအရောက်တွင်မူ ကျွန်ုပ် အား စိုက်ကြည့်နေသော မိန်းကလေးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့သည်။ စားသောက်ဆိုင်

www.burmeseclassic.com

တစ်ခု၏ စားပွဲပေါ်တွင်ထိုင်ပြီး ကျွန်ုပ်အား ပြုံးပြုံးကြီး ကြည့်နေခြင်းဖြစ်သည်။ လျှပ်စစ်မီးအလင်းရောင်ကြောင့် သူမသည် ကျွန်ုပ်၏အချစ်ဦး မိသင်းဆိုသည်မှာ မှားစရာ အကြောင်းမရှိပါ။ သို့သော် သူမသည်ကား လွန်ခဲ့သော နှစ်နှစ်ဆယ်ကပင် သေဆုံးခဲ့ပြီ မဟုတ်လား။

ကျွန်ုပ် စဉ်းစားနေဆဲ-

'ဘာကြည့်နေတာလဲ အစ်ကိုရဲ့၊ လာလေ၊ ညီမ ဒီမှာ လာပြီးစောင့်နေတာ' ဆိုပြီး ပြောလာတယ်။

သူငယ်ချင်း မောင်ဦးကလည်း-

'ဟုတ်တယ်လေ၊ ဘာစဉ်းစားနေတာလဲ၊ သွားလေ' ဆိုပြီး တိုက်တွန်းလာတယ်။

ကျွန်ုပ် မစဉ်းစားတတ်တော့ပါ။ သူမ၏ မိဘများသည် ကျွန်ုပ်နှင့် သဘောမတူပါသဖြင့် ရေချောင်းထဲ ပြုတ်ကျပြီး သေဆုံးခဲ့ပြီဟု လိမ်ညာကာ ပြောဆိုခဲ့လေသလား။

'လာပါ အစ်ကိုရဲ့၊ မိသင်းလေး အနားကို၊ မိသင်းကို မချစ်တော့ဘူးလား'

ထိုအခါ ကျွန်ုပ်က သူ့အနား တိုးသွားပြီး-

'ဒါနဲ့ မိသင်းက သေခဲ့ပြီ မဟုတ်လား'

ဆိုပြီး မေးလိုက်တော့-

'ဘယ်လိုလုပ်ပြီး သေရမှာလဲ အစ်ကိုရယ်၊ မသေလို့ပဲ အခု တွေ့နေရပြီမဟုတ်လား'



ထိုအခါ သူငယ်ချင်း ကံလင်းက-

'ကဲ..ကဲ..ဆိုင်နောက်ဘက်ကို သွားကြမယ်ကွာ၊ ဒီမှာ လူမြင်ကွင်းကြီး ရှေ့မှာ အလွမ်းသယ်ပြနေလို့ မကောင်းဘူး'

ပြောပြီး သူတို့အားလုံးပါ ဆိုင်နောက်ဘက်ကို ထွက် သွားကြတယ်။ ကျွန်ုပ်တို့နှစ်ယောက်ပါ လိုက်သွားတော့ ဆိုင်ခန်းတွေရဲ့ နောက်ဘက်တွေမှာ ယမကာစားပွဲဝိုင်း လေးတွေနဲ့ပါလား။ အပြင်းကြိုက်သူက အရက်၊ အပျော့ ကြိုက်သူတွေကတော့ ထန်းရည်နဲ့ ဘီယာတွေ သောက်နေ ကြပုံရပါတယ်။

ကျွန်ုပ်တို့ကလည်း အများနည်းတူ စားပွဲဝိုင်းမှာဝင် ပြီး ထိုင်လိုက်ကြတယ်။ စားပွဲဝိုင်းကကြီးတော့ (၆) ယောက်စလုံး ဆံ့ပါတယ်။ ဇော်ကဲက-

'ကဲ..သူငယ်ချင်း၊ မင်းကြိုက်ရာကို မှာကွာ။ မင်း ကို ဦးစားပေးတယ်' ဆိုတော့ ကျွန်ုပ်က ထန်းရည်ဆိုပြီး ပြောတော့ သူတို့က မှာပေးတယ်။ အမြည်းတွေကလည်း စုံပါတယ်။ ဘူးသီးကြော်၊ ငါးပေါင်းကြော်၊ ကြက်သွန် ကြော်၊ အဲဒီအပြင် ရေကြက်ကြော်နှင့် ကြက်ကင်တွေပါ ပါတယ်။

ချစ်သာ မိသင်းကလည်း ကျွန်ုပ်ကို ပြန်တွေ့ရတာ ဝမ်းသာလို့ဆိုပြီး မိန်းကလေးတန်မဲ့နဲ့ ဝင်ပြီး သောက်နေ တယ်။ ကျွန်ုပ်က-

'မိသင်း သေပြီဆိုလို့ ကိုယ်လည်း ဒီမှာ မနေချင် တော့တာနဲ့ ရွာကနေ ထွက်သွားတာပါ'

'အစ်ကိုကလည်း..လောကကြီးမှာ သေတဲ့သတ္တဝါ ရယ်လို့ မရှိပါဘူး။ တစ်ဘဝပြီးတစ်ဘဝ ပြောင်းသွားတာ ပဲ ရှိတာပါနော်' တဲ့။

ကျွန်ုပ်အတွက်ကတော့ စဉ်းစားစရာကြီးပါ။ သူ့ စကားက ဟုတ်သလိုနဲ့ တစ်မျိုးကြီးလိုလိုပဲ။

ဒါပေမဲ့ သူငယ်ချင်း ငရှိန်ကလည်း-

'ဟုတ်တာပေါ့ ချစ်ဖေရဲ့၊ တစ်ရွာပြီးတစ်ရွာ ပြောင်း သွားရသလိုပဲ။ ကောင်းတဲ့ရွာ ရောက်သွားနိုင်သလို မကောင်းတဲ့ရွာလည်း ရောက်သွားနိုင်တယ်လေ'

သူငယ်ချင်း မောင်ဦးကလည်း-

'သူငယ်ချင်း.. ဟိုဟာ ဒီဟာတွေ လျှောက် လျှောက်တွေးမနေနဲ့။ ဟောဒီက ထန်းရည်ကို အပြ

www.burmeseclassic.com

www.burmeseclassic.com

ည့်ပြီး ဒီရေကြက်ကြော်နဲ့ မြည်းချလိုက်စမ်းပါ။ လောက ကြီးဟာ သာယာလှပနေကြောင်း မြင်တွေ့ရလိမ့်မယ်'

မိသင်းကလည်း-

'ဟုတ်တာပေါ့ ကိုကိုကလည်း၊ ညီမက ကိုကို့ကို မျှော်နေရတာ ကြာလှပေါ့။ ဒီတစ်ခါတော့ မခွဲကြေးပေါ့ နော်'

'အင်းပါ ညီမရဲ့၊ ဒါနဲ့ ညီမတို့ မိဘတွေကရော'

'သူတို့က ကျွန်းပေါ်မှာလေ'

'ဒီတစ်ခါတော့ အစ်ကိုနဲ့ သဘောတူပေးနိုင်မှာပါ နော်'

'လာပြန်ပြီ။ ဟိုတုန်းကလည်း သဘောတူခဲ့ပြီးသား ပါ။ ကဲ··ဒါတွေ လျှောက်ပြောမနေပါနဲ့'လို့ မျက်စောင်း ထိုးပြီး ပြောလာတယ်။ ကျွန်ုပ်က-

'ကံလင်းရေ··ငါ့အမေ နေကောင်းရဲ့လား။ ပြီးတော့ ငါ့ညီမတွေကရော'

မေးလိုက်တော့ ကံလင်းက-

'ဘာမှမပူနဲ့ သူငယ်ချင်း၊ မင်းအမေ ဒေါ်အုန်းညွှန့် နေကောင်းတယ်။ ဘုရားသွား ကျောင်းတက် မပျက်ဘူး။ မင်းညီမအကြီးဆုံး ရွှေရင်ကတော့ ထွန်းကြည်နဲ့ညားပြီး ကလေးတွေတောင် ရနေပြီ။ ခင်မေသိန်းလည်း အိမ် ထောင်ကျပြီ။ ကလေးတစ်ယောက်လည်း ရပြီ။ ခုတော့ ရွှေတွင်းထဲမှာ သွားအလုပ်လုပ်နေတယ်။ ခင်မေကြည် လည်း အိမ်ထောင်ကျပြီ။ သူကတော့ သူ့လင်ရှိရာ ကော ယားရွာကို လိုက်ပြီး သွားနေတယ်။ အငယ်ဆုံး ခင်မေရီ ကတော့ အိမ်ထောင်မကျသေးဘူး။ မင်းအမေနဲ့ အတူ နေတယ်'

'ဒါနဲ့ ငါ့ရဲ့ဘကြီး ဦးလူခင်ကြီးကရော'

'ရှိတယ်။ ဒါပေမဲ့ သူက လူပျိုခေါင်း မလုပ်တော့ ဘူး'

'ဘလေးထွန်းရရော'

'သူလည်း ရွာထဲမှာရှိတယ်'

'အရီးမြိုင်ရော'

'မင်းရဲ့ အရီးမြိုင်ကတော့ သူတို့မိသားစုအားလုံး စက်တောရွာဘက်ကို အပြီးပြောင်းသွားပြီကွ'

'ဘုန်းကြီးရော'

'အရင်ဘုန်းကြီးကတော့ ပျံလွန်တော်မူသွားပြီ။ အခု ဘုန်းကြီးက ဦးသာရတဲ့။ မင်း သိနိုင်ပါတယ်ကွာ။ ရွာ လယ်ပိုင်းက ရွှေမိုးရဲ့ညီကွ'

ကျွန်ုပ်တို့အဖွဲ့မှာ သောက်လိုက်စားလိုက်နှင့် စကား ကောင်းနေကြလေရာ ဇာတ်ပွဲမှာလည်း ဘာတွေကလို့ ဘာတွေဆိုနေမှန်းပင် မသိနိုင်တော့ပါ။ ပြောရလျှင် ဇာတ် ပွဲထက် ကျွန်ုပ်တို့ဝိုင်းက ပို၍ကောင်းနေသည် ထင်မှတ် ရသည်။

အမှန်တကယ်လည်း ကျွန်ုပ်အတွက်ကတော့ နယ် တကာကို ရောက်ခဲ့ဖူးလေရာ အဆိုပါ ဇာတ်ပွဲထက် များစွာမှကောင်းသော ဇာတ်ပွဲကို ကြည့်ခဲ့ဖူးသည်ဖြစ်၍ စိတ်ဝင်စားစရာ မရှိနိုင်ပါ။ ပြီးသောခါ ဘေးနားမှာက ချစ်ရသော ချစ်သူလေးက ရှိနေတော့ အရာအားလုံး ပြည့် စုံနေပြီ။

အာရုံကျင်း၍ အလင်းသို့ ရောက်ခါနီးနေပါပြီ။

သို့ဖြစ်၍ ကျွန်ုပ်က မိခင်ကိုလည်း အမြန်ဆုံး တွေ့ ချင်နေသေးသဖြင့်-

'ကဲ··သူငယ်ချင်းတို့ရေ၊ ငါ ရွာကို ပြန်လိုက်ဦးမယ်။ ဟိုလမ်းပေါ်အထိတော့ လိုက်ပို့ကြဦးကွာ။ ပြီးတော့မှ မင်းတို့ဘာသာ ဇာတ်ပွဲပြန်လာကြည့်ချင်လည်း ကြည့်ကြ ကွာ။ ငါ့အမေနဲ့ ငါ မတွေ့ရတာလည်း ကြာပြီဆိုတော့ ပြန်လိုက်ဦးမယ်'ဆိုတော့ သူတို့အားလုံးက သဘောတူ လက်ခံပေးကြတယ်။

ဒါကြောင့်လည်း သူငယ်ချင်းအားလုံးနဲ့အတူ ချစ် သော မိသင်းလေးကပါ လိုက်ပြီးပို့ရှာပါတယ်။ ဆီးပင် နေရာလောက်ရောက်တော့ ကျွန်ုပ်တစ်ယောက်တည်း ရွာ ကို ပြန်လို့ရပါပြီ။ လပြည့်ညဆိုတော့ လရဲ့အလင်းရောင် က သာချင်တိုင်း သာနေတာလေ။ ပြီးတော့ ရွာကို လှမ်း ပြီးကြည့်ရင်တောင် မြင်နေရတဲ့ဥစ္စာ။

ကျွန်ုပ် ထွက်လာပါတော့မယ်ဆိုတော့ ချစ်သော မိသင်းလေးက-

'အစ်ကို သွားတော့နော်။ နောက်မှ ပြန်တွေ့ကြတာ ပေါ့။ ဒီတစ်ခါ ပြန်တွေ့ရင်တော့ တစ်သက်မခွဲကြေးနော်' လို့ ခပ်ထွေထွေလေး အမှာပါးရှာတယ်။

'အင်းပါကွယ်၊ စိတ်ချပါ။ ကဲ··သွားပြီနော်'

ပြောပြီး ရွာရှိရာ အရပ်ဆီကို လှည်းလမ်းကြောင်း အတိုင်း ထွက်ဖြစ်ခဲ့တော့တယ်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com

လောက်ပြီ ထင်ရပါရဲ့။ မီးတွေ ထွန်းထားတာကို တွေ့ရလို့ပါ။

◆◆◆

ရွာထဲ ဝင်လာပြီး အိမ်ကိုရောက်တော့ အမေက ကျွန်ုပ်ကိုဖက်ပြီး ငိုရှာတယ်။ မသေကောင်း မပျောက်ကောင်း သားလေးရယ်တဲ့၊ အခုမှ ပြန်တွေ့ရတာတဲ့။ ဝမ်းသာတစ်ပိုင်း ဝမ်းနည်းတစ်ပိုင်းပေါ့။

"ဒါပေါ့ အမေရယ်..လောကကြီးမှာ ဖြစ်ချင်တိုင်းသာ ဖြစ်နေကြရရင် စိတ်ဆင်းရဲစရာဆိုတာ ဘယ်မှာရှိနိုင်ပါတော့မလဲ"

နောက်တော့ သားအမိတွေ စကားဖောင်ဖွဲ့နေအောင် ပြောဆိုဖြစ်ကြတယ်။

အမေက ရွှေရင်လည်း ထွန်းကြည်နဲ့ အိမ်ထောင်ကျနေကြောင်း၊ ရွာထဲမှာရှိကြောင်း၊ ခင်မေသိန်းလည်း အိမ်ထောင်ကျပြီး ခုတော့ ရွှေမြောထဲ ရောက်နေကြောင်း ပြောတော့ ကျွန်ုပ်က အဲဒါတွေအားလုံး သိခဲ့ရပြီဖြစ်ကြောင်း၊ မနေ့ ညနေက သူငယ်ချင်းတွေနဲ့ နောင်ဂရောင်းချောင်းထဲမှာ ဇာတ်ပွဲကြည့်ရင်း သိခဲ့ရကြောင်း အသေး

စိတ်ကလေး ပြောပြလိုက်တော့ အမေက ထိတ်လန့်တ

လှုပ် အံ့သြစွာနဲ့-

"ငါ့သားရယ်..မင်းအခုပြောပြနေတဲ့ မင်းရဲ့ရည်း

မိသင်းက မင်းထွက်မသွားခင်ကတည်းက ရေနစ်လို့ သေ

ခဲ့ပြီးပြီလေ။ ပြီးတော့ သားရဲ့သူငယ်ချင်းတွေဖြစ်တဲ့

လင်း၊ မောင်ဦး၊ ဇော်ကဲနှင့် ငရိုန်တို့လည်း တစ်ယော

မှ မရှိကြတော့ဘူး။ အားလုံး သေခဲ့ကုန်ပြီးပြီ"တဲ့။ ပြီး

တော့ ဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီး ဘယ်သူ့ကို

လည်း ပြောမပြနဲ့လို့ ပြောရှာတယ်။

အဲ..ကျွန်ုပ်ကလည်း ဘယ်လိုဆက်ပြီး ပြောရမှန်း

မသိတော့ပါဘူးဗျာ။

ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျွန်ုပ်ရဲ့ ရွာအပြန်ခရီးရဲ့ည

တော့ဖြင့် တကယ့်ကိုမှ ဂမ္ဘီရပါပဲလို့။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်

[မွေးရပ်မြေ ရေလဲ(မြင်သာ)ရွာသို့ အမှတ်တရ]

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



ဝန်းသော်တာ

အမှတ်တံဆိပ်



ကွမ်းရွက်ဆီလိမ်းဆေး (အအေး)

- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘောဘိ ၁၅လမ်း နှစ်ကပ်နားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၁၃၈၂

ပင်ရင်း- ဝန်းသော်တာဆေးတိုက်၊ Rm [illegible] မန်းလှိုင်အိပ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်းမြို့နယ်၊ ဖုန်း-[illegible]



www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဖေဒင်၊ လက္ခဏာ၊ ဂဏ္ဍိရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာပညာရှင်

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏
ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား
ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊
အနန္တစကြာဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော
အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂဏ္ဍိရအဆောင်များ ပူဇော်ခြင်းဖြင့်**

**၁၀၀ အောင်မြင်မှုကို ရယူပါ။**

သား၊ သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊
မြန်မာရိုးရာ နာမကရဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊
နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)
S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊
အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်
အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)
ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ
09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com
Website : http://sayamyatsan.blogspot.com
✹ ကြိုတင်ရက်ချိန်းယူပါ ✹


www.burmeseclassic.com

www.burmeseclassic.com



‘ခင်ဗျားကောင် အောင်ဇော်တော့ သွားပြီ’

‘ဘာသွားတာလဲ’

‘ဟိုမှာ ကြည့်လိုက်၊ သူ့အိမ်ရှေ့ တံခါးမကြီးမှာ သော့တန်းလန်းနဲ့။ မြင်တယ် မဟုတ်လား’

‘မြင်တယ်။ သူ အပြင်သွားလို့ ခတ်ခဲ့တာနေမှာပေါ့။ အဲဒါ ဘာဆန်းလို့လဲ’

‘ဆန်းလား၊ မဆန်းလားတော့ မသိဘူး။ ကြွေးထူလို့ ပြေးတာတော့ သေချာတယ်။ ခင်ဗျားကောင် နှစ်လုံးကြွေး နဲ့ ဘောကြွေးတွေ ပြန်မဆပ်နိုင်လို့ အရှောင်အတိမ်း ဂျက်စီဂိုန်းလုပ်သွားတာ ကြာပေါ့။ အိမ်လခလည်း ပုံမှန် မဆပ်နိုင်လို့ ပစ္စည်းတချို့တစ်ဝက်ယူပြီး ဒိုးသွားတာပဲ ကိုဖေထွေးရေ’

## ရှင်ထွေးအောင်

### နှစ်လုံးထီသမား

### တဇွဲ ပြအေား

www.burmeseclassic.com

www.burmeseclassic.com

'တောင်ဥက္ကလာပ၊ (၁၀)ရပ်ကွက်သို့ ရောက်မဆိုက်မှာပင် ကိုအောင်ဖော့်သတင်းကို ကျွန်တော် ဤသို့ကြားလိုက်ရခြင်းဖြစ်သည်။

အရှည်ကြီး စကားကြောင့် -

'သူပြန်လာနိုင်မယ့် အခြေအနေရှိလား'

ဟု ကျွန်တော် မေးလိုက်တော့ သူက နီးဟု ဖြေရင်း တစ်ဆက်တည်းပင် -

'သူပြန်လာရင် ကြွေးရှင်တွေက သူ့ကို ဝိုင်းသမကြလိမ့်မယ်။ ပြန်လာချေတော့ သိပ်မမြင်ဘူး'ဟု ဆို၏။

ကျွန်တော် ဟင်းခနဲ သက်ပြင်းချလိုက်သည်။ လာခြင်း မကောင်းသော သတင်းကြောင့် ကျွန်တော် စိတ်ပျက်သွားသည်။ အလောင်းအစားအလွန်မက်သောသူ့ကို ကျွန်တော် အတန်တန်သတိပေးခဲ့သည်။ တစ်ချိန်ကလည်း နှစ်လုံးကြွေး မဆပ်နိုင်၍ လှဖော်နှင့် စကားများသည်။ ကျွန်တော်ပဲ ကြားဝင်ဖျန်ဖြေပေးရသည်။ သူ့နှစ်လုံးကြွေးကိုလည်း ကျွန်တော်ကပဲ သူ့ကိုယ်စား လှဖော်ကို ဆပ်ပေးခဲ့ရသည်။ လှဖော်က နှစ်လုံးဒိုင်၊ ချဲဒိုင်သမား ဖြစ်သည်။

'အောင်ဖော် မရှိဘူးဆိုတော့ ကျွန်တော်ပြန်ရုံပဲပေါ့'

'ခင်ဗျားက အော်ဖော်ကို အသည်းအသန်ဖြစ်နေတာ ဘာကိစ္စ ဘာပြောချင်လို့လဲ'ဟု အရှည်ကြီးက မေးသည်။

'ခင်ဗျားတို့ဘော်ဒါကြီးမြအေး သေဆုံးကြောင်း လာသတင်းပေးတာ။ အောင်ဖော်နဲ့က သိတယ်မဟုတ်လား သောက်ဖော်သောက်ဖက်၊ လောင်းဖော်လောင်းဖက်တွေလေ'ဟု ကျွန်တော်ကပြောလိုက်တော့ အရှည်ကြီး တွန့်ခနဲ ဖြစ်သွား၏။ မြအေးသေတာ ကြားလို့ လန့်သွားပုံရ၏။

'မြအေး ဆုံးပြီ၊ ဟုတ်လား'ဟု အရှည်ကြီး၏ အမေးကို 'ဟုတ်တယ်'ဟု ကျွန်တော်ပြန်ဖြေရင်း အရှည်ကြီး မျက်နှာကို အကဲခတ်သည်။ မျက်နှာပျက်နေ၏။

သူတို့ချင်းက လောင်းကစားသမားတွေ။ မြအေးနှင့် အောင်ဖော်က ပိုရင်းသည်။ အရှည်ကြီးက အောင်ဖော်နှင့် ပတ်သက်ပြီး သိကျွမ်းရင်းနှီးခဲ့သူ ဖြစ်သည်။

'မြအေးက ဘာရောဂါနဲ့ ဆုံးတာလဲ'ဟု အရှည်ကြီး မေးသည်။

'ဘာရောဂါနဲ့မှ မဟုတ်ဘူး။ နှစ်လုံးကြွေး၊ ဘော်လုံးကြွေးတွေ ပြန်မဆပ်နိုင်လို့ စိတ်ထိခိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချ သေလိုက်တာ'

'ဗျာ'

အရှည်ကြီး လန့်သွားသော အာမေဋိတ်အသံက ကျွန်တော့်နားစည်ကို ကျွဲရိုင်းတစ်ကောင်ဝင်ခတ်သလို ကျယ်လောင်သွား၏။

'သေတာကတော့ လူတိုင်း သေတတ်တဲ့သဘောပဲ။ ဒါပေမဲ့ မြအေး သေတာက ဆန်းတယ်'

'ဘယ်လိုဆန်းတာလဲ'

'တစ္ဆေဖြစ်ပြီး လူရင်းတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်ပြီးခြောက်လှန့်နေလို့ ဆန်းတယ်လို့ ပြောတာ'

'မြတ်စွာဘုရား'

အရှည်ကြီး ဘုရားတ,သည်။

'မြတ်စွာဘုရား လုပ်မနေနဲ့၊ ကျွန်တော်တော့ အခြောက်ခံရပြီးပြီ။ (၃)ခါတောင် အခြောက်ခံရတာ။ ခင်ဗျားတို့ကိုလည်း ပြောလို့တော့မရဘူး။ ဒီကောင်က ခြောက်ချင် ခြောက်မှာ။ လူရင်းတွေဆို သူက အလွတ်မပေးဘူး'

တစ္ဆေကြောက်တတ်သော အရှည်ကြီးကို ကျွန်တော် ခြောက်လှန့်သည့်သဘောနှင့် ပြောသည်တော့မဟုတ်၊ အမှန်အတိုင်းပြောလိုက်ခြင်းသာ ဖြစ်လေသည်။ သူ့ဘာသာ ကြောက်နေသည်ကတော့ သူ့ကိစ္စ၊ သူ့အကြောင်း။

'မြအေးက ကျွန်တော်နဲ့ သိပ်ရင်းနှီးတာ မဟုတ်ဘူး။ သာမန် သိရုံ ခင်ရုံလောက်ပဲရှိတာ။ ခင်ဗျားတို့ အောင်ဖော်တို့ကတော့ ငယ်ပေါင်းတွေလို အရမ်းရင်းနှီး ခင်မင်ကြတာ။ စိုးရိမ်လို့ သတိပေးတာပါ'ဟု ကျွန်တော်က သတိပေးသည်။

သည်စကားမှာတော့ မသိမသာ အကဲစမ်းတာ ပါသည်။ အရှည်ကြီးမျက်နှာ သိသိသာသာ ပျက်သွားတာ မြင်သည်။ သူ အရမ်းကြောက်သွားမှာစိုး၍ ကျွန်တော် ဆက်မပြောတော့ပေ။

'ကျွန်တော်က မကြောက်တတ်ဘူး။ တစ္ဆေသရဲလည်း အယုံအကြည်မရှိဘူး'

အရှည်ကြီးက ပြောသည်။ ကျွန်တော်ပြုံးလိုက်မိ၏။

အရှည်ကြီးက မကြောက်တတ်ဘူးဟု ဆိုသည့် [illegible] အယုံအကြည်မရှိဘူးဟုလည်း ပြောသည်။ ကျွန်တော်ကတော့ သူ့မျက်နှာကို မြင်ရုံနှင့်ပင် သိနေ၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြောနေမှန်းလည်း ထင်ရှား၏။

ထို့နောက် သူက-

'ကျွန်တော် ပြန်တော့မယ်။ ခင်ဗျားမြင်လို့ ထွက်လာတာ။ အောင်ဇော်နဲ့တွေ့ရင် ခင်ဗျားလာသွားတဲ့အကြောင်း ပြောလိုက်မယ်' ဟုဆို၍ လှည့်ထွက်ဖို့ပြင်သည်။ ပြီး တကယ်ပဲ ထွက်ခွာသွားလေ၏။

ကျွန်တော်က 'မြအေးအကြောင်းကိုလည်း ကျွန်တော် ပြောသလို သူသိအောင် ထည့်ပြီး ပြောလိုက်ဦး' ဟု သူ လှည့်အပြန်မှာ လှမ်း၍ပြောလိုက်သဖြင့် 'အေး.. အေး..ပြောလိုက်မယ်၊ ပြောလိုက်မယ်' ဟုဆိုကာ လှည့်ပင် မကြည့်တော့ဘဲ သုတ်သုတ်လျှောက်သွားလေ၏။

ကျွန်တော်က အောင်ဇော်တို့ရပ်ကွက်ထဲက မဟုတ်။ တခြားရပ်ကွက်က ဖြစ်သည်။ သံသုမာလမ်းထိပ်၊ တောင်ဥက္ကလာပ (၇)ရပ်ကွက်မှာ နေသည်။ (၁၀)ရပ်ကွက်နှင့် (၇)ရပ်ကွက်က သိပ်မဝေး။ ကြားမှာ သစ္စာလမ်းမကြီး ခြားထား၏။ အောင်ဇော်တို့၊ အရှည်ကြီးတို့က (၁၀)ရပ်ကွက်သားတွေ။ ကျွန်တော်နှင့် မြအေးက (၇)ရပ်ကွက်သားတွေ။ သို့သော် ကျွန်တော်တို့တွေ ရင်းနှီးခင်မင်ကြလေသည်။

◆◆◆

ရပ်ကွက်ချင်း မတူကြသော်လည်း အပြောအဆို အဆက်အဆံ အကူးအလူး အသွားအလာတော့ ရှိကြ၏။ ထို့နောက်ပိုင်း ကျွန်တော်မှာ အလုပ်တွေများ၍ သူတို့ဆီ မရောက်ဖြစ်။ သည်နေ့တော့ မြအေး သေဆုံးမှုကြောင့် အောင်ဇော်တို့ကို အသိပေးလို၍ ရောက်ဖြစ်ခြင်းဖြစ်သည်။ ရောက်ပြန်တော့လည်း အောင်ဇော်နှင့် မတွေ့ဖြစ်။ အရှည်ကြီးနှင့်သာ တွေ့ဖြစ်ခဲ့၏။

အရှည်ကြီးပြောပြ၍ အောင်ဇော်တစ်ယောက် ကြွေးထူ၍ ဝရမ်းပြေးဖြစ်နေကြောင်း သိရလေသည်။

နောက်တစ်နေ့၌လည်း ကိုအောင်ဇော်တို့ရပ်ကွက်သို့ ရောက်ဖြစ်၏။ အောင်ဇော်နှင့် တွေ့လို့တွေ့ငြား။ သို့သော် မတွေ့ဖြစ်။ အရှည်ကြီးနှင့်တော့ တွေ့သည်။

အောင်ဇော်အကြောင်း မေးကြည့်တော့-

'အောင်ဇော်ကြီး ပြန်လာတော့မှာမဟုတ်ဘူး။ ဘုန်းကြီး ဝတ်သွားပြီ' ဟု အရှည်ကြီးက ပြောသည်။

'ဘယ်ကျောင်းမှာ ဝတ်တာလဲ' ဟု ကျွန်တော်က မေးတော့ အရှည်ကြီးက 'ကျိုက်ထိုမှာ' ဟု ပြောသည်။

ထို့နောက်ပိုင်း ကျွန်တော်သည် အောင်ဇော်နှင့်ပတ်သက်၍ အဆက်အသွယ် ပြတ်သွားလေတော့၏။ အရှည်ကြီးနှင့်တော့ မကြာ,မကြာ တွေ့ဖြစ်သည်။

မြအေးအကြောင်းနှင့်ပတ်သက်ပြီး အရှည်ကြီးကိုလည်း ကျွန်တော် မပြောဖြစ်တော့ပေ။

ဤသို့ဖြင့် ကျွန်တော်နှင့် အရှည်ကြီးတို့လည်း (၃)လကျော် (၄)လခန့် အဆက်ပြတ်ခဲ့ကြလေ၏။

ထိုလပိုင်းအတွင်း ကျွန်တော်သည် ရုပ်ရှင်ကိစ္စအလုပ်ကိစ္စနှင့် ခရီးထွက် အလုပ်ရှုပ်နေသဖြင့် တစ္ဆေမြအေးနှင့်လည်း အဆက်ပြတ်ခဲ့လေ၏။ ယခင်ကလို ခြောက်လှန့်ခြင်း မရှိတော့။

ကျွန်တော် နယ်၌ရှိနေခိုက် တစ်နေ့သ၌တွင် အိပ်မက်တစ်ခု မက်လေသည်။ အိပ်မက်ထဲတွင် ကိုအောင်ဇော် တစ္ဆေဖြစ်နေသည်။ မြအေးနှင့် ဆက်သွယ်မိကာ အောင်ဇော်တို့ ဘုန်းကြီးကျောင်းဝင်းအတွင်း သရက်ပင်ကြီးတစ်ပင်တွင် ဘုံဗိမာန်တစ်ခု အပိုင်စားရ၍ နှစ်ယောက်အတူ နေထိုင်လျက်ရှိကြ၏။ ထိုအချိန်၌ပင် အရှည်ကြီးလည်း ရောက်ရှိလာလေ၏။ သို့သော် သူရောက်ရှိလာပုံက လူ့ဘဝနှင့် ရောက်လာခြင်းမျိုးမဟုတ်။ တစ္ဆေဘဝဖြင့် ရောက်ရှိလာခြင်းမျိုး ဖြစ်လေသည်။

သူ့မှာ နေစရာ၊ စားစရာ မရှိ၍ အတူနေခွင့် တောင်းသည်။ အောင်ဇော်နှင့် မြအေးတို့က လက်မခံဘဲ ကျောင်းဝင်းအပြင်ဘက်ရှိ ပျဉ်းမပင်မှာ နေခွင့်ပေး၏။ ထိုအခါ အရှည်ကြီးက ငြင်းဆိုသဖြင့် အောင်ဇော်တို့က အတင်းမောင်းထုတ် ရိုက်ထုတ်ကြလေ၏။ ကျွန်တော်လည်း ဖျတ်ခနဲ လန့်နိုးလေ၏။ စိတ်ထဲမကောင်းသဖြင့် လန့်နိုးရာကနေ ထိုင်တွေးရင်း မိုးစင်စင်လင်းသည်အထိ ဆက်မအိပ်ဖြစ်တော့ပေ။

ပြန်အိပ်ရန်လည်း စိတ်ကူးမရှိတော့ပေ။

ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။ ယင်းဆုံးဖြတ်ချက်မှာ ရန်ကုန်ပြန်ရန် ဖြစ်သည်။ အောင်ဇော်နှင့် အရှည်ကြီးတို့ကို နှစ်လုံးထိ မထိုးကြဖို့၊ ဘောလုံး မလောင်းကြဖို့ သတိပေးရန်ဖြစ်သည်။ သူတို့နှင့်ပတ်သက်၍ အိပ်မက်မကောင်းကြောင်းလည်း ပြောပြရန် သည်။ ထို့ကြောင့် ရန်ကုန်ပြန်ရန် အတိအကျ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ခြင်း ဖြစ်လေသည်။

ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ ပထမဦးဆုံး အရှည်ကြီးနှင့် သွားတွေ့သည်။ သို့သော် မတွေ့ခဲ့။ အိမ်နီးနားချင်းကို မေးကြည့်တော့ အရှည်ကြီး အောင်ဇော့်နောက် လိုက်သွားသည်ဟု ဆိုသည်။

'အော်ဇော် ဘာဖြစ်လို့လဲ။ အရှည်ကြီးကရော ဘာကိစ္စနဲ့ အောင်ဇော့်နောက် လိုက်သွားတာလဲ'

ဟု ဆက်မေးတော့

'အရှည်ကြီးက ဘုန်းကြီးဝတ်မယ်လို့ပြောပြီး ကျိုက်ထိုကို ထွက်သွားတာပဲ။ အောင်ဇော်က ခေါ်လို့ဆိုလား အတိအကျတော့ မသိဘူး'ဟု ပြောသည်။

အရှည်ကြီး ဘုန်းကြီးဝတ်မည်ဆို၍ ကျွန်တော် အံ့ဩမိတာတော့ အမှန်ပင်။ ကျွန်တော့်အိပ်မက်နှင့်တော့ ဆင်ဆင်တူသည်။ တစ်ခုပဲ ခြားနားတာရှိသည်။ အိပ်မက်ထဲမှာ တစ္ဆေ၊ အရုပ်စကား အရုပ်အပြောမှာတော့ လူသားစင်စစ် ဖြစ်နေခြင်းပင် ဖြစ်သည်။ တော်ပါသေးရဲ့ဟု ကျွန်တော့်စိတ်ထဲ တွေးလိုက်မိသည်။

ထပ်ပြီးစုံစမ်းမေးမြန်းကြည့်တော့ အောင်ဇော်နေသည့် ကျိုက်ထိုက ကျောင်းလိပ်စာကို သိလိုက်ရ၏။ ကျွန်တော်လည်း အောင်ဇော့်ဘုန်းကြီးကျောင်း လိပ်စာရ၍ လိုက်သွားခဲ့လေ၏။

ကျိုက်ထိုကျောင်းတော်ကြီးသို့ရောက်တော့ လား··လား··ဘုန်းကြီးနှစ်ပါးစလုံးကို တွေ့မြင်ဖူးတွေ့လိုက်ရသည်။ ဘုန်းကြီးအောင်ဇော်နှင့် ဘုန်းကြီးအရှည်ကြီးတို့ ဖြစ်ကြ၏။ ကျွန်တော့်ကိုမြင်တော့ ကောင်းစွာကြိုဆိုစည့်ခံကြလေသည်။

'ဘုန်းကြီးတို့က ဘယ်လိုဖြစ်ကြတာလဲ။ လောင်းတုန်းကလည်းအတူတူ၊ ကျောင်းကျတော့လည်းအတူတူ။ ဘာကယ့်ကို ကံတူအကျိုးပေးတွေပဲဘုရား'

ဟု ကျွန်တော် ကပြောတော့ ဘုန်းကြီးအောင်ဇော်က ပြုံး၍-

'မပြောပါနဲ့တော့ ဒကာရယ်။ မြအေးရန်ကြောင့် ခုလိုဘဝကို ရောက်ရတာပဲ ဒကာ'ဟု ဆို၏။

ဘုန်းကြီးအရှည်ကြီးကလည်း-

'ဘယ်ပြောကောင်းမလဲ ဒကာတွေးရယ်။ ကျုပ်တို့ ဘုန်းကြီးဘဝ ရောက်နေတာတောင် နှစ်လုံးအတိတ်တွေ၊



နှစ်လုံးဂဏန်းတွေ၊
ဘော်လုံးအတိတ်တွေ
လာလာပြီးပေးနေလို့
အတင်းကို ပရိတ်တွေ၊
ကမ္မဝါတွေညှပ်ပြီး မောင်းထုတ်ပစ်ရတာဗျ။

အဲ··အခုတော့ ကျုပ်တို့ဆီလည်း မလာဖြစ်၊ မရောက်ဖြစ်တော့ဘူး။ နှစ်လုံးအတိတ်တွေ၊ ဘော်လုံးအတိတ်စိမ်းတွေလည်း လာမပေးတော့ဘူး။ ညကတော့ အိပ်မက်လာပေးသွားတယ်။ သူ တစ္ဆေဘဝက ကျွတ်လွတ်သွားပြီတဲ့'

ဟု ပြော၍ ကျွန်တော့်မှာ ဝမ်းသာပီတိဖြစ်ရလေ၏။

ကျွန်တော် သူတို့ဆီ အဲ··ဘုန်းကြီးတို့ဆီလာရင်း အကြောင်းနှင့် အိပ်မက်အကြောင်းတို့ကို ပြောရန်မလိုတော့ဟု ဘာသာနားလည်လိုက်၍ မပြောပြတော့ပေ။

ကျွန်တော့်စိတ်ထဲမှာတော့ ဘုန်းကြီးနှစ်ပါးစလုံးကို ယခုလို မြင်တွေ့လိုက်ရသောကြောင့် ဝမ်းသာသည်က တစ်ကြောင်း၊ နှစ်လုံးရောဂါ၊ ဘော်လုံးရောဂါများ ကင်းစင်ပပျောက် ပြတ်တောက်သွားသောကြောင့် ပီတိဖြစ်ရသည်ကတစ်ကြောင်း ဤကဲ့သို့သော အကြောင်း နှစ်ကြောင်းကြောင့် ကျွန်တော့်မှာ ဝမ်းသာပီတိမဆုံးအောင် ဖြစ်မိရလေတော့သတည်း။

**ရှင်ထွေးအောင်**

<u>မှတ်ချက်</u>

*တစ္ဆေဖြစ်သွားသော နှစ်လုံးထီ လောင်းကစားသမား မြအေးအား ရည်ညွှန်းလျက်၊ မြအေး သုခတိဘုံသို့ ရောက်ပါစေ။*

www.burmeseclassic.com

www.burmeseclassic.com



# သျှင်ရဲထွဋ်(တောင်စွန်း)

# နဂါးဒေဝီ၏ ကျိန်စာ

'ဗိုး…ပူလိုက်တဲ့အပူ၊ ဘယ်လိုနေရပါ့။ ခုနေများ စမ်းရေအေးအေးလေး ချိုးလိုက်ရရင် စိမ့်ကျလိုက်မယ့်ဖြစ်ခြင်း'

ယပ်တောင်ကို တဖျတ်ဖျတ်ခပ်လိုက်ရင်း အပူဒဏ်ကို ကာကွယ်လိုက်သော်လည်း အခိုက်တန့်သာ။ ရပ်လိုက်သည်နှင့် ချွေးက ပြိုက်ပြိုက်ယိုစီးကျလာပြန်သည်။ ဒီနှစ်နွေက ခါတိုင်းထက် ပို၍ပူသည်။ အယ်နီညိုရာသီဥတုကြောင့် အပူဒဏ်ကို ပိုခံစားရသည်။ ရေးစရာတွေ စိတ်ကူးထဲမှာ စီရရီရှိနေပမယ့် အပူဒဏ်ကို မခံနိုင်သည်နှင့် စာရွက်နှင့် ဘောပင်ကို ကိုင်ရမှာကို ဝန်လေးနေမိသည်။ ထို့ကြောင့် ကျောက်ကြို့ကျောက်ကြားမှ စိမ့်ထွ
လာသော စမ်းရေအေးအေးလေးကို တောင့်တမိသ

'နွေခင်းဘက် ရေချိုးပြန်ရင်လည်း အပူရှပ်ပြီး
လကချာန်ကြွဦးမှာ'

ယပ်တောင်ကို ပြန်ကောက်ကိုင်ရင်း အပူလှိုင်
အန်တုလိုက်သည်။ စိတ်ကူးထဲတွင် ကျောင်းနေဖက်
ငယ်ချင်း စောသန်းလှတို့ရွာကို ပြေးမြင်ယောင်မိသ
စောသန်းလှတို့ရွာကို ရောက်စဉ်က သူတို့ခြံထဲက
ချောင်းမှာ ဒူးရင်းသီးတစ်ဝတစ်ပြဲစားပြီး ရေချိုးခဲ့
တွေကို တမ်းတမိသည်။ ကျွန်ုပ်နှင့် စောသန်းလှ
ကျောင်းမှာ တစ်ခုံတည်း အတူတူထိုင်ရသော သူငယ်

www.burmeseclassic.com

ဖြစ်သည်။ စောသန်းလှတို့ သစ်ချတောင်ရွာလေးသည် ကျိုက်ထီးရိုးတောင်တန်းများ၏ တောင်ခြေအနီးရှိ ရွာလေး ဖြစ်သည်။ ဝေးလံခေါင်ဖျားလှသည်။

'ရှေ့··ဟောဒါက နို့ဆီးသီးကွ။ နို့ဆီရောင်အမြှာတွေရှိပြီး အချိုကဲတယ်။ အမြှာကြီးသလောက် အစေ့က အထဲမှာ သေးသေးလေးကွ'

တစ်ခုသောနှစ်တစ်နှစ်၏ ဝါဆိုလပြည့်နေ့နှင့် တိုက်ဆိုင်သဖြင့် ကျွန်ုပ်တို့ကျောင်း ငါးရက်ဆက်တိုက်ပိတ်သည်။ စောသန်းလှ ရွာကို ပြန်မည်ဖြစ်၍ ဒူးရင်းသီး အဝကျွေးမည်၊ လိုက်ခဲ့ရန် ခေါ်သဖြင့် စောသန်းလှနှင့် အတူ လိုက်ခဲ့သည်။ လမ်းမကောင်းသဖြင့် စက်ဘီးကို တွန်းတစ်လှည့် စီးတစ်လှည့်ဖြင့် ခရီးနှင်ရသည်။

နောက်တစ်နေ့မှာ ရွာနှင့် သုံးမိုင်ခန့်ဝေးသည့် စောသန်းလှတို့ အဘိုးခြံသို့ ဒူးရင်းသီးကောက်စားရန် ခြေကျင်လမ်းကလေးအတိုင်း ထွက်ခဲ့ကြသည်။ တောင်ခြေခပ်ပြေပြေ လမ်းကလေးအတိုင်း လျှောက်သွားရသည်။ တောခြံဖြစ်သောကြောင့် သစ်ကြီးဝါးကြီးတို့ အုံ့ဆိုင်းကာ နေပြောက်ပင် မမြင်ရ။ ခြံထဲတွင် ဒူးရင်း၊ မရမ်း၊ သရက်၊ ပိန္နဲ၊ တညင်း စသော သီးပင်ကြီးများအပြင် သင်္ကန်း၊ ကောင်းမှူ၊ တညင်း၊ တောင်စကား၊ အနည်းဖို၊ သစ်ချ အစရှိသော သစ်ကောင်းများ ပါရှိသည်။ ကျွန်ုပ်တို့သည် ကြွေကျနေသော ဒူးရင်းသီးများကို ရှာဖွေကောက်ယူကာ စမ်းချောင်းလေးတစ်ခုအနီးတွင် ခွဲစားကြသည်။

'ဒူးရင်းသီးက တို့ဆီမှာ ဈေးကြီးသလောက် မင်းတို့ဆီမှာ ပေါလှသကွာ။ ကြွေကျလို့ ကောက်စားမယ့်သူ တောင် မရှိဘူး'

ထိုအချိန်က နယ်မြေအေးချမ်းမှု မရှိသဖြင့် သူတို့ဆီထို ကုန်သည်တွေ အရောက်အပေါက်နည်းသည်။ အသီးအနံ့တွေ အပင်မှာ ပြွတ်သိပ်နေအောင် သီးသော်လည်း ဝယ်မည့်သူ မရှိသဖြင့် ခူးဆွတ်သူ မရှိ၊ ခိုးမည့်သူ မရှိ။ ရင့်မှည့်ကြွေကျကာ မြေပေါ်တွင် အဟောသိကံဖြစ်ကုန်သည်။ သောင်းကျန်းသူများကို သစ်တောခွန်ဆောင်ပြီးမှ တောဖွင့်ပေးသဖြင့် တောဖွင့်ချိန်ကျမှ ကုန်သည်အချို့ ရောက်လာကြသည်။ တောင်ထန်း၊ မီးသွေး၊ ဝါးနှင့် သစ်များကို အဓိကထားဝယ်ကြသည်။

'ဒီလောက်ဝေးလံခေါင်ဖျားတဲ့ အရပ်မှာများ မင်းအဘိုးက ဘာစိတ်ကူးနဲ့ ဒီလိုခြံကြီးကို ဝယ်ထားရတာလဲကွ'

'ဝယ်ထားတာ မဟုတ်ဘူးကွ၊ မြေရိုင်းတွေကိုထွင်ပြီး ကိုယ့်ဟာကို လာယူကြတာကွ။ ငါ့အဘိုးမှာ ဒီလိုခြံမျိုး လေးငါးခြံလောက် ရှိတယ်'

'မြို့မှာဆို မင်းအဘိုးက သူဌေးပဲ'

'ရွာမှာလည်း ငါ့အဘိုးက အချမ်းသာဆုံးပဲလေ။ သွပ်မိုးပျဉ်ထောင် နှစ်ထပ်အိမ်ဆိုလို့ ရွာမှာ ငါ့အဘိုးအိမ် တစ်လုံးပဲရှိတာ။ ဒါကြောင့် ရွာမှာ ငါတစ်ယောက်တည်း တောင်စွန်းမှာ ကျောင်းသွားတက်နိုင်တာပေါ့။ ကဲ··ကဲ·· ဒူးရင်းသီးစားပြီးရင် အပူဓာတ်သက်သာအောင် စမ်းရေချိုး ရတယ်ကွ။ စမ်းချောင်းမှာ ရေဆင်းစိမ်ရအောင်'

စမ်းချောင်းရေက မိုးတွင်းမိုး တဝေါဝေါ စီးဆင်းနေသည်။ ကျောက်တုံးများဖြင့် တမံတုပ်ထားသဖြင့် ရေကန်လေးဖြစ်နေသည်။ ကျောက်တုံးများကို ဖြတ်ကျော်စီးဆင်းသွားသဖြင့် ရေတံခွန်လေးတစ်ခုလည်း ရှိသည်။ ရေက ကြည်လင်အေးမြကာ အောက်ခြေကို အတိုင်းသားမြင်နေရသည်။

'လာကွာ၊ အပေါ်ဘက်မှာ ကျောက်ပုစွန်လုံးတွေ သွားဖမ်းရအောင်'

ရင်စို့လောက်ရှိသော ရေအိုင်ကလေးထဲမှ တက်ကာ ကျောက်တုံးများကြားတွင် ခိုအောင်းလေ့ရှိသော ကျောက်ပုစွန်လုံးတွေကို စမ်းကြသည်။ ပုစွန်လုံးတစ်ကောင်သည် သဲကြားထဲသို့ တိုးဝင်သွားသဖြင့် သဲအတွင်းသို့ လက်နှိုက်ပြီး ကလော်ဖမ်းလိုက်သည်။ ပုစွန်လုံးကိုတော့မမိ။

'ဟ··ဒါကြီးက ဘာကြီးလဲကွ'

ပုစွန်လုံးအစား လက်ထဲတွင်ပါလာသော သုံးလက်မ ပတ်လည် မှန်ကူကွက်ပုံသဏ္ဍာန် ဖန်ပြားလိုလို ကျောက်ပြားလိုလို အရာဝတ္ထုတစ်ခု ပါလာသဖြင့် ရေနှင့် အသေအချာ ဆေးကြောကြည့်လိုက်ရာ ခရမ်းစွဲအရောင်သလင်းကျောက်ပြားဖြစ်နေသဖြင့် စောသန်းလှကို မေးကြည့်လိုက်သည်။

'ဒါမျိုးတွေ ရောင်စုံရှိတယ်။ ငါဒီမှာ ခဏ,ခဏ ရဖူးတယ်။ ငါ့အဘိုးက ဒါ နဂါးသိုက်နန်းက ပစ္စည်း[illegible] ယူရင် ယားလိမ့်မယ်ဆိုတာနဲ့ ပြန်ထားခဲ့တာ။ [illegible] ချမ်းလာပြီ။ ဟိုကျောက်တုံးပေါ်တက်ပြီး [illegible]

www.burmeseclassic.com

အောင်'

နှုတ်ခမ်းများ ပြာနှမ်းကာ ချမ်းလာသဖြင့် နှစ်ဦးသား ကျောက်တုံးပေါ်မှာ နေဆာလှုံကြစဉ်-

'ခုနက မင်းပြောတဲ့ နဂါးသိုက်က ဘယ်မှာမို့လဲ ကွ'

'ဒီတောင်တန်းကြီးထဲမှာ သဘာဝအလျောက် ဖြစ်နေတဲ့ ရေကန်တစ်ကန်ရှိတယ်။ နှစ်ဧကလောက်ကျယ်တယ်။ အခု တို့နားက စမ်းချောင်းဟာ အဲဒီရေကာတာကကျတဲ့ စမ်းချောင်းက အဆင့်ဖြာထွက်လာတာပဲတဲ့ အဘိုးက ပြောတယ်။ အဲဒီကန်မှာ နဂါးသိုက်ရှိတယ်တဲ့။ စောစောက မင်းကောက်ရတဲ့ အပြားလေးတွေဟာ နဂါးသိုက်နန်း အဆောက်အအုံက ပစ္စည်းပဲကွ'

'နို့··မင့်အဘိုးက အဲဒီကို ရောက်ဖူးလို့လား။ နဂါးကိုရော တွေ့ဖူးလို့လား။ အာလူးဖုတ်တာနေမှာပါကွာ'

ကျွန်ုပ်က ပြက်ရယ်ပြုသလိုလို ပြောလိုက်သည့်အတွက် စောသန်းလှ မခံချိမခံသာ ဖြစ်သွားပုံရသည်။

'ငါ့အဘိုးက ရောက်လည်း ရောက်ဖူးတယ်။ နဂါးကိုလည်း တွေ့ဖူးတယ်'

'မြွေကြီးရင် နဂါးတဲ့။ နဂါးဆိုတာ ရေမှာ နေတာကွ။ တောင်ပေါ် သူတို့က ဘာလာလုပ်မှာလဲ'

'ကုန်းနဂါး၊ ရေနဂါးဆိုပြီး ရှိတယ်ကွ။ သမိုင်းတွေမှာ ဇင်းကျိုက်ရသေ့ကြီးက နဂါးဥရလို့ စောင့်ရှောက်ထားတာ လူမင်းသားလေး မွေးတဲ့အကြောင်း မဖတ်ဖူးဘူးလား။ မယုံရင်လည်းနေပါ။ ငါ့အဘိုးတွေ့ခဲ့တဲ့ နဂါးက ငါတို့ အိမ်ခေါင်းရင်း ဘုရားစင်မှာ ကပ်ထားတဲ့ ပြက္ခဒိန်ထဲက မြင်းမိုရ်တောင်ကို ပတ်ထားတဲ့ နဂါးရုပ်ပုံ အတိုင်းပဲ။ အချွန်တွေ၊ အတက်တွေ၊ အမောက်တွေနဲ့ နဂါးမျိုးတဲ့ကွ'

'ဟား··ဟား··ဟား··အဘိုးနဲ့ မြေး လိုက်ပါပေ့။ ဟာသမြောက်အောင် ပြောတတ်လိုက်ကြတာ။ အဲဒီရုပ်ပုံက ပန်းချီဆရာတွေ စိတ်ကူးယဉ်ပြီး ဆွဲထားတဲ့ရုပ်ပုံကွ။ အပြင်မှာ တကယ်ရှိတာ မဟုတ်ဘူး။ ဒီလိုဆို ဒီစမ်းချောင်းအတိုင်း လိုက်တက်သွားရင် အဲဒီကို ရောက်မှာပေါ့။ ငါက လက်တွေ့ပြမှ ယုံမှာနော်။ သွားကြည့်ရအောင်'

'ဟား·· ဘယ်ဖြစ်မလဲ။ ဒီတောင်တန်းကြီးမှာ တောင်တွေ အများကြီးကွ။ စမ်းချောင်းက အထက်ရောက်လေ အသွားခက်လေပဲ။ တစ်ခါတစ်ခါ ချုံနွယ်တွေ ဖုံးနေတတ်သလို တစ်ခါ,တစ်ခါ တောင်အောက်တိုးဝင်သွားတယ်။ တချို့နေရာမှာ မြေအောက်ကိုငုပ်ပြီး အစပျောက်သွားတာကွ။ မင်းမယုံရင် ဒီည အဘိုးတို့အိမ်မှာ သွားအိပ်ရင်း ကိုယ်တိုင်မေးကြည့်ပေတော့'

'ဟဲ··ဟဲ··ကောင်းသားပဲကွ။ မင်းတို့ရွာမှာ မီးမရှိ ဗီဒီယိုမရှိနဲ့ ရေဒီယိုတောင် တစ်ရွာလုံးမှ တစ်လုံးပဲ ရှိတာဆိုတော့ ပျင်းတယ်ကွာ။ အိပ်ရာဝင်ခါနီး ပုံပြင်လေး တစ်ပုဒ်လောက်တော့ နားထောင်ရရင်း အပျင်းပြေမှာကွ'

ကျွန်ုပ်က ပျက်ချော်ချော်ပြောရင်း ရေကန်လေးထဲသို့ ဒုတိယအကြိမ် ရေကူးရန် ခုန်ချလိုက်လေသည်။

ညနေစာ စားပြီးနောက် စောသန်းလှ၏ အဘိုးအိမ်သို့ ညအိပ်ရန် သွားကြသည်။ အဘိုး ဦးနန်းဖလောင်၏အိမ်သည် သွပ်မိုး ပျဉ်ကာ အိမ်ခြေမြင့်ကြီးဖြစ်သည်။ အဘိုးတွင် ဆင်သုံးကောင်ရှိသည်။ တစ်ခါတစ်ရံ ရှင်လောင်းလှည့်မည့် ဆင်များကို အောက်ထပ်တွင် ထူးခတ်ပြီး ထားလေ့ရှိသည်။ အဘိုးသည် အသက်(၈၀)ကျော်ပြီ ဖြစ်သော်လည်း သန်မာဖျတ်လတ်တုန်း၊ တောခြံများသို့ သွားနိုင်တုန်းဖြစ်သည်။

'အဘိုး··အဘိုးတွေ့ဖူးတဲ့ နဂါးအကြောင်းကို ကျွန်တော့်သူငယ်ချင်းက မယုံဘူးတဲ့။ ပြောပြပါဦး အဘိုး'

အဘိုးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ဝါးမြစ်ဖြင့် ပြုလုပ်ထားသောဆေးတံကို မီးညှိပြီး ဖွာထုတ်လိုက်သည်။

'ပြောပြရတာပေါ့။ ဒီအကြောင်းကို ငါပြောရင် ရွာ တွေက ငါ့ကို ရူးနေတယ်လို့ ထင်ကြပြီး မယုံကြ ဒါကြောင့် ဘယ်သူ့ကိုမှ မပြောဘူးလို့ စိတ်ကူးထား မင်းတို့လို ကလေးတွေကတော့ စိတ်ဝင်တစား နားထော ကြတော့ ကလေးတွေကိုပဲ ငါပြောပြတယ်ကွယ်'

မီးသေနေသော ဆေးတံအိုးကို ထပ်မံညှိလိုက်ပြီး ကျွန်ုပ်အား ဦးနန်းဖလောင်က အောက်ပါအတိုင်း ပြော လေတော့သည်။

◆◆◆

'တို့တော့ တောမှောက်နေပြီ ထင်တယ်။ နန်း ဖလောင်ရဲ့ မှိုကျင်း မတွေ့တဲ့အပြင် လမ်းစတောင် ပျော



www.burmeseclassic.com

www.burmeseclassic.com

နေပြီ'

'ရှေ့ဆက်သာ တိုးကွာ။ တောက်လျှောက်ဆင်းရင် တောင်အောက် ရောက်မှာပဲ'

'ဒီအတိုင်း တစ်လုံးတက် တစ်လုံးဆင်းနေလို့က တော့ လွယ်မယ် မထင်ပါဘူး။ ခရီးရှည်ရင် ရှည်ပါစေ၊ စမ်းချောင်းအတိုင်း လိုက်ရင်ကောင်းမယ်'

နန်းပလောင်နှင့် စောမူတူးတို့ မှိုရှာရင်း တောထဲမှာ လမ်းစပျောက်နေကြသည်။ ဒီလို မိုးတစ်ပြိုက် နေတစ်ပြိုက် ပူအိုက်စွတ်စိုသော ရာသီမျိုးတွင် မျှင်းတစ်ပြေး မှိုတွေ လှိုင်လှိုင်ပေါက်တတ်သည်။ မှိုဆိုတာကလည်း တစ်နှစ် တစ်ကြိမ် ယခုလိုရာသီတွင် ပုံမှန်ထွက်တတ်သည်။ မနှစ်က တွေ့သည့် မှိုကျင်းကို နေ့စွဲနှင့်တကွ နေရာအတိအကျ မှတ်သားထားပြီး နောင်နှစ် ထိုရက်တွင် ထိုနေရာ၌ တန်း၍ ခုတ်ရုံသာ။ ယခုလည်း သူတို့ နှစ်ယောက် မနှစ်ကတွေ့သည့် မှိုကျင်းကို သူများ မဦးခင် ခုတ်ဖို့ နံနက်စောစောကတည်းက ထွက်ခဲ့ကြသည်။

မျှင်းတစ်ပြေးမှိုသည် ပထမတွေ့သည့်နေရာမှ မျှင်း တစ်ပြေးတည်း လိုက်ရှာလျှင် ထပ်တွေ့တတ်သည်။

ဟိုနား တွေ့နိုးနိုး ဒီနား တွေ့နိုးနိုးဖြင့် တောတိုးရင်း နေပင်အတော်မြင့်သည်အထိ သူတို့ အမှတ်အသားပြုထား သော နေရာကို ရှာမတွေ့။ ဟိုနားသည်နား လေးငါးပွင့် ခန့် တွေ့၍ နောက်ထပ်မှိုကျင်းရှိနိုင်သည့် မျှင်းတစ်ပြေး တည်း တောတိုးရှာရင်း တောနက်ထဲကို ရောက်မှန်းမသိ ရောက်နေကြသည်။

'နေထွက်တဲ့ဘက်သွားရင် ကရင်ပြည်နယ်ထဲကို ရောက်သွားမယ်။ အနောက်ဘက်ကို ဆင်းရင်တော့ ပင် လယ်ရောက်မှာပဲ။ ရွာတွေ့ရင်တွေ့၊ မတွေ့ရင် ကျိုက်ထီး ရိုးဘုရားတော့ ရောက်မှာပဲ'

စမ်းချောင်းဆိုတာကလည်း တောင်တွေကိုပတ်ပြီး ကွေ့ဝိုက်စီးဆင်းနေတဲ့အတွက် ရှည်လျားပြီး ကြမ်းတမ်း လှသည်။ အကွေ့အကောက် များသည်။ တောနက်လေ တော၏ မာယာကို ကြုံရလေမို့ သတိရှိဖို့လိုသည်။ တစ် နာရီကျော်ကျော်ခန့် အကြာတွင် ရေကန်ကြီးတစ်ကန်ကို သူတို့ ဘွားခနဲ တွေ့လိုက်ရသည်။ စမ်းချောင်းသည် ထို ကန်ထဲသို့ စီးဝင်သွားသည်။ ရေကန်ကြီးသည် နှစ်ဧကေ ကျော်ခန့် ကျယ်ဝန်းသည်။

'တာ–ဒါက ဘယ်လိုဖြစ်တာလဲ။ ဒီတောင်တန်းတွေ ကြားမှာ ဒီလိုရေကန်ကြီး ရှိနေမှန်း အစက မကြားမိပါ ဘူး'

မိုးတွင်းအခါမို့ [illegible] ရေတွေက ပြည့်နေ သည်။ ကန်စပ်တွင် [illegible] ရင်စို့ခန့် မြုပ်နေသည်။ [illegible] သော ရေများသည် [illegible] အောက်ဘက်တွင် ရေတံခွန် [illegible] စီးဆင်းသွားသည်။

'ဒါ နတ်ရေကန် ထင်တယ်ကွ'

'ဖြစ်နိုင်တယ်။ ညောင်ခေါက်က [illegible] ခါ ပြောဖူးတယ်။ ဒီတောင်တန်းတွေကြားမှာ [illegible] ရှိတယ်တဲ့။ ဒါပေမဲ့ သူလည်း ရှာမတွေ့ဘူးတဲ့'

'နတ်တွေက တန်ခိုးနဲ့ ဝှက်ထားတာနေမှာပေါ့။ တို့ က ကံထူးလို့တွေ့တာ။ ကြည့်စမ်း။ စီးဝင်လာတဲ့ စမ်း ချောင်းရေကို တမံတုပ်ထားတာ။ လူလုပ်ထားတဲ့အတိုင်း ပဲ'

'နတ်ရေကန်ဆိုတော့ နတ်သမီးလည်း ရှိမှာပဲ'

နှစ်ယောက်သား ဖြစ်နိုင်ခြေများကို အထင်နှင့် ပြော ဆိုနေကြသည်။ အခြားဖြစ်နိုင်ခြေတစ်ခုလည်း ရှိသေး သည်။ ထိုကဲ့သို့ သဘာဝရေကန်ကြီးများကို ချင်းပြည် နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တွေ့နိုင် သည်။ ရှေးပဝေသဏီကတည်းကပင် ရာသီဥတုဖောက် ပြန်မှုကြောင့် မုန်တိုင်းတွေဖြစ်ပေါ်ကာ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေကြီးမှုကြောင့် တောင်တွေပြို၊ သစ်ပင်တွေ လဲခဲ့သည်။ ရေစီးနှင့်အတူ မြေစာများ၊ သစ် ပင်များ၊ ကျောက်တုံးများ မျောပါကာ တစ်နေရာတွင် ပိတ်ဆို့ပြီး ရေကာတာသဖွယ်ဖြစ်ကာ သဘာဝတစ်ဖက် ပိတ်ဆည်ကြီးများ ဖြစ်သွားသည်ဟူသော အဆိုကို ဗဟု သုတနည်းရှာသောသူတို့ ထည့်သွင်းစဉ်းစားနိုင်ခြင်း မရှိ ချေ။ နှစ်ယောက်သား မောမောနှင့် ကန်စပ်တွင် မျက်နှာ ထိုင်သစ်ကြပြီး ရေအဝသောက်ကာ ကန်စပ်ရှိ နတ်သမီး ပင်ကြီးများကိုမှီ၍ အနားယူကြရင်း ခေတ္တမှု အိပ်ပျော် သွားကြလေသည်။

'မောင်ငယ်လေး..မောင်ငယ်လေး'

ခေါ်သံလိုလို ကြားလိုက်မိ၍ နန်းဖလောင် သူ့ခါးချိတ်

www.burmeseclassic.com

www.burmeseclassic.com

လုံးတွေကိုဖွင့်ပြီး ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်သည်။ သူသည် ခမ်းနားကြီးကျယ်သော နန်းတော်ကြီးတစ်ခုအတွင်းရှိ ခန်းမတစ်ခု၏ သလွန်တစ်ခုပေါ်တွင် ရောက်နေကြောင်း သတိထားလိုက်မိသည်။ ရှေ့တွင် မင်းသား နှစ်ပါးနှင့် မင်းသမီး နှစ်ပါးက မတ်တတ်ရပ်ရင်း သူ့ကို ပြုံးကြည့်နေကြသည်။ ဝတ်စားပုံကိုကြည့်ပြီး သူ့ကိုယ်သူ ဇာတ်ပွဲတစ်ခုအတွင်း ရောက်နေသည်ဟု ထင်မိသည်။

'အခု မောင်ငယ် ရောက်နေတာ အစ်မတော်တို့နေထိုင်တဲ့ နာဂပဗ္ဗတတောင်က နဂါးသိုက်နန်းကို ရောက်နေတာကွယ့်။ မစိုးရိမ်ပါနဲ့'

အစ်မအကြီးဆုံး ဖြစ်ဟန်တူသော မင်းသမီးလေးက သူ့ကို ပြောလိုက်သည်။

'ဟုတ်ပါတယ် ညီတော်၊ ညီတော်ဟာ အစ်ကိုတော်တို့ နဂါးမောင်နှမ သိုက်နန်းရှင်တွေရဲ့ အထွေးဆုံး မင်းသားတစ်ပါးပါပဲ'

'မောင်ငယ်လေးကို တွေ့ချင်လွန်းလို့ မမတို့က လှည့်စားပြီး သိုက်နန်းကို ခေါ်ခဲ့တာကွယ့်။ ဟော..ပြောရင်းဆိုရင်း သိုက်ချုပ်ဘိုးဘိုးတောင် ကြွလာပြီ'

အခန်းထဲသို့ ဖွေးဖွေးဆွတ်ဖြူနေသော ဆံပင်ကို သျှောင်ထုံးထားသော အဘိုးအိုတစ်ဦး ဝင်လာသည်။ အဘိုးအို၏ မုတ်ဆိတ် ပါးမြိုင်းမွေးများမှာ ဖြူဆွတ်နေရုံမက အစိမ်းရောင်ဝတ်စုံကိုပါ ဝတ်ဆင်ထားသည်။ လက်ထဲတွင်မူ နဂါးစိမ်းခေါင်းတောင်ဝှေးကို ကိုင်ထားသည်။ အဘိုးအိုကို အားလုံးက ဦးညွှတ်အရိုအသေပေးလိုက်ကြသဖြင့် သူလည်း ထိုင်နေရာမှထကာ အရိုအသေပေးလိုက်သည်။ ထို့နောက် အဘိုးအိုက နဂါးခံသော ထိုင်ခုံပေါ်ထိုင်ချလိုက်ပြီး-

'ငါ့မြေး..လူ့ဘဝမှာ နေရတာ အဆင်ပြေရဲ့လား'
ဟု သူ့ကို မေးလိုက်သည်။

'ငါ့မြေးကို လူ့ပြည်က ဆွေတော်မျိုးတော်တွေထံ သွားခွင့်ပြုတာ သိုက်နန်းမှာ ကျန်နေတဲ့ ဆွေမျိုးတွေအတွက် ကောင်းမှုကုသိုလ် ပြုပေးဖို့ပါပဲ။ လူ့ဘဝမှာမှ ထိထိရောက်ရောက် ကုသိုလ်ပြုပေးနိုင်မှာ မဟုတ်လား။ ငါ့မြေး မေ့လျော့နေမှာစိုးလို့ သတိပေးဖို့ ခေါ်ရတာပါပဲ။ လူ့ပြည် ရောက်တုန်းရောက်ခိုက် သိုက်နန်းက ဆွေတော်မျိုးတော်တွေကို ရည်စူးပြီး ကောင်းမှုပြုပြီး အမျှဝေဖို့ မမေ့နဲ့ကွယ့်'

နန်းဖလောင် မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ၊ စောမူတူး နှိုးမှ နိုးတော့သည်။

'နန်းဖလောင်..ထကြည့်စမ်း။ ဟိုမှာ တွေ့လား၊ နတ်သမီးတွေကွ။ လှလိုက်တာကွာ'

'ဟင်..ဒါ..ဒါ'

သူ၏ မျက်လုံးကို ပွတ်သပ်ပြီး စောမူတူး ညွှန်ပြသည့် နေရာကို ကြည့်လိုက်သည်။ ရေကန်အနီး ကျောက်ဖျာကြီးထက်တွင် ဝါစိမ်းရောင် ရွှေချည်ထိုးထဘီကို ရင်လျားလျက် ခိုင်ခြေအဆင်းရှိသော အလွန်လှပသည့် အမျိုးသမီးငယ်များ နေဆာလှုံရင်း ဆော့ကစား မြူးထူးနေကြသည်။ အသားတွင် ကပ်ရပ်နေသော ရေစိုအလှသည် အသားစိုင်တို့ကို မိမွေးတိုင်း ဖမွေးတိုင်း အထင်းသားပေါ်လွင်နေရုံမက ခန္ဓာကိုယ်ကောက်ကြောင်း၏အလှကို မြင်ရသူတို့ ရင်ဖိုစေသည်။

သူတို့အထဲတွင် ရွှေသလွန်ထက်၌ ထိုင်နေသော သူတို့၏သခင်မ ဖြစ်ဟန်တူသည့် အမျိုးသမီးငယ် နှစ်ဦး၏ အလှက တစ်မူထူးခြားလှပနေသည်။ စောမူတူးသည် နတ်သမီးတမျှ လှပသော အမျိုးသမီးလေးများ၏ ရှိုက်ဖို့ကြီးငယ် အသွယ်သွယ်ကို တရှိုက်မက်မက် ငေးမောရင်း ရာဂစိတ်တွေ ထကြွနေပုံရသည်။

'ဒါ စောစောက အိပ်မက်ထဲက ငါ့အစ်မတော်ဆိုတဲ့ သူတွေပါလား'

နန်းဖလောင် တိုးတိုးလေးရေရွတ်နေစဉ် ရာဂဘီလူး စီးနေပြီဖြစ်သော စောမူတူးသည် မိန်းကလေးများရှိရာသို့ ဂေါ်ရခါးဓားကောက်ကြီးကို ဝှေ့ယမ်းရင်း ပြေးဝင်သွားသည်။

'ဟေ့..အားလုံး ငြိမ်ငြိမ်နေစမ်း။ လှုပ်တာနဲ့ ဓား ပြတ်သွားမယ်'

စောမူတူးကို ရုတ်တရက်မြင်လိုက်သဖြင့် ရံရွေတော်များအားလုံး ရေထဲသို့ တဖွပ်ဖွပ်နှင့် ခုန်ချသွားသည်။ စောမူတူးက သလွန်ထက်မှ မိန်းကလေးနှစ်ဦး ရှေ့သို့ ဦးတည်လျက် အနီးဆုံး အမျိုးသမီးလေး၏ လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်သည်။ ထိုမြင်ကွင်းကြောင့် နန်းဖလောင်၏ နှလုံးသွေးတို့သည် ဆွေတော်မျိုးတော်ဟူသော အသိ



www.burmeseclassic.com

www.burmeseclassic.com

ဝင်ကာ ဆူဝေသွားသည်။

'ဟော့ကောင်၊ မလုပ်နဲ့။ အခုချက်ချင်း လွှတ်လိုက်စမ်း'

နန်းဖလောင်ဆီ စောမူတူး အာရုံရောက်သွားစဉ် မိန်းကလေးနှစ်ဦး အခွင့်ကောင်းယူကာ ရေကန်ထဲ ခုန်ဆင်းသွားသည်။ ရာဂဘီလူးစီးနေသော စောမူတူးအဖို့ လွှတ်တဲ့ငါး ကြီးနေသဖြင့် နှမြောတ,သ မချင့်မရဲဖြစ်သွားကာ နန်းဖလောင်ဆီ ဒေါသမြားဦး လှည့်သွားသည်။

'မင်းကို ငါ အရှင်ထားမယ် ထင်သလား။ မင်းသေဖို့သာ ပြင်ပေတော့'

စောမူတူးက နန်းဖလောင်အား စိမ်းစိမ်းဝါးဝါးကြီးစိုက်ကြည့်ကာ ပြေးခုတ်ရန် ဟန်ပြင်နေစဉ် ငြိမ်သက်နေသော ကန်ရေပြင်တွင် ရေပွက်များ ရုတ်တရက် ထကြွကာ မြင့်မောက်လာသည်။ ရေပွက်များ၏ ဆူပွက်သံက ကြောက်ခမန်းလိလိ ပေါ်ထွက်လာသည်။ နှစ်ဦးစလုံး မှင်တက်ပြီး ငေးကြည့်နေစဉ် မို့မောက်တက်ကြွလာသော ရေပွက်ကြီးအတွင်းမှ ထန်းပင်လုံးမျှရှိသော နဂါးကြီးတစ်ကောင် ကောင်းကင်သို့ ရုတ်တရက် ထိုးထွက်လာသည်။

နဂါးကြီး၏ ရောမပါးပျဉ်းခွက်ကြီး၏ အရိပ်သည် ကျောက်ဖျာတစ်ခုလုံးကိုပင် အရိပ်မိုးသွားသည်။ သူတွေ့ဖူးသော ဗုဒ္ဓဝင်ရုပ်စုံ စာအုပ်ထဲမှ နန္ဒောပနန္ဒ နဂါးမင်းပန်းချီပုံထဲကကဲ့သို့ အချွန်အတက်၊ အမို့အမောက်များနှင့် ဖြစ်သည်ကိုတော့ သူ မျက်ဝါးထင်ထင် မြင်လိုက်ရသည်။ ထိုစဉ် အစိမ်းပုပ်ရောင် အမြီးကြီးက ရေထဲမှ ထိုးထွက်လာကာ ကျောက်ဖျာပေါ်တွင် ဓားကိုင်ကာ ရပ်နေသော စောမူတူးကို တံမြက်စီးလှည်းသလို တိုက်ချ၍ ရေထဲသို့ ဆွဲခေါ်သွားသည်။

အဖြစ်အပျက်တို့သည် လျှပ်ပျက်သကဲ့သို့ မြန်ဆန်လွန်းလှ၍ စောမူတူးရော နန်းဖလောင်ပါ ပြေးဖို့ စိတ်မကူးနိုင်ကြ။ စောမူတူး၏ အားဟူသော အသံနက်ကြီးကို ကြားလိုက်ရပြီး နန်းဖလောင်လည်း သတိမေ့လဲကျသွားသည်။ နဂါးကြီး ဘယ်သို့ရေငုပ်လျှိုးသွားသည်ကိုပင် သူ မသိတော့ချေ။

♦ ♦ ♦

အဘိုးဦးနန်းဖလောင်က ကျွန်ုပ်အား ပြောပြရင်း မြေကရားထဲမှ ရေနွေးကိုငှဲ့ပြီး တစ်ငုံသောက်ကာ အာခြောက်မှုကို ဖြေဖျောက်လိုက်သည်။ ကျွန်ုပ်ကတော့မူ သိချင်တာတွေ ပိုများလာသဖြင့် ရေနွေးသောက်နေသည်ကို မစောင့်အားဘဲ မေးလိုက်မိသည်။

'အဘိုးကို နဂါးကြီးက မသတ်ဘူးလား'

'ငါတို့က ဆွေတော်မျိုးတော်ဆိုတော့ အန္တရာယ်မပေးတာ ဖြစ်မှာပေါ့'

'ဒါထက် အဘိုးက ရွာကို ဘယ်လိုပြန်ရောက်လာတာလဲ။ အဘိုးသူငယ်ချင်းကရော'

'ရွာကို ငါ ဘယ်လိုပြန်ရောက်မှန်း ငါ မသိဘူး။ သတိရတော့ ငါ အိမ်ကို ပြန်ရောက်နေပြီ။ ရွာအပြင်မှာ လဲနေတာ ထင်းခွေသမားတွေတွေ့လို့ ပြန်ပို့သွားတာ။ စောမူတူးကတော့ သေပြီ။ ရွာပြင်တောစပ်က ကျောက်တုံးကြီးဘေးမှာ သူ့ကိုရော ငါ့ကိုပါ တွေ့တာတဲ့'

'စောမူတူး ဘာကြောင့်သေသလဲဆိုတာ အဘိုး ရွာမှာ ပြန်ပြောမပြဘူးလား။ နို့မို့ဆို အဘိုးသတ်တယ် ထင်မှာပေါ့'

'သူတို့က တောမှာ မိုးမိပြီး အအေးပတ်သွားတဲ့အတွက် ရွာအဝင်မှာပဲ ငါတို့ လဲကျနေတာလို့ ထင်တယ်။ မိုးကလည်း ရွာနေတာကိုး။ စောမူတူး သေတာ အအေးပတ်ပြီး ဖျားလို့ သေတာပဲ ထင်တယ်။ တချို့က နတ်ကိုင်တယ်လို ထင်နေကြတယ်။ ငါကလည်း ဖျားနေတယ်၊ သုံးရက် သတိမေ့သွားတယ်။ သတိရလို့ ပြောချင်ပေမယ့် ငါ စကားပြောလို့ မရတော့ဘူး'

'အခု စကားပြန်ပြောလို့ ရတော့ မပြောပြဘူးလား။ ဘယ်လိုဖြစ်ပြီး ကောင်းသွားတာလဲ အဘိုးရဲ့'

အဘိုးဦးနန်းဖလောင်က ကျွန်ုပ်၏အမေးကို မဖြေသေးဘဲ ဆေးကုန်သွားသော ဆေးတံအိုးကို ထွေးအံနှုတ်ခမ်းနှင့် ခေါက်ကာ ပြာတွေကို ခြွေချလိုက်သည်။

'ငါ စကားမပြောဘဲ အဲသလိုဖြစ်သွားတာ ဆယ်နှစ်ကျော်သွားတယ်။ ဆေးကုတာလည်း ဆရာစုံသွားတယ်။ ကြာတော့ ဒီကိစ္စကို လူတွေ မေ့ကုန်ပြီ။ အခု စကားပြန်ပြောနိုင်တော့လည်း ငါ့ကို အဖျားကြီးပြီး ဦးနှောက်ချောင်သွားတယ်လို့ ထင်နေကြတော့ ဝိုင်းရယ်တာပဲ ခံရတယ်။ မင်းတို့လို ကလေးတွေကိုပဲ ပြောတော့တယ်။ လူကြီးတွေက မယုံဘဲကိုး။ ငါ့ကို စကားပြန်ပြောနိုင်အောင်ကုပေးတဲ့ ဆရာက မင်းတို့ တောင်စွန်းက ကုလားဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

ဖိုးဟီဒါးပဲကွ'

အဘိုးပြောပြသော ကုလားဆရာကြီး ဖိုးဟီဒါးကို ကျွန်ုပ် ကောင်းကောင်းသိသည်။ တောင်ဗွန်း ကုလားဆန် စက်ဝင်းအတွင်းရှိ တန်းလျားဟောင်းတစ်ခုတွင် နေပြီး နှားတွေ မွေးထားသည့် ဟိန္ဒူလူမျိုး ကုလားကြီး ဖြစ်သည်။ စစ်အတွင်းက အိန္ဒိယမှ ရောက်လာနေထိုင်သူ ဖြစ်သည်။ ပိတ်ဖြူပုဆိုးကို အမြဲ ခါးတောင်းကျိုက်ထား လေ့ရှိပြီး စွပ်ကျယ်အင်္ကျီအဖြူကိုသာ ဝတ်ဆင်လေ့ရှိသည်။ ထည်ထည်ဝါဝါ မနေ၊ ရွာအပြင်မှာ နွားများကိုသာ ကျောင်းနေလေ့ရှိပြီး ရွာထဲမှ ဝေဒနာခံစားနေရသော ရောဂါသည်များက ခေါ်လျှင် ကုသပေးသည်။ သူ ကုသ၍ မပျောက်ကင်းသည့်ရောဂါ မရှိသလောက်ပင်။ ဆေးဖိုး အခကြေးငွေ မယူဘဲ အသီးအနှံများ ပေးလျှင်တော့ ယူသည်။ အထူးသဖြင့် မြွေခဲသော ဝေဒနာရှင်များကို ကုသရာတွင် စွမ်းသည်။

ကိုက်သောမြွေကို ဝေဒနာရှင်ရှေ့သို့ ဂါထာရွတ်၍ ခေါ်ပြီး မြွေဆိပ်ကို ပြန်စုတ်ထုတ်စေကာ နို့ခွက်ထဲသို့ အန်ချခိုင်းသည်။ အကယ်၍ မြွေသည် အကြောင်းတစ်စုံ တစ်ရာကြောင့် သေဆုံး၍ မရောက်လာပါက ကြေးလင်ပန်းကြီးဖြင့် ဒဏ်ရာကို ကပ်ကာ မြွေဆိပ်ကို ထုတ်ပေးသည်။

ကျွန်ုပ်နှင့်အဘိုး စကားပြောဆိုကာလ လွန်ခဲ့သော (၂)နှစ်ခန့်က ဆရာကြီး ကွယ်လွန်သွားပြီ ဖြစ်သည်။ မကွယ်လွန်မီ ကျွန်ုပ် ခုနစ်တန်းနှစ်က အူကျဝေဒနာကြောင့် ကပ်ပယ်အိတ်ကြီး ရောင်ကိုင်းကာ နေမထိ ထိုင်မသာနှင့် ဆေးခန်းသွားပြရာ ဆရာဝန်က ခွဲစိတ်ရမည်ဟု ပြောသည်။ ထိုအခါ ကျွန်ုပ်၏မိခင်က ဦးဟီဒါးဆီ ခေါ်သွားသည်။ ဦးဟီဒါးက အမေ့ကို မန်ကျည်းသီးနှင့် ငမြှာကြီးဆေးရွက် ဝယ်ခိုင်းသည်။ အပ်ချည်လုံး တစ်လုံးနှင့် ပိန်းရိုင်းရွက် တစ်ရွက်ပါ ခူးခဲ့ရန် မှာလိုက်သည်။ မှာလိုက်သည့် ပစ္စည်းများ ရောက်လာသောအခါ မန်ကျည်းသီးနှင့် ငမြှာကြီးဆေးကို ရေနှင့် ခပ်ပျစ်ပျစ်နယ်ပြီး ပိန်းရိုင်းရွက်တွင် ထည့်ကာ ကပ်ပယ်အိတ်တွင် အုံ၍ အပ်ချည်ကြိုးဖြင့် ကပ်ချည်ထားလိုက်သည်။ အေးမြသော အထိအတွေ့ကြောင့် နေထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိသည်။ နောက်တစ်နေ့ နံနက်တွင် ရှင်းရှင်းပျောက်သွားလေသည်။

'ကုလားဆရာကြီးက ငါ့ကို နဂါးရုံဘုရားတစ်ဆူဆီ ခေါ်သွားတယ်။ ဘုရားကို သစ်သီး၊ နွားနို့၊ ဖယောင်းတိုင် အမွှေးတိုင်၊ မုန့်တွေနဲ့ ကပ်လှူပူဇော်စေတယ်။ ဂါထာတွေ ရွတ်တယ်။ သူ့ မြွေနဂါးတွေနဲ့ အဆက်အသွယ်လုပ်ပြီး မိတ်ဆက်ဖွဲ့ပြီး အကူအညီတောင်းတာပါတဲ့။ မြွေတွေကို နိုင်တဲ့ ဂါထာမဟုတ်ဘူးလို့ ပြောတယ်။ သိုက်နန်းရှင်တွေနဲ့ အဆက်အသွယ်ရတော့ သူတို့က သူတို့နေရာကို ပြောမှာစိုး၍ နှုတ်ပိတ်ထားတဲ့အကြောင်း၊ ယခု မလိုအပ် တော့တဲ့အကြောင်း သူတို့ကို ရည်စူးပြီး နဂါးရုံဘုရားတစ် ဆူ တည်ရမယ်။ ပြီးရင် သူတို့ကို အမျှပေးဝေရင် နဂါး အတိုင်း စကားပြန်ပြောနိုင်မယ်လို့ ပြောပြတယ်။

အခု အောင်ချမ်းသာဘုရားဝင်းထဲက နဂါးရုံဘုရားဟာ အဘိုး တည်ခဲ့တာပဲ။ ဘုရားပြီးတော့ ရေစက်ချ အမျှပေးဝေတယ်။ အလှူပွဲကို အစိမ်းရောင် ဝတ်စုံတွေနဲ့ အမျိုးသား၊ အမျိုးသမီးတွေ လှည်းနဲ့ ရောက်လာတယ်။ ငါ့အစ်ကို၊ အစ်မတွေလည်း တွေ့တယ်။ ငါ စကားမပြော နိုင်တော့ ခေါ်လို့မရဘူး။ အမျှဝေတော့ ဆရာတော်တွေက ကိုယ်စားဝေပေးတာကိုး။ နောက်တစ်နေ့ ငါ စကား စပြောတော့တာပဲ'

ယခု ဦးနန်းဖလောင် ကွယ်လွန်သည်မှာ အနှစ်သုံး ဆယ်ကျော်ကြာခဲ့ပေပြီ။ စောသန်းလှလည်း မရှိတော့ ကျွန်ုပ်လည်း ထိုတစ်ကြိမ်သာ ရောက်ပြီး နောက်ထပ် မရောက်တော့၊ ကျွန်ုပ်အား နဂါးဒေဝီအကြောင်းကို ဦးနန်း ဖလောင် ပြောပြသည်မှာ အမှန်ပင်ဖြစ်သည်။ တကယ်ဖြစ် ရပ် ဟုတ်၊မဟုတ် ကျွန်ုပ် အာမ၊မခံနိုင်ချေ။

ယခင်ကတည်းက ရေးသားတင်ပြရန် စိတ်ကူး သော်လည်း ယနေ့လူငယ်တို့အဖို့ ယုံကြည်ရန် လွယ်ကူ သော အကြောင်းမဟုတ်သဖြင့် မတင်ပြခဲ့၊ ထိုသို့ ခက်ခဲခြင်းသည်မှာလည်း ဂမ္ဘီရဆန်သော အကြောင်း ကြောင့် ဖြစ်သည်။ ယခု အကြောင်းတိုက်ဆိုင်သဖြင့် ခံစားဖတ်ရှုနိုင်ရန် ရည်ရွယ်တင်ပြခြင်း ဖြစ်သည်။ ယုံ ကြည်ပါဟု မတိုက်တွန်းသော်လည်း စိတ်လှုပ်ရှားဖွယ် ဖွယ် ဒဏ္ဍာရီပုံပြင်တစ်ပုဒ်အဖြစ်တော့ စာဖတ်သူ ခံစားနိုင်လိမ့်မည်ဟု ကျွန်ုပ်ထင်လေ၏။

သျှင်ရဲထွဋ်(တောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

ကြာပေါ်တို့ ပြောသည့်စကားကား ဇာတ်ဆရာ ကျွန်တော့်ကို မျက်လုံးပြူးသွားစေခဲ့သည်။

'ဆရာ့မင်းသား ကောင်းမှာပေါ့၊ ကွင်းပိုင်ကြီးက ဝင်ကူညီခဲ့တာကိုးတဲ့'

ဖြစ်နိုင်ပါ့မလား။

ကျွန်တော် ဆက်ပြီး နားမလည်သည်ကို မတွေးချင်တော့။

ပြဇာတ်တစ်ပုဒ် အောင်မြင် ဖြစ်မြောက်သွားသည်ကိုသာ ကျေနပ်နေမိပါတော့သည်။

◆◆◆

ကိုဝေတာစ်ယောက် ကျွန်တော့်အိမ် ရောက်လာခဲ့သည်။

ရွာသစ်ကာထိန်မှာ ကပြအောင်မြင်ခဲ့သော ချစ်ခွင့်ကြုံ မဆုံသော်လည်း ပြဇာတ်ကို ဒရင်းရွာမှာ ကပြရန် ပြောလာခြင်း ဖြစ်တော့သည်။

သည်ပြဇာတ်က ဝါးခယ်မမြို့ စာဆိုတော်နေ့ စာပေပြိုင်ပွဲမှာ




www.burmeseclassic.com

www.burmeseclassic.com

ပထမဆုရထားသော ရွာအပြန်လမ်း ဝတ္ထုကို ပြဇာတ်အသွင် ရေးသားထားသော ဇာတ်လမ်းဖြစ်ပါသည်။

ခေတ်က ကောင်းစီခေတ်။

ဒရင်းရွာ ဥက္ကဋ္ဌ ဦးပြား ရှင်ပြုရဟန်းခံမှာ ကပြရန် ဖြစ်တော့သည်။

ကိုဝေ့ဇနီးက ထိုရွာမှာ တာဝန်ကျသော ဆရာမတစ်ယောက်ဖြစ်၍ ကိုဝေ့အတွက် ထိုရွာမှာ ခွေမျိုးရွာဟု လည်း ဆိုနိုင်ပါသည်။

'ပြဇာတ်ဒါရိုက်တာပါ လုပ်ပေးရမှာနော်။ ဆင်ကူးရွာနဲ့ အပြိုင်ကရမှာ။ မင်းသမီးက ရွာထဲက မဟုတ်ဘူး။ မြောင်းမြ ကွယ်လွယ်က နာမည်ကြီးမင်းသမီး ခင်စန်းကြည်။ အလှူရှင် ဥက္ကဋ္ဌက ငှားပေးတာ'

ထိုစဉ်က ကျွန်တော့်မှာ အလုပ်မရှိပါ။ လူအား ဖြစ်နေ၍ ကိုဝေ ကမ်းလှမ်းသည်ကို လွယ်ကူစွာပင် လက်ခံမိလိုက်ပါသည်။

◆◆◆

ဇာတ်တိုက်ရန် ပေးထားသည်ကား ဦးရွှေမောင်းအိမ်ဖြစ်သည်။

သွပ်မိုး ပျဉ်ထောင်အိမ် ဖြစ်သည်တစ်ကြောင်း၊ မိသားစု နည်းသောကြောင့်တစ်ကြောင်း ကျွန်တော်နှင့် ကိုဝေ နေရသည်မှာ အထူးပင် ကျေနပ်စရာ ကောင်းခဲ့ပါသည်။

နေစရာကား အဆင်ပြေသည်ကား မှန်ပါသည်။ သို့သော် အဓိကကျသော သရုပ်ဆောင်များရွေးရန် လိုနေတော့၏။

ဇာတ်ကို ဦးဆောင်မည့် ပြဇာတ်မင်းသား လိုနေသည်။

ရွာမှာက အရပ်သား ဝင်းဆွေနှင့် အဆင်ပြေခဲ့၏။

'ငါ ဝါသနာပါတဲ့ လူငယ်ငါးယောက် ရွေးထားတယ်။ ပြဇာတ်မင်းသား ဘယ်သူဖြစ်သင့်တယ်ဆိုတာ မင်းပဲ ရွေးပါ။ မင်းက ဒီကောင်တွေနဲ့ ခုမှတွေ့ရတာမို့ ဘက်လိုက်ရာလည်း မကျတော့ဘူးပေါ့'

ကိုဝေ ပြောသည်မှာ မှန်ပါသည်။

သို့သော် ရွေးရသည်မှာ တာဝန်ကြီးလှ၏။ ကိုဝေ ခေါ်လာသော လူငယ်ငါးယောက်ကို တစ်ဦးချင်း ကျွန်တော် ကြည့်လိုက်ပါသည်။

ရှေးဦးစွာ ကြာပေါ်၊ အမည်က ဆန်းသလောက် လူကလည်း သွက်လှသည်။

လေးထောင့်မျက်နှာ၊ အသားက ညိုသည်။ မျက်လုံး က ပြူးသည်။ ရုပ်ရှင်လူကြမ်းမင်းသား အံ့ကျော်နှင့် ဆင်ဆင်တူ၏။ ထားဦးတော့။

သန်းညွန့်၊ အသားက လတ်သည်။ အရပ်အမောင်း လည်း သင့်၏။ မျက်နှာက ကြာပေါ်လိုပင် လေးထောင့် မျက်နှာ။

မြင့်သိန်း၊ အသားက ညိုသည်။ အပြောအဆိုက လေး၏။ ပုံစံက လူကြီးဆန်နေသည်။ ထားဦးတော့။

အောင်ပန်း၊ အသားက လတ်ပါ၏။ အရပ်က သည်။

နောက်ဆုံး တစ်ယောက်၊ အောင်သိန်း။

အသား ညိုသည်။ မျက်နှာအကျက မင်းသား အောင်နှင့် ခပ်ဆင်ဆင်။ အရပ်က ပေမီဒေါက်မီ။ အပြော အဆိုက လေးချင်ချင်။ ကိစ္စမရှိ။ ဒါက ပြင်ယူလို့ သင် လို့ ရသည်။

ထိုနေ့က ကိုဝေနှင့် ညှိပြီး တိုင်ပင်လိုက်သော အောင်သိန်းမှာ ပြဇာတ်မင်းသား ဖြစ်သွားတော့သည်။

◆◆◆

ဇာတ်စတိုက်ပြီ။ ဝါရင့်မင်းသမီးပီပီ ခင်စန်းကြည် က သွက်သည်။ ကျွန်တော့်မင်းသား အောင်သိန်း ရုပ်သေးရုပ်။ အားမရလို့ လက်ထောက်ဒါရိုက်တာ ကို က တွဲပြရသည်မှာ အကြိမ်ကြိမ် ဖြစ်တော့သည်။

ရုပ်ရှင်အခေါ် လပ်စင်းမှာ ကက်ဆက်ခွေဖွင့် ရှေ့မှာ သရုပ်ဆောင်စေခဲ့သည်။

နေချင်ကြတယ်... တို့နှစ်ဦး စိတ်မှာ..။

မင်းသားသုမောင် စုံတွဲသီချင်းကိုမှ အားမနာ ဆစ်မချိုး မင်းသမီးလက်က ဓာတ်လိုက်သည်လား မင်းသား အောင်သိန်းမှာ တွန့်တွန့်နေတော့သည်။

'ဆရာ..ဇာတ်လမ်းက ကောင်းပါတယ်။ ဒါ ဆရာ့မင်းသားက မနိပ်ဘူး ဖြစ်နေတယ်။ ဆင်ကူး ပြဇာတ်မင်းသား ကိုစိန်လှနဲ့တော့ ကွာပါ့'

ကျွန်တော့်မင်းသား တော်ပုံမှာ တွဲသည့် မင်း ကပင် ပြောယူရတော့သည်။

အချိန်က ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသား ကျားသေကို ဘယ်လို အသက်သွင်းရပါ့။

အပွဲပွဲနွှဲခဲ့သမျှ သည်ပွဲမှ ကျွန်တော် အရှုံးမခံနိုင်။

အမှန်ပြောရလျှင် ထိုအချိန်က ကျွန်တော် အရက်သောက်တတ်ခဲ့ပါသည်။

ကိုဝေသည်လည်း သောက်၏။

သို့သော် ထိုပွဲမှာ ကျွန်တော် မသောက်ခဲ့ပါ။ ဇာတ်ကို စီးနိုင်ဖို့ရာ ဒါရိုက်တာအပေါ်မှာ မူတည်သည်ဟု ခံယူထားသောကြောင့် ဖြစ်ပါသည်။

'ကျားသေကို အသက်သွင်းရမည်'

◆◆◆

'ဆရာ..ကျွန်မ ဒီည ဆင်ကူးရွာမှာ ဇာတ်သွားတိုက်ရမယ်။ ဆရာ့မင်းသား ကိုစိန်လှကို အားကျအောင် ခေါ်လာခဲ့ပါလား'

ဇာတ်တိုက်နားချိန် မင်းသမီးခင်စန်းကြည်က ကျွန်တော့်ကို အနားကပ်ကာ ပြောလာခဲ့သည်။ ကျွန်တော်က မင်းသမီး အကြံပေးချက်ကို လက်ထောက်ဒါရိုက်တာ ကိုဝေအား ပြောပြလိုက်သည်။

'အေး..ဒါလည်း ကောင်းတာပဲ'

'ဆင်ကူးရွာမှာ ငါ့အသိတွေ ရှိပါတယ်။ မင်းသားအောင်သိန်းကို ခေါ်ပြီး သွားကြည့်ကြတာပေါ့'

ကျားသေ ရှင်ရန် နည်းလမ်းကောင်းတော့ ပေါ်လာခဲ့လေပြီ။

မင်းသမီးခင်စန်းကြည်မှာ အလှူရှင်ဦးပြား ငှားထားသော မင်းသမီးဖြစ်သောကြောင့် အလှူရှင် ဦးပြားကို ကူညီသော ဆင်ကူးရွာ ပြဇာတ်မှာလည်း ဝင်ပါရသူ ဖြစ်ပါသည်။ ထို့ကြောင့် ဆင့်ကူးပြဇာတ်မင်းသား တော်ကြောင်း ကျွန်တော်တို့ကို ပြောလာခြင်း ဖြစ်ပါတော့သည်။

ဆင်ကူးရွာမှာ ကျွန်တော်တို့ ဇာတ်တိုက်နေသော ဒရင်းရွာနှင့် မဝေးပါ။

ဒရင်းရွာအနောက်ဘက် လယ်ကွင်းပြင်မှသွားလျှင် နာရီဝက်နှင့်ပင် ရောက်နိုင်ပါသည်။

ဆင်ကူးရွာသွားခြင်းမှာ အကြောင်းနှစ်ကြောင်း ရှိပါသည်။

နာမည်ကြီးသော ပြဇာတ်မင်းသား ကိုစိန်လှကို မြင်တွေ့လိုခြင်း။

ကျွန်တော့်မင်းသားအောင်သိန်း ပညာရစေလိုခြင်း အကြောင်းပင် ဖြစ်ပါတော့သည်။

◆◆◆

မင်းသမီးခင်စန်းကြည် ပြောသည်မှာ အပိုအလိုမရှိ မှန်လှပါသည်။ ကိုစိန်လှ တော်ပါသည်။ ထိုခေတ်က နာမည်ကြီး ပြဇာတ်မင်းသား လူငယ်ကြည်ခိုင် ကိုယ်ပွားလေးဟု မှတ်ယူခဲ့ရပါ၏။

အပြောကောင်းသည်။ အတွဲကောင်းသည်။

ကျွန်တော့်စင်တင်မင်းသား အောင်သိန်းထက် နာတစ်ဖျားမက များစွာကွာလွန်းလှပါသည်။ ကျွန်တော်နှင့် ကိုဝေ ရွေးချယ်မှားခဲ့လေပြီလား။ ခုမှတော့ ပြင်၍ မရတော့။

ပွဲဝင်ရမည့်ရက်က နီးလာခဲ့ပြီ။

အလှူရှင်ဥက္ကဋ္ဌက ကျွန်တော်တို့နှစ်ယောက်အတွက် ပြည့်စုံစွာ စီမံပေးသော်လည်း အိမ်ကိစ္စကရှိနေ၍ ပွဲမဝင်ခင် အလှည့်ကျ အိမ်ပြန်ကြရသည်။

မင်းသမီးခင်စန်းကြည်ကို ကျေးဇူးတင်ရပါမည်။ ကျားသေသည် လှုပ်လာပြီဖြစ်၏။ မင်းသားအောင်သိန်း မာတောင့်တောင့်ကြီး မဟုတ်တော့။

မင်းသမီးလက်ကို ရဲရဲကိုင်ဝံ့သွားပြီ။

သို့သော် ဆင်ကူးပြဇာတ်မင်းသား ကိုစိန်လှကိုကား မမီသေးပါ။ ကြိုးစားရပေဦးမည်။

◆◆◆

ပွဲစဝင်သည့်ည ဖြစ်သည်။

အလှူမဏ္ဍပ်အနီးမှာ ဇာတ်ခုံကြီး ခံ့ညားစွာ ဆောက်ထားသည်။

ဘုရားပွဲအလား အရောင်းဈေးဆိုင်များစွာကို တွေ့ရသည်။

အစီအစဉ်အရ အိမ်ရှင် ဒရင်းရွာ ပြဇာတ်အဖွဲ့က နောက်ဆုံးကနေ၍ ကရမည် ဖြစ်ပါသည်။ ကျွန်တော် ကျေနပ်ပါသည်။

ပြင်ဆင်ချိန် ပိုရသောကြောင့် ဖြစ်ပါ၏။ ညနေစောင်းကတည်းက ကျွန်တော့်ပြဇာတ်ထဲမှာပါသော ကြာပေါ်ကို ဇာတ်ဝင်ပစ္စည်းများ မေ့မကျန်ခဲ့ရန် အတန်တန် မှာရသည်။

ကျွန်တော်တို့ ဒါရိုက်တာနှစ်ယောက် တနေ့လွဲကြ



www.burmeseclassic.com

www.burmeseclassic.com

ရသည်။

ကျွန်တော်က ဇာတ်စင်ပေါ်မှနေ၍ ခန်းဝင် ခန်းထွက် စစ်ဆေးရန်၊ ကြီးကြပ်ရန်။

ကိုဝေက ဇာတ်စင်အောက် တီးဝိုင်းကို ကြီးကြပ်ညွှန်ကြားရန် ဖြစ်ပါသည်။

ကျွန်တော် လူစစ်နေစဉ် ကြာပေါ်တစ်ယောက် သုတ်သီးသုတ်ပျာနှင့် ရောက်လာခဲ့သည်။

'ဘာလိုလို့လဲ ကြာပေါ်'

သန်းညွန့်၊ မြင့်သိန်း၊ အောင်သိန်းတို့ပါ ရောက်လာခဲ့သည်။ ဘာတွေဖြစ်ကြပါလိမ့်။

လက်ထောက်ဒါရိုက်တာ ကိုဝေက အနားမှာရှိမနေ။ ကျွန်တော်စိုးရိမ်၍ ကြာပေါ်ကိုပင် မေးရတော့သည်။ ကြာပေါ့်မျက်နှာက စပ်ဖြီးဖြီး ဖြစ်နေသည်။ ခေါင်းကို ကုတ်၍ မဝံ့မရဲလေသံနှင့် ပြောလာခဲ့သည်။

'အဲ..ဒီ..ဒီလိုပါ ဆရာ၊ ကျွန်တော်တို့ ပြောရဲဆိုရဲအောင် အဟီး..ရဲဆေးတင်ခွင့်၊ အဲဒါ..အဲဒါ ပြုပါလို့'

ကျွန်တော် မျက်လုံးပြူးသွားမိပါသည်။ နောက်သို့ပင် ယောင်၍ ဆုတ်လိုက်မိပါသည်။

'အာ..မလုပ်နဲ့..မလုပ်နဲ့။ ပြောရမယ့် ဒိုင်ယာလော့၊ အဲ..စကားလုံးတွေ မေ့သွားရင် ဘယ့်နှယ်လုပ်မလဲ'

ကျွန်တော် အရက်ကွဲမခံနိုင်ပါ။ ထို့ကြောင့် ထိတ်လန့်သွားကာ တားလိုက်ရပါတော့သည်။

◆◆◆

ကြည့်။

အရက်မသောက်တာတောင် မှားလာသည့် အမှားက ပြင်းထန်လှသည်။

ဇာတ်ဝင်ခန်း အမှတ်နှစ်မှာ ဓားပြတိုက်ခန်း ပါသည်။

ယမ်းခွဲရန် သစ်သားမီးခြစ် ကြာပေါ်ကို ရှာခိုင်းထားသည်။ ရှာလည်း ရှာပြီးပြီဆို၏။ တကယ်တမ်းပွဲကတော့ အတန်တန် မှာသည့်ကြားက အိမ်မှာ မေ့ကျန်သတဲ့လေ။

ကျွန်တော် ခေါင်းခဲပြီပေါ့။

ကြာပေါ့်မျက်ခွက်ကြီးကို လက်သီးနှင့်သာ ထိုးပစ်လိုက်ချင်တော့သည်။

သူတော့ မသိ၊ ကျွန်တော့်ခေါင်းက ချွေးတွေ ယိုစီးကျလာခဲ့သည်။

သေနတ်အစား ဓားကို ပြောင်းလုပ်ရကောင်းမလား။

'ဟော..ဟိုမှာ တွေ့ပြီ'

သန်းညွန့်က ပွဲခင်းဘက်ကြည့်ကာ အော်ပြောလိုက်သည်။

'ဘာတွေ့တာလဲ မင်းကြီးတော်လား'

သန်းညွန့်က ကျွန်တော့်ပြဇာတ်တွင် မင်းသားနှင့်တွဲရသော လူရွှင်တော်ဖြစ်၍ နောက်ပြောင်သည် ထင်ကာ စိတ်တိုတိုဖြင့် ကျွန်တော် အော်မိရတော့သည်။

'ပူစီဖောင်းလေ ဆရာမိုးရဲ့'

ရုတ်တရက်မို့ ကျွန်တော် သဘောမပေါက်ခဲ့သော်လည်း နောက်မှ သဘောပေါက်လိုက်သည်။

မီးခြစ်ယမ်းအစား ပူစီဖောင်းကို အသုံးပြုရန်ပင် ဖြစ်တော့သည်။

ပူစီဖောင်းကို ဆေးလိပ်မီးနှင့် တို့လိုက်လျှင် ဖောင်းခနဲ မြည်ပြီပဲပေါ့။

သန်းညွန့်ကို ချီးကျူးမိလိုက်သည်။

ဆင်း၍လည်း ဝယ်ခိုင်းလိုက်ရ၏။

◆◆◆

'ဆရာ့မင်းသားက လွတ်ကောင်းနေတယ်'

ကျွန်တော်က မင်းသမီးခင်စန်းကြည် စကားကြောင့် ကဗျာဆရာ မိုလ်ကြီး ခေါ် မောင်သင်းခိုင်ကို သတိရမိခဲ့ရသည်။ သည်စကားက ကဗျာဆရာ မောင်သင်းခိုင်၏ မူပိုင်စကား ဖြစ်သည်။ ထိုစဉ်က မဟုတ်ပါ။ ယခု တွေးမိခြင်း ဖြစ်ပါသည်။

'ဘီလူးသရဲစီးနေသလား မှတ်ရတယ်။ ကျွန်တော် ဖက်လိုက်တာများ စိစိညက်ညက် ကြေသွားမလား မှတ်ရတယ်'

ကျွန်တော်နှင့် ကိုဝေ မင်းသမီးခင်စန်းကြည် စကားကြောင့် ရယ်မိခဲ့ရ၏။

မင်းသားအောင်သိန်းမှာ ထိုစဉ်က လူပျိုစစ်စစ် ဖြစ်ပါတော့သည်။

မင်းသမီးခင်စန်းကြည်မှာ အရွယ်ငယ်၍ ချောသူ အပြောကောင်းသူ ဖြစ်လေတော့ အောင်သိန်းတစ်ယောက် ထိပြီပေါ့။

(နောက်ပိုင်းမှ သိရသည်မှာ မင်းသမီးခင်စန်းကြည်မှာ ခင်ပွန်းရှိခြင်းပင် ဖြစ်ပါသည်။ အောင်သိန်း တစ်ယောက် သိမသွားလေပါ။)

www.burmeseclassic.com

www.burmeseclassic.com

အရက်မူးတော့ ကျွဲခိုးပေါ်လေပြီ။ ကြာပေါ်က ဦးဆောင်ကာ ပြဇာတ်ကအပြီးတွင် ကျွန်တော့်ကို ထိုင်ကန်တော့ခဲ့ကြသည်။

ကျွန်တော်မသိအောင် ရဲဆေးတင်ကြပါသတဲ့။ ပိုဆိုးတာက ဆရာ့မင်းသား အောင်သိန်းပဲ။ ကြာပေါ်က ဖော်ကောင် လုပ်လာခဲ့သည်။

အောင်သိန်းက ကြာပေါ်ကို မျက်စောင်းထိုးလိုက်၏။

'မူးမူးနဲ့ ဒီကောင် ကွင်းပိုင်ကြီးကို အရက်ဆက်ပြီး အကူအညီတောင်းခဲ့တယ်'

'ဗုဒ္ဓေါ'

ကျွန်တော် မျက်လုံးပြူးသွားမိရသည်။ မင်းသမီး ခင်စန်းကြည်ကိုယ်တိုင်က အောင်သိန်းကို ဘီလူးသရဲစီးနေသလိုပဲဟု ဆိုခဲ့သော်ကြောင့် ဖြစ်၏။ ဟိုက ဥပမာပြကာ ပြောခြင်းသာ ဖြစ်သည်။

ကြာပေါ် ပြောသလိုဆိုလျှင် ကွင်းပိုင်ကြီးက ပြဇာတ်မင်းသားအောင်သိန်းကို ပူးကပ်ကာ သရုပ်ဆောင်သွားခြင်းပေလား။ ဆန်းတော့ ဆန်းနေသည်။

'ဘယ်လိုအကူအညီတောင်းတာလဲ'

ကိုဝေက အောင်သိန်းကို ရူးစိုက်ကြည့်ကာ ဝင်မေးလိုက်သည်။

ကိုဝေမှာ သူ့ဆရာမ၏ ခင်ပွန်းဖြစ်၍ လိမ်ညာရန် မဝံ့တော့ သက်ပြင်းချကာ ဝန်ခံလာခဲ့သည်။

'အဟီး..ကွင်းပိုင်ကြီး၊ မင်းသမီးကို တွဲနိုင်အောင် အကူအညီပေးပါလို့ ပြောမိတယ် ဆရာမိုး'

'ဘုရား..ဘုရား'

ကျွန်တော် အမှန်တကယ်ပင် ဘုရားတ,မိခဲ့ရပါသည်။ ဒါတွေကို မင်းသမီးခင်စန်းကြည်ကား သိမသွားခဲ့ပါ။ သိများ သိခဲ့လျှင်..။

(ယခုအခါ မင်းသားအောင်သိန်း၊ အိမ်ပိုင်ရှင် ဦးရွှေမောင်၊ တွဲဖက်ဒါရိုက်တာ ကိုဝေတို့ မရှိတော့ပါ။ အသီးသီး ကွယ်လွန်သွားကြပြီ ဖြစ်ပါသည်။ ကျွန်တော်ကား တီဗွီမှ ပြဇာတ်များ လာတိုင်း ဒရင်းရွာနှင့် အဖွဲ့သားများ အားလုံးကို သတိရနေမိခဲ့ပါသည်။)

**ကျော်မိုးလွင်(ဝါးခယ်မ)**


# ကြယ်ဖြူမင်း

အမှတ်တံဆိပ်

**ဆီးချို၊ သွေးချိုသောက်ဆေး**



ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်၊

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း **ကြယ်ဖြူမင်း ဆေးတိုက်**

အမှတ်(၄၅၁)၊ သမိန်ဗရန်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။

☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၀၅

မြန်ရှိရေး တိုဝင်းမြင့်+မေတောဒ် (ဆေးမျိုးစုံဆိုင်) (၁၅)လမ်း ... (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ...) (ပုသိမ်မြို့ - မြူးမွှန်ဆေးခန်း)၊ (ပဲခူးမြို့ - ...)

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆဆသလ၊(၂၃၈၅)


www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနေသည် ကျဲကျဲတောက်ပူနေလျက်။ ထင်းဖတ်ရိုက်နေသူ ကိုဖိုးကျေးအတွက် တော့ ချွေးများပင်စီး၍ ကျနေသည်အထိ ဖြစ်ခဲ့လေပြီ။ ခဏတာ အနားယူရင်း ဆေးလိပ်သောက်မည်ဟု အကြံဖြင့် ပုဆိုးကို ရှားငုတ်တိုတွင် စိုက်လျက် ချွေးသုတ် နေသည်။ ပုဆိုးဖြင့် ဖုံ့ယူထားသည်ကြောင့် ရှားငုတ်သည် ဗရုပ္ပကျဲနေပြီ ဖြစ်သည်။ ယခုလို ဆောင်းရာသီများက မီးဖိုအနားတွင် နေနိုင်ပါမှ အအေးသက်သာသည်။ အနောက်ဘက် တောင်တန်းများ၏ အကြိုအကြားမှ တိုက်ခတ်လာသည့် လေ အေးများသည် ရွာကလေးအတွက် ဆောင်းပီသစေသည်မှာ နှစ်စဉ်ပင်။ ပုဆိုး ဖြင့် ဖုံ့ချထားသည့် ထင်းဖတ်များက ဆောင်း၏ အအေးဒဏ်ကို ကာကွယ် ရန် ဖြစ်ပေသည်။

# မောင်ရှေ
## အရပ်ရှည်ရှည် သရဲ

ထနောင်းပင်ရိပ်တွင် ကျကျနနထိုင်ကာ ဆေးလိပ်နှင့် မီးခတ်ကျောက်ကို ယူသည်။ ကျောက်တုံးပေါ် တင်၍ ဂွမ်းစ မီးကူးမည်ကြံကာမှ အသံတချို့ကို ခပ်လှမ်းလှမ်းဆီမှ ကြား ရလေသည်။

'လိုက်ဟာ၊ လိုက်ဟာ..လိုက်ဟာ'

ဆေးလိပ်တိုကို သွားတွင်ကိုက်လျက် ကိုဖိုးကျေးသည် အရှေ့ဘက်ဆီသို့ မျှော်၍ကြည့်သည်။ အသံသာ ကြား ရသည်၊ လူကို မတွေ့ရချေ။ တအီအီအော်မြည်နေသည့် ခွေးသံကြောင့် ကိုဖိုးကျေးက သိပါသည်။ တစ်ယော ယောက်သည် ယုန်နှင့် တွေ့နေဟန် ဖြစ်သည်။ မီးခ ကျောက်ပေါ်တွင် ကပ်ထားသည့် ဂွမ်းစကို တုတ်ငယ်ဖြင့် ချော်ရိုက်လိုက်သည်။ ဂွမ်း တွင် မီးစွဲသည့်အခါ သောက် လက်စ ပြောင်းဖူးဖက်၊ ဆေးလိပ် ညှိကာ ထိုင်၍ ဖွာနေသည်။

'လိုက်ဟာ..လိုက်ဟာ၊ ဟော့.. ပေါ် တက်ပြီဟာ'

'ချုံတွေထဲ ပျောက်ပါပြီကွာ'

ယုန်နောက်သို့ လိုက်လာသည်က ဖြစ်သည်။ မနေနိုင်တော့သည်ကြောင့် သည် မတ်တတ်ရပ်၍ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သံများအရ ယုန်တက်လာသည်က သူရှိရာ ကျောက်စရစ်ကုန်းပေါ်သို့ ဖြစ်ရမည်။ သူ တွေးနေစဉ်မှာပင် အနားသို့ ယုန်က အရင်ရောက်လာသည်။ အမွေးက အညိုရောင်အကျား ဖြစ်သည်။ ကိုဖိုးကျေးကို မြင်သည်တွင် ယုန်က အနောက်ဘက်တည့်တည့် ပြေးလာရာမှ အနောက်တောင်ဘက်သို့ ချိုးလိုက်သည်။

နောက်မှ ပါလာသည့် ခွေးကလည်း ထောင့်ဖြတ်ခုန်၍အုပ်သည်။ သို့သော် မမိလိုက်။ ယုန်က တုံ့ခနဲရပ်၍ ဆက်ပြေးသည်။ ခွေးသည်ကား ကျောက်စရစ်ပြင်ပေါ်တွင် ကျွမ်းပြန်ကာ လေး,ငါးပတ်မျှ လိမ့်သွားသည်။ ခွေးပြန်ထလာသည့်အခါ ယုန်က အတော်ဝေးဝေးကိုပင် ရောက်သွားခဲ့ပြီ။

'ဟ..သာဖိုးကျေး၊ ယုန်မတွေ့လိုက်ဘူးလား'

အမောတကော လိုက်လာသူ ကိုဆောင်းက မေးလည်း မေးသည်။ မေးရင်း ကိုဖိုးကျေးရှိရာ ထနောင်းပင်အရိပ်သို့လည်း ဝင်လာခဲ့သည်။

'တွေ့ပါ့ဗျာ။ မင်းခွေးက မလိုက်တတ်ဘူးကွ။ မျက်ခြည်ပြတ်သွားပြီ'

ထိုအချိန်တွင်ပင် နောက်တစ်ဦး ထိုနေရာသို့ ရောက်လာသည်။ နောက်မှ ရောက်လာသူသည် ကိုဆောင်းတစ်ယောက်တည်း ယုန်နောက်လိုက်နေသည်ကိုတွေ့ရ၍ ဝိုင်းကူလိုက်ပေးခဲ့သည့် ကိုအောင်ကြည် ဖြစ်သည်။ ရောက်လျှင် သူကလည်း မေးပြန်သည်။

'ဘယ်ပြေးသွားတာ တွေ့လိုက်တုံးကွ'

'သဲကွေ့တောဘက် ပြေးတာကွ။ နေပူပူနဲ့ လိုက်မနေတော့နဲ့။ ပိုက်တန်းပြီး ညဘက်ကျမှ လိုက်ရအောင်'

'ပိုက်တန်းရင်တော့ နေ့ခင်းကတည်းက ဆူးခုတ်ထားရမှာ။ မင်း အိမ်ပြန်ဦးမှာလား'

ကိုအောင်ကြည်က သာဖိုးကျေးလက်မှ ဆေးလိပ်ကိုယူရင်း မေးသည်။ သာဖိုးကျေးတစ်ယောက် သောက်လက်စ ဆေးလိပ်ကို အားရအောင် ဖွာလိုက်ပြီးနောက် ကမ်းပေးလိုက်ရင်း ပြန်ပြောသည်။

'ဒီထင်းလေးတစ်ထမ်း ပြန်ပို့လိုက်ဦးမယ်။ ဒီလိုလုပ်ကွာ။ ငါက ပိုက်တန်းတွေ ပြင်ဆင်ထားရဦးမှာ။ မင်းတို့နှစ်ယောက်က နွားစာရိတ်ပြီးတာနဲ့ ဆူးစည်းတွေ ကာလာခဲ့။ ဘယ့်နှယ်တုံး'

သာဖိုးကျေးက ကျွမ်းကျင်သူဖြစ်၍ စီမံနေသည်။ ကျန်နှစ်ဦးကလည်း လွယ်ကူစွာ သဘောတူကြသည်။

ဤသို့ဖြင့် ကိုအောင်ကြည်နှင့် ကိုဆောင်းတို့က လှည်းနွားများရှိရာသို့ ပြန်သွားကြသည်။ ကိုဖိုးကျေးသည်လည်း သူ၏ ဆိုင်းထမ်းတွင် ထင်းဖတ်များပြည့်သည်အထိ ပေါက်ကာ ယုန်သားစားရမည်သေးဟု တွေးနေလိုက်သည်။

ယာတွင်းရှင်း၊ နွားကျောင်းရှင်း။ ထိုသို့ ယုန်တွေ့၍ လိုက်ကြသည်က သူတို့ ရွာကလေးအတွက် အဆန်းမဟုတ်ပါ။ သန်းချုံပုတ်များ၊ ဘောင်ခွဲချုံကြီးများ ထူထပ်လှသည်ကြောင့် ယုန်တို့ ကျက်စားကြသည်။ တစ်ဖက်ဆည်ကန်ကြီးများ ပတ်လည်ဝန်းရံနေသည့် ခင်တန်းများသည် ယုန်တို့အတွက် စားကျက်ပင်ဖြစ်သည်။ ပုန်းနိုင်ကွယ်နိုင်သည့် ကျပ်တည်းလျှိုမြောင်တို့ကလည်း ကျယ်ပြန့်စွာ တည်ရှိလေသည်။

◆◆◆

ဆောင်းကာလ၏ ညနေခင်းသည် အဆောတလျင် အမှောင်သန်းရန် မှိုင်းပျပျဖြစ်နေ၏။ ယာတောပြန် နွားလှည်းတို့သည် အစီအရီ ရွာအဝင်ခရီးကို စတင်နေကြပြီ။ နွားမအုပ်များသည်လည်း ခြံသွင်းတော့မည်ဖြစ်၍ ဒွံသံပေးကာ ပြန်လာနေကြလေပြီ။ နွားကလေးများ၏ မိခင်ပျောက် ရှာနေသံ၊ နွားမကြီးများ၏ သားခေါ်သံ၊ ပေါင်းသင်ရာမှ ပြန်လာသူတို့၏ ရွာအဝင် တေးဆိုသံတို့ဖြင့် ရွာသည် အသက်ဝင်လျက် ရှိသည်။ ချောင်းရိုးသို့ ဆင်းသက်ရာ လမ်းတစ်လျှောက်တွင်တော့ ရေအိုးကိုရွက်သူ မိန်းကလေးများ၊ ဆိုင်းထမ်းဖြင့် လူငယ်များက နွားရေအတွက် ရေခပ်ဆင်းနေကြသည်။

ထိုသို့ တစ်ရွာလုံး လှုပ်ရှားသက်ဝင်နေသည့် ညနေခင်းတွင် လူသုံးဦးသည်ကား ရွာအပြင်ဘက်သို့ ငြိမ်ဆိတ်စွာ ထွက်လာကြလေသည်။ ထိုသူတို့သည်ကား နေ့ခင်းဘက်က ယုန်တစ်ကောင် တွေ့ထားခဲ့သည့် ကိုဖိုးကျေး၊ ကိုဆောင်းနှင့် ကိုအောင်ကြည်တို့ပင် ဖြစ်လေသည်။ သူတို့သည် လက်ချည်းဗလာ ထွက်လာကြသည်တော့ မဟုတ်ကြ။ နေ့ခင်းဘက်က မပြည့်စုံလိုက်သည့် ပိုက်အချို့ ထမ်းပိုးထားသည်။ လိုအပ်သည့် နေရာများတွင် ထပ်ဖြည့်ကြဦးမည့် သဘောပင်။ ဆောင်းညသည်

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် မြုံစောင်ကိုယ်စီလည်း ယူဆောင်လာကြသည်။ သူတို့နှင့်အတူ ခွေးနှစ်ကောင်လည်း ပါလာသေးသည်။ ခွေးတို့က ဟိုချုံနမ်း သည်ချုံနမ်းဖြင့် လူများနှင့် မကင်းကွာလှသည့် လမ်းများမှ လိုက်နေသည်။ လူသုံးဦးသည် လိုအပ်နေသော ပိုက်များကို အချိန်မီတန်းနိုင်ရန် သုတ်ခြေတင်နေကြလေ၏။

သဲကွေ့တောဆိုသည်က ရွာနှင့် တစ်မိုင်ခန့် ဝေးသည်။ သူတို့တွေ ထိုနေရာတွင် ယုန်ပိုက်များ တန်းနေဆဲ၌ပင် အလင်းရောင်က ကွယ်ပျောက်သွားခဲ့ရလေသည်။ လမိုက်ညဖြစ်သည်ကို ထိုနေရာသို့ ရောက်ကာမှ သတိရကြသည်။ ကြယ်တို့၏ ပိုးတဝါးအလင်းရောင်သာ ရှိသည်ဖြစ်၍ အရာရာသည် မှုန်ဝါးဝါးသာ မြင်နေရသည်။

'ဆောင်းရေ..လမိုက်ညကြီးဗျ။ ကြယ်တွေစုံနေလို့တော်သေးဟ'

သရဲကြောက်တတ်သူ ဦးအောင်ကြည်က စ၍ပြောသည်။

'သွားနေကျ လာနေကျ နေရာတွေပါကွာ။ တစ်ခုပဲ စဉ်းစားစရာ ယုန်က အညှိရောင်ကွ'

ကိုဖိုးကျေးက ယုန်ထွက်ပြေးလျှင် မတွေ့ရမည်ကို စိုးရိမ်နေဟန် ရှိလေသည်။

'အမယ်ကွာ၊ မစိုးရိမ်ပါနဲ့။ ခွေးတွေ ပါနေတာ'

ကိုဆောင်းက သူ့အမြင်ကို ပြောပြန်သည်။

သဲကွေ့တောဆိုသည်က ယာခင်းက အနည်းငယ်သာ ရှိသည်။ ချောက်ကမ်းပါးများ၊ ရေရိုးများ၊ ကုန်းခင်တန်းများ အသီးသီးဝန်းရံနေသည်။ သူတို့တွေ စည်းတန်းကာ ထားသည်က အနောက်ဘက်ခြမ်းဖြစ်သည်။ ချုံများကို တစ်ခုနှင့်တစ်ခု အလွတ်မရှိ ဆူးခက်များ ကာရံထားသည်။ ထိုဆူးခက်များတွင် လွတ်နေသည့် အပေါက်များ ချန်ထား၍ ထိုနေရာတွင် ယုန်ထောင်သည့်ပိုက်ကို တန်းထားကြသည်။ ခြောက်လှန့်၍ မောင်းထုတ်လိုက်သည်နှင့် လွတ်သည် ထင်ရသည့် ပိုက်တန်းထားရာကို ယုန်က ဖြတ်ပြေးမည်။ ယုန်လိုက်ရသည်က ထိုမျှသာဖြစ်သည်။ ခွေးတို့၏ အကူအညီဖြင့် ယုန်ရှိမည် ထင်ရသည့် နေရာမှ မောင်းထုတ်ပေးရုံသာ။

'ကဲ..ခွေးတွေပါ ခေါ်ဟေ့။ အရှေ့ဘက်ကို သွားကြမယ်'

ကိုဖိုးကျေးက ပြောလည်းပြော၊ ရှေ့ကလည်း ထွက်သွားသည်။ ကိုဆောင်းနှင့် ကိုအောင်ကြည်လည်း လိုက်ပါသွားရင်း ခွေးတို့ကို ခေါ်သည်။ သူတို့ သုံးယောက်လုံးသည် ဆောင်း၏ အအေးဒဏ်ကြောင့် မြုံစောင်များကို ပတ်ထားကြလေရာ စကားပြောသံကိုကြားမှ လူလုံးကွဲရသည်။ ကြယ်အလင်းသာရှိသည့် ညအမှောင်ရိပ်တွင် ဘယ်သူဘယ်ဝါ ကွဲသည်မဟုတ်။ သုံးဦးစလုံးက သရဲကြောက်တတ်သူချည်း ဖြစ်သည်။

ယုန်လိုက်ကြရမည့်နေရာ သဲကွေ့တောသည် ကြမ်းသည်ဟု ထင်ရှားသည်။ အရှေ့ဘက်တွင် ဆပ်ပြာကျင်းကန်ဟုခေါ်သည့် တဘက်ဆည်ကန် ရှိသည်။ ထိုနေရာသည်ကား ဆယ်နှစ်ဆယ်မိုးကာလတွင် ကွန်မြူနစ်အကျဉ်းထောင် တည်ရှိခဲ့ရာဖြစ်သည်။ ဆပ်ပြာကျင်းကန်အနောက်ဘက်ခြမ်းတွင် ထိုခေတ်က လူသတ်ကုန်းဖြစ်ခဲ့သည့် မီးသွေးကျင်းဟောင်း ရှိပေသည်။ မြောက်ဘက်တွင်လည်း လူးခင်းတောရှိ၍ ထိုအနီးရှိ ကွန်မြူနစ်ဆေးရုံဟောင်း နေရာသည်လည်း ရာဇဝင်ရှိသည်။ မည်သို့ပင်ဖြစ်စေ ထိုသဲကွေ့တောတွင် သူတို့သုံးဦး ယုန်လိုက်ကြတော့မည် ဖြစ်သည်။

◆◆◆

ကြယ်ရောင်တို့၏ အလင်းသည် ညနက်လျှင် ပိုမိုလင်းလာသည့်သဘောရှိသည်။ အမှောင်တွင် ကျင့်သားရသွား၍ စိတ်အထင်လည်း ဖြစ်နိုင်ပေသည်။ သဲကွေ့တောအရှေ့ဘက်ထိပ်သို့ ရောက်သည့်အခါ သူတို့သုံးဦးသည် လူခွဲ၍ အနောက်ဘက်သို့ ခြောက်လှန့်ကာ သွားရမည်ဖြစ်သည်။ ကိုအောင်ကြည်က မြောက်ဘက်တွင် နေရာယူသည်။ ကိုဆောင်းက တောင်ဘက်အစွန်ဖြစ်၍ ကိုဖိုးကျေးက အလယ်တွင် နေရာယူကြသည်။ ပိုက်တန်းများရှိရာသို့ ခွေးများ အကူအညီဖြင့် မောင်းထုတ်ကြပေတော့မည်။

သဲကွေ့တောက ကျယ်ဝန်းသည်။ ထိုအခါ တစ်ဦးနှင့်တစ်ဦး တစ်ခေါ်နီးပါး ဝေးကြလေသည်။ ထိုအခါမှ သုံးဦးလုံးသည် အမှောင်၏ ထိတ်လန့်ဖွယ်ကို တွေ့ရတော့သည်။ လူသံသူသံကင်းမဲ့သည့် တောတောင်အထဲတွင် ကြည့်လေရာ မြင်လေရာသည် မည်းမည်းမှောင်နေသည်။ သစ်ပင်ချုံနွယ်တို့ကလည်း အမည်းရောင်ချည်းဖြစ်နေသည်။ ကုန်းခင်တန်းများလည်းရှိ၍ တစ်ဦးချင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦး မတွေ့ရလေတော့။ ခွေးတို့သည်ကား တောလိုက် ဆက်မှန်းသိ၍ ချုံတွေ့တိုင်း လိုက်နမ်းနေကြပေမည်။ သို့သော် လူများနှင့် ကွာသွားကြပြီ ဖြစ်သည်။

အသံကိုယ်စီပေးကာ ခြောက်လှန့်၍ မောင်းထုတ်ကြ ရမည် ဖြစ်ပေသော်လည်း ကြောက်တတ်သူများဖြစ်၍ အသံပင် မထွက်ရဲကြတော့။ ထိုအခါ တစ်ဦးနှင့်တစ်ဦး ညီသည့်နေရာ ရောက်နေသည်ကိုလည်း မသိကြတော့။ ထိုသို့မသိခြင်းကြောင့် သူတို့၏ကြောက်စိတ်ကို ပို၍ဆိုး စေသည်။ ချုံများကိုကွင်းရင်း ရေရိုးတို့ကို ကျော်ရင်းဖြင့် အတွင်းဘက် အနည်းငယ် ရောက်လာကြသည်။

ကိုဆောင်းသည် အစွန်တွင် နေရာယူရသော်လည်း ကြောက်စိတ်ကြောင့် အတွင်းဘက်သို့ မသိမသာ ရောက် လာသည်။ ရေကျရိုးတစ်ခုအတွင်း ဆင်းသက်မိသည်တွင် ထိုရိုးအတိုင်း လိုက်လာလေသည်။

ရေကျရိုးအတိုင်း လျှောက်လာသည့် ကိုဆောင်းသည် တစ်နေရာအရောက်တွင် ရိုးနှစ်ခုပေါင်းဆုံနေသည့်အဆုံကို တွေ့ရသည်။ ထိုအခါ တစ်ဖက်ရေရိုးထဲတွင် မည်းမည်း လှုပ်လှုပ် အရာတစ်ခုကို တွေ့လေသည်။ ချက်ချင်းတော့ ထိတ်လန့်သွားလေသည်။ သို့သော် အတွင်းဘက်ဝင်လာ မိ၍ ကိုဖိုးကျေးနှင့် ဆုံရသည်ဟုတွေးကာ ရပ်၍ စောင့် နေသည်။ သို့သော် သူ့အထင်ကို မရေရာစေသော အဖြစ် ကို တွေ့ရသည်။ ထိုမည်းမည်းအရာသည် လူတစ်ဦး သမ်းလျှောက်လာပုံနှင့် မတူချေ။ တစ်နေရာတည်းတွင် ဝိုင်းကြီးပတ်ချာ လှည့်နေသကဲ့သို့ ဖြစ်နေသည်။ အနည်း ငယ် နီးလာသည့်အခါတွင်မှ သေချာစွာ မြင်ရသည်။

'ဟိုး'

ကိုဆောင်းက ကြောက်နေသည့် အနေအထားမှာပင် အသံပေးလိုက်သည်။ ထိုအသံကို ကြားသည်နှင့် မည်း မည်းအရာသည် တွန့်ခနဲရပ်ကာ အော်လေသည်။

'ဟဲ့··ပလုတ်တုတ်၊ ဘာကောင်တုံးဟ။ ဘာကောင် တုံးဟ'

အော်ဟစ်ရင်း လက်ထဲတွင် အသင့်ပါလာသည့် ဒဟတ်သားတုတ်ဖြင့် ရွယ်ထားသည်။

'ငါပါဟ၊ ငဆောင်း··ငဆောင်း'

ကိုဆောင်းသည်လည်း အလန့်တကြား ပြန်အော် သည်။ နှစ်ယောက်လုံး အနည်းငယ်တော့ အကြောက်ပြေ သွားသည်။

'မင်းက ဘယ်လိုလျှောက်လာတာတုံးကွ။ ငါ့မှာ လူမဟုတ်ဘူး ထင်နေမိတာ'

'မင်းကလည်း ရှေ့လည်းမလှုံ၊ ဘေးတွေ နောက် တွေလည်း မလှုံဘူးလေကွာ။ အဲဒီတော့ လေးဖက်လေး တန် ပတ်ချာလည်လှည့်ရင်း လျှောက်လာတာပေါ့'

ကိုဖိုးကျေးနှင့် ကိုဆောင်းသည် နှစ်ယောက်ပေါင်းမိ ကာ မခွဲကြတော့ချေ။ ကြောက်စိတ်ကြောင့် နှစ်ယောက် ပေါင်းမိသော်လည်း ယုန်ကို ခြောက်လှန့်ရန် မေ့နေကြ လေသည်။

ထိုအချိန်တွင် ကိုအောင်ကြည်သည်ကား ဆေးလိပ် ကို မီးညှိရင်း ခွေးတို့၏ အီသံတစ်သံ မကြားရသဖြင့် ကုန်းမြင့်ပေါ် တက်၍ နားစွင့်သည်။ သဲကျွေ့တော၏ အမြင့်ဆုံးဖြစ်သည့် ကုန်းကမူပေါ်သို့ တက်လာခြင်းဖြစ် သည်။ တစ်ဦးတည်း ကြောက်စိတ်ဖြင့် ချွေးပြန်နေသော ကိုအောင်ကြည်သည် ခြုံလွှမ်းထားသည့် စောင်ကိုခွာကာ ခါးတွင် ပတ်ထားသည်။ အရပ်ကြီး ကလန့်ကလားနှင့် ကိုအောင်ကြည် ဝတ်ထားသည်က တက်ထရွန်အဖြူရောင် ဖြစ်သည်။



ကုန်းထိပ်တွင် ရောက်နေသည့် ကိုအောင်ကြည်၏ ပြောင်းဖူး ဖက်ဆေးလိပ်သည်လည်း လေတိုးသဖြင့် မီးဖွားများ ကြွေကျလျက် ရှိလေ သည်။

ထိုအချိန်တွင် ရေကျ ရိုး၏ အကွေ့သို့ ရောက် လာသည့် ကိုဖိုးကျေးက ခပ်လှမ်းလှမ်းမှ မြင်တွေ့ သွားလေသည်။ အအေး ဒဏ် ကာကွယ်ရန် ပတ်ထားသည့် စောင်ပိုင်းနှင့်သာ တွေ့ထားခဲ့ရသော ကိုအောင်ကြည်ကို သူတို့နှစ်ဦးလုံး

www.burmeseclassic.com

မှတ်မိခြင်းမရှိ။ အဖြူရောင် အကောင်ကြီးအဖြစ်သာ မြင်နေကြလေသည်။ ကုန်းထိပ်တွင် ရပ်နေသူကို ရေကျရိုးအနိမ့်ပိုင်းမှ မြင်နေရသည်ဖြစ်၍ အရပ်အမောင်းကလည်း ပို၍ရှည်နေသယောင် ထင်ရသည်။

ကိုဖိုးကျေးသည် နောက်မှလိုက်လာသူ ကိုဆောင်းအား လက်တို့ကာ လေသံဖြင့် တိုးတိုးပြောလေသည်။

'ဟား··ကြည့်စမ်း ငဆောင်းရာ၊ ဧရာမအကောင်ကြီး'

ကိုဖိုးကျေး ညွှန်ပြရာသို့ ကြည့်မိသည်၌ ကိုဆောင်းက တိုးတိုးပြောပြန်သည်။

'သဲကွေ့တော ကြမ်းတယ်ဆိုတာ ဟုတ်နေတာပဲကွ။ နည်းတဲ့ အရပ်အမောင်းလား။ မီးတွေကလည်း တဖွားဖွားကျနေလိုက်သေး'

'အေး··ငါတို့ ပြေးမှဖြစ်မယ်ကွ။ ကြည့်နေရင်းကို ပိုကြီးလာသလိုပဲ'

နှစ်ယောက်သားသည် တစ်ပြိုင်တည်း ထွက်ပြေးကြလေသည်။ ပြေးနေရင်းမှ ကိုဆောင်းက အဖော်ဖြစ်သူ ကိုအောင်ကြည်ကို သတိရသွားသည်။ သို့သော် မည... သည့်နေရာရှိသည်မှန်း မသိရကား တစ်ကွင်းလုံး ကြား... စေရန် အော်ရလေသည်။

'အောင်ကြည်ရေ··ရှာဘက်ကို ပြေးတော့ဟေ့။ သဲ... ကွေ့တော သရဲခြောက်နေပြီ။ ငါတို့တော့ ပြေးပြီဟ'

ဆေးလိပ်မီးတရဲရဲဖြင့် ချွေးအိုးသံကို နားစွင့်နေသည်... ကိုအောင်ကြည်သည် ထိုအသံနက်နက်ကြီးကို ကြားလိုက်... ရသည့်အခါ တစ်ယောက်တည်းဖြစ်နေသည့် သူ့ကိုယ်သူ... သတိထားမိသွားသည်။ ထို့ကြောင့်လည်း နောက်ကျ... မကျန်စေရန် အားကုန်ထုတ်၍ ပြေးလေသည်။ ရှာဘက်... သို့ပြန်သည့် လှည်းလမ်းမပေါ်တွင် ရှေ့မှပြေးနေသည့်... နှစ်ဦးကို မြင်နေရသော်လည်း မမီနိုင်ဖြစ်နေသည်။ ရှေ့မှ... ပြေးနေသူများသည်လည်း ဘယ်မျှပြေးစေကာမူ နောက်မှ... ပြေးလိုက်လာနေသည့် သဲကွေ့တောသရဲကို ချန်မထားနိုင်... ဖြစ်နေလေတော့သတည်း။

မောင်...


စိတ်မနှောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာ ဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား... တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထား၍ "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း... ရန်ကုန်မြို့။ Ph : 09 253 361 368


www.burmeseclassic.com

www.burmeseclassic.com




(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

# ရှမ်းဆရာ ဦးစိုင်းငွေလှိုင်

(ဝမ်းတွင်းမျှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ။ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ။ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် - နေ့စဉ် (တနင်္လာနေ့မှအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၇၃၀ ၅၂၉၇၀





www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးမြစကြာနှင့် ဆရာကောက်ဆိုင်တို့အား မန္တလေးတောင်ခြေမှာ စောင့်မျှော်နေခိုက် လူယောင်ဖန်ဆင်းထားသော ဥစ္စာစောင့် ညီမခုနစ်ဖော်နှင့် ဆုံတွေ့ခဲ့ရ၏။ သူမတို့နှင့် ငယ်ရွယ်သူ ကျွန်ုပ် ခင်မောင်ဦးမှာ ခင်မင်သွားသည်။ ထို့ကြောင့် မန္တလေးတောင်ပေါ်မှ မြွေကြီးနှစ်ကောင် မျက်နှာမူရာအရပ်သို့ စူးစမ်းကြည့်ရာ ပုသိမ်ကြီးမြို့အနီး ရန်ကင်းတောင်သို့ ရောက်သွားစဉ် သူတို့ ဥစ္စာစောင့်မ ခုနစ်ဖော်က သူတို့၏ ဥစ္စာစောင့်နေရာသို့ ဖိတ်ခေါ်၍ စူးစမ်းလေ့လာလိုသော ကျွန်ုပ်အနေဖြင့် လိုက်ပါသွားမိသည်။



အတူပါလာသော ဆရာကောက်ဆိုင်ပင် ကျွန်ုပ် ဘယ်ပျောက်သွားမှန်း သိလိုက်သလား၊ မသိလိုက်ဘူးလား သတိမထားမိတော့ချေ။ သူမတို့ တစ်တွေနှင့် ပြောပြောဆိုဆိုနှင့် တန်းလိုက်လာခဲ့မိသောကြောင့် ဖြစ်သည်။ ရန်ကင်းတောင်ခြေဝန်းကျင် လမ်းလေးအတိုင်း ကျွန်ုပ်လိုက်လာခဲ့ပြန်ရာ လမ်းတစ်လျှောက် အံ့သြဆန်းကြယ်မှုများကိုသာ တွေ့မြင်ရပြန်သည်။ သူတို့ ဥစ္စာစောင့် ခုနစ်ဖော်အနက် အကြီးဆုံးအစ်မကြီးမှာ ကျွန်ုပ်အလိုဆန္ဒကို လိုက်လျောပေးလွန်းသူတစ်ဦး ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် တစ်သက်နှင့်တစ်ကိုယ် ရောက်နိုင်ရန် ခက်ခဲသည့် ဥစ္စာစောင့်သိုက်အတွင်း မည်သည့်အရာများ ရှိသည်ကို သိချင်နေသည်။ ထိုင်ရာမှ ကျွန်ုပ်က ရုတ်တရက် ထလိုက်ပြီး အတွင်းဘက်သို့ မျက်စိကစားလိုက်သည်။

ထိုအခါ ဥစ္စာစောင့်အကြီးမ ဖြစ်သူ မယ်လှဆိုသူမှ-

www.burmeseclassic.com

www.burmeseclassic.com

သိုက်သမိုင်း အခန်းဆက်ဝတ္ထုရှည်

# အောင်ကျော်စွာ

## ဆရာကြီးမြစကြာနှင့် သိုက်ဝင်ပစ္စည်း



'ရှင်က ဘာကြည့်ချင်နေတာလဲ'ဟု မေးမြန်းလာသည်။

'အခန်းအတွင်းထဲမှာ ထူးထူးဆန်းဆန်းတွေများ တွေ့ရမလားလို့ပါ'

'ကဲ··ညီမတို့ရေ၊ ဟောဒီ ရွှေဧည့်သည်လေးက အတွင်းဘက်မှာ ဘာများထူးထူးဆန်းဆန်းတွေ ရှိသလဲလို့ ကြည့်နေရှာတယ်။ ဒီတော့ မမက အတွင်းထဲ လိုက်ပြဦးမယ်။ မမတို့ အတွင်းကို သွားနေတုန်းမှာ အဝင်ပေါက်ဆီမှာ မလစ်လပ်ရအောင် စောင့်ကြည့်နေခဲ့ကြဦး'ဟု ပြောလိုက်သည်။

ကျန်ညီအစ်မတွေက ကျွန်ုပ်အား သေချာကြည့်၍-

'ရှင် အတွင်းထဲရောက်ရင် ဘာမှလက်မဆော့နဲ့နော်။ ဒါပဲ'ဟု ပြောလာသည်။

ကျွန်ုပ်စိတ်ထဲတွင် သူတို့ ဥစ္စာရတနာတွေကို ခိုးယူလိမ့်မည်ဟု အောက်မေ့ကာ ပြောလိုက်ခြင်း ဖြစ်ဟန်တူသည်။

'ခင်ဗျားတို့ပစ္စည်းကို ဘာမှယူမသွားပါဘူး။ စိတ်ချပါ'ဟု ပြန်ပြောလိုက်သောအခါ အားလုံးပင် ဝိုင်းရယ်လိုက်ကြပြန်သည်။

'ဘာဖြစ်လို့ ရယ်ကြရတာလဲဗျ'ဟု ကျွန်ုပ်က ပြန်မေးသောအခါ ဥစ္စာစောင့်ခေါင်းဆောင် အစ်မကြီးဖြစ်သူ မယ်လှက သူ့ညီအစ်မတွေကို မျက်စောင်းဖြင့် ကြည့်လိုက်ကြောင်း သတိထားလိုက်မိသည်။

'ညည်းတို့ ဘာတွေပြောနေကြတာလဲ။ သွားကြတော့။ မမပြောတာကိုသာ ကြည့်ပြီး စီမံထားကြ'

www.burmeseclassic.com

ဟု ပြောလိုက်ပြီးမှ ကျွန်ုပ်အား-

'ကဲ..ရှင့်ကို အတွင်းဘက် လိုက်ပြပေးပါ့မယ်။ လာ..လာ'ဟု ခေါ်နေသည်။

ကျွန်ုပ်လည်း လိုက်ရန်ပြင်လိုက်စဉ် သူမတို့က ရယ်လိုက်ပြန်သည်။ စင်စစ်တွင်မတော့ ကျွန်ုပ်နှင့် သူတို့အစ်မကြီးကို အပျိုနှင့်လူပျိုအနေဖြင့် နောက်ပြောင်စနေမှန်း ရိပ်မိလာတော့သည်။

'လာပါရှင်..သူ့တို့ပြောတာ နားထောင်မနေပါနဲ့'ဟု ပြော၍ ကျွန်ုပ်အား လက်ကို ဆွဲခေါ်လိုက်သဖြင့် ကျွန်ုပ်လည်း ရှက်ရှက်နှင့် လိုက်ပါခဲ့ရသည်။

အတွင်းခန်းဆီသို့ ရောက်သောအခါ စိတ်အထင်၌ ဥစ္စာရတနာတွေ စုပုံနေလိမ့်မည်ဟု ထင်သော်လည်း မတွေ့ရသေးချေ။ အခြားပရိဘောဂတွေသာ တွေ့မြင်လိုက်ရသည်။ ထိုအချိန်အထိ ကျွန်ုပ်သည် ဆရာကြီးမြစကြာနှင့် ဆရာကောက်ဆိုင်တို့အား သတိမရအောင် ရှိနေသည်။ သူ့ကို ဥစ္စာစောင့်တွေက သတိမရအောင် လုပ်ထားလေသလား။ စိတ်တွင် တထင့်ထင့်နှင့် သံသယဝင်လာသဖြင့် ကျွန်ုပ်အားပေးလိုက်သော ကာကွယ်ဆေးကိုပင် မသိမသာ စမ်းကြည့်လိုက်မိသည်။

ရန်ကင်းတောင်သို့ အတူလာခဲ့ကြသော ဆရာကောက်ဆိုင်လည်း ကျွန်ုပ်နောက်သို့ ခြေရာခံလိုက်လာပါက ရောက်ချိန်တန်လောက်ပေပြီ။ ဆရာနှစ်ပါး၏ အမှာစကားမှာ ဥစ္စာစောင့်မတွေနောက် လိုက်သွားပြီး နေရာသိလျှင် ပြန်လာရန် ပြောထားသည်။ အပြင်ဘက်တွင်လည်း အစောင့်မြွေကြီးနှစ်ကောင်လည်း ရှိနေသဖြင့် အဘယ်ကဲ့သို့ ဖြစ်လိမ့်မည်ကို စိတ်ပူပန်နေမိသည်။ သူ့ညီမတွေကို နောက်ပြောင်အကြည့်ခိုင်းလိုက်ခြင်းမှာ ဆရာကောက်ဆိုင် လိုက်လာခြင်းကြောင့်ပေလော။

ကျွန်ုပ်အကြံအစည်ကို မယ်လှဆိုသော ဥစ္စာစောင့် ခေါင်းဆောင်သည် အမှန်ပင် သိလိမ့်မည်။ အကြံတစ်ခုဖြင့် သူတို့နေရာဆီ ခေါ်လာလေသလော။

သို့နှင့် သတိထား၍ လိုက်ပါလာရာ သူမက အနေအထားကို ကြည့်၍-

'ရှင် ဘာဖြစ်နေလဲ။ ကြောက်နေသလား။ ဘာမှ မကြောက်ပါနဲ့ရှင်'ဟု ပြောပြီး ခေါ်လာ၍ အတွင်းဘက်တွင်မှ မှန်စီရွှေချတံခါးကြီးတစ်ခုကို တွေ့လိုက်ရသည်။ ကြည့်လိုက်သော် ၎င်းတံခါးမှာ ပိတ်ထားသည်။

'အခု ကျွန်မတို့လာတာ သိုက်မဟုတ်သေးဘူး ကျွန်မတို့တစ်တွေအတွက် ခွင့်ပြုထားတဲ့ နေရာသာ ဖြစ်သေးတယ်။ ဟောဒီတံခါးက ဝင်မှသာ ရတနာသိုက်ကြီးကို တွေ့ရမယ်။ သိုက်နဲ့ဆိုင်သမျှ ပစ္စည်းတွေကို အဲဒီမှာ ထားတယ်။ ကဲ..ကျွန်မ တံခါးကို ဖွင့်လိုက်မယ်နော် ရှင့်အနေနဲ့ စိတ်ခိုင်အောင် ထားပေါ့'ဟု သတိပေးပြီး ဥစ္စာစောင့် မယ်လှသည် တံခါးကို လက်ဝါးနှင့် (၃)ချက် ပုတ်လိုက်၏။

ချက်ချင်းပင် အတွင်းဘက်မှ မိုးခြိမ်းသံလိုလို အသံကြီးတစ်ခုကို ဟိန်းစွာ ကြားလိုက်ရသည်။ ကျွန်ုပ်လည်း ထိတ်ခနဲဖြစ်သွားကာ နောက်သို့ပင် ပြန်ကြည့်၍ ပါလာသော ကာကွယ်ဆေးကို စမ်းလိုက်၏။

ဒုတိယအကြိမ် ထပ်၍ ပုတ်ပြန်သောအခါ အတွင်းဘက်မှ ရှူးရှူးသော မြွေအော်သံတွေကို ကြားလိုက်ရပြန်သည်။ ဥစ္စာစောင့်မယ်လှ၏ မျက်နှာမှာ တင်းမာသလိုဖြစ်လာသည်။ ပြီးနောက် လက်ဖြင့် တံခါးကိုယမ်း၍ ဖွင့်လိုက်သောအခါတွင်မှ တံခါးမှာ ရုတ်တရက် ပွင့်သွားသဖြင့် လှမ်းကြည့်မိသည်။ တံခါးဝတွင်ပိတ်၍ ပါးပျဉ်းထောင်နေသော မြွေကြီးနှစ်ကောင်ကို တွေ့လိုက်ရသောအခါ နောက်ဆီ ပြန်ပြေးရန် ခြေလှမ်းပြင်လိုက်မိပါတော့သည်။

ထိုအခိုက်တွင် မယ်လှသည် ကျွန်ုပ်၏လက်ကို အတင်းဆွဲလိုက်ပြီး 'အသာရပ်နေပါ၊ ဘယ်သွားမလို့လဲ' ဟု ပြောသည်။

စိတ်ထဲတွင် ကျွန်ုပ်အား တစ်စုံတစ်ခုပြုလုပ်ရန် ကြံလေသလောဟု အောက်မေ့မိသဖြင့် မယ်လှ ဆွဲထားသော လက်ကိုပင် အတင်းရုန်းနေမိသည်။ မြွေကြီးနှစ်ကောင် အော်သံမှာလည်း နားကွဲမတတ် ဖြစ်သွားသည်။

ပြီးတော့ အခန်းဝတွင် ပိတ်နေသဖြင့် 'ပြန်မှ ထင်ပါရဲ့ဗျာ။ အထဲကနေပြီး ဒီလောက်ရန်လိုနေရင် ဝင်လို့ မကောင်းတော့ပါဘူး'ဟု ပြောလိုက်သည်။

'ဘာကြောက်နေရတာလဲ။ အစောက ဝင်ခဲ့စဉ်ကလည်း ခြံအဝမှာ သူတို့မြွေကြီးတွေကို တွေ့ခဲ့ရသေးတာ မဟုတ်လား။ သူတို့ပေါ့ရှင်၊ ဒီအတွင်းထဲ လူစိမ်းအဝင် မခံချင်ကြဘူး။ ဒါကလည်း ကျွန်မတို့ဆရာကြီး အမိန့်

www.burmeseclassic.com

www.burmeseclassic.com

လုပ်ထားတာကိုး။ ဘာမှမကြောက်နဲ့။ အသာရပ်ကြည့်နေလိုက်ပါ'ဟု ပြောသဖြင့် ကျွန်ုပ်လည်း ရပ်ကြည့်နေလိုက်သည်။

ဥစ္စာစောင့်မယ်လှပြောသည့် ခြံအဝမှာ တွေ့ခဲ့ရသော မြွေကြီးကဲ့သို့ ဖြစ်နေသောကြောင့် ကျွန်ုပ်သည် အနီးအနား မကပ်ရဲ။ ၄င်းမြွေကြီးတွေမှာ ပါးပျဉ်းကြီးကို ထောင်မြဲထောင်လျက် ကျွန်ုပ်ရှိရာသို့ ကြည့်နေသည်။

၄င်းအပြုအမူမှာ ဥစ္စာစောင့်မယ်လှကိုပင် ပမာမခန့်သလို ဖြစ်နေသည်ကို မြင်ရသဖြင့် အထက်အမိန့်အတိုင်း စောင့်နေရကြောင်း ထင်ရှားနေပါတော့သည်။ မယ်လှသည် ကျွန်ုပ်အား ထိုနေရာ၌ပင် ရပ်နေစေပြီး ပြုံးရွှင်စွာဖြင့် မြွေကြီးနား ဝင်သွားသည်။ ကျွန်ုပ်မှာ တစ်စုံတစ်ခု ဖြစ်တော့မည်လောဟု အသည်းတထိတ်ထိတ် ဖြစ်နေပါတော့၏။ မယ်လှမှာ ကြောက်ခြင်းလန့်ခြင်း မရှိ။ မြွေကြီးနှစ်ကောင် ပါးပျဉ်းထောင်၍ ထနေသည့် နေရာဆီသို့ ရဲရဲစွာ ဝင်သွားပြီးလျှင် အနားသို့ ရောက်သောအခါ၌ မြွေကြီးတွေကို လက်ဖြင့် ခေါင်းပုတ်လိုက်ပြီး-

'ကဲ..ကဲ..ဒေါသမကြီးကြပါနဲ့ကွယ်။ ဒီဧည့်သည်က တခြားမဟုတ်ပါဘူး၊ သခင်မ ခေါ်လာတာပါကွယ်။ ကဲ..ကဲ..အေးအေးလေး နေလိုက်ကြစမ်းပါ။ အခုလို ဆရာကြီးအမိန့်ကို တစ်သဝေမတိမ်း စောင့်ရှောက်တာကို သခင်မက သဘောကျပါတယ်။ ကဲ..ကဲ..ဧည့်သည် အတွင်းဝင်ဖို့ ခွင့်ပေးလိုက်ကြပါကွယ်'ဟု ပြောလိုက်သောအခါ မြွေကြီးနှစ်ကောင်သည် အသံကို ပြင်းစွာတစ်ချက် အော်လိုက်ပြီး ငြိမ်သွားသည်။ ထို့နောက် ရုတ်တရက် အတွင်းဘက်မှ ဝုန်းခနဲ အသံနှင့်အတူ မီးလုံးကြီးနှစ်လုံးကို တွေ့မြင်လိုက်ရပြန်သည်။

ဘာကောင်များဖြစ်မလဲဟု ကြည့်လိုက်သောအခါ၌ ကျွန်ုပ်အဖို့ ဆောင်ယူလာသော ကာကွယ်ဆေးလုံးကိုပင် လက်ထဲမှာ အဆင်သင့် လုပ်ထားမိပါတော့သည်။ ကျွန်ုပ် မြင်လိုက်သည်မှာ အခြားမဟုတ်ပါ။ မြွေကြီးတွေ နောက်နားက ကပ်လျက် တင်းပုတ်ကြီးတွေထမ်းကာ ကျွန်ုပ်ရှိရာသို့ မျက်လုံးပြူး၍ ကြည့်နေသော ဘီလူးကြီးလေးကောင်ကို မြင်တွေ့ရသောကြောင့်ပင်ဖြစ်သည်။ မယ်လှကမူ ပေါ်လာသော ဘီလူးကြီးတွေအား လက်ဖြင့် ယမ်းလိုက်သောအခါ မလှုပ်မယှက်ဖြစ်သွားသည်။

'ကဲ..လာ၊ အထဲကို ဝင်ရအောင်'ဟု ပြောသည်။

ကျွန်ုပ်မှာ မျက်စိရှေ့တွင် ထင်ရှားစွာပေါ်နေသော မြွေကြီး၊ ဘီလူးကြီးတွေကြားမှ သွားရဲလောက်အောင် သတ္တိက မရှိသေး။

ထိုအကောင်ကြီးတွေကိုသာ ငေးကြည့်နေသောအခါ မယ်လှသည် ပြုံးရယ်လိုက်ပြီးမှ-

'လာပါ၊ ကျွန်မ ရှိပါတယ်။ သူတို့က ကျွန်မရဲ့ အစေခံတွေပါ။ ကဲ..မြန်မြန်လုပ်ပါ'ဟု ထပ်၍ခေါ်နေသော်လည်း ထိုအကောင်တွေ မမြင်ရမှ သွားရဲတော့မည် ဖြစ်၏။

'ကဲဗျာ၊ မကြည့်ရချင်လည်း နေပါစေ၊ ပြန်ပို့ပါဗျာ'ဟု ကျွန်ုပ် ပြောလိုက်သောအခါ ဥစ္စာစောင့်မလေး မယ်လှမှာ မျက်နှာပျက်သွားသည်။

မြွေကြီးနှစ်ကောင်မှာလည်း ရုတ်တရက် ပို၍ဒေါသထွက်လာဟန်တူသည်။ ဤအရိပ်အခြေအနေကို ဥစ္စာစောင့် မယ်လှက သူ့အတွေ့အကြုံအရ သိလိုက်ရသည်။

'အပြင်ဘက်မှာ သိုက်ဆရာနှစ်ယောက် လာနေတာ တွေ့ရတယ်။ ကဲ..ကဲ..ဒီတော့ လာခဲ့တော့'ဟု ပြောပြီး ကျွန်ုပ်တို့ ပြန်ထွက်လာသည်နှင့် သိုက်တံခါးမှာ ရုတ်တရက် ပိတ်သွား၏။

ထိုအခိုက် အပြင်ဘက် ခပ်လှမ်းလှမ်းမှ ပြေးလွှားသံတွေနှင့် ဆူညံနေသဖြင့် ကျွန်ုပ်က မယ်လှအား-

'ဘယ်လိုလုပ်မလဲ မယ်လှ၊ ကျွန်တော် ဘယ်လိုကူညီရမလဲ'ဟု မေးလိုက်သည်။

ထိုအခါ ဥစ္စာစောင့် မယ်လှသည် မျက်နှာညှိုးသွားသလို ဖြစ်လာကာ-

'အခုမှတော့ တတ်နိုင်သမျှ ခုခံရမှာပေါ့။ ရှင်က အသာနေပါ။ ဘာမှမစွက်ဖက်ပါနဲ့။ အသာစောင့်ကြည့်နေ။ ကျွန်မလည်း ဒီက အမြန်ထွက်သွားရမယ်။ ရှင်က လာလမ်းအတိုင်း လိုက်လာပြီး အပြင်ဘက် သလွန်ပေါ်မှာ ထိုင်နေရစ်ပါ'ဟု ပြောပြီး မယ်လှမှ ရုတ်တရက် ကွယ်ပျောက်သွားသဖြင့် အတော်အရေးကြီးနေကြောင်း သိလိုက်ရတော့သည်။

မယ်လှ ပျောက်သွားသည်နှင့် ကျွန်ုပ်လည်း ဝမ်းမှ ပြုံးလိုက်မိသည်။ သူတို့ပြောသော သိုက်ဆရာနှစ်ယောက်မှာ ကျွန်ုပ်ဆရာကြီးများပင် ဖြစ်ပေမည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သည် ရန်ကင်းတောင်ပေါ်မှ ကျွန်ုပ်အား ဥစ္စာစောင့်မတွေနှင့် လိုက်သွားစဉ်ကတည်းက ချောင်းပြီး ခြေရာခံကာ ဆရာကြီး မြစကြာအား သွားရောက်ခေါ်ခဲ့ပေမည်။ ထို့ကြောင့် ကျွန်ုပ်လည်း ဆေးလုံးနှစ်လုံးကို တစ်ဖက်စီကိုင်၍ ထွက်လာသောအခါ အနီးအနားတွင် ပြေးလွှားနေသံများ ဆူညံစွာ ကြားနေရလေသည်။ သို့သော် ယခုအချိန်အထိ ဘာကိုမှ မမြင်မိသေးချေ။ ကျွန်ုပ်အနေဖြင့် တစ်စုံတစ်ခု ပေါ်လာလေမည်လားဟု ကြည့်ရှု၍ လာနေရသည်။ ထိုကဲ့သို့ ကျွန်ုပ်လာနေစဉ် ရှီခနဲမြည်သံကို ရုတ်တရက် ကြားလိုက်ရသည်။

တွေ့မြင်ခဲ့ရသော မြွေကြီးနှစ်ကောင် ဖြစ်မည်လောဟု ကြည့်လိုက်မိသည်။ ထင်သည့်အတိုင်း နီမြန်းသော မျက်လုံးတို့ဖြင့် တရှူးရှူးတရှဲရှဲမြည်ကာ ထွက်လာသော မြွေကြီးတစ်ကောင်ကို တွေ့လိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။ ချက်ချင်းပင် ကျွန်ုပ်သည် လက်ထဲတွင် ကိုင်ထားသောဆေးဖြင့် ပေါက်ရန် ချိန်ရွယ်လိုက်သည်။ ငှင်းမြွေကြီးမှာ ကျွန်ုပ် ချိန်ရွယ်ထားသည်ကို သိနေ၍လော မပြောတတ်ပေ။ ရပ်စောင့်နေသော နေရာအနီးသို့ မလာတော့ချေ။ ရှောင်ကွေ့သွားကာ အပြင်ဘက်သို့ ထွက်သွားတော့သည်။

အပြင်ဘက်မှ ဝုန်းဒိုင်းအသံနှင့်တကွ အော်သံဟစ်သံတို့ကို ကြားလိုက်ရသောအခါ ကျွန်ုပ်စိတ်ထဲတွင် ဆရာကြီးမြစကြာနှင့် ဆရာကောက်ဆိုင်တို့မှာ သိုက်အတွင်းဆီ ရောက်နေကြလေပြီလော။ ခဏမျှအကြာတွင် ကျွန်ုပ်သည် အပြင်ဘက်အခန်းသို့ ထွက်လာခဲ့သည်။ ပြီးလျှင် သလွန်ပေါ်၌ ထိုင်လိုက်ပြီး နေလိုက်သည်။

မကြာမီ ဥစ္စာစောင့်သိုက်ခေါင်းဆောင် အစ်မကြီး မယ်လှသည် ရုတ်တရက် ပြေးလာကာ-

'ဘယ်လိုလုပ်ကြမလဲ။ ကျွန်မတို့က တတ်စွမ်းသမျှ ခုခံတာပဲ။ ဒါပေမဲ့ မရဘူး။ အတော်ပညာထက်မြက်ပုံ ပေါက်တယ်'

'ဒီမယ် မယ်လှ၊ ကျွန်တော်ပြောမယ်။ အခုလို ပညာစွမ်းတဲ့ ဆရာမျိုးဟာ ဒီသိုက်ကို အရမ်းတော့ လုပ်မယ် မထင်ပါဘူး။ အခု မယ်လှတို့က မခုခံရင် အထဲရောက်လာမှ အေးဆေးစွာ ပြောပြလိုက်ပေါ့'

'ကျွန်မတို့ ခုခံနေတာဟာလည်း ဆရာကြီးရဲ့အမိန့်ကို မလွန်ဆန်ချင်လို့ တားဆီးနေတာပါ။ အကယ်၍ ကျွန်မတို့က မတားဆီးပေမယ့် အထက်ဆိုင်ရာက အစောင့်တွေကို ပယ်ရှားရမှာ အမှန်ပဲ'ဟု ပြောလိုက်ပြန်သည်။

ထိုအခိုက်တွင်ပင် အပြင်ဘက်မှ ဝုန်းဒိုင်းအသံကို ကြားရသဖြင့် ကျွန်ုပ်သည် ထိုင်၍ မနေနိုင်တော့ချေ။ သလွန်ပေါ်မှ ထလိုက်ကာ အပေါက်ဝဘက် ရပ်ကြည့်လိုက်သည်။ လက်ဦး ကျွန်ုပ်ဝင်လာစဉ်က တွေ့ခဲ့သော သိုက်စောင့်မြွေကြီးနှစ်ကောင်မှာ ပါးပျဉ်းတွေထောင်၍ ဒေါသတကြီးဖြစ်နေသည်။ ထို့အတွက်ကြောင့် ဆရာနှစ်ပါးအတွက် ထိတ်ခနဲဖြစ်သွားသည်။

ချက်ချင်းဆိုသလို မယ်လှတို့ ဥစ္စာစောင့်မ ခုနစ်ဆော်လည်း ရေးကြီးသုတ်ပျာနှင့် ပြန်ဝင်လာကြသည်။ ကျွန်ုပ်လည်း ဣန္ဒြေရစွာနှင့် သလွန်ပေါ် ပြန်ထိုင်နေလိုက်ရပါတော့သည်။

သူမတို့လည်း ကျွန်ုပ်ကိုမြင်မှ အသာရပ်လိုက်ကြကာ-

'ကျွန်မတို့တော့ အတွင်းကပဲ တားဆီးတော့မယ်။ အဝမှာလည်း အစောင့်တွေနဲ့ ခုခံထားခဲ့တယ်'

ဟု ပြောလာသဖြင့် ကျွန်ုပ်မှာ စဉ်းစားသလို သူ နေလိုက်ကာ-

'အခုလို ပညာစွမ်းတဲ့ ဆရာတွေဆိုရင် ခုခံဖို့ ခဲယဉ်း လိမ့်မယ်။ ဒီဆရာတွေဟာ ကျွန်တော့်အသိတွေဆိုရင်တော့ အေးအေးချမ်းချမ်း ဖြစ်သွားမှာပဲ'

ဟု ပြောလိုက်ရာ ဥစ္စာစောင့် မယ်လှသည် အားငယ်တကြီး မျက်နှာဖြင့် ကြည့်လိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com

'အေးချမ်းသွားရင် အတိုင်းထက်အလွန် ကောင်းမှာပဲ။ အခုအချိန်မှာ ကွယ်ဝှက်နေလို့ မထူးတော့ပါဘူး။ ရှင့်မှာ ပါလာတဲ့ အကာအကွယ်ဆေးဝါးတွေနဲ့ မခုခံနိုင်ဘူးလား။ ခုခံနိုင်ရင် ခုခံပေးပါ'ဟု ပြောလိုက်သောကြောင့် ကျွန်ုပ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ကျွန်ုပ်အကြောင်းကို အကုန်သိနေပြီဟု အောက်မေ့ပြီးလျှင် နောက်ထပ်လိမ်နေလျှင်လည်း မထူးတော့သဖြင့်-

'ဒါက ကိစ္စမရှိလှပါဘူး။ အထဲရောက်လာရင် ပြောကြည့်ရတာပေါ့။ ကျွန်တော်က မယ်လှတို့လို ဥစ္စာစောင့်မှ မဟုတ်ဘဲ စိတ်ချပါ။ ကျွန်တော်နဲ့ သိသူတွေဆိုရင် မယ်လှတို့ ဒုက္ခမရောက်စေရပါဘူး'

ထို့နောက် ကျွန်ုပ်သည် ထိုင်ရာမှ ထသွားကာ အပေါက်ဝဆီ လှမ်းမျှော်ကြည့်မိသည်။ မြွေကြီးနှစ်ကောင်မှာ ဒေါသတကြီးဖြစ်နေသည်။ ၎င်းမြွေကြီးတို့ နောက်နားတွင် အမွေးတွေနှင့် လက်ခြေကားရားလုပ်နေသော သရဲကောင်ကြီးတွေကိုပါ တွေ့လိုက်ရသည်။ သူတို့လည်း ဆုတ်ခွာလာနေကြသည်ကို တွေ့မြင်လိုက်ရသောအခါ ဆရာကြီးမြစကြာတို့ပ၏ အာဏာစက်ဒဏ်အား မခံနိုင်ကြောင်း သိသွားရသည်။

'ဟော..ဝင်လာကြပြီရှင့်၊ တွေ့ရဲ့မဟုတ်လား'

ကျွန်ုပ်လည်း ယခုမှတွေ့ရသလို မျက်လုံးကို ပွတ်သပ်ကာ ကြည့်လိုက်ပြီးမှ အံ့အားသင့်ဟန်ဖြင့်-

'ဟယ်..ဆရာကြီးတွေပါလား။ ဟုတ်တယ် မယ်လှ၊ ကျွန်တော်နဲ့သိတဲ့ ဆရာကြီးတွေပဲ။ ဘာမှပူမနေကြပါနဲ့။ ဘာမှမလုပ်စေရပါဘူး။ ဒါပေမဲ့ မယ်လှတို့ကသာ ဘာမှမလုပ်ပါနဲ့'ဟု ကျွန်ုပ်ပြောနေစဉ် အတွင်းဘက်ဆီသို့ ဘီလူးကောင်ကြီးတွေ ပြေးဝင်လာသည်။

နောက်ထပ် တွန့်လိမ်၍ ဝင်လာကြသော မြွေကြီးနှစ်ကောင်ကို တွေ့လိုက်ရပြန်သဖြင့်-

'လုပ်ပါဦး မယ်လှ၊ ဒီအကောင်ကြီးတွေ အတွင်းကို ဝင်လာတော့မယ်'ဟု ပြောလိုက်သည်။

မယ်လှမှာ မြွေကြီးတွေကြည့်၍ မျက်နှာပျက်နေသည်။ ထိုသို့ မယ်လှတို့ညီအစ်မ ကြည့်နေစဉ်မှာပင် အပြင်ဘက်မှ ဝုန်းခနဲအသံကို ကြားလိုက်ရသည်။ ကျွန်ုပ်လှမ်းကြည့်လိုက်သောအခါ တံခါးဝတွင် မီးခိုးလုံးကြီးတခုသည် ရုတ်တရက် ပေါက်ကွဲသွားသည်။

ပါးပျဉ်းကြီးတွေ ထောင်နေသော မြွေကြီးနှစ်ကောင်နှင့် ဘီလူးကြီးမှာ နောက်ဘက်အခန်းဆီသို့ တရှူးရှူး တရှဲရှဲနှင့် ဝင်ရောက်ပျောက်ကွယ်သွားကြမှ ကျွန်ုပ်မှာ အသက်ရှူချောင်သွားတော့သည်။

ထိုအခိုက်တွင် ဥစ္စာစောင့်ညီအစ်မတွေမှာ ဟိုပြေးဒီပြေး ဖြစ်လာပြီး စိတ်လှုပ်ရှားနေကြရှာသည်။

'ဘာမှမကြောက်ကြပါနဲ့။ ကျွန်တော်တာဝန်ယူထားတယ် မဟုတ်လား။ ကျွန်တော့်အနားမှာ မနေဘဲ တခြားထွက်သွားလို့ တစ်စုံတစ်ခုဖြစ်ရင် ဘာမှမတတ်နိုင်ဘူးနော်'ဟု ပြောလိုက်သောအခါမှ သူမတို့လည်း ရပ်နေကြပါတော့၏။

'ကဲ..သူတို့ ဝင်လာကြမှာမို့ ကျွန်တော့်မျက်နှာ ပြလိုက်ပါ့မယ်။ မယ်လှတို့ ညီမတွေက ဒီနေရာမှာ စုထိုင်နေကြပါဦး'

ဟု ကျွန်ုပ် ပြောလိုက်ပြန်သောအခါ-

'ဖြစ်ပါ့မလားရှင်။ ကျွန်မတို့အတွက်ကြောင့် ရှင်ဒုက္ခဖြစ်နေပါမယ်'

'မဟုတ်ဘူး မယ်လှ၊ ကျွန်တော် လူလုံးပြလိုက်ပါ့မယ်'

ပြောပြောဆိုဆိုနှင့် ကျွန်ုပ်သည် တံခါးဝမှ ဆရာကြီးမြစကြာတို့ မြင်တွေ့နိုင်လောက်သောနေရာတွင် သွား၍ ရပ်ပြလိုက်သည်။

ထိုအခါ ဆရာကောက်ဆိုင်သည် ကျွန်ုပ်အား မြင်သွားဟန်ဖြင့် ဆရာကြီးမြစကြာအား ပြောလိုက်ဟန်တူသည်။ ထို့ကြောင့် အတွင်းသို့ ဝင်လာကြရန်အတွက် အရိပ်အခြည်ပြလိုက်ပြီး ဥစ္စာစောင့်မယ်လှ ညီအစ်မခုနစ်ဖော်နှင့်အတူ ထိုင်နေရင်း ဆရာကြီးတို့ အမြန်ဝင်လာပါစေဟု ဆုတောင်းနေရတော့သည်။

ထိုခဏ၌ ကျွန်ုပ်တို့ထိုင်နေသော အတွင်းဘက်မှ ရှီခနဲ မြွေတွန်သံ ထွက်ပေါ်လာပြန်သောအခါ အနောက်ဘက်သို့ လှည့်ကြည့်နေရသေးသည်။ သို့သော် ကျွန်ုပ်အနားတွင် မယ်လှတို့ ရှိနေသဖြင့် ပါးစပ်မှ အော်ပြောလိုက်ရသည်။

'ဝင်သာဝင်လာကြပါဆရာကြီး၊ ကျွန်တော်တို့ ထိုင်နေကြပါတယ်' ပြောလိုက်သည်နှင့် ဆရာကြီးမြစကြာတို့မှာ ခြေလှမ်းသွက်သွက်ဖြင့် ဝင်လာကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အနားသို့ ရောက်ရောက်ချင်းပင်-

'မောင်ရင်က ဘယ်အချိန်လောက်က ဒီနေရာရောက်နေတာလဲ။ အခုလို ငြိမ်းချမ်းစွာနဲ့ တွေ့ဆုံလိုက်ရတာ ဝမ်းသာပါတယ်။ ဆရာကြီးရဲ့ ရည်ရွယ်ချက်ကို သိနေတဲ့ မောင်ခင်မောင်ဦးအနေနဲ့ ဘယ်လိုလုပ်စေချင်သလဲ'ဟု ကျွန်ုပ်အား တဲ့တိုးမေးလာသည်။

'သူတို့ကို ဘာမှမလုပ်ပါနဲ့တော့ ဆရာကြီး။ အလိုရှိတဲ့ အရာကိုသာ ရှာယူဖို့ရှိပါတော့တယ်။ သူမတို့အနေနဲ့ကတော့ ဒီသိုက်တွင်းမှာရှိတဲ့ ရွှေ၊ ငွေ၊ ဥစ္စာရတာတွေဟာ ဘုရားသာသနာပြုရာတွေမှာ ရည်ရွယ်လှူဒါန်းနေပါတယ်။ အဲဒီပစ္စည်းတွေကို ဆရာကြီးမြစကြာတို့ ဘာတစ်ခုမှမယူဘူးဆိုတာကို ကျွန်တော့်အနေနဲ့ တာဝန်ယူကတိခံထားရပါတယ်။ အင်း၊ အိုင်၊ ဆေးဝါးတွေကတော့ ဆရာကြီးတို့နဲ့သက်ဆိုင်ပြီး ဝိဇ္ဇာခရေဆေးပညာ ပြန့်ပွားရေးကိစ္စအတွက် ယူဖို့လည်း ကျွန်တော်ပြောထားပြီးပါပြီ'ဟု ကျွန်ုပ်ပြောအပြီးတွင် ဥစ္စာစောင့်မယ်လှက ရုတ်တရက် ထရပ်လိုက်သည်။

ထို့ကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး တစ်စုံတစ်ခုဖြင့် ခုခံလိုက်မည်လောဟု စိုးရိမ်သွားသည်။

သို့သော် မယ်လှက-

'အခု ဆရာကြီးတို့တပည့် ကိုခင်မောင်ဦး ပြောတဲ့အတိုင်း ကျွန်မတို့ကလည်း ဘာမှလုပ်စရာ မလိုပါဘူး။ ဒီမြွေကြီးနှစ်ကောင်သိုက်ဆိုတာ ဘုရားသိုက်ပါ။ လက်တွေ့ လှူဒါန်းပေးထားတာတွေကို သိနိုင်ပါတယ်။ အခု ဆရာသမားတို့နဲ့ဆိုင်ရာ ဝိဇ္ဇာခရေပညာတွေကိုသာ ရှာဖွေယူမယ်ဆိုရင် ဘာမှလုပ်စရာ မလိုပါဘူး။ ဒါပေမဲ့ ဆရာကြီးတို့ရဲ့ ပညာအစွမ်းနဲ့သာ လုပ်ရပါလိမ့်မယ်။ အကယ်၍ ဘုရားဆိုင်ရာတွေ ထိပါးလာရင်တော့ ကျွန်မတို့အနေနဲ့ တားဆီးကာကွယ်ရပါလိမ့်မယ်'ဟု ပြောသဖြင့် ဆရာကြီးမြစကြာမှ ကျွန်ုပ်မျက်နှာအား လှမ်း၍ အကဲခတ်ကြည့်လိုက်သည်။

'မောင်ခင်မောင်ဦးအနေနဲ့ ဆရာတို့ကိုယ်စား စီစဉ်ထားပြီးပြီ ဖြစ်တဲ့အတွက် ဆရာကြီးတို့ အနေနဲ့ကတော့ ထုံးစံအတိုင်း လုပ်ရလိမ့်မယ် ထင်တယ်'

ဟု ပြောလိုက်သောအခါ ကျွန်ုပ်လည်း အကြောင်းကို သိထားနှင့်ပြီး ဖြစ်သည့်အတွက်-

'သူတို့ကိုတော့ မချုပ်နှောင်ပါနဲ့ ဆရာကြီး။ သူတို့က လည်း ဘာမှမလုပ်ပါဘူးလို့ ပြောနေမှပဲ'ဟု ကျွန်ုပ်က ဝင်ပြောလိုက်သောကြောင့် ဆရာကြီးမြစကြာသည် ကျွန်ုပ်အား လွန်စွာအံ့အားသင့်သလို ဖြစ်သွားသည်။

'ဆရာကြီးတို့က ချုပ်နှောင်ဖို့ မဟုတ်ဘူး။ ဆရာတို့အနေနဲ့ ဒီကိုရောက်နေတုန်း တခြားသိုက်ဆရာက ဝင်ရောက်လာရင် ဘယ်လိုလုပ်မလဲ။ ဒီတော့ ဆရာတို့လည်း ဘာမှမဖြစ်ရအောင် ဒီသိုက်အတွင်းမှာလည်း တစ်စုံတစ်ခု မလုပ်နိုင်အောင် ကာကွယ်ထားဖို့လိုတယ်။ ဒီတော့ အဝင်ဝမှာတော့ စီမံရမယ်။ ဥစ္စာစောင့်တွေကိုတော့ မချုပ်နှောင်ပါဘူး'ဟု ပြောလိုက်သောအခါ ဥစ္စာစောင့်မတွေလည်း သဘောကျနေသဖြင့် ကျွန်ုပ်အနေဖြင့်လည်း ဝမ်းသာနေရလေသည်။

ထို့ကြောင့် ဥစ္စာစောင့်မယ်လှတို့ အနားက ထလာ၍ ဆရာကြီးမြစကြာတို့ အနားသို့ ရောက်သောအခါ ဆရာကောက်ဆိုင်အား သတိမလစ်စေဘဲ စောင့်ရှောက်ရန် မှာကြားပြီး အတွင်းပိုင်းအခန်းတွင်းဆီသို့ ဝင်လာကြသည်။

ယခင် ဆရာကြီးမြစကြာတို့ သိုက်အတွင်း မရောက်မီ ကျွန်ုပ်အား ဥစ္စာစောင့်မယ်လှ ခေါ်သွားသော လမ်းအတိုင်း ဝင်လာသောအခါတွင် ဆရာကြီးအနေဖြင့် ဘာစကားမှ မပြောသေး။

အတွင်းဘက်သို့ အနည်းငယ် ဝင်လာသောအခါမှ ကျွန်ုပ်က ဆရာကြီးမြစကြာအား-

'အတွင်းထဲမှာ မြွေကြီးနှစ်ကောင် ရှိသေးတယ်၊ ဆရာကြီး သတိထားမှဖြစ်မယ်။ ဒီအကောင်ကြီးတွေနားမှာလည်း ဘီလူးရှိသေးတယ်'

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ-

'အသာနေစမ်းပါ မောင်ခင်မောင်ဦးရဲ့။ သိပ်စကားမပြောနဲ့။ ဆရာကြီး ကြည့်ပြီး လုပ်ပါ့မယ်။ လာသာလာပါ။ အခုလို အလွယ်တကူရောက်နေမှ ဘာမှကိစ္စမရှိတော့ပါဘူး'ဟု ပြောသဖြင့် ကျွန်ုပ်လည်း အသာလိုက်လာရပါတော့၏။

သို့ဖြင့် ဆရာ၊တပည့်တို့ လှမ်းလာရာ မှန်စီရွှေချတံခါးဘက်သို့ ရောက်ရှိလာသည်။

'ဟောဒီတံခါးက ဝင်ရမယ်လို့ ဥစ္စာစောင့် မယ်လှက ပြောပါတယ် ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို ဒီအခန်းက အတွင်းသိုက်ခန်းပဲပေါ့။ ကဲ..ပြောနေတာ ကြာတယ်။ ဆရာကြီးအင်းနဲ့ ပေါက်ပြီး ဖွင့်မယ်။ ဒါနဲ့ မောင်ရင့်ကို ပေးထားတဲ့ ဆေးတွေကို အသုံးပြုပြီးပြီလား'ဟု မေးလာသည်။

ထို့ကြောင့် ကျွန်ုပ်လည်း အင်္ကျီအိတ်တွင်းမှ ဆေးလုံးကို ယူပြလိုက်သောအခါ ဆရာကြီးမြစကြာလည်း ခေါင်းကို ညိတ်လိုက်ပြီး-

'အဲဒီဆေးကို အဆင်သင့်ကိုင်ထားပေတော့။ လူကနောက်ကို နည်းနည်းဆုတ်နေ'ဟု ပြောလိုက်သည်။

သို့ဖြစ်၍ ကျွန်ုပ်လည်း ခြေနှစ်လှမ်း ဆုတ်ပြီးချိန်၌ ဆရာကြီးမြစကြာသည် မှန်စီရွှေချတံခါးကို အင်းနှင့် ပေါက်ပစ်တော့သည်။ အတွင်းဘက်ဆီမှ စူးရှစွာမြွေအော်သံကြီးကို ကြားလိုက်ရပြီး တံခါးမှာ ပွင့်သွားသည်။ ပါးပျဉ်းထောင်နေသော မြွေကြီးနှစ်ကောင် မျက်လုံးများတွင် နီရဲသော ပတ္တမြားလုံးတွေ တပ်ဆင်ထားသကဲ့သို့ အရောင်တွေက တလက်လက် ထွက်နေပါသည်။

ကျွန်ုပ်လည်း လက်ထဲ ကိုင်ထားသောဆေးဖြင့် ပေါက်ရန် ကြံလိုက်ရုံရှိသေး ဆရာကြီးမြစကြာမှ ဦးအောင် ပေါက်လိုက်ခြင်းပင် ဖြစ်သည်။ ယခင်တွေ့ခဲ့ရသည့်အတိုင်း ဘီလူးကြီးလည်း ပြန်ပေါ်လာပြန်သဖြင့် ဆရာကြီးမြစကြာသည် အချိန်မဆိုင်းတော့ဘဲ ထပ်ပေါက်လိုက်ရာ ထိုဘီလူးကြီးတွေပါ အတွင်းဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

'ကဲ..တပည့်ကြီးရေ၊ အတွင်းဘက်ကိုရောက်အောင် အမြန်လာကွယ့်'ဟု ပြောလိုက်ပြီး ဆရာကြီးမြစကြာက ကျွန်ုပ်ကိုပင် မစောင့်တော့ချေ။

သိုက်အတွင်းခန်းဆီသို့ ဝင်ပြေးသွားသည်။ ကျွန်ုပ်လည်း ဘုမသိ ဘမသိနှင့်ပင် ဆရာကြီး မြစကြာနောက်သို့ ပြေးလိုက်ရပါတော့သည်။ အတွင်းခန်းထဲတွင် ဆူညံနေသော အသံတို့မှာ ပျောက်ကွယ်သွားသဖြင့် ကျွန်ုပ်အဖို့ အနည်းငယ် စိတ်အေးသွားသည်။ ရှေ့တွင် မည်သည့်အရာတွေကို တွေ့ရဦးမည်နည်း။ တစ်ကြိမ်ထက်တစ်ကြိမ် ကြမ်းလာဦးမည်လား မသိနိုင်ချေ။

ဥစ္စာစောင့်ညီအစ် ခုနစ်ဖော်နှင့်အတူ စောင့်ရန်ထားခဲ့သော ဆရာကောက်ဆိုင်တစ်ယောက်လည်း မည်ကဲ့သို့ ခုခံကာ စခန်းသွားနေသနည်းဟု အောက်မေ့မိပြန်သည်။

ကျွန်ုပ်ကိုယ်တိုင်မှာလည်း ဟိုကြည့်ဒီကြည့်နှင့် ဆရာကြီးမြစကြာ သွားရာနောက်သို့ လိုက်သွားသောအခါ ရှေ့တွင် အရောင်မျိုးစုံဖြင့် လင်းနေသော အခန်းတစ်ခုကို တွေ့မြင်ရသည်။ ဆရာကြီးမှ လက်ညှိုးထိုး၍ ပြသဖြင့် ကျွန်ုပ်တို့ဆရာ,တပည့်နှစ်ယောက်မှာ စိတ်အားထက်သန်စွာ သွားနေကြပေသည်။

ဆရာကြီးမြစကြာ အလိုရှိနေသော သိုက်ဝင်ပစ္စည်းသည် ဤနေရာ၌ပင် ရှိနေသလော။ သို့ဖြင့် ဆရာကြီးမှ သတိထားရန် အမူအရာလုပ်ပြပြီး အတွင်းဘက်သို့ ကြည့်လိုက်သောအခါ အံ့သြခြင်းမက အံ့သြနေမိပါတော့သည်။ တွေ့မြင်လိုက်ရသည်ကား ရောင်ခြည်တော်ခြောက်သွယ်ဖြင့် အထူးသပ္ပာယ်နေသော ရွှေဘုရားတစ်ဆူပင် ဖြစ်သည်။ ဘုရားကို တွေ့လိုက်ရသည်နှင့် ကျွန်ုပ်စိတ်ထဲတွင် ရန်သူကိုပင် သတိမရချင်တော့ချေ။ ဘုရားဘက်သို့ မတ်တတ်ရပ် လက်အုပ်ချီလိုက်မိပါသည်။

၄င်းဘုရား၏ နံဘေးဘက်တွင် ပျောက်ကွယ်သွားသော မြွေကြီးနှစ်ကောင်မှာ နောက်နားကျကျ၌ ပါးပျဉ်းထောင် စောင့်နေပြန်လေပြီ။ မတုန်မလှုပ်နေခြင်းကြောင့် မြွေရုပ်ကို ထားလေသလောဟု ထင်မှတ်စရာ ဖြစ်နေသည်။ မြွေမျက်လုံးတို့မှာ တဖျတ်ဖျတ်ဖြစ်နေသောကြောင့် မြွေအစစ်ဟုသာ ကျွန်ုပ်ယူဆလိုက်ရပါသည်။

ဆရာကြီးမြစကြာသည် ဘုရားရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီးမှ ကျွန်ုပ်အား အသံသြသြဖြင့်-

'တပည့်ကြီး‥ မြန်မြန်ရှိခိုးဦးချလိုက်ကွယ့်။ ဒီလို ဘုရားရုပ်တုမျိုးက အလွန်တွေ့ရခဲလှတယ်'ဟု ပြောလိုက်သည်။

ကျွန်ုပ်လည်း ရိုသေစွာရှိခိုးပြီး ကြည့်လိုက်သောအခါ မှန်စီရွှေချ ပလ္လင်ပေါ်တွင် ရွှေကြုတ်လေးတစ်ခုကို တွေ့မြင်နေရသည်။

ဆရာကြီးမြစကြာမှ ၎င်းရွှေကြုတ်လေးအား ဝမ်းသာအားရဖြင့် လှမ်းကိုင်ယူလိုက်စဉ်မှာပင် ဝုန်းခနဲ အသံကြား၍ ကြည့်လိုက်သောအခါ ပလ္လင်နားတွင် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးတစ်ပါးကို ရုတ်တရက် တွေ့မြင်လိုက်ရသည်။ ဆရာကြီးမြစကြာက ရုတ်တရက် ထိုင်လိုက်ကာ ကန်တော့လိုက်ပြန်သည်။ ကျွန်ုပ်လည်း လိုက်ပြီး ကန်တော့လိုက်ရလေသည်။

၎င်းပုဂ္ဂိုလ်ကြီးသည် ပလ္လင်ဘက်သို့ လက်ညှိုးထိုးလိုက်ကာ-

'ယခုလို ပညာစွမ်းရည်နဲ့ ဒီသိုက်နန်းနေရာဆီ ရောက်လာခြင်းက ကောင်းသောလာခြင်းလော၊ ကောင်းသောလာခြင်းဖြစ်က ရွှေကြုတ်တွင်းက ပုရပိုက်ကိုယူပေလော့။ အာယုသိဒ္ဓိ အလိုရှိရာကို ပြီးစီးလိမ့်မည်'ဟု ပြောဆိုမှာကြားပြီး ၎င်းပုဂ္ဂိုလ်ကြီးသည် ထိုနေရာ၌ပင် ပြန်ပျောက်ကွယ်သွားပုံမှာလည်း ထူးဆန်းလှသည်။ ကျွန်ုပ်အနေဖြင့် ဝုန်းခနဲ အသံကို ကြားလိုက်ရသည်။

ပလ္လင်ပေါ်၌ရှိနေသော ရွှေကြုတ်သည် အခိုးများ တလူလူ ထွက်နေသည်ကို တွေ့မိပြန်သည်။ ပုဂ္ဂိုလ်ကြီး နောက်ဆုံးပြောထားခဲ့သည်မှာ ပုရပိုက်ကို ယူနိုင်အောင် ယူတော့ဟု ဆိုခဲ့သည်။

ထို့ကြောင့် ဆရာကြီးမြစကြာသည် ဘုရားဘက်သို့ လက်အုပ်ချီလျက် ပုဂ္ဂိုလ်ကြီး ပြောဆိုမှုအရ အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုလိုက်ပါသည်။

'ဘုရားတပည့်တော်သည် ကောင်းသောအကြံအစည်ဖြင့် ဤမြေကြီးနှစ်ကောင်သိုက်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သစ္စာပြုပါတယ်။ ဤမှန်သော သစ္စာစကားကြောင့် ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ယခုဖြစ်ပေါ်နေသော အရာများသည် ပညာစွမ်းနှင့် ချက်ချင်းပျောက်ကွယ်သွားပြီး ပုရပိုက်ကို ရယူနိုင်ရပါစေသတည်း။ အကယ်၍ မကောင်းသော အကြံအစည်ဖြစ်ပါက ဘေးဒဏ်သင့်ပါစေသတည်း'ဟု ရွတ်ဆိုလိုက်သည်နှင့် ရွှေကြုတ်လေးမှာ အခိုးအငွေ့တွေ မထွက်ပေါ်လာတော့ချေ။ အရောင်တလက်လက်နှင့် ဖြစ်လာသည်။

ဆရာကြီးမြစကြာသည် ပလ္လင်အနားသို့ တိုးသွားပြီး လွယ်အိတ်အတွင်းမှ အင်းတစ်ခုကို နှိုက်ယူလိုက်ကာ ပလ္လင်ပေါ်ရှိ ရွှေကြုတ်ပေါ်သို့ ပြစ်တင်လိုက်သည်။ ထိုသောအခါ၌ တဖျစ်ဖျစ်မြည်လျက် အရောင်တွေနှင့်တကွ အခိုးတွေမှာ ချက်ချင်းပျောက်သွားပါတော့သည်။ ထိုအချိန်တွင် ဆရာကြီးမြစကြာမှ ချက်ချင်းပင် ဆိုင်းငံ့ခြင်း ပြုမနေချေ။ ရွှေကြုတ်လေးကို အတင်းဖွင့်လိုက်သောအခါ ဝင်းခနဲ တစ်ချက်ဖြစ်သွားသည်။

ကျွန်ုပ်လည်း ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး သေချာစွာ ကြည့်လိုက်သောအခါ ကြုတ်ကလေးအတွင်း ရွှေတဝင်းဝင်းနှင့် ပုရပိုက်တစ်ခုကို အတိုင်းသား တွေ့မြင်လိုက်ရပါတော့သည်။ ဆရာကြီးမြစကြာသည် ၎င်းပုရပိုက်ကို ခဏမျှကြည့်နေပြီးမှ နောက်ထပ် ဘာမျှပေါ်မလာတော့၍ လက်အုပ်ချီ၍ ကန်တော့လိုက်သေးသည်။ ပြီးမှ ၎င်းပုရပိုက်ကို လက်နှစ်ဖက်ဖြင့် အသာယူလိုက်သည်။

လက်ဝယ်ရောက်သည်နှင့် ဆရာကြီးမြစကြာ အချိန်ဆိုင်းမနေတော့ချေ။ လွယ်အိတ်အတွင်းမှ အင်း ထားသော ပဝါတစ်ခုကို နှိုက်ယူလိုက်ပြီး ၎င်းပုရပိုက်ကို ရစ်ပတ်ထားပြန်သည်။ ပြီးမှ လွယ်အိတ်အတွင်းသို့ ထည့် လိုက်ပြီးမှ ဘုရားဘက်ကိုလှည့်ကာ ကန်တော့နေ သဖြင့် ကျွန်ုပ်လည်း ကန်တော့ရပြန်သည်။

'ကဲ‥တပည့်ကြီး မောင်ခင်မောင်ဦးရေ၊ လာ အတိုင်း ပြန်ထွက်ကြမယ်ဟေ့။ ဆရာတို့ အရှ နေတဲ့ အာယုသိဒ္ဓိပေါက်သိုက်ဝင်ပစ္စည်းက အောင်မြင် နဲ့ ရယူနိုင်ခဲ့ပြီလေကွာ'

ဆရာကြီးမြစကြာနှင့် ကျွန်ုပ်တို့ ဆရာ၊တပည့် ယောက် ထွက်လာသည်နှင့် ဘုရားနားမှ မြွေကြီး ကောင်မှာ ဒေါသသံအသံမျိုးကားမဟုတ်။ ထော အော်သံဟု ဆိုရမည့်အသံဖြင့် အော်လိုက်သောအခါ မှာ ဆရာကြီးမြစကြာလက်ကိုပင် ဆွဲကိုင်လိုက်မိ သည်။ သို့ဖြင့် ကျွန်ုပ်တို့ ဆရာ၊တပည့်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တုန်းကကဲ့သို့ အပိတ်အပင် အတားအဆီးမရှိ။ ဆရာ ာက်ဆိုင်နှင့် ဥစ္စာစောင့်မတွေ နေရာသို့ပင် ပြန်ရောက် ရာ သူတို့အားလုံး အနေအထားမှာ ဟန်မပျက်စောင့် မျှော်နေဟန်တွေ့ရ၍ ဝမ်းသာသွားသည်။ အထူးသဖြင့် ဥစ္စာစောင့် မယ်လှမှာ ကျွန်ုပ်နှင့် ဆရာကြီးမြစကြာတို့ ာမောစွာ ပြန်ရောက်လာပုံကား အောင်ပွဲရ စစ်သူကြီး များကဲ့သို့ ခပ်ကြွားကြွား အနေအထားကြောင့် ကျွန်ုပ် အနားဆီ ရောက်လာပြီး-

'သက်ဆိုင်ရာ အထက်ပုဂ္ဂိုလ်ဘိုးတော်တွေ ပူဇော် ထားတဲ့ သိုက်ဝင်ဘုရားကို ဖူးခဲ့ရတယ် မဟုတ်လား။ ဒီလိုဖူးတွေ့နိုင်တဲ့ ကံဇာတာကတော့ ဆရာကြီးမြစကြာ ရဲ့ ပညာစွမ်းက အထက်တန်းကျလို့ ဖူးမြော်ရတာပါ'ဟု ဆရာကြီးဘက်လှည့်၍ ချီးကျူးစကား ဆိုလိုက်ပြန်သည်။

'ကဲ..ဆရာတို့ရဲ့ အစီအမံလမ်းစဉ် ပြီးမြောက်ခဲ့ပြီမို့ ခင်းတို့ သိုက်ဝင်ညီအစ်မ ခုနစ်ဖော်ကလည်း ခွင့်ပြုကြ ပေဦးတော့'ဟု ဆရာကြီးကပြောပြီး မြွေကြီးနှစ်ကောင် သိုက် အတွင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည်။

ဥစ္စာစောင့် မယ်လှက 'အဖော်ရှိတုန်း တစ်ခါတည်း လိုက်သွားမှာလား'ဟု ကျွန်ုပ်အား မေးလိုက်သံမှာ ဝမ်း နည်းဟန် ပါနေရှာသည်။

ကျွန်ုပ်အား ချက်ချင်းကြီး မလိုက်စေလိုသေးသော် လည်း မယ်လှမှာကား တားဆီးရန် ခက်နေဟန်တူသည်။ ကျွန်ုပ်မှာလည်း သွားရန်ဆန္ဒရှိနေသဖြင့် နောက်ကို ကျွန်မ တို့နဲ့ ပျော်ပျော်ပါးပါးနေရအောင် လာခဲ့ပါဦးဟု ဖိတ်ခေါ် နေရှာပုံကို မယ်လှ၏ ချစ်ညီမများ အားလုံးက သနား ကရုဏာသက်စွာဖြင့်-

'ပညာရှိပြီး သစ္စာသမာဓိပြည့်စုံတဲ့ ဆရာကြီး မြ စကြာတို့အားလုံးကို အလိုရှိချိန် လာခဲ့ကြပါဦး။ အလှူ အတန်း ပါရမီကို ကျွန်မတို့ ညီအစ်မတစ်တွေက ဖြည့် ဆည်းပေးလျက် ရှိပါတယ်ရှင်'ဟု ပြောသံစကားများအား ယနေ့ထိ ကျွန်ုပ်နားမှာ ကြားယောင်နေမိရင်း မန္တလေး တောင် မြွေကြီးနှစ်ကောင်သိုက်ကို အဆုံးသတ်လိုက်ရပါ လေတော့သတည်း။

အောင်ကျော်စွာ


Dictionary for All

သာလွန်

THALUN
Bookstore
Yangon

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၃၈၊ ၂၄၉၂၄၄

အမှတ်(၁၇၇/၁၇၉)၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၀၅၃၊ ၂၄၂၀၃၈၊ ၃၈၂၂၀၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈


www.burmeseclassic.com

www.burmeseclassic.com

(၁၉၅၀)ပြည့်နှစ် အချိန်ကာလ။

မရှိခိုးနိုး မလှစုန်းရိုး ဆိုသောစကားသည် မလှနွယ် အဖို့တော့ မှန်သည်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် မလှနွယ်သည် တကယ့်ကို အကျည်းတန်၍ မျက်နှာပြင်တစ်ခုလုံး ကျောက်ပေါက်မာထူလပျစ်နှင့် ရှိနေသော ကြောင့် ဖြစ်လေသည်။

မလှနွယ် ရုပ်ဆိုးတာ၊ ရုပ်မလှတာ တစ်ရွာလုံးက သိသည်။ သို့သော် တစ်ရွာလုံးထဲက တစ်ယောက်သော သူကတော့

မလှနွယ်ကို အရုပ်ဆိုး အကျည်းတန်သည်ဟု မယူ

မထင်မှတ်ခဲ့ပေ။ ထိုသူက ကိုကြီးဖိုးထင် ဖြစ်လေသ

ကိုကြီးဖိုးထင်ဆိုသူမှာ မုဆိုးတစ်ယောက် ဖြစ်

သည်။ မိဘဆွေမျိုးဟူ၍ သည်ဆင်သေတောင်ရွာထဲ

ကောင်တစ်မြီးမှ မရှိချေ။ ရွာစွန်တွင် တစ်ယောက်တ

တဲထိုး၍ နေသည်။

တစ်ခါတစ်ရံ ဈေးဝယ်ရင်း ရွာတွင်းသို့ ရောက်

မလှနွယ်တို့အိမ်သို့ ခဏတစ်ဖြုတ် ဝင်နားတတ်

သည်။ မလှနွယ်၏မအေ ဒုက္ခိတမုဆိုးမကြီး

သစ်သည် ကိုကြီးဖိုးထင်ကို အလွ

လေ၏။ မလှနွယ်ကမူ ကို



ဒါရိုက်တာ

# မျိုးကော်အောင်

# မရှိ ခိုးနိုး မလှ စုန်းရိုး

www.burmeseclassic.com

www.burmeseclassic.com

ဖိုးထင်ကို အစ်ကိုကြီးတစ်ယောက်လို ခင်တွယ်၍ သံယော ဇဉ်ရှိလေ၏။

ထိုနေ့က ကိုကြီးဖိုးထင်သည် ရွာထဲ ဆန်လာဝယ်ရင်း မလှနွယ်တို့ သားအမိအတွက် လက်ဆောင်ပါလာခဲ့သည်။ ထိုလက်ဆောင်မှာ မနေ့က တောပစ်ထွက်ရင်း တောဝက် တစ်ကောင် ရခဲ့သည်။ မလှနွယ်တို့ သားအမိအတွက် တော ဝက်ဟင်းစားလက်ဆောင် လာပေးခြင်း ဖြစ်လေသည်။

'မောင်ဖိုးထင်ရယ်..နင့်မလည်း မှဆိုးအလုပ်နဲ့ပဲ အချိန် ကုန်နေတော့တာပဲ။ လပြည့်,လကွယ် ဥပုသ်လေးဘာလေး၊ ဘုရားလေးဘာလေး အားထုတ်ပါဦးကွယ့်။ အကုသိုလ် ဆိုတာ ကုသိုလ်နဲ့ဆက်မှ ကြေတာနော်' ဟု ဒေါ်ဖွားသစ် က တွေ့တိုင်း ဆုံတိုင်း ဖိုးထင်ကို ပြောဆိုသတိပေး ဆုံးမ တတ်လေသည်။

'အမေပြောတာ ဟုတ်တယ် ကိုကြီးဖိုးထင်၊ ကိုကြီး ဖိုးထင်က သူများအသက်တွေပဲ သတ်သတ်နေတော့ ကိုကြီး ဖိုးထင် ငရဲကြီးလိမ့်မယ် သိလား။ ငရဲတို့၊ ဝဋ်တို့ဆိုတာ တည်တတ်တယ်'

မလှနွယ်၏စကားကြောင့် ကိုကြီးဖိုးထင် ပြုံးလိုက်မိ လေသည်။

'ဘာလဲ၊ ကိုကြီးဖိုးထင်က မိနွယ်ပြောတာ မယုံလို့ လား'

'မယုံလို့ မဟုတ်ပါဘူး မိနွယ်ရယ်။ နင့်စကားတွေက နင့်အသက်ထက် မြင့်နေသလားလို့ပါ။ ငါက နင့်ကို ကလေးလို့ ထင်နေတာ။ လက်စသတ်တော့ နင်က လူကြီး ပဲ။ ငါကမှ တကယ့်ကို ကလေးဟုတ်ပါတယ်၊ ဟုတ်ပါ တယ်။ နင်ပြောတာ မှန်ပါတယ်။ ငါလည်း အလုပ်ပြောင်း မလားလို့ စဉ်းစားနေတာပါပဲယယ်။ နင်ပြောသလိုပဲ မုဆိုး အလုပ်က ရန်လည်းများတယ်။ အကုသိုလ်လည်းများတယ်။ အေး..အေး..ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ်မျိုး ရှာပြီး လုပ်ဦးမှပဲ'

ကိုကြီးဖိုးထင် စကားကြောင့် မလှနွယ် ပျော်သွားပုံ ရသည်။ တက်ကြွသောမျက်နှာပြင်ပေါ်၌ အပြုံးပန်းလေး တွေ ပွင့်လန်းသွားလေ၏။

'ကဲ..အကြီးနဲ့မိနွယ် ပြန်ဦးမယ်ဗျာ' ဟု နှုတ်ဆက် ပြီး ဟင်းစားလက်ဆောင်ပေး၍ ကိုကြီးဖိုးထင် ပြန်သွားခဲ့ လေ၏။

ကိုကြီးဖိုးထင်သည် မလှနွယ်တို့ သားအမိအကြောင်း တစ်လမ်းလုံး လျှောက်လာရင်း တွေးနေမိလေသည်။ ပြီးခဲ့ သည့်နှစ်က အဖြစ်အပျက်များကို ပြန်၍သတိရမိလေ၏။

ထိုနှစ်က ထိုအဖြစ်အပျက်များကို ယခုတစ်ဖန်၌ အသစ်လို ပြန်မြင်ယောင်လျက် ရင်ထဲမှ စိတ်ကူးရုပ်ပုံများ ကို ခံစားမိလေတော့သည်။

♦ ♦ ♦

'ဒေါ်ဖွားသစ်ဆိုတဲ့ အဘွားကြီးက အသက်ကြီးပြီး အချိန်မစီးတဲ့ မိန်းမကြီးကွ။ ကိုစိန်ကြီးအိမ်က ရွှေလက် ကောက်တစ်စုံပျောက်သွားတာ အဲဒီမိန်းမကြီးခိုးတာ။ မင်း တို့က ဒေါ်ဖွားသစ်ကြီးကို လျှော့တွက်နေကြတာကိုး'

ထိုစကားကို ပြောလိုက်သူက ကိုစိန်ကြီး၏မိတ်ဆွေ သောက်ဖော်သောက်ဖက် ပွေဖော်ပွေဖက် သောင်းဒန်ဆိုသူ ဖြစ်လေသည်။

'အဲဒီတော့ ငါတို့ အဲဒီအဘွားကြီးကို ဘယ့်နှယ်လုပ် ကြမလဲ'

'အရှင်းကြီးပဲ စိန်ကြီးရာ။ သူကြီးတိုင်မယ်ဘာမယ် ခြိမ်းခြောက်ပြီး ရွှေလက်ကောက်ပြန်ရအောင် လုပ်ရမှာ ပေါ့ကွ'

ထိုစကားကိုတော့ သောင်းဒန်နှင့်အတူပါလာသော စိန် ကြီး၏ သောက်ဖော်သောက်ဖက်မိတ်ဆွေ နက်ကျော်ဖြစ် လေသည်။

'မင်းတို့လုပ်ပုံ မဟုတ်သေးဘူးကွ။ လက်တွေ့ မျက် တွေ့ မဟုတ်ဘဲ ထင်ရာမြင်ရာ စွပ်စွဲလို့မရဘူး။ တစ်ဖက် လူမှာ ထိခိုက်နစ်နာမှုတွေ ဖြစ်သွားနိုင်တယ်'

ထိုစကားကို ဝင်ပြောလိုက်သူက ကိုကြီးဖိုးထင် ဖြစ် လေသည်။ ကိုကြီးဖိုးထင်က အရက်သမားစစ်စစ်ကြီး မဟုတ်သော်လည်း စိန်ကြီးတို့၏ ဖောက်သည်ကား ဟုတ် ၏။ ကိုကြီးဖိုးထင် အမဲရလျှင် စိန်ကြီးတို့အိမ်သို့ ဦးစွာ လာပြီး အရောင်းအဝယ်လုပ်တတ်သောကြောင့် ပုဂ္ဂိုလ်ချင်း၊ လူချင်း ရင်းနှီးနေခြင်းဖြစ်သည်။ စိန်ကြီးမိန်းမ မိတုတ် ဆိုလျှင် တောဝက်သား၊ ဆတ်သားဆိုလျှင် အလွန်ကြိုက်၏။

'ကိုကြီးဖိုးထင်ကလည်းဗျာ၊ ခင်ဗျား မသိဘဲနဲ့ ဝင် မပြောပါနဲ့' ဟု သောင်းဒန်က ဆိုသည်။

'မင်းက မြင်လို့လား'

'မမြင်လည်း သိတယ်'

'မမြင်ဘဲ သိတယ်ဆိုတော့ မင်းက အကြားအမြင်ရ နေလို့လား။ မိနွယ်တို့ သားအမိက ဆင်းရဲပေမယ့် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

အကျင့်မျိုး မရှိဘူးကွ'ဟု ကိုကြီးဖိုးထင်က ဆိုသည်။

'ခင်ဗျားကရော အကြားအမြင်ပေါက်နေလို့ ဒေါ်ဖွားသစ် မခိုးဘူးလို့ အတပ်ပြောနိုင်တာလား'

နက်ကျော်က ဆိုသည်။

'အတပ်မပြောနိုင်ပေမယ့် အတတ်နိုင်ဆုံး ငါပြောတာ မှန်ရမယ်။ မယုံရင် စိန်ကြီးမိန်းမ မိတုတ်ကို မေးကြည့်'

ကိုကြီးဖိုးထင်က ဆိုသည်။

'မိတုတ်ကို မေးစရာ မလိုဘူး။ မိတုတ်ကိုယ်တိုင်က သူ့လက်ကောက်ပျောက်တာ ဒေါ်ဖွားသစ် ခိုးတာလို့ စိန်ကြီးကို အတိအကျပြောတာ။ ဟော့ကောင် စိန်ကြီး၊ ပြောလိုက်လေ'

'ဟုတ်တယ် ကိုကြီးဖိုးထင်၊ သောင်းဒန်ပြောသလိုပဲ ကျုပ်မိန်းမမိတုတ် ကျုပ်ကို ပြောပြလို့ ကျုပ်သိခဲ့ရတာ'

စိန်ကြီးစကားကြောင့် ကိုကြီးဖိုးထင် ဆက်ပြောစရာ စကား မရှိတော့သလိုဖြစ်၍ သွားလေတော့၏။

'ငါတော့ မထင်ဘူး။ မင်းတို့ ကြိုက်သလိုသာ လုပ်ကြတော့။ တစ်ခုတော့ရှိတယ်။ တရားသဖြင့် မှန်မှန်ကန်ကန်တော့ လုပ်ကြပေါ့ကွာ'ဟု ပြောဆို၍ ကိုကြီးဖိုးထင် ထွက်သွားလေ၏။

◆◆◆

နေ့လယ်ကျတော့ ဒေါ်ဖွားသစ်တို့သားအမိ သူကြီးအိမ်သို့ ရောက်နေကြလေ၏။ စိန်ကြီးနှင့် သောင်းဒန်၊ နက်ကျော်တို့လည်း ရောက်နေကြလေ၏။

'မဖွားသစ်··မိတုတ်ရဲ့ လက်ကောက်တစ်စုံကို ပြန်ပေးလိုက်ပါ။ နို့မို့ရင် ဒီအမှုက မြို့ဂါတ်ထိ ရောက်သွားလိမ့်မယ်နော်'

'ကျွန်မကို မြို့ဂါတ်မပို့ပါနဲ့ သူကြီးမင်းရယ်။ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်။ ဘုရားပေးပေး ကျမ်းပေးပေး ကျွန်မ··ကျွန်မ မခိုးပါဘူးရှင်။ ကျွန်မ တကယ့်ကို မခိုးရပါဘူးရှင်'

'ဟဲ့··သူခိုးက ခိုးတယ်လို့ ပြောပါ့မလား။ ခိုးထားရင် ပြန်ပေးလိုက်နော်။ နောက်တော့မှ ငါ့ကို အဆိုးမဆိုနဲ့။ ငါကတော့ တာဝန်အရ မြို့ဂါတ်ပို့ရမှာပဲ'

'ကျွန်မအမေကို မတရားမစွပ်စွဲပါနဲ့ရှင်။ ကျွန်မတို့က ဆင်းရဲပေမယ့် အဲဒီလိုအကျင့်မျိုး မရှိပါဘူး သူကြီးမင်းရယ်။ ကျွန်မတို့ သားအမိကို သနားပါ သူကြီးမင်းရယ်။ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်ရှင်။ တောင်းပန်ပါတယ်။ အမေ့ကိုတော့ မဖမ်းကြပါနဲ့ရှင်။ မဖမ်းကြပါနဲ့'

မလှနွယ်ကလည်း မျက်ရည်စက်လက်ဖြင့် ရှိခိုးတောင်းပန်ရှာလေ၏။

ကိုကြီးဖိုးထင်မှာ မလှနွယ်တို့ သားအမိကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေရှာလေ၏။ မိမိ ဘယ်သို့ကူညီရမည် မှန်းမသိ ဖြစ်နေရှာလေ၏။ စိတ်ထဲမှာတော့ အကြီး ဒေါ်ဖွား သစ် မခိုးမှန်း၊ မယူမှန်း ကောင်းစွာသိရှိနေသကဲ့သို့ ရှိလေ ၏။ လက်ဆုပ်လက်ကိုင် သက်သေမပြနိုင်သောကြောင့် အခက်ကြုံ၍နေလေတော့၏။

'သူကြီးမင်းခင်ဗျာ··ကျွန်တော့်ကို စကားနည်းနည်း လောက် ပြောခွင့်ပြုပါ'

နောက်ဆုံး၌ ကိုကြီးဖိုးထင်သည် ငြိမ်၍မနေနိုင်တော့ သဖြင့် သူကြီးထံ စကားပြောခွင့် တောင်းခံလိုက်လေ၏။ သူကြီးနှင့်တကွ ရွာသူရွာသားများအားလုံးလိုလိုပင် ကိုကြီး ဖိုးထင်ဆီသို့ အကြည့်ရောက်သွားကြလေ၏။ သူကြီးက မျက်မှောင်ကိုကြုတ်လျက် ကိုကြီးဖိုးထင်ကို စိုက်၍ကြည့် လိုက်၏။ ထို့နောက်–

'မင်းက ဘာပြောချင်လို့ စကားပလ္လင်ခံရတာလဲ'

သူကြီးက ကိုကြီးဖိုးထင်ကို မေးသည်။

'အကြီးဒေါ်ဖွားသစ်ကို သူခိုးလို့စွပ်စွဲနေတာ ဘာမှ ခိုင်လုံတဲ့သက်သေတွေ ပြနိုင်လို့လဲ။ အကယ်လို့ သက်သေ သာဓကနဲ့ မပြနိုင်ခဲ့ရင် အစွပ်စွဲခံရတဲ့ အဖွားသစ်မှာ နစ်နာ နိုင်ပါတယ် သူကြီး။ အဲဒီစကားပြောချင်လို့ ခွင့်တောင်းတာ ပါခင်ဗျာ'

'နေစမ်းပါဦး။ မင်းက မဖွားသစ်နဲ့ ဘာတော်လို့ ဒီ ပြောရတာလဲ'

'ဘာမှတော့မတော်ပါဘူးခင်ဗျာ။ ဒါပေမဲ့ မလိုသော အပ်ဘဲ နစ်နာမှာစိုးလို့ ပြောမိတာပါ သူကြီးမင်း'

'အဲဒါ မင်းကိစ္စမှမဟုတ်ဘဲ။ မင်းက ရွာစွန်က ကို ဖိုးထင် မဟုတ်လား'

'ဟုတ်ပါတယ်။ ကျွန်တော်က ဒီဆင်သေကောင် စွန်က မုဆိုးဖိုးထင်ပါ။ ဒီကိစ္စက လက်ကောက်ပျောက် အမှုပဲ။ စိန်ကြီးနဲ့ သိပ်ဆိုင်မယ် မထင်ပါဘူး။ ဆိုင်ခဲ့ ရင် စိန်ကြီးမိန်းမ မိတုတ်နဲ့ပဲ ဆိုင်ပါတယ် သူကြီး။ ဖြစ် မယ်ဆိုရင် မိတုတ်ကိုခေါ်ပြီး စစ်ဆေးကြည့်ရင် ပိုပြီး ပြေလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်'

ကိုကြီးဖိုးထင်က တရားနည်းလမ်းကျကျ ထောက်

www.burmeseclassic.com

www.burmeseclassic.com

၍ ပြောလိုက်သောအခါ သူကြီးမျက်နှာ ပျက်သွားသကဲ့သို့ ကြီးပါ မကျေမနပ်ဖြစ်၍သွားလေ၏။

'ကိုကြီးဖိုးထင်၊ ကိုယ့်ကိစ္စမဟုတ်ရင် ဝင်မပါစမ်းပါ ။ ခင်ဗျားက ရွာစွန်ကလူ၊ အဝေးကြီး။ အသာနေစမ်းပါဗျာ'

'အသာနေလို့ မရလို့ပေါ့ကွ။ မင်းက ကိုယ်တိုင်လည်း မမြင်ဘဲနဲ့ အသားလွတ်ကြီး စွပ်စွဲနေတော့ မဟုတ်ရင် တစ်ဘက်လူ အရှမ်းနစ်နာမှာပေါ့ကွ။ ဖွားသစ် ခိုးတာ မင်းမြင်သလား၊ ဒါမှမဟုတ် တခြားမြင်တဲ့လူ သက်သေရောရှိလား။ ရှိရင်ပြောလေ။ ဖွားသစ် လက်ကောက်ခိုးတာ ဘယ်သူမြင်သလဲ၊ မြင်တဲ့လူ ပြောပါ'

ကိုကြီးဖိုးထင်က သူကြီးအိမ်၌ ရောက်ရှိနေကြသော လူအားလုံးကို ရည်ရွယ်၍ ပြောလိုက်လေ၏။

စိန်ကြီးက သူ၏ သောက်ဖော်သောက်ဖက်များဖြစ်ကြသော သောင်းဒန်နှင့် နက်ကျော်ကို ငဲ့ကြည့်သည်။ သက်သေများလိုက်လေမလားဟု အားကိုးတကြီးဖြင့်ကြည့်သော အကြည့်မျိုးဖြစ်သည်။ သို့သော် စိန်ကြီးထင်သလိုကား မဟုတ်ပေ။ ခေါင်းကြီးတွေငုံ့လျက် ခေါင်းရှောင်လိုက်ကြပုံ ရလေသည်။

'သူကြီးမြင်တဲ့အတိုင်းပဲ ဘယ်သူမှ ငါမြင်တယ်၊ သူ မြင်တယ်ဆိုပြီး သက်သေလိုက်မယ့်လူလည်း တစ်ယောက်မှ မမြင် မတွေ့ပါလား။ အဲဒီကိစ္စ အမှန်အကန်ဖြစ်အောင် သူကြီး ဆောင်ရွက်ပေးစေချင်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် မိတုတ်ကိုခေါ်ပြီး စစ်ဆေးကြည့်ပါဦး။ လက်ကောက်ပိုင်ရှင် အစစ်က မိတုတ်ပါ။ စိန်ကြီး မဟုတ်ပါဘူး'

'ကိုကြီးဖိုးထင်၊ ပျောက်သွားတဲ့ လက်ကောက်ဟာ မိတုတ်လက်ကောက်ဆိုတာ မှန်ပါတယ်။ မိတုတ်ပြောပြလို့ ကျုပ်က ဒေါ်ဖွားသစ် ခိုးတာလို့ ပြောနိုင်တာ။ ခင်ဗျားဝင်ပါတော့မှပဲ ဦးတည်ချက်က လွဲတော့မယ်နဲ့တူတယ်'

'ကျုပ်ကတော့ လွဲပြီလို့ကို ထင်နေတာဗျာ။ ဘာဖြစ်လို့လဲဆိုတော့ လက်ကောက်ပျောက်ဆုံးမှုကို ကာယကံရှင် ကိုယ်တိုင်က မတိုင်ဘဲ မင်းက မိတုတ်ကိုယ်စားလှယ်လုပ်ပြီး လာတိုင်တာကိုက တစ်ခုခုတော့လွဲနေပြီလို့ ငါထင်လို့ ဝင်ပါရတာ။ မှန်မှန်ကန်ကန် ဖြစ်စေချင်လို့။ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး'

ကိုကြီးဖိုးထင်စကားကြောင့် သူကြီးနှင့် ပရိသတ်များ ခေတ္တငြိမ်၍သွားကြလေ၏။ ဒေါ်ဖွားသစ်နှင့် မိန္ဒယ်တို့သား အမိကမူ ကိုကြီးဖိုးထင်ကို ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်နေကြလေ၏။

'ဟုတ်ပါတယ်၊ မောင်ဖိုးထင်ပြောတာ နည်းမှန်လမ်းမှန်ကျပါတယ် သူကြီး။ မိတုတ်ကို ခေါ်ပြီးစစ်လိုက်ရင် ဒီကိစ္စ အဖြေပေါ်မှာ သေချာပါတယ် သူကြီး'

ရွာသားကြီးဦးဘကျော် ဝင်ပြောလိုက်သောကြောင့် သူကြီး တွေဝေသွားပြီး သူကြီး စိတ်ပြောင်းသွားပုံရသည်။

'ဟေ့ကောင် မောင်ပိန်··မိတုတ် သွားခေါ်စမ်း။ မြန်မြန်သွားခေါ်။ အိမ်မှာမတွေ့ရင် ဘယ်နေရာကဖြစ်ဖြစ် တွေ့အောင်ရှာပြီး ခေါ်လာခဲ့ကွာ'

သူကြီးက သူ့အလုပ်သမားတစ်ယောက်ကို ခိုင်းလိုက်သည်။ အလုပ်သမား မောင်ပိန်သည်လည်း ချက်ချင်းသုတ်ခြေတင်၍ အမြန်ထွက်သွားလေ၏။

နာရီဝက်လောက်ကြာတော့ မောင်ပိန်နှင့် မိတုတ်တို့ ရောက်လာကြလေသည်။ ရောက်ရောက်ချင်းပင် သူကြီးက မေးလေတော့၏။

'ဟဲ့ မိတုတ်··နင့်လက်ကောက်ပျောက်တာ ဖွားသစ် ယူလို့ဆို၊ ဟုတ်လား။ ငါ့ကို မညာနဲ့နော်၊ မှန်မှန်ပြော'

'ဟုတ်ပါတယ် သူကြီး၊ ကြီးဖွားသစ် ယူတာ မဟုတ်ဘူး၊ ခိုးသွားတာ'

'ဟင်··ဖွားသစ် ခိုးတာ သိလျက်သားနဲ့ ဘာလို့မဖမ်းတာလဲ'

'မမြင်လိုက်လို့ပေါ့'

'မမြင်တဲ့လူက ဖွားသစ်ခိုးတယ်လို့ မသိဘဲနဲ့ ရမ်းတုတ်တာမဟုတ်လား။ မိတုတ်··ငါ့ကို မှန်မှန်ပြောစမ်း၊ လိမ်မယ် ညာမယ်တော့ မကြံနဲ့၊ ပြော။ အထင်နဲ့ ဖွားသစ် ခိုးတယ်လို့ ပြောတာမဟုတ်လား'

သူကြီးက မိတုတ်ကိုကြည့်ပြီး အစ်အောက်ပြီး မေးသည်။

'အိမ်မှာ အဝတ်လာလျှော်ပြီးအပြန်မှာ ကျွန်မလက်ကောက်ကို ခိုးသွားတာ သေချာတယ်။ ကျွန်မ စားပွဲပေါ်မှာ မှတ်မှတ်ရရတင်ထားခဲ့တာပဲ။ ဒေါ်ဖွားသစ် မယူလို့ ဘယ်သူယူမှာလဲ။ သူနဲ့ကျွန်မ နှစ်ယောက်တည်းရှိတာ။ ဒါက အရှင်းကြီးပဲ သူကြီး။ ကျွန်မပစ္စည်း ကျွန်မပြန်ယူချင်တယ် သူကြီး'

'ဖွားသစ်··မိတုတ်ပြောတာ မှန်လား'

'ဘာကိုမှန်တယ်လို့ ကျွန်မက ပြောရမှာလဲ သူကြီး'

www.burmeseclassic.com

'မိတုတ်နဲ့ဖွားသစ် နှစ်ယောက်တည်း ရှိတယ်ဆိုတာကို ပြောတာ'

'ဟုတ်ပါတယ်၊ နှစ်ယောက်တည်းပဲ ရှိပါတယ်'

'ဒါဆိုရင်တော့ ဖွားသစ်‥ခင်ဗျားမငြင်းနဲ့တော့။ ဝန်ခံလိုက်တော့'

'ကျွန်မမှ မယူတာ၊ ဘာဖြစ်လို့ ဝန်ခံရမှာလဲ သူကြီး။ ကျွန်မ ဝန်မခံနိုင်ပါဘူး'

'ဒါဆိုရင် မြို့ဂါတ်ရောက်တော့မှပဲ ခင်ဗျားတို့ကိစ္စဆက်ရှင်းကြတော့။ ကျုပ်တာဝန်ကတော့ မြို့ဂါတ်ပို့ပေးဖို့ပဲ ရှိတော့တယ်'

'မြို့ဂါတ်တော့မပို့ပါနဲ့ သူကြီးရယ်။ ကျွန်မတို့မှာ ခရီးစရိတ်တို့၊ သားမိနှစ်ယောက် စားစရိတ်တို့ မရှိကြလို့ပါ။ ကျွန်မအမေက ကျန်းမာရေးကလည်း သိပ်ကောင်းတာမဟုတ်ပါဘူး။ လမ်းမှာ တစ်ခုခုဖြစ်ရင် အမေ ဒုက္ခရောက်လိမ့်မယ်။ ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်ရှင်။ ကျွန်မအမေ မယူဘူး၊ မခိုးဘူးဆိုတာ ကျွန်မယုံကြည်တယ်။ အမေ့ကို အပြစ်မလုပ်ကြပါနဲ့ရှင်။ အမေ့ကို မဖမ်းကြပါနဲ့ရှင်။ ဟင့်‥'

ကိုကြီးဖိုးထင် မကျေမနပ်ဖြစ်နေသည်။ မိတုတ်၏ အစွပ်အစွဲကိုလည်း အယုံအကြည်မရှိဖြစ်၍နေလေ၏။

'မိတုတ်‥နင် မမြင်ဘဲနဲ့ အဲဒီလိုစွပ်စွဲတာကတော့ တရားနည်းလမ်းမကျဘူးလို့ ငါထင်တယ်။ ဘာလဲ၊ နင်က ဖွားသစ်တို့သားအမိ ဆင်းရဲနွမ်းပါးလို့ မရှိ ခိုးနိုး မလှ စုန်းရိုး သဘောမျိုး စွပ်စွဲလိုက်တဲ့ သဘောလားဟင်။ အပြင်ပန်းက အရေခွံအထူအပါးကိုကြည့်ပြီး ဝေဖန်စွပ်စွဲလို့ကတော့ ဘယ်တော့မှ အဖြေမှန်ရမှာ မဟုတ်ဘူး မိတုတ်၊ နှလုံးသားရဲ့ အထူအပါးကသာ တိကျတဲ့အဖြေကို ပေးနိုင်တာ။ ဖွားသစ်တို့သားအမိ ဆင်းရဲတာက အပြင်ပန်းကပါ။ နှလုံးသားက မဆင်းရဲဘူး။ သိပ်ကိုချမ်းသာပါတယ်။ နင် ဘာလုပ်ခဲ့တယ်ဆိုတာ ငါသိတယ်။ ငါ့ထက် ပိုသိတာက ဟိုမှာလာနေပြီ။ မကျည်းတန်က သူသိတာတွေ အိတ်သွန်ဖာမှောက် ပြောပြလိမ့်မယ်'

ကိုကြီးဖိုးထင် စကားအဆုံး မကျည်းတန် သုတ်သုတ်ပျာပျာဖြင့် ရောက်လာလေ၏။

'ဟဲ့‥ကျည်းတန်၊ ဘာဖြစ်လာတာလဲ။ နင့်ကြည့်ရတာ သုတ်သုတ်ပျာပျာနဲ့ ဘာအကြောင်းထူးလို့လဲ'

သူကြီးက ရောက်မဆိုက် မကျည်းတန်ကို မေးလိုက်လေ၏။ မိတုတ်မျက်နှာ ခေါင်းငုံ့နေလိုက်သည်။

မကျည်းတန်သည် သူကြီးပြောစကားထက် မိတုတ်ကိုကြည့်ပြီး စားတော့ ဝါးတော့မတတ် စိမ်းစိမ်းကြည့်လျက်-

'မိတုတ်‥မိတုတ်‥ကျွန်မကို ရွှေလိမ်ရောင်းသွား[illegible] သူကြီးကို လာတိုင်တာ။ ဟောဒီမှာ သူလာရောင်းတဲ့ ရွှေလက်ကောက်တစ်စုံ။ ကြည့်ပါဦး သူကြီးရယ်။ အတုကြီး[illegible] ရွှေအတုကြီးတော့။ သူကြီးမင်း မိတုတ်ကို အရေးယူပေး[illegible] တစ်ရွာသားချင်း ဒီလောက်ကလိမ်ကကျစ်ကျတာ မကောင်းပါဘူး။ အရေးယူပေးပါ'

မကျည်းတန်က ရွှေလက်ကောက်အတုတစ်စုံကို သူကြီးကို လက်ကိုင်ပဝါတွင်းမှ ထုတ်ပြလိုက်သည်။ အား[illegible]ပင် မကျည်းတန်လက်ထဲက ရွှေလက်ကောက်တစ်စုံ[illegible] မြင်တွေ့လိုက်ကြလေ၏။

သူကြီးသည် ရွှေလက်ကောက်ကို သေချာစွာ[illegible] ကြည့်၍ မိတုတ်ဆီသို့ အကြည့်ရောက်သွားလေ၏။

'မိတုတ်‥ကြားတယ်နော်။ မကျည်းတန်က[illegible] လက်ဆုပ်လက်ကိုင် သက်သေခံပစ္စည်း အတိအကျ[illegible] တယ်နော်။ ညည်း ဘာပြောချင်သေးလဲ'

မိတုတ် ငြိမ်သွားသည်။

မကျည်းတန်က ဆက်ပြောသည်။

'ကျွန်မထင်ပါတယ်၊ ကျွန်မပိုက်ဆံလည်း ပြန်[illegible] မှာ မဟုတ်တော့ပါဘူး'

'ဟေ‥ဘာဖြစ်လို့ ပြန်မရမှာလဲ။ သက်သေခံ[illegible] ရွှေလက်ကောက်အတုလည်း နင့်ဆီမှာ ရှိနေတာပဲ[illegible] ပေါ့'

သူကြီးက ကာယကံရှင်နှင့် သက်သေခံပစ္စည်း[illegible] တွေ့လိုက်ပြီဖြစ်၍ အခိုင်အမာ ပြောရလေ၏။

'မရနိုင်တော့ပါဘူး သူကြီးရယ်။ ကျွန်မကို [illegible] ကောက်လာရောင်းပြီး ရတဲ့ငွေအားလုံးကို မိတုတ်[illegible] မြတ်မင်းကို အကုန်ပေးလိုက်တာ ကျွန်မမြင်ခဲ့တယ်[illegible] ကြောင့် ကျွန်မငွေ ကျွန်မပြန်မရနိုင်တော့ဘူးလို့ ပြော[illegible]

ကိုမြတ်မင်းဆိုသောစကားကို ကြားလိုက်သည်[illegible] ကြီးရော မိတုတ်ပါ မျက်နှာတွေ ပျက်သွားကြလေ[illegible]

'ကျွန်မငွေအားလုံး ကိုမြတ်မင်းကို ပေးလို[illegible] ဆိုတာ မဟုတ်ပါဘူး သူကြီး။ ကျည်းတန်‥နင် [illegible] ဟုတ်ကတွေ လျှောက်ပြောမနေနဲ့'

www.burmeseclassic.com

www.burmeseclassic.com

မိတုတ် မကျည်းတန်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ငြင်းဆိုလိုက်သောကြောင့် ကိုကြီးဖိုးထင် မနေသာတော့ပေ။ ဝင်၍ပြောရလေတော့၏။

'မိတုတ်··နင် မငြင်းနဲ့တော့။ ဒီကိစ္စ ငါ အကုန်လုံး သိတယ်။ မြတ်မင်းနဲ့ငါ အရက်အတူသောက်ရင်း သူပြောပြလို့-ငါတောင် အံ့သြပြီး သူ့ကို သတိပေးခဲ့သေးတယ်။ မင်းနဲ့ မိတုတ် ဟိုဒင်းဟိုဟာဖြစ်နေတာ အန္တရာယ်ရှိတယ်။ စိန်ကြီးသိရင် ပြဿနာတက်လိမ့်မယ်လို့။ သူများသားသမီး၊ လင်ရှိမယားကိုပြစ်မှားရင် အပြစ်အရမ်းကြီးတယ်။ အချိန်ရှိတုန်း နောက်ဆုတ်တော့လို့ ငါ မြတ်မင်းကို သတိပေးခဲ့သေးတယ်။ အဲဒီတော့ နင် မငြင်းနဲ့တော့ မိတုတ်။ နင်တို့ရဲ့ ပြဿနာတွေကြားမှာ၊ နင်တို့ရဲ့ အရှုပ်ထုပ်တွေကြားမှာ ဖွားသစ်ကို ဆွဲမထည့်ပါနဲ့လို့။ ဒီမယ် မိတုတ်··လောကမှာ အမှန်တရားအတွက် တရားကို နတ်စောင့်တယ်ဆိုတာ အခုချက်ချင်းလက်ငင်း သက်သေပြလိုက်တာပဲ။ မရှိ ခိုးနိုး မလှ စုန်းရှိုး ဆိုတဲ့စကားနဲ့ နင်က မြေနိမ့်ရာ လှံစိုက်ချင်တာကိုး။ ခုတော့ အဲဒီလှံက မြေနိမ့်ရာ မစိုက်ဘဲ မြေမြင့်ရာကို တက်စိုက်နေပြီ မိတုတ်။ သူကြီးမင်း··ခုလောက်ဆိုကိစ္စအားလုံး ရှင်းပြီလို့ ထင်ပါတယ်။ ဖွားသစ်တို့သားအမိကို ကျွန်တော်ခေါ်သွားလို့ ရပြီလား'

သူကြီး ဘာမှဆက်မပြောနိုင်တော့ပေ။ ခေါင်းကို အသာညိတ်လိုက်ရလေတော့၏။

◆ ◆ ◆

မနှစ်က မိန္ဒယ်တို့သားအမိကိစ္စကို ပြန်၍တွေးမိနေရာမှ မည်မျှကြာသွားသည်မသိ။

'ဟော့··ကိုကြီးဖိုးထင်၊ လမ်းလယ်ကောင်ကြီးမှာ မတ်တတ်ကြီးရပ်ပြီး ဘာတွေတွေးနေတာလဲ' ဟု မိန္ဒယ်၏စကားသံကို ကြားလိုက်ရတော့မှ ဖျတ်ခနဲ စိတ်ကူးရုပ်ပုံအတွေးများပြတ်၍ သတိပြန်ဝင်ဖြစ်၏။

မိန္ဒယ်ကို လှည့်ကြည့်လိုက်တော့ မိန္ဒယ်ပြုံးနေသည်ကို မြင်၏။

မိန္ဒယ် (သို့မဟုတ်) မလှန္ဒယ်၊ အကျည်းတန်လှသော်လည်း သူမ၏ နှလုံးသားကား အစဉ်သဖြင့် လှပချောမွေ့လျက်ရှိနေသည်ကို ကိုကြီးဖိုးထင် ကောင်းစွာရှာတွေ့သွားခဲ့ချေပြီတကား။

ဒါရိုက်တာမျိုးဇော်အောင်


နယ်လှည့်သာသနာပြု ဖိုးမမွှသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)

[မွေးရာပါ အကြားအမြင်]

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်

ဆရာမပွင့်သစ္စာထင် ရှိတယ်။


ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးဝါသည်။



လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်၊

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉ ၄၂၈ ၃၁၇၂၉၉

www.burmeseclassic.com



# စိုးယဉ်ထွန်း

## အဖြစ်ထူးခဲ့သည့် ကျွန်းအိမ်ကြီး

ကမာအောင်ချောင်းဟု ခေါ်သည့် ရန်ကုန်မြစ်ကြီး၏ လက်တက်ချောင်းဖြစ်ပေမယ့် ရာဇဝင်သမိုင်းနောက်ခံများ က အလွန်မှ စိတ်ဝင်စားစရာကောင်းသည်။ ပုဂံပြည်၏ မင်းဆက်ဖြစ်မည့် ကျန်စစ်သားလို မြန်မာရာဇဝင်ထဲမှ သူ့ရဲကောင်းပင် ရောက်ခဲ့ဖူးသည်။ မြန်မာပညာရှိ အမတ်ကြီး ရာဇသင်္ကြန်ဆိုလျှင်လည်း ကြာမြင့်စွာ နေထိုင်ခဲ့ဖူးသည်။ သိပ်ဝေးတဲ့ ရာဇဝင်အကြောင်းတွေ ရေးပြနေလျှင် သိပ်မွန်းတယ်လို့ ဆိုကြဦးမယ်။ အနီးဆုံး အကြောင်း တစ်ခုပဲ သက်သေထားပါမယ်။

ရေငန်ပိုင်ဦးရှင်ကြီးလို့ခေါ်တဲ့ မောင်ရှင်ရဲ့ မွေးရပ်မြေ။ မြတ်စွာဘုရားရှင်တော်ရဲ့ ဆံတော်တွေ ပင့်လာပြီး ရွှေတိဂုံစေတီတော်ကြီးမှာ ဌာပနာဖို့ ဥက္ကလာပမင်းကို ပေးဆပ်ခဲ့တဲ့ တဖုဿ၊ ဘလ္လိက ညီနောင်တို့ ဖြတ်သွားဖြတ်လာ လုပ်တဲ့အရပ်။ တစ်မြို့ပေါ့။ ဒါပေမဲ့ အဲဒီ ကမာအောင်ချောင်းက တောင်နဲ့မြောက်ကို ပိုင်းခြားလိုက်တော့ မြို့က နှစ်ပိုင်းဖြစ်ပြီး တစ်ပိုင်းက အုံကြီးတဲ့။ ကျန်တဲ့အပိုင်းက ရာဇဝင်ချီတဲ့ မြို့ဒလပေါ့။

ကမာအောင်ချောင်းထဲကို ဝင်လာရင် စတွေ့တဲ့ သမ္မန်ဆိပ်က သဲကုန်းဆိပ်၊ အဲဒီကမှပြီးတော့ ကျင်မစိမ်း ဆိပ်(ကိုခွေးဆိပ်)လို့ခေါ်ပြီး အုံကြီးဘက်ကမ်းက သ
ကျင်းဆိပ်၊ နောက်တစ်ဆိပ်က ပျော်ဘွယ်လှေဆိပ်။
တော့ ဈေးဆိပ်၊ အုံကြီးဘက်က ကိုယ်သံပုံးဆိပ်၊
ကျတော့ အေဝမ်းဆိပ်၊ မီးသတ်ဆိပ်၊ အဒူးဆိပ်၊
စက်ဆိပ်ဆိုပြီး သမ္မန်ဆိပ်တွေ အများကြီးရှိတယ်။

ဆန်စက်များနှင့် သင်္ဘောကျင်း(၂)ခုရှိသည့်
တစ်ဈေးက မြူနီစီပယ်ဈေး၊ ရဲစခန်း(ဂါတ်တဲ)စ
လူမှုဖူလုံရေးဆေးခန်းလည်း ရှိသည်။ မူလတန်း
က ဈေးကျောင်း၊ ဦးရန်ကင်းကျောင်း၊ ညောင်ကုန်း
နှင့် ရေကန်ကျောင်းဆိုသည် (၅)တန်းမှ (၁၀)
သည်။

ရေကန်မှရေကို သုံးရသဖြင့် ရေကန်အ
ရှိသလို ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းစေတီဘုရားများ၊ သမိုင်းဝင်များဖြစ်သည်။ သန်လျင်ကို အုပ်စိုးခြယ်လှယ်နေသော ဒီပရစ်တိုခေါ် ဇေင်ကာကို မြန်မာနိုင်ငံက တိုက်ထုတ်ရန် စစ်ခြေကုပ်စခန်းပြုခဲ့သည့် နေရာလည်း ဖြစ်သည်။

ထိုအရပ်၏ မြို့မဈေးကြီးနှင့် မဝေးသောနေရာ သဲကုန်းသမ္ဘန်ဆိပ်နှင့်လည်း မဝေးသောနေရာ ဖြစ်သည့် အုတ်တန်းလမ်းတွင် ရှေးပျဉ်ထောင်အိမ်ကြီးတစ်လုံး၊ အိမ်ကြီးက ရေနံများကို အထပ်ထပ် သုတ်ထားသဖြင့် မည်းမည်းချိတ်ချိတ် ဆီရောင်ပြောင်နေသည့် အိမ်ဖြစ်သောကြောင့် ထူးခြားပေါ်လွင်ပြီး အိမ်ပိုင်ရှင်ဖြစ်သူများမှာ သားစဉ်မြေးဆက် သူစိမ်းမစွက်ဘဲ ပိုင်ဆိုင်လာခဲ့ကြသည်မှာ ယခုကိုမြဆိုင်၏ လက်ထက်အထိ ဖြစ်သည်။ ကိုမြဆိုင်က အိမ်ကြီး၏ မူလပိုင်ရှင်များဖြစ်သော ဦးဖိုးသိုင်း၊ ဒေါ်စိန်ရှင်တို့မြေး ဖြစ်သည်။

ဦးဖိုးသိုင်း၊ ဒေါ်စိန်ရှင်တို့ရှိစဉ်က ဗြိတိသျှအင်္ဂလိပ်ကျက်နှာဖြူနယ်ချဲ့တို့က မန္တလေးနန်းမြို့ကို သိမ်းယူထားပြီး မြန်မာနိုင်ငံကို အစေအပါးကျွန်ပြုထားသော အချိန်ကာလ၊ တိုင်းပြည်ကို ခြယ်လှယ်စိုးမိုးအုပ်ချုပ် ကျွန်ပြုပေမယ့် သူခိုးသူဝှက်၊ ဓားပြ၊ လူဆိုးလူရမ်းကားတို့က အုပ်ချုပ်ရေးနှင့် ဝေးကွာသော နေရာဒေသများတွင် အစွမ်းပြ သောင်းကျန်း၍ အနိုင်ကျင့်နေကြသည်။ မြို့ကြီးပြကြီးနှင့် အုပ်ချုပ်သူတို့၏ အနီးအနားတွင်ပါ ကပ်၍ အစွယ်ထုတ် အဆိပ်ဖျန်းပြီး ဒုက္ခပေးနေကြသူများက ရှိနေသည်။

ရိုက်မကွဲ ထိုးမပေါက် ပစ်မရထွန်းဖံဆိုသည့် ဓားပြက ဘဝအကျိုးပေးကူပံ့၍ လောကီကာယသိဒ္ဓိ ပြီးပြည့်စုံပြီး သေနတ်မကြောက်၊ ဓားလှံမမှု၊ တုတ်လေခက်ကိုတော့ ကိုယ်အရေပြားပေါ်တွင် မယားဘူးဟုဆိုသူဖြစ်ပြီး တပည့်နောက်လိုက် အခြွေအရံများနှင့် အမည်သတင်းကြီးသည့် ဓားပြဖြစ်သည်။ ဓားပြထွန်းဖံက ဟိုးရှေးရှေးတုန်းက သူခိုးကြီး ငတက်ပြားလို သစ္စာတရားစည်းထား၍ မွေးရပ်မြေ၏ ဝန်းကျင်တွင် မျက်စောင်းမထိုး တောက်မခေါက်သူဖြစ်၍ အံ့သြစရာပင် ဖြစ်ရသည်။ လူကလည်း ရိုးကုပ်၍ အများနှင့် သင့်တင့်အဆင်ပြေပြီး အများကိုပင် ကူညီ၍ လူမှုကိစ္စများကိုပင် ပါဝင်ဆောင်ရွက်နေဖြစ်ပြီး လပြည့်တစ်ရက်တွင်သာ နောက်လိုက် တပည့်များနှင့် တစ်ရပ်တစ်ရွာသို့ သွား၍ ဓားပြတိုက်သည်။

ဦးဖူးညွန့်၊ ဒေါ်တင်မြိုင်တို့က ရပ်ကွက်၊ လမ်းထဲတွင်မက အနီးအပါးရပ်ရွာများနှင့် ရန်ကုန်မြို့ကြီးလိုကပင် သိသော ပွဲစားကြီးနှင့် ပွဲစားကြီးကတော်ပင်ဖြစ်သည်။ ကျောင်းဒကာ၊ အလှူဒကာ၊ အလှူဒကာမဟုလည်း ထင်ပေါ်ကျော်ကြားကြသည်။ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝပြီး ရှားပါးမှုတစ်ခုက သားတစ်ယောက်ကိုသာ မွေးဖွားထားခြင်းဖြစ်သည်။ တစ်ယောက်တည်းမွေးထားသော သားက မိဘ၏ လက်ငုတ်လက်ရင်း ပွဲစားအလုပ်ကိုလည်း ဝါသနာမပါ။ အရောင်းအဝယ်လုပ်ငန်း မလုပ်။ အသောက်အစား၊ လောင်းကစားလည်း မခုံမင်။ ရန်တော့ ဖြစ်တတ်သည်။ မိုက်ကန်းပြီး ရိုက်ရဲ ခုတ်ရဲသည်။ ဦးဖူးညွန့်၊ ဒေါ်တင်မြိုင်က စားရေးသောက်ရေး၊ လူမှုရေး၊ လှူရေးတန်းရေးတစ်ဖက်နှင့် လူလျှော်ကြေးက မကြာခဏပေးရသည်။ အထုပ်ကိုင်၍ စောင့်နေရသည်မှာ သားတော်မောင်ထွန်းဖံကြောင့် ဖြစ်သည်။

ဦးဖိုးသိုင်း၊ ဒေါ်စိန်ရှင်တို့က ကိုဖူးညွန့်၊ ကိုကျင်မောင်၊ ,မောင်မြဆိုင်၊ မညွန့်ရွှေဆိုသည့် သုံးယောက်သောသားနှင့် သမီးတစ်ယောက် ပေါင်းလေးယောက် မွေးခဲ့သည်။ နို့ညှာဖြစ်သော မောင်မြဆိုင်က အစ်ကိုကြီး ကိုဖူးညွန့်နှင့် မရီး မတင်မြိုင်တို့နှင့် အတူနေပြီး တူတော်သူထွန်းဖံနှင့် အသက်က သိပ်မကွာ၍ ညီအစ်ကိုလို ဖြစ်နေသည်။ ကိုကျင်မောင် နှင့် အငယ်ဆုံးနှမ မညွန့်ရွှေတို့က အိမ်ထောင်ကိုယ်စီကျပြီး သီးခြားနေနေကြသည်။

♦ ♦ ♦

အင်္ဂလိပ်မျက်နှာဖြူနယ်ချဲ့ အစိုးရက သူသိမ်းပိုက်ထားသော သူ့လက်အောက်ခံတိုင်းပြည်နိုင်ငံတိုင်း၏ သွေးစည်းညီညွတ်မှုကို ရအောင် ဖြိုခွင်းသည်။ စည်းရုံးတတ်သူကိုလည်း စောစီးစွာ ဖာတ်သိမ်းပေး၏။ အစွမ်းအစရှိသူကိုလည်း ရအောင် နှိပ်ကွပ်၏။ အစပါ ဖျောက်ပစ်တတ်သည်။

ရန်ကုန်မြို့၏ အထည်ကြီးရပ်ကွက်အပိုင်းများ၊ အရာရှိပိုင်း၊ အစိုးရဝန်ထမ်းပိုင်းနှင့် ကလိမ်ကကျစ် ချမ်းသာသူများတို့တွင် ပို၍ဂယက်ရိုက်သတင်း ထွက်လာသည်က ထွန်းဖံ မကြောက်သုံးပါးမိုလ်ဟု စာပစ်၍ အသုံးလိုသည့် ပစ္စည်းလာယူမည်ဟူသော ပစ်စာနှင့်အတူ လ[illegible]ကို အလုပ်လုပ်သည်။ ထွန်းဖံကို သေချာ[illegible]

www.burmeseclassic.com

မျက်စိစပါးမွေးစူး နားကလောစ၍ အော်ကြော်လန့်သူတို့က မျက်နှာဖြူ အင်္ဂလိပ်အစိုးရဝန်ထမ်းနှင့် လူချမ်းသာပိုင်း ချစ်တီးကုလားများ၊ ဘောင်းဘီပွဝတ် တရုတ်များ၊ လူမျိုးခြားအတော်များများပင် ဖြစ်သည်။

ထွန်းဇံက အပြောနှင့်အလုပ် တစ်ထပ်တည်းကျသည်။ နောက်လိုက် တပည့်များကလည်း လက်ကျညီသည်။ ထွန်းဇံကို မြို့ပေါ်တွင် ခြေရာခံသည်။ နောက်ယောင်ခံ၍ လိုက်သည်။ သတင်းပေး မွေးသည်။ ဆုငွေပါ ထုတ်လိုက်သည်။ သိပ်မကြာသောအချိန်တွင် သတင်းအငွေ့အသက်ရသွားသည်။ ရန်ကုန်ဘက်မှ ဒလဘက်ကမ်းကိုကူးလာကြသည်။ ပုလိပ်သားတို့စီးသည့် စပိဘုတ်ခေါ် မော်တော်သေးသေးလေးများနှင့် သဲကုန်းဆိပ်ကိုကပ်ပြီး လက်ခတ်သမ္ဗန်နှင့် ကမ်းကို ကူးကြသည်။

'သူကြီးအိမ် ဘယ်မှာလဲ'

ပုလိပ်နောက်မှ ပါလာသူက တွေ့ရာလူတို့ကိုမေးသည်။ ဦးကျင် မစိမ်း။ ရပ်ကွက် ကိုခွေးဆိပ်မှလည်း တက်လာကြသည်။ ဈေးဆိပ်မှလည်း တက်လာကြသည်။ ပုလိပ်သားတို့ လက်ထဲတွင် နံပါတ်တုတ်(လက်ကိုင်တုတ်)များ၊ သေနတ်များနှင့် ဦးဖူးညွန့်၊ ဒေါ်တင်မြိုင်တို့အိမ်ကို လေးဖက်လေးတန် ဝိုင်းလိုက်သည်။ လမ်းပြခေါ်လာသူက အလီမူလာ၊ ဖလုတ်ရပ်ကွက်မှ ပန်းလှဆိုသည့် မိန်းမထိန်းဖြစ်သည်။

'အိမ်ထဲက တစ်ယောက်မှ အပြင်မထွက်နဲ့။ ထွန်းဇံဘယ်မှာလဲ ထွန်းဇံ'

အဖေ၊ အမေတို့နှင့် ထမင်းစားနေသော ထွန်းဇံမှာ ရှောင်မရ တိမ်းမရနှင့် အဖမ်းခံလိုက်ရသည်။ ရပ်ကွက်ထဲမှ လူငယ်လူရွယ် လေးငါးယောက်လည်း ပါသွားသည်။

'သား..ထွန်းဇံ၊ သား..'

မိခင်ကြီးဒေါ်တင်မြိုင်မှာ ထမင်းကို ဆက်၍မစားနိုင်တော့ဘဲ သားကိုတ,၍ ကျန်ခဲ့သည်။ ဦးဖူးညွန့်ကတော့ ယောကျ်ားရင့်မကြီးဖြစ်၍ ကြိတ်မှိတ်ဖြေလိုက်ရသည်။ ဦးဖူးညွန့်၏ညီငယ် မောင်မြဆိုင်ပြန်ရောက်တော့ တူတော်သူ ထွန်းဇံကို ပုလိပ်တို့ ဖမ်းသွားသည်ဟုပဲ သိလိုက်ရသည်။

နောက်မကြာသောရက်တွင် ရန်ကုန်မြစ်ဝ(မြစ်သုံးဆိုင်)တွင် ထွန်းဇံကို စအိုဝမှ သံချိတ်ဖြင့် ထိုးထည့်ပြီး အူအသည်းတို့ကို ဆွဲထုတ်၍ သတ်ပြီး အလောင်းကို ကျောက်ခဲဆွဲ၍ ရေထဲ ချလိုက်သည်ဟု သတင်းကြားရသည်။ ထွန်းဇံကို ပုလိပ်က ဖမ်းသွားသည်။ ယခုတော့ မြစ်ဝ(မြစ်သုံးဆိုင်)တွင် ရက်စက်စွာ အသတ်ခံရသည်ဟု သိလိုက်ရသော မိဘတို့မှာ ယူကျုံးမရ အပူလုံးကြွခဲ့ရသည်။ မောင်မြဆိုင်ကလည်း သက်တူရွယ်တူ တူကလေးကို နှမြောမိသည်။

အဖြစ်မှန်က ထွန်းဇံ ဓားပြတိုက်သည်။ ဒါပေမဲ့ သုံးဖြုန်းသောက်စား လောင်းကစားလုပ်ခြင်းမဟုတ်။ အပျော်င်းအသင်းတို့၏ဒုက္ခကို ကူညီခြင်းဖြစ်သည်။ မိဘကို ဓားပြတိုက်ကျွေးခြင်း မဟုတ်သလို သူကိုယ်နှိုက်လည်း သုံးဖြုန်းခြင်း မဟုတ်ပါဘဲ ဆင်းရဲသော အသိအကျွမ်းတို့ကို ပေးကမ်းကူညီခြင်း ဖြစ်သည်။ သခွာဖောက်သော စိုးဝင်းကလွဲလျှင် ကျန်လူများက ထွန်းဇံကို နှမြောကြသည်။

ထွန်းဇံ၏စိတ်နှင့်ပင် ဦးဖူးညွန့်က စိတ်ထောင်းကိုယ်ကြေ အရှက်တရားပါဖက်၍ ဆုံးပါးသွားရပြီး ဒေါ်တင်မြိုင်ကလည်း နှစ်လကျော် သုံးလအကြာတွင် သားအေနှစ်ယောက်၏ နောက်ကို ဘယ်ဝယ်ဘယ်မှန်း မသိဘဲ လိုက်ပါသွားလေသည်။

◆◆◆

ပျဉ်ထောင်အိမ်ကြီးနှင့် တစ်ယောက်တည်း ကျန်ခဲ့သော ကိုမြဆိုင်က သူလုပ်တတ်သော ဆန်စက်များကို စပါးပို့သည်။ ရော်ဘာသမ္ဗန်များထောင်၍ ငှားသည်။ စပါးအဝယ်ကိုလည်း ရဲချောင်းရွာ၊ တံတားချောင်းရွာ၊ ညောင်ချောင်းရွာများနှင့် ကနောင်ရွာကြီး၊ ကြာဖြူ ရွာ၊ မနေတ်ရွာများအထိ ဆင်းဝယ်ပြီး ပျော်ဘွယ်ကြီး အနီးချောင်းရွာတို့တွင် အဆက်အသွယ်ထား၍ ဝယ် လုပ်ကိုင်နေသည်။ ကိုမြဆိုင်က လူပျိုလူလွတ်ဖြစ်၍ ထွက် ညအိပ်သွားလျှင် ပျဉ်ထောင်အိမ်ကြီးက လူ မီးတွေလင်း၍ အိမ်ကြီးထဲတွင် သွားလာလှုပ်ရှားနေသည်ကို လမ်းမှသွားလာသူတို့က မြင်တွေ့နေရသည်။

'မြဆိုင်ရေ၊ မင်းအိမ်ကြီးက မင်းမရှိလည်း မီး လင်းထိန်ပြီး သွားလာလှုပ်ရှားနေတယ်။ အဲဒါ တချို့က ထွန်းဇံမကျွတ်ဘူးလို့ ပြောတယ်။ ဟုတ်

'ဟာဗျာ ဦးလေးပုရယ်၊ သေတဲ့လူက

www.burmeseclassic.com

www.burmeseclassic.com

ရောက်မှန်း မသိဘူး။ အထင်နဲ့ စွတ်ပြောနေတယ်။ ကျွန်တော် မရှိလို့ ကိုကျင်မောင်တို့ပဲ လာစောင့်ပေးတာလား။ မညွန့်ရွှေတို့ပဲ အိမ်လာစောင့်ပေးလားမှ မသိဘဲ'

မြဆိုင်ကို ရပ်ကွက်ထဲမှ မေးသလို ဘဝချင်း ပေါင်းစပ်ရန် ရည်ရွယ်ထားသော မကျင်အေးကပါ။

'ကိုဆိုင်..ရှင့်အိမ်ကြီးက ထွန်းဇံခြောက်တယ်ဆို။ ကျွန်မက ကြောက်တတ်တယ်နော်'

'ဟာကွာ မကျင်ရယ်။ ကိုဆိုင်လည်း သရဲအခြောက်မခံရဘူး။ မြင်လည်း မမြင်ဖူးဘူး။ ပြောတဲ့လူတွေလည်း မြင်ဖူးတာ မဟုတ်ဘဲနဲ့ကွာ'

အခြေအနေက ပို၍ဆိုးလာပြီး ရပ်ကွက်ထဲမှ လူအတော်များများက အိမ်ထဲနှင့် ခြံထဲတွင် ထွန်းဇံကို တွေ့ရသည်ဟု ပို၍အပြောများလာသည်။ မကျင်အေးကလည်း အကြောက်အကန်ပင် သည်အိမ်ကြီးမှာ လိုက်မနေဘူးဟု ပြောလာသည်။ ကိုကျင်မောင်တို့ မညွန့်ရွှေတို့နှင့် တိုင်ပင်၍ သံဃာ(၁၀)ပါးကိုပင့်ပြီး ဆွမ်းကပ်လှူ၍ ဦးဖူးညွန့်နှင့် ဒေါ်တင်မြိုင်ကိုရော ထွန်းဇံကိုပါ အမျှပေးဝေလိုက်သည်။

ရပ်ကွက်လမ်းထဲမှ လူပြောသူပြော လျော့သွားသည်။ ကိုမြဆိုင်က ပြုတဲ့ကောင်းမှုများ အကြောင်းနှင့် အားလုံးကို အမျှအတန်းပေးဝေပြီး၍ အေးချမ်းသွားသည်။ မကျင်အေးကို လူကြီးစုံရာနှင့် လာပြောမည်။ လက်ခံပါရန် ပြောသည်။

'မကျင်..ကိုဆိုင် လာပြောမယ်လို့ စိတ်ကူးထားတယ်။ ဖြစ်မလား'

'ဖြစ်တာက ဖြစ်ပါတယ်။ ဟိုလေ..မကျင်၊ အဲဒီအိမ်ကြီးမှာ လိုက်..လိုက်မနေရဲသေးဘူး'

'ဟာ..မကျင်ရယ်၊ ဘာမှမဖြစ်တော့ပါဘူး။ ကိုဆိုင်လည်း ရှိတယ်။ ဒေါ်သန်းကြီးလည်း ခေါ်ထားမယ်။ မိဘုတ်လည်း ပါမှာ။ မကျင်အတွက် အဖော်ရတာပေါ့'

ကိုမြဆိုင်နှင့် မကျင်အေးက ချစ်သက်ကြာ၍ တစ်ယောက်ကိုတစ်ယောက် နားလည်မှုလည်းရှိပြီး အတူနေပေါင်းဖက်ရန်ကိုလည်း ကြိုးစားနေသူများဖြစ်သည်။ ယခုတော့ သည်အိမ်ကြီးတွင် လိုက်မနေရဲကြောင်းကိုပဲ မကျင်အေးက ပြောနေသဖြင့် ကိုမြဆိုင်မှာ အတော်ပင် စိတ်ဆင်းရဲမှု ဖြစ်နေရသည်။

အစ်ကို ကိုကျင်မောင်နှင့် နမ မညွန့်ရွှေတို့ကို ပြောပြရာတွင်–

'မြဆိုင်ရယ်..ဒီအိမ်ကြီးကို ရောင်းလိုက်ပြီး တစ်နေရာရာ ပြန်ဝယ်ကွာ'

'ဟုတ်တယ် ကိုမြဆိုင်၊ ညီလေးလည်း အိမ်ကို ရောင်းပြီး တစ်နေရာရာမှာ ပြန်ဝယ်စေချင်တယ်'

'အင်း..အစ်ကိုကျင်မောင် ပြောတာရော ညွန့်ရွှေပြောတာပါ သဘာဝကျပေမယ့် ထွန်းဇံက လေးလေးမြဆိုင် ဒီအိမ်က ဘယ်မှမသွားပါနဲ့လို့ အိပ်မက်ထဲမှာ ပြောတာ သုံး,လေးခါရှိပြီ။ အဲဒါ..'

ကိုမြဆိုင်က အလှူအတန်းပြု ဆွမ်းကျွေးပြီးမှ ထွန်းဇံက အိပ်မက်ပေးသည့် သုံး,လေးကြိမ်မှာ အိပ်မက်ထဲတွင် ပြောသည်တို့ကိုပါ ပြောပြသည်။ ကိုကျင်မောင် သိထားသည်မှာ သေပြီးသောသူက အိပ်မက်ပေး၍ စကားပြောလျှင် ကျွတ်ချင်လွတ်ချင်၍ဟု ကြားဖူး၊ သိဖူးထားသည်။

'အေးလေ၊ မင်းရဲ့ ကျင်အေးက မနေနိုင်ပါဘူးဆိုတော့လည်း စဉ်းစားပေါ့ကွာ'

'ယောက်မလောင်းကို ဒီတစ်ခါတွေ့ရင် နင် ငါ့အိမ်မှာ လိုက်နေလို့ ပြောလိုက်မယ်'

အစ်ကိုဖြစ်သူ ကိုကျင်မောင်နှင့် နမ မညွန့်ရွှေတို့က ပြောင်နောက်၍ အားပေးကြသည်။ သည်အိမ်ကြီးက မိဘအမွေခွဲစဉ်ကပင် မြဆိုင်ကို တစ်ဦးတည်းပိုင်အဖြစ် ပေးထားခြင်းဖြစ်သည်။ ကမာအောင်ချောင်း အတွင်းပိုင်းတစ်လျှောက်က ဆန်စက်များ ပေါများလှသည်။ အေဝမ်း၊ ဘီဝမ်း၊ စီဝမ်းဟု ဆန်စက်များကို အမည်ပေးထားသည်။ ညောင်ကုန်း၊ (၁၁၊ ၁၄)ရပ်ကွက်၊ (၉)နံပါတ်ရပ်ကွက်၊ (၆)နံပါတ်ရပ်ကွက်တို့တွင်ပါ ဆန်စက်များက ရှိနေသည်။ ကိုမြဆိုင်က ထိုဆန်စက်များတွင်ပါ စပါးပို့၍ စပါးပွဲစားလုပ်သည်။ စပါးသယ် သမ္ဗန်များကိုလည်း ငှားထားသည်။

(၆)နံပါတ်ရပ်ကွက်မှ ဆန်စက်ကို စပါးဖိုးရှင်းရန် သွားရောက်သော ကိုမြဆိုင်မှာ စပါးထမ်းနေသော စိုးဝင်းကို တွေ့လိုက်ရာ–

'ဟာ..စိုးဝင်း၊ မင်းက ဒီမှာ စပါးထမ်းနေတာလား'

'ဟုတ်ကဲ့ လေးလေး၊ ဩော်..ပန်းလှကို သတိရသေးလား။ ကိုထွန်းဇံရှိတဲ့နေရာကို လက်တွက်ချတဲ့

www.burmeseclassic.com

www.burmeseclassic.com

...း‌လုလေ'

'အေး‥ငါ့တူလေးကို ဒုက္ခပေးတဲ့ ပန်းလုကို ဘယ်...မလဲကွာ'

'မေ့လိုက်တော့ လေးလေးရေ၊ အဲဒီပန်းလုက သေ...ားပြီ'

'ဟေ‥ဘယ်လိုသေတာလဲ။ အသတ်ခံရတာလား'

...မြဆိုင်က ထွန်းဖဲ၏ တပည့်များဖြစ်သော စိုးဝင်း၊ ...း‌လုနှင့် တင်လှတို့ကို ရင်းနှီးခဲ့သည်။ ပန်းလုကြောင့် ...ကုန်းမှ ပုလိပ်များ လာရောက်ဖမ်းဆီးတာကို ခံရသော ...ကြောင်းကို နောက်မှ သိလိုက်ရသူ ဖြစ်သည်။

'ဟုတ်တယ် လေးလေး။ ပန်းလုကို ဆရာထွန်းဖဲ ...တ်လိုက်တာ။ သပြေကုန်းရွာ အဝင်မှာပဲ'

'ဟာကွာ၊ မင်း‥မင်း၊ ငါ့တူထွန်းဖဲက အရင်သေရ...ာပါကွာ'

...မြဆိုင်၏ တအံ့တသြအပြောကို စိုးဝင်းက ဘေး...ယ်ညာကြည့်ပြီးမှ လေသံခပ်တိုးတိုးဖြင့် ပြောပြသည်။

'ဟုတ်တယ် လေးလေး၊ ဆရာထွန်းဖဲနဲ့ ကြိုက်နေ... သပြေကုန်းရွာက မငွေးကြွယ်အိမ်ကို ပန်းလုက သွား...ာ။ ဆရာထွန်းဖဲ မသေခင်က မသွားရဲဘူး။ ဆရာ...န်းဖဲ သေပြီးမှ မငွေးကြွယ်ကို သူက အပိုင်ကြံဖို့ ...ားတာ လေးလေးရဲ့။ အိမ်ပေါ်တောင် မရောက်ဘူး ...ဝမှာပဲ ဝါးချွန်စူးလိုက်တာ။ ရင်ဝမှာစူးတာ ကျောက ...ါက်ထွက်သွားတယ်။ အားလုံးက အံ့သြတကြီးဖြစ်ကြ...ယ်။ နောက်တော့ မငွေးကြွယ်ကို ဆရာထွန်းဖဲက ...ပ်မက်ထဲမှာ ငွေးကြွယ်‥ပန်းလုက နင့်ကို ကြံမလို့လာ...ာ။ ငါ ဝါးချွန်နဲ့ ထိုးသတ်လိုက်တယ်လို့ ပြောတယ် ...တာကို မငွေးကြွယ်အမေကြီးက ပြောလို့ သိတာ လေး...လးရဲ့'

'ဟေ'

(၆)နံပါတ်ဆန်စက်မှ ပြန်လာတဲ့အထိ ကိုမြဆိုင်က ...ဖြစ်သူထွန်းဖဲ၏ အကြောင်းကို တွေးလာမိသည်။

◆◆◆

မကျင်အေးကလည်း ကိုမြဆိုင်၏အိမ်ကြီးတွင် လိုက်...ရမှာကို အမြဲပဲ ငြင်းနေသည်။ မညားခင်က ကွဲကိန်း...င်။ လူကြီးစုံရာနှင့် လာ၍တောင်းရမ်းမည်ကိုတော့ လက်...သည်။ နေရေးကိုတော့ တခြားမှာနေရန်ပဲ ပြောသည်။ ကိုမြဆိုင်က ဈေးကြီးပိုင်းမှ ကိုကျင်မောင်တို့အိမ်ကို သွားရင်းရော အပြန်မှာပါ တွေးလာမိသည်။ ထွန်းဖဲကလည်း အိပ်မက်ပေးတိုင်း သည်အိမ်ကြီးမှ ဘယ်မှ မပြောင်းရန် အိမ်ကိုလည်း မရောင်းရန်ကို အမြဲပင် ထည့်ပြောသည်။ ဒါက ကိုမြဆိုင်လည်း သည်အိမ်ကြီးမှာ မွေးခြင်းဖြစ်ပြီး ထွန်းဖဲကိုလည်း သည်အိမ်မှာပင် မွေးခဲ့သဖြင့် ကိုမြဆိုင်ကလည်း အိမ်ကြီးကို သံယောဇဉ်တွယ်သည်။ ခက်နေသည်က မကျင်အေး။ ချစ်တော့ချစ်တယ် ဒီအိမ်မှာ မနေချင်ဘူး ဆိုသည့်အဖြစ် ဖြစ်နေသည်။

ယနေ့ ညတွင် မကျင်အေးနှင့်တွေ့ရန် ချိန်းထားသည်။ အချိန်က စောနေသေးသဖြင့် သူငယ်ချင်းဝင်းပိုတို့ အိမ်ဘက်ကို လျှောက်မိသည်။ ဝင်းပို၏ မိဘများနှင့် မကျင်အေး၏ မိဘများက မကင်းရာမကင်းကြောင်းတွေ ရှိသည်။ ကိုမြဆိုင်၏ မိဘများဖြစ်သော ဦးဖိုးသိုင်း ဒေါ်စိန်ရှင်တို့နှင့် စီးပွားပြိုင်ဘက်များ ဖြစ်ခဲ့ကြ၏။ အငြိုးအတေးများ ရှိထားကြသဖြင့် ကိုမြဆိုင်နှင့် မကျင်အေးတို့၏ အချစ်ခရီးလမ်း မဖြောင့်ဖြူးခဲ့ခြင်း ဖြစ်သည်။

အတွေးနှင့် လျှောက်လာခဲ့သည်မှာ ဈေးလမ်းထိပ်မှ ညောင်နှစ်ပင်ကို ရောက်လာခဲ့သည်။ ထိုညောင်ပင်က လမ်းမကို ဟိုဘက်သည်ဘက် ညှပ်၍ ပေါက်နေသော ညောင်ပင်များ ဖြစ်သည်။ ယခင်က ထိုညောင်နှစ်ပင်မှ ညဘက် ဖြတ်သွားဖြတ်လာတို့တွင် စားစရာပါလျှင် လုယူသည်ဟု အမည်သတင်း ကြီးခဲ့သည်။ ကိုမြဆိုင်ကတော့ မကြုံဖူးပေမယ့် ညောင်ပင်အနားရောက်တော့ သတိ... သွားသည်။

ဝင်းပိုတို့အိမ်ဘက်ကို မရောက်ဖြစ်ဘဲ မကျင်အေး... ချိန်းထားရာ နေရာကိုပဲ ဆက်၍ လျှောက်လာခဲ့သည်။

မကျင်အေးက ကိုမြဆိုင်နှင့် ချိန်းထား၍ အိမ်... သူငယ်ချင်းမကြည်ပုတို့၏အိမ်တွင် မှာထားသည့် အ... သွားယူမည်ဟုပြောပြီး ထွက်လာခဲ့သည်။

လမ်းတွင် ကိုမြဆိုင်၏သူငယ်ချင်း ဝင်းပိုနှင့်တွေ့...

'ဟာ‥အတော်ပဲ မကျင်အေး၊ ကိုမြဆိုင် ... ကျွန်တော် ဆေးဝယ်ပေးမလို့ လာတာ။ အိမ်မှာ ... ယောက်တည်း အတော်ဖျားနေတာ။ ကျွန်တော် ... သွားလို့ သိတာ'

'ဟင်‥ဟုတ်လား။ ဟိုနေ့ကပဲအကောင်း။ ...



www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်းပို'

စကားသာ ပြန်ပြောလိုက်ရပေမယ့် စိုးရိမ်စိတ်က ငယ်ထိပ်အထိရောက်၍ မကြည်ပုအိမ်ကိုပဲ သွားရမလား၊ ကိုမြဆိုင်အိမ်ကိုပဲ သွားရမလားဟု အတွေးက ဇဝေဇဝါ ဖြစ်နေသည်။

ကိုမြဆိုင်က သည်တစ်ခါ မကျင်အေးနှင့်တွေ့လျှင် တစ်နေရာကို လိုက်ခဲ့ရန် ခေါ်သွားပြီးမှ လူကြီးဆုံရာနှင့် ပြန်အပ်တာ ကောင်းမည့်အကြောင်းကို ပြောမည်ဟု တွေး၍ လာခဲ့ရာ-

'အစ်ကိုမြဆိုင်··အစ်ကိုမြဆိုင်'

'ဟင်'

ခေါ်သံကြောင့် ထူးလည်းထူး၍ လှည့်ကြည့်လိုက်ရာ မကြည်ပု ဖြစ်နေ၍ မကျင်အေးကများ ဘာပြောခိုင်းလိုက်သလဲလို့ သိချင်စိတ် ဖြစ်သွားသည်။

'သြော်··မကြည်ပု၊ ဘာလဲဟင်။ ပြောလေ'

'ဟို··ဟို··လေ၊ မကျင်အေး တစ်ယောက်တည်း အစ်ကိုမြဆိုင်တို့ အိမ်ခြံထဲကို ဝင်သွားတယ်။ အစ်ကိုမြဆိုင်က ဒီမှာဆိုတော့ အဲဒါ··'

'ဟာ··အဲ··အဲ'

ကိုမြဆိုင်မှာ စကားပင်ဆုံးအောင် မပြောနိုင်ဘဲ ထိုနေရာမှ အိမ်ကို ပြန်လှည့်ခဲ့သည်။ ခြေလှမ်းကို သွက်နိုင်သလောက် သွက်သွက်လှမ်းခဲ့သည်။ မြန်မြန်သွားမှ။ မကျင်အေးက ကြောက်တတ်သည်။ သူခေါ်တာကိုပင် မလိုက်ဘဲနှင့် ယခုမှ တစ်ယောက်တည်း သွားသည်ဆိုခြင်းမှာ ဘာဖြစ်၍မှန်း မသိသောကြောင့် စိုးရိမ်စိတ်လွှန်ကဲမှုဖြစ်သည်။ မကြည်ပုက နောက်မှာ ကျန်ခဲ့သည်။

မကျင်အေးမှာ ခြံဝကို ဝင်လိုက်သည်နှင့် အိမ်ကြီးပေါ်မှ လင်းနေသော မီးအလင်းရောင်များ ပျောက်သွားပြီး အိမ်ကြီးက မှောင်သွားသည်။ ရေနံချေးများ ဝနေသော အိမ်မည်းမည်းကြီးက အမှောင်ထဲတွင် ပျောက်သွားသည်။ မကျင်အေးက အသည်းငယ်သူ။

'ဟာ··အောင်မယ်လေး'

ခြံနှင့် အိမ်ကြီးက မှောင်သွားသလို မကျင်အေး၏ အသိစိတ်သည်လည်း မှောင်အတိကျသွားသည်။ ကိုမြဆိုင်က ခြံဝကိုဝင်ရင်း အိမ်ပေါ်ကို လှမ်းကြည့်လိုက်ရာ မီးအလင်းရောင်ကို တွေ့လိုက်ရသဖြင့် မကျင်အေးက တယ်ဟုတ်ပါလား။ အိမ်ထဲကိုဝင်၍ [illegible] ထွန်းထားသည်ဟု တွေးလိုက်သည်။

'ဟာ··ဒါ··ဒါ'

ကိုမြဆိုင်က တိုက်မိလိုက်သည်ကို သေချာ[illegible] လိုက်ရာ စိုးရိမ်ထိတ်လန့်မှုပါဖြစ်ရအောင် မကျင်အေးမှန်း သိလိုက်သည်။

'မကျင်··မကျင်'

ခေါ်၍မရသော မကျင်အေးကို ကိုယ်တိုင်ဝင်ရှာ၍ အိမ်ထဲ ဝင်ခဲ့သည်။ မကျင်အေး သတိရသည့်အချိန်က အချိန်လွန် အမှောင်ရင့်သွားသည့်အချိန် မျက်ရည်စက်တွေနှင့် မကျင်အေး၏ အပြောကို မြဆိုင်က သဘောပေါက်လိုက်သည်။ နှစ်ယောက်အတူနေဖြစ်အောင် ဖြစ်လာသည့် အကြောင်းများက အကြောင်းကောင်း ဖြစ်သည်။

မကျင်အေးက ငိုသည်။ ချော့ရမှာက ကိုမြဆိုင်။ အဖြစ်အပျက်တို့ကို ပြောပြတော့ ဝင်းပိုလည်း ကိုမြဆိုင်အိမ်ကို ရောက်မလာ။ ကိုမြဆိုင်လည်း မဖျားသလို မကြည်ပုကလည်း မောင်နှမများနှင့် ဖျာစုရွာတွင် ပွဲကြည့်သွားနေသည်။ ထွန်းဖဲကများ ဦးလေးနှင့် အဒေါ်တော်ရမည့်သူကို ဦးအောင်ဖန်တီးလိုက်လေသလားဟုပင် တွေးစမှတ်၊ ပြောစမှတ် ဖြစ်သွားရသည်။

ကိုမြဆိုင်နှင့် မကျင်အေးတို့မှာ ထိုရက်၏ နောက်ပိုင်းတွင် လူကြီးများနှင့် ပြောဆိုတိုင်ပင်ပြီး မြန်မာဓလေ့အရ မင်္ဂလာပွဲဆင်နွှဲလိုက်ကြသည်။ သတို့သားအရံ ဝင်းပိုနှင့် သတို့သမီးအရံ မကြည်ပုတို့ မသိဘဲ ဂဟေဆက်လိုက်သည့် မင်္ဂလာပွဲ။ ပွဲက စည်ကားသည်။ ယုံကြည်ရန်တော့ ခက်လှသည်။

ညတစ်ညတွင် ကိုမြဆိုင်ကို ထွန်းဖဲက အိပ်မက်ပေးရာတွင် ဦးလေးတို့ အဒေါ်တို့နှင့် လာနေရန် သူမှာ ကြိုးစားလိုက်ရသည်ဟုပါ ထည့်ပြောသွားသည်။ အိပ်မက်က ကိုမြဆိုင်ရော မကျင်အေးပါ တစ်ပြိုင်တည်း အတူမက်သည့် အိပ်မက်ဖြစ်သည်။

အုတ်တန်းလမ်းမှ ရေနံဝနေသော ကျွန်းပျဉ်ထောင် အိမ်ကြီးကား ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးဆက် မြေးစဉ်မြစ်ဆက်၍ရှိနေမည့် အိမ်ကြီးပင် ဖြစ်လေတော့သည်။

**စိုးသဥ်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ လူ့ဘဝအသက်ပိုင်း အသီးသီးတို့၌ တွေ့ရ ကြုံရ မြင်ရ ကြားရ ခိုင်မာသော တစ်ဆင့်စကား ကြားရ သိရသော ထူးခြားဖြစ်စဉ်များ လူတစ်ဦးချင်းစီ၌ ရှိကြလေသည်။ ထိုထူးဆန်းသော ဖြစ်ရပ်ဆန်းပြား အတွေ့အကြုံများတွင် အကြောင်းရင်းများ ရှိလေသည်။ ထိုအဖြစ်အပျက်တို့အား အများပြည်သူသိအောင် တင်ပြနိုင်ခြင်း မရှိကြသောကြောင့် အချို့အကြောင်းအရာတို့ကား လူနည်းစုသာ သိရှိရပြီး အချိန်ကြာကာလရွေ့လျားသွားသောအခါ မေ့လျက်ပျောက်လျက် ဒဏ္ဍာရီသဖွယ်ဖြစ်၍ သွားလေတော့၏။

ယခု စာရေးသူတင်ပြမည့် ဖြစ်ရပ်ကား ထိုအချိန် တကယ်တမ်းဖြစ်ပျက် ကြုံတွေ့ခဲ့ရသော အမှန်တကယ် ဖြစ်ခဲ့သော တစ်ရွာလုံး၊ တစ်နယ်လုံး အသေအချာတွေ့ သိကြသော စာရေးသူ၏ အမေနှင့် ဦးလေးတို့ကိုယ်တိုင် ပါဝင်ကြုံတွေ့ခဲ့ရသော လောကပေတံ၊ ခေတ်ပေတံ၊ သိ

## အဘေစင်ဓါ

## ဘဝဒဏ္ဍာရီ





www.burmeseclassic.com

www.burmeseclassic.com

မှုထောင့်မှ ဖမ်း၍မမိ၊ တွေးဆမရနိုင်သော အနှီဖြစ်ရပ်မှန် ဇာတ်လမ်းအား အပိုမပါ၊ ဖတ်ကောင်းရုံသာ ပြင်ဆင်၍ တင်ပြပါမည်။ ရသတစ်ခုခု ဗဟုသုတရသွားမည်ဆိုပါက ရေးရ တင်ပြရကျိုးနပ်လှပေပြီ။ (စာရေးသူ)

◆◆◆

ဟင်္သာတခရိုင်၊ နတ်မောက်မြို့နယ်အတွင်း ဟင်္သာတမှ ကားလမ်း နိဗ္ဗာန်ဘက်သို့ သွားသည်ရှိသော် ထိုနိဗ္ဗာန်ဈေးသို့မရောက်မီ အညာတန်းရွာဟူ၍ရှိသည်။ ယခုအချိန် အိမ်ရာဖွံ့ဖြိုးရေး တိုးတက်နေပြီဖြစ်၍ မြို့တမျှစည်ကား၍ နေပေပြီ။ အိမ်ခြေပေါင်း(၆၀)ခန့်မျှရှိပြီး များသောအားဖြင့် အိမ်ကြီးအတွင်း စိုက်ပျိုးရေးလုပ်ကိုင်ကြသည်။ နာနတ်ခင်းများ၊ သင်္ဘောပင်စိုက်ခင်းများ၊ ငှက်ပျောစိုက်ခင်းများ၊ ကွမ်းခြံစိုက်သူများနှင့် ချောင်ချောင်လည်လည် နေနိုင် စားနိုင်သောသူများသလို လက်လုပ်လက်စား အငှားလိုက် ကူလီလုပ်စားသူများလည်း ရှိလေသည်။

မောင်ဘိုးဇင်ကား အမေ၊ အဖေများ လက်ထက်မှ ဆက်လက်လုပ်ကိုင် စားသောက်နေသော ကွမ်းခြံနှစ်ခြံ နှစ်ဧကခန့်နှင့် ကင်ပွန်းချဉ်ဧကတစ်မတ်ကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိလေသည်။ အိမ်ထောင်ကျသော်လည်း သားသမီး မထွန်းကားဘဲ (၁၅)နှစ်အကြာ ဇနီးက ရောဂါဘယ တစ်ခုနှင့် ဆုံးပါးသွားသောအခါ တစ်ယောက်တည်း အလုပ်သမားငှား၍ လုပ်ကိုင်ရလေသည်။ ဘာသာရေး ကိုင်းရှိုင်းခြင်း၊ ရပ်ရေးရွာရေး အလေးထားဆောင်ရွက်တတ်ခြင်း၊ အရက်၊ ဖဲ၊ မိန်းမကိစ္စ ကင်းခြင်းကြောင့် သက်တမ်းရွယ်တူ အမျိုးသမီးတို့၏ အာရုံစိုက်ခြင်းအား ခံရလေသည်တော့ အမှန်။

'အစ်ကိုလေး'

'ဟေ..သိန်းမောင် ပြော'

'ဟိုတောင်ပိုင်းက မသင်းက အစ်ကိုလေးကို လိုချင်လို့တဲ့။ အဲဒါ ဘယ်လိုသဘောရလဲ'

'အာ..ဟကောင်၊ သူက မုဆိုးမ မဟုတ်လား။ ကလေးလေး တစ်ယောက်နဲ့လေ'

'အင်း..ဟုတ်တယ်။ အစ်ကိုလေးလည်း မုဆိုးဖိုပဲလေ။ အဆင်မပြေဘူးလား'

'အေး..ငါကတော့ ပြဿနာမရှိဘူး။ သူက ငါ့ကို လိုချင်တယ်ဆိုရင်တော့ ခေါ်ခဲ့၊ ယူလိုက်မယ်'

မောင်ဘိုးဇင်နှင့် ကိုသိန်းမောင်ကား အမှန်တော့ တူဝရီးတော်စပ်၏။ အရွယ်မတိမ်းမယိမ်းဖြစ်၍ ကစားဖက်လည်း ဖြစ်နေသောကြောင့် အစ်ကိုလေးဟု နှုတ်ကျိုးနေခြင်းဖြစ်သော်လည်း ကိုသိန်းမောင်၏အမေနှင့် ကိုဘိုးဇင်သည်ကား မောင်နှမဖြစ်၍ သူတို့ တူဝရီးတော်စပ်ခြင်း ဖြစ်လေသည်။ ကိုသိန်းမောင်နှင့် စာရေးသူအမေက အဖေတူ အမေကွဲ မောင်နှမဖြစ်သည်။ စာရေးသူကား အဘိုးတော်၏။

အထက်ပါအတိုင်း တူဝရီးနှစ်ယောက် နောက်ရင်းပြောင်ရင်းနှင့် မသင်းနှင့် မောင်ဘိုးဇင်တို့ ဒုတိယအိမ်ထောင်အဖြစ် ညားကြပြန်လေတော့သည်။ မသင်း ပါလာသော သားငယ်ကား ပုံမှန်ဦးနှောက်မျိုးမဟုတ်ဘဲ အနည်းငယ် ဆွံ့သလိုရှိ၏။ နှစ်ပေါင်းများစွာ ကိုဘိုးဇင်ကား ခြံကို လုပ်ကိုင်စားသောက်လာရာမှ ဦးဘိုးဇင်အဖြစ် အသက်(၅၀)ဝန်းကျင်သို့ရောက်သော အိမ်ထောင်သက် (၁၅)နှစ်ခန့်တွင် သားသမီးလည်း ထပ်မံမထွန်းကားဘဲ ဒေါ်သင်းမှာ ဖျားနာ၍ ဆုံးသွားပြန်လေတော့၏။ ဦးဘိုးဇင် မိန်းမမှ ပါလာသော သား အောင်အောင်ကား ခြံအတွင်း ဦပင် အလုပ်ဝင်ရသဖြင့် မူလတန်းအောင်ရုံမျှသာ နေရပြီး ဖခင်ကြီးနှင့် အမြဲအလုပ်လုပ်နေရလေသည်။

ဦးဘိုးဇင်ကား အသားလတ်လတ်၊ မျက်ခုံးမျက်လုံးကောင်း၊ နှာတံပေါ်။ အမေ၊ အဖေတို့ အညာသူ အညာသားများ ဖြစ်ကြသော်လည်း သူက ထူးခြားပြီး အသားဖြူလတ်ဖြစ်သည်။ နဖူးကျယ် မဟာချောင်နှင့် သျှောင်တစ်စောင်း သပ်ရပ်စွာ အမြဲဖြီးထားခြင်းက ထူးခြားရုပ်သွင် ဖြစ်လေသည်။ သူ့တွင် ထူးခြားချက်တစ်ခုက ဘုရားကို အလွန်ကြည်ညို၍ အိမ်ကို ကောင်းမွန်စွာဆောက်ထား သကဲ့သို့ ဘုရားဆောင်ကို ခေါင်းရင်းခန်း (၈)ပေတစ်ခန်းလုံး အပြင်တွင် အဆောင်ထုတ်၍ သပ်ရပ်တင့်တယ်စွာ ဆောက်လုပ်ထားပြီး ဘုရားရှိခိုးလျှင် အဝတ်ဖြူကို လဲလှယ်၍ နေရာထိုင်ခင်းနှင့် အမြဲအဓိဋ္ဌာန်(ရာသက်ပန်) ပုတီးစိပ်သောကြောင့် တစ်နာရီအနည်းဆုံး ကြာမြင့်လေ သည်။ အရပ်ထဲတွင် ဤသည်ကား ထူးခြားမှုပင် ဖြစ်လေသည်။ သူ၏ ဘဝခရီး အချိုးအဆစ်ပြောင်းရခြင်းမှာ ဤကဲ့သို့သော ကောင်းမှုကိစ္စကြောင့်ဟုလည်း အများက ဆိုကြလေသည်။

www.burmeseclassic.com

ဦးဘိုးဇင် အသက်(၆၀)အတွင်းဝင်သော နှစ်တွင်ကား ထိုနှစ်တွင် ဦးဘိုးဇင် မနိုင်မနင်းဖြစ်သော ခြံလုပ်ငန်းများ တူဖြစ်သော ကိုသိန်းမောင်အား ခွဲဝေလွှဲပြောင်းပေးလိုက်ပြီး ကွမ်းခြံတစ်ခုသာ လုပ်လေသည်။ သားအောင်အောင်ကား အပေါင်းအသင်းစုံလာပြီး အိမ်အလုပ်အား ဖိဖိစီးစီးမလုပ်တော့။ ကြက်ဝိုင်း၊ ဖဲဝိုင်း၊ အရက်ဝိုင်းများတွင်သာ အချိန်ဖြုန်းလာလေသည်။ အိမ်ကို ကပ်သည်ဟူ၍ မရှိတော့။ ဗီဇည့်သောကလေး ဖြစ်၏။

'အစ်ကိုလေး‥ဆန်လာပို့တာ'

'အေး‥သိန်းမောင်၊ အိမ်အလယ်တိုင်နား ဆန်အိတ်ထောင်ထားလိုက်ကွာ။ အိမ်က အကောင်လည်း ဘယ်ရောက်နေလဲ မသိပါဘူးကွာ'

'အဲဒီကောင်လေး ပျက်စီးနေပြီ အစ်ကိုလေး။ ကျွန်တော်နဲ့တွေ့တော့လည်း ပြောဆိုဆုံးမတာပဲ။ ရှေ့တင်တော့ခင်း အင်းနဲ့ နောက်တော့ သူလုပ်ချင်တာ လုပ်တာပါပဲ။ ရဘူး အစ်ကိုလေး'

'ငါလည်း ပြောမရဘူး။ လွှတ်ထားလိုက်ပြီ။ အိမ်ကစ္စည်းတွေလည်း ခိုးရောင်းတာ အတော်ကုန်နေပြီ။ အခုထို ဘာတွေလုပ်နေသလဲ မသိပါဘူး'

'မတတ်နိုင်တော့ဘူးပေါ့ အစ်ကိုလေးရယ်။ ပြောကား နားမထောင်တော့ ခက်သားပေါ့လေ'

'မင်းရောက်တုန်း ငါ့ခရမ်းချဉ်သီးနဲ့ ငါးပိချက် ချက်ပေးခဲ့စမ်းပါကွာ။ မနက်စာ ညစာပေါ့'

ကိုသိန်းမောင်ကား ငါးရက်တစ်ခါ မီးဖိုချောင်ပစ္စည်းများ ဝယ်ခြမ်းဖြည့်ဆည်းပေးရလေသည်။

မှတ်မှတ်ရရ (၂၅-၁-၁၉၄၈)ခုနှစ်၊ တပို့တွဲလပြည့်၁၃၀၉)ခုနှစ်၏ ညတစ်ညကား ဦးဘိုးဇင်၏ ဘဝအချိုးခဆစ် ထူးဆန်းစွာ ပြောင်းလဲသွားသောနေ့ ညဟုဆိုလျှင်ခသေအချာ ဖြစ်လေသည်။

ထိုည ဦးဘိုးဇင်၊ ဦးသိန်းမောင် (ဦးသိန်းမောင်နှင့်ဖေဘက်မှ ညီအစ်ကိုတစ်ဝမ်းကွဲ တော်စပ်သူ ဦးသိန်း၊ူလည်း သျှောင်တစ်စောင်းနှင့်။ သုံးယောက် ပဲကြီးလှော်၊ ထန်းလျက်နှင့် ရေနွေးသောက်နေကြစဉ် ညကားအးစိမ့် လေကလေးတစ်ချက်,တစ်ချက်အဝှေ့ အိမ်ရှေ့မှဆင်တော်ကူးပန်းရနံ့က သင်းသင်းကလေး မွှေးလှ၏။ဦးပိုင်းကပင် အအေးဓာတ် ကဲလာသည်။

'အစ်ကိုလေး‥ကွမ်းဖောက်သည်တွေ လာခူးသွားပြီလား'

'အေး‥ကိုသိန်းရဲ့၊ လာပြီးသွားပြီ။ မင်းလည်း အခြမှာ ခူးသွားလေ၊ အိမ်စားဖို့ပေါ့။ သိန်းမောင်‥မနက်ကမင်းအစ်ကိုကို ခူးပေးလိုက်။ ဟုတ်လား'

ဦးသိန်းကား လေးမျက်နှာမြို့အနောက် ပန်းတောကြီးရွာအနီး မြို့ကုန်းရွာတွင်နေသည်။ အလည်လာခြင်းဖြစ်သလို ဆေး(ပရဲဆေး)ပစ္စည်းစု၍ ဆေးဖော်ရန်လည်း ဝါ၏။

ထိုသို့ အကြောင်းအရာအမျိုးမျိုး စကားတပြောပြောနှင့် ရေနွေးသောက်နေကြရာ အချိန်ည(၈)နာရီခန့်တွင်ရွာထဲသို့ လှည်းသံများ မောင်းလာသည်ကို ကြားလိုက်ကြသည်။ လှည်းဝင်ရိုးသံ၊ နွားခွာသံနှင့် ခြူသံများ ဖြစ်လေသည်။

'ဘယ်ကလှည်းတွေ ရွာထဲ ဝင်လာတာလဲ။ ခြူသံတွေက တို့အရပ်ကလှည်းတွေ မဖြစ်နိုင်ဘူးနော်။ တစ်မျိုးပဲ။ အသံတွေက'

'သိန်းမောင် အိမ်ရှေ့လမ်း ထွက်ကြည့်စမ်းဟ'

'အာ‥အစ်ကိုလေးကလည်း သူ့ကိစ္စနဲ့သူသွားတာဖြစ်မှာပေါ့။ ဖောက်သည်လာယူတဲ့ လှည်းတွေလည်းဖြစ်နိုင်တာပဲဟာ'

ဦးဘိုးဇင်ကား ဘာမှထပ်မပြောတော့။ အခြားအိမ်များလည်း ထူးဆန်းသောခြူသံ (ကြေးဆံတပ်ခလောက်မဟုတ်) ကြား၍ ထွက်ကာ ရွာလယ်လမ်း ကြည့်ကြသော်လည်း ဖုန်များ ထနေသည်မှလွဲ၍ လှည်းအားလည်းကောင်း၊ အခြားတစ်စုံတစ်ရာအားလည်းကောင်း မမြင်ကြရပါပေ။ ထို့ကြောင့် တစ်ရွာလုံး ကိုယ့်အိမ်ရှေ့ကိုယ်ထွက်ပြီး အသီးသီးကြည့်ကြသော်လည်း မည်သည့်အရာဝတ္ထုအားမျှ မမြင်တွေ့ကြရပါပေ။ ထူးဆန်းသည်မှာ ခွေးများမဟောင်ခြင်းဖြစ်၏။ ဖုန်ကဲ့သို့မြူများ ရွာလယ်လမ်းအားလွှောက် ဆိုင်းဝေလျက်။

'ကဲ‥သိန်းမောင်၊ တံခါးတွေဘာတွေ ပိတ်ဖို့လုပ်ငါတော့ အိပ်ချင်လာပြီ'

'ဟ‥လှည်းသံတွေ တို့အိမ်ရှေ့ နီးလာပြီ။ ထွက်ကြည့်စမ်းဟ'

ဦးသိန်းနှင့် ဦးသိန်းမောင်တို့ အိမ်ရှေ့ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဘက်ကြည့်၏။ အသံတွေကြား၏၊ မမြင်ရ။ မြူများဆိုင်းနေ၏။ ထိုစဉ် ဦးဘိုးဇင် အိမ်ရှေ့တည့်တည့် ရောက်သောအခါ လှည်းသံ၊ ခြူသံများ ဖျတ်ခနဲ ရပ်သွားလေသည်။

'ဟော'

'အေးဟ'

'ဟ..အိမ်ရှေ့တည့်တည့် အသံတွေ တိတ်သွားပါလားဟ'

ဦးဘိုးဇင် မျက်လုံးကျယ်သွား၏။ ထိုအခိုက်တွင် တဝီဝီနှင့်အသံများ နီးလာပြီး အိမ်အတွင်းသို့ ပျားအုပ်ကြီးတစ်အုပ် ဝင်လာလေသည်။

'ဟ..သိန်းမောင်၊ ပျားတွေပါလား'

'အသာလေး ငြိမ်ငြိမ်နေ။ သူတို့ ဘာလုပ်တာလဲ'

ထိုအချိန်တွင် ထူးဆန်းသောမြင်ကွင်းအား မြင်သူက ဦးဘိုးဇင်တစ်ဦးသာ ဖြစ်လေသည်။ ကိုသိန်းနှင့် ကိုသိန်းမောင်တို့ မမြင်တွေ့ရပါပေ။

အသက်(၃၀)ခန့် အသားဖြူဖြူ၊ မျက်လုံးကောင်း၊ ဆံပင်ကို သပ်ရပ်စွာထုံး၍ ရှမ်းချောချောလှသော အပေါ်နံ့သာရောင်အင်္ကျီလက်ရှည်၊ လုံချည် မန္တလေးကြိုးကြီးချိတ်အား ဝတ်ဆင်လျက် လက်ထဲတွင် တစ်ပေခန့် သေတ္တာကလေးအား ကိုင်၍ ဝင်လာသော အမျိုးသမီးအား ထူးဆန်းစွာ မြင်တွေ့လိုက်ရလေတော့သည်။ ဦးဘိုးဇင်ကား လွန်စွာအံ့ဩမှင်တက်၍သွားလေ၏။

(အောက်ပါ စကားပြော အကြောင်းအရာများကား ဦးဘိုးဇင် ပြန်ပြောပြသော အကြောင်းအရာများဖြစ်သည်။ စာရေးသူ)

ထိုအမျိုးသမီးက အိမ်အတွင်း ဝင်လာပြီး ကွပ်ပျစ်တွင် ထိုင်လျက် ဦးဘိုးဇင်အား ဦးသုံးကြိမ်ချ၍ ကန်တော့လေသည်။

'အစ်ကိုကြီး..ကျွန်မ အစ်ကိုကြီးကို ပြုစုဖို့ အဘက လွှတ်လိုက်လို့ လာတာပါ။ ကျွန်မတို့ဟာ ယခင်ဘဝက ဇနီးမောင်နှံပါ။ ယခုလည်း ဇနီးအဖြစ် ပြုစုဖို့ တာဝန်နဲ့ လာတာ ဖြစ်ပါတယ်။ ခွင့်ပြုပါ'

'ဟေ..ဘယ်က ဘယ်လို'

'အများကြီး မမေးပါနဲ့တော့။ သာရေးနာရေး စားရေးသောက်ရေး ကျွန်မတာဝန်ပါ။ ကျွန်မနာမည် ဒေဝီပါရှင်'

'ဟာ..ဟုတ်တော့ ဟုတ်နေပြီဟေ့'

အထက်ပါကိစ္စတို့အား ဦးသိန်းနှင့် ကိုသိန်းမောင်တို့ မမြင်ရ၊ မကြားရ။ ဦးဘိုးဇင် တစ်စုံတစ်ယောက်နှင့် စကားပြောနေဟန်အား မြင်ရသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မေးထိုး မျက်စပစ်ပြလိုက်လေသည်။ ဦးဘိုးဇင် ဘာများဖြစ်သွားသလဲဟူသော အတွေးနှင့်ဖြစ်လေသည်။

'ကဲ..သိန်းမောင်တို့၊ မောင်သိန်းတို့၊ ဒီနေ့ကစပြီး ငါ မိန်းမရပြန်ပြီကွ'

'ဘယ်လိုကြောင့်'

'မင်းတို့ မမြင်ရဘူး မဟုတ်လား။ အခုန အမျိုးသမီးတစ်ဦး ပျားတွေနဲ့ မရေးမနှောင်း ရောက်လာပြီး ဒီမှာနေမယ်။ ငါ့ကို ဝတ်ကြီးဝတ်ငယ် ပြုဖို့တဲ့ကွာ။ ငါတော့ ခေါင်းစားသွားပြီဟေ့။ ထူးထူးဆန်းဆန်းတော့ ဖြစ်ပြီဟ'

ထိုသို့စကားပြောနေစဉ်အတွင်း မြတ်လေးပန်း၊ သဇင်ပန်း၊ နှင်းဆီပန်းရနံ့ကဲ့သို့ ပန်းရနံ့တစ်ခု အိမ်ဝိုင်းအတွင်း သင်းပျံ့လျက် ရှိလေသည်။ ပျားများလည်း ထူးဆန်းစွာ ပျောက်ခြင်းမလှ ပျောက်သွား၏။

ထို့နောက်တွင်ကား ဦးသိန်းနှင့် ဦးသိန်းမောင်တို့ကား ထူးဆန်းလှသော ဦးဘိုးဇင်၏ ဖြစ်ရပ်သတင်းအား သယ်ဆောင်၍ အသီးသီးပြန်ကြလေသည်။ ထိုစဉ်က ဦးသိန်းမောင်ကား ရွာဖျားမှ ကင်ပွန်းခြံတွင် နေသည်။ ဦးသိန်းကား ဦးသိန်းမောင်အိမ် လိုက်အိပ်ခြင်း ဖြစ်လေသည်။ ရွာတွင်း၌ကား လှည်းများ ဝင်လာသံ၊ ဦးဘိုးဇင်အိမ်ရှေ့ ရပ်သံ၊ ပြန်ထွက်သွားသံတို့ကိုသာ ထူးဆန်းစွာ ကြားကြရပြီး မမြင်ကြရခြင်းက အံ့ဩကုန်နိုင်ဖွယ် ဖြစ်နေကြလေသည်။

◆ ◆ ◆

တစ်ပတ်ခန့် ကြာသောအခါ ဦးသိန်းမောင် ဦးဘိုးဇင်ရှိရာ အညာစုရှိ အလယ်ပိုင်းအိမ်သို့ နံ့ဖွာန်ဈေးမှအပြန် ဝင်လေသည်။

ဦးဘိုးဇင်ကား ပက်လက်ကုလားထိုင်တွင် ဆေးတံသောက်လျက်-

'အာ..လာ..သိန်းမောင်၊ မင်းလည်း ခုမှပဲ ပေါ်လာတော့တယ်။ ငါ မိန်းမရသွားပြီဆိုပြီး မလာတော့တာလားဟ'

www.burmeseclassic.com

www.burmeseclassic.com

'စားဝတ်နေရေး ဘယ်လိုလဲ အစ်ကိုလေး'

ဦးသိန်းမောင်ကား အခြေအနေကိုမေးရသည်။

'မင်းတာဝန် ငြိမ်းသွားပြီ သိန်းမောင်ရေ။ စားဖို့လည်း ပူစရာမလိုဘူး။ ကျန်းမာရေးကောင်းအောင် မနက်တိုင်း ဈေးသွား ဟင်းချက်စရာ ဝယ်ပေးရတယ်။ မနက်မိုးလင်းရင် ကွပ်ပျစ်ပေါ်က ဟောဒီသင်ဖြူးလှန်လိုက် ငွေ(၁၀)ကျပ် အဆင်သင့်ပဲ။ [ထိုခေတ်က (၁၀)ကျပ်ကား လွန်စွာများ၍ ဆန်အကောင်းစားတစ်ပြည်မှ တစ်ကျပ် တစ်မတ်။ ပုဆိုးငွေခြင်းလုံး ရေလုံ့ဆီစိမ် ပုဆိုးတစ်ထည် (၃)ကျပ် တစ်မတ်သာရှိသော ကာလဖြစ်သည်။] အလှူအတန်းလည်း ပူစရာ မလိုဘူး။ အဝတ်အစား ၄ားလျှော်တယ်။ ဒါပဲ။ အဆင်ပြေပါတယ်'

'ဒါဆို အစ်ကိုလေးမိန်းမ အိမ်မှာ အမြဲမနေဘူးပေါ့'

'အေး··ဒါပေမဲ့ ငါခေါ်လိုက်ရင်တော့ ရှိရှိနေတယ်ကွ။ ဒီပြင်အချိန်တွေတော့ မမြင်ဘူး။ အဲ··ညအိပ်ရာခင်း ပြင်ဆင်ပေးတယ်။ ပြီးတော့ အင်း··ငါနဲ့ အင်း··'

'အတူတူ လာအိပ်တယ် ဆိုလိုတာလား'

'ဟုတ်တယ်ကွ။ အမှန်တကယ် ငါ မိန်းမရတာတော့ ဟုတ်တယ်ဟေ့။ အဲ··ထူးဆန်းတာက ငါကလွဲပြီး ဘယ်သူမှ မမြင်တာဘဲကွ။ တစ်နေ့လုံး တောက်လျှောက်ကြီး သူ့ကို မြင်မနေရဘူးဟ'



'အေးလေ··အဓိကကျတဲ့ ငွေကြေးကိစ္စ၊ စားရေး နေရေးကိစ္စ၊ အိမ်ထောင်သည်ကိစ္စတွေကို ဖြည့်ဆည်း ဆောင်ရွက်ထားတာ တော်တော်တော့ ထူးဆန်းတယ် အစ်ကိုလေး။ ကံအကြောင်းတရားပေါ့လေ'

ရက်၊ လများ၊ နှစ်အပိုင်းအခြား ရောက်သည်အထိ ဦးဘိုးဇင် သိုက်က အမျိုးသမီးနှင့် ညားနေသည်ဟု သတင်းဖြန့်လျက်ရှိလေရာ လောဘနှင့်လာသော သိုက် ဆရာတပည့်နှစ်ယောက် တစ်နေ့ ဦးဘိုးဇင်အိမ် ရောက် လာလေသည်။ ဦးသိန်းမောင်လည်း ရှိနေချိန် မွန်း တစ်နာရီခန့်။

'ဦးဘိုးဇင်အိမ်က ဒီအိမ်ပါလားခင်ဗျာ'

'သိန်းမောင်၊ ဘယ်သူတွေတုံး ကြည့်လိုက်စမ်း'

ပုဆိုးကွက်ကျဲ တိုက်ပုံအင်္ကျီအနက်၊ ခေါင်းပေါင်း နှုတ်ခမ်းမွှေးများနှင့် အသားညို၊ အရပ်(၅)ပေခန့် ခေါင်း ပေါင်းတဘက် ပတ်လျက် ၎င်း၏တပည့်ဟု ယူဆသူ နှစ်ဦး ခွင့်တောင်း၍ အိမ်တွင်းဝင်လာသည်။ ဦးဘိုးဇင် ကွပ်ပျစ်ပေါ် နေရာပေးသည်။

၎င်းကား ဆေးတံအား မီးညှိလျက် ထိုသူများအား အကဲခတ်လျက်-

'ဘယ်ကလာပြီး ဘယ်သွားကြမှာလဲ။ ကျုပ်အိမ် လာတာရော, အခြားကိစ္စများ ရှိပါသလား'

'ဟုတ်ပါတယ်။ ကျွန်တော်က ဆရာတစ်ယော ပါ။ ဦးဘိုးဇင် သိုက်သမားနဲ့ အိမ်ထောင်ကျနေတယ် တာ သေချာပါသလား'

'ဟုတ်ပါတယ်ဆိုရင် ဆရာတို့အတွက် ဘယ် အကြောင်းများ ထူးစရာရှိလဲဗျာ'

'ကျွန်တော်တို့က ဘုရားတည်နေတဲ့သူတွေပါ။ ဦး လေးရဲ့ဇနီးကို ခဏခေါ်ပေးပြီး ကျွန်တော်တို့နဲ့ တွေ့ ဖို့ တောင်းဆိုချင်ပါတယ်။ အလှူခံချင်လို့ပါ'

'သြော်··ဒီလိုလား၊ အေး··တွေ့ချင်တယ်ဆို တွေ့ရမှာပေါ့ကွာ။ ကဲ··ဒေဝီရေ၊ ဟောဒီမယ် ဆရာ ယောက်က တွေ့ချင်သတဲ့ဟေ့။ အဲဒီမှာ မင်းသ အတိုင်းပဲ'

ဦးဘိုးဇင်ကား အိမ်အတွင်းခန်းဘက်သို့ စကားပြောသောကြောင့် ထိုဆရာဆိုသူ နှစ်ယော အိမ်၏ အတွင်းဘက်သို့ မျက်လုံးက ရောက်လျက်

www.burmeseclassic.com

www.burmeseclassic.com

၏။ ဦးသိန်းမောင်ကား အိမ်ရှေ့တန်းလျားသို့ ရွှေ့ထိုင်ပြီး မထင်မှတ်သော အကြောင်းအရာတော့ တစ်ခုခုဖြစ်တော့မည်ဟု ခံစားရ၍ ထိုဆရာ့တပည့်နှစ်ဦးအား ကြည့်နေလေသည်။

'အမယ်လေးဗျာ..ဗျာ၊ ပျားတုပ်တယ်'

အမှတ်မထင် တပည့်လုပ်သူအား ဘယ်က ပေါ်လာမှန်း မသိသော ပျားက တုပ်လိုက်ပြီး သုံး,လေးကောင် ပျံဝဲ၍နေ၏။

ထိုအချိန် နောက်ဖေးအိမ်တွင်းသို့ ကြည့်နေသော ဆရာ၏ မျက်နှာကား အထူးအဆန်း အံ့သြဖွယ်၊ ထိတ်လန့်ဖွယ်အား ရုတ်တရက် မြင်လိုက်ရသလို ခံစားမှု ပြောင်းလဲသွားပြီး အထစ်ထစ်အငေါ့ငေါ့နှင့်-

'အာ..ဟုတ်..ဟုတ်ကဲ့၊ ဟုတ်ကဲ့..ကဲ..ဦးဘိုးဇင် ကျွန်တော်တို့ ပြန်ခွင့်ပြုပါဦးခင်ဗျ'

'ကောင်းပါပြီခင်ဗျာ'

ဆရာ့တပည့်နှစ်ယောက် မျက်နှာပျက် ထိတ်လန့်၍ သုတ်ခနဲ နောက်ကြောင်းလှည့်မကြည့်တော့ဘဲ လစ်ထွက်သွားကြသည်ကို ကိုသိန်းမောင်က မြင်တွေ့ရပြီးနောက်-

'အဟား..အစ်ကိုလေးမိန်းမ ဘာလုပ်ပြလိုက်သလဲ တော့ မသိဘူး၊ ဟိုနှစ်ယောက်တော့ တစ်ချိုးထည်း လစ်တော့တာပဲ'

'သူတို့ ထိတ်လန့်လောက်တဲ့ဟာ မြင်လို့နေမှာပေါ့ကွာ'

◆◆◆

ဦးဘိုးဇင် နံနက်တိုင်း ဈေးသွား၏။ ဖျာလှန်ကြည့် ငွေ(၁၀)ကျပ် တွေ့ပြီးယူ၊ ဈေးခြင်းတောင်း ကိုင်သွား၏။ တစ်ခါတစ်ရံ မေ့ပြီး ဖျာမလှန်ဖြစ်။ ကြွင်းကျန်ငွေနှင့်ပင် ဈေးသွားသော်လည်း အိတ်ထဲ၌ ငွေ(၁၀)ကျပ်ကား ရောက်နေကျ။ ဦးဘိုးဇင် ထိုဒေဝီ ရောက်လာပြီး တစ်လခန့် သောင်းကစားမက်သော သား အောင်အောင်ကား ဝါးလုံးထဲမှ ငွေဒင်္ဂါးအသံများ ကြားသည်ဟုဆိုလျက် ဝါးဆစ်တွေတိုင်း လှုပ်ကြည့်၊ ခွဲကြည့်နှင့် စိတ်ဖောက်ပြန်၍ အိမ်မှ ထွက်သွားလေရာ မည်သည့်အခါမှ ပြန်မလာတော့။

ဦးသိန်းနှင့် ဦးသိန်းမောင် ဆုံသောတစ်နေ့ ဦးဘိုးဇင် အိမ်၌-

'ကဲ..အစ်ကိုလေး၊ နှစ်တွေလည်း ကြာပြီ။ ကျွန်တော်တို့အပေါ်ကို ပြောစမှတ်ဖြစ်အောင် မြင်ချင်တယ် ဦးလေး။ ပြောပေးပါ'

'ဟုတ်တယ် အစ်ကိုလေး၊ မြင်ချင်တယ်။ ကြည့်ပါရစေ'

'ကဲ..ဒေဝီရေ၊ နင့်တူတွေကို မြင်ဖူးအောင် ပြပါတဲ့ ဟေ့'

'ဘယ်လိုကြည့်ရမလဲ'

'အေး..ဟိုအိမ်ထဲခန်းကို ကြည့်နေ'

ထိုသို့ ဦးဘိုးဇင်ပြောပြီး (၅)မိနစ်ခန့်အကြာ မီးဖိုခန်းဘက်မှ အိမ်ထဲခန်းသို့ တစ်လှမ်းချင်း ဝင်သွားသော အသက်(၁၀)ခန့်ရှိ ဆံပင်ထုံးထားသော ချောမောလှပသည့် ပန်းရောင်အင်္ကျီလက်ရှည်၊ အချိတ်ထဘီ ဝတ်ထားသော ရှမ်းမလေးတစ်ဦး ရုပ်သွင်အား ပါးစပ်အဟောင်းသားနှင့် မျက်စိကျွတ်ကျမထင် အံ့သြစွာမြင်တွေ့ကြရတော့သည်။ ဦးသိန်းမောင်အပြော ငါးစက္ကန့်လောက်သာ မြင်သည် ဟူ၏။

'ဟား..ငယ်ငယ်ပဲ ရှိသေးတာနော်'

'မငယ်ဘူးဟ သိန်းမောင်ရ၊ နှစ်(၂၅၀)ရှိပြီတဲ့။ မင်းကလည်း'

'အမ်..ဟုတ်လား'

ကထိန်လာလှူခံလျှင်လည်း (၁၀)ကျပ်၊ နာရေးလည်း (၁၀)ကျပ်၊ ဈေးသွားရန် (၁၀)ကျပ် နေ့စဉ် (၁၀)ကျပ် ပေး ရသော ဦးဘိုးဇင်၏ဘဝကား သာယာစွာရှိလှ၏။ အသက်(၇၅)နှစ်တွင် လူကြီးရောဂါဖြင့် ဆုံးသည်။ ရွာတွင် ဓမ္မာရုံတန်ဆောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ရွာဦးစေတီ ထီးတော်တင်ခြင်း ပြုလုပ်ခဲ့သော အဘိုးဦးဘိုးဇင် သေတ္တာမှ ငွေတစ်သောင်းကျပ် တွေ့ရှိရသလို ဖျာအောက်တွင် နောက်ဆုံးကူညီမှု (၁၀)ကျပ်အား တွေ့ရှိရသဖြင့် ဦးသိန်းမောင်ကား ယနေ့ စာရေးသူအား ပြနိုင်ခဲ့လေအောင် သိမ်းဆည်းထားခဲ့လေသည်ဟု ပြောရတော့မည်။

တစ်ဆယ်ကျပ်တန်ကလေးကား ဘကြီးဘိုးဇင်အား သတိရဖွယ်သက်သေပင် မဟုတ်ပါလားဟု တွေးမိပါတော့သတည်း။

**ဆန်းဝင်း(အောင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com



**တင့်ထူး** (ဓေယျဝတီ)

# အစိမ်းသရဲ မှီကပ်နေသော လက်ပံပင်ကြီး

အောင်ချစ်မှာ မိဘများနှင့်အတူ လယ်လုပ်ငန်းတွင် ပါဝင်ကူညီ လုပ်ကိုင်ပေးရင်း ထယ် မည်သို့ထိုးရသည်၊ ထွန် မည်သို့မွှေရသည်၊ ပျိုး မည်သို့ထောင်ကာ ပျိုး မည်သို့နုတ်ရသည်တို့ကို တဖြည်းဖြည်းနှင့် သူ့ဖခင်မှ သင်ပြပေးမှုကြောင့် တတ်ကျွမ်းလာခဲ့ရလေသည်။ သူတို့မှာက စီးပွားရေးလုပ်ငန်းဟူ၍ လယ်မြေများ၌ မိုးအခါ စပါးစိုက်ပျိုးခြင်း၊ ဆောင်းရောက်လာလျှင် ဆောင်းသီးနှံဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

ပဲနောက်၊ မတ်ပဲ၊ မြေပဲ၊ ကုလားပဲ၊ နေကြာ၊ နှမ်းများ စိုက်ခြင်းဖြင့် ရာသီအလိုက် စိုက်ပျိုးကြရကာ မိသားစု စားဝတ်နေရေးအတွက် လုပ်ကိုင်ကြရလေသည်။

လယ်လုပ်ကြရသည်မှာ နံနက်စောစော လယ်ထဲသို့ နွားနှစ်ကောင်ကို ထမ်းပိုးကောက်၍ မောင်းသွားရပြီး ထယ်ထိုးကြရ၏။ နံနက်ပိုင်းတွင် မွန်းတည့်ခါနီးအချိန် အထိ ထယ်မောင်းကြရ၏။ မွန်းတည့်ခါနီးတွင် ထယ် ဖြုတ်ပေးကာ နွားနှစ်ကောင်ကို အစာစားနိုင်ရန် လယ် ကွင်းထဲ လွှတ်ပေးထားရ၏။ လူက လယ်ထဲ၌ ယာယီ လယ်တဲကလေးတွင် ထိုင်နားကာ အိမ်မှလိုက်ပို့ပေးသော နေ့လယ်စာ ထမင်းကို စားသောက်ရသည်။ စားသောက် ပြီး ခဏတစ်ဖြုတ် နားနေကာ ပေါက်တူးထမ်း၍ ထယ် ထိုးပြီးသော လယ်ကွက်ရှိ ကန်သင်းများအား ကန်သင်း ပေါက်ရသည်။

လယ်ကန်သင်းများတွင် ပေါက်နေသော မြက်ပင် များကို ပေါက်တူးဖြင့်ရှပ်၍ ပေါက်ပေးရသည်။ ထိုသို့ ပေါက်ပေးရသည်ကို ကန်သင်းမျက်နှာသစ်ပေးသည်ဟု ခေါ်သည်။ ကန်သင်းမျက်နှာမသစ်ဘဲ လယ်ထဲတွင် စပါး စိုက်ခဲ့ပါက ပေါက်လာသော စပါးပင်များအား ကန်သင်း ဘေးမှ မြက်များ ရှည်ထွက်လာကြကာ စပါးပင်များအား ရစ်ပတ်၍ တက်ကြသဖြင့် စပါးပင်များမှာ လွတ်လွတ် လပ်လပ်ကြီးထွားခွင့်မရကြဘဲ ကြုံလှီ၍ နေကြရလေ သည်။ ကန်သင်းမျက်နှာသစ်ထားပါမှ ကန်သင်းမှ မြက် များ လယ်ထဲသို့ မဆင်းနိုင်ကြတော့သဖြင့် စပါးပင်များ လွတ်လွတ်လပ်လပ် ရှင်သန်ကြီးထွားခွင့် ရနိုင်လာလေ သည်။

'သားရေ··ထယ်ကျွတ်ပြီးတဲ့ လယ်ကွက်တွေကို ကန်သင်းမျက်နှာသစ်ရုံတင်မကဘဲ နွေတုန်းက ကောက် ရိုးလှည်း ဖြတ်မောင်းနိုင်အောင် ကန်သင်းပြတ်တွေကို မြေပြန်ဖို့တင်ရတယ်နော်။ ဒါမှ လယ်ကွက်ကို ရေလှောင် ချင်ရင် ရေတွေ စီးမထွက်မှာကွ'

'ဟုတ်တယ် အဖေ၊ သား လှည်းဖြတ်မောင်းထားတဲ့ ကန်သင်းပြတ်တွေကို မူလကန်သင်းရိုးအတိုင်းဖြစ်အောင် မြေကြီးတွေ ပေါက်ဖို့ပေးတယ် အဖေ'

'အေး··အေး··ကန်သင်းပြတ်တင် ပေါက်ဖို့ရမှာ မဟုတ်ဘူးကွ။ ငါးရှဉ့်တွင်း၊ ကဏန်းတွင်းတွေကိုလည်း ရေစီးမထွက်အောင် ပိတ်ဖို့ပေးရတယ်နော်'

ဖခင်ဖြစ်သူမှာ သူ့အား အနားယူစေကာ လယ်ဆင်း လုပ်နေသော သား အောင်ချစ်ကို လုပ်တတ်ကိုင်တတ်စေ ရန် သွန်သင်ညွှန်ပြပေးသည်။

'သား··အခု ထယ်ကျွတ်ပြီးတဲ့လယ်ကွက်တွေက ဘယ်နှစ်ကေလောက် ရှိသွားပြီလဲကွ'

'သုံးကေလောက်တော့ ထယ်ကျွတ်သွားပြီ အဖေ'

'အေး··ဒါဆိုရင် အဲဒီထယ်ကျွတ်ပြီးတဲ့ လယ်သုံး ကေကို တစ်ဖြတ်စိုက်လိုက်ကြမှပဲကွ။ ဒီတော့ သား မနက်ပိုင်းမှာ အဲဒီသုံးကေကို သမန်းလှူးပေတော့ကွ။ အဖေက ပျိုးနုတ်ကောင်းတဲ့ကောင်ကို ပျိုးနုတ်သွားငှား မယ်'

'အဖေ··ပျိုးနုတ်ကို တခြားလူကိုငှားမနေပါနဲ့ အဖေ ရာ။ သား ညနေပိုင်းမှာ နုတ်ပါ့မယ်'

'သားက ပျိုးနုတ်တာ လွယ်တယ် ထင်လို့လားကွ။ စနစ်တကျ နုတ်တတ်ပါမှ ပျိုးထုံးတွေ တညီတည်းဖြစ် ပြီး သန့်သန့်ရလာတာကွ'

'အိုဗျာ··ပျိုးနုတ်တာ ခက်တာ မှတ်လို့။ လက်နှစ် ဖက်နဲ့ ပျိုးပင်တွေကိုင်ပြီးနုတ်၊ အဲဒီပျိုးပင်တွေက ကပ်ပါ လာတဲ့ ပျိုးချေးတွေ ပြောင်စင်သွားအောင် ခြေဖဝါးတစ် ဖက်ခံပြီး ရိုက်ပေးလိုက်ရင် ပျိုးချေးတွေပြောင်တဲ့ ပျိုးထုံး တွေရလာတာပဲ မဟုတ်လားဗျ။ လွယ်လွယ်လေးပဲကိုဗျာ'

'အင်း··အဲဒါက မင်းအမြင်နဲ့ မင်းအထင်ကိုးကွ။ တကယ်တော့ ပျိုးနုတ်ကောင်းသူ တစ်ယောက်ဟာ နုတ် နည်းစနစ်မှန်နဲ့ နုတ်တက်မှ ပျိုးနုတ်ကျွမ်းကျင်သူတစ် ယောက် ဖြစ်မှာကွ'

'ဟင်··အဖေပြောတဲ့ ပျိုးနုတ်နည်းစနစ်မှန်ဆိုတာ ဘယ်လိုနုတ်ရတာမျိုးလဲ အဖေ'

'ဒီလိုကွ··စပါးရိတ်တဲ့အခါမှာ သုံးဆုပ်တစ်ကော်၊ သုံးကော်တစ်ပုံ၊ သုံးပုံတစ်ထုံးဆိုတဲ့အတိုင်း လက်တစ် ဆုပ်စာအပုံသုံးပုံကို တံစဉ်နဲ့ တစ်ကော်ရလာတယ်။ အဲဒီ အကော်သုံးကော်ကို ပေါင်းပြီးပုံလိုက်မှ ကောက်လှိုင်းတစ် ထုံးစာ ရလာတယ်ကွ။ ဒီလိုပဲ ပျိုးနုတ်ရာမှာလည်း လက် နှစ်ဖက်နဲ့ ပျိုးပင်ကလေးတွေကို နုတ်ပြီး ခြေဖဝါးပြီး ပျိုးချေးခါပြီးရင် သုံးဆုပ်ကို တစ်ပုံပုံထားရတယ်။ အဲဒီ အပုံ သုံးပုံကို ပြန်ပေါင်းပုံလိုက်တော့မှ ပျိုးတစ်ထုံးစာ

www.burmeseclassic.com

ရလာတာကွ။ ဒီစာဆိုအတိုင်း သုံးဆုပ်တစ်ပုံ၊ သုံးပုံတစ်ထုံးအတိုင်း ပျိုးနုတ်သွားရင် ပျိုးထုံးတွေဟာ တစ်ထုံးနဲ့ တစ်ထုံး တညီတညာတည်း ရလာတာကို ပျိုးနုတ်ကောင်းတယ်လို့ ပြောရတာကွ။ နုတ်ချင်သလိုနုတ်၊ ပုံချင်သလိုပုံထားရင် ပျိုးထုံးတွေ ကြီးတာကကြီး၊ သေးတာကသေးနဲ့ မညီမညာ ပျိုးထုံးတွေပဲ ရလာမှာပဲကွ'

'အဖေပြောပြလို့သာ ပျိုးနုတ်နည်းသိရပြီ အဖေ။ ဒီတော့ ပျိုးနုတ်ဖို့ တခြားလူကို ငှားမနုတ်ပါနဲ့။ သားပဲ အဖေ့ရဲ့ နုတ်နည်းစနစ်နဲ့ နုတ်ပါ့မယ်ဗျာ'

'သားတစ်ယောက်တည်း ထယ်လည်းထိုးရ၊ သမန်းလည်းမွေရ၊ ပျိုးလည်းနုတ်ရဆိုရင် ပင်ပန်းမှာစိုးလို့ပါကွာ။ ငှားသာ နုတ်ပါ သားရယ်'

'သား လုပ်နိုင်ပါတယ် အဖေရာ။ သားပဲ ပျိုးနုတ်ပါ့မယ်'

ဖခင်ဖြစ်သူလည်း သား အောင်ချစ်ကို တားမရသဖြင့် သူ့သဘောအတိုင်းသာ ခွင့်ပြုပေးခဲ့ရလေသည်။

'အဖေ..သားထယ်ကျွတ်သွားတဲ့ လယ်သုံးကေကို သမန်းလူးခဲ့တာ လယ်နှစ်ကွက် သုံးကွက်လောက်ပဲ ကျန်တော့တယ်ဗျ'

'မင်း ညနေဘက်ပျိုးနုတ်တာရော ပျိုးဘယ်နှစ်ထုံးလောက်ရပြီလဲကွ'

'ပျိုးထုံးတစ်ရာကျော် ရနေပြီ အဖေ'

'အေး..ဒီလိုဆိုရင် ကျန်တဲ့လယ်သုံးကွက်ကို သမန်းလူးအပြီးနဲ့ လယ်စတင်ပြီး စိုက်နိုင်အောင် အဖေ သုတ်သူကြီးဆီမှာ ကောက်စိုက်သုတ်နှစ်ကျိပ် ချိန်းလိုက်တော့မယ် သားရေ'

အောင်ချစ်မှာ သူ့မိဘ၏ လယ်များကို ပြီးစီးအောင် လုပ်ကိုင်နေရသည်။ လယ်လုပ်ရသည်က ရက်ပျက်၍မရ၊ နားနေ၍မရ။ လယ်လုပ်နေရင်း ဖျားနာနေလျှင် လူစားငှား၍ လုပ်ရသည်။ အကြောင်းတစ်ခုခုကြောင့် ရက်ပျက်နေခဲ့လျှင် ထောင်ထားသောပျိုးသက်များ ရင့်သွားမည်ဖြစ်သည်။ ပျိုးသက်ရင့်မှစိုက်လျှင် စပါးပင်ပွားနှုန်း နည်းပြီး စပါးအထွက် လျော့နည်းမည်သာ ဖြစ်သည်။

များမကြာမီရက်တွက် အောင်ချစ်လည်း သူ့လုပ်ရသော လယ်ပွဲအားလုံး စိုက်ပျိုးပြီးခဲ့သဖြင့် ထွန်တုံးပိတ်သိမ်းခဲ့တော့သည်။ အချိန်အခါမီ စိုက်နိုင်ပျိုးနိုင်ခဲ့ခြင်းကြောင့် အောင်ချစ်တို့ တစ်အိမ်သားလုံး ဝမ်းသာကျေနပ်နေကြလေသည်။ အောင်ချစ်မှာ လယ်ပြီးခဲ့သဖြင့် ထယ်ထိုး ထွန်မွှေ လုပ်စရာ မလိုသော်လည်း လယ်ထဲသို့ ပေါက်တူးတစ်လက်ထမ်းကာ နေ့စဉ်လိုလိုပင် သွားရောက်ကြည့်ပေးရသည်။

'ဟင်..ဒီလယ်တစ်ကွက်တည်းမှာ ရေမရှိပါလား၊ ဘယ်နေရာက ရေတွေ စိမ့်ထွက်နေပါလိမ့်'

အောင်ချစ် အသေအချာ လိုက်ကြည့်တော့ တစ်နေရာတွင် ကဏန်းတွင်းတစ်ခုမှ ရေများ စီးထွက်နေသည်ကို တွေ့သဖြင့် ပေါက်တူးနှင့် မြေစိုင်ခဲပေါက်ယူ၍ ပိတ်ဆို့ပေးရလေသည်။ စပါးပင်အရင်းတွင် ရေရှိနေပါမှ စပါးပင်ကလေးများ သန်သန်စွမ်းစွမ်းနှင့် အပင်ပွားလာနိုင်မည်ဖြစ်၏။ စပါးပင်က အခြားအပင်များနှင့်မတူဘဲ ရေသိပ်ကြိုက်သော အပင်မျိုး ဖြစ်သည်။

ခိုင်းနွားနှစ်ကောင်လည်း လယ်ပြီးခဲ့သဖြင့် အနားနေကြလေပြီ။

'သားရေ..နွားနှစ်ကောင်ကို သေချာဂရုစိုက် ကျွေးပါကွာ။ သူတို့ တစ်မိုးတွင်းလုံး ကုန်းရုန်းပြီး အပင်ပန်းခံကာ ဆွဲရုန်းပေးခဲ့ကြလို့ အဖေတို့လယ်တွေ စိုက်ပြီးခဲ့ရတာကွ။ အလုပ်ခွင်ထဲ ဝင်နေစဉ်မှာ အစားကောင်းကောင်း မစားရလေတော့ ပိန်လှီနေကြတယ်ကွာ။ မြက်ရိတ်ပြီး ဝလင်အောင် ကျွေးပါ သားရယ်'

အောင်ချစ်လည်း သူ့နွားနှစ်ကောင်ကို အသားများပြန်လည်ပြည့်ဖြိုးပြီး ဝလာစေရန် နေ့စဉ်ပင် လယ်ထဲရှိ လယ်ကန်သင်းများမှ မြက်နုများရိတ်၍ ဂရုတစိုက် ကျွေးမွေးပေးခဲ့သည်။ မနက်စောစောထ၍ နွားနှစ်ကောင်ကို ရွာတောင်ဘက်ရှိ ချောင်းထဲသို့ ဆွဲသွားပြီး ရေချိုးပေးခဲ့သည်။

'အင်း..ငါ လယ်ပြီးလို့ နားနေတုန်းမှာ ငါ့နွားနှစ်ကောင်ကို အားပြည့်လာအောင် အသေအချာကျွေးမွေးရမှာပဲ။ ဆောင်းဝင်လာပြီး စပါးတွေ ရိတ်ပြီးတာနဲ့ ဆောက်တွေ၊ နှမ်းတွေ စိုက်ရဦးမှာပါလား'

ဆောင်းဥတုထဲ ရောက်လာ၍ စပါးများ ရင့်မှည့်သည်နှင့် ကောက်ရိတ်သုတ်ငှားကာ ရိတ်ကြရသည်။ ကောက်လှိုင်းတိုက်ယူပြီးသော ရိုးပြတ်ကွက်များ ပဲနောက်၊ မတ်ပဲများ ကြဲကာ ထယ်ကျဲကျဲထိုး၍ ကြဲ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပြန်ခန့် ရိုက်ပေးပြီး ပဲများ ကြဲခဲ့ရသည်။ မနှစ်က ပဲဈေးကောင်းသော်လည်း ပဲကြဲတာ နည်းသွားသဖြင့် ပဲအရနည်းခဲ့ရသည်။ သည်ဆောင်းမှာတော့ ပဲများများ ရနိုင်ရန် လယ်ကွက်အားလုံးကို ပဲထိုး၍ ကြဲနိုင်ခဲ့လေသည်။ ဆောင်းပဲ စိုက်ရသည်က စပါးစိုက်ရသလောက် အလုပ်မရှုပ်ဘဲ လွယ်ကူလေသည်။ ပဲမျိုးကြဲကာ ထယ်ကျဲကျဲထိုးပြီး ကြမ်းတုံးရိုက်ပေးသည်နှင့် ပဲပင်များ ပေါက်လာနိုင်သည်။ ပဲကြဲလျှင် ထယ်ရေးမခြောက်စေရန် မြေအစိုဓာတ် မဆုတ်မီ အချိန်အခါမီ ကြဲကြရလေသည်။

အောင်ချစ်က သူ့လယ်ကွက်အားလုံးကို ပဲများ ကြဲခဲ့ပြီး နှမ်းဆီရနိုင်ရေးအတွက် တောစပ်တောင်ကုန်းနှင့် ချောင်းခုံတချို့တွင် နှမ်းထိုးကြဲခဲ့သည်။

'အင်း‥ငါ တောစပ်မှာ နှမ်းထိုးကြဲခဲ့တော့ ဘာပဲဖြစ်ဖြစ် ငါ့အိမ်ရှိ မိသားစုအတွက် နှမ်းဆီဝမ်းစာတော့ ရလာမှာပဲ။ ချက်ပြုတ်ကြော်လှော်ရာမှာ လိုအပ်တဲ့ နှမ်းဆီ ဝမ်းစာရရင် ဈေးမှ ဆီဝယ်စားစရာမလိုတော့ ဈေးဖိုးသက်သာတာပေါ့လေ'

ယခုတော့ နွေလယ်လောက် ရောက်လာပြီး စပါးများလည်း နယ်ဖတ်ပြီးခဲ့ပြီ။ ပဲတွေကောက်၊ နှမ်းတွေရိတ်သိမ်းပြီးလို့ ထွက်သမျှ ပဲများအား အိမ်စားရန် တချို့ကို ချန်ထားကာ ပေါက်ဈေးနှင့် ရောင်းနိုင်သဖြင့် ဆောင်းသီးနှံ ဝင်ငွေများပင် ရရှိခဲ့သည်။ နှမ်းကတော့ ရိတ်သိမ်းပြီး အခြောက်လှန်း၍ နှမ်းခါသောအခါ နှမ်းခြောက်တင်းကျော် ထွက်လာသဖြင့် ဆီစက်တွင် နှမ်းတစ်တင်းခွဲလျှင် ဆီတစ်ပုံးနှုန်းဖြင့် ကြိတ်ခဲ့သဖြင့် နှမ်းဆီလေးပုံး ရရှိခဲ့၏။

'အင်း‥နှမ်းစိုက်တာက နှမ်းဆီလေးပုံးပဲ ရတော့ ရောင်းလို့ မဖြစ်ဘူး။ အိမ်သုံးအဖြစ်ပဲ ထားပေးရမှာပဲ။ ဈေးကဆီ ဝယ်စားစရာတော့ မလိုတော့ဘူးပဲလေ'

စပါးတွေလည်း အားလုံးနယ်ပြီးသွား၍ မျိုးနှင့် ဝမ်းစာချန်ကာ အပိုစပါးများကို ရောင်းနိုင်ခဲ့သည်။ ယခုတော့ လူရော နွားတွေပါ အားလပ်သွားကြတော့သည်။

◆◆◆

'သားရေ‥ရွာလယ်က ဦးဘိုးလှိုင်ရဲ့ မြေးတွေကို နွေတပေါင်းလထဲမှာ ရှင်ပြုဖို့ ရက်သတ်မှတ်ပြီးခဲ့ပြီဟေ့။ အဲဒါ အဖေတို့အိမ်က လှည်းနွားရှိတော့ မဏ္ဍပ်ဝါးနဲ့ အလှူမှာသုံးဖို့ ထင်းတွေ လိုက်တိုက်ပေးရမယ်ကွ'

'ဘယ်နေ့လောက် သွားတိုက်ပေးရမှာလဲ အဖေ'

'မနက်ဖြန် မနက်စောစောကို ထင်းခုတ် ဝါးခုတ် လုပ်အားပေးသူတွေနဲ့ တောတက်ပြီး ခုတ်ယူကြရမှာကွ။ လုပ်အားပေးတွေက ထင်းတွေ၊ ဝါးတွေ ခုတ်ပေးကြလိမ့်မယ်။ သားတို့က ခုတ်ပြီးသား ထင်းဝါးတွေကို လှည်းနဲ့တင်ပြီး အလှူအိမ်ကို ပြန်မောင်းလာကြရမှာပဲကွ'

ကျေးလက်တောရွာများတွင် အလှူ၊ မင်္ဂလာဆောင်၊ သာရေး၊နာရေး ကိစ္စများရှိလျှင် တစ်ရွာလုံးက ဝိုင်းဝန်းကူညီပေးကြသည်မှာ အစဉ်အလာတစ်ရပ်ပင် ဖြစ်သည်။ ကိုယ့်လက်သွားမှ သူ့လက်လာမည်ကို သိထားကြကာ ထင်းဝါးခုတ်ပေးသူ၊ မဏ္ဍပ်ဝိုင်းဆောက်ပေးသူ၊ ပေါက်ပေါက်ဖောက်ပေးသူ၊ မုန့်ဆီကြော် ကြော်ပေးသူတို့ဖြင့် ယောကျ်ား၊ မိန်းမ၊ သက်ကြီးသူများပါ ဝိုင်းကူလုပ်ကိုင်ပေးကြသည်။ ရွာရှိ ကာလသား၊ အပျိုသမီးများကလည်း မိမိနိုင်ရာ တာဝန်များကို ခိုကပ်မနေကြဘဲ အားတက်သရော တာဝန်ကျေအောင် လုပ်ဆောင်ပေးတတ်ကြသည်။ ကိစ္စတစ်ခု ကြုံလာသည်နှင့် အစမှအဆုံး ပတ်စာခွာဖျာသိမ်းပြီးသည်အထိ ရေဆုံးမိုးဆုံး လုပ်ကိုင်ပေးကြသဖြင့် အလှူရှင်၊ ကိစ္စရှင်တို့မှာ လှည့်ကြည့်စရာမလိုကြဘဲ စိတ်အေးကြရကာ ကျေနပ်မိကြလေသည်။

'ကဲ‥သားရေ၊ နွေနှောင်းပိုင်း ရောက်လာပြီဆိုတော့ နောက်မကြာမီအချိန်မှာ မိုးကျလာတော့မှာပဲကွ။ ဒီတော့ မိုးမကျခင်မှာ အဖေတို့ နေထိုင်တဲ့အိမ်ကို အမိုးအသစ်ပြန်မိုးပေးရမယ်။ တလင်းပြင်ထဲမှာ ခွဲစိတ်ပြီး အခြောက်လှန်းထားတဲ့ ထင်းတွေကို ထင်းစင်ဆောက်ပြီး သွင်းပေးကြရမယ်ဟေ့'

'သားတို့ အိမ်ကို ဘယ်နေ့လောက် အသစ်ပြန်မိုးမှာလဲ အဖေ'

'သက်ငယ်၊ မိုးစည်းနီးတွေ စုံနေပြီဆိုတော့ မနက်ဖြန် မနက်မှာပဲ မိုးလိုက်ကြမယ်ကွာ။ အဲဒါ ရွာထဲက သားသူငယ်ချင်း လေးငါးခြောက်ယောက်ကို အိမ်မိုးကူဖို့ ခေါ်ဟေ့'

'အဖေ‥အိမ်လာမိုးကူမယ့် လုပ်အားပေးတွေကို ဘာဟင်းနဲ့ ကျွေးမှာလဲဟင်'

'မနက်ဖြန် မနက်မှာ ရွာထဲမှာ ဝက်ပေါ်မယ်ကွာ။ ဝက်သားဟင်းချက်ပြီး မန်ကျည်းရွက်ချဉ်ရည်ဟင်း၊ ငါးပိ

www.burmeseclassic.com

www.burmeseclassic.com

ညည်း တို့စရာတွေနဲ့ ကျွေးပေးရမှာပေါ့ကွာ'

ထိုနေ့ မနက်ပိုင်းတွင် အောင်ချစ်နှင့် လုပ်အားပေးသူ့သူငယ်ချင်းများက အိမ်မိုးဝိုင်းကူပေးကြ၍ နံနက်ဆယ့်တစ်နာရီလောက်တွင် မိုးပြီးသွားခဲ့၏။

'ကဲဟေ့..အိမ်မိုးဝိုင်းကူတဲ့ မင်းတို့အားလုံး ရေချိုးပြီးကြရင် ထမင်းစားရအောင် ပြန်လာကြဟေ့။ ဦးလေးအိမ်မှာ အဆင်သင့် ပြင်ဆင်ထားမယ်ဟေ့'

'ကဲ..လာကြဟေ့၊ ဟောဒီမှာ လက်ဆေးကြ။ ထမင်းဝိုင်းမှာ ဝိုင်းထိုင်ပြီး အားပါးတရ စားကြစမ်းပါကွာ။ မင်းတို့ ဝိုင်းကူပေးကြတာ ဦးလေးတို့ ကျေးဇူးတင်တယ်ဟေ့'

'ဟေ့ကောင်တွေ၊ ဟင်းတွေ ထည့်စားကြကွာ။ အားမနာနဲ့ဟေ့'

အောင်ချစ်တို့လည်း အိမ်ကိုလည်း ပြန်မိုးပြီးခဲ့ပြီ။ ထင်းစင်တဲကိုလည်း ထင်းခြမ်းအခြောက်များ သွင်းပြီးခဲ့ပြီဖြစ်၍ လုပ်စရာအလုပ်များအားလုံး ပြီးခဲ့တော့သည်။

'သားရေ..မင်း ထွန်တံတွေက တော်တော်ဟောင်းနေပြီပဲကွ။ ဒီမိုးတွင်းမှာ အသုံးမှ ခံနိုင်ပါတော့မလား'

'ဟုတ်တယ် အဖေရ၊ သားအထင်တော့ မိုးတွင်းမှာ ခံနိုင်တော့မယ် မထင်ဘူးဗျ'

'ဒါဆိုရင်တော့ ထွန်တံတွေ အသစ်လဲတပ်ထားမှ ဖြစ်မယ်ကွ။ တော်ကြာ မိုးထဲရေထဲရောက်ပြီး ထွန်မွှေနေ ကွင်းမှာ ကျိုးခဲ့ရင် ခက်မယ်ဟေ့'

'ဒီလိုဆိုရင် အဖေ ထွန်တံအသစ် လဲတပ်ပေးလေဗျာ'

'လဲတပ်တာတော့ ဟုတ်တယ်ကွ၊ လဲတပ်ဖို့ ထွန်တံက လိုနေတယ်ကွ'

'ဒီလိုဆိုရင် သား တောထဲသွားပြီး ထွန်တံသွားထမ်းလာခဲ့မယ်ဗျာ'

'ဟ..တောထဲမှာက ဘယ်ကလာ ထွန်တံရှိမလဲကွ။ ထွန်တံက ပျဉ်းကတိုးသားကို လွှနဲ့စိတ်ယူပြီး ထွန်တုံးမှာ တပ်ရတာလေကွာ'

'သားသိပါတယ် အဖေရ။ ဟိုတစ်နေ့က ရွာထဲက ကိုလှမြင့်တို့ တောင်ပေါ် ဆိတ်ဖူးကုန်းမှာ ပျဉ်တက်ဆွဲနေကြတယ်လေ။ သားက ကိုလှမြင့်တို့ ပျဉ်ဆွဲနေတဲ့ စင်ကို သွားပြီး သူတို့ကို လွှနဲ့ စိတ်ခိုင်းပြီး ထမ်းလာမှာပါဗျ'

'ဟ..သူတို့က ပျဉ်တက်ဆွဲနေကြတာဆိုတော့ သားကို ထွန်တံစိတ်ပေးပါ့မလားကွာ'

'သားက သူတို့သောက်ဖို့ အရက်တစ်လုံးလောက် ဝယ်သွားမယ်လေ'

'အင်း..အဲဒီလို စိတ်ပေးမယ်ဆိုရင်တော့ ထွန်တံကောင်းကောင်းရတာပေါ့ကွာ'

နောက်တစ်နေ့တွင် အောင်ချစ်လည်း တောထဲမှ လွှသမားများအတွက် အရက်တစ်လုံးဝယ်ကာ လွယ်အိတ်ထဲထည့်လွယ်၍ တောင်ပေါ် တက်လာခဲ့သည်။ လွှသမားများ တောထဲ၌ ပျဉ်ဆွဲနေကြသည်က ပဲခူးရိုးမကြီး၏ အနောက်ဘက် ဆိတ်ဖူးကုန်းတွင် ဖြစ်၏။ ထိုဆိတ်ဖူးကုန်းသို့ မိုးဦးကျအချိန်တွင် ဆိတ်ဖူး လိုက်တူးဖူးခဲ့၍ ရောက်ဖူးခဲ့သည်။ ထိုကုန်းမှာ ဆိတ်ဖူးပင်များ တစ်ကုန်းလုံး ပေါက်နေပေရာ မိုးဦးကျအချိန်တွင် ပေါက်တူးဖြင့် တူးယူလျှင် ဆိတ်ဖူးပင် အနုများနှင့် ဥများပါ ရလာ၏။ ထိုဆိတ်ဖူးများအား တူးကာ ထမ်းခြင်းထဲ ထည့်ထမ်းလာ မြောင်တွေ့လျှင် မြောင်ရေနှင့် ဆေးကြောလိုက်လျှင် မြေကြီးများ ပြောင်သွားပြီး ဆိတ်ဖူးပင်သန့်သန့်များ ရရှိလာသည်။

အိမ်ရောက်လျှင် ထိုဆိတ်ဖူးပင် လေးငါးခြောက်ပင်ကို နီးဖြင့်စည်းကာ ငါးပိရည်၊ တို့စရာအဖြစ် ရောင်းနိုင်သည်။ မိုးဦးကျအချိန်တွင် ဆိတ်ဖူးနု၊ ဆိတ်ဖူးပင်များအား တို့မြုပ်စားပေးပါက ဝမ်းဖောဝမ်းရောင်ရောဂါ ကင်းဝေးနိုင်လေသည်။

အောင်ချစ်လည်း ထိုဆိတ်ဖူးကုန်းကို မျက်စိထဲ မြင်ယောင်ရင်း တက်လာခဲ့ရာ ဆိတ်ဖူးကုန်းပေါ်သို့ ရောက်လာခဲ့တော့သည်။

'ဖျို..ဝူး..ဝူး..ဝူး'

'ဟော..ချောက်မြောင်ထဲက လွှဆွဲသံ ကြားရပါလား။ ဒါဟာ ကိုလှမြင့်တို့ ပျဉ်ဆွဲတဲ့နေရာပဲ ဖြစ်မယ်'

'ဟာ..အောင်ချစ်၊ တောထဲ ဘာလာလုပ်တာလဲ'

'ကျုပ် ထွန်တံလိုနေလို့ ခင်ဗျားတို့ကို ထွန်တံခွဲခိုင်းရအောင် တောတက်လာခဲ့တာပဲလေဗျာ။ ဟောဒီမှာ ခင်ဗျားတို့ အပန်းဖြေနိုင်အောင် ကျုပ် အရက်တစ်လုံး ဝယ်လာခဲ့တယ်ဗျ'

www.burmeseclassic.com

'ဟန်ကျတာပေါ့ကွာ။ တောထဲမှာ ပြုတ်နေတာနဲ့ အတော်ပဲပေါ့ကွာ'

'မင်းလိုတဲ့ ထွန်တုံးက အခု လွှစင်ပေါ် တင်ထားတဲ့ သစ်လုံးခွဲပြီးမှ စိတ်ပေးလို့ ရမှာကွ။ နောက်နေ့ နေ့လယ် လောက်မှ စိတ်ပေးနိုင်မှာပဲဟေ့'

'ရတယ်ဗျာ၊ ခင်ဗျားတို့ စိတ်ပေးပြီးတာနဲ့ ကျုပ် ထမ်းပြီး ရွာပြန်မယ်လေဗျာ'

လွှသမားများ သစ်လုံးခွဲကြရာ ညနေပိုင်းမှ သစ်လုံး ကွဲ၏။ နောက်နေ့ နေ့လယ်ပိုင်းတွင် ထိုသစ်ခြမ်းမှ ထွန်တုံး အတွက် နှစ်ချောင်းစိတ်ပေးကြသည်။

'ကဲဗျာ၊ ထွန်တုံးနှစ်ချောင်း ရပြီဆိုတော့ ကျုပ် ထမ်း ပြန်တော့မယ်ဗျာ'

'ဒီတစ်ည အိပ်ပြီး နောက်နေ့မနက်မှ ပြန်ပါလား အောင်ချစ်ရာ'

'အခု ညနေသုံးနာရီလောက်ပဲ ရှိသေးတာဆိုတော့ ရွာပြန်ရင် အချိန်မီပါသေးတယ်ဗျာ'

အောင်ချစ်လည်း ထွန်တုံးနှစ်ချောင်းကို နှီးဖြင့် ရှေ့ တစ်ချက် နောက်တစ်ချက် စည်းကာ ထမ်း၍ ပြန်လာခဲ့ လေသည်။

'ငါ ဆိတ်ဖူးကုန်းက ထမ်းဆင်းသွားရင် လှည်း စခန်းကို ညနေငါးနာရီလောက်ဆိုရင် ရောက်မှာပဲ။ လှည်း စခန်းက ဆက်သွားရင် မြေညီလမ်းဆိုတော့ ခရီးတွင်ပြီး ရွာကို မှောင်စအချိန် ရောက်သွားမှာပဲ'

ပျဉ်းကတိုးထွန်တုံးနှစ်ချောင်းမှာ အစိုဖြစ်၍ ကြာကြာ ထမ်းလာရတော့ လေးလာကာ လမ်းတွင် ချပြီးနားကာ ထမ်းလာရသည်။ လှည်းစခန်းသို့ရောက်လျှင် မှောင်စပြု လာလေသည်။

'ဟင်...လှည်းစခန်းမှာတင် မှောင်လာပြီဆိုတော့ ကွင်းကိုထွက်အောင် မိုးချုပ်ချုပ် ထမ်းပြန်ရမှာပဲ။ ဒါပေ မဲ့ လမ်းမှာ တောတက်လာတဲ့ လှည်းတွေ တွေ့မှာပါ။ ကြောက်စရာတော့ မရှိပါဘူး'

'ဟာ...ငါ လှည်းစခန်းက ထမ်းပြန်လာခဲ့တာ လမ်း မှာ လှည်းတစ်စီးမှ တောတက်လာတာ မတွေ့ရပါလား။ လူတွေက ထင်းဝါးတွေ ပြည့်စုံသွားကြလို့ တောမတက် ကြတော့တာပဲ ဖြစ်မယ်'

'အို...တောတက်တဲ့လှည်းတွေ မတွေ့လည်း ဘာ အရေးလဲ။ လရောင်ကလေးရှိနေတော့ လှည်းလမ်းအတိုင်း ပဲ ထမ်းပြန်ရမှာပဲ'

အောင်ချစ် တဖြည်းဖြည်း ထမ်းလာရင်း ချောင်းဖြတ် တစ်ခုကိုဖြတ်ပြီး ကုန်းပေါ်လှည်းလမ်းအတိုင်း လသာသာ တွင် ထမ်းလျှောက်နေသည်။

'ဟာ...ငါ ထမ်းပြန်ရမယ့် လမ်းဘေးမှာ လက်ပံပင် ကြီးအောက်က ဖြတ်ပြန်ရမှာပါလား'

အောင်ချစ်လည်း လက်ပံပင်ကြီးကို ဖြတ်သွားရမည် ကို သတိရလာကာ အဖော်မပါသဖြင့် တစ်ယောက်တည်း ဖြတ်ရမည်ကို ကြောက်ရွံ့လာမိလေသည်။

ကြောက်ရွံ့မည်ဆိုလည်း ကြောက်စရာပင်။ ထိုလက် ပံအောက်တွင် ဝါးလှည်း ဖြုတ်ထားပြီး နွားတွေ လွှတ် ကျောင်းထားရာမှ ညနေပိုင်းတွင် လေကြမ်းတိုက်ခတ်ပြီး လက်ပံပင်ကိုင်းကြီး ကျိုးကျသဖြင့် ဝါးလှည်းပေါ် တက် အိပ်၍ နေရိပ်ခိုနေသော လှည်းသမားတစ်ယောက် လက်ပံ ကိုင်းကြီး ပိကျ၍ သေခဲ့ရသည်။ ထိုသေဆုံးသူမှာ အစိမ်း သေ သေခဲ့ရခြင်းဖြစ်ပြီး မကျွတ်မလွတ်ဖြစ်ကာ ခြောက်ခဲ့ လေသည်။ အဖော်မပါဘဲ ညနေစောင်းအချိန်တို့တွင် မည် သူမျှ ဖြတ်မသွားဝံ့ကြပေ။

တစ်ခါက ထင်းတုံးတင်ပြီး ညနေဘက် နေဝင်ရီ တရော အချိန်တွင် လှည်းဖြတ်မောင်းခဲ့ရာ လက်ပံပင် အောက်လည်းရောက်ရော မည်းမည်းအကောင်ကြီး ထွက် လာပြီး လှည်းနောက်စွန်းက ထင်းတုံးအစွန်းပေါ် တက် ထိုင်လိုက်လာခဲ့သဖြင့် လှည်းသမားမှာ ကြောက်ရွံ့ခဲ့ပြီး နွားတွေကို ဒုန်းမောင်းပြန်လာခဲ့ရာက ရွာရောက်တော့ လန့်ဖျားဖျားခဲ့သဖြင့် မနည်းပင် ဆေးကုယူခဲ့ရလေသည်။ ထိုလက်ပံပင်အောက်မှဖြတ်လျှင် လေမတိုက်ဘဲ သစ်ရွက် များ လှုပ်ယမ်းခြင်း၊ သစ်ကိုင်းများ ယိမ်းထိုးပြခြင်းများ လည်း ရှိခဲ့လေသည်။

'အင်း...ငါ့မှာ အဖော်လည်း မပါဘူး။ ဒီလက်ပံပင် အောက်က မှောင်လာချိန်မှာ တစ်ယောက်တည်း ဖြတ်ပြန် ရမှာပါလား'

ထိုလက်ပံပင်ကို မဖြတ်မီ တစ်ခေါ်လောက်တွင် ထွန် တုံးကိုချကာ နားပြီး တောထဲမှ တစ်ယောက်ယောက်များ ပြန်လာလေမလားဟု ရပ်စောင့်ကြည့်မိသည်။

'ဟင်...ဘယ်သူမှလည်း တောထဲက ထွက်မလာပါ

www.burmeseclassic.com

www.burmeseclassic.com

လား။ ငါ ဆက်စောင့်နေရင် ပိုရှိုသာ ညဥ့်နက်ပြီး ဖြတ်ပြန်ရမှာက ပိုကြောက်စရာ ဖြစ်တော့မှာပဲ။ ဒီအပင်အောက်က မဖြတ်ဘဲလည်း သွားစရာလမ်းက မရှိလေတော့ ငါ အရဲစွန့်ပြီး ဖြတ်ရတော့မှာပဲ'

ထိုသို့ဖြတ်လျှင် လက်ပံပင်သရဲ လိုက်လာပါက သူ့တွင် ခုခံကာကွယ်ရန် ဘာမှလက်နက် မပါပေ။

'ဟာ..ငါ မေ့နေလိုက်တာ။ ငါ့လွယ်အိတ်ထဲမှာ အရက်ပုလင်းခွံတစ်လုံး ပါလာတာပဲ။ ဒီပုလင်းခွံရဲ့ လည်ပင်းကကိုင်ပြီး ဖြတ်မှပဲ။ အကယ်၍ လက်ပံပင်သရဲမည်းမည်းကြီး ငါ့နောက်လိုက်လာရင် ငါ ဒီပုလင်းကို ထွန်တုံးနဲ့ ရိုက်ခွဲပြီး ပုလင်းကွဲအချွန်နဲ့ ပြန်ထိုးပြီး ခုခံကာကွယ်ရတော့မှာပဲ'

အောင်ချစ်လည်း လွယ်အိတ်ထဲမှ ပုလင်းခွံကို လည်ပင်းမှ ဆုပ်ကိုင်ကာ အရဲစွန့်၍ လက်ပံပင်အောက်မှ ခပ်သုတ်သုတ် ဖြတ်လာခဲ့တော့သည်။ ထိုသို့ ဖြတ်နေစဉ်တွင် ဘေးဘီသို့ လုံးဝမကြည့်ဘဲ ရှေ့တည့်တည့် လှည်းလမ်းကိုသာ ကြည့်ကာ မပြေးရုံတစ်မည် ခပ်သုတ်သုတ် ဖြတ်လာခဲ့တော့သည်။ လက်ပံပင်ကြီးနှင့် တစ်ခေါ်သောက်ဝေးလာခဲ့တော့၏။

'ဟင်..တော်ပါသေးရဲ့၊ လက်ပံပင်သရဲက ငါ့နောက်လိုက်လာပြီး ထွက်မခြောက်လို့။ ထွက်သာ ခြောက်လာရင်တော့ ငါ့ပုလင်းကို ရိုက်ခွဲပြီး ပုလင်းကွဲနဲ့ ခုခံရမှာပဲ။ အခုတော့ လက်ပံပင်ကြီးကို ကျော်ဖြတ်လာနိုင်ခဲ့လို့ တော်ပါသေးရဲ့'

သရဲအခြောက်ကြမ်းသော လက်ပံပင်ကြီးကို ကျော်ဖြတ်လာနိုင်ခဲ့ပြီဖြစ်၍ အောင်ချစ်လည်း သူ့ရွာသို့ မြန်မြန်ရောက်ရှိရန် ထွန်တုံးနှစ်ချောင်းကိုထမ်းလျက် သွက်သွက်လျှောက်၍ ပြန်လာခဲ့တော့သည်။

'အင်း..ကြောက်တတ်ရင်လွဲ ရဲရင်မင်းဖြစ် ဆိုစကားဟာ တယ်မှန်တာပဲ။ ငါတစ်ယောက်တည်းမို့ ကြောက်ပြီး မဖြတ်ရင် အိမ်ပြန်ရောက်မှာ မဟုတ်ဘူး။ အခုတော့ မကြောက်မရွံ့ သတ္တိမွေးပြီး ဖြတ်လာနိုင်ခဲ့လို့ ငါ့ရွာကို ရောက်နိုင်တော့မှာပါလား'

တင့်ထူး(ဓေယျဝတီ)


ပဋ္ဌာန်းဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## ခအောင်ဇေယျာမြ(သာကေတ)

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

- ✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။
- ✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
- ✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း။ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။
- ✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

[illegible] မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်-မြောက်လမ်းဆုံအနီး၊ ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်၊ တောင်ဘက်မုခ်။ (တိုးကြောင်ကလေး ဘုတာအနီး)
၆၁၊ ၆၇၊ ၁၇၄၊ ၁၈၇၊ ၂၃၃၊ ရွှေရန်ကုန်၊ အမြဲစိမ်း၊ အဓိပတိ(အစိမ်း) ကားများစီး၍ တောင်-မြောက် လမ်းဆုံမှတ်တိုင်တွင် ဆင်းပါ။)

[illegible] နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီ။

ရပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇ ၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်




www.burmeseclassic.com

www.burmeseclassic.com



# ထွန်းကျော်လှ
## စကားလက်ဆုံ ပြောမကုန်

'ဘုန်းကြီးကျောင်းမှာ အရင်နေ့က ဥပုသ်စောင့် သီလ ယူဖို့လာတဲ့ ပရိသတ်တော်တော်များတယ်။ အဲဒီလူတွေ ကြည့်ပြီး အစ်ကိုကြီး ဘာမှမခံစားရဘူးလားဗျာ။ မြင်ရတာ ဒေါသဖြစ်နေလို့ ဘုန်းကြီး ဘာတရား ဟောသွားမှန်း မသိလိုက်ဘူး'

အိမ်သို့ အလည်ရောက်နေသော ညှို့သည်က အိမ်ရှင် ကျွန်တော့်ကို ပြောလိုက်သောစကား ဖြစ်ပါသည်။ ညှို့သည်ဆိုသော်လည်း တစ်ရပ်ကွက်တည်းသားချင်းဖြစ်ပြီး ဘဝတူ ပင်စင်စားဖြစ်၍ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောလေ့ရှိပါသည်။ ယခုလည်း သူ့စကား ဘာဆိုလိုမှန်း မသိသေး၍ ကျွန်တော်က မေးမြန်းရသည်။

'သီလယူဖို့လာတဲ့ ပရိသတ်က အများကြီးလေ။

www.burmeseclassic.com

ဘယ်လူတွေမြင်လို့ ကိုယ့်ညီက ဒေါသဖြစ်နေရပြန်တာလဲ'

'ဆွမ်းဆန်ထဲ ကြွက်ချေးရောသတဲ့။ နတ်သုဒ္ဓါထဲ မစင်ရောလာသလိုပဲဗျ။ လူကောင်းတွေကြားထဲမှာ လူယုတ်မာ လေးငါးဆယ်ယောက် ရောနေတာ တွေ့ရလို့ပါ'

သူ့စကားများကြောင့် အရင်နေ့က ဘုန်းတော်ကြီးကျောင်းတွင် သီလယူကြရင်း မြင်တွေ့ခဲ့သူများကို ပြန်စဉ်းစားရသည်။ ကျွန်တော်တို့မြို့က ကြီးလှသည် မဟုတ်ပါ။ မရင်းနှီးချင်သာရှိမည်၊ တစ်မြို့တည်းသားချင်း ဘယ်သူက ကုန်သည်၊ ဘယ်သူက အစိုးရဝန်ထမ်း၊ လက်လုပ်လက်စား ပျံ့ကျသမားက ဘယ်လူဆိုတာမျိုးကို သိနေကြတာ များပါသည်။

ဥပုသ်စောင့်ရန် လာကြသော လူအများစုမှာ သက်ကြီးရွယ်အို ကျွန်တော်တို့ကဲ့သို့ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ခေတ်အဆက်ဆက် လုပ်ငန်းအောင်မြင်ချမ်းသာကြွယ်ဝလာခဲ့၍ ယခုအခါ သားသမီးများကို လုပ်ငန်းလွှဲပေးထားပြီး ဘုရားကျောင်းကန်မှာ အေးအေးလူလူနေနိုင်ကြသော ဆန်ကုန်သည်၊ ဆီကုန်သည် သစ်ကုန်သည် အဘိုးကြီး၊ အဘွားကြီးများ ဖြစ်ကြသည်။

ဝန်ထမ်းဟောင်း ပင်စင်စားများမှာ မြို့ပေါ်ရှိ ရုံးဌာနပေါင်းစုံမှဖြစ်၍ အများစုကို မျက်မှန်းတန်းမိရုံသာ ကျွန်တော်သိပါသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်တော်က သူ့လောက် အသိမိတ်ဆွေ များများမရှိပါ။ သို့ဖြစ်၍-

'ဘယ်သူတွေလဲ ကိုယ့်ညီရယ်၊ တစ်ဖက်သားကို မကောင်းမမြင်ပါနဲ့'

'Pessimism အဆိုးမြင်ဝါဒနဲ့ ပြောတာ မဟုတ်ဘူး။ အတွင်းကျကျ သိထားလို့ ကျွန်တော်ပြောတာဗျ'

သူက ဆက်ပြီးပြောပြနေသည်။ ကျွန်တော်မှာ နားထောင်ရင်း စိတ်မချမ်းမသာဖြစ်လိုက်၊ ဒေါသဖြစ်လိုက်တချို့ဝန်ထမ်းဟောင်းများ အကြောင်းကို ကြားရတော့လည်း သံဝေဂရစရာ ဖြစ်ရပြန်ပါသည်။

'နိုင်ငံတော်ပိုင်ပစ္စည်းတွေ စာရင်းလိမ်ပြ၊ အပြင်ထုတ်ရောင်း၊ ဒီလိုနဲ့ မယားကို တိုက်နဲ့ ကားနဲ့ထား၊ မော်လို့ ကြွားလို့ ကောင်းတုန်းမှာ လာဘ်မစားဘဲ တကယ်စစ်တဲ့ စာရင်းစစ်နဲ့တိုးပြီး အမှုဖွင့်ခံရတယ်။ နောက်ကြောင်းပြန်လိုက်လို့ အမှုဟောင်းတွေပေါ်တော့ တိုက်တွေ၊ ကားတွေ ရောင်းပြီး လျော်ရတဲ့အပြင် ထောင်ပါကျသဗျ။ ရာဖွေပေးနိုင်တုန်းက တပြုံးပြုံးနဲ့ မယားကလည်း သူ ထောင်ကျတာနဲ့ လင်ငယ်နောက် ပါသွားတာပဲ။ အခု ဒီလူ ဘုန်းကြီးကျောင်း လာပြီး ဘာလုပ်ဦးမယ် မသိဘူး'

ဟု စက်ရုံမှူးတစ်ယောက် အကြောင်းကို ပြောပြသလို-

အမှုတစ်ခု စစ်ရတိုင်း မည်သူက မှန်သည်၊ မှားသည်ကို အဓိကမထားဘဲ လာဘ်ငွေများများ ပေးသူကိုသာ၊ ငွေကြေးမပေးလျှင် နည်းမျိုးစုံ ပညာပြ နှိပ်စက်လေ့ရှိခဲ့သော အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းဟောင်း၊ မိမိအိမ်မှာ ဖွင့်ထားသော ကျူရှင်ကို မတက်သော မိမိအတန်းမှ ကျောင်းသားကို မျက်နှာသာမပေးဘဲ အတန်းထဲမှာ အပြစ်ရှာ အရှက်ခွဲလေ့ရှိခဲ့သည့် ကျောင်းဆရာမအို အငြိမ်းစားကြီး၊ ရုံးသို့ ရောက်လာသူမှာ အချက်အလက် ပြည့်စုံလျှင် မှတ်ပုံတင်ပြုလုပ်ပေးလိုက်ရမည်ဖြစ်သော်လည်း တောသူတောင်သား မရှိဆင်းရဲသားကို မညှာမတာ ပတ်ပတ်စက်စက် ငွေတောင်းယူလေ့ရှိခဲ့သော မှတ်ပုံတင်ရုံးဝန်ထမ်း ပင်စင်စား၊ ရောဂါဖိစီး၍ ဆေးရုံရောက်လာသူကို ဆေးအရင် ကုမပေးသေးဘဲ ငွေကြေးမည်ရွေ့မည်မျှ အကုန်အကျခံနိုင်ရဲလားဟု အရင်မေး၍ ငွေပေးမှ ကုသလေ့ရှိခဲ့သော ပြည်သူ့ဆေးရုံမှ ပင်စင်စားဝန်ထမ်း အမျိုးသမီး စသည်ဖြင့် ဘုန်းကြီးကျောင်းတွင် မြင်ခဲ့ရသူများထဲမှ ဝန်ထမ်းဟောင်းအချို့၏ အကြောင်းကို သူပြောပြ၍ သိရပါသည်။

ချမ်းချမ်းသာသာ ဖြစ်နေသော ကုန်သည်ကြီးများထဲတွင်လည်း မသန့်သော ဆီဟောင်းဆီညစ်များကို ဓာတုဗေဒဆေးဖြင့် အရောင်ချွတ်ကာ စားဆီသန့်အဖြစ် ရောင်းနေသောသူ၏အကြောင်း၊ ရာသီဥတုကြောင့်ဖြစ်စေ အကြောင်းတစ်မျိုးမျိုးကြောင့်ဖြစ်စေ ပြည်တွင်းမှာ ကုန်စည်လည်ပတ်မှုပြတ်သနာကြုံတိုင်း လှောင်ထားသော ဆန်၊ ဆီ၊ ပဲ၊ ငရုတ် စသော စားကုန်များအား မတန်တဆ ဈေးတင်ရောင်းနေသူ တစ်ယောက်အကြောင်း ပြောပြရင်း ဒီလိုလူတွေက ဘုန်းကြီးကျောင်း ရောက်လာတာကို မကျေမနပ်ဖြစ်နေမိကြောင်း ပြောပြရင်း-

'ဒီစကားတွေပြောလို့ ကျွန်တော့်ကို Pessimism

www.burmeseclassic.com

အခိုးမြင်သမား မထင်နဲ့။ သူတို့ကြောင့် စီးပွားပျက်၊ ဘဝပျက်သွားရတဲ့ လူတွေ ကိုယ်တိုင်က ကျွန်တော့်ကို ပြောပြခဲ့ကြတာပါ။ ဝန်ထမ်းဘဝမှာ ကိုယ့်ကျေးဇူးရှင် ထံမင်းရှင် ပြည်သူတွေအပေါ် ယုတ်ယုတ်မာမာ ကိုယ်ကျိုးရှာခဲ့တဲ့ လူတွေက ဘုန်းကြီးကျောင်းလာပြီး သီလယူနေပါလား။ ကဲ..အစ်ကိုကြီး၊ ကျွန်တော် မေးမယ်ဗျာ၊ ဖြေပေးစမ်းပါ'

'ဘာမေးမှာလဲ။ သိတာမေးရင် ဖြေမှာပေါ့ ကိုယ့်ညီရယ်'

'ဘုရားဟော တရားမှာ မကောင်းမှုလုပ်ရင် မကောင်းတဲ့အကျိုးပေး ခံရမယ်တဲ့။ အခု ကျွန်တော်တို့ မြင်နေရတာက မကောင်းမှု၊ မတရားမှု လုပ်စားနေသူတွေက ချမ်းသာနေပြီ။ ရိုးရိုးသားသား လုပ်ကိုင်ရှာဖွေ စားသောက်တဲ့လူတွေ ဆင်းရဲနေကြတယ်ဗျာ။ ကံကံ၏ အကျိုးဆိုတာကို ဘယ်လိုနားလည်ရမှာလဲ'

သူ့မေးခွန်းကို ကျွန်တော့်အသိဉာဏ်ထဲမှာတော့ အဖြေရှိသည်။ သူနားလည် လက်ခံအောင် ဘယ်လိုပြောရမလဲဟု စဉ်းစားရသည်။ စကားလုံး အသုံးအနှုန်းများ နေရာတကျမရှိလျှင် သူ့ဘက်က နားလည်မှု ပိုလွဲသွားနိုင်သည်။

ထို့ကြောင့် ကျွန်တော် ဖတ်ဖူး၊ မှတ်ဖူးခဲ့သော စာများကို ပြန်၍ စဉ်းစားပြီးမှ-

'ကိုယ့်ညီ မေးခွန်းမျိုးကို စာရေးဆရာတစ်ယောက်က မေးလို့ သံဃာတော်တစ်ပါးက ပြန်ဖြေထားတဲ့စာ ရှိတယ်။ ကိုယ့်ထက် ပါရမီမြင့်တဲ့ ပုဂ္ဂိုလ်တွေ ပြောထား၊ ရေးထားတဲ့ စာနဲ့ပဲ ရှင်းပြမယ်။ ခဏစောင့်'

ကျွန်တော်လိုသော စာအုပ်ကို စာစဉ်အား ပြန်ဖွပြီး ရှာရသည်။ တွေ့ပါသည်။ ပါရမီမဂ္ဂဇင်း၊ အမှတ်(၁၃၂) ဖြစ်သည်။ အကုသိုလ်ကံ အကျိုးပေးသည် ဆိုရာဝယ် ခေါင်းစဉ်ဖြင့် စာမျက်နှာ(၉၀)မှာ ဖော်ပြထားသည်။

'ဒီမှာ ကိုယ့်ညီ၊ စာရေးဆရာ သူရမင်းနိုင်က သူကိုးကွယ်ဆည်းကပ်တဲ့ သံဃာတော်အရှင်မြတ်ကို ကိုယ့်ညီ မေးခွန်းမျိုးလိုပဲ လျှောက်ထားဖူးတယ်။ သူ့စာမှာ-

တပည့်တော် စဉ်းစားနေတာ ကြာပြီဘုရား။ လူ့လောကမှာ မိစ္ဆာဇီဝနှင့် အသက်မွေးတဲ့လူတွေက အကြီးပွား မြန်ကြတယ်။ သမ္မာအာဇီဝသမားတွေကတော့ သူတို့လောက် ကြီးပွားမှု မမြန်ကြဘူး။ အဲဒါ ဘယ်လိုကြောင့်

အကုသိုလ်အလုပ်တွေက ဒီလူတွေကို မြန်မြန်ဆန်ဆန် ကြီးပွားအောင် အကျိုးပေးနေတာလဲ။ တပည့်တော်တို့ သိတာက မကောင်းမှုပြုရင် မကောင်းကျိုးဘဲ ရမယ်။ ကောင်းကျိုးမရှိဘူးလို့ သိခဲ့တာ။ အခုတော့ မိစ္ဆာဇီဝသမားတွေက ကြီးပွားနေပြီး သမ္မာအာဇီဝနဲ့ အသက်မွေးနေသူတွေက သူတို့နောက်မှာ ရောက်နေတယ်။ အဲဒါကို တပည့်တော် နားမလည်နိုင်ဘူးဘုရားတဲ့'

'ကောင်းလိုက်တဲ့ မေးခွန်းဗျာ။ ကျွန်တော်လည်း ဒီလိုပဲ မေးချင်တာ အစ်ကိုကြီးရဲ့။ သံဃာတော်က ဘယ်လိုပြန်ဖြေလိုက်သလဲ ပြောပါဦး'

'သံဃာတော်အရှင်မြတ်က အဖြေပေးရုံတွင်မကဘဲ အကျိုးအပြစ်တွေပါ ရှင်းပြထားတာ အများကြီးပဲ။ အဲဒီထဲက ကိုယ့်ညီ သိသင့်တာပဲ ဖတ်ပြမယ်'

'တစ်ဘဝကောင်းစားရုံနဲ့တော့ သံသရာမှာ အနစ်မွန်းမခံချင်လေနဲ့။ ဒကာပြောသလို သမ္မာအာဇီဝသမားတွေက မိစ္ဆာဇီဝသမားတွေရဲ့ နောက်မှာပဲ အမြဲရှိနေတယ်ဆိုတာလည်း မဟုတ်သေးပါဘူး။ အရောင်းအဝယ်စကားနဲ့ ဦးပဉ္စင်း ပြောမယ်။ လောကမှာ ဝယ်လိုအားများတဲ့ ကုန်ပစ္စည်းကို ထုတ်လုပ်မယ်၊ ရောင်းချမယ်၊ လုပ်ငန်းကလည်း ကျွမ်းကျင်မယ်၊ စီမံခန့်ခွဲမှုကလည်း ကောင်းမယ်ဆိုရင် ဘယ်မှာမကြီးပွားဘဲ ရှိပါ့မလဲ။ မိစ္ဆာဇီဝသမားတွေ ကြီးပွားနေတာနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ကမ္ဘာပေါ်မှာ မူးယစ်ဆေးသုံးစွဲသူတွေ များများရှိနေသရွေ့ မူးယစ်ဂိုဏ်းကြီးတွေနှင့် မူးယစ်ရာဇာကြီးတွေ ကြီးပွားနေကြဦးမှာပဲ။ လူသားအားလုံးလိုလိုက ဒေါသစရိုက်တွေ ကြီးနေမယ်ဆိုရင်ဖြင့် စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကြီးတွေ၊ အရင်းရှင်ကြီးတွေ ဝင်ငွေဖြောင့်နေကြဦးမှာပဲ။ အသားငါး စားရမှ တင်းတိမ်တယ်ဆိုတဲ့ လူတွေ များများရှိနေသရွေ့လည်း သားငါးထုတ်လုပ်ငန်း လုပ်တဲ့လူတွေ ဘယ်မှာ မကြီးပွား ရှိပါ့မလဲ။

မိစ္ဆာဇီဝနဲ့ အသက်မွေးမြူနေသူတွေ ကြီးပွားကောင်းစားနေတာဟာ သူတို့ပြုတဲ့ အကုသိုလ်ကံကြောင့် မဟုတ်ပါဘူး။ သူတို့ရဲ့ စီးပွားရေးအတွက် ရောင်းလိုအား၊ ဝယ်လိုအားကို သိရှိမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ စီမံခန့်ခွဲမှု ကောင်းမွန်တာတွေကြောင့် ဖြစ်ပါတယ်။

အကုသိုလ်ကတော့ အချိန်တန်ရင် မလွဲမသွေ

www.burmeseclassic.com

www.burmeseclassic.com

မကောင်းကျိုး ပေးပါလိမ့်မယ်။ ဒီသဘောကို နားလည်ဖို့ ဒကာနှင့် ကျုပ် ကံအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပြောကြဦးစို့ရဲ့လို့ သံဃာတော်က အမိန့်ရှိ၏တဲ့။

ဒီအထိ ရှင်းရဲ့လား ကိုယ့်ညီ'

'ရှင်းပါ့၊ ကောင်းပါ့။ ကဲ··ကံအကြောင်း ဘယ်လို ပြောထားသလဲ။ သိချင်လှပြီဗျ'

'သေချာနားထောင် ကိုယ့်ညီ။ ကံဆိုတာ နှစ်မျိုးရှိတယ်။ တစ်မျိုးက သဟဇာတကံလို့ ခေါ်တယ်။ နောက်တစ်မျိုးက နာနက္ခဏိကကံတဲ့။ သဟဇာတကံဆိုတာ အတူဖြစ်ဖက်သဘောကို ခေါ်တာ။ ငါးဖမ်းတဲ့တံငါ ငါးရတယ်။ အမဲသတ်တဲ့လူ အမဲရတယ်။ မုဆိုးကလည်း သားကောင်ရမှာပဲ။ သူခိုးက အခွင့်ကြုံလို့ခိုးရင် သူတစ်ပါး ပစ္စည်း သူရပေမယ့် ဒါက ကုသိုလ်၊အကုသိုလ်အကျိုး မဟုတ်ဘူး။ ဒီအလုပ်လုပ်လို့ ဒါရတာပဲ ဖြစ်တယ်။ အဲဒါမျိုးကို သဟဇာတကံအကျိုးလို့ ခေါ်တယ်။

နာနက္ခဏိကကံ ဆိုတာကတော့ ဒီလိုမဟုတ်ဘူး။ ကံတစ်ခုကိုလုပ်ပြီး အချိန်အတိုင်းအတာတစ်ခုကို စောင့်ရတယ်။ ကုသိုလ်ဖြစ်ရင်လည်း ကုသိုလ်အလျောက်၊ အကုသိုလ်ဖြစ်ရင်လည်း အကုသိုလ်အလျောက် အကျိုးပေးချိန်တန်တော့ အကျိုးပေးလာမှာဖြစ်တယ်ဆိုပြီး အဲဒီကံနှစ်မျိုးရဲ့ အကျိုးပေးပုံတွေကို သာဓကပြပြီး ရှင်းထားတယ် ကိုယ့်ညီရဲ့။

ဘုရားရှင်လက်ထက်တော်ကာလ ဖြစ်တယ်။ အဲဒီနေ့က ရာဇဂြိုဟ်တစ်မြို့လုံး နက္ခတ်သဘင်ပွဲ ခြိမ့်ခြိမ့်သဲ ဆင်ယင်နေပေမယ့် လယ်သူရင်းငှား ပုဏ္ဏားကတော့ တစ်နေ့လုပ်မှ တစ်နေ့စားရသူဖြစ်လို့ လယ်ထွန်ထွက်ခဲ့ရသတဲ့။ လယ်ထွန်ဆင်းတဲ့ ယောကျ်ားထံ ဇနီးဖြစ်သူ ဘာရိတာက ထမင်းပို့လာတယ်။ လမ်းမှာ ရဟန်းတစ်ပါး ဆွမ်းရပ်နေတာ ကြုံကြိုက်လို့ ပါလာသမျှ ထမင်းအားလုံးကို ရဟန်းအတွက် ဆွမ်းလောင်းလှူလိုက်တယ်။ ဇနီးမောင်နှံစားဖို့ မကျန်တော့ ရွာပြန် ထမင်းချက်ရသတဲ့။ အဲဒါ သဟဇာတသဘောပဲ။ ထမင်းကျက်တာနဲ့ ယောကျ်ားရှိရာ အပြေးလာခဲ့တယ်။ နောက်ကျရတဲ့အကြောင်း ပြောပြတယ်။ ဒီအလှူအတွက် လင်မယားနှစ်ယောက်လုံး ပီတိဖြစ် သာဓုအကြိမ်ကြိမ် ခေါ်ကြသတဲ့။

ထမင်းစားပြီး လယ်ဘေးက ခရေပင်အရိပ်မှာ တစ်ရေးတစ်မော အိပ်ကြတာ အိပ်ရာက နိုးလာတဲ့အခါ လယ်ထဲက ထွန်အခဲတွေအားလုံး ရွှေစင်ရွှေခဲတွေ ဖြစ်နေတာ တွေ့ရသတဲ့။ သူတို့ ဆွမ်းလှူလိုက်တဲ့ ရဟန်းက သာ ရဟန်း မဟုတ်ဘူး။ နိရောဓသမာပတ်က ထလာတဲ့ ရဟန္တာပုဂ္ဂိုလ်ပဲ။ အလွန်သီလစင်ကြယ်မြင့်မြတ်တဲ့ သံဃာတော်ကို လှူရတဲ့အကျိုးကြောင့် ဒိဋ္ဌဓမ္မဝေဒနီယ အကျိုးပေး ခံစားရတာပေါ့။ အဲဒါ နာနက္ခဏိက အကျိုးပဲ။

နောက်သာဓကတစ်ခုက လူဝတ်ကြောင် ဘဝ လည်း အလွန်ချောမောလှပတဲ့ ဥပ္ပလဝဏ်ထေရီမ သီ ရှင်ကို လူဝတ်ဘဝကတည်းက ချစ်ကြိုက်စွဲလမ်းနေခဲ့ နန္ဒလုလင်က မတော်မတရားကျင့်သတဲ့။

ကာမကို အရလုယူတဲ့အတွက် သူချစ်ကြိုက်ခဲ့ မိန်းမရဲ့ ကာမဂုဏ်အရသာကို သူ ခံစားလိုက်ရတယ်။ ဒါဟာ သဟဇာတကံရဲ့ အကျိုးပေးပဲလေ။

ဒါပေမဲ့ ရဟန္တာအရှင်မကို ပြစ်မှားမိတဲ့အပြစ်၊ ဘိ နီမကို ဖျက်ဆီးမိတဲ့ အကုသိုလ်ကံ ကျူးလွန်တာကို မြင်သက်သေဖြစ်တဲ့ မဟာပထဝီမြေကြီးက နှစ်ခြမ်းခွဲ နန္ဒလုလင်ကို ဝါးမျိုလိုက်တယ်။ အဲဒါ နာနက္ခဏိက အကျိုးပေးပါပဲဗျာ'

'ကျွန်တော် သဘောပေါက်ပါပြီ အစ်ကိုကြီး။ သ ဝါမှန်သမျှဟာ မိမိပြုခဲ့တဲ့ ကုသိုလ်၊အကုသိုလ်အကြော



www.burmeseclassic.com

ခံအတိုင်း မိမိပြန်လက်ခံရမယ်ဆိုတဲ့ သဘောပေါ့နော်’

‘မှန်တယ် ကိုယ့်ညီ၊ အခု တို့ပတ်ဝန်းကျင်မှာ သမ္မာအာဇီဝနဲ့ အသက်မွေးပြီး ဂုဏ်သိက္ခာရှိရှိ ကြီးပွားချမ်းသာနေတဲ့ လူတွေဟာ တစ်ချိန်က သူတို့ပြုခဲ့ဖူးတဲ့ ကုသိုလ်တရားရှိလို့ နာနက္ခဏိကကံ အကျိုးပေးအရ ကြီးပွားနေကြတာ ဖြစ်တယ်။ ဒါကို တို့များက မုဒိတာစိတ် မွေးရမယ်ကွယ့်။

နိုင်ငံ့ဝန်ထမ်း အစိုးရလခစားဖြစ်ပြီး ဝန်ထမ်းကျင့်ဝတ်သီလနဲ့အညီ မကျင့်ဘဲ အဂတိလိုက်စားရင် အဒိန္နဒါနကံကို ကျူးလွန်နေသူပဲ။ အရှက်မရှိဘဲ တောင်းရဲယူရဲလို့ လိုချင်တဲ့ငွေကြေး စည်းစိမ်ရနေတာကတော့ သဟဇာတကံ အကျိုးပေးဖြစ်ပေမယ့် ဒီတစ်ဘဝ ကောင်းစားပြီး သံသရာမှာ နစ်မွန်းရမယ့်လူအဖြစ် သူတို့ကို သနားစိတ်နဲ့ ကြည့်ရမယ်ကွယ့်’

‘ဟုတ်တယ်၊ ဟုတ်တယ်။ အစ်ကိုကြီးပြောမှ ကျွန်တော် သတိရတယ်။ စတုတ္ထပါရာဇိက ဝိနိတဇာတ်တော်ကို ကျွန်တော်ဖတ်ခဲ့ဖူးတယ်။ ဘုရားဟောကျမ်းဂန်လာဗျ။ ရဟန္တာရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး ကောင်းကင်ခရီးနဲ့ ဆွမ်းခံအကြွ ဂိဇ္ဈကုဋ်တောင်စောင်းမှာ ပုံပျက်ပန်းပျက် ပြိတ္တာတွေ တွေ့ရသတဲ့။

အဲဒါ ဘုရားရှင်ကို ပြန်လျှောက်ထားတော့-

ချစ်သားမော်ဂ္ဂလန်··ဒီပြိတ္တာတွေကို ငါဘုရားလည်း တွေ့ပြီးပြီလို့ ဖြေသတဲ့။ ရှေ့တော်မှာရှိနေတဲ့ တရားနာပရိသတ်အများ သိစေဖို့ ဘုရားရှင်က အဲဒီပြိတ္တာတွေဟာ ပြိတ္တာဘဝ ရောက်နေတာတောင် ဘာကြောင့် ပုံဆိုးပန်းဆိုး ဖြစ်နေရတာယ်ဆိုတာ ဟောပြတော့ လူ့ဘဝတုန်းက လာဘ်စားခဲ့လို့ ပြိတ္တာဖြစ်နေရသူတွေအကြောင်းပါသဗျ။ သနားစရာတွေပါဗျာ’

‘အလို··ကိုယ့်ညီကလည်း စာတော်တော်ဖတ်ထားတာပဲ။ ကဲ··ပြောပါဦး’

‘ပြောရမှာ အရှည်ကြီးဗျ။ နောက်နေ့လာမှ စုံစုံလင်လင် ပြောကြရအောင်။ ထမင်းစားချိန် နီးပြီ။ အိမ်ကမိန်းမ မျှော်နေမှာဗျ။ ပြန်တော့မယ်’

**ထွန်းကျော်လှ**


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **ဇေယျမင်္ဂလာ**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

**ခရုသင်း** **သမင်ဖြူ**

ခရုသင်း၊ သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကချိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**ဇေယျမင်္ဂလာ** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

**နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။**


www.burmeseclassic.com

www.burmeseclassic.com



# ခင်မောင်အေး (မန္တလေး)

# အစွဲအလမ်းနှင့် သံယောဇဉ်

ကြီးအုံကြီးဝ ရေလှောင်တမံ၊ လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် သားငယ် ကျော်အောင်တစ်ယောက် မည်မျှအလုပ်များနေသည်လဲ မပြောတတ်ပါ။ ရန်ကုန်သို့ပင် ရောက်မလာတာ နှစ်ပေါက်နေပါပြီ။ ယခင်ကဆိုလျှင် တစ်လတစ်ခေါက်၊ တစ်ခါတလေ နှစ်လတစ်ခေါက်လောက်တော့ ရောက်လာတတ်စမြဲ ဖြစ်ပါသည်။ သည်ကောင်က အဖေ စာရေးဆရာဖြစ်သော်လည်း သူကိုယ်တိုင်ကမူ စာရေးရမှာ အလွန်ပျင်းသည်။ အဖေကြီး··ကျန်းမာရဲ့လား၊ နေကောင်းထိုင်သာ ရှိပါရဲ့လားလို့ မေးမြန်းဖို့ စိတ်ကူးပင် ရှိပုံမပေါ်ပါချေ။

သို့တစေ သူတို့က သတိတရ မရှိကြစေကာမူ မိ… တို့၏မေ့တာ စိတ်ပူပင်သောက အနည်းအများတော့ ရှိ… သည်ချည်း ဖြစ်ပါသည်။ ထို့ကြောင့် သူ့အား အလုပ်သွ… ပေးထားသည့် ညီမ ဒေါ်နီလာတင်အား ဆက်သွယ်… စုံစမ်းကြည့်မိရ၏။ ထိုအခါကျမှပင် ကျော်အောင်ကို … ငန်းသစ်ဖြစ်သော စေတုတ္တရာနယ်ဘက်သို့ တာဝန်ချ… ကြောင်း သိရှိခဲ့ရပြီး ဆက်သွယ်နိုင်မည့် လိပ်စာ… ရရှိခဲ့ပါသည်။

သို့ဖြစ်သဖြင့် အောင်ကျော်ထံ စာရေးသား… သွယ်သောအခါ တစ်လကြာမှပင် ပြန်စာတစ်စောင်… ကျွန်တော် ရရှိခဲ့ပေသည်။ စာမရေးမယ့်မရေးတာ … ပေါက်နေပြီး ရေးပြန်တော့လည်း စာရေးဆရာသ… မပြောရ စာရွက်သုံး၊လေးရွက်လောက်ရေးပြီး ပို့… ပါသည်။ သူရေးသားပေးပို့လိုက်သော စာပါ အ… အရာများကို ကျွန်တော်တို့ဇနီးမောင်နှံ ဖတ်…

www.burmeseclassic.com

အံ့ဩလောက်ဖွယ်ရာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ဖြစ်ရပ်ဖြစ်စဉ်များ ဖြစ်နေသည်ကို တွေ့ရှိရသည်ဖြစ်ရကား ကျွန်တော်၏ စာဖတ်ပရိသတ်များကို ကျွန်တော်နှင့်အတူ သိရှိခံစားနိုင်စေရန် အောက်တွင် အနည်းအပါးမျှသာ ပြင်ဆင်ဖြည့်စွက် ဖော်ပြပေးလိုက်ပါသည်။

သားတို့တစ်တွေ ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းမှ စေတုတ္တရာနယ်ဘက်သို့ ပြောင်းရွှေ့လာကြရသည့်အခါ တာတမံတစ်ခု အသစ်တည်ဆောက်မည့် လုပ်ငန်းအတွက် ကျွန်တော်တို့ ငါးယောက်အဖွဲ့ကို ပို့လွှတ်တာဝန်ပေးသည်ဟု သိရှိကြရပါသည်။ ကျွန်တော်အပါအဝင် ဇေယျာ၊ ဖိုးအောင်၊ စိန်သန်းနှင့် တင့်လွင်တို့ ဖြစ်ကြ၏။

ရောက်ရောက်ချင်း ပြဿနာက စတော့သည်။ နေစရာ ထိုင်စရာ အဆောက်အအုံက မရှိသေးခြင်းဖြစ်သည်။ ယာယီလုပ်ငန်းရုံးတစ်ခုသာ ဆောက်လုပ်ထားသည်။ ဝန်ထမ်းများအတွက် မည်သည့်အဆောက်အအုံမျှ အဆင်သင့် မဖြစ်သေးချေ။ သို့ဖြစ်သောကြောင့် စေတုတ္တရာမြောင်းဦးလမ်းတစ်ဝက်ခန့်တွင် တည်ရှိသည့် တစ်ပိုင်းတစ်စ ဆောက်လုပ်ထားဆဲ ဘုန်းကြီးကျောင်းတစ်ကျောင်းကို ယာယီခိုနားဖို့ ရွေးချယ်လိုက်ကြပါသည်။

ဘုန်းကြီးကျောင်းက တစ်ပိုင်းတစ်စသာ ပြီးစီးသေးသည်ဆိုသော်လည်း နှစ်ထပ်ကျောင်းတစ်ခုလုံး အုတ်မြစ်အခိုင်အမာ သွပ်မိုးမိုးပြီး အခင်းခင်းပြီး ဖြစ်ပါသည်။ လေးဖက်လေးတန် မကာရသေးတာပဲရှိပါသည်။ ကျောင်းကြီး နှစ်ထပ်စလုံး လျှာထိုးခင်းထားသည်။ အပေါ်ထပ်မှာ ဘုရားကျောင်းဆောင်တစ်ခု၊ ဘုရားဆင်းတုတော် မရှိသေးသည်မှအပ ညောင်ရေအိုး၊ ဆွမ်းတင်ခုံ၊ အလင်းတိုင်ထွန်းဖို့ စဥ့်ခွက် စသည်တို့ပင် အသင့်ရှိနေသည်။ စေတုတ္တရာနယ်ဘက် ဖြစ်သောကြောင့် ကျောင်းတိုင်၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ လျှာထိုးပျဥ် စသည်တို့အားလုံး ကျွန်းနှင့် ပျဥ်းကတိုးသားများ သုံးထားသည်။ တောင့်တောင့်တင်းတင်း ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ထားကြောင်း သိသာပါသည်။

ဆောက်လုပ်ဆဲကျောင်းနှင့် မနီးမဝေးတွင် ဇရပ်အိုလေးတစ်ဆောင်ရှိသော်လည်း အခင်းက မြေသားဖြစ်သဖြင့် အိပ်လို့ မရသောကြောင့် ကျောင်းပေါ်တွင်အိပ်ရန် စီစဉ်လိုက်ကြပါသည်။ စေတုတ္တရာနှင့်လည်းမနီး၊ မြောင်းဦးနှင့်လည်း အလှမ်းကွာ၊ လမ်းခုလတ်နေရာ ဖြစ်သောကြောင့် လူသူလေးပါး အနှောင့်အယှက် ကင်းကင်းနှင့် အလုပ်လုပ်နိုင်လိမ့်မည်ဟု ယူဆမိပါသည်။ ကျွန်တော်တို့ဆရာ လက်ထောက်ဦးစီးမှူးကလည်း သဘောတူ ခွင့်ပြုသည်ဖြစ်ရကား ဆောက်လက်စ ဘုန်းကြီးကျောင်းပေါ်တွင် ကျွန်တော်တို့အဖွဲ့ စခန်းချ ရပ်နားလိုက်ကြ၏။ ပါလာသော ကျွန်တော်တို့၏ အိပ်ရာလိပ်၊ ကျောပိုးအိတ်နှင့် လုပ်ငန်းသုံး ပစ္စည်းများကို ကျောင်းအပေါ်ထပ် ဘုရားခန်းဘေးတွင် တန်းစီကာ နေရာချထားလိုက်ကြ၏။

ညစာကို တင့်လွင်နှင့် စိန်သင်းတို့က ပါလာသော ဆန်၊ ဆီ၊ ငါးဘူး စသည်တို့ဖြင့် စီစဉ်ချက်ပြုတ်ကြပါသည်။ ဇေယျာက ကျောင်းအပေါ်ထပ် ဘုရားစင်တွင် ညောင်ရေအိုး သုံးအိုးကို ဆေးကြောသန့်စင်ကာ ဇရပ်အိုနံဘေးတစ်နေရာတွင် ပေါက်ရောက်နေသည့် စိန်ခြယ်ပန်းအချို့ကိုထိုးလျက် ကပ်လှူထားလိုက်၏။ သောက်တော်ရေကိုလည်း ရေသန့်ဘူး သုံးဘူးဖြင့် ကပ်လှူပူဇော်လေသည်။ အလင်းတိုင် ငါးတိုင်ကိုလည်း ညဥ့်အချိန်ရောက်လျှင် ပူဇော်ဖို့ စဥ့်ခွက်များအတွင်း အသင့်စိုက်ထားလေသည်။

ကျွန်တော်တို့၏ဆရာ လက်ထောက်ဦးစီးက ဖိုးအောင်နှင့် စိန်သန်းကို ခေါ်ပြီး စေတုတ္တရာရှေ့တန်း ယာယီဌာနခွဲရုံးသို့ ထွက်ခွာသွားကြသည်။ သို့ဖြစ်သဖြင့် ကျွန်တော်၊ ဇေယျာနှင့် တင့်လွင်တို့သာ ကျန်ရစ်ခဲ့ကြသည်။

'ညစာ စားလိုက်ကြရအောင်လား။ အလင်းရောင်လေး ရှိနေတုန်း၊ မမှောင်ခင်'

တင့်လွင်က ပြောလာသည်။

'ကောင်းတာပေါ့။ ဆရာတို့ ပြန်တော့လာမှာပါ။ ဒါပေမဲ့လို့ မိုးချုပ်ချင်ချုပ်မှာလို့ မှာသွားတယ်။ တို့သုံးယောက်ပဲ စားနှင့်လိုက်ကြတာပေါ့'

ဇေယျာက ထောက်ခံသည်။

ခရီးကပန်း မောမောပန်းပန်းနှင့်မို့ လူသုံးယောက်သာ ရှိနေသည့် ဘုန်းကြီးကျောင်းတွင် စားကြရသော ညစာသည် ပဲကုလားဟင်းနှင့် အညာငရုတ်သီးထောင်းကြော်မျှသာ ဖြစ်လင့်ကစား စားလို့ မြိန်ကြပါသည်။ ပဲဟင်းကပူပူ၊ ငရုတ်သီးကစပ်စပ် ရှူးရှူးရှဲရှဲနှင့် စားအပြီး ရေအဝသောက်ပစ်ကြရပါသည်။

www.burmeseclassic.com

နေဝင်သွားပြီ။ အနောက်ရိုးမ၏စိမ်းစိုသော တောရိပ်တောင်တန်းများကြောင့် ခဏမျှအကြာ ဝန်းကျင်တစ်ခွင်မှာ အမှောင်ဖုံးသွားလေသည်။ ဖေယျာက ဘုရားစင်တွင် သူပြင်ဆင်ထားသော အလင်းတိုင်ငါးတိုင်ကို သွားရောက်ထွန်းညှိလိုက်၏။ ဘုန်းကြီးကျောင်းပေါ်တွင် လင်းလင်းချင်းချင်းဖြစ်သွား၏။ တင့်လွင်က စားသောက်ဖွယ်ရာ အိုးခွက်ပန်းကန်များကို စနစ်တကျ ဖုံးအုပ်သိမ်းဆည်းထားလိုက်သည်။ ဆရာတို့ ပြန်ရောက်လျှင် အသင့်ရှိနေစေရန် ဖြစ်သည်။ ဘုန်းကြီးကျောင်းပေါ်မှာ ဘုရားဆောင်ရှိရာနေရာမှလွဲပြီး ပိန်းပိတ်အောင် မှောင်လျက်ရှိသည်။

ကျောပိုးအိတ်ကိုယ်စီ ခေါင်းအုံးလုပ်ကာ လဲလျောင်းနေကြသည့် ကျွန်တော်တို့အတွက် ရုတ်တရက် အနှောင့်အယှက်တစ်ခု ဖြစ်ပေါ်လာလေသည်။ ဟင်းခနဲ လူတစ်ဦး၏အသံ ထွက်လာသည်။ ပြီးနောက် တောက်ခနဲ တောက်ခေါက်လိုက်သံ ကြားလိုက်ရပြန်သည်။ သည်အသံများကား တစ်စုံတစ်ဦးက မကျေနပ်သဖြင့် ပြုလိုက်သံများဖြစ်သည်ဟု ကျွန်တော်တို့ နားလည်လိုက်၏။ သည့်နောက် တင့်လွင်၏ ခြေအစုံကို တရွတ်တိုက် ဆွဲသွားသည်။ ကျောင်းခြေရင်း ခါးပန်းအနီးအရောက်မှာ ရပ်သွားသည်။ နောက်ထပ် တစ်ပေခန့်သာ ဆက်ဆွဲခံရပါက ကျောင်းအောက်သို့ ဒုတ်ဒုတ်ထိ ကျသွားမှာ သေချာလှပါသည်။

သည့်နောက် ဟင်းခနဲအသံ ထွက်ပေါ်လာပြန်သည်။ ခဏအကြာ ဖေယျာအားလည်း ခြေအစုံမှ ဆွဲလျက် ကျောင်းခြေရင်းဘက်ဆီသို့ ဆွဲသွားခြင်း ခံရပြန်သည်။ ခါးပန်းနားရောက်မှပင် ရပ်သွားလေသည်။

'ဟ··ဟ··လုပ်ကြပါဦးဟ။ လုပ်ပါဦး'

ဖေယျာ၏ အလန့်တကြား ရေရွတ်လိုက်သံကို ကြားရသည်။ ကျွန်တော်က ရုတ်ခြည်းအကြံရပြီး အိပ်နေရာက ထထိုင်ပစ်လိုက်၏။ ပြီးနောက် ကျောင်းနံရံတိုင်ကို လက်နှစ်ဖက်ဖြင့် ဆွဲထားလိုက်သည်။ သို့တိုင် မမြင်ရသော လက်အစုံဖြင့် ကျွန်တော်၏ ခြေထောက်နှစ်ချောင်းကို လာဆွဲသည်ကို ခံလိုက်ရပြန်သည်။ သို့သော် ကျောင်းနံရံတိုင်ကို ကျွန်တော်က ဆွဲထားခြင်းကြောင့် ဖေယျာတို့၊ တင့်လွင်တို့လို ကျောင်းခန်းခြေရင်းဘက်သို့ ပါမသွားခဲ့ချေ။

ကျွန်တော်တို့ သုံးယောက်စလုံး ထိတ်လန့်ချောက်ချားသွားကုန်ကြရသည်။ ဖေယျာက ဂုဏ်တော်ကိုးပါး ရွတ်နေသည်။ တင့်လွင်ကမူ ကျောင်းပေါ်မှာပင် မနေဝံ့တော့ဘဲ ကျောင်းအောက်သို့ ဆင်းပြေးသွားသည်။ ကျောင်းအပေါ်ထပ် ဘုရားစင်ပေါ်မှ ဖယောင်းတိုင် ငါးတိုင်၏ မီးတောက်ကလေးများ ဘယ်ညာယိမ်းနွဲ့ တောက်လောင်နေသည်။

'ကိုကျော်အောင် ဘာတွေလဲဗျာ၊ ဘယ်လိုဖြစ်သွားတာတုံး။ ကြောက်ဖို့ကောင်းလိုက်တာဗျာ။ ထပ်ပြီး နည်းနည်းလေး ဆွဲသွားရင် ကျောင်းအောက်ကျပြီး ရှောသွားမှာ အသေအချာပဲဗျို့'

'အေးဗျာ၊ ကျွန်တော်လည်း ဘာဖြစ်တယ်ဆိုတာ သေသေချာချာ မပြောနိုင်ဘူးလေဗျာ။ သရဲခြောက်တာတော့ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်ခြောက်တာလဲလို့တော့ မသိသေးဘူး။ ကျောင်းပေါ်ကို ကျွန်တော်တို့ တက်အိပ်တာ မကြိုက်လို့ ဖြစ်နိုင်ကောင်းပါရဲ့'

'ဒီလိုဆိုရင်လည်း ကျွန်တော်တို့ ကျောင်းဘေးက ဇရပ်အိုလေးမှာ သွားအိပ်ကြရင် မကောင်းဘူးလား။ တင့်လွင်တောင် အဲဒီရောက်နေပြီလား မပြောတတ်ဘူး'

'ကောင်းတယ် ကိုဖေယျာ၊ ခင်ဗျားအကြံ မဆိုးဘူး။ ဒီပေါ်မှာ ဆက်ပြီးနေရင် ဒီလိုပဲ ဆွဲချခံရဦးမှာ သေချာတယ်။ ကိုင်း··ကျွန်တော်တို့ ရွှေ့ကြပါစို့'

ကျောင်းဘေးမှ ဇရပ်ကလေးသို့ ကျွန်တော်တို့ ရွှေ့သွားကြသည့်အခါတွင် တင့်လွင်ကို ငုတ်တုတ်ကလေး မြင်လိုက်ရလေသည်။

'ဟော··တင့်လွင်၊ မင်းက ဒီမှာ ဘာလာလုပ်နေတာလဲဟင်။ မှောင်ကြီးမည်းကြီးထဲ'

ကျွန်တော် မေးလိုက်မိ၏။

'ကြောက်လို့ပါ ကိုကျော်အောင်။ ခြေထောက်ကို ဆွဲသွားတဲ့ လက်ကြီးက အေးစက်နေလိုက်တာ ရေခဲတုံးကြီးအတိုင်းပဲ။ တရွတ်တိုက်ပါသွားတာ။ ဘာမှကို ပြန်မလုပ်နိုင်တော့ဘူးဗျ။ ကံကောင်းလို့ပဲလား၊ ဆွဲသွားတဲ့ သရဲက တမင်တကာ ရပ်ပစ်လိုက်လို့လားတော့ မပြောတတ်ဘူး ဆက်သာဆွဲသွားလို့များကတော့ ကျောင်းအောက်ထိ ကျသွားပြီး သေမှာသေချာတယ်။ အောင်မယ်လေး··ပြောနေရင်းတောင် ကြက်သီးတွေ ထလာတယ်'



www.burmeseclassic.com

www.burmeseclassic.com

တင့်လွင်၏ အပြောကြောင့် ကျွန်တော်တို့ ကြောက်နေကြရင်းက ရယ်မိကြပါသည်။ ဇရပ်အတွင်း ကျွန်တော်တို့ ပလတ်စတစ်စ ဖြန့်ခင်းလျက် ငုတ်တုတ်ထိုင်နေမိကြပါသည်။

လောလောဆယ်ဆယ် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြသေးပါ။ ဓေယျာက ဖယောင်းတိုင်နှစ်တိုင်၊ သုံးတိုင်ကို ဇရပ်အတွင်း ထောင့်တစ်နေရာစီမှာ ထွန်းထားလိုက်သည်။ လင်းလင်းချင်းချင်း ဖြစ်သွားတော့မှ ကျွန်တော်တို့ အကြောက်ပြေသွားကြပါသည်။ မကြာမီ တစ်နာရီလောက်အကြာမှာ လက်ထောက်ဦးစီးမှူးနှင့် စိန်သန်းတို့အဖွဲ့ ပြန်ရောက်လာကြ၏။ ကျွန်တော်တို့သုံးယောက်ကို ဇရပ်အိုကလေးအတွင်း ငုတ်တုတ်တွေ့သွားကြသဖြင့် အကျိုးအကြောင်း မေးမြန်းပြီး သိရှိသွားကြ၏။

တင့်လွင်က ဆရာတို့အတွက် ညစာပြင်ပေးနေသည့် အခိုက် ဆရာက သူတို့ စေတုတ္တရာမှ ရွာလူကြီးပါပါလာသည့်အကြောင်း ကျွန်တော်တို့အတွက် ယာယီ အဆောက်အအုံ မနက်ဖြန်နံနက် ရွာမှ ရွာသားများနှင့် လာရောက်ဆောက်လုပ်ပေးရန် စီစဉ်ထားသည့်အကြောင်း ပြောပြသည်။

ယခုညဥ့်အတွက်တော့ ဖြစ်သလိုပင် ဇရပ်ကလေးအတွင်း နားနေအိပ်စက်ဖို့ လိုပါကြောင်း ပြော၏။ ကျွန်တော်တို့အား ကျောင်းပေါ်မှ ဆွဲချခဲ့သည့် ပုဂ္ဂိုလ်သည် ယခင်က ကျောင်းထိုင်ဘုန်းကြီး ဖြစ်သည်ဟု ဆိုပါသည်။ ဆောက်လုပ်ဆဲကျောင်းကို ကျောင်းထိုင်ဘုန်းကြီးက ကိုယ်တိုင်ဦးစီး ဆောက်လုပ်ကြောင်း၊ အနောက်ရိုးမပေါ်သို့ ရွာသားတပည့်များနှင့် အတူသွားရောက်ပြီး သစ်ဝါးများ ခုတ်လျက် ကျောင်းဆောက်ကြပါကြောင်း၊ ယခု ပြီးလုပြီးခင် အခြေအနေသို့ ရောက်နေဆဲအချိန်မှာ ရိုးမငှက်ဖျားမိကာ ပျံလွန်တော်မူသွားသည့်အကြောင်း၊ မပြီးပြတ်သေးသော ကျောင်းကိုစွဲကာ ကျောင်းတစ္ဆေဖြစ်နေကြောင်း၊ ကျောင်းပေါ်သို့ မည်သူမျှတက်သည်ကို မကြိုက်သဖြင့် အမျိုးမျိုး နှောင့်ယှက်ခြောက်လှန့်ကြောင်း ပြည့်ပြည့်စုံစုံ ပြောပြခဲ့လေသည်။

ကျွန်တော့်အား ကျော်အောင် စာဖြင့် ရေးသားဖော်ပြခဲ့သော ဖြစ်ရပ်ဖြစ်စဉ်သည် စင်စစ် ကျွန်တော်တို့ ကြားနားဝရှိခဲ့သည့် အစွဲအလမ်းများနှင့် အလားတူပါသည်။



သေခါနီးဆဲဆဲအချိန် သားသမီးများ အနီးသို့ ရောက်လာကြပြီး ငိုကြွယိုကြသည့် အစွဲကို ကြားသိပြီး မကျွတ်မလွတ်တော့ဘဲနေသည့် တစ္ဆေ၊ မိမိမသေခင်က အိမ်တစ်နေရာရာတွင် မြှုပ်နှံထားခဲ့သည့် ဥစ္စာပစ္စည်းများကို စွဲလမ်းလျက် အရိပ်အယောင် ပြနေတတ်သော တစ္ဆေ၊ ခင်ပွန်းသည်အား စိတ်မချဘဲ သေသွားခဲ့ပြီး ရက်လည်ဆွမ်း၊ လပြည့်ဆွမ်းနှင့် နှစ်ပြည့်ဆွမ်းများကို သံဃာတော်များ ပင့်ဖိတ်လှူဒါန်းလျက် အမျှအတန်း ပေးဝေသည့်တိုင်အောင် သာဓုမခေါ်ဘဲ မိမိ၏အိမ်၊ မိမိ၏ယောကျ်ားအပါးတွင် ခိုကပ်နေသည့်ဝိညာဉ် စသည်တို့လည်း ရှိနေတတ်ပါသည်။

မည်သို့ဆိုစေ ရတနာသုံးပါး ဦးထိပ်မှာထားလျက် မြတ်ဗုဒ္ဓ၏ ဒေသနာများကို မမိုတ်မသုန် ယုံကြည်လိုက်နာကာ ဝိပဿနာတရားတော်ကို ကျင့်ကြံအားထုတ်ပြီး လက္ခဏာရေးသုံးပါး မမေ့မလျော့ဘဲ အတွယ်အတာမှ သမျှ စွန့်လွှတ်လုပ်ဆောင်သွားမည်ဆိုပါမူ အို [illegible] ကင်းရာ မြတ်နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် [illegible] လိမ့်မည်က မုချမလွဲဖြစ်ပါသည်ဟု [illegible] ရေးသားလိုက်ရပါသည်။

ခင်[illegible]

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဟော့ကာနဲ့ ဂျူဒီ။

ဥရောပလျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ အီးဒီအိုင်ရဲ့ ဝန်ထမ်းစုံတွဲ။ အမြန်ဆုံးတွေး အသွက်လက်ဆုံးလှုပ်ရှားဆိုတာ သူတို့ရဲ့ လက်စွဲမူ။ ကြုံတွေ့ခဲ့ရသမျှကလည်း ထူးပေ့ ဆန်းပေ့ဆိုတဲ့ အဖြစ်မှန်တွေချည်းပါပဲ။ ကမ္ဘာအနှံ့က အန္တရာယ်ရှိတဲ့ နေရာတွေကို အပြေးအလွှား အရောက်လှမ်း။ စွန့်စွန့်စားစား ခက်ခက်ခဲခဲ စုံစမ်းခဲ့ကြရတယ်။ သို့ပေမယ့် သူတို့ ထောက်လှမ်းခဲ့ရတာမှန်သမျှ အိုမီဂါလို့ ခေါင်းစီးတပ်ထားတဲ့ ထိပ်တန်းလျှို့ဝှက်ဖိုင်တွဲထဲမှာ လမ်းဆုံးသွားရတာချည်းပါပဲ။ သိဖို့ဝေးလို့ ကြားဖူးသူတောင် မရှိပါဘူး။

သူတို့ နှစ်ယောက်လုံးကလည်း ပီဘိနှုတ်လုံခဲ့ကြတယ်။ ကျုပ်နဲ့သာ မဆုံခဲ့ရင် ထူးဆန်းလှတဲ့ မယုံနိုင်စရာဖြစ်ရပ်မှန်တွေဟာ အိုမီဂါဖိုင်တွေနဲ့အတူ လူမသိ သူမသိ အစပျောက်သွားကြမှာ' မြေကြီးလက်ခတ်မလွဲဘဲ။ ဂရိနိုင်ငံရဲ့ ကျွန်းကလေးတစ်ကျွန်းမှာ သူတို့နဲ့ ကျုပ် ဆုံခဲ့တာပါ။ သူတို့ဟာ ပင်စင်စား သက်ကြီးပိုင်းအရွယ် ရောက်နေကြပါပြီ။ ဒါတောင်မှ ကနဦးမှာ အဲဒီအကြောင်းတွေ ပြန်ပြောပြဖို့ ခေါင်းခါနေခဲ့ကြသေးတယ်။ ချည်ပြီးတုပ်ပြီး မငြင်းနိုင်အောင်ပြောမှ သူတို့နှုတ်တွေ ပွင့်လာခဲ့ကြတာ။

စကော့တလန်နိုင်ငံ လော့(ချ်)နက်(စ်)ရေအိုင်ကြီးထဲက ထူးဆန်းတဲ့ သတ္တဝါကြီးတစ်ကောင်နောက် လိုက်ခဲ့ပုံတွေကို ပထမဆုံး ပြောပြခဲ့ကြတယ်။ အဲဒီဇာတ်လမ်းကို စာရှုသူတွေလက်ထဲ ပို့ခဲ့ပြီးပါပြီ။ သူတို့ ဒုတိယပြောပြခဲ့ကြတာကတော့ အိုမီဂါဖိုင် အမှတ်(၅၂၂)တဲ့။

◆ ◆ ◆

'မင်းတို့ မြက်ဦးထုပ်တွေ ပါလာကြရဲ့လား'

ထုံးစံအတိုင်း မစ္စတာအာလာ၏ လေပြည်မထိုးသည့် အမေး။ နှုတ်သွက်လူသွက် ဂျူဒီကအမေးနှင့်ပင် ပြန်ဖြေလိုက်သည်။

'ဘာလို့လဲ အာစရိ၊ ကျွန်မတို့ အခု ဘယ်ကိုသွားကြရမှာမို့လဲ'

'တောင်အာဖရိက'

'တကယ်ကြီးပြီး ကျယ်တဲ့နေရာပဲ။ ချီလီများလား။ ကျွန်မက အဲဒီနေရာကို သဘောကျတယ်ရှင့်'

'မဟုတ်ဘူး၊ အီကွေဒေါကွ။ အဲဒီက ဂါလာပါဂိုးကျွန်းစုကို သွားရမှာ။ ကမ်းခြေကနေ ကီလိုမီတာ တစ်ထောင်လောက်ဝေးပြီး ပစိဖိတ်သမုဒ္ဒရာထဲမှာ ရှိတယ်'

'အိုး··ကောင်းပါလေ့ဗျာ။ အကြောင်းရင်းကို ဆက်ပြောပြမယ် ထင်တယ်'

ဟော့ကာက ဝင်ထောက်လိုက်သည်။ မစ္စတာအာလာ၏မျက်နှာ ညိုးသွားပြီးမှ ပြန်ပြောလာခဲ့သည်။

'အဲဒီမှာ ထူးဆန်းတာတစ်ခုတော့ ဖြစ်နေပြီကွ။ ဂါလာပါဂိုးက အီးမေး(လ်)တွေ အီးဒီအိုင်ကို နေ့တိုင်းဆက်တိုက်ဝင်နေတယ်။ အားလုံးက အစ္စဘဲလားကျွန်းအကြောင်းချည်းပဲ။ ရော့··ဖတ်ကြည့်ကြ'

မစ္စတာအာလာသည် စာရွက်ပိုင်းကလေးတစ်ခု လှမ်းပေးရင်း စကားစသတ်လိုက်သည်။

အရေးကြီးသတင်း၊ အရေးကြီးသတင်း။

ကျွန်ုပ်တို့မြေကမ္ဘာကြီး မကြာခင် တစ်ခေတ်ဆန်းလာတော့မယ်။

ပထမဆုံး ဧည့်သည်တော်တွေဟာ ဂါလာပါဂိုးကျွန်းစုထဲက အစ္စဘဲလားကျွန်းပေါ်ကို ရောက်နေကြတယ်။ သူတို့ကို ရန်မမူကြပါနဲ့။ ကြောက်လည်း မကြောက်ကြပါနဲ့။ မိတ်ဆွေရင်းချာလို သဘောထားကြပါ။ အဲဒီအကြောင်း သင်တို့ရဲ့ အစိုးရကို ချက်ချင်းတင်ပြလိုက်ကြပါ။

ဟော့ကာနှင့် ဂျူဒီတို့သည် မစ္စတာအာလာကို ကြည့်လျက် ပြုံ်ငတူရယ်မောလိုက်ကြသည်။ ထို့နောက် ဂျူဒီက စပြောလိုက်သည်။

'အင်တာနက်ပေါ်မှာ အရူးထကြတဲ့သူတွေ အများကြီးပဲ အာစရိရဲ့။ အဲဒါကိုလည်း မယုံဘူးမဟုတ်လား'

'အရူးထတာ မထတာ အသာထား။ တို့က အီးမေး(လ်)နဲ့ လှမ်းမေးခဲ့ပေမယ့် ဘာတစ်ခုမှ ပြန်မဖြေကြဘူး။ ပြီးတော့ အမေရိကန်တွေက အဲဒီကျွန်းကို ဂြိုဟ်တုကနေ စောင့်ကြည့်နေကြတယ်။ ဒါပေမဲ့ ဘာမှမသိသလို ရေငုံနှုတ်ပိတ်နေတယ်လေ။ ဩစတြေးလျကလည်း အဲဒီကို သင်္ဘောနှစ်စင်း လွှတ်လိုက်ပြီ။ မက္ကဆီကန်တွေက တော်တော်လေး တုန်လှုပ်နေကြတယ်။ ကာယကံရှင် အီကွေဒေါသားတွေကတော့ သူတို့နဲ့ မဆိုင်သလို ငြိမ်နေကြတယ်။ ဘာဖြစ်ဖြစ် အစ္စဘဲလားကျွန်းပေါ်မှာ တစ်ခုခု ထူးခြားနေတာတော့ အမှန်ပဲ။ အဲဒါ ဘာလဲဆိုတာ ငါတို့

www.burmeseclassic.com

www.burmeseclassic.com

သိချင်တယ်ကွ'

◆◆◆

'ဘရပ်ဆဲ(လ်)··ဂါလာပါဂိုးကျွန်းစု ခရီးရှည်ကြီး'

ဟော့ကာနှင့် ဂျူဒီတို့သည် ဦးစွာ ကျူးဘားသို့ လေယာဉ်စီးသွားကြသည်။ ထိုမှတစ်ဆင့် အီကွေဒေါသို့ ဒုတိယလေယာဉ်။ နောက်ဆုံး တတိယလေယာဉ်ဖြင့် ဂါလာပါဂိုးကျွန်းစုရှိ ဘေ(လ်)တြာကျွန်းသို့ ခရီးပြင်းနှင်ခဲ့ကြသည်။ လေယာဉ်တံခါးပေါက်မှ ထွက်လိုက်သည်နှင့် လေပူထုကြီး၏ နှုတ်ဆက်ကြိုဆိုခြင်း ခံလိုက်ကြရလေသည်။

ခရီးစဉ်က မဆုံးနိုင်သေးပေ။ ဆန်တာခရုဇ်ကျွန်းကို ဖြတ်ကျော်၍ ပွာတိုအရိုးရားမြို့အထိ ခြေဆန့်ခဲ့ကြရပြန်သည်။ သို့တိုင်အောင် ၎င်းတို့၏ ခရီးဆုံးပန်းတိုင် အစ္စဘဲလားကျွန်းသို့ရောက်ရန် ကီလိုမီတာကိုးဆယ်ခန့် ကျန်နေပေသေးသည်။ ထိုနောက်ဆုံးခရီးစဉ်ကိုတော့ ပင်လယ်ခြသေ့ဟု အမည်ပေးထားသည်။ မော်တော်ဘုတ်ကလေးကို ငှားရမ်းခဲ့ကြလေသည်။ အစကနဦးတွင် မော်တော်ဘုတ်ပိုင်ရှင် ဝွန်ဇာလိုဆိုသူက အင်တင်တင် လုပ်နေခဲ့သည်။

'ကျုပ်က လူဆယ်ယောက် တင်နေကျဗျ။ ခင်ဗျားတို့ နှစ်ယောက်တည်းဆိုပေမယ့် ဆယ်ယောက်ခ ပေးရမှာနော်။ ဈေးကြီးတယ်တော့ မထင်နဲ့'

'သူဌေးနှစ်ယောက်အတွက်ကတော့ ဈေးမကြီးလှပါဘူးရှင်'

ဂျူဒီက ပြုံးရင်း နှုတ်လန်ထိုးလိုက်သည်။

'ဘာ··သူဌေး၊ ဟုတ်လား။ အဲဒါ တို့ငွေတွေမှ··အွန့်'

အရိပ်သုံးပါးမသိသော ဟော့ကာ စကားမဆက်နိုင်ရန် ဂျူဒီက တံတောင်ဖြင့်တွက်ရင်း ဝွန်ဇာလိုကို လှမ်းပြောလိုက်ရသည်။

'ကျွန်မတို့က အားလပ်ရက် ခရီးထွက်လာတာရှင့်။ အစ္စဘဲလားကျွန်းပေါ်တက်ပြီး ကမ္ဘာ့လိပ်ကြီးတွေကို သွားကြည့်ချင်လို့၊ ဟုတ်တယ်နော်'

စကားဆုံးလျှင် သူမသည် ဟော့ကာဘက်လှည့်၍ မျက်မှောင်ကြုတ်ရင်း ထောက်ခံချက်တောင်းလိုက်သည်။

'အား··ဟုတ်တယ်··ဟုတ်တယ်၊ အဲဒါ အမှန်ပဲ။ ကမ္ဘာ့လိပ်ကြီးတွေအကြောင်း တို့က အသေးစိတ် သိချင်နေကြတာလေ'

သဘောပေါက်လွယ်သော ဟော့ကာက ချော်လဲရော ထိုင်လိုက်ရလေသည်။

◆◆◆

ကီလိုမီတာကိုးဆယ်ခန့်သွားရမည့် ရေကြောင်းခရီး။

ဂျူဒီသည် ဂါလာပါဂိုးကျွန်းစုအကြောင်း စာအုပ်ကို ဖတ်လာခဲ့သည်။ ဟော့ကာကတော့ ပင်လယ်ပြင်ကျယ်ကြီးကို ငေးမောလျက်။ ထိုစဉ် ဂျူဒီက လှမ်းပြောလာခဲ့သည်။

'အစ္စဘဲလားက ကျွန်းငယ်ကလေးပဲ။ ဒါပေမဲ့ အဲဒီမှာ သေချာနားထောင်နော်။ မီးတောင်ခြောက်လုံးတောင် ရှိတယ်။ တစ်လုံးက လွန်ခဲ့တဲ့နှစ်နှစ်ကမှ ပေါက်ကွဲခဲ့တာ'

'အိုး··တကယ့်မဟာခရီးစဉ်ကြီးပါလား။ တော်တော် အရူးထတဲ့ အီးမေး(လ်)တွေပဲ။ ပစိဖိတ်အလယ်မှာ သူစိမ်းဧည့်သည်တွေ ရောက်နေပြီတဲ့။ ခုတော့ အချိန်မရွေး ထပေါက်ကွဲနိုင်တဲ့ မီးတောင်တွေနဲ့ တိုးရတော့မယ်။ ကျေးဇူးသိပ်တင်တယ် မစ္စတာအာလာရေ'

ဟော့ကာ ပင်လယ်ကြီးဘက် လှည့်၍ အရွဲ့တိုက် အော်ဟစ်လိုက်လေသည်။

◆◆◆

လူဦးရေအနည်းငယ်သာ နေထိုင်သည့် အစ္စဘဲလားကျွန်းကလေး။

ပွာတိုဗီလာမေး(လ်)ဆိုသည့် ကျွန်းမြို့ကလေးကလည်း အမြဲလိုပင် ခြောက်ကပ်တိတ်ဆိတ်နေတတ်လေသည်။ သို့ရာတွင် ပင်လယ်ခြသေ့ မော်တော်ဘုတ်ကလေး ဆိုက်ကပ်သွားချိန်တွင်တော့ ဆိပ်ခံပေါ်တွင် လူလေးငါးဆယ်ခန့် စုရုံးရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

မော်တော်ဘုတ်ငယ်ကလေး နှစ်စင်းကလည်း ဆိုက်ကပ်ထားသည်။ ၎င်းတို့ပေါ်တွင်တော့ စားပွဲ၊ ကုလားထိုင်များ၊ ခုတင်အိပ်ရာများ၊ ပုံးများနှင့် အိတ်ကြီး၊အိတ်ငယ်များ စုပြုံတင်ထားလျက်ရှိသည်။ စက်ဘီးတစ်စီးကိုလည်း မော်တော်ဘုတ်ခေါင်မိုးပေါ်တွင် ဖြစ်သလို ထိုးတင်ထားလေသည်။ ဝွန်ဇာလိုသည် အနီးမော်တော်ဘုတ်များပေါ်ရှိ လူများကို စပိန်ဘာသာဖြင့် လှမ်းအော်မေးလိုက်သည်။ ထို့နောက် ဟော့ကာတို့ဘက် ချက်ချင်းလှည့်ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

'အစ္စဘဲလားကနေ ပြောင်းပြေးကြမလို့တဲ့။ ဒီမှာ ဆက်မနေရဲကြတော့ဘူး။ သိပ်ကြောက်နေကြတယ်လေ'

'ဘာကိုကြောက်နေကြတာပါလိမ့်။ ကဲ..ဟော့ကာ ရေ၊ သွားစနည်းနားလိုက်ပါဦး။ ရှင်က စပိန်စကား ပိုကျွမ်း တယ်လေ'

နာရီဝက်ခန့် ကြာပြီးနောက် ဟော့ကာ ပြန်ရောက် လာကာ အခြေအနေကို ရှင်းပြလိုက်သည်။

'အလကားပါဟာ၊ ဒီကျွန်းပေါ်ကို ပန်းကန်ပြားပျံ တစ်စင်း ရောက်နေတယ်တဲ့။ လွန်ခဲ့တဲ့ ဆယ်ရက်လောက် က အဲ(လ်)စီဒိုမီးတောင်ဝတည့်တည့်ထဲ ဆင်းချသွားတယ် ဆိုပဲ။ ခုထိ အဲဒီထဲမှာ ရှိနေသေးတယ်တဲ့လေ'

'သူတို့က ဘယ်လိုလုပ်ပြီး သိကြတာလဲ'

ဂျူဒီက ပြန်မေးလိုက်သဖြင့် ဟော့ကာက နှာခေါင်း ရှုံ့ပြီး ပြန်ဖြေလိုက်သည်။

'အဲဒီအဲ(လ်)စီဒိုမီးတောင်ပေါ်မှာ ဩစတြေးလီးယန်း လူမျိုး ဒေါက်တာဂျင်(မ်)မေးလားဆိုတဲ့ ပုဂ္ဂိုလ်ကြီး ရှိ တယ်တဲ့။ ဒီကိုလာပြီး ကမ္ဘာလိပ်ကြီးတွေကို သုတေသန လုပ်နေတယ် ပြောတာပဲ။ ပန်းကန်ပြားပျံကိုလည်း သူပဲ မြင်လိုက်တာတဲ့။ ခုတော့ ဧည့်သည်တော်ကြီးတွေ ထွက် လာရင် ကြိုဆိုနှုတ်ဆက်ဖို့ သွားထိုင်စောင့်နေတယ်ဆိုပဲ'

ဂျူဒီက မျက်လုံးကလေးအဝိုင်းသားဖြင့် ပြောလိုက် သည်။

'အလိုလေး..ဒါဆိုရင် အီးမေး(လ်)တွေထဲမှာပါတဲ့ ဧည့်သည်တော်တွေဆိုတာ ဂြိုဟ်သားတွေကို ပြောတာ ပေါ့။ တခြားဂြိုဟ်ကလာတဲ့ အစိမ်းရောင် လူသေးသေး ကလေးတွေလေ။ အောင်မယ်လေး..တို့တော့ အိမ်ပြန် လစ်ရင် ကောင်းမယ်ထင်တယ် ဟော့ကာရေ'

ဟော့ကာက သဘောကျစွာရယ်ရင်း ပြန်ပြောလိုက် သည်။

'ဟား..ဟား..ဘယ်ပြန်လို့ဖြစ်မှာလဲဟ။ တို့ အဲ(လ်) စီဒိုမီးတောင်ပေါ်ကို တက်ကြမယ်။ ဒေါက်တာမေးလားနဲ့ ဆွေးနွေးကြမယ်။ ပြီးရင် အီးတီလေးတွေကို စောင့်ပြီး နှုတ်ဆက်ကြတာပေါ့'

ဂျူဒီက ပခုံးကလေးများ ဟန်ဆောင်တွန့်ပြပြီး ပြော လိုက်လေသည်။

'အောင်မယ်လေး..ငါတော့ ကြောက်ပါတယ်ဟာ'

◆◆◆

နောက်တစ်နေ့ နံနက်စောစောအချိန်။

ဥွန်ဇာလိုသည် သူ၏ ပင်လယ်ခြသေ့်ကလေးဖြင့် ဟော့ကာနှင့် ဂျူဒီတို့အား ရှစ်(ပ်)တန်ပင်လယ်ကွေ့သို့ ပို့ပေးခဲ့သည်။ ၄င်းတို့နှစ်ယောက်သည် ထိုနေရာမှစတင်၍ မီးတောင်ပေါ်သို့ တက်ကြမည် ဖြစ်လေသည်။ ဥွန်ဇာလို က ခပ်လှမ်းလှမ်းတစ်နေရာသို့ လက်ညှိုးထိုးပြရင်း ပြော လိုက်သည်။

'ဟိုမှာတွေ့နေရတဲ့ လမ်းကလေးအတိုင်း တက်သွား ကြပေတော့။ တောင်ထိပ်ရောက်အောင် ငါးနာရီလောက်- ပင်ပင်ပန်းပန်း တက်ကြရမှာ။ ပြီးတော့ တောင်ပေါ်မှာ တရားလွန်ကိုပူတယ်။ အောက်ရေတွေ ပါတယ်နော်။ လူ တစ်ယောက်စာ တစ်နေ့ကို နှစ်လီတာလောက် လိုတယ်။ တောင်ထိပ်မှာအိပ်ပြီး မနက်ဖြန် ပြန့်ဆင်းလာကြပေါ့။ နေမြင့်တဲ့အထိတော့ မနေကြနဲ့။ ကျေးဇူးပြုပြီး ဂရုစိုက် ကြနော်'

'ဟိုပန်းကန်ပြားပျံနဲ့လာတဲ့ ဧည့်သည်တွေကို ရှင်က ဂရုစိုက်ခိုင်းနေတာများလား'

ဂျူဒီက ဟာသနှောလိုက်သည်။ သို့သော် ဥွန်ဇာလို က မသိဟန်ဆောင်ကာ စကားဆက်လိုက်သည်။

'ပန်းကန်ပြားပျံအကြောင်းတော့ ကျုပ်မသိဘူး။ သို့ ပေမယ့် အဲ(လ်)စီဒိုမီးတောင်က မာယာများတတ်တာ အမှန်ပဲ။ အမြဲတမ်းလိုလို မနက်တစ်မျိုး ညနေတစ်မျိုး မရိုးနိုင်အောင် ပရိုဂျက်တွေယုဟ်ပြပ၊တ်တယ်။ သတိ မလစ်ကြပါစေနဲ့'

◆◆◆

အတက်တွင် စိတ်ပန်း၍ အဆင်းတွင် ကိုယ်နာတတ် သည့် တောင်တက်ခရီး။

ဟော့ကာနှင့် ဂျူဒီတို့ နှစ်ယောက်သား အားခဲ၍ တက်ခဲ့ကြသည်။ နှစ်နာရီခန့် ကြာပြီးသည့်နောက် သစ်ပင် ရိပ်အောက်တွင် ဝင်နားလိုက်ကြသည်။ အမောပြေ ရေ သောက်ပြီးနောက် ပင်လယ်ပြာကြီးကို အပေါ်စီးမှ လှမ်း ကြည့်ခဲ့ကြလေသည်။ ၄င်းတို့ ခြေထောက်များအောက်ရှိ မီးသင့်ကျောက်တုံးမည်းမည်းများက နေပြင်းဒဏ်ကြောင့် ချစ်ချစ်တောက်ပူနေကြတော့သည်။

'ဒီနေရာလေးက သာယာလိုက်တာနော်ယ်'

www.burmeseclassic.com

www.burmeseclassic.com

ဂျူဒီက ချီးမွမ်းခန်း ဖွင့်လိုက်သည်။

'အင်း..ဟုတ်သလို မဟုတ်သလိုပါဘဲ'

ဟော့ကာက အရွှန်းဖောက်လိုက်ပြီးနောက် လက်ညှိုးထိုးပြရင်း မေးလိုက်သည်။

'ဟေး..ဂျူဒီ၊ ဟိုကျောက်တုံးဘေးကို ကြည့်လိုက်စမ်း။ ဘာကောင်ကြီးလဲဟ'

ဂျူဒီက လေသံဖြင့် ပြန်ပြောလိုက်သည်။

'အိုး..ဝေါင်း..အဲဒါ အစ်ဂွါးနားလေ။ ဖွတ်အကြီးစားပေါ့။ ဂါလာပါဂိုးအစ်ဂွါးနားလို့ ခေါ်တယ်။ အံ့သြစရာ မကောင်းဘူးလား'

ကြီးမားလှသော ဖွတ်ကြီးက လိမ္မော်ရောင်မျက်လုံးကြီးများဖြင့် ၎င်းတို့ကို စေးစိုက်ကြည့်လျက်ရှိသည်။ လှုပ်ရှားခြင်း လုံးဝမရှိပေ။ ၎င်း၏ခန္ဓာကိုယ်က တစ်မီတာခန့် ရှည်လျားသည်။ တစ်ကိုယ်လုံး လိမ္မော်ဝါရောင် သန်းနေလေသည်။

'ဒီကောင်ကြီး ကြည့်ရတာ အသက်တစ်ထောင်လောက် ရှိပြီလားမသိဘူး။ တော်တော်ထူးဆန်းတဲ့သတ္တဝါပဲကွ'

ဟော့ကာက ရောမဖွတ်ကြီးကို လှမ်းကြည့်ရင်း မှတ်ချက်ပေးလိုက်သည်။

'ဒီကျွန်းနဲ့ပတ်သက်တာမှန်သမျှ ထူးဆန်းတာချည်းပဲဟ'

ဂျူဒီက အလေးအနက် ထပ်ပြောလိုက်သည်။ ထို့နောက် နှစ်ယောက်သား တောင်တက်ခရီး ဆက်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် နေက ပူသည်ထက်ပို၍ ပူပြင်းလာသည်။ နောက်ထပ်သုံးနာရီမျှ ကြာပြီးနောက် တောင်ထိပ်သို့ ရောက်သွားကြသည်။ သို့သော် အနားပင်မယူအားဘဲ မီးတောင်ဝကျယ်ကြီးအတွင်းသို့ ငုံ့ကြည့်မိလိုက်ကြသည်။

အဲ(လ်)စီဒိုမီးတောင်ဝကြီးသည် မီတာနှစ်ရာခန့်နက်၍ နှုတ်ခမ်းဝအကျယ်က ခုနစ်ကီလိုမီတာ ရှိလေသည်။ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် အခြားမီးတောင်များ တသီတတန်းကြီး ရှိနေကြသည်။ အနောက်ဘက်ရှိ ပင်လယ်ပြင်အတွင်း၌ ဖာနန်ဒီနာကျွန်းကို လှမ်းမြင်လိုက်ကြရသည်။ သို့ရာတွင် ၎င်းတို့ တွေ့မြင်လိုသော ဒေါက်တာမေးလားကိုသော်လည်းကောင်း၊ သူ၏ ရွက်ဖျင်တဲစခန်းကိုသော်လည်းကောင်း အစအနပင် ရှာမရပေ။

'မီးတောင်ဝ တောင်ဘက်ကို ပတ်သွားကြည့်ရအောင်။ အဲဒီခရီးက နောက်ထပ်နှစ်နာရီလောက် ကြာလိမ့်မယ်လို့ ပြောကြတာပဲ'

ဟော့ကာသည် ပြောပြောဆိုဆိုဖြင့် ရှေ့မှ ထွက်သွားခဲ့သည်။ ဤသို့ဖြင့် နှစ်ယောက်သား ချော်တုံးမည်းမည်းများပေါ်တွင် ခက်ခဲစွာဆက်လျှောက်သွားကြသည်။ သတိဖြင့် ထိန်းနေသည့်ကြားက တစ်နေရာအရောက်တွင် ဟော့ကာသည် ခြေချော်ကာ လဲကျလုနီးပါး ဖြစ်သွားသည်။ ဂျူဒီက ၎င်း၏လက်မောင်းအား အချိန်မီလှမ်းဆွဲရင်း ပြောလိုက်သည်။

'ဒီနေရာမျိုးမှာ ခြေကျိုးလို့ မဖြစ်ဘူးနော်။ မော်တော်ဘုတ်ပေါ် ရောက်တဲ့အထိ နင့်ကိုယ်ကြီးကို တွဲမဆင်းနိုင်ဘူး'

'တစ်ခါတုန်းက အိမ်ပြန်ရောက်တဲ့အထိ နင့်ကို ငါ တွဲခေါ်ခဲ့ဖူးတယ်လေ'

ဟော့ကာက ကျေးဇူးဟောင်းကို ပြန်ဖော်လိုက်သည်။ ဂျူဒီကလည်း ချက်ချင်းပင် နှုတ်တုံ့ပြန်ခဲ့သည်။

'အိုး..အဲဒီတုန်းက ခုလိုမီးတောင်ထိပ်ပေါ်မှာ မဟုတ်ဘူးလေ'

ဟော့ကာက မဲ့ပြုံးပြုံးလျက် ခေါင်းတဆတ်ဆတ် ညိတ်နေခဲ့လေသည်။ မကြာမီတွင် ၎င်းတို့သည် ဒေါက်တာမေးလား၏ အခန်းကို လှမ်းတွေ့လိုက်ကြရသည်။ ဆယ်မိနစ်အတွင်း ထိုနေရာသို့ ရောက်သွားကြတော့သည်။ ဒေါက်တာမေးလား၏အရပ်က ပုပုဖျပ်ဖျပ်။ နေလောင်ထားသည့် အသားအရေကလည်း ညိုမှောင်မှောင်။ ဟော့ကာနှင့် ဂျူဒီတို့ကို ဒေါသအလံထောင်၍ ကြိုဆိုခဲ့လေသည်။

'ငါ့နား မလာကြနဲ့။ မင်းတို့က အမေရိကန်တွေပဲ ဟုတ်တယ် မဟုတ်လားကွ'

အော်ဟစ်မောင်းထုတ်နေသော ဒေါက်တာမေးလားကို လက်ကာပြရင်း ဟော့ကာက ပြောလိုက်သည်။

'နိုး..နိုး..ကျွန်တော်တို့က အမေရိကန်တွေ မဟုတ်ရပါဘူး။ ယူရိုပီယံတွေပါ။ နေကောင်းတယ်နော် ဒေါက်တာမေးလား'

ဒေါက်တာမေးလားက ဒေါသအရှိန် မပြေသေး

www.burmeseclassic.com

ဘုတောလိုက်ပြန်သည်။

'မင်းတို့က ဒီကို ဘာလာလုပ်ရတာလဲကွ'

ဂျူဒီက တည်ငြိမ်စွာဖြင့် ဝင်ပြောလိုက်သည်။

'ဒေါက်တာနဲ့ ဆွေးနွေးချင်လို့ပါ။ မီးတောင်ဝထဲက ပန်းကန်ပြားပုံ အကြောင်းလေ။ ဘာဖြစ်လို့ ဒီလောက် တောင် ဒေါသကြီးနေရတာလဲရှင့်'

'ငါ့စကားကို ဘယ်သူမှ နားမထောင်ကြလို့ပဲကွ။ ယုံတဲ့လူလည်း တစ်ယောက်မှ မရှိကြဘူး။ အမေရိကန် တွေက ငါ့ကို အရူးကြီးတဲ့။ ဩစတြေးလီးယန်း အစိုးရ ကလည်း အိပ်ရေးဝအောင် သွားအိပ်လိုက်ပါဦးတဲ့။ ဘာ တတ်နိုင်ဦးမှာလဲ။ ဒီမှာ တို့ကမ္ဘာဂြိုဟ်ဟာ အရေးပေါ် အခြေအနေ ရောက်နေပြီကွ။ အဲဒါကို ဘယ်သူမှ မယုံ ကြဘူး'

ဂျူဒီက ပြုံး၍ ပြန်ပြောလိုက်သည်။

'အဲဒါတွေ ထားလိုက်ပါတော့။ အခု ကျွန်မတို့ ရောက်လာပြီလေ။ ဒေါက်တာပြောသမျှ နားစိုက်ထောင် ပေးပါ့မယ်'

ဒေါက်တာမေးလားသည် ၄င်းတို့ နှစ်ယောက်ကို အကဲခတ်ရင်း မေးလိုက်သည်။

'မင်းတို့က ဘယ်သူ့အတွက် လုပ်နေကြတာတုံး'

ဟော့ကာက ကြားဖြတ်ဝင်ဖြေလိုက်သည်။

'ဥရောပအတွက်လေ။ ဥရောပဟာ အဲဒီပန်းကန်ပြား ပုံအကြောင်း သိပ်စိတ်ဝင်စားနေတယ်။ ကျေးဇူးပြုပြီး ပြောပြပါလား'

ဒေါက်တာမေးလား၏ မျက်နှာထားသည် အနည်း ငယ် ပြေလျော့သွားပြီးမှ စကားဆက်ခဲ့သည်။

'အား..ဒါဆိုရင် အီးမေး(လ်)တွေ အကုန်ရောက် သွားတာပဲ'

ဟော့ကာက မျက်ခုံးပင့်လျက် ပြန်မေးလိုက်သည်။

'အဲဒါတွေကို ဘယ်သူပို့ပေးတာလဲဗျ'

ဒေါက်တာမေးလားက ပေါ့ပါးသွက်လက်စွာ ပြန် ပြောလာခဲ့သည်။

'အီကွေဒေါ်သား မိတ်ဆွေတွေလေ။ ဆန်တာခရု(ဇ်) ကပေါ့။ ဟော့..ဒီမှာ ဘီယာတွေရှိတယ်။ ရှေ့တစ်ဘူး လောက် မြည်းကြည့်လိုက်'

၄င်းတို့သည် ပူပြင်းသောနေရောင်အောက်ရှိ အမည်း ရောင်ချော်တုံးများပေါ်တွင်ထိုင်ကာ ဘီယာအေးအေးများကို သောက်ခဲ့ကြသည်။ မီးတောင်ဝအတွင်း၌ကား မီးခိုးလုံး ကြီးများနှင့် အခိုးအငွေ့တန်းကြီးများက ဟိုမှသည်မှ ဦး တည်ရာမဲ့ လူးလွန့်ရွေ့လျားနေကြလေသည်။ အခြားဂြိုဟ် တစ်ခုခုမှလာသည့် ပန်းကန်ပြားပုံကြီးသည် အခိုးအငွေ့လုံးကြီးများအောက်တွင် အမှန်တကယ်ပင် ရှိနေ သည်လော။

ဒေါက်တာဂျင်(မ်)မေးလားသည် မီးတောင်ဝကြီး အတွင်းသို့ ငေးကြည့်ရင်း ပြောလိုက်သည်။

'တစ်ခါတလေ အဲဒါကြီးကို ဟိုးအောက်မှာ မြင် လိုက်ရသလိုပဲ။ အာရုံစိုက်ပြီး ကြည့်လိုက်တော့လည်း မဟုတ်ပြန်ဘူး။ အဖြူရောင်ယာဉ်ပုံကြီးက တော်တော် ကြီးတယ်။ အောက်ကို တဖြည်းဖြည်းဆင်းလာရင်းနဲ့ ခြေ တံရှည်ကြီးတွေ ထွက်လာတာကိုတော့ အသေအချာ မြင် လိုက်ရတယ်'

တစ်ချိန်လုံး ငြိမ်နားထောင်နေသည့် ဂျူဒီက သံ သယတစ်ပိုင်းဖြင့် ပြောလိုက်သည်။

'ဒါပေမဲ့ ဒေါက်တာရယ်..သူတို့က ဘာလို့ ဒီနေရာ ကိုမှ ရွေးရတာလဲ။ မီးတောင်ဝထဲကိုမှ ဆင်းရသတဲ့လား'

ဒေါက်တာမေးလားက တွေးတွေးဆဆပြန်ပြောလိုက် သည်။

'အင်း..သူတို့က ပူပြင်းတဲ့နေရာတွေကို ကြိုက်ကြ သလားမှ မသိတာ။ ဒါမှမဟုတ် ချော်ရည်ပူတွေထဲက တစ်ခုခု လိုချင်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဘယ်သူ သိနိုင်မှာလဲ'

ထိုစဉ် ဟော့ကာက ရုတ်တရက် မဆီမဆိုင် ဖြတ် မေးလိုက်သည်။

'ဒါနဲ့ ဒေါက်တာက အမေရိကန်တွေကို ဘာလို့စိတ် ခုနေရတာတုန်းဗျ။ သူတို့ဘီယာက သောက်လို့မကောင်း တာ အမှန်ပဲ။ ဒါပေမဲ့'

ဟော့ကာ၏စကား မဆုံးလိုက်ရ။ ဒေါက်တာမေး လားက လက်ကာပြရင်း ဖြတ်ပြောလိုက်သည်။

'အမေရိကန်တွေက အဲဒီပန်းကန်ပြားပုံကို ဂြိုဟ်တု ကနေ စောင့်ကြည့်နေခဲ့တာကွ။ အဲဒါ သေချာပေါက်ပဲ။ ပြီးတော့ ဒီမီးတောင်ကြီးထဲမှာ ရောက်နေတာကိုလည်း ကောင်းကောင်းသိနေတယ်။ ဒါပေမဲ့ ကမ္ဘာကိုတော့ အသိ

www.burmeseclassic.com

www.burmeseclassic.com

မပေးချင်ကြဘူး။ မင်းတို့ ငါတို့လိုလူမျိုးတွေနဲ့ ဂြိုဟ်သားတွေ ဆုံတွေ့မှာကိုလည်း မလိုလားဘူးလေ။ ဘယ်လိုပြောရမလဲ။ ဒီကိစ္စတစ်ခုလုံးကို ရောမလျှို့ဝှက်ချက်ကြီး လုပ်ချင်နေကြတာ။ ဒါမှ ဆရာကြီးလုပ်လို့ရမှာကိုး'

ထိုအခိုက်တွင်ပင် ပေါက်ကွဲသံကြီးတစ်ခုက မြေပြင်အောက် နက်ရှိုင်းသောတစ်နေရာမှ ပေါ်ထွက်လာလေသည်။ ဂျူဒီက အံ့သြသွားဟန်ဖြင့် လှမ်းမေးလိုက်သည်။

'အဲ..အဲဒါ ဘာသံကြီးလဲ ဒေါက်တာ'

ဒေါက်တာမေးလားက မည်သို့မျှ မထူးခြားဟန်ဖြင့် ဖြေလိုက်သည်။

'အဲဒါ အဲ(လ်)စီဒိုရဲ့ ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲ။ မကြာခင် ရေပူတွေ ပန်းထွက်လာလိမ့်မယ်။ အဲဒီထဲမှာ ရေနွေးငွေ့လုံးကြီးတွေ၊ ပြာမှုန်တွေ၊ တစ်ခါတလေ ချော်ရည်အနည်းအကျဉ်း ပါလာတတ်တယ်။ ဒီလိုနဲ့ မီးတောင်ဝထဲမှာ အခိုးအငွေ့တိမ်တိုက်ကြီးတွေ အမြဲဖုံးနေတော့တယ်လေ။ ဒါကြောင့် အောက်မှာ ဘာတွေရှိတယ်ဆိုတာ ဘယ်လိုမှ မမြင်ရတာပဲ'

ဟော့ကာက အားတက်သရော ဖြတ်ပြောလိုက်သည်။

'ဒါဆိုရင် ကျွန်တော်တို့ မီးတောင်ဝအောက်ထဲ ဆင်းကြည့်ကြရအောင်'

ဒေါက်တာမေးလားက မျက်လုံးကြီးများပြူး၍ အော်ပြောလိုက်တော့သည်။

'မင်းက ဘာစိတ်ရူးထတာလဲ။ သေသွားလိမ့်မယ်ကွ'

◆◆◆



နေက တဖြည်းဖြည်းစောင်းလာခဲ့သည်။

ဟော့ကာနှင့် ဂျူဒီတို့သည် တစ်ညနေခင်းလုံး မီးတောင်ဝကြီးအတွင်းသို့ ထိုင်ကြည့်နေခဲ့ကြသည်။ သို့သော် မီးခိုးငွေ့တိမ်တိုက်များနှင့် ပြာမှုန်များမှလွဲ၍ ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ခဲ့ကြရပေ။ မကြာမီတွင်ပင် နေလုံးကြီးသည် ပင်လယ်ပြင်အောက်သို့ ငုပ်လျှိုးဝင်ရောက်သွားတော့မည် ဖြစ်သည်။ ထိုစဉ်တွင် ဟော့ကာသည် မီးတောင်ထိပ်ဝတစ်နေရာသို့ လက်ညှိုးထိုးရင်း အော်ပြောလိုက်သည်။

'ဟာ..ဂျူဒီ၊ ဟိုမှာကြည့်စမ်း၊ နှင့်မိတ်ဆွေကြီး တွေ လာနေကြပြီ'

ဂျူဒီက လှမ်းကြည့်လိုက်ပြီးနောက် ရယ်ကျဲကျဲလုပ်နေလေသည်။ စင်စစ် ဟော့ကာ ညွှန်ပြလိုက်သည်က ရောမကမ္ဘာ့လိပ်ကြီး နှစ်ကောင်ပင် ဖြစ်သည်။ ၎င်းတို့ စခန်းချသော နေရာကို တလှုပ်လှုပ်ဖြင့် ဖြတ်ကျော်ကာ မီးတောင်၏ အခြားဘက်ခြမ်းသို့ ဆင်းသွားကြသည်။ မရှေးမနှောင်းတွင်ပင် နောက်ထပ်လိပ်ကြီး လေးကောင် ထပ်မံပေါ်လာပြန်သည်။ ပထမနှစ်ကောင် သွားခဲ့သည့် လမ်းအတိုင်း ကျောက်တုံးမည်းမည်းများပေါ်တွင် လေးလေးမှန်မှန် တွားသွားကာ ဆင်းသွားကြလေသည်။ လိပ်ကြီးများ ပျောက်ကွယ်သွားမှ ဂျူဒီက မှတ်ချက်ပေးလိုက်သည်။

'ဒီကောင်ကြီးတွေက သိပ်ထူးဆန်းတယ်။ တောင်ပေါ်က အုပ်စုလိုက်သွားကြတာ မှုမမှန်တဲ့အကြောင်းရင်း ရှိလိမ့်မယ်'

ဟော့ကာထံမှ စကားသံ ထွက်မလာခဲ့။ ခေါင်း တဆတ်ဆတ်ညိတ်လျက် အတွေးကြွယ်နေခဲ့လေသည်။

ထိုနေ့ ညက နှစ်ယောက်လုံး ကောင်းစွာအိပ်မပျော်ခဲ့ကြ။ မီးတောင်ကျောက်တုံးများက မာကျော့လွန်းလှသည်။ ထို့ထက်ပို၍ ဆိုးသည်က မြေအောက်ပေါက်ကွဲသံကြီးများကို ဆက်တိုက်လိုလို ကြားနေကြရခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် ဘယ်လူးညာလှိမ့်ဖြင့် အချိန်များ ကုန်လွန်ခဲ့ရသည်။ ညဉ့်နက်ပိုင်းသို့ ရောက်ချိန်တွင် ဟော့ကာက ရေဒီယိုကို ဖွင့်ကြည့်လိုက်သည်။ လေလှိုင်းသံများ ရှုပ်ထွေးဆူညံစွာ ထွက်လာခဲ့သည်။ ဆန့်တာချင် သော အသံက တိုးလိုက် ကျယ်လိုက် ဖြစ်နေသည်။

www.burmeseclassic.com

ကာသည် ရေဒီယိုအနီးကပ်၍ နားထောင်ပြီးနောက် ပြောပြလိုက်သည်။

'အဲ(လ်)စီဒိုမီးတောင်အကြောင်း ပြောနေတာ။ နောက်နှစ်ဆယ့်လေးနာရီအတွင်း ပေါက်ကွဲနိုင်တယ်တဲ့'

ဂျူဒီသည် ငုတ်တုတ်ထထိုင်ရင်း စိုးရိမ်တကြီး ပြောလိုက်သည်။

'အို..ဒီလိုဆို ဘယ်ဖြစ်ပါ့မလဲ။ တို့မော်တော်ဘုတ်ဆီရောက်အောင် ခုနစ်နာရီလောက်ကြာမှာ။ ကဲ..ပြန်ဆင်းကြမယ်။ ဒေါက်တာမေးလားကိုလည်း သွားခေါ်လိုက်ဦး'

ဟောကာက သွားခေါ်သော်လည်း ဒေါက်တာမေးလားက ခေါင်းမာနေခဲ့သည်။ ဆန့်တာခရုစ်ရေဒီယိုကို ၄င်းက သံသယဝင်နေသည်။

'အဲဒါ အမေရိကန်တွေရဲ့ စနက်ပဲ။ တို့ကို ဒီနေရာကနေ တစ်ဖက်လှည့်နဲ့ မောင်းထုတ်နေကြတာကွ'

ဂျူဒီက ထပ်မံနားချကြည့်လိုက်သည်။

'ကျွန်မတို့နဲ့ လိုက်ခဲ့ပါ ဒေါက်တာရယ်။ တစ်ရက်၊ နှစ်ရက် ကြာရင် ပြန်လာလို့ရတာပဲ'

ဒေါက်တာမေးလားက ခေါင်းတွင်တွင်ယမ်းရင်း ပြန်ပြောလိုက်သည်။

'မင်းတို့နှစ်ယောက် ပြန်ကြ။ ငါတော့ ပန်းကန်ပြားပျံကို စောင့်ကြည့်လိုက်ဦးမယ်'

ဟောကာနှင့် ဂျူဒီတို့သည် စိတ်မကောင်းစွာဖြင့် လက်လျှော့လိုက်ကြသည်။ အဆင်းကိုယ်နာဆိုသည့်အတိုင်း ညအမှောင်ထဲတွင် ကိုယ်ကိုထိန်း၍ ခက်ခဲပင်ပန်းစွာ ပြန်ဆင်းခဲ့ကြသည်။ ပင်လယ်ကမ်းစပ်တွင်တော့ ပွန်ဇာလိုက ပင်လယ်ခြသေ့ကလေးဖြင့် အသင့်စောင့်မျှော်နေလေသည်။ ၄င်းတို့ကို မြင်လိုက်ရသည်နှင့် သူက လှမ်းအော်ပြောလိုက်သည်။

'မြန်မြန်လာကြ။ ရေဒီယိုထဲက ကြားပြီးပြီ မဟုတ်လား။ အဲ(လ်)စီဒိုကြီး ပေါက်ကွဲတော့မယ်'

၄င်းတို့နှစ်ယောက်သည် ကမ်းစပ်သောင်ပြင်ကို ဖြတ်ပြေးဆင်းသွားကြသည်။ မော်တော်ဘုတ်ပေါ်သို့ ကသုတ်ကရက် တက်ပြီးသည်နှင့် ပွန်ဇာလိုသည် မော်တော်ဘုတ်မောင်းသူကို အော်ဟစ်အမိန့်ပေးလိုက်သည်။

'မောင်း..မောင်း..မောင်းတော့'

စက်ကုန်ဖွင့်ထွက်ခဲ့သော မော်တော်ဘုတ်ကလေးသည် မိနစ်ပိုင်းအတွင်း၌ ပင်လယ်ပြင်အတွင်းသို့ တစ်ကီလိုမီတာခန့် ခရီးပေါက်ခဲ့လေသည်။ နောက်နှစ်နာရီခန့်အကြာတွင်ကား အဲ(လ်)စီဒိုမီးတောင်ကြီး စတင်ပေါက်ကွဲလေတော့သည်။ ရှေးဦးစွာ နားကွဲလုမတတ် ပေါက်ကွဲသံကြီးကို ရုတ်တရက်ကြားလိုက်ကြရသည်။ ပြီးလျှင် ပြာမှုန့်တိမ်တိုက်ကြီးက ကောင်းကင်သို့ ထိုးထွက်သွားသည်။ ထို့နောက် နီရဲတောက်ပြောင်နေသည့် ချော်ရည်ပူများသည် မီးတောင်ဝမှ လျှံထွက်ကာ ပင်လယ်ရေပြင်သို့ရောက်သည်အထိ တောင်ကြောတစ်လျှောက် စီးဆင်းသွားကြလေသည်။

အဲ(လ်)စီဒိုမီးတောင်ကြီးသည် တစ်ကြိမ်တည်းသာ ပေါက်ကွဲခဲ့ခြင်းမဟုတ်ပေ။ အကြိမ်ကြိမ်ဆက်တိုက်ပေါက်ကွဲနေသဖြင့် ကျယ်လောင်သည့် ပေါက်ကွဲသံကြီးများကို တရစပ်ကြားနေခဲ့ရသည်။ တစ်ကြိမ်ပေါက်ကွဲလိုက်တိုင်း ကျောက်တုံးကျောက်ခဲများက ကောင်းကင်သို့ မီတာရာပေါင်းများစွာ ရောက်သည်အထိ လွင့်ပျံထွက်သွားကြသည်။ အရှိန်ကုန်သွားမှ မီးတောင်ကြီးပေါ်သို့ တဖွဖွ ပြန်ကျလာကြသည်။ ညကောင်းကင် တစ်ခွင်လုံးသည် နာရီပေါင်းများစွာကြာသည့်တိုင် လီမွှော်ရောင်သန်းနေခဲ့သည်။ ပြာမှုန့်တိမ်တိုက်များကလည်း ပန်းပွင့်နီကြီးများသဖွယ် တစ်မိုးလုံး ပြည့်နှက်နေလေသည်။ ရှုမငြီးဖွယ် လှပဆန်းကြယ်သည်သာမက ကြောက်ရွံ့တုန်လှုပ်ဖွယ်လည်း ကောင်းလှသော မြင်ကွင်းပင် ဖြစ်လေတော့သည်။

◆◆◆

'ဒေါက်တာမေးလားက ဘာဖြစ်သွားလဲဗျ'

ဇာတ်လမ်းပြည်ဖုံးကားချလိုက်ချိန်မှာ သိလိုဇောနဲ့ မေးလိုက်မိတယ်။

'အင်း..သနားစရာဒေါက်တာကြီးဟာ ပန်းကန်ပြားပျံကြီးလိုပဲ ကောင်းကင်ထဲ ရောက်သွားမှာပေါ့။ ပြီးမှပြန်ကျလာပြီး မီတာရာပေါင်းများစွာထူတဲ့ နီနီရဲရဲချော်ရည်ပူတွေက သူ့ကိုယ်ပေါ် ဖုံးသွားပုံရတယ်'

ဂျူဒီက စိတ်မကောင်းဖြစ်ဟန်နဲ့ ပြန်ဖြေခဲ့တယ်။

'မီးတောင်ကြီးထဲမှာ ပန်းကန်ပြားပျံက တကယ်ရှိတာလား'

'မရှိဘူးလို့ပဲ ပြောရမယ် ထင်တယ်'

ဂျူဒီက ခေါင်းအသာယမ်းပြရင်း ပြောလိုက်တယ်။

www.burmeseclassic.com

'မဟုတ်ဘူး၊ ရှိနေခဲ့တာဗျ'

ဟော့ကာက အပိုင်ပေါက် ဝင်ပြောလာခဲ့တယ်။ ပြီးတော့ ဂျူဒီကို လှမ်းကြည့်ပြီး နှစ်ယောက်သား ရယ်မောလိုက်ကြတယ်။ နောက်ဆုံးမှာ ဂျူဒီက ကျူပ်ကို စေ့စေ့ကြည့်ပြီး ပြန်မေးလာခဲ့တယ်။

'ရှင်က ဘယ်လိုထင်ချင်လို့လဲ။ အဲဒီဂြိုဟ်သားတွေက ခပ်ညံ့ညံ့တွေ ဖြစ်ပုံရတယ်။ ဟုတ်တယ်ဟုတ်။ အချိန်မရွေး ထပေါက်ကွဲနိုင်တဲ့ မီးတောင်ကြီးထဲကို ဆင်းပြီး ပန်းကန်ပြားပျံထဲမှာ တစ်ချိန်လုံး ငုတ်တုတ်ထိုင်နေကြရသတဲ့လား'

ဟော့ကာက ပြုံးပြီး ပြန်ပြောလာတယ်။

'ဒီမှာ ပန်းကန်ပြားပျံကြီးက မီးတောင်ပေါက်ကွဲခါနီး စက္ကန့်ပိုင်းလောက်အလိုမှာ ပျံတက်သွားနိုင်တယ်လေ။ ပြာမှုန်တိမ်တိုက်တွေထဲမှာ အဖြူရောင်အလင်းတန်းတစ်ခုကို မြင်လိုက်ရတယ်။ အခိုးအငွေ့လုံးကြီးတွေကြားထဲက လှစ်ခနဲတိုးထွက်ပြီး ကောင်းကင်ထဲကို မျက်စိတစ်ဆုံး ပျံတက်သွားတာ ဂွန်ဇာလိုရော ကျူပ်ပါ တွေ့လိုက်ကြတာ'

ဂျူဒီက လေပြည်ဝင်ထိုးလိုက်ပြန်တယ်။

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ကျွန်မကတော့ ဘာကိုမှ မမြင်လိုက်ဘူး။ တစ်စစီဖြစ်ပြီး ကျောက်တုံးကျောက်ခဲတွေနဲ့ ရောပါသွားတာလည်း ဖြစ်နိုင်တာပဲ'

နောက်ဆုံးတွင် အပြာရောင် ဂရိကောင်းကင်ပြင်ကြီးကို မော့ကြည့်ရင်း ဟော့ကာက ပွဲသိမ်းမှတ်ချက်ပေးလိုက်တော့တယ်။

'တို့က ဘယ်လိုလုပ်ပြီး သေချာပေါက် ပြောနိုင်မှာလဲ။ တစ်နေ့နေ့ကျရင် အာကာသထဲကနေ တစ်ယောက်ယောက်၊ ဒါမှမဟုတ် တစ်ခုခုဟာ တို့ဆီ အလည်ရောက်ချင် ရောက်လာမှာ။ တို့ အခုကြုံခဲ့တာဟာ နှစ်ပေါင်းများစွာအတွင်း ဂါလာပါဂိုးကို ပထမဆုံးအလည်လာတဲ့ခရီးစဉ် ဖြစ်ချင်ဖြစ်မှာပေါ့။ ဘယ်သူ ငြင်းနိုင်မှာတဲ့လဲ'

ကျော်ဇော(တားကူး)

Ref : JENNIFER BASSETT ၏ THE OMEGA FILES.

BURMESE CLASSIC

# ဆရာရန်အောင်ဟိန်း (B.Sc)

## (ခရစ်ရှနားမူတီး ရွှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄

www.burmeseclassic.com